စိတ်ကူးချိုချိုအနုပညာ

မြန်မာ စာအုပ်များ

မောင်ထွန်းသူ

ဇာစ်မြစ်

ROOTS

ALEX HALEY

ဒုတိယအကြိမ်

မြန်မာ စာအုပ်များ

ဇာစ်မြစ်၏ မူရင်းဝတ္ထု **ROOTS** ကို ၁၉၇၃ ခုနှစ်က
အမေရိကန်တွင် စတင်ထုတ်ဝေခဲ့ရာ အရောင်းရဆုံးနံပါတ်တစ် စာရင်းဝင်ခဲ့ပြီး
လူကြိုက်များ၍ ထူးခြားထင်ရှားသည့် အစဥ်အလာကြီးမားသော
ဝတ္ထုကြီးအဖြစ် ကမ္ဘာကျော်ခဲ့ပါသည်။
စာအုပ်အရေအတွက် သန်းပေါင်းများစွာ ထုတ်ဝေခဲ့ပြီး
ဘာသာပေါင်း ၃၀ ကျော်သို့လည်း ပြန်ဆိုထားပြီးဖြစ်ပါသည်။

ဤဝတ္ထု၏ ဇာတ်ကောင်များသည် အာဖရိကတိုက်သားများဖြစ်ကြသည်။
သူတို့သည် သူတို့ရပ် သူတို့ရွာ၌ ငယ်ခါ ငယ်ခလေး၊ ကြီးခါ ကြီးခလေး
ပျော်မွေ့စွာ နေထိုင်ခဲ့ကြသည်။ သို့သော်လည်း
လူလူချင်း အနိုင်အထက် ကျွန်ပြုသည့် စနစ်ဆိုးကြီးက
အာဖရိကတိုက်သို့ ကျရောက်လွှမ်းခြုံလာသောအခါတွင်မူ
ငြိမ်သက်အေးချမ်းသော သူတို့၏ဘဝများသည်
စိတ်ထိခိုက် သွေးပျက်ဖွယ်အတိ မုန်တိုင်းကျခဲ့ရတော့သည်။

ဤစာအုပ်က စာဖတ်သူအား
အာဖရိကသားတို့၏ ကြမ်းတမ်းခက်ထန်လှသည့် ဘဝကို
ရင်တနင့်နင့်၊ ရင်တနာနာဖြင့် မျှဝေခံစားစေနိုင်ပါလိမ့်မည်။

မြန်မာ စာအုပ်များ

စိတ်ကူးချိုချိုအနုပညာ

(၈၅)၊ ၁၆၄-လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း - ၅၄၄၁၉၆ (တဆင့်)

မြန်မာ စာအုပ်များ

စိတ်ကူးချိုချိုစာအုပ် - ၄၆

ဇာစ်မြစ်

ROOTS

ALEX HALEY

မောင်ထွန်းသူ

(မြန်မာပြန်)

၂၀၀၁ ခုနှစ် အောက်တိုဘာလ
ဒုတိယအကြိမ်

မြန်မာ စာအုပ်များ

စာမူခွင့်ပြုချက်	၁၉၄/၂၀၀၁ (၂)
မျက်နှာဖုံးခွင့်ပြုချက်	၂၉၃/၂၀၀၁ (၄)
မျက်နှာဖုံးပုံနှိပ်	ဦးကျော်စိန် ကျောက်စိမ်းအော့ဖ်ဆက် (၀၂၉၀၉) ၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။
အတွင်းပုံနှိပ်	ဦးကျော်ငွေမင်း အောင်သိန်းသန်း (၀၅၉၉၂) ၄၄၊ ဗိုလ်ချုပ်လမ်းနှင့် သိမ်ဖြူလမ်း ရန်ကုန်။
ထုတ်ဝေသူ	ဦးကျော်ဆန်း ရဲအောင်စာပေတိုက် (၀၉၃၂) ၂၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်။
ပုံနှိပ်ခြင်း	ဒုတိယအကြိမ်
အုပ်ရေ	၅၀၀
ထုတ်ဝေသည့်ကာလ	[illegible]လ
တန်ဖိုး	4000 K

ယခု စာအုပ်အား ကိုသူရိန်ကိုကို(မန္တလေး)မှ

ဆက်သွယ်လှူဒါန်းပါသည်

ကျေးဇူးတင်စွာဖြင့်

Admin

မြန်မာ စာအုပ်များ

စာအုပ်လှူဒါန်းကူသိုလ်ပြုချင်သူများ ဆက်သွယ်ချင်လျှင်

၀၉ ၄၃၁ ၇၀၁၁ ၆၈

မြန်မာပြန်သူ၏ အမှာ
(ဇာစ်မြစ်များကိုရှာဖွေခြင်း)

ဇာစ်မြစ် (Roots) ဟာ အမေရိကန် နီးဂရိုး လို့ခေါ်တဲ့ အမေရိကန် လူမည်းစာရေးဆရာ **အလက်စ်ဟေလီ** (Alex Haley) **ရဲ့** ဝတ္ထုပါ။ အမေရိကန်စာပေသမိုင်းမှာရော ကမ္ဘာစာပေနယ်ပယ်မှာပါ အစဉ်အလာကြီးမားခဲ့တဲ့ ဝတ္ထုကြီးပါ။ အလွန်လူကြိုက်များပြီး ထူးခြားထင်းရှားတဲ့ စာအုပ်တစ်အုပ် ဖြစ်လာခဲ့လေတော့ အရောင်းရအကောင်းဆုံး စာအုပ်တစ်အုပ်ဖြစ်ခဲ့ပါတယ်။ စာအုပ်အရေတွက် သန်းပေါင်းများစွာ ရိုက်နှိပ်ထုတ်ဝေခဲ့ရတဲ့အတွက် ကမ္ဘာ့အကျော်စာအုပ်တစ်အုပ်ရယ်လို့ လူအများက သိခဲ့ကြပါတယ်။

စာရေးဆရာ အလက်စ် ဟေလီဟာ **ဇာစ်မြစ်** စာအုပ်ကြောင့် ကမ္ဘာကျော် စာရေးဆရာကြီးအဖြစ် ကျော်ကြားသွားသလို ဒီစာအုပ်ကို အဆမတန်ရောင်းရတဲ့အတွက် သူဟာသန်းကြွယ်သူဌေးကြီးဘဝကို ရောက်သွားခဲ့ပါတယ်။ ဒီဝတ္ထုကြီးကို ရုပ်ရှင်နဲ့ဇာတ်လောကက အနုပညာရှင် လူမည်းအများအပြားပါဝင်ပြီး အခန်းဆက်ဗီဒီယို ရုပ်ရှင်ကား ရိုက်ကူးပြသပြန်တော့လည်း အမေရိကန်ရုပ်မြင်သံကြား ပရိသတ်ကရော၊ ကမ္ဘာ့ရုပ်မြင်သံကြား ပရိသတ်ကပါ အလွန်ကြိုက်တဲ့ ကားကြီးကားကောင်းတစ်ကား ဖြစ်လာခဲ့ပါတယ်။ ဒီကနေ့ဆိုရင် **ဇာစ်မြစ်** ဝတ္ထုကြီးကို ဘာသာပေါင်း (၃၀) ကျော် ဘာသာပြန်ဆိုထားပြီးပြီလို့ သိရပါတယ်။

ဒီစာအုပ်ကြောင့် အလက်စ်ဟေလီဟာ စာရေးဆရာ ဘဝရောက်ခဲ့ပါတယ်။ ကမ္ဘာကျော်ခဲ့ပါတယ်။ သန်းကြွယ်သူဌေး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် သူနောက်ထပ်ရေးသမျှ စာအုပ်တွေဟာ ပထမဆုံးရေးခဲ့တဲ့ ဒီဝတ္ထုကြီးကို မကျော်နိုင်ဘဲ ဖြစ်နေရပါတယ်။ အဲဒီအတွက် သူ့ခမြာ အတော်ကလေး 'ညစ်' ရတယ်လို့ဆိုပါတယ်။ ဒါပေမယ့် သူဟာ ဇာစ်မြစ်ဝတ္ထုဖြစ်လာဖို့အတွက်

သူ့ရဲ့ကိုယ်စိတ်နှစ်ပါးကို အများကြီး အပင်ပန်းခံပြီး ကြိုးပမ်းအားထုတ်ခဲ့ရပါတယ်လို့ ဝန်ခံခဲ့ပါတယ်။

သူ့ရဲ့ကြိုးပမ်းအားထုတ်မှုတွေဟာ အံ့မခန်းရှိလှပါတယ်လို့ဆိုရင် လွန်မယ်မထင်ပါဘူး။ သူ့ကြိုးပမ်းအားထုတ်မှုတွေဟာ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ အတုယူဖို့လည်းကောင်းပါတယ်။ အားကျဖို့လည်း ကောင်းပါတယ်။ ကြိုးစားရင် ကြိုးစားသလို အောင်မြင်မှုရနိုင်တဲ့အတွက် အဖွဲ့အစည်းတစ်ခုမှာ လူဖြစ်ရတာဟာ အလွန်လူဖြစ်ရကျိုး နပ်တယ်လို့ ထင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပေါ့လေ။ အလက်စ်ဟေလီဟာ ကျွန်မျိုးကျွန်နွယ်က ဆင်းသက်လာတဲ့ လူမည်းတစ်ယောက်ပါ။ သူ့ရဲ့ကြိုးစားမှုတွေကို တစ်စေ့တစ်စောင်းတော့ဖြင့် ကျွန်တော်တို့ ကြည့်သင့်တယ်လို့ ထင်ပါတယ်။ အဲသလို ကြည့်လိုက်မယ်ဆိုရင် ...

*

ဇာစ်မြစ်ကိုရေးခဲ့တဲ့ ကမ္ဘာကျော်လူမည်းစာရေးဆရာ အလက်စ်ဟေလီက သူ့စာအုပ်နဲ့ပက်သက်လို့ အခုလို ပြောသွားပါတယ်။

"ကျွန်တော့်ရင်ထဲမှာ စွဲစွဲမြဲမြဲမှတ်မိနေတာလေးတစ်ခုရှိတယ်။ တခြားတော့ မဟုတ်ပါဘူး။ ကျွန်တော်ငယ်ငယ်က တင်နက်ဆီပြည်နယ် ဟင်းနင်းမြို့က ကျွန်တော်တို့အိမ်ဆင်ဝင်မှာ ထွက်ပြီးစကားပြောပြောနေကြတဲ့ အဘွားကြီးတွေပါ။ သူတို့ထဲမှာ ကျွန်တော့်အဘွားရယ်၊ ကျွန်တော့်ဝမ်းကွဲအဘွား 'ဂျော်ဂျီယာ' ရယ်၊ အဒေါ်ပကမ်စ်ရယ်၊ အဒေါ် 'လစ်ဇ်' နဲ့ အဒေါ် 'တစ်လ်' တို့လည်း ပါကြတယ်။

နေဝင်ဆည်းဆာချိန်ဆိုရင် အဖွားကြီးတွေဟာ ကုလားထိုင်ကိုယ်စီနဲ့ အဲဒီနေရာမှာထိုင်ပြီး စကားပြောလေ့ ရှိကြပါတယ်။ သူတို့ပြောဆိုနေတာတွေကတော့ ကျွန်တွေအကြောင်း၊ ကျွန်ပိုင်ရှင်သခင်တွေအကြောင်းနဲ့ စိုက်ပျိုးခြံကြီးတွေအကြောင်း ရောက်တတ်ရာရာတွေ ပြောကြတာပါ။ သက်ကြီးစကား သက်ငယ်ကြားအဖြစ်မှတ်သားလာခဲ့ကြတဲ့ မိသားစုသမိုင်းအကြောင်းတွေလည်း ပါပါတယ်။ ကျွန်တော့်အမေကတော့ 'ရှေးဟောင်းနှောင်းဖြစ်တွေပေါ့' လို့ရေရွတ်ပြီး မေးငေါ့ပြတတ်ပါတယ်။ အမေက အဘွားကြီးတွေရဲ့ စကားဝိုင်းအပေါ် အထင်လည်း မကြီးဘူး၊ ပါချင်တဲ့ဆန္ဒလည်း မရှိဘူး။

အဘွားကြီးတွေပြောနေကြတဲ့ အထဲမှာ 'အာဖရိကန်ကြီး' ဆိုတဲ့ စကားဟာ အမြဲတန်း ပါပါလာတာကြားရတယ်။ အဲဒီ အာဖရိကန်ကြီးကို သင်္ဘောတစ်စီးနဲ့ 'နက်ပစ္စ' လို့ခေါ်တဲ့ နေရာကို သယ်ယူလာကြတယ် ......တဲ့၊

ပြီးတော့ ဗားဂျီးနီးယားပြည်နယ်ထဲမှာ ကျွန်တစ်ယောက်အဖြစ် ရောင်းစားသွားသတဲ့ ......။ အဲဒီနောက် တခြားလူမည်း ကျွန်မတစ်ယောက်နဲ့ အိမ်တောင်ကျပြီး 'ကစ်ဇီ' လို့ခေါ်တဲ့ သမီးလေးတစ်ယောက် မွေးလာတယ် ...... တဲ့။ ပြောနေကြတဲ့ အကြောင်းတွေကဖြင့် စုံလို့ပါပဲ။

သူတို့ပြောနေကြတဲ့ အထဲမှာ အဲဒီ ကစ်ဇီဆိုတဲ့ သမီးလေး လေးငါးနှစ်သမီးအရွယ်ကျတော့ အာဖရိကန်ကြီးဟာ ပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းတွေကို ပြပြီး သူ့ဘာသာစကားနဲ့ ဘယ်လိုခေါ်တယ်ဆိုတာ သင်ပေးတယ်ဆိုပဲ။ ဥပမာ ဂီတာကိုပြပြီး 'ကူ' လို့ခေါ်ခိုင်းသတဲ့။ စိုက်ပျိုးခြံကြီးနားက ကပ်ပြီးစီးဆင်းနေတဲ့မြစ်ကို လက်ညှိုးထိုးပြပြီး 'ကင်ဘီဘိုလွန်ရိုး' လို့ ပြောခိုင်းသတဲ့။ တခြားကျွန်တွေက သူ့ကို 'တိုဘီ' လို့ခေါ်ရင် အဲဒီအာဖရိကန်ကြီးက 'အဲသလို မခေါ်နဲ့၊ အဲဒါငါ့နာမည် မဟုတ်ဘူး၊ ငါ့နာမည်က ကင်တေး လို့ ခေါ်တယ်လို့ ပြောသတဲ့။

'ကင်တေး' လို့ခေါ်တဲ့ အဲဒီအာဖရိကန်ကြီးက သူ့သမီးကစ်ဇီကို သူ့အကြောင်းပြောပြတယ်။ အာဖရိကတိုက်မှာရှိတဲ့ သူ့ရွာနားက တောထဲမှာ ဗုံတစ်လုံးလုပ်ဖို့ သစ်ခုတ်နေတုန်း သူ့ကို လူလေးယောက်က အတင်းဝင်ဖမ်းခဲ့တယ်။ ပြီးတော့ သူ့ကို ကျွန်အဖြစ် ရောင်းစားခဲ့တယ်။ အဲဒါတွေကြောင့် သူဟာ ကျွန်ဖြစ်လာရတယ် ...... လို့ ပြောပြခဲ့တယ်။

အဲဒီကင်တေးရဲ့ သမီးကစ်ဇီကြီးလာလို့ မိခင်တစ်ယောက်ဖြစ်လာတော့ သူက သူ့သားကို အဲဒီအကြောင်းတွေ ပြောပြတယ်။ အဲဒီသားက တစ်ခါ သူ့သားသမီးတွေကို တစ်ဆင့်ပြန်ပြောပြပြန်တယ်။ နောက်ဆုံးကျတော့ သက်ကြီးစကား သက်ငယ်ကြားအဖြစ်နဲ့ ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားတွေဟာ ဆေးရွက်ကြီးခင်းတွေထဲမှာ ကျွန်အဖြစ်နေထိုင်လုပ်ကိုင်နေကြရင်း ပြည်တွင်းစစ်ကြီးထဲ ရောက်သွားခဲ့ကြတယ်။ ပြီးတော့ စစ်ကြီးလည်းပြီးရော ကျွန်တော်တို့အားလုံး ကျွန်ဘဝက လွတ်မြောက်လာကြတယ် ...... စတဲ့ အကြောင်းတွေကို ကျွန်တော်တို့ ကြားလာ သိလာကြတယ်။

ဒုတိယကမ္ဘာစစ်ကြီး အတွင်းမှာ ကျွန်တော်ဟာ 'ကမ်းခြေစောင့်တပ်' ထဲကို ဝင်ခဲ့တယ်။ အသက်က (၁၇) နှစ်ပဲ ရှိသေးပါတယ်။ အနောက်တောင်ပိုင်းဘက်က ပစိဖိတ်သမုဒ္ဒရာထဲမှာ စစ်သင်္ဘောတစ်စင်း လှည့်လည်သွားလာနေတယ်။ အဲဒီသင်္ဘောပေါ်မှာ 'စားရိပ်သာအကူ' အဖြစ် ကျွန်တော်လုပ်ကိုင်နေတယ်။ ကျွန်တော်က စာရေးဆရာသိပ်ဖြစ်ချင်တဲ့ အကောင်ဆိုတော့ ပျင်းစရာကောင်းလွန်း

တဲ့ဒဏ်ကို ခုခံတိုက်ခိုက်တဲ့အနေနဲ့ သင်္ဘောပေါ်မှာ ကိုယ့်ဖာသာကိုယ် သင်တန်းဖွင့်ပြီး ကိုယ့်ဖာသာကိုယ်ပဲ သင်ကြားပို့ချပေးနေခဲ့ပါတယ်။

စစ်ကြီး ပြီးသွားတော့လည်း ကျွန်တော်ဟာ အဲဒီတပ်မှာပဲ ဆက်ပြီးအမှုထမ်းနေရင်းက ညတိုင်း စာရေးတယ်။ တစ်ပတ်မှာ ခုနစ်ညတိတိ ကရေးတာ။ ဘာကြောင့် အဲသလောက်ထိ ဇောက်ချပြီး လုပ်နေရတာလဲ...... တဲ့။ ဒါကတော့ရှင်းပါတယ်။ လွန်ခဲ့တဲ့ရှစ်နှစ်က ကျွန်တော်ရဲ့ ပထမဆုံး စာမူတစ်ခုကို ရောင်းခဲ့ရပြီ ပြီ မဟုတ်လား။

ကျွန်တော်ရောင်းခဲ့ရတဲ့ ပထမဆုံးစာမူက ၁၉၅၄ ခုနှစ်၊ ဇွန်လထုတ် ရီးဒါ့ဒိုင်ဂျက်စ်မှာ ပါသွားခဲ့ပါတယ်။ ဆောင်းပါးနာမည်က မည်သူမျှမသိသော ဟာလင် တဲ့။ အဲဒီဆောင်းပါးလေးဟာ လူကြိုက်အတော်များခဲ့ပါတယ်။ ကျွန်တော့် အဖိုးလည်း အလွန့်ကို အားတက်စေခဲ့တဲ့ ဆောင်းပါးပါ။

အသက် ၃၇ နှစ်အရွယ်ကိုရောက်တော့ ကျွန်တော် တပ်က ထွက်ခဲ့ပါတယ်။ 'ငါ စာရေးဆရာဘဝနဲ့ အသက်မွေးတော့မယ်လို့' ဆုံးဖြတ် လိုက်ပြီးတဲ့အတွက် တပ်က အနားယူလိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ လူမည်းမှုဆလင် ခေါင်းဆောင်တစ်ယောက်နဲ့တွဲပြီး မယ်လ်ကွန်အိပ်စ်၏ အတ္ထုပ္ပတ္တိ ဆိုတဲ့ စာအုပ်ကို ရေးနေပါပြီ။

ကျွန်တော့်အနေနဲ့ ကျွန်တော့်မိသားစုရဲ့ မျိုးရိုးဇာတိအကြောင်းကို အမြဲသတိရနေခဲ့ပါတယ်။ အဲဒီအကြောင်းကို စာအုပ်တစ်အုပ်ဖြစ်လာအောင် ငါရှာဖွေ စုဆောင်းနိုင်မလားဆိုတဲ့ မေးခွန်းဟာ ကျွန်တော့်ဦးနှောက်ကို အမြဲတစေ လာပြီး ရိုက်ခတ်နေပါတယ်။ ၁၉၆၂ ခုနှစ်အတွင်းမှာတော့ တခြားအလုပ်တွေရှိ နေတဲ့ကြားကပဲ ကျွန်တော်ဟာ မိသားစု ဆွေစဉ်မျိုးဆက်ကို ခြေရာခံနေမိပါ တယ်။ စိုက်ပျိုးခြံတွေက မှတ်တမ်းတွေ၊ သေတမ်းစာတွေ၊ သန်းခေါင်စာရင်းဌာန ရဲ့ စာရင်းဇယားတွေကို ကျွန်တော်လိုက်ပြီး လေ့လာနေမိပါတယ်။ ကျွန်တော် လိုချင်တဲ့ အချက်တွေကို ဟိုတစ်စ သည်တစ်စ ရလာနေပါပြီ။

အဲဒီအချိန်မှာ ကျွန်တော့်အဘွားဟာ မရှိတော့ဘူး။ သေသွား ရှာပါပြီ။ ဒါကြောင့် အနီးစပ်ဆုံး ဆွေမျိုးတွေထဲက ဝမ်းကွဲအဖွား ဂျော်ဂျီယာ ဆီကို မကြာခဏသွားပြီး ကျွန်တော်သိချင်တာလေးတွေ မေးမြန်းစုံစမ်းခဲ့ပါတယ်။ ဒီကြားထဲမှာပဲ ဝါရှင်တန်မြို့တော်က အမျိုးသားမော်ကွန်းတိုက်၊ ကွန်ကရက် လွှတ်တော်စာကြည့်တိုက်နဲ့ အမေရိကန်တော်လှန်ရေး စာကြည့်တိုက်တွေကိုလည်း မကြာမကြာသွားပြီး လေ့လာခဲ့ပါတယ်။

၁၉၆၇ ခုနှစ်ထဲရောက်တော့ ကျွန်တော့်လက်ထဲမှာ ဆွေခုနှစ်ဆက်နဲ့ ဆက်နွယ်နေတဲ့ အချက်အလက်တွေကို စုဆောင်းမိပြီလို့ ယုံကြည်လာပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ဘဝင်မကျဖြစ်နေတဲ့ အချက်တစ်ချက်က ရှိနေပါတယ်။ အဲဒီအချက်က အာဖရိကန်ကြီးရဲ့ ပါးစပ်က ပြောသွားခဲ့တယ်လို့ ဆိုနေကြတဲ့ စကားလုံးတွေရဲ့ ပြဿနာပါ။

အဲဒီတုန်းက ကျွန်တော်နယူးယောက်မှာ နေပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ကုသလမဂ္ဂ အဆောက်အဦးရဲ့ အဝင်ဧည့်ခန်းထဲသွား သွားထိုင်ပါတယ်။ အာဖရိကန်အမျိုးသားတွေနဲ့ တွေ့ဖို့စောင့်တာပါ။ တွေ့တဲ့အခါမှာလည်း 'အာဖရိကန်ကြီး' ပြောသွားခဲ့တဲ့ စကားလုံတွေရွတ်ပြီး အဲဒီစကားလုံးတွေကို သူတို့ သိမသိ မေးပါတယ်။

လူတိုင်းက ကျွန်တော့်စကားကိုရပ်ပြီး နားထောင်ကြပေမယ့် အမြဲမပေးဘဲ ထွက်ခွာသွားကြတာချည်းပါပဲ။ ကြာတော့ ကျွန်တော် သဘောပေါက်လာပါတယ်။ ကျွန်တော်ဟာ တင်နက်ဆီပြည်နယ်သား မဟုတ်လား။ အမေရိကန် စကားလုံးတွေကို ရွတ်ပြနေတာဆိုတော့ ဒီလူတွေ ဘယ်လိုလုပ်ပြီး နားလည်ကြမှာလဲ။

နောက်ဆုံးကျတော့ ကျွန်တော်ဟာ အာဖရိကန်ဘာသာစကားတွေ လေ့လာလိုက်စားနေတဲ့ ပါရဂူတစ်ယောက်ဆီ ရောက်သွားပါတယ်။ သူနဲ့ကျတော့ အာဖရိကန်စကားလုံးတွေကို ထပ်တလဲလဲရွတ်ပြပါတယ်။ 'ကင်တေး' ဆိုတဲ့ အသံထွက်ဟာ အာဖရိကတိုက်က 'မန်ဒီးကားလူမျိုး' တွေရဲ့ 'လူနာမည်' ဖြစ်လိမ့်မယ်လို့ သူက ပြောပါတယ်။ 'ကင်ဘီဘိုလွန်းရိုး' ဆိုတာကတော့ မန်ဒီဘာသာစကားနဲ့ 'ဂမ်ဘီယာမြစ်' ကိုခေါ်တာ ဖြစ်လိမ့်မယ်လို့ ရှင်းပြတယ်။ နောက်သုံးရက်ကြာတော့ ကျွန်တော် အာဖရိကကို ရောက်နေပါပြီ။

ဂမ်ဘီယာနိုင်ငံရဲ့မြို့တော် ဘန်ဂျူးကို ရောက်သွားတော့ ဂမ်ဘီယန် သား တစ်စုနဲ့တွေ့တယ်။ သူတို့က အာဖရိကန်တွေရဲ့ သမိုင်းကို သူတို့နယ်သူ နယ်သားတွေ ဘယ်နည်းဘယ်ပုံ ထိန်းသိမ်းခဲ့ရတယ်ဆိုတာ ပြောပြကြတယ်။ သက်တမ်းအားဖြင့် ကြာမြင့်လှပြီဖြစ်တဲ့ ရွာကြီးတွေမှာ 'ဂရိုက်' လို့ခေါ်တဲ့ အဘိုးကြီးတွေ ရှိနေကြောင်း၊ သူတို့ဟာ 'သက်ရှိမော်ကွန်းတိုက်ကြီး' တွေ ဖြစ်ကြကြောင်း ပြောပြကြပါတယ်။

အဲဒီအဘိုးကြီးတွေဟာ လူမျိုးစုတွေ၊ မိသားစုတွေနဲ့ ကျေးရွာစုတွေ ရဲ့ သမိုင်းကြောင်းတွေကို ခရေစေ့တွင်းကျ မှတ်သားထားလေ့ရှိတယ်

...... တဲ့။ ကျွန်တော်ပြောပြနေတဲ့ 'ကင်တေး' ဆိုတဲ့နာမည်ဟာ 'ကင်တီ' ဖြစ်လိမ့်မယ်လို့ သူတို့ထင်တယ်တဲ့။ ဘာကြောင့်ဆိုတော့ ဂမ်ဘီယာမှာ ကင်တီလို့ခေါ်တဲ့ ရိုးရာ ဓလေ့ထုံးစံတူညီတဲ့ ဆွေမျိုးဟာစုရဲ့ အဆက်အနွယ်တွေ အခုထက်ထိ ရှိနေသေးတယ်လို့ သူတို့က ပြောကြတယ်။ ပြီးတော့ သူတို့က ကျွန်တော့်ကို ဘယ်လိုကူညီနိုင်မလဲဆိုတာ အဖြေရှာကြည့်ပါဦးမယ်လို့ ပြောသွားကြတယ်။

ကျွန်တော် အာဖရိက ကပြန်လာပြီး နယူးယောက်မှာ နေခဲ့တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ဆီကို ဂမ်ဘီယာနိုင်ငံက စာတစ်စောင်ရောက်လာတယ်။ ကျွန်တော်ပြောပြလိုက်တဲ့ စကားတွေကို ဂမ်ဘီယာတောင်ပိုင်းဒေသတွေအထိ ရောက်အောင်ပို့ပြီး စုံစမ်းခဲ့ကြကြောင်း၊ အခုဆိုရင် ကင်တီမျိုးနွယ်ဝင်ထဲက ဂရိုက်တစ်ယောက်တွေ့ထားကြောင်း၊ ဂရိုက်အဘိုးကြီးရဲ့ နာမည်က 'ကီဘား ကန်ဂါ ဖိုပါးနား' လို့ခေါ်ကြောင်း စသည်ဖြင့် စာတဲ့မှာ ရေးထားတာ ဖတ်ရတယ်။

လူတစ်ယောက်ရဲ့ ဘဝမှာ 'အထွတ်အထိပ် အတွေ့အကြုံ' လို့ သတ်မှတ်ရမယ့် အခြေအနေလေးတွေ ပေါ်တတ်ပါတယ်။ အဲဒီအတွေ့အကြုံ မျိုးဟာ ဘဝတစ်သက်တာပတ်လုံး မေ့လို့မရအောင်လည်း စွဲနေတတ်ပါတယ်။ အခုဆိုရင် ကျွန်တော့်မှာ အဲဒါမျိုးနဲ့ ရင်ဆိုင်နေရပါပြီ။ အနောက်အာဖရိကတိုက်ရဲ့ တောနက်ကြီးထဲက 'ဂျပ်ဖူရီရွာ' ကို ရောက်သွားတဲ့နေ့ဟာ ကျွန်တော့်အတွက် အထွတ်အထိပ် အတွေ့အကြုံနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့ နေ့ပါပဲ။

ကျွန်တော်တို့ လူ ၁၄ ဦးပါတဲ့အဖွဲ့ ရွာနဲ့ မလှမ်းမကမ်းကို ရောက်သွားတဲ့အခါ ရွာသူရွာသားတွေဟာ ရွှံ့တဲတွေထဲက ထွက်လာကြပါတယ်။ ဝတ်ရုံဖြူကြီးဝတ်ပြီး ဦးထုပ်ပြားလေး ဆောင်းထားတဲ့ အဘိုးအိုတစ်ယောက်ကိုလည်း ကျွန်တော်မြင်နေရပါတယ်။ သူ့ပုံပန်းက သူဟာ အလွန်အရေးပါအရာရောက်တဲ့ လူတစ်ယောက်ဆိုတာ ပေါ်လွင်နေပါတယ်။ လူတွေက ကျွန်တော့်မျက်လုံးတွေကို စူးစူးရဲရဲကြည့်ပြီး မန်ဒီးကားဘာသာနဲ့ စကားပြောပါတယ်။ စကားပြန်တွေက ဘာသာပြန်ပေးကြပါတယ်။ စကားပြန်တွေက ကျွန်တော် ခေါ်လာတဲ့ လူတွေပါ။

'ဟုတ်တယ်။ ငါ့အဲဘိုးအဘွားတွေက ငါ့ကိုပြောသွားတယ်။ ဒီအရပ်ဒေသကို တိုင်းတစ်ပါးသား လူစိမ်းတွေရောက်လာကြတယ်။ ဒီအရပ်ဒေသ က တချို့လူတွေကို အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ပြီး အမေရိကလို့ခေါ်တဲ့ နေရာကို ပို့ပစ်ကြတယ်။ အဲဒီစကားတွေကို ငါ့ဘိုးဘွားတွေဆီကတစ်ဆင့်

စကားပြန်ကြားခဲ့ရတယ်' လို့ အဘိုးအိုက စပြောပါတယ်။

အဲဒီနောက်မှာတော့ အသက် '၇၃ မိုး' ရှိပြီဖြစ်တဲ့ အဘိုးအိုက သူပြောစရာရှိတာတွေကို ဆက်ပြောပါတယ်။ ဒီနေရာမှာ အသက်နဲ့ပတ်သက်လို့ '၇၃ မိုး' လို့ ပြောတာဟာ သူတို့နည်းအရ ပြောကြတာပါ။ သူတို့က လူတွေရဲ့ အသက်ကို တွက်တဲ့အခါမှာ 'တစ်မိုး' ကုန်ရင် 'တစ်နှစ်' လို့တွက်ကြပါတယ်။ အဲသလိုတွက်ပြီး ပြောလေ့ရှိတာကြောင့်လည်း ၇၃ မိုးလို့ ပြောလိုက်ရင် ၇၃ နှစ်ရှိပြီလို့ နားလည်ကြရပါတယ်။

အဘိုးအိုဟာ ကင်တီမျိုးနွယ်ဝင် အုပ်စုရဲ့ သမိုင်းကြောင်းကို ခရားရေလွှတ် တတွတ်တွတ်ပြောပြသွားပါတယ်။ ဘေးမှာရပ်ပြီး နားထောင်နေကြတဲ့ ရွာသူရွာသားတွေအဖို့ကတော့ ဒါမျိုးဟာ တွေ့နေကျဖြစ်ဟန်တူပါတယ်။ အထူးအဆန်းတစ်ခုလို့ မြင်တဲ့ပုံ မပေါ်ကြပါဘူး။ အားလုံး ငြိမ်ငြိမ်ဆိတ်ဆိတ်နဲ့ရပ်ပြီး စိတ်ဝင်တစား နားထောင်နေကြပါတယ်။

ဂရိုက်အဘိုးအိုရဲ့ ခေါင်းထဲက အစီအရီ အသေးစိတ်ထွက်လာနေတဲ့ စကားတွေဟာ ကြားနေရသူတွေအဖို့ အံ့သြစရာသိပ်ကောင်းပါတယ်။ ဘယ်သူဟာ ဘယ်အရပ်ဒေသက ဘာကြောင့် ဒီဒေသကို ရောက်လာတယ်။ ဘယ်သူနဲ့ဘယ်သူတွေ လက်ထပ်ကြတယ်၊ ဘယ်သူတွေကိုမွေးလို့ ဘယ်သူတွေက ဘယ်ကိုရောက်ပြီး ဘာဖြစ်ကုန်တယ် စသည် ...... စသည်ဖြင့်၊ ဟိုး သုံးရာစုက အကြောင်းတွေကို စနစ်တကျနဲ့ အစဉ်လိုက်ပြောပြနေတာမို့ 'လူတစ်ယောက်ရဲ့ အလွန်ထူးဆန်းတဲ့မှတ်ဉာဏ်ကို အံ့မခန်း ဖြစ်ကြရပါတယ်။

ဂရိုက်ကြီးဟာနာရီပေါင်းများစွာ ကုန်လွန်သည်အထိ စကားတွေ အဆက်မပြတ်ပြောနေပါတယ်။ နောက်ပိုင်းဆက်ပြောသွားနေတဲ့ အကြောင်းတွေဟာ ကျွန်တော်တို့ ခေတ်ဖြစ်တဲ့ ၁၇၅၀ ခုနှစ်ပိုင်းထဲကိုရောက်လာပါတယ်။ စကားပြန်ဆီကတစ်ဆင့် ကျွန်တော်ကြားနေရတာက 'ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်တွေ ငါတို့နိုင်ငံထဲ ဝင်ရောက်လာကြတဲ့ အချိန်လောက်မှာပေါ့။ အိုမိုရိုရဲ့သား လေးယောက်ထဲက အကြီးဆုံးသား 'ကွမ်တာ' ဟာသူ့ရွာကနေပြီး တောထဲကို သစ်သွားခုတ်တယ်။ ဒါပေမယ့် အဲဒီနေ့ကစပြီး ကွမ်တာကို လုံးဝပြန်မတွေ့ကြရတော့ဘူး' ...... တဲ့။

သူ့စကားတွေဟာ ကျွန်တော့်အဘွားကြီးတွေဆီက ကြားထားခဲ့တဲ့ အချက်အလက်တွေနဲ့ တူနေပါတယ်။ သူကတော့ ဒီလိုတူနေတာကို ဘယ်သိပါ့မလဲ။ ကျွန်တော်က ချက်ချင်းအိတ်ထဲက မှတ်စုစာအုပ်ကိုထုတ်ပြီး

အကြောင်းစုံရှင်းပြခိုင်းပါတယ်။ ကျွန်တော့်မှတ်စုစာအုပ်ထဲမှာက ကျွန်တော့်အဘွားတွေပြောပြခဲ့တဲ့ အာဖရိကန်ကြီးအကြောင်း မှတ်ထားတယ်မဟုတ်လား။

ကျွန်တော့်စကားပြန်တစ်ယောက်က မှတ်စုစာအုပ်ကိုယူပြီး နောက်တစ်ဦးလက်ထဲ ထည့်ပေးလိုက်တယ်။ သူကတစ်ဆင့် ဂရိုက်အဘိုးအို လက်ထဲရောက်သွားခဲ့တယ်။ သူတို့အားလုံး စိတ်လှုပ်ရှားနေကြပါတယ်။ အဲဒီနောက်တော့ ဂရိုက်အဘိုးအိုက သူ့လူတွေကို ရှင်းပြနေပါတယ်။ အဲဒီအခါမှာ လူအားလုံး စိတ်လှုပ်ရှားလာကြပါတယ်။

တစ်ဦးတစ်ယောက်က အမိန့်ပေးလိုက်လို့လား၊ ဘာလားတော့ ကျွန်တော် မသိဘူး။ လူကြီး ၇၀ လောက်ဟာ ကျွန်တော့်ကိုဝိုင်းပြီး နာရီလက်တံ လှည့်သလို လှည့်သွားနေကြတယ်။ ပါးစပ်ကလည်း သံပြိုင်ရွတ်ဆိုနေကြ ပါတယ်။ ကျွန်တော့်ရင်တဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ ပြောမပြတတ်ပါဘူး။

ရုတ်တရက် လူတန်းကြီးထဲက မိန်းမတစ်ယောက်ထွက်လာပြီး ကျွန်တော့်ရှေ့မှာ လာရပ်တယ်။ သူ့လက်ထဲက ကလေးကို ကျွန်တော့်ဘက် ထိုးပေးပါတယ်။ သူ့အမူအရာက 'ကလေးကိုယူလိုက်ပါ' လို့ ပြောနေတဲ့ သဘောရှိပါ တယ်။ ကျွန်တော်ကလည်း လှမ်းယူလိုက်ပါတယ်။ အဲဒီမိန်းမဟာ ချက်ချင်းပဲ ကျွန်တော့်လက်ထဲက ကလေးကို ပြန်ယူပြီး သူ့နေရာသူ ပြန်သွားပါတယ်။ ချက်ချင်းပဲ နောက်ထပ်မိန်းမတစ်ယောက် ထွက်လာပြီး သူ့ရှေ့က မိန်းမ လုပ်သလို လုပ်ပြန်ပါတယ်။ အဲဒီနောက်မှာတော့ မိန်းမတွေတစ်ယောက်ပြီး တစ်ယောက် ထွက်လာကြတော့တာပါပဲ။

နှောင်တစ်နှစ်လောက်အကြာမှာ ကျွန်တော်ဟာ ဟားဗတ်တက္ကသိုလ်က ပါမောက္ခတစ်ဦးနဲ့ ဆုံမိပါတယ်။ စကားစပ်မိလို့ ဒီအဖြစ်ကို ပြောပြတော့ သူက "မင်းဟာ လူသားတွေရဲ့ရှေးအကျအဆုံးပွဲတစ်ပွဲနဲ့ကြုံလာခဲ့တာကိုး။ အဲဒါ 'သွေးစစ်ပွဲ' လို့ခေါ်တယ်။ သူတို့လူမျိုးစုထုံးစံအတိုင်း 'မင်းဟာ ငါတို့ပဲ၊ ငါတို့ဟာမင်းပဲ' လို့ ပြောလိုက်ကြတာကွလို့ သူက ရှင်းပြပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်တို့အဖွဲ့ဟာ အဲဒီကနေပြီး နောက် တစ်ရွာကို ကူးခဲ့ကြတယ်။ အဲဒီအခါမှာ ဗုံတီးသံတွေကို ပြတ်တောင်းပြတ်တောင်း ကြားနေကြရပါတယ်။ နောက်ရွာကိုလည်း ရောက်ရော ဖုံထူထူလမ်းမကြီးရဲ့ ဘေးမှာ တန်းစီရပ်ပြီး ဆီးကြိုနေကြတဲ့လူတွေကို မြင်ရပါတယ်။ အားလုံးက လက်တွေဝှေ့ရမ်းပြီး နှုတ်ဆက်နေကြပါတယ်။ လင့်ရှိဗာကာ ပေါ်မှာ မတ်တပ်ရပ်နေတဲ့ ကျွန်တော့်ကို "မတ်စတာ ကင်တီ ----- မတ်စတာကင်တီ" လို့ နာမည်ကို အော်ခေါ်နေကြပါတယ်။

ကျွန်တော့်မျက်နှာရှေ့မှာ လက်တွေ ...လက်တွေ ... အများကြီးပဲ။ ကျွန်တော်မျက်ရည်ကျမိပါတယ်။ ဘဝတစ်သက်တာမှာ ဘယ်တုန်းကမှ ဒီလောက်စိတ်ထိခိုက်ပြီး ကျခဲ့တဲ့မျက်ရည်ဟာ မရှိခဲ့ဖူးပါဘူး။ အမှန်တော့ ဒီအချိန်မှာ ကျွန်တော်လုပ်နိုင်တာ ဒီတစ်ခုပဲရှိပါတယ်။

အာဖရိကတိုက်က ပြန်လာပြီးတဲ့နောက် ကျွန်တော်ဟာ လန်ဒန်ကို ရောက်သွားပြန်ပါတယ်။ ဗြိတိသျှလွှတ်တော်မှတ်တမ်းတွေကို ရှာဖွေရပြန်ပါတယ်။ ဂရွိုက်ကြီးပြောခဲ့တဲ့ 'ဘုရင်မင်းမြတ်ရဲ့ စစ်သည်တော်များ ရောက်လာချိန်' ဆိုတဲ့ စကားကို အတိအကျသိဖို့ အားထုတ်ရပြန်ပါတယ်။ အဲသလိုနဲ့ပဲ ၁၇၆၇ ခုနှစ်အတွင်းက ဗိုလ်မှူးကြီး ကိုဟ်ရား ရဲ့တပ်တွေဟာ ဂမ်ဘီယာမြစ်ကြောင်းအတိုင်း ဆန်တက်သွားပြီး ကျွန်တွေကို လက်ခံရာ ခံတပ်ဖြစ်တဲ့ **ဂျိမ်းစ်ခံတပ်မှာ** ဝင်ရောက်တည်းခိုသွားကြောင်း မှတ်တမ်း **အခိုင်အမာတွေ တွေ့လာရပါတယ်။**

ကျွန်တော်ထပ်သွားရတဲ့နေရာက 'လွိုက်ရေကြောင်းဌာန' ပါ။ ဒီဌာနဟာ လွန်ခဲ့တဲ့ **နှစ်ပေါင်းများစွာက** သင်္ဘောအဝင်အထွက်စာရင်းကို မှတ်တမ်းတင်ထားတဲ့ **နေရာတစ်ခုပါ။** အထူးသဖြင့် **အာဖရိကတိုက်ကနေပြီး ထွက်လာတဲ့** ကျွန်တင် သင်္ဘောတွေစာရင်းကို ကျွန်တော်တွေ့လို့ ကြည့်ခွင့်ရခဲ့ပါတယ်။ မှတ်တမ်းတွေကဖြင့် တောင်ပုံရာပုံပါပဲ။ ကျွန်တော် နေ့စဉ်ရက်ဆက်သွားပြီး မှတ်တမ်းတွေထဲမှာ ရှာရပါတယ်။ တစ်ရက်သော မွန်းလွဲပိုင်း ၂:၃၀ နာရီလောက်မှာ (အဲဒီအချိန်ဟာ ကျွန်တော်ရှာဖွေနေတာ **သီတင်းနှစ်ပတ်တွင်း** ရောက်နေပြီ) 'သင်္ဘောအဝင်အထွက် မှတ်တမ်းအမှတ် **၁၀၂၃' ကို တွေ့ပါတယ်။ ကျွန်တော် ဖတ်ကြည့်လိုက်တော့** အဲဒီမှတ်တမ်းတွေထဲမှာ **ကျွန်တင်သင်္ဘော အစင်းပေါင်း ၃၀ ထွက်ခဲ့တာကို တွေ့ရပါတယ်။** အဲဒီအထဲက နံပါတ် ၁၈ ဟာ ကျွန်တော့်စိတ်ကို အတော်ဆွဲဆောင်ခဲ့ပါတယ်။ အဲဒီသင်္ဘောဟာ ၁၇၆၇ ခုနှစ် အတွင်းမှာ ဂမ်ဘီယာမြစ်ကြောင်းအတိုင်း စုန်ဆင်းသွားပြီး အမေရိကကို ထွက်သွားခဲ့တာပါ။ သင်္ဘောနာမည်က 'လော့ဒ်လီဂိုးနီးယား လို့ ခေါ်ပါတယ်။ အဲဒီသင်္ဘောဟာ ၁၇၆၇ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မနက်မှာ အင်နာပိုလစ္စ (နက်ပ်လစ္စ) ကို ဆိုက်ရောက်လာခဲ့ပါတယ်။ အဲဒီအချက်ဟာ ကျွန်တော့်ရဲ့ 'တွေ့ရှိချက်' တစ်ခုပါ။

အတိအကျ တွက်ကြမယ်ဆိုရင်ပေါ့လေ၊ ကျွန်တော့်အဘိုးရဲ့ အဘိုးတွေကို သယ်ဆောင်လာခဲ့ပြီးတဲ့ နောက်နှစ်ပေါင်း ၂၀၀၀ အကြာ

၁၉၆၇–ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့မှာ ကျွန်တော်ဟာ အင်နာပိုလစ္စမြို့ သင်္ဘောဆိပ်ခံတံတားပေါ်မှာရပ်ပြီး ပင်လယ်ပြင်ကို တွေဝေငေးမောနေမိပါတယ်။

အင်နာပိုလစ္စမှာ ရှိနေတဲ့ မေရီလင်းဂေဇက် မိုက်ကရိုဖလင်း မှတ်တမ်းတွေထဲက ၁၇၆၇ ခုနှစ်၊ အောက်တိုဘာ (၁) ရက်ထုတ် ဂေဇက်တီးယားမှာ ကြော်ငြာတစ်ခုတွေ့ရပါတယ်။ လော့ဒ်လီဂိုးနီးယာ သင်္ဘောဟာ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်မယ့် ကျွန်တွေကို သယ်ဆောင်ပြီး ဂမ်ဘီယာနိုင်ငံမှ ဆိုက်ရောက်လာကြောင်း ရေးထားတဲ့ကြော်ငြာပါ။ ကြော်ငြာထဲမှာ ကျွန်တွေကို ဗုဒ္ဓဟူးနေ့မှာ လေလံတင်ပြီး ရောင်းမယ်လို့လည်း အတိအကျ ဖော်ပြထားပါတယ်။

အဲဒီအချက်ကို တွေ့ရှိလာချိန်အထိ ကျွန်တော်ဟာ တိုက်ကြီးသုံးတိုက်က စာကြည့်တိုက်တွေ၊ မော်ကွန်းတိုက်တွေနဲ့ မှတ်တမ်းဌာနတွေအားလုံး စုစုပေါင်း ၅၀ ကျော်လောက်ကို ရောက်ခဲ့ပြီးပါပြီ။ အချိန်နာရီပေါင်းများစွာ အကုန်ခံပြီး လေ့လာခြင်း၊ မှတ်သားခြင်းစတဲ့ အလုပ်တွေကိုလည်း လုပ်ခဲ့ပြီးပါပြီ။ ကျွန်တော့်အနေနဲ့ ၁၈ နဲ့ ၁၉ ရာစုတွေအတွင်းက တည်ရှိခဲ့တဲ့ ဂမ်ဘီယာကျေးရွာတွေရဲ့ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံတွေနဲ့ ပတ်သက်ပြီး ရေးသားပြုစုထားတဲ့ စာအုပ်တွေ၊ ဆောင်းပါးတွေ၊ မှတ်တမ်းမှတ်ရာတွေကို ဖတ်ရှုလေ့လာတာ တစ်ခုထဲတင် တစ်နှစ်တိတိ ကြာခဲ့ပါတယ်။

လော့ဒ်လီဂိုးနီးယားသင်္ဘော ကူးဖြတ်လာခဲ့ရတဲ့ ရေပြင်ပေါ်မှာ သင်္ဘောတစ်စင်းနဲ့ ဖြတ်သန်းသွားခဲ့ရတဲ့ အတွေ့အကြုံကို ကိုယ်တိုင်ခံစားကြည့်ချင်တဲ့ဆန္ဒကြောင့် ကျွန်တော်ဟာ အာဖရိကကို လေယာဉ်နဲ့ သွားခဲ့ပါတယ်။ အပြန်ခရီးကျတော့ ' အာဖရိကန်စတား ' လို့ခေါ်တဲ့ ကုန်တင်သင်္ဘောတစ်စီးနဲ့ ပြန်လာခဲ့ပါတယ်။

ကျွန်တော်ဟာ အင်မတန် ကြမ်းတမ်းမာကျောလှတဲ့ သစ်သားကြမ်းပြင်ပေါ်မှာ အတွင်းခံဘောင်းဘီလေးတစ်ထည်ထဲဝတ်ပြီး ဆယ်ညတိတိ အအေးဒဏ်ကိုခံရင်း လိုက်လာခဲ့ပါတယ်။ တကယ်တော့ ကျွန်တော် ဆယ်ညခံစားခဲ့ရတဲ့ ဆင်းရဲဒုက္ခဟာ ဟိုး လွန်လေပြီးသောအခါက – လက်ထိပ်တွေ၊ သံခြေကျဉ်းတွေ အခတ်ခံရပြီး တိရစ္ဆာန်တွေလို အညှင်းဆဲ အနှိပ်စက်ခံပြီး လိုက်ပါလာခဲ့ကြရတဲ့ သန်းပေါင်းများစွာသော ကျွန်တွေနဲ့ ယှဉ်လိုက်ရင် စာမဖွဲ့လောက်ဘူးလို့ ဆိုနိုင်မှာပါ။ အလွန်ညစ်ပတ်ပေရေနေတဲ့ ပတ်ဝန်းကျင်မှာ သေးအလူလူ၊ ချေးအလူးလူးနဲ့ ရက်ပေါင်း ၆၀ ကျော် ၇၀ နီးပါး ရေပြင်ပေါ်

ဖြတ်သန်းလာခဲ့ရဟဲ့ ဒုက္ခဟာ အင်မတန်မှ ကြောက်စရာကောင်းလှပါတယ်။

စာအုပ်တစ်အုပ် ဖြစ်လာဖို့အတွက် ကျွန်တော်ဟာ ဆယ်နှစ် **ကျော်ကျော်** ကြိုးပမ်းအားထုတ်ခဲ့ရပါတယ်။ ကျွန်တော် ဒီစာအုပ်ကို ဘာကြောင့် **ဇာစ်မြစ်** လို့ နာမည်ပေးခဲ့တာလဲ။ ဒီစာအုပ်ဟာ ကျွန်တော့်မိသားစုတစ်စုထဲရဲ့ ဇာတ်လမ်းကိုသာ ပြောပြနေတာ မဟုတ်ပါဘူး။ အာဖရိကမျိုးနွယ်က ဆင်းသက်လာခဲ့ကြတဲ့ 'အမေရိကန်လူမည်း' သန်းပေါင်းများစွာရဲ့ သမိုင်းကိုလည်း ရည်ညွှန်း ပြောပြနေတဲ့စာအုပ်ပါ။ ဒါကြောင့်လည်း **ဇာစ်မြစ်** သို့မဟုတ် **ဇာစ်မြစ်များ** လို့ နာမည်ပေးခဲ့တာပါ။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့စာအုပ်ကို လူမည်းတွေ အတွက် စိတ်ဓာတ်အင်အား တက်ကြွစေမယ့် တွန်းအားတစ်ခု ဖြစ်လာစေချင်ပါတယ်၊ ပြီးတော့ ကျွန်တော်တို့အားလုံးဟာ တစ်ဦးတည်းသော ဖန်ဆင်းရှင်က ဆင်းသက် **လာကြတာပါဆိုတဲ့ အမှန်တရားကို မီးမောင်းထိုးပြနေတဲ့ အရာတစ်ခုလည်း ဖြစ်လာစေချင်ပါတယ်"** ... တဲ့။

*

' အဲဒီစကားတွေဟာ ကမ္ဘာကျော် **ဇာစ်မြစ်** ဝတ္ထုရဲ့ စာရေးဆရာ၊ **အလက်စ်ဟေလီ** ပြောပြခဲ့တဲ့ စကားတွေပါ။ ဒီစကားတွေကို အလက်စ်ဟေလီဟာ ၁၉၇၄ ခုနှစ်၊ ဇွန်လ ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းထဲမှာ **ကျွန်ုပ်၏ ဇာစ်မြစ်များကို ရှာဖွေခြင်း၊ အမေရိကန်လူမည်းတစ်ဦး၏ ကြိုးပမ်းအားထုတ်မှု ဇာတ်လမ်း (My Search For Roots - A Black Amriican's Story)** အမည်နဲ့ ဆောင်းပါးရေးပြီး ဖော်ပြခဲ့တာပါ။

အလက်စ်ဟေလီဟာ စာရေးဆရာဖြစ်ချင်နေတဲ့ လူတွေနဲ့ ပတ်သက်လို့လည်း မှတ်သားနာယူထိုက်တဲ့ စကားတွေ အများကြီးပြောခဲ့ဖူးပါတယ်။ သူက 'အများအားဖြင့် လူတွေဟာ နေ့ချင်းပေါက် ညချင်းပေါက် စာရေးဆရာ ဖြစ်လာချင်ကြပါတယ်။ စာရေးတယ်ဆိုတာ အဲသလိုတော့ မဖြစ်နိုင်ပါဘူး' လို့ ပြောခဲ့ဖူးပါတယ်။

ပြီးတော့ သူက 'ကျွန်တော်ဟာ စာအုပ်တစ်အုပ် ဖြစ်လာဖို့အတွက် ဆယ်နှစ်ကျော်ကျော် ကြိုးပမ်းအားထုတ်ခဲ့ရပါတယ်၊ လေယာဉ်တစ်တန်၊ သင်္ဘော တစ်တန်၊ ကားတစ်တန်၊ ရထားတစ်တန်စီးပြီး မိုင်ပေါင်းများစွာ ခရီးသွားခဲ့ရပါတယ်၊ မှတ်တမ်းတွေ၊ မှတ်စုတွေနဲ့ စာအုပ်တွေ အမြောက်အမြားကို ဖတ်ရှုခဲ့ရပါတယ်၊ ကျွန်တော် အဲသလောက် အားထုတ်ခဲ့လို့ **ဇာစ်မြစ်** ဆိုတဲ့ စာအုပ် ထွက်လာခဲ့တာပါ' တဲ့။

နောက်ပြီးတော့လည်း သူက 'စာရေးဆရာဖြစ်ချင်ရင် စာရေးပါ၊ စာရေးပါလို့ တိုက်တွန်းရပါလိမ့်မယ်၊ စာရေးတယ်ဆိုတာ မလွယ်ပါဘူး၊ အချိန်ကုန်မယ်၊ ပင်ပန်းမယ်၊ ခက်ခဲမယ်၊ စိတ်ဓာတ်ကျမယ်။ အဲဒါတွေဟာ စာရေးသူတိုင်း ကြုံနေကြရတာပါ။ အများအားဖြင့် လူတွေဟာ နေ့ချင်းညချင်း စာရေးဆရာ ဖြစ်ချင်တတ်ကြတယ်။ အဲသလို ဖြစ်ဖို့ကတော့ မလွယ်ပါဘူး။ ကိုယ်ရေးထားတဲ့စာကို ထပ်တလဲလဲ အပယ်ခံရတာမျိုးဟာ ကြုံရမယ့် အရေးတစ်ခုပါ။ အဲလို အပယ်ခံရတာကို လက်ခံနိုင်တဲ့ အရည်အချင်းတစ်ခု ရှိနေဖို့ သိပ်လိုအပ်ပါတယ်။ ဒီနေ့ နာမည်ကြီးနေတဲ့ စာရေးဆရာတွေထဲမှာ စာမူတွေ ရာနဲ့ချီပြီး အပယ်မခံခဲ့ရတဲ့ လူရယ်လို့ ကျွန်တော် မတွေ့ဖူးသေးပါဘူး' လို့လည်း ပြောခဲ့ဖူးပါတယ်။

စာရေးဆရာဖြစ်ချင်နေတဲ့ လူတွေအဖို့ ကမ္ဘာကျော်လူမည်း စာရေးဆရာ အလက်စ်ဟေလီ ရဲ့ စကားတွေဟာ မှတ်သားနာယူချင်စရာ ကောင်းပေတယ်လို့ ထင်ပါတယ်။

မောင်ထွန်းသူ

၂၀၀၀၊ နိုဝင်ဘာ ၁။

မြန်မာ စာအုပ်များ

အမှာစာ*

'ဇာစ်မြစ်'၏ မူရင်း ROOTS ကို ၁၉၇၃ ခုနှစ်က အမေရိကန်တွင် ထုတ်ဝေခဲ့ရာ အရောင်းရဆုံး စာအုပ်စာရင်းတွင် နံပါတ် (၁)နေရာ ချိတ်ခဲ့ပြီး အတော်လေး လည်း အုတ်အော်သောင်းတင်း ဖြစ်ခဲ့ပါသည်။

ယင်းဝတ္ထုကို ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းက အကျဉ်းချုပ်၍ဖော်ပြခဲ့ရာ ဆရာမောင်သက်နှောင်က ယင်းအကျဉ်းချုပ်ကို 'ဇာစ်မြစ်'အမည်ဖြင့် ၁၉၇၉ ခုနှစ်လောက်က ပြန်ဆိုခဲ့ပါသည်။

ယခုစာအုပ်မှာ မူရင်းဝတ္ထုကို ပြန်ဆိုထားခြင်းဖြစ်၍ ယင်းဝတ္ထုအကျဉ်းကိုစာမြည်းသဘော ဖတ်ရှုမှုဖြင့် တသသဖြစ်ခဲ့ရသော ယနေ့ လူလတ်ပိုင်း၊ လူကြီးပိုင်းများလည်း ပြန်လည်ခံစား နှံခြိုက်နိုင်ကြမည်ဖြစ်ပြီး လူငယ်များ အနေဖြင့်ကား အာဖရိကတိုက်သားတို့၏ ကြမ်းတမ်းခက်ထန်လှသည့်ဘဝကို ရင်တနင့်နင့်၊ ရင်တနာနာဖြင့် မျှဝေခံစားနိုင်ကြလိမ့်မည်။

ဤဝတ္ထုကို ပြန်လည်ထုတ်ဝေရာ၌ ဝတ္ထုအမည်ကို ဘာသာပြန်သူနှင့် ထုတ်ဝေသူတို့ တိုင်ပင်ရွေးချယ်ကြရာ၌ 'မျိုးဆက်'၊ 'မျိုးရိုးဇာတိ' စသည်ဖြင့် စဉ်းစားကြသော်လည်း 'ဇာစ်မြစ်'ဟူသော အမည်လောက် တိကျ ထိရောက်မှု မရှိသဖြင့် 'ဇာစ်မြစ်'ဟူ၍ပင် အမည်ပေးလိုက်ပါသည်။

---

* လောကသစ်စာပေ၏ ပထမနှိပ်ခြင်း၊ မေ ၁၉၉၂ မှ အမှာစာ ဖြစ်ပါသည်။

[၁]

ခရစ်သက္ကရာဇ် ၁၇၉၀ ခုနှစ်၊ နွေဦးပေါက်ရာသီဝင်စ စောစောပိုင်းအချိန်ကာလတွင် အနောက် အာဖရိကတိုက် ဂမ်ဘီယာပင်လယ်ကမ်းရိုးတန်းမှ မြစ်ညာဘက်သို့ ဆန်တက်ဘွာ မည်ဆိုပါက လေးရက်ကြာခရီးမျှသွားရသော ဂျပ်ဖူရီရွာရှိ အိုမိုရိုနှင့် ဘင်တာကင်တီတို့ ဇနီး မောင်နှံတွင် သားယောကျ်ားလေးတစ်ယောက် မွေးဖွားသည်။ ငယ်ရွယ်နုပျိုသော ဘင်တာ၏ သန်စွမ်းကြံ့ခိုင်သည့် ခန္ဓာကိုယ်ထဲမှ အတင်းရုန်းကန်လှုပ်ရှားကို ဆုပ်ကိုင်ထားခဲ့သောကလေးသည် သူ့အမေကဲ့သို့ပင် မည်းနက်နေသည်။ ဘင်တာ၏ သွေးများ ဘင်ကိုယ်လုံးပေါ်က ချော်ချွတ်ချွတ်ဖြစ်နေသောကလေးသည် သံကုန်ဟင်၍ ငိုကြွေးလိုက်ရှာ၏။ ပါးရေနားရေများ တွန့်နေပြီဖြစ်သော လက်သည်မကြီးနှစ်ဦး အနက် တစ်ဦးမှာ အဘွားအိုကြီး 'ညိုဘိုတို' ဖြစ်၍ ကျန်တစ်ဦးမှာ ကလေး၏ ဘွားအေကြီး 'ယေဆာ' ဖြစ်သည်။ သူတို့နှစ်ယောက်သည် မွေးလာသည့်ကလေးကို ယောကျ်ားကလေးမှန်းသိလိုက်သောအခါ ဝမ်းသာအားရရယ်ကြသည်။ ဘိုးဘွားဘီဘင်များ ပြောစမှတ်ပြုခဲ့ကြသည့်စကားအရ သားဦးယောကျ်ားကလေးသည် မိဘနှစ်ပါးကိုသာမက မိဘနှစ်ပါး၏ နှစ်ဖက်သောမိသားစုနှင့် ဆွေမျိုးသားချင်းများကိုပါ အလ္လာဘုရားသခင်က ပေးအပ်သည့် ကောင်းချီးမင်္ဂလာ ဆုထူးဆုမြတ်များကို ရရှိအောင် အကျိုးပေးတတ်သည်ဟု ယုံကြည်ကြသည်။ ထို့ပြင်လည်း မိခင်ဖြစ်သူ ဘင်တာ၏ နာမည်သည် ထာဝစဉ်ထင်ရှားကျော်ကြားသွားလိမ့်မည်ဟူသော အသိကလည်း ရှိနေ၏။ ထို့ကြောင့်လည်း အဘွားကြီးနှစ်ယောက် ရွှင်လန်းဝမ်းမြောက်နေကြခြင်းပေတည်း။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

အချိန်မှာ ကြက်ဦးမတွန်သေးမီ နာရီပိုင်းဖြစ်သည်။ ကလေးသည် လက်သည်မကြီး ညိုဘိုတို့နှင့် သူ့ဘွားအေကြီး ယေဆာတို့၏ ပါးစပ်များမှ ဗလစ်ဗလစ်မြည်နေသည့် စကားပြောသံများကို ကြားနေရသည်။ ထိုအသံများနှင့် အတူ သူ ပထမဆုံးကြားရသည့် အသံများမှာ ရွာထဲမှမိန်းမများ၏ ဆန်ဖွပ်သံများဖြစ်၏။ သူတို့၏ သစ်သားကျည်ပွေ့များနှင့် ဆုံများ ထိတွေ့ရိုက်ခတ်နေသည့် တထုံထုံအသံများသည် အဆက်မပြတ် စည်းချက်ကျကျ ထွက်ပေါ်လျက်ရှိသည်။ သူတို့၏ မိရိုးဖလာ အစားအစာဖြစ်သော နံနက်စာ ယာဂုကျိုရန် ပြင်ဆင်နေကြခြင်းပေတည်း။ ယာဂုကျိုသည့်အခါတွင်လည်း သူတို့သည် ကျောက်ခဲသုံးလုံးကို ဖိုခုံလောက်လုပ်ထားသည့် မီးဖိုပေါ်၌ မြေအိုးများတင်၍ ကျိုကြခြင်းဖြစ်၏။

ပြာလဲ့လဲ့မီးခိုးများသည် ရွာပေါ်တွင် အခွေလိုက်အလိပ်လိုက် လုပစွာ လွင့်မျောလျက်ရှိကြသည်။ ရွာမှာ အလွန်ဖုန်ထူသော ရွာငယ်ကလေးတစ်ရွာဖြစ်၏။ တဲများမှာ လုံးလုံးဝိုင်းဝိုင်း ရွှံ့တဲများဖြစ်၏။ ရွာဗလီဆရာ ကာဂျာလီဒင်ဘာ၏ နှာခေါင်းသံပါသည့် မြည်တမ်းသံကိုလည်း ကြားနေကြရပြီ ဖြစ်သည်။ ရွာထဲမှ ယောကျ်ားများအား ဝတ်တက်ရန် နှိုးဆော်နေခြင်းပေတည်း။ ရွာထဲမှ အမျိုးသားများသည် အလ္လာဘုရားသခင်အား တစ်နေ့လျှင် ငါးကြိမ်မျှ ပုံမှန်ဝတ်ပြုကြရ၏။ တစ်ကြိမ်ဝတ်ပြုလျှင်လည်း အတိုင်းအဆ မသိနိုင်လောက်အောင် အချိန်ကြာတတ်၏။ ဤသည်မှာ ရွာဓလေ့ထုံးစံတစ်ခုဖြစ်သည်။ ယခုလည်း ရွာသားများသည် ဗလီဆရာ၏အသံကို ကြားသည်နှင့် တစ်ပြိုင်နက် အနံ့သတ်သားရေစိမ်းများ ခင်းထားသည့် ဝါးကွပ်ပျစ်ခင်းများပေါ်မှ ကပျာကယာ လူးလဲထကြသည်။ ချည်ကြမ်းအပေါ်ဝတ်အင်္ကျီကြီးများကို ကသောကမျော ဝတ်ကာ ဗလီဆရာ ဘုရားရှိခိုးနေသည့်နေရာသို့ အပြေးအလွှားသွားကြသည်။

အလ္လာဟုအက္ကဘာ- အလ္လာဟုအရှင်သည် ကြီးကျယ်မြင့်မြတ်တော်မူပါပေ၏။ ဤကမ္ဘာလောက၌ ဘုရားတစ်ဆူတည်းသာရှိသည်ဟု ကျွန်ုပ် ယုံကြည်ပါ၏။

ဤဝတ်ပြုပွဲအပြီးတွင် ယောကျ်ားအားလုံး နံနက်စာစားရန် ကိုယ့်အိမ် ကိုယ်ပြန်ကြသည်။ ဘုရားဝတ်ပြုလာသူများထဲတွင် စိတ်လှုပ်ရှားနေသည်နှင့်အမျှ ကြည်လင်ရွှင်ပျလျက်ရှိသော အိုမိုရိုလည်းပါသည်။ အိုမိုရိုက ယနေ့မနက် သူ့တွင် သားဦးယောကျ်ားလေးတစ်ယောက် မွေးဖွားကြောင်း ဝမ်းသာအားရသူတို့အား ပြောပြသည်။ အားလုံးက သူ့အား ဝမ်းမြောက်စကားပြောကြသည်။ ကံကောင်းပါစေဟုလည်း ဆုတောင်းကြသည်။

ယောကျ်ားများသည် ကိုယ့်အိမ်ကိုယ်ပြန်ရောက်သည့်အခါ သူတို့ဇနီးသည်များက ဘူးခြောက်ပန်းကန်နှင့်ထည့်ပေးသော ယာဂုကို စားကြသည်။ သူတို့ခင်ပွန်းများအား နံနက်စာပေးအပြီးတွင် ဇနီးများသည် အိမ်နောက်ဖေးရှိ မီးဖိုချောင်များအတွင်းသို့ဝင်၍ သားသမီးများအား နံနက်စာကျွေးကြသည်။ အားလုံးကိုကျွေးမွေးပြီးခါမှ သူတို့စားကြ

သည်။ နံနက်စာစားအပြီးတွင် ယောကျ်ားများသည် အရိုးတိုတိုနှင့် လက်ကိုင်အကွေး ပါသည့် ပေါက်ပြားများကိုယူကြသည်။ အသွားများမှာ သစ်သားဖြစ်သော်လည်း ရှာပန်းပဲ ဆရာက သွေးပေးထားသဖြင့် မြနေအောင်ထက်သည်။ သူတို့သည် ပေါက်ပြားများ ကိုယ်စီဆွဲကာ တစ်နေ့တာ ယာမြေပြုပြင်ရေးလုပ်ငန်းအတွက် ယာထဲသို့ထွက်ကြသည်။ ယောကျ်ားများ စိုက်ပျိုးသည့် အဓိကသီးနှံများမှာ မြေပဲနှင့်ဝါဖြစ်၍ ဆန်စပါးကို မိန်းမ များက စိုက်ပျိုးကြသည်။ ဂမ်ဘီယာနိုင်ငံ၏ ပူပြင်းသောရာသီဥတုအောက်ရှိ စိုပြည် စိမ်းလန်းသော မြက်ခင်းပြင်ကြီးများသည် သူတို့၏ယာမြေများ ဖြစ်လေသည်။

ရှေးဟောင်းဓလေ့ထုံးစံအရ သားဦးမွေးပြီးနောက် ခုနစ်ရက်မျှကာလအတွင်း အိုမိုရိုသည် အလွန်အရေးကြီးသော တာဝန်တစ်ခုကို အလေးအနက်ထား ဆောင်ရွက် နေသည်။ ယင်းတာဝန်မှာ သားဦးအတွက် နာမည်ရွေးရသည့်တာဝန်ဖြစ်၏။ သူ့သား အတွက် သူရွေးချယ်သော နာမည်သည် သူတို့လူမျိုးသမိုင်းတွင် အစဉ်အလာရှိသော နာမည်နှင့်လည်း ဆက်စပ်ယှက်နွယ်မှုရှိရလိမ့်မည်။ အနာဂတ်အတွက် အလားအလာ ကောင်းသောနာမည်လည်း ဖြစ်ရလိမ့်မည်။ အဘယ်ကြောင့်ဟူမူ သူ့လူမျိုးစု 'မန်ဒင်ကာ' တို့က ကလေးတစ်ယောက်သည် သူ့အားမှည့်ထားသည့်နာမည်အရ ရည်စူးသူ သို့ မဟုတ် ရည်စူးသည့်အရာ၏ ထူးခြားထင်ရှားသော အရည်အသွေးများအတိုင်း တိုးတက် ကြီးပွားသွားနိုင်သည်ဟု ယုံကြည်ထားကြသည်မဟုတ်ပါလား။

သူ့သားအတွက် နာမည်စဉ်းစားနေသည့် ဤသီတင်းပတ်အတွင်း အိုမိုရိုသည် သူနှင့် သူ့ဇနီး ဘင်တာကို ကိုယ်စားပြုကာ ဂျပ်ဖူရီရွာထဲရှိ အိမ်တိုင်းသို့သွားသည်။ ရိုးရာဓလေ့ထုံးစံအရ ရှစ်ရက်မြောက်နေ့တွင် ကျင်းပပြုလုပ်မည့် သူ့သား နာမည်ပေးပွဲ သို့ မိသားစုတိုင်း တက်ရောက်ကြရန် ဖိတ်ကြားသည်။ ထိုနေ့တွင် ဤ သားငယ်သည် သူ့အဖေနှင့် သူ့အဘိုးတို့ကဲ့သို့ပင် မန်ဒင်ကာလူမျိုးစု၏ အဖွဲ့ဝင် တစ်ဦး ဖြစ်လာပေ တော့မည်။

ရှစ်ရက်မြောက်နေ့သို့ရောက်သောအခါ ရွာသူရွာသားများသည် နံနက် စောစော စီးစီး အိုမိုရိုနှင့်ဘင်တာတို့၏ တဲရှေ့သို့ စုရုံးရောက်ရှိလာကြသည်။ အိုမိုရိုနှင့် ဘင်တာ တို့၏ နှစ်ဖက်သော မိသားစုများမှ အမျိုးသမီးများသည် အခမ်းအနားအတွက် နို့ရည် ထည့်ထားသည့် ဘူးခြောက်များ၊ ဆန်နှင့်ပျားရည် ရောလုပ်ထားသည့် မန်ကိုမုန့်ချိုများကို ခေါင်းပေါ်တင်ရွက်၍ ယူလာကြသည်။ ဂျာလီဘာဟုခေါ်သော ကျေးရွာဗုံသမား ကာရာ မိုဆလာသည် သူ့ဗုံများနှင့်အသင့်ရောက်နေပြီဖြစ်၏။ အလီမာမိုခေါ် ကျေးရွာဗလီဆရာ နှင့် နောင်တစ်ချိန်တွင် ဤကလေး၏စာသင်ဆရာဖြစ်လာမည့် အေရာဖင်း သို့မဟုတ် ကျောင်းဆရာ ဘရင်မာစီဆေးတို့လည်း ရောက်နေကြပြီဖြစ်၏။ အိုမိုရို၏အစ်ကိုများ ဖြစ်ကြသော ဂျန်နာနှင့် ဆာလိုအမ်တို့လည်း အချိန်မီရောက်နေကြပြီဖြစ်၏။ သူတို့

မြန်မာ စာအုပ်များ

နှစ်ယောက်သည် သူတို့တူမွေးဖွားကြောင်းကို ဗုံသံဖြင့်သတင်းပို့သဖြင့် သိလာရသူများဖြစ်သည်။ သတင်းရလျှင်ရချင်း သူတို့သည် အလွန်အလှမ်းကွာဝေးသောဒေသမှ လာခဲ့ကြလေသည်။

ဘင်တာသည် သူ့ကလေးကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပွေ့ထားသည်။ နာမည်ပေးမည့်နေ့တွင် လုပ်နေကျထုံးစံအတိုင်း ကလေး၏မွေးဆံပင် အနည်းငယ်ကို ကွက်၍ရိတ်ထားသည်။ မိန်းမများသည် ကလေး၏ အချိုးအဆက်ပြေပြစ်ပုံကိုကြည့်ကာ အံ့သြချီးမွမ်းကြသည်။ ထို့နောက် ဗုံသမားက သူ့ဗုံများကို စတင်တီးခတ်သောအခါ အားလုံးငြိမ်ဆိတ်သွားကြသည်။ ရွာဗလီဆရာသည် နို့ချဉ်ဘူးများနှင့် မန်ကိုမုန့်ချိုများကို သူ့မျက်မှောက်၌ထားကာ ဘုရားဝတ်ပြုသည်။ သူ ဝတ်ပြုစာများ ရေရွတ်နေခိုက်တွင် ဧည့်သည်တစ်ဦးချင်းစီက နို့ချဉ်ထည့်ထားသည့် ဘူးခြောက်ခွက်နှုတ်ခမ်းကို ညာလက်နှင့်လာ၍ထိကြရသည်။ အစားအစာကို ရိုသေသမှုပြသည့် လက္ခဏာတစ်ရပ်ဖြစ်၏။ ထို့နောက် ဗလီဆရာသည် ကလေးအပေါ်မှမိုး၍ ဘုရားရှိခိုးခြင်း၊ ဆုတောင်းခြင်းစသည်များကို ပြုသည်။ ဤကလေးအား အသက်ရှည်ရှည်နေထိုင်ခွင့်ပြုရန်၊ သူ့လူမျိုး၊ သူ့ရွာနှင့် သူ့ မိသားစု ဂုဏ်သိက္ခာမြင့်မားရေး၊ ကလေးအများအပြားရရှိရေး စသည်တို့ကိုဆောင်ရွက်သည့်အခါ အောင်မြင်မှုရရှိအောင် ကူညီရန် စသည်များကို အလ္လာဘုရားသခင်အား တောင်းပန်စကားဆိုသည်။ နောက်ဆုံး၌ ဤကလေး မကြာမီရရှိတော့မည့်နာမည်အား ဂုဏ်သိက္ခာမြင့်မားအောင် စောင့်ရှောက်ပေးရန်နှင့် အမည်နာမနှင့်ထိုက်တန်သည့် ကိုယ်အင်အား စိတ်အင်အားများ ပေးသနားရန် ဆုတောင်းသည်။

ထို့နောက် အိုမိုရိုသည် စု၍ရပ်နေကြသော ဧည့်ပရိသတ်များရှေ့မှ ဖြတ်လျှောက်ကာ သူ့မိန်းမအနီးသို့ သွားသည်။ သူ့မိန်းမ၏လက်ထဲမှ ကလေးကို ပွေ့ယူသည်။ ဧည့်ပရိသတ်အားလုံး ကြည့်နေခိုက်မှာပင် သူသည် သူ့သား၏ နားတစ်ဖက်တွင် ပါးစပ်ဖြင့်ကပ်၍ သူ့သားအတွက် သူရွေးထားသည့်နာမည်ကို သုံးကြိမ်တိတိ တိုးတိုးကလေးပြောသည်။ ကလေး၏နာမည်ကို ကလေးအား ပြောလိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်၏။ အိုမိုရို၏ဧည့်ပရိသတ်သည် အိုမိုရိုလုပ်ကိုင်နေပုံကိုကြည့်ကာ လူသားတိုင်းသည် မိမိဘယ်သူဘယ်ဝါဖြစ်သည်ကို အရင်ဆုံးသိသင့်သည်ဟူသော ခံစားမှုဝင်လျက်ရှိကြလေသည်။

ဗုံသံများပြန်ပေါ်လာသည်။ အိုမိုရိုသည် သူ့မိန်းမနားတွင်ကပ်၍ ကလေး၏နာမည်ကို တိုးတိုးကလေးပြောသည်။ ဘင်တာက ရှင်လန်းအားရစွာဖြင့် ပြုံးသည်။ ထို့နောက် အိုမိုရိုက ရွာသူရွာသားများရှေ့၌ ရပ်နေသည့် ကျောင်းဆရာထံသွားကာ သူ့သား၏နာမည်ကို တိုးတိုးကလေးပင်ပြောသည်။

'အိုမိုရိုနဲ့ ဘင်တာတို့ရဲ့ သားဦးကလေးကို "ကွမ်တာ"လို့ နာမည်မှည့်လိုက်တယ်'ဟု ကျောင်းဆရာ ဘရင်မာစီဆေးက အများကြားအောင် အော်၍ပြောလိုက်သည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ဤအမည်ကို လူတိုင်းကသိသည်။ ကလေး၏ ကွယ်လွန်သွားလေပြီဖြစ်သော အဘိုး 'ကိုင်ရာဘာကင်တီ' ၏ အလယ်နာမည်ဖြစ်၏။ ကလေး၏အဘိုးသည် သူ၏ စာသင်ဖြစ်သော မော်ရက်တားနီးယားမှနေ၍ ဂမ်ဘီယာသို့ရောက်လာသူဖြစ်သည်။ သူသည် ဂျပ်ဖူရီရွာသားများအား အငတ်ဘေးကြီးတစ်ခုမှလွတ်မြောက်အောင် ကယ်တင်ခဲ့သူ ဖြစ်သည်။ သူသည် အဘွားယေဆာနှင့် လက်ထပ်ကာ ရွာ၌ အခြေစိုက်ခဲ့ပြီး သူကွယ်လွန်ချိန်အထိ သူတော်ကောင်းတစ်ယောက်အဖြစ်ဖြင့် ဂျပ်ဖူရီရွာအား ကောင်းရာကောင်းကျိုးများ လုပ်ပေးသွားခဲ့သူဖြစ်သည်။

ကျောင်းဆရာသည် အဘိုးကိုင်ရာဘာကင်တီ မကြာခဏပြောပြခဲ့ဖူး၍ သိရှိမှတ်မိနေသော မော်ရက်တားနီးယားနယ်ဘက်မှ ဘိုးဘေးဘီဘင်များ၏ နာမည်များကို တစ်ခုခြင်းစီ ရေရွတ်ပြနေသည်။ နာမည်များမှာ များပြားလှ၏။ တစ်မိုးနှစ်မိုး စသည်ဖြင့် ရေတွက်လျှင် မိုးရာသီပေါင်း နှစ်ပေါင်း နှစ်ရာကျော်ခန့် အချိန်ကာလအထိ ပြန်၍သွားရမည့် နာမည်များဖြစ်သည်။ ထို့နောက် ဗုံသမားက သူ့ဗုံများ တီးခတ်သည်။ ညွှန့်ပရိသတ်များက ကလေး၏အဘိုးဘက်မှ ထူးခြား ထင်ရှားသော မျိုးရိုးအဆက်အနွယ်များကို အံ့သြကြသည်။ တလေးတစား ချီးကျူးပြောဆိုကြသည်။

ထိုနေ့ ရှစ်ရက်မြောက်ညတွင် အိုမိုရိုသည် လရိပ်နှင့်ကြယ်ရောင်များအောက်၌ သူ့သားကိုပွေ့ချီ၍ တစ်ယောက်တည်းရပ်ကာ နာမည်ပေးအခမ်းအနားကို အပြီးသတ်သည်။ သူသည် သန်စွမ်းသောလက်များဖြင့် သားငယ်ကွမ်တာအား ပွေ့ချီပြီး ရွာစွန်သို့ လျှောက်သွားသည်။ ကလေးကို ကောင်းကင်ဆီသို့ မြှောက်ပြထားပြီး သိမ်မွေ့နူးညံ့သောလေသံဖြင့် ပြောသည်။ 'အရှင့်ထက်ကြီးမားသောအရာဆို၍ ဤတစ်ခုတည်းသာရှိပါသည် အရှင်၊ ရှုစားတော်မူပါ'

[၂]

စိုက်ပျိုးရာသီသို့ ဆိုက်ရောက်ခဲ့လေပြီ။ မကြာခင် မိုးဦးကျတော့မည် ဖြစ်၏။ ဂျပ်ဖူရီရွာသားများသည် သူတို့၏ယာမြေများပေါ်၌ မြက်ခြောက်များ၊ ကောက်ရိုးများ၊ ထင်းခြောက်များ စသည့် ပေါင်းပင်မြက်ပင် အမှိုက်သရိုက်များကို စုပုံ မီးရှို့ကြသည်။ ပြာမှုန်များသည် လေနောက်သို့လိုက်ပါကာ ယာတောနေ့ရာအနှံ့သို့ ရောက်ကြသည်။ ဤသို့ဖြင့် ယာမြေများသည် ထိုက်သင့်သော အာဟာရကို ပြန်လည်ရရှိကြသည်။ လယ်ကွက်များအတွင်း၌မူ မိန်းမများသည် စိမ်းစိုလန်းဆန်းသော ကောက်ပင်များကို ရွှံ့ထဲသို့ ထိုးနှစ်ကာ ကောက်စိုက်နေကြလေပြီ။

မြန်မာ စာအုပ်များ

ဘင်တာမှာ မိုးဖွားပြီးစဖြစ်၍ သူ့လယ်လုပ်ငန်းခွင်သို့ မဝင်နိုင်ပေ။ သူ့လယ်ကို ဘွားအေကြီးယေဆာက တာဝန်ယူ၍ လုပ်ကိုင်ပေးလျက်ရှိ၏။ သို့သော်လည်း ယခုအခါတွင်မူ ဘင်တာသည် သူ့တာဝန်များကို ပြန်လည်လုပ်ကိုင်လာပြီဖြစ်သည်။ သူသည် သားငယ်ကွမ်တာအား ချည်ကြမ်းတစ်ထည်ဖြင့် ကျောပိုးကာ အခြားမိန်းမများနှင့်အတူ အလုပ်ခွင်သို့သွားလျက်ရှိသည်။ သူ၏သူငယ်ချင်း ဂျန်တေးတိုရေး အပါအဝင် အချို့သောမိန်းမများသည် သူ့လိုပင် ကလေးငယ်များအား ကျောပိုးထားကြသည်။ ခေါင်းများပေါ်တွင်လည်း အထုပ်များ ရွက်ထားကြသည်။ သူတို့သည် ဂမ်ဘီယာမြစ်မှ ကုန်းတွင်းပိုင်းဘက်သို့ စီးဝင်လာကြသော မြစ်လက်တက်များအနက် သူတို့ရွာနားမှ ကပ်၍ စီးဆင်းလျက်ရှိသော 'ကင်ဘီဘိုလောင်းဂိုး' အမည်ရှိ ချောင်းငယ်ဆိပ်ကမ်းရှိ လှေများဆီသို့ သွားနေကြခြင်းဖြစ်၏။ လှေများမှာ လူစီး အပေါ်စားလှေငယ်များဖြစ်၍ တစ်စီးလျှင် မိန်းမ ငါးယောက်မှ ခြောက်ယောက်အထိ စီးနင်းလိုက်ပါကြသည်။

ချောင်းကမ်းပါး တစ်ဖက်တစ်ချက်တွင် ထူထပ်စွာပေါက်ရောက်နေကြသော ပင်ကြီးပင်ငယ်များနှင့် လမုပင်များဆီမှ သင်းပျံ့မွှေးကြိုင်သော အနံ့မျိုးစုံသည် လေနှင့်အတူလိုက်ပါလာနေကြသည်။ လှေများဖြတ်လာသည့်အသံကြောင့် ကမ်းပါးထက်ရှိ မျောက်လွှဲကျော် မိသားစုများသည် အိပ်ပျော်နေရာမှ လန့်နိုးလာကြသည်။ ဆူညံစွာ အော်ကြ ဟစ်ကြ ပြေးကြ လွှားကြသည်။ သစ်ပင်များပေါ်သို့ ပြေးတက်ကာ သစ်ကိုင်းကြီးများကို ဆုပ်ကိုင်၍ တအားကုန်လှုပ်ပြနေကြသည်။ တောဝက်များသည် စီခနဲ ညံခနဲ အော်မြည်ကာ နှာခေါင်းများကို တရှုံးရှုံးမှုတ်၍ လုံခြုံသောနေရာသို့ ပုန်းအောင်းရန် ချုံကြိုချုံကြား မြက်ပင်ကြိုမြက်ပင်ကြားသို့ ဒလဟော ထိုးပြေးဝင်ကြသည်။ ရွှံ့များ ဖုံးလွှမ်းနေသည့် ကမ်းပါးနှစ်ဖက်ပေါ်တွင် နံနက်စာ စားသောက်နေကြသည့် ထောင်ပေါင်းများစွာသော ငှက်ကြီးဒုံးစပ်များ၊ ကြိုးကြာငှက်များ၊ ဗျိုင်းဖြူများ၊ ဗျိုင်းခြေတံရှည်များ၊ ငှက်ကျားများနှင့် စင်ရော်ငှက်များသည် ချောင်းထဲမှ ဖြတ်သွားနေသည့် လှေများဆီသို့ ငေးကြည့်နေကြသည်။ အချို့ငှက်ငယ်များကတော့ အလန့်တကြား ထပျံကုန်ကြသည်။ လေတွင်ပျံဝဲကာ သူတို့နယ်ထဲ ကျူးကျော်ဝင်ရောက်လာကြသည့် လှေများ ဝေးရာရောက်သွားချိန်အထိ စူးစူးရှရှအော်မြည်လျက်ရှိကြသည်။

လှိုင်းဂယက်များထနေသည့် ရေပြင်ပေါ်၌ လှေများ ရွေ့လျားသွားနေခိုက်တွင် ငါးသိုင်းအုပ်ကြီးများသည် မြူးထူးလှုပ်ရှားလျက်ရှိကြသည်။ သူတို့လှုပ်ရှားနေပုံများသည် ရေပြင်တွင် ငွေရောင်ရိပ်များ ယိမ်းကနေကြသည့်နှယ် ဖြစ်သည်။ တစ်ခါတစ်ရံတွင် ရေအောက်ရှိအုပ်ထဲမှ ရေပေါ်သို့ ခုန်ပျံ၍တက်လာသော ငါးသည် လှေဝမ်းထဲသို့ ကျလာတတ်သည်။ သေးသေးကွေးကွေး အကောင်များမဟုတ်။ ငါးကြီးများဖြစ်သဖြင့် မိန်းမများက လှော်တက်ဖြင့်ရိုက်ကာ ညစာဟင်းလျာအဖြစ် သိမ်းထား

မြန်မာ စာအုပ်များ

တတ်ကြသည်။ သို့သော်လည်း ယနေ့နံနက်တွင်မူ ငါးသိုင်းများသည် ပတ်ဝန်းကျင်မှ အနှောင့်အယှက်မရှိဘဲ အေးကင်းစွာဖြင့် ကူးခတ်လှုပ်ရှားနေနိုင်ကြသည်။

ကျွဲကောက်တွန့်လိမ်၍ စီးဆင်းသွားနေသည့် ချောင်းရေပြင်ပေါ် လှော်ခတ်သွားနေသော လှေများသည် ကွေ့တစ်ခုသို့အရောက်တွင် ပို၍ကျယ်သော မြစ်လက်တက်တစ်ခုအတွင်းသို့ ဝင်သည်။ ကျယ်ဝန်းသော ရေပြင်ထက်သို့ ဆိုက်ရောက်သွားသည့်အခါ လေထဲမှ အတောင်ပံပေါင်း အမြောက်အမြား ရိုက်ခတ်သံများ ကြားရသည်။ ရာပေါင်း ထောင်ပေါင်းများစွာသော ရေပျော်ငှက်အုပ်ကြီးဖြစ်သည်။ ဖြုန်းခနဲ အုပ်လိုက် သင်းလိုက် ထပ်ခြင်းဖြစ်၍ ကောင်းကင်တစ်ခုလုံးတွင် သူတို့နှင့် ပြည့်နေသည့်နှယ် ရှိသည်။ အရောင်က မှိုင်းဖြင့် ကောင်းကင်ပြင်ကို သက်တံ့ရောင်အဝတ်ကြီးတစ်ချပ်နှင့် ဖုံးအုပ်လိုက်သလို ဖြစ်သွားသည်။ ဤငှက်အုပ်ကြီး၏ အရိပ်များကြောင့် ရေပြင်သည် နောင်မည်းသွားသည်။ မိန်းမများ၏ လေ့များပတ်ပတ်လည်တွင် ငှက်တောင်များ ဖုံးလွှမ်းလျက်ရှိ၏။

ဂုပ်ပူရိရွာသူများ ဘို စဉ်ဘောင်ဆက် စပါးစိုက်ပျိုးလာခဲ့သည့် ရွှံ့ညွန်ထူထပ်သော လယ်ကွက်များနှင့် နီးလာသောအခါ လှေများသည် ထောင်နှင့်သောင်းနှင့်ချီ၍ အုံဖွဲ့နေကြသော ခြင်ကောင်များကို ဖြတ်သန်းကြရသည်။ ထို့နောက် တစ်စီးပြီးတစ်စီး ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေကြသည့် ပေါင်းပင်မြက်ပင်များကြားမှ တိုးဝှေ့ကာ မိမိတို့လယ်နှင့် အနီးဆုံးသောနေရာများ၌ လှေများကို ဝင်ရောက်ဆိုက်ကပ်ကြသည်။ မိန်းမတစ်ယောက်ပိုင် လယ်တစ်ကွက်ကို ပေါင်းပင်မြက်ပင်များက အေးပတ်ပတ်လည်မှ ကန်သင်းအံဖြစ် ကာရံသတ်မှတ်ထားသည်။ ယခုဆိုလျှင် ကောက်ပင်များသည် ရေမျက်နှာပြင်အထက်သို့ ထိုးထွက်နေကြပြီဖြစ်ရာ လယ်ကွက်တိုင်းပင် မြစိမ်းရောင်သန်းနေကြသည်။

မိန်းမတစ်ယောက်၏ လုပ်ကွက်ကို နှစ်စဉ်နှစ်တိုင်း ကျေးရွာလူကြီးများက ခွဲဝေသတ်မှတ်ပေးကြသည်။ ခွဲဝေရာ၌လည်း မိန်းမတစ်ယောက်အနေဖြင့် သူ့အိမ်ထောင်တွင် ကျွေးမွေးရမည့် ပါးစပ်ပေါက် ဘယ်နှပေါက်ရှိသည်ကိုကြည့်၍ ခွဲဝေပေးကြခြင်းဖြစ်၏။ ဘင်တာ၏မိသားစုတွင် စားလူ များများမရှိသဖြင့် သူရထားသည့်လယ်ကွက်မှာလည်း ခပ်သေးသေးဖြစ်သည်။ ကလေးကို ကျောပိုးထားသော ဘင်တာသည် လှေပေါ်မှ သတိထား၍ ဆင်းသည်။ ကုန်းပေါ်ရောက်၍ ခြေလှမ်းအနည်းငယ်မျှ လျှောက်မိသောအခါ အံ့အားသင့်စရာတစ်ခုကို မြင်တွေ့လိုက်ရသဖြင့် ဖျတ်ခနဲ ရပ်လိုက်သည်။ သူ့လယ်ကွက်အေးတွင် ဝါးတိုင်ထူပြီး သက်ငယ်မိုးထားသည့် ခြေတံရှည်တဲကလေးတစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ ဖြစ်သည်။ ဤတဲကလေးကို မြင်လိုက်ရသည့်အတွက် သူ့မှာဝမ်းသာကြည်နူးခြင်းလည်း ဖြစ်ရ၏။ သူ မီးဖွားပြီး အလုပ်ခွင်မဝင်နိုင်သေးသည့်

မြန်မာ စာအုပ်များ

အချိန်က သူ့ခင်ပွန်းအိုမိုရို လာဆောက်ထားခဲ့ခြင်းဖြစ်သည်။ သူတို့သားလေး နေလုံမိုးလုံဖြစ်စေရန် ခိုလှုံစရာလေးတစ်ခု လုပ်ပေးထားခြင်းပေတည်း။ ဤတဲကလေးနှင့်ပတ်သက်၍ အိုမိုရိုသည် သူ့အား လုံးဝ ဘာမျှမပြောခဲ့။ ယင်းကဲ့သို့ မပြောခြင်းမှာလည်း သူ၏ယောကျ်ားပီသမှုကို ဖော်ပြခြင်းဖြစ်သည်ဟု ဘင်တာက ယူဆသည်။

ရှေးဦးစွာ ဘင်တာသည် ကလေးအား နို့ဝအောင်တိုက်ပြီး လုံခြုံအောင်ထုပ်၍ တဲထဲ၌ နေရာချထားလိုက်သည်။ ထို့နောက် တစ်လမ်းလုံး ခေါင်းပေါ်တင်၍ ရွက်လာခဲ့သော အထုပ်ကလေးကိုဖြေ၍ အထဲမှ အလုပ်လုပ်သည့်အခါဝတ်သည့် အဝတ်ဟောင်းများကို ထုတ်၍ လဲသည်။ ပြီးတော့ ရေပြည့် လယ်ကွက်ထဲသို့ဆင်းသည်။ သူသည် ခါးကိုကုန်း၍ စပါးပင်များကြားမှ မြက်ပင်များကိုအမြစ်ပါပါအောင် အရင်းနားမှ ဆုပ်ကိုင်ပြီး နုတ်သည်။ အကြီးမြန်သောမြက်ပင်များသည် စပါးပင်များကို ပျက်စီးအောင် ဖျက်ဆီးတတ်ကြသည် မဟုတ်ပါလော။ ပေါင်းမြက်များ နုတ်နေသည့်ကြားမှပင် ကလေးငိုသံကြားသည့်အခါတိုင်း ဘင်တာသည် ကန်သင်းပေါ်တက်သည်။ ရေစိုနေသည့် အဝတ်များနှင့်ပင် တဲအတွင်းသို့ဝင်၍ သူ့သားငယ်ကို နို့တိုက်သည်။

သားငယ် ကွမ်တာသည် မိခင်ဘင်တာ၏ ယုယကြင်နာမှုကို နေ့စဉ်ရရှိသည်။ ညပိုင်း ချက်ပြုတ်ပြီး၍ အိုမိုရိုအား ညစာကျွေးမွေးပြီးသည့်အခါတိုင်း ဘင်တာသည် သူ့သားငယ်၏ တစ်ကိုယ်လုံးကို အသားအရေ နူးညံ့ပျော့ပျောင်းစေရန် ခေါင်းထိပ်မှ ခြေဖျားအထိ သစ်မွေးဆီလိမ်းပေးသည်။ ထို့နောက် မကြာမကြာဆိုသလို သူ့သားငယ်ကို ပွေ့ချီပြီး ရွာလယ်မှဖြတ်ကာ ဘွားအေကြီးယေဆာ၏တဲသို့ အလည်သွားသည်။ ဘွားအေကြီးကလည်း သူ့မြေးအား ချီလိုက် ပွေ့လိုက် နမ်းလိုက် ရှုပ်လိုက်လုပ်သည်။ ကလေးနှင့် ထိုက်တန်သောမေတ္တာကို အမြဲတစေပေးသည်။ ထို့ပြင်လည်း နှစ်ဦးစလုံးက ကွမ်တာ၏ ခေါင်း၊ နှာခေါင်း၊ နားရွက်နှစ်ဖက်နှင့် နှုတ်ခမ်းများကို လက်များနှင့်ဖိ၍ ပုံသဏ္ဌာန်မှန်အောင် ပြုပြင်ပေးကြသည်။ ဤပြုပြင်မှုများကို မခံနိုင်သော ကွမ်တာသည် ဒေါသတကြီး ရုန်းကန်လှုပ်ရှားရသည်။ ငိုကြွေးသည့်အခါ ငိုကြွေးရသည်။

တစ်ခါတစ်ရံတွင်မူ အိုမိုရိုသည် သူ့သားအား စောင်နှင့် လုံနေအောင်ထုပ်ကာ သူ၏ကိုယ်ပိုင်တဲသို့ ခေါ်သွားလေ့ရှိ၏။ သူတို့၏ ဓလေ့ထုံးစံအရ လင်ယောကျ်ားများသည် သူတို့၏ဇနီးများနှင့် အမြဲတစေ သီးခြားခွဲ၍နေကြရသည်။ ထို့ကြောင့်လည်း သူ့သားအား မိန်းမများနှင့်ကင်းဝေးရာ သူ့တဲသို့ ခေါ်ခေါ်သွားခြင်း ဖြစ်သည်။ သူ့တဲသို့ရောက်သောအခါ သူသည် သားငယ်၏ မျက်လုံးများကို လွတ်လပ်စွာ စူးစမ်းရှာဖွေခွင့်ပေးသည်။ ဆွဲဆောင်မှုရှိသည့် အရာဝတ္ထုအားလုံးကို ကြည့်စေ မြင်စေသည်။ သူ့ခုတင်ခေါင်းရင်းမှ အဆောင်လက်ဖွဲ့များကို မြင်စေကြည့်စေခြင်းအားဖြင့် မကောင်းဆိုးဝါးများ မကပ်အောင် လုပ်ပေးသည်။ ကွမ်တာကလည်း အရောင်မျိုးစုံနှင့်ပစ္စည်း

ဆိုလျှင် ထူးထူးခြားခြားစိတ်ဝင်စားတတ်၏။ အထူးသဖြင့် ဖခင်၏ မှဆိုးကိုင်သားရေအိတ်၊ ထိုသားရေအိတ်ပေါ်တွင် ရောင်စုံကြွေစေ့များ ကပ်ထားသည် မဟုတ်ပါလား။ ရှာအတွက် သားကောင်တစ်ကောင် သူတစ်ယောက်တည်းအစွမ်းဖြင့် ရလာသည့်အခါတိုင်း ကြွေစေ့တစ်လုံး ကပ်ခဲ့ခြင်းဖြစ်ရာ၊ ယခုအခါ သားရေအိတ်ပေါ်တွင် ကြွေစေ့တွေ အများကြီး ရှိနေပြီဖြစ်၏။ ထို့ပြင်လည်း ကွမ်တာသည် အနီးတွင်ချိတ်ထားသည့် လေးနှင့်မြားများအပေါ်တွင်လည်း စိတ်ဝင်စားသည်။ သူ့သားငယ်က လက်သေးသေးကလေးများဖြင့် မှောင်ရိပ်ထဲ၌ ထောင်ထားသည့်လှံကို ကိုင်သည့်အခါ အိုမိုရှိသည် ပြုံးနေတတ်သည်။ သူသည် သူ့ဘုရားရှိခိုးသည့်အခါထိုင်သည့် ကော်ဇောမှတစ်ပါး ကျန်ပစ္စည်းများကို သူ့သားငယ်အား ထိခွင့် ကိုင်ခွင့် ပေးထားသည်။ ကော်ဇောကိုမူ အမြင့်မြတ်ဆုံးသောပစ္စည်းတစ်ခုဟု သတ်မှတ်ထားသဖြင့် ကိုင်ခွင့် ထိခွင့် မပေးခြင်းဖြစ်သည်။ တဲထဲ၌ သူနှင့်သူ့သား နှစ်ယောက်တည်းရှိသည့်အခါများတွင် သူသည် ကောင်းမြတ်ခြင်းနှင့် ရဲရင့်ခြင်းကို ဖော်ဆောင်သည့် အကြောင်းအရာများကို ပြောပြလေ့ရှိသည်။ သူ့သား ကြီးပြင်းလာသည့်အခါ လုပ်လိမ့်မည်ဟု ယူဆသဖြင့် သူ့စိတ်ကူးနှင့်သူ ပြောပြနေခြင်းပင် ဖြစ်လေသည်။

နောက်ဆုံးတွင် သူသည် ကွမ်တာအား ဘင်တာ့ထံ ပြန်ပို့ပေးသည်။ ကွမ်တာ့အဖို့ကတော့ မည်သူ့လက်ထဲမှာပဲနေရနေရ အချိန်ရှိသမျှ ပျော်ရွှင်မြူးထူးလျက် ရှိသည်။ ကွမ်တာအား မိခင်ဘင်တာက ပုခက်ထဲထည့်၍ လွဲသိပ်သည့်အခါ သိပ်သည်။ ရင်ခွင်ထဲထည့်၍ လှုပ်သိပ်သည့်အခါသိပ်သည်။ ဘယ်နည်းနှင့်ပဲသိပ်သိပ် ကွမ်တာကတော့ အေးအေးဆေးဆေးအိပ်ပျော်သွားသည်ချည်းဖြစ်သည်။ သားချော့တေးဆိုသည့်အခါများတွင်လည်း ဘင်တာသည် သူ့သားအတွက် မျှော်လင့်ချက်ကြီးသည့် တေးကဗျာများကိုသာ သီဆိုလေ့ရှိသည်။

ပြုံးလို့ ရယ်လို့နေ
အမေ့သားလေးရေ...။
မြင့်မြတ်တဲ့ အဘိုးနာမည်
မင့်ကို ပေးထားပါတယ်ကွယ်။
နောင်တစ်နေ့ကျရင်
မင်းဟာလေ...
မုဆိုးကြီးရင်လည်း ဖြစ်ရမယ်။
စစ်သည်တော်ကြီးရင်လည်း ဖြစ်ရမယ်။
ဒါဆိုရင်တော့ကွယ်...
မင့်ဖေဖေဂုဏ်တက်မယ်။

မြန်မာ စာအုပ်များ

ဘင်တာသည် သူ့သားနှင့် သူ့ခင်ပွန်းကို အလွန်ချစ်သည်။ မည်မျှလောက်ပဲ ချစ်ချစ် သောကကတော့ သူ့ရင်ထဲ၌ အမြဲရှိနေသည်။ ရှေးခေတ် ဘိုးဘွား အစဉ်အဆက် ကျင့်သုံးခဲ့ကြသည့် ဓလေ့ထုံးစံအရ မူဆလင်ဘာသာဝင် လင်ယောကျ်ားများသည် သူတို့မိန်းမများ၌ ကလေးငယ်ရှိနေချိန်တွင် သူတို့နှစ်သက်သော မိန်းမတစ်ယောက်ကို ရွေးချယ်ပြီး ဒုတိယဇနီးအဖြစ် လက်ထပ်ပိုင်ခွင့်ရှိနေခြင်းကြောင့်ဖြစ်၏။ ယခုအချိန်ထိတော့ဖြင့် အိုမိုရှိသည် ဒုတိယဇနီးမယူသေး။ သို့သော်လည်း ယူလိုက်မှာ စိုးရိမ်သည်။ ယူလိုသည့်စိတ် ပေါ်ပေါက်သွားမှာကို စိုးရိမ်သည်။ အမှန်တော့ သူ့သားငယ် ကွမ်တာသည် အနေးနှင့်အမြန်ဆိုသလို သူ့ဘာသာသူ လမ်းလျှောက်နိုင်သည့် အချိန်သို့ ဆိုက်ရောက်ဖို့ရှိသည်။ ထိုအချိန်သည် ကလေးထိန်းကျောင်းရသောအလုပ် ကုန်ဆုံးသောအချိန်ဖြစ်၏။ ထိုအချိန်သို့ ဆိုက်ရောက်သွားမည်ဆိုလျှင်တော့ သူ့ရင်ထဲ၌ ရှိနေသော သောကမီးသည် ငြိမ်းအေးဖွယ်ရာရှိပေသည်။

ထို့ကြောင့်လည်း ဘင်တာသည် လမင်း ဆယ့်သုံးကြိမ်ခန့်ပြည့်အပြီး ကွမ်တာ လမ်းစမ်း၍လျှောက်လျှင်လျှောက်ချင်း အမြန်ဆုံးလမ်းလျှောက်နိုင်အောင် သင်ကြားပေးသည်။ မကြာခင်မှာပင် ကွမ်တာသည် ဘေးလူ အကူအညီမပါဘဲ သူ့ဘာသာသူ တောက်တောက်တောက်တောက်နှင့် လမ်းလျှောက်နိုင်လာသည်။ အိုမိုရိုက သူ့သားကို ကြည့်၍ အားရချိန်တွင် ဘင်တာက စိတ်သက်သာရာရနေသည်။ ကွမ်တာ နို့ဆာ၍ ငိုသောအခါတွင်လည်း ဘင်တာသည် ယခင်ကလို သူ့နို့ကိုမတိုက်တော့။ နို့အစား လက်ဝါးဖြင့် ခပ်နာနာတစ်ချက်ရိုက်ကာ ဘူးသီးခြောက်ပန်းကန်တွင် နွားနို့ထည့်၍ တိုက်လေသည်။

[၃]

သုံးမိုးမျှ ကုန်လွန်ခဲ့ပြီဖြစ်၏။ တစ်ရွာလုံး ပါးရှားလာသောအခါကာလနှင့် ရင်ဆိုင်နေကြရလေပြီ။ နောက်ဆုံး ကောက်ရိတ်သိမ်းချိန်က တစ်ရွာလုံးစာ သိုလှောင်ထားခဲ့သော သီးနှံများနှင့် အခြားသောအစားအစာ အခြောက်အခြမ်းများမှာလည်း ကုန်လုနီးပါးဖြစ်နေပေပြီ။ ယောကျ်ားများသည် အမဲလိုက်ထွက်ကြသည်။ သို့သော်လည်း သူတို့ပြန်လာကြသည့်အခါ သမင်ပေါက်စအနည်းငယ်၊ ဆတ် တစ်ကောင်စ နှစ်ကောင်စနှင့် ချုံကြီးချုံကြား၌ ကျက်စားလေ့ရှိသော ငှက်ပေါက်စအနည်းငယ်သာ ပါလာလေ့ရှိ၏။ တကယ်တော့လည်း အခုလို မိုးတမျှပူပြင်းသောရာသီတွင် ဆာဗားနားမြက်ခင်းပေါ်ရှိရေကြွင်းရေကျန်များသည် ခြောက်သွေ့ကာ ပပ်ကြားအက်ကုန်ကြပြီဖြစ်၏။ ထို့ကြောင့်လည်း တောကောင်ကြီးများသည် တောနက်ရာသို့ ရွှေ့ပြောင်းသွားကြပြီဖြစ်သည်။ ဤအချိန်

ဤကာလသည် ဂျပ်ဖူရီရွာသူရွာသားများအဖို့ ကောက်သစ်စိုက်ပျိုးရန်အတွက် အင်အားပြည့်တင်းဖို့ အလွန်လိုအပ်နေသောအချိန်ဖြစ်သည်။ အိမ်ရှင်မများသည် သူတို့၏ အစိကအစာဖြစ်သော ဆန်တွင် အရသာမရှိသောကြိမ်စေ့များ ရောခြင်းနှင့် အခြား ကောင်းနိုးရာရာ သစ်ရွက်ခြောက်များရောခြင်း စသည်တို့ ပြုလုပ်နေကြရပြီဖြစ်၏။ ဆာလောင်မွတ်သိပ်မှုဝေဒနာကိုခံစားရသည့် ရက်များသည် စောစောစီးစီး အစပြုလာသည်ဖြစ်ရာ ရွာသူရွာသားများသည် လူတိုင်း အလွှာအရှင်အား ပူဇော်ကန်တော့နိုင်ရန် ဆိတ်ငါးကောင်နှင့် နွားထီးနှစ်ကောင်ကို သတ်ဖြတ် ယဇ်ပူဇော်ကြသည်။ ရွာသူရွာသားများအား အငတ်ဘေးတည်းဟူသော ဒုက္ခကြွန္တရကပ်မှ ကင်းဝေးအောင် စောင့်ရှောက်ပေးဖို့ ဆုတောင်းကြသည်။

နောက်ဆုံးတွင် ပူပြင်းသောကောင်းကင်တွင် တိမ်များ လွှမ်းလာသည်။ လေပြည်လေညင်း တိုက်ခတ်လာသည်။ ယခင့်ယခင်အချိန်များက မြင်နေကျအတိုင်း မိုးအနည်းငယ်မျှ တဖွဲဖွဲရွာသွန်းလာသည်။ ရွာသားများသည် ချက်ချင်းပင် ယာခင်းများသို့ ဆင်းကာ တူးကြဆွကြသည်။ မျိုးစေ့ချနိုင်ဖို့အတွက် မြေကို အဆင်သင့်ဖြစ်အောင် ပြုပြင်ကြသည်။ သူတို့အနေဖြင့် လက်ရှိအခြေအနေအရ မိုးကြီးမရွာမီ စိုက်ပျိုးမှ ဖြစ်မည်ကို သိနေကြသည်။

နောက် ရက်အနည်းငယ်ကြာသည်အထိ အိမ်ရှင်မများသည် လယ်လုပ်ငန်းခွင်သို့ မဝင်ကြသေး။ နေ့စဉ် နံနက်စာ စားပြီးတိုင်း ရိုးရာဓလေ့ထုံးစံနှင့်အညီ အဝတ်တန်ဆာများ ဝတ်ဆင်ကာ အပေါ်မှ လတ်လတ်ဆတ်ဆတ် သစ်ရွက်ကြီးများကို အုပ်၍ ခင်ပွန်းများ၏ ယာမြေများဆီသို့သွားသည်။ သူတို့ကိုယ်ပေါ်၌ အုပ်ထားသည့် သင်ရှုက်ငှမ်းများမှာ မြေပေါ်မှပေါက်သည့် သီးပင်များကို ရည်ညွှန်းခြင်းဖြစ်၏။သူတို့၏ ခေါင်းများပေါ်တွင်လည်း မြေပဲနှင့် အခြားသစ်စေ့များ ထည့်ထားသည့် မြေအိုးများ ရွက်ထားသည်။ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့် ဖြစ်နေသော သူတို့၏ သံပြိုင်သီဆိုနေသံများ ကြားနေရသည်။ သူတို့ရွက်ထားသည့် မြေအိုးများထဲမှ မျိုးစေ့များအောင်မြင်ကြပါစေ၊ အမြစ်သန်သန်စွမ်းစွမ်းနှင့် ပေါက်ရောက်ဖွံ့ဖြိုးကြပါစေဟူသော ရှေးအစဉ်အဆက်ကထားခဲ့သည့် ဆုတောင်းစာများကို သီဆိုရွတ်ဖတ်နေကြခြင်းပေ တည်း။

တန်းစီထားသောမိန်းမများ၏ ဖိနပ်မပါသော ခြေထောက်များသည် သီဆိုနေသည့် အသံများနှင့် စည်းချက်ကျကျ လှုပ်ရှားလျက်ရှိကြသည်။ ဤဟန် ဤပုံစံဖြင့် သူတို့သည် ယာကွက်တိုင်းကို သုံးကြိမ်သုံးခါပတ်၍ သီဆိုသည်။ ထို့နောက် လူစုခွဲကာ ကိုယ့်ခင်ပွန်းနောက်မှလိုက်သည်။ ခင်ပွန်းက ထယ်ကြောင်းတစ်လျှောက် ရှေ့မှ လျှောက်သွားပြီး လက်မအနည်းငယ်မျှစီခွာ၍ ခြေမနှင့် ကျင်းတူးသွားသည်။ နောက်မှ

မြန်မာ စာအုပ်များ

လိုက်ပါလာသည့် မိန်းမက ကျင်းထဲသို့ မျိုးစေ့တစ်စေ့စီချပေးပြီး သူ့ခြေမနှင့် မြေကိုကော်၍ ကျင်းကို ပြန်ဖုံးပေးသည်။ ဤနည်းဖြင့် ဇနီးမောင်နှံ စုံတွဲများသည် သူတို့ယာမြေပေါ်တွင် မျိုးစေ့ချကြသည်။ မိန်းမများသည် ယောကျ်ားများထက် ပို၍ပင်ပန်းခံကာ အလုပ်ကိုလုပ်ကြသည်။ မိန်းမများအနေဖြင့် သူတို့ခင်ပွန်းများကိုသာ ကူညီလုပ်ကိုင်ပေးကြရသည်မဟုတ်။ သူတို့၏လယ်ကွက်တွင်လည်း စပါးစိုက်ရသည်။ အိမ်မီးဖိုချောင်အနီးမှ ဟင်းသီးဟင်းရွက်ခင်းများကိုလည်း ပြုစုပျိုးထောင်ကြရသည်။

ကြက်သွန်နီ၊ ကျောက်ဥ၊ ဘူး၊ ခရမ်းချဉ် စသည့် ဟင်းသီးပင်များကို ဘင်တာစိုက်ပျိုးနေခိုက်တွင် သားငယ်ကွမ်တာသည် ရွာထဲမှ အသက်ငါးမိုးအရွယ်ရှိ ကလေးငယ်များအား ထိန်းကျောင်းပေးနေကြသည့် ဘွားအေပေါင်းအမြောက်အမြား၏ မျက်စိအောက်တွင် ခုန်ပေါက်မြူးထူးကာ ဆော့ကစားရင်း အချိန်ဖြုန်းလျက်ရှိ၏။ ယောကျ်ားကလေးရော မိန်းကလေးများပါ တိရစ္ဆာန်ငယ်များသဖွယ် ကိုယ်လုံးတီးနီးပါးမျှနေကာ ပြေးလွှား၍ ကစားနေကြခြင်းဖြစ်သည်။ သူတို့ထဲမှ အချို့သည် အခုမှ စကားတစ်လုံးစ နှစ်လုံးစ ပြောတတ်ကြရုံမျှသာ ရှိသေးသည်။ ကလေး အားလုံးသည် ကွမ်တာကဲ့သို့ပင် အကြီးမြန်ကြသည်။ သူတို့သည် ရယ်လိုက်မောလိုက် အော်လိုက်ဟစ်လိုက်ဖြင့် ပြေးတမ်း လိုက်တမ်း ကစားကြသည်။ ရွာထဲမှ အကြံ ဆုံ သော သစ်ပင်ကြီးသည် သူတို့အမြဲတစေပတ်ပြေးရာ အပင်ကြီးဖြစ်သည်။ တစ်ခါတစ်ရံတွင် တူတူးပုန်းတမ်းကစားကြ၍ တစ်ခါတစ်ရံကျတော့လည်း ခွေးများနှင့် ကြက်များကို အလန့်တကြား ထွက်ပြေးအောင် လိုက်၍ချောက်တတ်ကြသည်။

သို့သော်လည်း ကွမ်တာကဲ့သို့သော ကလေးငယ်များအပါအဝင် ကလေးအားလုံးသည် ဘွားအေကြီးတစ်ယောက်ယောက်ကသာ ပုံပြောမည်ဟု ဆိုလိုက်လျှင် အဆော့ရပ်ကာ တိတ်ဆိတ်စွာထိုင်နေတတ်ကြသည်။ ပြောနေသည့်စကားများထဲမှ စကားလုံးအတော်များများကို တိတိကျကျနားမလည်သော်လည်း ကွမ်တာသည် ပုံပြောနေသည့်အဘွားအိုကြီး၏ လေယူလေသိမ်းနှင့် ဟန်အမူအရာများကို ပြူးကျယ်သောမျက်လုံးများဖြင့်ကြည့်၍ စိတ်ဝင်တစားနားထောင်သည်။

အလွန်ငယ်သေးသည့်အရွယ်ဖြစ်သော်လည်း ကွမ်တာသည် ပုံပြင်များနှင့် အထိအတွေ့များခဲ့သူဖြစ်၏။ ဘွားအေကြီး၏တဲသို့ အလည်ရောက်သွားတိုင်း သူသည် ဘွားအေကြီးယေဆာက ပြောပြသည့် ပုံများကို အမြဲတမ်းလိုလို နားထောင်ခဲ့ရဖူးသည် မဟုတ်ပါလား။ သို့သော်လည်း ကွမ်တာသည် သူနှင့် သက်တူရွယ်တူ အဖော်များနည်းတူ အဘွားအို ညိုဘိုတိုတစ်ယောက်ကိုသာလျှင် ပုံပြောအကောင်းဆုံးဟု ထင်သည်။ အဘွားအို ညိုဘိုတိုသည် သူ့မျက်စိထဲတွင် ချစ်စရာကောင်းသည်။ အလွန်လည်း ထူးဆန်းသည်။ ညိုဘိုတိုသည် နဖူးပြောင်ပြောင်နှင့်ဖြစ်သည်။ ပါးရေများကလည်း အလွန်

မြန်မာ စာအုပ်များ

အမင်း တွန့်လိမ်နေသည်။ အသားမည်းပုံကလည်း ထမင်းအိုး ဟင်းအိုး ဖင်များနှင့် တထေရာတည်း။ ပါးစပ်ထဲမှ သွားများကလည်း ကျိုးတိုးကျဲတဲ။ ဝါးစရာသွားဆို၍ အနည်းငယ်မျှသာကျန်တော့၏။ အဘွားအို ညိုဘိုတိုသည် ခပ်နိမ့်နိမ့်ခွေးခြေကလေး ပေါ်၌ထိုင်ကာ တညည်းညည်းတညူညူလုပ်နေတတ်သည်။ အသံခပ်ဆိုးဆိုးဖြင့် အော်လား ဟောက်လား လုပ်တတ်သော်လည်း ကလေးများကိုချစ်သည်။ ကလေးများကလည်း သူတို့ကိုချစ်မှန်းသိကြသည်။

ကလေးများ သူ့အနီး၌ ဝိုင်းထိုင်နေကြပြီဆိုလျှင် 'အဘွား ပုံတစ်ပုံလောက် ပြော ရမလား'ဟု စကားစတတ်သည်။

'ပြောပါ'ဟု ကလေးများက သံပြိုင်ဝိုင်းအော်ကြသည်။

ထိုအခါ ညိုဘိုတိုသည် အခြားအခြားသော မန်ဒင်ကာလူမျိုး ပုံပြောသမားများ ကဲ့သို့ပင် 'ဟိုတစ်ခါတုန်းက ရွာတစ်ရွာမှာ လူတစ်ယောက်ရှိသတဲ့'ဟု အစ ချီတတ် သည်။ သူတို့လို ငါးမိုးအသက်အရွယ်လောက်ရှိပြီဖြစ်သော ကလေးတစ်ယောက်သည် တစ်နေ့တွင် မြစ်ကမ်းပါးသို့ရောက်သွာ ရေ ပိုက်ကွန်တစ်ခုတွင်မိနေသော မိကျောင်း တစ်ကောင်နှင့် တွေ့သည်။

'ငါ့ကို ကယ်ပါဦး'ဟု မိကျောင်းက ပြောသည်။

'နင် ငါ့ကို ကိုက်သတ်မှာ'ဟု သူငယ်လေးက ပြန်ပြောသည်။

'မကိုက်ပါဘူး၊ ငါ့အနားကိုလာပါ'ဟု မိကျောင်းက ထပ်ပြောသည်။

ထိုအခါ သူငယ်လေးက မိကျောင်းထံ ကပ်သွားသည်။ အနားရောက်သည်နှင့် တစ်ပြိုင်နက် မိကျောင်းက ပါးစပ်ကြီးဟကာ သူငယ်အား ကိုက်ဆွဲထားသည်။

'ငါ နင့်ကို ကောင်းတာလုပ်ပေးတဲ့အတွက် မကောင်းတာနဲ့ ကျေးဇူးဆပ်တာ လား'ဟု သူငယ်က မေးသည်။

'သိပ်ဟုတ်တာပေါ့'ဟု မိကျောင်းက ပါးစပ်ကိုစေ့၍ ပြန်ဖြေသည်။ 'ဒါဟာ ဒီကမ္ဘာ လောကကြီးမှာ ကျင့်သုံးနေတဲ့ စည်းကမ်းတစ်ခုပဲကွ'

ထိုအခါ သူငယ်က မိကျောင်းပြောသည့်စကားကို လက်မခံနိုင်ဟု ဆိုသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် မိကျောင်းက သူပြောသည့်စကားနှင့်ပတ်သက်၍ အနားမှ ဖြတ်သွားသူ သုံးဦး၏ ထင်မြင်ယူဆချက်များမရသေးမီ မစားရန် သဘောတူသည်။ ပထမဆုံး သူတို့အနားရောက်လာသူမှာ မြည်းအိုကြီးတစ်ကောင်။

သူငယ်က မိကျောင်း၏စကားကိုပြောပြပြီး ထင်မြင်ချက်တောင်းသည့်အခါ မြည်းအိုကြီးက 'အခုဆို ငါအိုပြီ၊ အလုပ်မလုပ်နိုင်တော့ဘူး၊ ဒါ့ကြောင့် ငါ့သခင်က ငါ့ကို ကျားသစ်တွေ အစားခံရအောင် ငါ့ကိုမောင်းထုတ်လိုက်တယ်'ဟု ပြောသည်။

'ကဲ...သိပြီမဟုတ်လား' မိကျောင်းက ရေရွတ်သည်။ သူတို့အနီးမှ ဒုတိယ ဖြတ်သူမှာ မြင်းအိုကြီးတစ်ကောင်ဖြစ်၏။ သူကလည်း မြည်းအိုကြီးနှင့် အယူအဆ တူသည်။

'ကဲ...တွေ့တယ်မဟုတ်လား'ဟု မိကျောင်းက ရေရွတ်ပြန်သည်။ ထို့နောက် သူတို့အနားမှ ဝဝကစ်ကစ်ယုန်တစ်ကောင် ဖြတ်သွားသည်။ သူငယ်၏ အမေးကို ယုန် က ဤသို့ဖြေသည်။ အင်း...ဒီကိစ္စ ဘယ်လိုဖြစ်လာတယ်ဆိုတာ အတိအကျ မမြင်ရ ဘဲနဲ့တော့ ကျုပ်ရဲ့အယူအဆကို မပြောနိုင်ဘူး'

မိကျောင်းက တည်းတည့်ညှူညူလုပ်ကာ ယုန်အား စကားပြောရန် အမှတ်တမဲ့ နှင့် ပါးစပ်ကို ဟလိုက်သည်။ ထိုအခါ သူငယ်ကလည်း လျင်မြန်ဖျတ်လတ်စွာနှင့် မိကျောင်းပါးစပ်ထဲမှ ခုန်ထွက်လိုက်သဖြင့် လွတ်မြောက်သွားသည်။

'မင်း မိကျောင်းသားကြိုက်တယ်မဟုတ်လား'ဟု ယုန်က မေးသည်။ 'မင်းမိဘ တွေလည်း ကြိုက်ကြတယ်မဟုတ်လား'ဟု ထပ်မေးရာ ကြိုက်ပါတယ်ဟု သူငယ်က ဖြေသည်။ 'အေး...ဟုတ်ပြီ၊ ဒါဆိုရင်တော့ ဟောဒီမှာ ဟင်းအိုးအတွက် မိကျောင်း တစ်ကောင် အဆင်သင့်ဖမ်းထားတယ်'

သူငယ်သည် အိမ်သို့ပြန်ပြေးပြီး ရွာသားများကိုခေါ်၍ ပြန်လာသည်။ မိကျောင်းကို ဝိုင်း၍ သတ်ကြသည်။ သို့သော်လည်း သူတို့ခေါ်လာသည့် အမဲလိုက်ခွေးတစ်ကောင်က ယုန်ကို လိုက်ဖမ်းပြီး ကိုက်သတ်ပစ်လေ၏။

'ဒါကြောင့်မို့ မိကျောင်းပြောတဲ့စကား မှန်သကွဲ့'ဟု အဘွားအို ညိုဘိုတိုက ကောက်ချက်ချသည်။ 'ကမ္ဘာလောကကြီးမှာ အကောင်းကို မကောင်းတာနဲ့ တုံ့ပြန် တတ်တဲ့ အဖြစ်မျိုးတွေဟာ မကြာခဏဖြစ်တတ်တယ်။ အဘွား မင်းတို့ကို ပြောချင် တာ အဲဒါပဲ'

'အဘွား ကျန်းမာပါစေ'ဟု ကလေးများက သံပြိုင်ဆုတောင်းကြသည်။

ထို့နောက် ကျန်အဘွားအိုများက ကလေးများအား မီးဖုတ်ထားသည့် နွားချေး ပိုးများနှင့် ကျိုင်းကောင်များ လိုက်၍ဝေပေးသည်။ ယခင်နှစ်များကတော့ ယခုလို အချိန်မျိုးတွင် အရသာထူးသည့် အစားအစာများကို ကျွေးမွေးနိုင်ခဲ့ကြ၏။ ယခုအခါ တွင်မူ အစားအစာရှားပါးမှုက အစပြုနေပြီဖြစ်ရာ နေ့လယ်စာအဖြစ် ပိုးကောင် မွှား ကောင်များကိုသာ မီးဖုတ်၍ ကျွေးနေကြရသည်။ တကယ်တော့ အခုလိုမလုပ်၍လည်း မဖြစ်။ အဘယ့်ကြောင့်ဟူမူ ရွာထဲရှိ မိသားစုတိုင်း၏ ကျီများထဲတွင် ဆန် လက်တစ်ဆုပ် စာခန့်သာ ရှိနေတော့သည် မဟုတ်ပါလား။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၄]

[illegible] မနက်တိုင်းမိုးရွာနေပြီဖြစ်၏။ မိုးတစ်ပြိုက်နှင့်တစ်ပြိုက်ကြားတွင် ကွမ်တာနှင့် [illegible]များသည် လမ်းပေါ်သို့ ပြေးထွက်လာတတ်ကြသည်။ ကောင်းကင်မှနေ၍ မြေပြင်ထက်သို့ ကွေးညွတ်ကျနေသော သက်တံ့များကို ကြည့်ကာ 'ဟိုဟာ ငါ့ဟာ၊ ဒီဟာ ငါ့ဟာ' စသည်ဖြင့် အော်ဟစ်ကြသည်။ လှပသောသက်တံ့များသည် သူတို့နှင့် အလှမ်းများစွာမဝေးသည့်နေရာ၌ ရှိနေသလိုလို ထင်မှတ်ကြသည်။ သို့သော်လည်း ကလေးများသည် အပြင်၌ကြာကြာမနေနိုင်။ မိုးနှင့်အတူလိုက်ပါလာသော ပိုးမွှားများ၏ အတုပ်နှင့်အကိုက်ကို မကြာခဏခံကြရသဖြင့် အိမ်ထဲပြန်ဝင်နေကြရသည်။

ထို့နောက် ရက်တရက် ညတစ်ည ညဥ့်နက်ပိုင်းတွင် မိုးကြီးသည်းထန်စွာရွာသည်။ လူအားလုံး ကိုယ့်တဲထဲမှ အပြင်သို့မထွက်နိုင်။ သက်ငယ်မိုးပေါ် တဖြောင်းဖြောင်းကျနေသည့် မိုးပေါက်သံများကို နားစွင့်နေကြရသည်။ အပြင်ဘက် ကောင်းကင်ဆီမှ ဝင်းခနဲလက်ခနဲပေါ်ပေါ်လာသော လျှပ်စီးများကိုကြည့်နေကြသည်။ တဂျိုးဂျိုး တကြိမ့်ကြိမ့် မြည်ဟီးလျက်ရှိသော မိုးခြိမ်းသံများကြောင့် ထိတ်လန့်ကြောက်ရွံ့နေကြသည့် သားသမီးများအား မကြောက်မလန့်အောင် အားပေးနေကြသည်။ မိုးသံလေသံ မိုးခြိမ်းသံများကြားမှ ခွေးအများ၏ ဟောင်သံ အူသံနှင့် ဖားအော်သံများ ကြားနေကြရလေသည်။

နောက်ညတွင်လည်း မိုးဆက်ရွာသည်။ ထို့နောက် တစ်ညပြီးတစ်ည ဆက်၍ရွာသည်။ နေ့ခင်းဘက်မရွာ။ ညကျမှရွာခြင်းဖြစ်၏။ မြစ်အနီးရှိမြေနိမ့်ပိုင်းများတွင် ရေကြီးလာသည်။ ယာခင်းများပေါ်တွင် ရွှံ့ဗွက်တွေထလာသည်။ ရွာထဲတွင်လည်း ရေတွေရောက်လာသည်။ ဗွက်တွေပေါက်လာသည်။ ဤကြားထဲမှ နေ့စဉ်နံနက်စာစားပြီးတိုင်း ရွာသားများသည် ရွှံ့တွေ ရေတွေကြားမှ ခက်ခဲပင်ပန်းစွာ ဖြတ်၍ ဂျပ်ဖူရီရွာ၏ ဗလီသို့သွားကာ ဝတ်ပြုကြသည်။ အလ္လာသခင်ထံ နောက်ထပ် မိုးများများရွာသွန်းအောင် စောင်မဖို့ ဆုတောင်းသည်။ ရွာ၏ဘဝသည် မြေကြီးထဲ ရေများများစိမ့်ဝင်သွားခြင်းအပေါ်၌ တည်နေသည်မဟုတ်ပါလော။ နေအလွန်ပြင်းသည့် သီးနှံများ၏ အမြစ်များသည် ရေဝဝမသောက်ရသဖြင့် သေကုန်မည်ကို စိုးရိမ်နေကြရ၏။ ထို့ကြောင့်လည်း မိုးများများရွာပြီး ရေများများရရေးသည် တစ်ရွာလုံးအတွက် များစွာ အရေးကြီးလျက်ရှိလေသည်။

အလင်းရောင်ကလည်းမှုန်ဝါးဝါး၊ အပူငွေ့များများမရသေးသော ကလေးထိန်းတဲငယ်အတွင်းတွင် ထင်းခြောက်များနှင့် နွားချေးခြောက်ကလေးများထည့်၍ဖိုထားသောမီးပုံ ရှိသည်။ မီးဖိုဘေးတွင် အဘွားအိုညိုဘိုတိုသည် ထိုင်လျက်ရှိ၏။ သူသည်

မြန်မာ စာအုပ်များ

ကွမ်တာနှင့် အခြားကလေးများအား မိုးကြီးကြီးမရွာ၍ ကြောက်စရာကောင်းလောက်အောင် ကြီးမားဆိုးရွားသည့်ဒုက္ခကြီးနှင့် ရင်ဆိုင်ခဲ့ရပုံကို ပြောပြနေသည်။ ညိုဘိုတိုအနေဖြင့် အဆိုးဆုံးသောအချိန်တစ်ချိန်ကို ဘယ်တော့မှမေ့မသွား။ ပထမတွင် နှစ်ရက်တိတိ မိုးသည်းထန်စွာရွာသည်ဟု ညိုဘိုတိုက ပြောသည်။ ထို့နောက် မီးကျီးတမျှပူပြင်းလှသော နေထွက်လာသည်။ လူတွေကလည်း အချိန်ရှိသမျှ အလ္လာဘုရားသခင်ထံ အပြင်းအထန်ဆုတောင်းကြသည်။ မိရိုးဖလာမိုးခေါ်အကကိုလည်း ကကြသည်။ နေ့စဉ် ဆိတ်နှစ်ကောင်နှင့် နွားထီးတစ်ကောင် ယဇ်ပူဇော်သည်။ သို့သော်လည်း စိုက်ပျိုးထားသမျှ အပင်များအားလုံး သေကြေပျက်စီးကြသည်။ နေပူပုံမှာလည်း ကြောက်မက်ဖွယ်ဖြစ်သည်။ သစ်တောကြီးများအတွင်းရှိ ရေအိုင်များအားလုံး ရေခန်းကုန်သည်။ ရေတော်လွန်းသဖြင့် တောထဲမှ တိရစ္ဆာန်များသည် ရွာရေတွင်းဆီသို့ ချဉ်းကပ်လာကြသည်။ တိမ်ကင်းစင်သောကောင်းကင်ပြင်သည် မှန်သားကဲ့သို့ ကြည်လင်နေသည်။ ညစဉ်ညတိုင်း ထောင်သောင်းများစွာသော ကြယ်များသည် တလက်လက် တောက်ပနေကြသည်။ အေးမြသောလေသည် အဆက်မပြတ်တိုက်ခတ်လျက်ရှိသည်။ ရွာသားများ တစ်ယောက်ပြီးတစ်ယောက် ဖျားကြသည်။ ဖျားနာသူအရေအတွက်သည် လျော့သွားသည်ဟု မရှိ။ တစ်နေ့ထက်တစ်နေ့ တိုး၍သာလာသည်။ ဂျပ်ဖူရီရွာအတွင်း၌ မကောင်းဆိုးရွားများ ဝင်ရောက်ကျက်စားနေသည်မှာ ထင်ရှားလျက်ရှိ၏။

ထူထူထောင်ထောင်ရှိနေသူများသည် အလ္လာဘုရားသခင်ထံ ဆုတောင်းခြင်းကို ဆက်ပြုသည်။ နောက်ဆုံးကျန်ရှိသည့် ဆိတ်နှင့် နွားထီးကိုပင် ယဇ်ပူဇော်ပြီးပြီ။ သို့သော်လည်း အခြေအနေကထူးမလာပါ။ အလ္လာသခင်သည် ဂျပ်ဖူရီရွာအား ကျောခိုင်းသွားပြီဟုပင် ထင်ရ၏။ အသက်ကြီးသူများ၊ အားနည်းသူများနှင့် နာဖျားမကျန်းဖြစ်သူများသည်လည်း တဖြုတ်ဖြုတ်သေနေကြသည်။ အချို့လူများသည် ရွာမှထွက်သွားကြသည်။ အခြားရွာများသို့သွားကာ အစားအစာရှိသူများထံချဉ်းကပ်၍ သူတို့အားကျွန်အဖြစ်လက်ခံရန် အသနားခံကြသည်။ ဟောင်းလောင်းဖြစ်နေသောဝမ်းဗိုက်ကို အစားတစ်လုတ်တစ်ဆုပ်မျှ ဖြည့်ရလျှင် ခိုင်းသမျှလုပ်ပါမည်ဟူသောသဘောဖြစ်၏။ ရွာထဲ၌ ကျန်ရစ်ခဲ့သူများမှာလည်း စိတ်ဓာတ်ပျက်ပြားကာ သူတို့တဲများအတွင်း၌ လဲလျောင်းနေကြသည်။ ထိုအချိန်မှာပင် အလ္လာသည် ကိုင်ရာဘာကွမ်တာကင်တီ၏ ခြေထောက်များကို အင်္ဂတော်ဆားကြီးကျရောက်နေသော ဂျပ်ဖူရီရွာသို့ ရောက်လာအောင် လမ်းညွှန်ပေးခဲ့သည်ဟု ညိုဘိုတိုကဆိုသည်။ ရွာသူရွာသားများ၏ အဖြစ်ကို မြင်သောအခါ ကိုင်ရာဘာကွမ်တာကင်တီသည် ငါးရက်တိတိ မအိပ်မနေ အလ္လာအား ဒူးထောက်တိုင်တည်သည်။ ရံဖန်ရံခါ ရေနည်းနည်းကိုသာသောက် သည်။ ငါးရက်မြောက်သည့် ညတွင်မူ မိုးသည်းထန်စွာရွာသည်။ ရေတွေလျှံတက်လာသည်အထိ ကြီးသောမိုးဖြစ်၏။ ထိုမိုးကြီးသည်ပင်လျှင် ဂျပ်ဖူရီ ရွာအား ကယ်တင်လိုက်ခြင်း ဖြစ်လေသည်။

မြန်မာ စာအုပ်များ

ညိုဘိုတိုက ပုံပြင်ကိုအဆုံးသတ်လိုက်သောအခါ အခြားကလေးများက ဘွားအေကြီး ယေဆာ၏ခင်ပွန်း၊ ထင်ရှားသောဘိုးအေကြီးတစ်ယောက်၏နာမည်ကို ဆက်ခံရယူထားသည့် ကွမ်တာအား တလေးတစားလှမ်းကြည့်ကြသည်။ ကွမ်တာအနေဖြင့်သည်း ဤအကြောင်းကို အခုမှသိသည်မဟုတ်။ အခြားကလေးများ၏ မိခင်များက သူ့ဘွားအေ ယေဆာအပေါ်တွင် တရိုတသေဆက်ဆံကြသည်ကို မြင်ဖူးကတည်းက သူ့ဘွားအေသည် အဘွားအိုကြီးညိုဘိုတိုကဲ့သို့ပင် အရေးပါအရာရောက်သူဖြစ်မှန်းသူ နားလည်ခဲ့သည်။

ညတိုင်း သည်းထန်စွာရွာလျက်ရှိသော မိုးကြောင့် ရွာထဲတွင် ရွှံ့များ၊ ရေများ ပြည့်လာသည်။ ပထမသော် ရွှံ့ဗွက်များသည် လူကြီးများ၏ ခြေမျက်စိ မြုပ်သည်။ မကြာမီ ခြေသလုံးမြုပ်သည်အထိ တက်လာသည်။ နောက်ဆုံးတွင် တစ်အိမ်နှင့်တစ်အိမ် သွားသန်းရာ၌ပင် လှေငယ်များကို သုံးလာရသည်။ သူ့ မိခင်ဘင်တာက ချောင်းရေအဆမတန်တက်လာသဖြင့် စပါးခင်းတွေ ရေမြုပ်ကုန်ပြီဟု သူ့အဖေ အိုမိုရိုအား ပြောနေသံကို ကွမ်တာကြားရသည်။ အလွန်အေး အလွန်ဆာလောင်မွတ်သိပ်နေကြသည့် ကြားမှပင် ကလေးများ၏ ဖခင်များသည် အလွန်တန်ဖိုးရှိလှသော ဆိတ်များနှင့် နွားထီးများကို နေ့စဉ်နေ့တိုင်း ယဇ်ပူဇော်ကာ အလ္လာသခင်ထံ ဆုတောင်းကြသည်။ ပေါက်နေသည့် တဲခေါင်မိုးများကို ဖာကြသည်။ အိကျနိမ့်ကျသွားသော တဲများကို ထောင့်တိုင်များဖြင့် ကျားကန်ကြသည်။ မိမိတို့လက်ဝယ်၌ ကျန်ရှိနေသေးသည့် ဆန်စပါးများ၊ ကောက်သစ်ပေါ်ချိန်အထိ မကုန်မခန်းဘဲရှိနေစေရန် စောင့်ရှောက်ပေးပါဟုလည်း ဆုတောင်းကြသည်။

သို့သော်လည်း ကွမ်တာနှင့် သူ့အဖော်များကတော့ ကလေးပီပီ သူတို့ဗိုက်များ အူနှင့်ဟောင်းလောင်းဖြစ်နေသည်ကို စိတ်မဝင်စား။ အရေးလည်းသိပ်မထား။ တဲပြင်ထွက်၍ ရွှံ့များ ရေများထဲ၌ ဆော့ကစားဖို့နှင့် နပန်းလုံးဖို့လောက်ကိုသာ မျှော်လင့်တောင့်တကြသည်။ မှုန်မှိုင်းအုံ့ဆိုင်းနေသော ကောင်းကင်ဆီသို့ မော့ကြည့်ပြီး သူတို့မိဘများ လုပ်သကဲ့သို့ လက်များကိုဆန့်တန်း၍ "နေမင်းကြီးရယ် ထွက်ပါတော့၊ ခင်ဗျားအတွက် ဆိတ်တစ်ကောင်သတ်ပြီးပူဇော်ပါ့မယ်" ဟု အော်ကြသည်။

ဘဝကို အသက်ဝင်အောင်ပေးအပ်လျက်ရှိသော မိုးသည် မြေပြင်ထက်ရှိ အပင်မှန်သမျှကို ပေါက်ရောက်လာအောင်၊ သန်စွမ်းဝေဆာလာအောင်၊ စိမ်းလန်းစိုပြည်လာအောင် လုပ်ပေးလျက်ရှိသည်။ ငှက်များသည် နေရာတိုင်းတွင် တေးသီ လျက်ရှိကြ၏။ သစ်ပင်ကြီးများနှင့် ပင်ငယ်များတွင်လည်း အဖူးများ အပင်များနှင့် ဝေဝေဆာဆာဖြစ်လာကြသည်။ နေ့စဉ်နှင့်အမျှ နင်းသွားနေရသော နီညိုရောင်ရွှံ့ဗွက်များသည် နံနက်တိုင်း အသွင်ပြောင်းသည်။ ယမန်နေ့ညက မိုးဒဏ်ကြောင့် ကြွေကျထားသည့်

မြန်မာ စာအုပ်များ

ရောင်စုံပွင့်ချပ်ပွင့်ဖတ်များနှင့် သစ်ရွက်များ ဖုံးလွှမ်းနေသဖြင့် ကော်ဇောသစ်တစ်ချပ်ခင်းထားသလို ဖြစ်နေသည်။ သို့သော်လည်း သဘာဝက ဖန်တီးပြုပြင်ပေးလိုက်သည့် စိုပြည်စိမ်းလန်းမှုများကြားမှပင် ဖျော့နာမှုသည် လူများကြားသို့ တိုးဝင်ပျံ့နှံ့လာသည်။ စိုက်ပျိုးထားသည့် သီးပင်များသည် စားလောက်သောက်လောက်အောင် မရင့်မှည့်ကြသေး။ လူကြီးများရော ကလေးများပါ သစ်ပင်များမှ တွဲလောင်းကျနေသည့် သရက်သီးများကို ဆာလောင်မွတ်သိပ်စွာဖြင့် ကြည့်ကြသည်။ သို့သော်လည်း သရက်သီးစိမ်းများသည် ကျောက်ခဲတမျှ မာလျက်ရှိသဖြင့် စား၍မရ။ စားမိသူများကျတော့လည်း အဖျားရောဂါဝင်ကာ အန်ကြအော့ကြသည်။

'ငါ့မြေးမှာ အရိုးနဲ့ အရေပဲကျန်ပါတော့လား' ကွမ်တာကိုမြင်တိုင်း ဘွားအေကြီးယေဆာက ဤစကားပြောလေ့ရှိသည်။ သို့သော်လည်း ဘွားအေကြီးကိုယ်တိုင် သူ့လိုပင် အရိုးပေါ်အရေတင် ဖြစ်နေသည်ကို ကွမ်တာ သတိပြုမိ၏။ ယခုအခါတွင် ဂျပ်ဖူရီရွာထဲရှိ အိမ်တိုင်း၌ အစားအစာပြတ်လပ်သွားပြီဖြစ်သည်။ အနည်းငယ်မျှသာကျန်တော့သည့် ကွဲနှားများ၊ ဆိတ်များကိုမူ စားလည်းမစားဖြစ်၊ ယဇ်ပူဇော်၍လည်းမရ။ လာမည့်နှစ်တွင် သားဖောက်ရန်သီးသန့်ထားရသည့် တိရစ္ဆာန်များဖြစ်သည်။ ထို့ကြောင့် ရွာသူရွာသားများသည် ကြွက်၊ ရှဉ့်စသည့် သတ္တဝါများစားသည့် သစ်ရွက်များကိုလိုက်လံရှာဖွေကြရသည်။ မနက်နေထွက်ချိန်မှစ၍ ညနေ နေဝင်ချိန်အထိ ရွာနီးချုပ်စပ်သို့သွားကာ ရှာရှာဖွေနေရသည့်အခြေသို့ ဆိုက်ရောက်လာခဲ့ကြသည်။

ခါတိုင်းကဲ့သို့ပင် ယောကျ်ားများသည် တောထဲသို့ အမဲလိုက်ထွက်ကြသည်။ ညနေ ရွာပြန်သည့်အခါတွင်မူ အားမရှိတော့သဖြင့် ခြေတရွတ်ဆွဲ၍ ချည့်ချည့်နဲ့နဲ့ပြန်လာကြရ၏။ မျောက်လွှဲကျော်များကတော့ အလွန်ပေါသည်။ သို့သော်လည်း လူမျိုးစုဓလေ့ထုံးစံက မစားကောင်းဟု ပိတ်ပင်တားမြစ်ထားသဖြင့် မစားဝံ့။ နေရာအနှံ့အပြားတွင် ဥထားသည့် ကြက်ဥများနှင့် သန်းနှင့်ချီ၍ရှိနေသော ဖားပြုတ်စိမ်းကြီးတွေကျတော့လည်း မန်ဒင်ကာလူမျိုးစုများက အဆိပ်ရှိသည်ဟု သတ်မှတ်ထားသဖြင့် မစားရဲ။ ဘာသာတရားကိုင်းရှိုင်းသော မွဆလင်များဖြစ်သဖြင့် ရွာထဲမှ မကြာမကြာ အုပ်လိုက်ဖြတ်သွားလေ့ရှိသော တောဝက်များကျတော့လည်း ဖမ်း၍မစား။ ဝက်သားစား၍ အသက်ရှင်ရခြင်းထက် အငတ်ခံ၍သေရခြင်းကသာ အလွန်မြင့်မြတ်သည်ဟု အခိုင်အမာသန္နိဋ္ဌာန်ချထားသူများဖြစ်သည် မဟုတ်ပါလား။

ကြိုးကြာငှက်မိသားစုပေါင်း အမြောက်အမြားသည် ရွာထဲရှိ ပိုးစာပင်ကြီး ထိပ်ဖျားတွင် အသိုက်များပြုလုပ်၍ နေထိုင်လျက်ရှိကြ၏။ ငှက်ငယ်များ ပေါက်ချိန်တွင် ကြိုးကြာငှက်များသည် သူတို့ကလေးများအတွက် ချောင်းထဲမှ ငါးကို ဖမ်းယူပြီး အသိုက်သို့ ပြန်လာလေ့ရှိသည်။ ဘွားအေကြီးများနှင့် ကလေးများသည် အောက်မှနေ၍

ကြိုးကြာငှက်များ ငါးချီပြီးပြန်အလာကို စောင့်ကြသည်။ ပြန်လာသည်ကိုမြင်သည်နှင့် ဆဲများ၊ တုက်များနှင့် ပစ်ခြင်း၊ အော်ဟစ်ချောက်လှန့်ခြင်း စသည်များ ပြုကြသည်။ ပစ်သံခတ်သံ အော်ဟစ်သံကြောင့် ငါးသည် ကြိုးကြာငှက်ငယ်၏ ဟထားသော ပါးစပ်ပေါက်ထဲသို့ မရောက်တော့ဘဲ အောက်သို့ကျလာခဲ့သည်။ ထိုအခါ ကလေးများသည် သူ့ထက်ငါ ဦးအောင်ပြေး၍ အလုအယက်ကောက်ကြသည်။ ငါးရသွားသည့် ကလေး၏ မိသားစုအဖို့တော့ ထိုညစာ တစ်နပ်အတွက် ဟင်းကောင်းတစ်ခွက် စားကြရသည်။ အကယ်၍ ကလေးများပစ်ပေါက်သည့်ခဲလုံးသည် ကြိုးကြာငှက်ပေါက်စကို ထိမှန်ခဲ့ပါမူ သစ်ပင်ထိပ်ဖျား အသိုက်ထဲမှ မြေကြီးပေါ်သို့ ဇောက်ထိုးမိုးမျှော် ကျလာတတ်သည်။ မြေကြီးနှင့် ရိုက်မိသဖြင့် ကြိုးကြာငှက်သည် တစ်ခါတစ်ရံတွင် ပွဲချင်းပြီး သေတတ်သည်။ တစ်ခါတစ်ရံတွင်မူ ဒဏ်ရာအပြင်းအထန် ရသွားတတ်သည်။ မည်သို့ပင်ဖြစ်စေ ထိုညအဖို့ မိသားစုတချို့အတွက် ကြိုးကြာစွပ်ပြုတ်ကို သောက်ကြရသည်။ သို့သော်လည်း ယင်းအစားအစာမျိုးမှာ ရတော့်ရခဲအစားအစာမျိုး ဖြစ်လေသည်။

ညနေပိုင်းတွင် မိသားစုများထဲမှ အစာထွက်ရှာသူများ တစ်ဦးချင်းစီ ပြန်ရောက်လာကြသည်။ မိမိရှာဖွေရရှိလာသည့် စား၍ဖြစ်သော အရာများကိုချ၍ ပြသည်။ ကံကောင်းပါက ပွေးတစ်ကောင် သို့မဟုတ် ဖိုးလမင်းကောင်ကြီးများ လက်တစ်ဆုပ်စာခန့် ရလာတတ်သည်။ ထိုအခါ အရသာရှိစေရန် ငရုတ်ကောင်းများများ၊ အမွှေးအကြိုင်များများခတ်၍ စွပ်ပြုတ်ကျိုကြသည်။ သို့သော်လည်း ယင်းအစားအသောက်မျိုးသည် သူတို့၏ ဟာနေသော ဝမ်းဗိုက်များကို ယာယီဖြည့်တင်းပေးရုံမျှသာ အစွမ်းရှိသည်။ အာဟာရဖြစ်အောင် စွမ်းဆောင်နိုင်ခြင်း မရှိ။ ထို့ကြောင့်လည်း ဂျပ်ဖူရီရွာသားများသည် အငတ်ဘေးဖြင့် သေဆုံးစ ပြုလာသည်။

[၅]

မိန်းကလေးတစ်ယောက်၏ စူးစူးဝါးဝါးအော်ဟစ်ငိုကြွေးသံကို မကြာမကြာ ကြားလာရသည်။ ကံကောင်းနေသူများမှာ နို့စို့ကလေးများနှင့် လမ်းလျှောက်တတ်စကလေးများ ဖြစ်၏။ သူတို့အရွယ်ကျတော့ ငယ်လွန်းသဖြင့် ဘာကိုမှနားမလည်။ ကွမ်တာလိုအရွယ်ကျတော့လည်း ငိုကြွေးသံကို နားလည်နေပြီ။ သူကြားလိုက်ရသော ငိုကြွေးသံသည် မိသားစုများထဲမှ အချစ်ဆုံးလူတစ်ယောက် သေဆုံး၍ ငိုကြွေးနေခြင်းဖြစ်ကြောင်း ရက်ချင်းသိသည်။ ရွာထဲမှ အချို့ယာသမားများသည် ဖျားနာနေသည့်ကြားမှပင်

မြန်မာ စာအုပ်များ

ယာခင်းသို့ထွက်၍ ပေါင်းမြက်များရှင်းကြသည်။ မွန်းလွဲပိုင်းများတွင် သူ့အား နွား သားရေနှင့် ထုပ်၍ ရွာထဲသို့ ပြန်သယ်လာကြရသည်။ သူ့ခန္ဓာကိုယ်သည် လှုပ်ရှားခြင်း မရှိတော့။

အချို့ ခြေထောက်များရောင်လာသည်။ အချို့ကျတော့ ချွေးတွေ အဆမတန် ထွက်ပြီး တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေအောင်ချမ်းသည့် အဖျားရောဂါဝင်လာသည်။ ကလေးအားလုံးတွင်လည်း လက်များနှင့် ခြေထောက်များ၌ ကွက်၍ ရောင်လာပြီး တဖြည်းဖြည်းပိုကြီးလာကာ မခံမရပ်နိုင်လောက်အောင် ဖူးရောင်နာကျင်လာတတ် သည်။ ထို့နောက် ဖူးရောင်နေသည့်နေရာမှ အက်ကွဲကာ အတွင်းမှ ပန်းရောင်အရည်များ ထွက်လာသည်။ မကြာခင် ပြည်တည်လာပြီး ယင်တလောင်းလောင်းဖြစ်လာသည်။

တစ်နေ့တွင် ကွမ်တာသည် အမှုမဲ့အမှတ်မဲ့ပြေးနေရာမှ ခြေထောက်ရှိ ဖူးရောင် နေသောအနာက မခံမရပ်နိုင်အောင်နာကျင်သဖြင့် ချော်လဲသည်။ အရှိန်ပြင်းပြင်းနှင့် လဲကျသွားခြင်းဖြစ်၍ မထနိုင်။ သူ့ကစားဖော်များက ဝိုင်းပွေ့ပြီး သယ်လာကြရ၏။ နဖူးမှသွေးများထွက်နေပြီး သူကိုယ်တိုင်ကလည်း အော်ဟစ်ငိုယိုလျက်ရှိသည်။ ဘင်တာ နှင့် အိုမိုရိုတို့မှာ အိမ်တွင်မရှိကြ။ ယာခင်းသို့ထွက်၍ အလုပ်လုပ်နေကြသည်။ ကစား ဖော်များသည် ကွမ်တာအား သူ့ဘွားအေကြီး ယေဆာ၏တဲသို့ အလျှင်အမြန် ပို့ပေး ကြသည်။ ယေဆာမှာလည်း ဘာဖြစ်နေသည်မသိ။ သူလာနေကျ ကလေးထိန်းတဲကို မလာသည်မှာ ရက်ပေါင်းအတော်ကြာနေပြီဖြစ်၏။

ဘွားအေကြီး ယေဆာကို ကြည့်ရသည်မှာ အလွန်အားနည်းနေပုံရ၏။ သူ၏ နက်မှောင်နေသော မျက်နှာသည် အရိုးငေါငေါထွက်အောင်ပင ပိန်ချုံးလျက် ရှိသည်။ သူသည် သူ၏ဝါးအိပ်စင်ကလေးပေါ်၌ လှဲနေသည်။ သူခြုံထားသည့် နွားရေအောက်မှ သူ့ကိုယ်တွင် ချွေးများစိုရွှဲလျက်ရှိသည်။ ကွမ်တာအား မြင်လိုက်သောအခါ ဝုန်းခနဲ ထလာပြီး နဖူးမှသွေးများကို သုတ်ပေးသည်။ သူ့မြေးအား တင်းကျပ်စွာ ပွေ့ချီထားပြီး ကလေးများအား 'ကီလီလာလူး' ပရွက်ဆိတ်များ သွားယူပေးဖို့ ခိုင်းသည်။ ကလေးများ ပြန်လာသည့်အခါ ပရွက်ဆိတ်များကို ကပျာကယာလုံးချေပြီး ကွဲသွားသည့်ဒဏ်ရာ၏ ကလနားများတွင် သိပ်ပေးသည်။ ပရွက်ဆိတ်များသည် ဒေါသတကြီးဖြင့် ဒဏ်ရာကွဲ၏ တစ်ဖက်တစ်ချက်မှ အသားကို ကိုက်ခဲကြသည်။ ယေဆာကလည်း ကျင်လည်စွာဖြင့် ပရွက်ဆိတ်ကိုယ်များကို ချိုးဖွဲ့ပစ်သည်။ ထို့နောက် ပရွက်ဆိတ်ခေါင်းများကို အက်ကွဲ ရာ ပြန်စေ့သွားသည်အထိ ဖိထားပေးသည်။

ယေဆာက အခြားကလေးများအား ပြန်ခိုင်းလိုက်ပြီး သူ့မြေးအား သူ့ဘေး၌ လှဲ နေခိုင်းသည်။ ကွမ်တာသည် သူ့အဘွား၏ အသက်ရှူသံကို နားထောင်လျက်ရှိသည်။ ပထမတော့ သူ့အဘွားသည် စကားတစ်ခွန်းမှမပြောဘဲ ငြိမ်ဆိတ်နေသည်။ ထို့နောက်

မြန်မာ စာအုပ်များ

[illegible]ကိုဖြတ်ကာ သူ့အိပ်ရာဘေးရှိ စင်ပေါ်မှ စာအုပ်ပုံတစ်ပုံကို ညွှန်ပြသည်။ ပြီးသော့ လေသံအေးအေးဖြင့် ထိုစာအုပ်များမှာ ကွမ်တာ၏အဘိုး ပိုင်ဆိုင်သော [illegible]များဖြစ်ကြောင်း အစချီကာ သူ့အဘိုး၏အကြောင်းကို ခရေစေ့တွင်းကျ ပြောပြသည်။

သူ၏ဇာတိ မော်ရက်တားနီးယားပြည်နယ်၌နေထိုင်ခဲ့စဉ်က သူ့အသက် သုံးဆယ့်ငါးမိုးအရွယ်တွင် သူ၏ဆရာသခင် သူတော်စင်က ကိုင်ရာဘာကွမ်တာကင်တီအား လူသူတော်တစ်ယောက်အဖြစ်သတ်မှတ်ကာ အသိအမှတ်ပြုလိုက်သည်ဟု ဘွားအေကြီး ယေဆာက ပြောပြသည်။ ထိုအချိန်မှစ၍ ကွမ်တာ၏အဘိုးသည် ရှေးဟောင်း မာလီပြည်နယ်၏ မိရိုးဖလာခလေ့ထုံးစံများအရ လူသူတော်တို့ လိုက်နာကျင့်သုံးရသည့် စည်းကမ်းနည်းလမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ခဲ့၏။ လူသူတော်တစ်ဦးအနေဖြင့် ဧတုတ္တအဆင့်၌သာရှိနေသေးသော ကိုင်ရာဘာကွမ်တာကင်တီသည် သူ့အား တပည့်ရင်းတစ်ယောက်အဖြစ် အသိအမှတ်ပြု လက်ခံပါရန် သူ့ဆရာကြီးအား တောင်းပန်သည်။ ဆိုနောက် ဆယ့်ငါးမိုးတိတိ သူ့မယားများ၊ ကျွန်များ၊ တပည့်များ၊ ကျွဲနွားများနှင့် ဆိတ် များ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့နှင့်အတူ အလ္လာသခင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်သွားလာသည်။ သူတို့အဖွဲ့သည် မော်ရက်တားနီးယားပြည်နယ်မှ တောင်ဘက်စူးစူးသို့ ခရီးရှည်ထွက်ခဲ့ကြ၏။

လူသူတော်တစ်ဦးအဖြစ် သူ့အား အသိအမှတ်ပြုပြီးသည့် အချိန်မှစ၍ ကိုင်ရာဘာကွမ်တာကင်တီသည် လပေါင်းများစွာ တစ်ယောက်တည်း အနံ့သွားခဲ့သည်။ ထို့နောက် အလ္လာသခင်သည် လူရွယ်လူသူတော်အား တောင်အရပ်သို့ ခြေဦးလှည့်စေပြီး နောက်ဆုံးတွင် သူ့အား ဂမ်ဘီယာနိုင်ငံတွင်းသို့ ပို့ပေးခဲ့သည်။ သူသည် ဂမ်ဘီယာနိုင်ငံတွင်းရှိ ပါကာလီအင်န်ဒင်းရွာ၌ ရပ်နားခဲ့လေ၏။

အချိန်နည်းငယ်အတွင်းမှာပင် ဤရွာမှလူများသည် ဤသူငယ် လူသူတော် ၏ ထူးခြားမှုများကို သိလာကြသည်။ သုံ့ဘုရားရှိခိုးပြီး ဆုတောင်းသမှုပြုတိုင်း ရလာသည့် အကျိုးကျေးဇူးများကို မြင်လာကြသည်။ ထိုသတင်းထူးသည် နေရာအနှံ့သို့ ဆိုက်ရောက်သွားသောအခါ အခြားသောရွာများက သူ့အား သူတို့ရွာသို့လာရန် နည်းအမျိုးမျိုးဖြင့် ဖြားယောင်းသွေးဆောင်ကြသည်။ မယားပြုရန် မိန်းကလေးများပေးပါမည်။ ကျွန်များ၊ ကျွဲနွားများနှင့် ဆိတ်များပေးပါမည် စသော ကမ်းလှမ်းချက်များပို့ကြသည်။ မကြာခင်မှာပင် သူသည် ဂျစ်ဖာရောင်းရွာသို့ ရွှေ့ပြောင်းသွားခဲ့၏။ သို့သော်လည်း သူ ထိုရွာသို့သွားခြင်းမှာ အလ္လာ၏ခေါ်ယူချက်အရသွားခြင်းဖြစ်သည်။ ဂျစ်ဖာရောင်းရွာမှ လူများသည် သူ့အား ဘာမှ များများစားစားပေးနိုင်ကြသည်မဟုတ်။

ထိုရွာသို့ ရောက်ခါမှ မိုးကြီးမရွာ၍ လူအများ ဖျားနာငတ်ပြတ်ဖြစ်နေသည့် ဂျပ်ဖူရီရွာ အကြောင်းကို သူကြားရသည်။ ဤသို့ဖြင့် သူသည် ဂျပ်ဖူရီရွာသို့ ရောက်

လာခဲ့ခြင်းဖြစ်သည်ဟု ဘွားအေကြီး ယေဆာက ပြောသည်။ ရွာသို့ရောက်သောအခါ သူ့အဘိုးသည် ငါးရက်တိုင်တိုင် မရပ်မနားဘုရားရှိခိုးခဲ့သည်။ နောက်ဆုံးတွင် အလ္လာသခင်က ဂျပ်ဖူရီရွာအား ကယ်တင်ခဲ့သည့် မိုးကြီးကို ကမ္ဘာမြေပြင်သို့ စေလွှတ်ပေးခဲ့လေသည်။

ကွမ်တာ့အဘိုး၏ ကြီးကျယ်မြင့်မြတ်သော အပြုအမူနှင့် လုပ်ဆောင်ချက်များသည် ဂမ်ဘီယာနိုင်ငံ၏ ဤဘက်ပိုင်းကို အုပ်ချုပ်နေသော ဘုရင်ဘာရာ၏နားသို့ ရောက်သွားခဲ့၏။ ထိုအခါ ဘာရာဘုရင်က လူသူတော် လူငယ်အတွက် စီရင်းအမည်ရှိ အပျိုစင်တစ်ဦးကို ပထမမယားအဖြစ် လက်ဆောင်ပေးသည်။

ဘွားအေကြီး ယေဆာသည် ဤနေရာသို့ ရောက်သောအခါ သူ့ဝါးအိမ်ထက်၌ လှဲနေရာမှ ငေါက်ခနဲထထိုင်သည်။ သူ့မျက်လုံးများသည် တလက်လက်တောက်ပလာသည်။ "အဲဒီနောက်တော့ သူဟာ မိန်းမချောကလေး ယေဆာကို မြင်တာပဲ။ အဲဒီတုန်းက အဘွားအသက်က ဆယ့်ငါးမိုးပဲရှိသေးတယ် ငါ့မြေးရဲ့" ဤစကားကိုပြောရင်း ဘွားအေကြီးက သွားမရှိတော့သည့် သွားဖုံးများပေါ်အောင် ပြုံးသည်။ "နောက်မိန်းမ ကျတော့ ရှင်ဘုရင်က ရွေးပေးဖို့ မလိုတော့ဘူး" သူသည် ကွမ်တာအား ငုံ့ကြည့်သည်။ "မင့်အဖေ အိုမိုရိုကိုမွေးလာတာ ဟောဒီဗိုက်ကပေါ့ကွယ်"

ထိုည သူ့အမေတဲသို့ ပြန်ရောက်သောအခါ ကွမ်တာသည် အချိန်အတော်ကြာမှ် မျက်စိကျယ်နေသည်။ ဘွားအေကြီး ယေဆာပြောပြသည့် အကြောင်းများကို စဉ်းစားနေမိခြင်းကြောင့်ဖြစ်၏။ သူ့အနေဖြင့် သူ့အဘိုးဘုရားရှိခိုး၍ ရွာကို ကယ်တင်ခဲ့သည့် အကြောင်းနှင့် နောက်ဆုံး အလ္လာသခင်က သူ့အဘိုးအား ပြန်ခေါ်သွားသည့် အကြောင်းများကို ကြားခဲ့ဖူးသည်မှာ အကြိမ်ပေါင်းများခဲ့ပေပြီ။ သို့သော်လည်း ကွမ်တာသည် ယခုထိ ထိုလူကြီးသည် သူ့အဖေ၏အဖေဖြစ်သည် ဟူသောအချက်ကိုလည်းကောင်း၊ ဘင်တာသည် သူ့အမေဖြစ်သကဲ့သို့ ဘွားအေကြီး ယေဆာသည် အိုမိုရို၏အမေ ဖြစ်ခဲ့သည် ဟူသော အချက်ကိုလည်းကောင်း လုံးဝနားမလည်နိုင်အောင် ဖြစ်နေသည်။ နောင်တစ်နေ့တွင် သူကိုယ်တိုင်လည်း သူ့အမေဘင်တာက သူ့အားမွေးခဲ့သလို သူ့အတွက် သားကလေးတစ်ယောက် မွေးပေးမည့် မိန်းမတစ်ယောက်နှင့် တွေ့ရလိမ့်မည်ဖြစ်၏။ ထိုအခါ ထိုသားငယ်သည် နောက်တစ်လုံည့် . . .။

ကွမ်တာသည် ဘေးတစ်ဖက်သို့စောင်းလိုက်ပြီး မျက်လုံးများကိုမှိတ်ကာ တွေးလက်စ အတွေးများနောက်သို့လိုက်သည်။ လိုက်ရင်း လိုက်ရင်းနှင့်ပင် တဖြည်းဖြည်း အိပ်မောကျသွားလေသည်။

စိတ်ကူးချိုချို

[၆]

နောက်ရက်အနည်းငယ်အတွင်းတွင် ဘင်တာသည် လယ်လုပ်ငန်းခွင်မှ ပြန်လာသည့် **အခါတိုင်း** မိုးမချုပ်မီ ကွမ်တာအား ရွာရေတွင်းသို့လွှတ်၍ ရေခပ်ခိုင်းလေ့ရှိသည်။ **သူတော**ထဲမှ ရှာဖွေရရှိလာသည့် အတိုအထွာအစအနလေးများကို ဟင်းချိုပြုတ်သောက်ရန်ဖြစ်၏။ ထို့နောက် သားအမိနှစ်ယောက်သည် ဟင်းချိုတစ်ခွက်ခပ်ကာ ရွာလယ်မှဖြတ်၍ ရွာစွန်ရှိ ဘွာ အေကြီးယေဆာထံသို့ သွားပို့သည်။ ဘင်တာသည် ခါတိုင်းလို မြန်မြန်ဆန်ဆန်မလျှောက်နိုင်။ ယခင်ကထက် နှေးကွေးလျက်ရှိသည်ကို ကွမ်တာ သတိထားမိသည်။ ပြီးတော့ ဘင်တာ၏ဗိုက်မှာ အစမတန်စူထွက်ပြီး လေးလံနေသည်ကိုလည်း သူ မြင်တွေ့နေရ၏။

တစ်ညတွင် ကွမ်တာသည် သူ့အဖေ ခပ်ကြမ်းကြမ်းလှုပ်နှိုးသဖြင့် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။ သူ့မိခင် ဘင်တာသည် အိပ်ရာပေါ်တွင် တညည်းညည်း ဘညှာညှာဖြစ်လုက်ရှိ၏။ တဲအတွင်း၌ ပျာယာခတ်နေသူနှစ်ဦးမှာ အဘွားအို ညိုဘိုတိုနှင့် ဘင်ဘာအ် သူငယ်ချင်း ဂျန်ကေးတိုရေးတို့ဖြစ်သည်။ အိုမိုရိုသည် ကွမ်တာအား သူ့တဲသို့ခေါ်သွားပြီး သူ့အိပ်ရာပေါ်၌ အိပ်ခိုင်းသည်။ ကွမ်တာကတော့ ဘာတွေ ဖြစ်ကုန်ပါလိမ့်ဟု တွေးသည်။

နောက်တစ်နေ့နံနက်တွင် အိုမိုရိုက ကွမ်တာအားနှိုး၍ 'မင့်မှာ ညီလေးတစ်ယောက်ရပြီ' ဟု ပြောသည်။ ကွမ်တာသည် အိပ်ချင်မူးတူးဖြင့် ထထိုင်ကာ သူ့မျက်စိများကို ပွတ်နေသည်။ သူ့အဖေအတွက် ကျေနပ်စရာကောင်းသည့် အကြောင်းတစ်ခု ဖြစ်လိမ့်မည်ဟု သူတွေးသည်။ မွန်းလွဲပိုင်းတွင် သူသည် ကစားဖော်များနှင့် စားစရာ လိုက်လံရှာဖွေနေခိုက် ညိုဘိုတိုလာခေါ်ပြီး ဘင်တာထံသို့ပို့ပေးသည်။ သူ့မိခင်သည် အလွန်ပင်ပန်းနွမ်းလျနေဟန်ရှိ၏။ အိပ်ရာအစွန်းတစ်ဖက်၌ထိုင်ကာ ရင်ခွင်ထဲမှ ကလေးကို ချော့မြူကျီစယ်လျက်ရှိသည်။ ကွမ်တာသည် သူ့အမေလက်တွင်းမှ မည်းမည်းသဲသဲ ကလေးကို အတန်ကြာမျှ ရပ်ကြည့်နေသည်။ မိန်းမကြီးနှစ်ယောက်ကတော့ ထိုအရာဝတ္ထုကိုကြည့်၍ ပြုံးနေကြသည်။ သူ့အမေ၏ စူထွက်နေသောဗိုက်ကြီးမှာ ဘယ်ရောက်သွားမှန်း မသိတော့။ သူသည် စကားတစ်ခွန်းမှမပြောဘဲ တဲထဲမှ ပြန်ထွက်လာသည်။ အပြင်ရောက်တော့လည်း သူငယ်ချင်းများဆီမသွား။ သူ့အဖေ၏တဲနောက်၌ တစ်ယောက်တည်း ထိုင်ကာ သူမြင်ခဲ့ရသမျှကို ပြန်၍စဉ်းစားလျက်ရှိလေသည်။

ကွမ်တာသည် နောက်ထပ် ခုနစ်ညအထိ သူ့ဖခင်အိုမိုရို၏တဲ၌ အိပ်ရသည်။ သူ့အမေကရော သူ့အဖေကပါ သူ့အပေါ် ယခင်ကလိုမချစ်တော့ဟူသော အတွေးသည် သူ့ရင်ထဲ၌ ကိန်းအောင်းစပြုလာသည်။ ရှစ်ရက်မြောက်နေ့တွင်မူ သူ့အဖေက

သူ့အား ဘင်တာ၏ တဲသို့ခေါ်သွားသည်။ နေကောင်း၍ သွားနိုင်လာနိုင်သည့် ရွာသားများလည်း တဲရှေ့၌ရောက်နေကြ၏။ မွေးလာသည့်ကလေးငယ်ကို နာမည်ပေးမင်္ဂလာပွဲ ကျင်းပခြင်းပေတည်း။ ကလေး၏ နာမည်ကို "လာမင်း"ဟု ပေးလိုက်လေသည်။

ထိုတွင် ကွမ်တာသည် သူ့မိခင်နှင့် သူ့ညီငယ်တို့ဘေးရှိ သူ့အိပ်ရာပေါ်၌ အေးချမ်းစွာပြန်၍အိပ်ရသည်။ သို့သော်လည်း ရက်အနည်းငယ်အတွင်း ထူထူထောင်ထောင် ဖြစ်လာသော ဘင်တာသည် ချက်ပြုတ်လုပ်ကိုင်ပြီး၍ အိုမိုရိုနှင့် ကွမ်တာတို့အား မနက်စာကျွေးပြီးတိုင်း ကလေးငယ်ကိုချီကာ ဘွားအေကြီး ယေဆာ၏ တဲသို့သွားသည်။ တစ်နေ့လုံး ယေဆာ၏တဲ၌နေသည်။ ဘင်တာနှင့် အိုမိုရိုတို့၏ မျက်နှာတွင် ထင်ဟပ်နေသည့် သောကရိပ်များကိုကြည့်၍ သူ့အဘွား ယေဆာတစ်ယောက် အလွန်နေထိုင်မကောင်းဖြစ်နေပြီဟု ကွမ်တာ နားလည်သည်။

တစ်နေ့သောမွန်းလွဲပိုင်းတွင် ကွမ်တာသည် သူ့ကစားဖော်များနှင့်အတူ သရက်သီးမှည့်များ လိုက်ကောက်ပြီး စားကြသည်။ ထိုအခိုက်မှာပင် သူ့ဘွားအေကြီး ယေဆာ၏ တဲဘက်ဆီမှ သူကြားဖူးနေကျဖြစ်သော မိန်းမတစ်ယောက်ငိုသံကို ကြားရသည်။ ကွမ်တာ၏တစ်ကိုယ်လုံး အေးစက်သွားသည်။ ကြားလျှင်ကြားချင်း သူ့အမေ၏အသံမှန်းသိလိုက်ခြင်းကြောင့်ပေတည်း။ မကြာသေးမီ သတင်းပတ်များအတွင်းက လူသေတိုင်း ငိုသည့်အသံမျိုးဖြစ်၏။ ဤအသံမျိုးတွေကို သူ မကြာမကြာကြား ခဲ့ရဖူးသဖြင့် ရိုးနေပြီမဟုတ်ပါလော။ ချက်ချင်းလိုပင် ရွာထဲရှိ မိန်းမများသည် ငိုသံလာရာ တဲဘက်သို့ ကမူးရှူးထိုးပြေးသွားလေ၏။

လူတွေရှုပ်ရှက်ခတ်ဖြစ်နေသည့်ကြားမှ လှမ်းကြည့်လိုက်သောအခါ ကွမ်တာသည် များစွာစိတ်ထိခိုက်နေပုံရသည့် အိုမိုရိုနှင့် ရိုက်ကြီးတငင် အော်ဟစ်ငိုကြွေးနေသော အဘွားအို ညိုဘိုဘိုအား မြင်ရသည်။ မကြာခင်မှာပင် "တူဘာလိုဗုံ" တီးသံပေါ်ထွက်လာသည်။ ဗုံသမားသည် ဘွားအေကြီးယေဆာ မသေမီက ရွာကောင်းကျိုးအတွက် ပြုလုပ်ခဲ့သည့်အလုပ်များကို ကျယ်လောင်စွာပြောဆိုမှတ်တမ်းတင်နေသည်။ လူသေသည့်အခါ ပြုလုပ်ကြရသည့် ဓလေ့ထုံးစံအရ ရွာထဲမှ အိမ်ထောင်မပြုရသေးသော မိန်းမများသည် မြက်တံမြက်စီးများဖြင့် ဖုန်များ တထောင်းထောင်းထလာအောင် မြေပြင်ကို ရိုက်ခတ်လျက်ရှိကြ၏။ ကွမ်တာသည် သူ့ရှေ့မှောက်မှ လှုပ်ရှားမှုကို ငေးတိငေးကြောင် ကြည့်နေရသည်။ ကွမ်တာအား သတိပြုမိသူတစ်ဦးမျှမရှိ။

ဘင်တာနှင့် ညိုဘိုဘိုတို့သည် အခြားအဘွားအိုနှစ်ယောက်နှင့်အတူ တဲထဲသို့ ဝင်လာသည်။ ထိုအခါ တဲပြင်ဘက်ရှိပရိသတ်သည် ဒူးများထောက်၍ထိုင်ကာ ဦးခေါင်းများ ငုံ့ထားကြသည်။ ကြောက်လန့်ခြင်းနှင့် ဝမ်းနည်းခြင်းတို့ ပေါင်းစပ်ကာ ကွမ်တာ၏ မျက်လုံးများထဲမှ မျက်ရည်များကျလာသည်။ ချက်ချင်းပင် ယောကျ်ားများသည်

လတ်လတ်ဆတ်ဆတ်ခြမ်းထားသော သစ်လုံးကြီးတစ်လုံး မလာကြပြီး တဲရှေ့တည့်တည့်၌ ချထားလိုက်ကြ၏။ ကွမ်တာကြည့်နေခိုက်မှာပင် မိန်းမကြီးများသည် သူ့ဘွားအေး၏အလောင်းကို လည်ပင်းမှ ခြေဖျားအထိ အဝတ်ဖြူကြီးတစ်ထည်ဖြင့် ထုပ်ထားပြီးဖြစ်၏။

မျက်ရည်ကြားမှ ကွမ်တာသည် အသုဘရှုသူအားလုံး သူ့အဘွား၏အလောင်းကို ခနုံ့စီပတ်ပတ်၍ ဆုတောင်းစာများ ဖတ်နေကြသည်ကို မြင်နေကြားနေရသည်။ ဗလီဆရာကလည်း အဘွားသည် အလ္လာသခင်နှင့် ဘိုးဘွားဘီဘင်များထံ၌ ထာဝရနေထိုင်ရန် ထွက်ခွာသွားပြီဖြစ်ကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောဆိုလျက်ရှိသည်။ ထိုခရီးကိုသွားနေသည့် သူ့အဘွား၌ အားအင်သစ်များတိုးလာစေရန်အတွက် လူပျိုကာလသားများက လတ်ဆတ်သောပြာမှုန့်များ ထည့်ထားသည့် ကျွဲချို နွားချိုများကို အလောင်း၏ပတ်ပတ်လည်၌ ချပေးနေကြလေသည်။

နောက်နေ့မနက်တွင် မြူများဆိုင်းလျက်ရှိ၏။ ဓလေ့ထုံးစံအရ နေထိုင်ကောင်း၍ လမ်းလျှောက်နိုင်သော ယောကျ်ားများသည် အသုဘပွဲသို့ လိုက်ကြသည်။ သုသာန်မှာ ရွာနှင့် များစွာအလှမ်းမဝေး။ တခြားအချိန်ဆိုလျှင် သုသာန်ကို မည်သူမှမသွားဝံ့။ သွားလေ့သွားထလည်းမရှိ။ မန်ဒင်ကာလူမျိုးတို့၏ထုံးစံအရ သူတို့ဘိုးဘွားဘီဘင်တို့၏ ဝိညာဉ်များကို ကြောက်လည်းကြောက် လေးလည်းလေးစားကြ၍ဖြစ်သည်။ ယောကျ်ားများ၏နောက်မှ ဘွားအေကြီးယေဆာ၏အလောင်းတင်ထားသည့် သစ်လုံး။ ထို့နောက်မှ သားငယ် လာမင်းကို ပွေ့ကာ သားကြီးကွမ်တာကို လက်ကဆွဲလာသည့် အိုမိုရို။ ကွမ်တာသည် ကြောက်လွန်းသဖြင့် ငိုပင်မငိုရဲ။ သူတို့နောက်မှ ရွာသားအချို့ လိုက်ပါလာကြသည်။ သုသာန်သို့ရောက်သောအခါ အဝတ်ဖြူဖြင့်ထုပ်ထားသော ဘွားအေကြီး ယေဆာ၏ တောင့်တင်းနေသည့်အလောင်းကို မြေတွင်းထဲသို့ချကြသည်။ အလောင်းအပေါ်မှ အခိုင်အခံ့ရက်ထားသည့် ကြိမ်ဖျာအုပ်သည်။ ထို့နောက် ဆူးခက် ဆူးချုံများ ထူထပ်စွာချသည်။ အလောင်းကို ခွေးများမတူးဖော်နိုင်ရန်ဖြစ်၏။ ထို့နောက် ကျောက်ခဲများ တစ်ထပ်ချပြီးသော် မြေဖို့လိုက်ကြသည်။

နောက်ပိုင်းတွင်မူ ကွမ်တာသည် ရက်ပေါင်းများစွာ အစာလည်း ကောင်းစွာမစား၊ အိပ်လည်းမအိပ်၊ သူ့အဖော်များနှင့်လည်းမကစား။ တစ်ညတွင် အိုမိုရိုသည် များစွာစိတ်ထိခိုက်နေသော ကွမ်တာအား သူ့တဲသို့ခေါ်သွားသည်။ အိပ်ရာပေါ်တွင် သူ့ဘေး၌လှဲခိုင်းကာ ယခင်ကထက် ပို၍နူးညံ့သိမ်မွေ့စွာဖြင့် စကားပြောသည်။

'ရွာတိုင်းရွာတိုင်းတွင် လူသုံးမျိုးသုံးစား နေထိုင်လျက်ရှိကြသည်'ဟု သူက ပြောသည်။ ပထမအမျိုးအစားမှာ ကွမ်တာ၏ မျက်စိများဖြင့် မြင်နိုင်သည့် လူများဖြစ်ကြောင်း၊ ယင်းတို့မှာ ကွမ်တာ၏ပတ်ဝန်းကျင်တွင် လျှောက်သွားနေကြသူများ၊

မြန်မာ စာအုပ်များ

စားသောက်နေကြသူများ၊ အိပ်နေကြသူများနှင့် အလုပ်လုပ်နေကြသူများဖြစ်ကြောင်း၊ ဒုတိယလူစားများမှာ အခုဘွားအေကြီးယေဆာရောက်သွားသည့် ဘိုးဘွားဘီဘင်များဖြစ်ကြောင်း စသည်ဖြင့် နားလည်အောင်ရှင်းလင်းပြောပြသည်။'

'တတိယအမျိုးအစားကျတော့ ဘယ်သူတွေလဲ'ဟု ကွမ်တာက မေးသည်။

'တတိယအမျိုးအစားကတော့ လူ့လောကထဲမှာ မွေးဖွားလာဖို့စောင့်နေတဲ့ လူတွေပေါ့ကွာ'ဟု သူ့ဖခင် အိုမိုရိုက ပြောလေသည်။

[၇]

မွေ့နေသောမိုးသည် ရပ်သွားသည်။ ကြည်လင်သော ကောင်းကင်ပြာပြာနှင့် စိုစွတ်သောမြေပြင်တို့ကြား၌ တိုက်ခတ်နေသောလေသည် တောရိုင်းပင်အသီးအပွင့်များ၏ ရနံ့များဖြင့် ကြိုင်လှိုင်လျက်ရှိ၏။ မနက်စောစောအချိန်များတွင် ရွာသူတို့၏ ဆုံထောင်းသံများသည် ပဲ့တင်ထပ်လျက်ရှိသည်။ လူးဆန်နှင့်မြေပဲဆန်များ ထောင်းနေကြခြင်းပေတည်း။ ယောကျ်ားများသည် အမဲလိုက်ထွက်ကြသည်။ အပြန်တွင် အသားအရေပြည့်ဖြိုးသော သမင်များပါလာသည်။ အသားများကို ထုတ်ယူပြီးသည့်အခါ သားရေများကိုခြစ်၍ ဆားပက်ပြီး နေလှန်းကြသည်။ မိန်းမများကလည်း 'မန်ကာနိုသီး'အမှည့်များ လိုက်လံစုဆောင်းကြသည်။ အပင်များကို နုတ်ယူလာပြီး အသီးများကို အောက်မှ အဝတ်ခံ၍ ခါချခြင်းဖြစ်သည်။ ထို့နောက် အသီးများကို နေလှန်းကြသည်။ ခြောက်သွားသည့်အခါကျမှ ဆုံ၌ ထည့်၍ထောင်းကြသည်။ ဤနည်းဖြင့် အရသာရှိသောအမှုန့်များ ရရှိကြ၏။ ထိုအမှုန့်များကို ရေစိမ်ပြီးထောင်းထားသည့် လူးဆန်နှင့် ရောပြွတ်လိုက်သည့်အခါ အလွန်ချိုသော နံနက်စာ ဆန်ပြုတ်ကို ရကြသည်။ ကွမ်တာအပါအဝင် လူအားလုံးသည် စားနေကျ ယာဂုနေရာတွင် အစားထိုးကာ ရာသီစာတစ်ခုအဖြစ် စားခွင့်ရလာကြ၏။

နေ့စဉ်လိုလိုပင် အစားအစာတိုးတက်များပြားလာလျက်ရှိသဖြင့် ဂျပ်ဖူရီရွာထဲ၌ ဘဝသစ်တစ်ခု စီးဆင်းလာသည်။ ယောကျ်ားများသည် သွက်လက်တက်ကြွသော ခြေလှမ်းများဖြင့် ယာတောသို့ထွက်ကြသည်။ အစေ့အနှံများဖြင့်ပြည့်နေသော အပင်များကို အမြဲတစေ အရိပ်တကြည့်ကြည့်နှင့်နေကြသည်။ ဤအပင်များသည် မကြာခင် ရိတ်သိမ်းဖို့ အဆင်သင့်ဖြစ်လာကြတော့မည် မဟုတ်ပါလော။ ရေတက်နေသော မြစ်သည် အခုဆိုလျှင် ရေကျစပြုနေပြီ။ မိန်းမများသည် သူတို့စပါးခင်းများဆီသို့ မှန်မှန်သွားကာ ပေါင်းမြက်များကို ရှင်းလင်းသုတ်သင်လျက်ရှိကြလေသည်။

ကာလကြာရှည် ·တော်မွတ်ခေါင်းပါးမှုဒဏ်ကို ခံလာခဲ့ရပြီးနောက် ရွာထဲတွင် ကလေးသူငယ်များ၏ အော်သံ ဟစ်သံနှင့် ရယ်မောသံများ ပြန်၍ကြားလာရသည်။ ဝမ်းဗိုက်များတွင် အာဟာရပြည့်သော အစားအစာများဖြင့် ပြည့်လာပြီဖြစ်သဖြင့် ယားနာ ဝဲနာများ ပျောက်ကုန်ပြီဖြစ်၏။ ကလေးအားလုံး ခုန်ပေါက် မြူးထူးနေကြပြီ ဖြစ်၏။ တချို့ရက်များတွင် ကလေးများသည် နောက်ချေးပုံများထဲမှ ချေးပိုးထိုးကောင်များကိုဖမ်း၍ အပြေးပြိုင်ပွဲလုပ်ကြသည်။ တုတ်တစ်ချောင်းဖြင့် မြေကြီးပေါ်၌ စက်ဝိုင်းတစ်ခု ဆွဲကာ ချေးပိုးထိုးကောင်များကို တန်းစီ၍ချထားသည်။ မည်သူ့အကောင်က စည်းဝိုင်းအပြင်ဘက် အရင်ဆုံးရောက်အောင် ပြေးနိုင်သည်ကို ပြိုင်ကြခြင်းဖြစ်၏။ အချို့ရက်များတွင် ကွမ်တာသည် သူအချစ်ဆုံးသူငယ်ချင်း 'စီတာဖာဆီလာ'နှင့်ကစားသည်။ တစ်ခါတစ်ရံတွင်မူ ကလေးများသည် တွင်းအောင်းရှဉ့်များကို အပြင်သို့ထွက်လာအောင် နည်းအမျိုးမျိုးဖြင့်လုပ်သည်။ ထွက်လာသည့်အခါ နောက်မှလိုက်ကြသည်။ ရှဉ့်များ ချုံထဲဝင်ပြီး ပြေးခါမှပင် အလိုက်ရပ်ကြသည်။ ကလေးများသည် ရွာအနီးမှ ဖြတ်သွားသည့် မျောက်အုပ်နှင့်တွေ့သည့်အခါ အပျော်ဆုံးဖြစ်၏။ အညိုရောင် အမြီးရှည်ရှည်နှင့် မျောက်များအား လိုက်၍ အော်ဟစ်ချောက်လှန့်ကြသည်။ ခဲများနှင့် ပေါက်ကြသည်။ အချို့မျောက်များသည် ပြေးရင်းလွှားရင်းနှင့်ပင် ကလေးများအား ခဲများနှင့် ပြန်ထုကြသည်။

ကလေးများ နေ့စဉ်ကစားသည့်နည်းမှာ နပန်းလုံးခြင်းဖြစ်၏။ နပန်းလုံးရင်းကလည်း နောင်အနာဂတ်ကာလတွင် ဂျပ်ဖူရီရွာ၏ ချန်ပီယံနပန်းသမားဖြစ်ရေးကို စိတ်ကူးယဉ်ကြသည်။ ကောက်ရိတ်ချိန်ကာလအတွင်း တစ်ရွာနှင့်တစ်ရွာ နပန်းလုံးပြိုင်ပွဲများ ကျင်းပသည့်အခါ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်အဆင့်သို့ ရောက်ရှိရေးကို မျှော်တွေးကြသည်။

ကလေးများအနီးမှ ဖြတ်သန်းသွားကြသည့် လူကြီးများသည် ကလေးများ ပြောဆိုလုပ်ကိုင်နေသမျှ အားလုံးကို မကြားဟန် မမြင်ဟန် ပြုကြသည်။ သို့သော်လည်း ကလေးများသည် မည်မျှလောက်ပင် ကစားပွဲ၌ စိတ်ဝင်စားနေစေကာမူ လူကြီးများ ဖြတ်သွားလျှင် တရိုတသေတလေးတစားမဆက်ဆံဘဲမနေ။ သူတို့မိခင်များ သင်ကြားထားသည့်အတိုင်း လူကြီးတွေ့လျှင် ရိုသေလေးစားမှုကိုပြုကြသည်။ ယဉ်ကျေးသိမ်မွေ့စွာဖြင့် 'ကီရာဘီ' (စိတ်ချမ်းသာရဲ့လား)ဟု မေးတတ်သည်။ လူကြီးများကလည်း 'ကီးရာဒိုရန်း' (ချမ်းသာပါတယ် ကွယ်)ဟု ဖြေသည်။ အကယ်၍ လူကြီးက သူ့လက်ကို ကမ်းပေးခဲ့ပါမူ ကလေးတစ်ဦးချင်းစီက သူ့လက်နှစ်ဖက်ဖြင့် လူကြီး၏လက်ကို ကရိုတသေဆုပ်ကိုင်ပြီး သူ့ရင်ဘတ်တွင် ကပ်ဖိထားလေ့ရှိသည်။

မြန်မာ စာအုပ်များ

ကွမ်တာလိုက်နာရသည့် အိမ်တွင်းစည်းကမ်းများသည် တင်းကျပ်လွန်းလှသည်ဟု သူ ထင်သည်။ သူ့မိခင်ဘင်တာသည် မကြိုက်တာတွေ့လျှင် လက်ဝါးနှင့် ရိုက်တတ်သည်။ တစ်ခါတစ်ရံတွင်မူ သူ့အားဖမ်းချုပ်ကာ ကြိမ်နှင့်ရိုက်သည်။

သူ့အမေကိုဖြစ်စေ၊ သူ့အဖေကိုဖြစ်စေ၊ အခြားဆွေမျိုးမစပ်သည့် လူကြီး တစ်ယောက်ကိုဖြစ်စေ အာခံသောမျက်နှာထားဖြင့် ပြန်၍ကြည့်မိပါက ချက်ချင်းပါးရိုက်ခံရသည်။ လူကြီးများစကားပြောနေခိုက် ပြီးအောင်မစောင့်ဘဲ ကြားဖြတ်၍ ပြောမိပါကလည်း နားရင်းအအုပ်ခံရသည်။ သူ့အနေဖြင့် လူကြီးမိဘများအား ပြန်ပြောဖို့ ဆိုသည်မှာ လုံးဝမစဉ်းစားဝံ့သောကိစ္စတစ်ခုဖြစ်၏။ လိမ်ညာပြောဖို့ဆိုသည်မှာလည်း သူ့အတွက် မဖြစ်နိုင်သောအလုပ်တစ်ခုပင်ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဘယ်တော့မှ လိမ်ညာ၍ မပြောခဲ့ပေ။

သူ့မိခင် ဘင်တာသည် သူ့အားကောင်းသည်ဟု ထင်ပုံမရသော်လည်း ကွမ်တာကတော့ သူ့ကိုယ်သူ အစွမ်းကုန်ကောင်းအောင်ကြိုးစား၍နေသည်။ သူ့အိမ်မှာ ပေးထားသည့် စည်းကမ်းနည်းလမ်းများကို အခြားကလေးများနှင့်ကစားသည့်အခါများတွင်လည်း သူ သုံးလေ့ရှိ၏။ ကစားဖော်ချင်း ရန်ဖြစ်ကြသည့်အခါ (မကြာခဏလည်း ဖြစ်တတ်၏) တစ်ယောက်နှင့်တစ်ယောက် ညစ်တီးညစ်ပတ် ဆဲရေးတိုင်းထွာခြင်း၊ ကိုယ်အမူအရာများဖြင့် မဖွယ်မရာလုပ်ပြခြင်း စသည်များ ပြုတတ်ကြသည်။ ထိုအခါမျိုးတွင် ကွမ်တာသည် သူ့အမေ ဆုံးမသင်ပြထားသည့်အတိုင်းနေနိုင်အောင် ထိန်းချုပ်သည်။ အခြားကလေးများလုပ်သလိုမလုပ်ဘဲ ကစားဝိုင်းထဲမှ ထွက်လာလေ့ရှိ၏။ သူ့အမေ သင်ကြားထားသည့်နည်းများသည် မန်ဒင်ကာလူမျိုးတို့၏ ဂုဏ်ယူအပ်သော အကျင့်စရိုက်များဖြစ်သည်ဟု သူထင်၏။

သို့သော်လည်း ညတိုင်းလိုလို သူ့ညီငယ်အား ချောက်လှန့်သည့်အတွက် ကွမ်တာ အရိုက်ခံရသည်။ အလွန်အမင်းစိတ်ဆိုးလာသည့်အခါတွင်မူ သူ့အမေသည် 'ငါ တိုးဘော့တွေ ခေါ်လိုက်မယ်နော်'ဟု ဒေါသတကြီးအော်တတ်သည်။ ဤစကားကြားလျှင် ကွမ်တာကြောက်တတ်သည်။ ချက်ချင်းငြိမ်သွားတတ်သည်။ တခြားကြောင့်မဟုတ်။ ရွာထဲရှိ အဘွားအိုများက သူတို့ကလေးများအား အမွေးအမှင်ထူထူ၊ မျက်နှာနီနီနှင့် အလွန်ထူးဆန်းသော အသွင်အပြင် ပုံပန်းသဏ္ဌာန်ရှိသည့် လူဖြူကြီးများက လှေအကြီးကြီးများနှင့် တိတ်တဆိတ်ရောက်လာပြီး နေအိမ်များအတွင်းမှ လူများအား ခိုးယူသွားတတ်သည်ဟု ပြောပြသည်ကို မကြာခဏကြားခဲ့ဖူးသည် မဟုတ်ပါလား။

မြန်မာ စာအုပ်များ

[၈]

မနက်ပိုင်း နေဝင်ချိန်ရောက်လာလျှင် ကွမ်တာနှင့်သူ့အဖော်များသည် တစ်နေ့ကုန် တစ်နေ မနားမနေ လုပ်ထားသဖြင့် မောဟိုက်နေကြပြီဖြစ်ရုံမက အလွန်အမင်းဆာ လောင်နေကြပြီ ဖြစ်တော့၏။ သို့သော်လည်း သူတို့သည် ချက်ချင်းအိမ်မပြန်။ အနီးအနားရှိ သစ်ပင်နိမ့်နိမ့် များပေါ်သို့ အပြေးအလွှားအလုအယက်တက်ကာ အနောက်ဘက်ကောင်းကင်ပြင်၌ ငုပ်လျှိုးစပြုနေသည့် ကြက်သွေးရောင်ဘောလုံးကြီးကိုကြည့်၍ 'မနက်ကျရင် အခုထက် ပိုပြီ လှမှာကွ'ဟု အော်ကြသည်။ ဂျပ်ဖူရီရွာလူကြီးများသည်လည်း ညစာကို ကသုတ် ကရက် စားကြသည်။ အပြင်ဘက်အမှောင်ရိပ်သို့ထွက်ကာ ဆန်းစလမင်းကို မော့ ကြည့်ပြီး ဘုရားရှိခိုးခြင်း၊ လက်ခုပ်တီးခြင်းနှင့် ဗုံတီးခြင်း စသည်တို့ကို ပြုလုပ်ကြ သည်။ ဆန်းစလတစ်ခြမ်းသည် အလ္လာရှင်အား ရည်ညွှန်းသည့် အမှတ်အသားတစ်ခု ဖြစ်သဖြင့် ကြိုဆိုကြခြင်းဖြစ်ပေသည်။

သို့သော်လည်း တစ်ခါတစ်ရံတွင် ဆန်းစလမင်းအား တိမ်များဖုံးအုပ်နေတတ် ၏။ ထိုသို့သောညများတွင်မူ လူများသည် ချက်ချင်းလူစုခွဲကြသည်။ ထိတ်လန့် ကြောက်ရွံ့ခြင်းလည်းဖြစ်ကြသည်။ ဆန်းစလမင်းအား တိမ်ဖုံးခြင်းသည် ကောင်းသော နိမိတ်မဟုတ်။ ကောင်းကင်ဘုံရှိဝိညာဉ်များက ဂျပ်ဖူရီရွာသားများအပေါ် မကျေနပ် ကြောင်း ဖော်ပြခြင်းဖြစ်သည်ဟု သူတို့ယုံကြည်ကြသည်။ ထို့ကြောင့်လည်း သူတို့သည် ဗလီထဲသို့ဝင်ကာ သူတို့အားအပြစ်မှခွင့်လွှတ်ပါရန် ဘုရားရှိခိုး အနူးအညွတ်တောင်းပန် ကြသည်။ ဘုရားရှိခိုးပြီးသောအခါတွင်မူ ယောကျ်ားများသည် ထိတ်လန့်နေသော မိသားစုအားခေါ်၍ ယခုလိုညမျိုးတွင် မီးဖိုတစ်ဖိုဘေး၌ တင်ပျဉ်ခွေထိုင်ကာ သူ့ဗုံများ တွင် ကြက်ထားသည့် ဆိတ်ရေများကို တင်းကျပ်သွားအောင် မီးကင်ပြီး ပြုပြင်ပေးနေ သော ဗုံသမားအနီး၌ထိုင်သည်။

မီးဖိုဘေး၌ထိုင်နေသော ကွမ်တာသည် မီးခိုးများဝင်သဖြင့် သူ့မျက်လုံးများကို မှုတ်နေသည်။ ညည သူအိပ်မောကျနေခိုက် အခြားရွာများမှ အဆက်မပြတ်တီးခတ် နေသော ဗုံသံများကြောင့် လန့်လန့်ပြီးနိုးခဲ့ရသည့်အဖြစ်ကို သတိရနေမိ၏။ ယင်းကဲ့သို့ နိုးလာသည့်အခါများတွင် သူသည် ရုတ်တရက် ပြန်၍အိပ်မပျော်။ အိပ်ရာထဲ၌လှဲကာ ဗုံသံများကို နားထောင်သည်။ သတင်းပို့နေသည့် ဗုံသံများပေတည်း။ အသံများမှာ တည်းချက်ကျကျ ထွက်ပေါ်လာနေခြင်းဖြစ်သည်။ ပထမပိုင်း နားမလည်သော်လည်း နားမလောင်ပန်များလာသည့်အခါ အချို့စကားလုံးများကို သူနားလည်လာသည်။ ရွာ ကျွဲမ ဖာပေါ်ဘေးကျရောက်နေပြီ သို့မဟုတ် ပလိပ်ရောဂါဖြစ်နေပြီ သို့မဟုတ် ရွာ ကို လူဆိုးလူမိုက်များ ဝင်ရောက်တိုက်ခိုက်နိုင်ပြီး မီးရှို့ခြင်းသတ်ဖြတ်ခြင်း စသည်များပြုလုပ်

မြန်မာ စာအုပ်များ

သွားသည် သို့မဟုတ် ရွာသားများကို ဖမ်းသွားသည် စသော သတင်းများကို ဗုံများက ပြောပြခြင်း ဖြစ်လေသည်။

ဗုံသမား၏အနီး၌ ချိတ်ဆွဲထားသော ဆိတ်ရေကို ကွမ်တာကြည့်နေမိ၏။ ဆိတ်ရေပေါ်တွင် ဗုံနှင့်စကားပြောသည့်အခါ အသုံးပြုရသည့် အမှတ်အသားများကို အာရပ်ဘာသာစကားဖြင့် ရေးထိုးထားသည်။ ထိုအမှတ်အသားများကိုကြည့်၍ ဗုံကိုတီးခတ်ခြင်းအားဖြင့် မိမိတို့ရွာမှ သတင်းစကားကို တခြားရွာမှ နားလည်ကြ၏။ ဤအမှတ်အသားများကို ရေးပေးထားသူမှာ အေရာဖင်းခေါ် ကျောင်းဆရာဖြစ်သည်။ မီးဖိုမှ ယိမ်းထိုးလှုပ်ရှားနေသည့် မီးရောင်ဖြင့် ဂျာလိဘာ (ဗုံသမား)သည် ဗုံကိုတီးသည်။ တီးရာ၌ တစ်နေရာတည်းကို စိုက်လိုက်မတ်တတ်တီးနေခြင်းမဟုတ်။ ဗုံမျက်နှာပြင်ပေါ်တွင် နေရာရွှေ့၍ ကျွမ်းကျင်စွာ တီးခတ်နေခြင်းဖြစ်၏။ အနီးဆုံးရွာမှ မော်ဆရာတစ်ယောက် ဂျပ်ဖူရီရွာသို့ အမြန်ဆုံးလာရောက်ပြီး ရွာထဲဝင်နေသည့် မကောင်းဆိုးဝါးများကို နှင်ထုတ်ပေးလှည့်ပါဟူသောသတင်းကို ပေးပို့နေခြင်းပေတည်း။

မီးဖိုနား၌ ထိုင်နေသူအားလုံး မည်သူမှ လဲဆီသို့ မော့မကြည့်ရဲ။ ကိုယ့်အိမ်ကို ခပ်သုတ်သုတ်ပြန်ကာ အထိတ်ထိတ်အလန့်လန့်နှင့်ပင် အိပ်ရာဝင်ကြသည်။ နွားရေခြုံ၍အိပ်နေသော ကွမ်တာသည် တစ်ကိုယ်လုံးတုန်နေသည်။ သူတို့ရွာများပေါ်ရှိဆန်းစလတစ်ခြမ်းကိုလည်း တိမ်ဖုံးခြင်းခံနေရပြီဟု တွေးမိသည်။

နောက်တစ်နေ့တွင် အိုမိုရိုအရွယ်လူကြီးများသည် မိမိတို့ယာခင်းများကို အခုလိုရာသီတွင် အစာရေစာပြတ်သဖြင့် ဝင်ရောက်ဖျက်ဆီးတတ်သော မျောက်လွဲကျော်များနှင့် ဝက်များရန်မှ လူငယ်များနှင့်အတူ ရွာပြင်ထွက်၍ ကာကွယ်စောင့်ရှောက်နေကြရသည်။ ဆိတ်ကျောင်းထွက်ရသည့် ခပ်ကြီးကြီးသူငယ်များကိုလည်း နီးနီးကြားကြားနေကြရန် သတိပေးထားကြသည်။ အမေများနှင့် အဘွားများကိုလည်း လမ်းလျှောက်စ ကလေးများနှင့် နို့စို့ကလေးများအား သတိဝီရိယထား၍ ထိန်းကြရန် မှာကြားထားသည်။ ကွမ်တာနှင့် စီတာဖာတို့အရွယ် ကလေးသူငယ်များကျတော့ ရွာစည်းရိုးအမြင့်ပိုင်းနေရာများတွင် ကစားကြရန်နှင့် ရွာနှင့်မလှမ်းမကမ်းရှိ ခရီးသည်များနားခိုသည့် သစ်ပင်အနီးသို့ လူစိမ်းလာ၍ရှိမရှိ မျက်ခြည်မပြတ်ကြည့်နေရန် ညွှန်ကြားထားသည်။ ကွမ်တာတို့ကလည်း လူကြီးများ ညွှန်ကြားသည့်အတိုင်း အထူးသတိထား၍ ကြည့်ကြ၏။ သို့သော်လည်း ယိုနေ့တစ်နေ့လုံး လူစိမ်းသူစိမ်းဟူ၍ တစ်ယောက်မှပေါ်မလာပေ။

ဒုတိယနေ့နံနက်တွင် သူစိမ်းတစ်ဦးရောက်လာသည်။ အဘိုးအိုတစ်ယောက်ဖြစ်၍ တောင်ဝှေးကြီးတစ်ချောင်းထောက်ကာ ခေါင်းပေါ်တွင် အထုပ်ကြီးတစ်ထုပ်ရွက်ပြီး ရောက်လာခြင်းဖြစ်၏။ အဘိုးအိုကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကလေးသူငယ်များသည် ရွာတံခါးဝမှဖြတ်ကာ ရွာထဲသို့ အော်ဟစ်ပြီး ဝင်ပြေးကြသည်။

မြန်မာ စာအုပ်များ

[illegible]ကျွန်းအို ညိုဘိုတိုသည် ထိုင်ရာမှခုန်ထကာ တူဘာလိုဖုံကြီးဆီသို့ ပြေးသွားပြီး တီး [illegible]ည်။ [illegible]ခါ ယာခင်းထဲရောက်နေကြသည့် ယောကျာ်းအားလုံးသည် ရွာဆီသို့ [illegible]ပြေး[illegible]လွှား ပြန်လာကြသည်။ မော်ဆရာအဘိုးအို ရွာထဲသို့ ဝင်မလာမီအချိန်ကလေး ကပ်၍ သူတို့အားလုံး ရွာထဲရောက်နှင့်ကြလေသည်။

ရွာသူရွာသားများသည် မော်ဆရာအဘိုးအိုအနီးသို့သွားကာ ဝိုင်းအုံနေသည်။ အဘိုးအိုသည် ဗုံသမား၏ မီးဖိုနားသို့သွားပြီး ခေါင်းပေါ်မှအထုပ်ကို မြေကြီးပေါ် ချလိုက်သည်။ သူသည် မြေကြီးပေါ်တွင် တင်ပျဉ်ခွေထိုင်ချလိုက်ပြီး ဆိတ်ရေအိတ်ကြီး ထဲမှ ခြောက်သယောင်းနေသောပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ချသည်။ သူထုတ် ချနေသည့် ပစ္စည်းများတွင် မြွေပေါက်စတစ်ကောင်၊ ခွေးအမေးရိုးတစ်ခု၊ မျောက်သွား တစ်ချောင်း၊ ငှက်ကြီးဒုံးစပ်တောင်ပံရိုးတစ်ရိုး၊ ကြက် ငှက်မျိုးစုံ ခြေထောက်များနှင့် ထူးဆန်းသော သစ်မြစ် သစ်ဖုများ ပါဝင်သည်။ သူသည် ဖြုတ်ခနဲမော့ကြည့်ပြီး ဝိုင်း အုံကြည့်နေသည့်ပရိသတ်အား စိတ်မရှည်ဟန်ဖြင့် နောက်သို့ဆုတ်ခိုင်းသည်။ လူအများ နောက်သို့ဆုတ်နေခိုက်မှာပင် မော်ဆရာသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာ သည်။ ဂျပ်ဖူရီရွာထဲ ဝင်နေသည့် မကောင်းဆိုးဝါးများသည် မော်ဆရာအား ဝင်ရောက် ကပ်ပူးနေကြလေပြီ။

မော်ဆရာ၏ခန္ဓာကိုယ်သည် တွန့်လိမ်နေသည်။ မျက်နှာသည် ရှုံ့မဲ့လျက်ရှိ၏။ မျက်လုံးများ ပြူးထွက်ကာ လည်နေသည်။ သူ၏ တုန်ရီလှုပ်ရှားနေသောလက်များသည် ဆေးတောင်ဝှေး တုတ်တံကလေးကို ဆုပ်ကိုင်ကာ သူချထားသည့်ပစ္စည်းများကို ထိမိရန် အားထုတ်လျက်ရှိ၏။ တုတ်တံထိပ်နှင့် အားလုံးကိုထိပြီးသည့်အခါတွင်မူ သူသည် နောက်သို့ ဘိုင်းခနဲ ပက်လက်လန်လဲကာ ငြိမ်ဆိတ်နေသည်။ ဘေးမှလူများ သည် ပါးစပ်များ ဟောင်းလောင်းပွင့်ကာ တအံ့တသြငေးကြည့်နေကြသည်။ ထို့နောက် သတိလစ်သလိုဖြစ်နေသော မော်ဆရာသည် ဖြည်းဖြည်းလှုပ်ရှားလာသည်။ မကောင်း ဆိုးဝါးများအား နှင်ထုတ်ပြီလေပြီ။ အလွန်မောဟိုက်နွမ်းနယ်သွားသော မော်ဆရာသည် အင်အားချည့်နဲ့စွာဖြင့် ဒူးနှစ်ဖက်ထောက်၍ထသည်။ လူကြီးများသည် သူတို့တဲများ ဆီသို့ ပြန်ပြေးပြီး ချက်ချင်းပင်ပြန်ရောက်လာကြသည်။ သူတို့လက်ထဲမှာပါလာသည့် လက်ဆောင်ပစ္စည်းများကို မော်ဆရာထံပစ်ပေးကြသည်။ မော်ဆရာကလည်း ပေးသမျှ လက်ဆောင်များကို သူ့အိတ်ကြီးတစ်လုံးထဲထိုးထည့်သည်။ ယခင်ရွာများက ရလာခဲ့ သည့် လက်ဆောင်ပစ္စည်းများ ထည့်လာသောအိတ်ဖြစ်၍ အိတ်ကြီးမှာ ပြည့်ဖောင်း လျက်ရှိ၏။ သူသည် ဂျပ်ဖူရီရွာတွင် ကြာရှည်အချိန်မဖြုန်းနိုင်။ ကိစ္စပြီးသည်နှင့် [illegible]နောက်တစ်ရွာသို့ကူးရန် ခရီးဆက်သည်။ ကရဏာရှင် အလွှာသခင်သည် ဂျပ်ဖူရီ[illegible]အား အချိန်မီကယ်တင်ခဲ့ပြန်လေပြီ။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၉]

လပြည့်ပေါင်းဆယ့်နှစ်လ ကုန်လွန်သွားခဲ့လေပြီ။ အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြီးများမှာလည်း တစ်ကြိမ်ရပ်ဆိုင်းသွားခဲ့ပြန်လေပြီ။ ခြေခင်းလက်ခင်းသာသောရာသီပြန်လည်ပေါ်ပေါက်လာခဲ့ပြန်ပြီဖြစ်၏။ တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာသည့်လူသွားလမ်းများပေါ်တွင် ခရီးသည်များသည် ဥဒဟိုသွားလာလျက်ရှိကြသည်။ ရွာအနီး မှ ဖြတ်သွားသူများရှိသလို ရွာထဲ၌ ခဏတစ်ဖြုတ်ဝင်၍ ရပ်နားကည်းခိုသူများလည်း ရှိ၏။ ကွမ်တာနှင့် သူ့ကစားဖော်များသည် နေ့စဉ်နှင့်အမျှကစားရင်း လူစိမ်းများကိုစောင့်ကြည့်ကြရသည်။ လူစိမ်းတစ်ယောက် ရွာဘက်သို့ ချဉ်းကပ်လာသည့်အခါ ပြေး၍ သတင်းပို့ရသည်။ ထို့နောက် ချက်ချင်းပင်ပြန်ပြေးလာပြီး ခရီးသွားများ ယာယီနားနိုင်ရာ သစ်ပင် ဆီသို့သွား၍ လူစိမ်းဧည့်သည်နှင့်တွေ့သည်။ ထို့နောက် ဘယ်အရပ်ဘယ်ဒေသက ဘာကိစ္စနှင့်လာသည်ကို ရဲရဲဝံ့ဝံ့ပင်စုံစမ်းမေးမြန်းကြသည်။ အဖြေရသောအခါ ဧည့်သည်အား ထားပစ်ခဲ့ပြီး ရွာဘက်သို့ပြန်ပြေးသည်။ ထိုနေ့အတွက် ဧည့်ခံရေးတာဝန်ကျသည့်တဲသို့ အကြောင်းစုံပြေးပြောကြသည်။ ရှေးခလေ့ထုံးစံအရ ရွာတိုင်းရှိမိသားစုတို့သည် ရွာသို့ဆိုက်ရောက်လာသည့် ဧည့်သည်အား အလှည့်ကျတာဝန်ယူတည်းခိုခွင့်ပြုရသည်။ ကျွေးမွေးရသည်။ ဧည့်သည်အနေဖြင့် သူ့ခရီးကို မဆက်သေးမီဘယ်နှရက်ပဲကြာကြာ နေခွင့်ပေးရသည်။ ဤအတွက် အခကြေးငွေ တစ်ပြားတစ်ချပ်မှမယူရ။

ကွမ်တာ၊ ဓိတာဟာနှင့် သူတို့၏ကစားဖော်များသည် ရွာ၏ကင်းတာဝန်ကိုသာ ယူကြရသည်မဟုတ်။ နေ့စဉ် နံနက်စာ စားပြီးလျှင် သူတို့သည် စာသင်ကျောင်းသို့ သွားကြရ၏။ ကွမ်တာတို့ထက်ကြီးသော အသက်ငါးမိုးမှ ကိုးမိုးအရွယ် သူငယ်များအား ကျောင်းဆရာက ကိုရန်ကျမ်းစာ ကဗျာများ အရွတ်အဖတ် သင်ကြားနေသည်ကို ဝင်၍နားထောင်ကြရသည်။ လိမ္မော်အရိုင်းသီးရည်နှင့် ကျပ်ခိုး ရောစပ်ထားသည့်မင်ကို မြက်မင်တံနှင့်တို့၍ ရေးရသော စာရေးနည်းကိုလည်း သင်ကြားကြရသည်။

ကျောင်းသားများသည် စာသင်ချိန် ပီးဆုံးသည်နှင့်တစ်ပြိုင်နက် ရွာပြင်သို့ အပြေးအလွှား ထွက်သွားကြသည်။ တစ်နေ့တာ ဆိတ်ကျောင်းတာဝန်ကို ဆောင်ရွက်ရန်ထွက်သွားကြခြင်းဖြစ်၏။ သူတို့၏ကိုယ်ပေါ်မှ ဒန်းဒီးကိုးအင်္ကျီဖားဖားများသည် လေထဲတွင် တလွင့်လွင့်။ ကွမ်တာနှင့် သူ့အဖော်များသည် ထိုသူငယ်များကိုကြည့်၍ သူတို့လိုဒန်းဒီးကိုးအင်္ကျီများ ဝတ်ချင်ကြသည်။ သူတို့လုပ်ကိုင်နေကြရသည့် အလုပ်မျိုးတွေကိုလုပ်ချင်ကြသည်။ သူတို့ကိုအားကျသောစိတ်ကြောင့် မနာလိုတိုရှည်ဖြစ်ကြသည်။ သူတို့မှာကတော့ အခုအချိန်ထိ အင်္ကျီမဝတ်ကြရသေး။ ကိုယ်တုံးလုံးဖြင့် သွားလာနေရ

မြန်မာ စာအုပ်များ

ဆဲဖြစ်၏။ လူကြီးတွေက သူတို့အား အခုအချိန်ထိ ကလေးများလို ဆက်ဆံနေသည်ကို သူတို့မကြိုက်။

ကောက်ရိတ်ချိန်မကျမီ ရက်အနည်းငယ်ခန့်အလို တစ်ည ညစာစားအပြီးတွင် အိုမိုရိက ကွမ်တာအား နောက်တစ်နေ့မနက် စောစောထရန်နှင့် ယာခင်းလိုက်စောင့်ပေးရန် ပြောသည်။ ကွမ်တာမှာ စိတ်လှုပ်ရှားလွန်းသဖြင့် အိပ်၍ပင်မပျော်။ နောက်နေ့ မနက်စာကို ကသောကမျောမျိုချပြီး အိုမိုရိက သူ့အား ပေါက်ပြားထမ်းလာဖို့ လှမ်းပေးသည့်အခါ အတိုင်းအဆမသိနိုင်လောက်အောင် ဝမ်းမြောက်လျက်ရှိသည်။ ကွမ်တာနှင့် သူ့အဖော်များသည် ဝက်များ ယာခင်းဘက်သို့လာလျှင် တုတ်များကို မြှောက်ပြကာ အော်ဟစ်ပြီး ခြောက်လှန့်၍ မောင်းထုတ်ကြသည်။ ငှက်နက်များ အုပ်လိုက်ဖွဲ့၍ ဆင်းလာပြီဆိုလျှင်လည်း ထိုနည်းကိုပင်သုံးကြသည်။ အဘွားအိုများ ပြောပြထားသည့်အတိုင်းဆိုပါက အစာဆာလောင်နေသော ငှက်တစ်အုပ်သည်လည်း အခြားတိရစ္ဆာန်များလိုပင် ယာခင်းကို ပြုတ်ပြုတ်ပြန်းသည်အထိ ဖျက်ဆီးတတ်သည် မဟုတ်ပါလော။ မည်သို့ပင်ဖြစ်စေ ယာခင်းထဲသို့ဝင်လာသမျှ တိရစ္ဆာန်များကို စောင့်ကြပ် ကြည့်ရှုပြီး ခြောက်လှန့်ပေးနေရသောအလုပ်သည် သူတို့အဖို့တော့ ပျော်စရာတစ်ခု ဖြစ်သည်။ ဤကြားထဲမှ သူတို့ဖခင်များအတွက် ရေခပ်ပေးရသည့်အလုပ်လို တောက်တိုမည်ရများကိုလည်း လုပ်ကိုင်ပေးကြရသည်။ သူတို့အဖို့ မောသည် ပန်းသည်ဟုမရှိ။ တစ်နေကုန်တစ်နေခန်း လျှင်မြန်ဖျတ်လတ်စွာဖြင့် လုပ်စရာရှိသမျှကို လုပ်ကိုင်ပေးကြသည်။

နောက် ခြောက်ရက်မျှအကြာတွင် အလ္လာသခင်က ကောက်ရိတ်ချိန်တန်ပြီဟု အမိန့်ချမှတ်သည်။ အရဏ်တက်ချိန်တွင်ပြုလုပ်ရသည့် 'ဆုဘာဘုရားရှိခိုးပွဲ' ပြီးသောအခါ ယာသမားများနှင့် သူတို့၏သားများသည် ယာခင်းများဆီသို့ ထွက်လာကြသည်။ သူတို့နှင့်အတူ ကောက်ရိတ်ကိရိယာ တန်ဆာပလာများသာမက 'ဆော်ရာဘာဗုံ ကလေးများ'ကိုပါ သယ်လာကြသည်။ ယာခင်းများသို့ရောက်သောအခါ ကောက်သိမ်းအလုပ်ကို ချက်ချင်းမစသေး။ ဦးခေါင်းများကိုထောင်ကာ နားတစွင့်စွင့်လုပ်နေကြသည်။ နောက်ဆုံးတွင် ရွာထဲမှ 'တူဘာလိုစည်ကြီး'တီးသံတစ်ချက် ထွက်ပေါ်လာသည်။ ထိုအခါကျမှပင် ယာသမားများသည် ယာခင်းများအတွင်းသို့ ခုန်ဆင်းကာ သီးနှံသိမ်းကြသည်။ ရွာထဲမှ ဂျာလီဘာဗုံသမားများက ကောက်သိမ်းနေသူများကြားတွင် လှည့်လည် သွားလာပြီး ယာသမားများ၏ လှုပ်ရှားမှုနှင့် စည်းဝါးကိုက်အောင် ဗုံများကို တီးကြသည်။ ယာသမားများကလည်း သီချင်းသီဆိုကြသည်။

ဖခင်များနှင့်အတူ အလုပ်လုပ်နေကြသည့် ကွမ်တာနှင့်သူ့အဖော်များမှာလည်း ပျော်ရွှင်နေကြသည်။ ဖခင်များနုတ်ပေးထားသည့် မြေပဲပင်များကို မြေကြီးခဲများ

စင်အောင် ခါပေးနေကြရခြင်းဖြစ်၏။ နံနက်ပိုင်းအချိန်တစ်ဝက် ကုန်သွားသောအခါ နံနက်ဆိုင်း ကောက်ရိတ်သမားများ နားကြသည်။ ထို့နောက် ဒုတိယဆိုင်းဝင်သည်။ မွန်းတည့်ချိန်တွင် ပျော်ရွှင်မြူးထူးသည့် အော်ဟစ်သံများကြားရသည်။ နေ့လယ်စာ လာပို့သည့် အမျိုးသမီးကြီးများနှင့် မိန်းကလေးများအဖွဲ့ ဆိုက်ရောက်လာခြင်းကြောင့် ဖြစ်သည်။ မိန်းမများသည် အိုးခွက်များကိုခေါင်းပေါ်ရွက်ကာ ရှေ့နောက် တစ်ယောက် ချင်း စီတန်း၍လာကြခြင်းဖြစ်သည်။ ကောက်သိမ်းပွဲသီချင်းများကိုလည်း သံပြိုင်သီဆို လာကြသည်။ သယ်ယူလာသည့်အစားအစာများကို ဗုံသမားများနှင့် ကောက်ရိတ်သိမ်းသူ များအား ကျွေးမွေးကြသည်။ ထို့နောက် ရွာထဲမှ နောက်တစ်ကြိမ် "တူဘာလိုစည်ကြီး" တီးသံတစ်ချက် ထွက်ပေါ်လာသည်အထိ တစ်ရေးတမောအိပ်ကြလေသည်။

ပထမတစ်နေ့တာ ကုန်ဆုံးသွားချိန်တွင် သိမ်းထားသည့်သီးနှံများသည် ယာခင်း ထဲတွင် ဟိုတစ်ပုံ သည်တစ်ပုံ ပြန့်ကျဲလျက်ရှိသည်။ ချွေးအလိမ်းလိမ်း ရွှံ့တလူးလူး ဖြစ်နေကြသော ယာသမားများသည် အနီးဆုံးချောင်းငယ်ဆီသို့သွားကြပြီး အဝတ်များ ကို ချွတ်၍ ရေထဲသို့ခုန်ဆင်းကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရေနှင့်ပက်၍ ကစားကြသည်။ ရယ်ကြ မောကြ ပြောင်ကြ နောက်ကြသည်။ အိမ်သို့ပြန်လာကြသော အခါ အိမ်ရှင်မများ၏ မီးဖိုချောင်များဆီမှ မီးခိုးငွေ့များနှင့် နီးလာသောအခါ အသား ဟင်းနံ့များက သူတို့အား ဆီးကြိုနှုတ်ဆက်ကြသည်။ ကောက်သိမ်းချိန်တွင် အစားကို တစ်နေ့လျှင် သုံးကြိမ်ကျွေး၍ ကျွေးသမျှအခါတိုင်း အသားဟင်းပါတတ်သည်မှာ သူတို့ရွာ၏ ဓလေ့ထုံးစံတစ်ခုဖြစ်၏။

ထိုညက အစားကို အဝအပြဲစားသောက်အပြီးတွင် သူ့အမေ အဝတ်တစ်ထည် ချုပ်နေသည်ကို ကွမ်တာသတိထားမိသည်။ ချုပ်နေသော အဝတ်နှင့်ပတ်သက်၍ သူ့အမေက ဘာမှမပြော။ သူကလည်း စပ်စပ်စုစုလုပ်၍မမေး။ သို့သော်လည်း နောက် နေ့မနက် ယာတောသို့သွားရန် ယူနေကျပေါက်ပြားကို ကောက်ယူပြီး တံခါးမှအထွက် တွင် အမေက သူ့အား တစ်ချက်လှမ်းကြည့်ပြီး "ဟဲ့...ကွမ်တာ ဘာပြုလို့ နင်အင်္ကျီ ဝတ်မသွားတာလဲ"

ကွမ်တာက ဖျတ်ခနဲ နောက်သို့လှည့်ကြည့်သည်။ ချိတ်တစ်ခုတွင် ချိတ်ထားသည့် "ဒန်းဒီးကိုးအင်္ကျီ"တစ်ထည်။ မနေ့ညကမှချုပ်ထားသည့် အင်္ကျီအသစ်။ ကွမ်တာသည် ဝမ်းသာလုံးဆို့နေသော်လည်း သူ့အမေမသိအောင် ထိန်းချုပ်ထားသည်။ သူ့အမေခိုင်း ၍သာ ဝတ်ရသည်ဟူသော ဟန်အမူအရာမျိုးဖြင့် အင်္ကျီကိုယူဝတ်ပြီး တံခါးအပြင်ဘက် သို့ ထွက်လာသည်။ အပြင်ရောက်သည်နှင့်တစ်ပြိုင်နက် ကဆုန်ပေါက်၍ ပြေးသည်။ သူ့အဖော်များသည်အပြင်ဘက်တွင် ရောက်နေကြပြီး အားလုံးသည် သူ့လိုပင်ဖြစ်သည်။ သူတို့ဘဝတွင် ပထမဦးဆုံး အင်္ကျီဝတ်ကြရခြင်းဖြစ်သဖြင့် ခုန်ပေါက်မြူးထူးနေကြ

သည်။ နောက်ဆုံးကျတော့လည်း သူတို့၏ ကိုယ့်လုံးတီးခန္ဓာကိုယ်အပေါ်ပိုင်းအတွက် နွေးထွေးအဝတ်တစ်ထည်တော့ ရလာပြီမဟုတ်ပါလော။ အခုဆိုလျှင် သူတို့သည် ဘေးဘင် "ဒုတိယအဆင့် ကာဖိုးများ"ဘဝသို့ ဆိုက်ရောက်ခဲ့ကြပြီ ဖြစ်၏။ သူတို့ လူကြီး များဖြစ်လာပေပြီ။

[၁၀]

ထိုညက သူ့အမေတဲသို့ရောက်လာသော ကွမ်တာ၏စိတ်ထဲတွင် အတွေးတစ်ခု ဝင်လာက်ရှိ၏။ ယနေ့ ဒန်းဒီးကိုးအင်္ကျီဝတ်ထားသည်ကို ရွာထဲမှလူတိုင်းက မမြင်ဘဲနေကြမည်မဟုတ် ဟူသော အတွေးဖြစ်၏။ အမှန်တော့ သူသည် ယနေ့ တစ်နေ့လုံး မရပ်မနား အလုပ်လုပ်ခဲ့ရ၏။ သို့သော်လည်း နည်းနည်းကလေးမှပင်ပန်းခြင်းမရှိ။ သူ့အနေဖြင့် ညစဉ် အိပ်နေကျအချိန်တွင်လည်း အိပ်ပျော်လိမ့်မည်ဟုမထင်။ အခုဆိုလျှင် သူသည် အရွယ်ရောက်နေပြီ။ အိပ်ချိန်တွင် အိပ်မပျော်ပါက သူ့အမေ ဘင်တာက သူ့အား အချိန်အတော်နောက်ကျသည်အထိ အပြင်ထွက်၍ လည်ပတ်ခွင့်ပြုလိမ့်မည် ထင်၏ ၊ သို့သော်လည်း သူထင်သလိုဖြစ်မလာ။ သူညီ လာမင်း အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်နက် သူ့အမေက ခါတိုင်းလိုပင် အအိပ်ခိုင်းသည်။ သူ့ဒန်းဒီးကိုးအင်္ကျီကိုချွတ်၍ ချိတ်ထားရန်လည်း သတိပေးသည်။

နောက်တစ်နေ့မနက် နံနက်စာစားချိန်တွင်လည်း ကွမ်တာ၏စိတ်သည် မရှင်မလန် ဖြစ်ဆဲ။ သူ့အင်္ကျီကိုပင် မေ့နေလေသည်။ စားသောက်ပြီးသောအခါ သူသည် နေ့ဘွေးလေးလံသော ခြေလှမ်းများဖြင့် အိုမိုရို၏ တဲဘက်သို့ ထွက်လာခဲ့သည်။ တဲရှေ့ရောက်သောအခါ လက်နှစ်ဖက်ကိုပိုက်၍ ရပ်နေသည်။

တဲထဲမှ အိုမိုရိုထွက်လာပြီး အသေးစား ကိုင်းလောက်လေးအသစ်တစ်ချောင်း သူ့လက်သို့ လှမ်း ပေးသောအခါ ကွမ်တာမှာ အသက်ရှူမှားမတတ် ဖြစ်သွားသည်။ သူ့လက်ထဲ ရောက်လာသည့် ကိုင်းလောက်လေးကိုငုံ့ကြည့်သည်။ ထို့နောက် သူ့အဖေ မျက်နှာကို မော့ကြည့်သည်။ ဘာစကားပြောရမှန်းမသိ။ "ဒုတိယအဆင့် ကာဖိုး တစ်ယောက်မှာရှိရမယ့် ပစ္စည်းတစ်ခုပဲ။ ဒီပစ္စည်းဟာ မင်းပိုင်တဲ့ပစ္စည်းဖြစ်သွားပြီ။ ပင်မဘ်ကိုရွေးတဲ့အခါ မမှားစေနဲ့။ ပစ်တဲ့အခါမှာလည်း မင်းရွေးတဲ့ဟာကို မလွဲစေနဲ့၊ ဆိုအောင်ပဲ"

ကွမ်တာက "ဟုတ်ကဲ့ပါ"ဟူသော စကားတစ်ခွန်းကိုသာပြောနိုင်သည်။ လျှာက တစ်နေသလိုဖြစ်နေသဖြင့် ထို့ထက်ပို၍ပြောမရ။

မြန်မာ စာအုပ်များ

"နောက်ပြီးတော့ မင်းအခု ဒုတိယအဆင့်ကာဖိုးဖြစ်သွားပြီ"ဟု အိုမိုရိက ဆက်ပြောသည်။ "မင်းဒီအဆင့်ရောက်ပြီဆိုတဲ့အဓိပ္ပာယ်က ဒီအချိန်ကစပြီး မင်းဆိတ်တွေ ကျောင်းရတော့မယ်၊ ကျောင်းလည်းတက်ရတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ မင်း ဒီနေ့ တိုမာနီတိုရေးနဲ့အတူ ဆိတ်ကျောင်းရမယ်။ သူနဲ့ တခြားသူငယ်တွေက ဆိတ်ဘယ်လို ကျောင်းရတယ်ဆိုတာ သင်ပေးလိမ့်မယ်။ သူတို့ပြောသမျှကို ကောင်းကောင်းနားထောင်။ မနက်ဖြန်ကျရင်လည်း မင်း ကျောင်းစတက်" အိုမိုရိ တဲထဲသို့ပြန်ဝင်သွားသောအခါ ကွမ်တာသည် ဆိတ်ခြံများရှိရာသို့ ကဆုန်စိုင်းသည်။ သူ့သူငယ်ချင်း စီတာဖာနှင့် ကစားဖော်အားလုံးသည် ဒန်ဒီးကိုးအင်္ကျီသစ်များဝတ်ကာ ကိုင်းလောက်လေးကိုယ်စီနှင့် ဖြစ်နေကြ လေပြီ။ အဖေမရှိသူများ၏ ကိုင်းလောက်လေးများမှာ သူတို့၏ ဦးလေးဦးကြီး သို့မဟုတ် အစ်ကိုကြီးများက လုပ်ပေးထားကြခြင်းဖြစ်သည်။

သူငယ်ကြီးများသည် ဆိတ်ခြံများကိုဖွင့်ကာ ဆူညံစွာအော်မြည်လျက်ရှိကြသော ဆိတ်များကို အပြင်သို့မောင်းထုတ်နေကြသည်။ တိုမာနီတိုရေး၏ မိဘနှစ်ပါးမှာ ကွမ်တာ၏ မိဘများနှင့် ရင်းနှီးသူများဖြစ်သဖြင့် အတူတွဲ၍ ဆိတ်ကျောင်းခိုင်းခြင်းဖြစ်၏။ ကွမ်တာသည် တိုမာနီတိုရေးအနီးသို့ ကပ်မိအောင် ကြိုးစားသည်။ သို့သော်လည်း တိုမာနီတိုရေးသည် သူ့သူငယ်ချင်းများနှင့် ကစဉ့်ကလျားဖြစ်နေသော ဆိတ်များကို စုစည်းမိအောင် လုပ်နေရသဖြင့် သူ့ကိုမမြင်။ မကြာခင်မှာပင် ဆိတ်များသည် ဖုန်တထောင်းထောင်းထနေသော လမ်းပေါ်သို့ ရောက်သွားကြလေ၏။

ဆိတ်များသည် အလွန်အပြေးသန်သောသတ္တဝါများဖြစ်သည်ဟု ကွမ်တာ ထင်သည်။ ဆိတ်များသွားသည့် စားကျက်မှာလည်း ရွာနှင့်အလှမ်းများစွာဝေး၏။ ဤမျှ လောက် ဝေးလံသောနေရာကို သူအရင်က တစ်ခေါက်မျှမရောက်ခဲ့ဖူး။ ကျယ်ပြန့်သော မြက်ခင်းပြင်ဖြစ်၍ ချုံများလည်းပေါများသည်။ တစ်ဖက်တွင် ယာခင်းများရှိ၍ အခြား တစ်ဖက်တွင် သစ်တောကြီးရှိသည်။ သူငယ်များသည် ဆိတ်များအား သူတို့နည်း သူတို့ဟန်ဖြင့် အုပ်စုခွဲကာ တစ်ယောက်စီက တာဝန်ယူ၍ ကျောင်းကြခြင်းဖြစ်၏။ ပါလာသည့် အမဲလိုက်ခွေးများသည် တချို့က ဆိတ်များအနီးတွင် လဲလျောင်းနေကြ သည်။ တချို့ကတော့ ဆိတ်အုပ်နှင့် မလှမ်းမကမ်းတွင် လှည့်ပတ်သွားလာနေကြသည်။

နောက်ဆုံးတွင် တိုမာနီက ကွမ်တာအား သူ့နောက်လိုက်အဖြစ် အသိအမှတ်ပြုသည်။ သို့သော်လည်း ဆက်ဆံသည့်အခါတွင်မူ ပိုးမွှားကလေးတစ်ကောင်လို သဘောထားသည်။ 'မင်းဆိတ်တစ်ကောင်ရဲ့တန်ဖိုးကိုသိသလား'ဟု သူက မေးပြီး ကွမ်တာက အဖြေမပေးမီမှာပင် 'တကယ်လို့ မင်းကြောင့် ဆိတ်တစ်ကောင် ပျောက် သွားပြီဆိုရင် မင့်အဖေက ဆိတ်တစ်ကောင်ရဲ့တန်ဖိုးကို မင်းသိအောင် ပြလိမ့်မယ်'ဟု ပြောသည်။ ဆိတ်ကျောင်းသည့်အခါ သတိထားရမည့်အချက်များကိုလည်း တိုမာနီက

မြန်မာ စာအုပ်များ

သင်ပေးသည်။ အကယ်၍ ဆိတ်ကျောင်းသားပေါ့လျော့၍ သို့မဟုတ် အပျင်းထူနေ၍ ဆိတ်တစ်ကောင်သည် ဆိတ်အုပ်နှင့်ကွဲပြီး အဝေးတစ်နေရာသို့ ရောက်သွားပြီဆိုပါက ကြောက်စရာအဖြစ်များ အများအပြားဖြစ်လာနိုင်သည်ဟု တိုမာနိက ဆိုသည်။ သူက တစ်ဖက်မှ တောအုပ်ကို လက်ညှိုးထိုးပြပြီး တောအုပ်အစပ်ရှိ မြက်ပင်ရှည်ကြီးများ၌ ပုန်းနေလေ့ရှိသော ခြင်္သေ့ကြီးများနှင့် ကျားသစ်ကြီးများက တစ်ချက်မျှခုန်အုပ်လိုက်လျှင် ဆိတ်သည် တစ်စစီဖြစ်သွားနိုင်သည်ဟုလည်းဆိုသည်။ 'မင်းလိုကောင်လေး ဘယ်နှယောက် သူတို့နားရောက်သွားရင်တော့မလွယ်ဘူး'ဟု တိုမာနိက ပြောသည်။ 'ဆိတ်ငယ်တစ်ကောင်ထက် ကောင်လေးရဲ့အသားက ပိုပြီးအရသာရှိမှန်း သူတို့က သိတယ်ကွ'

ကွမ်တာ၏မျက်လုံးများ ပြူးထွက်လာသည်ကိုကြည့်ပြီး အလွန်ကျေနပ်အားရသွားသော တိုမာနိက ခြင်္သေ့များနှင့် ကျားသစ်များထက် ပို၍ဆိုးပြီး ပို၍ကြောက်စရာကောင်းသူမှာ 'တိုးဘော့'နှင့် သူ့တပည့် လူမည်းများဖြစ်ကြောင်း၊ သူတို့သည် မြက်ပင်ရှည်ကြီးများကြားမှ ဝပ်၍ချောင်းနေတတ်ကြကြောင်း၊ လူတွေ့သည့်အခါ ဆင်း၍ဖမ်းပြီး အလွန့်အလွန်ဝေးသည့် အရပ်ဒေသတစ်ခုသို့ပို့ကာ စားပစ်ကြကြောင်း၊ သူ ဆိတ်ကျောင်းလာရသည့် ငါးမိုးအတွင်း ဂျပ်ဖူရီရွာမှ သူငယ်ကိုးယောက် အဖမ်းခံရ၍ အနီးနား ရွာများမှ ကလေးအများအပြား အဖမ်းခံခဲ့ရကြောင်း စသည်ဖြင့် ဆက်ပြောသည်။ ကွမ်တာသည် ဂျပ်ဖူရီရွာမှ ကလေးများ ပျောက်ဆုံးသည်ဟု မကြားခဲ့ဖူးပေ။ သို့သော်လည်း လူကြီးများကပြောပြ၍ 'တိုးဘော့'အကြောင်း ကြားရသည့်အခါတိုင်း အကြောက်ဝင်တတ်သည်။ ရက်အနည်းငယ်ခန့်အထိ သူ့အဖေမဲတဲနှင့် ခဲတစ်ပစ်အကွာအထိမျှပင် မသွားဝံ့မလာဝံ့ ဖြစ်ခဲ့ဖူးသည်ကို သတိရမိသည်။

ကွမ်တာကြောက်နေမှန်းသိသည့် တိုမာနိက 'တံခါးတွေပိတ်ထားတဲ့ ရွာထဲမှာ မင်းနေလည်း မလုံခြုံဘူးကွ'ဟု ဆိုသည်။ ထို့နောက် ဂျပ်ဖူရီရွာထဲမှ လူတစ်ယောက်အကြောင်းကို ပြောပြပြန်သည်။ ထိုလူသည် ဆိတ်အုပ်တစ်အုပ်လုံး ခြင်္သေ့များအစားခံရသဖြင့် စိုးရိမ်ပူပန်သွားခဲ့သည်။ တစ်ညတွင် ရွာထဲမှ တတိယဆင့် ကာဖိုးစာရင်းဝင် သူငယ်နှစ်ယောက် ပျောက်သွားခဲ့သည်။ ရွာသားများက စုံစမ်းကြသည့်အခါ ထိုလူ၏ လက်ထဲ၌ တိုးဘော့ထံမှရထားသည့် ငွေများကို တွေ့ရ၏။ ရွာလူကြီးများအဖွဲ့က စစ်ဆေးသည့်အခါ ထိုလူက တောထဲမှ ကောက်ရသည်ဟု အစစ်ခံသည်။ မကြာခင်မှာပင် ထိုလူ ရွာထဲမှပျောက်သွားသည်။ 'မင်းကငယ်ငယ်လေးမို့ မမှတ်မိတာကွ'ဟု တိုမာနိက ပြောသည်။ အဲဒါမျိုးတွေက အခုထက်ထိဖြစ်နေတုန်းပဲ၊ မင်းယုံကြည်စိတ်ချရတဲ့လူရဲ့ မျက်ကွယ်ကို ဘယ်တော့မှမသွားနဲ့။ မင်းဒီနေရာလာပြီး ဆိတ်ကျောင်းရင်လည်း မင်းဆိတ်တွေ အဝေးကြီးမရောက်စေနဲ့၊ လူမမြင်နိုင်တဲ့ချုံတွေထဲ ဝင်မသွားစေနဲ့၊ အဲ့သလိုဖြစ်သွားလို့ကတော့ မင်းအဖေနဲ့အမေက မင့်ကို နောက်ထပ်မြင်ရဖို့ မလွယ်တော့ဘူး'

မတ်တတ်ရပ်နေသော ကွမ်တာသည် ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး တုန်ရီလျက်ရှိ၏။ တိုမာနီကတော့ စကားကိုဆက်ပြောဆဲ။ အကယ်၍ ကြောင်ကြီးတစ်ကောင် (ကျားသစ်) သို့မဟုတ် တိုးဘော့တစ်ဦး (လူဖြူ)က မိမသွားခဲ့သည့်တိုင်အောင် ဆိတ်အုပ်ထဲမှ ဆိတ်တစ်ကောင် ဝေးရာရောက်သွားလျှင် ဒုက္ခကြီးကြီးနှင့်ကတော့ တွေ့ရဖို့များသည်ဟု သူကဆိုသည်။ ဆိတ်အုပ်ထဲမှခွဲထွက်သွားသော ဆိတ်သည် အခြားယာသမားတစ်ယောက်ယောက်၏ အခင်းထဲသို့ ဝင်၍စားတတ်သည်။ ဆာလောင်နေသော ဆိတ်တစ်အုပ်သည် ယာခင်းတစ်ခင်းကို ကုန်အောင်စားရာ၌ မျောက်ညိုတစ်အုပ် သို့မဟုတ် ဘောဝက်အုပ်တစ်အုပ်ထက် ပို၍မြန်သည်ဟု တိုမာနီက ပြောသည်။

မွန်းတည့်ချိန်တွင် တိုမာနီ၏မိခင်က ထုပ်ပေးလိုက်သည့် နေ့လယ်စာကို အတူတူ စားကြသည်။ ယခုမှ ဆိတ်စကျောင်းရသော သူငယ်များသည် သူတို့ ပတ်ပတ်လည်၌ မြက်စားနေကြသည့် ဆိတ်များအပေါ် ယခင်ကလို ပေါ့ပေါ့တန်တန် သဘောမထားရဲ။ တလေ တစားဖြစ်လာကြသည်။ စားသောက်ပြီးကြသောအခါ တိုမာနီတို့လူစုသည် အနီးအနားရှိ သစ်ပင်ကြီးအောက်တွင် ဝင်၍ လှဲသူကလှဲပြီး အချို့က သူတို့တပည့်များ နှင့်အတူ တစ်ခါမှမပစ်ရသေးသော ကိုင်းလောက်လေးများနှင့် ငှက်ပစ်ထွက်ကြသည်။ ကွမ်တာနှင့် အချို့ အပေါင်းအသင်းများသည် ဆိတ်များကို ခက်ခဲပင်ပန်းစွာဖြင့် ထိန်းကျောင်းနေကြရ၏။ အတွေ့အကြုံရှိနေကြသော သူငယ်များက အော်လိုက်ငေါက်လိုက် ဆူလိုက်ပူလိုက် ကြိမ်းလိုက်မောင်းလိုက်လုပ်ခြင်းကို ခံကြရသည်။ တစ်ခါတစ်ရံ စော်ကားမော်ကား အပြောအဆိုခံရ၍ တစ်ခါတစ်ရံကျတော့ ရယ်မော ပြောင်လှောင်ခြင်းကို ခံကြရသည်။ ဆိတ်များ၏ နောက်မှ အပြေးအလွှားမလိုက်ရသည့်အခါများတွင် ကွမ်တာသည် တောအုပ်ဆီသို့လှမ်းကြည့်ကာ သူ့အား ခုန်အုပ်ကိုက်စားမည့် သတ္တဝါ ရှိလေမလားဟု တွေးကြောက်သည်။

မွန်းလွဲလာသည့်အခါ ဆိတ်များမှာ အစားအတော်ဝနေကြလေပြီ။ ထိုအခါတွင် တိုမာနီက ကွမ်တာအားလှမ်းခေါ်ပြီး မျက်နှာထားခပ်တည်တည်ဖြင့် 'မင်းက မင့်အတွက် ပါ ငါက ထင်းခွေပေးလိမ့်မယ်လို့ ထင်နေသလားကွ' ဟု မေးသည်။ ထိုအခါကျမှပင် ညနေစောင်း၍ ဆိတ်အုပ်များ ရွာပြန်လာတိုင်း ဆိတ်ကျောင်းသားများ ထင်းတစ်ရွက်စာ ထမ်းထမ်းလာကြသည်ကို ကွမ်တာ သတိရသည်။ ကွမ်တာနှင့် သူ့သူငယ်ချင်းများသည် ထင်းခြောက်များ ကပျာကယာရှာဖွေကြသည်။ ကွမ်တာသည် သူ့ခေါင်းနှင့် ရွက်နိုင်လောက်သည့် ထင်းခြောက်များကို စုချည်သည်။ သို့သော်လည်း တိုမာနီက နည်းသေးသည်ဟုဆိုကာ ထင်းစအနည်းငယ်ထပ်ထည့်သည်။

ထင်းစည်းများ မနိုင့်တနိုင်ရွက်ထားရသည့် ကွမ်တာနှင့် သူ့အဖော်များသည် ရွာအပြန်လမ်းကို သူတို့ထက်ပို၍သိနေကြသော ဆိတ်များနှင့် ခွေးများနောက်မှ အမော

တကော လိုက်ကြရသည်။ သူတို့၏ ဆိတ်ကျောင်းနည်းပြဆရာများကတော့ ထင်းစည်းများကို ရွက်ကာ တရွတ်သီထိုးသွားနေကြရသည့် ကွမ်တာတို့ လူအုပ်ကိုကြည့်၍ တဝါးဝါး တဟားဟား ပြောင်လှောင်ရယ်လာကြသည်။ အဆမတန်ပင်ပန်းလျက်ရှိသော ကွမ်တာသည် ရွာကိုမြင်လိုက်သောအခါ ရင်ထဲ၌အေးသွားသည်။ သို့ရှာသည် သူ့မျက်စိထဲတွင် ဤမျှလောက် သာယာလှပသည်ကို တစ်ခါမှမကြုံခဲ့စဖူးဟုပင်ထင်သည်။ မည်သို့ပင်ဖြစ်စေ ကွမ်တာ၏ခေါင်းပေါ်မှ ထင်းစည်းသည် ဘာမှမဖြစ်ဘဲနှင့် ကျောင်းဆရာ ဘရင်းဘစီဆေး၏ ခြံဝင်းထဲသို့ ချောချောမောမောဆိုက်ရောက်သွားသဖြင့် သက်ပြင်းချနိုင်ခဲ့၏။ မနက်ဖြန်မနက်ဆိုလျှင် ကွမ်တာတို့လူစုသည် ဤဆရာထံ၌ ပညာသင်ယူကြရတော့မည် မဟုတ်ပါလား။

နောက်တစ်နေ့မနက် နံနက်စာ စားအပြီးတွင် ကွမ်တာတို့သည် သစ်သားသင်ပုန်းတစ်ချပ်၊ ငှက်မွေးမင်တံတစ်ချောင်း၊ ရေနှင့်ရောလိုက်လျှင် မင်ဖြစ်သွားမည့် ကျပ်ခိုးများထည့်ထားသော ဝါးဘူးတစ်ဘူး စသည့် စာသင်ပစ္စည်းများကို ကိုယ်စီပိုက်ကာ မဝံ့မရဲခြေလှမ်းများဖြင့် စာသင်ကျောင်းဝင်းအတွင်းသို့ ဝင်ခဲ့ကြသည်။ ဆရာက သူတို့အား သူတို့ကျောင်းနေသည့် ဆိတ်များထက် ပို၍မိုက်မဲသော သတ္တဝါများသဖွယ် ဆက်ဆံသည်။ ပထမတွင် အားလုံးကိုထိုင်ခိုင်းသည်။ ထို့နောက် လက်ထဲမှ ကြိမ်ကို ခင်ကာ သူတို့ကြား၌ လျှောက်သွားပြီး လေးဘက်ထောက်ခိုင်းသည်။ ပြီးတော့ လိုက်နာရမည့် စည်းကမ်းများကို ပြောပြသည်။ သူ၏ဆုံးမမှုကို နာခံကြရမည်။ သူခေါ်လျှင် ချက်ချင်းလာရမည်။ အတန်းထဲတွင် စာသင်နေခိုက် သူက ဘာမျှမမေးဘဲနှင့် စကားကုယ်လောင်စွာ မပြောရ။ ဤစည်းကမ်းကို မလိုက်နာပါက ကြိမ်လုံးစာ ကောင်းကောင်းကျွေးပြီး မိဘများထံ ပို့မည်ဟု ဆရာက သူ့လက်ထဲမှ ကြိမ်ကို တရှိုးရှိုးမြည်အောင် ထွေ့ယမ်း၍ ပြောသည်။ ကျောင်းချိန်မှာ နံနက်စာစားပြီး တစ်ကြိမ်နှင့် ဆိတ်ကျောင်းပြန် လာပြီးလျှင်ပြီးချင်း တစ်ကြိမ်တက်ရမည်။ ကျောင်းနောက်ကျပါကလည်း ထိုထုံးစံအတိုင်းပင် အပြစ်ပေးခြင်းခံရမည်ဟု ဆရာက ဆိုသည်။

'မင်းတို့ ကလေးပေါက်စတွေမဟုတ်တော့ဘူး။ မင်းတို့မှာ တာဝန်တွေ ရှိလာပြီ'ဟု ဆရာက ပြောသည်။ 'တာဝန်ကျေအောင်လုပ်ကြရမယ်'

စည်းကမ်းချက်များ ချမှတ်အပြီးတွင် ဆရာက ထိုနေ့ညနေ စာသင်တန်းတွင် ကိုရန်ကျမ်းစာကဗျာများ သင်ကြားကြရမည်။ ယင်းကဗျာများကို အားလုံး အလွတ်ရအောင် ကျက်၍ ပြန်ဆိုပြနိုင်ရမည်ဟု ကြေညာသည်။ ထို့နောက် ကျောင်းသားသစ်များကို အတန်းဖြုတ်လိုက်သည်။ ထိုအချိန်တွင် ဆိတ်ကျောင်းနည်းပြများဖြစ်သည့် ကျောင်းသားဟောင်းများ ရောက်လာသည်။ သူတို့ကို ကြည့်ရသည်မှာ များစွာစိတ်လှုပ်ရှားနေကြပုံရ၏။ ယနေ့ သူတို့အတွက် စာမေးပွဲ ကြီးရှိနေသည်မဟုတ်ပါလား။ စာမေးပွဲတွင်

သူတို့သည် ကိုရန်ကုန်းစာထဲမှ စာပုဒ်များကို အလွတ်ရွတ်ဆိုပြကြရမည်ဖြစ်ပြီး အာရပ် စာများကို ရေးပြကြရမည်ဖြစ်၏။ ဤစာမေးပွဲသည် တတိယဆင့် ကာဖိုးဘဝတွင် သူတို့ရရှိကြမည့် အဆင့်အတန်းနှင့် ဆက်စပ်ပတ်သက်နေသဖြင့် သူတို့အတွက် အလွန် အရေးကြီးသည့် စာမေးပွဲတစ်ခု ဖြစ်ချေသည်။

ထိုနေ့အဖို့ ကွမ်တာတို့အုပ်စုသည် ဆိတ်များအား ခြံများအတွင်းမှ သူတို့ဘာသာ သူတို့ ထုတ်၍ စားကျက်မြက်ခင်းများဆီသို့ သူတို့ဘာသာသူတို့ မောင်းပို့ ကြရသည်။ အတွေ့အကြုံနည်းသေးသော ကွမ်တာတို့လူစုသည် ဆိတ်များနေရာရွှေ့တိုင်း လိုက်လံ၍ အော်ကြဟစ်ကြ ပြန်မောင်းကြနှင့် အလုပ်ရှုပ်နေကြသည်။ ဆိတ်များအဖို့လည်း ယခင် နေ့များကလောက် လွတ်လပ်မှုမရှိသဖြင့် ခါတိုင်းလောက် ဝဝလင်လင်စားရပုံမပေါ်။ ကွမ်တာကလည်း သူ့ဘဝသည် ဆိတ်အုပ်များလို နောက်မှ အတင်းလိုက်ခံနေရသည်ဟု ခံစားနေရ၏။ တစ်နေရာရာတွင်ထိုင်၍ သူ့ဘဝ၏ လက်ရှိအပြောင်းအလဲကို စဉ်းစား လိုက်သည့်အခါတိုင်း သူ့စိတ်ထဲတွင် ဘဝင်မကျသလိုဖြစ်ရ၏။ သူ့တွင် လုပ်စရာတစ်ခု ရှိသေးရုံမျှမက သွားစရာနေရာတစ်ခုလည်းရှိသေးသည်ဟု စိတ်ထဲတွင် ခံစားနေရ ၏။ မည်သို့ပင်ဖြစ်စေ အခုလောလောဆယ်မှာတော့ တစ်နေ့လုံး ဆိတ်တွေ ကျောင်းနေရ သည့်အလုပ်၊ နံနက်စာစားပြီး တစ်ကြိမ်နှင့် ညနေခင်း ဆိတ်ကျောင်းအပြန်တစ်ကြိမ် နှစ်ကြိမ်တိတိ အရောမင်း (ကျောင်းဆရာ)နှင့် အချိန်ကုန်ရသည့်အလုပ် စသည့်အလုပ် များ လုပ်နေရသဖြင့် သူ့မှာ ယခင်ကထက်ပို၍ အလေးအနက် ပြုသင့်ပြုထိုက်သည့် အတွေးများကိုပင် တွေးဖို့အချိန်မရသေး။

[၁၁]

မြေပဲသိမ်းအပြီးတွင် မိန်းမများ၏ စပါးသိမ်းသည့်လုပ်ငန်း စသည်။ သို့သော်လည်း မည်သည့်ခင်ပွန်းသည်မှ သူတို့ဇနီးများအား အကူအညီမပေးကြ။ စီတာဖာနှင့် ကွမ်တာ တို့လို သူငယ်များကပင်လျှင် သူတို့မိခင်များအား အကူအညီမပေးကြချေ။ အဘယ့် ကြောင့်ဟူမူ စပါးစိုက်ပျိုးရေးနှင့် ရိတ်သိမ်းရေးလုပ်ငန်းသည် မိန်းမများသာလျှင် လုပ်ရမည့် အလုပ်တစ်ခုဟု ဓလေ့ထုံးစံက သတ်မှတ်ထားခြင်းကြောင့်ဖြစ်၏။

အရုဏ်ဦး လင်းရောင်သန်းချိန်တွင် ဘင်တာသည် သူ့သူငယ်ချင်း ဂျန်ကေး တို့ရေးအပါအဝင် အခြားမိန်းမများနှင့်အတူ မှည့်ဝင်းနေပြီဖြစ်သော စပါးခင်းထဲသို့ ရောက်နေပြီဖြစ်၏။ ရွှေရောင်စပါးပင်များကို ရိတ်သိမ်းနေပြီဖြစ်၏။ ရိတ်ပြီးသော စပါးပင်များကို ချက်ချင်းမသယ်။ ခြောက်သွေ့သွားစေရန် စပါးခင်းထဲမှာပင် ပစ်ထား ခဲ့ကြသည်။ ရက်အနည်းငယ်ကြာမှ လှေပေါ်တင်၍ ရွာသို့သယ်ယူသည်။ ရွာရောက်သော်

အိမ်ရှင်မများနှင့် သမီးများက တစ်ဆင့်သယ်ယူ ကာ စတိုတဲထဲ၌ အထပ်လိုက်ဆင့်၍ ပုံထားလိုက်ကြလေသည်။

မိန်းမများအနေဖြင့် စပါးများ သိမ်းပြီးသွားပြီဖြစ်သော်လည်း နားရက် အားရက် ဟူ၍ မရှိသေးပေ။ ဝါကောက်ခြင်းဖြင့် ယောကျ်ားများ၏ လုပ်ငန်းခွင်တွင် ဝင်၍ကူညီကြရပြန်သည်။ ဝါပင်များကို ပူပြင်းသောနေရောင်အောက်၌ ပစ်ထားခဲ့ကြသည်မှာ ကြာပြီဖြစ်၏။ ဝါဆိုသည်မှာ အခြောက်ခံနိုင်လေ ချည်ကောင်းရလေဖြစ်သည် မဟုတ်လာ။

လူတိုင်းသည် ဂျပ်ဖူရီရွာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကောက်ရိတ်သိမ်းပွဲကို မျှော်လင့်တောင့်တာနေကြသည်။ ပွဲတော်မှာ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်၏။ အမျိုးသမီးများမှာလည်း သူတို့မိသားစုများအတွက် အဝတ်အစားအသစ်များကို ကသုတ်ကရက် ချုပ်လုပ်နေကြသည်။ ချည်ငင်သည့်အလုပ်ဖြင့် မအားမလပ်ဖြစ်နေသော ဘင်ဘာက ကွမ်တာအား ကလေးထိန်းခိုင်းထားသည်။ ကွမ်တာသည် သူ့ညီငယ်လာမင်အပေါ်တွင် စိတ်မရှည်နိုင်အောင်ဖြစ်လျက်ရှိသော်လည်း သူ့အမေသိအောင် မဖော်ပြရဲ။ တိတ်တဆိတ် ကျိတ်၍သာ စိတ်ညစ်လျက်ရှိ၏။ သို့သော်လည်း သူ့အမေက သူ့အား ရွာရက်ကန်းသမ ဒင်ဘိုဒင်ဘာထံ ခေါ်သွားသည့်အခါ ပျော်မြူးရပြန်သည်။ **လက်ရက်ကန်းစင်ပေါ်၌** အဝတ်စများ ဖြစ်လာသည်ကို ကြည့်ရသည်မှာ သူ့အတွက် စိတ်ဝင်စားစရာဖြစ်သည်။ ရက်ကန်းသမထံမှ ယူလာသည့် အဝတ်များကို သူ့အမေက သစ်ခေါက်များ ထုထောင်းပြီး အပြာရောင်ဆိုးသည်။ ဂျပ်ဖူရီတစ်ရွာလုံးရှိ မိန်းမတိုင်းက နေလှန်းထားသည့် အနီ၊ အစိမ်း၊ အဝါ၊ အပြာ အဝတ်စများသည် ရွာထဲရှိ ချုံပုတ်များ ပေါ်တွင် ပြည့်လျက်ရှိလေရာ တစ်ရွာလုံးကို အရောင်မျိုးစုံဖြင့် တန်ဆာဆင်ပေးထားသလို ဖြစ်လျက်ရှိလေသည်။

မိန်းမများ မအားမလပ်ဖြစ်နေချိန်တွင် ယောကျ်ားများကလည်း သူတို့တာဝန်နှင့် သူတို့ အလုပ်များလျက်ရှိကြ၏။ ကောက်ရိတ်သိမ်းပွဲမတိုင်မီ ပြီးစီးအောင်လုပ်ရမည်ဟု သတ်မှတ်ထားသော အလုပ်များဖြစ်သဖြင့် တက်သုတ်ရိုက်ပြီးလုပ်ကြသည်။ ဝါးလုံးရှည်ကြီးများဖြင့် ကာရံထားသော ရွာစည်းရိုး၏ ပေါက်နေသည့်နေရာများကို စနစ်တကျ ပြန်ဖာကြသည်။ မိုးကြောင့် လေကြောင့် ပျက်စီးသွားသော ရွှံ့တဲများကို ပြန်လည်ပြုပြင်ကြသည်။ ခေါင်မိုးများကို အသစ်ပြန်မိုးကြသည်။ မကြာမီ လက်ထပ်ကြတော့မည့် စုံတွဲများအတွက် တဲအသစ်များ ဆောက်လုပ်ကြသည်။

ကွမ်တာ၊ စီတာဖာနှင့် သူတို့အဖော်များအတွက်ကတော့ ဤအချိန်သည် အချိန်ကောင်းဖြစ်သည်။ ရွာထဲတွင် လွတ်လပ်စွာဆော့ကစားကြသည်။ ကိုင်းလောက်လေးများဖြင့် မြင်မြင်သမျှကို လက်တည့်စမ်းကြသည်။ ကွမ်တာ၏ညီ လာမင်းတို့လို

မြန်မာ စာအုပ်များ

ကလေးငယ်များသည်ပင်လျှင် လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်ကို ရနေကြ၏။ ယခုလို အချိန်တွင် ရွာထဲရှိ အဘွားအိုအားလုံး အလုပ်များလျက်ရှိကြသည်ဖြစ်ရာ ကလေးငယ်များအား သိပ်ပြီး ဂရုစိုက်မကြည့်နိုင်။ သူတို့ခမျာ ရွာထဲရှိ အပျိုမများအတွက် ဆံထိုးဆံညှပ်များ လုပ်နေကြရသည်။ အပျိုမများကလည်း ပွဲတော်တွင် ဆင်မြန်းဖို့အတွက် လက်ရာကောင်းကောင်းနှင့် လှလှပပ ဆံထိုး ဆံညှပ်များကိုမှ ရွေးကြီးပေး၍ ဝယ်ချင်ကြသည် မဟုတ်ပါလား။

ဆံထိုး ဆံညှပ်နှင့် ဆံပင်တုများ လုပ်ရာ၌ လက်ရာအကောင်းဆုံးဟု နာမည်ကြီးသူမှာ အဘွားအို ညိုဘိုတိုဖြစ်သည်။ ညိုဘိုတိုကို ရွာထဲရှိ မိန်းမတိုင်းက သဘောကျသည်။ တခြားကြောင့်မဟုတ်။ အိမ်ထောင်ရှင်မိန်းမများသည် ခင်ပွန်းသည်များ၏အပေါ် အမြဲတစေ အစွမ်းကုန် ရှိသေကျိုးနွံစွာ ဆက်ဆံမည်ဟူသော ရှေးဟောင်းဓလေ့ထုံးစံကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်သည့်အတွက်ဖြစ်၏။ နေ့စဉ် နံနက်တိုင်း ညိုဘိုတိုသည် သူ့တဲရှေ့၌ နွားရေတစ်ချပ်ခင်း၍ ထိုင်ကာ နေဆာကို အကျအနလှုံရင်း ဆံထိုး ဆံညှပ်များ လုပ်နေလေ့ရှိသည်။ သူ့အနေဖြင့် မည်မျှအလုပ်များနေစေကာမူ သူ့ရှေ့မှ ယောကျ်ားတစ်ယောက် ဖြတ်သွားတိုင်း မြင်သည်။ မြင်တိုင်းလည်း ‘ဟင်း’ဟု မလိုတမာသံဖြင့် ရေရွတ်သည်။ ‘ဟိုအကောင့်ကို ကြည့်စမ်းပါဦး၊ သူတို့ကိုယ်သူတို့ ယောကျ်ားတွေတဲ့၊ အခုမှ ကြီးကျယ်နေလိုက်ကြတာ၊ ငါ့ခေတ်တုန်းက ယောကျ်ားတွေကော ဘာလဲ၊ ငါတို့လို လူတွေပါပဲဟဲ့’ဟု အော်ကြီးဟစ်ကျယ် ရေရွတ်သည်။ ထို့ကြောင့်လည်း ရွာထဲမှ ယောကျ်ားများသည် ညိုဘိုတို၏လျှာကို ကြောက်သဖြင့် ဝေးဝေးမှရှောင်ကြသည်။

အခုလိုအချိန်တွင် ဒုတိယဆင့် ကာဖိုးစာရင်းဝင် မိန်းကလေးများသည် အမေများနှင့် အစ်မများအား ကူညီကြရသည်။ ဆေးမြစ်များနှင့် ဟင်းခတ်အမွှေးအကြိုင်ရွက်များ စုဆောင်းကြရသည်။ ရလာသမျှကို နေလှန်းကြရသည်။ သီးနှံများ ထောင်းကြ ဖွပ်ကြသည့်အခါတွင်လည်း လိုအပ်သလို ကူညီလုပ်ကိုင်ပေးကြရသည်။

လဆန်းသည်နှင့်တစ်ပြိုင်နက် ဂမ်ဘီယာနယ်အတွင်းရှိ ကျေးရွာအားလုံး၌ ကောက်သိမ်းပွဲတော်များ ကျင်းပကြတော့မည်ဖြစ်၏။ ဆန်းစလမထွက်မီ ရက် အနည်းငယ်မျှ အလိုတွင် ဂျပ်ဖူရီနေရာအနှံ့အပြားမှ ဆိုင်းသံဗုံသံများ ထွက်ပေါ်လာသည်။ ရွာထဲမှ အတီးအမှုတ်သမားများသည် သူတို့၏တူရိယာပစ္စည်းများကို အကျအနခင်းကာ အတီးအမှုတ် လေ့ကျင့်ကြလေပြီ။ သူတို့၏ တူရိယာများတွင် ကြိုးနှစ်ဆယ့်လေးချောင်းတပ် ကိုရားကြီးတပ် တူရိယာများ၊ ဗုံများနှင့် အရှည်အရှယ်အမျိုးမျိုး ဖြတ်ထားသည့် ဝါးများအောက်မှ ဘူးခြောက်များ၊ ကြိုးနှင့်ချည်၍ တွဲလောင်းဆွဲကာ တုတ်ဖြင့်ခေါက်ရသော ဘာလာဖွန်တူရိယာများ ပါဝင်သည်။

ယခုဆိုလျှင် ယောကျ်ားအများစုသည် နားနားနေနေ နေနိုင်ကြလေပြီ။ သူတို့သည် သစ်ပင်ရိပ်များအောက်၌ ဝိုင်းဖွဲ့ထိုင်ကာ စကားစမြည်ပြောကြသည်။ အိုမိုရိုတို့အရွယ်

မြန်မာ စာအုပ်များ

များနှင့် လူငယ်များသည် ရွာလူကြီးများ စည်းဝေးနေသည့်နေရာသို့ မသွားကြ။ ရွာလူကြီးများသည် ပွဲတော်နှင့်ပတ်သက်သော အရေးကြီးသည့်ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်နေကြခြင်းဖြစ်၏။

ရွာထဲမှ အရေအတွက်အားဖြင့် အနည်းငယ်မျှသာရှိသော ပန်းပုဆရာကြီးများသည် သစ်သားတုံး အရွယ်အစားအမျိုးမျိုးကို စိတ်ရှည်လက်ရှည်ကိုင်တွယ်ကာ ပုံများထုလျက်ရှိသည်။ ကွမ်တာတို့ ကလေးသူငယ်အုပ်စုသည် ပန်းပုဆရာများအနီးမှ မခွာနိုင်။ ပွဲတော်ရက်တွင် ကခုန်သူများ၏ မျက်နှာ၌စွပ်ရမည့် မျက်နှာဖုံးများမှာ ကြောက်စရာကောင်း၍ အချို့မှာ ရယ်မောစရာကောင်းသည်။ အချို့ ပန်းပုဆရာများကတော့ လူနှင့် တိရစ္ဆာန်ရုပ်များ ထုလုပ်နေကြလေသည်။

ဘင်တာအပါအဝင် အမျိုးသမီးများသည် ရေတွင်းသို့ ရေခပ်ထွက်ချိန်များ၌ အဘင်းအဖျင်းပြောဖို့ အချိန်အနည်းငယ်ရကြသည်။ ထိုမိနစ်အနည်းငယ်မျှသည် သူတို့အတွက် စိတ်အပန်းပြေစရာအချိန်ဖြစ်၏။ သို့သော်လည်း ကျန်အချိန်များတွင်မူ သူတို့မှာ အလုပ်နှင့်လက် ပြတ်သွားသည်မရှိ။ ပွဲတော်ရက်နီးလာပြီ ဖြစ်သော်လည်း လုပ်စရာအလုပ်တွေက တစ်ပုံတစ်ပင်ကြီးကျန်နေသေးသည်။ မိသားစုအတွက် ချုပ်လုပ်နေသည့် အဝတ်အစားများကို အပြီးသတ်ဖို့ရှိသေး၏။ တဲများကို သန့်ရှင်းသပ်ရပ်သွားအောင် ရှင်းလင်းဖို့ ကျန်သေး၏။ အစားအစာအခြောက်အခြမ်းများကို ရေစိမ်ထားကြဖို့ လိုသေး၏။ အသားကင်ရဖို့အတွက် ဆိတ်များကို သတ်ရဦးမည်ဖြစ်၏။ ထိုအရာထက် ပို၍အရေးကြီးသည့်အလုပ်မှာ ပွဲတော်ရက်တွင် သူတို့ကိုယ်သူတို့ အလှဆုံးဖြစ်အောင် ပြင်ဆင်ဝတ်စား၍ထွက်နိုင်ဖို့ ဖြစ်လေသည်။

ကိုယ်လုံးကိုယ်ထည် အလွန်အမင်းကြီးထွားလွန်းသဖြင့် ယောကျ်ားကြီးများနှင့်တူနေသော မိန်းမပျိုအချို့သည် သစ်ပင်များအောက်တွင် ပြေးလွှားမြူးထူးနေကြသည်။ ကွမ်တာသည် သူတို့အားကြည့်ကာ ဘဝင်မကျဖြစ်လျက်ရှိ၏။ သူတို့လှုပ်နေပုံများသည် ပုံတံတံနဲ့တန်တန်နိုင်လွန်းလှသည်ဟု ထင်နေမိ၏။ ဤမိန်းမများသည် လမ်းလျှောက်ရာ၌ပင်လျှင် မိန်းမများနှင့်တူအောင် မလျှောက်နိုင်။ ယောကျ်ားများက ဘာ့ကြောင့်သူတို့ကို စိတ်ဝင်တစားကြည့်နေကြပါလိမ့်။ သူ့အနေဖြင့် နားမလည်နိုင်အောင် ဖြစ်နေသည်။

ဤအုပ်စုထဲမှ မိန်းမပျိုအချို့၏ ထူးခြားမှုကို သူသတိထားမိသည်။ သူတို့ နှုတ်ခမ်းများသည် လက်သီးဆုပ်ခန့်အရွယ်ထိ ရောင်ရမ်းနေသည်။ အတွင်းနှုတ်ခမ်းများကို ဆူးများဖြင့် ထိုးဖောက်ကာ ကျပ်ခိုးများနှင့် မည်းနက်နေအောင် သုတ်လိမ်းထားခြင်းကြောင့်ဖြစ်၏။ သူ့အမေ ဘင်တာသည်ပင်လျှင် ရွာထဲရှိ အသက်ဆယ့်နှစ်မိုးအရွယ်ကျော်သည့် မိန်းကလေးများလုပ်သလို ညစဉ်ညတိုင်း မှုဒါနိုရွက်များထောင်း၊ ရေနှင့်ပြုတ်၊ အအေးခံပြီး သူ့ခြေထောက်တွေနှင့် လက်ဖဝါးတွေ စိမ်စိမ်နေသည်ကို မြင်ခဲ့ရဖူး၏။

မည်သည်ထက်မည်းပြီ နက်သည်ထက်နက်သွားအောင် လုပ်နေခြင်းဖြစ်၏။ ဘာ့ကြောင့် အခုလိုလုပ်တာလဲအမေ ဟု ကွမ်တာက မေးဖူးသည်။ သူ့အမေက မဖြေ။ သွားကစားချည်ဟုသာ ပြော၍ မောင်းထုတ်ခဲ့၏။ ထိုအခါ သူ့အဖေထံသွား၍ မေးသည်။ 'မိန်းမတစ်ယောက်ဟာ အသားမည်းလေလှလေပဲ။ ဒါကြောင့်လုပ်တာ'ဟု အဖေက ဖြေသည်။

'ဘာပြုလို့ မည်းလေလှလေဖြစ်တာလဲ'ဟု ကွမ်တာက ထပ်မေးသည်။

ထိုအခါ အိုမိုရိုက ဖြေသည်။ 'တစ်နေ့ကျရင် မင်း နားလည်လာမှာပါ'

[၁၂]

အရုဏ်တက်ချိန် တူဘာလိုဗုံကြီးတီးသံ ကြားလိုက်သည့်အခါ ကွမ်တာသည် အိပ်ရာမှ ခုန်၍ထလာသည်။ ထို့နောက် သူသည် စီတာဖာတို့နှင့်အတူ လူကြီးတွေနှင့်ရော၍ ပိုးစာပင်ကြီးဆီသို့ပြေးသည်။ ရွာမှ ဗုံသမားများသည် သစ်ပင်အောက်တွင် နေရာယူကာ ဗုံများကို တီးခတ်နေကြလေပြီ။ သူတို့သည် ဗုံများပေါ် ငုံ့၍ငုံ့၍ အော်ဟစ်ကြသည်။ တင်းကျပ်နေသော ဆိတ်ရေများပေါ်၌ ဝဲပုံလှုပ်ရှားနေကြသည့် သူတို့လက်များသည် သွက်လက်လျင်မြန်လွန်းသဖြင့် ရီးခနဲရိပ်ခနဲသာမြင်ကြရသည်။ အဝတ်သစ်များ ဝတ်ထားသည့် ရွာပရိသတ်သည် အေးမှုရပ်၍ကြည့်နေကြသည်။ မကြာခင်မှာပင် သူတို့ထဲမှ လူများသည် တစ်ယောက်ပြီးတစ်ယောက် လက်များလှုပ်လာကြသည်။ ပထမတွင် ဖြည်းဖြည်းသာသာ၊ နောက်တော့ မြန်လာသည်။ နောက်ဆုံးကျတော့ ပို၍ပို၍ မြန်လာသည်။ တဖြည်းဖြည်းနှင့် ပရိသတ်သည် တစ်ယောက်မကျန် ဝင်၍ ကလာကြသည်။

ဤအခမ်းအနားမျိုး၊ ဤပွဲသဘင်မျိုးနှင့် ဤအကမျိုးတွေကို ကွမ်တာ မြင်ဖူးခဲ့သည်မှာ အကြိမ်ပေါင်းများလှပြီ။ စိုက်ပျိုးချိန်နှင့် ကောက်ရိတ်ချိန်များတွင်လည်း အားလုံးကကြသည်။ ယောကျ်ားတွေ အမဲလိုက်ထွက်လျှင်လည်း အားလုံးကကြသည်။ မင်္ဂလာဆောင်သည့်အခါ၊ ကလေးမီးဖွားသည့်အခါနှင့် လူသေသည့်အခါများတွင်လည်း အားလုံးကကြသည်။ သို့သော်လည်း ယခု တစ်ကြိမ်လောက် စိတ်လှုပ်ရှားရသည့်အဖြစ်မျိုးနှင့် ဘယ်တုန်းကမှ မကြုံခဲ့ရ။ ရွာထဲမှ လူကြီးတိုင်းသည် သူတို့စိတ်ထဲ၌ရှိနေသည့် သူတို့သာလျှင်သိနေသော အရာတစ်ခုကို သူတို့ ခန္ဓာကိုယ်များဖြင့် ပြောပြနေသည့် အရိပ်လက္ခဏာများထင်ဟပ်နေသည်။ တစ်ကိုယ်လုံး တွန့်လိမ်ကွေးကောက် ခုန်ပေါက်ကနေသူများထဲမှ အချို့သည် မျက်နှာဖုံးများစွပ်ထားကြသည်။ ထိုအုပ်စုထဲတွင် အဘွားအို ညိုဘိုတို ပါဝင်နေသည်ကို မြင်သောအခါ ကွမ်တာ အံ့သြနေမိသည်။

မြန်မာ စာအုပ်များ

ကွမ်ဘာသည် ကခုန်နေကြသူများထဲမှ သူသိသမျှလူများအား လိုက်ကြည့်သည်။ ကြောက်မက်ဖွယ်ကောင်းသည့် အရုပ်မျက်နှာဖုံးစွပ်ထားသူများထဲတွင် ရွာ ဗလီဆရာကို တွေ့ရပြန်၏။ ဗလီဆရာသည် သစ်ပင်တစ်ပင်၌ ခိုကပ်သွားနေသည့် မြွေတစ်ကောင်သဖွယ် တွန့်လိမ်ကောက်ကွေးလုပ်ကာ လှည့်၍လှည့်၍ ကနေသည်။ ကနေသူများထဲတွင် ညိုဘိုတိုထက်အသက်ကြီးသူ အဘွားအိုကြီးများပင် ပါဝင်နေသည်ကို တွေ့ရ၏။ ထို့နောက် သူ့မျက်လုံးများသည် သူ့ဖခင် အိုမိုရိုအား မြင်လိုက်သည့်အခါ ပို၍ပြူးကျယ်လာသည်။ အိုမိုရိုသည် ခုန်၍ပေါက်၍ ကနေသည်။ သူ့ခြေထောက်များအောက်မှ ဖုန်များသည် တထောင်ထောင်။

ဗုံသံများသည် သူ့နားများကိုသာမက သူ့အကြောများကိုပါ ထိထိခိုက်ခိုက် ရှိသည်။ ကွမ်တာသည် သူ့ကိုယ်သူ ဘာဖြစ်၍ဖြစ်မှန်းမသိ။ အိပ်မက်တစ်ခု မက်နေသည့်နှယ်ရှိသည်။ သူ့တစ်ကိုယ်လုံး လှုပ်လာသည်။ အထူးသဖြင့် သူ့လက်များသည် အပြင်းအထန်လှုပ်ရှားလာကြသည်။ ထို့နောက် အခြားသူများနည်းတူ အော်၍ ဟစ်၍ ခုန်၍ ပေါက်၍ ကနေမိလေ၏။

မောပန်းလာသည့်ခါ ကွမ်တာသည် သူ့ကိုယ်သူထိန်းချုပ်ကာ အပြင်သို့ထွက်၍ ခဏနားသည်။ သူ့ဒူးများသည် အဆမတန်ချောင်လျက်ရှိ၏။ ထူးဆန်းသော ခံစားမှုတစ်ခုသည် သူ့ရင်ထဲ၌ကိန်းအောင်းနေသည်။ ထိုည အမောတကောဖြစ်ပြီး ကွမ်တာ အိပ်ရာထဲရောက်သွားချိန်အထိ ဗုံသံများကြားနေရဆဲ။

ပွဲတော်၏ ဒုတိယနေ့ မွန်းလွဲပိုင်းတွင် ဂုဏ်ပြုပွဲလုပ်သည်။ တန်းစီနေသော လူတန်းကြီး၏ ရှေ့ဆုံးတွင် အေရာဖင်းခေါ် ကျောင်းဆရာ၊ အလီမာမိုခေါ် ဗလီဆရာ၊ ရွာလူကြီးများ၊ မုဆိုးများ၊ နပန်းသမားများနှင့် လွန်ခဲ့သော ကောက်သိမ်းပွဲမှ ဤနှစ် ကောက်သိမ်းပွဲတော် ကျင်းပချိန်အထိ ကာလအတွင်း ဂျပ်ဖူရီရွာတစ်ရွာလုံး ကောင်းကျိုးအတွက် ထူးထူးခြားခြားဆောင်ရွက်ခဲ့သူများဟု ကျေးရွာလူကြီးများအဖွဲ့က သတ်မှတ်ရွေးချယ်ထားသူများက အစဉ်လိုက်နေရာယူထားကြ၏။ သူတို့နောက်မှ အခြားရွာသူရွာသားများက သီချင်းဆို၍ လက်ခုပ်တီး၍ လိုက်ပါလာကြသည်။ အတီးအမှုတ်အဖွဲ့ကလည်း ထုံးစံအတိုင်း ဗုံများကို တီးခတ်လျက်ရှိကြသည်။ လူတန်းကြီးသည် မြွေကြီးတစ်ကောင်သဖွယ် ကွေ့ကောက်ကာ ရွာပြင်သို့ထွက်သွားပြီး ခရီးသည်များ ခိုနားရာ သစ်ပင်ကြီးကိုပတ်၍ ရွာဘက်သို့ ပြန်လှည့်လာကြသည်။

ရွာထဲရှိ အိမ်တိုင်းမှ မိန်းမများသည် အိမ်ရှေ့မှ ဖြတ်သွားသူတိုင်းအား စိမ်းသည် ကျက်သည်မရွေး ထွက်၍ ဖိတ်ခေါ်သည်။ ခဏဝင်ပါဦး၊ စားသွားပါဦး စသည်ဖြင့် ဖိတ်မန္တကပြုသည်။ သူတို့ချက်ပြုတ်ထားသည့် အစားအစာများကို ချကျွေးသည်။ ကွမ်တာနှင့် သူ့အဖော်များသည် အိမ်တိုင်းသို့သွားကာ အစားအစာများကို ဗိုက်ပြ

ဗိုက်လန် စားကြသည်။ စားကြသည့် အသားများမှာ မျိုးစုံသည်။ ပေါလိုက်များလိုက် ပုံမှာ အလျှံပယ်ပင်ဖြစ်သည်။

တစ်အိမ်ဝင်တစ်အိမ်ထွက်လည်၍ မစားကြသည့်အချိန်များတွင် ကွမ်တာတို့ လူစုသည် ရွာပြင်ရှိ ခရီးသည်များနားခိုရာသစ်ပင်ကြီးဆီသို့ ပြေးသွားကာ ချော့ကြို လုပ်ကြသည်။ အချို့သော ခရီးသည်များသည် ရွာတွင်ရပ်နား၍ ညအိပ်ကြသည်။ အများစုကတော့ ခဏတစ်ဖြုတ်ဝင်နားပြီး နောက်တစ်ရွာရှိ ကောက်သစ်ပွဲတော်သို့ အချိန်မီရောက်အောင် ခရီးဆက်ကြသည်။ ခရီးသည်များထဲတွင် အရောင်းအဝယ်သမား များလည်းပါသည်။ ဆီနီဂဲလ်နယ်သားများသည် သူတို့ယူလာသော ရောင်စုံအဝတ် အထည်များကို ရောင်းချကြသည်။ အချို့ကတော့ အကောင်းဆုံး နိုက်ဂျီးရီးယန်း ကိုလာပဲအိတ်များ သယ်လာကြ၏။ ချောင်းဘက်မှ လှေများနှင့်ဝင်လာသည့် ကုန်သည် များကတော့ မဲနယ်၊ နွားသားရေ၊ ပျားဖယောင်း၊ ပျားရည် စသော ပစ္စည်းများနှင့် ဖလှယ်ရန် ဆားအိတ်တွေ သယ်လာကြသည်။ ရွာထဲမှ အဘွားအို ညိုဘိုတိုပင်လျှင် ကြေးစေ့တစ်ပြားတစ်ချပ်ရရှိဖို့အတွက် ဈေးသည်လုပ်နေသည်။ သူသည် ရောက်ခါး မြစ်များကို ကျကျနနအချောသပ်ကာ တံပူတံကလေးများလုပ်၍ အစည်းကလေးတွေ စည်းသည်။ ပြီးတော့ တစ်စည်းလျှင် ကြေးစေ့ မည်ရွေ့မည်မျှဟု ဈေးသတ်မှတ်၍ ရောင်းသည်။ ရောက်ခါးမြစ် တံပူသည် သွားများကို ခိုင်မာစေရုံမျှမက ခံတွင်းကိုပါ သန့်စင်စေသည် မဟုတ်ပါလော။

မိစ္ဆာတိတ္ထိကုန်သည်များကျတော့ ဂျပ်ဖူရီရွာတွင်ဝင်၍မနား၊ ခပ်သုတ်သုတ် ကျော် ဖြတ်သွားကြသည်။ သူတို့ကျတော့ ဆေးရွက်ကြီး၊ နှာမှုန့်နှင့် ပျားအရက် စသော တိတ္ထိများသာ သုံးစွဲသည့် ကုန်ပစ္စည်းများပါလာသည်။ မူဆလင်ဘာသာဝင် မန်ဒင်ကာ လူမျိုးများသည် လုံးဝ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမပြုကြ။ ထို့ကြောင့် လည်း သူတို့သည် ဂျပ်ဖူရီရွာကို ရှောင်ကွင်းသွားကြခြင်းဖြစ်၏။

အိပ်မောကျနေသော ရွာသူရွာသားများသည် နံနက်တိုင်း ဗုံသံများကြောင့် နိုးကြရသည်။ နေ့စဉ်နှင့်အမျှ ရပ်ဝေးမှ အတီးအမှုတ်သမားခရီးသည်များ ဆိုက်ရောက် ကြရသည်။ ကိုရန် ခမ္ဘတေးသီချင်း တီးမှုတ်ရာ၌ ကျွမ်းကျင်သူများလည်း ပါလာ တတ်၏။ ဇာတ်ဟောဆရာများရောက်လာသည့်အခါတွင်မူ တစ်ရွာလုံး အုန်းအုန်းကျွက် ကျွက်ဖြစ်ကာ သူ့ထက်ငါဦးအောင် နေရာလုကြသည်။ အတိတ်ပုံပြင်များ၊ စစ်သူရဲ ကောင်းကြီးများနှင့် ဘုရင်များအကြောင်း နားထောင်ကြသည်။ ဘာသာရေးဆရာ တစ်ယောက် ရောက်လာသည့်အခါတွင်မူ ရှေ့ဖြစ် အတိတ်နိမိတ်များကို ဟောပြောသည်။ သီချင်းသည်တစ်ဦး ရောက်လာသည့်အခါတွင်မူ ရှေးဟောင်းနိုင်ငံများဖြစ်ကြသည့် ဂါနာ၊ ဆောင်ဟီနှင့် မာလီနိုင်ငံများ၏ ကြီးကျယ်ခမ်းနားခဲ့ပုံများကို ဖွဲ့ဆိုထားသည့် သီချင်းများ နားထောင်ခွင့်ရကြ၏။ ရွာထဲမှအချို့လူများသည် သီချင်းသည်အား

မြန်မာ စာအုပ်များ

အိမ်သို့ဖိတ်ခေါ်ကာ လက်ဆောင်များပေး၍ သူတို့ဘိုးဘွားဘီဘင်များအကြောင်း ဖွဲ့နွဲ့သီကုံးပြီး သီချင်းဆိုခိုင်းကြသည်။ ထို့နောက် သီချင်းသည်သည် နောက်တစ်ရွာသို့ဝင်ရန် ခရီးဆက်သည်။

ကောက်သိမ်းပွဲတော်၏ဆဌမနေ့ မွန်းလွဲပိုင်းတွင် ထူးဆန်းသော ဗုံသံကို ဂျပ်ဖူရိ တစ်ရွာလုံး ကြားရ၏။ ဗုံနှင့် စော်ကားမော်ကားပြုသည့်စကားများ ပြောနေခြင်းဖြစ်သည်။ ကွမ်တာသည် ရွာပြင်သို့ ပြေးထွက်လာခဲ့ပြီး ဒေါသကြီးနေသော ရွာသားများကြားတွင် ဝင်၍ရပ်သည်။ ဗုံသံသည် ဂျပ်ဖူရိနှင့် အလှမ်းမဝေးသည့် ရွာတစ်ရွာမှ လာနေခြင်းဖြစ်သည်။ သူတို့ရွာမှ ထိတ်ထိတ်ကြဲ နပန်းသမားများ လာနေပြီဖြစ်၍ ဂျပ်ဖူရိရွာမှ နပန်းသမားများ ပုန်းအောင်းနေကြပေတော့ဟု ဗုံများက ပြောနေလေပြီ။ နောက် မိနစ်အနည်းငယ်မျှအကြာတွင် ဂျပ်ဖူရိရွာမှ ဗုံက မိုက်ရူးရဲများလာလျှင် ကျိုးပဲ့ကုန်လိမ့်မည်ဖြစ်ကြောင်း ပြန်ကြား ပြောဆိုသည်။ ဤကဲ့သို့ပြန်ကြားလိုက်သည့်အတွက် တစ်ရွာလုံး ပျော်မြူးလျက်ရှိကြလေသည်။

ရွာသူရွာသားများသည် နပန်းပွဲပြုလုပ်မည့်နေရာသို့ အလုအယက်ပြေးကြသည်။ ဂျပ်ဖူရိ နပန်းသမားများသည် ဒါးလပ်စ်ဘောင်းဘီတိုကလေးများဝတ်ကာ သူတို့တစ်ကိုယ်လုံး ချောပြောင်နေအောင် ပြာနှင့်သစ်ရွက် ရောထောင်းထားသည့် အရည်များဖြင့် သုတ်လိမ်းကြသည်။ အော်သံဟစ်သံများထွက်ပေါ်လာသည်။ ပြိုင်ဘက် နပန်းသမားများ ရောက်လာ၍ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် အဆက်အပေါက် သန်မာကြံ့ခိုင်သော တစ်ရွာသား နပန်းသမားများသည် ပရိသတ်ကို လုံးဝမကြည့်။ သူတို့ရွာ ဗုံသမားများနောက်မှလိုက်ကာ နပန်းလုံးရမည့်ကွင်းထဲ ဝင်လာသည့်အခါ ပရိသတ်က ဆူညံစွာသြဘာပေးကြသည်။

နှစ်ဖက် ဗုံသမားများက ဗုံသံဖြင့် 'အသင့်ပြင်'ဟုအချက်ပေးသည်။ ထို့နောက် 'လုံး'ဟူသော ဗုံသံ ထွက်လာသည်။ နပန်းသမားများသည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ကာ ဝိုင်းထဲတွင် ချာလပတ်လည်နေကြသည်။ နှစ်ဖက်ဗုံသမားများသည် ရှေးခေတ်က မိမိတို့ရွာမှ ထင်ရှားကျော်ကြားခဲ့ကြသည့် ချန်ပီယံနပန်းသမားကြီးများ၏ နာမည်များကို ကြေညာပြီး ယခုနပန်းပွဲသို့ ထိုနပန်းသမားကြီးများ၏ ဝိညာဉ်များ လာရောက်ကြည့်ရှုနေကြသည်ဟု ပြောဆို အားပေးလျက်ရှိကြ၏။

နပန်းသမားများသည် ကွင်းထဲတွင် နှစ်ယောက်တစ်တွဲ ရင်ဆိုင်ကြသည်။ ပထမတွင် တစ်ယောက်ကိုတစ်ယောက် ခြောက်ကြလှန့်ကြသည်။ နောက်ဆုံးကျမှ တစ်ယောက်ကိုတစ်ယောက် မိမိရရဆုပ်ကိုင် အားပြိုင်ကြသည်။ တစ်ယောက်ကိုတစ်ယောက် တွန်းကြ ထိုးကြ ဆွဲကြ လှဲကြသည်။ သူတို့ခြေထောက်များအောက်မှ ဖုန်များသည် ထောင်းထောင်းထလျက်ရှိ၏။ တစ်ယောက်က တစ်ယောက်ကို အပေါ်သို့ချီမြှောက်ပြီး မြေကြီးပေါ်သို့ ပစ်ချနိုင်လျှင်ပွဲပြီးသည်။ မြေပေါ်ကျသူသည် အရှုံး။ တကယ့်နပန်း

မြန်မာ စာအုပ်များ

ပွဲကို ကြည့်ပြီး ဆုညံ့စွာအားပေးနေကြသောပရိသတ်နှင့် ခပ်လှမ်းလှမ်းတစ်နေရာတွင်မူ ကွမ်းတာတို့အုပ်စုသည် သူတို့နည်း သူတို့ဟန်ဖြင့် နပန်းပွဲများ ကျင်းပနေကြလေသည်။

နောက်ဆုံးတွင် နပန်းပွဲပြီးဆုံးသွားသည်။ ဂျပ်ဖူရီအသင်းက တစ်ဦးသာကျသဖြင့် အနိုင်ရသည်။ အနိုင်ရသူများအား လောလောလတ်လတ်သတ်ထားသည့်နွားထီးများ၏ ချိုများနှင့် ခွာများကို ဆုအဖြစ်ချီးမြှင့်သည်။ မီးဖိုကြီးများဖို၍ လတ်လတ်ဆတ်ဆတ် အမဲသားတုံးကြီးများကို ယူလာပြီး မီးကင်ကြသည်။ အကျွေးအမွေးစသည့်အခါ တစ်ဖက်ရွာမှ စိမ်ခေါ်သူနပန်းသမားများအား တလေးတစားတရင်းတနှီးဖိတ်ခေါ်ကျွေးမွေးကြသည်။ လူအများက ခည့်သည်နပန်းသမားများ၏ ဗလကြီးများကိုကြည့်၍ အံ့သြချီးမွမ်းကြသည်။ ရွာမှအပျိုမများက နပန်းသမားအားလုံး၏ ခြေချင်းဝတ်များနှင့် လက်မောင်းများတွင် ခေါင်းလောင်းငယ်လေးများ ချည်ပေးကြသည်။

နပန်းကွင်း၏ပတ်ပတ်လည်တွင် အဝတ်အစားအသစ်များ ဝတ်ထားသည့် လူများ ပြန်လည်စုရုံးနေသည့်အခါ နေသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ သက်ဆင်းနေပြီဖြစ်၏။ ဗုံသံများသည် ဖြည်းဖြည်းသာသာထွက်ပေါ်လျက်ရှိသည်။ နှစ်သင်းစလုံးမှ နပန်းသမားများသည် ကွင်းထဲတွင်ရပ်ကာ ခုန်လိုက် လွှားလိုက် ထိုင်လိုက် ထလိုက် လုပ်ကာ ဟန်ရေးပြကြသည်။ သူတို့တစ်ကိုယ်လုံးမှ ကြွက်သားများကို လှုပ်ပြကြသည်။ သူတို့လှုပ်ရှားတိုင်း ခေါင်းလောင်းငယ်များသည် တတင်တင်တချွင်ချွင်မြည်လျက်ရှိကြ၏။ ရုတ်တရက် ဗုံသံများသည် ကျယ်လာသည်။ မိန်းမပျိုများသည် ရှက်ကြောက်ဟန်ဖြင့် နပန်းသမားများကြားသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်လာကြသည်။ ပရိသတ်က လက်ခုပ်တဖြောင်းဖြောင်းတီး၍ သြဘာပေးကြသည်။ ထို့နောက် ဗုံသံများသည် ပို၍ကျယ်လာသည်။ ပို၍မြန်လာသည်။ ပို၍စည်းချက်ကျလာသည်။

မိန်းမပျိုများသည် တစ်ယောက်ပြီးတစ်ယောက် ကကြသည်။ တစ်ကိုယ်လုံးချွေးများယိုစီးကာ အဆမတန်ပင်ပန်းမောဟိုက်လာသည်အထိ အစွမ်းကုန်ကသည်။ နောက်ဆုံး အရုပ်ကြိုးပြတ်ဖြစ်ကာ လဲကျသွားသည်အထိ ကသည်။ လဲကျသွားသည်နှင့် တစ်ပြိုင်နက် အရောင်မျိုးစုံနှင့်လှနေသော ခေါင်းစည်းပဝါကို မြေပေါ်သို့ ပစ်ချလိုက်သည်။ ပရိသတ်၏မျက်လုံးများသည် ထိုခေါင်းစည်းပဝါအပေါ် စူးစိုက်နေကြသည်။ ခေါင်းစည်းပဝါကို မည်သူကောက်မည်နည်း။ မိန်းမပျို၏အကကို နှစ်သက်မြတ်နိုးသူ တန်ဖိုးထားသူတစ်ဦးဦးက ကောက်ယူလိမ့်မည်ဖြစ်၏။ ထိုခေါင်းစည်းပဝါကို ကောက်ယူလိုက်ခြင်းသည် ကောက်ယူသူက မိန်းမပျို၏ဖခင်နှင့် မင်္ဂလာခန်းဝင်ပစ္စည်း ဆိတ်ဘယ်နှကောင် တင်တောင်းရမည်၊ နွားဘယ်နှကောင် တင်တောင်းရမည် စသောအချက်များ ဆွေးနွေးညှိနှိုင်းပါမည်ဟု ပြောလိုက်ခြင်းပေတည်း။

စိတ်ကူးချိုချို

ကွမ်တာနှင့် သူ့သူငယ်ချင်းများကတော့ ငယ်သေး၍ ဤကိစ္စများကို နားမလည်။ မွဲပြီးသွားပြီဟု ယူဆကာ သူတို့ ကိုင်းလောက်လေးများနှင့်ကစားရန် နပန်းကွင်းအနီးမှ ထွက်သွားကြသည်။ အမှန်ကတော့ ပွဲက အခုမှစခြင်းဖြစ်၏။ နောက်တစ်ခဏမျှ အကြာတွင် ညှိသည်နပန်းသမားများထဲမှ တစ်ဦးက ခေါင်းစည်း ပဝါတစ်ထည်ကို ကောက်ယူလိုက်သဖြင့် လူတိုင်းအံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။ ထူးခြားကြီးကျယ်ပြီး ဝမ်းသာဖို့ကောင်းသည့် ဖြစ်ရပ်တစ်ခုပေတည်း။ သို့တစေလည်း ကံထူးသော မိန်းမပျိုသည် တစ်ရွာသားနှင့်လက်ထပ်ပြီး ရွာမှ အပြီးအပိုင် ထွက်ခွာသွားရမည့် ပထမဦးဆုံး မိန်းကလေးတော့မဟုတ်ပေ။

[၁၃]

ကောက်သိမ်းပွဲတော်၏ နောက်ဆုံးနေ့မနက်တွင် ကွမ်တာသည် သံသေးသံကြောင်ဖြင့် ကျယ်လောင်စူးရှစွာ အော်ဟစ်နေကြသော အသံများကြောင့် အိပ်ပျော်နေရာမှ လန့်နိုး လာသည်။ သူသည် ဒန်းဒီးကိုးအင်္ကျီကို ကပျာကယာယူဝတ် ပြီး အပြင်သို့အပြေးအလွှား ထွက်ခဲ့သည်။ အနီးအနားရှိတဲများရှေ့တွင် ကြောက်မက်ဖွယ်ကောင်းသည့် မျက်နှာဖုံးများ စွပ်ထားသည့် လူခြောက်ယောက်သည် ခုန်လိုက်ပေါက်လိုက် လုပ်နေကြသည်။ လက်ထဲမှ လှံကြီးများကို မြှောက်မြှောက်ပြီး သံသေးသံကြောင်ဖြင့် ဆူညံစွာအော်ဟစ်နေကြသည်။ ဦးခေါင်းများတွင် ခေါင်းဆောင်းရှည်ကြီးများဆောင်းထားပြီး ကိုယ်များပေါ်တွင် သစ်ရွက်နှင့်သစ်ခေါက်များ ဝတ်ထားကြသည်။ ကွမ်တာသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ရပ်ကြည့်နေမိ၏။ သူကြည့်နေခိုက်မှာပင် လူတစ်ယောက်သည် တစ်တဲချင်းစီကိုဝင်၍ အထဲမှ တတိယဆင့် ကာဖိုးအရွယ် လူငယ်တစ်ယောက်စီကို ကြမ်းတမ်းစွာ လက်မောင်းမှ ဆွဲကိုင်ပြီ အော်ဟစ်ကြိမ်းမောင်းကာ အပြင်သို့ ထုတ်လာလျက်ရှိလေသည်။

ထိတ်လန့်ကြောက်ရွံ့နေကြသော ဒုတိယဆင့်ကာဖိုးအရွယ် သူငယ်များသည် ကွမ်တာ့အနီး၌ လာ၍ စုကြသည်။ ကွမ်တာသည် တဲတစ်လုံး၏ထောင့်သို့ လှမ်း၍ တစ်ချက်ခိုးကြည့်သည်။ တတိယဆင့်ကာဖိုး သူငယ်များသည် အဖြူရောင် ချည်ခေါင်းစွပ်ကြီးများ စွပ်ထားကြသည်ကို မြင်ရ၏။ ကွမ်တာ၊ စီတာဖာနှင့် အပေါင်းအသင်းများအား မြင်လိုက်သောအခါ မျက်နှာဖုံးစွပ်လူကြီးများထဲမှ တစ်ယောက်သည် လှံကြီးကိုမြှောက်၍ အော်ဟစ်ကာ သူတို့အားလိုက်သည်။ ကွမ်တာတို့လူစုသည် ကစဉ့်ကလျား ထွက်ပြေးကြသည်။ တစ်ရွာလုံးမှ တတိယဆင့်ကာဖိုးများ အားလုံးစုမိသောအခါ ချက်ချင်းပင် လက်မှဆွဲခေါ်သွားပြီး ရွာပြင်သို့ ထုတ်သွားကြသည်။

ဤသူငယ်များအား ယောကျာ်းဖြစ်ရေးသင်တန်းအတွက် ဂျပ်ဖူရီရွာမှ ဝေးရာသို့ ပို့ပစ်ခြင်းဖြစ်သည်ဟု ကွမ်တာ သိရသည်။ သူ့အနေဖြင့် ယခုလို ကြမ်းကြမ်းတမ်းတမ်း လုပ်လိမ့်မည်ဟူ၍ကား လုံးဝမမျှော်လင့်ခဲ့မိပေ။ သူတို့အား လေ့ကျင့်သင်တန်းပေးမည့် လူကြီးများက ယခုလိုဆွဲထုတ်သွားခြင်းသည် တစ်ရွာလုံးအတွက် စိတ်ထိခိုက်စရာတစ်ခုပင်ဖြစ်၏။ ဤအဖြစ်မျိုးနှင့် ကြုံခဲ့ပြီးသည့် နောက်ပိုင်းရက်များတွင် ကွမ်တာနှင့်သူငယ်ချင်းများသည် ဤအကြောင်းနှင့်ပတ်သက်၍ ကြောက်စရာကောင်းသည့် အပိုင်းများကို ပြောမိကြသည်။ အထူး သဖြင့် ပို၍ကြောက်စရာကောင်းသော လေ့ကျင့်သင်ကြားမှုအကြောင်းများကို သူတို့ကြားထားသည့်အတိုင်း ပြောမိဆိုမိကြ၏။

ယခုထွက်သွားရသော သူငယ်ချင်းများသည် လပြည့်ပေါင်း ဆယ့်နှစ်လပြည့်မှ ရွာသို့ပြန်လာကြရလိမ့်မည်ဖြစ်သည်။ ထိုအချိန်တွင် သူတို့သည် လူလားမြောက်ကာ ယောကျာ်းကြီးများ ဖြစ်နေကြပေတော့မည်။ သို့သော်လည်း သင်တန်း တက်နေရသူများသည် နေ့စဉ် အရိုက်ခံရသည်ဟု သူ့အား ကောင်လေးတစ်ယောက်ကပြောကြောင်း ကွမ်တာက ဖောက်သည်ချသည်။ ကာရာမိုဟုခေါ်သော သူငယ်တစ်ယောက်က သူတို့အား တိရစ္ဆာန်ရိုင်းတွေကို အမဲလိုက်ခိုင်းသည်ဟု ပြောပြဖူးကြောင်းလည်း ကွမ်တာက ပြောပြသည်။ စီတာဖာကလည်း သင်တန်းသားများအား ညကြီးမင်းကြီးကျခါမှ တောနက်ကြီးထဲသို့ခေါ်သွားကာ တစ်ယောက်စီခွဲ၍ ထားပစ်ခဲ့ကြောင်း၊ ကိုယ့်ဘာသာကိုယ် လမ်းရှာ၍ ပြန်ကြရကြောင်း စသည်များကို သူကြားဖူးသည့်အတိုင်း ပြောပြပြန်သည်။ သို့သော်လည်း သူတို့သည် သူတို့ကြားဖူးထားသည့် အဆိုးဆုံးကိစ္စတစ်ခုကိုမူ စကားစပ်၍ပင် မပြောရဲကြပေ။ ထိုအကြောင်းကိုတွေးမိတိုင်း ကွမ်တာသည် ကိုယ်ရောစိတ်ပါ တုန်လှုပ်ခြင်းဖြစ်ရ၏။ သူကြားဖူးထားသည့်အတိုင်းဆိုလျှင် ဤသင်တန်းကာလအတွင်း သင်တန်းသားတိုင်း၏ ဖိုတို (တန်ဆာ) အစိတ်အပိုင်းကို အဖြတ်ခံရမည်ဖြစ်သည်။ ဤကိစ္စသည် သူတို့အဖို့ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ကိစ္စတစ်ခုဖြစ်နေပေသည်။ ဤသင်တန်းအကြောင်း များများပြောမိလေ ကြောက်စရာတွေ များလာလေ ဖြစ်လျက်ရှိ၏။ ကြာတော့လည်း ဤအကြောင်းကိုပြောပြရမှာ ကြောက်သဖြင့် မပြောရဲကြတော့ပေ။

ကွမ်တာတို့အုပ်စုသည် ယခင်ကနှင့်စာလျှင် ဆိတ်ကျောင်းလုပ်ငန်း၌ ပို၍ကျွမ်းကျင်လာကြသည်။ သို့တစေလည်း ဆိတ်ကျောင်းခြင်းနှင့်ပတ်သက်၍ သိစရာသင်စရာတွေက အများကြီးရှိနေသေး၏။ သူတို့အလုပ်မှာ မနက်ပိုင်းတွင် အခက်ခဲဆုံးဖြစ်သည်။ မနက်ဆိုလျှင် မှက်များသည် အုပ်လိုက်ဖွဲ့၍ ရောက်လာပြီး ဆိတ်များကို ကိုက်ခဲကြသည်။ မှက်များကိုက်သည့်ဒဏ်မခံနိုင်သော ဆိတ်များသည် အမြီးတရမ်းရမ်း ကိုယ်တလှုပ်လှုပ်

မြန်မာ စာအုပ်များ

လုပ်ကာ သွားမိသွားရာ ထွက်သွားတတ်သည်။ ဤအချိန်တွင် ကွမ်တာတို့သည် ဆိတ်များ တစ်ကောင်ချင်းစီကွဲထွက်မသွားအောင် အထူးသတိထား၍ ထိန်းရသည်။ မွန်းတည့်ချိန်နီးလာ၍ နေပြင်းလာသည့်အခါတွင်မူ မှက်များသည် အေးရာအရပ်၌ ခိုရန် ထွက်ခွာသွားကြသည်။ ထိုအချိန်ကျမှဆိတ်များသည် ငြိမ်ငြိမ်အေးအေးအစာစား နိုင်ကြသည်။ ဆိတ်ကျောင်းသမားများမှာလည်း ထိုအခါကျမှပင် စိတ်အေးလက်အေး ကစားနိုင်ကြ လေသည်။

ယခုအခါတွင် ကွမ်တာတို့သည် ကိုင်းလောက်လေးများကို ကောင်းစွာပစ်တတ်ကြပြီဖြစ်၍ သူတို့ဖခင်များက လေးနှင့်မြားများကိုပင် ပေးထားကြပြီဖြစ်၏။ အသစ်အဆန်းဖြစ်သော လေးများသည် သူတို့အတွက် ယုန်၊ ရှဉ့်၊ ကြွက်နှင့် ပုတတ်စသော သတ္တဝါငယ်များကို လက်တည့်စမ်းစရာ လက်နက်များ ဖြစ်နေသည်။

နေပူရှိန်သည် တစ်နေ့ထက်တစ်နေ့ ပြင်းလာသည်။ မှက်များသည်လည်း ဆိတ်များထံမှ အစောကြီး ခွာသွားကြသည်။ ဆိတ်များသည် မြက်ပင်ရှည်ကြီးများ၏ အောက်ခြေ မြေပြင်၌ တွယ်ကပ်ပေါက်နေသော မြက်ပင်ငုတ်တိုကလေးများကို ခြေနှစ်ဖက်ထောက်ကာ ကတ်သီးကတ်သတ်ဝင်စားကြသည်။ ကွမ်တာတို့ကတော့ အပူရှိန်ကို သတိမပြုနိုင်ကြ။ ပြေးဟယ် လွှားဟယ်နှင့် ကစား၍အားမရနိုင်ကြ။ နေ့လယ်စာ စားပြီး ဗိုက်များပြည့်သည်နှင့် နပန်းလုံးကြ၊ အပြေးပြိုင်ကြသည်။ တစ်ခါတစ်ရံ စစ်တိုက်တမ်းကစားကြသည်။ ငြိမ်းချမ်းရေးအမှတ်အသားဖြစ်သော မြက်ပင်တစ်ဆုပ်ကိုင်လာမှပင် စစ်ပွဲကို ရပ်စဲကြသည်။ ထို့နောက် သူတို့ခြေထောက်များကို ယုန်သွေးနှင့်ဆေး၍ စစ်သွေးစစ်ဟန်ပျောက်အောင်လုပ်ကြသည်။ အဘွားအိုများထံမှ ကြားခဲ့ရသည့် ပုံပြင်များတွင် တကယ့် စစ်သည်များသည် သိုးငယ်တစ်ကောင်၏ အသည်းစုံများဖြင့် ခြေထောက်များကိုဆေး၍ စစ်သွေးစစ်စိတ်ပျောက်အောင်လုပ်ကြသည်မဟုတ်ပါလော။

တစ်ခါတစ်ရံတွင် ကွမ်တာနှင့် သူ့အဖော်များသည် သူတို့အပေါ် အလွန်သစ္စာရှိသော ဇူလိုခွေးများနှင့် ခုန်ပေါက်ပြေးလွှားကစားကြသည်။ ဤခွေးများသည် ခန့်ဒင်ကာလူမျိုးစုတို့ ရာစုနှစ်ပေါင်းများစွာကတည်းက စဉ်ဆက်မပြတ် မွေးလာခဲ့သည့်ခွေးများဖြစ်၍ အာဖရိကတစ်တိုက်လုံးတွင် အမဲလိုက်အလုပ်နှင့် ကာကွယ်စောင့်ရှောက်သည့်အလုပ်များတွင် အကောင်းဆုံးခွေးများအဖြစ် ထင်ရှားကျော်ကြားသည်။ ဇူလိုများ၏ အုသံဟောင်သံများကြောင့် ခွေးအများသည် ဆိတ်အုပ်နားသို့ ကပ်၍မရ။ ကွမ်တာတို့လူစုမှဆိုးလုပ်တမ်းကစားကြသည့်အခါ သူတို့စိတ်ကူးထဲ၌ သူတို့လိုက်လံ ချောင်းမြောင်းနေသည့် သတ္တဝါများထဲတွင် ကြံ့များ၊ ဆင်များ၊ ကျားသစ်များနှင့် ခြင်္သေ့များ ပါဝင်သော်လည်း ဆိတ်များအားရန်ပြုလေ့ရှိသည့် ခွေးအများကိုမူ သားကောင်အဖြစ် ထည့်၍ပင် မစဉ်းစားကြပေ။

တစ်ခါတစ်ရံတွင်မူ ကွမ်တာသည် စားကျက်ကောင်းကောင်း အရိပ်ကောင်းကောင်း လိုက်လံရှာဖွေနေသည့် ဆိတ်များနောက်မှ တကောက်ကောက်လိုက်ရင်း အဖော်များနှင့် ကွဲသွားတတ်သည်။ ပထမဆုံးကြုံတွေ့စကမူ သူသည် အထိတ်ထိတ် အလန့်လန့်ဖြစ်ကာ ဆိတ်များကို ကသုတ်ကရက်မောင်းပြီး စိတာဖာတို့ထံ အမြန်ပြန်လာတတ်၏။ သို့သော်လည်း နောက်ပိုင်းကျတော့ ထိုကဲ့သို့ တစ်ယောက်တည်း ဖြစ်သွားရခြင်းကိုပင် သဘောကျလာသည်။ ထိုအချိန်ကလေးတွင် သူတစ်ယောက်တည်း သားကောင်ကြီးတွေကို ချောင်းမြောင်းကြည့်ရှုခွင့်ရတတ်သည် မဟုတ်ပါလား။ ရံဖန်ရံခါတွင် ကွမ်တာသည် ထိုသားကောင်ကြီးများနှင့်ပတ်သက်၍ စိတ်ကူးနှင့် ရူးလေ့ရှိသည်။ ထိုအခါမျိုးတွင် သူ့စိတ်ကူးထဲ၌ သမင်ကြီးများ၊ ကျားသစ်များ၊ ခြသေ့်များနှင့် တွေ့နေတတ်၏။ ကြောက်စရာအကောင်းဆုံးနှင့် ဘေးအန္တရာယ်အများဆုံး ကျွဲရိုင်းကြီးတစ်ကောင်တလေပင် သူ့စိတ်ကူးထဲ၌ ပါလာတတ်သည်။

ကွမ်တာ ခြေရာခံ၍လိုက်နေသော ကျွဲသည် တစ်နယ်လုံးကို ချောက်ချားစေခဲ့သော ကျွဲ ဖြစ်၏။ ထိုသတ္တဝါကြီးကိုသတ်ရန် မုဆိုးအများအပြား ခြေရာခံ၍ လိုက်ခဲ့ကြသည်။ တွေ့သည့်အခါ ပစ်ကြခတ်ကြသည်။ ဒဏ်ရာရပြီး ထွက်ပြေးလွတ်မြောက်သွားသည်ချည်းဖြစ်သည်။ ပစ်ခတ်သည့်မုဆိုးများမှာလည်း တစ် ယောက်ပြီးတစ်ယောက် ကျွဲ၏ခြေဖျားတွင် အသက်စတေးသွားကြရသည်။ ဒဏ်ရာများရထားသဖြင့် ကျားနာလို ဖြစ်နေသော ကျွဲကြီးသည် ယခင်ကထက်ပို၍ သောင်းကျန်းလာသည်။ အပြင်သို့ထွက်၍ ယာလုပ်နေကြသော ဂျပ်ဖူရိရွာသား အများအပြားမှာ သွေးဆာနေသည့် ကျွဲကြီး၏ ချိုဖျားတွင် အသက်ပါနေကြရသည်။ နာမည်ကျော် ဆင်ဘွန် (မုဆိုးကြီး) ကွမ်တာကင်တီသည် တောနက်ကြီးထဲ ရောက်နေသည်။ ပျားအုံများကို စားသောက်ကာ သူ့ခွန်အားကို ပြည့်နေသည်။ ဤအခိုက်တွင် သူ့ဇာတိရွာမှ လူအများအား ကယ်ဆယ်ပါရန် သူ့အား မေတ္တာရပ်ခံတောင်းပန်နေသည့် ဗုံသံ ကြားရသည်။ သူငြင်းပယ်၍ မရနိုင်သည့် အလုပ်တစ်ခုပါတကား။

ကွမ်တာ၏ ခြေထောက်များအောက်မှ မြက်ခြောက်များသည်ပင်လျှင် ချိုးချိုးချွတ်ချွတ်အသံမကြားရ။ ကွမ်တာသည် ထိတ်ထိတ်ကြဲဆင်ဘွန်ကြီးများ၏ ခြေရာခံနည်းကိုသုံး၍ လိုက်သည်။ မကြာခင်မှာပင် သူရှာနေသည့် ခြေရာများကို တွေ့သည်။ သူမြင်ဖူးခဲ့သမျှ ကျွဲခြေရာများထက် အဆများစွာကြီးသည့် ခြေရာ ကြီးများဖြစ်၏။ သူသည် ခြေသံမထွက်အောင် တိတ်တိတ်လေးလိုက်သည်။ သူ့နှာခေါင်းမှရသည့် အနံ့ဖြင့် လတ်လတ်ဆတ်ဆတ် ကျွဲချေးပုံကြီးကိုတွေ့သည်။ နောက်ဆုံးတွင် ကျွဲဘီလူးကြီးကို သူမြင်ရသည်။ အလွန်မြင့်မားထူထပ် သိပ်သည်းသော သစ်ပင်ကြီးများကြား၌ မှန်းအောင်းနေခြင်းပေတည်း။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ကွမ်တာကင်တီသည် သတိကြီးစွာဖြင့်ချိန်ရွယ်ပြီး လေးမှမြားကို လွှတ်သည်။ ချက်ကောင်းကိုထိမှန်ပြီဖြစ်၏။ သို့သော်လည်း မသေသေး။ ကျွဲကြီးသည် ရုတ်တရက် ခုန်ထလာပြီ· တစ်ကိုယ်လုံးကို ဘေးတစ်ဖက်တစ်ချက်သို့ ယမ်းကာ ကွမ်တာဆီသို့ အရှိန်ပြင်းစွာဖြင့် ပြေးလာသည်။ သူသည် လျင်မြန်စွာ ဖျတ်ခနဲ ခုန်ရှောင်လိုက်ပြီး အသင့်ပြင်ထားသည့် ဒုတိယမြားကို လွှတ်သည်။ ကျွဲကြီးသည် အရှိန်ပြင်းစွာဖြင့် ရှေ့သို့လွန်သွားကာ ခေါင်းစိုက်၍ လဲကျသေသွားသည်။

ကွမ်တာက လက်ခေါက်မှုတ်၍ အချက်ပေးလိုက်သည့်အခါ ပုန်းအောင်းနေသော မုဆိုးများသည် ကြောက်လန့်တုန်လှုပ်စွာဖြင့် ထွက်လာကြသည်။ ဤကျွဲကြီးအား လိုက်လံပစ်ခတ်ကြသူများထဲမှ မသေဘဲကျန်ခဲ့သည့် မုဆိုးများပေတည်း။

ကွမ်တာက ကျွဲသေကိုသယ်ရန် ဂျပ်ဖူရီရွာသားများအား သွားခေါ်ခိုင်းသည်။ ကွမ်တာ ရွာအဝင်တွင် သူ့ခြေထောက်များကို ဖုန်မပေစေရန် ဂိတ်တံခါးအဝင်မှ စ၍ နွားရေများ ခင်းပေးကြသည်။ မုံကလည်း 'ဆင်ဘွန်ကင်တီ'ဟူသော အမည်ကိုတီးခတ်လျက်ရှိ၏။ ကလေးသူငယ်များကလည်း 'ဆင်ဘွန်ကင်တီ'ဟု အော်ဟစ်နေကြသည်။ လူအများသည် သူ့အားထိတွေ့ကိုင်တွယ်ရန် ဝိုင်းအုံတိုးဝှေ့နေကြသည်။

ပရိသတ်များအလယ်မှ သူ့ထံသို့လျှောက်လာနေသော မိန်းမပျိုတစ်ဦး။ ဂျပ်ဖူရီဒေးစ်ရွာလုံးရှိ အပျိုစင်အားလုံးတွင် အသားအမည်းဆုံး၊ အလှဆုံး၊ ကျက်သရေအရှိဆုံး၊ ကိုယ်လုံးကိုယ်ပေါက်အတောင့်ဆုံး မိန်းမပျိုဖြစ်၏။ ဂမ်ဘီယာတစ်နယ်လုံးမှာပင် အလှဆုံးဖြစ်နိုင်လောက်သော မိန်းမပျိုဖြစ်၏။

မိန်းမပျိုသည် သူ့ရှေ့၌လာ၍ဒူးထောက်ကာ ဘူးသီးခြောက် ရေဘူးတစ်ဘူး လှမ်းပေးသည်။ သို့သော်လည်း ကွမ်တာကင်တီက ရေမသောက်။ ထို့ကြောင့် သူ့လက်ချောင်းများကို ရေထဲနှစ်ပြီး ပြန်ပေးလိုက်သည်။ မိန်းမပျိုက ရွှင်လန်းမြူးထူးစွာဖြင့် ရေကို အငမ်းမရသောက်သည်။ ကွမ်တာကင်တီအပေါ်၌ သူမေတ္တာအပြည့်အဝရှိကြောင်းကို လူတိုင်းသိသွားအောင် ပြသခြင်းပေတည်း။

ပရိသတ်သည် ရုတ်တရက်ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ တောင်ဝှေးကိုယ်စီဖြင့် လျှောက်လာနေကြသော အဘိုးအို အိုမိုရိုနှင့် အဘွားအို ဘင်တာတို့အား လမ်းဖယ်ပေးကြခြင်းဖြစ်၏။ မုဆိုးကြီးကင်တီအား မိခင်က ပွေ့ဖက်နှုတ်ဆက်နေခိုက်တွင် ဖခင်အိုမိုရိုက ဂုဏ်ယူဝင့်ကြွားသောမျက်လုံးအစုံဖြင့် နောက်မှ ရပ်ကြည့်နေသည်။ ဂျပ်ဖူရီရွာသူရွာသားများသည် "ကင်တီ ကင်တီ" ဟု အဆက်မပြတ် သီကျူးရေရွတ်နေကြသည်။ ခွေးများကပင် ဟောင်၍ သြဘာပေးနေကြသည်။

ယခု ဟောင်၍သြဘာပေးနေသောခွေးသည် သူ့ခွေးများလား။ "ကင်တီ ကင်တီ" အလန့်တကြား အော်ခေါ်နေသည့်အသံ။ စိတာဖာများလား။ ကွမ်တာ သတိပြန်ဝင်

လာသည်။ သူ သတိမေ့ပြီးပစ်ထားခဲ့သော ဆိတ်အုပ်သည် တစ်စုံတစ်ယောက်၏ ယာခင်းဆီသို့ ထွက်သွားကုန်ပြီ။ စိတ်တာဖာနှင့် သူ၏ သူငယ်ချင်းများသည် ဆိတ်အုပ်အား ယာခင်းထဲသို့မဝင်မီ ပြန်လည်စုစည်းပြီး မလာခဲ့ကြသည်။ အကြီးအကျယ် အရှက်ကွဲခဲ့ရသော ကွမ်တာသည် ယင်းကဲ့သို့ စိတ်ကူးယဉ်အိပ်မက်များကို လတစ်လပြည့်သည်အထိ မမက်ရဲတော့ချေ။

[၁၄]

နေအပူရှိန်သည် တစ်နေ့ထက်တစ်နေ့ ပြင်းထန်လာသည်။ လပြည့်ပေါင်း ငါးလမျှကြာမည့် ခြောက်သွေ့ပူပြင်းသောရာသီသည် အစပြုလေပြီ။ တဲအတွင်း၌နေသူများလည်း အပူဒဏ်ကို ပြင်းထန်စွာခံကြရသည်။ ယာခင်းထဲထွက်၍ အလုပ်လုပ်နေသူများနှင့် ဘာမှမခြား။ ချွေးများသည် ရေချိုးထားသည့်နှယ် စိုရွှဲလျက်ရှိကြသည်။ နံနက်ခင်း ဆိတ်ကျောင်းမထွက်မီ ကွမ်တာသည် သူ့ခြေထောက်များကို ဆီလိမ်းသွားသည်။ သို့သော်လည်း ညနေပိုင်း အိမ်ပြန်လာသည့်အခါ သူ့နှုတ်ခမ်းများသည် ခြောက်သွေ့နေကြသည်။ မီးဖုတ်ထားသလိုဖြစ်နေသော မြေပြင်ကို တစ်နေ့လုံး နင်းလာခဲ့ရသည့် ခြေထောက်များသည် အဆမတန်ခြောက်သွေ့ကာ ကွဲအက်နေကြ၏။ အချို့သူငယ်များ၏ ခြေထောက်အကွဲများမှ သွေးများပင် ထွက်နေကြ၏။ သို့သော်လည်း သူငယ်များသည် သူတို့ဖခင်များကဲ့သို့ပင် ညည်းညူခြင်းမပြု။ ရွာထဲ၌ ခံစားနေရသည့် အပူရှိန်ထက် အဆပေါင်းများစွာ ပို၍ပူပြင်းသော စားကျက်ကွင်းထဲသို့ နံနက်တိုင်း ဝတ္တရားမပျက် ထွက်ကြသည်။

နေအမြင့်ဆုံးအချိန်သို့ရောက်သောအခါ သူငယ်များသည် သူတို့ခွေးများ၊ ဆိတ်များနှင့်အတူ သစ်ပင်ရိပ်များအောက်သို့ ဝင်ခိုကြသည်။ ပူလွန်းသဖြင့် အမဲလိုက်ဖို့ပင် မစဉ်းစားနိုင်။ အများအားဖြင့် သစ်ပင်များအောက်၌ ထိုင်ကာ ရောက်တတ်ရာရာပြောရင်း အချိန်ဖြုန်းကြသည်။ မည်သို့ပင်ဖြစ်စေ ဤအချိန်မှာတော့ ဆိတ်ကျောင်းရသောအလုပ်သည် ပျင်းရိငြီးငွေ့စရာကောင်းလျက်ရှိလေသည်။

နေ့ခင်းဘက်တွင် အလွန်အမင်းပူပြင်းလျက်ရှိသော်လည်း နေဝင်သည်နှင့်တစ်ပြိုင်နက် အအေးဓာတ်ဝင်လာသည်။ အပူရှိန်ကဲ့သို့ပင် မခံမရပ်နိုင်အောင် အေးခြင်းဖြစ်၍ ဆိတ်ကျောင်းရင်း ခွေလာသည့် ထင်းများသည် များစွာအသုံးတည့်လျက်ရှိသည်။ ညစာစားပြီးသည်နှင့် ဂျပ်ဖူရီရွာသူရွာသားများသည် ကိုယ့်အုပ်စုနှင့်ကိုယ် မီးဖိုဘေး၌ ထိုင်နေကြလေပြီ။ အိုမိုရိုတို့အရွယ် လူကြီးများသည် မီးဖိုတစ်ဖိုတွင်စုထိုင်ကာ စကားစမြည်ပြောနေကြသည်။ သူတို့နှင့် ခပ်လှမ်းလှမ်း တစ်နေရာရှိ မီးဖိုတွင်မူ အဘိုးအိုများ၊

နောက်တစ်ဖိုတွင်မူ အမျိုးသမီးများသည် အပျိုမများနှင့် တစ်အုပ်စုဖွဲ့၍ ထိုင်လျက်။ အဘွားအိုများကတော့ ထုံးစံအတိုင်း စတုတ္ထမြောက်မီးဖိုခွဲ ကလေးသူငယ်များနှင့် ရောထိုင်ကာ ပုံတိုပတ်စများ ပြောလျက်ရှိကြ၏။

ကွမ်တာတို့အရွယ် သူငယ်အုပ်စုသည် လူကြီးများအုပ်စုနှင့် ဝေးဝေး နေရာယူကြသည်။ အဘွားအိုများပြောနေသည့် ပုံပြင်များကိုတော့ ကြားနိုင်လောက်သည့်နေရာဖြစ်သည်။ သူတို့ကိုယ်တိုင်မှာလည်း ဆူညံစွာစကားပြောလျက်ရှိကြသည်။ တစ်ခါတစ်ရံတွင်မူ သူတို့အုပ်စုသည် စကားပြောရပ်ကာ လူကြီးများ ဘာပြောနေကြသည်ကို နားစွင့်ကြသည်။ လူကြီးများ၏စကားဝိုင်းတွင် ပြောနေကြသည့် အကြောင်းအရာမှာ 'အပူ'အကြောင်းကများသည်။ အပူရှိန်ပြင်းလွန်း၍ ခံစားခဲ့ရသည့် အတိတ်ကဒုက္ခများကို ပြန်ပြောင်းပြောနေကြခြင်းဖြစ်၏။ လူကြီးများ၏စကားကို ကြားနေရသော ကွမ်တာက လူကြီးများသည် ဘယ်တော့မဆို အဆိုးဆုံးသောအရာကို အမြဲသတိရတတ်သည်ဟု တွေးသည်။

ထို့နောက် ရုတ်တရက်ချက်ချင်း ပြောင်းလဲမှုဖြစ်လာသည်။ လေပူကြီးကို ရှူလာရသည်။ ထိုညတွင် လူများသည် စောင်ခြုံများအောက်၌ ကွေးကာ တစ်ကိုယ်လုံး တုန်နေကြသည်။ အအေးဓာတ်သည် အရိုးများကွဲမတတ် ပြင်းထန်လျက်ရှိ၏။ နောက်တစ်နေ့မနက်တွင် အသက်ရှူကြရသည်မှာ မဝသလိုဖြစ်နေကြသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ဟာမက်တန်လေတိုက်ခတ်စပြုသည်။ ဟာမက်တန်လေသည် မြောက်အရပ်မှလာသော လေအေးဖြစ်၏။ ခပ်ငြိမ်ငြိမ်ခပ်မှန်မှန် နေ့ရောညပါ အဆက်မပြတ်တိုက်ခတ်နေသော ဤလေသည် ဂျပ်ဖူရီရွာသားများ၏ အကြောအခြင်များကို ဖြည်းဖြည်းချင်း တိုက်စားဝါးမျိုသွားနေသည့်နှယ်ရှိသည်။ မိဘများသည် သူတို့သားသမီးများအပေါ် ခါတိုင်းထက်ပို၍ စိတ်ဆိုးလွယ်လာကြသည်။ မန်ဒင်ကာလူမျိုးများကြားတွင် အသေးအဖွဲ ကိစ္စလေးများကို ယိုးမယ်ဖွဲ့၍ စကားကတောက်ဆဖြစ်တတ်ကြသည်မှာ ထုံးစံ။ သို့သော်လည်း ပြင်းပြင်းထန်ထန်မဟုတ်။ ယခုအခါတွင်မူ အချို့လူကြီးများသည် တစ်နေ့လျှင် တစ်ကြိမ်လောက် တစ်ယောက်ကိုတစ်ယောက် ဒေါသတကြီး အော်ကြဟစ်ကြ ရန်ဖြစ်ကြသည်။ အထူးသဖြင့် အိုမိုရိုနှင့်ဘင်တာတို့လို လူရွယ် ဇနီးမောင်နှံများကြားတွင် နေ့စဉ်လောက်နီးပါး အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြသည်။ ထိုအခါ တဲနားနီးချင်းများ အုပ်လိုက်ရောက်လာကြပြီး ဝိုင်းအုံကြည့်ကြသည်။ သူတို့ကြားမှနေ၍ အမျိုးသမီး၏မိခင်က တဲထဲသို့ဝင်သည်။ တစ်ခဏအတွင်း တဲထဲမှအသံများ ပို၍ကျယ်လာသည်။ ပန်းကန်ခွက်ယောက်များ၊ အိုးများ၊ ဘူးခြောက်များ၊ ထိုင်ခုံများနှင့် အဝတ်အစားများ အပြင်သို့သယ်ထုတ်လာသည်။ ထို့နောက် ဇနီးနှင့် ယောက္ခမတို့သည် တဲပြင်ရောက်နေသည့် ပစ္စည်းအားလုံးကို တစ်ယောက်စီခွဲသယ်ကာ မိခင်၏တဲသို့ ထွက်သွားကြလေတော့၏။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

လနှစ်ကြိမ်ခန့် ပြည့်ပြီးသည့်နောက်တွင် ဟာမက်တန်မြောက်လေသည် ရုတ်တရက် ရပ်သွားသည်။ ကောင်းကင်သည် ကြည်လင်လာသည်။ ရန်ဖြစ်ပြီး အိမ်မှ ဆင်းသွားကြသော ဇနီးများသည် သူတို့ခင်ပွန်းများထံသို့ အစုလိုက်ပြန် ရောက်လာကြသည်။ သူတို့ယောက္ခမများနှင့် လက်ဆောင်များ အပြန်အလှန် ပေး၍ ကြေအေးကြသည်။ ခြောက်သွေ့ပူပြင်းသောရာသီသည် တစ်ဝက်မျှသာကုန်သေး၏။ အစားအစာပေါများဆဲဖြစ်သော်လည်း ပူလွန်း၍ မည်သူမျှ များများမစားနိုင်။ လူတိုင်းလိုလို အပူဒဏ်ကြောင့် အာအင်ကုန်ခန်းနေကြသည်။ စကားလည်း များများမပြောနိုင်။ အလုပ်နှင့်ပတ်သက်၍လည်း လုံးဝမလုပ်မဖြစ်သည့် အလုပ်လောက်ကိုသာ လုပ်ကြသည်။

ပိန်ချုံ့နေကြသော ကျွဲ နွားများ၏ အရေပြားပေါ်တွင် အနာများပေါက်သည်။ ယောင်ကိုင်းပြီရဲနေသော ထိုအနာများပေါ်တွင် ယင်ကြီးများက ဥများ အုသွားကြသည်။ ကြက်များမှာလည်း အရိုးပေါ် အရေတင်မျှသာကျန်သည်။ ယခင်ကလို လှုပ်ရှားသွားလာခြင်း သိပ်မရှိ။ ဖုန်ထဲတွင်ဝပ်ကာ အတောင်များကိုဖြန့်၍ နှုတ်သီးများကို ဟထားကြသည်။ မျောက်များ၏ အသံကိုပင် ယခင်ကလို မကြားရ။ ဆိတ်များသည်လည်း ယခင်ကလို အစာကို ငမ်းငမ်းတက်မစားနိုင်။ တဖြည်းဖြည်းနှင့် ပိန်လှီခြောက်ကပ်လာကြသည်။

အကြောင်းတစ်ခုခုကြောင့် (ပူလွန်း၍ သို့မဟုတ် အသက်ရလာ၍ ဖြစ်ကောင်းဖြစ်မည်) ကွမ်တာနှင့်သူ့အဖော်များသည် ယခင်ကလို စုစုစည်းစည်း ဆိတ်ကျောင်းနေရသည့်အလုပ်ကို မက်မောခြင်းမရှိတော့။ တစ်ခါတစ်ရံကိုယ့် ဆိတ်အုပ်နှင့်တစ်နေရာတွင် တစ်ယောက်တည်း ရောက်နေလေ့ရှိ၏။ ကွမ်တာကိုယ်တိုင် ယင်းကဲ့သို့ဖြစ်နေသည်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ။

ကွမ်တာသည် သူ့နဖူးမှယိုစီးကျနေသော ချွေးများကို သုတ်လိုက်သည်။ သူတို့ရွာသူရွာသားများသည် အခက်အခဲ တစ်ခုမဟုတ် တစ်ခုနှင့် အမြဲရင်ဆိုင်နေရသည်ဟု ထင်မိသည်။ ကိုယ်စိတ်နှစ်ပါး မသက်သာစရာ သို့မဟုတ် ခက်ခဲသော သို့မဟုတ် ကြောက်စရာကောင်းသော သို့မဟုတ် ဘဝကိုခြိမ်းခြောက်နေသော ပြဿနာတစ်ခုခုသည် အမြဲတမ်းလိုလို ပေါ်လာနေသည်ချည်းဖြစ်သည်ဟုလည်း ထင်နေမိသည်။ ပူပြင်းသောနေ့ရက်များနှင့် အေးမြသောညများကို သူတွေးကြည့်သည်။ ထို့နောက် အဆက်မပြတ် ရွာနေသည့်မိုး...။ ရွာထဲရွာပြင် နေရာအနှံ့အပြားတွင် ရွှံ့တွေ ဗွက်တွေ ရေတွေနှင့် ပြည့်လာသည်။ ယခင်က ခြေလှမ်းများသည် လုံးဝပျောက်ကွယ်သွားကြသည်။ ဘယ်ကိုပဲသွားသွား လှေများနှင့် သွားကြရ၏။ သူတို့အနေဖြင့် မိုးကိုရော နေကိုပါ ရဖို့လိုကြ၏။ သို့သော်လည်း မှန်မှန်ရသည်မရှိ။ အလွန်နည်းပြီးရလိုက်၊ အလွန်များပြီးရလိုက်၊ နောက်ဆုံး ဆိတ်တွေလည်း အစာရေစာဝကာ ဝဝဖြိုးဖြိုးဖြစ်လာကြပြီး သစ်

မြန်မာ စာအုပ်များ

ပင် တောတောင်များ စိုပြည်လန်းဆန်းကာ အပွင့်တွေ အသီးတွေနှင့် ဖြစ်လာသည့်တိုင် စိတ်ချရသည့် အခြေအနေမရှိ။ ကောက်သစ်များမပေါ်မီ ယမန်နှစ်က သိုလှောင်ထားသော သီးနှံများ ကုန်ခန်းသွားသဖြင့် အငတ်ဘေးနှင့် ရင်ဆိုင်ကြရသည်။ လူတွေအားလုံး ငတ်ပြတ်ကြ၊ သေသူတွေသေကြ။ သူအလွန်ချစ်သော သူ့အဘွား ယေဆာသည် အငတ်ဘေးနှင့်ပင် အသက်ဆုံးခဲ့ရသည် မဟုတ်ပါလား။

ကောက်သိမ်းရာသီသည် ပျော်စရာဖြစ်၏။ ထို့နောက် ကောက်သိမ်းပွဲတော်။ ပျော်စရာပင်ဖြစ်ပါ၏။ သို့သော်လည်း ရက်က မကြာလိုက်။ ခဏကလေးနှင့် ကုန်လွန်သွားသည်။ ထို့နောက်တော့ လများစွာကြာသော ပူပြင်းခြောက်သွေ့ရာသီ ဝင်လာပေဦးတော့မည်။ ပြီးလျှင် ကြောက်မက်ဖွယ်ကောင်းလှသည့် ဟာမက်တန် မြောက်လေက တိုက်ခိုက်ပေဦးတော့မည်။ ဆိတ်အုပ်ကို ရွာဘက်သို့ မောင်းလာနေသော ကွမ်တာသည် သူကြားဖူးခဲ့သည့် ပုံပြင်များထဲမှ သူ့ဘိုးဘွား ဘိုးဘင်များအကြောင်း သတိရနေမိသည်။ သူတို့ခေတ်ကလည်း ကြောက်လန့်ချောက်ချား မှုများနှင့် ဘေးအန္တရာယ်များကို အမြဲတစေ ရင်ဆိုင်ခဲ့ကြရ၏။ ဤအတိုင်းဆိုပါက သူတို့သည် ဤအခက်အခဲများနှင့် အမြဲရင်ဆိုင်သွားကြရဖို့ရှိတော့သည်ထင်၏။

ယခုဆိုလျှင် ညတိုင်း ဗလီဆရာကဦးစီး၍ အလ္လာဘုရားသခင်ထံ မိုးမြန်မြန်ရွာအောင် စောင်မဖို့ ဆုတောင်းကြသည်။ ထို့နောက် တစ်ရက်တွင် လေပြေ လေညင်း တိုက်ခတ်လာသဖြင့် ကွမ်တာ များစွာစိတ်လှုပ်ရှားရသည်။ ဤလေများ ရောက်လာပြီဆိုပါက မကြာမီ မိုးရွာတော့မည်။ နောက်တစ်နေ့မနက်တွင် တစ်ရွာလုံးရှိလူများသည် ယာခင်းများဘက်သို့ ထွက်ကြသည်။ ယာသမားများ သည် သူတို့စုတ်ထားခဲ့သည့် ပေါင်းမြက်ချုံနွယ် ပိတ်ပေါင်းများကို စုပုံမီးရှို့နေကြပြီ ဖြစ်၏။ မီးခိုးလုံးကြီးများသည် ယာခင်းများပေါ်တွင် တလိပ်လိပ်တက်နေကြသည်။ နေပူရှိန်ကတော့ မခံမရပ်နိုင်လောက်အောင်ပင် ပြင်းထန်သည်။ သို့သော် လည်း ချွေးတွေရွှဲနေသည့် လူများသည် ကကြခုန်ကြသည်။ သီချင်းတကြော်ကြော်ဆိုကြသည်။

နောက်တစ်နေ့တွင် တိုက်ခတ်လာသောလေသည် ယမန်နေ့က မီးရှို့ထားသည့် ပြာများကို ယာမြေအနှံ့သို့ရောက်အောင် ပို့ဆောင်ပေးသည်။ မြေဆီ မြေနှစ်တက်စေရန်ဖြစ်၏။ ယာသမားများသည် ပေါက်ပြားကိုယ်စီဖြင့် တူးကြ ဆွကြ ပေါင်းများဖွဲ့ကြလေပြီ။ ဘာလိုလိုနှင့် မဆုံးနိုင်သော ဥတုရာသီစက်ဝိုင်းအတွင်း၌ ကွမ်တာတို့နေထိုင်လာခဲ့သည်မှာ စိုက်ပျိုးရာသီ ခုနစ်ရာသီပင်ရှိခဲ့ပါပကောလား။

[၁၅]

နှစ်မိုးကုန်သွားခဲ့လေပြီ။ ဘင်တာ၏ဗိုက်သည် အကြီးကြီးဖြစ်လာပြန်၏။ စိတ်ကလည်း ယခင်ကထက် တိုလာသည်။ သားနှစ်ယောက်စလုံး မကြာခဏ အရိုက်ခံရ၏။ ကွမ်တာအဖို့ကတော့ မနက်တိုင်း ဆိတ်ကျောင်းထွက်နေသဖြင့် နာရီအနည်းငယ်ကြာမျှ ဘင်တာနှင့်ရင်မဆိုင်ရ။ သနားစရာကောင်းသည်မှာ သူ့ညီလာမင်းဖြစ်သည်။ လာမင်းမှာ ဆော့ကလည်း ဆော့သည့်အရွယ်။ အပြင်သို့ တစ်ယောက်တည်းထွက်၍လည်နိုင်ပတ်နိုင်သည့်အရွယ်လည်းမဟုတ်။ အချိန်ရှိသမျှ အိမ်ထဲ၌သာနေရသည်ဖြစ်ရာ ဘင်တာ စိတ်ဆိုးတိုင်း လာမင်း အရိုက်ခံရသည်။ တစ်ရက် ကွမ်တာ ဆိတ်ကျောင်းရာမှ အပြန်တွင် မျက်ရည်စက်လက်ဖြစ်နေသော လာမင်းကို တွေ့ရသည်။ ကွမ်တာသည် သူ့အမေ ဒေါသဖြစ်မည်ကိုပင်မတွေးတော့ဘဲ သူအပြင်သွားစရာရှိ၍ လာမင်းကို ခေါ်သွားချင်သည် ရမလားဟု မေးသည်။ ဘင်တာကလည်း 'အင်း'ဟု ဖြေသည်။ အစ်ကိုနှင့် လိုက်ရ၍ ပျော်နေသော လာမင်းသည် ထိုးထိုးထောင်ထောင်ဖြစ်လျက်ရှိ၏။ စိတ်လက်မကြည်မရွှင်ဖြစ်နေသောကွမ်တာက သူ့အမေဘင်တာ မကြားနိုင်လောက်သည့်နေရာသို့ ရောက်သည်နှင့် သူ့အား ခြေထောက်နှင့် တစ်ချက် ဆောင့်ကန်ပြီး လက်သီးနှင့်တစ်ချက်ထိုးကာ ငြိမ်ဆေးကျွေးလိုက်ရသည်။ ထိုအခါကျမှ လာမင်းသည် ငြိမ်သွားကာ ကွမ်တာနောက်မှ ခွေးလိမ္မာလေးတစ်ကောင်သဖွယ် ကုပ်ကုပ်ကလေး လိုက်လာသည်။

ထိုနေ့မှစ၍ လာမင်းသည် သူ့အစ်ကိုပြန်အလာကို တဲတံခါးဝမှနေ၍ နေ့စဉ်မျှော်သည်။ သူ့အစ်ကိုက သူ့အား အပြင်ခေါ်သွားလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်နှင့်စောင့်ခြင်းဖြစ်၏။ သူမျှော်လင့်နေသည့်အတိုင်းလည်း ကွမ်တာက နေ့စဉ်လောက်နီးပါး ခေါ်ခေါ်သွားသည်။ ခေါ်ချင်လွန်း၍တော့မဟုတ်။ သူ့အမေဘင်တာရော သူ့ညီပါ နှစ်ဦးလုံး သက်သာရာရစေလို၍ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကိုယ်တုံးလုံး လာမင်းအား ကျောပိုးသွားနေရသည်မှာ 'မျှော့ဘီလူးကြီးတစ်ကောင်' အတွယ်ခံရသလို ခံစားနေရသည်။ သို့သော်လည်း မကြာခင်မှာပင် သူ့အဖော်များသည်လည်း သူ့လိုပင် သူတို့၏ညီငယ်များအား ခေါ်ခေါ် လာနေကြသည်ကို သတိပြုမိ၏။ သူတို့ညီငယ်များသည် သူတို့နှင့် မနီးမဝေး၌ ခွဲ၍ကစားကြသော်လည်း သူတို့အစ်ကိုများအား မျက်ခြည်အပြတ်မခံ။ တစ်ခါတစ်ရံတွင် အစ်ကိုများ သစ်ပင်တက်ကြသည်ကို ညီငယ်များကလည်း အတုခိုး၍ လိုက်တက်ကြသည်။ အများအားဖြင့် ညီငယ်များသည် သစ်ပင်ပေါ်မှ ကျွမ်းပြန်ကျကြသည်။ ထိုအခါ အစ်ကိုများက ဟားတိုက်ရယ်ကြသည်။ ဤသို့ဖြင့်

အနေ ကြာလာသည့်အခါ သူတို့အနီး၌ သူတို့ညီငယ်များရှိနေခြင်းသည် သူတို့အတွက် ပျော်စရာတစ်ခုလို ဖြစ်လာခဲ့လေ၏။

တစ်ခါတစ်ရံ ညီအစ်ကိုနှစ်ယောက်တည်းရှိသည့်အခါ ကွမ်တာသည် သူ့ ညီကို ဂရုစိုက်သည်။ သစ်စေ့လေးတစ်စေ့ကို သူ့ညီအားပြကာ ဤသစ်စေ့ကလေးမှ ဝါပင်ကြီးကြီးပေါက်လာပုံကို ရှင်းပြနေတတ်သည်။ တစ်ခါတစ်ရံတွင်မူ အရည်စုပ် ပျားတစ်ကောင်ကိုဖမ်း၍ လွတ်မသွားအောင်ကိုင်ထားပြီး လာမင်းအား ပျားတုပ်သည့်နေရာကို အသေအချာကြည့်ခိုင်းသည်။ ထို့နောက် ပန်းပွင့်များမှ ချိုမြသောဝတ်ရည်ကို ပျားများ ဘယ်လိုစုပ်ကြသည်၊ စုပ်ယူလာသည့် ဝတ်ရည်များကို သစ်ပင်မြင့်များထက်ရှိ ပျားအုံ၌ ဘယ်လိုလာ၍ ပျားရည်ချကြသည် စသည်တို့ကို ရှင်းပြနေတတ်သည်။ လာမင်းကလည်း မေးခွန်းတွေအများကြီးမေးသည်။ ကွမ်တာကလည်း သူမေးသမျှအားလုံးကို စိတ်ရှည်လက်ရှည်ဖြေသည်။ လာမင်းက သူ့အစ်ကို ကွမ်တာသည် အရာရာတိုင်းကိုသိသည်ဟု ထင်ထားသည်။ ထိုကဲ့သို့ အထင်ခံရခြင်းကို ကွမ်တာကလည်း သဘောကျသည်။ သူ့ကိုယ်သူ အသက်ရှစ်မိုးမျှသာရှိသေးသော ညီငယ်ထက် အသက်များစွာကြီးပြီဟု စိတ်ထဲကခံစားရသည်။ ဤသို့ဖြင့် ကွမ်တာသည် သူ့ညီငယ်လေးအား နှောင့် ယှက်ဖူးက်ဆိုးတတ်သော ပိုးကောင်ကလေးတစ်ကောင်အဖြစ် သဘောထားနေရာမှ အမြင်ပြောင်းစ ပြုလာလေသည်။

တစ်ကြိမ်တွင် သူ့နှင့် လာမင်းတို့ တွဲထွက်သွားသည်ကိုကြည့်ပြီး သူ့အမေ ပြုံးသည်ကို ကွမ်တာ ရိပ်ခနဲမြင်လိုက်ရသည်။ အမှန်တော့ ဘင်တာသည် ကွမ်တာ၏ နောက်ကွယ်တွင် သားငယ်အား 'နင့်အစ်ကိုကို အတုခိုးပြီးနေ'ဟု မကြာခဏ ဆုံးမတတ်သည်။ ကွမ်တာကိုလည်း ယခင်ကလို မကြာခဏမရိုက်တော့။ လာမင်းအား ပြောမရဆိုမရ ဖြစ်လာသည့်အခါများတွင်လည်း ကောင်းကောင်းမနေလျှင် ကွမ်တာနှင့် အပြင်မလိုက်ရဟု ခြောက်လေ့ရှိသည်။ ထိုစကားကြားလျှင် လာမင်းကလည်း တစ်နေ့လုံး ကောင်းကောင်းနေတတ်သည်။

တစ်ရက်တွင် လာမင်းသည် သစ်ပင်နိမ့်နိမ့်တစ်ပင်ကို တွယ်တက်ရာမှ ပြန်ကျလာသည်။ ကွမ်တာက သူ့ညီအား သစ်ပင်တက်နည်း ချက်ချင်းသင်ပေးသည်။ ထို့နောက်ပိုင်းတွင် နပန်းသတ်နည်းမှအစ လက်ခေါက်မှုတ်နည်းအထိ သင်ပေးသည်။ နွားချေးပိုးကိုတွေ့လျှင် မသတ်ဖို့၊ နွားချေးပိုးကို အန္တရာယ်ဖြစ်အောင်လုပ်လျှင် ကံဆိုးတတ်ကြောင်း ရှင်းပြသည်။ ကြက်ဖတစ်ကောင်၏အတက်ကို သွားကိုင်လျှင် ဗို၍ပင် ကံဆိုးတတ်ကြောင်းလည်း ပြောပြသည်။ သို့သော်လည်း သူဘယ်လိုပဲရှင်းပြပြ လာမင်း နားမလည်သည့်အရာမှာ နေအတက်အကျကိုကြည့်ပြီး အချိန်မှတ်သည့်နည်းဖြစ်သည်။ 'မင်းက သိပ်ငယ်သေးလို့ နားမလည်တာ၊ နောက်တော့ သိလာမှာပေါ့'

မြန်မာ စာအုပ်များ

ဟူသောစကားဖြင့် အဆုံးသတ်ထားလိုက်ရ၏။ ယခုအချိန်ထိ ကွမ်တာသည် လာမင်းအပေါ် စိတ်မရှည်ဖြစ်လာသည့်အခါ အော်တတ်ငေါက်တတ်သည်။ တစ်ခါတစ်ရံ ပြောမရဆိုမရ ဖြစ်လွန်းသည့်အခါများတွင် ရိုက်တတ်သည်။ သို့သော်လည်း ရိုက်ပြီးသည့်အခါတိုင်း စိတ်မကောင်းဖြစ်ကာ သူ့ဒန်းဒီးကိုးအင်္ကျီကို ခဏတစ်ဖြုတ် ပေးဝတ်ထားတတ်၏။

ဒုတိယ ကာဖိုးအရွယ် မလွန်မြောက်သေးသော ကွမ်တာသည် ယခုအချိန်ထိ သူ့မိခင်၏တဲမှာပင် အိပ်နေရဆဲဖြစ်သည်။ သူ့အဖေ အိုမိုရိုတို့လို ယောကျ်ားကြီးများက သူတို့အား သည်းခံခွင့်လွှတ်ရမည့်အရွယ်များဟု သတ်မှတ်ထားကြသော်လည်း သူ့အမေ ဘင်တာကတော့ ခွင့်လွှတ်ခြင်းမရှိဟု ကွမ်တာကထင် သည်။ ထို့ကြောင့်လည်း သူ တစ်နေ့ ယောကျ်ားကြီးဖြစ်လာသည့်အခါ ဘင်တာအား မိန်းမတစ်ယောက်နေရာ၌ ပိပိပြင်ပြင်နေတတ်သွားအောင် အကြောင်းပြလိုက်မည်ဟု စိတ်ထဲက တေးထားမိသည်။

ကွမ်တာနှင့် သူ့အပေါင်းအသင်းများ မကျေမနပ်အဖြစ်ဆုံးသော အရာတစ်ခုမှာ သူတို့နှင့် သက်တူရွယ်တူမိန်းကလေးများ စောစောစီးစီးအိမ်ထောင်ပြုဖို့ စိတ်ကူးနေကြသည့်ကိစ္စ ဖြစ်၏။ သူတို့လေ့ထုံးစံအရ မိန်းကလေးများသည် အသက်ဆယ့်လေးမိုး သို့မဟုတ် ဆယ့်လေးမိုးမပြည့်ခင် အိမ်ထောင်ပြုခွင့်ရကြသည်။ ယောကျ်ားများကျတော့ အသက်သုံးဆယ်မိုး သို့မဟုတ် ထိုအသက်ကျော်လွန်မှ အိမ်ထောင်ပြုကြရသည်။ ဤအချက်မှာလည်း ကွမ်တာတို့အုပ်စုအဖို့ စိတ်ညစ်စရာကောင်းသည့်အရာတစ်ခုပင် ဖြစ်လျက်ရှိသည်။

အချိန်ရသည့်အခါတိုင်း ကွမ်တာသည် လာမင်းနှင့် နှစ်ယောက်တည်း လျှောက်လေ့ရှိရာ ထိုအခါမျိုးတွင် လာမင်းသည် မေးခွန်းမျိုးစုံ မေးတတ်သည်။

'ကမ္ဘာကြီးဟာ ဘာနဲ့တူလဲ'

'လူတွေနဲ့ လှေတွေဟာ အဝေးကြီးရောက်အောင် မသွားနိုင်ကြဘူးကွ၊ ဒါကြောင့် မသိကြဘူး'

'ဒီးကွက်တွေကို ဘာပြုလို့ မသတ်နဲ့လို့ ပြောတာလဲ'

'သေသွားတဲ့ ငါတို့ဘိုးဘွားတွေရဲ့ ဝိညာဉ်တွေဟာ ဒီးကွက်တွေရဲ့ကိုယ်ထဲ ရောက်နေလို့ကွ'

'ဟိုသစ်ပင်ပေါ်ကငှက်က ဘာငှက်လဲ'

'သိမ်းငှက်ကွ'

'သူ ဘာစားသလဲ'

'ကြွက်တွေရယ်၊ တခြားငှက်တွေရယ် စားတယ်'

မြန်မာ စာအုပ်များ

တစ်ခါတစ်ရံတွင်မူ လာမင်းသည် ကွမ်တာ လုံးဝမသိသည့် အကြောင်းအရာများ မေးတတ်သည်။ 'နေမင်းကြီးပေါ်မှာ မီးလောင်နေတာလား'သို့မဟုတ်'အဖေက ကျွန်တော်တို့နဲ့ဘာပြုလို့ မအိပ်တာလဲ' စသော မေးခွန်းမျိုးတွေ ဖြစ် သည်။

ထိုအခါမျိုးတွင် ကွမ်တာသည် စကားမပြောတော့ဘဲ ရေငုံနှုတ်ပိတ်လုပ်နေလိုက်သည်။ လာမင်းကလည်း နောက်ထပ်မမေးတော့ပေ။ မန်ဒင်ကာလူမျိုးတို့၏ ဓလေ့ထုံးစံအရ 'စကားမပြောလိုသော လူတစ်ယောက်အား လုံးဝစကားမပြောရ' ဟုသင်ကြားပေးထားသည် မဟုတ်ပါလား။

ကွမ်တာသည် သူမဖြေနိုင်သည့် သူ့ညီ၏မေးခွန်းများကို လုံးဝမဖြေဘဲနေသည်တော့မဟုတ်။ အနားတွင် လာမင်းမရှိသည့်အချိန်ကျမှ သူ့အမေကိုဖြစ်စေ၊ သူ့အဖေကိုဖြစ်စေ မေးသည်။ ထိုမေးခွန်းများ ဘာ့ကြောင့်မေးသည်ကိုမူ ရှင်းမပြ။ သို့သော်လည်း နှစ်ယောက်စလုံးက သူဘာ့ကြောင့်မေးသည်ကို ရိပ်မိကြဟန်တူ၏။ အမှန်တော့ သူ့မိဘများသည် သူ့ညီလာမင်းအား သူကိုယ်တိုင်တာဝန်ယူပြီး ထိန်းကျောင်းပေးနေချိန်မှစ၍ သူ့အား လူကြီးတစ်ယောက်လို ဆက်ဆံနေကြပြီဖြစ်ရာ ဟိုတုန်းကလို အမေးအမြန်းထူသည်ဟု အော်လားငေါက်လား မလုပ်ကြတော့ပေ။

'အဖေ့ရဲ့ နွားရေအိပ်ရာခင်းကြီးက ဘာပြုလို့နီရဲနေတာလဲ အမေ၊ နွားထီးတွေထဲမှာ နီရဲရဲအရောင်နဲ့အကောင်လည်း တစ်ကောင်မှမရှိဘူး'

'အမေ ဆေးဆိုးပေးထားလို့ နီရဲနေတာ။ လူးဆန်ကို ညက်အောင်ကြိတ်ပြီး ပြာရည်နဲ့ ပြုတ်ရတယ်။ ပြီးတော့မှ ဆိုးရတယ်'ဟု ဘင်တာက ဖြေသည်။

'အလ္လာဘုရားသခင်က ဘယ်မှာနေသလဲ အဖေ'

'နေမင်းကြီးလာတဲ့နေရာမှာ နေတယ်ကွ'ဟု အိုမိုရိုက ဖြေသည်။

[၁၆]

'ကျွန်ဆိုတာ ဘာလဲ'

တစ်နေ့သော မွန်းလွဲပိုင်းတွင် လာမင်းက ကွမ်တာအားမေးသည်။ ကွမ်တာက တစ်ချက်မျှညည်းလိုက်ပြီး အဖြေမပေးဘဲငြိမ်ဆိတ်ကာ သူ့အတွေးနှင့်သူ ဆက်၍လျှောက်လာသည်။ လာမင်း၏မေးခွန်းအတွက် သူအံ့သြခြင်းဖြစ်နေမိ၏။ ထိုမေးခွန်းကို သူဘာ့ကြောင့်မေးသနည်း။ သူဘာတွေများ ကြားထားပါလိမ့်။ ကွမ်တာကတော့ တိုးဘော့ ဖမ်းဆီးသွားသူများသည် ကျွန်ဖြစ်ကုန်ကြသည်ဟု ကြားခဲ့ဖူးသည်။ တစ်ခါတစ်ရံတွင် ဂျပ်ဖူရီရွာထဲမှလူများပိုင်ဆိုင်သည့် ကျွန်များအကြောင်း လူကြီးတွေပြောပြောနေသံကို သူကြားခဲ့ဖူး၏။ သို့သော်လည်း ကျွန်ဆိုတာဘာလဲ ဟူ၍ကား တိတိကျကျမသိပေ။

မြန်မာ စာအုပ်များ

နောက်တစ်ရက်တွင်ဖြစ်သည်။ ဘင်တာ၏ အစားအစာသိုလှောင်သည့်တဲကို ပြန်ဆောက်ပေးရန် တာဝန်ရှိနေသော အိုမိုရိုသည် တောထဲသို့ သစ်ခုတ်ထွက်ဖို့ ပြင်ဆင်လျက်ရှိသည်။ သူ့အဖေ ဘယ်သွားသွား လိုက်ချင်တတ်သော ကွမ်တာက သူပါ လိုက်ပါရစေဟု ခွင့်တောင်းသည်။ အိုမိုရိုကလည်း လိုက်ခွင့်ပြုသည်။ သားအဖနှစ်ယောက်သည် ထန်းတောသို့ရောက်သည်အထိ တစ်လမ်းလုံး စကားမပြောကြ။

ထို့နောက် ကွမ်တာက ဖျတ်ခနဲ မေးခွန်းတစ်ခု မေးသည်။ 'ပါ၊ ကျွန် ဆိုတာ ဘာလဲ'

ပထမတော့ အိုမိုရိုသည် ဘာမှမပြောဘဲငြိမ်နေသည်။ ထန်းတောထဲ လျှောက်သွားကာ သူ့စိတ်တိုင်းကျအပင်များ လိုက်ရွေးနေသည်။

'ကျွန်မဟုတ်တဲ့လူတွေက ကျွန်တွေအကြောင်းပြောရတာ မလွယ်ဘူးကွ'ဟု အိုမိုရိုက ပြောသည်။ သူသည် ရွေးထားသည့်အပင်ကို ပုဆိန်ဖြင့်ခုတ်နေရာမှ ကွမ်တာအား ကျွန်များ၏တဲများကို 'ဌာန်ဂိုရွက်များ'ဖြင့်မိုး၍ ကျွန်မဟုတ်သူများ၏ တဲခေါင်မိုးများကိုမူ 'ဖိုရိုရွက်'များဖြင့် မိုးကြကြောင်း ရှင်းပြသည်။ ဖိုရိုရွက်သည် အိမ်မိုးရာ၌ အကောင်းဆုံးသော သက်ငယ်တစ်မျိုးဖြစ်သည်ကိုတော့ ကွမ်တာ သိနေသည်။

'လူတစ်ယောက်ဟာ ကျွန်တွေအကြောင်းကို ကျွန်တွေရှေ့မှာ မပြောရဘူး'ဟု အိုမိုရိုက ကွမ်တာအား တင်းမာသောမျက်နှာထားဖြင့် စေ့စေ့ကြည့်၍ ပြောသည်။ ကွမ်တာအနေဖြင့် ဘာ့ကြောင့်မပြောရတာလဲဟူသောအချက်ကို နားမလည်။ သို့သော်လည်း နားလည်ဟန်ဖြင့် ခေါင်းညိတ်သည်။

ထန်းပင်လဲကျသွားသောအခါ အိုမိုရိုက ထန်းရွက်များကို ခုတ်ပစ်နေသည်။ ထန်းသီးမှည့်များကို လိုက်၍ဆွတ်နေသောကွမ်တာသည် ယနေ့ သူ့အဖေ စကားပြောချင်စိတ် ရှိနေသည်ကို သတိထားမိသည်။

'တချို့လူတွေက ကျွန်ဖြစ်ပြီး တချို့လူတွေကျတော့ ကျွန်မဖြစ်တာ ဘာပြုလို့လဲ' ဟု ကွမ်တာက ထပ်မေးသည်။

လူတွေ ကျွန်ဖြစ်လာကြသည်မှာ အကြောင်းအမျိုးမျိုးနှင့်ဖြစ်သည်ဟု အိုမိုရိုက ရှင်းပြသည်။ အချို့မှာ ကျွန်မိခင်များက မွေးဖွားလာ၍ ကျွန်ဖြစ်လာရခြင်းဖြစ်သည်။ ဂျပ်ဖူရီရွာထဲမှ ယင်းအမျိုးအစားကျွန်များ၏ နာမည်များကို အိုမိုရိုက ပြောပြသည်။ ထိုလူများကို ကွမ်တာကောင်းကောင်းသိ၏။ အချို့မှာ သူ့သူငယ်ချင်းများ၏ မိဘများဖြစ်သည်။ အချို့သောကျွန်များမှာမူ သူတို့ရွာများ၌ အငတ်ဘေးကျရောက်သဖြင့် ထွက်ခွာလာကြသူများဖြစ်သည်။ ဂျပ်ဖူရီရွာသို့ရောက်သောအခါ သူတို့အား အစာရေစာ ပေးကျွေးထားလျှင် ကျွန်ခံပါမည်ဟု အသနားခံကြရာမှ ကျွန်ဘဝသို့ ဆိုက်ရောက်လာသူ

များဖြစ်သည်။ အချို့မှာမူ တစ်ချိန်က ရန်သူများဖြစ်၍ သုံ့ပန်းများအဖြစ် ဖမ်းဆီးလာရာမှ ကျွန်အဖြစ်သို့ ရောက်ရှိလာကြသူများဖြစ်၏။ 'အဲဒီလူတွေကျတော့ သေရမှာကြောက်လို့ အဖမ်းခံပြီး ကျွန်ဖြစ်လာကြတာ'ဟု အိုမိုရိုကပြောသည်။

အိုမိုရိုသည် ထန်းပင်ကို သယ်ရလွယ်ကူအောင် တစ်ပိုင်းစီဖြတ်နေသည်။ သူပြောပြခဲ့သည့်လူများမှာ ကျွန်များဖြစ်သော်လည်း တစ်ရွာလုံးက လေးစား စွာဆက်ဆံနေကြသည့်လူများဖြစ်သည်ဟု အိုမိုရိုကဆိုသည်။ 'ငါတို့ ဘိုးဘွားဘီဘင်တွေ ချမှတ်ပေးထားခဲ့တဲ့ ဥပဒေတွေနဲ့ ဓလေ့ထုံးစံတွေအတိုင်း သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ပေးထားကြတယ်'ဟု အိုမိုရိုကပြောသည်။ သခင်များအနေဖြင့် သူတို့ကျွန်များအား အစား၊ အဝတ်နှင့် နေအိမ်များ ပေးထားရုံမျှမက သီးနှံတစ်ဝက်ပေးစနစ်ဖြင့် ယာမြေကိုပါ ပေးထားသည်။

ထို့ပြင်လည်း မိန်းမဖြစ်လျှင် ခင်ပွန်း၊ ယောကျ်ားဖြစ်လျှင် ဇနီးကိုပါ ရှာဖွေနေရာချထားပေးသည်။ ယင်းကဲ့သို့ အစစအရာရာတာဝန်ပေးထားသည့်အတွက် ကျွန်များတွင် ဘဝအာမခံချက်ရှိကြသည်ဟုလည်း ရှင်းပြသည်။

'ကျွန်တွေဟာ ကျွန်တစ်ခါဖြစ်ရင် တစ်သက်လုံး ကျွန်ဖြစ်သွားရောလား'ဟု ကွမ်တာက မေးသည်။

'မဖြစ်ဘူးကွ၊ သူတို့သခင်တွေနဲ့ဖက်စပ်လုပ်နေတဲ့ ယာထွက်သီးနှံတွေကို စုဆောင်းရောင်းချပြီး သူတို့ဘဝကို ပြန်ဝယ်ကြတယ်' အိုမိုရိုက သူတို့ရွာထဲမှ ယင်းကဲ့သို့ ဝယ်ယူပြီး ကျွန်ဘဝမှ လွတ်မြောက်သွားသူများ၏ နာမည်များကို ပြောပြသည်။ ထို့နောက် သူတို့အားပိုင်ဆိုင်သည့် သခင်များ၏ မိသားစုထဲမှ လူများနှင့်လက်ထပ်ပြီး ကျွန်ဘဝမှ လွတ်မြောက်သွားသူများ၏အမည်များကိုလည်း ပြောပြသည်။

အိုမိုရိုသည် ထန်းလုံး၏ အလေးဆုံးအပိုင်းကို နွယ်ကြိုးများဖြင့် ချည်တုပ်ကာ ကွင်းလျှောလုပ်နေရာမှ အချို့ကျွန်များသည် သူတို့သခင်များထက် ချမ်းသာသွားကြကြောင်း၊ အချို့သည် သူတို့ကိုယ်တိုင်က ကိုယ်ပိုင်ကျွန်များ မွေးထားကြကြောင်းနှင့် အချို့မှာ အလွန်ကျော်ကြားသောလူများ ဖြစ်လာကြကြောင်း စသည်များကိုပါ ပြောပြသည်။

'ကျော်ကြားသွားတဲ့ ကျွန်တွေထဲမှာ ဆန်ဒီယားတားလည်းပါတယ်နော်'ဟု ကွမ်တာက ရေ ရွတ်သည်။ ရွာထဲရှိ အဘွားအိုများထံမှ ရန်သူအမြောက်အမြားကို အောင်နိုင်ခဲ့သော ကျွန်စစ်ဗိုလ်ချုပ်ကြီး ဆန်ဒီယားတား၏အကြောင်းကို ကွမ်တာကြားဖူးခဲ့သည်မှာ အကြိမ်ပေါင်းများလှပြီဖြစ်၏။

အိုမိုရိက ခေါင်းညိတ်သည်။ ဆန်ဒီယားတားအကြောင်းကို သူ့သား သိနေသည့်အတွက် များစွာသဘောကျနေသည်။ တကယ်တော့ သူကိုယ်တိုင်လည်း ကွမ်တာ့အသက်အရွယ်လောက်ကတည်းက ဆန်ဒီးယားတားအကြောင်း ကြားခဲ့သူဖြစ်၏။

အိုမိုရိသည် အလေးဆုံးသော ထန်းလုံးနှစ်လုံးကို သူ၏ သန်မာတောင့်တင်းသော ပခုံးများနှင့်ထမ်းယူပြီး လျှောက်သွားသည်။ ကွမ်တာက ထန်းသီးမှည့်များကိုစားရင်း နောက်မှလိုက်သည်။ အပြန်လမ်းတစ်လျှောက်လုံး အိုမိုရိသည် ဆန်ဒီယားတားအကြောင်းကို ထပ်မံပြောပြသွားသည်။ ခြေမသန်သော်လည်း အလွန်ဉာဏ်ချွန်ထက်မြက်သည့် ကျွန် ဆန်ဒီယားတားသည် သခင်များလက်မှ ထွက်ပြေးလွတ်မြောက်သွားပြီး နေရာအနှံ့အပြား၌ ပုန်းအောင်းနေသည့် ကျွန်များကို စုစည်း၍ စစ်တပ်ကြီးတစ်တပ်ဖွဲ့စည်းခဲ့ကြောင်း၊ ထိုစစ်တပ်ကြီးဖြင့် မန်ဒင်ကာအင်ပါယာကြီးအား အောင်မြင်စွာတိုက်ခိုက်အနိုင်ယူခဲ့ကြောင်း စသည်များဖြစ်၏။

'မင်း ယောကျ်ားဖြစ်သင်တန်းတက်ရတဲ့အခါမှာ သူ့အကြောင်းကို ပိုပြီးသိလာလိမ့်မယ်'ဟု အိုမိုရိကပြောလိုက်သည့်အခါ ကွမ်တာ၏ရင်သည် ထိတ်လန့်ခြင်းလည်း ဖြစ်ရသည်။ ထိုသင်တန်းတက်ရသည့်အချိန်ကို ရောက်လိုသော ဆန္ဒလည်း ပေါ်သည်။

အိုမိုရိ၏ ပြောပြချက်အရဆိုလျှင် ဆန်ဒီယားတားသည် သူမုန်းတီးသောသခင်၏ လက်တွင်းမှ ထွက်ပြေးသွားခြင်းဖြစ်သည်။ ကျွန်အများစုသည် သခင်များအားမနှစ်သက်ကြသည်ကများ၏။ ရာဇဝတ်သား ကျွန်များအား ရောင်းချပိုင်ခွင့်ရှိသော်လည်း ရိုးရိုးကျွန်များကို ယင်းတို့သဘောမတူဘဲ သခင်က ရောင်းချပိုင်ခွင့်မရှိပေ။

'မင်းတို့ အဘွားအို ညိုဘိုတိုလည်း ကျွန်ပဲကွ' အိုမိုရိကပြောသည်။ အံ့သြလွန်းအားကြီးသဖြင့် ကွမ်တာသည် သူ့ပါးစပ်ထဲ၌ ပလုတ်ပလောင်းဝါးနေသော ထန်းသီးနှစ်များကို မျိုချမိတော့မလိုဖြစ်သွားသည်။ တဲရှေ့၌ထိုင်၍ နီ့စို့ကလေး ဆယ့်လေးငါးဦးကို ထိန်းပေးနေသော ညိုဘိုတို၏ရုပ်လွှာသည် သူ့အာရုံတွင်ပေါ်လာလျက်ရှိလေသည်။

နောက်တစ်နေ့ ဆိတ်ကျောင်းရာမှ ပြန်ရောက်သောအခါ ကွမ်တာသည် သူ့ညီလာမင်းအားခေါ်၍ အခြားသူငယ်ချင်းများနှင့် မတွေ့နိုင်သည့်လမ်းအတိုင်းသွားကာ အဘွားညိုဘိုတို၏တဲရှေ့၌ ထိုင်နေကြ၏။ မိနစ်အနည်းငယ်မျှအကြာတွင် အိမ်ရှေ့၌လူရောက်နေမှန်းသိသွားသော ညိုဘိုတိုသည် တဲပြင်သို့ထွက်လာသည်။ သူမျက်နှာသာအပေးဆုံး ကလေးများထဲမှ တစ်ဦးဖြစ်သော ကွမ်တာအား တစ်ချက်လှမ်းကြည့်ရုံမျှဖြင့် အကြောင်းထူးရှိလိမ့်မည်ဟု အကဲခတ်မိသည်။ သူသည် ကလေးနှစ်ယောက်ကို တဲထဲသို့ခေါ်သွားပြီး ဆေးမြစ်များခတ်ထားသည့် ရေနွေးကြမ်းချပေးသည်။

'မင်းတို့ ဗါပါနဲ့မာမာကော နေကောင်းကြရဲ့လား'

'နေကောင်းပါတယ်၊ အဘွားကောနေကောင်းရဲ့လား'ဟု ကွမ်တာက ပြန်ပြောသည်။

'အေး... နေကောင်းတယ်'

ကွမ့်တာသည် အတန်ကြာမျှငြိမ်နေသည်။ ထို့နောက် သူ့ပါးစပ်မှ မေးခွန်းတစ်ခု လွှတ်ခနဲထွက်လာသည်။ 'အဘွား ဘာပြုလို့ ကျွန်ဖြစ်ခဲ့ရတာလဲ'

ညိုဘိုတိုက ကွမ်တာနှင့်လာမင်းတို့၏မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်သည်။ သူသည် ရုတ်တရက်အဖြေမပေးဘဲ ငြိမ်နေသည်။ နောက်ဆုံးကျမှ 'အဘွားပြောပြမယ်'ဟု ပြောသည်။

'ဟိုး... လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပေါ့၊ အဲဒီတုန်းက အဘွားက အသက်မကြီးသေးဘူး၊ ငယ်ငယ်ပဲရှိသေးတယ်။ ဒါပေမဲ့ အိမ်ထောင်တော့ကျနေပြီ'ဟု အဘွားညိုဘိုတိုက ပြောသည်။ သူ့စိတ်အာရုံတွင် အိမ်နားနီးချင်းများ၏ အော်သံငိုသံများ ပြန်၍ကြားယောင်လာသည်။ ထိုညက သူ့တဲ၏ ဘေးပတ်ပတ်လည်မှ အော်သံဟစ်သံနှင့် ငိုသံယိုသံများကြောင့် သူအိပ်ရာမှလန့်နိုးလာသည်။ သူ့သားကလေးနှင့် သမီးကလေးတို့ကို ချီပွေ့ပြီး တဲပြင်သို့ ပြေးထွက်ခဲ့သည်။ ကလေးများ၏ဖခင်မှာ မကြာသေးမီက ဖြစ်ပွားသည့် လူမျိုးစုစစ်ပွဲ၌ ကျဆုံးသွားခဲ့ပြီဖြစ်၍ တဲထဲတွင် သူနှင့်ကလေးများသာရှိသည်။ အပြင်ဘက်တွင်မူ လက်နက်ကိုင် လူဖြူကျွန်ဖမ်းသမားများနှင့် သူတို့၏နောက်လိုက်လူမည်းများ။ ရွာသားများကလည်း ခုခံတိုက်ခိုက်ကြသည်။ လွတ်သူများ လွတ်သွားသော်လည်း မလွတ်သူများမှာ ရက်ရက်စက်စက် ရိုက်နှက်ဖမ်းဆီးပြီး ချုပ်နှောင်ခြင်းခံကြရသည်။ ဒဏ်ရာအပြင်းအထန်ရသွားသူများ၊ အိုမင်းမစွမ်းဖြစ်နေသူများနှင့် ခရီးဝေးလိုက်နိုင်ဖို့ အခြေအနေမရှိသည့် ကလေးသူငယ်များ၊ အားလုံးညိုဘိုတို၏မျက်စိအောက်မှာ အသတ်ခံကြရသည်။ ပြောနေရင်း ညိုဘိုတိုသည် ရှိုက်ကြီးတငင် ငိုကြွေးသည်။ 'အသတ်ခံရတဲ့ လူတွေထဲမှာ အဘွားရဲ့ကလေးနှစ်ယောက်ရော၊ အဘွားရဲ့အမေရော ပါသွားကြတယ်'

ဖမ်းဆီးရမိထားသည့်လူများ၏ လည်ပင်းကို သားရေကြိုးများဖြင့် တွဲချည်ပြီး ခေါ်သွားကြသည်။ တစ်လမ်းလုံး အရိုက်အနှက်အထုအထောင်းကို ခံကြရသည်။ ပူပြင်းလှသော နေရောင်အောက်တွင် ရက်ပေါင်းများစွာ သွားကြရသည်။ နေ့စဉ်နှင့်အမျှ မြန်မြန်မလျှောက်ရကောင်းလားဟုဆိုကာ သံ့ပန်းများ၏ကျောပြင်ကို ကြာပွတ်ဖြင့် ရိုက်ကြသည်။ ရက်အနည်းငယ်မျှ ကြာသောအခါ အစာရေစာ မစားသောက်ရခြင်းနှင့် မောပန်းခြင်း စသည်တို့ကြောင့် အချို့မှာ လမ်းတွင် လဲကျကျန်ရစ်ခဲ့ကြသည်။ အချို့ကတော့ ရှိသမျှခွန်အားကိုထုတ်၍ ဆက်လိုက်ကြသည်။ ကျန်ရစ်ခဲ့သူများအဖို့ တောရိုင်း

တိရစ္ဆာန်တို့၏ ဝါးမျိုးစားသောက်ခြင်းကို ခံကြရမည်မှာ သေချာနေသဖြင့် အသက်ရှင်ဖို့ လမ်းမမြင်။ လူတန်းကြီးသည် မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ရွာများကို ဖြတ်သန်းကြရသည်။ ရွာထဲတွင် လူဦးခေါင်းခွံများ၊ အရိုးများနှင့် တိရစ္ဆာန်အသေကောင်များသည် ပြာပုံများထဲတွင် ပြန့်ကျဲလျက်ရှိသည်။ ဖမ်းလာသည့် လူတစ်ဝက်ခန့်သာလျှင် ဂျပ်ဖူရီရွာသို့ ဆိုက်ရောက်ကြသည်။ ဂျပ်ဖူရီရွာမှာ ကျွန်များကို ရောင်းချမည့် 'ကင်ဘီဘိုလွန်ဂို' နှင့် လေးရက်ခရီးမျှသာ ကွာဝေးသည့်ရွာ ဖြစ်သည်။

'ဒီရွာမှာ ကျွန်တစ်ယောက်ကို ဂျုံတစ်အိတ်နဲ့ ရောင်းသွားခဲ့တယ်'ဟု ညိုဘိုတိုက ပြောသည်။ 'အဲဒီကျွန်ဟာ အဘွားပေါ့။ ဒါကြောင့်လည်း အဘွားရဲ့နာမည်ဟာ "ညိုဘိုတို"လို့ ဖြစ်လာခဲ့တာ'

'ညိုဘိုတို'ဆိုသည်မှာ 'ဂျုံအိတ်'ဟု အဓိပ္ပာယ်ရကြောင်း ကွမ်တာ နားလည်သည်။

'အဲဒီအချိန်ကစပြီး အဘွားဟာ ဒီရွာမှာ သောင်တင်ပြီး အခြေချခဲ့ရတာပဲ'ဟု ညိုဘိုတိုက ဇာတ်လမ်းကို အဆုံးသတ်သည်။

လာမင်းသည် ညိုဘိုတို၏ဇာတ်လမ်းကို စိတ်လှုပ်ရှားစွာဖြင့် နားထောင်သည်။ ကွမ်တာကတော့ ညိုဘိုတိုအပေါ်တွင် ယခင်ကထက်ပို၍ ချစ်ခင်လာသည်။ ပို၍ လေးစားကြည်ညိုလာသည်။ တကယ်တော့ သူတို့၏အဖေနှင့်အမေတို့သည်လည်း ယခုလို သူတို့အား နူးညံ့သိမ်မွေ့သောအပြုံးဖြင့်ကြည့်နေသည့် ဤအဘွားအို၏ ဦးခေါင်းကို ပခက်လုပ်၍ ကြီးပြင်းလာခဲ့ကြရသည်မဟုတ်ပါလော။

'အဘွား ဂျပ်ဖူရီရွာကိုရောက်တော့ မင်းတို့အဖေ အိုမိုရိုက ငယ်ငယ်လေးပဲ ရှိသေးတယ်'ဟု ညိုဘိုတိုက ကွမ်တာအားကြည့်၍ ပြောသည်။ 'သူ့အမေ ယေဆာ မင်းအဘွားကတော့ အဘွားရဲ့အချစ်ဆုံးသူငယ်ချင်းပေါ့။ မင့်အဘွားကို မှတ်မိတယ် မဟုတ်လား'

ကွမ်တာက မှတ်မိပါသည်။ သူ့အဘွားအား မမြင်လိုက်ရသည့် လာမင်းကိုလည်း သူ့အဘွားအကြောင်း ပြောပြထားပါသည်ဟု ဖြေသည်။

'အေး...ကောင်းတာပေါ့၊ ကဲ...အဘွားလုပ်စရာတွေ ရှိသေးတယ်၊ မင်းတို့ သွားကစားချေကြတော့'

နောက်တစ်နေ့ ကွမ်တာ ဆိတ်ကျောင်းရာမှ ပြန်ရောက်လာသည့်အခါ ညိုဘိုတို နှင့်ပတ်သက်၍ လာမင်းထံတွင် နောက်ထပ်မေးခွန်းတွေရှိနေပြန်သည်ကို တွေ့ရ၏။ ဂျပ်ဖူရီရွာမှာကော ညိုဘိုတိုတို့ရွာလို မီးလောင်ဖူးသလားဟု လာမင်းကမေးသည်။ သူ မကြားခဲ့ဖူးဘူးဟု ကွမ်တာက ဖြေသည်။ ကွမ်တာ လူဖြူကို မြင်ဖူးသလားဟု မေးပြန်သည်။ ငါတော့ တစ်ယောက်မှမမြင်ဖူးဘူးကွဟု ကွမ်တာက ဖြေသည်။

ကွမ်တာက ချက်ချင်းပင် စကားကိုပြောင်းပစ်လိုက်သည်။ သူ့အနေဖြင့် တိုးဘော ဟုခေါ်သည့် လူဖြူများအကြောင်းကို သိပ်ပြီးမသိ။ သူကိုယ်တိုင်ပင် တစ်ယောက်

မြန်မာ စာအုပ်များ

လောက်ဖြစ်ဖြစ် မြင်ဖူးချင်၏။ နီးနီးကပ်ကပ်တော့မဟုတ်။ သူ့အား ဖမ်း၍မရနိုင်လောက်အောင် ဝေးကွာသည့်နေရာမှ ကြည့်လိုခြင်းဖြစ်သည်။

မကြာသေးမီက အမဲလိုက်သွားသူနှစ်ဦးနှင့် ဆေးမြစ်အရှာထွက်သော မိန်းကလေးတစ်ယောက် ပျောက်သွားခဲ့၏။ တစ်ရွာလုံးက တိုးဘော့တွေဖမ်းသွားပြီဟု ယူဆခဲ့ကြသည်။ ပြီးတော့ သူ့မှတ်မိတာ တစ်ခုရှိသေးသည်။ တိုးဘော့ က လူတစ်ယောက်ဖမ်းသွားသည် သို့မဟုတ် သူတို့အနီးအနားသို့ တိုးဘော့တွေရောက်နေသည် စသော သတင်းများကို အခြားရွာများမှ ဗုံများနှင့် သတင်းပို့သံများ သူကြားခဲ့ဖူးသည်။ ထိုအခါများတွင် ရွာမှယောကျာ်းများသည် လက်နက်များကိုင်ဆောင်ကာ ခါတိုင်းထက် လှုနှစ်ဆခန့်တိုး၍ အစောင့်ချကြသည်။ မိန်းမများနှင့် ကလေးများကတော့ ရွာနှင့်ဝေးရာ ချုံကြိုချုံကြားများ၌ ပုန်းအောင်း နေခဲ့ကြရသည်။ တစ်ခါတစ်ရံ ရက်ပေါင်းများစွာ ကြာသည်။ ဤအနီးအနားမှ တိုးဘော့ထွက်သွားပြီဟု သေချာလောက်မှ ရွာသို့ပြန်ကြရသည်။

လာမင်းက တိုးဘော့အကြောင်း မေးသည့်နေ့က ကွမ်တာသည် ဆိတ်ကျောင်းအပြန် လမ်းတွင် သူ့သူငယ်ချင်းများအား စပ်စုကြည့်သည်။ သူငယ်ချင်းများကလည်း သူတို့ ကြားဖူးထားသမျှ ပြောပြကြသည်။ ဒင်ဘာကွန်ထီးဆိုသောသူငယ်က သူ၏ဦးလေးတစ်ယောက်သည် တစ်ခါက တိုးဘော့များအနီးသို့ ရောက်ခဲ့ဖူးကြောင်း၊ တိုးဘော့များတွင် ထူးဆန်းသောအနံ့ဆိုးရှိသည်ဟု သိခဲ့ရကြောင်း စသည်ဖြင့် ပြောပြသည်။ အားလုံးကတော့ တိုးဘော့များသည် လူ အများကို ဖမ်းသွားပြီး စားပစ်ကြသည်ဟု ကြားဖူးထားကြသည်။ သို့သော်လည်း အချို့သူငယ်များက ဖမ်းသွားသူများအား တိုးဘော့များက မစား။ သူတို့၏ အလွန်ကျယ်ပြန့်ကြီးမားသော မြေယာများပေါ်၌ အလုပ်လုပ်နိုင်ခြင်းဖြစ်သည်ဟု တိုးဘော့များကိုယ်တိုင်က ပြောကြောင်း အခိုင်အမာ ပြောကြသည်။ စီတာဖာဆိုလာက 'အဲဒါလူဖြူတွေ လိမ်ပြောတာကွ'ဟု ဆိုသည်။

ဤသို့ဖြင့် နောက်တစ်ကြိမ် အခါအခွင့်သင့်သောအခါ ကွမ်တာက 'ပါပါ နဲ့ ပါပါရဲ့အစ်ကိုတွေ မြစ်ထဲမှာ တိုးဘော့တွေ မြင်ဖူးခဲ့တယ်ဆို၊ အဲဒီအကြောင်း ကျွန်တော့်ကို ပြောပြပါ'ဟု အိုမိုရိုအား ပူဆာသည်။ သို့သော် သူ့အဖေက ဘာမှပြန်မပြော။ နောက် ရက်အနည်းငယ်ကြာမှ အိုမိုရိုက ကွမ်တာနှင့်လာမင်းတို့အား ဆေးမြစ်အရှာထွက်ရာသို့ ခေါ်သွားသည်။ လာမင်းအဖို့ ပထမဆုံးအကြိမ် ဖအေနှင့် ဝေးဝေးလံလံ လိုက်ရခြင်းဖြစ်၍ ပျော်ရွှင်မြူးထူးလျက်ရှိ၏။

အိုမိုရိုသည် သူ့သားများသိချင်နေသည့်အကြောင်းကို ပြောပြသည်။ သူနှင့်သူ၏အစ်ကိုများဖြစ်သော ဂျန်နာနှင့် ဆာလိုအမ်တို့သည် ယောကျာ်းဖြစ်သင်တန်းအပြီးတွင် ဂျပ်ဖူရီရွာမှထွက်ခွာခဲ့ပြီး ရပ်ဝေးဒေသများသို့ ခရီးလှည့်လည်သွားလာခဲ့ကြသည်။ တစ်ရက်တွင် အိုမိုရို၏မိန်းမဒွဲ သားဦးမွေးဖွားပြီဟူသော ဗုံသတင်းကို

ကြားရသဖြင့် ချက်ချင်းရွာသို့ပြန်လာခဲ့ကြသည်။ သူတို့သည် ညပေါင်း နေ့ပေါင်းများစွာ မအိပ်မနားဘဲ ခရီးပြင်းနှင်ခဲ့ကြရ၏။ တခြားကြောင့်မဟုတ်။ ကလေးနာမည်ပေး အခမ်းအနား မမီမှာကြောက်၍ဖြစ်သည်။ ကိုယ့်ရပ် ကိုယ့်ရွာမှ အကြာကြီးခွဲခွာသွားခဲ့ရသူများ၏ သဘာဝအတိုင်း ရွာသို့ပြန်ရောက်သည့်အခါ ရွာမှသူငယ်ချင်းများအား ပွေ့ဖက်နှုတ်ဆက်သည်။ ထို့နောက် ပျောက်ဆုံးသွားသူအချို့အကြောင်း စကားစပ်မိကြသည်။ ခရီးသွားရင်း၊ အမဲလိုက်ရင်း၊ ယာလုပ်ရင်း ပျောက်ဆုံးသွားသူများဖြစ်သဖြင့် တိုးဘော့များ ဖမ်းသွားသည်ဟုပင် ယူဆကြသည်။

ထိုအခါ သူ့အစ်ကိုများက ဒေါပွကြသည်။ တိုးဘော့များက လူတွေကို ဖမ်းသွားပြီး ဘာလုပ်တာလဲဟု သိရအောင် စုံစမ်းမည်ဟုပြောကာ အိုမိုရိုကိုပါ လိုက်ဖို့ခေါ်ကြသည်။ ဤသို့ဖြင့် သူတို့ညီအစ်ကိုသုံးယောက်သည် ကင်ဘီဘိုလွန်ကို မြစ်ကမ်းပါးအတိုင်း သုံးရက်တိတိ ခရီးထွက်ခဲ့ကြသည်။ သူတို့ကို ဘောလူများ မမြင်အောင် သတိကြီးစွာထား၍ ချုံကြိုချုံကြားများမှ ခက်ခဲပင်ပန်း စွာ သွား ခဲ့ကြခြင်းဖြစ်၏။ နောက်ဆုံးတွင် သူတို့သည် သူတို့လိုက်လံရှာဖွေသောနေရာကို တွေ့ကြရသည်။ မြစ်ဆိပ်တွင် တိုးဘော့လှေကြီး အစီးနှစ်ဆယ်ခန့် ဆိုက်ထားသည်။ လှေကြီးတစ်စီး၏ အရွယ်အစားသည် ဂျပ်ဖူရီတစ်ရွာလုံးမှ လူအားလုံးကို တင်သွားနိုင်လောက်အောင် ကြီးမားသည်။ လှေကြီးတစ်စီးစီတွင် အလွန်ကြီးမားသော အဝတ်ကြီးတစ်ထည်ကို တိုင်ကြီးတစ်တိုင်တွင် ကြိုးများဖြင့်ဆွဲချည်ထားသည်။ လှေကြီးများအနီးတွင် ကျွန်းတစ်ကျွန်းရှိ၍ ထိုကျွန်းပေါ်၌ ခံတပ်တစ်ခုတည်ဆောက်ထားသည်။

တိုးဘော့အများအပြားသည် သူတို့၏ တပည့်လက်ပါးစေ လူမည်းများနှင့်အတူ ခံတပ်ထဲမှာရော လှေများထဲ၌ပါ လှုပ်ရှားသွားလာနေကြသည်။ လှေငယ်များသည် မဲနယ်ထုပ်များ၊ ဝါဂွမ်းထုပ်များ၊ ပျားဖယောင်းများနှင့် တိရစ္ဆာန်ရေအမျိုးမျိုးကို တင်ဆောင်ကာ လှေကြီးများပေါ်သို့ ပို့ပေးနေကြသည်။ သူတို့တွေ့ခဲ့ရသည့် ကြောက်စရာ မြင်ကွင်းမှာ ဖမ်းဆီးထားသည့်လူများအား ရက်စက်စွာ ညှဉ်းပန်းနှိပ်စက် စေခိုင်းနေကြသည်ကို မြင်ရခြင်းပင်ဖြစ်သည်။

အိုမိုရိုသည် စကားကိုဖြတ်ကာ အချိန်အတော်ကြာမှုငြိမ်နေသည်။ သူ တစ်စုံတစ်ခု စဉ်းစားနေမှန်း ကွမ်တာကသိသည်။ 'အခုဆိုရင်တော့ တို့ရွာကလူတွေ ဟိုတုန်းက လောက် များများစားစားအဖမ်းမခံရဘူး'ဟု အစချီကာ ဖြစ်ရပ်တစ်ခုကို ပြောပြသည်။ ကွမ်တာ နို့စို့ကလေးအရွယ်က ဂမ်ဘီယာနိုင်ငံ၏ ဤဘက်နယ်မြေများကို အုပ်ချုပ်သောဘုရင် ဘာရာက သူ့နယ်အတွင်းမှ ရွာများကို နောက်ထပ်မီးမရှို့ရ၊ လူတွေ ကို မဖမ်းဆီးရ၊ မသတ်ဖြတ်ရဟု အမိန့်တစ်ရပ်ထုတ်ခဲ့သည်။ အချို့သောနယ်မြေဘုရင်များ၏ စစ်သားများကလည်း မြစ်ကြောင်းအတိုင်း စုန်ဆင်းလာသော တိုးဘော့လှေကြီး

မြန်မာ စာအုပ်များ

များကို တိုက်ခိုက်ကာ ပါလာသည့် တိုးဘော့များအား သတ်ပစ်ကြသည်။ လှေကြီးများကို မီးရှို့ဖျက်ဆီးပစ်ကြသည်။ ဤတွင် တိုးဘော့များ၏ လှုပ်ရှားမှုများ ချက်ချင်းရပ်သွားသည်။

'အခုကျတော့ တစ်မျိုးဖြစ်နေပြီ။ ကင်ဘီဘိုလွန်ဂိုမြစ်ထဲဝင်လာတဲ့ တိုးဘော့လှေကြီးတိုင်းဟာ ဘာရာဘုရင်ကို သေနတ်ဆယ်ကိုးချက်ဖောက်ပြီး အလေးပြုကြတယ်။ ပြီးတော့...'

တိုးဘော့များလိုအပ်သည့် လူအရေအတွက်ကို ဘုရင်၏ကိုယ်စားလှယ်များက ပေးသွင်းကြသည်။ အများအားဖြင့် ရာဇဝတ်ကောင်များ၊ ကြွေးမဆပ်နိုင်သူများနှင့် ဘုရင်အားဆန့်ကျင်ရန် ကြံစည်အားထုတ်သည်ဟု မသင်္ကာခံရသူများအား ပေးကြခြင်းဖြစ်၏။ ကျွန်များဝယ်ရန် ကင်ဘီဘိုလွန်ဂိုမြစ်အတွင်းသို့ တိုးဘော့လှေကြီးများ ဝင်လာတိုင်း လူတွေအား ရာဇဝတ်မှုကျူးလွန်သည်ဟုစွပ်စွဲကာ အရေးယူဖမ်းဆီးမှုများ အဆမတန် တိုးတက်များပြားလာနေသည်ဟု အိုမိုရိက ရှင်းပြသည်။

'အခု မင်းတို့ကို ငါပြောမယ့်စကားတွေကျတော့ နားထောင်ရုံနဲ့ မလုံလောက်တော့ဘူး၊ လိုက်နာမှဖြစ်မယ်။ ငါပြောတဲ့အတိုင်းလိုက်မလုပ်ရင် မင်းတို့ရာသက်ပန် အဝေးကြီးကို ရောက်သွားလိမ့်မယ်'

ကွမ်တာနှင့် လာမင်းသည် ထိတ်လန့်ကြောက်ရွံ့စွာ နားထောင်လျက်ရှိကြသည်။

'တတ်နိုင်ရင် ဘယ်တော့မှ တစ်ယောက်တည်းမနေနဲ့။ ညပိုင်းမှာ အပြင်မထွက်နဲ့။ နေ့ပဲဖြစ်ဖြစ်၊ ညပဲဖြစ်ဖြစ် တစ်ယောက်တည်းဆိုရင် မြက်ပင် ချုံပင် မြင့်မြင့်ကြီးတွေနဲ့ ဝေးဝေးနေ'

'ရွာနဲ့ ဝေးဝေးတစ်နေရာက မီးခိုးတွေထွက်နေတာတွေ့ရင် အဲဒါ တိုးဘော့တွေ အစားအစာချက်ပြုတ်နေတဲ့မီးဖို ဖြစ်နိုင်တယ်။ တိုးဘော့ရဲ့ခြေရာကို သိအောင်လည်း ကြိုးစားကြ။ သူတို့ ခြေလှမ်းလှမ်းပုံ၊ ခြေချပုံဟာ ငါတို့ထက်ပိုပြီး ကြံတယ်၊ လေးတယ်၊ သူ့ခြေထောက်ကြောင့် သစ်ကိုင်းတွေနဲ့ မြက်ပင်တွေ ကျိုးနေတယ်။ သူနေထိုင်သွားတဲ့နေရာနားကို မင်းတို့ရောက်သွားရင် ချက်ချင်းအနံ့ရတတ်တယ်။ သူ့အနံ့က ရေစိုနေတဲ့ကြက်ပေါက်စအနံ့နဲ့တူတယ်။ ပြီးတော့ မင်းတို့အနေနဲ့ တိုးဘော့အကြောင်း သိရုံနဲ့ မလုံလောက်သေးဘူး။ သူတို့ဆီမှာအလုပ်လုပ်နေတဲ့ ငါတို့လူမျိုးတွေ ရှိနေသေးတယ်။ သူတို့ဟာ ကျွန်ထိန်းလို့နာမည်ခံထားတဲ့ သစ္စာဖောက်တွေ၊ သူတို့ကို မမြင်ဖူးရင် မှတ်မိဖို့မလွယ်ဘူး။ ဒါကြောင့်မို့ ကိုယ့်လူမျိုးဖြစ်ပေမဲ့ မင်းမသိတဲ့လူဆိုရင် လုံးဝမယုံကြည်နဲ့။ မင်းတို့သိထားရမှာက ငါတို့လူမျိုးတွေသုံးနေတဲ့ ကျွန်တွေနဲ့ တိုးဘော့က ဖမ်းသွားလို့ ဖြစ်လာတဲ့ ကျွန်တွေဟာ မတူဘူး' အိုမိုရိက ပြောပြသည်။

မြန်မာ စာအုပ်များ

ကြောက်ရွံ့ထိတ်လန့်လျက်ရှိကြသော သားနှစ်ယောက်အား အိုမိုရိုက တိုးဘော့များသည် ကျွန်များအား သံကြိုးများနှင့် ချည်နှောင်ထားကြောင်း၊ တိရစ္ဆာန်များသဖွယ် ဝါးခြံကြီးများအထဲ၌ လှောင်ထားကြကြောင်း စသည်များကိုပါ ထပ်၍ ရှင်းပြသည်။

'သူတို့အားလုံးကို ကတုံးရိတ်ထားတယ်၊ တစ်ကိုယ်လုံးကိုလည်း အမဲဆီတွေ လိမ်းပေးထားတယ်။ ပထမ ဆောင့်ကြောင့်ထိုင်ခိုင်းတယ်။ ပြီးတော့ ခုန်ခိုင်းတယ်။ လူတစ်ယောက်ချင်းစီကို ပါးစပ်ဟခိုင်းပြီး အထဲကသွားတွေကို ကြည့်ပယ်'

စကားပြောနေရာမှ အိုမိုရိုက ဖြုတ်ခနဲ ကွမ်တာ၏ ခွဆုံတစ်နေရာကို လှမ်းဆွဲလိုက်သည်။ ကွမ်တာက အလန့်တကြားထခုန်သည်။

'ပြီးတော့ ယောကျ်ားတွေရဲ့ ဖိုတို(တန်ဆာ)ကို ဆွဲကြည့်တယ်၊ မိန်းမတွေကိုလည်း အဲသလိုပဲ။ အတွင်းကျကျ အစိတ်အပိုင်းတွေအထိ စစ်ဆေးကြည့်တယ်။ အဲဒီနောက်မှာတော့...'

ကျွန်များကို စိတ်တိုင်းကျစစ်ဆေးပြီးသည့်အခါ တိုးဘော့များ၏ အမိန့်အရ မီးရဲနေအောင် ဖုတ်ထားသည့် သံပူကြီးများဖြင့် ကျွန်များ၏ ကျောများနှင့် လက်မောင်းများတွင် တံဆိပ်များလိုက်နှိပ်သည်။ ကျွန်များ အော်ဟစ်ရုန်းကန်သောအခါ ကြာပွတ်၊ တုတ်၊ တင်းပုတ်များဖြင့် မညှာမတာရိုက်ကြသည်။ အချို့ကျွန်များသည် လှေငယ်ပေါ်မှနေ၍ ရေထဲသို့ခုန်ချကြသည်။ ထိုအခါ ရေထဲမှ ကျောပြင်အရောင် ညိုမှိုင်းမှိုင်း ဝမ်းဗိုက်ဖြူဖြူ၊ ပါးစပ်ကွေးကွေး၊ ချွန်ထက်သောသွားများဖြင့် ပြည့်နေသည့် ရှည်ရှည်လျားလျား ငါးကြီးများက ဆီး၍ ကိုက်စားဝါးမျိုကြသည်။ ရေပြင်သည် ကျွန်တို့၏ သွေးများဖြင့် နီရဲလျက်ရှိလေသည်။

'ဒါတွေကို မင်းတို့ သိထားဖို့ကောင်းတယ်လို့ အဖေထင်တယ်။ မင်းတို့ သိမထားရင် အဖေနဲ့အမေက မင်းတို့အတွက် ကြက်ဖအဖြူတစ်ကောင် သတ်ရတဲ့အဖြစ်မျိုးနဲ့ ကြုံရမှာ'

အိုမိုရိုက သားများ၏ အရိပ်အကဲကိုကြည့်သည်။

'အဲဒီလိုလုပ်ရတဲ့အဓိပ္ပာယ်ကိုရော မင်းတို့သိရဲ့လား'

ကွမ်တာက ခေါင်းညွှတ်သည်။ 'မိသားစုထဲက လူတစ်ယောက် ပျောက်သွားရင် လုပ်ရတာ မဟုတ်လား'ဟု ပြန်မေးသည်။ ကြက်ဖဖြူတစ်ကောင်၏ လည်ချောင်းမှ သွေးတစ်ပေါက်ပေါက်ကျနေသည်ကိုကြည့်ပြီး အလ္လာဘုရားသခင်ထံ တိုင်တည်နေကြသည့် မိသားစုများအား သူ မြင်ဖူးသည်မဟုတ်ပါလား။

'အေး ဟုတ်တယ်'ဟု အိုမိုရိုကပြောသည်။ 'တကယ်လို့ ကြက်ဖဖြူရဲ့ခေါင်းဟာ ရင်ဘတ်ပေါ် ငိုက်စိုက်ကျပြီးသေရင် ပျောက်တဲ့လူ ပြန်တွေ့ဖို့ မျှော်လင့်ချက်ရှိသေးတယ်။ ဒါပေမဲ့ လည်လှီးလိုက်လို့ ကြက်ဖရဲ့ခေါင်းက နောက်လန်ပြီးသေရင်

မြန်မာ စာအုပ်များ

ပြန်တွေ့ဖို့ လုံးဝမျှော်လင့်ချက်မရှိတော့ဘူး။ အဲဒီအခါကျရင် မိသားစုနဲ့အတူ တစ်ရွာလုံးက လူတွေပါ အလ္လာဘုရားသခင်ကို တိုင်တည်ပြီးငိုကြရတယ်'

လာမင်းက ကြောက်ရွံ့တုန်လှုပ်သောအသံဖြင့် 'ပါ၊ လေ့ကြီးတွေက ဖမ်းထားတဲ့ လူတွေကို ဘယ်ခေါ်သွားကြလဲ'

'လူကြီးတွေ ပြောကြတာကတော့ ဂျူဆန်ဒူးကိုခေါ်သွားကြတယ်တဲ့'ဟု အိုမိုရိုက ဖြေသည်။ 'ဂျူဆန်ဒူးဆိုတာ ကျွန်တွေကိုရောင်းတဲ့ နယ်မြေတစ်ခုပေါ့။ အဲဒီမှာ 'တိုဘာဘူးကူးမိး'လို့ခေါ်တဲ့ ရောမလူသားစား လူဖြူရိုင်းကြီးတွေရှိတယ်။ သူတို့ကို ရောင်းကြတာ။ သူတို့က ဝယ်ပြီး စားပစ်ကြတယ်။အဲဒီထက်ပိုပြီး ဘယ်သူမှ မသိကြဘူး'

[၁၇]

သူ့အဖေထံမှ ကျွန်များအားဖမ်းဆီးပုံနှင့် လူသားစားလူဖြူများအကြောင်း ကြားခဲ့ရသော လာမင်းသည် အလွန်ကြောက်လန့်ချောက်ချားလျက်ရှိ၏။ ထို့ကြောင့်လည်း ထိုညက လာမင်း ကောင်းကောင်းအိပ်မရ။ အိပ်မက်ဆိုးများမက်ကာ မကြာခဏလန့်နိုးသည်။ နိုးတိုင်းလည်း ကွမ်တာအားနှိုးသည်။ နောက်တစ်နေ့ ဆိတ်ကျောင်းမှပြန်လာသော ကွမ်တာသည် သူ့ညီနှင့် သူ၏စိတ် အပြောင်းအလဲဖြစ်စေရန် တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု တွေးမိသည်။ ဤသို့ဖြင့် သူသည် သူ့ညီအား သူ၏ဦးကြီးများအကြောင်းကို ပြောပြသည်။

'ငါတို့အဖေရဲ့ အစ်ကိုကြီးတွေဟာ ငါတို့အဘိုး ကိုင်ရာဘာကွမ်တာကင်တီရဲ့ သားတွေပဲကွ'ဟု ကွမ်တာကပြောသည်။ 'ဒါပေမဲ့ ငါတို့ဦးကြီး ဂျန်နာနဲ့ ဆာလိုအမ်တို့က စီရင်းဆိုတဲ့ မိန်းမက မွေးတာ။ စီရင်းက တို့အဘိုးရဲ့ ပထမမယား။ တို့အဘွားယေဆာနဲ့ လက်မထပ်ခင်က သေသွားတယ်'

ကွမ်တာက သူ့ညီနားလည်အောင် ဆွေမျိုးစဉ်ဆက်စာရင်းကို အသေအချာ ရှင်းပြသည်။ သို့သော်လည်း လာမင်း နားလည်ပုံမရ။ သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး သူ့ဦးကြီးနှစ်ယောက်၏ စွန့်စားမှုအကြောင်းပြောလျှင် သူ့ညီ ပို၍ဝင်စားလိမ့်မည်ဟု ယူဆလိုက်သည်။

'တို့ဦးကြီးတွေက မိန်းမ မယူဘူးကွ။ သူတို့က ခရီးသွားနေရတာကို ပိုပြီး ကြိုက်တယ်ကွ'ဟု ကွမ်တာက ပြောသည်။

'တို့အဖေက ပြောဖူးတယ်၊ တို့ဦးကြီးတွေဟာ နေလောင်နေတဲ့ သဲပြင်ကြီးတွေဆီကို ရောက်ဖူးတယ်တဲ့။ အဲဒီသဲပြင်ကြီးတွေက အဆုံးမရှိအောင် ကျယ်ပြန့်တယ်တဲ့။ မိုးလည်း ဘယ်တော့မှမရွာဘူးတဲ့'

ကွမ်တာ၏အဆိုအရ သူတို့ဦးကြီးနှစ်ယောက်ရောက်ဖူးခဲ့သည့် နောက် တစ်နေရာမှာ သစ်ပင်များ အလွန်ထူထပ်သည့် သစ်တောကြီးများဖြစ်သည်။ သစ်တောထဲ၌ အမြဲတစေမှောင်မည်းနေသည်။ နေ့နှင့်ညဟူ၍ ခွဲခြားမရ။ ထိုနေရာ၌ နေထိုင်ကြသူများမှာ လာမင်း၏ အရပ်လောက်သာမြင့်သည်။ ပြီးတော့ လာမင်.လိုပင် အဝတ်အစားမဝတ်၊ အမြဲတမ်း ကိုယ်တုံးလုံးနေသည်။ သူတို့ကျတော့ အသက်ကြီးလာသည်အထိ ကိုယ်တုံးလုံးနေသည်။ သူတို့သည် ဆင်ကြီးများကို ဆိတ်လှူးမြားဖြင့် ပစ်ခတ်သတ်ဖြတ်သည်။ သူတို့ဦးကြီးများရောက်ခဲ့ဖူးသည့် နောက်တစ်နေရာမှာ လူ့ဘီလူးကြီးများ၏ဒေသဖြစ်သည်။ ဒေသမှ စစ်သည်တော်ကြီးများသည် အားအသန်ဆုံး မန်ဒင်ကာစစ်သည်တစ်ဦးထက် ပို၍သန်စွမ်းကြသည်။ လှံပစ်လျှင် မန်ဒင်ကာတစ်ဦး ပစ်သည့် လှံထက် နှစ်ဆခန့် ပို၍ရောက်အောင်ပစ်နိုင်သည်။

ကွမ်တာသည် ညအိပ်ရာမဝင်မီအချိန်များတွင်လည်း သူ့ညီလာမင်းအား သူကြားဖူးသမျှ ပုံပြင်များနှင့် ဇာတ်လမ်းများကို ပြောပြသည်။

ရက်အနည်းငယ်အကြာ နေရှိန်ပြင်းလွန်းသဖြင့် တိတ်တိတ်ဆိတ်ဆိတ်နိုင်လွန်းလှသော မွန်းလွဲပိုင်း၌ အခြားရွာတစ်ရွာမှ ဗုံစကားပြောသံကို ကြားကြာရသည်။ ကွမ်တာနှင့် လာမင်းတို့သည် လူကြီးများနည်းတူ ခေါင်းများထောင်၍ နားစွင့်ကြသည်။ ဗုံက ဘာသတင်းတွေ ပေးလိမ့်မည်နည်း။ သူ့အဖေ၏နာမည်ကို ပြောသံကြားလိုက်သောအခါ လာမင်းက အမှတ်တမဲ့ထအော်သည်။ သူသည် ဗုံက ပြောသမျှအားလုံးကို နားလည်သည်မဟုတ်။ အစအဆုံးနားလည်သော ကွမ်တာက သူ့သိလိုက်သောသတင်းကို လာမင်းအား ပြောပြသည်။ ငါးနေ့ခရီးမျှ ကွာဝေးသောနေရာတွင် ဂျမ်နာနှင့် ဆာလိုအမ်တို့သည် ရွာတစ်ရွာတည်ထောင်နေကြကြောင်း၊ လာမည့် ဒုတိယလဆန်းချိန်တွင် ကျေးရွာသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပမည်ဖြစ်၍ သူတို့ညီ အိုမိုရိုလာရောက်စေလိုကြောင်း ပို့လိုက်သည့်သတင်းဖြစ်၏။

ဗုံသံရပ်သွားသည်။ လာမင်းတွင် မေးခွန်းတွင် အများကြီးရှိလာသည်။ 'ကျုပ်တို့ဦးကြီးတွေလား။ ရွာကဘယ်မှာလဲ။ ကျုပ်တို့'ပါ'က အဲဒီကိုသွားမှာလား။ ကွမ်တာက မဖြေ။ ဂျာလီဘာ (ဗုံသမား) တဲဆီသို့ ပြေးသည်။ ရွာထဲမှ လူတချို့ရောက်နေကြလေပြီ။ အိုမိုရိုကိုယ်တိုင်လည်း လာနေသည်ကို မြင်ရ၏။ သူ့နောက်မှ ဗိုက်ကြီးတကားကားနှင့် လိုက်လာသူမှာ ဘင်တာ။ အိုမိုရိုနှင့် ဂျာလီဘာတို့ စကားပြောနေကြသည်ကို အားလုံးက ဝိုင်း၍ နားထောင်နေကြသည်။ ချက်ချင်းပင် ဂျာလီဘာသည် အိုမိုရို၏ ပြန်ကြား

ချက်ကို ဖုံဖြင့် ပြန်ပြောသည်။ 'အလ္လာဘုရားသခင်၏ အလိုအရ ပွဲတော်ရက်မတိုင်မီ အိုမိုရို ဆက်ဆက်လာခဲ့ပါမည်'ဟု ပြန်ကြားခြင်း။ နောက်ရက်များတွင် အိုမိုရိုသည် ဘယ်ကိုမှမသွား။ ခရီးထွက်ရန် ပြင်ဆင်နေသည်။ ရွာသူရွာသားများကလည်း လာ၍ သတင်းမေးကြ၊ ကောင်းချီးပေးကြ၊ ရွာသစ်အတွက် မင်္ဂလာရှိပါစေဟု ဆုတောင်းကြသည်။ သမိုင်းတွင် ကင်တီမိသားစုတည်ထောင်သောရွာအဖြစ် မှတ်တမ်းတင်ခြင်းခံရတော့ရမည် မဟုတ်ပါလော။

အိုမိုရို ခရီးမထွက်မီ ရက်ပေါင်းများစွာကတည်းက ကွမ်တာတွင် စိတ်ကူးတစ်ခု ဝင်သည်။ သူ့အဖေထွက်မည့်ခရီးတွင် သူ့ကိုပါ လိုက်ပါခွင့်ပေးလျှင် ကောင်းမှာပဲ ဟူသော စိတ်ကူးဖြစ်၏။ အချို့ကံကောင်းသောသူငယ်များသည် ဖခင်များ ခရီးဝေးထွက်သည့်အခါ လိုက်သွားကြရသည်။ သို့သော်လည်း ထိုသူငယ်များ၏အသက်သည် သူ့လောက်မငယ်။ သူ့အသက်မှာ ယခုမှ ရှစ်မိုးမျှသာရှိသေးသည်။

လိုက်ချင်လွန်းသောဆန္ဒ ပြင်းပြလွန်းသဖြင့် ကွမ်တာသည် မရွှင်မပျ ဖြစ်ရသည်။ ဘယ်သူ့ကိုမှလည်း သူ့ဆန္ဒကိုဖွင့်မပြောရဲ။ အထူးသဖြင့် သူ့အမေအား လုံးဝအသိမပေးဝံ့။ သူ့အမေသိလျှင် သဘောတူမည်မဟုတ်။ သူ့အနေဖြင့် သူ့အဖေအား ကိုယ်တိုင်ဖွင့်ပြောရန်သာရှိတော့၏။ သို့ဖြင့် သူသည် သူ့အဖေအား တစ်ယောက်ချင်းဆုံမိရန် ချောင်းနေရသည်။

အိုမိုရိုခရီးထွက်ဖို့ သုံးရက်အလိုတွင်ဖြစ်သည်။ ကွမ်တာသည် နံနက်စာ စားပြီး၍ ဆိတ်ကျောင်းထွက်ရန် သူ့ဆိတ်အုပ်ကိုမလာသည်။ ဤအခိုက်တွင် ဘင်တာ၏ တဲထဲမှ ပြန်ထွက်လာသော အိုမိုရိုအား လှမ်းမြင်သည်။ သူသည် ဆိတ်အုပ်ကို ထားခဲ့ပြီး သူ့အဖေနောက်သို့ အပြေးလိုက်သည်။ သူ့အဖေရှေ့ရောက်သောအခါ အမောတကောဖြစ်နေသဖြင့် အသက်ပင်မှန်မှန်မရှူနိုင်။ ဖခင်၏ မျက်နှာကိုသာ အသနားခံသည့် မျက်နှာထားဖြင့် ကြည့်နေမိသည်။ ပြောရန်စိစဉ်ထားသည့် စကားလုံးများမှာလည်း ဘယ်ဆီရောက်ကုန်မှန်းမသိ။

အိုမိုရိုက သူ့သား၏မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့ နောက် 'ငါ အခုပဲ မင့်အမေကို ပြောခဲ့ပြီးပြီ'ထိုစကားပြောအပြီးတွင် အိုမိုရိုသည် သူ့လမ်းသူဆက်လျှောက်သွားသည်။

ကွမ်တာသည် သူ့အဖေ၏ စကားအဓိပ္ပာယ်ကို ရုတ်တရက်စဉ်းစား၍မရ။ စက္ကန့်အနည်းငယ်ကြာမှ သဘောပေါက်သည်။ သူသည် ဝမ်းသာအားရ အော်လိုက်မိ၏။ ထို့နောက် ဆိတ်အုပ်ဆီသို့ ပြန်ပြေးကာ စားကျက်မြက်ခင်းဘက်သို့ ဆိတ်အုပ်နှင့်အတူ ထွက်လာခဲ့လေ၏။

ထိုနေ့က ဝမ်းသာအားရ အိမ်ပြန်လာသော ကွမ်တာအား ဘင်တာက ဘာမပြော ညာမပြော ဆွဲခေါ်သွားပြီးရိုက်သည်။ နာလွန်းအားကြီးသဖြင့် ကွမ်တာသည်

ဘင်တာ့လက်ထဲမှ လွတ်အောင်ရုန်းပြီး ထွက်ပြေးသည်။ ရုတ်တရက် ပြောင်းလဲသွားသော ဘင်တာ၏အပြုအမူအတွက် ကွမ်တာ နားမလည်နိုင်အောင်ဖြစ်ရ၏။ ဘင်တာသည် သူနှင့်မလှမ်းမကမ်း၌ အိုမိုရှိရှိနေသည်ကို မြင်သောအခါ အိုမိုရှိနှင့် ကွမ်တာတို့ ခရီးသွားသည်ကို သူသဘောမတူကြောင်း၊ အခြားရွာများမှလူဝှေ ပျောက်ပျောက်သွားနေသည်ဟူသော သတင်းများကို မကြာခဏရနေသဖြင့် မသွားသင့်ဟု သူထင်ကြောင်း မြည်တွန်တောက်တီးခြင်း ပြုသည်။ နောက်တစ်နေ့မနက် ကွမ်တာ တဲထဲမှထွက်သည့်အခါ ဘင်တာက သူ့အားပွေ့ဖက်ကာ တယုတယနမ်းသည်။ သူ့အမေအနေဖြင့် သူ့အား ယခုလိုမလုပ်သည်မှာ ကြာခဲ့ပြီဖြစ်၏။

ခရီးမထွက်မီ အဘွားညိုဘိုတိုထံ တစ်ခေါက်သွားလည်လိုသောဆန္ဒသည် ကွမ်တာ့ရင်ထဲ၌ ထူးထူးဆန်းဆန်းဖြစ်ပေါ်လျက်ရှိသည်။ တစ်ရက်တွင် သူသည် ဆိတ်အုပ်ကို ခြံထဲသွင်းပြီး သူ့အမေအလစ်တွင် ညိုဘိုတို၏တဲဘက်သို့ ကဆုန် စိုင်း၍ ထွက်လာခဲ့သည်။ 'အဘွားကလည်း မင်းကိုမျှော်နေတာနဲ့အတော်ပဲ'ဟု ညိုဘိုတိုကပြောကာ သူ့အား တဲထဲသို့ခေါ်သွားသည်။

'အဘွားမှာ မင့်ကို ပေးစရာတစ်ခုရှိနေတယ်'ဟု ညိုဘိုတိုက ပြောသည်။ သူသည် ထိုင်ရာမှထသွားပြီး အိပ်ရာဘေးနံရံ၌ချိတ်ထားသည့် နွားရေအိတ်ထဲမှ ပစ္စည်းလေးတစ်ခုကို ထုတ်ယူလိုက်သည်။ လက်မောင်းတွင်ပတ်ထားရသည့် အဆောင်လက်ဖွဲ့လေးတစ်ခုဖြစ်၏။ 'မင့်အဖေ ယောကျ်ားဖြစ်သင်တန်းသွားတက်တော့ မင့်အဘွားက ဒီလက်ဖွဲ့ကလေးပေးလိုက်တယ်'ဟု ညိုဘိုတိုကပြောသည်။

'သူပြန်ရောက်လာတော့ ဒီလက်ဖွဲ့လေးကို အိုမိုရှိရဲ့သားဦး ယောကျ်ားဖြစ်သင်တန်းတက်တဲ့အခါပေးလိုက်ဖို့ ထပ်ပြီးသိဒ္ဓိတင်ထားခဲ့တယ်။ မင့်အဘွား ယေဆာက မင်းယောကျ်ားဖြစ်သင်တန်းတက်တဲ့အခါမှာ ပေးလိုက်ပါလို့ မှာပြီး အဘွားကိုအပ်ထားခဲ့တာ။ အခု မင့်ရဲ့ပါနဲ့သွားမယ့်ခရီးဟာ တကယ့်ကို ခရီးရှည်ကြီးတစ်ခုပဲ။ ဒါ့ကြောင့် မင့်ကို ပေးလိုက်တော့မယ်'

နောက်တစ်နေ့မနက်တွင် ဗလီမှာဘုရားဝတ်ပြုပြီး ပြန်လာသော အိုမိုရှိသည် ကွမ်တာထွက်အလာကို တဲပြင်ဘက်မှ ရပ်၍စောင့်နေသည်။ ယမန်နေ့ညက ကွမ်တာသည် တစ်ညလုံးနီးပါးမျှ အိပ်မပျော်ခဲ့။ ထို့ကြောင့်လည်း သူ့အမေ၏ငိုသံကို သူ ကောင်းကောင်းကြားနေခဲ့၏။ ထို့နောက် ဘင်တာသည် သူ့အား တအားဖက်ထားခဲ့သည်။ ထိုအခါမှပင် သူ့အမေ သူ့အား မည်မျှထိချစ်သည်ကို သူ နားလည်ခဲ့ရ၏။

ရှေ့ဦးစွာ အိုမိုရှိသည် သူ့တဲတံခါးဝမှနေ၍ ရှေ့သို့ ခြေနှစ်လှမ်း ထွက်သည်။ ကွမ်တာကလည်း သူ့အဖေနည်းတူ ခြေနှစ်လှမ်းထွက်သည်။ ထို့နောက် နှစ်ဦးစလုံး ရောက်သည့်နေရာ၌ရပ်ကာ နောက်ပြန်လှည့်ပြီး ပထမဆုံးနင်းလိုက်သည့် ခြေရာ

မြန်မာ စာအုပ်များ

များပေါ်မှ ဖုံများကို ကြဲ၍ သူတို့ အမဲလိုက် လွယ်အိတ်များထဲသို့ ထည့်သည်။ သူတို့၏ခြေရာများ ထိုနေရာသို့ပြန်ရောက်ရန် ရှေးထုံးစံအရ လုပ်လိုက်ခြင်းပေတည်း။

လာမင်းအားချီပြီး တဲဝ၌ရပ်နေသော ဘင်တာသည် အိုမိုရီနှင့် ကွမ်တာတို့ ထွက်သွားရာသို့ မျှော်ကြည့်ကာ ငိုယိုလျက်ရှိ၏။ ကွမ်တာ၏စိတ်တွင် သူ့အမေအား လှည့်ကြည့်လိုသောဆန္ဒ ဖြစ်ပေါ်လာသည်။ သို့သော်လည်း နောက်သို့ လုံးဝလှည့်မကြည့်ဘဲ သွားနေသော ဖခင်အား ကြည့်၍ သူကိုယ်တိုင်လည်း လှည့်မကြည့်ဖြစ်တော့ပေ။ ရွာလယ် လမ်းမပေါ်အတိုင်း လျှောက်သွားနေခိုက်တွင် ရွာသူရွာသားများက တဲရှေ့မှ ထွက်ကာ လှမ်း၍နှုတ်ဆက်ကြသည်။ ကွမ်တာ၏အပေါင်းအသင်းများမှာလည်း ကွမ်တာအား လာ၍ကြည့်နေကြသည်။ ကွမ်တာက သူတို့အား လက်ပြနှုတ်ဆက်သည်။ ပါးစပ်မှအော်ဟစ်ပြီးနှုတ်ဆက်၍မဖြစ်။ အခုလိုအချိန်တွင် ခရီးထွက်သူသည် စကားမပြောကောင်းဟု ဓလေ့ထုံးစံက တားမြစ်ထားသည်မဟုတ်ပါလော။ ရွာထိပ်ရှိ သစ်ပင်ကြီးအောက်သို့ ရောက်သောအခါ ခဏတစ်ဖြုတ်ရပ်နားကြသည်။ အိုမိုရီက လက်ထဲမှ အဝတ်စကလေးနှစ်စကို သစ်ကိုင်းတစ်ကိုင်းတွင် ချည်လိုက်သည်။ လမ်းတွင် ဘေးမသီ ရန်မခအောင် စောင့်ရှောက်ပါဟု ဆုတောင်းပြီး ချည်ထားခဲ့ကြသည့် အဝတ်စများပေတည်း။

ကွမ်တာသည် သူခရီးသွားရမည့်အဖြစ်အပေါ် မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိသည်။ သူ့ဘဝတွင် ပထမဦးဆုံးအကြိမ် မိခင်၏တဲမှ ဝေးရာသို့ ခွဲခွာခဲ့ရခြင်းဖြစ်၏။ ယနေ့ညဆိုလျှင် သူသည် မိခင်နှင့်ခွဲ၍ အိပ်ရပေတော့မည်။ ဂျပ်ဖူရီရွာနှင့် ခွဲခွာရသည်မှာလည်း ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ်ဖြစ် ၏။ ကွမ်တာ သူ့အတွေးနှင့်သူဖြစ်နေခိုက်တွင် အိုမိုရီကတော့ နောက်သို့လုံးဝလှည့်မကြည့်။ ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွားကာ တောအုပ်အတွင်းသို့ ဝင်သွားသည်။ ကွမ်တာသည် ခေါင်းပေါ်၌ရွက်ထားသည့်အထုပ်ကို မကျအောင်ထိန်းကာ သူ့အဖေနောက်သို့ အပြေးအလွှားလိုက်ရလေ၏။

[၁၈]

အိုမိုရီ၏နောက်မှ ခြေနှစ်လှမ်းခွာ၍လိုက်ခဲ့ရသော ကွမ်တာသည် သူ့အဖေအား အမီလိုက်ရန် မလွယ်သည့်အဖြစ်နှင့် ရင်ဆိုင်နေရသည်။ သူ့အဖေ၏ ခပ်မှန်မှန်သွားနေသော ခြေလှမ်းများသည် ခြေလှမ်းကျဲကြီးများဖြစ်လေရာ သူ့ခြေလှမ်းများကို မည်မျှပင် မြန်ဆန်သွက်လက်အောင် လှမ်းသော်လည်း ယှဉ်၍မရအောင်ဖြစ်လျက်ရှိ၏။ တစ်နာရီခန့်လျှောက်မိသောအခါ စောစောက ရွှင်မြူးတက်ကြွနေသော ကွမ်တာသည်

မြန်မာ စာအုပ်များ

စိတ်ဓာတ်ကျလာသည်။ သူ့ခေါင်းထက်၌ ရွက်ထားသည့် အထုပ်မှာလည်း လေးသည်ထက် လေးလာသည်။ ထိုအခါ ကြောက်စရာကောင်းသည့်အတွေးတစ်ခု ဝင်လာသည်။ အဆမတန်မောပန်းပြီး မလိုက်နိုင်တော့ဘူးဆိုပါမူ သူ ဘယ်လိုလုပ်မည်နည်း။

သူတို့လျှောက်သွားနေခိုက်တွင် လမ်းဘေးဝဲယာ ဟိုနေရာ သည်နေရာမှ တောဝက်များသည် တရှုးရှူးတရှဲရှဲအသံပြုကာ အနှံ့ခံနေကြသည်။ ပြီးတော့ ကြောက်လန့်တကြား ထွက်ပြေးကြပြီး ချုံကြိုချုံကြားအတွင်းသို့ တိုးဝင်သွားကြသည်။ သူတို့၏အသံများကြောင့် ယုန်များသည်လည်း ထွက်ပြေးကုန်ကြသည်။ ကွမ်တာသည် အိုမိုရှိအား မမီမှာကြောက်သဖြင့် တောဆင်ရိုင်းတစ်ကောင်အား အသေအချာရပ်၍ကြည့်လိုသော်လည်း မကြည့်နိုင်။ သူ့ခြေသလုံးများသည် အနည်းငယ် နာကျင်ကိုက်ခဲလာနေပြီဖြစ်၏။ သူ့မျက်နှာနှင့် သူ့ခေါင်းများတွင် ချွေးများ စိုရွှဲလျက်ရှိသည်။ ခေါင်းပေါ်မှ အထုပ်သည် တစ်နေရာတည်း၌ငြိမ်ငြိမ်မနေ။ ဟိုဘက်ရွေ့လိုက် သည်ဘက်စောင်းလိုက်ဖြစ်နေသဖြင့် လက်နှစ်ဖက်ဖြင့်ကိုင်၍ ထိန်းနေရသည်။

ရှေ့မှသွားနေသော အိုမိုရှိသည် ရုတ်တရက်ရပ်လိုက်ပြီး သူ့ခေါင်းပေါ်မှအထုပ်ကို မြေကြီးပေါ်ချကာ လမ်းဘေးမှ စမ်းချောင်းဆီသို့ သွားသည်။ ကွမ်တာကတော့ တဆတ်ဆတ်တုန်နေသည့် သူ့ခြေထောက်များကို ထိန်း၍ရပ်ကာ ခေါင်းပေါ်မှအထုပ်ကို လက်ဖြင့်မယူပြီး အောက်သို့ချသည်။ သို့သော်လည်း သူ့လက်များက အထုပ်ကို မြဲအောင်မကိုင်နိုင်။ အထုပ်သည် လက်ထဲမှ လွတ်ကျသွားသည်။ အိုမိုရှိကတော့ စမ်းချောင်းဘေး၌ ဒူးထောက်ထိုင်ကာ ရေကို လက်ခုပ်နှင့်ခပ်၍ သောက်လျက်ရှိလေပြီ။

ကွမ်တာသည် အဆမတန်ရေငတ်လျက်ရှိသည်။ ရေစပ်သို့ ကတုန်ကယင်ဖြင့် လျှောက်သွားပြီး ဒူးထောက်၍ထိုင်သည်။ သို့သော်လည်း ထိုင်၍မရ။ ထပ်မံကြိုးစားကြည့်ပြန်ပါသော်လည်း ခြေထောက်များက ကွေးမရ။ နောက်ဆုံးတွင် သူသည် အလျားမှောက်လိုက်ပြီး တံတောင်နှစ်ဖက်ထောက်ကာ ရေကိုသောက်ရန် အားထုတ်သည်။

'နည်းနည်းပဲသောက်' ရွာမှထွက်လာကတည်းက သူ့အဖေ ပထမဆုံးအကြိမ်စကားပြောခြင်းဖြစ်သည်။ 'နည်းနည်းပဲစသောက်၊ ခဏနားထား၊ ပြီးတော့မှ နည်းနည်းထပ်သောက်'

'ဟုတ်ကဲ့ပါ'ဟုပြောရန် ကြိုးစားသော်လည်း အသံထွက်၍မရ။ သူသည် ရေကို အနည်းငယ်ထပ်သောက်သည်။ ပြီးတော့ နားသည်။ နောက်တစ်ကြိမ် ထပ်သောက်အပြီးတွင် ထထိုင်ကာ စမ်းချောင်းနားမှာပင် ခြေပစ်လက်ပစ်အမောဖြေသည်။ သူတက်ရမည့် ယောကျ်ားဖြစ်သင်တန်းသည် ဤပုံစံမျိုးဖြစ်မှာပဲ ဟူသောအတွေး ဝင်လာသည်။ တွေးရင်းတွေးရင်းနှင့်ပင် ဖျတ်ခနဲ အိပ်ပျော်သွားသည်။

ဖျတ်ခနဲ ပြန်၍နိုးလာသည်။ သူ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသနည်း။ ခန့်မှန်း၍မရ။ အနားတွင် အိုမိုရှိမရှိ။ ကွမ်တာသည် လန့်ဖျပ်ပြီး ထိုင်နေရာမှ ခုန်ထ

မြန်မာ စာအုပ်များ

လိုက်သည်။ အနီးရှိသစ်ပင်တစ်ပင်အောက်တွင် သူ့အဖေ၏အထုပ်။ သူ့အဖေ ဝေးဝေးလံလံ မသွားသည်မှာ သေချာသည်။ သူသည် အညောင်းဆန့်လိုက်သည်။ အကြောတွေနာကျင်နေသေးသော်လည်း လှုပ်ရှားလို့တော့ ရလာပြီ။ သူသည် စမ်းချောင်းဘေး၌ ဒူးထောက်ထိုင်ကာ ရေထပ်သောက်သည်။ ရေထဲတွင် ထင်ဟပ်နေသည့် သူ့မျက်နှာ။ အသားမည်းမည်း၊ မျက်လုံးတွေကပြူးပြူး၊ ပါးစပ်ကပြဲပြဲ။ ပြုံးလိုက်မိ၏။ ပါးစပ်ထဲမှ သွာ့တွေ ဖွေးခနဲပေါ်လာသည်။ သူ မရယ်ဘဲမနေနိုင်။ ရယ်လိုက်မိ၏။ အိုမိုရို သူ့ဘေးနား၌ ရပ်နေသည်ကို မြင်လိုက်သောအခါ ရှက်သလိုလို ဖြစ်သွားသည်။

သာအဖနှစ်ယောက် သစ်ပင်ရိပ်တွင်ဝင်ခိုကာ အိမ်မှပါလာသည့်မုန့်နှင့် ကွမ်တာ အိပ်ပျော်နေစဉ် အိုမိုရို လေးနှင့်ပစ်ပြီး မီးကင်ထားသော ခိုကင်တို့ကို စားကြသည်။

'ဒီနေရာက တစ်ရက်ခရီးအကွာမှာ တိုးဘော့တွေရဲ့လေ့ကြီးတွေရှိတယ်'ဟု အိုမိုရိုက ပြောသည်။ 'နေ့ခင်းဘက်ဆိုရင် ခရီးသွားရတာ ဘာမဆိုမြင်နိုင်တယ်။ ဒါပေမဲ့ ချုံမြင့်မြင့်ကြီးတွေနဲ့ မြက်ပင်မြင့်မြင့်ကြီးတွေနားကိုတော့ ကပ်လို့မဖြစ်ဘူး။ တို့ကို အန္တရာယ်ပြုနိုင်တဲ့ဟာတွေ ပုန်းနေလို့ရတယ်'

အိုမိုရိုသည် သူ့တားသွား၊ လေးနှင့်မြားတို့ကို ကိုင်တွယ်ပွတ်သပ်လျက်ရှိသည်။ 'ဒီညတော့ ရွာတစ်ရွာမှာ ဝင်အိပ်မှဖြစ်မယ်'

သူ့အဖေနားရှိနေလျှင် ဘာမှကြောက်စရာမလိုဟု ကွမ်တာက တွေးသည်။ သို့သော်လည်း လူတွေ မကြာခဏပျောက်ပျောက်သွားသည့် သတင်းများ ကြားဖူးထားသဖြင့် ကြောက်စိတ်တွေကတော့ ပျောက်မသွား။ လမ်းပေါ်၌ ခွေးအရေးပုံတစ်ပုံကို သတိထားမိသည်။ ချေးအရောင်မှာ နှင်းပန်းကဲ့သို့ ဖြူဖွေးနေသည်။ ခွေးအများသည် သွားအလွန်ထက်သော သတ္တဝါများဖြစ်ရာ အရိုးများကိုပင် ကြေညက်အောင်ကိုက်ဝါး စားမျိုလေ့ရှိကြသည်။ ထို့ကြောင့်လည်း သူတို့ချေးများသည် ဖြူဖွေးနေကြခြင်းဖြစ်၏။

'ဆင်တွေ'ဟု အိုမိုရိုကပြောသည်။ လမ်းဘေးချုံနွယ်ပိတ်ပေါင်းများ ကြေမွနေသည်ကို ကွမ်တာသတိပြုမိ၏။ ဆင်ပေါက်များသည် သစ်ပင်ကြီးများအား အမြစ်မကျွတ်တကျွတ်ဖြစ်အောင် ဆွဲနုတ်ကာ ထိပ်ဖျားမှ အရွက်နုများကို စားနေ ကြသည်။

ကွမ်တာသည် သူတို့ဒေသနှင့်မတူသော ပတ်ဝန်းကျင်ကို သတိပြုမိလာသည်။ နေရောင်အောက်ရှိ မြင်ပင်များမှာ ထူထပ်သိပ်သည်းလှ၏။ သူယခင်က မမြင်ဖူးခဲ့သည့် မြက်ပင်အမျိုးအစားများဖြစ်သည်။ ထန်းပင်များနှင့် ဇောင်းကြိမ်းပင်များမှာလည်း သူတို့ဒေသထက်ပို၍ များပြားစွာပေါက်ရောက်လျက်ရှိ၏။ သူတို့ဂျပ်ဖူရီရွာ၌ တွေ့မြင်ရသည့် ငှက်မျိုးသာမက သိမ်းငှက်များနှင့် လင်းတများကိုပါ မြင်နေရ၏။

သူတို့ရှေ့တည့်တည့် ရွာတစ်ရွာမှ တလိပ်လိပ်တက်နေသော မီးခိုးလုံးများကို လှမ်းမြင်လိုက်ရသည့်အချိန်တွင် လိမ္မော်ရောင်ယှက်သန်းလျက်ရှိသော နေမင်းသည်

မြေကြီးထဲသို့ ငုပ်လျှိုးပျောက်ကွယ်လုနီးနေပေပြီ။ ရွာထိပ်သို့ရောက်သောအခါ ရွာထဲမှ ကလေးသူငယ်များ အပြေးအလွှားလာရောက်ကြိုဆိုကြသည်ကို မတွေ့ရ။ ရွာထဲ၌ တစ်ခုခုတော့ဖြစ်နေပြီဟု မှန်းဆနိုင်သည့် အခြေအနေမျိုးဖြစ်၏။

ရွာဝရောက်သည်ဆိုလျှင်ပင် ရွာတစ်ပိုင်း မီးလောင်ထားသည်ကို ကွမ်တာ မြင်ရသည်။ ရွှံ့တဲ တစ်ဝက်ကျော်ကျော်ခန့်တွင်လည်း လူရိပ်လူခြည် မမြင်ရ။ ယုန်များသည် ခုန်ပေါက် ပြေးလွှားနေကြသည်။ ငှက်များကတော့ သဲထဲတွင် လူးလျက်ရှိကြ၏။ ရွာထဲတွင် သက်ကြီးရွယ်အိုများနှင့် နာဖျားမကျန်းဖြစ်နေသူများသာရှိ၏။ ကလေးသူငယ်များဆို၍ အော်ဟစ်ငိုကြွေးနေကြသော နို့စို့ကလေးအနည်းငယ်မျှသာ တွေ့ရသည်။ သူ့အသက်အရွယ် သူငယ်များနှင့် သူ့အဖေအိုမိုရိအရွယ် လူကြီးများကို တစ်ယောက်တလေမျှပင် မမြင်ရ။

ခရီးသည်များအား အဘိုးအိုများက ဆီးကြိုကြသည်။ သူတို့ထဲမှ အသက်အကြီးဆုံး အဘိုးအိုသည် တောင်ဝှေးကိုအားပြု၍ လျှောက်လာပြီး အဘွားအိုတစ်ဦးအား ဧည့်သည်များအတွက် ရေယူလာခိုင်းသည်။ အဘွားအိုမှာ ကျွန်တစ်ယောက် ဖြစ်ဟန်တူ၏။ ထို့နောက် အဘိုးအိုများကပင် သူတို့ရွာ၏ အဖြစ်အပျက်ကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။ တစ်ညတွင် ကျွန်ဖမ်းသူများ ရွာထဲဝင်လာပြီး လူငယ် လူရွယ်များကိုဖမ်းသည်။ ခုခံသူများအား သတ်ဖြတ်သည်။ အဘိုးအိုတစ်ဦးက အိုမိုရိအား တစ်လှည့် ကွမ်တာအားတစ်လှည့် လက် ညှိုးထိုးပြပြီး 'မင်းတို့အရွယ်တွေရော သူတို့အရွယ်တွေပါ သေကြ ကြေကြ အဖမ်းခံကြရတယ်။ ငါတို့အဘိုးကြီးတွေကိုတော့ ဘာမှမလုပ်ကြဘူး။ ငါတို့က တောထဲထွက်ပြေးပြီး ပုန်းနေကြရတယ်'

သူတို့မှာ အခုအချိန်ထိ မစိုက်မပျိုးရသေး။ အစာရေစာကလည်း များများမရှိတော့။

'ငါတို့မှာ လုပ်နိုင်ကိုင်နိုင်တဲ့ လူငယ်လူရွယ်တွေမရှိတော့လို့ အားလုံး သေကြရတော့မယ်'ဟု အဘိုးအိုတစ်ဦးကပြောသည်။ အိုမိုရိက သူတို့ပြောသမျှကိုဂရုတစိုက် နားထောင်ပြီး ပြန်ပြောသည်။ 'ဒီရွာနဲ့ လေးရက်ခရီးအကွာမှာ ကျုပ်အစ်ကိုတွေရဲ့ရွာ ရှိပါတယ်။ အဘိုးတို့အားလုံးကို ကောင်းကောင်းမွန်မွန် ကြိုဆိုပြီး လက်ခံကြမှာပါ'

သို့သော်လည်း အားလုံးကခေါင်းယမ်းကြသည်။ အသက်ကြီးဆုံး အဘိုးအိုကပင် အိုမိုရိအား ပြန်ဖြေသည်။ 'ဒီရွာဟာ ငါတို့ရွာပါ။ ဘယ်အရပ်မှာမှ ငါတို့ရွာ ရေတွင်းက ရေလို ချိုမှာမဟုတ်ပါဘူး။ ငါတို့မိန်းမတွေချက်တဲ့ ဟင်းနံ့လောက်မွှေးတဲ့ အနံ့မျိုးကိုလည်း ဘယ်မီးဖိုချောင်မှာမှ တွေ့မယ်မထင်ပါဘူးကွယ်'

ဧည့်သည်များအတွက် အိပ်စရာတဲမပေးနိုင်သဖြင့် ဧည့်ဝတ်မကျေဖြစ်နေကြောင်း၊ သူတို့အား ခွင့်လွှတ်စေလိုကြောင်း တောင်းပန်ကြသည်။ အိုမိုရိကလည်း သူတို့သားအဖ ကြယ်များအောက်တွင် အိပ်နိုင်ပါသည်ဟု ပြန်ပြောသည်။ ထိုညတွင် ကွမ်တာတို့

မြန်မာ စာအုပ်များ

သားအဖသည် အိမ်မှပါလာသည့် ပေါင်မုန့်များကို အဘိုးအိုများနှင့် ခွဲဝေမျှတပြီးစားကြသည်။ ထို့နောက် ကွမ်တာသည် ကောက်ရိုးဖျာပေါ်တွင် သစ်သားတုံးတစ်တုံး ခေါင်းအုံး၍ အိပ်သည်။ ရုတ်တရက် အိပ်မပျော်။ သူကြားခဲ့သမျှတွေကိုတွေးကာ စိတ်မအေး ဖြစ်နေသည်။ ဆိုကြပါစို့၊ ဂျပ်ဖူရီရွာ၌ ယခုလိုအဖြစ်မျိုးကြုံကာ လူအားလုံးအဖမ်းခံကြရမည်၊ သေကြရမည်ဆိုလျှင်...။ အိုမိုရို၊ ဘင်တာ၊ လာမင်းနှင့် မိမိပါ ထိုအထဲ၌ ပါသွားမည်ဆိုလျှင်...။

ရုတ်တရက် အမှောင်ထုအတွင်းမှ စူးစူးဝါးဝါးအော်သံများကြားရသည်။ ရက်စက်ကြမ်းကြုတ်သော သားကောင်တစ်ကောင်၏ အဖမ်းကိုခံရသဖြင့် အော်လိုက်သည့်အသံဖြစ်၏။ သူသည် အသံကိုနားထောင်ရင်း လူတစ်စုက အခြားလူတစ်စုအား ဖမ်းဆီးသည့်အကြောင်း တွေးမိသည်။ အလွန်ဝေးသောနေရာမှ ခွေးအအူသံများ ကြားရပြန်သည်။ ကွမ်တာ၏ ဘဝတစ်လျှောက်လုံး အခါရာသီမရွေး ညစဉ် တစ်နေရာရာမှ ခွေးအအူသံများ ကြားရမြဲ။ ယနေ့ညအဖို့ ခွေးအအူသံကို နားထောင်ရသည်မှာ စိတ်ထဲ၌ သာယာသလိုလို ခံစားရသည်။ နောက်ဆုံး သူ အိပ်ပျော်သွားသည်။

[၁၉]

အရုဏ်ဦးရောင်နီပျိုးချိန်တွင် ကွမ်တာ အိပ်ရာမှနိုးသည်။ ချက်ချင်းပင် ဖျတ်ခနဲ ထထိုင်သည်။ သူ့ကောက်ရိုးအိပ်ရာဘေး၌ရပ်နေသော အဘွားကြီးတစ်ယောက်။ လွန်ခဲ့သော လပြည့်နှစ်လက သူ့ပို့ပေးလိုက်သည့်အစားအစာများ ဘယ်လိုဖြစ်ကုန်သလဲဟု လှမ်းမေးနေသည်။ အိုမိုရိုက ချော့ချော့မော့မော့လေသံဖြင့် ပြန်ပြောသည်။ 'ကျုပ်တို့ ပြောပြချင်ပါတယ် အဘွားရယ်၊ ဒါပေမဲ့ မသိဘူး'

သူတို့ နံနက်စားပြီး ရွာမှထွက်လာခိုက်တွင် ကွမ်တာသည် ဂျပ်ဖူရီရွာထဲ၌တုန်တုန်ရီရီဖြင့် လျှောက်သွားပြီး တွေ့သမျှလူများအား ဝမ်းသာအားရကြည့်ကာ 'ငါ့သမီး မနက်ဖြန် ပြန်ရောက်တော့မယ်'ဟု ပြောလေ့ရှိသော အဘွားကြီးကို သတိရသည်။ အဘွားကြီး၏သမီးမှာ လွန်ခဲ့သော မိုးရာသီ နှစ်ပေါင်းများစွာက ပျောက်သွားခဲ့သူဖြစ်၏။ လူတိုင်းကလည်းသိနေ၏။ ကြက်ဖအဖြူကို သတ်ကြည့်ပြန်တော့လည်း နောက်သို့ လန်ကျပြီး သေဆုံးသွားခဲ့သဖြင့် ပြန်လာဖို့လမ်းမရှိတော့ဟု တွက်ထားကြသည်။ သို့တစေလည်း အဘွားကြီးက ပြောလာသည့်အခါတိုင်း 'ဟုတ်တယ်အဘွား၊ မနက်ဖြန် ပြန်ရောက်မှာ'ဟု အလိုက်သင့်ပြန်ပြောကြသည်။

နေသိပ်မမြင့်မီ ရှေ့တူရူမှ လျှောက်လာနေသော လူတစ်ယောက်ကို မြင်ကြရသည်။ တမြန်မနေ့ကဆိုလျှင် လမ်းတွင် ခရီးသွား နှစ်ဦး သုံးဦးနှင့် ဆုံမိခဲ့သည်။ ပြုံး၍ နှုတ်

မြန်မာ စာအုပ်များ

ဆက်ရုံကလွဲ၍ စကားမပြောဖြစ်ခဲ့ကြ။ ယခုလာနေသည့် အဘိုးအိုကျတော့ စကားစမြည် ပြောလိုဟန်ပြနေသည်။ အဘိုးအိုသည် သူတို့အနီးရောက်သည်နှင့် သူလာခဲ့သည့် လမ်းဘက်သို့ လက်ညှိုးထိုးပြပြီး 'မင်းတို့ တိုးဘော့တစ်ယောက်နဲ့ တွေ့ချင်တွေ့လိမ့်မယ်'

အိုမိုရို၏နောက်မှပါလာသော ကွမ်တာသည် ကြားရသည့်စကားကြောင့် အသက် ရှူ ရပ်လုနီးပါး ဖြစ်သွားသည်။

'သူနဲ့အတူတူ သူ့အထုပ်တွေကိုရွက်လာတဲ့ လူတွေလည်း အများကြီး ပါလာ တယ်ကွဲ့'

အဘိုးအိုနှင့်ဆုံမိသောအခါ တိုးဘော့က လှမ်းတားပြီး မြစ်စစီးသောနေရာ ရှာ မတွေ့သဖြင့် ကူညီပါဟု ပြောသည်။

'သူက အဘိုးကို ရန်မပြုဘူးလား'ဟု အိုမိုရိုက မေးသည်။

'ဆက်ဆံပုံကတော့ သိပ်ကိုတရင်းတနှီးပဲ'ဟု အဘိုးအိုက ပြောသည်။ 'ဒါပေမဲ့ ကြောင်ဟာ သူနဲ့ကစားနေတဲ့ကြွက်ကို အမြဲသတ်စားလေ့ရှိတာပဲ'

'အဲဒါကတော့အမှန်ပဲ'ဟု အိုမိုရိုက ထောက်ခံသည်။

ကွမ်တာကတော့ လူတွေကိုလိုက်မရှာဘဲ မြစ်လိုက်ရှာနေသော လူထူးလူဆန်း တိုးဘော့အကြောင်းကို သူ့အဖေအား မေးကြည့်ချင်သည့်ဆန္ဒ ပေါ်နေသည်။ သို့သော် လည်း သူ့အဖေသည် အဘိုးအိုအားနှုတ်ဆက်ကာ သူ့ခရီးကို ဆက်သွားနေပြီဖြစ်၏။ ထုံးစံအတိုင်း သူ့အဖေသည် သူ့ကိုလှည့်မကြည့်။ ကွမ်တာ့ ခြေထောက်များတွင် သွေး များ ယိုစီးကျနေပြီဖြစ်၏။ သို့သော်လည်း သူသည် ယောကျ်ားမပီသရာရောက်မည်စိုး၍ ဂရုမစိုက်။

ထိုညအဖို့ လမ်းမှာပင်နားကြရသည်။ ကွမ်တာသည် သစ်ကိုင်းများ ခင်းထားသည့် အိပ်ရာပေါ်၌ လှဲမိသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ရောက်သည်။ မနက် အရုဏ် တက် သူ့အဖေက သူ့အားနှိုးချိန်တွင် ယုန်နှစ်ကောင် မီးကင်ပြီးဖြစ်နေသည်ကို တွေ့ ရသည်။ ကွမ်တာသည် သူ့အဖေ၏ လျင်မြန်ဖျတ်လတ်မှုအပေါ် အံ့သြမဆုံးနိုင်အောင် ဖြစ်နေမိလေ၏။

တတိယနေ့ဖြစ်သော ထိုနေ့အဖို့လည်း ကွမ်တာ၏တစ်ကိုယ်လုံး နာကျင်ကိုက်ခဲ လျက်ပင်ရှိသည်။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ယောကျ်ားဖြစ်သင်တန်း တက် နေသူတစ်ဦးအဖြစ် သဘောထားကာ နာကျင်မှုများကို ဂရုမစိုက်၊ ထိုနေ့ နေ့ခင်း ဆူးတစ်ချောင်း တက်နင်းမိသောအခါတွင်လည်း မအော်မိအောင်ချုပ်တည်းကာ ခြေထောက်နင်းထော့နင်းဖြင့် ဖွဲ့ခတ်ပြီးလိုက်သည်။ နောက်ဆုံး လဲကျသွားသည့်အခါမှပင် အိုမိုရိုက နားဖို့ဆုံးဖြတ်သည်။ သားအဖနှစ်ယောက် လမ်းဘေး၌ထိုင်ကာ နေ့လယ်စာ စားကြသည်။

မြန်မာ စာအုပ်များ

အိုမိုရိက ဒဏ်ရာကို ဆေးထည့်ပေးပြီး ခရီးဆက်ကြသည်။ ဒဏ်ရာက ပြန်နာလာပြီး သွေးထွက်လာပြန်သည်။ မည်သို့ပင်ဖြစ်စေ အောင့်အည်းပြီး ဆက်လျှောက်သည့်အခါ ဒဏ်ရာထဲသို့ ဖုန်များဝင်ကာ သွေးတိတ်သွားရုံမျှမက ထုံကျင်ပြီး မနာတော့သလိုပင် ဖြစ်သွားသည်။ သို့သော် ထိုည ရပ်နားကြသည့် အခါတွင်မူ ခြေထောက်တစ်ခုလုံး ရောင်ကိုင်းနေသည်။ သူ့အဖေက အနာပေါ်တွင် ဆေးတစ်မျိုးအုံပေးသည်။ ဤသို့ဖြင့် မနက် အိပ်ရာမှနိုးလာသည့်အခါ သိပ်ပြီးမနာကျင်ဘဲ ခြေထောက် ထောက်နိုင်လာပြန်သည်။

ခရီးဆက်ကြသည့်အခါ ပတ်ဝန်းကျင် ရေမြေတောတောင် အနေအထားများသည် ဂျပ်ဖူရီရွာတစ်ဝိုက်နှင့်တူသည်ကို ကွမ်တာသတိထားမိသည်။ ကွာခြားမှုဟူ၍ တစ်ခုသာရှိ၏။ သူတို့ဂျပ်ဖူရီရွာဘက်၌တွေ့ရသော အပင်များ၊ မျောက်များနှင့် ငှက်များသည် ဤဒေသ၌ အဆများစွာပိုများခြင်းဖြစ်သည်။

ရွာတစ်ရွာသို့ ရောက်ကြပြန်သည်။ ရွာထိပ်ရှိခရီးသည်များ သစ်ပင်အောက်၌ ခဏတစ်ဖြုတ်နားကြသည်။ ရွာထဲမှ ကလေးသူငယ်တစ်ယောက်မျှထွက်လာပြီး သူတို့အား ကြိုဆိုနှုတ်ဆက်ခြင်းမရှိ။ ရွာထဲမှလည်း အသံဗလံမကြားရ။ တစ်ရွာလုံး တိတ်လျက်ရှိသည်။ ကျွန်ဖမ်းသူတွေ ဝင်မွှေသွားပြန်သလား။ ကွမ်တာ့အဖို့ တွေးစရာဖြစ်နေသည်။ သို့အဖေအား မေးလိုသော်လည်း မမေးဝံ့။ နောက်တစ်ရွာရောက်မှပင် ထိုရွာ၏အဖြစ်ကို သိခွင့်ရသည်။ ထိုရွာမှခေါင်းဆောင်သည် ရွာသားများမကြိုက်သည့် အလုပ်များကို အမြဲလုပ်ကြောင်း၊ တစ်ညတွင်မူ ရွာသူရွာသားအားလုံးသည် ရွာခေါင်းဆောင် အိပ်မောကျနေခိုက် သူတို့ပိုင်ပစ္စည်းများကိုသယ်ယူ၍ နီးစပ်ရာရွာများမှ မိတ်ဆွေသားချင်းများထံ ပြောင်းရွှေ့သွားကြကြောင်း၊ 'အနှစ်မဲ့ခေါင်းဆောင်'အား ရွာ၌ တစ်ယောက်တည်း စွန့်ပစ်ထားခဲ့ကြကြောင်း၊ ယခုအခါတွင်မူ ရွာခေါင်းဆောင်က သူ့ရွာသားများမကြိုက်သည့်အလုပ်ကို နောက်မလုပ်တော့ပါဟု ကတိပေးကာ အားလုံး ရွာသို့ပြန်လာကြရန် တောင်းပန်နေကြောင်း စသည်ဖြင့် ပြောပြကြသည်။

မိုးချုပ်ခါနီးနေပြီဖြစ်၍ ထိုည ဤရွာမှာပင် အိပ်တော့မည်ဟု အိုမိုရိုက ဆုံးဖြတ်သည်။ ကွမ်တာ ထမင်းစားနေခိုက် အိုမိုရိုသည် ရွာ ဗုံသမားထံသွားသည်။ နက်ဖြန်ညနေ နေဝင်ချိန်တွင် မိမိရွာသစ်သို့ရောက်မည်ဖြစ်ကြောင်း၊ မိမိနှင့်အတူ မိမိ၏သားအကြီး ကွမ်တာပါလာကြောင်းဟူသော သတင်းကို သူ့အစ်ကိုများထံ ဗုံဖြင့် သတင်းပို့ခိုင်းခြင်းပင်တည်း။

တစ်ခါတစ်ရံတွင် ကွမ်တာသည် သူ့နာမည်အား ဗုံသံဖြင့် ပြောနေသံကို အလွန်ကြားချင်သည်။ မကြာမကြာ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ဖူးသည်။ ယခုတော့လည်း သူ့နာမည်ကို ကြားနေရပြီဖြစ်၏။ ဤရွာနှင့် သူ့ဦးကြီးနှစ်ယောက်၏ ရွာကြားရှိ ရွာတိုင်းမှ ဗုံသမားများသည်လည်း သူ့နာမည်ကို သူတို့ဗုံများဖြင့် ပြောကြပေတော့မည်။

မြန်မာ စာအုပ်များ

[၂၀]

သားအဖနှစ်ယောက် နောက်ဆုံးရှာဦး ခရီးတစ်ထောက်နားခဲ့ကြသည်မှာ အချိန်များစွာ ကြာသွားသည်။ ထို့ကြောင့်လည်း သူတို့လိုရာခရီးသို့ နေဝင်ချိန်တွင် ရောက်သွားနိုင်ရန် ခြေကုန်သုတ်နေကြရသည်။ လေနှင့်အတူ လွင့်မျောလိုက်ပါလာနေသော ဗုံသံများက လည်း ရွာသစ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်ရန် ဆိုက်ရောက်လာနေသည့် အရေးပါ အရာရောက်သော ဧည့်များစာရင်းကို အဆက်မပြတ်ကြေညာလျက်ရှိသည်။ ထိုအထဲတွင် ဘာရာဘုရင်က စေလွှတ်သည့် မင်းသားတစ်ပါးပင် ပါဝင်သည်ကို ကွမ်တာတို့သားအဖ ကြားကြရလေသည်။

အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီသို့ နေလုံးရောက်သွားချိန်တွင် ကွမ်တာ သည် သူတို့ရှေ့တည့်တည့်မှ မီးခိုးလုံးများ တလူလူတက်နေသောရွာကို လှမ်း မြင်ရ သည်။ ဧည့်သည်များအားကြိုဆိုသည့် ဗုံသံများကိုလည်း ကြားနေရ၏။ လမ်းဘေး တစ်နေရာ၌ ရပ်နေသော လူတစ်ယောက်က သူတို့အား လက်ဝှေ့ယမ်းပြီး နှုတ်ဆက် သည်။ အိုမိုရိုကလည်း လက်များကိုမြှောက်၍ ဝှေ့ယမ်းပြသည်။ ထိုလူသည် ချက် ချင်းပင် ထိုင်ချလိုက်ကာ သူ့လက်ထဲမှ ဗုံကိုပိုက်၍တီးသည်။ အိုမိုရိုကင်တီနှင့် သူ့ သားကြီးတို့ ဆိုက်ရောက်ပြီ'ဟု ကြေညာလိုက်ခြင်းပေတည်း။

ရွာထဲမှ ဗုံသံများသည် ပို၍ကျယ်လောင်လာသည်။ ထို့နောက် ရွာတံခါးဝဆီ သို့ ပြေးလာနေကြသည့် လူများ၊ သစ်ခေါက်နှင့် သစ်ရွက်များ ဝတ်ထားကြသည့် အကသမားများ၊ ထိုလူအုပ်ကြားမှ ပြေးလာနေကြသည့် လူနှစ်ယောက်။ အိုမိုရိုသည် သူ့ခေါင်းပေါ်မှအထုပ်ကို မြေကြီးပေါ်သို့ပစ်ချပြီး ထိုသူနှစ်ယောက်ဆီသို့ ပြေးသွားသည်။ ကွမ်တာကိုယ်တိုင်လည်း ဘာမသိ ညာမသိနှင့် ခေါင်းပေါ်မှအထုပ်ကို ပစ်ချခဲ့ပြီး သူ့အဖေ့နောက်မှ ပြေးလိုက်သွားသည်။

ရွာထဲမှလူနှစ်ယောက်နှင့် အိုမိုရိုတို့သည် တစ်ဦးကိုတစ်ဦး ပွေ့ဖက်နှုတ်ဆက် နေကြသည်။ တစ်ဦးက 'ဟော့...ဒါ ငါတို့တူ မဟုတ်လားကွ'ဟုပြောကာ ကွမ်တာအား ချိုင်းနှစ်ဖက်မှ မ၍ ချီမြှောက်လိုက်သည်။ သူ့ဦးကြီးနှစ်ယောက်စလုံး သူ့အဖေနှင့် ရုပ်ချင်းဆင်သည်ကို ကွမ်တာ သတိပြုမိ၏။ သို့သော်လည်း ဦးကြီး နှစ်ယောက်စလုံး သူ့အဖေထက် အရပ်ပုသည်။ ကိုယ်လုံးကိုယ်ထည်များမှာ သူ့အဖေထက်ပို၍ တုတ်ခိုင် သန်စွမ်းကြသည်။ သူ့ဦးကြီးအကြီး လူဂျန်နာသည် အဝေးကို လှမ်းကြည့်သည့်အခါ မျက်စိစွေသယောင်ယောင်ရှိ၏။ သူတို့သည် အိုမိုရိုအား ဂျပ်ဖူရီရွာအကြောင်း၊ ဘင်တာ အကြောင်းများကို အဆက်မပြတ်မေးနေကြသည်။

ဆာလိုအမ်က ကွမ်တာ၏ခေါင်းကို လက်သီးဆုပ်ဖြင့် တစ်ချက်လှမ်းထုလိုက်ပြီး 'နာမည်မှည့်ပြီးကတည်းက မတွေ့ရတော့တာ အခုမှပဲပြန်တွေ့ရတယ်။ မင်းအသက် ဘယ်နှစ်မိုးရှိသွားပြီလဲ'

'ရှစ်မိုးခင်ဗျာ'ဟု ကွမ်တာက တရိုတသေဖြေသည်။

'ယောက်ျားဖြစ်သင်တန်းတက်ရဖို့တောင် နီးနေပါပကောလားကွ'ဟု သူ့ဦးကြီးက ရေရွတ်သည်။

အပြင်မှ လူနှင့်တိရစ္ဆာန်များမဝင်နိုင်အောင် ရွာပတ်ပတ်လည်တွင် ဝါးများဖြင့်ခြံစည်းရိုးအမြင့်ကြီးများ ကာရံထားသည်။ တဲတိုင်းကိုယ့်ဝင်းကိုယ့်ခြံနှင့်ဖြစ်၍ တသီးတသန့်ရှိသည်။ အစားသိုလှောင်သည့်တဲများကို မီးဖိုနှင့်တစ်ဆက်တည်း တွဲ၍ဆောက်ထားသည်။ သိုလှောင် ထားသည့် စပါး၊ ဂျုံနှင့် လူး စသည့် ကောက်ပဲသီးနှံများတွင် မီးခိုးငွေ့များအမြဲရကာ ပိုးမတက်စေရန် စီမံထားခြင်းဖြစ်သည်ဟု သူ့ဦးကြီး ဆာလိုအမ်က ရှင်းပြသည်။

မန်ဒင်ကာဘာသာဖြင့်ပြောဆိုနေကြသည့် စကားသံများကို ကွမ်တာ ကြားနေရသည်။ စကားလုံးတိုင်းကို သူနားမလည်။ ကွမ်တာအနေဖြင့် အခြားလူမျိုးစုများ၏ဘာသာစကားကိုလည်း နားလည်သည်မဟုတ်။ သို့သော်လည်း ဘယ်လိုရုပ်ရည်ဘယ်လိုပုံစံမျိုးက ဘာလူမျိုးစု ဆိုတာကိုတော့ သူခွဲခြားနိုင်သည်။ ဖူးလားလူမျိုးများသည် မျက်နှာဘဲဥပုံ၊ ဆံပင်ရှည်ရှည်၊ နှုတ်ခမ်းပါးပါး၊ အကင်းပါးသည့် ကြန်အင်လက္ခဏာရှိပြီး နားထင်များတွင် အစင်းအကြောင်း တွေရှိသည်။ ဝိုးလော့ဖ်လူမျိုးများကတော့ အသားအလွန်မည်းသည်။ တသီးတသန့်နေတတ်သော အကျင့်စရိုက်ရှိသည်။ စီရာဟူလီလူမျိုးစုတွေကျတော့ အသားသိပ်မမည်း။ အရပ်ပုသည်။ တစ်ကိုယ်လုံး အမာရွတ်တွေပြည့်နေပြီး မျက်နှာထားမှာ ကြောက်မက်ဖွယ်ကောင်းသည်။

ကွမ်တာသည် မျက်စိကိုသာ ကျယ်ကျယ်ဖွင့်ထားသည်မဟုတ်။ နားကိုပါ ကျယ်ကျယ် စွင့်ထားသည်။ ထို့ကြောင့်လည်း ရွာထဲမှမိန်းမများ ပြောဆိုနေကြသည့် သူ့ဦးကြီးများအကြောင်းကို ကြားရသည်။ သူ့ဦးကြီးများသည် ဇနီးများယူပြီး သားများမွေးရန်အတွက် ခရီးသွားခြင်းအလုပ်ကို လျှော့လိုက်ခြင်းဖြစ်သည်ဟု မိန်းမတစ်ယောက်က ပြောသည်။ 'အေးဟယ် ဒါပေမဲ့ သူတို့မှာလည်း ဒုက္ခပဲအေ့။ သူတို့ဇနီးဖြစ်ချင်တဲ့ အပျိုမတွေက သိပ်များနေတယ်မဟုတ်လား'ဟု နောက်တစ်ဦးက ဝင်ပြောသည်။

ကွမ်တာ ကြားရသည့်အတိုင်းဆိုပါက သူ့ဦးကြီးများက သူတို့မိတ်ဆွေများအား ရွာသစ်တစ်ရွာတည်ထောင်မည်ဟု စိတ်ကူးထားကြောင်း အသိပေးသည်။ ထိုအခါ မိတ်ဆွေများသည် သူတို့မိသားစုများနှင့်အတူ သူတို့ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံးကို သယ်၍ ရောက်လာကြပြီး ဤရွာကို တည်ထောင်ခဲ့ကြခြင်းဖြစ်၏။

မြန်မာ စာအုပ်များ

အမှောင်ထု လွှမ်းခြုံလာသောအခါ မီးဖိုအများအပြားဖိုကြသည်။ အခမ်းအနားစတော့မည်။ ရွာသားများနှင့် ဧည့်သည်များသည် အားလုံးစုပေါင်းပြီး မီးဖိုပတ်ပတ်လည်တွင် ဝိုင်းဖွဲ့ထိုင်ကြမည်ဖြစ်သည်။ ယခင်က ကျင့်သုံးခဲ့သည့် ဓလေ့ထုံးစံကဲ့သို့ ယောကျ်ားတစ်စု၊ မိန်းမတစ်စု၊ ကလေးသူငယ်တစ်စုဟူ၍ ကိုယ့်မီးဖိုနှင့်ကိုယ် တသီးတခြားစီ ထိုင်ကြရမည်မဟုတ်။ အားလုံး တစ်စုတည်း တစ်ပေါင်းတည်း ထိုင်ကြရမည်ဖြစ်၏။ ထိုအခါ အလီမာမိုခေါ် ဗလီဆရာက ပရိသတ်အတွက် ဆုတောင်းပွဲပြုလုပ်မည်။ ထို့နောက် ဂျန်နာနှင့် ဆာလိုအမ်တို့က သူတို့သွားခဲ့သည့်ခရီးများအကြောင်း၊ စွန့်စားမှုများအကြောင်း ပြောပြသည်။ ပရိသတ်များထဲတွင် ဖူလာဒူးမြစ်အနီးရှိ ရွာတစ်ရွာမှ အသက်ကြီးဆုံး အဘိုးအိုတစ်ဦး ပါဝင်လိမ့်မည်။ ထိုအဘိုးအိုသည် အသက်မိုးရာသီပေါင်း တစ်ရာကျော်ပြီဟု လူအများက တီးတိုးပြောနေကြသည်။

ကွမ်တာသည် အလီမာမို၏ ဆုတောင်းပွဲမစမီ သူ့အဖေအနီးသို့ အပြေးအလွှားသွားထိုင်သည်။ ဆုတောင်းပွဲအပြီးတွင် အသက်အကြီးဆုံးအဘိုးအိုက စကားပြောသည်။

'လွန်ခဲ့တဲ့ မိုးရာသီပေါင်း တစ်ရာကျော်လောက်က အာဖရိကတိုက်ရဲ့ ရွှေတောင်တုန်းသတင်းဟာ ရေပြင်တွေကိုဖြတ်ကျော်ပြီး ဟိုတစ်ဖက်ကို ရောက်သွားခဲ့တယ်။ ဒီသတင်းကြောင့် အာဖရိကကို တိုဘောတွေရောက်လာတာပဲ။ အမှန်တော့ ရွှေတောင်ကြီးတွေ မရှိပါဘူး။ မရေမတွက်နိုင်အောင် များပြားတဲ့ ရွှေတွေကို စမ်းချောင်းတွေထဲမှာ တွေ့ရတယ်။ မြောက်ပိုင်း ဂိနီမှာဆိုရင် မြေကြီးထဲက တူးလို့ရတယ်။ အဲဒီနောက်တော့ ဂန်နာနိုင်ငံ သစ်တောတွေထဲမှာ ရွှေတွေအများကြီး တွေ့ခဲ့ရတယ်။ ရွှေရတဲ့နေရာကို တိုးဘောတစ်ယောက် တွေ့သွားရင် တိုးဘောအားလုံး သိသွားတတ်ကြတယ်။ ဒါကြောင့်မို့ ဘယ်နေရာမှာ ရွှေရှိတယ်ဆိုတာ သူတို့ကိုလုံးဝအသိမပေးကြနဲ့'

ထို့နောက် ဂျန်နာ စကားပြောသည်။ နေရာဒေသအတော်များများတွင် ရွှေလောက်နီးပါး တန်ဖိုးရှိနေသည့်ပစ္စည်းမှာ ဆားဖြစ်သည်ဟု သူက ပြောသည်။ သူနှင့် ဆာလိုအမ်တို့သည် ဆားနှင့်ဆတူချိန်၍ လဲလှယ်နေကြသည့်နေရာများသို့ ရောက်ခဲ့ဖူးသည်။

'ဟိုတစ်ချိန်တုန်းက ဆားမြို့တော်တစ်မြို့ ရှိခဲ့ဖူးတယ်ကွဲ့'ဟု အဘိုးအိုက ပြောသည်။

'နာမည်က တက်ဂီဟာဇာမြို့တော်တဲ့။ အဲဒီမြို့ကလူတွေဟာ သူတို့အိမ်တွေနဲ့ ဗလီတွေကို ဆားတုံးကြီးတွေနဲ့ ဆောက်ကြတာ'

'အရင်တုန်းက ငါတို့ကိုပြောပြခဲ့ဖူးတဲ့ ကျောကုန်းမှာဘုကြီးတွေရှိတဲ့ သတ္တဝါကြီးတွေအကြောင်း ပြောပြပါဦး'ဟု အဘွားအိုတစ်ယောက်က ကြားဖြတ်၍ပြောသည်။ ကွမ်တာက အဘွားအိုကိုကြည့်ပြီး ရွာမှ အဘွားညိုဘိုတိုကို သတိရသည်။

ညအမှောင်ထုထဲမှ ခွေးအတစ်ကောင်၏ စူးစူးဝါးဝါးအူသံကြားရသည်။ ယခု တစ်ကြိမ်တွင် စကားပြောသူမှာ ဆာလိုအမ်။

'ကျောကုန်းမှာဘုကြီးနဲ့ အကောင်တွေကို ကုလားအုတ်လို့ခေါ်ကြတယ်။ အဆုံးမရှိဘူးလို့ ထင်ရလောက်အောင် ကျယ်ပြန့်တဲ့ သဲပြင်ကြီးပေါ်မှာနေကြတယ်။ ကျုပ်နဲ့ ဂျန်နာတို့ဟာ ဒီအကောင်တွေကို လပြည့်ပေါင်း သုံးလတိတိ စီးသွားခဲ့ဖူးတယ်'

ဆာလိုအမ်စကားပြောနေခိုက်တွင် ဂျန်နာသည် သားရေလိပ်ကြီးတစ်လိပ်ကို ဖြန့်လျက်ရှိသည်။ သားရေချပ်ပေါ်တွင် ရေးဆွဲထားသည့်ပုံမှာ ထူးဆန်းသော ပုံတစ်ပုံဖြစ်၏။ ကွမ်တာနှင့် အခြားလူအားလုံးသည် ပုံပေါ်၌ ရွေ့လျားလျက်ရှိသော ဂျန်နာ၏ လက်ညှိုးသွားရာနောက်သို့ လိုက်ကြည့်နေကြသည်။ 'ဒါဟာ အာဖရိကတိုက်ပဲ'ဟု သူကပြောသည်။ 'ဟောဒါက ရေပြင်ကြီး'ဟု တစ်နေရာကို လက်ညှိုးဖြင့် ထောက်ပြပြီး ပြောသည်။ 'ဟောဒီဟာကတော့ သဲကန္တာရကြီး'ဟု နောက်တစ်နေရာကို လက်ညှိုးဖြင့်လိုက်ပြပြီး ပြောသည်။

'အာဖရိကတိုက်ရဲ့ မြောက်ဘက်ကမ်းခြေမှာ တိုးဘော့တွေက လှေကြီးနဲ့ ကြေထည်ပစ္စည်းတွေ၊ ဟင်းမွှေးမဆလာပစ္စည်းတွေ၊ အဝတ်အထည်တွေ၊မြင်းတွေနဲ့ တခြားပစ္စည်းမျိုးစုံကို သယ်လာကြတယ်'ဟု ဆာလိုအမ်ကပြောသည်။ 'ပြီးတော့ အဲဒီပစ္စည်းတွေကို ကုလားအုတ်တွေနဲ့ မြင်းတွေပေါ်တင်ပြီး ဆီဂျီလ်မာဆာ၊ ဂါဒီမ်းနဲ့ မာရာကက်စတဲ့ မြို့တွေကိုပို့တယ်' ဆာလိုအမ်၏ ရွေ့လျားနေသော လက်ညှိုးသည် မြို့များတည်နေရာကို ထောက်ပြသည်။

'ပြီးတော့လည်း အခု ကျုပ်တို့နေထိုင်နေတဲ့အချိန်မှာ အင်မတန်လေးလံတဲ့ အထုပ်ကြီးတွေကို ရွက်ထားတဲ့လူတွေဟာ တောနက်ကြီးတွေထဲက ဖြတ်သွားနေကြတယ်။ အဲဒါတခြားမဟုတ်ဘူး။ ကျုပ်တို့အာဖရိကနိုင်ငံတွင်းကထွက်တဲ့ ဆင်စွယ်တွေ၊ တိရစ္ဆာန်သားရေတွေ၊ သံလွင်သီးတွေ၊ ဖွန်ပလွံသီးတွေ၊ ဝါဂွမ်းတွေ၊ ကြေးနီတွေ၊ အဖိုးတန်ကျောက်မျက်ရတနာတွေကိုသယ်ပြီး တိုးဘော့တွေရဲ့ လှေတွေဆီ ပို့ပေးနေကြတာ'

ကွမ်တာသည် သူ့ဦးကြီး၏စကားများကို နားထောင်ရင်း သူကြီးလာသည့် တစ်နေ့ကျရင် ထိုကဲ့သို့စိတ်ဝင်စားဖွယ်ကောင်းသော အရပ်ဒေသများသို့ မဖြစ်မနေသွားမည်ဟု သန္နိဋ္ဌာန်ချသည်။

'သူတော်စင်ကြီး ကြွလာပြီ'ဟူသော ဗုံစကားကိုကြားကြရသည်။ ချက်ချင်းပင် ကြီးဆိုရေးအဖွဲ့ဝင်များတန်းစီကြသည်။ အဖွဲ့၏ရှေ့မှ တူရိယာသမားများက တီးမှုတ်ကခုန်ပြီးသွားသည်။ ရွာထိပ်ရှိ ခရီးသည်များနားခိုသည့် သစ်ပင်အောက်မှ စောင့်ကြိုရန် ထွက်ခွာသွားခြင်းပေတည်း။

သူတော်စင်ဆိုက်ရောက်လာသောအခါ အားလုံးက ဒူးထောက်၍ ကြိုဆိုနှုတ်ဆက်ကြသည်။ သူတော်စင်က ဆုတောင်းစကားမိန့်ကြားပြီး အားလုံးကို ထိုင်ရာမှ ထခွင့်ပြုသည်။ အိုမိုရိက ကွမ်တာအား သူတော်စင်ရှေ့သို့ ပို့ပြီး 'ဒါ ကျွန်တော့်သားကြီးပါ။ သူ့အဘိုး သူတော်စင်ရဲ့အမည် မှည့်ထားပါတယ်'ဟု ပြောသည်။

သူတော်စင်က ကွမ်တာ၏ဦးခေါင်းကို လက်ဖြင့်အသာထိပြီး အာရပ်ဘာသာစကားဖြင့် ရေရွတ်သည်။ ကွမ်တာကတော့ ဘာပြောရမှန်းမသိ။ သူ့အဘိုးနာမည်ကိုတော့ သူနား လည်လိုက်သည်။ ကွမ်တာသည် အခြားသူငယ်ချင်းများနှင့်အတူ သူတော်စင်၏ မယားများ၊ သားသမီးများ၊ ကျောင်းသားတပည့်များနှင့် ကျွန်များကို သွား၍ကြည့်သည်။

သူတော်စင်၏ဇနီးများနှင့် သားသမီးများသည် ဧည့်သည်တော် တဲများအတွင်းသို့ ဝင်သွားကြသည်။ တပည့်များသည် သူတော်စင်၏ရှေ့ မြေကြီးပေါ်၌ တင်ပျဉ်ခွေထိုင်ကာ သူတို့ဆရာသခင်ကပေးထားသည့် တရားစာများကို ဖတ်နေကြသည်။ ကျွန်များကတော့ ရွာထဲသို့မဝင်ကြ။ ရွာစည်းရိုးအပြင်ဘက်တွင်ထိုင်ကာ သူတို့မလာခဲ့ကြသည့် သူတော်စင်၏ နွားအုပ်နှင့် ဆိတ်အုပ်များကို ထိန်းနေကြသည်။ အခြားလူများနှင့် ရောနှောနေထိုင်ခွင့်မရသည့် ကျွန်များကို ကွမ်တာ ပထမဦးဆုံးအကြိမ် မြင်ဖူးခြင်းပေတည်း။

လူအားလုံးသည်သူတော်စင်အား ဝိုင်းအုံလျက်ရှိကြ၏။ သူတို့ရွာများသို့ ကြွရောက်ပြီး တရားချီးမြှင့်ရန် တောင်းပန်ကြသည်။ အစ္စလာမ်ဘာသာတွင် ဥပဒေနှင့်ဘာသာသည် တွဲလျက်ရှိသည်ဖြစ်ရာ အမှုအခင်းကိစ္စများကိုလည်း အဆုံးအဖြတ်ပြုနိုင်းသည်။ သူတို့ကလေးများအား နာမည်မှည့်ပေးဖို့လည်း အပူကပ်ကြသည်။ အေရာဖင်း(ကျောင်းဆရာ)မရှိသော ရွာသားများကလည်း ယခုလိုက်ပါလာသည့် သူတော်စင်၏ တပည့်များ ထဲမှ တစ်ဦးတလေထည့်ပေးရန် အသနားခံကြသည်။ သူတော်စင်၏ တပည့်များသည် အဆောင်လက်ဖွဲ့များ၊ ဆိတ်ရေအင်းများကို ရောင်းချလျက်ရှိကြ၏။ ဆိတ်ရေအင်း ဝယ်သူများသည် သူတော်စင်ထံမှ အမှတ်အသားတစ်ခုခုပြုလုပ်ဖို့အတွက် တန်းစီစောင့်ကြရသည်။ ဆိတ်ရေအင်းတစ်ချပ်ဝယ်ထားသော ကွမ်တာသည်လည်း သူတော်စင်၏ရှေ့မှောက်ရောက်ဖို့အတွက် လူအုပ်ထဲဝင်၍ တန်းစီနေရသည်။

သူ့အဘိုးသည် ဂျပ်ဖူရီရွာသို့ ရောက်လာပြီး မိုးရွာအောင်ဆောင်ရွက်ပေးခဲ့သူဖြစ်၏။ သူ့အဘိုး၏ ဆောင်ရွက်မှုကြောင့် ဂျပ်ဖူရီရွာသည် အငတ်ဘေးမှ လွတ်မြောက်ခဲ့ရ၏။ အလ္လာဘုရားသခင်ထံမှရထားသော တန်ခိုးအာဏာများကို ပိုင်ဆိုင်နေသော သူတော်စင်ကြီးသည် သူ့အဘိုးနှင့်တူလိမ့်မည်ဟုထင်သည်။ သူ့အဘွားယေဆာနှင့် အဘွားအိုညိုဘိုတိုတို့က သူ့အဘိုးအကြောင်းကို မကြာခဏပြောပြခဲ့ကြသော်လည်း

မြန်မာ စာအုပ်များ

သိပ်ပြီးသဘောမပေါက်ခဲ့။ ယခု ဤသူတော်စင်အား မြင်တွေ့ခါမှပင် သူ့အဘိုး၏ ကြီးကျယ်ထင်ရှားမှုကို ခန့်မှန်း၍ရနေသည်။ ယခု သူဝယ်ထားသည့် ဆိတ်ရေအင်းချပ်ကို ရွာရောက်လျှင်ရောက်ချင်း အဘွားညိုဘိုတိုထံ သွား၍အပ်ထားမည်။ ပြီးတော့ သူ၏ သားကြီး မွေးဖွားကြီးပြင်းလာသည့်အခါ လက်မောင်းတွင် စည်းထားနိုင်ရန် လက်ဖွဲ့ တစ်ခု ချုပ်ပေးပါဟုပြောမည် စသည်ဖြင့် စိတ်ကူးလျက်ရှိလေသည်။

[၂၁]

ကွမ်တာ၏သူငယ်ချင်းများသည် ကွမ်တာ ခရီးရှည်ကြီးသွားခွင့်ရသည့်အတွက် မနာလို တိုရှည် ဖြစ်ကြသည်။ ကွမ်တာပြန်လာလျှင် လေလုံမိုးလုံးထွားကာ ဘဝင်မြင့်လာ လိမ့်မည်ဟုလည်း တွက်ကြသည်။ ထို့ကြောင့် သူပြန်ရောက်လာသည့်အခါ သူ့ကိုရော သူ့ခရီးကိုပါ စိတ်ဝင်စားသည့်လက္ခဏာမပြကြစတမ်းဟု ညိုထားကြသည်။ ဤသို့ဖြင့် စိတာဖာအပါအဝင် သူငယ်ချင်းအားလုံးက ကွမ်တာ ပြန်ရောက်လာသည့်အခါ ယခင်က လို ဖက်လှဲတကင်းမလုပ်ကြဘဲ ခပ်တည်တည် ခပ်မှန်မှန် ဆက်ဆံကြသည်။ သူတို့ အပြုအမူများကိုကြည့်၍ စိတ်ထိခိုက်လျက်ရှိသော ကွမ်တာသည် သူခရီးသွားနေ ခိုက် ဖွားမြင်ခဲ့သည့် သူ့ညီလေး ဆူဝါဒူးကိုပင် သိပ်စိတ်မဝင်စားသလို ဖြစ်နေသည်။

တစ်နေ့သောမွန်းလွဲပိုင်းတွင် ဆိတ်ကျောင်းနေသော ကွမ်တာသည် သူငယ်ချင်း များ၏ အပြုအမူကို လျစ်လျူရှုလိုက်တော့မည်ဟုဆုံးဖြတ်သည်။ သူသည် ချက်ချင်း ပင် သူနှင့်ခွဲ၍ နေ့လယ်စာ စားနေကြသော အုပ်စုထံသွား၍ စကား စပြောသည်။ သူတို့၏အမေးကိုပင် မစောင့်တော့ဘဲ သူသွားခဲ့ရသည့် ခရီးလမ်းကြောင်းကို ပြောပြ သည်။ သူ့ဦးကြီးများ၏ရွာသို့ သူဆိုက်ရောက်သွားသည့် နေရာအရောက်တွင် ဆိတ် များကို ရွာပြန်သွင်းရမည့်အချိန်သို့ ဆိုက်ရောက်သွားခဲ့သဖြင့် ဇာတ်လမ်းကို အဆုံး မသတ်ဘဲ ဖြစ်သွားရ၏။

နောက်တစ်နေ့မနက် စားကျက်မြက်ခင်းသို့ရောက်သောအခါ သူငယ်ချင်းများ သည် သူ့အား ဝိုင်းထိုင်ကြသည်။ ကွမ်တာက သူ့ဦးကြီး ဂျန်နာနှင့် ဆာလိုအမ်တို့ ပြောပြသည့် ရပ်ဝေးမြေခြားဒေသများအကြောင်း ပြောပြသောအခါ အားလုံးသည် စကားတစ်လုံးကိုပင် အလွတ်မခံနိုင်လောက်အောင် စိတ်ဝင်စားလာကြသည်။ ထိုအခိုက် မှာပင် ရှုလိုခွေးတစ်ကောင် အလန့်တကြားဟောင်သံ ထွက်ပေါ်လာသည်။ တစ်ဆက် တည်းမှာပင် ဆိတ်တစ်ကောင်အော်သံ။

မြန်မာ စာအုပ်များ

အားလုံး တစ်ပြိုင်နက်တည်း ခုန်၍ထလိုက်ကြသည်။ မြင့်မားလှသော မြက်ပင်ရှည်ကြီးများ၏ အစွန်အဖျားဘက်တွင် ပါးစပ်ထဲမှာ ကိုက်ချီထားသော ဆိတ်ကို လွှတ်ချလိုက်ပြီး ခွေးနှစ်ကောင်အား စိန်းစိန်းကြီးကြည့်နေသည့် ကျားသစ်ကြီး တစ်ကောင်။ သူငယ်ချင်းများသည် ထိတ်လန့်အံ့သြခြင်းကြောင့် ရပ်နေသည့်နေရာများမှာပင် တောင့်တောင့်မတ်မတ်ရပ်နေကြသည်။ ကျားသစ်သည် သူ့အား ဝင်ခဲရန် အားထုတ်သော ဇူလိုခွေးတစ်ကောင်ကို လက်တစ်ဖက်နှင့် ပုတ်ထုတ်လိုက်၏။ ကျန်တစ်ကောင်သည် ကျားသစ်အား နောက်မှနေ၍ ခုန်ဟပ်လိုက်၊ ရှေ့မှပြေး၍ဟောင်လိုက် လုပ်နေဆဲ။ ဆိတ်များသည် ဆူညံစွာအော်ဟစ်ပြီး ကစဉ့်ကလျား ထွက်ပြေးကုန်ကြသည်။

ထို့နောက် သူငယ်အားလုံး အသက်ဝင်လှုပ်ရှားလာကြသည်။ ဆိတ်အုပ်များဆီသို့ ပြန့်၍ပြေး၍ အော်ကြဟစ်ကြသည်။ ကွမ်တာကတော့ ဆိတ်များဘက်မပြေး၊ ကျားသစ်လွှတ်ချထားခဲ့သည့် သူ့ဖခင်၏ဆိတ်ဆီသို့ ကမူရှုံးထိုး ပြေးသည်။ 'ဟေ့ကောင် ကွမ်တာ၊ အဲဒီဘက်မပြေးနဲ့'ဟု စိတာဖာက အော်၍တားသည်။ သို့သော်လည်း ခွေးများနှင့် ကျားသစ်ကြားမှ ဖြတ်ပြေးနေသော ကွမ်တာသည် စိတာဖာ၏အသံကို မကြား။ စိတာဖာက နောက်မှပြေးလိုက်သည်။ အော်ဟစ်ပြီးပြေးလာနေသော သူငယ်နှစ်ယောက်ကို မြင်လိုက်သော ကျားသစ်သည် တန့်ခနဲဖြစ်သွားပြီး နောက်သို့ ဖြုတ်ခနဲလှည့်ကာ တောအုပ်ဆီသို့ ပြေးသည်။ ခွေးနှစ်ကောင်က နောက်မှ ဆက်ကြပ်မကွာ လိုက်သွားသည်။

ဆိတ်မ၏ လိမ်ခေါက်နေသောလည်ပင်းမှ သွေးများ စီးကျနေသည်။ လျှာသည် အပြင်သို့ထွက်လျက် မျက်လုံးများသည် ပြူးထွက်နေကြသည်။ ရင်ဘတ်သည် ပွင့်လျက်ရှိ၏။ အတွင်းမှ မမွေးဖွားသေးသော ဆိတ်သားငယ်သည် အသက်မှန်မှန်ရှုနေဆဲ။ ဒဏ်ရာရထားသောခွေးသည် အနီးတွင်လဲကျနေသည်။ သူသည် ကွမ်တာဆီသို့ လေးဘက်တွားလာရန် အားထုတ်လျက်ရှိ၏။

ကွမ်တာသည် ဆိတ်မ၏ဘေး၌ ဒူးထောက်ထိုင်ကာ သူ့ဓားဖြင့် အရေကို ခွာသည်။ ထို့နောက် ဆိတ်သားအမိအား မြက်ပင်များနှင့် ဖုံးအုပ်ထားခဲ့ပြီး သွေးများဖြင့် စိုရွှဲနေသည့် ဆိတ်ရေကိုဆွဲကာ ရွာဘက်သို့ပြန်သည်။

ယခုကြုံခဲ့ရသောအဖြစ်သည် အိပ်မက်ဆိုးတစ်ခုသာဖြစ်လိုက်လျှင် မည်မျှကောင်းပါမည်နည်းဟု ကွမ်တာတွေးသည်။ သို့သော်လည်း သူစိတ်ကူးသလို ဖြစ်နိုင်ဖို့က ဝေးလွန်းသည်။ သူ့လက်ထဲတွင် သွေးတစ်စက်စက်စီးကျနေသည့် ဆိတ်ရေက ရှိနေသည် မဟုတ်ပါလော။ ဖခင်ဖြစ်သူက အပြစ်တင်လိုက်မည့်အရေးကို မတွေးဝံ့အောင်ဖြစ်နေသည်။ သူ့အဖေက သူ့အား အဝေးတစ်နေရာသို့ ပို့ပစ်ခဲ့သည်ရှိသော်...။

မြန်မာ စာအုပ်များ

သူ့ရင်ထဲတွင် မွန်းကျပ်လာသည်။ သူသည် ဖျတ်ခနဲရပ်လိုက်ပြီး သူ့ရှေ့မှ လမ်းမဆီသို့ မျှော်ကြည့်သည်။ သူ့ဆီသို့ အပြေးအလွှားလာနေသူမှာ အိုမိုရိ။ သူ့အဖေ ဘယ်လိုနည်းနှင့်သိသွားပါလိမ့်။ ဆိတ်အုပ်နှင့် ရွာသို့ပြန်သွားကြသော သူငယ်များကတော့ ပြောရဲကြမည်မထင်။

'မင်း ဘာမှမဖြစ်ဘူးနော်'ဟု သူ့အဖေက မေးသည်။

ရုတ်တရက်မဖြေနိုင်။ အတန်ကြာမှ 'ဟုတ်ကဲ့ပါ'ဟု ဖြေသည်။ သို့သော်လည်း အိုမိုရိ၏ လက်တစ်ဖက်သည် ကွမ်တာ၏ဗိုက်ကို စမ်းကြည့်နေသည်။ အင်္ကျီတွင်ပေနေသည့် သွေးများသည် ဘူသား၏သွေးများမဟုတ်။

အိုမိုရိက ကွမ်တာ့လက်ထဲမှ ဆိတ်ရေကိုယူပြီး မြက်ပင်များပေါ်သို့ ပစ်ချလိုက်သည်။ 'ကဲ . . . ထိုင်စမ်း'ဟု ပြောသည်။ ကွမ်တာက သူ့အဖေနှင့် မျက်နှာချင်းဆိုင်၍ ထိုင်သည်။

'လူတွေအားလုံး အမှားတွေလုပ်မိကြတာချည်းပဲ။ ငါ မင်းအရွယ်လောက်တုန်းက ခြင်္သေ့တစ်ကောင်ကိုက်လို့ ဆိတ်တစ်ကောင်ဆုံးဖူးတယ်'

အိုမိုရိက သူ့အင်္ကျီစကိုဆွဲလှန်ပြီး ဘယ်ဘက်တင်ပါးကိုပြသည်။ ခပ်နက်နက် အမာရွတ်ကြီးတစ်ခု။ ကွမ်တာ လန့်သွားသည်။

'အဲဒါ ငါ့ရဲ့ဘဝပေးအသိ။ မင်းလည်း သိအောင်လုပ်ရမယ်။ နောင်ကို မှတ်ထား၊ အန္တရာယ်ပြုတတ်တဲ့သတ္တဝါဆိုရင် ဘယ်သတ္တဝါဆီကိုမှ တည့်တည့်မပြေးနဲ့'

အိုမိုရိ၏မျက်လုံးများသည် ကွမ်တာ၏မျက်နှာကို စူးစမ်းသလိုကြည့်နေသည်။

'မင်း ငါပြောတာကြားလား ကွမ်တာ'

'ဟုတ်ကဲ့ ပါ'

အိုမိုရိက ထိုင်ရာမှထသည်။ ဆိတ်ရေကိုကောက်ယူပြီး အဝေးရှိ ချုံပုတ်များဆီသို့ လွှင့်ပစ်သည်။

'အေး မင့်ကို ပြောစရာရှိတာကတော့ အဲဒါပဲ'

ရွာဘက်သို့လျှောက်သွားနေသော အိုမိုရိ၏နောက်မှ လိုက်ပါသွားလျက်ရှိသည့် ကွမ်တာ၏ရင်ထဲတွင် သူ့အဖေအပေါ်၌ ယခင်ယခင်ကထက် အဆပေါင်းများစွာ ပို၍ကြီးမားသော ချစ်ခင်တွယ်တာစိတ် ဖြစ်ပေါ်လျက်ရှိသည်။

[၂]

ကွမ်တာ၏အသက်သည် ဆယ်မိုးပြည့်ခဲ့လေပြီ။ သူနှင့် သက်တူရွယ်တူ ဒုတိယအရွယ်ကာမိုးများသည် အသက်ငါးမိုးအရွယ်ကတည်းက တက်လာခဲ့ရသောကျောင်းမှ ထွက်

ကြရတော့မည်ဖြစ်၏။ ကျောင်းဆင်းပွဲနေ့တွင် ကွမ်တာနှင့် သူ့အပေါင်းအသင်းများသည် သူတို့မိဘများနှင့်အတူ အေရာဖင်း၏ကျောင်းဝင်းထဲ၌ ရှေ့ဆုံးမှနေရာယူ၍ ထိုင်ကြရသည်။ ရွာလူကြီးများသည်ပင်လျှင် သူတို့နောက်၌ ထိုင်ကြရ၏။ ကွမ်တာနှင့် သူ့အပေါင်းအသင်းများ သူတို့ဆရာရှေ့၌ ထိုင်မိကြသောအခါ ဂျာဗလီဆရာက ဘုရားရှိခိုးသည်။ ထို့နောက် အေရာဖင်း (ကျောင်းဆရာ)က သူ့တပည့်များအား လိုက်လံကြည့်ရှုသည်။ တပည့်များကလည်း မေးခွန်းအမေးခံရဖို့အတွက် လက်များထောင်ကြသည်။ သူ ပထမဦးဆုံးရွေးချယ်သည့် တပည့်မှာ ကွမ်တာ။

'မင်းရဲ့ဘိုးဘွားဘီဘင်တွေဟာ ဘာအလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြသလဲ ကွမ်တာကင်တီ'

'လွန်ခဲ့တဲ့ နှစ်ပေါင်း မိုးတစ်ရာလောက်က မာလီနိုင်ငံတွင်းမှာ နေထိုင်ခဲ့ကြတဲ့ ကင်တီယောက်ျားတွေဟာ ပန်းပဲဆရာတွေပါ။ သူတို့ရဲ့ဇနီးတွေကတော့ အိုးလုပ်ငန်းတွေ၊ ရက်ကန်းလုပ်ငန်းတွေနဲ့ အသက်မွေးခဲ့ကြပါတယ်'

ကျောင်းသားတစ်ယောက်၏အဖြေမှန်လျှင် အခမ်းအနားရှိ လူအားလုံးက ကျေနပ်အားရသည့်အသံများ ပြုကြသည်။

ထို့နောက် အေရာဖင်းက အတွက်ပုစ္ဆာတစ်ပုဒ်မေးသည်။

'မျောက်လွှဲကျော်ကြီးတစ်ကောင်မှာ ဇနီး မျောက်မ ခုနစ်ကောင်ရှိတယ်။ ဇနီးတစ်ကောင်စီမှာ သားသမီး ခုနစ်ကောင်စီရှိတယ်။ သားသမီးတစ်ကောင်စီက တစ်နေ့ကို မြေပဲခုနစ်တောင့်နှုန်းနဲ့ ခုနစ်ရက်တိတိစားရင် သူတို့အဖေ မျောက်လွှဲကျော်ကြီးဟာ ယာသမားရဲ့ ယာခင်းထဲက မြေပဲဘယ်နှတောင့် ခိုးရမလဲ'

ကျောင်းသားများက သူတို့ကျောက်သင်ပုန်းများပေါ်တွင် မြက်မင်တံများဖြင့် တွက်ကြ ချက်ကြသည်။ ပထမဆုံး အဖြေမှန်ပေးနိုင်သူမှာ စီတာဖာဆီလာ ဖြစ်သည်။

နောက်တစ်ဆင့်မှာ ကျောင်းသားတိုင်း ကိုယ့်နာမည်ကို အာရပ်ဘာသာဖြင့် ရေးပြကြရသည်။ ရေးပြီးသား ကျောက်သင်ပုန်းများကို အေရာဖင်းက မိဘများဘက်သို့ ထောင်ထောင်ပြသည်။ သူတို့သားတွေ ပညာမည်မျှအထိ တတ်မြောက်နေပြီကို သိသာရန် ပြခြင်းပေတည်း။

ထို့နောက် အေရာဖင်းက ကျောင်းသားများအား တစ်ယောက်စီ မတ်တတ်ရပ်ခိုင်းပြီး စာဖတ်ခိုင်းပြန်သည်။ ကွမ်တာ့အလှည့်တွင် ကိုရန်ကျမ်း၏ နောက်ဆုံး စာမျက်နှာမှ ကဗျာတစ်ပုဒ်ကို ဖတ်ပြရသည်။ စာဖတ်ပြီးသောအခါ ဆရာက ကျောင်းသားတစ်ဦးချင်းစီကို လက်ဆွဲနှုတ်ဆက်ပြီး သူ့ကျောင်းသားအားလုံး ပညာသင်ကြားမှုပြီးဆုံးသွားပြီဖြစ်၍ ယခုအချိန်မှစကာ တတိယဆင့်ကာဖိုးများ ဖြစ်သွားကြပြီဟု

ကျယ်လောင်စွာအော်၍ ကြေညာသည်။ ပရိသတ်များကလည်း သြဘာပေးကြသည်။ ကျောင်းဆင်းပွဲအခမ်းအနားသည် စားသောက်ပွဲဖြင့် အဆုံးသတ်လေသည်။

နောက်တစ်နေ့ ခြံထဲမှ ဆိတ်များကိုထုတ်ရန် ရောက်လာသော ကွမ်တာသည် ဆိတ်ခြံရှေ့မှစောင့်နေသော သူ့ဖခင်အိုမိုရှိနှင့်ဆုံမိသည်။ အိုမိုရှိက ဆိတ်ထီးတစ်ကောင်နှင့် ဆိတ်မတစ်ကောင်ကို ညွှန်ပြပြီး 'ဒီနှစ်ကောင်ဟာ မင်း ကျောင်းပြီးသွားတဲ့ အထိမ်းအမှတ်အဖြစ် အဖေကပေးတဲ့ လက်ဆောင်ပဲ'ဟု ပြောသည်။ ကွမ်တာ၏ပါးစပ်မှ ကျေးဇူးတင်စကား ပြောမထွက်သေးခင်မှာပင် အိုမိုရှိထွက် သွားသည်။ သူ့သူငယ်ချင်းများနှင့် ဆုံမိသောအခါတွင် အားလုံးဆိတ်တစ်စုံစီ ပိုင်ဆိုင်နေကြသည်ကို တွေ့ရလေ၏။

ကွမ်တာတို့အုပ်စုသည် ထိုနေ့မှစ၍ ယောကျ်ားဖြစ်သင်တန်းတက်ရမည့်ရက်ကို စောင့်မျှော်နေကြရသည်။ တစ်ရက်မှ စိတ်အေးနားအေးမနေကြရ။ ရင်ထဲမှာကျိတ်၍ တထိတ်ထိတ်ဖြစ်နေကြသည်။ သူတို့တက်ရမည့် သင်တန်းအတွက် လူကြီးတွေ ဘာပြောနေကြသနည်း။ ဘာလုပ်နေကြသနည်း။ လူကြီးများ၏ လှုပ်ရှားမှုဟူသမျှကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြသည်။ ယောကျ်ားဖြစ်သင်တန်း လေ့ကျင့်ရေးရွာကို စွန့်ပစ်ထားသည်မှာ ငါးမိုးမျှရှိပြီဖြစ်၍ ပြန်လည်ပြုပြင်ပေးရလိမ့်မည်ဟု ပြောဆိုနေသံများကိုတော့ သူတို့ကြားကြရ၏။ ထို့နောက် ကင်တန်းဂိုးခေါ် ယောကျ်ားဖြစ်သင်တန်းခေါင်းဆောင် ရွေးချယ်ရေးကိစ္စနှင့်ပတ်သက်၍ သူတို့အဖေများ တီးတိုးဆွေးနွေးနေသံများ ကြားကြရပြန်သည်။

လွန်ခဲ့သောငါးမိုး တစ်မနက်ခင်းက သူမြင်ခဲ့ရသည့်အဖြစ်ကို ကွမ်တာ သတိရသည်။ အလန့်တကြားအော်ဟစ်နေကြသည့် သူငယ်များအား အဖြူရောင်ခေါင်းစွပ်နှင့် လူကြီးများက အော်ဟစ်ကြိမ်မောင်းကာ တွန်းထိုးကန်ကျောက်၍ ဆွဲခေါ်သွားနေသည့်အဖြစ်။ ဤအဖြစ်ကို သတိရတိုင်း သူ့ရင်ထဲတွင် တုန်လှုပ်ခြင်းဖြစ်ရ၏။

ဤသို့ဖြင့် ကောက်သိမ်းချိန်သို့ ဆိုက်ရောက်ခဲ့လေပြီ။ ကွမ်တာ ယာခင်းထဲထွက်၍ အခြားရွာသားများနှင့်အတူ အလုပ်လုပ်နေရပြီဖြစ်၏။ သူ့သူငယ်ချင်းများအားလုံးမှာလည်း သူ့လိုပင် ယာခင်းထဲရောက်နေကြသည်။ အလုပ်များနေသဖြင့် သူတို့ရင်ဆိုင်ရမည့်ကိစ္စကို ခဏတစ်ဖြုတ်တော့ မေ့လိုရ၏။ သို့သော်လည်း ကောက်သိမ်းပြီး၍ ကောက်သိမ်းပွဲတော်ကျင်းပသည့်အခါတွင်မူ ထိုအရေးကိစ္စသည် သူတို့ထံ ပြန်ရောက်လာသည်။ ထိုအခါ ပျော်ရွှင်သာယာမှု ကင်းမဲ့လာပြန်သည်။

ပွဲတော်နောက်ဆုံးညတွင်ဖြစ်သည်။ ကွမ်တာသည် ဘင်တာ၏တဲထဲ၌ ထိုင်၍ ထမင်းစားနေသည်။ ထိုအခိုက်တွင် သူ့နောက်မှ အိုမိုရှိဝင်လာသည်ကို သတိထားလိုက်မိ၏။ သူ့အဖေ လက်မြှောက်လိုက်သည်ကိုလည်းကောင်း၊ လက်ထဲတွင် အဖြူ

ရောင် အဝတ်တစ်စပါသွားသည်ကိုလည်းကောင်း ရိပ်ခနဲမြင်လိုက်သည်။ လှည့်ကြည့်ဖို့ပင် အချိန်မရလိုက်။ သူ့ခေါင်းကို ခေါင်းစွပ်ကြီးတစ်ခုနှင့်စွပ်ခြင်း ခံလိုက်ရသည်။ ထို့နောက် သူ့အဖေက သူ့လက်မောင်းကို ဆွဲခေါ်သွားပြီး ခွေးခြေတစ်လုံးပေါ် တွန်းချကာ ထိုင်ခိုင်းသည်။ ခွေးခြေမှာ နိမ့်နိမ့်ကလေးဖြစ်၍ လှုပ်ရှားလိုက်လျှင် လိမ့်ကျသွားဖွယ်ရာရှိ၏။ ခေါင်းစွပ်အောက်တွင် မှောင်မည်းလျက်ရှိသည်။ သူ့အသက်ရှုသံမှတစ်ပါး အခြားဘာသံမှမကြားရ။ တဲထဲတွင်လည်း ငြိမ်တိတ်လျက်ရှိသည်။ အကြောက်နှင့် နပန်းလုံးနေရသော ကွမ်တာသည် မှုက်လုံးကိုစုံမှိတ်ကာ အသံတစ်ခုခု ကြားရလိုကြားငြား နား စွင့်ထားသည်။

ခဏမျှအကြာတွင် ဗုံတီးသံများနှင့် ကခုန်နေကြသူများ၏ အော်သံများ ကြားရသည်။ ထို့နောက် အချိန်တွေအများကြီးထပ်ကုန်သွားပြန်သည်။ ဘာတွေ ဖြစ်လာလိမ့်မည်နည်း။ ဖြစ်ချင်တာတွေ ဖြစ်ပါစေတော့။ သူကတော့ စောင့်ပြီးရင်ဆိုင်ဖို့သာရှိသည်ဟု တွေးသည်။ တစ်ခုတော့ရှိ၏။ အချက်ပေးဗုံသံကိုတော့ သူ နားထောင်ရလိမ့်မည်။ သူသည် မေးခနဲအိပ်ပျော်သွားသည်။ ထို့နောက် ဖျတ်ခနဲပြန်နိုးလာသည်။ မနက်လင်းတော့မည့် အရိပ်လက္ခဏာများ ကြားနေရ၏။ ကြက်တွန်သံများ၊ ခွေးဟောင်သံများ၊ ဗလီဘက်မှ အလီမာမို၏ ဘုရားရှိခိုးသံ၊ ရွာထဲမှ အိမ်ရှင်မများ၏ ဆန်ဖွပ်သံ။ ယနေ့ နံနက် အလီမာမို ဘုရားရှိခိုးခြင်းမှာ မကြာမီစတော့မည့် ယောကျ်ားဖြစ်သင်တန်း အောင်မြင်ရေးအတွက် အလ္လာသခင်ထံ ဆုတောင်းနေခြင်းဖြစ်သည်။

တဲအပြင်ဘက်မှ ဆိုင်းသံ ဗုံသံများ၊ လူတွေ လှုပ်ရှားနေသံများနှင့် စကားပြောသံများ။ အသံအားလုံး တဖြည်းဖြည်းကျယ်လာသည်။ နောက်တစ်ခဏမျှ အကြာတွင် တဲတံသို့ လူတစ်ယောက်ဝင်လာသည်။ ခြေသံကခပ်ပြင်းပြင်း။ ထို့နောက် သူ့လက်ကောက်ဝတ်ကို ခပ်ကြမ်းကြမ်းဆုပ်ကိုင်လိုက်သည့် လက်တစ်ဘက်။ သူ့အား ခွေးခြေပေါ်မှ တရွတ်သီထိုးဆွဲခေါ်သွားခြင်းခံရသည်။ ချက်ချင်းပင် တဲပြင်ဘက်ရှိ ဗုံသံများကြားသို့ ရောက်သွားသည်။

လက်သီးတွေ သူ့ကိုယ်ပေါ်ကျလာသည်။ ခြေထောက်များက သူ့အား ဝိုင်း၍ ကန်ကြကျောက်ကြသည်။ သူသည် ထိုးကြိတ်ကန်ကျောက်နေသူများကြားမှ လွတ်မြောက်အောင် ရုန်းထွက်မည်ဟု စိတ်ကူးသည်။ စိတ်ကူးအတိုင်းလုပ်ဖို့ တာစူနေ နိုက်မှာပင် သူ့လက်ကို နောက်တစ်ဦး၏ လက်တစ်ဘက်က လာဆွဲပြီ ခေါ်သွားသည်။ အထိုးအကြိတ်အကန်အကျောက်များ ရပ်သွားသည်။ အော်သံဟစ်သံများနှင့် ဗုံသံများ သည် ပို၍ကျယ်လောင်လာသည်။ 'လပြည့်ပေါင်းလေးခါပြည့်ရင် သူတို့ ယောကျ်ားကြီးတွေဖြစ်ကြတော့မယ်'ဟု ဝိုင်း၍အော်ပြောနေကြသည့်နှယ်ရှိသည်။ သင်တန်းတက်ရမည့်ကာလမှာ နည်းနည်းနောနောမဟုတ်။ သူ့မိသားစုနှင့် အချိန်ကြာပြီး ခွဲမနေချင်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

သူလျှောက်သွားနေခိုက်တွင် သူ့ဘေးမှ လူတွေအများကြီးလိုက်လာနေသည်ကို သူနားက ကြားနေရသည်။ ရွာတံခါးမှ အပြင်သို့ထွက်လာသည့်အခါတွင်မူ အသံများ တိတ်သွားသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်များပြည့်လာပြီး ပါးနှစ်ဖက်ပေါ် စီးဆင်းလာသည်။

သူ့ရှေ့နှင့် သူ့နောက်မှ လိုက်လာကြသည့် သူ့အပေါင်းအသင်းများသည်လည်း သူ့လိုပင်ခံစားကြရလိမ့်မည်ထင်၏။ သူ့အဖေ၊ သူ့အမေ၊ သူ့ညီကလေးများနှင့် သူ့ရွာကို ခွဲခွာလာခဲ့ရသည့်အတွက် ဝမ်းနည်းအားငယ်စိတ်သည် သူ့အား လွှမ်းခြုံထားသည်။ သို့သော်လည်း ဤသင်တန်းမှာ မတက်မဖြစ်သည့်သင်တန်း။ သူ့အရင်ကလည်း သူ့အဖေ အိုမိုရိုတက်ခဲ့ရသည်။ နောင်တစ်နေ့တွင် သူ့သားတက်ရဦးမည်။ ပြီးတော့ ရွာသို့ ပြန်လာရမည်။ သို့သော်လည်း ကလေး သူငယ်အဖြစ်နှင့် ပြန်လာရခြင်းမဟုတ်။ လူလားမြောက်သည့် ယောကျ်ားကြီးတစ်ယောက်အဖြစ် ပြန်လာရခြင်း။

[၂၃]

သူတို့ချဉ်းကပ်သွားနေသည့်နေရာမှာ ခဲတစ်ပစ်လောက်သာ ဝေးလိမ့်မည်ဟု ကွမ်တာက ထင်သည်။ မကြာသေးမီကမှ ခုတ်ထွင်ရှင်းလင်းထားသည့် ဝါးတောတစ်ခု ဖြစ်ပုံရ၏။ သူ့ခေါင်းစွပ်အတွင်းမှနေ၍ လတ်လတ်ဆတ်ဆတ် ဝါးနံ့များရနေသည်။ နီးလာလေလေ ဝါးနံ့က ပြင်းလေလေ။ ရုတ်တရက် ဗုံသံများရပ်သွားသည်။ လျှောက်လာနေသော သူအားလုံး ရပ်သွားကြသည်။ အသံကြားလျှင် ဘယ်နေရာရောက်နေသည်ကို ခန့်မှန်းနိုင်လိမ့်မည်ဟု ယူဆနေသော ကွမ်တာသည် အသံများကို ဂရုစိုက်၍နားစွင့်သည်။ သို့သော်လည်း ကြက်တူရွေးသံနှင့် မျောက်သံမှတစ်ပါး အခြားဘာသံမှမကြားရ၏။

ထို့နောက် ရုတ်တရက် ကွမ်တာ၏ခေါင်းစွပ် ဆွဲချွတ်ခံလိုက်ရသည်။ မှန်းတည့်နေရောင်ကို သူမကြည့်နိုင်သဖြင့် မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်နေရ၏။ သူတို့ရှေ့၌ ရပ်နေသူမှာ 'ဆီလာဘာဒစ်ဘား' ဆိုသူဖြစ်သည်။ တခြားလူငယ်များနည်းတူ ကွမ်တာသည် ဆီလာဘာဒစ်ဘားနှင့် သူတို့ ဆွေမျိုးသားချင်းများကို ကောင်းကောင်း သိသည်။ သို့သော်လည်း ဆီလာဘာဒစ်ဘားသည် ကွမ်တာတို့အားလုံးကို တစ်ကြိမ်မျှ မတွေ့မမြင်ဖူးသည့် လူများသဖွယ် စိန်းစိန်းကြီးစိုက်ကြည့်လျက်ရှိသည်။ သူကြည့်နေပုံမှာ ကွမ်တာတို့အား လောက်ကောင်သဖွယ်သဘောထား၍ ကြည့်နေပုံရ၏။ သူ့ ဘေး တစ်ဖက်တစ်ချက်၌ ရပ်နေသူများမှာ အလီစိစီးနှင့် ဆိုရာဘူရားတို့ ဖြစ်ကြသည်။ ဤနှစ်ယောက်ကိုလည်း ကွမ်တာ ကောင်းကောင်းကြီးသိသည်။ တကယ်တော့ ဆိုရသည် သူ့အဖေအိုမိုရို၏ အရင်းနှီးဆုံးသူငယ်ချင်းတစ်ဦးဖြစ်သည်။

မြန်မာ စာအုပ်များ

သင်တန်းသားပေါင်း နှစ်ဆယ့်သုံးယောက်မျှရှိသော ကွမ်တာတို့သည် ဘယ်ဖက်ရင်အုံ နှလုံးသားပေါ်တည့်တည့်၌ လက်ဝါးဖြင့်အုပ်ကာ ရှေးထုံးစံအတိုင်း 'အေးချမ်းပါစေ'ဟု နှုတ်ဆက်ကြသည်။ ကင်တန်းကိုး (သင်တန်းခေါင်းဆောင်)နှင့် သူ့လက်ထောက်များကလည်း 'အေးချမ်းပါစေ'ဟု ပြန်၍ နှုတ်ဆက်ကြသည်။ သူတို့သည် သက်ငယ်မိုးထားသည့် ရွှံ့နံရံကာ တဲငယ်များတည်ရှိရာ စခန်းတစ်ခုအတွင်း၌ ရောက်နေကြခြင်း ဖြစ်သည်။ လေ ဘက်လေ တန်မှ ဝါးဝင်းထရံသစ်များ ကာရံထားသည်။ ဂုပ်ဖူရှီရွာမှ ကွမ်တာတို့ဖအေများ လာ၍ပြုပြင်ကာရံသွားသည်မှာ သိသာသည်။

'ဂုပ်ဖူရှီရွာကထွက်လာတဲ့ ကလေးသူငယ်တွေ'ဟု သင်တန်းခေါင်းဆောင်က ကျယ်လောင်စွာပြောသည်။

'ယောက်ျားကြီးတွေအဖြစ်နဲ့ ပြန်ကြတဲ့အခါမှာ မင်းတို့ကြောက်စိတ်တွေ လျော့နည်းသွားစေရမယ်။ ကြောက်စိတ်ရှိတဲ့လူဟာ အားနည်းတဲ့လူပဲ။ အားနည်းတဲ့ လူတစ်ယောက်ဟာ သူ့မိသားစု၊ သူ့ရွာနဲ့ သူ့လူမျိုးအတွက် အန္တရာယ်တစ်ခုပဲ' ခေါင်းဆောင်က ကွမ်တာတို့အား မျက်လုံးပြူး၍ကြည့်သည်။ ထို့နောက် ချာခနဲလှည့်ထွက်သွားသည်။ သူ့လက်ထောက်နှစ်ယောက်သည် ကွမ်တာတို့ကြားသို့ အပြေးအလွှားဝင်လာပြီး တုတ်များဖြင့် ပခုံးများ၊ ကျောများကို ဆောင့်၍ ဆောင့်၍ထိုးကာ တစ်အုပ်စီခွဲ၍ ရွှံ့တဲများအတွင်းသို့ မောင်းသွင်းသည်။

တဲတစ်လုံး အတွင်းသို့ဝင်လာခဲ့ကြရသော ကွမ်တာနှင့် သူ့အဖော်လေးဦးသည် အလွန်အမင်းကြောက်လန့်နေဆဲဖြစ်၏။ တုတ်နှင့် အထိုးအနှက်အရိုက်ခံခဲ့ရသော ကျောနှင့်ပခုံးများမှ နာကျင်သောဝေဒနာကိုပင်သတိမရ။ ရုတ်စိတ်ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် မော့မကြည့်ရဲ။ မိနစ်အနည်းငယ်ကြာမှ ကွမ်တာသည် သူနှင့်အတူတွဲကျသူများ မည်သူမည်ဝါဖြစ်သည်ကို သိလိုသဖြင့် တိတ်တခိုးကြည့်သည်။ စီတာဖာနှင့် အတူတွဲ၍ကျလျှင် မည်မျှကောင်းမည်နည်းဟု တောင့်တနေမိသည်။ ယခု အတူတွဲကျသည့် လူလေးယောက်ကို သူသိသော်လည်း စီတာဖာလောက်မရင်းနှီး။ သင်တန်းဆရာများသည် ရင်းနှီးသူချင်းတွဲမကျအောင် တမင်စီစဉ်ထားသည်ဟု ထင်သည်။ ဆာလွန်းသဖြင့် ဗိုက်ထဲမှ တကျုတ်ကျုတ်မြည်လျက်ရှိသည်။ သူတို့အား အစားအစာကျွေးပါ့မလားဟူသော သံသယသည် ကွမ်တာ၏စိတ်ကို ခြောက်လှန့်လျက်ရှိလေသည်။

နေဝင်ပြီးစအချိန်တွင် လက်ထောက်ကင်တန်ကိုးနှစ်ဦးသည် တဲထဲသို့ဝင်လာကြသည်။ 'ထွက် ထွက်'ဟု အော်သည်။ ကွမ်တာ၏ပခုံးကို တုတ်နှင့် အရိုက်ခံရပြန်သည်။ အပြင်ဘက် အမှောင်ထုထဲသို့ ရောက်သွားကြသူများသည် အလန့်တကြား ထွက်လာကြရခြင်းဖြစ်၍ တစ်ယောက်ကိုတစ်ယောက် ဝင်၍ တိုးမိတိုက်မိကြသည်။ တုတ်များနှင့် ရိုက်၍ ပေးနေသော အမိန့်အရ အားလုံး ရှေ့နောက်တန်း၍ စီကြရသည်။ စနစ်

မြန်မာ စာအုပ်များ

တကျစီအပြီးတွင် ကင်တန်းဂိုက သင်တန်းသားများသည် ယခုအချိန်မှစ၍ စခန်းပတ်ဝန်းကျင်ရှိ သစ်တောကြီးများအတွင်းသို့ 'ညခရီးထွက်ရမည်'ဟု ကြေညာသည်။

အမိန့်အရ ထွက်ကြသည့်အခါ ညီညီညာညာမရှိ။ အားလုံးဖရိုဖရဲဖြစ်လျက်ရှိသည်။ သူတို့ကိုယ်များပေါ်သို့ တုတ်ချက်များသည် အဆက်မပြတ်ကျရောက်နေသည်။ 'မင်းလမ်းလျှောက်တာ ကျွဲလိုပဲ'ဟူသော ကြိမ်းဝါးသံကိုလည်း ကွမ်တာကြားရသည်။ အရိုက်ခံရသဖြင့် လူငယ်တစ်ယောက်၏ငိုသံကိုလည်း ကြားရသည်။ 'ဘယ်သူလဲကွ ငိုနေတာ'ဟု အော်၍မေ လိုက်သော လက်ထောက်သင်တန်းမှူးနှစ်ဦး၏အသံ ထွက်လာသည်။ တုတ်ချက်များ သည် အားလုံးပေါ်သို့ မိုးသီးမိုးပေါက်ပမာ အဆက်မပြတ်ကျလာသည်။ နောက်ထပ် မည်သူမှုအသံမထွက်ရဲကြ။

မကြာခင်မှာပင် ကွမ်တာ၏ ခြေထောက်များသည် နာကျင်လာသည်။ သူသည် ခရီး ရှည်ကြီး တစ်ခု ထွက်ခဲ့ဖူးသူဖြစ်၏။ လမ်းမည်ကဲ့သို့လျှောက်ရမည်ကိုလည်း သိနေသူဖြစ်၏။ သူ့လိုအတွေ့အကြုံမျိုး မရှိသော လူငယ်များအဖို့ သူ့ထက်ပို၍ ဆိုးဝါးကြလိမ့်မည်ဟု ကွမ်တာတွေးမိသည်။ သို့တစေလည်း ဆာလောင်ခြင်းနှင့် ရေငတ်ခြင်းကိုတော့ သူတွန်းလှန်၍မရ။ မည်ကဲ့သို့တွန်းလှန်ရမည်ကိုလည်း သူမသိ။ သူ့ငမ်းဗိုက်သည် အူနှင့်ဟောင်းလောင်း။ တစ်ခေါင်းလုံး ရီဝေဝေမူးနောက်နောက်။ စမ်းချောင်းတစ်ခုဘေးသို့ရောက်သောအခါ ခဏရပ်နားကြရမည်ဟု အမိန့်ပေးသည်။ သင်တန်းသားများသည် ဒူးထောက်ကာ စမ်းချောင်းတွင်းမှရေကို လက်ခုပ်နှင့်ခပ်သောက်ကြသည်။ ရေပြင်တွင် အရိပ်ထင်နေသည့် လရောင်သည် လှုပ်ရှားလျက်ရှိ၏။ ချက်ချင်းပင် သင်တန်းလက်ထောက်များက ရေကို တစ်ကြိမ်တည်း အဝမသောက်ရဟုပြောကာ စမ်းချောင်းနှင့်ဝေးဝေးနေကြရန် အမိန့်ပေးသည်။ ထို့နောက် အထုပ်များထဲမှ အမဲသားခြောက် တစ်တုံးစီ ဝေပေးသည်။ သင်တန်းသားများသည် တစ်လုတ်စာမျှသာရှိသော အမဲသားတုံးကို အငမ်းမရဝါးကာ ချက်ချင်းပင်မျိုချလိုက်ကြသည်။

သင်တန်းသားတိုင်း၏ ခြေထောက်များသည် ပေါက်ပြဲလျက်ရှိသည်။ ကွမ်တာ၏ ခြေထောက်မှာလည်း အများနည်းတူပင်ဖြစ်သည်။ သို့သော်လည်း အစာလေး တစ်လုတ်မျိုပြီး ရေသောက်လိုက်ရသဖြင့် မည်သည့်နာကျင်မှုကိုမှ သတိမရတော့။ စမ်းချောင်း ဘေး၌ ထိုင်နေခိုက်တွင် သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။ ယခုတစ်ကြိမ် စကားမပြောနိုင်ကြခြင်းမှာ ကြောက်လွန်း၍မဟုတ်။ မောလွန်း၍ ဖြစ်သည်။

မကြာခင်မှာပင် သင်တန်းလက်ထောက်များက တန်းစီရန် အမိန့်ပေးသည်။ ထို့နောက် လာလမ်းအတိုင်းပြန်ခိုင်းသည်။ အရဏ်မတက်မီကလေးတွင် 'ဂျူဂျူအို' (စခန်း)သို့ ပြန်လည်ဆိုက်ရောက်ကြသည်။ အသက်ထွက်မတတ် ပင်ပန်းမောဟိုက်လျက်

မြန်မာ စာအုပ်များ

ရှိသော ကွမ်တာသည် ဒယီးဒယိုင်ဖြင့် တဲထဲဝင်သည်။ အထဲရောက်နေနှင့်သည့် လူငယ်အား ဝင်တိုက်မိပြီး ခြေလွတ်လက်လွတ်ဖြစ်ကာ လဲကျသွားသည်။ သူသည် ထိုနေရာမှ ပြန်၍မထနိုင်။ လဲကျသွားသည့်နေရာမှာပင် အိပ်မောကျသွားလေ၏။

နောက် ခြောက်ညတိတိ သစ်တောထဲသို့ ညခရီးထွက်ကြရသည်။ ညစဉ်ညတိုင်း ခရီးက ပို၍ပို၍ဝေးလာသည်။ ကွမ်တာ၏ခြေထောက်မှ ပေါက်ပြဲနေသော ဒဏ်ရာများသည် ကြောက်စရာကောင်းလာသည်။ သို့သော်လည်း စတုတ္ထမြောက်ညတွင်မူ သူ့ဒဏ်ရာများမှ နာကျင်မှုဝေဒနာကို ခံနိုင်ရည်ရှိသလို ဖြစ်လာသည်။ သူ့ရင်ထဲ၌ ကိုယ်ဟ်၍ဖြစ်ပေါ်လာနေသော အသိအာရုံသစ်တစ်ခုကြောင့် ခံနိုင်ရည်ရှိလာခြင်းဖြစ်၏။ ယင်းအသိအာရုံသစ်မှာ တခြားမဟုတ်။ မာန်မာန။ ခြောက်ညမြောက်တွင် သူတို့သည် ရှေ့နှင့်နောက် တစ်ယောက်လက်တစ်ယောက်တွဲ၍ လျှောက်စရာမလိုတော့သည့် အခြေအနေသို့ ဆိုက်ရောက် လာသည်။ ဘယ်လောက်ပဲမှောင်မှောင် ရှေ့နှင့်နောက် တည့်တည့်မတ်မတ်လျှောက်လာနိုင်သည်။ လဝက်၏ ပထမရက်များတွင် သင်တန်းသားတိုင်း တစ်ယောက်တစ်လှည့်စီ ခေါင်းဆောင်၍ ကြယ်များကို အဖော်ပြုကာ ညခရီး ထွက်ကြရသည်။

သင်တန်းသားအားလုံး လမ်းလျှောက်သည့်နည်းပညာကို နားလည်တတ်မြောက်ပြီဟု ယူဆသောအခါ ကင်တန်းဂိုးက နောက်ရက်များတွင် တောနက်အတွင်းရှိ ချုံထဲ၌ အသံမကြားအောင် ပုန်းအောင်းနေထိုင်နည်းများ သင်ကြားသည်။ ဆင်ဘွန်ဟု ခေါ်သော မုဆိုးကောင်းတစ်ယောက် ဖြစ်လာရေးအတွက် လေ့ကျင့်သင်ကြားပေးသည့် သင်ခန်းစာများဖြစ်၏။ ချုံထဲ၌အောင်းနေသည့်အခိုက်တွင် ကွမ်တာသည် မျက်လုံးများကို လုံးဝမမှိတ်ရဲ။ အိပ်ပျော်နေသည်ဟု အထင်ရောက်ကာ လက်ထောက်ကင်တန်းဂိုးက ငေါက်လိုက် ရိုက်လိုက်မည်ကို ကြောက်၍ဖြစ်သည်။

ကင်တန်းဂိုးလက်ထောက်များက မကြာသေးမီကမှ ခြင်္သေ့များ သားကောင်ချောင်းသည့်နေရာကို ပြသည်။ ထိုနေရာ၌ ငြိမ်ဆိတ်စွာဝပ်၍ချောင်းနေသော ခြင်္သေ့သည် သူ့ရှေ့မှ သမင်ဖြတ်သွားသည့်အခါ မည်သို့မည်ပုံ ခုန်အုပ်ဖမ်းဆီးသည်ကို ရှင်းပြသည်။ ထို့နောက် ခြင်္သေ့များ အစာစားသည့်နေရာနှင့် အစာဝ၍ တစ်ညလုံး အိပ်စက်နားနေသည့် နေရာများကိုပြသည်။ သမင်အုပ်သွားရာကို ခြေရာခံ၍ လိုက်ကြရသည်။ ခြင်္သေ့များနှင့်မတွေ့မီအချိန်အတွင်း သမင်တွေဘယ်လိုနေကြသည်စသော အချက်များကိုလည်း ရှင်းပြသည်။ ဝံပုလွေများနှင့် ခွေးအများ ပုန်းအောင်းသည့် ကျောက်တုံးကြီးများ၏ မျက်နှာပြင်မှ အအက်အကွဲကြီးများကိုလည်းပြသည်။ အမဲလိုက်ရာ၌ အသုံးပြုရမည့် နည်းပရိယာယ် အမျိုးမျိုးလည်း သင်ယူကြရသည်။ ပထမတန်းစား ဆင်ဘွန် (မုဆိုး)သည် ဖြုန်းခနဲလှုပ်ရှားခြင်းမျိုးကို ဘယ်တော့မှမလုပ်ဟူသော အဓိက လျှို့ဝှက်ချက်ကိုလည်း ကွမ်တာတို့လူစု သိခွင့်ရကြသည်။ တစ်ခါတုန်းက မိုက်မဲသော

မုဆိုး တစ်ယောက်သည် သားကောင်အလွန်ပေါများသော တောတစ်ခုဆီသို့ ရောက်သွားကြောင်း၊ သို့သော်လည်း သူသည် ငြိမ်ငြိမ်ဆိတ်ဆိတ်မနေတတ်သဖြင့် တိရစ္ဆာန်များ ထွက်ပြေးကုန်ကြောင်း၊ ဤသို့ဖြင့် တိရစ္ဆာန်ပေါများသောနေရာတွင် သားကောင် တစ်ကောင်မှမရဘဲ ဝတ်၍သေလုနီးပါးဖြစ်ခဲ့ရကြောင်း စသည်များကိုလည်း ကင်တန်းဂိုး က ပြောပြသည်။

ထို့နောက် တိရစ္ဆာန်များနှင့် ငှက်များ၏အသံများကို အသံတုနည်း သင်ကြားကြရသည်။ ကင်တန်းဂိုးနှင့် သူ့လက်ထောက်များက သင်တန်းသားများအား ချုံကြီး ချုံကြားများတွင် ဝင်၍ လှဲခိုင်းပြီး အသံတုအမျိုးမျိုး ပြုလုပ်ကြသည်။ မကြာခင်မှာပင် တိရစ္ဆာန်များနှင့်ငှက်များ ဆိုက်ရောက်လာပြီး သူတို့အားခေါ်သည့် အဖော်များအား လိုက်လံရှာဖွေကြသည်ကို တွေ့မြင်ကြရသည်။

တစ်နေ့သောမွန်းလွဲပိုင်းတွင်ဖြစ်သည်။ သင်တန်းသားများ ငှက်သံများပြုလုပ် နေခိုက် ရုတ်တရက် ကိုယ်လုံးကြီးကြီး နှုတ်သီးတုတ်တုတ် ငှက်ကြီးတစ်ကောင်သည် ချုံကြီးတစ်ချုံပေါ် ဝင်နားသည်။

'ဟော့ ဟိုမှာကြည့်စမ်း၊ ငှက်ကြီးတစ်ကောင်'

သင်တန်းများထဲမှ တစ်ဦးက ဝမ်းသာအားရထအော်သည်။ ကျန်လူစုသည် အကြီးအကျယ်ထိတ်လန့်ကုန်ကြသည်။ အငြိမ်မနေတတ်သော ပါးစပ်တစ်ပေါက် ကြောင့် သူတို့အားလုံး အပြစ်ပေးခံရတော့မည်ဟုတွေးကာ စိတ်မအေးဖြစ်နေကြသည်။ သို့သော်လည်း ဤတစ်ကြိမ်တွင် ကင်တန်းဂိုးသည် အားလုံးကိုအပြစ်မပေး။ သူသည် အဆင်ခြင်ကင်းမဲ့စွာအော်လိုက်သော လူငယ်ထံသွားပြီး 'မင်း အဲဒီငှက်ကို အရှင်ရအောင် ဖမ်း'ဟု အမိန့်ပေးလိုက်သည်။

ကွမ်တာနှင့်သူ့အဖော်များသည် ငှက်ကြီးဆီသို့ ကုန်းကုန်းကုန်းကုန်းနှင့် လျှောက် သွားနေသော လူငယ်ကိုကြည့်ကာ ရင်တမမဖြစ်နေကြသည်။ အနားရောက်၍လူငယ် က ခုန်ဖမ်းလိုက်သည့်အခါ ငှက်ကြီးသည် အတောင်များကို တဖြန်းဖြန်းရိုက်ကာ ပျံတက်သွားသည်။ လူငယ်က နောက်မှ ပြေး၍လိုက်သည်။ ချက်ချင်းပင် ငှက်ရောလူပါ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားလေ၏။ ကွမ်တာ တို့အုပ်စုသည် ထိတ်လန့်တကြား ဖြစ်ကြရပြန်သည်။ ကင်တန်းဂိုးက သူတို့အား ဘာအမိန့်ပေးလိမ့်မည်နည်း။ နောက် သုံးရက်နှင့် နှစ်ညတိတိ သင်တန်းသားများသည် ပျောက်သွားသော လူငယ်အတွက် စိုးရိမ်ပူပန်ကြသည်။

စတုတ္ထနေ့နံနက် သင်တန်းသားများ အိပ်ရာမှ နိုးစအချိန်တွင်မူ စခန်း ကင်း သမား၏ အချက်ပေး သံ ကြားရသည်။ လူတစ်ယောက် စခန်းဘက်သို့လာနေသည်ဟု အသိပေးခြင်းဖြစ်၏။ ချက်ချင်းလိုပင် ... ...သံကြားရသည်။ စခန်းဘက်သို့

မြန်မာ စာအုပ်များ

လာနေသူမှာ ငှက်နောက်သို့လိုက်သွားသော လူငယ်ဖြစ်သည်ဟု သတင်းပို့ခြင်းဖြစ်၏။ သင်တန်းများသည် ဝမ်းသာအားရ ထွက်ပြေးသွားပြီး ဆီးကြိုနှုတ်ဆက်ကြသည်။ ပိန်ကြုံပြီး ညစ်ပတ်ပေရေလျက်ရှိသော လူငယ်၏တစ်ကိုယ်လုံးတွင်–ထိမိရှမိထားသည့်ဒဏ်ရာများ ပြည့်လျက်ရှိသည်။ သူက အာလုံးကို မချိသွားဖြဲအပြုံးဖြင့် ဆီးကြိုနှုတ်ဆက်သည်။ သူ့လက်ထဲတွင် အတောင်၊ ခြေထောက်နှင့် နှုတ်သီးများကို နွယ်ကြိုးဖြင့် ချည်ထားသည့် ငှက်ကြီးတစ်ကောင်ကိုင်လျက်။ ငှက်ကြီးမှာ အသေမဟုတ်။ အရှင်။

ကင်းတန်းဂိုးကိုယ်တိုင်ထွက်လာပြီး လူငယ်အား စကားပြောသည်။ သူ ပြောသည့်စကားမှာ လူငယ်တစ်ဦးတည်းအတွက်မဟုတ်။ အားလုံးအတွက် ရည်စူး၍ပြောသည်မှာ ထင်ရှားသည်။

'အခုကိစ္စမှာ အရေးကြီးတဲ့အရာနှစ်ခုကို မင်း သင်ယူခွင့်ရလိုက်တယ်။ ခိုင်းတဲ့အကိုင် လုပ်ရမယ်ဆိုတာတစ်ခုနဲ့ မင်းပါးစပ်ကို လုအောင်ပိတ်ထား ရမယ်ဆိုတာတစ်ခု။ အဲဒီအသိနှစ်ခုကို မင်းရလိုက်တယ်။ အဲဒီနှစ်ခုဟာ ယောကျ်ားဖြစ်ရေး လေ့ကျင့်မှုမှာ အလွန်လိုအပ်တဲ့အရာနှစ်ခုပဲ'

ငှက်ကြီးကို ချက်ချင်းသတ်ဖြတ်ကာ မီးကင်စားကြသည်။ ဖမ်းလာသူကတော့ အဆမတန်ပင်ပန်းလာသဖြင့် ငှက်ကြီး မီးကင်ပြီးသည်အထိ မစောင့်နိုင်။ ကင်တန်းဂိုးက ထိုနေ့တစ်နေ့လုံးနှင့် တစ်ညလုံး အိပ်ခွင့်ပေးလိုက်သဖြင့် အိပ်မောကျနေပြီဖြစ်၏။ နောက်တစ်နေ့ သင်တန်းဆင်းချိန်ကျမှပင်လူငယ်၏အဖြစ်ကို ကြားခွင့်ရကြသည်။ ငှက်နောက်သို့လိုက်ခဲ့သော လူငယ်သည် နှစ်ရက်နှင့်တစ်ည ကုန်သည်အထိ ငှက်ကို မမိ။ နောက်ဆုံးတွင် သူ့နည်းသူ့ဟန်နှင့် ငှက်ကို ထောင်ဖမ်းသည်။ မိသောအခါကျမှ ကြယ်ရောင်နှင့် လမ်းညွှန်မှုကိုကြည့်၍ ဂျူဂျူအိုသို့ ပြန်လာခဲ့ခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဉာဏ်စွမ်းဆောင်မှုအတွက် သူ့ကို ကင်တန်းဂိုးက အထိုက်အလျောက် မျက်နှာသာပေ သည်။ ထို့ကြောင့်လည်း သူသည် အခြားသင်တန်းသားများထက် အရေးပါအရာရောက်သည့် အနေထားသို့ ရောက်လာခဲ့၏။ ကွမ်တာအနေဖြင့် ထိုလူငယ်အပေါ်၌ မနာလိုဝန်တိုမဖြစ်ဟု သူ့ကိုယ်သူ ယူဆခဲ့သော်လည်း နပန်းလုံး လေ့ကျင့်ကြသည့်အခါတွင်မူ ထိုလူငယ်အား ခပ်ကြမ်းကြမ်းဆုပ်ကိုင်ကာ အကျနာသွားသည်အထိ မြေပေါ် ကိုင်ပေါက်ပစ်ခဲ့မိလေသည်။

ပထမလပြည့်၍ ဒုတိယလတွင်းသို့ဝင်သောအခါ ကွမ်တာတို့လူစုသည် စခန်းဝန်းကျင်ရှိ သစ်တောနှင့် တရင်းတနှီးရှိလာသည်။ သစ်တောတစ်ခုလုံး သူတို့ရွာလိုဖြစ်လာသည်။ မြေပေါ်၌ထင်နေသည့် တိရစ္ဆာန်ခြေရာမှန်သမျှကို ခြေရာခံ၍ လိုက်

မြန်မာ စာအုပ်များ

နိုင်လာကြသည်။ သူတို့စားနေသည့် အသားများမှာလည်း သူတို့ဘာသာသူတို့ ထောင်၍ လောက်လေးနှင့်ပစ်၍၊ မြားနှင့်ပစ်၍ရလာသောအသားများဖြစ်သည်။

သင်တန်းကာလအတွင်း ကွမ်တာတို့ရရှိခဲ့သည့် အဖိုးတန် သင်ခန်းစာအချို့မှာ ဆရာများက စနစ်တကျသင်ကြားပေး၍ ရခြင်းမဟုတ်။ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း မတော်တဆဖြစ်မှုများမှ ရလာခြင်းဖြစ်သည်။ တစ်ရက်တွင် သင်တန်းနားနေခိုက် လူငယ်တစ်ယောက်သည် သူ့လေးတွင် မြားတပ်ကာ ဆွဲဆွဲကြည့်သည်။ အမှတ်တမဲ့ဆွဲလိုက်သော မြားတစ်ချောင်းသည် အပေါ်သို့ထောင်တက်သွားပြီး သစ်ပင်ကြီးတစ်ပင် ထိပ်ဖျားတွင် စွဲနေသော ပျားအုံကြီးကို ဝင်စိုက်သည်။ ဒေါသကြီးနေသော ပျားအုပ်ကြီးသည် အောက်သို့ခုန်ဆင်းလာပြီး သင်တန်းသားများကို တုပ်သည်။ အားလုံးဒရောသောပါး ထပြေးကြသော်လည်း တစ်ယောက်မှမလွတ်။ တစ်ဦး၏အမှားကြောင့် အားလုံး ဒုက္ခရောက်ရသည့်အဖြစ်ပေတည်း။

နောက်ပိုင်းတွင် ကင်တန်ဂိုးက 'မုဆိုးတစ်ယောက်ဟာ သူ့မြား ဘယ်နေရာထိမယ် မှန်မယ် ဆိုတာ ဂဃနဏမသိဘဲနဲ့ လေးကို ဘယ်တော့မှမပစ်ဘူးကွ' ဟု ပြောသည်။ ပျားတုပ်ခံထားရသဖြင့် ဖူးရောင်နေသောနေရာများကို သစ်စေးတစ်မျိုး လိမ်းခိုင်းပြီး 'ကနေ့ည အဲဒီပျားတွေကို ဘယ်လိုလုပ်ရမယ်ဆိုတာ ငါပြမယ်' ဟု ထပ်ပြောသည်။ ထိုညတွင် သင်တန်းသားများသည် ရေညှိခြောက်များ စုဆောင်းပြီး သစ်ပင်အောက်တွင် ပုံကြရသည်။ ထို့နောက် လက်ထောက်မန်နေဂျာ ကင်တန်းဂိုးတစ်ဦးက မီးရှို့၍ ကျန်တစ်ဦးက သစ်ရွက်ခြောက်များ ပုံပုံပေးသည်။ မကြာခင်မှာပင် ပျားသေကောင်များသည် ထောင်နှင့်ချီ၍ကျလာသည်။ ပျားမိုးရွာချသည်ဟုပင်ထင်ရ၏။ နောက်တစ်နေ့မနက်တွင် ကွမ်တာတို့လူစုသည် ပျားရည်ကို တဝကြီးစားကြရလေ၏။

သင်တန်းသားများတွင် တစ်နေ့ထက်တစ်နေ့ အတွေ့အကြုံနှင့် အသိဉာဏ်ပညာ ဗဟုသုတများ တိုးတက်လာသည်။ သို့သော် ကင်တန်းဂိုးကတော့ ကျေနပ်သည်မရှိ။ သူ့အမိန့်နှင့် သူ့စည်းကမ်းများမှာ အမြဲတစေ တင်းကျပ်လွန်းအားကြီးသဖြင့် လူငယ်များမှာ အချိန်ရှိသမျှ အကြောက်နှင့် ဒေါသကြား၌ ညပ်၍ နေကြရသည်။ သင်တန်းသားတစ်ဦးအား အလုပ်တစ်ခုခိုင်းလျှင် ချက်ချင်း လုပ်ရသည်။ စနစ်တကျပြီးစီးအောင် လုပ်ရသည်။ ထိုစည်းကမ်းအတိုင်းမလိုက်နာပါမူ သင်တန်းသားအားလုံး အရိုက်ခံကြရသည်။ အကယ်၍ အရိုက်မခံရပါက ညဉ့်နက်သန်းခေါင်ကျခါမှ အတင်းနှိုးပြီး သစ်တောတွင်းသို့ ခရီးရှည်ကြီး လျှောက်ခိုင်းသည်။ သင်တန်းသားနှစ်ယောက် ရန်ဖြစ်၍ ထိုးကြကြိတ်ကြလျှင်လည်း တစ်ဖွဲ့လုံးအရိုက်ခံရသည်။ သင်တန်းသားများသည် ဘယ်တော့မှ အချင်းချင်း ရန်မဖြစ်ရ။ ထိုနည်းတူပင် မန်ဒင်ကာလူမျိုးများသည် မိမိတို့အချင်းချင်း လုံးဝရန်မပြုရဟု ကင်တန်းဂိုးကဆိုသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် သင်တန်းသားများ

မြန်မာ စာအုပ်များ

သည် အသိတစ်ခုကို ရလာကြသည်။ လူအုပ်စုတစ်ခု၏ တိုးတက်မှုသည် ထိုအုပ်စုကို ဖွဲ့စည်းဖြစ်ပေါ်စေသည့် လူတစ်ဦးချင်းစီ၏ တိုးတက်မှုအပေါ်၌ တည်မှီနေသည်ဟူသော အသိ ဖြစ်၏။ ထိုအသိမှတစ်ဆင့် ထိုထက်ကျယ်ပြန့်သော အသိကိုပါ ရလာကြသည်။ မနုဒင်ကာလူမျိုးတို့၏ တိုးတက်မှုသည် မနုဒင်ကာလူမျိုးတစ်ဦးချင်းစီအပေါ်၌ လုံးဝ တည်မှီနေသည်ဟူသောအသိ ဖြစ်၏။ အချိန်တွေကြာလာတော့လည်း စည်းကမ်းဖောက်ဖျက်မှုများသည် လျော့နည်းလာသည်။ ထိုအခါ အရိုက်အနှက်များလည်း သိသိသာသာ လျော့နည်းလာသည်။ ထိုအခြေအနေသို့ရောက်လာသောအခါ ကင်တန်းဂိုးအပေါ် လေးစားကြည်ညိုမှုသည် သင်တန်းသားများကြား၌ အလိုအလျောက်တည်ရှိလာခဲ့လေသည်။

တစ်ရက်သောမွန်းလွဲပိုင်းတွင် သင်တန်းသားများသည် ဂျူဂျူးအိုးဝင်းအတွင်း၌ နပန်းလုံး လေ့ကျင့်နေကြသည်။ ထိုအခိုက်တွင် လူအစိတ်သုံးဆယ်ခန့် အုပ်စုတစ်စု စခန်းဂိတ်တံခါးဝသို့ ဆိုက်ရောက်လာသည်ကို မြင်ကြရသည်။ သင်တန်းသားအားလုံး ဝမ်းသာအားရအော်လိုက်မိကြ၏။ ရောက်လာသည့်လူစုမှာ သူတို့ဖခင်များ၊ ဦးလေးများနှင့် အစ်ကိုကြီးများ ဖြစ်နေသောကြောင့်ပေတည်း။ ကွမ်တာကိုယ်တိုင်မှာလည်း သုံးလနီးပါးမျှမတွေ့ရသော အိုမိုရိုကိုမြင်လိုက်ရသည့်အခါ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားပြီး တစ်ချက်မျှ အော်လိုက်မိသည်။

သင်တန်းသားတစ်ယောက်ကတော့ သူ့အဖေ၏နာမည်ကို အော်ခေါ်ကာ ပြေးသွားသည်။ ဖခင်ဖြစ်သူကမူ တင်းမာသောမျက်နှာထားဖြင့်ဆီးကြည့်ပြီး အနီးရှိကင်တန်းဂိုး လက်ထောက်တစ်ဦးထံမှ တုတ်ကိုယူ၍ သူ့သားအား ရိုက် သည်။ ပါးစပ်မှလည်း အော်ဟစ်ကြိမ်းမောင်းသည်။ ဤအပြုအမူသည် စိတ်ဓာတ်ပျော့ညံ့ခြင်းကိုပြသည်ဟု သူ့ဖခင်ကဆိုသည်။ ကင်တန်းဂိုးကလည်း သင်တန်းသားများအား အလျားမှောက်ခိုင်းသည်။ ရောက်လာသည့် ဧည့်သည်များက တန်း၍ အလျားမှောက်နေသူများကြားမှ လျှောက်သွားကာ လက်ထဲမှတုတ်များဖြင့် ဖင်များကို ရိုက်သွားကြသည်။

ရိုက်နှက်ပြီးသောအခါ ကင်တန်းဂိုးက သင်တန်းများအား ပြေးခိုင်းသည်။ ခုန်ခိုင်းသည်။ ကခိုင်းသည်။ နပန်းလုံးခိုင်းသည်။ ဘုရားရှိခိုးခိုင်းသည်။ ဖခင်များ၊ ဦးလေးများနှင့် အစ်ကိုကြီးများက ငြိမ်သက်စွာရပ်၍ ကြည့်ကြသည်။ ထို့နောက် ကင်တန်းဂိုးများအား နှုတ်ဆက်ပြီး ပြန်သွားကြသည်။ မျက်နှာအောက်ချပြီးရပ်နေသော သင်တန်းသားများဘက်သို့ တစ်ချက်ကလေးမှပင် လှည့်ကြည့်မသွား။ ထိုည အိပ်ရာမဝင်မီ ကင်တန်းဂိုးလက်ထောက်တစ်ဦး ကွမ်တာ့အနီးသို့ကပ်လာပြီး တိုးတိုးပြောသည်။

'မင့်မှာ ညီအသစ်ထပ်ရတယ်၊ မာဒီးလို့ နာမည်မှည့်ထားတယ်'

ထိုညတွင် ကွမ်တာ ရတ်တရက်အိပ်မပျော်။ ယခုဆိုလျှင် မိမိတို့၌ ညီအစ်ကို လေးယောက်ဖြစ်သွားပြီဟု တွေးမိသည်။ အိုမိုရိုမရှိတော့သည့်အချိန်တွင် သူသည်

မြန်မာ စာအုပ်များ

ဤမိသားစုထဲ၌ အကြီးဆုံးယောက်ျားတစ်ယောက် ဖြစ်ရပေတော့မည်။ သူ့ညီ လာမင်းအား သူသိသမျှ တတ်သမျှ သင်ကြားပေးရပေတော့မည်။ ထို့နောက် လာမင်းက ဆူဝါဒူးအားလည်းကောင်း၊ ဆူဝါဒူးက အခုမွေးလာသည့် မာဒီးအားလည်းကောင်း ဆက်၍ဆက်၍ သင်ကြားပေးရပေတော့မည် စသည်ဖြင့် တွေးမိသည်။ နောင်တစ်ချိန်တွင် သူသည် သူ့ဖခင်အိုမိုရိုကဲ့သို့ လူကြီးတစ်ယောက်ဖြစ်လာပြီး အခုလို သားတွေ ရလာဦးမည်ဖြစ်၏။ ထိုအခါ လူ့ဘဝ၏ ဖြစ်လေ့ဖြစ်ထရှိသော အရာအားလုံးသည် နောက်ထပ်တစ်ဖန် ပြန်၍အစပြုပေဦးတော့မည်။

[၂၄]

'မင်းတို့ဟာ ကလေးတွေ မဟုတ်တော့ဘူး။ လူကြီးတွေဖြစ်လာပြီ'

တစ်မနက်ခင်းတွင် ကင်တန်းဂိုးက တန်းစီရပ်နေကြသောသင်တန်းသားများအား ပြောသည်။ သူ့အနေဖြင့် 'လူကြီးတွေ'ဟူသော စကားလုံးကို ပထမဆုံးသုံးခြင်းဖြစ်၏။ ထို့နောက် သူတို့အားလုံး အတူတူပညာသင်၊ အတူတူအလုပ်လုပ်၊ အတူတူအရိုက်ခံရင်း နောက်ဆုံးတွင် အတွဲနှစ်ခုကို ပိုင်ဆိုင်သွားပြီဟုဆိုသည်။ အတွဲတစ်ခုမှာ သူတို့၏ ကိုယ်ပိုင်အတွဲဖြစ်၍ သူတို့စိတ် သူတို့ကိုယ်ထဲ၌ ကိန်းအောင်းနေသည်။ ဒုတိယတစ်ခုမှာ သူတို့၏ ဘဝတူ သွေးတူ သားတူများအတွက် ဝေမျှခံစားရသည့်အတွဲဖြစ်၍ ပိုမိုပြီး ကြီးမားကျယ်ဝန်းသောသဘောရှိသည်ဟု ပြောသည်။

ယောက်ျားဖြစ်သင်တန်းတွင် စစ်သည်တော်ဖြစ်ရေး လေ့ကျင့်ခန်းများ အစပြုလေပြီ။

'ငါတို့မန်ဒင်ကာလူမျိုးတွေဟာ တခြားလူမျိုးတွေက စစ်လာပြုမှ ပြန်တိုက်ကြတာ။ ကိုယ်ကစပြီး ဘယ်တော့မှမတိုက်ဘူး။ မတိုက်မဖြစ်လို့ တိုက်ကြရင်လည်း ငါတို့မန်ဒင်ကာတွေဟာ အလွန်ရဲရင့်ပြောင်မြောက်တဲ့ စစ်သည်တော်တွေပဲ'ဟု ကင်တန်းဂိုးက ပြောသည်။

ဤသို့ဖြင့် ကွမ်တာနှင့် သူ့အဖော်များသည် စစ်ပညာများကို သင်ယူကြရသည်။ ရှေးကထင်ရှားကျော်ကြားခဲ့သော မန်ဒင်ကာစစ်ပွဲများ၏ စစ်သေနင်္ဂဗျူဟာများကို ကင်တန်းဂိုးနှင့် သူ့လက်ထောက်များက မြေကြီးပေါ်တွင် ပုံများဆွဲ၍ သင်ကြားပို့ချသည်။ 'ရန်သူကို ဘယ်တော့မှ ပိတ်ဆို့မထားနဲ့'ဟု ကင်တန်းဂိုးက ပြောသည်။ 'သူတို့ပြေးသာအောင် ထွက်ပေါက်ပေးထားရမယ်။ ထွက်ပေါက်မရှိတဲ့အခါမျိုးဆိုရင် သူဟာအသေအလဲ ခုခံတိုက်ခိုက်နေတတ်တယ်'

လက်ထောက်ကင်တန်းဂိုးများ၏ ညွှန်ကြားချက်အရ ကွမ်တာတို့သည် စစ်သုံးလှံများနှင့် မြားများကို သံများဖြင့်ပြုလုပ်ကြရသည်။ အပစ်အခတ်လေ့ကျင့်ကြရသည်။ အကယ်၍ သင်တန်းသားတစ်ဦးသည် ကြိမ်ဝါးတစ်ချောင်းကို ခြေလှမ်း နှစ်ဆယ့်ငါးလှမ်းအကွာမှ ထိမှန်အောင်ပစ်နိုင်လျှင် သြဘာပေးခြင်းခံရသည်။ သင်တန်းသားများသည် တောထဲသို့ဝင်၍ 'ကူးနားချုပင်'များရှာဖွေပြီး အရွက်များကိုခူးယူကာ စခန်းသို့ယူလာပြီး ပြုတ်ကြသည်။ ရလာသည့် အနက်ရောင် ပျစ်ချွဲချွဲအရည်များထဲတွင် အပ်ချည်ကြိုးနှစ်ကာ ယင်းအပ်ချည်ကြိုးများကို မြားထိပ်တွင်ပတ်၍ချည်ကြသည်။ ဤမြားမျိုးသည် အသက်ကို သေစေနိုင်လောက်အောင် ပြင်းထန်သည့် ဆိပ်လူးမြားပေတည်း။

စစ်သင်တန်းကာလပြီးဆုံးသောအခါ ကင်တန်းဂိုးက အကြီးကျယ်ဆုံးသော ရှေးခေတ် မန်ဒင်ကာစစ်ပွဲကြီးများနှင့် စစ်သူရဲကောင်းကြီးများအကြောင်းကို တခမ်းတနား ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောပြသည်။ ကျွဲသခ်ငမဟုခေါ်ကြသော ဆိုဂိုလွန်၏သား ဗိုလ်ချုပ်ကြီး ဆန်ဒီယားတားသည် ကျွန်တစ်ဦးဖြစ်ကြောင်း၊ သူသည် တိုးအားပြည်မှ ဆောင်မာအိုရိ ဘုရင်၏ တပ်များအား အနိုင်ရခဲ့ကြောင်း၊ လူသေအရေကို ဝတ်ရုံကြီးများချုပ်၍ဝတ်ကာ သူ့နန်းတော်ပတ်လည်တွင် ရန်သူ့ခေါင်းများ ချိတ်ဆွဲထားကြောင်း စသည်များကို ကွမ်တာတို့ သိကြရလေသည်။

စစ်တပ်နှစ်တပ်မှ ထောင်ပေါင်းများစွာသော ဒဏ်ရာရသူများနှင့် သေဆုံးသူများအကြောင်း ကြားရသည့်အခါ သင်တန်းသားအားလုံး ရင်တမမဖြစ်ကြရသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကြီးဆန်ဒီယားတားက သူအနိုင်ရရှိခဲ့သောရွာများမှ အကြီးအကဲများနှင့် အစည်းအဝေးတစ်ခုပြုလုပ်ပြီး နယ်မြေအုပ်ချုပ်ခွင့်အာဏာများ ပြန်လည်ပေးအပ်ခဲ့ပုံ၊ သူတည်ဆောက်ခဲ့သော ငြိမ်းချမ်းရေးသည် နှစ်ပေါင်းတစ်ရာတိတိ တည်တံ့ခဲ့ပုံများ ကြားရသည့်အခါ မန်ဒင်ကာလူမျိုးဖြစ်ရသည့်အတွက် ဂုဏ်ယူမိကြသည်။

နောက်သင်တန်းအသစ်တစ်ခုမစမီ ဂျုပ်ဖူရီရွာမှ ချန်ပီယံနပန်းသမားအဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ နပန်းသတ်နည်းနှင့်ပတ်သက်၍ လက်တွေ့သင်ခန်းစာအမျိုးမျိုး ပို့ချပေးကြသည်။ သင်တန်းသားများသည် နပန်းသမားကြီးများ၏ ကျွမ်းကျင်မှုကို ကြည့်ကာ တအံ့တသြဖြစ်ကြရ၏။

နောက်သုံးရက်မျှအလွန်တွင် ဂမ်ဘီယာနိုင်ငံတွင်း၌ ထင်ရှားကျော်ကြားသော 'ကူဂျာလီအင်ဂျေး'အမည်ရှိ ဆရာကြီးတစ်ဦး ဆိုက်ရောက်လာပြန်သည်။ သူနှင့်ကျတော့ အတိတ်က သမိုင်းကြောင်းများကို ကြားကြရသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပေါ်ထွန်းခဲ့သည့် လူမည်းအင်ပါယာကြီးများအကြောင်းကို အသေးစိတ်သိခွင့်ရကြသည်။ ရှေးဦးစွာ ဘီနင်းအင်ပါယာကြီးအကြောင်း၊ ထို့နောက် အချမ်းသာဆုံးနှင့် ရှေးအကျဆုံးသော မာလီနိုင်ငံတော်အကြောင်း။

စိတ်ကူးရိုးရို

ဆရာကြီးပြန်သွားပြီးနောက် ခြောက်ရက်အကြာတွင် အလွန်ကျော်ကြားသော 'မိုရီ' တစ်ဦးရောက်လာပြန်သည်။ 'မိုရီ' မှာ ဂမ်ဘီယာနိုင်ငံအတွင်း၌ အဆင့်အမြင့်ဆုံးသောဆရာဖြစ်၏။ ထိုဆရာများမှာ အရေးအတွက် အနည်းငယ်မျှသာရှိ၍ ကျောင်းသားများကိုသာမက ကျောင်းဆရာများကိုပါ ပညာသင်ကြားပေးကြရသူများဖြစ်သည်။ ကင်တန်းဂိုးကိုယ်တိုင်က သင်တန်းသားများအား တန်းစီစေ၍ 'အခုရောက်လာမယ့် ပုဂ္ဂိုလ်ဟာ သာမညလူမဟုတ်ဘူး။ ရွာအကြီးအကဲတွေနဲ့ ဘုရင်တွေကတောင် သူ့ဆီက အကြံဉာဏ်ယူရတယ်' ဟု ပြောထားနှင့်လေသည်။

နောက်တစ်နေ့နံနက်တွင် မိုရီသည် တပည့်ငါးဦးနှင့်အတူ ရောက်လာသည်။ အာရပ်ဘာသာဖြင့်ရေးထားသော ပေပုရပိုက်များနှင့် စာအုပ်များ သယ်လာသည်။ သူသည် သင်တန်းသားများအား စာအုပ်များဖတ်ပြပြီး စာအုပ်ထဲမှ အချက်အလက်များကို ရှင်းပြသည်။ ထို့နောက် ထူးခြားသောအဖြစ်အပျက်များနှင့် ခရစ်ယာန်တို့၏ သမ္မာကျမ်းစာထဲမှ ပုဂ္ဂိုလ်များအကြောင်းပြောပြသည်။ အာဒမ်နှင့် ဧဝအကြောင်း၊ မိုးဇက်၊ ဒေးဗစ်နှင့် ဆော်လမွန်တို့အကြောင်း၊ ပြီးတော့ ကမ္ဘာတစ်ဝက်ခန့်ကို အုပ်စိုးသွားခဲ့သော မဟာအလက်ဇန်းဒါဘုရင်အကြောင်း။

ထိုညက ကွမ်တာသည် ရတ်တရက်အိပ်မပျော်။ ခေါင်းထဲတွင် အတွေးပေါင်းစုံ ဝင်ကာ မျက်စိကျယ်လျက်ရှိသည်။ သူတို့ ယခုသိထားရသမျှ အရာရာတိုင်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်နေကြသည်မှာ အမှန်ပင်ဖြစ်၏။ သူ စဉ်းစား၍ ရသလောက်ဆိုလျှင် အတိတ်သည် ပစ္စုပ္ပန်နှင့်ဆက်စပ်နေပြီး ပစ္စုပ္ပန်သည် အနာဂတ်နှင့် ဆက်စပ်လျက်ရှိသည်။ သေသူသည် ရှင်နေသူများနှင့်သာမက မွေးဖွားဆဲ မွေးဖွားလတ္တံ့သော သူများနှင့်ပါ ဆက်စပ်နေသည်ထင်၏။ သူကိုယ်တိုင်ပင်လျှင် သူ့မိသားစု၊ သူ့အပေါင်းအသင်း၊ သူ့ရွာ၊ သူ့လူမျိုးစု၊ သူ့အာဖရိကနိုင်ငံတို့နှင့် ဆက်စပ်လျက်ရှိသည် မဟုတ်ပါလား။ ကွမ်တာသည် သူ့ကိုယ်သူ အလွန်သေးငယ်သောသတ္တဝါလေးဟု စိတ်ထဲက ခံစားလာရသည်။ တစ်ချိန်တည်းမှာပင် အလွန်ကြီးမားသော သတ္တဝါကြီးဟုလည်း ခံစားရပြန်သည်။ ယင်းခံစားမှုသည်ပင်လျှင် လူတစ်ယောက် ဖြစ်လာရခြင်း၏ အနက်အဓိပ္ပာယ်ကို ရည်ညွှန်းနေလေသလား။

[၂၅]

ကွမ်တာနှင့် သူ့အပေါင်းအသင်းများ ရင်တထိတ်ထိတ်ဖြင့် မျှော်လင့်စောင့်စားနေရသည့်အချိန်သည် ကျရောက်လာခဲ့လေပြီ။ 'ကာဆတ်စ်ဘိုထို ခွဲစိတ်မှု' ဟုခေါ်သော

မြန်မာ စာအုပ်များ

အစ္စလာမ်ဘာသာဝင်တို့၏ ခလေ့ထုံးစံအရ ပြုလုပ်ကြရသည့် ယောကျ်ားတန်ဆာ အရေပြားလှီးဖြတ်ခြင်းလုပ်ငန်းနှင့် သူတို့ ရင်ဆိုင်ကြရတော့မည်ဖြစ်၏။ ဤကိစ္စမှာ ရှောင်လွှဲ၍မရသည့်ကိစ္စတစ်ခုဟု သူတို့နားလည်ထားသည်။ သို့သော်လည်း ဘယ်အချိန် ဘယ်ကာလတွင် ဆိုက်ရောက်လာလိမ့်မည်ဟူ၍ကား တိတိကျကျမသိ။ ယခု ဆိုက် ရောက်လာပြန်တော့လည်း ဖြုန်းစားကြီးဖြစ်၏။

တစ်ရက်သော မွန်းတည့်ချိန်တွင် လက်ထောက်ကင်တန်းဂိုးတစ်ဦးက သင်တန်း သားများအား တန်းစီခိုင်းသည်။ ထို့နောက် ကင်တန်းဂိုးကိုယ်တိုင် သူ့ဘဲထဲမှ ထွက် လာပြီး တန်းစီနေသူများ၏ရှေ့၌ လာရပ်သည်။

'မင်းတို့အားလုံး ဖိုတို (တန်ဆာ)တွေကို ထုတ်ကြ'ဟု အမိန့်ပေးသည်။ အားလုံး တုံ့ဆိုင်းဆိုင်းဖြစ်နေကြသည်။ ကင်တန်းဂိုးက ဒေါသတကြီးထပ်အော်သည်။

'အခုချက်ချင်း ထုတ်ကြစမ်း'

ကွမ်တာတို့လူစုသည် ရက်ရွံ့သောစိတ်ဖြင့် အမိန့်ကို နာခံကြသည်။ လက်ထောက် ကင်တန်းဂိုးများက သင်တန်းသားတစ်ဦးစီ၏ ဖိုတိုထိပ်ဖျားကို အဝတ်စကလေးများဖြင့် လိုက်လံစည်းပေးသည်။ ထုထောင်းထားသည့် သစ်ရွက်စိမ်းအရည် သုတ်လိမ်းထားသော အဝတ်စကလေးများဖြစ်၏။

'အဲဒါစည်းထားရင် မင်းတို့ဖိုတိုထုံသွားလိမ့်မယ်။ နာတာတို့ ကျင်တာတို့ မဖြစ် တော့ဘူး'

အားလုံးကို တဲထဲပြန်ဝင်ရန် အမိန့်ပေးလိုက်သော ကင်တန်းဂိုးက ရှင်းပြသည်။

သင်တန်းသားများသည် နောက်ထပ်ဘာများဖြစ်ဦးမှာပါလိမ့်ဟူသောအတွေး ဖြင့် တထိတ်ထိတ်ဖြစ်နေကြရပြန်၏။ ညနေစောင်းသည့်အခါ အားလုံးကို တဲတဲမှ ပြန်ထွက်စေပြီး တန်းစီခိုင်းသည်။ အပြင်ဘက်တွင် ဂျပ်ဖူရီရွာသားများ ရောက်နေကြ ပြန်ပြီဖြစ်၏။ ကွမ်တာတို့လူစု၏ ဖခင်များ၊ ဦးလေး ဦးကြီးများနှင့် အစ်ကိုများဖြစ်သည်။ အိုမိုရိုပါလာသည်ကို တွေ့သော်လည်း ကွမ်တာက မမြင်ဟန်ဆောင်နေသည်။ သူတို့သည် ကွမ်တာတို့နှင့် မျက်နှာချင်းဆိုင်ရပ်ကာ အားပေးစကားပြောကြသည်။

'ဒီကိစ္စဟာမလုပ်လို့မဖြစ်ဘူး။ ငါတို့လည်းလုပ်ပြီးပြီ။ ငါတို့ ဘိုးတွေ ဘေးတွေ လည်း လုပ်ခဲ့ကြတယ်။ ဒါမှလည်း မင်းတို့ ငါတို့ဟာ ယောကျ်ားကြီးတွေ ဖြစ်လာကြမှာ'

ညအမှောင်ရိပ်များကျလာသည်နှင့်တစ်ပြိုင်နက် စခန်းအပြင်မှ ဗုံတီးသံများ ကြား ကြရသည်။ ကွမ်တာတို့အား အပြင်ထွက်၍ တန်းစီခိုင်းပြန်သည်။ စခန်းဂိတ်ဝ၌ ကခုန်နေကြသူများမှာ 'ကန်ကူရန်အကာသမားများ'ဖြစ်သည်။ သူတို့သည် အော်၍ဟစ်၍ လှံကြီးများကိုမြှောက်၍ ကနေကြခြင်းဖြစ်၏။ နောက် ဖြုန်းခနဲရပ်ကာ ဖြုန်းခနဲပင် ပျောက်ကွယ်သွားကြသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

လက်ထောက်ကင်တန်းဂိုးတစ်ဦးက လူငယ်တစ်ယောက်၏နာမည်ခေါ်သည်။ ထိုလူငယ် မတ်တတ်ရပ်လိုက်သည့်အခါ လက်ထောက်ကင်တန်းဂိုးက ဝါးထရံကြီး တစ်ခုနောက်သို့ ဝင်သွားရန် လက်ပြသည်။ ခဏမျှအကြာတွင် ထိုလူငယ်သည် ကွတကွတနှင့်ပြန်ထွက်လာသည်။ လက်ထောက်ကင်တန်းဂိုးတစ်ယောက်က သူ့အား တွဲ၍ သူ့နေရာသို့ပြန်ပို့ပေးသည်။ ထို့နောက် တစ်ယောက် ပြီးတစ်ယောက် ခေါ်နေသည့် အသံများ။ နောက်ဆုံးတွင်...။

'ကွမ်တာကင်တီ'

ကွမ်တာသည် ဝါးထရံနောက်သို့ဝင်ခဲ့သည်။ အထဲတွင် လူလေးယောက်။ တစ်ယောက်က သူ့အား ပက်လက်အိပ်ခိုင်းသည်။ သူက ပက်လက်အိပ်လိုက်သည်။ တစ်ဦးက သူ့ပေါင်များကို မလိုက်သည်။ လက်ထဲတွင် ပစ္စည်းတစ်ခုကိုင်ထားသော ကင်တန်းဂိုးသည် သူ့အပေါ်သို့ ငုံ့လိုက်သည်။ နာကျင်သောဝေဒနာကို သူခံစားလိုက်ရ၏။ နောက်တစ်ခဏအတွင်း ပတ်တီးစည်းပြီးသားဖြစ်သွားသည်။ သူ့နေရာသို့ ပြန်ရောက်လာသည်။ အားလုံးတစ်ယောက်မျက်နှာတစ်ယောက်မကြည့်ရဲ။ မည်သို့ပင် ဖြစ်စေ၊ သူတို့ကြောက်လန့်နေသောကိစ္စတစ်ခုသည် ပြီးပြတ်သွားခဲ့လေပြီ။

မကြာမတင်မှာပင် လေးလပိုင်း လဆန်းစရက်များအတွင်းသို့ ဝင်လာသည်။ ကင်တန်းဂိုးကိုယ်တိုင်၏အမိန့်အရ သင်တန်းသား နှစ်ဦးသုံးဦးသည် ညစဉ် အလှည့်ကျ ဂျပ်ဖူရီရွာသို့ပြန်၍ သူတို့အိမ်များမှ ဆန်၊ အသားခြောက် စသည်များကို သူတို့မိခင်များမသိအောင် ခိုးယူကြရသည်။ ပြန်ရောက်လာသည့်အခါ တပျော်တပါး ချက်ပြုတ်စားကြသည်။ 'အခုလိုလုပ်ခိုင်းတာဟာ မိန်းမတွေထက် ငါတို့ယောကျ်ားတွေက ပါးနပ်လိမ္မာတယ်ဆိုတာ သိသွားအောင် ပြခိုင်းတာ။ မိန်းမတွေနဲ့ပတ်သက်ရင် မင်းတို့အမေတွေထက် သာတယ်ဆိုတာတောင် ပြကြရမယ်'ဟု ကင်တန်းဂိုးကပြောသည်။ သို့သော်လည်း နောက်တစ်နေ့မနက် မိုးလင်းတိုင်း မိခင်များသည် သူတို့သူငယ်ချင်းများနှင့် ယမန်နေ့ညက သူတို့သားများ မီးဖိုထဲ တိတ်တဆိတ်ဝင်လာပြီး ခိုးကြသည့်အကြောင်း ပြော၍ ရယ်နေကြသည်ကိုမူကား ကွမ်တာတို့လူစု မသိကြပေ။

ကွမ်တာတို့အား လူကြီးများအဖြစ်ထား၍ တန်းတူရည်တူဆက်ဆံနေပြီဖြစ်သော ကင်တန်းဂိုးသည် တစ်ညတွင် ရွာတစ်ရွာ၌ နေထိုင်လျက်ရှိသည့်လူတိုင်း အညီအမျှ အရေးပါအရာရောက်ကြောင်းကို ရှင်းပြနေသည်။ နို့စို့ကလေးမှစ၍ အဘိုးကြီးအဘွားကြီး အထိ အားလုံးအရေးပါကြောင်းပြောပြသည်။ ထို့ကြောင့် ယခုသင်တန်းမှ ရွာသို့ ပြန်သွားသည့်အခါ လူတိုင်းအား တလေးတစားဆက်ဆံတတ်အောင် အားထုတ်ကြရမည်ဟု ဆုံးမသည်။ ယောကျ်ားများ၏တာဝန်မှာ ရွာထဲရှိ ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ ကလေးတိုင်း၏ ကောင်းရာကောင်းကျိုးအတွက် အမြဲတစေ အကာအကွယ်ပေးသွားကြရမည်ဟုလည်း သတိပေးသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'မင်းတို့အိမ်ပြန်ရောက်သွားကြတဲ့အခါမှာ မင်းတို့အနေနဲ့ ဂျပ်ဖူရီရွာရဲ့ မျက်လုံးတွေနဲ့ နားတွေလို ကျင့်ကြံသွားကြရမယ်။ ရွာကို အကာအကွယ်ပေးကြရမယ်။ ယာခင်းတွေကိုလည်း တောဝက်တွေ ငှက်တွေ မဖျက်ဆီးအောင် စောင့်ရှောက်ပေးကြရမယ်' စသည်ဖြင့်လည်း ကင်တန်းဂိုးကပြောသည်။ ထို့နောက် အသက်အရွယ်အလိုက် ထမ်းဆောင်သွားကြရမည့် တာဝန်နှင့်ဝတ္တရားများကို ရှင်းပြသည်။

လေးကြိမ်မြောက် လပြည့်နေ့သို့ ဆိုက်ရောက်လာသည်။ လမင်းသည် ကောင်းကင်ထက်ဗွင် ပြည့်ပြည့်ဝဝကြီးသာလျက်ရှိ၏။ ထိုအချိန်တွင် လက်ထောက်ကင်တန်းဂိုးများက သင်တန်းသားအားလုံး ညစာစားပြီးလျှင်ပြီးချင်း အပြင်ထွက် တန့်စီကြရမည်ဟု အမိန့်ပေးသည်။

သူတို့မျှော်လင့်တမ်းတနေသောအချိန်သို့ ရောက်လာလေပြီလား။ ကွမ်တာသည် သူတို့အားလုံး၏ ဖခင်များနှင့် အစ်ကိုများကို ရှာသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ရန် လာကြလိမ့်မည်ထင်၏။ သို့သော်လည်း အရိပ်အယောင်ပင် မမြင်ရ။ ကင်တန်းဂိုးကော ဘယ်ရောက်နေပါလိမ့်။ ကွမ်တာ၏မျက်လုံးများသည် စခန်းအတွင်း၌ လှည့်ပတ်ကြည့်ရှုနေသည်။ ကင်တန်းဂိုးသည် စခန်းဂိတ်တံခါးကို ဆွဲဖွင့်နေသည်။ ထို့နောက် သူ့တို့ဘက်လှည့်၍ အော်ပြောသည်။

'ဂျပ်ဖူရီရွာသားတို့၊ မင်းတို့ရွာ မင်းတို့ပြန်ကြတော့'

သူတို့သည် တစ်ခဏမျှကြောင်ပြီး ရပ်နေကြသည်။ ထို့နောက် အော်ဟစ် ခုန်ပေါက်ကာ ကင်တန်းဂိုးနှင့် သူ့လက်ထောက်များဆီသို့ ပြေးသွားကြပြီး ပွေ့ဖက်ဆွဲယမ်းကြသည်။ လွန်ခဲ့သော လေးလက ဤစခန်းအခန်း၌ သူ့ခေါင်းမှ ခေါင်းစွပ်ကို ဆွဲချွတ်ပေးခဲ့သည်။ ထိုစဉ်က ဤစခန်းမှ ထွက်ခွာရသည့်နေ့တွင် ဝမ်းနည်းစိတ် ဝင်လာဖို့မလွယ်ဟု ယူဆခဲ့မိ၏။ တင်းမာခက်ထန်လွန်းလှသော ကင်တန်းဂိုးဆိုသည့် လူကြီးအား စွန့်ခွာရသည့်အတွက် စိတ်ထိခိုက်စရာအကြောင်းမရှိဟု ယူဆခဲ့၏။ ယခုကျတော့လည်း ထိုကဲ့သို့မဟုတ်ပါတကား။

ထို့နောက် ကွမ်တာ၏အတွေးများသည် အိမ်အပြန်လမ်းဆီသို့ ကူးပြောင်းသွားသည်။ သူ့အဖော်များနှင့်ရော၍ အော်ဟစ်ရယ်မောပြီး စခန်းအပြင်သို့ ထွက်လာခဲ့သည်။ ဂျပ်ဖူရီရွာသို့ သွားရာလမ်းပေါ်သို့ အပြေးအလွှားရောက်လာသည်။ ထိုအချိန်မှစ၍ သူတို့အသံများသည် တိတ်သွားသည်။ ခြေလှမ်းများသည် နှေးကွေးလာသည်။ အားလုံးကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၏။ သူတို့စွန့်ခွာလာခဲ့သောနေရာသည် ဘာလဲ။ သူတို့ရှေ့၌ ရှိနေသောအရာသည် ဘာလဲ။ ယခုတစ်ကြိမ်တွင်မူ သူတို့၏လမ်းကို ရှာဖွေဖို့အတွက် ကြယ်များ၏အရောင်နှင့် လမ်းညွှန်မှုကို မလိုတော့ပေ။

စိတ်ကူးချိုချို

[၂၆]

အမျိုးသမီးများ၏ ရွှင်လန်းမြူးထူးစွာ အော်ဟစ်လိုက်သည့်အသံများ ကြားရသည်။ တဲများအတွင်းမှ လူတွေ ဒရောသောပါးပြေးထွက်လာကြသည်။ ရယ်ကြ မောကြ၊ ကကြ ခုန်ကြနှင့် အားလုံးပျော်နေကြသည်။ လူကြီးများကြားတွင် အသက်ဆယ့်ငါးနှစ်ပြည့်ပြီး၍ စတုတ္ထအဆင့်ကာဖိုးများအဖြစ်သို့ ရောက်နေကြသော လူငယ်များလည်း ပါလာသည်။ နံနက်အရုဏ်ဦးအချိန်တွင် ရွာထဲသို့ဝင်လာသော ကွမ်တာတို့လူစုအား ဆီးကြိုကြခြင်းပေတည်း။ ပုံပုန္နေးနွေး လူကြီးဘဝသို့ရောက်လာကြသူများသည် ဖြည်းလေးစွာ လျှောက်နေကြသည်။ စကားလည်းမပြော၊ ရယ်လည်းမရယ်။ သူ့ထံသို့ ပြေးလာနေသည့် မိခင်ကိုမြင်လိုက်သော ကွမ်တာသည် အပြေးအလွှားသွား၍ ဆီးကြိုလိုက်ချင်စိတ် ဖျတ်ခနဲပေါ်လာသည်။ သူ့မျက်နှာမှာလည်း ဝင်းလက်သွားသည်။ သို့သော်လည်း ပြေးကြိုချင်စိတ်ကို ချိုးနှိမ်ကာ ဖြည်းဖြည်းသာသာပင် လျှောက်သွားသည်။ ထို့နောက် ဘင်တာ၏ လက်နှစ်ဖက်က သူ့လည်ပင်းအား ဖက်ထားသည်။ လက်ဖဝါးတစ်ဖက်က သူ့ပါးများကို ပွတ်သပ်နေသည်။ ဘင်တာ၏ မျက်လုံးအစုံတွင် မျက်ရည်များပြည့်နေသည်။ ပြီးတော့ ကွမ်တာ၏နာမည်ကို တမ်းတမ်းတတခေါ်နေသည့်အသံများ။ ကွမ်တာကတော့ မိခင်၏ဖက်လှဲတကင်းပြုမှုကို ကြာကြာခံယူခြင်းမပြု။ လူကြီးတစ်ယောက်ဖြစ်လာပြီဖြစ်၍ ခဏမျှသာငြိမ်ခံနေပြီး မိခင်အား အသာအယာ တွန်းဖယ်လိုက်သည်။ ထို့နောက် မိခင်၏ကျောပေါ်တွင် အဝတ်နှင့်သိုင်းချီပြီး ပိုးထားသော ကလေးကို လှမ်းကြည့်သည်။ အဝတ်ထဲမှကလေးကို လက်နှစ်ဖက်ဖြင့် ပွေ့၍ ထုတ်သည်။

'ဒါ ကျုပ်ညီလေး မာဒီးမဟုတ်လား'ဟုပြောကာ လေထဲသို့ မြှောက်၍ချီသည်။

ကွမ်တာ၏ဘေးမှ လိုက်ပါလာသော ဘင်တာသည် ကလေးချီထားသည့် သူ့သား၏မျက်နှာကို အရိပ်တကြည့်ကြည့်။ ဘင်တာ၏အဖော်များသည် ကွမ်တာအား ကြည့်ပြီး အံ့သြချီးမွမ်းနေကြသည်။ ထွားလာလိုက်တာဟယ်၊ တကယ့်ယောကျာ်းကြီး တစ်ယောက် ဖြစ်လာပါပကောလား စသည်ဖြင့် ပြောကြသည်။ ကွမ်တာက မကြားဟန်ဆောင်နေသော်လည်း သူ့နားထဲတွင် အလွန်သာယာသော တေးဂီတတစ်ပုဒ်ဖြစ်နေသည်။

သူ့အဖေနှင့် သူ့ညီ လာမင်းတို့ကို မတွေ့ရသဖြင့် ဘယ်များသွားနေကြပါလိမ့်ဟု ကွမ်တာတွေးသည်။ ချက်ချင်းပင် သူ့ညီလာမင်းတစ်ယောက် ဆိတ်ကျောင်းထွက်နေရပြီဟု တွေးမိသည်။ သူသည် ဘင်တာ၏တဲထဲသို့ ဝင်ထိုင်သည်။ စောစောက သူ့

မြန်မာ စာအုပ်များ

အနီးမှ ကပ်၍လိုက်လာသော ကလေးနှစ်ယောက်အနက် တစ်ယောက်သည် ဘင်တာ၏ စကပ်အနားကိုဆွဲကာ သူ့အား စိုက်ကြည့်နေသည်ကို မြင်သည်။

'ဟဲလို ကွမ်တာ'ဟု ကလေးက နှုတ်ဆက်သည်။ သူ့ညီဆူဝါဒူးဖြစ်၏။ ကွမ်တာသည် သူ့မျက်စိများကိုပင် မယုံချင်သလိုလိုဖြစ်မိသည်။ သူ သင်တန်းသို့ထွက်လာစဉ်က ဆူဝါဒူးသည် တကယ့်ငယ်ငယ်ကလေး...။ အခုကျတော့ အရပ်ရှည်ထွက်လာရုံမျှမက စကားပင်ပြောတတ်နေပြီ။ ကွမ်တာက သူ့လက်ထဲမှ နို့စို့ကလေးအား မိခင်ထံပြန်ပေးပြီး ဆူဝါဒူးအား ချိုင်းနှစ်ဖက်မှမ၍ အပေါ်သို့မြှောက်ချီလိုက်သည်။

ဆူဝါဒူး အပြင်သို့ထွက်သွားသည့်အခါ တဲထဲတွင် ငြိမ်ဆိတ်သွားသည်။ သူ့သားအား ကြည့်၍ ဝမ်းသာလုံးဆို့နေသော ဘင်တာသည် စကားပြောဖို့မလို။ ကွမ်တာသည် သူ့အမေအား မည်မျှ သတိရ လွမ်းဆွတ်ကြောင်း ပြောချင်နေသည်။ သို့သော် ပြောစရာစကားလုံး ရှာ၍မရ။ တကယ်တော့လည်း သူ့အမေပင်ဖြစ်ဦးတော့ ဤစကားမျိုးကို ယောကျ်ားတစ်ယောက်က မိန်းမသားတစ်ယောက်အား မပြောသင့်ဟု သူ နားလည်နေသည်။

'အဖေကော ဘယ်မှာလဲ'ဟု ကွမ်တာက မေးသည်။

'မင့်အဖေက မင့်တဲကို မိုးပေးဖို့ မြက်တွေရိတ်နေတယ်'ဟု ဘင်တာက ပြောသည်။ ကွမ်တာ့အနေဖြင့် ထိုကိစ္စကိုမေ့နေသည်။ လူကြီးတစ်ယောက်အနေဖြင့် သူသည် ကိုယ်ပိုင်တဲဖြင့်နေရတော့မည် မဟုတ်ပါလော။ သူသည် သူ့အဖေရှိနေလိမ့်မည်ဟု သိထားသည့် နေရာသို့ ထွက်လာခဲ့လေသည်။

သူလာနေသည်ကို အရင်ဆုံးမြင်သော အိုမိုရိုက သူ့ထံသို့ လျှောက်လာသည်။ သားအဖနှစ်ယောက် တစ်ယောက်လက်တစ်ယောက်ဆွဲ၍ နှုတ်ဆက်ကြသည်။ ပြီးတော့ နှစ်ယောက်စလုံး ရုတ်တရက်စကားမပြောနိုင်ကြ။ ထို့နောက် အိုမိုရိုက ကွမ်တာ့အတွက် ရထားသော တဲ၏ မူလပိုင်ရှင်မှာ လက်ထပ်ပြီး အိမ်သစ်တစ်လုံးဆောက်၍ နေထိုင်လျက်ရှိကြောင်း၊ ထိုတဲကို ယခုလိုက်ကြည့်လိုက ကြည့်နိုင်ကြောင်း ပြောသည်။ ကွမ်တာကလည်း လိုက်ကြည့်ပါမည်ဟု ဖြေသည်။

တဲ၏နံရံများမှာ ပြန်၍ပြုပြင်ရမည်ဖြစ်၏။ ကွမ်တာက ပြင်စရာရှိသမျှကို သူ့ဘာသာသူ ပြင်မည်ဟု ပြောသည်။ အိုမိုရိုက နံရံများကို ကွမ်တာ့ဘာသာ ပြင်နိုင်ကြောင်း၊ အမိုးကိုတော့ လုပ်လက်စဖြစ်နေသဖြင့် သူ့ဘာသာသူ ပြီးအောင်လုပ်လိုက်တော့မည်ဟု ပြောသည်။ အိုမိုရိုသည် နောက်ထပ် စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ကွမ်တာအား ထားခဲ့ကာ မြက်ခင်းဘက်သို့ပြန် လျှောက်သွားသည်။

ကွမ်တာသည် မွန်းလွဲပိုင်းတွင် ရွာထဲသို့ ထောင့်ကြိုထောင့်ကြားမကျန်အောင် လျှောက်လည်သည်။ လမ်း၌ တွေ့သမျှလူတိုင်းကို နှုတ်ဆက်စကားပြောသည်။ သူ့

ညီ လာမင်း ပြန်ရောက်လာမည့်အချိန်ကို တောင့်တနေမိသည်။ နောက်ဆုံးတွင် သူသည် အဘွားအို ညိုဘိုတို၏ တဲဘက်သို့ ထွက်လာခဲ့လေ၏။

'အဘွားရေ'ဟု တဲတံခါးဝမှ ရပ်၍ အသံပြုသည်။

'ဘယ်သူလဲဟဲ့' အထဲမှ ပြန်၍မေးလိုက်သည့်အသံ။

'အဘွားက ဘယ်သူလို့ထင်သလဲ။ မှန်းကြည့်စမ်း' ပြောပြောဆိုဆို ကွမ်တာက တဲထဲသို့ဝင်သွားသည်။

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် ညိုဘိုတိုသည် ရေပုံးတစ်ပုံး ဘေး၌ထိုင်ကာ လျှော်ခွာလျက်ရှိ၏။ အဘွားအိုသည် ဖျတ်ခနဲ တစ်ချက်လှမ်းကြည့်လိုက်ပြီး 'ကွမ်တာ မဟုတ်လား'ဟု ပြောသည်။

'အဘွားကို ပြန်တွေ့ရတာ ကျုပ်တော့ သိပ်ကိုဝမ်းသာတာပဲ'

ညိုဘိုတိုကတော့ ရေပုံးထဲ၌နှစ်ထားသည့် လျှော်ပင်များကိုဆွဲယူပြီး လျှော်များ ဆက်ခွာနေသည်။ 'မင့်အမေ နေကောင်းရဲ့လား'ဟု မေးသည်။ နေကောင်းပါသည်ဟု ကွမ်တာက ဖြေသည်။

ကွမ်တာသည် အနည်းငယ်မျှအံ့အားသင့်လျက်ရှိ၏။ အဘွားညိုဘိုတို၏ အပြုအမူမှာ အေးစက်စက်နိုင်လွန်းလှပါတကား။ သူ လူကြီးတစ်ယောက် ဖြစ်လာသည်ကိုပင် မသိသလိုလုပ်လျက်ရှိ၏။

'ကျုပ် အဘွားကို ခဏခဏသတိရတယ်။ သတိရတိုင်း အဘွားပေးလိုက်တဲ့ လက်ဖွဲ့ကို ကိုင်ကိုင်ကြည့်မိတယ်'

ညိုဘိုတိုက 'အင်း'ဟု တစ်ချက်မျှသာအသံပြုသည်။ သူ့အား မော့၍ပင်မကြည့်။

ကွမ်တာသည် အလုပ်လုပ်နေတုန်း လာနှောင့်ယှက်မိသည့်အတွက် သူ့အား ခွင့်လွှတ်ပါဟု တောင်းပန်ပြီး တဲထဲမှ လျင်မြန်စွာပြန်ထွက်လာခဲ့သည်။ ညိုဘိုတို၏ အပြုအမူအပေါ် နားမလည်နိုင်အောင် ဖြစ်ရရုံမျှမက စိတ်မကောင်းလည်း ဖြစ်မိသည်။ အဘွားညိုဘိုတို ဘာ့ကြောင့် သူ့အား အခုလို ရှောင်ဖယ်ဖယ်လုပ်ရသနည်း။ အမှန်တော့ သူမသိ၍ဖြစ်၏။ အဘွားညိုဘိုတိုကိုယ်တိုင်ကလည်း ကွမ်တာ့အား ယခုလို လုပ်လိုက်ရသည့်အတွက် များစွာစိတ်ထိခိုက်လျက်ရှိသည်။ သူ့အနေဖြင့် အရွယ်ရောက်လာသည့် ယောကျ်ားတစ်ယောက်အား မိန်းမတစ်ယောက်က ဆက်ဆံပြုမူရမည့် ထုံးစံအတိုင်း ဆက်ဆံခဲ့ခြင်းသာဖြစ်၏။

ကွမ်တာသည် စိတ်ပျက်စွာဖြင့် သူ့တဲဘက်သို့ ပြန်လျှောက်လာသည်။ ထိုအခိုက်မှာပင် ဆူဆူညံညံအသံများ ကြားရသည်။ ဆိတ်အော်သံများ၊ ခွေးဟောင်သံများနှင့် သူငယ်တစ်စု၏ အော်ဟစ်သံများ။ ကွမ်တာသည် ဆိတ်ကျောင်းသမားများအား လှမ်းကြည့်ကာ လာမင်း၏မျက်နှာကို ရှာဖွေလျက်ရှိ၏။ သူ့ကို လှမ်းမြင်သော လာမင်းက အော်ခေါ်သည်။ ကဆုန်ပေါက်ပြေးလာသည်။ အနားရောက်တော့ တန့်ခနဲရပ်သွားသည်။

'ဟယ်လို'
'ဟယ်လို ကွမ်တာ'
နှစ်ဦးသား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။ ရင်ထဲတွင် နာကျင်မှု ဝေဒနာတစ်ခုကို ခံစားရပြန်သည်။ ညီအစ်ကိုချင်းဖြစ်သော်လည်း အရွယ် ရောက်ပြီး ယောကျာ်းကြီးတစ်ယောက် ဖြစ်လာရသူတစ်ဦးအနေဖြင့် စိတ်ထဲရှိသလောက် ဖက်လဲတကင်းမပြုနိုင်။ ဣန္ဒြေသိက္ခာဆယ်နေရပြီ။
'ခင်ဗျားဆိတ်တွေ သားပေါက်နေပြီဗျ' ဟု လာမင်းက စပြောသည်။ သို့သော် ကွမ်တာက ပြုံးရယ်ခြင်းမပြု။ အံ့ဩဟန်လည်းမပြ။ 'အေး ကောင်းတယ်'ဟုသာ ရေ ရွတ်သည်။ နောက်ထပ် ဘာဆက်ပြောရမှန်းမသိတော့သဖြင့် လာမင်းသည် အနားမှ ပြေးထွက်သွားပြီး တကွဲတပြားစီဖြစ်နေသော ဆိတ်များကို ပြန်၍စုနေသည်။
ကွမ်တာသည် ချက်ချင်းပင် သူ့တဲသို့ပြောင်းသည်။ ဘင်တာက သူ့သားအား ကူညီလုပ်ကိုင်ပေးလျက်ရှိ၏။ အဝတ်အစားများမှာ ကွမ်တာနှင့် မတော်ကြတော့။ အားလုံး သေးကုန်ကြပြီဖြစ်၏။ သူကိုယ်တိုင် ကျကျနနတိုင်းထွာပြီး အသစ် ထပ် ချုပ်ပေးမည်ဟု ဘင်တာကပြောသည်။ ကွမ်တာ့တွင် လေးနှင့် လောက်လေးမှတစ်ပါး အခြားဘာပစ္စည်းမှ ဟုတ်တိပတ်တိမရှိ။ ဘင်တာက မီးဖိုချောင်သုံး အိုးခွက်ပန်းကန်များ ထည့်ပေးသည်။ ပြီးတော့ ခွေးခြေတစ်လုံးနှင့် ဘုရားဝတ်တက်သည့်အခါ ထိုင်ဖို့ ထိုင်ဖုံကော်ဇောတစ်ချပ်။
ထိုညက ကွမ်တာ အိပ်ပျော်သောအခါ သန်းခေါင်ချိန်နီးနေပြီ။ လင်းကြက်တွန် သောအခါ အိပ်ရာထဲမှထ၍ အဝတ်အစားကပျာကရာလဲသည်။ ဗလီဘက်မှ အလီမာမို ဘုရားဝတ်ပြုသံကို ကြားနေရလေပြီ။ သူသည် ထိုင်ဖုံကိုဆွဲယူကာ ဗလီဘက်သို့ ထွက်လာခဲ့၏။ သူသည် သူ့သူငယ်ချင်းများကဲ့သို့ပင် လူကြီးများ၏ နောက်ဘက် တစ်နေရာတွင် ဝင်ထိုင်သည်။ ရှေ့ကလူကြီးများလုပ်သလို လိုက်လုပ်သည်။ ရှေ့က လူကြီးများဆိုသလို လိုက်ဆိုသည်။ ယနေ့မှစ၍ သူသည် မနက်တိုင်း ဗလီသို့လာ၍ ဘုရားဝတ်တက်ရတော့မည် မဟုတ်ပါလား။
နံနက်စာကို သူ့အမေက လာပို့သည်။ သူ့အမေအား တရင်းတနှီး ပြောဆို ဆက်ဆံချင်စိတ် ပြင်းပြလျက်ရှိသော်လည်း သူမပြုဝံ့။ စိတ်ထဲတွင် အနှောင့်အယှက် ဖြစ်လျက်ရှိသည်။ ဘင်တာ ပြန်သွား၍ မနက်စာ စားပြန်တော့လည်း အရသာမတွေ့။
နံနက်စာ စားအပြီးတွင် သူသည် သူ့အဖော်များနှင့်အတူ ရွာထဲမှ လုပ်စရာ ရှိသမျှကို လိုက်လံရှာဖွေပြီးလုပ်သည်။ တဲတိုင်းသို့သွား၍ အိုးခွက်ပန်းကန်များ သန့်ရှင်းမှု ရှိမရှိ စစ်ဆေးကြသည်။ ရွာစည်းရိုးများကို လိုက်လံကြည့်ရှုပြီး ပြုပြင်သင့် သည်များကို ပြုပြင်ကြသည်။ ရေတွင်းမှ ရေကိုခပ်၍ သောက်ကြည့်ကြသည်။ သောက် သုံးရေ သန့်မသန့် ကြည့်ရှုစစ်ဆေးခြင်းဖြစ်၏။ ပိုးကောင်မွှားကောင်များ စားသောက်

မြန်မာ စာအုပ်များ

ပစ်ရန် ရေတွင်းထဲ၌ လွှတ်ထားသည့် ငါးများနှင့် လိပ်များကိုဆယ်၍ နောက်ထပ် အသစ်ထပ်ထည့်သည်။

ပုပ္ပနွေးနွေးလူကြီးဖြစ်လာသူများအား နေရာတိုင်း တွေ့နေရသည်။

'အမယ်လေးဟဲ့နော်၊ ဒီကောင်တွေဟာ ခွေးသန်းတွေပေါ်သလို ပေါ်နေပါပေါ့ လား'

စမ်းချောင်းတစ်ခုစီသို့ ရောက်သွားသော ကွမ်တာသည် အဝတ်လျှော်နေသည့် အဘွားညိုဘိုတို၏ မလိုတမာရေရွတ်သံကို ကြားလိုက်ရ၏။ သူသည် ညိုဘိုတိုနှင့် မဆုံရဲ။ မသိအောင် ရှောင်ပြေးလာခဲ့သည်။ သူ့အနေဖြင့် သူ့မိခင် ဘင်တာရှိမည့် နေရာကိုလည်း မသွားဝံ့။ အမေဖြစ်နေသော်လည်း တရင်းတနှီးဆက်ဆံ၍ မဖြစ်သည့် အဟန့်အတားများကရှိနေ၏။ အကယ်၍ လိုအပ်လာပါက သူ့အမေအား တင်းတင်းမာမာ ပြောဆိုဆက်ဆံရမည့် အခြေအနေက ရှိနေ၏။ တကယ်တော့လည်း သူ့အမေသည် မိန်းမတစ်ယောက်ဖြစ်နေသည် မဟုတ်ပါလော။

[၂၇]

အလွန်လုံ့လဝီရိယကောင်းသော ကွမ်တာတို့လူစုကများပြီး ဂျပ်ဖူရီရွာက သေးလွန်းနေသည်ဟုပင် ထင်ရသည်။ ရွာထဲရှိ အိမ်တိုင်းမှ ခေါင်မိုး၊ နံရံ၊ ရွာစည်းရိုး၊ အိုးခွက် ပန်းကန် စသည်များမှာ အားလုံး စစ်ဆေးပြီးသွားပြီ။ သန့်စင်သင့်သည်များကိုလည်း သန့်စင်ပြီးပြီ။ ပြုပြင်သင့်သည်များကိုလည်း ပြုပြင်ပြီးပြီ။ နောက်ထပ်လုပ်စရာ ဘာမှ မရှိတော့သလို ဖြစ်သွားသည်။ ကွမ်တာအဖို့ကတော့ သည့်အတွက် ကျေနပ်သည်။ ယခုအခါတွင် ကျေးရွာလူကြီးများအဖွဲ့က သူ့အား ယာတစ်ကွက် ချပေးထားပြီးဖြစ်၏။ လူသစ်လူကြီးအားလုံး ယာကွက် တစ်ကွက်စီ ရထားကြပြီဖြစ်သဖြင့် ကိုယ့်ဘာသာကိုယ် စိုက်ပျိုးလုပ်ကိုင်နိုင်ကြပြီဖြစ်၏။ ဆိတ်များကို စနစ်တကျမွေးလျှင် သို့မဟုတ် နွားမများကိုပါ မွေးသွားလျှင် ထိုလူငယ်အဖို့ အသက် နှစ်ဆယ့်ငါး၊ သုံးဆယ်ခန့် ရောက်သည့်အခါ လူတစ်လုံးသူတစ်လုံး ဖြစ်လာနိုင်ရုံမျှမက ဇနီးတစ်ယောက်ယူ၍ သားတွေ အများအပြားမွေးကာ တပျော်တပါးနေထိုင်သွားဖို့ပါ စိတ်ကူးနိုင်ပြီဖြစ်သည်။

သင်တန်းမှပြန်လာပြီး လအနည်းငယ်အတွင်းမှာပင် ကွမ်တာသည် များစွာသန်မာ ထွားကျိုင်းလာသည်။ အလုပ်ကိုလည်း ကြိုးစားသည်။ သူ့တဲကို တခမ်းတနား ပြင်ဆင်ဖို့အတွက်လည်း အိမ်ထောင်ပရိဘောဂပစ္စည်းများကို ဝယ်ယူစုဆောင်းသည်။ ကြာသော် ပစ္စည်းတွေက များလာသဖြင့် သူ့မအေ ဘင်တာက မြည်တွန်တောက်တီး ခြင်းပြုသည်။ တဲထဲတွင် ခွေးခြေခုံတွေကလည်းများ၊ ကြိမ်ဖျာတွေကလည်းများ၊ အိုး

မြန်မာ စာအုပ်များ

ခွက် ဘူးခြောက် အစရှိသော မီးဖိုချောင်သုံးပစ္စည်းတွေကလည်းများနှင့် နေစရာပင် မရှိတော့လောက်အောင် ပြည့်ကျပ်လာသည်။

သူ့တဲထဲတွင် ယာထွက်သီးနှံများဖြင့် လဲယူထားသည့် အဆောင်လက်ဖွဲ့များနှင့် ပိယဆေးအမျိုးမျိုးလည်းရှိသည်။ မန်ဒင်ကာအမျိုးသားတိုင်း သုံးလေ့ရှိသော အမွေးနံ့သာ ခေါက်များနှင့် အပင်များလည်းရှိသည်။ ညအိပ်ရာမဝင်မီ ကွမ်တာသည် အမွေးခေါက် များကိုသွေး၍ နဖူး၊ လက်မောင်းနှင့် ပေါင်များကို လိမ်းသည်။ အိပ်နေခိုက် မကောင်း ဆိုးဝါး မကပ်အောင် ကာကွယ်ခြင်းဖြစ်၏။ ထို့ပြင်လည်း သူ့ကိုယ်၌ အနံ့အသက် ကောင်းများ စွဲနေစေရန်ဖြစ်၏။ ကွမ်တာသည် လူကောင်ကြီးထွားကာ အသွင်သဏ္ဌာန် ပြောင်းလဲလာသည်။ သူ့ကိုယ်သူ ပြင်ဖို့ ဆင်ဖို့လည်း စိတ်ကူးစပြုနေလေပြီ။

ကွမ်တာနှင့် သူ့သူငယ်ချင်းများသည် ဘဝင်မကျစရာကောင်းသည့် ပြဿနာ တစ်ခုနှင့် ရင်ဆိုင်နေကြရသည်။ ယင်းပြဿနာမှာ သူတို့နှင့် သက်တူရွယ်တူ မိန်း ကလေးများကိစ္စဖြစ်သည်။ သူတို့ ရွာမှထွက်သွားခဲ့ကြစဉ်က ဤမိန်းကလေးများသည် ဖုန်အလိမ်းလိမ်း သဲအလူးလူးနှင့် ကစားနေကြသူများဖြစ်သည်။ ပိန်ခြောက်ခြောက်၊ ကြောင်တက်တက်နှင့် ရှုးပေါ်ပေါ်နိုင်လွန်းသူများဖြစ်သည်။ ယခု ကွမ်တာတို့ ပြန်ရောက် လာကြသည့်အခါတွင်မူ ထိုမိန်းကလေးများသည် အပျိုဖော်ဝင်ကာ ဟန်တစ်လုံး ပန် တစ်လုံး ဖြစ်နေကြလေပြီ။ လက်ကောက်၊ ပုတီးနှင့် နားတောင်းများ ဆင်ယင်ကာ ခေါင်းတခါခါ လည်တမော့မော့လုပ်၍ သရက်သီးမှည့် တစ်လုံးစာမျှသာရှိသေးသည့် ရင်သားများကိုလှုပ်၍ လတ်လျားလတ်လျား လုပ်ပြနေကြပြီဖြစ်သည်။ သို့သော် သူ တို့ ထိုကဲ့သို့လုပ်ပြနေကြခြင်းမှာ သူတို့ထက် အသက်ဆယ်နှစ်ခန့်ကြီးသည့် ယောကျ်ား များကိုရနိုင်ဖို့ ကြိုးပမ်းနေကြခြင်းဖြစ်ပုံရ၏။ ကွမ်တာတို့လို လူသစ်ယောကျ်ားများ ကျတော့ တစ်ချက်ကလေးပင် လှည့်ကြည့်ဖော်မရ။ တစ်ခါတစ်ရံ ကြည့်ပြန်တော့လည်း သရော်ဖို့ လှောင်ဖို့အတွက်သာ ကြည့်ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ကွမ်တာတို့လူစု သည် ဤမိန်းကလေးများအပေါ် စိတ်ကုန်လာသည်။ နောက်ဆုံးတွင် လူအိုများကိုသာ ကြိုက်တတ်သည့် ပျံတံတံနန့်တန့်တန့်အမျိုးအစား မိန်းကလေးများအား လုံးဝ ဂရု မစိုက်တော့ဟု ဆုံးဖြတ်ကာ ဘာသာလဝါနေခဲ့ကြလေ၏။

သို့သော်လည်း ကွမ်တာသည် မိန်းကလေးများအပေါ် စိတ်ဝင်စားနေသည့်စိတ် ကို ချိုးနှိမ်၍မရ။ အထူးသဖြင့် နံနက်တိုင်း သွေးသားတောင့်တမှုဒဏ်ကို သူခံစားရ သည်။ မိန်းမရလျှင် ဘယ်လိုနေထိုင်ဆက်ဆံကြသည်ဟူသော ကြားဖူးနားဝ ရှိထားခဲ့ သည့် စကားများ သတိရသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

တစ်ညတွင်မူ အိပ်မက်မက်သည်။ ကောက်ရိတ်သိမ်းပွဲ၌ အလွန်ချစ်စရာကောင်းသော မိန်းမတစ်ယောက်နှင့် ဆုံမိသည်။ လည်တံစင်းစင်း၊ အသားနက်နက်နှင့် အလွန်လှသည်။ ထိုမိန်းမကို သူက ရွေးချယ်ခဲ့သည်။ အိုမိုရိုနှင့်ဘင်တာတို့ကလည်း သဘောတူသည်။ ဤသို့ဖြင့် နှစ်ဖက် ဖခင်များသည် စေ့စပ်ကြောင်းလမ်းခြင်း ပြုကြသည်။ 'မိန်းကလေးက သိပ်ကိုချောပါတယ်'ဟု ကွမ်တာ့အဖေက ပြောသည်။

'ဒါပေမဲ့ ကျုပ်အနေနဲ့ကတော့ လှတာတစ်ခုတည်းမကြည့်နိုင်ဘူး။ ကျုပ်သားရဲ့ ဇနီး ဖြစ်လာနိုင်လောက်အောင် တန်ဖိုးရှိမရှိ စိစစ်ရမှာ။ မိန်းကလေးက ကျန်းမာသန်စွမ်းရဲ့လား၊ အလုပ်ကောကြိုးစားရဲ့လား၊ အိမ်ထောင်ကိုရော ထိန်းသိမ်းတတ်ရဲ့လား၊ ချက်ပြုတ်တတ်ရဲ့လား၊ ကလေးတွေကိုရော ထိန်းတတ်ပါ့မလား၊ အပျိုစစ်ပါတယ်လို့ကော တာဝန်ယူနိုင်ပါ့မလား'

ထိုမေးခွန်းများအတွက် တစ်ဖက်ဖခင်ထံမှ ကျေနပ်လောက်သည့်အဖြေများ ရသဖြင့် လက်ထပ်ထိမ်းမြားပေးခဲ့ကြသည်။ မင်္ဂလာဦးညတွင် ကွမ်တာသည် သူ့ဇနီးနှင့်အတူ နူးညံ့ပျော့ပျောင်းလှသည့် သားရေအိပ်ရာပေါ်၌ နှစ်ကိုယ်တွဲ၍ တစ်ယောက်ကိုတစ်ယောက်ဖက်ကာ လဲလျောင်းနေကြသည်။ သူ့မိန်းမက သူ့အား အသာအယာနမ်းသည်။ ထိုအခါ...။

ကွမ်တာ ရုတ်တရက် လန့်နိုးသွားသည်။

[၂၈]

တစ်နေ့သော မွန်းလွဲပိုင်းတွင် ကွမ်တာသည် မြေပဲခင်းဘေး၌ ထိုင်ကာ နေ့လယ်စာစားရင်း သူ့အဖြစ်ကို ပြန်၍ဆင်ခြင်နေမိသည်။ ဂျပ်ဖူရီရွာထဲမှ ယောကျ်ားတိုင်း၊ မိန်းမတိုင်း၊ ကလေးသူငယ်တိုင်းကိုသာမက ခွေးတိုင်း၊ ဆိတ်တိုင်းကို သူသိသည်။ နေ့စဉ်နှင့်အမျှ တွေ့သမျှလူတိုင်းနှင့် နှုတ်ဆက်သည်။ စကားစမြည်ပြောသည်။ သို့ပါလျက် သူ ဘာ့ကြောင့် အထီးကျန်ဖြစ်နေရသနည်း။ သူသည် မိဘမဲ့ကလေး တစ်ယောက်လား။ သူ့အား တရင်းတနီးဆက်ဆံနေသည့်ဖခင် မရှိလို့လား။ သူ့လိုအပ်ချက်မှန်သမျှကို လုပ်ကိုင်ပေးနေသည့် မိခင် မရှိလို့လား။ သူ့အား ချစ်ခင်လေးစားကြသည့် ညီငယ်တွေမရှိလို့လား။ မကြာသေးခင်မှ အရွယ်ရောက်လာသည့် လူသစ်ယောကျ်ားတစ်ယောက်အနေဖြင့် လေးစားထိုက်သောပုဂ္ဂိုလ်တစ်ယောက်ဟု တစ်ရွာလုံးက မထင်ကြလို့လား။ ယခုဆိုလျှင် သူ့ယာလုပ်ငန်းသည် သိသာစွာဖွံ့ဖြိုးလာနေသည်။ ဆိတ်ခုနစ်ကောင်၊ ကြက်သုံးကောင်နှင့် တဲတစ်လုံးပိုင်ရှင်ဘဝ ရောက်နေပြီဖြစ်သော်လည်း အသက်က ဆယ့်ခြောက်နှစ်ပင်မပြည့်သေး။ အခြေအနေသည် သူ့အပေါင်းအသင်း

မြန်မာ စာအုပ်များ

များကပင် မနာလိုဝန်တို ဖြစ်ကြမည်ဆိုပါက ဖြစ်နိုင်လောက်၏။ သို့သော်လည်း သူ့စိတ်ကတော့ အထီးကျန်နိုင်ဆဲ။

သူ့ဖခင် အိုမိုရိုသည် အလွန်အလုပ်များသူဖြစ်၍ ကွမ်တာနှင့် အချိန်ကုန်ခံ၍ စကားမပြောနိုင်။ မိခင်ဖြစ်သူမှာလည်း သူ့ညီများအား ထိန်းသိမ်းစောင့်ရှောက်နေရသဖြင့် အလွန်အလုပ်များသူတစ်ဦးပင်ဖြစ်၏။ အလုပ်မများသည့်တိုင်အောင် သူ့မိခင်နှင့်ကတော့ စကားများများပြောစရာမရှိ။ သူ့ညီ လာမင်းမှာလည်း ယခင်ကလို သူနှင့် နီးနီးကပ်ကပ်မနေနိုင်။ သူသင်တန်းသွားနေခိုက်တွင် ဆူဝါဒူးနှင့်သာ အနေများခဲ့သော လာမင်းသည် ယခုအချိန်ထိ ဆူဝါဒူးကိုသာ အဖော်လုပ်လျက်ရှိ၏။ ထို့ပြင်လည်း လာမင်းနှင့်ဆူဝါဒူးတို့ ညီအစ်ကိုသည် မိခင်တာဝန်ပေးချက်အရ ညီအငယ်ဆုံး မာဒီအား ထိန်းကျောင်းပေးရသေး၏။ မည်သို့ပင်ဖြစ်စေ ကွမ်တာသည် ရွာထဲ၌ လျှောက်သွားနေသော သူ့ညီသုံးယောက်နှင့်တွေ့လျှင် ပြုံး၍နှုတ်ဆက်ရုံမှတစ်ပါး တရင်းတနှီး နေ၍မရ။

ယခုအခါတွင် ကွမ်တာ၏နောက်မှ တစ်ကောက်ကောက်လိုက်မည့်သူဟူ၍ တစ်ဦးတစ်ယောက်မှမရှိ။ သူနှင့်တွဲ၍ လမ်းလျှောက်မည့်သူလည်းမရှိ။ သူ့အပေါင်းအသင်းများမှာလည်း သူ့လိုပင် ကိုယ့်တာဝန်နှင့်ကိုယ် မအားမလပ်ဖြစ်နေကြသည်ကများ၏။ သူတို့အား ယာကွက်တစ်ကွက်စီ ခွဲဝေပေးထားကြသည်မှာ မှန်ပါ၏။ သို့သော်လည်း ယာခင်းက ကြီးကြီးမားမားမဟုတ်။ တကယ်တော့ သူတို့ရထားသည့် ပစ္စည်းများမှာ ရွာထဲရှိ အခြားလူကြီးများနှင့် နှိုင်းယှဉ်ကြည့်လိုက်လျှင် အဆမတန်နည်းပါးနေသည်ကို တွေ့ရသည်။ တာဝန်ပိုင်းကျတော့လည်း အရေးကြီးသောတာဝန်ဟူသမျှကို လူကြီးပိုင်းကသာ ယူထားကြ၏။ မိမိတို့အား ရွာ၏ နား မျက်စိသဖွယ် ကျင့်ကြံနေထိုင်ရမည်ဆိုသော်လည်း တကယ်တမ်းတွင် အသေးအဖွဲများမှတစ်ပါး အခြားလုပ်စရာ မည်မည်ရရမရှိ။ မည်သို့ပင်ဖြစ်စေ နောင်တစ်နေ့တွင် သူသည် ဤရွာ၌ လူကြီးတစ်ယောက်ဖြစ်လာဦးမည်။ ထိုအခါကျလျှင်တော့ နောက်ပေါက်လူငယ်များအား ယခု သူတို့အဆက်ဆံခံနေရသည့် အနေအထားမျိုး မဖြစ်စေရ။ ကိုယ်ချင်းစာတရားအပြည့်၊ နားလည်မှုအပြည့်ဖြင့် ဆက်ဆံသွားမည်ဟု ကွမ်တာက ဆုံးဖြတ်သည်။

ထိုညတွင် ကွမ်တာသည် သူ၏ အထီးကျန်နိုင်မှုအတွက် ဝမ်းနည်းစိတ်ဖြင့် တဲပြင်သို့ ထွက်လာခဲ့သည်။ ရည်ရွယ်ချက်မရှိလျှောက်လာခဲ့သော ခြေထောက်များသည် မီးလှုံရင်းပုံပြောနေကြသည့် အဘွားအိုများနှင့် ကလေးသူငယ်များဆီသို့ ရောက်သွားသည်။ အနီးသို့လည်း မသွားရဲသဖြင့် သူတို့မမြင်သာသည့် နေရာတစ်နေရာ၌ထိုင်ကာ တစ်ခုခုလုပ်သလိုလိုနှင့် နားစွင့်သည်။ ကာဆွန်းဘုရင်၏ စစ်သည်တော်လေးထောင် အရေးနိမ့်သွားရသည့် စစ်ပွဲပုံပြင်ကို အဘွားအိုတစ်ယောက်က ဟန်နှင့်မာန်နှင့် ပြောပြ

မြန်မာ စာအုပ်များ

လျက်ရှိ၏။ သူ ကလေးဘဝက ဤပုံပြင်ကို အကြိမ်ပေါင်းများစွာ ကြားခဲ့ရဖူး၏။ မီးဖိုဘက်သို့ တစေ့တစောင်းကြည့်ကာ သူ့ညီများအားရှာသည်။ မာဒီးသည် ရှေ့ဆုံး၌ ထိုင်နေသည်။ ဆူဝါဒူးကတော့ နောက်တန်းတွင် ထိုင်လျက်ရှိ၏။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ကာ ထိုင်ရာမှထ၍ ဆက်လျှောက်လာခဲ့သည်။ သူ ရောက်လာစဉ်က မည်သူမှမသိသကဲ့သို့ပင် ယခုထွက်ခွာလာတော့လည်း မည်သူကမျှမမြင်ကြ။ သူသည် လာမင်းတို့အုပ်စုထိုင်နေသည့် မီးဖိုနှင့် သူ့အမေဘင်တာတို့အုပ်စု၏ မီးဖိုများကိုကျော်ဖြတ်ကာ ရွာလူကြီးများ ဝိုင်းထိုင်နေသည့် မီးဖိုဆီသို့ ရောက်လာသည်။ ပထမဆုံးမီးဖိုနားရောက်စဉ်က သူ့အသက်က ကြီးလွန်းနေသဖြင့် ဝင်မထိုင်ချင်။ ယခု စတုတ္ထမီးဖိုနားကျတော့လည်း သူ့ကိုယ်သူ အသက်ငယ်လွန်းသည်ထင်သဖြင့် ဝင်ရောလိုစိတ်မရှိ။ သို့သော်လည်း ထိုနေရာမှတစ်ပါး သွားစရာနေရာက မရှိသဖြင့် ကွမ်တာသည် ထိုဝိုင်းတွင်းမှာပင် ဝင်ထိုင်ရသည်။ ပြောနေကြသည့်စကားများမှာ ရွာကိစ္စနှင့် ထွေရာလေးပါးအကြောင်းများဖြစ်သည်။

'ငါတို့အုပ်စုထဲက ဘယ်နှယောက်အဖမ်းခံရတယ်ဆိုတာ ပြောနိုင်တဲ့လူရှိသလား'

သူတို့သည် ကျွန်များအကြောင်း ပြောနေကြခြင်းဖြစ်၏။ ဤအကြောင်းမှာ ဘယ်တော့မှမရိုးနိုင်သည့် ကိစ္စတစ်ခုဖြစ်သည်။ အလီမာမိုက 'အခုအချိန်မှာတော့ ဟိုတုန်းကလောက် များများစားစားအဖမ်းမခံရတော့ပါဘူး။ အလ္လာကို ကျေးဇူးတင်ရတော့မှာပဲ'ဟု မှတ်ချက်ချသည်။

'ကျုပ်တို့မှာ လူကလည်း များများမှမကျန်တော့ဘဲကိုးဗျ။ နည်းသွားတာ မဆန်းပါဘူး'ဟု ရွာလူကြီးတစ်ဦးက ဒေါသသံဖြင့်ပြောသည်။

ကျုပ် ဗုံသတင်းတွေနားထောင်ပြီး ပျောက်သွားတဲ့ လူအရေအတွက်ကို ရေးထားဖူးတယ်'ဟု ကင်တန်းဂိုးက ပြောသည်။

'ကျုပ်တို့ဒေသတစ်လျှောက်မှာ တစ်လကို အနည်းဆုံး ငါးဆယ်က ခြောက်ဆယ်အထိ ရှိတယ်။ အတွင်းဘက်ပိုင်းနဲ့ မြစ်ညာဒေသကလူတွေ ဘယ်လောက်များများ ပါသွားတယ်ဆိုတာကတော့ သိဖို့မလွယ်ဘူး'

'ကျုပ်တို့က တိုးဘော့ဖမ်းသွားတဲ့ လူတွေလောက်သာ ရေတွက်ကြည့်နေကြတာမဟုတ်လား' ဟု အေရာဖင်းက မေးသည်။

'သူတို့မီးရှို့လို့ ပျက်စီးသွားတဲ့ ရွာတွေ လူတွေ ဘယ်လောက်အထိရှိတယ် ဆိုတာကျတော့ တွက်မကြည့်ကြဘူး။ တိုးဘော့တွေသတ်လို့ သေရတဲ့လူတွေ နည်းမလားဗျာ'

မြန်မာ စာအုပ်များ

ထိုင်နေသူများသည် မီးဖိုကိုငေးကြည့်နေကြသည်။ ခဏမျှအကြာတွင် နောက် တစ်ဦးက စကားစသည်။

'တိုးဘော့ကွေအနေနဲ့ ကျုပ်တို့ရဲ့ မန်ဒင်ကာလူမျိုးစုတွေ၊ ဖူးလားလူမျိုးစုတွေ၊ ဝိုးလော့ဖ်နဲ့ ဂျူလားစ်လူမျိုးစုတွေရဲ့ အကူအညီမရဘဲနဲ့ ဒီအလုပ်မျိုးတွေကို လုပ်နိုင် မတဲ့လား။ ကျုပ်တို့ဂမ်ဘီယာနယ် လူမျိုးစုတွေထဲက ကျွန်ထိန်းသစ္စာဖောက်တွေ အများကြီးထွက်နေတာပဲ။ ကျုပ်ကလေးဘဝတုန်းက ဘဝတူလူမျိုးတွေကို မြန်မြန် ထက်ထက် မသွားရကောင်းလားဆိုပြီး ရက်ရက်စက်စက်ရိုက်နှက်နေတဲ့ ကျွန်ထိန်းတွေ မြင်ခဲ့ဖူးတယ်ဗျ'

'သူတို့လုပ်နေတာ တိုးဘော့တွေအတွက်မဟုတ်ပါဘူးကွာ။ တိုးဘော့တွေဆီက ရတဲ့ငွေ အတွက်ပါ။ အဲဒီငွေကြောင့် ကိုယ့်သွေးသားချင်းတွေကို ပြန်ပြီး ဒုက္ခပေးနေ ကြတာပါ'ဟု အသက်ကြီးကြီး ရွာလူကြီးတစ်ယောက်က ပြောသည်။ 'တိုးဘော့က ငါတို့ကို လောဘနဲ့ သစ္စာမဲ့မှုပေးတယ်။ အဲဒီနှစ်မျိုးအတွက် သူက ငါတို့လူတွေကို ခိုးယူသွားတယ်'

မီးဖိုတွင် မီးကျီးခဲများသာ ရှိတော့သည်။ ထိုင်နေသူများသည် မတ်တတ်ထရပ် ကာ အညောင်းဆန့်ကြသည်။ ထို့နောက် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကာ ပြန်သွားကြသည်။ မီးဖိုဘေးတွင် လူငယ်ငါးဦးသာကျန်ခဲ့၏။ တစ်ဦးမှာ မီးဖိုကို သဲ များကျုံး၍ ဖုံးနေသူဖြစ်သည်။ ကွမ်တာအပါအဝင် ကျန်လေးဦးမှာ ရွာစည်းရိုးထောင့် များတွင် ညဥ့်နက်ပိုင်း ကင်းတာဝန်ကျသူများဖြစ်၏။

ကွမ်တာသည် ဖြည်းဖြည်းလျှောက်ကာ ရွာတံခါးမှ အပြင်သို့ထွက်လာသည်။ သူ့အဖော် ကင်းသမားများအား လက်ယမ်းပြပြီး နှုတ်ဆက်ခဲ့သေးသည်။ သူသည် ခြံစည်းရိုးတစ်လျှောက် ဆူးချုံများဘေးအတိုင်း လျှောက်လာခဲ့သည်။ ပြီးနောက် သစ်ရွက်များဖုံးအုပ်နေသည့် ကင်းပုန်းနေရာတွင် ဝင်ထိုင်သည်။ နေရောင်အောက်တွင် ပတ်ဝန်းကျင်တစ်ခွင်လုံး ငွေရောင်တောက်လျှက်ရှိသည်။ သူသည် သက်သောင့်သက်သာ ဖြစ်အောင် နေရာပြင်ထိုင်ပြီး လှံကို ရင်ခွင်တွင် တင်ထားလိုက်သည်။ လက်နှစ်ဖက်ဖြင့် ဒူးနှစ်လုံးကိုပိုက်ကာ နွေးထွေးသွားစေရန် ကိုယ်ကို ကျုံ့ထားလိုက်သည်။ သူ့ရှေ့မှ ချုံများဆီသို့ လှုပ်ရှားမှုတစ်စုံတစ်ခုရှိမရှိ မျက်ခြည်မပြတ်ကြည့်သည်။ နားများကိုလည်း စွင့်ထားသည်။ ကျိုင်းကောင်အော်သံများ၊ ညငှက်အော်သံများ ခပ်လှမ်းလှမ်းမှ ခွေးအ အူသံများနှင့် အလစ်ချောင်းတိုက်ခိုက်ခံရသဖြင့် စူးစူးဝါးဝါးအော်လိုက်သည့် တိရစ္ဆာန် အော်သံများ၊ စောစောက မီးဖိုဘေး၌ ပြောခဲ့ကြသည့် စကားများကို သူပြန်သတိရသည်။ ထိုအခါ ရောက်တတ်ရာရာအတွေးများ ဝင်လာသည်။ အရဏ်တက်လာသည့်အခါမှ သူစောင့်နေခိုက် ဤသူခိုးများ ပေါ်မလာသည့်အတွက် အံ့ဩနေမိသည်။ ထို့ပြင်လည်း

မြန်မာ စာအုပ်များ

သူတစ်ခုသတိထားမိသည်မှာ လရောင်အောက်၌ထိုင်နေသည့်အချိန်အတွင်း သူ့စိတ်အား အမြဲတစေအနှောင့်အယှက်ပေးနေသည့် ကိုယ်ရေးကိုယ်တာ ပြဿနာများအကြောင်း လုံးဝမစဉ်းစားမိခြင်း ဖြစ်လေသည်။

[၂၉]

သူ့မိခင်ဘင်တာသည် သူ့အား နေ့စဉ်လိုလို စိတ်တိုအောင်လုပ်နေသည်ဟု ကွမ်တာက ထင်နေသည်။ သူ့အမေ၏ ပြောဟန်ဆိုဟန်နှင့်လေသံမှာ သူ့အပေါ် သဘောမကျစရာ တစ်ခုခု တွေ့နေသည့်နှယ်ရှိသည်ဟုလည်း ယူဆသည်။ အထူးသဖြင့် သူ့ထံ၌ ပစ္စည်း အသစ်များ ထပ်မံ၍တိုးလာသည့်အခါတိုင်း မကျေနပ်သည့်သဘော ပြသည်ဟုလည်း တွက်သည်။ တစ်မနက်ခင်း နံနက်စာလာပို့သော ဘင်တာသည် ကွမ်တာ၏ ကိုယ်ပေါ်၌ ဒန်းဒီးကိုးအင်္ကျီသစ်တစ်ထည် ဝတ်ထားသည်ကို မြင်သွားသည်။ သူချုပ်ပေးသောအင်္ကျီ မဟုတ်သဖြင့် စိတ်ခုပုံပေါ်၏။ ကွမ်တာကလည်း သူဝယ်ထားသည့် အင်္ကျီသစ်နှင့်ပတ်သက်၍ သူ့အမေ ကျေနပ်လောက်အောင် ရှင်းမပြ။ ယင်းကဲ့သို့ ရှင်းမပြသည့်အတွက် သူ့အမေ စိတ်ထိခိုက်သွားသည်ကိုတော့ ကွမ်တာရိပ်မိသည်။

တစ်ရက်တွင် ကွမ်တာသည် သူ့အမေ မနက်စာလာမပို့မီ ရွာထဲမှ မုဆိုးမ 'ဂျင်းနားအင်မ်ဘာကီး'လက်ဆောင်ပေးထားသော ဝါးခြင်းတောင်းကို သူ့အမေ မြင်သာအောင် တစ်နေရာ၌ ချထားသည်။ ယက်လုပ်သူမုဆိုးမမှာ ဘင်တာနှင့် အသက်အရွယ် မတိမ်းမယိမ်း။ ကွမ်တာ ဆိတ်ကျောင်းသားအရွယ်က ဂျင်းနားအင်မ်ဘာကီး ၏ယောကျ်ားသည် အမဲလိုက်ထွက်သွားရာမှ ရွာသို့ပြန်မလာတော့ဘဲ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်၏။ သူသည် ကွမ်တာ မကြာခဏအလည်သွားလေ့ရှိသော အဘွားညိုဘိုတို၏ တဲနီးချင်းဖြစ်သည်။ ထို့ကြောင့်လည်း ငယ်စဉ်ကတည်းက ကွမ်တာနှင့် မကြာခဏဆုံမိကာ စကားပြောဖူးသည်။ မုဆိုးမ၏ခြင်းတောင်းကို လက်ဆောင်ရသောအခါ ကွမ်တာ ၏သူငယ်ချင်းများက ကွမ်တာအား၊ ပြောင်ကြနောက်ကြသည်။ အကြောင်းထူးတစ်ခု ရှိ၍သာ ဤမျှလောက် လှပပြီး အဖိုးတန်သောခြင်းကို လက်ဆောင်ပေးခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဘင်တာရောက်လာသောအခါ ထိုခြင်းကို မြင်သည်။ ယက်လုပ်ထားပုံကို မြင်ရုံမျှဖြင့် ထိုမုဆိုးမလက်ရာမှန်း ဘင်တာသိသည်။ ဘင်တာသည် တွန့်ခနဲ ဖြစ်သွားပြီး ကင်းမြီးကောက်တစ်ကောင်ကို မြင်တွေ့လိုက်ရသည့်နှယ် ရွံရှာစက်ဆုပ်ဟန်ကို ဖော်ပြသည်။

ဘင်တာသည် ထိုခြင်းနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှမပြော။ သို့သော်လည်း ကွမ်တာကတော့ သူ့ရည်ရွယ်ချက်အောင်မြင်မှန်းသိသည်။ သူသည် ကလေးမဟုတ်တော့။ သူ့မိခင်အနေဖြင့် နေရာတကာလိုက်၍ ပိတ်ပင်တားမြစ်နေ၍မဖြစ်။ ဤ-

သဘောကို သူ့အမေ နားလည်သဘောပေါက်အောင် လုပ်ရမည့်တာဝန်သည် သူ့တာဝန်။ သားဖြစ်သူအား ခင်ပွန်းသည်အပေါ် လေးစားသလို လေးစားလာအောင် လုပ်ဖို့အတွက် သူ့ဖခင်အိုမိုရိုထံ အကူအညီတောင်းနေ၍မဖြစ်။ ဤပြဿနာကိုဖြေရှင်းရန် အဘွား ညိုဘိုတိုနှင့် တိုင်ပင်ကြည့်ဦးမည်ဟု ကွမ်တာတွေးသည်။ သို့သော်လည်း သူ သင်တန်းမှပြန်လာစက တစ်ခေါက်အလည်ရောက်ခဲ့ရာ သူ့အပေါ်၌ ညိုဘိုတို ဟက်ဟက်ပက်ပက် မရှိခဲ့။

ဤသို့ဖြင့် ကွမ်တာသည် သူ့ပြဿနာကို သူ့ဘာသာဖြေရှင်းရန် စဉ်းစားစိတ်ကူးသည်။ ရှေးဦးစွာ သူ့အမေတဲသို့မသွားတော့ဟု ပိုင်းဖြတ်သည်။ သူ့အမေ အစားအစာ လာပို့သည့်အခါတွင်လည်း စကားတစ်ခွန်းမှမပြော။ ဘင်တာကလည်း သူ့အား စကားမပြောရုံမျှမက မျက်နှာကိုပင်မကြည့်။ ကွမ်တာသည် သူ့စားရေးစားသောက်ကို တစ်မျိုးတစ်ဖုံ စီစဉ်ရန် စိတ်ကူးသည်။ လူငယ်အများစုသည် မိခင်ပို့သည့်အစားအစာကို စားကြသော်လည်း အချို့ကတော့ အစ်မများ၊ မရီးများ ချက်ပြုတ်ပေးသည့် အစားအစာများကို စားကြသည်။ အကယ်၍ ဘင်တာ့ဘက်မှ ဆက်ဆံရေးအခြေအနေ ဆိုးလာခဲ့ပါမူ သူသည် အခြားသင့်ရာ မိန်းမတစ်ယောက်အား ချက်ပြုတ်ခိုင်းမည်ဟု တွေးမိသည်။ ဆိုကြပါစို့။ သူ့အား ဝါးခြင်းတောင်းလက်ဆောင်ပေးခဲ့သည့် မုဆိုးမ။ ထိုမိန်းမသာလျှင် ဝမ်းမြောက်ဝမ်းသာ လုပ်ကိုင်ပေးလိမ့်မည်ဖြစ်၏။ လောလောဆယ်တော့ သူအခုလို တွေးနေသည်ကိုပင် သူ့အမေမသိစေချင်။ မည်သို့ပင်ဖြစ်စေ အစားစားချိန်တိုင်း သားအမိနှစ်ယောက် ဆုံမိကြသည်။ သို့သော်လည်း တစ်ယောက်အား တစ်ယောက် မမြင်မတွေ့သလို ဆက်ဆံပြုမူကြသည်။

တစ်နေ့ နံနက်စောစောစီးစီး ကွမ်တာသည် သူ့မြေပဲခင်းကို ညအိပ်စောင့်ပြီး ပြန်လာသည်။ သူ့ရှေ့ခပ်လှမ်းလှမ်းမှ ခပ်သုတ်သုတ်လျှောက်သွားနေကြသော ခရီးသွား လူငယ်သုံးဦးကို မြင်သည်။ သူနှင့် သက်တူရွယ်တူများဖြစ်၍ တစ်နေရာရာမှ ခရီးဝေးထွက်လာသူများဖြစ်ကြောင်းကို ကွမ်တာခန့်မှန်း၍သိသည်။ သူသည် လူငယ်များအား အော်ခေါ်ပြီး အပြေးအလွှားသွား၍ နှုတ်ဆက်သည်။ သူတို့သည် ဂျပ်ဖူရီရွာမှ တစ်နေ့နှင့်တစ်ညမျှ ကွာဝေးသော ဘာရားရွာမှဖြစ်ကြောင်း၊ ရွှေရှာရန် ခရီးထွက်လာကြခြင်းဖြစ်ကြောင်း လူငယ်များက ကွမ်တာအား ပြောပြကြသည်။ လူငယ်များမှာ မန်ဒင်ကာလူမျိုးနွယ်ဝင် 'ဖီလုလူမျိုးစု'ဖြစ်၍ တစ်ယောက်စကား တစ်ယောက် နားလည်အောင် များစွာဂရုစိုက်၍ နားထောင်ကြရသည်။ ကွမ်တာသည် သူငယ်စဉ်က ဖခင်နှင့် သွားခဲ့ရသည့်ခရီးကို သတိရမိလေ၏။

လူငယ်များ၏ခရီးသည် ကွမ်တာ၏စိတ်ကို ထူးထူးခြားခြားဆွဲဆောင်လျက်ရှိသည်။ ထို့ကြောင့် ကွမ်တာက လူငယ်များအား ရွာတွင် တစ်ညတာမျှနားကြရန်

ဖိတ်သည်။ သို့သော်လည်း လူငယ်များက နား၍မပြစ်ဟုပြောကာ ဖိတ်ကြားချက်ကို ငြင်းသည်။ တစ်ဦးကမူ 'ခင်ဗျား ကျုပ်တို့နဲ့လိုက်ခဲ့ပါလား'ဟု ခေါ်သည်။

ဤအဖြစ်မျိုးကို အိပ်မက်ပင်မမက်ခဲ့ဖူးသော ကွမ်တာသည် အံ့အားသင့်လျက်ရှိသည်။ သို့သော်လည်း သူ့မှာ မပြီးပြတ်သေးသည့် ယာလုပ်ငန်းနှင့် အခြားလုပ်ငန်းများရှိနေသဖြင့် မလိုက်နိုင်သေးပါဟု ငြင်းသည်။ လူငယ်တစ်ဦးက 'တကယ်လို့ ခင်ဗျားလိုက်နိုင်တဲ့အချိန်မှာ လိုက်ချင်စိတ်ရှိနေသေးရင် လိုက်လာခဲ့ပေါ့ဗျာ'ဟု ပြောသည်။ ထို့နောက် ရွှေထွက်သောဒေသ၏ တည်နေရာကို မြေပုံဆွဲပြကြသည်။

ကွမ်တာသည် ယခုမှသိရသည့် မိတ်ဆွေများနှင့် အတူလျှောက်လာပြီး ရွာထိပ်လမ်းဆုံရောက်မှ ခွဲခွာကြသည်။ သူသည် တဲဘက်သို့ ဖြည်းညင်းစွာ ပြန်လျှောက်လာခဲ့သည်။ တဲအတွင်းသို့ရောက်သောအခါ အိပ်ရာပေါ်လှဲသည်။ ညက တစ်ညလုံး မအိပ်ခဲ့ရပေမဲ့လည်း အိပ်၍မရ။ အကယ်၍ သူ့ယာခင်းမြေကို သူငယ်ချင်းတစ်ယောက်အား အပ်ထားခဲ့လျှင် ရွှေရှာထွက်နိုင်စရာရှိ၏။ ကင်းစောင့်တာဝန်ကိုမူ သူ့အပေါင်းအသင်းများထဲမှ တစ်ဦးအား မေတ္တာရပ်လျှင် ဖြစ်နိုင်ဖွယ်ရာရှိသည် မဟုတ်ပါလော။

ဤအတွေးကြောင့် သူသည် အိပ်ရာပေါ်မှ ခုန်၍ ထလိုက်သည်။ ယခုဆိုလျှင် သူသည် လူကြီးတစ်ယောက်ဖြစ်နေပြီ။ သူခရီးထွက်မည်ဆိုပါက သူ့အဖေက သူ့အား ခေါ်သွားသကဲ့သို့ သူ့ညီလာမင်းကို ခေါ်သွားနိုင်၏။ ကွမ်တာသည် တဲအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသည်။ သူ့စိတ်သည် အတွေးပေါင်းစုံဖြင့် နပန်းလုံးလျက်ရှိ၏။ ပထမဆုံး အရေးကြီးသည့်အချက်မှာ အိုမိုရိုက လာမင်းအား သူနှင့် ထည့်မည်လော။ လာမင်းသည် အရွယ်ရောက်သေးသည်မဟုတ်။ သူ့အဖေက သဘောတူမှသာ လိုက်နိုင်မည်ဖြစ်၏။ သူကတော့ သူ့အဖေထံ ခွင့်တောင်းနိုင်သော အခြေအနေရှိနေပြီ။ သို့သော်လည်း အိုမိုရိုက 'မထည့်ဘူး'ဟု ပြောခဲ့သည်ရှိသော်... ။ မည်သို့ပင်ဖြစ်စေ ရွှေရှာခရီးတွင် သူ့ညီလာမင်းအား ထည့်လိုက်ဖို့ သူ့အဖေအား ပြောကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။

'လာမင်းဟာ လိမ္မာတယ်အဖေ၊ အိမ်မှာ နေတာထိုင်တာလည်း စည်းကမ်းရှိတယ်။ ပြီးတော့ ကျွန်တော့်ဆိတ်တွေကိုလည်း ဂရုတစိုက်ကျောင်းပေးထားတယ်'ဟု ကွမ်တာက အိုမိုရိုအားပြောသည်။ ယောကျ်ားအများစုသည် သူတို့ဆွေးနွေးလိုသည့် ကိစ္စတစ်ခုကို ဘယ်တော့မှ တိုက်ရိုက်ပြောလေ့မရှိဟု ကွမ်တာ နားလည်ထားသည်။ ထို့ကြောင့်လည်း စကားအစတွင် လာမင်းအပေါ် ဝေဖန်သည့်စကားများ ပြောနေခြင်းဖြစ်၏။ အိုမိုရိုကလည်း 'အေး...ဟုတ်တယ်၊ မင်းပြောတာအမှန်ပဲ'ဟု ပြန်ပြောသည်။ ထို့နောက် ကွမ်တာက လူငယ်သုံးဦးနှင့် တွေ့ခဲ့ရပုံ၊ ရွှေရှာခရီးတွင် သူတို့နှင့်အတူလိုက်ဖို့ ခေါ်ကြပုံများကို ပြောပြသည်။ 'ကျွန်တော်ခရီးသွားရင် လာမင်းကိုပါ ခေါ်သွားချင်တယ်။ သူလည်း ပျော်မှာပဲ'

အိုမိုရီ၏မျက်နှာတွင် ထူးခြားသောပြောင်းလဲမှုမရှိသော်လည်း အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ 'သူ့အရွယ် သူငယ်ကလေးတစ်ယောက်အဖို့ ခရီးထွက်ရတာကောင်းပါတယ်'ဟု နောက်ဆုံးတွင် အိုမိုရီက ရေရွတ်သည်။ 'အဲဒီဘက်တွေ ငါမရောက်တာလည်း မိုးရာသီပေါင်းအတော်များနေပြီ။ လမ်းတွေဝေဝါး ကောင်းကောင်းမမှတ်မိတော့ဘူး'

ကွမ်တာက မြေကြီးပေါ်ဒူးထောက်ထိုင်ကာ လမ်းခရီးမြေပုံကို တုတ်တစ်ချောင်းဖြင့် ဆွဲပြသည်။ ခရီးလမ်းပတ်ဝန်းကျင်၌ တည်ရှိနေသည့် ရွာများကို စက်ဝိုင်းများဆွဲပြသည်။ အိုမိုရီကပါ ဒူးထောက်ထိုင်ပြီး သူ့သားဆွဲပြသည့်ပုံကို စေ့စပ်သေချာစွာကြည့်သည်။ ပုံဆွဲအပြီးတွင် အိုမိုရီက 'ငါသာဆိုရင်တော့ ခရီးရှည်ချင်ရှည်ပစေ၊ ရွာတွေနားကပဲ ကပ်သွားမယ်။ ပိုပြီးစိတ်ချရတာပေါ့'ဟု မှတ်ချက်ချသည်။

ကွမ်တာက ခေါင်းညိတ်ထောက်ခံသည်။ သူ့အဖေသည် သူ့အပေါ်တွင် သူတွေးတင်ထားသည်ထက် ပိုမိုယုံကြည်စိတ်ချပုံပေါ်သည်ဟု ယူဆမိသည်။ ဤအခိုက်မှာပင် သူ့ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။ သူတွေ့ခဲ့သော လူငယ်သုံးယောက်သည် တစ်ယောက်မှားလျှင် တစ်ယောက်က ပြင်ပေးနိုင်စွမ်းရှိ၏။ သူနှင့် သူ့ညီကျတော့ သူ လမ်းမှားလျှင် မည်သူက ပြင်ပေးနိုင်ပါမည်နည်း။

အိုမိုရီက လမ်းခရီး၌ နောက်ဆုံးလမ်းတစ်ဝိုက်ကို လက်ညှိုးနှင့်ဝိုင်းပြပြီး 'ဒီဒေသမှာ မန်ဒင်ကာစကားပြောတတ်တဲ့လူ နည်းနည်းပဲရှိတယ်'ဟု ပြောသည်။ ကွမ်တာက 'နေနဲ့ကြယ်တွေကိုကြည့်ပြီးသွားရင် လမ်းမမှားနိုင်ပါဘူး'ဟု ပြောသည်။

အချိန်အတော်ကြီးကြာမှ ငြိမ်နေပြန်သည်။ ထို့နောက် အိုမိုရီက စပြောသည်။

'ငါ မင့်အမေဆီသွားပြီး တိုင်ပင်လိုက်ဦးမယ်'

ကွမ်တာ၏ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ ဤစကားပြောလျှင် သူ့ အဖေသည် သူ့အား ခွင့်ပြုချက်ပေးပြီးပြီဟု ဆိုရာရောက်သည်မဟုတ်ပါလား။ ယခု သူ့အဖေသွားခြင်းသည် သူ့ဆုံးဖြတ်ချက်ကို သူ့အမေထံ သွားအသိပေးခြင်းသာ ဖြစ်ဖို့ရှိ၏။

အိုမိုရီသည် ဘင်တာ၏တဲထဲ၌ ကြာကြာမနေ။ အိုမိုရီပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဘင်တာသည် သူ့တဲထဲမှ ရင်ဘတ်စည်တီးနှင့် ထွက်လာသည်။ 'မာဒီးတို့၊ ဆူဝါဒူးတို့ လာကြပါဦးဟဲ့'ဟု အော်ခေါ်သည်။ ကလေးနှစ်ယောက်သည် အခြားကလေးများနှင့် ကစားနေရာမှ ပြေးထွက်လာကြလေသည်။

ဘင်တာ၏အသံကြောင့် အခြားတဲများမှ မိခင်များနှင့် အမျိုးသမီးများပါ ဒရောသောပါး ထွက်လာကြသည်။ ကလေးနှစ်ယောက်အားလက်ဆွဲပြီး ရေတွင်းဆီသို့ ပြေးသွားနေသော ဘင်တာ့နောက်မှ ပြေးလိုက်ကြသည်။ ရေတွင်းနားရောက်သည်နှင့်

မြန်မာ စာအုပ်များ

ဘင်တာသည် အော်ဟစ်ငိုကြွေးသည်။ ပါးစပ်မှလည်း သူ့တွင် သားနှစ်ယောက်သာ ရှိတော့ကြောင်း၊ သားအကြီးနှစ်ယောက်မှာ မကြာခင် တိုးဘော့များလက်သို့ ရောက်တော့မည်ဖြစ်ကြောင်း မြည်တွန်တောက်တီးသည်။

သူငယ်မလေးတစ်ယောက်သည် ကွမ်တာနှင့်လာမင်းတို့ ခရီးထွက်မည့်သတင်းကို ကြာကြာမျိုသိပ်မထားနိုင်။ ဆိတ်ကျောင်းနေသည့် လူငယ်များရှိရာသို့ ပြေးသွားပြီး သတင်းပို့သည်။ မကြာခင်မှာပင် မြူးထူးခုန်ပေါက်ပြီးပြေးလာသော လာမင်းကို တွေ့ကြရသည်။ လာမင်း သည် သူ့မိခင်ဘင်တာအား ခုန်၍ဖက်ကာ ခါးထစ်ခွလိုက်ပြီး နဖူးကိုနမ်းသည်။ ဘင်တာက သူ့ကိုယ်ပေါ်မှ အမြန်ဆုံးဆင်းရန်အော်သည်။ လာမင်း မြေပြင်ပေါ်ပြန်ရောက်သွားသည်နှင့်တစ်ပြိုင်နက် သစ်သားတစ်ချောင်းကို ပြေးကောက်ကာ လာမင်းအား ရိုက်သည်။ နောက်တစ်ချက် ထပ်ရိုက်မည်အပြုတွင် လာမင်းသည် ကွမ်တာ၏တဲဘက်သို့ ကဆုန်စိုင်းသွားလေပြီ။ လာမင်းသည် တဲအပြင်မှနေ၍ အသံပင်မပေးဘဲ တန်းဝင်သွားသည်။ သူ့အစ်ကို၏မျက်နှာကိုကြည့်၍ တစ်စုံတစ်ခုပြောရန် ကြိုးစားသည်။ သို့သော်လည်း အသံမထွက်။ ကွမ်တာကဆွဲယူပြီး သူ့ရင်ခွင်ထဲ ထိုင်နိုင်းထားသည်။

'မင်းကြားပြီးရောပေါ့။ ငါတို့နှစ်ယောက် မနက်ဖြန်မနက် အရဏ်တက်ဝတ်ပြု အပြီးမှာ ရွာကထွက်မယ်'ဟု ကွမ်တာကပြောသည်။

ကွမ်တာသည် သူ့သူငယ်ချင်းများထံသွားကာ သူ့ယာကို စောင့်ရှောက်ပေးဖို့ အပ်သည်။ သူ့အစား ကင်းစောင့်ပေးဖို့မှာသည်။ ရွာထဲရှိ လူအားလုံးကို လိုက်လံနှုတ်ဆက်သော်လည်း သူ့အမေအနီးကိုတော့မသွား။ သို့သော်လည်း ဘင်တာ၏ တစာစာ ငိုသံကြောင့် သူ့အမေ ဘယ်အနားဌှိရှိနေသည်ကိုတော့ ကွမ်တာသိနေသည်။ ဘင်တာ သည် အရူးတစ်ယောက်သဖွယ် မာဒီးနှင့် ဆူဝါဒူးတို့အား လက်ဆွဲကာ တစ်ရွာလုံးအနှံ့ လျှောက်သွားသည်။ 'ကျွန်မမှာ ဒီကလေးနှစ်ယောက်ပဲ ရှိပါတော့တယ်တော့်'ဟု အော်ကာ ဝမ်းနည်းပက်လက် ငိုကြွေးသည်။ သို့သော်လည်း ဂျပ်ဖူရီရွာထဲမှ လူအများ သိနေကြသကဲ့သို့ သူဘယ်လိုပဲ ခံစားရခံစားရ၊ သူဘာတွေပဲပြောနေပြောနေ၊ သူ ဘာတွေပဲလုပ်လုပ် သူ့ခင်ပွန်းအိုမိုရို ဆုံးဖြတ်ပြီးသားကိစ္စတစ်ခုကို သူ ဖျက်၍မရ နိုင်တော့ကြောင်း ကောင်းစွာသိနေပေသည်။

မြန်မာ စာအုပ်များ

[၃၀]

ရွာထိပ်ရှိ ခရီးသည်များနားခိုရာ သစ်ပင်ကြီးအောက်သို့ ရောက်သောအခါ ကွမ်တာသည် လမ်းခရီး၌ သူတို့ညီအစ်ကိုနှစ်ယောက် ဘေးအန္တရာယ်ကင်းဖို့ ဆုတောင်းသည်။ အိမ်မှယူလာကြသည့် ကြက်ကို သစ်ပင်အောက်ဆုံးကိုင်း၌ ခြောက်ထိုးချည်၍ ပူဇော်ပသကာ သူ့အကြံအစည်အတိုင်း အောင်မြင်ပြီး ချမ်းသာကြွယ်ဝလာအောင် မစဖို့ ဆုတောင်းသည်။ သူတို့ သစ်ပင်အောက်မှ ထွက်လာသည့်အခါ ကြက်သည် အတောင်များကို တဖျန်းဖျန်းခတ်ကာ စူးစူးရှရှအော်မြည်ပြီး ကျန်ရစ်ခဲ့လေ၏။

မွန်းတည့်ချိန်ရောက်လာသည့်အခါ လာမင်း၏ ခြေထောက်များနှင့် ခြေသလုံးများ အကြီးအကျယ်နာနေလောက်ပြီဟု ကွမ်တာက ခန့်မှန်းသည်။ လာမင်းအား သနားသောအားဖြင့် နားလျှင်ကောင်းလေမလားဟုတွေးသည်။ သို့သော်လည်း သူ့ညီ စိတ်ဓာတ်ကြံ့ခိုင်ရေးကိုတွေးကာ မနားတော့ဟု ဆုံးဖြတ်လိုက်သည်။ ရွာတစ်ရွာသို့ ဆိုက်ရောက်ကြသည်။ ထုံးစံအတိုင်း ရွာထဲမှကလေးတစ်အုပ် ထွက်လာပြီး သူတို့အား ခရီးဦးကြိုပြုကြသည်။ ကွမ်တာသည် နောက်ကိုပင်လှည့်မကြည့်။ ရှေ့မှနေ၍ ခပ်သုတ်သုတ် လျှောက်သွားလျက်ရှိ၏။ ရွာသည် တဖြည်းဖြည်းနှင့်ဝေး၍ ကျန်ရစ်ခဲ့လေသည်။

တောအုပ်တစ်ခုထဲမှ ဖြတ်သွားရသည့်အခါ ကွမ်တာသည် လက်ထဲမှလှံကို တင်းကျပ်စွာဆုပ်ကိုင်ထားသည်။ မကြာမကြာရပ်၍လည်း နားစွင့်သည်။ လာမင်းကတော့ သူ့အစ်ကိုရပ်သည့်အခါတိုင်း အသက်ပင် မှန်မှန်မရှူနိုင်။ မျက်လုံးအပြူးသားဖြင့် ရပ်နေတတ်သည်။ မကြာခင်မှာပင် သူတို့သည် တောအုပ်အတွင်းမှထွက်ကာ ကွင်းပြင်ထဲသို့ ရောက်လာကြသည်။ ထိုအခါကျမှပင် ကွမ်တာသည် စိတ်ချလက်ချ လျှောက်နိုင်လာသည်။

မွန်းလွဲပိုင်း စမ်းချောင်းတစ်ခုအနီးသို့ရောက်သောအခါ ကွမ်တာက နားဖို့ ဆုံးဖြတ်သည်။ လမ်းဘေးသစ်ပင်အုပ်အုပ်များကြားမှ ဖြတ်၍ စီးဆင်းနေသော စမ်းချောင်းဆီသို့သွားကာ ရေသောက်သည်။ အလျားမှောက်၍ ရေသောက်နေသော လာမင်းအား ‘နည်းနည်းချင်းစီ နားနားသောက်’ဟု လှမ်း၍သတိပေးသည်။ နှစ်ယောက်သား အစားအနည်းငယ်စားကြသည်။ လာမင်းမှာ မောလွန်းအားကြီး၍ မစားနိုင်။ ကွမ်တာက သူ့ညီ၏ ခြေဖဝါးများကို အသာချောင်းကြည့်သည်။ ခြေဖဝါးများမှ သွေးမထွက်သေး။ တစ်နာရီနီးပါးခန့် ကြာသွားသောအခါ ခရီးဆက်ဖို့တော်ပြီဟု ကွမ်တာက ဆုံးဖြတ်သည်။ အိပ်ပျော်နေသော လာမင်းအား လှုပ်နှိုးကာ အမဲသားခြောက်တစ်တုံး ကျွေးသည်။ ထို့နောက် ခရီးဆက်ကြပြန်၏။

နေဝင်ဖျိုးဖျအချိန်သို့ ဆိုက်ရောက်ခဲ့လေပြီ။ သူ့ရှေ့တည့်တည့်တွင် မြေပြင်သို့ ဆင်းသက်ရန် ဝဲပျံနေကြသည့် ငှက်တစ်အုပ်ကို ကွမ်တာ လှမ်းမြင်သည်။ သူသည် ဖျတ်ခနဲရပ်လိုက်ပြီး လာမင်းအား ချုံတစ်ချုံအတွင်းသို့ ဝင်ပုန်းခိုင်းသည်။ သူ့နှုတ်ခမ်းများကို တင်းကျပ်စွာစေ့ပြီး မိတ်လိုက်သည့်အခါ အော်လေ့ရှိသည့် ငှက်ဖိုအသံကို ပြုသည်။ ငှက်မအချို့သည် ချုံများပေါ် ဆင်းနားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေကြသည်။ ကွမ်တာ၏လက်ထဲမှ မြားသည် ငှက်မတစ်ကောင်အား ထိမှန်သည်။ သူသည် ကပျာကယာမီးဖိုပြီး ငှက်ကိုကင်သည်။ သူ ငှက်ကင်ပြီးချိန်တွင် လာမင်းမှာ ကုလားသေကုလားမော အိပ်ပျော်လျက်ရှိလေပြီ။ သူက နှိုးသည့်အခါ အိပ်ချင်မူးတူးဖြင့်ထထိုင်ပြီး ငှက်ကင်ကို ကမူးရှူးထိုးမျိုချသည်။ ထို့နောက် သူ့နေရာတွင် ပြန်၍လှဲကာ အိပ်မောကျသွားပြန်လေ၏။

နောက်တစ်နေ့မနက် အရုဏ်တက်ချိန်တွင် သူတို့သည် ရွာတစ်ရွာအနီးမှ ဖြတ်သွားရပြန်သည်။ ကွမ်တာသည် နောက်ကိုလှည့်မကြည့်ဘဲ ခရီးတွင်ဖို့အတွက်သာ စိတ်စောနေသဖြင့် သုတ်ခြေတင်လျက်ရှိသည်။ ဤအခိုက်မှာပင် သူ့နောက်မှ လာမင်း၏အော်သံကို ကြားရသည်။ ဆူးစူးပြီဟု ထင်လိုက်မိသဖြင့် ကွမ်တာက နောက်သို့ လှည့်ကြည့်သည်။ လာမင်းသည် သစ်ကိုင်းကြီးတစ်ကိုင်းပေါ်၌ အိပ်မောကျနေသော ကျားသစ်ကြီးတစ်ကောင်အား မော့ကြည့်နေသည်။ သူဖြတ်လာစဉ်က မမြင်ခဲ့။ သူ ဘာ့ကြောင့်မမြင်ခဲ့ပါလိမ့်။ ဤသတ္တဝါမျိုးသည်အလွန်အမင်းမဆာလျှင် နေ့ခင်းနေ့လယ် သားကောင်ကို ချောင်းလေ့ဖမ်းလေ့မရှိ။ အထူးသဖြင့် လူများအား တိုက်ခိုက်လေ့မရှိ။ သူတို့ချောင်ပိတ်အမိခံနေရသည့်အခါများနှင့် ဒဏ်ရာရသည့်အခါများတွင်သာ ပြန်လှည့်တိုက်ခိုက်တတ်ကြလေသည်။

ကွမ်တာသည် ရှေ့မှဆက်လျှောက်သည်။ သင်တန်းတက်ခဲ့စဉ်က ကင်တန်းကိုး ပြောခဲ့ဖူးသည့် စကားများကို ပြန်၍ကြားယောင်နေမိ၏။

'မုဆိုးတစ်ယောက်ရဲ့အာရုံတွေဟာ ထက်မြက်နေရမယ်။ သူများတွေ မကြားတာကို ကြားရမယ်၊ သူများတွေ အနံ့ရတာကို ရရမယ်။ အမှောင်ထဲမှာ မြင်နိုင်စွမ်းရှိရမယ်'

စောစောက ကျားသစ်ကို မမြင်ခဲ့သည့်အတွက် သူ့ကိုယ်သူဒေါပွ၍မဆုံး။ သူ မမြင်သည်မှာ တခြားကြောင့်မဟုတ်။ ရောက်တတ်ရာရာတွေးနေခြင်းကြောင့်သာ ဖြစ်ရမည်။ သူသည် လမ်းပေါ်မှ ကျောက်ခဲတစ်လုံးကိုကောက်၍ တံတွေးနှင့် သုံးခါ ဆေးပြီး နောက်သို့ပြန်ပစ်လိုက်၏။ ကျောက်ခဲနှင့်အတူ မကောင်းသောဝိညာဉ်များ ပါသွားအောင် လုပ်လိုက်ခြင်းပေတည်း။

မြန်မာ စာအုပ်များ

နေသည် အဆမတန်ပူပြင်းလျက်ရှိသည်။ ပတ်ဝန်းကျင်သည် အသွင်ပြောင်းလာသည်။ စိမ်းလန်းစိုပြည်သောသစ်တောများ ပျောက်သွားပြီး ခြောက်သွေ့သော ဆီအုန်းပင်များ ပေါ်လာသည်။ ပြီးတော့ ဖုန်ထူသောရွာများ။ 'ငါတို့ရောက်ခါနီးပြီကွ' ဟု ကွမ်တာက ပြောသည်။ တောင်စွယ် နေကွယ်လုနီးတွင် သူတို့သည် ရွှံ့တွင်းများဆီသို့ ဆိုက်ရောက်သွားကြသည်။ လူငယ်သုံးယောက်အား အဆင်သင့်တွေ့ရလေသည်။

'ခင်ဗျားရောက်လာမှာပဲလို့ ကျွန်တော်တို့က တွက်ထားပြီးသားပါ'ဟု သူတို့က ပြောသည်။ လာမင်းကိုတော့ လှည့်၍ပင်ကြည့်ဖော်မရ။ ကွမ်တာကိုသာ ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကြသည်။ စကားပြော၍အားရသောအခါ သူတို့ကျင်း၍ရထားသည့် ရွှေတို့ရွှေစများ ထုတ်ပြကြသည်။ နောက်တစ်နေ့ အရုဏ်တက်ချိန်တွင် ကွမ်တာနှင့် လာမင်းတို့သည် လူငယ်များနှင့်အတူ ရွှေကျင်ကြသည်။ ရွှံ့တုံးကြီးများကို ချိုးမွဲယူပြီး ဘူးခြောက်ခွက်ထဲထည့်၍ ကျင်ကြရခြင်းဖြစ်၏။ ရွှံ့များဖြင့် နောက်ကျိနေသော ရေထဲတွင် လက်ချောင်းများဖြင့် ဂရုတစိုက်ယက်၍ စမ်း၍ ရှာဖွေကြရခြင်းဖြစ်၏။ မကြာခဏပင် လူးဆန်စေ့ တစ်စေ့စာမျှ အရွယ်ရှိသော ရွှေစကလေးများကို တွေ့ရသည်။ တစ်ခါတစ်ရံကျတော့လည်း လူးဆန်စေ့တစ်စေ့ထက် အနည်းငယ်မျှကြီးသည်။

အလုပ်ကို လောဘတကြီးလုပ်နေကြသော ကွမ်တာတို့ညီအစ်ကိုသည် စကားပြောဖို့ပင် အချိန်မရ။ ရွှေများများရဖို့သာ စိတ်စောနေသော လာမင်းသည် သူ့တစ်ကိုယ်လုံးရှိအကြောများ နာကျင်နေသည်ကိုပင် သတိမရ။ သူတို့ကျင်း၍ရသော ရွှေစများကို ခိုတောင်မှာဖြင့်ပြုလုပ်ထားသည့် ဘူးကလေးထဲသို့ ထည့်ကာ အပေါ်မှ ဝါဂွမ်းစဖြင့် ပိတ်ထားသည်။ နောက်ဆုံးတွင် ကွမ်တာနှင့်လာမင်းတို့သည် ခိုတောင်ဘူး ခြောက်ဘူးစာ ရွှေစမှုန်များကို ရရှိခဲ့ကြသည်။ ထိုအချိန်တွင် လူငယ်သုံးဦးက သူတို့တွင် ရွှေအလုံအလောက်ရပြီဟု ပြောကြသည်။ သူတို့အနေဖြင့် ရှေ့ခရီးဆက်ကာ အတွင်းပိုင်းအထိ ဝင်ဦးမည်ဟု စီစဉ်ထားကြောင်း၊ ထိုဒေသဘက်တွင် ဆင်သွားများရနိုင်သည်ဟု သိရသဖြင့် လိုက်လံရှာဖွေဦးမည်ဟု စိတ်ကူးကြောင်း အသိပေးကြသည်။ ဆင်အိုကြီးများသည် သစ်ပင်ငယ်များနှင့် ချုံပင်များကို စားသောက်ရင်း သွားများကျွတ်ကျခဲ့တတ်ကြသည်ဟု လူကြီးသူမအချို့ထံမှ သူတို့သိရကြောင်း၊ ကံကောင်းထောက်မ၍ ဆင်သချိုင်းများကိုသာတွေ့ခဲ့ပါမူ ဆင်းသွားများ တောင်ပုံရာပုံရရှိပြီး ချမ်းသာကြွယ်ဝနိုင်ကြောင်း စသည်များကိုလည်း ရှင်းပြကြသည်။ ထို့နောက် ကွမ်တာအား သူတို့နှင့် လိုက်ခဲ့ဖို့ ခေါ်သည်။ ကွမ်တာကလည်း အလွန်လိုက်ချင်ပါ၏။ ဆင်သွားများ လိုက်လံရှာဖွေသည့်အလုပ်က ရွှေရှာရသည့်အလုပ်ထက် ပို၍စိတ်ဝင်စားဖွယ်ကောင်းနေ၏။ သို့သော်လည်း လာမင်းနှင့် လိုက်လို့ကတော့ လုံးဝမဖြစ်နိုင်။ သူသည် ဝမ်းနည်းစွာဖြင့် လူငယ်သုံးဦး၏ ဖိတ်ခေါ်မှုကို ငြင်းသည်။ သူ့အနေဖြင့် သူ့ညီနှင့်အတူ အိမ်မပြန်၍မဖြစ်ဟုပြောပြသည်။ ထို့နောက် နှစ်ဦးနှစ်ဖက်နှုတ်ဆက်ကာ ခွဲခွာကြသည်။

မြန်မာ စာအုပ်များ

ကွမ်တာအဖို့ အပြန်ခရီးသည် ပို၍မြန်သည်ဟုထင်သည်။ လာမင်း၏ ခြေထောက်များမှ သွေးအထွက်ပိုများလာသည်။ သို့သော်လည်း ကွမ်တာက ငှက်တောင်ဘူးကလေးများကို ပေးပြီး 'ဒါတွေပေးလိုက်ရင် အမေသိပ်ပျော်သွားမှာ ကွ'ဟု ပြောလိုက်သောအခါ လာမင်းသည် သူ့ခြေထောက်မှ ဒဏ်ရာများကို မေ့သွားသည်။ ခြေလှမ်းပိုသွက်လာသည်။ သူ့ညီ၏ စိတ်ပျော်ရွှင်မှုကိုကြည့်ကာ ကွမ်တာသည် စိတ်ချမ်းသာလျက်ရှိ၏။ နောင်တစ်ချိန်ကျလျှင် လာမင်းက ဆူဝါဒူးအားလည်းကောင်း၊ ဆူဝါဒူးက မာဒီးအားလည်းကောင်း ယခု သူနှင့် လာမင်း တွဲ၍ ခရီးထွက်သလို ထွက်ကြပေလိမ့်မည်။

နောက်ဆုံးတွင် သူတို့သည် ဂျပ်ဖူရီရွာထိပ်ရှိ ခရီးသည်များနားခိုသည့် သစ်ပင်အောက်သို့ ပြန်လည်ဆိုက်ရောက်ကြသည်။ ရွာထဲသို့အပြန်ရောက်ချင်နေသော လာမင်းသည် ပျာယာခတ်လျက်ရှိ၏။ သူ့ခေါင်းပေါ်မှအထုပ်သည် လွတ်ကျပြန်သည်။ ကွမ်တာက ဒေါသတကြီးလှမ်းကြည့်သည်။ မျက်နှာငယ်ကလေးဖြင့် ကြည့်နေသော လာမင်းကို မြင်သောအခါ မဆူရက် မကြိမ်းရက် ဖြစ်ရပြန်သည်။ 'ထားခဲ့တော့၊ နောက်မှယူ'ဟု ကွမ်တာက လှမ်းပြောသည်။ လာမင်းသည် ကွမ်တာ့ရှေ့မှ ဦးအောင် ပြေးသွားနှင့်သည်။

ကွမ်တာ ရွာထဲသို့ရောက်သွားချိန်တွင် ဘင်တာ၏အနီး၌ ရွာထဲမှ မိန်းမများနှင့် ကလေးငယ်များ ဝိုင်းအုံနေကြလေပြီ။ ဘင်တာသည် ရွှေစကလေးများကို သူ့ဆံပင်တွင်ကပ်၍ ညှပ်ထားသည်ကို မြင်ရ၏။ ဘင်တာ၏မျက်နှာသည် ကြည်လင်ဝင်းလက်နေသည်။ သားအမိနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ချစ်ခင်ကြင်နာမှုအပြည့်ဖြင့် ကြည့်နေကြသည်။ မိန်းမများ၏ လျှာမငြိမ်မှုကြောင့် ဘင်တာ၏သားနှစ်ယောက် ရွှေတွေပါလာသည်ဟူသော သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားသည်။ 'ဘင်တာ့ခေါင်းပေါ်မှာ နွားမတစ်ကောင် ရှက်ထားပြီဟဲ့'ဟု အဘွားအိုတစ်ယောက်က အော်ကြီးဟစ်ကျယ်ပြောသည်။ ဘင်တာ့ခေါင်းပေါ်မှ ရွှေစများသည် နွားမတစ်ကောင်ဝယ်နိုင်သော အခြေအနေရှိသည် မဟုတ်ပါလော။

သူ့အဖေနှင့်ဆုံမိသောအခါ အိုမိုရိုက ချီးမွမ်းစကားတစ်ခွန်းမျှသာပြောသည်။ သို့သော်လည်း သားအဖနှစ်ယောက်စလုံး သူတို့ရင်ထဲ၌ရှိနေသည့် ခံစားချက် အတိုင်းအတာပမာဏ မည်မျှကြီးမားသည်က အပြန်အလှန်ကြည့်နေကြသော မျက်နှာထားများက ဖော်ပြကြသည်။ မည်သို့ပင်ဖြစ်စေ ကွမ်တာသည် တစ်ရွာလုံး၏ လေးစားစွာဆက်ဆံမှုကို ရလာသည်။ သူ့အမေ၏ တလေးတစားဆက်ဆံမှုကိုလည်း ရလာသည်။ သူကလည်း အရင်ကလို သူ့အမေနှင့် ကင်းကွာအောင်မနေ။ အမေ့တဲသို့ မကြာခဏသွားလည်သည်။ လုပ်စရာရှိသည်များလုပ်ပေးသည်။ သူ့ညီငယ်များကလည်း ယခင်ကဆက်တိုး၍ ချစ်ကြောက်ရိုသေလာကြသည်။ သူ့ညီလာမင်းအဖို့ကတော့ ကွမ်တာသည် အလ္လာဘုရားသခင်ပြီးလျှင် သူအလေးစားဆုံး အကြည်ညိုဆုံးပုဂ္ဂိုလ် ဖြစ်လာသည်။

မြန်မာ စာအုပ်များ

သူ့အမေဘင်တာ အလုပ်များနေသည့်အခါများတွင် ကွမ်တာသည် ညီအငယ်ဆုံး မာဒီးအား ပခုံးပေါ်ထမ်း၍ ခေါ်သွားလေ့ရှိသည်။ သူ့ညီ လာမင်းနှင့် ဆူဝါဒူးတို့က သူ့နောက်မှလိုက်သည်။ ထိုအခါမျိုးတွင် ကွမ်တာသည် သားတွေ တိုးလို့တွဲလောင်းနှင့် သိုက်သိုက်ဝန်းဝန်းနေချင်စိတ်ဖြစ်မိသည်။ သူ့မိသားစုနှင့် သူနေရလျှင် မည်မျှကောင်းပါမည်နည်း။

[၃၁]

သင်တန်းဆင်းပြီးစ လူသစ်များသည် သူတို့ဆောင်ရွက်ရန် သတ်မှတ်ပေးထားသည့် မူလတာဝန်များနှင့် မဆန့်ကျင်ပါက မည်သည့်အရာမဆို လုပ်ပိုင်ခွင့်ရှိကြသည်။ ထို့ကြောင့်လည်း ကွမ်တာတို့လူစုသည် တစ်လတစ်ကြိမ်ကျင်းပသော ကျေးရွာလူကြီးများကောင်စီ အစည်းအဝေးသို့ မှန်မှန်တက်ကြသည်။ ထိုင်သည့်အခါတွင်မူ အပြင်ဘက်အကျဆုံးနေရာ၌ ထိုင်ကြရ၏။ သားရေချပ်များပေါ်၌ ထိုင်နေကြသည့် ကောင်စီဝင်လူကြီးများသည် လူအိုကြီးများဖြစ်ကြသည်။ ဝတ်ထားသည့် အဖြူရောင် ဝတ်လုံရှည်ကြီးများနှင့် ဆောင်းထားသည့် အဖြူရောင် သံပရာခွံဦးထုပ်များသည် သူတို့၏ သပိတ်ရောင်ထနေသော အသားကို ပို၍နက်ပြောင်သွားအောင် ဖန်တီးပေးနေကြသည်။ ပြဿနာရှိသူများ သို့မဟုတ် အငြင်းအခုံဖြစ်သူများသည် သူတို့နှင့် မျက်နှာချင်းဆိုင်၍ ထိုင်ကြရသည်။ ယင်းတို့နောက်တွင် ထိုင်နေကြသူများမှာ အိုမိုရိုကဲ့သို့သော အငယ်တန်းကောင်စီဝင် လူကြီးများဖြစ်၏။ ယင်းတို့နောက်တွင် နေရာယူထားကြသူများမှာ ကွမ်တာတို့လူစုဖြစ်သည်။ သူတို့နောက်တွင်မူ အမျိုးသမီးများထိုင်ခွင့်ရှိသည်။ သို့သော်လည်း မိန်းမများသည် ဤအစည်းအဝေးသို့တက်ခဲသည်။ မိသားစုထဲမှ သွေး အနီးဆုံးလူ တစ်ခုခုဖြစ်၍ အမှုကိစ္စရင်ဆိုင်ရသည့်အခါများ၌သာ တက်ရောက်နားထောင်လေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ ရွာထဲရှိမိန်းမအားလုံး ရောက်လာတတ်သည်။ သို့သော်လည်း အမှုက အတင်းအဖျင်းပြော၍ကောင်းမည့် အခြေအနေမျိုးရှိသည်ဟု စိတ်ချယုံကြည်ရမှသာ တက်ရောက်လာကြခြင်း ဖြစ်လေသည်။

ဂျပ်ဖူရီရွာနှင့် အခြားရွာများ ဆက်ဆံရေးကိစ္စကဲ့သို့သော အုပ်ချုပ်ရေးပြဿနာများကို ဆွေးနွေးသည့် အစည်းအဝေးဆိုလျှင် မိန်းမတစ်ယောက်မျှမရှိ။ ရွာသူရွာသားများ၏ ပုဂ္ဂိုလ်ရေးရာ ပြဿနာအရပ်ရပ်ကို ဆွေးနွေးဆုံးဖြတ်သည့်နေ့ ဆိုလျှင်တော့ ပရိသတ်များက လှုပ်ရှားဆူညံနေတတ်သည်။ သို့သော်လည်း လူကြီးများထဲမှ အသက်အကြီးဆုံး အဖွဲ့ဝင်လူကြီးက ရောင်စုံပုတီးစေ့များတပ်ထားသည့် သစ်သားဘုကိုမြှောက်၍ သူ့ရှေ့ရှိဗုံကိုခေါက်၍ လူနာမည်ခေါ်လိုက်သည့်အခါ ပရိသတ်အားလုံး ငြိမ်ဆိတ်သွား

လေ့ရှိသည်။ အမှုသည်က အဖြစ်အပျက်ကိုတင်ပြသည့်ခါ လူကြီးများက ဂရုတစိုက် နားထောင်ကြသည်။ တင်ပြစရာရှိသမျှကို တင်ပြပြီး၍ အမှုသည်ပြန်ထိုင်သည့်အခါ လူကြီးများက သူတို့သိလိုသည့်မေးခွန်းများ မေးလေ့ရှိ၏။

အငြင်းအခုံဖြစ်သည့်အမှုမျိုးဆိုလျှင် အဖွဲ့သည် တစ်ဖက်လူ၏တင်ပြချက်များ ကိုပါ ကြားနာပြီး စစ်ဆေးမေးမြန်းသည်။ ထို့နောက် လူကြီးများသည် အမှုသည်များအား ကျောပေးကာ ဆွေးနွေးကြသည်။ ပြီးစီးသွားသောအခါ ရှေ့သို့ပြန်လှည့်ပြီး အမှုသည် များအား မတ်တတ်ရပ်စေကာ အသက်အကြီးဆုံးအဖွဲ့ဝင်က လူကြီးများ၏ ဆုံးဖြတ် ချက်ကို ကြေညာသည်။ နောက်ထပ်ကလေး မွေးဖွားလာသောသူများသည် ခင်ပွန်း အတွက် ယာမြေတိုးပေးရန်နှင့် ဇနီးသည်အတွက် လယ်မြေတိုးပေးရန် အသနားခံ နိုင်ကြသည်။ ယင်းကိစ္စမျိုးတွင် အဖွဲ့သည် ချက်ချင်းခွင့်ပြုသည်က များလေသည်။

ကွမ်တာ သင်တန်းတက်နေစဉ်က သူတို့၏ကင်တန်းဂိုးက ရွာလူကြီးများ၏ ကောင်စီအစည်းအဝေးများကို အမြဲတက်ရမည်။ သို့မှသာ လူကြီးများ၏ အဆုံးအဖြတ် ပေးပုံများကို ကြည့်ပြီး ဗဟုသုတတိုးပွားလာနိုင်မည်ဟု ပြောခဲ့ပူး၏။ ထို့ကြောင့်လည်း သူသည် အစည်းအဝေးများကို တတ်နိုင်သမျှ မပျက်အောင်တက်ခဲ့သည်။ ပထမဆုံး တက်ခဲ့သည့် အစည်းအဝေးနေ့က ရှေ့၌ထိုင်နေသော အိုမိုရိုအားကြည့်၍ ရာပေါင်း များစွာသော ဆုံးဖြတ်ချက်များသည် သူ့အဖေ၏ခေါင်းထဲ၌ ရှိနေလိမ့်မည်ဟု တွေး မိသည်။ သို့သော်လည်း သူ့အဖေသည် အခုအချိန်ထိ 'အကြီးတန်းရွာလူကြီး'အဆင့်သို့ မရောက်သေး။

ထိုနေ့က ကွမ်တာတွေ့ခဲ့သည့်အမှုမှာ မြေယာနှင့်ပတ်သက်သော အငြင်းပွားမှု ဖြစ်သည်။

နောက်ပိုင်းတက်သည့် အစည်းအဝေးများတွင် ကွမ်တာတွေ့ရသည့်အမှုများမှာ ပစ္စည်းငှားပြီး သို့မဟုတ် ငွေချေးပြီးပြန်မပေး၍ ပိုင်ရှင်က ရလိုမှုဖြင့် လာရောက်တိုင် ကြားသောအမှုများဖြစ်သည်။ စွပ်စွဲခံရသူက မငှားကြောင်း သို့မဟုတ် မချေးကြောင်း တိတိကျကျသက်သေမပြနိုင်လျှင် ပစ္စည်းအစားပြန်ပေးရန် အမိန့်ချသည်ကများ၏။ တစ်ခါတစ်ရံတွင် မော့်အတတ် စုန်းအတတ်ဖြင့် ပြုစားခံရပါသည်ဟူသော စွပ်စွဲချက် များဖြင့် ရောက်လာသောအမှုများကိုလည်း ကွမ်တာ တွေ့ရသည်။ လူတစ်ယောက်က သူ့အား ကြက်ဖအတတ်ဖြင့်ထိုးကာ အကြီးအကျယ်ဖျားနာအောင် ပြုစားထားပါသည်ဟု စွပ်စွဲသောအမှု၊ ချွေးမက သူ့ယောက္ခမပြုစားထားသဖြင့် ဘာဟင်းပဲချက်ချက် အရသာ မရှိဘဲ ပျက်စီးကုန်သည်ဟူသော စွပ်စွဲသောအမှု စသည်တို့ဖြစ်သည်။ ယင်းအမှုမျိုးတွင် အထောက်အထားခိုင်လုံပါက ဗုံမှတစ်ဆင့် ရွာတကာလှည့်၍ ဆေးကုသနေသော မော့်ဆရာအား အမြန်ဆုံးပင့်၍ နစ်နာသူအား ပြန်လည်ကုပေးရမည်ဟု ပြုစားသူအား အမိန့်ချလေ့ရှိ၏။

မြန်မာ စာအုပ်များ

လေ့ရှိသည်။ အမှုသည်က အဖြစ်အပျက်ကိုတင်ပြသည့်ခါ လူကြီးများက ဂရုတစိုက်နားထောင်ကြသည်။ တင်ပြစရာရှိသမျှကို တင်ပြပြီး၍ အမှုသည်ပြန်ထိုင်သည့်အခါ လူကြီးများက သူတို့သိလိုသည့်မေးခွန်းများ မေးလေ့ရှိ၏။

အငြင်းအခုံဖြစ်သည့်အမှုမျိုးဆိုလျှင် အဖွဲ့သည် တစ်ဖက်လူ၏တင်ပြချက်များကိုပါ ကြားနာပြီး စစ်ဆေးမေးမြန်းသည်။ ထို့နောက် လူကြီးများသည် အမှုသည်များအား ကျောပေးကာ ဆွေးနွေးကြသည်။ ပြီးစီးသွားသောအခါ ရှေ့သို့ပြန်လှည့်ပြီး အမှုသည်များအား မတ်တတ်ရပ်စေကာ အသက်အကြီးဆုံးအဖွဲ့ဝင်က လူကြီးများ၏ ဆုံးဖြတ်ချက်ကို ကြေညာသည်။ နောက်ထပ်ကလေး မွေးဖွားလာသောသူများသည် ခင်ပွန်းအတွက် ယာမြေတိုးပေးရန်နှင့် ဇနီးသည်အတွက် လယ်မြေတိုးပေးရန် အသနားခံနိုင်ကြသည်။ ယင်းကိစ္စမျိုးတွင် အဖွဲ့သည် ချက်ချင်းခွင့်ပြုသည်က များလေသည်။

ကွမ်တာ သင်တန်းတက်နေစဉ်က သူတို့၏ကင်တန်းဂိုးက ရွာလူကြီးများ၏ ကောင်စီအစည်းအဝေးများကို အမြဲတက်ရမည်။ သို့မှသာ လူကြီးများ၏ အဆုံးအဖြတ်ပေးပုံများကို ကြည့်ပြီး ဗဟုသုတတိုးပွားလာနိုင်မည်ဟု ပြောခဲ့ပူး၏။ ထို့ကြောင့်လည်း သူသည် အစည်းအဝေးများကို တတ်နိုင်သမျှ မပျက်အောင်တက်ခဲ့သည်။ ပထမဆုံးတက်ခဲ့သည့် အစည်းအဝေးနေ့က ရှေ့၌ထိုင်နေသော အိုမိုရိုအားကြည့်၍ ရာပေါင်းများစွာသော ဆုံးဖြတ်ချက်များသည် သူ့အဖေ၏ခေါင်းထဲ၌ ရှိနေလိမ့်မည်ဟု တွေးမိသည်။ သို့သော်လည်း သူ့အဖေသည် အခုအချိန်ထိ 'အကြီးတန်းရွာလူကြီး'အဆင့်သို့ မရောက်သေး။

ထိုနေ့က ကွမ်တာတွေ့ခဲ့သည့်အမှုမှာ မြေယာနှင့်ပတ်သက်သော အငြင်းပွားမှုဖြစ်သည်။

နောက်ပိုင်းတက်သည့် အစည်းအဝေးများတွင် ကွမ်တာတွေ့ရသည့်အမှုများမှာ ပစ္စည်းငှားပြီး သို့မဟုတ် ငွေချေးပြီးပြန်မပေး၍ ပိုင်ရှင်က ရလိုမှုဖြင့် လာရောက်တိုင်ကြားသောအမှုများဖြစ်သည်။ စွပ်စွဲခံရသူက မငှားကြောင်း သို့မဟုတ် မချေးကြောင်း တိတိကျကျသက်သေမပြနိုင်လျှင် ပစ္စည်းအစားပြန်ပေးရန် အမိန့်ချသည်ကများ၏။ တစ်ခါတစ်ရံတွင် မှော်အတတ် စုန်းအတတ်ဖြင့် ပြုစားခံရပါသည်ဟူသော စွပ်စွဲချက်များဖြင့် ရောက်လာသောအမှုများကိုလည်း ကွမ်တာ တွေ့ရသည်။ လူတစ်ယောက်က သူ့အား ကြက်ဖအတတ်ဖြင့်ထိုးကာ အကြီးအကျယ်ဖျားနာအောင် ပြုစားထားပါသည်ဟု စွပ်စွဲသောအမှု၊ ချွေးမက သူ့ယောက္ခမပြုစားထားသဖြင့် ဘာဟင်းပဲချက်ချက် အရသာမရှိဘဲ ပျက်စီးကုန်သည်ဟူသော စွပ်စွဲသောအမှု စသည်တို့ဖြစ်သည်။ ယင်းအမှုမျိုးတွင် အထောက်အထားခိုင်လုံပါက ဗုံမှုတစ်ဆင့် ရွာတကာလှည့်၍ ဆေးကုသနေသော မှော်ဆရာအား အမြန်ဆုံးပင့်၍ နစ်နာသူအား ပြန်လည်ကုပေးရမည်ဟု ပြုစားသူအား အမိန့်ချလေ့ရှိ၏။

မြန်မာ စာအုပ်များ

အများအားဖြင့် မြီစားများ(အကြွေးယူသူများ)အား အကြွေးပြန်ဆပ်ရန် အမိန့်ချသည်က များသည်။ ရှိပစ္စည်းများကို ထုခွဲရောင်းချပြီး ပြန်လည်ပေးရမည်ဟုပင် အမိန့်ချတတ်သည်။ အကယ်၍ ရောင်းချစရာပစ္စည်းမရှိပါက ကြွေးရှင်ထံ၌ ပစ္စည်းတန်ဖိုးနှင့်ညီမျှသော အချိန်ကာလအထိ ကျွန်ခံစေဟုလည်း အမိန့်ချတတ်သည်။ တစ်ခါတစ်ရံတွင် ကျွန်များက သူတို့သခင်သည် သူတို့အား ညှဉ်းပန်းနှိပ်စက်ပါသည် သို့မဟုတ် နေရာထိုင်ခင်းကောင်းကောင်းမပေး၊ အစားအသောက် ဝအောင်မကျွေးပါ သို့မဟုတ် သူတို့လုပ်၍ရသော အသီးအနှံများထဲမှ မျှတစွာခွဲဝေမပေးပါ အစရှိသော စွပ်စွဲချက်များဖြင့် အမှုတင်လာသည်များကိုလည်း တွေ့ရသည်။ သခင်များကလည်း သူတို့ကျွန်များအား ယာထွက်သီးနှံအချို့ကိုဝှက်ထားပြီး ပေးသင့်ပေးထိုက်သည်ထက် လျော့ပေးပါသည် သို့မဟုတ် အလုပ်ကိုကောင်းကောင်းမလုပ် သို့မဟုတ် ယာလုပ်ငန်းသုံး ကိရိယာတန်ဆာပလာများကို တမင်သက်သက်ချိုးဖဲ့ဖျက်ဆီးပစ်ပါသည် စသော စွပ်စွဲချက်ဖြင့် အမှုဘင်လာသည်များလည်းရှိ၏။ ယင်းအမှုများတွင် ရွာကောင်စီသည် အလွန်သတိထား၍ စစ်ဆေးသည်။ အမှုသည်တို့၏ အတိတ်ဖြစ်ရပ်များနှင့် အကျင့်စာရိတ္တများကို များစွာအလေးထားလေ့လာသည်။ တစ်ခါတစ်ရံတွင် ကျွန်များက သူတို့၏ သခင်များထက် ဂုဏ်သိက္ခာကြီးမားနေသည်ကို တွေ့ကြရလေသည်။

တစ်ခါတစ်ရံ သခင်နှင့်ကျွန်ကြား အငြင်းပွားမှုမျိုးမဟုတ်။ သခင်နှင့်ကျွန် အတူတူရောက်လာပြီး ကျွန်အား သခင်၏မိသားစုထဲမှ တစ်ဦးနှင့် လက်ထပ်ထိမ်းမြားခွင့်လာရောက်တောင်းခံခြင်းဖြစ်သည်။ ဤကိစ္စမျိုးတွင် လက်ထပ်မည့်စုံတွဲသည် ရွာကောင်စီ၏ခွင့်ပြုချက်ကို ပထမဦးစွာယူကြရ၏။ အကယ်၍ ကောင်စီက စစ်ဆေး၍ လက်ထပ်မည့်စုံတွဲသည် အလွန်သွေးနီးသည့် ဆွေမျိုးသားချင်းဖြစ်နေပါမူ လက်ထပ်ခွင့်ကို ပယ်ချတတ်သည်။ အကယ်၍ ခွင့်ပြုနိုင်သည့် အရည်အချင်းများနှင့် ပြည့်စုံခဲ့ပါမူ စောင့်ဆိုင်းကာလ တစ်လမပြည့်မချင်း ခွင့်ပြုချက်မပေး။ ထိုတစ်လအတွင်း မည်သည့်ရွာသူရွာသားမဆို လက်ထပ်ခွင့်တောင်းခံသူနှစ်ဦးနှင့်ပတ်သက်၍ ကြားသိသမျှ အဆိုးအကောင်းများကို ရွာလူကြီးများထံ လျှို့ဝှက်၍တိုင်ကြားခွင့်ရှိ၏။ လက်ထပ်ခွင့်တောင်းထားသူနှစ်ဦးသည် ငယ်စဉ်ကတည်းက မိဘများ၏ လေ့ကျင့်ပျိုးထောင်မှုကို စနစ်တကျရရှိသလား၊ လိမ်လည်မှုကဲ့သို့သော မလိုလားအပ်သည့် အကျင့်စရိုက်များ ရှိခဲ့ဖူးသလား၊ မိန်းကလေးသည် စိတ်တိုစိတ်ကောက်တတ်သလား၊ အငြင်းသန်သလား၊ ယောကျ်ားသည် ဆိတ်များအား အညှာအတာကင်းမဲ့စွာ ရိုက်နှက်တတ်သလား စသော အချက်များကို ဤတစ်လအတွင်း စုံစမ်းလေ့လာသည်။ အကယ်၍ ထိုအချက်များနှင့်ငြိနေလျှင် လက်ထပ်ခွင့်ကို ပယ်တတ်သည်။ ယင်းအကျင့်စရိုက်မျိုး သားသမီးများ၌ပါသွားလိမ့်မည်ဟူသော အကြောင်းပြချက်ဖြင့် ပယ်ချခြင်းဖြစ်၏။ သို့သော်လည်း

မြန်မာ စာအုပ်များ

ကွမ်တာတက်ခဲ့သမျှ အစည်းအဝေးများတွင် ဤကိစ္စများကို ကောင်စီက ခွင့်ပြုသည်သာ များ၏။ တခြားကြောင့်မဟုတ်။ သက်ဆိုင်ရာမိဘများကိုယ်တိုင်က အထက်ပါမေးခွန်း များအတွက် ကျေနပ်လောက်သောအဖြေများကို စုံစမ်းထားကြပြီး၍ဖြစ်သည်။

တစ်ခါတစ်ရံကျတော့လည်း မိဘများကစုံစမ်းရာ၌ မပြည့်မစုံမှုများနှင့် ကြုံရ တတ်သည်။ တစ်ကြိမ်တွင် လက်ထပ်ခွင့်ကောင်းခံသောကိစ္စတစ်ခု၌ သက်သေတစ်ဦး ပေါ်လာပြီး ယခုလျှောက်ထားသူသည် ငယ်စဉ်က သူ့ထံမှ ခြင်းတောင်းတစ်လုံး ခိုးဖူး ပါသည်ဟု တိုင်သည်။ ထိုစဉ်ကတော့ ကလေးသူငယ်မျှသာဖြစ်၍ မတိုင်ကြားခဲ့ခြင်း ဖြစ်ကြောင်း၊ အကယ်၍ တိုင်ကြားခဲ့ပါကလည်း သူ၏ညာဘက်လက် အဖြတ်ခံရမည်ကို စိတ်မကောင်း၍ဖြစ်ကြောင်း သက်သေက တင်ပြသည်။ လက်ထပ်ခွင့်တောင်းခံသူ ယောက်ျားသည် မျက်လုံးများတွင် မျက်ရည်အပြည့်ဖြင့် ရွာလူကြီးများရှေ့၌ ရပ်နေသည်။ မိန်းကလေးကတော့ အော်ဟစ်ငိုယိုလျက်ရှိ၏။ ထို့နောက် မကြာခင်မှာပင် ထိုယောက်ျား ဂျပ်ဖူရီရွာမှ ပျောက်သွားသည်။ သူနှင့်ပတ်သက်၍ နောက်ထပ်ဘာသတင်းမှ မကြားကြ ရတော့ချေ။

ပြဿနာအများစုသည် အိမ်ထောင်သည်များထံမှလာခြင်းဖြစ်၏။ အထူးသဖြင့် မိန်းမ နှစ်ယောက်၊ သုံးယောက်မှ လေးယောက်အထိ ယူထားသူများသည် ပြဿနာ အများဆုံးဖြစ်သည်။ ထိုလူတို့သည် ဇနီး လင်ငယ်နေမှုများကို မကြာခဏတိုင်ကြား တတ်သည်။ အကယ်၍ တိုင်ကြားသူဘက်မှ မှန်ကန်ခဲ့ပါမှု ကြာခိုသည်ဟု အစွပ်စွဲ ခံရသူအား လူချမ်းသာဖြစ်လျှင် လျော်ကြေးပေးရန် အမိန့်ချတတ်သည်။ ဆင်းရဲသား ဖြစ်ပါမူ အချိန်ကာလသတ်မှတ်၍ ကျွန်ခံနိုင်းသည်။

ကောင်စီအစည်းအဝေးများသို့ မှန်မှန်တက်ရောက်နားထောင်ခဲ့သော ကွမ်တာ သည် ထူးထူးခြားခြား စိတ်ဝင်စားစရာကောင်းသည့်အမှုများနှင့် မကြုံရ။ ထိုနေ့ကမူ လူပြောသူပြောအများဆုံး အမှုတစ်ခုကို နားထောင်ခွင့်ရသည်။ အမှုသည်များမှာ ကွမ်တာတို့အုပ်စုထဲမှ လူနှစ်ယောက်နှင့် ဂျပ်ဖူရီရွာထဲမှ လူသိများသော မုဆိုးမ နှစ်ယောက်၏အမှုဖြစ်၏။ တစ်ရွာလုံးလိုလို နေရာကောင်းရရန် စောစောစီးစီးရောက် လာပြီး နေရာယူထားကြသည်။ ပထမတွင် သာမန်အမှုများကို ခေါ်ယူနာကြားသည်။ ထို့နောက် 'တူဒါတင်ဘာနဲ့ ကာလီလူကွန်တက်၊ ဖန်တာဘီဒင်နဲ့ ဆိဖိုကီလာ'ဟူသော အမည်များကို ဗုံဖြင့်ခေါ်သံကြားကြရသည်။ ကွမ်တာတို့လူစုဝင် လူနှစ်ယောက်နှင့် မုဆိုးမနှစ်ယောက်သည် ရွာလူကြီးများရှေ့၌ မတ်တတ်ထရပ်ကြသည်။ ဖန်တာဘီဒင် အမည်ရှိ မုဆိုးမက အားလုံး၏ကိုယ်စား အဖြစ်ကိုတင်ပြသည်။ 'အသက်သုံးဆယ်မိုး ရှိပြီဖြစ်သော မုဆိုးမ တူဒါတင်ဘာနှင့် အသက်သုံးဆယ့်သုံးမိုးရှိပြီဖြစ်သော ကျွန်မတို့ သည် နောက်ထပ် ယောက်ျားရရန် မလွယ်တော့ပါ'ဟု အစချီကာ သူတို့နှစ်ဦးစလုံးအား

ဆိဗိုက်ကီလာနှင့် ကာလီလူကွန်တက်တို့နှင့် ယာယီပေါင်းသင်းခွင့်ပြုရန် ခွင့်ပြုချက် တောင်းခဲ့လေသည်။

လူကြီးအချို့က သူတို့လေးယောက်အား မေးခွန်းအနည်းငယ်မေးသည်။ မုဆိုးမ များသည် ရဲရဲဝံ့ဝံ့ဖြေကြသည်။ လူကြီးများသည် အမှုသည်များအား ကျောပေးကာ အချင်းချင်းတိုင်ပင်ကြသည်။ ပရိသတ်မှာ မြေပဲစေ့တစ်စေ့ လွတ်ကျသွားလျှင်ပင် ကြား ရလောက်အောင် ငြိမ်ဆိတ်လျက်ရှိ၏။ နောက်ဆုံးတွင် လူကြီးများသည် အမှုသည် များဘက် လှည့်၍ ထိုင်သည်။ အသက်ကြီးဆုံး ရွာလူကြီးက အမိန့်ချမှတ်သည်။

'အလွှာ့ကဒ္ဒသဘောတူသည်။ သင်တို့မုဆိုးမများအတွက် လိုအပ်သ၊ ပိုအသုံးချရန် ယောကျ်ားတစ်ယောက်စီ ပိုင်ဆိုင်ခွင့်ရှိစေရမည်။ သင်တို့ လူသစ်များအနေဖြင့် လက် မထပ်မီစပ်ကြား တန်ဖိုးရှိသောအတွေ့အကြုံများ ရနိုင်မည်ဖြစ်သည်'

ထို့နောက် ကောင်စီလူကြီးများက နောက်ဆုံးအမှုကိုခေါ်သည်။ 'ဂျန်ကီးဂျာလုံး' ၏အမှု ဖြစ်သည်။ အမှုသည်မိန်းကလေးမှာ အသက်ဆယ့်ငါးမိုးမျှသာ ရှိသေးသည်။ သူ့အား တိုးဘော့များက ဖမ်းသွားပြီးနောက် ပြန်လည်ထွက်ပြေးလွတ်မြောက်လာသူ ဖြစ်၏။ သူလွတ်လာစက တစ်ရွာလုံး ပျော်ပွဲတစ်ခုကျင်းပကာ ကခဲ့ခုန်ခဲ့ကြသည်။ နောက်လအနည်းမျှကြာသောအခါ မိန်းကလေးတွင် ကိုယ်ဝန်ရှိလာသည်။ လက်မထပ်ရ သေးသူ ကိုယ်ဝန်ရှိခြင်းဖြစ်၍ အတင်းအဖျင်းပြောစရာတစ်ခုဖြစ်လာခဲ့သည်။ မည်သို့ ပင်ဖြစ်စေ မိန်းကလေးသည် အဘိုးကြီးတစ်ယောက်၏ တတိယ သို့မဟုတ် စတုတ္ထ မယားငယ်တစ်ယောက်တော့ဖြစ်လာနိုင်ဖွယ်ရာရှိ၏။ သို့သော်လည်း မွေးလာသည့် သားကလေး၏ အသားရောင်သည် ဖြူလျော်လျော်ဖျော့တော့တော့နှင့် နီညိုရောင် ဖြစ်နေသည်။ ထို အချိန်မှစ၍ မိန်းကလေးအား မည်သူကမှ အဆက်အဆံမလုပ်ကြ။ သူ့ကိုတွေ့လျှင် ခေါင်းငုံ့ပြီး ရှောင်ကွင်းသွားကြသည်။ မိန်းကလေးသည် ရွာလူကြီးများ ရှေ့၌ မျက်ရည်စက်လက်ဖြင့်ရပ်ကာ သူဘယ်လိုလုပ်ရပါမည်နည်းဟု မေးသည်။ အသက်ကြီးဆုံးရွာလူကြီးက ဤကိစ္စမှာ ခက်ခဲပြီး အလွန်ကြီးမားသောပြဿနာတစ်ခု ဖြစ်၍ ချိန်ဆရန်များစွာလိုကြောင်း၊ နောက်လ အစည်းအဝေးကျမှသာ အဆုံးအဖြတ် ပေးနိုင်မည်ဖြစ်ကြောင်း ပြန်ကြားသည်။

တခြားလူတွေ ထသွားကြပြီဖြစ်သော်လည်း ကွမ်တာသည် ထိုင်နေရာမှ ရုတ် တရက် မထ။ သူ့ရင်ထဲတွင် ဘဝင်မကျသလိုဖြစ်နေသည်။ သူ့အမေ ညနေစာ လာ ပို့ချိန်တွင်လည်း သူ့ခေါင်းထဲ၌ အတွေးမျိုးစုံဖြင့် ရှုပ်ထွေးနေဆဲ။ အစာစားချိန်တွင်လည်း သူ့အမေအား စကားတစ်ခွန်းမှမပြောမိ။ ထို့နောက် သူ့လှံနှင့် လေးမြားကိုယူ၍ ကင်း တဲသို့ ထွက်လာခဲ့သည်။ ထိုအချိန်ထိ သူသည် အတွေးပင်လယ်ဝေဆဲ။ ထူးဆန်းသော အသားအရောင်နှင့် ထူးဆန်းသောဆံပင်များပိုင်ဆိုင်သော ဤကလေး၏ဖခင်သည် ထူးဆန်းသောလူပင် ဖြစ်ရမည်။ အကယ်၍သာ ဤမိန်းကလေး ဂျန်ကီးဂျာလုံးသည်

မြန်မာ စာအုပ်များ

တိုးဘော့၏ လက် တွင်းမှ မလွတ်မြောက်ခဲ့ပါမူ တိုးဘော့၏အစားကို ခံရလိမ့်မည်ဟု သူ ထင်နေမိလေသည်။

[၁၂]

ကွမ်တာသည် လရောင်လွှမ်းခြုံလျက်ရှိသော မြေပဲခင်းအနီးရှိ လင့်စင်ပေါ်သို့ ထစ်ရာများပေးထားသည့် ဝါးလုံးကိုနင်း၍ တက်လာခဲ့သည်။ လင့်စင်ပေါ်ရောက်သည့်အခါ သူ့လက်နက်များကို ဘေးနား၌ချကာ တင်ပျဉ်ခွေထိုင်ချလိုက်သည်။ သူ့ခွေးသည် လင့်စင်အောက်ဘက်ရှိ မြေပဲခင်းထဲ၌ ဟိုဘက်ပြေးလိုက် သည်ဘက်ပြေးလိုက် လုပ်ကာ အနံ့ခံလျက်ရှိသည်။ ကွမ်တာသည် သူကင်းစောင့်စအချိန်က ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများကို သတိရမိသည်။ ကြွက်တစ်ကောင် ဖြတ်ပြေးတိုင်း လန့်ဖျပ်ရသည်မှာ အမော။ အရိပ်မည်းမည်းမြင်တိုင်း မျောက်ဟုထင်သည်။ မျောက်ကျတော့ ကျားသစ်ဟုထင်သည်။ ကျားသစ်ကျတော့ တိုးဘော့ကြီးဟုထင်သည်။ နောက်ဆုံးတွင် သူ့မျက်လုံးများနှင့် နားများသည် ပတ်ဝန်းကျင်နှင့် အဆင်ပြေလာသည်။ ထိုအခါကျတော့လည်း အသံကြားရုံမျှဖြင့် ခြသေ့လား၊ ကျားသစ်လား ခွဲခြားနိုင်လာသည်။ မည်သို့ပင်ဖြစ်စေ ရှည်လျားလွန်းလှသော ညများကို နိုးကြားဖျတ်လတ်စွာ ဖြတ်သန်းနိုင်ရေးအတွက် များစွာအချိန်ကုန်ခံ အပင်ပန်းခံ၍ လေ့လာခဲ့ရသည်မဟုတ်လော။

ယနေ့ညအဖို့ သူသည် သူ့သူငယ်ချင်းနှစ်ယောက်နှင့် မုဆိုးမနှစ်ယောက်၏ ပြဿနာကို တွေးနေမိသည်။ သူ့သူငယ်ချင်းများက သူတို့ကိစ္စကို ရွာကောင်စီထံ တင်ပြမည်ဟု ပြောနေကြသည်မှာ ကြာခဲ့ပြီဖြစ်၏။ သို့သော်လည်း ဘယ်သူကမှ သူတို့စကားကို မယုံကြည်ခဲ့ကြ။ ကနေ့တော့လည်း သူတို့ကိစ္စသည် ပြီးပြတ်သွားခဲ့ပေပြီ။ ယခုအချိန်ဆိုလျှင် သူ့သူငယ်ချင်းများသည် မုဆိုးမများနှင့် အိပ်ရာထဲ ရောက်နေကြပေတော့မည်။

ကွမ်တာသည် မုဆိုးမ ဂျင်းနားအင်မ်ဘာကီးက သူ့အားကြည့်ပုံရှုပုံကို မြင်ယောင်လာသည်။

လာမင်းနှင့် ခရီးထွက်ခဲ့စဉ်က ဖြတ်သန်းလာခဲ့ရသည့် ရွာတစ်ရွာမှ မိန်းကလေးများကို သူသတိရမိသည်။ ထိုစဉ်က မိန်းကလေးအုပ်စုမှာ ဆယ်ယောက်ခန့်ရှိ၍ အားလုံး အသားများမည်းနက်ကာ မိန်းမချောတွေချည်းဖြစ်သည်။ ဝတ်ထားသည့် အင်္ကျီတွေက ကျပ်ကျပ်၊ ပုတီးတွေက အရောင်မျိုးစုံ၊ ရင်အုံတွေက မောက်မောက်။ သူက ကြည့်လိုက်သည့်အခါ သူတို့က အခြားတစ်နေရာသို့ကြည့်နေသည်။ သူ့အပေါ် လုံးဝစိတ်မဝင်စားသည့်ပုံမျိုး။ သို့သော်လည်း သူ့ကိုကျတော့ သူတို့အပေါ် စိတ်ဝင်စားစေချင်သည့် အရိပ်လက္ခဏာများကိုပြသည်။

မြန်မာ စာအုပ်များ

မိန်းမများသည် မှုယာမာယာများလွန်းလှသည်ဟု သူထင်သည်။ ဂျပ်ဖူရီရွာက မိန်းကလေးများကျတော့ သူ့အပေါ် စိတ်ဝင်စားကြပုံမရ။ သူ့အား အသက် ငယ်လွန်းသေးသည်ဟု ထင်ပုံရ၏။ မည်သို့ပင်ဖြစ်စေ မုဆိုးမတစ်ယောက်ကတော့ သူ့အပေါ် စိတ်ဝင်စားဟန်ပြနေသည်။ ဤအတိုင်းဆိုပါက ယောကျ်ားတစ်ယောက်အနေဖြင့် သူ့အတွက် အစားအစာချက်ပြုတ်ကျွေးမွေးပြီး သူနှင့်အတူအိပ်မည့် မိန်းမတစ်ယောက် လက်မထပ်ဘဲရမည်ဆိုလျှင် မကောင်းပေဘူးလား။ ဒါဆိုလျှင် သူလက်မထပ်ဘဲ နေလို့ ရနိုင်သည် မဟုတ်လော။

သူ့ဦးလေးများသည် သူ့အဖေထက် အသက်ကြီးကြသော်လည်း ယခုအချိန်ထိ တရားဝင်လက်ထပ်ခြင်းမပြုကြသေး။ သူတို့အသက်လောက်ရှိသည့်လူကြီးတွေ အားလုံး လိုလို မယားငယ်တွေ ယူထားကြပြီဖြစ်၏။ သူ့အဖေ အိုမိုရိုကော မယားငယ်ယူဖို့ စဉ်းစားနေပြီလား။ ဤအတွေးဝင်လာသောအခါ ကွမ်တာသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်ကာ ထထိုင်မိသည်။ သူ့အဖေ မယားငယ်ယူလျှင် သူ့အမေဘင်တာ ဘယ်လို ခံစားရမည်နည်း။ မယားကြီးအနေဖြင့် မယားငယ်အား အလုပ်တာဝန်ခွဲဝေပေးပြီး ခိုင်းစေနိုင်သည်။ အိုမိုရိုနှင့် အလှည့်ကျအိပ်ဖို့ စီစဉ်နိုင်ခွင့်ရှိသည်။ မိန်းမနှစ်ယောက် ဆိုတော့ သူတို့ကြားတွင် ပြဿနာတွေ ရှိလာနိုင်သလား။

သူ့ခွေးသည် လင့်စင်အောက်တွင် ခွေအိပ်နေသည်။ စိတ်ချလက်ချအိပ်နေခြင်း တော့မဟုတ်။ နားရွက်များ တထောင်ထောင်လုပ်နေသည်ကို လရောင်ဖြင့် မြင်နေရ၏။ ညတိုင်းလိုလို မျောက်လွဲကျော်ကြီးများ မြေပဲခင်းထဲဝင်လာပြီး စားသောက်တတ်ကြ သည်ကို သူ့ခွေး ကောင်းစွာသိနေသည်ဖြစ်ရာ အဘယ်မှာလျှင် စိတ်ချလက်ချအိပ်ပါ မည်နည်း။ သူသည် လင့်စင်ထက်မှနေ၍ ယာခင်းများ၏ အခြားတစ်ဖက်ကို လှမ်း မျှော်ကြည့်သည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ရံဖန်ရံခါတွင် ခပ်လှမ်းလှမ်းမှ မီးတုတ်ကြီးများ ဝှေ့ယမ်းနေသည်ကို မြင်ရသည်။ ဖူလာနီလူမျိုး နွားကျောင်းသားများက သားရဲတိရစ္ဆာန်များအား ခြောက်လှန့်နေသည့် မီးရောင်များ ပေတည်း။

ကွမ်တာသည် ရွှေရာခရီးမှပြန်ရောက်ပြီး တစ်လမှမပြည့်သေးမိ နောက်တစ်ချီ ခရီးထွက်ရန် စိတ်ကူးရခဲ့သည်။ ဤတစ်ကြိမ်ဆိုလျှင် မာလီနိုင်ငံဘက်သို့ ရောက်အောင် သွားမည်ဟု ဆုံးဖြတ်ထားသည်။ မာလီနိုင်ငံသည် သူတို့ကင်တီမျိုးဆက် ဖြစ်ဖွားခံရာ ဒေသ မဟုတ်ပါလော။ သို့သော်လည်း သူ့စိတ်ကူးကို သူ့အဖေပင်မသိစေရ။ တိတ် တဆိတ် ကျိတ်၍ အေရာဖင်းထံသွားကာ မာလီခရီးလမ်းမြေပုံကို မြေပြင်ပေါ်၌ ဆွဲ ခိုင်းသည်။ အေရာဖင်းကလည်း မြေပုံကြမ်းဆွဲပြကာ ခရီးလမ်းကို ညွှန်ကြားပြသည်။ အနည်းဆုံး တစ်လခန့်သွားရမည်ဟုလည်း တွက်ပြသည်။ ထို့နောက် ထိုဒေသဘက်ရှိ

မြန်မာ စာအုပ်များ

ဖာဘူးတူးရွာမှ သူ့မိတ်ဆွေတစ်ဦး၏ လိပ်စာကိုပေးပြီး ယင်းပုဂ္ဂိုလ်ထံမှ လိုအပ်သော အကူအညီတောင်းရန် မှာသည်။

ကွမ်တာသည် ဤတစ်ကြိမ်တွင်လည်း သူ့ညီ လာမင်းအား ခေါ်သွားမည်ဟု စိတ်ကူးသည်။ သူခရီးထွက်ချိန်လောက်ဆိုလျှင် သူ့ညီ လာမင်းသည် ယောကျ်ားဖြစ်သင်တန်းပင် တက်ပြီးလောက်ပြီဟု ခန့်မှန်းထားသည်။ သို့ဆိုလျှင် သူ့ညီသည် သူ့အတွက် များစွာအဖော်ရပေလိမ့်မည်။ ကွမ်တာသည် သူ့အတွေးနှင့်သူ သဘောကျကာ ပြုံးလိုက်မိသည်။ ထို့နောက် တစ်ဆက်တည်းပင် မာလီနိုင်ငံမှ ပြန်ရောက်ပါက သူ့ဦးလေးများ သွားခဲ့ဖူးသည့် သဲကန္တာရဒေသဘက်သို့ ခရီးဆက်ထွက်ရလျှင် ကောင်းမည်ဟု တွေးမိပြန်သည်။ ထိုအခိုက်မှာပင် ယာခင်းများ၏ တစ်ဖက်ဆီမှ အဝါရောင် မိးညွန့်များ တက်လာသည်ကိုမြင်ရ၏။ နွားကျောင်းသားဖူလာနီများ နံနက်စာ ချက်ပြုတ်နေကြလေပြီ။ အရှေ့ဘက်ကောင်းကင်ယံတွင် အရုဏ်ဦးရောင်ခြည်များ ယှက်သန်းနေသည်ကိုပင် သူသတိမထားမိလိုက်ပါတကား။

သူသည် လက်နက်များကို ကောက်ယူလိုက်သည်။ ထိုအခါမှပင် သူ့ပုဆိန်ကိုတွေ့ကာ ဗုံလုပ်ဖို့သစ်သားခုတ်ရဦးမည့်ကိစ္စကို သတိရသည်။ သို့သော်လည်း တစ်ညလုံး မအိပ်ရသဖြင့် သူ့တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်လျက်ရှိ၏။ မနက်ဖြန်ကျမှ ကစ်ခေါက်ထွက်လာပြီး သစ်ခုတ်ရလျှင် ကောင်းလေမလား။ ရက်ရွှေ့နေလို့ကတော့ မဖြစ်ဟု သူထင်၏။ အခုမခုတ်ဖြစ်လျှင် နောက်တစ်ကြိမ် ကင်းကျမှသာ ခုတ်ဖြစ်ပေတော့မည်။ နောက်တစ်ကြိမ်ကင်းကလည်း ဆယ့်နှစ်ရက်ကြာမှ ကျလိမ့်မည်ဖြစ်၏။ ယောကျ်ားတစ်ယောက် ဖြစ်ပါလျက် တစ်ညတာမအိပ်ရ၍ ပင်ပန်းနွမ်းနယ်သည်ကို လက်မြှောက်အရှုံးပေးရမည်လော။ သူသည် ခြေညောင်းလက်ဆန့်လုပ်ကာ လင့်စင်ပေါ်မှ ဆင်းလာခဲ့သည်။ အောက်မှ အမြီးတနန့်နန့်နှင့်စောင့်နေသော ခွေးက ရွှင်မြူးစွာဖြင့် ဟောင်သံများပေးနေသည်။ သူသည် မြေပြင်ထက်၌ ဒူးထောက်ကာ နံနက်ဘုရားဝတ်ပြုသည့်အလုပ်ကို ပြီးပြတ်အောင်လုပ်သည်။ ထို့နောက် အေးမြသန့်စင်သော လေကို တစ်ချက်မျှ အားရပါးရရှူလိုက်ပြီး ခြေလှမ်းကျဲကျဲလှမ်း၍ မြစ်ဘက်သို့ ထွက်လာခဲ့လေသည်။

[၃၃]

ပထမဆုံးထွက်ပြူလာသည့် နေရောင်ခြည်အောက်ရှိ တလက်လက်တောက်ပနေသော မြက်ပင်ရှည်ကြီးများကြားမှ ဖြတ်ပြေးနေသော ကွမ်တာ၏ ခြေထောက်များသည် နှင်းသီးနှင်းပေါက်များဖြင့် ရွှဲရွှဲစိုလျက်ရှိသည်။ သူရှုနေကျ တောပန်းအနံ့များသည်

သူ့နှာခေါင်းပေါက်များဆီသို့ လာရောက်တိုးဝှေ့လျက်ရှိကြ၏။ သူ့ခေါင်းထက်တွင် သိန်းငှက်များသည် ဝိုင်းကြီးပတ်ပတ်ဝဲပျံကာ သားကောင်ရှာဖွေလျက်ရှိကြသည်။ ငှက်အုပ်ကြီးများအား အနှောင့်အယှက်မပေးလိုသဖြင့် သူတို့နားနေသည့်သစ်ပင်ကို ရှောင်ကွင်း၍ ပြေးသည်။ ရှောင်ကွင်း၍ ပြေးမိခြင်းသည် သူ့အတွက် ကံကောင်းသည်ဟု ဆိုရမလို ဖြစ်နေသည်။ မကြာခင်မှာပင် အိပ်တန်းမှ ပျံသန်းလာကြသော တောကျီးကန်း ရာပေါင်းများစွာသည် သစ်ပင်ထက်မှ ငှက်များကို အတင်းအဓမ္မ ဝင်ရောက်ထိုးဆိတ်နေကြသောကြောင့်ပေတည်း။

ပြေးသွားနေရင်းမှပင် ကွမ်တာသည် အသက်ကို ဝအောင်ရှူသွားသည်။ မြစ်ကမ်းပါးဘက်သို့ နီးလာပြီဖြစ်၍ လမုတောများဆီမှ မွှေးကြိုင်သောအနံ့များကို ရလာသည်။ သူ့အား မြင်လိုက်သော တောဝက်များသည် ခေါင်းများကိုမော့၍ အနံ့ခံနေကြသည်။ သစ်ပင်များပေါ်၌ ကျက်စားနေကြသော မျောက်ထီးကြီးများသည် မျောက်မများနှင့် မျောက်သားငယ်များကို သူတို့၏ကျောနောက်သို့ တွန်းပို့နေကြသည်။ သူငယ်ငယ်တုန်းကတော့ ထိုနေရာမျိုးနှင့်ကြုံလျှင် ခဏတစ်ဖြုတ်ရပ်ကာ မျောက်များကို ပြောင်မိ စမိမည် ဖြစ်၏။ မျောက်များကလည်း သူ့အား ခဲများဖြင့်ပေါက်ကြလိမ့်မည်ဖြစ်သည်။ ယခုကျတော့လည်း သူသည် ကလေးသူငယ်တစ်ဦးမဟုတ်တော့။ အလ္လာဖန်ဆင်းထားသည့် အားလုံးသော သတ္တဝါများသည် အချင်းချင်းတလေးတစားဆက်ဆံရမည်ဟု နားလည်နေသည့် လူကြီးတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလော။

ကွမ်တာသည် လမုပင်များကြားမှဖြတ်၍ မြစ်ဆိပ်သို့ဆင်းခဲ့သည်။ ဗျိုင်းဖြူများ၊ ကြိုးကြာငှက်များနှင့် ငှက်ကြီးဒုံးစပ်များသည် သူတို့၏အိပ်တန်းများမှနေ၍ တဝုန်းဝုန်း ထပျံကြသည်။ အဖြူရောင်အတောင်ပံ လှိုင်းလုံးကြီးများသည် လေထဲတွင် တဖျပ်ဖျပ် ရိုက်ခတ်လျက်ရှိကြ၏။ ကွမ်တာ၏ခြေသည် ရေ့မှနေ၍ ရေမြွေများနှင့် လိပ်များ နောက်သို့ ပြေးလိုက်နေသည်။

ကွမ်တာသည် ညကင်းကျတိုင်း မနက်လင်းလျှင် ဤနေရာသို့လာစမြဲ။ ယခုလည်း သူသည် မြစ်ဆိပ်၌ရပ်ကာ ရေပြင်စိမ်းစိမ်းပေါ်၌ ဝဲပျံနေသော ဗျိုင်းတစ်ကောင်အား ကြည့်နေသည်။ ဗျိုင်းသည် လုံတစ်ဖျားအမြင့်မှပျံသန်းကာ တစ်ချီတစ်ချီတွင် ရေပြင်ထက်သို့ ထိုးဆင်းပြီး ငါးကိုသုတ်သည်။ သူ ငါးသုတ်လိုက်တိုင်း အတောင်ပံများနှင့် ရေပြင်ရိုက်ခတ်မိကာ လှိုင်းဂယက်များ အတွန့်လိုက် အလိပ်လိုက် ထလာတတ်သည်။ ဗျိုင်းသည် ဤနေရာတွင် ငါးကြီးကြီးမားမားရသည်မဟုတ်။ အကောင်သေး အကောင်ငယ်များသာ ရသည်။ သို့သော်လည်း ကွမ်တာအဖို့တော့ ဤနေရာတစ်ဝိုက်သည် ငါးအကောင်ကြီးတွေ ဖမ်းလို့ရသောနေရာဖြစ်သည်။ သူရလာသည့်ငါးကို ဘင်တာက ကြက်သွန်နီများများ ဆန်နည်းနည်း၊ ခရမ်းချဉ်သီးခါးများနှင့်ရောကာ နပ်ချက်ချက်

မြန်မာ စာအုပ်များ

ပေးလေ့ရှိ၏။ ယခုထိ မနက်စာမစားရသေး၍ ဆာလောင်နေသော ကွမ်တာသည် ငါးဟင်းနှပ်ချက်ကို တွေးမိရုံမျှဖြင့် အပြင်းအထန်ဆာလောင်လာသည်။

သူသည် မြစ်အောက်ဖက်သို့ ခြေလှမ်းအနည်းငယ်မျှလျှောက်လာခဲ့ပြီး ရေစပ်မှ ခွာခဲ့သည်။ မြစ်ဘေးရှိ လူသွားလမ်းပေါ်သို့တက်ကာ သူမမွေးခင်ကတည်းက တည်ရှိခဲ့သော လမုပင်ကြီးဆီသို့ လျှောက်လာခဲ့သည်။ ဤအပင်ကြီးသည် သူ လူမှန်း သူမှန်း သိတတ်စအရွယ်ကတည်းက အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အောင် အလည်ရောက်ခဲ့သော အပင်ကြီးဖြစ်သဖြင့် သူနှင့်ရင်းနှီးနေသောအပင်ကြီးဖြစ်သည်။ ယခုလည်း သစ်ပင်အောက်ရောက်သည်နှင့် တစ်ပြိုင်နက် သူလုပ်နေကျအတိုင်း အောက်ဆုံးကိုင်းကိုဆွဲ၍ ထိပ်ဖျားအထိ တက်လာခဲ့သည်။ ဤနေရာမှ မျှော်ကြည့်လိုက်လျှင် မြစ်ကွေ့ကို မြင်နေရ၏။ သာယာကြည်လင်လျက်ရှိသော နံနက်ခင်းအလင်းရောင်အောက်ရှိ ရေပြင်ထက်တွင် ယမန်နေ့ညက တစ်ညတာမျှ အိပ်စက်အနားယူခဲ့ကြသော ရေကြက်များသည် ယခုအချိန်ထိ ဝေးရာသို့ခွာမသွားကြသေး။ ရေကြက်အုပ်ကြီး၏ အခြားတစ်ဖက်တွင် စပါးခင်းများနှင့် နို့စို့ကလေးများ သိပ်ထားလေ့ရှိသည့် ဝါးတဲများ။ သူငယ်စဉ်က သူ့အမေသည် သူ့အား ဤဝါးတဲများထဲမှ တစ်ခုသောတဲတွင် သိပ်ထားခဲ့ဖူးပေလိမ့်မည်။ ယခုလိုနံနက်ခင်းတွင် ဤရှုခင်းကိုမြင်တိုင်း သူ့ရင်ထဲ၌ ကြည်နူးခြင်းနှင့် အေးမြခြင်းကို ခံစားရ၏။ အခြားမည်သည့်နေရာမှာမှ မရရှိခဲ့ဖူးသော အုံ့သြခြင်းကိုလည်း ရရှိခံစားရ၏။

မြစ်နှင့်ဝေးရာဘက်သို့ လျှောက်လာခဲ့သော ကွမ်တာသည် မြက်ပင်ရှည်ကြီးများ ဝိုင်းရံလျက်ရှိသော တောအုပ်ဆီသို့ ရောက်လာသည်။ ဤနေရာတွင် သူ့ဗုံအတွက် သစ်သားခုတ်ရမည်ဖြစ်၏။ သူလုပ်ရန်ရည်ရွယ်ထားသည့် ဗုံအတိုင်းအတာ အရွယ်အစား သစ်လုံးကို ယနေ့မှစ၍ အခြောက်လှန်းထားနိုင်မည်ဆိုပါက နောက်တစ်လခွဲခန့်ဆိုလျှင် အခေါင်းထွင်းကာ ဗုံလုပ်နိုင်မည်ဖြစ်သည်။ ထိုအချိန်သည် သူနှင့် လာမင်းတို့ မာလီနိုင်ငံမှ ပြန်ရောက်ချိန်နှင့် ကိုက်လိမ့်မည်ဟု သူထင်သည်။ တောအုပ်တွင်းသို့ သူ ခြေလှမ်းတစ်လှမ်းအချလိုက်တွင် လှုပ်ရှားမှုတစ်ခုကို ရိပ်ခနဲတွေ့လိုက်ရသည်။ ယုန်ကြီးတစ်ကောင်ဖြစ်၏။ သူ့ခွေးသည် ယုန်ပြေးရာဘက်သို့ ဝုန်းခနဲလိုက်သွားသည်။ ယုန်သည် မြက်ပင်ရှည်ကြီးများကြားသို့ ပြေးဝင်သွားသည်။ ခွေးကတော့ ဒလဟော ထိုးဟောင်ကာ နောက်မှပြေးလိုက်သွားနေဆဲ။ အမဲလိုက်ခွေးသည် ဆာလောင်နေသည့်အခါ ဘယ်တော့မှဟောင်လေ့မရှိ။ အခုလိုက်နေသည်မှာ စားဖို့ထက် အပျော်သက်သက် လိုက်နေသည့်သဘောရှိသည်။ ဤသို့ဖြင့် ခွေးနှင့်ကွမ်တာသည် ကွဲကွာသွားသည်။ မည်သို့ပင်ဖြစ်စေ သူ့ခွေးသည် အချိန်တန်လျှင် ပြန်လာလိမ့်မည်ဟု ကွမ်တာက နားလည်ထား၏။

မြန်မာ စာအုပ်များ

ကွမ်တာသည် တောအုပ်အလယ်ထိ ဝင်လာခဲ့သည်။ သူလိုချင်သောအရွယ်အစားနှင့် လုံးပတ်ညီညီသစ်ကို ဤနေရာ၌သာ အလွယ်တကူရွေးယူရရှိနိုင်လိမ့်မည်ဟု သူယူဆသည်။ သစ်ပင်များထူထပ်သဖြင့် အောက်ဘက်ရှိမြေသည် ရေညှိများဖုံးလျက်ရှိ၏။ လေကတော့ စိုစွတ်ထိုင်းမှိုင်းကာ အေးမြလှပေသည်။ နေရောင်ခြည်သည် သစ်ပင်များ ထူထပ်သိပ်သည်းလှသော ဤနေရာသို့ ထိုးဖောက်ဝင်ရောက်ခြင်းငှာမစွမ်း။ သူသည် လက်နက်များနှင့် ပုဆိန်ကို သစ်ပင်တစ်ပင်မှီ၍ ထောင်ထားလိုက်ပြီး သူလိုချင်သော သစ်လုံးအရွယ်အစားကို လိုက်လံရှာဖွေသည်။ သူသည် သစ်ပင်တစ်ပင်အနားရောက်တိုင်း ခေါင်းငုံ့ကာ မျက်လုံးများဖြင့် စေ့စေ့စပ်စပ်ကြည့်သည်။ လက်ချောင်းများဖြင့် သေသေချာချာစမ်းသည်။ ဤသစ်လုံးက သူလိုချင်သည့် အရွယ်အစားနှင့် မကိုက်။ နည်းနည်းကြီးနေသည်။ ဤသစ်လုံးကျတော့ မရင့်သေး။ အခြောက်လှန်းလိုက်လျှင် ရှုံ့သွား ကျုံ့သွားမည် စသည်စသည်ဖြင့် တွေးတောဆင်ခြင်သည်။

သူ့အကြိုက်နှင့်ကိုက်ညီလိမ့်မည်ဟုယူဆရသော သစ်ပင်တစ်ပင်အား စိတ်ဝင်တစား ငုံ့ကြည့်နေခိုက်တွင် သစ်ကိုင်းတစ်ကိုင်းကျိုးသံ ကြားရသည်။ တစ်ဆက်တည်းပင် သူ့ခေါင်းအထက်မှ ကြက်တူရွေးတစ်ကောင်၏ စူးစူးဝါးဝါး အော်သံ။ သူ့ခွေး ပြန်လာပြီထင်၏။ သို့သော်လည်း ခွေးတစ်ကောင်တက်နင်းရုံမျှဖြင့် သစ်ကိုင်းကျိုးလေ့မရှိ။ ဤအတွေးဝင်လိုက်သည်နှင့် သူသည် နောက်သို့ ချာခနဲလှည့်လိုက်သည်။ သူ့ဆီသို့ တင်းပုတ်တစ်ခုကို တအားမြှောက်ပြီး ပြေးလာနေသော မျက်နှာဖြူတစ်ဦး။ သူ့နောက်မှလည်း လေးလံစွာနင်းလာသည့် ခြေသံများ ကြားရသည်။ တိုးဘော့တွေပါကလား။ သူသည် အားကုန်ထုတ်၍ ခုန်ကာ တိုးဘော့ကို ခြေဖြင့်ကန်သည်။ သူ့ခြေထောက်သည် တိုးဘော့၏ဗိုက်ကို အရှိန်ပြင်းစွာကန်မိသည်။ အော်သံတစ်ချက် ကြားလိုက်ရ၏။ မာကျောလေးလံသောအရာတစ်ခုသည် ကွမ်တာ၏ဦးခေါင်းနောက်မှ ဝိုးခနဲမြည်ကာ ပွတ်သွားသည်။ ထို့နောက် သူ့ပခုံးပေါ်သို့ သစ်ပင်ကြီးတစ်ပင် လဲကျခြင်းခံလိုက်ရသည့်နှယ် ခံစားလိုက်ရပြီး ဒူးထောက်လဲကျသည်။ ပြင်းထန်သောနာကျင်မှုဝေဒနာကို ခံစားနေရသည့်ကြားမှပင် ကွမ်တာသည် သူ့ခြေထောက်အနီး၌ လဲကျနေသောလူကို ကျောပေး၍ ရပ်လိုက်သည်။ သူ့အား အလွန်ကြီးမားသော အိတ်ကြီးတစ်လုံးဖြင့် အုပ်ဖမ်းရန် အားထုတ်နေသည့် လူမည်းနှစ်ယောက်အား မျက်နှာချင်းဆိုင်သည်။ သူ့လက်သီးများသည် လူမည်းနှစ်ယောက်၏ မျက်ခွက်များဆီသို့ အဆက်မပြတ် ဝင်ရောက်သွားလျက်ရှိ၏။ ထိုအခိုက်မှာပင် တိုးဘော့တစ်ယောက်က လက်ထဲမှ တင်းပုတ်ဖြင့် သူ့အား လွှဲ၍ရိုက်သည်။ ဤတစ်ကြိမ်တွင်မူ လျှင်မြန်ဖျတ်လတ်စွာ ခုန်ရှောင်လိုက်သဖြင့် ရိုက်ချက်သည် သူ့ကိုမထိ။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

သူ့ဦးနှောက်သည် လက်နက်တစ်ခုခုရလိုစိတ်ဖြင့် ပြင်းထန်စွာလှုပ်ရှားလျက်ရှိသည်။ ကွမ်တာသည် သူတို့လူစုအား လက်သီးနှင့်ထိုးသည်။ လက်ချောင်းများဖြင့် ကုတ်သည်။ ဒူးနှင့်တိုက်သည်။ တိုးဘော့လက်ထဲမှ တင်းပုတ်သည် သူ့ကျောပေါ်သို့ မကြာခဏ ကျကျလာသည်။ လူသုံးယောက်သည် သူနှင့်အတူ ထွေးလုံးရစ်ပတ်ဖြစ်ကာ မြေကြီးပေါ်သို့ လဲကျသွားသည်။ သူတို့၏အလေးချိန်သည် သူ့အား မထနိုင်အောင် ဖိထားသည်။ ဒူးတစ်လုံးသည် သူ၏ခါးကို တအားကုန် ဖိကြိတ်ထားသည်။ ခါးကျိုးလုမတတ် ခံစားလိုက်ရသည့် ဝေဒနာကြောင့် သူ့ပါးစပ်သည် ဟသွားသည်။ ဟနေသော ပါးစပ်သည် ထိထိသမျှကို ဖမ်း၍ကိုက်သည်။ သူ့လက်ချောင်းများသည် မျက်နှာတစ်ခုကို ကိုင်မိသည်။ တအားကုန်ကုတ်ဖဲ့ပစ်လိုက်သည်။ မျက်လုံးကို ကုတ်ခြစ်မိခြင်းဖြစ်၍ တစ်ဘက်လူ၏ စူးစူးရှရှအော်သံ ကြားရသည်။ ထို့နောက် တင်းပုတ်သည် ကွမ်တာ၏ခေါင်းထက်သို့ အရှိန်ဖြင့်ကျလာပြန်လေ၏။

မိုက်ခနဲဖြစ်သွားသည့်ကြားမှပင် ကွမ်တာ၏နားများသည် ခွေးတစ်ကောင်၏ မာန်ဖီသံနှင့် တိုးဘော့တစ်ယောက်၏ အလန့်တကြားအော်သံများ ကြားလိုက်ရ၏။ ထို့နောက် ခွေးတစ်ကောင်၏ သနားစရာကောင်းလှသည့်အော်သံ။ ကွမ်တာသည် ဒယီးဒယိုင်ဖြင့် ထရပ်သည်။ တင်းပုတ်ဘေးမှ လွတ်မြောက်ရေးအတွက် ငုံ့၍ကုန်း၍ရှောင်သည်။ ကွဲသွားသောခေါင်းမှ သွေးများသည် မျက်နှာပေါ်သို့ ယိုစီးကျလျက်ရှိ၏။ သို့သော်လည်း သူ့ရှေ့မှအရာများကို မှုန်ဝါးဝါးပင်တွေ့နေရသည်။ လူမည်းတစ်ယောက်သည် သူ့မျက်လုံးတစ်ဖက်ကို လက်ဝါးဖြင့်အုပ်ထားသည်။ တိုးဘော့တစ်ယောက်သည် သွေးများစီးကျနေသော လက်တစ်ဖက်ကို ကိုင်မြှောက်ကာ သူ့အနီး၌လဲကျနေသော ခွေးကို ငုံ့ကြည့်နေသည်။ ကျန်လူနှစ်ယောက်ကတော့ တင်းပုတ်များ ကိုင်မြှောက်ကာ သူ့အား ဝိုင်းရံထားဆဲ။ ကွမ်တာသည် ပြင်းထန်သောဒေါသမာန်ဖြင့် တအားကြုံးအော်လိုက်ပြီး ဒုတိယတိုးဘော့အား တိုက်ခိုက်သည်။ လူ့လက်သီးများသည် သူ့အား လှမ်းရိုက်လိုက်သည့် တင်းပုတ်နှင့် ထိပ်တိုက်တွေ့သည်။ သူသည် တိုးဘော့၏လက်ထဲမှ တင်းပုတ် သူ့လက်ထဲရောက်ရေးအတွက် အရှုံးအမူးလုယူသည်။ သူဘာ့ကြောင့်သူတို့ အသံကို မကြားသနည်း။ သူ့စိတ်အာရုံက ဘာ့ကြောင့်မသိသနည်း။ ဘာကြောင့် သူ့နာခေါင်းက အနံ့မရသနည်း။

ထိုအခိုက်မှာပင် လူမည်း၏လက်ထဲမှတင်းပုတ်သည် သူ့အား လာ၍ထိသည်။ သူသည် ဒူးထောက်လျက်လဲကျပြန်သည်။ တိုးဘော့သည် သူ့လက်တွင်းမှ လွတ်သွားသည်။ သူ့ခေါင်းသည် ပေါက်ကွဲသွားလိမ့်မည်ထင်၏။ သူ့တစ်ကိုယ်လုံးသည် ယိမ်းယိုင်လျက်ရှိသည်။ အားအင်ဆုတ်ယုတ်ကုန်ခန်းသလို ဖြစ်သွားရသည့်အတွက် သူ့ကိုယ်သူ ဒေါသဖြစ်မိသည်။ သူသည် ရှိနေသေးသမျှ ခွန်အားကို စုစည်းကာ ကြုံး၍ထသည်။

မြန်မာ စာအုပ်များ

သံကုန်ဟစ်၍ အော်သည်။ လက်ထဲမှ တင်းပုတ်ဖြင့် တအားရိုက်သည်။ သို့သော်လည်း လေကိုသာ ရိုက်မိသည်။ မျက်ရည်များ၊ သွေးများနှင့် ချွေးများကြောင့် အရာရာတိုင်းသည် မှုန်ဝါးဝါး။ သူသည် သူ့တစ်ဦးတည်းအတွက် တိုက်ခိုက်နေခြင်းမဟုတ်၊ သူ့အဖေ အိုမိုရီ၊ သူ့အမေ ဘင်တာ၊ ပြီးတော့ သူ့ညီ လာမင်း၊ ဆူဝါဒူး၊ မာဒီးတို့အတွက်ပါ အသက်နှင့်ရင်း၍ တိုက်ခိုက်နေခြင်းဖြစ်၏။ တိုးဘော့၏ လက်ထဲမှ တင်းပုတ်သည် သူ့နားထင်အား လာ၍ထိသည်။ အားလုံး မှောင်ကြီးကျသွားလေ၏။

[၃၄]

ကွမ်တာသည် သူ့ကိုယ်သူရှုးနေပြီဟုပင်ထင်လိုက်မိ၏။ သူ့ကိုယ်ပေါ်တွင် အဝတ်အစား မရှိ။ ခြေထိတ်လက်ထိတ်များခတ်ထားသည်။ ပြီးတော့ သံကြိုးနှင့်ချည်ထားသေးသည်။ သူသတိရချိန်တွင် သူသည် လူနှစ်ယောက်ကြား၌ ပက်လက်ဖြစ်နေသည်ကို သတိထားမိသည်။ ပတ်ဝန်းကျင်သည် မှောင်နင့်မည်းမည်း။ အပူငွေ့များသည် တရှိန်ရှိန် တက်နေသည်။ မခံမရပ်နိုင်လောက်အောင် ဆိုးဝါးသည့်အနံ့များသည် လှိုင်လျက်ရှိ၏။ ဆူးဆူးဝါးဝါးအော်သံများ၊ ညည်းညူသံများ၊ ငိုကြွေးသံများ၊ ဘုရားရှိခိုးသံများနှင့် အော့အန်သံများဖြင့် ဆူညံလျက်ရှိသည့် ပတ်ဝန်းကျင်။ ကြောက်မက်ဖွယ်ကောင်းသည့် အိပ်မက်ဆိုးကြီးတစ်ခု မက်နေသည့်နှယ်ရှိသည်။ သူ့ရင်ဘတ်နှင့် ဗိုက်ပေါ်တွင် သူ အန်ထားသည့် အန်ဖတ်များ။ ထိုအန်ဖတ်များမှ ဆိုးဝါးသောအနံ့ကို သူ ရှူနေရသည်။ လွန်ခဲ့သော လေးရက်က အရိုက်ခံထားခဲ့ရသော ဒဏ်ရာဒဏ်ချက်များကြောင့် သူ့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက်ရှိသည်။ အနာကျင်ဆုံးနေရာမှာ သံပူဖြင့် တံဆိပ် နှိပ်ခြင်းခံထားရသည့် လက်မောင်းနှစ်ဖက်မှ ဒဏ်ရာများဖြစ်သည်။

အမွေးထူ မြေကြွက်တစ်ကောင်သည် သူ့ပါးတစ်ဖက်အတိုင်း လျှောက်လာပြီး ပါးစပ်နားရောက်သည့်အခါ နှာခေါင်းကို ရှုံ့ချီပွချီလုပ်၍ အနံ့ခံလျက်ရှိသည်။ မလှုပ်နိုင် မရှားနိုင်ဖြစ်နေသော ကွမ်တာသည် ကြံရာမတော့သဖြင့် ကြွက်ကို ပါးစပ်ဖြင့် ဒေါသတကြီးလှမ်းကိုက်သည်။ ကြွက်သည် ဖျတ်ခနဲနောက်ဆုတ်ကာ ထွက်ပြေးသွားသည်။ ဒေါသအရှိန်မပြေသေးသော ကွမ်တာသည် သူ့လက်ကောက်ဝတ်များနှင့် ခြေချင်းဝတ်များ၌ ချည်ထားသည့် သံကြိုးအနှောင်ဖွဲ့မှ အားကုန်ထုတ်၍ ဆောင့်ရုန်း လိုက်မိ၏။ ချက်ချင်းပင် သူနှင့်ကွဲချည်ထားသူများထံမှ ဒေါသတကြီး ဆဲဆိုကြိမ်းမောင်းသံများ ထွက်ပေါ်လာသည်။ ထိတ်လန့်ခြင်းနှင့် နာကျင်ခြင်းသည် ဒေါသနှင့် ပေါင်းစပ်မိသည်။ ကွမ်တာသည် ဝုန်းခနဲထထိုင်သည်။ သူ့ခေါင်းသည် အပေါ်မှသစ်သားတန်းကို အရှိန်ဖြင့်ဝင်ဆောင့်သည်။ တိုးဘော့၏ တင်းပုတ်ဒဏ်ကြောင့် ကွဲသွားသည့် ဒဏ်ရာနှင့်

မြန်မာ စာအုပ်များ

တည့်တည့်ကြီးဆောင့်မိခြင်းဖြစ်၏။ မောဟိုက်လျက်ရှိသောကွမ်တာနှင့် သူ့သဲသဲကွဲကွဲ မမြင်ရသည့် သူ့ဘေးမှလူသည် လက်ကောက်ဝတ်မှ လက်ထိတ်ကွင်းများကို အသုံးပြုကာ အချင်းချင်းထုရိုက်ကြသည်။ သို့သော်လည်း နောက်ဆုံးတွင် နှစ်ယောက်စလုံး ပင်ပန်း မောဟိုက်ကာ ခြေပစ်လက်ပစ်လဲကျသွားကြသည်။ ကွမ်တာ၏ ရင်ထဲတွင် အော့ချင် အန်ချင်စိတ် ဖြစ်လာသည်။ သူသည် မအန်ချင်အောင် သူ့ကိုယ်သူ ချုပ်တည်းထားသည်။ သို့သော်လည်းမရ။ အူနှင့် ဟောင်းလောင်းဖြစ်နေသောဗိုက်သည် ပိန်ချည်ဖောင်းချည် ဖြစ်ကာ လှုပ်ရှားလာပြီး ပျို့၍ ပျို့၍ တက်လာသည်။ ထို့နောက် သူ့ပါးစပ်အတွင်းမှ ချဉ်စုပ်စုပ်အရည်များ ထွက်အန်ကျလာသည်။ အမြန်ဆုံးသေသွားချင်သောဆန္ဒသည် သူ့စိတ်ထဲ၌ ပြင်းပြင်းပြပြဖြစ်ပေါ်လာလေသည်။

အကယ်၍ မိမိ၏ ကိုယ်အားနှင့် စိတ်အားများ စုဆောင်းသိမ်းထားလိုပါမူ နောက် ထပ် စိတ်လွတ်ကိုယ်လွတ်မဖြစ်အောင် သတိထားထိန်းချုပ်မှုဖြစ်မည်ဟု သူ့ကိုယ်သူ ပြောမိသည်။ ခဏမျှအကြာတွင် အားအနည်းငယ်ပြည့်သလို ဖြစ်လာသည်။ သူ့ကိုယ်သူ လှုပ်ရှားလို့ရပြီဟူသော ယုံကြည်စိတ်ချမှု ဝင်လာသည်။ ထိုအခါ သူ့ဘယ်ဘက်လက်ကို ဖြည်းဖြည်းသာသာမ၍ ညာဘက်လက်ကောက်ဝတ်နှင့် ခြေချင်းဝတ်များကို စမ်းကြည့် သည်။ နှစ်နေရာစလုံးတွင် သွေးများထွက်နေသည်ကို တွေ့ရ၏။ စောစောက သူနှင့် ရန်ခိုက်ဒေါ်ဖြစ်ခဲ့သူ၊ ဘယ်ဘက် ခြေချင်းဝတ်ချင်းတွဲချည်ထားသည့် ဘယ်ဘက်ကလူ သည် မကြာမကြာ ညည်းညူလျက်ရှိသည်။ သံကြိုးနှင့်တွဲချည်ထားပုံမှာ ပူးကပ်လွန်း သဖြင့် လူအားလုံးသည် အနည်းငယ်လှုပ်ရှားရုံမျှဖြင့် ပခုံးချင်း၊ လက်မောင်းချင်း၊ ပေါင်ချင်း ထိလျက်ရှိကြ၏။

စောစောက ခေါင်းနှင့်တိုက်မိခဲ့သည့်အဖြစ်ကို သတိရနေသော ကွမ်တာသည် ယခုတစ်ကြိမ် နေရာပြင်ထိုင်သည့်အခါ နောက်ထပ် ပြင်းပြင်းထန်ထန်မဆောင့်မိအောင် သတိထားသည်။ သို့သော်လည်း ခေါင်းတော့မလွတ်။ လွတ်လွတ်ကျွတ်ကျွတ်ထိုင် ၍မရနိုင်လောက်အောင်ပင် နေရာက ကျဉ်းလှ၏။ သူ့ဦးခေါင်းနောက်တွင် သစ်သား နံရံရှိသည်။ ငါ့အဖြစ်က ထောင်ချောက်ထဲမိနေတဲ့ ကျားသစ်တစ်ကောင်လိုပါပဲလားဟု ကွမ်တာကတွေးသည်။ ထို့နောက် ယောက်ျားဖြစ်သင်တန်းစခန်းရှိ တဲအတွင်း မှောင်ကြီး မည်းမည်းထဲ၌ သူတစ်ယောက်တည်းထိုင်နေခဲ့ရဖူးသည့်အဖြစ်ကို ပြန်၍သတိရမိသည်။ ငိုချင်စိတ်သည် ဖျတ်ခနဲပေါ်လာသည်။ သို့သော်လည်း သူသည် သူ့စိတ်ကို ထိန်း ချုပ်ထားသည်။ သူ့ပတ်ပတ်လည်မှ ငိုကြွေးသံများနှင့် ညည်းညူသံများကို သူ ကြား နေရ၏။ ဤအမှောင်ထုထဲတွင် ယောက်ျားကြီးတွေ အများကြီးရှိနေပုံရသည်။ အချို့ မှာ သူနှင့်ကပ်လျက်။ အချို့မှာ သူနှင့်အဝေးကြီး။ သူ့ဘေးနှင့် သူ့ရှေ့ နေရာအနံ့တွင် ဖြစ်သည်။ အားလုံး စခန်းတစ်ခုထဲတွင် စုပြုံထားခြင်းဖြစ်သည်။ အချို့သော ငိုကြွေး သံများသည် သူ့ကျောအောက်မှ လာနေခြင်းဖြစ်၏။

မြန်မာ စာအုပ်များ

သူသည် ဂရုတစိုက်နားစွင့်မိသည်။ သူ့ပတ်ပတ်လည်ရှိလူများ ဘာသာစကား မတူကြသည်ကို သတိထားမိသည်။ ဖူလာနိလူမျိုးတစ်ယောက်သည် အာရပ်ဘာသာဖြင့် 'အလ္လာသခင်၊ တပည့်တော်အား ကယ်မတော်မူပါ'ဟု အော်ဟစ်လျက်ရှိ၏။ ဆီရီးရီး လူမျိုးတစ်ယောက်ကတော့ သူ့မိသားစု၏နာမည်ကို တမ်းတကာ ငိုကြွေးနေသည်။ အများစုပြောကြသည့် ဘာသာစကားမှာ မန်ဒင်ကာလူမျိုးစု ဘာသာစကားဖြစ်သည်။ တိုးဘော့များအား ဆဲဆိုသံ၊ ကြိမ်းဝါးသံနှင့် ကျိန်ဆဲသံများကျတော့ သူ့နားထဲတွင် မပီမသနှင့် ခွဲခြား၍မရ။ အချို့စကားများမှာ မိမိတို့ဒေသမှမဟုတ်။ ဂမ်ဘီယာနိုင်ငံ၏ပြင်ပမှ ဖမ်းလာသည့် လူမျိုးများ ဖြစ်ပုံရ၏။ ထိုလူများ၏စကားကျတော့ သူ လုံးဝ နားမလည်။

နံရံကိုမှီ၍လှဲနေသော ကွမ်တာသည် အသံဗလံများကို နားစွင့်လျက်ရှိသည်။ ရစ်၍ရစ်၍နာနေသောဗိုက်ထဲမှ ဝေဒနာသည် ပို၍ဆိုးလာသည်ကို သူ သတိပြုမိ၏။ ဤအန္တရာယ်ကို လွယ်ထားခဲ့ရသည့်မှာ ရက်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်သည်။ ယခု တော့ဖြင့် ဆက်လက်၍ လွယ်ထားနိုင်စွမ်းမရှိတော့။ သူ့စအိုကြားမှ ထွက်ကျနေသော မစင်များကို ဖြစ်ချင်သလိုဖြစ်ပစေတော့ဟု သဘောထားကာ လွှတ်ထားပေးနေရပြီ ဖြစ်၏။ သူ့ခန္ဓာကိုယ်မှထွက်လာနေသော ဟောင်စပ်စပ်အနံ့များကို ရှူရှိုက်ရင်းနှင့်ပင် သူသည် ဝမ်းနည်းပက်လက်ငိုကြွေးမိသည်။ ယခုလိုအဖြစ်ဆိုးနှင့် ကြုံတွေ့ရသည်အထိ ဖြစ်ရသည်မှာ မည်သည့်အကုသိုလ်ဒုစရိုက်မှုများကို ကျူးလွန်မိခဲ့လို့ပါလိမ့်။ အလ္လာ အရှင်က အဖြေပေးလျှင် မည်မျှကောင်းပါမည်နည်း။ သူ့အနေဖြင့် ဒူးထောက်၍လည်းမရ၊ အရှေ့အရပ် ဘယ်ဆီနေမှန်းမသိ။ သူသည် မျက်လုံးများကိုစုံမှိတ်ကာ သူ့အားခွင့်လွှတ်ဖို့ အလ္လာထံ ဆုတောင်းနေမိသည်။

ထို့နောက် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ပြင်းထန်စွာခံစားရပြန်သည်။ ထိုအခါ ကျမှပင် သူအဖမ်းမခံရမီ တစ်ရက်ကတည်းက အစားမစားခဲ့ရသည့်အဖြစ်ကို သတိရ လာသည်။ သို့ဆိုလျှင် သူ အိပ်ကောအိပ်ခဲ့ရပါ၏လော။ ယင်းကဲ့သို့ စဉ်းစားမိလိုက် သောအခါ သူလျှောက်လာခဲ့ရသည့်ခရီးကို ပြန်၍မြင်ယောင်လာသည်။ သူ့နောက်မှ လူမည်းနှစ်ယောက်၊ သူ့ရှေ့တွင် တိုးဘော့နှစ်ဦး၊ ထူးဆန်းသောအဝတ်များဝတ်ကာ ထူးဆန်းသောဆံပင်အရောင်နှင့်ဖြစ်သည်။ သူ့တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်။ မောပန်းလွန်းသဖြင့် သူ့နှလုံးသားသည် ပြင်းစွာခုန်လျက်ရှိသည်။ သူသည် လျှောက် သွားနေရင်းနှင့်ပင် ငိုက်မျဉ်းအိပ်ပျော်လာသည်။ အဖြစ်မှာ ထမင်းလုံးတစ္ဆေခြောက်ခံနေ သည့်နှယ်ရှိသည်။ အိပ်မက်ဆိုးတစ်ခုလေလားဟုထင်မိသည်။ သို့သော်လည်း အိပ်မက် မဟုတ်၊ တကယ်ကြုံခဲ့ရသည့်အဖြစ်။

မြန်မာ စာအုပ်များ

ထိုစဉ်က လူမည်းကျွန်ထိန်းနှစ်ယောက်နှင့် တိုးဘော့များအား အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သည်။ သူ သတိလစ်သွားပြီနောက် ပြန်သတိရလာသည့်အခါတွင်မူ သူ့ပါးစပ်အား အဝတ်များဆို့၍ စည်းထားသည်ကိုတွေ့ရ၏။ မျက်လုံးများကိုလည်း အဝတ်နှင့်ပိတ်၍ ချည်ထားသည်။ သူ့လက်နှစ်ဖက်ကို နောက်ပြန် ကြိုးတုပ်ထားသည်။ သူ့ခြေချင်းဝတ်များကို ကြိုးနှင့်ချည်ထားသဖြင့် လမ်းဖြောင့်ဖြောင့်မလျှောက်နိုင်။ သူ့အား တုတ်ချွန်များနှင့် ဝိုင်း၍ ထိုးကြဆွကြလုပ်လာသဖြင့် သွေးများသည် ပေါင်များနှင့် ခြေထောက်များတစ်လျှောက် ရွှဲရွှဲစိုမျှ ယိုစီးကျလျက်ရှိ၏။ သူ့ခြေထောက်များသည် လွတ်လပ်စွာလှုပ်ရှားနိုင်သည်မဟုတ်။ သို့သော်လည်း ကျွန်ထိန်းနှစ်ယောက် တုတ်ချွန်များနှင့် ဝိုင်း၍ ထိုးဆွနေကြသဖြင့် ဒယီးဒယိုင်နှင့်ပင် မြန်နိုင်သမျှမြန်အောင် လျှောက်သွားနေရသည်။

မျက်လုံးများပိတ်ထားခြင်းခံနေရသည့် ကွမ်တာသည် နားများကို စွင့်ထားသည်။ အသံများကြားရုံဖြင့် မြစ်ဆိပ်သို့ရောက်လာမှန်း သူသိသည်။ သူ့ခြေထောက်များ အောက်မှ မြေသည် ပျော့စိစိ။ သူ့အား လှေတစ်စီးပေါ် တင်လိုက်သည်ကိုလည်း သူ သိလိုက်သည်။ ပြီးတော့ ကျွန်ထိန်းနှစ်ယောက်၏ စကားပြောသံများနှင့် လှေလှော်သံများ။ သူရုန်းလိုက်တိုင်း တိုးဘော့က တုတ်နှင့်ရိုက်သည်။ မကြာမီ မြစ်တစ်ဖက်ကမ်းသို့ လှေဆိုက်ကာ ကမ်းပေါ်တက်ရပြန်သည်။ ထို့နောက် ခြေကျင်လျှောက်ရပြန်၏။ နောက်ဆုံး မိုးစုပ်စုပ်ချုပ်သည့်အခါ နေရာတစ်နေရာသို့ ဆိုက်ရောက်သည်။ ကွမ်တာအား မြေကြီးပေါ်သို့လဲကျသွားအောင် ဆောင့်တွန်းပြီး လှဲလိုက်သည်။ ပြီးတော့ တရွတ်သီထိုး ဆောင့်ဆွဲကာ ဝါးတိုင်ကြီးတစ်တိုင်တွင် လက်ပြန်ကြိုးတုပ်ထားသည်။ မျက်နှာတွင် စည်းထားသည့်အဝတ်ကို ဆွဲဖြုတ်ပေးသည်။ ပတ်ဝန်းကျင်သည် မှောင်မည်းလျက်ရှိ၏။ သို့သော်လည်း သူ့အားငုံ့ကြည့်နေသည့် တိုးဘော့၏ ဖြူလျော်လျော်မျက်နှာကိုသာမက သူ့လို မြေကြီးပေါ်၌ လက်ပြန်ကြိုးအတုပ်ခံထားရသူများကိုပါ မြင်နေရသည်။ တိုးဘော့က အမဲသားတစ်တုံးကို သူ့ပါးစပ်ဆီသို့ ထိုးပေးသည်။ သူက မစားဘဲ မျက်နှာကို ဘေးတစ်ဖက်သို့လွှဲကာ အံကြိတ်လိုက်သည်။ တိုးဘော့က သူ့လည်ပင်းကိုညှစ်၍ ပါးစပ်ကို ဟလာအောင်လုပ်သည်။ ကွမ်တာက ပါးစပ်ကိုမဟဘဲ အတင်းပိတ်ထား သောအခါ တိုးဘော့က သူ့မျက်နှာကို လက်သီးဖြင့် တအားပိတ်ထိုးသည်။

နံနက်အရုဏ်တက်ချိန်အခါကျမှပင် ကွမ်တာသည် သူနှင့်အတူ ဖမ်းဆီးခြင်း ခံထားရသူများအား အသေအချာမြင်ရသည်။ ယောကျ်ားခြောက်ယောက်၊ မိန်းကလေး သုံးယောက်၊ ကလေးနှစ်ယောက် အားလုံးပေါင်းဆယ့်တစ်ယောက်။ သူတို့ကို လက်နက် ကိုင် ကျွန်ထိန်းများနှင့် တိုးဘော့တစ်ယောက် စောင့်ကြပ်နေကြသည်။ မိန်းကလေး အားလုံး ဝတ်လစ်စလစ်။ သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ ကိုယ်လုံးတီး

မိန်းမတစ်ယောက်ကို မမြင်ခဲ့ဖူးသော ကွမ်တာသည် မိန်းကလေးများ၏အဖြစ်ကို မကြည့်ရက်သဖြင့် မျက်နှာလွှဲထားသည်။ ယောကျ်ားများတွင်လည်း အဝတ်အစားမရှိ။ သူတို့၏မျက်နှာထားများသည် စောင့်ကြပ်နေသူများအား သတ်ပစ်ချင်လောက်အောင် ရွံရှာမုန်းတီးသည့်အရိပ်လက္ခဏာများကို ဖော်ပြနေကြ၏။ သူတို့ကိုယ်ပေါ်ရှိ ကြာပွတ်ရာများမှ သွေးများ ယိုစီးနေကြသည်။ မိန်းကလေးများကတော့ ငိုကြွေးမြည်တမ်းနေကြသည်။ တစ်ဦးသောမိန်းကလေးသည် သူ့ရှာမီးလောင်စဉ်က ပါသွားသူများ၏ အမည်များကို တမ်းတလျက်ရှိ၏။ တစ်ဦးကမူ သူ့လက်တွင်းမှ နို့စို့ကလေးကို လုပ်၍ သိပ်ရင်း ငိုယိုလျက်ရှိ၏။ နောက်တစ်ဦးကမူ အလွှာအရှင်ထံ သူသွားတော့မည်ဟု မြည်တမ်းလျက်ရှိလေသည်။

ကွမ်တာသည် အလွန်ပြင်းထန်သောဒေါသဖြင့် အားကုန်ထုတ်၍ ရုန်းသည်။ လေးလံသောတင်းပုတ်သည် သူ့ခေါင်းထက်သို့ကျလာပြန်၏။ နောက်တစ်ကြိမ် သတိလစ်သွားပြန်သည်။ သူသတိရလာသောအခါ သူ့ကိုယ်ပေါ်တွင် အဝတ်အစားများ မရှိတော့ပေ။ သူတို့အားလုံးကို ကတုံးရိတ်ထားပြီးဖြစ်ရုံမျှမက ကိုယ်များတွင် အနီရောင်ဆီများ သုတ်လိမ်းထားပြီး ဖြစ်နေသည်ကိုပါ တွေ့ရသည်။ မွန်းတည့်ချိန်တွင် တိုးဘော့မျက်နှာသစ်နှစ်ဦး ရောက်လာသည်။ သူတို့နှင့် ပါလာသော ကျွန်ထိန်းများက ကွမ်တာတို့လူစုအား ဝါးပိုးတိုင်များမှ ကြိုးဖြေပေးကာ တန်းစီရန် အော်ဟစ်အမိန့်ပေးသည်။ ဒေါသဖြစ်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ကြောင့် ကွမ်တာ၏ တစ်ကိုယ်လုံးရှိ အကြောများသည် တောင့်တင်းနေကြသည်။ မျက်နှာသစ်တိုးဘော့နှစ်ဦးအနက် တစ်ဦးသည် အရပ်ပုပု၊ ဂင်တိုတို၊ ကိုယ်လုံးတုတ်ခိုင်ခိုင်နှင့် ဆံပင်ကအဖြူရောင်။ နောက်တစ်ဦးကတော့ အရပ်မြင့်မြင့်၊ လူလုံးလူဖန်ထွားထွား၊ မျက်နှာထားခပ်ဆိုးဆိုး။ သူ့မျက်နှာတွင် ဓားဒဏ်ရာများ ရှိသည်။ သို့သော်လည်း ကျွန်ထိန်းများနှင့် အခြားတိုးဘော့များက အရေးတယူပြုပြီး ဦးညွတ်အရိုအသေပေးနေသူမှာ ဆံပင်ဖြူဖြူနှင့်တိုးဘော့။

ဆံပင်ဖြူဖြူနှင့်တိုးဘော့က ဖမ်းထားသူများအား တစ်ချက်မျှကြည့်လိုက်သည်။ ထို့နောက် ကွမ်တာအား လက်ပြ၍ လူတန်းထဲမှ ရှေ့သို့ထွက်ခိုင်းသည်။ ကြောက်စိတ်ဖြင့် ကွမ်တာ နောက်သို့ဆုတ်လိုက်မိ၏။ ကြာပွတ်သံများ တရွှမ်းရွှမ်းထွက်ပေါ်လာသည်။ ကွမ်တာက သံကုန်ဟစ်၍အော်သည်။ ကျွန်ထိန်းတစ်ယောက်က ကွမ်တာအား အတင်းချုပ်ကိုင်ပြီး ဒူးထောက်ထိုင်ခိုင်းကာ ခေါင်းကိုဆွဲလှန်လိုက်သည်။ ဆံပင်ဖြူဖြူတိုးဘော့က ကွမ်တာ၏ပါးစပ်ကိုဖြဲ၍ သွားများကို သေချာစွာကြည့်သည်။ ကွမ်တာက အတင်းရုန်း၍ ထသည်။ ကြာပွတ်သည် ကွမ်တာ၏ ကျောပြင်ထက်သို့ နောက်တစ်ချက် ထပ်ကျလာပြန်၏။ သူသည် နောက်ထပ် ရုန်းကန်လှုပ်ရှားခြင်းမပြုတော့ဘဲ ခိုင်းသည့်အတိုင်း ငြိမ်သက်စွာရပ်နေသည်။ တိုးဘော့က မျက်လုံးများကို ဖြဲကြည့်သည်။ ရင်ဘတ်ကို

မြန်မာ စာအုပ်များ

ခေါက်ကြည့်သည်။ ဝမ်းဗိုက်ကို နှိပ်ကြည့်သည်။ စအိုကို ဖြဲကြည့်သည်။ ထို့နောက် ကွမ်တာအား ဘေးသို့တွန်းဖယ်လိုက်ပြီး နောက်တစ်ဦးကို စစ်ဆေးသည်။ ဤပုံစံအတိုင်း အားလုံးကိုစစ်ဆေးပြီးသောအခါ ခြံထဲသို့ ပြန်မောင်းသွင်းပြီး ဆောင့်ကြောင့်ထိုင်နိုင်း သည်။ ကြာပွတ်သံများ၊ အမိန့်ပေးသံများနှင့် ဆဲဆိုကြိမ်းမောင်းသံများသည် ဆူညံ လျက်ရှိ၏။

ဆံပင်ဖြူဖြူတိုးဘော့နှင့် ဓားဒဏ်ရာမျက်နှာပိုင်ရှင် တိုးဘော့တို့သည် ခြံနှင့် ခပ်လှမ်းလှမ်း တစ်နေရာသို့သွားကာ တီးတိုးတိုင်ပင်လျက်ရှိကြသည်။ ထို့နောက် ပြန်လျှောက်လာပြီး ဆံပင်ဖြူဖြူတိုးဘော့က ကွမ်တာအပါအဝင် လူလေးယောက်နှင့် မိန်းကလေးနှစ်ယောက်ကို လက်ညှိုးထိုးပြသည်။ ကွမ်တာတို့အား ဖမ်းဆီးလာသော တိုးဘော့က ကျန်လူများကို လက်ညှိုးထိုးပြပြီး တောင်းပန်ခယသောမျက်နှာထားဖြင့် တစ်စုံတစ်ခုပြန်ပြောသည်။ သို့သော်လည်း ဆံပင်ဖြူက ခေါင်းကိုသာ တွင်တွင်ခါယမ်း လျက်ရှိ၏။ တိုးဘော့များသည် အတန်ကြာမျှ အပြင်းအထန် ငြင်းခုံပြောဆိုလျက်ရှိကြ သည်။ ထို့နောက် ဆံပင်ဖြူက စိတ်ပျက်သောအမူအရာဖြင့် စာရွက်တစ်ရွက်ပေါ် တစ်စုံတစ်ရာရေးပြီး ကွမ်တာတို့အားဖမ်းလာသူ တိုးဘော့လက်သို့ လှမ်းပေးသည်။ ထိုတိုးဘော့ကလည်း ဆံပင်ဖြူလက်ထဲမှ စာရွက်ကို ဒေါသတကြီး ဆွဲယူလိုက်သည်။

ကျွန်ထိန်းများက ကွမ်တာအား ဝိုင်းချုပ်ကိုင်ကာ ကျောကို ကုန်းခိုင်းသည်။ တိုးဘော့တစ်ဦးက မီးဖိုတစ်ဖိုထဲမှ ရဲရဲနီနေသော သံချောင်းကြီးတစ်ချောင်းကို လက် နှစ်ဖက်ဖြင့် ယူလာပြီး သူ့ကျောအလယ်တည့်တည့်သို့ ထိုးကပ်လိုက်သည်။ နာကျင် လွန်းသဖြင့် ကွမ်တာ၏ပါးစပ်မှ စူးစူးဝါးဝါးအော်သံတစ်ချက် ထွက်လာသည်။ ဝါးတော တစ်လျှောက်တွင် အော်သံဟစ်သံများသည် သောသောညံလျက်ရှိ၏။ အခြားလူများ၏ ကျောများကို ကွမ်တာ သတိထား၍ကြည့်သည်။ သံပူနှင့်ထိုးနှိပ်ထားသည့် တံဆိပ်များမှာ သူ့မျက်စိထဲတွင် အလွန်ထူးဆန်းသည့် အမှတ်အသားများဖြစ်နေသည်။

နာရီပိုင်းအတွင်းမှာပင် ကျွန်ထိန်းများသည် သံကြိုးများနှင့် တွဲချည်ထားသည့် ကွမ်တာတို့လူစုအား ဆွဲခေါ်သွားကြသည်။ ခလုတ်တိုက်၍လဲသူ၊ ဒယီးဒယိုင်ဖြစ်သူ မှန်သမျှ ကြာပွတ်ဖြင့် အရိုက်ခံကြရသည်။ ကွမ်တာ၏ ကျောပြင်တစ်ပြင်လုံးတွင် ကြာပွတ်ရာများ အစင်းလိုက်အစင်းလိုက် ထပ်ထပ်ကြမ်းနေကြသည်။ သွေးများမှာလည်း မြင်မကောင်းအောင် ယိုစီးလျက်ရှိ၏။ ညဥ့်နက်ပိုင်းတွင် မြစ်ကမ်းဘေး တောအုပ် အတွင်းရှိ သစ်ပင်များအောက်၌ ဝှက်ထားသော လှေနှစ်စီးဆီသို့ ဆိုက်ရောက်ကြသည်။ လူများကို အုပ်စုနှစ်စုခွဲပြီး လှေများပေါ်သို့တင်ကာ ကျွန်ထိန်းများက လှော်လာကြသည်။ လှေထဲ ရုန်းကန်သူ လှုပ်ရှားသူမှန်သမျှကို တိုးဘော့များက ကြာပွတ်နှင့် ရိုက်လာ ကြလေသည်။

စိတ်ကူးချိုချို

ညအမှောင်ထုအတွင်းမှ မည်းမည်းအရိပ်ကြီးကို မြင်လိုက်သည်နှင့် ကွမ်တာသည် သူ့အတွက် နောက်ဆုံးအချိန်သို့ရောက်လာပြီဟု စိတ်ထဲကသိလိုက်၏။ တွန်းထိုးရုန်းကန်သံများနှင့် အော်သံများကြားမှပင် သူသည် လှေပေါ်မှခုန်ချရန် အားထုတ်သည်။ သို့သော်လည်း တွဲချည်ထားသူများက သူ့အားနောက်မှနေ၍ ဆောင့်ဆွဲထားသလိုဖြစ်ကာ လှေနံရံကိုပင် မကျော်နိုင်ဖြစ်လျက်ရှိ၏။ သူ့ကျော၊ သူ့မျက်နှာ၊ သူ့ဗိုက်နှင့် သူ့နံရိုးများပေါ်သို့ တုတ်ချက်များ၊ တင်းပုတ်ချက်များနှင့် ကြာပွတ်ချက်များသည် မိုးသီးမိုးပေါက်သဖွယ် အဆက်မပြတ်ကျလာလျက်ရှိသည်။ သို့သော်လည်း သူသည် မဖြုံဘဲ သူ လွတ်မြောက်ရေးတစ်ခုတည်းကိုသာ ဇောကပ်လျက်ရှိ၏။ သူတို့လှေသည် ရှေ့မှ မည်းမည်းအရိပ်ကြီးကို ဝင်၍ဆောင့်သည်။ သူ့ခေါင်းအထက်မှ တိုးဘော့များ၏ အော်ဟစ်သံများ ကြားရသည်။ ပူနွေးသောသွေးများသည် သူ့မျက်နှာထက်သို့ စီးကျလျက်ရှိ၏။ ထို့နောက် သူ့အား ကြိုးများနှင့် ဝိုင်းတုပ်နေသည်ကိုခံရသည်။ သူ့အဖို့တော့ လမ်းဆုံးသွားလေပြီ။ သူ့တွင် ခုခံတိုက်ခိုက်နိုင်စွမ်းမရှိတော့။ သူ့အား နောက်မှ တွန်းထိုး၍လည်းကောင်း၊ အပေါ်မှဆွဲ၍လည်းကောင်း ကြိုးလှေကားတစ်ခုအတိုင်း ဆွဲတင်ခြင်းကိုခံရသည်။ သူသည် သူ့လွတ်မြောက်ရေးအတွက် နောက်တစ်ကြိမ် ရုန်းကန်လှုပ်ရှားပြန်၏။ မရ။ သူ့အပေါ်ဘက်မှ လက်များက သူ့အားဆွဲနေကြသည်။ ကြာပွတ်များက သူ့ကိုယ်ပေါ်သို့ မနားတမ်းကျလာနေကြသည်။ ပြင်းထန်စူးရှသည့် တိုးဘော့ကိုယ်နံ့များ၊ မိန်းမများ၏ အော်သံများနှင့် ကျယ်လောင်စွာ ဆဲဆိုကြိမ်းမောင်းနေကြသည့် တိုးဘော့တို့၏ အသံများ။

ပက်လက်ဖြစ်နေသော ကွမ်တာ၏ ဖူးရောင်နေသောမျက်လုံးများသည် သူ့ဘေးပတ်ပတ်လည်မှ ခြေသလုံးများနှင့် ခြေထောက်များကို မြင်နေရသည်။ မျက်နှာတစ်ခုလုံးတွင် သွေးချင်းချင်းနီရဲလျက်ရှိ၏။ ဆံပင်ဖြူဖြူတိုးဘော့သည် မနီးမဝေး၌ရပ်ကာ ခဲတံတစ်ချောင်းဖြင့် စာအုပ်တစ်အုပ်ထဲတွင် ရေးမှတ်နေသည်ကို မြင်နေရသည်။ သူ့အား ခပ်ကြမ်းကြမ်းဆွဲယူခြင်းခံလိုက်ရသည်။ အဝတ်ဖြူဖြူကြီးများတပ်ထားသည့် ရွက်တိုင်ကြီးများကို ရိပ်ခနဲမြင်လိုက်ရ၏။ ထို့နောက် အောက်သို့ဆင်းသည့် ကျဉ်းမြောင်းသော လှေကားအတိုင်း ဆွဲခေါ်သွားခြင်းခံရသည်။ ဆိုးဝါးသောအနံ့များသည် သူ့နှာခေါင်းဆီသို့ ရောက်လာသည်။ သူ့နားများသည် အော်ဟစ်သံများကို ကြားနေရ၏။

တိုးဘော့တစ်ယောက်က သူ့အား ခြေထိတ်လက်ထိတ်များခတ်ကာ ညည်းညူနေကြသော လူနှစ်ယောက်ကြားသို့ တွန်းထိုးပြီးပို့သည်။ သူနှင့်အတူထူခေါ်လာသည့်လူများအား သူ့လိုပင် လက်ထိတ်ခြေထိတ်ခတ်နေမှန်း ကွမ်တာ၏ စိတ်ထဲက သိနေသည်။ ထို့နောက် သူ့ခေါင်းထဲသို့ အတွေးများဝင်ရောက်လာသည်။ ယခု သူကြုံနေရသောအဖြစ်သည် တကယ်မဟုတ်။ အိပ်မက်မက်နေခြင်းဖြစ်ရမည်။ မှန်သည်။ သူ အိပ်မက်မက်နေခြင်း။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၃၅]

သဘော်ကုန်းပတ်တံခါး ဖွင့်သည့်အခါကျမှပင် ကွမ်တာသည် နေ့လား ညလား ခွဲခြားသိသည်။ ကျန်အချိန်များတွင် အလင်းရောင်ကို မြင်ရသည်မဟုတ်။ တံခါးကလန့်ဖွင့်သံကြားတိုင်း ကွမ်တာသည် ခေါင်းထောင်ကြည့်လေ့ရှိ၏။ တကယ်တော့ သူ့တစ်ကိုယ်လုံးတွင် ခေါင်းတစ်ခုတည်းသာလျှင် လှုပ်ရှားလို့ရသည် မဟုတ်ပါလော။ သူတို့အတွက် အစားအသောက်လာပို့သူများမှာ တိုးဘော့လေးယောက်ဖြစ်သည်။ နှစ်ဦးက မီးခွက်နှင့် အစားအသောက်ခွက်များ ကိုင်၍ ကျန်နှစ်ဦးက ကြာပွတ်များကိုင်ထားသည်။ ရောက်လာသည့်အခါများတွင် အစာခွက်များကို သံကြိုးချည်ထားသူနှစ်ဦးကြားတွင် တစ်ခွက်စီ ချပေးသည်။ ကွမ်တာကတော့ စားဖို့မစဉ်းစား၊ ပါးစပ်ကို တင်းကျပ်စွာပိတ်ထားသည်။ သူတို့ကျွေးသမျှကိုမစားဘဲ အစာငတ်ခံ၍ သေရခြင်းက ပို၍မြတ်သည်ဟု ယူဆသည်။ ကြာလာတော့လည်း ဆာလောင်မွတ်သိပ်မှုကြောင့် ဗိုက်ထဲမှ နာကျင်နေသည့် ဝေဒနာက ရထားသည့်ဒဏ်ရာများမှ ဝေဒနာထက် ပို၍ဆိုးဝါးပြင်းထန်လာသည်ကို တွေ့လာရလေသည်။

ညညဆိုလျှင် တိုးဘော့များသည် ကျွန်သုံ့ပန်းအသစ်များကို တရွတ်သီထိုးဆွဲကာ လာပို့တတ်ကြသည်။ လူသစ်များ၏ အော်ဟစ်သံ၊ ငိုကြွေးသံနှင့်ကြာပွတ်သံများကြောင့် မည်သူမျှ အိပ်ကောင်းခြင်းမအိပ်ရ။

တစ်ရက်တွင်မူ သူ့ခေါင်းထက်မှ ထူးဆန်းသော တုန်ခါသံကြီးတစ်ခုကို ကွမ်တာကြားရသည်။ သူ့ဘေးမှလူများလည်း ကြားကြသည်။ အားလုံးပင် အလန့်တကြားဖြစ်ကာ နားစွင့်နေမိကြ၏။ ပထမတွင် သူတို့ခေါင်းပေါ်ရှိ ကြမ်းပြင်ပေါ်တွင် ခြေထောက်ပေါင်း အမြောက်အမြား ပြေးလွှားနေသံဖြစ်သည်။ ထို့နောက် အလွန့်အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ဖြည်းဖြည်းချင်းဆွဲတင်နေသည့်အသံ။

သူမှီနေသည့်နံရံတစ်ခုလုံး တုန်ခါလာသည်ကို ကွမ်တာသတိထားမိသည်။ သူ့တစ်ကိုယ်လုံး တောင့်တင်းလာသည့်နှယ် ခံစားနေရသည်။ သူလဲလျောင်းနေသောနေရာသည် ဖြည်းဖြည်းချင်းရွေ့လျားလျက်ရှိသည်။ ကြောက်စိတ်သည် ဖျတ်ခနဲဝင်လာသည်။ ဤအရာဝတ္ထုကြီးသည် သူတို့အား ဒေးရာအရပ်တစ်ခုဆီသို့ သယ်ဆောင်သွားပေတော့မည်။ သူ့ဘေးပတ်ပတ်လည်မှ လူအများ၏ အော်သံများနှင့် အလ္လာဘုရားသခင်အား တမ်းတသံများ ထွက်ပေါ်လာသည်။ အချို့က လွတ်မြောက်လို လွတ်မြောက်ငြားတွန်းထိုးရုန်းကန်ကြသည်။ 'အလ္လာအရှင်မြတ်ကို တပည့်တော် တစ်နေ့ ငါးကြိမ်ထက်မနည်း ရှိခိုးခဲ့ပါတယ်။ တပည့်တော်အား ကယ်မတော်မူပါ' ဟု ကွမ်တာက ရေရွတ်သည်။

မြန်မာ စာအုပ်များ

အော်ဟစ်သံ၊ ငိုကြွေးသံများနှင့် ဘုရားရှိခိုးသံများ ဆက်လက်ထွက်ပေါ်နေဆဲ။ သို့သော်လည်း အချိန်ကြာလာသည့်အခါ အားလုံးပင်ပန်းမောဟိုက်ပြီး တဖြည်းဖြည်း ချင်း စဲသွားသည်။ အာဖရိကသို့ ဘယ်သောအခါမှ ပြန်ရောက်တော့မည်မဟုတ် ဟူ သော အသိသည် ကွမ်တာ၏ခေါင်းထဲသို့ ဝင်ရောက်လာသည်။ 'တိုးဘော့တွေကို သတ်ပစ်ကြ။ သူတို့ရဲ့လက်ပါးစေ သစ္စာဖောက် လူမည်းကျွန်ထိန်းတွေကိုလည်း သတ် ပစ်ကြ'ဟု အသံကုန်ဟစ်၍ အော်လိုက်မိ၏။

ကွမ်တာကျိတ်ငိုနေခိုက် ကုန်းပတ်တံခါးပွင့်သွားပြီး တိုးဘော့လေးယောက် ဆင်း လာသည်။ အစာခွက်များ လိုက်လံဝေငှပေးသည်။ ဆာလောင်မှုက ပြင်းစွာဖြစ်ပေါ်လာ သည်။ သို့တစေလည်း သူ့ဆာလောင်မှုကိုချုပ်တည်းနိုင်ရန် အံကိုကြိတ်၍ ပါးစပ်ကို ပိတ်ထားသည်။ ဤအခိုက်မှာပင် အသိတစ်ခုဝင်လာသည်။ တစ်ချိန်က ကင်တန်းကိုး ပြောခဲ့သည့်စကား။

'စစ်သည်တော်တွေနဲ့ မုဆိုးတွေဟာ တခြားလူတွေထက် ခွန်အားပြည့်ဖြိုးနေအောင် အစားအစာကို မှန်မှန်စားရမယ်'

သူအစာငတ်ခံနေခြင်းသည် သူ့ကိုယ်သူ အားနည်းသွားအောင်လုပ်နေခြင်းဖြစ်၏။ သို့ဆိုလျှင် သူ တိုးဘော့ကို သတ်နိုင်ပါမည်လော။ ဤတစ်ကြိမ်တွင် သူနှင့် သူ့ဘေး မှ လူကြားသို့ အစာခွက်ချလိုက်သည်နှင့် ကွမ်တာ၏လက်သည် အစားဆီသို့ ရောက် သွားသည်။ ပြောင်းဆန်ကို စားအုန်းဆီနှင့်ကြော်ထားသည်ဟုထင်၏။ အစာမစားဘဲ နေသည်မှာ ကြာခဲ့ပြီဖြစ်သဖြင့် အစားတစ်လုတ်မျိုတိုင်း လည်ချောင်းမှ နာနာသွားသည်။ မည်သို့ပင်ဖြစ်စေ ခွက်ထဲမှအစာသည် ပြောင်သလင်းခါသွားသည်။ သို့သော်လည်း စားလိုက်သည့်အစာများသည် ဗိုက်ထဲတွင် တင်းကျပ်ကာ အစိုင်အခဲကြီးတစ်ခုလိုဖြစ် နေသည်။ ထို့နောက် လည်ချောင်းဆီသို့တက်လာသည်။ သူကြိုးစား၍ ထိန်းပါသော် လည်း မရ။ စားထားသမျှအားလုံး ပြန်ထွက်ကျလာသည်။ သူတစ်ဦးတည်းမဟုတ်။ ဘေးလူများလည်း သူ့လိုပင်ဖြစ်နေကြသည်ကို ကြားနေရ၏။

တိုးဘော့များ ပြန်တက်သွားသည့်အခိုက်တွင် ဒေါသတကြီး ပြောဆိုရေရွတ်နေသံ များ ကြားရသည်၊ ချက်ချင်းပင် ထိုးသံကြိတ်သံများကြားရသည်။ မန်ဒင်ကာဘာသာ စကားဖြင့် ရေရွတ်သံများကိုလည်း ကြားလိုက်ရသည်။ 'ဘာလဲကွ၊ မင်းတို့က ငါ့ကို တိုးဘော့လိုထင်နေသလား' တစ်ဖက်မှ ပြန်ပြောသံမကြားရ။ ပို၍ပြင်းထန်သော ထိုးကြိတ်သံများ။ ထို့နောက် လူတစ်ယောက် တွန်းထိုးရုန်းကန်နေသည့်အသံနှင့် အသက်ရှူကျပ်နေသည့်အသံ။ ခြေထောက်များဖြင့် သစ်သားနံရံအား ကန်ကျောက်နေ သည့်အသံ။ ထို့နောက် ငြိမ်ကျသွားသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ကွမ်တာ၏ဦးခေါင်းသည် တဒိန်းဒိန်းမြည်လျက်ရှိသည်။ သူ့နှလုံးသည် တဒုန်းဒုန်း ခုန်လျက်ရှိ၏။ သူ့ဘေးမှပြောသံများကို သူကြားနေရသည်။ 'ကျွန်ထိန်းကွ၊ ကျွန်ထိန်း။ ကျွန်ထိန်းတစ်ယောက်တော့သေပြီ' ဝမ်းသာအားရ အော်ဟစ်သံများနှင့် သူပါလိုက်၍ အော်နေမိသည်။ ကုန်းပတ်တံခါးတွေ ပွင့်သွားပြီး မီးအိမ်များနှင့် ကြာပွတ်များကိုင်ထား သည့် တိုးဘော့တစ်စု ဆင်းလာသည်။ လှေသွားလမ်းအတိုင်း လျှောက်သွားနေကြသော တိုးဘော့များသည် ကြာပွတ်များကို ဘယ်ညာလွှဲ၍ ရိုက်လာသည်။ ပါးစပ်မှလည်း ဆဲဆိုကြိမ်းမောင်းလာကြသည်။ ကျွန်ထိန်းအလောင်းကို လိုက်လံရှာဖွေနေခြင်းပေ တည်း။ ရုတ်တရက်ရှာမတွေ့သည့်အခါ အားလုံး တစ်ခဏမျှတိတ်သွားသည်။ ထို့နောက် တစ်ထောင့်မှ ရယ်သံခြောက်ကပ်ကပ်ကို ကွမ်တာကြားသည်။ ရယ်လိုက်သူမှာ ကျွန်ထိန်း သစ္စာဖောက် လဲကျသေဆုံးနေသည့်နေရာနှင့် အနီးဆုံးလူဖြစ်၏။

အခန်းထဲရှိလူအားလုံး နားစွင့်နေကြသည်။ တိုးဘော့များသည် အချင်းချင်းအော် ဟစ်၍ စကားပြောကြသည်။ အချို့က အပေါ်သို့ပြန်တက်သွားပြီး နောက်ထပ် တိုးဘော့ တချို့ကို ခေါ်လာသည်။ တိုးဘော့နှစ်ဦးက ကျွန်ထိန်း၏အလောင်းကို လမ်းကြား တစ်လျှောက် ဆွဲယူကာ အပေါ်သို့တင်သွားကြသည်။ မကြာခင်မှာပင် နောက်ထပ် တိုးဘော့လေးဦး ဆင်းလာသည်။ ကျွန်ထိန်းလဲကျသေဆုံးသွားသည့်နေရာနှင့် အနီး ဆုံးလူအား ဝိုင်းရိုက်ကြသည်။ ရိုက်ချက်များမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ အရိုက်ခံရသူသည် တစ်ချက်ကလေးမှမအော်။ တိုးဘော့များကလည်း မအော်လေ ရိုက်လေ။ နောက်ဆုံးတွင် အရိုက်ခံရသူထံမှ စူးစူးဝါးဝါးအော်သံများ ထွက်ပေါ်လာ သည်။ ဖောင်းလားဘာသာစကားဖြင့် ရေရွတ်နေသံများကြားရသည်။ မိမိတို့ မန်ဒင်ကာ လူမျိုးတို့၏ ကျွဲနွားများကို အခကြေးငွေဖြင့် ကျောင်းပေးနေကြသော ဖောင်းလားလူမျိုးစု သည် အလွန်အေး ချမ်းစွာနေတတ်သူများဖြစ်၏။ ယခုကျတော့လည်း ရက်ရက်စက်စက် အနှိပ်စက်ခံနေရရှာလေပြီ။ နောက်ဆုံးတွင် အရိုက်ခံနေရသူထံမှ အသံသဲ့သဲ့မျှသာ ကြားရတော့၏။ ထိုအခါမှပင် တိုးဘော့လေးဦးသည် အရိုက်ရပ်ကာ အပေါ်ထပ်သို့ ပြန်တက်သွားကြသည်။

မှောင်မည်းနေသောအခန်းထဲတွင် ဖောင်းလားလူမျိုး၏ ညည်းညူသံများသာလျှင် ကြားနေရသည်။ ထိုအခိုက်မှာပင် မန်ဒင်ကာဘာသာစကားဖြင့် ပြောလိုက်သည့် စကား တစ်ခွန်းကို လူအားလုံးကြားကြရသည်။

'သူခံစားနေတဲ့ဝေဒနာကို တို့အားလုံးရဲ့ဝေဒနာလို့ သဘောထားကြပါ။ သူဟာ ဒီနေရာမှာ ငါတို့နဲ့အတူတူနေရတာပါ။ ဒါကြောင့် သူ့ကို ငါတို့နဲ့ တစ်ရွာတည်းသားလို့ သတ်မှတ်ကြပါ'

မြန်မာ စာအုပ်များ

အသံမှာ အသက်ကြီးကြီးလူတစ်ယောက်၏အသံဖြစ်သည်။ သူပြောတာမှန်တယ်ဟု ကွမ်တာ၏စိတ်တွင်းက ထောက်ခံသည်။ ဖောင်းလားခံစားနေရသော ဝေဒနာသည် သူ့ဝေဒနာဟု ကွမ်တာက သတ်မှတ်သည်။ ပြင်းထန်သောဒေါသကြောင့် သူ့တစ်ကိုယ်လုံး ပေါက်ကွဲကာ တစ်စစီဖြစ်သွားလိမ့်မည်ဟုပင်ထင်မိ၏။ ခံစားနေရသည့် ဒုက္ခများမှ လွတ်မြောက်ရန် တစ်ခါတည်းသေသွားလျှင်ကောင်းမှာပဲဟူသော အတွေးဝင်လာသည်။ ထိုအတွေးသည် မမှန်ဟူသော ဆန့်ကျင်ဘက်အယူအဆ ဝင်လာပြန်သည်။ သူသေလို့မဖြစ်သေး။ တိုးဘော့များအား လက်စားချေဖို့ ဆက်လက်အသက်ရှင်နေဦးမှဖြစ်မည်။ သူသည် ငြိမ်သက်စွာလဲလျောင်းနေနိုင်ရန် အားထုတ်သည်။ သူ့တစ်ကိုယ်လုံးမှ နာကျင်မှုများ ပျောက်သွားသည်။ ပခုံးနှစ်ဖက်ကြား၌ သံပူနှင့်ကပ်ထားသည့် တံဆိပ်နေရာမှ စပ်ဖျင်းဖျင်းဝေဒနာတစ်ခုတည်းသာလျှင် ကျန်ခဲ့သည်။ သူ့စိတ်အာရုံသည် သူနှင့် အခြားလူများအတွက် ရွေးချယ်နိုင်သည့်လမ်းတစ်လမ်း သွားတွေ့သည်။ ကြောက်စရာအဖြစ်ဆိုးမှ လွတ်မြောက်ရေးအတွက် မိမိတို့အားလုံးသေကုန်မှ သို့မဟုတ် တစ်နည်းနည်းဖြင့် တိုးဘော့များအားအနိုင်ရရှိပြီး တိုးဘော့အားလုံးကို တစ်ယောက်မကျန် သတ်ပစ်နိုင်မှ။

[၃၆]

သန်းကိုက်ခံရသဖြင့် ကွမ်တာ၏တစ်ကိုယ်လုံးသည် ယားလျက်ရှိသည်။ ယားယံမှုသည် တစ်နေ့တခြား ဆိုး၍သာလာလျက်ရှိ၏။ သန်းများနှင့် ကြမ်းပိုးများသည် နေ့စဉ်နှင့်အမျှ ထောင်နှင့်ချီ၍ တိုးတက်လာလျက်ရှိလေရာ တစ်ခန်းလုံး နေရာအနှံ့ သူတို့သာလျှင် မင်းမူနိုင်သည့်အခြေအနေသို့ ဆိုက်ရောက်လာခဲ့သည်။ အထူးသဖြင့် ခန္ဓာကိုယ်၏ အကြိုအကြားနေရာများသည် အယားဒဏ်ကို ပြင်းထန်စွာခံကြရ၏။ ကွမ်တာ၏ ချိုင်းကြားနှင့် သူ၏ဖိုတို(တန်ဆာ)တစ်ဝိုက်သည် ယားလွန်းအားကြီးသဖြင့် မီးလောင်ခံနေရသည့်နယ် ပူလောင်သောဝေနာကို ခံစားနေရသည်။ အမြဲတစေ ကုတ်ဖဲ့နေရသဖြင့် သူ့လက်တစ်ဖက်သည် အားနေသည်ဟုမရှိ။

ထွက်ပြေးမည်ဟူသောအတွေးသည် သူ့ခေါင်းထဲ၌ အမြဲရှိနေသည်။ တစ်ခါတစ်ရံ သူသည် ယခုချက်ချင်းပြေးမည်ဟု စိတ်ကူးပေါက်သည်။ နောက်တစ်ခဏမျှ ကြာသော အခါ သူ့မျက်လုံးအစုံတွင် မျက်ရည်များပြည့်လာသည်။ ထို့နောက် ဒေါသဝင်လာသည်။ သူ့စိတ်တည်ငြိမ်မှုရှိရေးအတွက် အနီးအနားရှိလူများအား ထိုးကြိတ်တိုက်ခိုက်ပစ်ချင်စိတ် တဖွားဖွားပေါ်လာသည်။ အဆိုးဆုံးကား သူမလှုပ်ရှားနိုင်ခြင်းဖြစ်၏။ သူ့အား

တုပ်နှောင်ထားသည့် သံကြိုးများအား တအားကုန်ကိုက်ဖြတ်ပစ်ချင်သောဆန္ဒသည် ပြင်းထန်စွာဖြစ်ပေါ်လျက်ရှိသည်။ ဘာပဲဖြစ်ဖြစ် သူ့စိတ်နှင့် သူ့လက်များအား ထိန်းချုပ်နိုင်ရန်အတွက် တစ်ခုခုအပေါ် အာရုံဝင်စားနေအောင်လုပ်ရမည်ဟု ဆုံးဖြတ်သည်။ ထိုကဲ့သို့မလုပ်နိုင်ပါမူ သူ သွက်သွက်လည်အောင်ရူးသွားချေတော့မည်။ ဤအခန်းထဲရှိ အချို့သောလူများသည် ယခု သူရသည့်စိတ်ကူးအတိုင်း အကောင်အထည်ဖော်နေကြသည်ဟု သူထင်၏။

ဤသို့ဖြင့် ကွမ်တာသည် သူ့နေရာ၌ အလွန်ငြိမ်သက်စွာလဲလျောင်းပြီး၊ သူ့ဘေးတစ်ဖက်တစ်ချက်မှ လူများ၏ အသက်ရှူသံများကို စိတ်ဝင်တစားနားထောင်သည်။ ယင်းကဲ့သို့ နားထောင်ရင်း မည်သူအိပ်ပျော်နေသည်၊ မည်သူနိုးနေသည်ကို ခန့်မှန်းနိုင်ဖို့ ကြိုးစားသည်။ ထိုမှတစ်ဆင့် သူနှင့်အဝေးဆုံးသောနေရာမှ လူများ၏ အသက်ရှူသံများကို နားထောင်၍ အတိအကျသိနိုင်ရန် အားထုတ်သည်။ နေ့စဉ်နှင့်အမျှ နားထောင်လာသည့်အခါ သူ၏နားများသည် ထိုလူများ၏အခြေအနေနှင့် နေရာကိုပါ အတိအကျပြောနိုင်လောက်အောင် ထက်မြက်လာသည်ကို တွေ့ရ၏။ အလွန်ထူးဆန်းသော အာရုံခံစားမှုတစ်ခုဖြစ်သည်ကိုလည်း သူသိလာရသည်။ သူ့နားများသည် သူ့မျက်လုံးများလုပ်ရမည့် အလုပ်ကို လုပ်လာနိုင်စွမ်းရှိကြောင်း နားလည်လာသည်။ အမှောင်ထုအတွင်း၌ အမြဲရှိနေသည့် ညည်းညူသံများ၊ ဆဲဆိုသံများနှင့် ကျိန်ဆဲသံများကြားမှ ရန်ဖန်ရံခါထွက်ပေါ်လာတတ်သည့် ခေါင်းနှင့်နံရံတိုက်မိသော အသံမျိုးကိုပင် သူ့နားများက ခွဲခြားသိလာခဲ့ပြီဖြစ်၏။

ကွမ်တာတို့ လဲလျောင်းနေရသည့် ထုပ်တန်းစင်များပေါ်တွင် သေးကွက်များ၊ အန်ဖတ်များနှင့် မစင်ပုံများ တစ်နေ့တခြား တိုးတက်များပြားလာခဲ့လေပြီ။ အနံ့ဆိုးများသည် မခံမရပ်နိုင်လောက်အောင်ဖြစ်နေလေပြီ။ ဤအနံ့ဆိုးများ၏ဒဏ်ကို သူဆက်ပြီး ခံနိုင်တော့မည်မဟုတ်ဟုပင် ကွမ်တာ၏စိတ်က ထင်နေမိပြီဖြစ်၏။ တစ်ရက်တွင် အပေါ်ထပ်မှ တိုးဘော့တစ်ယောက်သည် ပေါက်ပြားကြီးများနှင့် စည်ပိုင်းကြီးလေးလုံးကို သယ်ဆောင်ကာ ကျယ်လောင်စွာ ဆဲဆိုကြိမ်းမောင်းပြီး အောက်ထပ်သို့ဆင်းလာသည်။ သူတို့ကိုယ်ပေါ်တွင် အဝတ်အစားမပါသည်ကို သတိထားလိုက်မိသော ကွမ်တာသည် အံ့သြနေမိသည်။

ကိုယ်လုံးတီးတိုးဘော့များသည် အခန်းထဲရောက်သည်နှင့် အော့ကြအန်ကြသည်။ ကပျာကယာ အုပ်စုနှစ်စုခွဲကာ စင်ပေါ်မှ မစင်များနှင့် အန်ဖတ်များကို စည်ပိုင်းများအတွင်းသို့ ပေါက်ပြားများနှင့် ဆွဲချကြသည်။ စည်ပိုင်းတစ်ပိုင်း ပြည့်သွားသည့်အခါတိုင်း အပြင်သို့ သယ်ထုတ်သွားပြီး ရေထဲသို့ သွန်ချသည်။ ထို့နောက် ပြန်ဆင်းလာကြပြီး စောစောကလိုပင် ဆက်လုပ်ကြသည်။ သူတို့မျက်နှာများသည် ကြောက်မက်ဖွယ်

မြန်မာ စာအုပ်များ

ကောင်းလောက်အောင်ပင် ရှုံ့တွနေကြပြီဖြစ်၏။ အမွေးအမှင်ထူထပ်ပြီး အရောင်အဆင်းကင်းမဲ့လှသည့် ခန္ဓာကိုယ်များတွင်လည်း ချေးအလူးလူး သေးအလိမ်းလိမ်း ဖြစ်ကုန်ကြလေပြီ။ အလုပ်ပြီး၍ ငိုးဘော့များပြန်သွားကြသည့်အခါ အခန်း၏အခြေအနေသည် ထူး၍ သန့်ရှင်းလာခြင်းမရှိ။ ပုပ်ဟောင်ဟောင် ချဉ်စုပ်စုပ်အနံ့များသည် ယခင်ကလိုပင်ရှိမြဲအတိုင်းရှိနေသည်။ အပူရှိန်ကလည်း ခါတိုင်းလိုပင် ပြင်းထန်းမြဲ ပြင်းထန်လျက်ရှိသည်။

နောက်တစ်ကြိမ် တိုးဘော့များ ဆင်းလာပြန်သည်။ ခါတိုင်းလာနေကျ အစားအစာလာပို့သည့် လေးဦးအပြင် အပိုလူနှစ်ဆယ်ခန့်ပါလာသည်ကို တွေ့ရသည်။ ကွမ်တာသည် မသိဟန်ဆောင်ကာ ငြိမ်သက်စွာလဲလျောင်းနေသည်။ တိုးဘော့များသည် လူစုခွဲကာ နေရာယူလျက်ရှိကြ၏။ အချို့တိုးဘော့များသည် ကြာပွတ်များနှင့် သေနတ်များ ကိုင်ထားကြသည်။ သံကြိုးချင်းထိသံ ပွတ်သံများကိုလည်း ကြားနေရသည်။ လေးလံသောအရာဝတ္ထုတစ်ခုခုကို ကြမ်းပေါ်၌ တရွတ်တိုက်ဆွဲသွားနေသံများလည်း ကြားရသည်။ ထို့နောက် ကွမ်တာ၏ ညာဘက်ခြေချင်းဝတ်မှသံကြိုးကို လာ၍ဖြုတ်နေသည်။ ဘာအတွက်လဲ။ ကြောက်စရာဖြစ်ရပ်တစ်ခုနှင့် ထပ်မံရင်ဆိုင်ရဦးမှာလား။ သူ့ညာခြေချင်းဝတ်၌ အမြဲရှိနေသည့် အလေးချိန်သည် ချက်ချင်းပေါ့သွားသည်။ သူ့ဘေးပတ်ပတ်လည်မှ သံကြိုးဖြုတ်သံများ၊ တိုးဘော့များ၏ အော်သံများနှင့် ကြာပွတ်သံများ ထွက်ပေါ်လာသည်။ သူတို့အား အထပ်ခိုးစင်ပေါ်မှ ဆင်းခိုင်းနေခြင်းဖြစ်၏။ မည်သူမျှ ရုတ်တရက်မဆင်းရဲကြ။ နောက်သို့ဆုတ်ကာ ကိုယ်ခန္ဓာများကိုကျုံ့၍ ပုနေကြသည်။

ကြာပွတ်သံများ တရွမ်းရွမ်းပေါ်လာသည်။ နာကျင်လွန်း၍ အော်ဟစ်နေကြသည့် အသံများ ပွက်လောရိုက်နေသည်။ ကွမ်တာနှင့် သူ့ဘေးမှ ဝိုးလော့ဖ်လူမျိုးတို့၏ ကိုယ်များပေါ်သို့ ကြာပွတ်ရိုက်ချက်များ အဆက်မပြတ်ကျလာသည်။ ထို့နောက် သူတို့ခြေချင်းဝတ်များအား လက်များက လာ၍ဆုပ်ကိုင်ကာ စင်ပေါ်မှ တရွတ်တိုက်ဆွဲချခြင်းခံရသည်။ ကြမ်းပြင်ပေါ်မှ ချေးများနှင့် သေးများသည် သူတို့၏ကိုယ်တွင် ကပ်ငြိပြီး လိုက်ပါလာကြသည်၊ အောက်သို့ရောက်၍ ရပ်မိသည်နှင့်တစ်ပြိုင်နက် ကုန်းပတ်ဆီသို့ထွက်သည့် တံခါးပေါက်ဆီသို့ ဆွဲခေါ်သွားသည်။ ယခုမှပင် ကွမ်တာ သတိထားမိ၏။ သူတို့လူစုအား နှစ်ယောက်တစ်တွဲ လက်ထိတ်ခတ်ထားခြင်းဖြစ်သည်။ သူနှင့်တွဲ၍ လက်ထိတ်ခတ်ထားသူမှာ ဝိုးလော့ဖ်လူမျိုးဖြစ်သည်။ သူတို့အား ဘာကြောင့်ခေါ်သည်ကို မသိရသော ကွမ်တာတို့လူစုသည် ပြင်းထန်စွာ ထိတ်လန့်လျက်ရှိကြသည်။ သူတို့အား သတ်မစားရန် တစ်ခုတည်းကိုသာ တတွတ်တွတ်ပြော၍ တောင်းပန်နေကြသည်။

နေ့အလင်းရောင်ကို မမြင်ခဲ့ရသည်မှာ ဆယ့်ငါးရက်နီးပါးမျှ ရှိခဲ့ပြီဖြစ်သော ကွမ်တာသည် နေရောင်ကိုမြင်လိုက်သည့်အခါ မခံမရပ်နိုင်ဖြစ်သွားသည်။ လွတ်လပ်နေသော လက်ဖြင့် မျက်လုံးများကိုကာပြီး နောက်သို့ဆုတ်လိုက်မိသည်။ တငြိမ့်ငြိမ့်လှုပ်နေသော ကုန်းပတ်ပေါ်တွင် သူ့ခန္ဓာကိုယ်သည် မသိမသာယိမ်းထိုးလှုပ်ရှားလျက်ရှိသည်။ သူသည် ခြောက်သွေ့ကွဲအက်နေသော နှုတ်ခမ်းများကိုဟကာ ပင်လယ်လေကို ရှူရှိုက်ရခြင်းဖြစ်၏။ ထို့နောက် သူရော သူ့အဖော် ဝိုးလော့ဖ်လူမျိုးပါ ပျို့၍ ပျို့၍ တက်လာပြီး ဝေ့ါခနဲ အန်ချလိုက်သည်။ သူ့နားများသည် အော့အန်သံများ၊ သံကြိုးချင်းထိသံများ၊ ကြာပွတ်သံများ၊ စူးစူးဝါးဝါး အော်သံများနှင့် တိုးဘော့၏ ဆဲဆိုကြိမ်းမောင်းသံများ ကြားနေရ၏။

ကြာပွတ်တစ်ချောင်းသည် ကွမ်တာ၏ကျောပေါ်သို့ ဖြန်းခနဲကျလာသည်။ သူ့ကျောသည် ကော့တက်သွားပြီ လူတစ်ကိုယ်လုံး ဘေးတစ်ဖက်သို့ ယိုင်သွားသည်။ သူ့အဖော် ဝိုးလော့ဖ်မှာလည်း သူ့လိုပင်အရိုက်ခံရသည်ကို ရိပ်ခနဲမြင်လိုက်ရသည်။ အဆက်မပြတ်ကျလာနေသည့် ရိုက်ချက်များမှလွတ်အောင် ရှောင်လိုသဖြင့် မော့ကြည့်မိသည်။ ထိုအခါကျမှပင် တိုးဘော့တွေအများကြီးရှိနေသည်ကို သူ မြင်ရ၏။ တောက်ပနေသော နေရောင်အောက်တွင် သူတို့အသားအရောင်များသည် ပို၍ပင် ဖြူဖပ်ဖြူရော်နိုင်လှသည်။ သူတို့အင်္ကျီများသည် ပို၍ကြောက်စရာကောင်းနေသည်။ အချို့မှာပိန်ပိန်၊ အချို့မှာဝဝ၊ အချို့ကတော့ ဓားဒဏ်ရာအမာရွတ်များကြောင့် အရုပ်ဆိုးဆိုး။ အချို့မှာ လက်တစ်ဖက်မရှိ၊ မျက်လုံးတစ်လုံးမရှိ။ သူတို့ထဲမှအများစုသည် သွားအနည်းငယ်မျှသာ ရှိသည်။ မိမိတို့အားဖမ်းဆီးလာစဉ်က မိမိတို့၏သွားများကို ရေတွက်စစ်ဆေးကြည့်ခြင်းသည် ဤအကြောင်းကြောင့်ဖြစ်မည်ဟု ကွမ်တာက တွေးမိသည်။

တိုးဘော့အများစုသည် ကြာပွတ်များ၊ ဓားရှည်ကြီးများနှင့် သတ္တုတုတ်ကြီးများကို ကိုင်ထားကြသည်။ သူတို့၏နောက်ဘက်မှမြင်ကွင်းသည် ကွမ်တာအဖို့ အံ့သြစရာတစ်ခု ဖြစ်နေသည်။ မယုံကြည်နိုင်လောက်အောင် အဆုံးအစမရှိကျယ်ပြန့်သည့် အပြာရောင် ရေပြင်ကြီး။ သူ့ခေါင်းအထက်ဘက်မှ တဖျပ်ဖျပ်ရိုက်ခတ်နေသံများ ကြားရသဖြင့် မော့ကြည့်သည်။ ဝါးတိုင်ကြီးများတွင် ကြိုးများဖြင့် ချည်နှောင်ထားသည့် အဝတ်ဖြူစကြီးဆီမှ ထွက်လာနေသည့် အသံများဖြစ်သည်။ မှန်မှန်တိုက်ခတ်လျက်ရှိသော လေအရှိန်ကြောင့် အဝတ်ဖြူစကြီးများသည် ဖောင်းလိုက် ပိန်လိုက်ဖြစ်ကာ တလှုပ်လှုပ်ခါယမ်းနေကြလေသည်။

တိုးဘော့များက ကွမ်တာတို့၏ ခြေချင်းဝတ်များမှ ခြေထိတ်များအား သံကြိုးအသစ်များဖြင့် ခတ်သည်။ ကွမ်တာသည် သူ့ဘေးမှအဖော် ဝိုးလော့ဖ်အား ယခုမှပင် အသေအချာကြည့်မိသည်။ ထိုလူမှာလည်း သူ့လိုပင် ဦးခေါင်းမှ ခြေဖျားအထိ ချေး

အလှူးလှူး သေးအလှူးလှူးဖြစ်လျက်ရှိသည်ကိုတွေ့ရ၏။ အသက်အရွယ်မှာ ကွမ်တာ့အဖေ အိုမိုရှိနှင့်ရွယ်တူလောက်ရှိလိမ့်မည်။ မျက်နှာအနေအထားသည် ဝိုးလော့ဖ်လူမျိုးတစ်ယောက်ဖြစ်ကြောင်း မြင်ရုံနှင့်သိသာနိုင်သည်။ အသားကတော့ မည်းနက်လွန်းလှ၏။ ဝိုးလော့ဖ်၏ကျောပြင်တွင် သွေးများယိုစီးလျက်ရှိသည်။ သံပူဖြင့်ကပ်ထားသော တံဆိပ်များမှ ထွက်ကျလာနေခြင်းဖြစ်၏။ ဝိုးလော့ဖ်နှင့် သူသည် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆိုင်၍ ကြည့်မိကြသည်။ ဝိုးလော့ဖ်၏မျက်နှာတွင် သူ့အားကြည့်ပြီး အံ့အားသင့်သွားသည့်အရိပ်လက္ခဏာများ ထင်ဟပ်နေသည်။ တိုးဘော့များအလုပ်ရှုပ်နေခိုက် ကွမ်တာနှင့် သူ့အဖော်သည် ဘေးမှလူများကို ကြည့်ရှုလေ့လာခွင့်ရကြသည်။ မျက်နှာပုံပန်းများ၊ ထိုးကွင်းမင်ကြောင်များနှင့် အရေပြားပေါ်မှ ဓလေ့ထုံးစံအမှတ်အသားများကိုကြည့်၍ မည်သည့်လူမျိုးစုများဖြစ်သည်ကို ကွမ်တာ အတိအကျပြောနိုင်သည်။ အချို့မှာ ဖောင်းလားများဖြစ်၍ အချို့မှာ ဂျိုလာများဖြစ်သည်။ ဆိရီးရီးနှင့် ဝိုးလော့ဖ်လူမျိုးစုများလည်း ပါဝင်သည်။ အများစုမှာ မန်ဒင်ကာများဖြစ်၏။ အရေအတွက် အနည်းငယ်ကိုတော့ သူ တိတိကျကျ ခွဲခြား၍မရ။ ကျွန်ထိန်းအား သတ်ပစ်သူဟုယူဆသော လူတစ်ဦးကိုလည်း သူမြင်သည်။ ရိုက်နှက်ထားသည့်ဒဏ်ရာများမှ သွေးများသည် သူ့တစ်ကိုယ်လုံးတွင် ကပ်နေဆဲ။ ထိုလူသည် ဖောင်းလားလူမျိုးတစ်ဦးပေတည်း။

သံကြိုးများနှင့် ဆက်ပေးအပြီးတွင် တိုးဘော့များက ကွမ်တာတို့အား တွန်းထိုးရိုက်နှက်ကာ တစ်နေရာတွင် ထိုင်ခိုင်းသည်။ ထို့နောက် ပင်လယ်ရေကို ပုံးများဖြင့်ခပ်ကာ သူတို့အား လောင်းပေးသည်။ လက်ကိုင်ရိုးအရှည်ကြီးတပ်ထားသည့် ဘရပ်ရှ်များဖြင့် တစ်ကိုယ်လုံးကို တိုက်ပေးသည်။ ဆားရေပက်ထားခြင်းခံရ၍ တီကောင် ဆားနှင့်အတို့ခံရသလိုဖြစ်နေသော လူများသည် ဘရပ်ရှ်များနှင့် ပွတ်တိုက်ပေးခြင်းကို ခံရသည့်အခါ ထွန့်ထွန့်လူးနေကြသည်။ ကိုယ်ပေါ်ရှိအနာများသည် ပဲ့ရဲ့ကုန်ကြသည်။ ကွမ်တာအပါဝင် လူအားလုံးသည် ငယ်သံပါအောင်အော်ကြသည်။ ကွမ်တာ့အနေဖြင့် အော်သံများထဲတွင် သူ့အသံသည် အကျယ်ဆုံးဟုပင်ထင်မိ၏။ ထို့နောက် ကွမ်တာတို့လူစုအား ကုန်းပတ်ပေါ်သို့ပို့သည်။ ကွမ်တာသည် မျောက်များသဖွယ် ဝါးတိုင်ကြီးများကို ဖက်တက်နေကြသော တိုးဘော့များအား မော့မကြည့်ဘဲမနေနိုင်။ နေပူရှိန်သည် နွေးနွေးထွေးထွေးရှိလှသည်။ ကြောက်လန့်နေသည့်ကြားမှပင် ကွမ်တာသည် မိမိကိုယ်ပေါ်မှ အညစ်အကြေးများ ကင်းစင်သွားသည့်အတွက် များစွာစိတ်သက်သာရာရလျက်ရှိလေသည်။

ထိုအခိုက်မှာပင် သူတို့နောက်ဘက်မှ အော်ဟစ်ငိုယိုသံများကြားရသည်။ အမျိုးသမီး နှစ်ဆယ်ခန့်နှင့် ကလေးလေးယောက်အား ခေါ်လာကြလေပြီ။ မိန်းမအားလုံးကိုယ်လုံးတီးဖြစ်၏။ သူတို့ရှေ့မှ ကြာပွတ်ကိုင် တိုးဘော့နှစ်ယောက်သည် ပြုံးဖြီးဖြီး။

မိန်းမအများစုသည် ဆယ်ကျော်သက်အရွယ်များဖြစ်သည်။ သူနှင့်တစ်တွဲတည်း သင်္ဘောပေါ်သို့တင်လာခဲ့သော မိန်းကလေးများကို ကွမ်တာကောင်းစွာမှတ်မိနေသည်။ မိန်းကလေးများအား စားမတတ် ဝါးမတတ်ကြည့်ကာ အငမ်းမရဖြစ်နေကြသော တိုးဘော့များကို မြင်တွေ့နေရသည့် ကွမ်တာသည် ဒေါသပုန်ထလျက်ရှိသည်။ သူသည် လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ မျက်နှာကို မိန်းမများဘက်မကြည့်တော့ဘဲ တခြားတစ်ဖက်သို့ လွှဲထားလိုက်သည်။

ထို့နောက် ရွက်သင်္ဘောလက်ရန်းအနီးမှ တိုးဘော့သည် ထူးဆန်းသော ပစ္စည်းတစ်ခုကိုထုတ်၍ သူ့လက်နှစ်ဖက်ကြား၌ ညှပ်လိုက်သည်ကိုတွေ့ရ၏။ ချက်ချင်းပင် ထိုအရာဝတ္ထုဆီမှ တရှိုးရှိုးမြည်သံများထွက်လာသည်။ နောက်တစ်ဦးက အာဖရိကဗုံတစ်လုံးကို တီးသည်။ ကျန်တိုးဘော့များက ကွမ်တာတို့ဘေး၌ ဝင်၍ရပ်ကြသည်။ သူတို့တစ်ဦးချင်းစီ၏လက်ထဲတွင် ကိုင်ထားသည့် ကြိုးများကို ကွင်းလျှော့လုပ်၍ခြေတစ်ဖက်တွင် စွပ်လိုက်ကာ ဗုံသံနှင့် စည်းချက်ကျအောင် ခုန်ကြသည်။ ခဏအကြာတွင် လက်နက်ကိုင် တိုးဘော့များက ကွမ်တာတို့အား အခုန်ခိုင်းသည်။ ကွမ်တာတို့လူစုက မခုန်။ တိုးဘော့များ၏ ပြုံးကျဲကျဲမျက်နှာများသည် ချက်ချင်းတည်သွားကာ မျက်မှောင်ကြုတ်လာကြသည်။ လက်တွင်းမှ ကြာပွတ်များကို အသင့်ပြင်ကြသည်။

'ခုန်ကြဟေ့'

အသက်အတော်ကြီးသောမိန်းမကြီးက မန်ဒင်ကာဘာသာစကားဖြင့် အော်သည်။ ကွမ်တာ၏မိခင် ဘင်တာ့အသက်အရွယ်ခန့်ရှိပြီဖြစ်သော မိန်းမကြီးသည် သူကိုယ်တိုင်စ၍ ခုန်သည်။ ပါးစပ်မှလည်း 'ခုန်ကြ'ဟု ထပ်အော်သည်။ 'တိုးဘော့တွေကို သတ်ဖို့ခုန်ကြ'ဟူသော မိန်းမကြီး၏ အော်သံသည် ထပ်တလဲလဲထွက်ပေါ်လာသည်။ မိန်းမကြီးခုန်နေပုံမှာ မန်ဒင်ကာ့စစ်သည်တော်အကမှ ခုန်ပေါက်နေပုံမျိုးဖြစ်သည်။ ကျန်လူစုသည် ရှိသမျှခွန်အားကိုထုတ်၍ ခုန်လာကြသည်။ ကွမ်တာကိုယ်တိုင်လည်း အများနှင့်ရောစ၍ ခုန်ပေါက်နေမိပြီဖြစ်၏။ ထို့နောက် မိန်းမများ၏ သီချင်းဆိုသံများကြားရသည်။ အသံများသည် သာယာနာပျော်ဖွယ်ကောင်းပါ၏။ သို့သော် စာသားများကတော့ ဝမ်းနည်းကြေကွဲဖို့ကောင်းသည်။ ညညကျလျှင် တိုးဘော့များက မိန်းမတိုင်းအား ရွက်သင်္ဘော၏ ချောင်ကောင်းကောင်း အမှောင်ထုအတွင်းသို့ဆွဲခေါ်သွားကာ မတော်မတရားပြုကြကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့သီဆိုနေကြခြင်းဖြစ်၏။

'တိုးဘော့ဖာ၊ တိုးဘော့တွေကို သတ်ကြ'

မိန်းမများ၏ အော်သံများသည် ပွဲတင်ထပ်နေသည်။ ယောကျာ်းများကလည်း ဒိုက်၍အော်ကြသည်။ 'တိုးဘော့ဖာ'။ ဘေးမှ တိုးဘော့များသည် စပ်ဖြဲဖြဲ ဖြစ်လာကြသည်။ အချို့က အများနှင့်ရောစ၍ လက်ခုပ်တီးကြသည်။

မြန်မာ စာအုပ်များ

ခုန်ပေါက်နေသော ကွမ်တာသည် ဆံပင်ဖြူဖြူအရပ်ပုပု တိုးဘော့နှင့် ဓားဒဏ်ရာ မျက်နှာပိုင်ရှင် ကိုယ်လုံးတုတ်တုတ် တိုးဘော့တို့ကို လှမ်းမြင်သည်။ သူတို့နှစ်ယောက်သည် ကွမ်တာတို့ထံ လျှောက်လာနေကြသည်။ မကြာခင် အခြားလူများကပါ သူတို့နှစ်ယောက်ကို မြင်သွားကြသည်။ မီးကို ရေနှင့် သတ်လိုက်သည့်နှယ် ချက်ချင်းငြိမ်သွားသည်။ အပေါ်ဘက်မှ အဝတ်ဖြူစကြီးများ ရိုက်ခတ်နေသည့်အသံမှတစ်ပါး ဘာသံမှမကြားရ။ ကွမ်တာတို့နှင့်အတူရောရှဲ ရပ်နေကြသော တိုးဘော့များပင် သူတို့နှစ်ယောက်ကိုမြင်သည့်အခါ ငြိမ်သက်သွားကြသည်။

ကိုယ်လုံးတုတ်တုတ် တိုးဘော့က အလွန်ကြမ်းတမ်းသောအသံဖြင့် တစ်ချက်မျှ အော်လိုက်ပြီး အခြားတိုးဘော့များကို မောင်းထုတ်သည်။ သူ့ခါးပတ်တွင်ချိတ်ထားသည့် အရောင်တလက်လက်ထွက်နေသော သံချောင်းများသည် သူတို့အား ခတ်ထားသည့် ခြေထိတ်လက်ထိတ်များကို ဖွင့်နိုင်ကြောင်း ကွမ်တာသိထားသည်။ ထို့နောက် ဆံပင်ဖြူဖြူတိုးဘော့သည် ကွမ်တာတို့လူစု၏ ကိုယ်ခန္ဓာများကို စေ့စေ့စပ်စပ်လိုက်ကြည့်သည်။ အနာတစ်ခုခုတွေ့သည့်အခါ ကိုယ်လုံးတုတ်တုတ် တိုးဘော့က လှမ်းပေးသည့် သံဘူးထဲမှ အဆီများနှင့် လိမ်းပေးသည်။ ကိုယ်လုံးတုတ်တုတ်က အဝါရောင်အမှုန့်များ ဖြူးပေးသည်။ ကွမ်တာ့ရှေ့သို့ သူတို့နှစ်ဦးရောက်လာသောအခါ ကွမ်တာသည် ကြောက်စိတ်ဖြင့် နောက်တွန့် သွားသည်။ သို့သော်လည်း သူတို့ကတော့ ကွမ်တာအား လုံးဝ မှတ်မိပုံမရ။ ကွမ်တာ့ကိုယ်ပေါ်မှ အနာများကို အဆီသုတ်သူက သုတ်ပေးပြီး အမှုန့်ဖြူးသူက ဖြူးပေးကာ ထွက်ခွာသွားကြလေသည်။

ထိုအခိုက်မှာပင် ဖြန်းခနဲ အော်ဟစ်သံများ ပေါ်ထွက်လာသည်။ ကွမ်တာနှင့် အတူပါလာသော မိန်းကလေးအုပ်စုထဲမှတစ်ဦးသည် အစောင့်များကြားမှ လွတ်ထွက်သွားသည်။ နောက်မှ ဝိုင်းလိုက်ကြသူများမရောက်ခင် ရွက်သင်္ဘောလက်ရန်းကို ကျော်ဆင်းကာ ရေထဲသို့ ခုန်ချသွားခဲ့လေပြီ။

အပေါ်ဘက် အဝတ်ဖြူများကြားမှ တိုးဘော့၏အော်သံကြားရသည်။ သူသည် ရေပြင်ဆီသို့ လက်ညှိုးထိုးပြကာ အော်ပြောနေခြင်းဖြစ်၏။ အားလုံးက သူညွှန်ပြရာ ဘက်သို့ လှမ်းမျှော်ကြည့်ကြသည်။ မိန်းကလေးသည် လှိုင်းလုံးကြီးများကြား၌ မြုပ်ချည်ပေါ်ချည်ဖြစ်လျက်ရှိသည်။ သူ့နှင့်မလှမ်းမကမ်းမှနေ၍ သူ့ဆီသို့ ဦးတည်ရွေ့လျားနေသော ငါးဆူးတောင်မည်းမည်းကြီးကို မြင်ကြရသည်။ ထို့နောက် ရေပွက်သံများနှင့် ရိုက်ခတ်သံများ။ စူးစူးဝါးဝါးအော်သံတစ်ချက် ထွက်လာသည်။ မိန်းကလေးသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ ရေပြင်ထက်တွင် ရဲရဲနီနေသောသွေးများ။

ကွမ်တာတို့လူစုအား အောက်ထပ်သို့ပြန်ပို့သည်။ အော်သံဟစ်သံ ရိုက်သံနှက်သံများ မကြားရ။ ပထမဆုံးအကြိမ် ကြာပွတ်သံများ မကြားရခြင်းဖြစ်သည်။ ကွမ်တာ၏

ခေါင်းသည် မူးနောက်ရီဝေလျက်ရှိ၏။ သမုဒ္ဒရာဘက်ရှိ သန့်စင်လတ်ဆတ်သောလေကို ရှူပြီးခါမှပင် အခန်းထဲမှအနံ့ဆိုးများ၏ဒဏ်ကို လုံးဝမခံနိုင်သည့်အဖြစ်နှင့် ကြုံတွေ့နေရလေပြီ။ နေ့အလင်းရောင်ကိုမြင်ပြီးခါမှပင် အခန်းထဲမှအမှောင်သည် ပို၍မှောင်နေသည်ဟု ထင်မိသည်။ မကြာခင် ဆူဆူညံညံအသံများ ကြားရသည်။ တိုးဘော့များသည် အောက်ထပ်မှလူများအား ကုန်းပတ်ပေါ်သို့ တင်နေကြပြန်လေပြီ။

ခဏအကြာတွင် သူ့ညာဘက်နားထဲသို့ တီးတိုးအသံတစ်သံဝင်လာသည်။ 'ဂျူလာ' ကွမ်တာ့ရင်သည် ထိတ်ခနဲဖြစ်သွားသည်။ သူသည် ဝိုးလော့ဖ်လူမျိုးဘာသာစကားကို သိပ်နားလည်သည်မဟုတ်။ သို့သော်လည်း ဝိုးလော့ဖ်နှင့်အခြားလူမျိုးများက မန်ဒင်ကာ ခရီးသွားများနှင့် ကုန်သည်များအား 'ဂျူလာ'ဟု ခေါ်လေ့ရှိကြောင်း သိနေသည်။ ကွမ်တာက သူ့ဦးခေါင်းကို ဝိုးလော့ဖ်ဘက်ကပ်ကာ တိုးတိုးပြန်ပြောသည်။

'ဂျူလာ၊ မန်ဒင်ကာ'

'ဝိုးလော့ဖ်၊ ဂျိုဘောင်းမန်ဂါး'ဟု ဝိုးလော့ဖ်က တိုးတိုးရေရွတ်သည်။ သူ့နာမည်ကို ပြောခြင်းဖြစ်ကြောင်း ကွမ်တာနားလည်လိုက်၏။

'ကွမ်တာကင်တီ'ဟု ကွမ်တာကလည်း သူ့နာမည်ကို ပြန်ပြောသည်။

သူတို့နှစ်ယောက်သည် မကြာခဏ တီးတိုးပြောကြသည်။ ကိုယ့်ဘာသာစကားနှင့်ကိုယ် ပြောကြခြင်းဖြစ်၏။ ကြာတော့လည်း သူ့စကား ကိုယ့်စကား တစ်လုံးစ နှစ်လုံးစ နားလည်လာသည်။ ပြောတတ်ဆိုတတ် ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် နှစ်ယောက်သား စကားမပြောဘဲ ငြိမ်နေတတ်သည်။ ထိုအခါမျိုးတွင် ကွမ်တာသည် ဝိုးလော့ဖ်ထံမှကြားခဲ့ရသည့် စကားလုံးများကို စိတ်ထဲမှကျက်မှတ်နေသည်မှာ သိသာသည်။ တစ်ခါတစ်ရံတွင်မူ ကွမ်တာသည် သူ၏ဘေးတစ်ဖက်မှလူ၏ လှုပ်ရှားမှုနှင့် ပြောင်းလဲမှုကို သတိပြုမိသည်။ ထိုလူသည် သူရထားသည့်ဒဏ်ရာများက နာကျင်သဖြင့် အချိန်ရှိသမျှ ညည်းညူနေသူဖြစ်သည်။ သို့သော်လည်း ယခုအခါတွင်မူ လုံးဝညည်းညူခြင်းမပြုတော့ဘဲ သူနှင့် ဝိုးလော့ဖ်တို့၏စကားပြောသံကို နားစွင့်နေတတ်သည်။ နေ့အလင်းရောင်အောက်တွင် လူချင်းတစ်ခဏမျှမြင်ဖူးတွေ့ဖူးလိုက်ရသည့်အတွက် အခန်းထဲ၌ ပြောင်းလဲမှုရှိလာသည်မှာ အမှန်ပင်ဖြစ်၏။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်လုပ်ဖို့ ကြိုးစားနေကြသူများမှာ မိမိတို့နှစ်ဦးတည်းသာမဟုတ်။ နေရာအနှံ့အပြားမှ တီးတိုးစကားပြောသံများ ကြားနေရသည်ကို ထောက်ခြင်းအားဖြင့် အခန်းထဲရှိ လူအားလုံးလိုလို တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုနေကြသည်မှာ ထင်ရှားနေသည်။ အစာကျွေးရန်နှင့် သန့်ရှင်းရေးလုပ်ရန်အတွက် တိုးဘော့များ ဆင်းလာသည့်အခါတွင်မူ အခန်းထဲရှိလူအားလုံးသည် ကြိုတင်တိုင်ပင်မထားဘဲ ငြိမ်ဆိတ်နေကြသည်။ သူတို့အား ဖမ်းဆီးတုပ်နှောင်ခြင်းခံရပြီးသည့်နောက်ပိုင်းတွင် သူတို့လူစုကြား၌ ပထမဆုံးအကြိမ်

မြန်မာ စာအုပ်များ

အသိစိတ်ဓာတ်အသစ်တစ်ခု ဝင်ရောက်လာသည်။ ယင်းအသိစိတ်ဓာတ်မှာ မိမိတို့အားလုံး ဘဝတူများဖြစ်သည်ဟူသော အသိပေတည်း။

[၃၇]

အောက်ထပ်မှ လူများအား နောက်တစ်ကြိမ် သင်္ဘောကုန်းပတ်ပေါ်သို့ တင်သည့်အခါ ကွမ်တာသည် သူ့နောက်မှရပ်နေသူအား ဂရုစိုက်ကြည့်မိသည်။ ထိုလူမှာ အောက်ထပ်၌ နေကြသည့်အခါ သူ့ဘယ်ဘက်ဘေးမှလူဖြစ်သည်။ ထိုလူသည် ဆီရီးရီးလူမျိုးဖြစ်၍ ကွမ်တာထက် အသက်များစွာကြီးသည်။ သူ့တစ်ကိုယ်လုံး အထူးသဖြင့် ရင်ဘတ်နှင့် ကျောတို့တွင် ကြာပွတ်ရာများ ထပ်ထပ်ကြမ်းလျက်ရှိ၏။ ကြာပွတ်ရာများသည် နက်လွန်းလှသဖြင့် ကြောက်စရာပင်ကောင်းသည်။ သူ၏ညည်းသံကြားတိုင်း ကွမ်တာသည် သည်းမခံနိုင်ဖြစ်ခဲ့ရ၏။ ထ၍ထုထောင်းပစ်ချင်သောစိတ် အမြဲလိုလိုပေါ်ခဲ့၏။ ယခုလို သူ့ကိုယ်ပေါ်မှ ဒဏ်ရာများကို စေ့စေ့စပ်စပ်ကြည့်မိသောအခါတွင်မူ ကွမ်တာ စိတ်မကောင်းဖြစ်မိသည်။ ထိုလူနှင့် ကွမ်တာသည် ပထမဆုံးအကြိမ် မျက်လုံးချင်းဆိုင်မိကြ၏။ ထိုလူ၏မျက်လုံးအစုံတွင် ဒေါသခိုးများနှင့် ရန်ပြုလိုသောအရိပ်အငွေ့များ ထင်ဟပ်နေသည်ကို တွေ့မြင်ရသည်။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေခိုက်မှာပင် ကြာပွတ်သည် ကွမ်တာ၏ကျောပေါ်သို့ကျလာသည်။ ရိုက်ချက်က ပြင်းထန်လွန်းသဖြင့် ကွမ်တာ ဒူးထောက်လျက်လဲကျသည်။ လဲကျသည့်အခါတွင်လည်း သူ့ကိုယ်သူမထိန်းနိုင်ဖြစ်ကာ သူ့အားရိုက်လိုက်သည့် တိုးဘော့ဘက်သို့ လဲကျသွားခြင်းဖြစ်၏။ သူလဲကျသောအခါ သူနှင့် သံကြိုးတွဲချည်ထားခြင်းခံရသူ ဝိုးလော့ဖ်အမျိုးသားမှာလည်း သူနှင့်တစ်ပါတည်း လဲကျကာ သူ့နောက်မှ တရွတ်သိထိုးပါလာသည်။ တိုးဘော့က သူတို့နှင့်မထိမိအောင် နောက်သို့ခုန်ရှောင်လိုက်သည်။ တိုးဘော့က မုန်းတီးစက်ဆုပ်သောမျက်နှာထားဖြင့် ကြည့်လိုက်ပြီး ကွမ်တာတို့နှစ်ယောက်အား အဆက်မပြတ် ကြာပွတ်နှင့် လွှဲ၍လွှဲ၍ ရိုက်သည်။ ဒဏ်ရာများသည် စားနှင့်ထိုးခွဲလိုက်သည့်ဒဏ်ရာများနှင့် တူလှ၏။ ကွမ်တာသည် ကြာပွတ်ရိုက်ချက်များမှ လွတ်စေရန် လိမ့်၍ရှောင်သည်။ ထိုအခါ တိုးဘော့က သူ့ရင်ဘတ်နှင့် နံကြားများကို ခြေထောက်နှင့် ဆောင့်၍ဆောင့်၍ ကန်သည်။ ဤကြားထဲမှပင် သူနှင့် သူ့အဖော် ဝိုးလော့ဖ်သည် လဲနေရာမှ အတင်းကြိုး၍ ရုန်း၍ မတ်တတ်ရပ်ကြရသည်။

နောက်တစ်ခဏမျှအကြာတွင် ကွမ်တာ၏ကိုယ်ပေါ်သို့ ပင်လယ်ရေဖြင့် အလောင်းခံရသည်။ ကွဲအက်နေသည့် ဒဏ်ရာများမှ စပ်လွန်းအားကြီးသဖြင့် ထွန့်ထွန့်လူးမျှ

မြန်မာ စာအုပ်များ

ခံရသည်။ ငယ်သံပါအောင်အော်လိုက်သော ကွမ်တာ့အသံသည် အခြားလူများ၏ အော်သံများနှင့် ရောသွားသည်။ ထို့နောက် ယခင်တစ်ကြိမ်ကလိုပင် ခုန်နိုင်းပြန်သည်။ လောလောဆယ် အပြင်းအထန်အရိုက်ခံထားရသည့် ကွမ်တာနှင့် ဝိုးလော့ဖ်တို့မှာ ကောင်းကောင်းမခုန်နိုင်။ နှစ်ကြိမ်တိတိ ရွှမ်းထိုးမှောက်ခုန်လဲကျသည်။ လဲကျတိုင်း ကြာပွတ်များနှင့် ဝိုင်းရိုက်သည်။ ခြေထောက်များနှင့် ဝိုင်းကန်သည်။ ထို့နေ့က သူ့နေရာသို့ ပြန်ရောက်လာသောအခါ ကွမ်တာ့ရင်သည် တိုးဘော့များအား သတ်ဖြတ်ချင်စိတ်ဖြင့် လှိုင်းတံပိုးထလျက်ရှိလေ၏။

နောက်ဆုံးတစ်ကြိမ် ကုန်းပတ်ပေါ်ရောက်ခဲ့စဉ်က ကွမ်တာသည် ခြေထောက်မှ အနာကြီး ရင်းနေသဖြင့် ခြေထော့နင်းထော့နင်းဖြစ်နေသော လူတစ်ယောက်ကို မြင်ခဲ့ဖူးသည်။ အကြီးအကဲတိုးဘော့က သူ့လိမ်းပေးနေကျအဆီများ လိမ်းပေးသည်။ သို့သော် အနာကမသက်သာ။ နောက်တစ်ကြိမ် ထပ်၍ဆုံမိသောအခါ ထိုလူ၏အနာကြီးသည် ညိုမည်းကာ အပုပ်နံ့ပင်ထွက်နေသည်ကိုတွေ့ရ၏။ ဤတစ်ကြိမ်တွင်မူ သူ့အား ကွမ်တာတို့နှင့် ပြန်မထည့်လိုက်တော့ဘဲ ကုန်းပတ်ပေါ်ထားခဲ့သည်။ နောက်ရက်အနည်းငယ်ကြာသောအခါ အမျိုးသမီးများသီဆိုသည့်သီချင်းက ထိုလူ၏ခြေထောက်ကို ဖြတ်ပစ်ပြီး ပြုစုပေးဖို့ မိန်းမတစ်ယောက်ကို တာဝန်ချခဲ့ကြောင်း၊ သို့သော် ထိုလူသည် ထိုညမှာပင် သေဆုံးသွားသဖြင့် ပင်လယ်ထဲသို့ ပစ်ချလိုက်ပြီဖြစ်ကြောင်း ပြောပြသည်။ ထိုနေ့မှစ၍ သန့်ရှင်းရေးလုပ်သော တိုးဘော့များသည် ဆေးရည်တစ်မျိုး ဖျန်းပေးသွားတတ်သည်။ သို့သော်လည်း ထိုဆေးနံ့သည် အခန်းထဲ၌ တစ်ခဏမျှသာ တည်ရှိသည်။ ဖျန်းသွားပြီးနောက် အချိန်အနည်းငယ်အတွင်းမှာပင် ချေးနံ့ သေးနံ့များ ပြန်၍လွှမ်းမိုးသွားပြန်လေသည်။

တိုးဘော့များမရှိခိုက် တီးတိုးစကားသံများသည် တစ်နေ့ထက်တစ်နေ့ တိုးတက်များပြားလာသည်။ ယခင်ကနှင့်စာလျှင် အချင်းချင်းဆက်သွယ်မှု အခြေအနေသည် များစွာကောင်းမွန်လာသည်။ အကယ်၍ နီးနီးကပ်ကပ်နေရသည့်လူချင်း ပြောလိုက်သောစကားများကို နားမလည်ပါက နားလည်သောသူထံ ရောက်သည်အထိ တစ်ဆင့်ပြီး တစ်ဆင့် တီးတိုးပြောပေးကြသည်။ ဤသို့ဖြင့် စကားလုံးသစ်များကို သိနားလည်လာကြသည်။ ယင်းကဲ့သို့ ဆက်သွယ်နေကြသည်ကို တိုးဘော့များမသိအောင် ဖုံးထားကြသည်။ ခင်မင်ရင်းနှီးမှုမှတစ်ဆင့် ရဲဘော်ရဲဘက်စိတ်ဝင်လာသည်။ လူမျိုးမတူ ဒေသမတူသူများဖြစ်သော်လည်း နိုင်မြဲသောသံယောဇဉ်ကြီးသည် သူတို့အား ရစ်ပတ်ထားသည်။

နောက်ထပ် ကုန်းပတ်ပေါ်ရောက်၍ ပြန်ဆင်းသည့်အခါများတွင်မူ ဘာသာစကားမျိုးစုံ ပြောတတ်သူများပါဝင်သော အတွဲများသည် တိုးဘော့များမသိအောင် နေရာချင်း

မြန်မာ စာအုပ်များ

လဲကြသည်။ ဤနည်းအားဖြင့် သူတို့သည် အချင်းချင်း ဆက်သွယ်ရာ၌ ယခင်ကထက် လွယ်ကူလာသည်။ သူတို့ဘာလုပ်နေကြသည်ကို တိုးဘော့များရိပ်မိပုံမပေါ်။

ထို့နောက် သူတို့ကြားတွင် မေးခွန်းများနှင့်အဖြေများ ထွက်ပေါ်လာသည်။ 'ငါတို့ကို ဘယ်ခေါ်သွားမှာလဲ'ဟူသော မေးခွန်းအတွက် 'တို့ကိုပြောပြနိုင်မယ့်လူတွေက ပြန်မှရောက်မလာဘဲ။ သူတို့အားလုံးကို သတ်စားပစ်လိုက်ပြီ'ဟူ သော အဖြေရသည်။ 'ငါတို့ ဒီအခန်းထဲရောက်နေတာ ဘယ်လောက်ကြာပြီ လဲ'ဟု တစ်ဦးက မေးသည်။ ထိုမေးခွန်းကို အပြင်မှ အလင်းရောင်ကလေး စိုးစဉ်းမျှဝင်နေသော အပေါက်နားမှ လူဆီသို့ရောက်အောင် တစ်ဆင့်ပြီးတစ်ဆင့်သယ်ယူသွားကြသည်။ ထိုအခါ ရွက်သင်္ဘော ကြီး ထွက်ခွာလာသည့်နေ့မှ ယနေ့အထိ ဆယ့်ရှစ်ရက်ရှိပြီဟု အဖြေရသည်။

အခန်းထဲတွင် တစ်နေကုန်နီးပါးမျှ မေးခွန်းများနှင့်အဖြေများရှိနေသည်။ တစ်နေ့ တွင် လူတစ်ယောက်က 'ဘာရာကွန်ဒါရွာကလူ ဒီအခန်းထဲမှာရှိသလား'ဟု မေးသည်။ ခဏအကြာတွင် တစ်ယောက်ပါးစပ်မှ တစ်ယောက်နားသို့ ဝမ်းသာအားရအဖြေပေးသံ ပြန်ကြားရသည်။ 'ကျွန်တော် ဂျာဘွန်ဆာလာဟာ ဘာရာကွန်ဒါရွာကပါ'

တစ်နေ့တွင် သူ့ဘေးမှ ဝိုးလော့ဖ်က တိုးတိုးကပ်ပြောသည်။ 'ဒီအခန်းထဲမှာ ဂျပ်ဖူရီရွာကလူရှိသလား'

ဝမ်းသာလွန်း၍ဖြင့် ကွမ်တာသည် ထခုန်မိတော့မလိုပင်ဖြစ်သွားသည်။ 'ရှိပါ တယ်၊ ကွမ်တာကင်တီပါ'ဟု ချက်ချင်းအဖြေပေးလိုက်၏။ တစ်ဖက်မှ ပြန်ရောက်လာ မည့်စကားကို ကွမ်တာ ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေရသည်။

'ဟုတ်ပြီ။ အဲဒီနာမည်ပဲ။ သူ့ရွာမှာ သူ့ရွာက ဝမ်းနည်းကြေကွဲနေကြတယ်။ ဗုံ တီးပြီး သတင်းကို လွှင့်နေကြတယ်'

ထိုစကားကိုကြားလိုက်ရသည့်အခါ ကွမ်တာ စိတ်မထိန်းနိုင်ဘဲ မျက်ရည်ကျမိ သည်။ ဦးခေါင်းနောက်သို့လန်ကျပြီး သေနေသော ကြက်ဖတစ်ကောင်အနီး၌ ဝိုင်းအုံ ထိုင်နေကြသည့် သူ့မိသားစုကို မြင်ယောင်လာသည်။ ဂျပ်ဖူရီရွာမှ ကွမ်တာကင်တီ ဟုခေါ်သော လူတစ်ယောက် ရာသက်ပန်ပြန်လာတော့မည်မဟုတ်ဟု ယူဆကြောင်း ဟူသော သတင်းကို ထုတ်လွှင့်နေသည့် ဗုံသံများ၊ ပြီးတော့ မနီးမဝေး၌ထိုင်၍ ငိုနေ ကြသည့် အိုမိုရို၊ ဘင်တာ၊ လာမင်း၊ ဆူဝါဒူးနှင့် မာဒီး။ ဤရုပ်လွှာများသည် သူ့ မျက်စိအာရုံတွင် ထင်ဟပ်လာသည်။

နေ့စဉ်ပြောဆိုနေကြသည့် စကားများထဲမှ မေးခွန်းများမေးတိုင်း အဖြေများ ရ လာစမြဲ ဖြစ်၏။

'ဒီလှေကြီးပေါ်က တိုးဘော့တွေကို ဘယ်လိုနည်းနဲ့တိုက်ခိုက်ပြီး သတ်ပစ်နိုင်မှာလဲ'

'သူတို့ကိုတိုက်ရင် သုံးနိုင်မယ့်လက်နက် ဘယ်လိုလက်နက်မျိုးတွေရှိမလဲ'

မြန်မာ စာအုပ်များ

ဤမေးခွန်းများကို မည်သူမျှ မဖြေနိုင်။

'ကုန်းပတ်ပေါ်ရောက်တဲ့အခါ ရုတ်တရက်ထပြီး တိုက်ခိုက်နိုင်လောက်အောင် အားနည်းချက်တို့ ပေါ့လျော့မှုတို့ တိုးဘော့တွေဘက်မှာရှိသလား'

ထိုအမေးကိုလည်း မည်သူမျှမဖြေနိုင်။ သို့သော်လည်း အလွန်အသုံးဝင်မည့် သတင်းကိုတော့ အမျိုးသမီးများ၏သီချင်းမှရလာကြသည်။ ဤရွက်လှေကြီးပေါ်တွင် လိုက်ပါလာသည့် တိုးဘော့အရေအတွက်မှာ သုံးဆယ်ခန့်ရှိသည်။ ထို့ထက်ပိုများချင်လည်းများမည်။ သူတို့အရေအတွက်ကို ရေတွက်နိုင်သူများမှာ မိန်းမများသာဖြစ်သည်။ မိန်းမများ၏အဆိုအရ ခရီးထွက်လာစက တိုးဘော့အရေအတွက်သည် ယခုထက်ပို၍များသည်။ သို့သော်လည်း လမ်းတွင် ငါးယောက်သေသွားပြီး အသေကောင်များအား အဝတ်ဖြူများနှင့် လုံအောင်ထုပ်ကာ ဆံပင်ဖြူတိုးဘော့ကြီးက စာအုပ်တစ်အုပ်ထဲမှ စာများကို ဖတ်ကြားပြီး ပင်လယ်ထဲသို့ပစ်ချခဲ့သည် စသည် စသည်များကိုလည်း သိလာကြရ၏။ အမျိုးသမီးများ၏ သီချင်းထဲတွင် တစ်ခါတစ်ရံတိုးဘောများသည် အချင်းချင်း ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ပုတ်ကြကြောင်း၊ အများအားဖြင့် မိန်းမများကို လုကြရာမှ အငြင်းအခုံဖြစ်ကာ သတ်ပုတ်ကြခြင်းဖြစ်ကြောင်း စသည့်အချက်များလည်းပါသည်။

ကွမ်တာတို့လူစုသည် အောက်ထပ်သို့ပြန်ရောက်သည့်အခါ ထိုကိစ္စများကို ဆွေးနွေးဝေဖန်ကြသည်။ ထို့နောက် မေးခွန်းတစ်ခုထွက်ပေါ်လာသည်။ 'ငါတို့ လူ ဘယ်နှယောက်ရှိသလဲ' ချက်ချင်းပင်အဖြေရသည်။ 'အားလုံးခြောက်ဆယ်လောက်တော့ရှိမယ်'

ရလာသမျှသတင်းများသည် သူတို့အသက်ရှင်သန်ရေးအတွက် များစွာအထောက်အကူပြုသည်။ ဘာသတင်းမှမရသည့်အခါတွင်မူ သူတို့သည် သူတို့မိသားစုများ၊ သူတို့ရွာများ၊ သူတို့အလုပ်အကိုင်များ၊ သူတို့လယ်ယာများ၊ သူတို့အမဲလိုက်ပုံများကို ပြောကြသည်။ 'တိုးဘော့များအား ဘယ်လိုသတ်ကြမလဲ။ ဘယ်အချိန်မှာသတ်ကြမလဲ'ဟူသော ပြဿနာများ ဆွေးနွေးကြသည့်အခါတွင်မူ သဘောကွဲလွဲမှုများရှိတတ်သည်။ အချို့က ဘာပဲဖြစ်ဖြစ် မိမိတို့အား နောက်တစ်ကြိမ် ကုန်းပတ်ပေါ်တင်ချိန်တွင် တိုးဘော့များအား တိုက်ခိုက်သင့်သည်ဟု ယူဆကြသည်။ ကျန်လူများက ထို့ထက် အကောင်းဆုံးဖြစ်မည့်အချိန်ကို စောင့်ပြီး လုပ်သင့်သည်ဟုထင်ကြသည်။ တစ်ချိတွင် အပြင်းအထန် ငြင်းခုံပွဲတစ်ခု ပေါက်ဖွားလာသည်။ ဤတွင် လူကြီးတစ်ယောက်က 'ငါပြောတာ နားထောင်ကြ။ ငါတို့ဟာ လူမျိုးစုမတူ၊ ဘာသာစကားမတူကြပေမဲ့ လူမျိုးတစ်မျိုးထဲက ဆင်းသက်လာကြတယ်ဆိုတာ အမြဲသတိရကြပါ။ ငါတို့အနေနဲ့ ဒီနေရာမှာ တစ်ရွာထဲသားတွေလို ကျင့်သုံးကြရမယ်'ဟု ဝင်ပြောသည်။

မြန်မာ စာအုပ်များ

ထိုပုဂ္ဂိုလ်၏စကားကို လက်ခံသဘောတူကြောင်း ပြောဆိုသံများ ကြားရသည်။ သူ့အသံကို ယခင်ကလည်း မကြာခဏကြားခဲ့ဖူးသည်။ သူတို့ကြား၌ ပြဿနာရှိလာတိုင်း ကြားခဲ့ရဖူးသည့်အသံ။ ယခုပြောလိုက်သောစကားများသည် ရင့်ကျက်သောအတွေ့အကြုံမှ ရလာသည့် အမြော်အမြင်ကြီးသောစကားများဖြစ်သည်ဟု အားလုံးက အသိအမှတ်ပြုကြသည်။ ထိုလူသည် သူ့ရွာ၌ 'အယ်လ်ကာလာ'ခေါ် ကျေးရွာအတိုင်ပင်ခံလူကြီးတစ်ဦး ဖြစ်ခဲ့ဖူးသည်ဟု အကျဉ်းသားတစ်ယောက်ကပြောသည်။ မကြာမီ ထိုလူက ထပ်ပြောပြန်သည်။ ဤကိစ္စအတွက် ခေါင်းဆောင်တစ်ဦးကို အများသဘောတူ ရွေးချယ်ထားရမည်။ အများကလက်ခံသည့် တိုက်ခိုက်ရေးအစီအစဉ်တစ်ခုရှိရမည်။ စနစ်တကျ ဖွဲ့စည်းထားပြီး လက်နက်မျိုးစုံတပ်ဆင်ထားသည့် တိုးဘော့များအား တိုက်ခိုက်မည်ဆိုပါက တိုက်ခိုက်ရေးအစီအစဉ်မရှိ၍မဖြစ်။ သူ့စကားကို အားလုံးက လက်ခံသဘောတူကြောင်း ရေရွတ်ပြောဆိုသံများ ကြားရပြန်သည်။

အခြားလူများနှင့် နီးစပ်မှုရှိလာသည့်အချိန်မှစ၍ ကွမ်တာ၏စိတ်သည် သက်သာရာရလာသည်။ အခန်းထဲမှ ချေးနံ့ သေးနံ့များကိုသာမက သန်းများ ကြမ်းပိုးများနှင့် ကြွက်များကိုပင် သတိမရတော့ပေ။ သို့သော် မကြာခင်မှာပင် ထိတ်လန့်စရာသတင်းတစ်ခုကို ကြားရသဖြင့် စိတ်မအေးဖြစ်ရပြန်သည်။ သူတို့လူများကြားတွင် ကျွန်ထိန်းတစ်ယောက် ရှိနေသည်ဟူသောသတင်း ဖြစ်၏။ မိန်းမတစ်ယောက် သီဆိုသည့်သီချင်းထဲတွင် ထိုကျွန်ထိန်းသည် မိမိတို့လူစုအား ဤရွက်လှေကြီးပေါ်ရောက်သည်အထိ တိုးဘော့များနှင့်အတူ ခေါ်ဆောင်လာခဲ့သူဖြစ်သည်ဟု ဖော်ပြထားသည်။ ထိုကျွန်ထိန်းအား တိုးဘော့များက အရက်မူးအောင်တိုက်နေသည်ကို သူမြင်ခဲ့ရကြောင်း၊ ထို့နောက် မူးနေသော ကျွန်ထိန်းအား တိုးဘော့များက သတိလစ်သွားအောင် လက်သီးနှင့်ဝိုင်းထိုးပြီး အောက်ထပ်ရှိ မိမိတို့အခန်းထဲသို့ပို့ပေးခဲ့ကြောင်း စသော အချက်များလည်းပါသည်။ ထိုကျွန်ထိန်း၏မျက်နှာကို သူကောင်းကောင်းမမှတ်မိသော်လည်း ထိုကျွန်ထိန်းအား မိမိတို့နှင့်အတူ သံကြိုးများနှင့်ချည်နှောင်ပြီး ဤအခန်းထဲ၌ထားသည်မှာ သေချာကြောင်း မိန်းမ၏သီချင်းက အခိုင်အမာပြောနေသည်။ သို့ဆိုလျှင် မိမိတို့လူစုအတွင်း၌ကျွန်ထိန်းတစ်ယောက်တော့ ရှိနေပြီဟု ကွမ်တာက ယူဆသည်။ ထိုကျွန်ထိန်းသည် မိမိတို့၏ တိုးဘော့များ တိုက်ခိုက်ရေးအစီအစဉ်ကို တိုးဘော့များအား သွားပြောဖို့ ကြိုးစားကောင်းကြိုးစားပေလိမ့်မည်။

ကွမ်တာသည် ယခုအချိန်ထိ ကျွန်ထိန်းများ၏အကြောင်းကို ကောင်းကောင်းမသိသေး။ အမှန်တော့ ကျွန်ထိန်းဟုအများခေါ်နေကြသည့် ဤသစ္စာဖောက်များသည် ရွာထဲ၌ အများနှင့်ရောစ၍မနေဝံ့ကြပေ။ ရွာသူရွာသားများက ကျွန်ထိန်းဟု သံသယဝင်လျှင် ချက်ချင်းပင်အသတ်ခံရတတ်သည်မဟုတ်ပါလော။ သူ့ရွာမှ သူ့ဖခင်အိုမိုရို

မြန်မာ စာအုပ်များ

နှင့် ရှာလှူကြီးများသည် ညတိုင်းလိုလို ရှာလုံခြုံရေးအတွက် အမြဲတစေ သောကရှိခဲ့ကြသည်မှာ တခြားကြောင့်မဟုတ်။ ခြေသလုံးအိမ်တိုင်သွားလာနေကြသော ဤကျွန်ထိန်းများ၏ရန်ကို ကြောက်၍ဖြစ်သည်။ ကျွန်ထိန်းများမှာ မိမိနှင့် လူမျိုးတူဖြစ်၍ ချက်ချင်းခွဲခြား၍ သိနိုင်သည်မဟုတ်ပေ။

အခန်းထဲရှိလူအချို့၏ပြောပြချက်အရ ကျွန်ထိန်းများသည် ကလေးသူငယ်များအား ကြံချောင်းပြ၍ မြှူဆွယ်ပြီး ဖမ်းဆီးသွားတတ်ကြသည်။ ကျွန်ထိန်းများသည် ဖမ်းမိသူများအား ရက်ရက်စက်စက်ရိုက်နှက်တတ်ကြသည်။ ကွမ်တာတို့အခန်းထဲရှိ လူတစ်ယောက်၏ မိန်းမသည် ဖမ်းမိသွားစဉ်က ကိုယ်ဝန် နေ့စေ့လစေ့ကြီးနှင့်ဖြစ်သည်။ ကျွန်ထိန်းများ မညှာမတာရိုက်နှက်ကြသဖြင့် လမ်းမှာပင်သေဆုံးသွားခဲ့ရ၏။ နောက်တစ်ဦး၏သားမှာမူ ကျွန်ထိန်းများက ရိုက်နှက်နှိပ်စက်သဖြင့် ဒဏ်ရာအများအပြားရခဲ့သည်။ ထိုဒဏ်ရာများမှ သွေးအထွက်လွန်ကာ နောက်ဆုံး လမ်းခုလတ်မှာပင်သေဆုံးသွားခဲ့ရ၏။ ကျွန်ထိန်းများနှင့်ပတ်သက်၍ ကွမ်တာကြားရသမျှ တစ်ချက်ကလေးမျှ အကောင်းမရှိ။ ကွမ်တာ၏ရင်ထဲတွင် ကျွန်ထိန်းများအား စက်ဆုပ်မုန်းတီးမှုသည် အဆပေါင်းများစွာ တိုး၍သာလာခဲ့ရလေသည်။

မှောင်ထဲ၌လှဲနေသော ကွမ်တာသည် သူ့အဖေ သူနှင့် လာမင်းတို့အား ဘယ်နေရာကိုမှ တစ်ဦးတည်း စိတ်ချလက်ချမသွားရန် ပြောခဲ့ဖူးသည့် သတိပေးစကားကို ကြားယောင်နေသည်။ သူ့အဖေ၏စကားကို နာယူခဲ့မိလျှင် မည်မျှကောင်းပါမည်နည်း။ သူ့အဖေ၏ ဆုံးမစကားမျာကို နောက်ထပ် ဘယ်တော့မှ ကြားနိုင်တော့မည်မဟုတ်ဟူသောအတွေး ဝင်လာသည့်အခါ လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းခြင်း ဖြစ်ရသည်။

'အရာရာတိုင်းဟာ အလ္လာသခင်ရဲ့ အလိုတော်အတိုင်းဖြစ်လာရတာပဲ'

စောစောက လမ်းညွှန်စကားများပြောခဲ့သော အယ်လ်ကာလာ၏စကား ဖြစ်သည်။ ထိုစကားကို တစ်ယောက်ပါးစပ်မှ တစ်ယောက်နားသို့ ပို့ပေးကြသည်။ ကွမ်တာ၏နားသို့ သူ့ဘယ်ဘက်ဘေးရှိ လူမှတစ်ဆင့် ဆိုက်ရောက်လာသည်။ ကွမ်တာက သူ့ညာဘက်သို့လှည့်ကာ သူ၏ခြေထိတ် လက်ထိတ်အဖော် ဝိုးလော့ဖ်အား တိုးတိုးကလေး ပြောပြလိုက်၏။ ဝိုးလော့ဖ်သည် နောက်တစ်ဦး၏နားသို့ ပေးပို့ခြင်းမပြု။ ဘာ့ကြောင့်ပါလိမ့်။ သဲသဲကွဲကွဲမကြားလို့များလား။ ကွမ်တာက ဒုတိယအကြိမ် ထပ်ပြောပြန်သည်။ သို့သော်လည်း ဝိုးလော့ဖ်က 'ထွီ'ခနဲ တံတွေးတစ်ချက်ထွေးသည်။ သူ တံတွေးထွေးလိုက်သံကို တစ်ခန်းလုံးကကြားသည်။ 'အခုလိုဖြစ်နေတာကို မင့်ရဲ့အလ္လာသခင်က အလိုရှိတယ်ဆိုရင်တော့ ငါက မာရ်နတ်ပဲကိုးကွယ်တော့မယ်'ဟု ဝိုးလော့ဖ်က ဒေါသတကြီးရေရွတ်သည်။ ဝိုးလော့ဖ်၏အဆိုကို သဘောတူထောက်ခံသည့် ရေရွတ်သံများကြားရသည်။ ထို့နောက် ဤစကားအတွက် မှားသည် မှန်သည်ဟူသော အချေအတင်ငြင်းခုံပွဲပေါ်ပေါက်လာသည်။

မြန်မာ စာအုပ်များ

ကွမ်တာ့အဖို့တော့ များစွာမှပင် စိတ်နှလုံးတုန်လှုပ်ချောက်ချားရ၏။ သူသည် မိတ္တာတိတ္တိတစ်ဦးနှင့်တွဲ၍ ထိုင်နေရလေပြီ။ ထိုအသံသည် သူ့ဦးနှောက်ထဲတွင် မီးတောက်မီးလျှံများ တောက်လောင်နေသည့်နှယ် ပူလောင်လျက်ရှိ၏။ အလ္လာဘုရားသခင်အပေါ် ယုံကြည်မှုသည် သူ့ဘဝအတွက် အလွန်အဖိုးထိုက်တန်သောအံရာတစ်ခုဖြစ်ခဲ့သည် မဟုတ်ပါလော။ စတင်သိကျွမ်းခင်မင်လာသည့်နေ့မှစ၍ ယနေ့အချိန်ထိ သူသည် သူ့ထက်အသက်အရွယ်ကြီးသော သူ့အဖော်ဝိုးလော့ဖ်၏ ထင်မြင်ယူဆချက်များကို လေးစားခဲ့၏။ သူနှင့်မိတ်ဆွေဖြစ်ရခြင်းကိုလည်း များစွာတန်ဖိုးထားခဲ့၏။ သို့သော်လည်း ယခုအချိန်မှစ၍ သူတို့နှစ်ယောက်ကြားတွင် ခင်မင်ရင်းနှီးမှု တည်ရှိနိုင်တော့မည်မဟုတ်ဟု ကွမ်တာ ထင်မိလေသည်။

[၃၈]

ယခုအခါတွင် သင်္ဘောကုန်းပတ်ပေါ်ရောက်သည့်အခါတိုင်း အမျိုးသမီးများက စားအနည်းငယ်ကိုလည်းကောင်း၊ လက်နက်အဖြစ်အသုံးပြုနိုင်မည့် အခြားပစ္စည်းကိုလည်းကောင်း ခိုးဝှက်ထားနိုင်ရန် စီစဉ်ထားပြီဖြစ်ကြောင်း သိချင်းသိဆိုကြသည်။ အခန်းထဲတွင်လည်း အယူအဆမတူသူများ အုပ်စုနှစ်စုကွဲနေသည်။ ယခုတစ်ကြိမ်ကွဲပုံသည် ယခင်ကထက် ပိုပြင်းထန်သည်။ တိုးဘော့များအား အမြန်ဆုံးတိုက်ခိုက်သင့်သည်ဟု ယူဆသော အုပ်စု၏ခေါင်းဆောင်မှာ တစ်ကိုယ်လုံးတွင် ဆေးမင်ကြောင်များထိုးထားသည့် ဝိုးလော့ဖ်လူမျိုးတစ်ဦးဖြစ်သည်။ မျက်နှာထားကလည်း အလွန်ဆိုးပြီး ကြမ်းတမ်းခက်ထန်သည်။ ကုန်းပတ်ပေါ်ရောက်သည့်အခါများတွင် ထိုလူသည် သွားများကိုဖြဲ၍ တိုးဘော့များအား စူးစူးရဲရဲကြည့်ကာ အရိုင်းအစိုင်းတစ်ယောက်သဖွယ် ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းကသည်။ တိုးဘော့များကလည်း သူ့အား ပြန်၍ကြည့်ကာ လက်ခုပ်တီးပေးကြသည်။ ဝိုးလော့ဖ်က သူတို့အား ပြုံးဖြီးဖြီးလုပ်ပြနေသည်ဟု ထင်နေကြသောကြောင့်ဖြစ်၏။ တိုးဘော့များအားတိုက်ခိုက်မည်ဆိုလျှင် ကြိုတင်ပြင်ဆင်မှုများ ကျကျနနလုပ်ရမည်ဟုယူဆသော အုပ်စုကို ခေါင်းဆောင်သူမှာ ဖူးလားလူမျိုးဖြစ်သည်။ ထိုလူသည် ကျွန်ထိန်းတစ်ယောက်အား လည်ပင်းညှစ်သတ်ခဲ့သူဟုစွပ်စွဲကာ ရက်ရက်စက်စက် အရိုက်အနှက်ခံခဲ့ရသူဖြစ်သည်။

ဝိုးလော့ဖ်တွင် နောက်လိုက်အနည်းငယ်မျှသာရှိသည်။ သူက တိုးဘော့များ အောက်ထပ်သို့ စုပြုံရောက်လာခိုက်တွင် ဝိုင်းဝန်းတိုက်ခိုက်သင့်သည်ဟု ပြောသည်။ တိုးဘော့များသည် အောက်ထပ်အမှောင်ထဲတွင် မိမိတို့လောက် မြင်နိုင်စွမ်းမရှိဟု အကြောင်းပြသည်။ သို့သော်လည်း သူ့အစီအစဉ်ကို လက်မခံနိုင်သူများက ရှုံးမိုက်

သော အစီအစဉ်တစ်ခုဟု ဆိုကြသည်။ ထိုအုပ်စုက တိုးဘော့များ၏အင်အားသည် ကုန်းပတ်ပေါ်၌ ကြီးမားနေသည်ဖြစ်ရာ မိမိတို့လူစုအား ကြွက်သတ်သလို သတ်ပစ်လိမ့်မည်ဟု အကြောင်းပြသည်။ တစ်ခါကစ်ရဲ ဝိုးလော့ဖ်နှင့် ဖူးလားတို့ကြားတွင် ပြင်းထန်စွာအငြင်းအခုံဖြစ်ကြသည်။ ငြင်းရင်းခုံရင်း ဒေါသဖြစ်ကာ အော်ကြ ဟစ်ကြသည့်အဆင့်သို့ ရောက်လာသည်။ ထိုအခါ သူတို့အား ထိန်းပေးနေကျ အယ်လ်ကာလာက အေးအေးဆေးဆေးပြောကြရန် ဝင်၍တားသည်။ ယခုလိုသာ အော်ပြီးပြောဆိုနေကြလျှင် တိုးဘော့များ ကြားသွားလိမ့်မည်ဟု သတိပေးသည်။

မည်သည့်ခေါင်းဆောင်၏အယူအဆကို လက်ခံလက်ခံ ကွမ်တာကတော့ သေသည်အထိ တိုက်သွားရန် အသင့်ပြင်ထားသည်။ သူ့တွင် ကြောက်စိတ်ဟူ၍ လုံးဝမရှိတော့ပေ။ သူ့မိသားစုနှင့် သူ့အိမ်ကို ပြန်တွေ့စရာလမ်းမရှိတော့ဟု ပိုင်းဖြတ်ပြီးကတည်းက သူ့ကိုယ်သူသေလူဟု သတ်မှတ်ထားပြီးပြီ မဟုတ်ပါလော။ ယခုအချိန်တွင် သူစိုးရိမ်မိသည်မှာ တစ်ခုတည်းသာရှိသည်။ အနည်းဆုံး တိုးဘော့တစ်ယောက်လောက်ကိုမှ မသတ်လိုက်ရဘဲ သေသွားမည်ကို စိုးရိမ်ခြင်းဖြစ်သည်။ သို့သော် ကွမ်တာ၏စိတ်ထဲက ကျိတ်၍ ညွှတ်နေမိသည့် ခေါင်းဆောင်မှာ အလွန်သတိကြီးပုံရပြီး တစ်ကိုယ်လုံးတွင် ကြာပွတ်ရာများပြည့်နေသည့် ဖူးလားလူမျိုးဖြစ်သည်။ သူတို့ထဲမှ အများစုကလည်း ဤဖူးလားအပေါ်၌စိတ် ညွှတ်နေပုံရသည်ဟု ကွမ်တာထင်သည်။ ဖူးလားများသည် သူတို့အပေါ် မတရားပြုပါက နှစ်ပေါင်းဘယ်လောက်ပဲကြာကြာ (အကယ်၍လိုအပ်ပါက တစ်ရွာလုံး အသက်ဆုံးချင်ဆုံး) မရမနေ လက်စားချေတတ်သော အကျင့်စရိုက်ရှိကြသည်။ တစ်စုံတစ်ယောက်က ဖူးလားတစ်ယောက်အားသတ်ပြီး ထွက်ပြေးလွတ်မြောက်သွားသည် ဆိုပါစို့။ ထိုဖူးလား၏သားများက သူတို့ဖခင်အား သတ်သွားသူကို မတွေ့တွေ့အောင်ရှာ၍ ပြန်လည်သတ်ဖြတ်ကြသည်။

'အများသဘောတူ တင်မြှောက်ထားတဲ့ ခေါင်းဆောင်ရဲ့နောက်မှ ငါတို့အားလုံး တစည်းတလုံးတည်း ရှိကြရမယ်'ဟု အယ်လ်ကာလာက အကြံပြုသည်။ မည်သို့ပင်ဖြစ်စေ ဝိုးလော့ဖ်၏ နောက်လိုက်များက မကျေနပ်ကြ။ သို့သော်လည်း လူများစုက ဖူးလားဘက်မှရပ်ကြသည်။ ဤတွင် ခေါင်းဆောင်ဖြစ်သူ ဖူးလားက 'တိုးဘော့တွေရဲ့ လှုပ်ရှားမှုဟူသမျှကို ငါတို့ မျက်ခြည်မပြတ်ကြည့်ကြ။ အချိန်ကျရောက်လာတဲ့အခါမှာ ငါတို့အားလုံး စစ်သည်တော်တွေ ဖြစ်ကြရမယ်'ဟု ပထမဆုံး အမိန့်ထုတ်သည်။ မိန်းမများက သီချင်းဆို၍ အကြံပေးထားသည့်အတိုင်း ကုန်းပတ်ပေါ်ရောက်ကြသည့်အခါ ပျော်ပျော်ပါးပါးနေကြသည်။ စိတ်ပါလက်ပါ ကကြခုန်ကြရမည်။ သို့မှသာ တိုးဘော့များက မိမိတို့အပေါ် ယုံကြည်စိတ်ချပြီး လွှတ်ထားလိမ့်မည်။ သို့ဆိုလျှင် ဖြုန်းခနဲထတိုက်၍လွယ်ကူမည် စသည်ဖြင့်လည်း ပြောပြသည်။ ထို့ပြင် ခေါင်းဆောင်ဖြစ်သူ ဖူးလားက အရေးပေါ်လာသည့်အခါ ရုတ်တရက်ကောက်ယူပြီး လက်နက်အဖြစ်

မြန်မာ စာအုပ်များ

သုံးနိုင်မည့် အရာဝတ္ထုများကို ကြည့်ထားရမည်ဟု ညွှန်ကြားသည်။ သင်္ဘောလက်ရန်း အောက်၌ ပစ်ထားသော စူးချွန်ကြီးတစ်ချောင်းကိုတွေ့ထားသည့် ကွမ်တာသည် သူ့ကိုယ်သူ များစွာကျေနပ်အားရလျက်ရှိ၏။ ထိုစူးချွန်အား လှံအဖြစ်အသုံးပြုနိုင်လိမ့်မည်ဟု တွေးမိတိုင်း သူ့လက်များသည် အငြိမ်မနေနိုင်အောင် ဖြစ်လာတတ်သည်။

အောက်ထပ်သို့ တိုးဘော့များဆင်းလာပြီး ကြာပွတ်များနှင့် ရိုက်ကြနက်ကြ အော်ကြဟစ်ကြ လုပ်ကြသည့်အခါတိုင်း ကွမ်တာသည် တောတိရစ္ဆာန်တစ်ကောင်သဖွယ် ငြိမ်ငြိမ်တိတ်တိတ်ကလေးနေတတ်သောအကျင့်ကို ရအောင်မွေးသည်။ သူသင်တန်းတက်စဉ်က ကင်တန်းဂိုးပြောခဲ့ဖူးသည့်စကားများကို သတိရမိ၏။ မုဆိုးတစ်ယောက်သည် သားကောင်၏ အလေ့အထသဘာဝများကို မလေ့လာဘဲ မနေရ။ အထူးသဖြင့် သူ့အား သတ်ဖြတ်ရန်လိုက်နေသည့် မုဆိုးတစ်ယောက်၏ အန္တရာယ်မှ လွတ်မြောက်အောင် သားကောင် ဘယ်လိုပုန်းသည်၊ ဘယ်လို မျက်ခြည်မပြတ်ကြည့်နေသည် စသော ထူးခြားမှုများကို အတုခိုးတန်ခိုးရမည်ဟု ပြောခဲ့ဖူး၏။

ကွမ်တာသည် သူ့နေရာ၌လဲလျောင်းရင်း ရောက်တတ်ရာရာများကို တွေးသည်။ သုံ့တစ်ပါး ဝေဒနာခံစားနေသည်ကိုကြည့်၍ အရသာခံတတ်သောအကျင့်သည် တိုးဘော့များ၌ ရှိမည်ထင်၏။ မိမိတို့အား ရက်ရက်စက်စက်ရိုက်နှက်နေရင်း လှိုက်လှိုက်လှဲလှဲ ရယ်မောနေကြသည့် တိုးဘော့များကို မကြာခဏတွေ့ခဲ့ဖူးသဖြင့် ကွမ်တာ၏ ခေါင်းထဲသို့ ထိုအတွေးဝင်လာခြင်းဖြစ်သည်။ မိန်းမများအား သင်္ဘော၏ ထောင့်ကြိုထောင့်ကြား အမှောင်ထုထဲသို့ အတင်းအဓမ္မဆွဲခေါ်သွားပြီး မတော်မတရားပြုသည့်ကိစ္စကို ကွမ်တာ စဉ်းစားမိပြန်သည်။ တိုးဘော့များတွင် သူတို့ကိုယ်ပိုင်မိန်းမများမရှိသဖြင့် ယခုလို ပြုကြလေသလား။ တခြားလူမျိုးမိန်းမများနောက်သို့ တကောက်ကောက်လိုက်နေကြသည်မှာ ခွေးများနှင့်တူလှ၏။ တိုးဘော့များသည် မည်သည့်အရာကိုမျှ လေးစားပုံမပေါ်။ သူတို့တွင် ဘုရားမရှိဟုထင်၏။ ဘုရားရှိဖို့မဆိုထားနှင့် အခြားကိုးကွယ်စရာ နတ်များ တစ္ဆေများပင် ရှိမည်မထင်။

ဖူးလား၏အမိန့်ကိုနာခံသောအားဖြင့် ကွမ်တာနှင့် အပေါင်းပါများသည် ကုန်းပတ်ပေါ်ရောက်တိုင်း ပျော်ရွှင်ဟန်ဆောင်ကြသည်၊ ဤသို့ဖြင့် တိုးဘော့များသည် မည်သည့်သံသယမျိုးမှမဝင်ဘဲ အေးအေးဆေးဆေးရှိနေကြ၏။ အရိုက်အနှက်များလည်း လျော့လာရုံမျှမက နေရောင်ဖြင့်လင်းလက်နေသော ကုန်းပတ်ပေါ်၌ ကြာရှည်နေထိုင်ခွင့်ကိုပါ ပေးလာကြသည်။ ကွမ်တာတို့ကလည်း ထိုင်ခွင့်ရနေသည့်အချိန်အတွင်း တိုးဘော့များ လှုပ်ရှားမှုဟူသမျှကို မျက်ခြည်မပြတ်လေ့လာသည်။ အထူးသဖြင့် သူတို့အနေဖြင့် လက်နက်များကို ပေါ့ပေါ့တန်တန်ကိုင်တွယ်သလား။ တစ်ခါတစ်ရံ သူတို့သည် သေနတ်များကို သင်္ဘောလက်ရန်း၌ မှီထားတတ်ကြသည်ကို အားလုံးမြင်ကြ၏။ ကွမ်တာက

တော့ သတ္တုနှင့်လုပ်ထားသော အရာဝတ္ထုကြီးတစ်ခုကို သတိထား၍ကြည့်ကာ စိတ်မအေးဖြစ်သည်။ ထိုအရာဝတ္ထုကြီး ဘာပစ္စည်းဖြစ်သည်ကိုမသိ။ သို့သော်လည်း ယင်းအရာကြီးသည် အလှလုပ်ထားသည့်ပစ္စည်းတစ်ခုတော့ မဖြစ်နိုင်။ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ထိခိုက်ပျက်စီးစေနိုင်မည့် လက်နက်ကြီးတစ်ခု ဖြစ်တန်ရာသည်ဟု ကွမ်တာက ဉာဏ်မီသလောက်တွေးသည်။

ကွမ်တာ့အနေဖြင့် ဤရွက်လှေကြီး၏ ဘီးကြီးကို ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက် လုပ်နေကြသော တိုးဘော့များအားကြည့်၍ စိတ်ပူခြင်းလည်းဖြစ်သည်။ တစ်ကြိမ်တွင် အယ်လ်ကာလာက သူတွေးမိဟန်ဟူသော ပြဿနာတစ်ခုကို သူတို့အား ပြောပြသည်။

'တကယ်လို့ ငါတို့က တိုးဘော့တွေအားလုံးကို သတ်ပစ်ပြီဆိုပါတော့၊ ဒီလှေကြီးကို ဘယ်သူက ဆက်မောင်းမှာလဲ'

ထိုအခါ ဖူးလားခေါင်းဆောင်က 'ဘီးကြီးကိုင်နေတဲ့ တိုးဘော့တွေကို အရှင်ဖမ်းထားကြရမယ်'ဟု ပြန်ဖြေသည်။

'သူတို့လည်ပင်းတွေကို လှံနဲ့ထောက်ပြီး ကျုပ်တို့ဒေသကို ပြန်ပို့ခိုင်းရမယ်။ ခိုင်းလို့မရရင် သတ်ပစ်မယ်လို့ပြောရမယ်'

ထိုစကားကြားရသော ကွမ်တာသည် သူ့ဒေသ၊ သူ့ရွာ၊ သူ့အိမ်၊ သူ့မိသားစုနှင့် ပြန်လည်ဆုံတွေ့ရမည့်အဖြစ်ကို စဉ်းစားလိုက်မိသည်။ ထိုအခါ သူ့ကျောရိုးတစ်လျှောက် စိမ့်သွားသည်အထိ တုန်လှုပ်ခြင်းဖြစ်ရ၏။

ကွမ်တာ့တွင် စိုးရိမ်မှုတစ်ခုလည်းရှိနေသည်။ သူတို့ကခုန်နေပုံမှာ အသက်ဝင်လွန်းလှ၏။ အော်ဟစ်နေကြသည်မှာလည်း ရှင်မြူးလွန်းလှ၏။ ယင်းအခြေအနေကို ကြည့်ကာ သူတို့စိတ်ထဲ၌ ကြံစည်စိတ်ကူးထားသည်များကို ရိပ်မိသွားကြလေမလား။ သို့သော်လည်း တိုးဘော့များသည် သူထင်နေသလို ရိပ်မိကြပုံမပေါ်။

တစ်နေ့တွင် ကွမ်တာတို့လူစု ကုန်းပတ်ပေါ် ရောက်နေခိုက် ရာပေါင်းများစွာသော ငါးပျံများ ရေပေါ်သို့ ခုန်၍ခုန်၍ တက်လာနေသည်ကို မြင်ရသည်။ ငွေရောင်အဆင်းရှိသော ငှက်အုပ်ကြီး ပျံသန်းနေသည့်နှယ်ရှိ၏။ ကွမ်တာတို့သည် တိုးဘော့များနှင့်အတူ စိတ်ဝင်တစား လှမ်းမျှော် ကြည့်နေမိကြသည်ပင်။ ထိုအခိုက်မှာပင် ရှူးရှူးဝါးဝါးအော်သံတစ်သံ ပေါ်ထွက်လာသဖြင့် နောက်သို့လှည့်ကြည့်လိုက်မိ၏။ တစ်ကိုယ်လုံး ဆေးမင်ကြောင်များထိုးထားသည့် ဗိုလ်ကြီးဟန်ရှိသည့် တိုးဘော့တစ်ယောက်၏ လက်တွင်းမှ သတ္တုတုတ်ကြီးကို ဆွဲလုကာ တအားကုန်လွှဲ၍ ဦးခေါင်းကို ရိုက်ခွဲလိုက်သည်။ တိုးဘော့၏ ဦးနှောက်များသည် ကုန်းပတ်ပေါ်သို့လွင့်စင်ကျသည်။ အခြားတိုးဘော့များ အံ့အားသင့်ပြီး ကြောင်၍ကြည့်နေခိုက်မှာပင် ဗိုလ်ကြီးဟန်ရှိသည် နောက်တိုးဘော့တစ်ဦးကို ရိုက်

မြန်မာ စာအုပ်များ

ချလိုက် ပြန်သည်။ ဝိုးလော့ဖ်၏လှုပ်ရှားမှုသည် မြန်ဆန်လွန်းလှ၏။ ငါးယောက်မြောက် တိုးဘော့အား ရိုက်ချလိုက်သည့်အချိန်ကျမှပင် သူ့လည်ပင်းကို တိုးဘော့တစ်ဦးက ဓားရှည်ကြီးတစ်ချောင်းဖြင့် ဝင်ခုတ်နိုင်သည်။ ဝိုးလော့ဖ်သည် ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားခဲ့လေပြီ။ သူ့ခေါင်းနှင့်ကိုယ်မှ သွေးများ ပန်းထွက်နေကြသော်လည်း သူ့ မျက်နှာမှ မျက်လုံးအစုံကတော့ ပွင့်လျက်ရှိသေးသည်။ သူ့မျက်လုံးများသည် အံ့အား သင့်ခြင်းကို ဖော်ပြလျက်ရှိကြလေသည်။

ကြောက်လန့်တကြား အော်သံများကြားမှပင် ဖြစ်ပွားရာနေရာသို့ တိုးဘော့များ ရောက်လာကြသည်။ အချို့က အခန်းများထဲမှ ထွက်လာကြခြင်းဖြစ်၍ အချို့က အပေါ်ဘက် ရွက်တိုင်ဆီမှ ကြိုးများကိုတွယ်ပြီး မျောက်များဆင်းသလို ဆင်းလာ ကြခြင်းဖြစ်သည်။ မိန်းမများ သံကုန်ဟစ်၍ အော်နေခိုက်မှာပင် ယောကျ်ားများသည် တစ်နေရာ၌စု၍ ထိုင်လိုက်ကြသည်။ ဤအခိုက်မှာပင် ဝင်းခနဲလက်သွားသော မီးလုံး ကြီးတစ်လုံးနှင့် မီးခိုးတန်းကြီးကို မြင်လိုက်ရပြီး မိုးခြိမ်းသံတမျှ ကျယ်လောင်လှသည့် အသံကြီးတစ်သံ ထွက်ပေါ်လာသည်။ ကွမ်တာတို့သည် အလန့်တကြားအော်ဟစ်လိုက် ကြပြီး ကုန်းပတ်ပေါ်တွင် ပြားပြားဝပ်နေကြသည်။

ဆံပင်ဖြူဖြူတိုးဘော့နှင့် မျက်နှာအမာရွတ်တိုးဘော့တို့ ထွက်လာကြသည်။ နှစ်ယောက်စလုံး ဒေါသူပုန်ထကာ အော်ဟစ်လျက်ရှိကြသည်။ တစ်ဦးက လက်လှမ်းမီရာ တိုးဘော့တစ်ဦး၏မျက်နှာကို လက်သီးဖြင့်ထိုးသည်။ တိုးဘော့၏ ပါးစပ်မှသွေးများ ထွက်လာသည်ကို ကွမ်တာမြင်လိုက်ရ၏။ တိုးဘော့အားလုံးသည် ကွမ်တာတို့လူစုအား ကြာပွတ်များနှင့် ဝိုင်းရိုက်ကာ အောက်ထပ်သို့ တရကြမ်းမောင်းချသည်။ ကွမ်တာသည် သူ့ကိုယ်ပေါ်သို့ကျလာနေသည့် ကြာပွတ်ရိုက်ချက်များကို ဂရုမစိုက်နိုင်။ တိုးဘော့များ အား တိုက်ခိုက်ရန် အချက်ပြမည့် သူတို့ခေါင်းဆောင် ဖူးလားဘက်ကိုသာ လှမ်း ကြည့်နေမိသည်။ သို့သော်ဖူးလားထံမှ အချက်ပြသည်ကို မမြင်လိုက်ရခင်မှာပင် အောက်ထပ်သို့ ပြန်ရောက်သွားလေ၏။

ကွမ်တာတို့လူစုသည် အချိန်အတော်ကြာမျှ စကားမပြောဝံ့ကြ။ အကြောက်ပြေ သွားသည့်အခါမှပင် တိုက်ရင်းခိုက်ရင်း အသက်စွန့်သွားသော ဝိုးလော့ဖ်အား ချီးကျူး စကားပြောမိကြသည်။ သူတို့အား ဖူးလားခေါင်းဆောင်က အချက်ပေးမည်ဟု ဆိုခဲ့ ၏။ သို့သော်လည်း သူ့ထံမှအချက်ပေးသည်ကို မတွေ့ခဲ့ရ။ ဘာ့ကြောင့်ပါလိမ့်။ လောလောလတ်လတ်တိုက်ခိုက်ပြီး သေသွားရလျှင် မကောင်းပေဘူးလား။ အချိန် ကောင်းက ဘယ်တော့မှရောက်မှာလဲ။ ယခုလိုဘဝမျိုးတွင် ဆက်လက်အသက်ရှင်နေဖို့ လုံလောက်သောအကြောင်း ရှိပါသေး၏လား။ ကွမ်တာသည် တစ်ချိန်က သူနှင့် ခြေထိတ်လက်ထိတ်တွဲ၍ အခတ်ခံထားခဲ့ရသော ဝိုးလော့ဖ်လူမျိုးနှင့် စကားပြောချင်စိတ်

မြန်မာ စာအုပ်များ

ပြင်းပြစွာပေါ်လာသည်။ သို့သော်လည်း ထိုပိုးလော့ဖ်နှင့် အဆက်အသွယ်လုပ်၍မဖြစ်။ ထိုပိုးလော့ဖ်သည် မိစ္ဆာတိတ္ထိတစ်ဦးဖြစ်သည် မဟုတ်ပါလော။

အချက်ပြရန်ပျက်ကွက်ခဲ့သော ဖူးလားအပေါ် ဒေါသတကြီး ပြစ်တင်ပြောသံများ ကြားနေရ၏။ ထိုအခါ သူက နောက်တစ်ကြိမ် ကုန်းပတ်ပေါ်ရောက်၍ အခါအခွင့် သင့်သည့်အခါ တိုက်ပွဲဖြစ်စေရမည်ဟု ဆိုသည်။ 'ငါတို့အတွက် ငါတို့ရဲ့အစ်ကိုတွေ ညီတွေ အသက်စွန့်သွားကြသလို ငါတို့လူစုထဲကလည်း အများကြီး အသက်စွန့်ကြရလိမ့်မယ်။ ဒါပေမဲ့ ကျန်ခဲ့တဲ့ ညီအစ်ကိုတွေက ငါတို့အတွက် လက်စားချေကြမှာပါ'ဟု သူက ပြောသည်။ ကျန်လူများက စိတ်ပျက်လက်ပျက်ဖြင့် သူ့စကားကို ထောက်ခံကြသည်။

ထိုညတွင် ကွမ်တာနှင့် သူ့အဖော်များသည် ယခင်က မကြားခဲ့ဖူးသည့် အသံကြီးတစ်သံကို ကြားရသည်။ သူတို့၏ ခေါင်းများအထက်ဘက်မှ ပေါ်လာခြင်းဖြစ်၏။ ဘာသံပါလိမ့်။ ကွမ်တာသည် ဂရုတစိုက်နားစွင့်ထားသည်။ အလွန်ပြင်းထန်သော လေအဟုန်ကြောင့် အဝတ်စကြီးများရိုက်ခတ်သံဟု ထင်သည်။ ထို့နောက် အသံတစ်မျိုး ထွက်လာပြန်သည်။ ကုန်းပတ်အထက်သို့ စပါးစေ့များ လောင်းချနေသည့်အသံမျိုး။ သူသည် အတန်ကြာမျှနားစွင့်ထားသည်။ မိုးစက်မိုးပေါက်များကျနေခြင်းဟု သူဆုံးဖြတ်သည်။ ထို့နောက် မိုးခြိမ်းသံများ ဆက်တိုက်ကြားရသည်။

ကုန်းပတ်ပေါ်၌ ပြေးလွှားနေကြသည့်ခြေသံများ ထွက်ပေါ်လာပြန်သည်။ ရွက်လှေကြီးသည် တလူးလူးတလိမ့်လိမ့်ဖြစ်လာသည်။ ဟိုဘက်စောင်းသွားလိုက် သည်ဘက် စောင်းသွားလိုက်နှင့် ပြောင်းဆန်လျက်ရှိသည်။ ကွမ်တာတို့သည် အခန်းထဲ၌ အငြိမ်နေ၍မရ။ ဆန်ကောထဲရောက်နေသည့် ဆီးဖြူသီးများသဖွယ် လူးလိမ့်နေကြသည်။ တစ်ယောက်နှင့်တစ်ယောက် တိုက်မိကြသည်။ နံရံများနှင့် ဝင်ဆောင့်ကြသည်။ ပြီးတော့ ကုန်းပတ်ထက်မှ အခန်းထဲသို့ တဝေါဝေါကျလာနေသည့် ရေများ။ သူတို့အပေါ်မှ အပေါက်ဟူသမျှကို လိုက်လံပိတ်ဆို့နေကြသည့် တိုးဘော့များအား ကွမ်တာမြင်နေရသည်။ အခန်းထဲသို့ ရေအကျရပ်သွားသော်လည်း လေအဝင်ပိတ်သွားသည်။ အပုပ်နံ့နှင့် ဆီးဝါးပြင်းထန်သော အနံ့များသည် အခန်းထဲတွင် လှောင်ပိတ်ထားသလို ဖြစ်သွားသည်။ အသက်ရှူမွန်းကျပ်နေသောလူများသည် အော့ကြအန်ကြသည်။ ထိုအခါ အလန့်တကြား ငှန်းကန်လှုပ်ရှားကြသည်။ အော်ကြဟစ်ကြသည်။ ကွမ်တာ၏နှာခေါင်း၊ လည်ချောင်းနှင့် အဆုတ်များအား ဂွမ်းများနှင့် ဆို့ပိတ်ထားသည့်နှယ်ဖြစ်လာသည်။ အော်ဖို့ကြိုးစားသော်လည်းမရ။ ဘာကိုမှ ပီပီပြင်ပြင် မမြင်ရ မသိရဖြစ်လာသည်။ သတိပြန်ဝင်လာသည့်အခါ သူကုန်းပတ်ပေါ်ရောက်နေသည်ကို တွေ့ရ၏။ သန့်စင်လတ်ဆတ်သောလေကို သူရှူနေရလေပြီ။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ကွမ်တာသည် ကုန်းပတ်ပေါ်၌ ပက်လက်။ ပြင်းစွာခံစားနေရသည့်ဝေဒနာကြောင့် သူ့ရင်သည် ပေါက်ကွဲသွားလိမ့်မည်ဟု ထင်မိသည်။ သူ့မျက်လုံးများသည် ရွက်တိုင်ကြီးအတိုင်း တက်သွားနေသော တိုးဘော့များကို မြင်ခဲ့နေရသည်။ အချို့တိုးဘော့များသည် အောက်ထပ်မှလူများကို တစ်ယောက်ပြီးတစ်ယောက် တရွတ်ဆွဲ၍ တင်ကာ ကွမ်တာ့အနီးသို့ လာချထားကြသည်။

ကွမ်တာ့အဖော်သည် တစ်ကိုယ်လုံး ပြင်းထန်စွာတုန်လှုပ်နေသည်။ ဆံဖြူတိုးဘော့နှင့် အမာရွတ်ပိုင်ရှင် တိုးဘော့တို့သည် အန်ဖတ်များပေါ်နင်းမိပြီး ချော်နေကြသော တိုးဘော့များအား ဆဲဆိုကြိမ်းမောင်းနေကြသည်။ ဆံဖြူတိုးဘော့သည် သူ့ကိုယ်သူ ထိန်းကာ ဒယီးဒယိုင်လျှောက်သွားပြီး အောက်ထပ်မှသယ်လာသည့် အကျဉ်းသား တစ်ဦးချင်းစီ၏ လက်ကောက်ဝတ်များကို စမ်းကြည့်သည်။ တစ်ခါတစ်ရံ ဒေါသတကြီး ကျိန်ဆဲကာ ထိုအကျဉ်းသားအား ရေထဲပစ်ချဖို့ အမိန့်ပေးသည်။ ထိုအခါ အခြားတိုးဘော့များက အလောင်းကိုမ၍ ပင်လယ်ထဲသို့ပစ်ချလိုက်ကြသည်။

ထိုအကျဉ်းသားများသည် အသက်ရှုကျပ်၍ သေဆုံးကြရခြင်းဖြစ်သည်ကို ကွမ်တာ သိနေသည်။ အလ္လာဘုရားသခင်သည် အရာရာတိုင်း၌ အမြဲရှိနေသည်ဟု သူနားလည်ခဲ့ရ၏။ သို့ဆိုလျှင် ဤနေရာမျိုး၌ အလ္လာဘုရားသခင်ရှိနေသင့်သည် ဟု သူ ထင်သည်။ ထိုအတွေးသည် သူ့ဆီးမှ တစ်ကိုယ်လုံးတုန်ရီပြီး တညည်းညည်းတညူညူ ဖြစ်နေသော မိတ္တာတိတ္တိနှင့် သူ့ကြားတွင် ခြားနားမှုရှိပါဦးတော့မည်လော။ သူသည် ချက်ချင်းအာရုံပြောင်းကာ ပင်လယ်ထဲသို့ ပစ်ချခြင်းခံသွားရသည့် အကျဉ်းသားများ အတွက် အလ္လာဘုရားသခင်အား အာရုံပြု၍ဆုတောင်း သည်။ သူတို့လို သေသွားလျှင် မည်မျှကောင်းပါမည်နည်းဟု တောင့်တမိသည်။ သေသွားသူများအပေါ် မနာလိုဝန်တို စိတ် ဖြစ်ပေါ်လာလေသည်။

[၃၉]

အရုဏ်တက်ချိန်တွင် ရာသီဥတုကြည်လင်ယာသာလာသည်။ သို့သော်လည်း လှိုင်းလုံးကြီးများကတော့ ယခုထိမငြိမ်သေး။ ကုန်းပတ်ထက်၌ အချို့လူများသည် ပက်လက်၊ အချို့သည် စောင်းလျက်။ လှုပ်ရှားခြင်းမရှိသဖြင့် အသက်မှရှိပါလေစဟု အောက်မေ့ရ၏။ ကွမ်တာသည် ဖြည်းဖြည်းချင်းအားယူပြီး ထထိုင်သည်။ သူ့နောက်ကျောနှင့် တင်ပါးများမှ မခံမရပ်နိုင်အောင် နာကျင်လျက်ရှိသည်။ သူ့ဘေးမှလူများကို ကြည့်မိသည်။ အာလုံးဒဏ်ရာဟောင်းများမှ သွေးသစ်များ ထွက်နေသည်ကို တွေ့ရ၏။

အချို့လူများသည် ထ၍ထိုင်ရန်ကြိုးစားနေကြသည်။ သို့သော်လည်း အများစုသည် ပြန်၍လဲကျသွားကြသည်။ ထိုလူစုထဲမှ အရင်ဆုံးထိုင်နိုင်သူမှာ သူတို့၏ခေါင်းဆောင် ဖူးလားအမျိုးသားဖြစ်သည်။ သူ့ကိုယ်မှသွေးများ ယိုစီးကျနေသည်ကိုမြင်နေရ၏။ သူနှင့် သံကြိုးတွဲချည်ထားသော ဝိုးလော့ဖ်၏ မျက်နှာသည် ပြာနှမ်းနေသည်။ သူ အသက်ရှုဖို့ကြိုးစားတိုင်း ပါးစပ်ပွင့်ပွင့်လာပြီး နှာခေါင်းမှ တစီစီမြည်သံများ ထွက်လာတတ်သည်။ ကွမ်တာက သူ့အားကြည့်နေသည်ကို သိသွားလေသလားမသိ။ ကွမ်တာအားလှည့်ကြည့်သည်။ သို့သော်လည်း သူ့မျက်နှာ သူ့မျက်လုံးများက ကွမ်တာအားမှတ်မိပုံမပေါ်။ သူသည် မိတ္တာတိတ္တိတစ်ယောက် ဖြစ်သည်မဟုတ်လား။ ထိုအတွေးဝင်လာသည့်ကြားမှပင် ကွမ်တာသည် မနေနိုင်။ ဝိုးလော့ဖ်၏ လက်မောင်းကို လှမ်းကိုင်ကာ အားပေးသမှုပြုမိသည်။ ဝိုးလော့ဖ်ကတော့ ကွမ်တာ၏ အပြုအမူကို နားလည်ပုံမရ။

နွေးထွေးသောနေရောင်ခြည်ကြောင့် နေရသိုင်ရသည်မှာ အနည်းငယ် သက်သာသလို ရှိလာသည်။ အားအင်ချည့်နဲ့နဲ့ဖြစ်နေသေးသော တိုးဘော့တချို့သည် ကုန်းပတ်ပေါ်မှ မစင်များနှင့် အန်ဖတ်များ၊ သွေးများကို ဆေးကြောသုတ်သင်နေကြသည်။ ဆံပင်ဖြူဖြူနှင့် တိုးဘော့အကြီးအကဲသည် ကွမ်တာတို့လူစုကြား၌ လျှောက်သွားကာ ဒဏ်ရာများမှ သွေးအထွက်ရပ်စေရန် ပလတ်စတာများလိုက်ကပ်ပေးသည်။ ပါးစပ်များကိုဖြဲ၍ ပုလင်းမည်းမည်းတစ်လုံးထဲမှ အရည်များ လောင်းထည့်ပေးသည်။ နေဝင်ချိန်တွင် သူတို့အား အုန်းဆီနှင့်ချက်ထားသည့် ပြောင်းစေ့များ ကျွေးသည်။ ကြယ်များထွက်လာသည့်အခါ ကွမ်တာတို့လူစုအား အောက်ထပ်သို့ပြန်ပို့သည်။ အခန်းထဲရှိ လူအားလုံးတစ်ယောက်မကျန် ဖျားနာလျက်ရှိကြလေပြီ။

ကွမ်တာသည် အခြားလူများကဲ့သို့ပင် အဖျားဒဏ်ရာကို ပြင်းထန်စွာခံရသည်။ တစ်ကိုယ်လုံး ချစ်ချစ်တောက်မျှပူလောင်နေသည်။ ပြီးတော့ အော့လိုက် အန်လိုက်ချောင်းဆိုးလိုက်။ လည်ပင်းမှာ အဆမတန်ရောင်နေသည်။ တစ်ခါတစ်ရံ ချွေးတွေ အဆမတန်ထွက်သည်။ ကွမ်တာသည် သုံးရက်ကြာမျှ ဤပုံစံ မျိုးဖြင့် မိန်းမောလျက်ရှိသည်။ နောက် တစ်ရက် နှစ်ရက် အကြာတွင် တိုးဘော့အကြီးအကဲကိုယ်တိုင်ဆင်းလာပြီး ဒဏ်ရာများကို ဆေးထည့်၊ ဆေးတိုက် လုပ်ပေးပြန်သည်။ ဤရွက်လှေကြီးပေါ် သူရောက်နေသည်မှာ ဘယ်လောက်ကြာပြီနည်း။ နှစ်လလား၊ ခြောက်လလား၊ သို့မဟုတ်တစ်နှစ်လား။ အမြဲတစေ ရက်မှတ်လာခဲ့သူမှာ ယခုအခါ သေဆုံးသွားခဲ့ပြီဖြစ်ရာမေးစရာလူမရှိတော့။ အသက်မသေဘဲ ကျန်ရစ်ခဲ့သူများကြားတွင် အဆက်အသွယ်လည်း မလုပ်နိုင်ကြတော့။

ကွမ်တာ သတိပြန်လည်လာသောအခါ သူ့ဘေးမှလူ မလှုပ်မရှားဖြစ်နေသည်ကို သတိထားမိသည်။ သူ့လက်ဖြင့် အသာအယာကိုင်ကြည့်သည်။ တစ်ကိုယ်လုံး

မြန်မာ စာအုပ်များ

အေးစက်တောင့်တင်းနေပြီဖြစ်၏။ မိစ္ဆာတိတ္ထိဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဤဝိုးလော့ဖ်နှင့် သူသည် အတူတူတွဲ၍နေခဲ့ရသဖြင့် စကားပြောခဲ့ဖူး၏။ ယခုတော့ သူတစ်ယောက်တည်း ကျန်ခဲ့ရလေပြီ။

အစာလာကျွေးသော တိုးဘော့များထဲမှ တစ်ဦးက ဝိုးလော့ဖ်အား လှမ်းကြည့်သည်။ တစ်ခွန်းမျှ ကျိန်ဆဲသံကြားလိုက်ရပြီး ပြန်တက်သွားသည်။ ထို့နောက် တိုးဘော့ နှစ်ယောက် ရောက်လာပြီး ကွမ်တာနှင့် တွဲချည်ထားသည့် သံကြိုးများကိုဖြုတ်ကာ ဝိုးလော့ဖ်၏အလောင်းကို တရွတ်တိုက်ဆွဲ၍ အပေါ်သို့တင်သွားကြသည်။ ကွမ်တာ၏ ရင်ထဲ၌ရှိနေသည့် အထီးကျန်နိုင်မှုသည် ပိုမိုကြီးထွားလာသည်။ ဝမ်းဟာနေသော ကွမ်တာသည် အစာစားဖို့သတိမရတော့။

နောက်တစ်ကြိမ် ကုန်းပတ်ပေါ်ရောက်သည့်အခါ ကွမ်တာသည် အမျိုးသမီးများ နှင့် ဆုံမိသည်။ သူတို့အားလုံး လူနှစ်ဆယ်ရှိခဲ့ရာမှ ယခုအခါ ဆယ့်နှစ်ယောက်မျှ သာ ကျန်တော့သည်ကိုတွေ့ရ၏။ မည်သို့ပင်ဖြစ်စေ ကလေးလေးယောက်စလုံး အသက် ရှင်လျက် ကျန်ခဲ့သည်ကို တွေ့ရသဖြင့် စိတ်သက်သာရာရခဲ့၏။ သို့သော်လည်း အကျဉ်းသားများကြား၌ ဖြစ်ပွားနေသည့် ဖျားနာမှုများမှာ သက်သာသည်မရှိ။ တိုးဘော့ များက နည်းအမျိုးမျိုးဖြင့် တားဆီးသော်လည်းမရ။ ကွမ်တာအဖို့ကတော့ နေ့ရှိသရွေ့ သေခြင်းတရား ရောက်အလာကိုသာ စောင့်မျှော်လျက်ရှိသည်။

ရံဖန်ရံခါ အခန်းထဲမှ တီးတိုးစကားပြောသံများကြားရသည်။ သူတို့မှာ ဘာတွေများ ပြောစရာရှိနေပါလိမ့်ဟု ကွမ်တာကတွေးသည်။ တကယ်တော့ လူအများသည် စကား ပြောရန်ပင် အားမရှိတော့သည့် အခြေအနေမျိုးသို့ ဆိုက်ရောက်နေခဲ့ကြပြီဖြစ်၏။ သို့ပါ လျက် စကားပြောသံများ ကြားနေရသည်မှာ အံ့ဩစရာကောင်းနေ၏။ သူ့အခြေအနေမှာ တိုးတက်လာသည်မရှိ။ တစ်နေ့တခြား ဆိုး၍သာလာနေ၏။ ပထမ သူ့ခေါင်းနှင့် ကျောထဲမှ နာသည်။ ပြီးတော့ တစ်ကိုယ်လုံးပူကာ ခိုက်ခိုက်တုန်မျှချမ်းသည်။ နောက် ဆုံးတွင် ဗိုက်ထဲမှ မခံမရပ်နိုင်လောက်အောင် နာကျင်ပြီး သွေးစများနှင့် အဝါရောင် အကျိအချွဲများ အန်သည်။ အနံ့အသက်ကလည်း ပုပ်အဲ့အဲ့။ သူတို့အခန်းထဲမှ နေ့စဉ် အနည်းဆုံး တစ်ယောက် သေသည်။ မိန်းမအချို့ ထပ်သေပြီး ကလေး လေးယောက်ထဲမှ နှစ်ယောက်သေသည်။ သူတို့ထဲကသာမက တိုးဘော့အတော်များများပါ သေနေကြပြီ ဖြစ်၏။

ညများနှင့် နေ့များသည် ကုန်လွန်လာသည်။ အခန်းထဲရှိ အသက်ရှင်ကျန်ခဲ့ သူများထဲတွင် မိန်းမများနှင့်ကလေးများသာလျှင် ထုထုထောင်ထောင်ရှိကြ၏။ မိန်းမ များထဲမှ ကွမ်တာ့မိခင် ဘင်တာ၏အသက်အရွယ်ခန့်ရှိသော မိန်းမကြီးသည် ကိရိဝမ်း ရွာမှ မန်ဒင်ကာလူမျိုးဖြစ်သည်။ သူ့နာမည်မှာ အင်မ်ဘူတိုဖြစ်၍ ယခုအချိန်ထိ သူ

မြန်မာ စာအုပ်များ

သည် လျင်မြန်သွက်လက်စွာ လှုပ်ရှားနေနိုင်ဆဲဖြစ်၏။ အင်မ်ဘူတိုသည် ဖျားနာပြီး ပက်လက်ဖြစ်နေသော လူများအား တတ်အားသရွေ့ပြုစုသည်။ အားပေးစကားပြော သည်။ အင်မ်ဘူတိုက သူ့နဖူးနှင့်ရင်ဘတ်ကို လာ၍စမ်းသည့်အခါ ကွမ်တာသည် မျက်ရည်မဆည်နိုင်။ 'အမေ အမေ'ဟု တမ်းတမ်းတတခေါ်မိသည်။ သူ့အနေဖြင့် အားနည်းလွန်းသဖြင့် စကားတောင်မပြောနိုင်။ ပါးစပ်ကိုဟကာ ပြုံးပြရန်ကြိုးစားပါ သော်လည်း မရ။

နောက်ဆုံးတွင် ကွမ်တာသည် အစားကိုပင် သူ့လက်နှင့်ယူ၍ မစားနိုင်တော့ သည့်အဖြစ်သို့ ဆိုက်ရောက်လာခဲ့သည်။ သူ့ပခုံးများနှင့် တံတောင်ဆစ်များမှ အကြော များသည် လှုပ်ရှား၍မရ။ သူ့လက်သည် အစာခွက်ဆီရောက်အောင် မြှောက်၍မရ။ တစ်ရက်တွင် ကွမ်တာ၏ လက်သည်းများသည် အစာခွက်ကို တဂျစ်ဂျစ်ခြစ်နေသည်။ ဤအဖြစ်ကိုသတိထားလိုက်မိသော မျက်နှာအမာရွတ်နှင့် တိုးဘော့က အခြားတိုးဘော့ တစ်ယောက်အား လှမ်း၍အမိန့်ပေးသည်။ ထိုတိုးဘော့က ချက်ချင်းပင် ကွမ်တာ၏ ပါးစပ်ထဲသို့ ပြွန်ချောင်းတစ်ခု ထိုးသွင်းကာ ယာဂုများ လောင်းထည့်ပေးသည်။

တစ်ရက်ထက်တစ်ရက် နေရှိန်ပြင်းလာသည်။ လေတဝူးဝူးတိုက်ခတ်နေသည့် ကုန်းပတ်ပေါ်ထိုင်နေခိုက်မှာပင် ချွေးတပြိုက်ပြိုက်ကျနေသည်။ သို့သော်လည်း နောက် ရက်အနည်းငယ်မျှကြာသောအခါ လေပြည်လေညင်း တိုက်ခတ်လာသည်။ ရွက်တိုင် ထိပ်ရှိ အဝတ်စကြီးများသည် ယခင်ကလိုပင် ပိန်လိုက် ဖောင်းလိုက်။ ရွက်လှေကြီးသည် ရေပြင်ပေါ်၌ ငြိမ်ငြိမ်ဆိတ်ဆိတ် ရွေ့လျားလျက်ရှိသည်။

နောက်တစ်နေ့မနက်တွင် တိုးဘော့များသည် ကွမ်တာတို့ထံ ခါတိုင်းထက်စော ၍ ဆင်းလာကြပြီး အကျဉ်းသားများအား ကုန်းပတ်ပေါ်သို့တင်သည်။ နံနက်ခင်း အလင်းရောင်အောက်တွင် တိုးဘော့များ၊ အမျိုးသမီးများနှင့် ကလေးများသည်ရွက် လှေကြီး လက်ရန်းများကို မှီ၍ရပ်ကာ အဝေးသို့ မျှော်ကြည့်နေကြသည်ကို ကွမ်တာ မြင်သည်။ တိုးဘော့အားလုံး ရယ်မောပျော်ရွှင်နေကြသည်ကို တွေ့ရသည်။ ဘာများ ပါလိမ့်။ သူ့ရှေ့၌ရပ်နေသော လူများကြားမှနေ၍ လှမ်းမျှော်ကြည့်သည်။

အလှမ်းဝေးနေသေးသဖြင့် မြင်ရသမျှသည် မှုန်ဝါးဝါး။ သို့သော်လည်း ကွမ်တာ အမြင်မလွဲနိုင်။ သူမြင်နေရသည်မှာ ကမ်းခြေမျက်နှာပြင်။ ဤတိုးဘော့များတွင် ခြေချစရာနေရာ ရှိကြပါကလား။ ကွမ်တာ၏ တစ်ကိုယ်လုံး တုန်ရီလှုပ်ရှားလာသည်။ ချွေးများစို့လာသည်။ သူတို့၏ ပင်လယ်ခရီးသည် ပြီးဆုံးခဲ့လေပြီ။ ဤခရီးတွင် သူ သည် အသက်ရှင်ကျန်ခဲ့၏။ သို့သော်လည်း သူ့မျက်လုံးအစုံတွင် မျက်ရည်များ လျှံ ကျလာသည်။ ကမ်းခြေကို မြင်နေရသော်လည်း သူဝမ်းမသာနိုင်။ အဘယ်ကြောင့်နည်း။ နောက်ထပ် သူရင်ဆိုင်ရမည့်အရာများသည် ယခုရင်ဆိုင်ပြီးခဲ့သည့်အရာများထက် အစပေါင်းများစွာဆိုးဝါးမည်ကို ကွမ်တာ သိနေခြင်းကြောင့်ပေတည်း။

မြန်မာ စာအုပ်များ

[၄၀]

အခန်းထဲရှိ အမှောင်ထုအတွင်းသို့ ပြန်ရောက်လာကြသောအခါ အကျဉ်းသားအားလုံး ပါးစပ်များကိုပင် မဟရဲအောင်ဖြစ်နေကြသည်။ အပေါ်ဘက်ကုန်းပတ်ပေါ်မှ တိုးဘော့များ၏ အရေးတကြီး သွားလာလှုပ်ရှားနေသံများသည် အခန်းထဲမှ တိတ်ဆိတ်မှုကို ထိုးဖောက်ဝင်ရောက်လာလျက်ရှိ၏။ ရုတ်တရက် မန်ဒင်ကာတစ်ဦး၏ ဘုရားဝတ်ပြုသံ ပေါ်ထွက်လာသည်။ ကျန်လူများကပါ ဝိုင်း၍ဝတ်ပြုကြသည်။ မကြာခင် တိုးဘော့များသည် ဖယောင်းတိုင်မီးများကိုကိုင်၍ ဆင်းလာကြပြီး အကျဉ်းသားများကို ကုန်းပတ်ပေါ် ခေါ်သွားသည်။ ထုံးစံအတိုင်း လူအားလုံးကို ရေနှင့်လောင်း၊ ဘရပ်ရှ်နှင့်တိုက်ပြီး တိုးဘော့အကြီးအကဲက တစ်ဦးချင်းစီအား အဝါရောင်အမှုန့်များဖြင့် သုတ်လိမ်းပေးသည်။ ထို့နောက် လံကွတ်တီတစ်ထည်စီ ဝေငှပေးကာ ဝတ်ခိုင်းသည်။ နောက်ဆုံးတွင် သူတို့အား သင်္ဘောလက်ရန်းများတွင် သံကြိုးများနှင့် တွဲ၍ချည်ထားလိုက်လေသည်။

ကွမ်တာသည် သူ့နေရာ၌ အသာလှဲကာ တွေဝေငေးမောလျက်ရှိသည်။ အကယ်၍ တိုးဘော့များက သူ့အသားကိုစား၍ သူ့အရိုးကို ကိုက်ဝါးခဲ့သည်ရှိသော် သူ့ဝိညာဉ်ကတော့ လွတ်မြောက်ကာ အလ္လာဘုရားသခင်ထံရောက်လိမ့်မည်ထင်သည်။ သူသည် တိတ်တဆိတ်ကျိတ်၍ ဘုရားဝတ်ပြုနေမိ၏။ ထိုအခိုက် တိုးဘော့အကြီးအကဲ၏ အော်ဟစ်အမိန့်ပေးသံများ ကြားရသဖြင့် ကွမ်တာသည် မျက်လုံးဖွင့်ကြည့်သည်။ တိုးဘော့များသည် ကြိုးများကိုဆွဲကာ အဝတ်စကြီးများကို လိပ်တင်ပြီး အောက်သို့ ဆွဲချနေကြလေပြီ။

လေနှင့်ပါလာနေကြသည့် အနံ့သစ်များသည် ကွမ်တာ၏နှာခေါင်းဆီသို့ ရောက်လာသည်။ အနံ့မျိုးစုံဖြစ်၍ သူမသိခဲ့ဖူးသော ထူးဆန်းသည့်အနံ့များဖြစ်၏။ ထို့နောက် ခပ်လှမ်းလှမ်းမှလာနေသည့်အသံများ ကြားရသည်။ ထိုအသံများသည် တဖြည်းဖြည်း နီးလာသည်။ ပို၍ကျယ်လာသည်။ ထို့နောက် ရွက်လှေကြီးသည် အလွန်မာကျောသည့် အရာတစ်ခုကို ဝင်တိုးပြီး ရပ်သွားသည်။ အာဖရိကတိုက်မှ ထွက်လာခဲ့ပြီး လေးလခွဲကြာ လှုပ်ရှားခဲ့ရသော ရွက်လှေကြီးသည် ပထမဆုံးအကြိမ် ရပ်နားသွားခဲ့လေပြီ။ ကုန်းပေါ်မှ တိုးဘော့နှစ်ယောက် ရွက် လှေကြီးပေါ်တက်လာသည်။ လှေကြီးပေါ်မှ တိုးဘော့အကြီးအကဲနှင့် လက်ဆွဲနှုတ်ဆက်ကြသည်။ သူ့အား ခွင့်လွှတ်ရန်နှင့် ကယ်တင်ရန် အလ္လာသခင်ထံ ကျိတ်၍ဆုတောင်းနေသော ကွမ်တာသည် သူ့ပတ်ဝန်းကျင်မှ လှုပ်ရှားမှုအားလုံးကို မြင်နေရ၏။ ထို့နောက် လက်ရန်းမှ သံကြိုးများကိုဖြုတ်ကာ သူတို့အား အထခိုင်းသည်။ အားလုံးက မထဘဲနေသည့်အခါ ကြာပွတ်များသည် ရှေးဦးစွာ သူတို့၏ ခေါင်းထက်သို့၊ ထို့နောက် ကျောပေါ်သို့ ကျလာသည်။ အော်သံ ဟစ်သံများနှင့်အတူ အကျဉ်းသားအားလုံး ထိုင်ရာမှထကြရသည်။

စိတ်ကူးချိုချို

ကွမ်တာတို့လူစုသည် လမ်းဘေးဝဲယာမှ ရပ်ကြည့်နေကြသော တိုးဘော့များ ကြားမှ ဖြတ်လျှောက်လာကြသည်။ ကြာပွတ်သံများသည် ပတ်ဝန်းကျင်၌ ပဲ့တင်ထပ် လျက်ရှိ၏။ ကွမ်တာ၏ရင်သည် ထွက်ပြေးလွတ်မြောက်ချင်စိတ်ဖြင့် ဗလောင်ဆူလျက် ရှိသည်။ သို့သော် ရှေ့နောက် တန်းစီ၍သွားနေကြသော လူတန်းသည် ကြာပွတ်သံ များကြောင့် ရပ်၍ပင်မရ။ နှစ်ဘီးတပ်နှင့် လေးဘီးတပ် လှည်းကြီးများကို ကွမ်တာ မြင်နေရသည်။ လှည်းဆွဲသတ္တဝါများသည် ကွမ်တာမြင်ဖူးခဲ့သည့် မြည်းများနှင့် တူ သလိုလိုရှိသည်။ သို့သော်လည်း မြည်းများထက် များစွာပို၍ကြီးသည်။ ဈေးနှင့်တူသော နေရာတစ်နေရာကိုလည်း ကွမ်တာဖြတ်သန်းရသည်။ ထိုနေရာတွင် သစ်သီးပုံကြီးများနှင့် ဟင်းသီးဟင်းရွက်ပုံကြီးများကို သူမြင်ရ၏။ ဝတ်ကောင်းစားလှဝတ်ထားသည့် တိုးဘော့ များသည် ကွမ်တာတို့အား စိတ်ဝင်တစားကြည့်နေကြသည်။ တချို့ကတော့ သူတို့အား လက်ညှိုးထိုးပြီး ပြောင်လှောင်ရယ်မော်ကြသည်။ ကွမ်တာမြင်ရသည့် နောက်တစ်ဦး မှာ 'တိုးဘော့မ'ဖြစ်သည်။ သူ့ဆံပင်သည် ကောက်ရိုးရောင်။ သူစီးလာခဲ့သည့် လှေ ကြီးပေါ်၌ တိုးဘော့များက မိမိတို့အမျိုးသမီးများအား အငမ်းမရဖြစ်ခဲ့ကြသည်များကို ကွမ်တာပြန်လည်မြင်ယောင်လာသည်။ တိုးဘော့များ၌ သူတို့ကိုယ်ပိုင်ဇနီးများရှိသည် ကို မြင်ရသော ကွမ်တာသည် အံ့သြနေမိ၏။ သို့သော်လည်း တိုးဘော့မ၏ပုံပန်းကို မြင်ရုံမျှဖြင့် တိုးဘော့များက အာဖရိကမများအား ဘာ့ကြောင့် ပို၍ကြိုက်ကြသည်ကို သူသဘောပေါက်သွားသည်။

ထို့နောက်တွင် ကွမ်တာသည် သူတို့လှေကြီးပေါ်မှမဟုတ်သော လူမည်းနှစ်ယောက် ကို မြင်သည်။ တစ်ဦးသည် မန်ဒင်ကာဖြစ်၍ နောက်တစ်ဦးသည် ဆီရီးရီးလူမျိုးဖြစ်လိမ့် မည်ဟု သူခန့်မှန်းသည်။ တိုးဘော့တစ်ယောက်၏ နောက်မှ ငြိမ်ဆိတ်စွာလိုက်ပါသွား နေကြသည့် လူမည်းနှစ်ယောက်ကိုကြည့်ကာ အံ့သြခြင်းလည်းဖြစ်သည်။ ဝမ်းသာ အားတက်ခြင်းလည်းဖြစ်သည်။ ယခုမှရောက်လာသည့် သူတို့အဖို့ အလွန်ကြောက် မက်ဖွယ်ကောင်းသည့် ဤမြေပေါ်၌ အဖော်ရပြီဟုပင် ထင်သည်။ ဤနှစ်ယောက်အား ချက်ပြုတ်မစားဘဲ အသက်ရှင်ခွင့်ပေးထားသည်မှာ ဘာ့ကြောင့်ပါလိမ့်။ မည်သို့ဖြစ်စေ သူတို့နှစ်ဦးကို မြင်သောအခါ ကွမ်တာ၏စိတ်ထဲတွင် ပြေး၍ ပွေ့ဖက်နှုတ်ဆက်ချင် သောဆန္ဒ ပေါ်လာသည်။ သို့သော်လည်း နှစ်ဦးစလုံး၏မျက်နှာများသည် မျက်နှာ သေများဖြစ်သည်။ ကြောက်လန့်သည့် အရိပ်အငွေ့များလည်း ထင်ဟပ်နေသည်။ သူတို့ရှေ့မှသွားနေသည့် တိုးဘော့၏လက်ထဲတွင် ဘာလက်နက်မှမပါ။ သို့ပါလျက် ဤလူမည်းများက တိုးဘော့အားသတ်ပြီး ဘာ့ကြောင့်ထွက်မပြေးကြသနည်း။

ကွမ်တာသည် ရှေ့ဆက်တွေးဖို့အချိန်မရ။ အဘယ်ကြောင့်ဆိုသော် ဖြုန်းခနဲ အုတ်နံရံကာ လေးထောင့်စပ်စပ်အိမ်ကြီးတစ်လုံးရှေ့သို့ ရောက်သွား၍ဖြစ်၏။ အစောင့် တိုးဘော့များက သူတို့အား ကြာပွတ်များနှင့်ရိုက်ကာ ခြံဝင်းအတွင်းသို့မောင်းသွင်းသည်။

ထို့နောက် အခန်းကြီးတစ်ခန်းအတွင်းသို့ ပို့သည်။ မှန်ဝါးဝါးအလင်းရောင်အောက်ရှိ နံရံတစ်ဖက်၌စုစည်းပြီး သံကြိုးနှင့်တွဲချည်ထားသော လူမည်းငါးယောက်ကို ကွမ်တာ လှမ်းမြင်သည်။ ကြာကြာကြည့်နေဖို့ အချိန်မရလိုက်။ တိုးဘော့များက ကွမ်တာတို့ လူစုအား နံရံများတွင်ချည်ထားသည့် သံကြိုးများနှင့်တွဲ၍ ခြေထိတ်လက်ထိတ် ခတ်လိုက်ကြသည်။

နောက်တစ်ခဏမျှအကြာတွင် လူမည်းတစ်ယောက်ဝင်လာသည်။ မည်သူ့ကိုမျှ မော့မကြည့်ဘဲ ရေထည့်ထားသည့် သံဘူးကလေးများနှင့် အစာပန်းကန်များကို တစ်ယောက်ချင်းစီရှေ့သို့လိုက်ချပေးပြီး လျင်မြန်စွာပင် ပြန်ထွက်သွားသည်။ ကွမ်တာသည် အစာစားချင်စိတ်မရှိသော်လည်း လည်ချောင်းကခြောက်သွေ့နေသဖြင့် ရေကိုတော့ သောက်ချင်နေသည်။ နောက်ဆုံး မအောင့်နိုင်လွန်းသဖြင့် သူသည် သံဘူးကိုယူ၍ မော့လိုက်သည်။ သံဘူးထဲမှ ရေသည့်အရသာထူးနေသည်ကို သူ သတိထားလိုက်မိ၏။

ဤအခန်းထဲ၌ ထိုင်နေရသည်မှာ ကြာလေကြောက်စိတ်ကြီးလေဖြစ်လာသည်။ ဘာကိုကြောက်နေမှန်းတော့ ကွမ်တာမသိ။ ဤအခန်းထဲမှာနေရသည်ထက် ရွက်လှေကြီးပေါ်က အခန်းထဲ နေရခြင်းက ပို၍ကောင်းသည်ဟု ကွမ်တာထင်မိသည်။ တိုးဘော့ နှစ်ယောက် ဝင်လာသည်။ တစ်ယောက်က မီးတိုင် ကိုင်ထား၍ တစ်ယောက်က လူမည်း တစ်ယောက်အား ကြာပွတ်နှင့်ရိုက်ခေါ်လာသည်။ တိုးဘော့ဘာသာစကားဖြင့် အော်ဟစ်နေသည့် လူမည်းအား သံကြိုးများဖြင့် လက်ထိတ်ခတ်အပြီးတွင် တိုးဘော့များ ပြန်ထွက်သွားသည်။ ကွမ်တာတို့လူစုသည် ညည်းညူနေသော လူမည်း၏အသံများကို ငြိမ်၍နားထောင်နေမိကြလေ၏။

အရဏ်တက်ဖို့ နီးကပ်လာလေပြီ။ ယခုအချိန်ထိ အိပ်မပျော်သေးသော ကွမ်တာသည် သင်တန်းတက်စဉ်က သူ့ဆရာကင်တန်းဂိုး ပြောခဲ့သည့်စကားကို သတိရနေသည်။

'ပညာဉာဏ်ရှိတဲ့ လူတစ်ယောက်ဟာ တိရစ္ဆာန်တွေရဲ့သဘာဝကို လေ့လာရမယ်။ သူတို့ဆီက နည်းယူစရာရှိတာယူရမယ်'

ကွမ်တာသည် လှဲနေရာမှ ဖျတ်ခနဲထထိုင်လိုက်သည်။ ဤအသိကို သတိရအောင် အလ္လာသခင်က လုပ်ပေးလေသလား။ တိရစ္ဆာန်တွေဆီက သင်ယူရမယ်ဆိုတာ ဘာကို သင်ယူရမှာလဲ။ အထူးသဖြင့် ယခုလိုအချိန်တွင် ဘယ်လိုသင်ယူရမှာလဲ။ သူသည် ထောင်ချောက်ထဲပိတ်မိနေသည့် တိစ္ဆာန်တစ်ကောင်နှင့်တူနေ၏။ သူသည် ထောင်ချောက်တွင်း၌ ပိတ်မိနေသည့် တိရစ္ဆာန်များကို မြင်ယောင်ကြည့်သည်။ လွတ်မြောက်သွားတတ်ကြသည်။ ဘယ်လိုအကောင်မျိုးတွေ လွတ်သွားကြသနည်း။

နောက်ဆုံးတွင် ထိုမေးခွန်း၏အဖြေကို သူရလာသည်။ ထောင်ချောက်များအတွင်းမှ လွတ်မြောက်သွားသော တိရစ္ဆာန်များသည် သူတို့ကိုယ်သူတို့ ပင်ပန်းနွမ်းနယ်ပြီး

မြန်မာ စာအုပ်များ

မောဟိုက်သွားသည်အထိ ရုန်းကန်လှုပ်ရှားခြင်းမပြုကြ။ ငြိမ်သက်စွာနေပြီး ခွန်အား ပြည့်အောင် မွေးတတ်သည်။ သူတို့အားဖမ်းဆီးသူများ ရောက်လာခါမှ ဖမ်းဆီးသူများ၏ အားနည်းချက်ကိုကြည့်ကာ ရုတ်တရက် ထ၍ ခွန်အားကို အသုံးချပြီး တိုက်ခိုက်သည်။ ပြီးတော့မှ လွတ်မြောက်ရာ လမ်းကြောင်းပေါ်သို့ ပြေးထွက်သွားသည် မဟုတ်လော။

ကွမ်တာ၏ရင်ထဲတွင် ရှင်သန်တက်ကြွသောစိတ်ဝင်လာသည်။ သူ့စိတ်သည် 'ထွက်ပြေးလွတ်မြောက်မှု'အပေါ်၌သာ အာရုံစိုက်လျက်ရှိသည်။ တိုးဘော့များ၏အမြင်တွင် သူသည် လက်မြောက်အရှုံးပေးနေသူတစ်ဦးအဖြစ် ဟန်ဆောင်ရမည်။ ဒေါသကြီး၍ မဖြစ်။ ယုဉ်ပြိုင်တိုက်ခိုက်၍မဖြစ်။ သူ့ကိုမြင်လိုက်လျှင် မျှော်လင့်ချက်ကင်းမဲ့နေသည့် လူတစ်ယောက်ဟု ထင်လာအောင် နေထိုင်ရမည်။

သို့သော် သူလွတ်ပြီဆိုပါတော့။ ဟယ်နေရာကိုပြေးမည်နည်း။ သူနှင့် အလွန်စိမ်းသည့် ဤမြေပေါ်၌ ဘယ်နေရာမှာသွား၍ ပုန်းအောင်းနေရမည်နည်း။

အရက်ဦးအလင်းရောင်သည် ပြတင်းပေါက်ပျဉ်ချပ်များကြားမှ ထိုးဖောက်ဝင်ရောက်လာသည်။ ကွမ်တာသည် မျက်လုံးများကိုစုံမှိတ်ကာ အိပ်ပျော်ဖို့ ကြိုးစားသည်။ သို့သော် အစာနှင့်ရေလာပို့သော လူမည်းတစ်ယောက်ကြောင့် ဖျတ်ခနဲလန့်နိုးလာရပြန်သည်။ သူ့ဝမ်းဗိုက်သည် ဟာလျက်ရှိ၏။ သို့သော်လည်း အစားအစာများ၏အနံ့ကို သူမခံနိုင်။ တံတွေးတစ်ချက်မျိုချလိုက်သည်။ လည်ချောင်းက နာလှပါဘိခြင်း။

ကွမ်တာသည် သူ့အဖော်များအား လှမ်းကြည့်သည်။ အားလုံး ဘာကိုမှမမြင်။ မကြားကြသည့်နှယ်ရှိသည်။ သူတို့ အခန်းထဲဝင်စဉ်က တွေ့ခဲ့ရသည့် လူမည်း ငါးယောက်ဘက်သို့ လှည့်၍ လေ့လာကြည့်ပြန်သည်။ ထိုလူစုသည် တိုးဘော့တို့ အင်္ကျီဘောင်းဘီ အစုတ်အပြဲများ ဝတ်ထားကြသည်။ သူတို့ထဲမှနှစ်ဦးသည် လူမည်းစစ်စစ်များမဟုတ်။ အသားအရောင်ကအညိုရောင်။ လူကြီးတွေ ပြောခဲ့ဖူးသည့် တိုးဘော့နှင့် လူမည်းအမျိုးသမီးတို့မှ ပေါက်ဖွားသည့် ကပြားများဖြစ်သည်။ မနေ့ညကမှ ရိုက်နှက်ပြီး လာပို့သွားသော လူမည်းကို ကြည့်မိပြန်သည်။ ထိုလူသည် ခေါင်းငိုက်စိုက်ချကာ ကိုယ်ကို ရှေ့သို့ကိုင်း၍ ထိုင်နေသည်။ ဆံပင်များသည် သွေးများဖြင့်ခဲလျက်ရှိ၏။ လက်တစ်ဖက်သည် တွဲလောင်း။ ထိုလက်ကျိုးနေသည်မှာ ထင်ရှားသည်။

အချိန်သည် တရွေ့ရွေ့ကုန်လျက်ရှိသည်။ နောက်ဆုံးတွင် ကွမ်တာ အိပ်ပျော်သွားသည်။ နောက်တစ်ကြိမ် အစားအသောက်လာပို့သည့်အခါ လန့်နိုးရပြန်သည်။ ဤတစ်ကြိမ်လာပို့သည့်အစာမှာ ယာဂုနှင့်တူသည်။ အနံ့က ပို၍ဆိုးဝါးသည်ဟု ထင်၏။ သူသည် အစာခွက်ကိုမကြည့်မိအောင် မျက်လုံးများကို မှိတ်ထားသည်။ သို့သော်လည်း သူ့အဖော်အားလုံး စားနေကြသည်ကို မြင်သောအခါ စားကြည့်လျှင် ထင်သလောက် ဆိုးလှသည်မဟုတ်ဟု တွေးမိပြန်၏။ ဤနေရာမှ လွတ်မြောက်အောင်

ကြိုးစားမည်ဆိုပါက အာ့ရှိနေဖို့လိုလိမ့်မည်ဟု တွေးမိသောအခါ နည်းနည်းပါးပါးတော့ စားထားလိုက်မည်ဟူသော စိတ်ကူးဝင်လာသည်။ သူသည် အစာခွက်ကိုဆွဲ ယာဂုကို ကသောကမျောမျိုချသည်။ ရွံရှာမှုကြောင့် ပျို့ပျို့တက်လာနေသော်လည်း အန်မထွက်အောင် သူ့ကိုယ်သူ ထိန်းချုပ်ထားသည်။

ထိုနေ့မှစ၍ ကွမ်တာသည် တစ်နေ့လျှင် သုံးကြိမ်မျှ သူမုန်းတီးစက်ဆုပ်သော အစာကို စားသည်။ မွန်းလွဲပိုင်းဆိုလျှင် တိုးဘော့နှစ်ယောက် ရောက်လာပြီး အနာများကို ဆေးထည့်ပေးသည်။ ကွမ်တာသည် ပြတင်းပေါက်မှ မြင်နေရသည့် အလင်းအမှောင်ကို ကြည့်၍ ရက်ပေါင်းမည်မျှရှိပြီကို လက်ချိုးရေတွက်ထားသည်။ ခြောက်နေ့နှင့် ငါးည ကုန်လွန်ခဲ့ပြီဖြစ်၏။

ကွမ်တာသည် အစားကို ဝအောင်စားပြီးတိုင်း အတွေးဟူသမျှကိုဖြတ်ကာ အိပ်နိုင်ဖို့ကြိုးစားသည်။ မိနစ်အနည်းငယ်မျှ နားလိုက်ရလျှင် မည်မျှထိ အားအင်ပြည့်လာနိုင်သည်ကို သူသိနေသည်မဟုတ်ပါလော။ အိပ်မပျော်သည့်အခါများတွင်မူ ကွမ်တာသည် သူ့မိသားစု သို့မဟုတ် သူ့ရွာအကြောင်းမတွေးဘဲ အခြားအကြောင်းအရာများကိုသာ တွေးဖို့ ကြိုးစားသည်။ တခြားကြောင့်မဟုတ်။ သူ့မိသားစုနှင့် သူ့ရွာအကြောင်းတွေးမိလျှင် မျက်ရည်မဆည်နိုင်အောင်ဖြစ်တတ်သည် မဟုတ်ပါလော။

[၄၁]

ခုနစ်ရက်မြောက် နံနက်ခင်း ယာဂုသောက်ပြီးစအချိန်တွင် ကွမ်တာတို့ အခန်းထဲသို့ တိုးဘော့နှစ်ယောက် ဝင်လာသည်။ သူတို့လက်ထဲတွင် အဝတ်အထည်များ တပွေ့တပိုက်ကြီး ပါလာသည်။ ကွမ်တာတို့အား သံကြိုးဖြုတ်ပေးပြီး အဝတ်များ ဝတ်နိုင်းသည်။ တစ်ထည်မှာ ခါးနှင့် ခြေထောက်များကို ဖုံးလွှမ်းသည့် ဘောင်းဘီဖြစ်၍ နောက်တစ်ထည်မှာ ခန္ဓာကိုယ်အပေါ်ပိုင်းကို လုံခြုံစေသည့်အင်္ကျီဖြစ်သည်

အပြင်မှ လူ့သံများ ကြားနေရ၏။ အသံများသည် ပို၍များကာ ပို၍ကျယ်လာသည်။ တိုးဘော့များ၏ စကားပြောသံနှင့် ရယ်သံများဖြစ်သည်။ ဘာတွေများ ဖြစ်လာဦးမည်နည်း။ ကွမ်တာတို့လူစုသည် ကိုယ့်အတွေးနှင့်ကိုယ် ထိတ်လန့်ကြောက်ရွံ့နေကြသည်။

အခန်းထဲမှ ပြန်မသွားမီ တိုးဘော့နှစ်ယောက်သည် ကွမ်တာတို့ရောက်စက ရှိနေနှင့်သည့် လူမည်းငါးဦးထဲမှ သုံးဦးကို ခေါ်ထုတ်သွားကြသည်။ လူမည်းငါးဦး၏ အပြုအမူသည် လုံးဝပြောင်းလဲခြင်းမရှိ။ ဤအဖြစ်မျိုးနှင့် မကြာခဏကြုံခဲ့ဖူးသဖြင့် ရိုးနေသည့်သဘောရှိသည်။ ခဏမျှအကြာတွင် အပြင်ဘက်မှအသံများ ငြိမ်သွားသည်။

ထို့နောက် တိုးဘော့တစ်ဦး၏ အော်ဟစ်ပြောဆိုနေသံ ထွက်ပေါ်လာသည်။ ကွမ်တာသည် တိုးဘော့စကားကို လုံးဝနားလည်သည်မဟုတ်။ သို့သော်လည်း ကယောင်ကတမ်းဖြစ်ကာ ဘာတွေပြောနေပါလိမ့်ဟူသော သိချင်စိတ်ဖြင့် ဂရုတစိုက်နားစွင့်နေမိ၏။

'ဒီကောင်ကိုကြည့်ကြပါ၊ ဘယ်လောက်သန်မာထွားကျိုင်းတဲ့ကောင်လဲ။ ဒီကောင်မျိုးတွေအတွက် ပေးရတဲ့ ဒေါ်လာဟာ တန်ပါတယ်'

တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် တိုးဘော့များ၏ တစ်ယောက်တစ်ပေါက် အော်ဟစ်နေသံများ ဆက်တိုက်ကြားနေရသည်။

'သုံးရာ့ငါးဆယ်' လေးရာ' 'ငါးရာ'

ထိုအခါ ပထမဆုံးအော်ခဲ့သူ တိုးဘော့က 'ခြောက်ရာဆိုတဲ့အသံ ကြားပါရစေ။ သူ့ကိုကြည့်ကြပါ၊ လားတစ်ကောင်လိုအလုပ်လုပ်တဲ့ အကောင်ကြီးပါ'

ကြောက်စိတ်က ဖိစီးနေသဖြင့် ကွမ်တာတစ်ကိုယ်လုံး တုန်နေသည်။ မျက်နှာတွင် ချွေးများယိုစီးကျလျက်ရှိ၏။ အသက်မှန်မှန်မရှူနိုင်သဖြင့် လည်ချောင်းတစ်ခုလုံး တစ်ဆို့ဆို့ဖြစ်နေသည်။ အခန်းထဲသို့ တိုးဘော့လေးယောက် ဝင်လာသည်။ ကွမ်တာသည် တောင့်တောင့်ကြီးဖြစ်လျက်ရှိ၏။ တံခါးဝ၌ရပ်နေသည့် တိုးဘော့နှစ်ယောက်သည် လက်တစ်ဖက်က တင်းပုတ်တိုများကိုင်၍ ကျန်တစ်ဖက်က သတ္တုပိုက်လုံး တုတ်တိုများကိုင်ထားသည်။ အခြားတိုးဘော့နှစ်ဦးက ကွမ်တာတို့ထံလာပြီး လက်ထိတ်ခြေထိတ်များဖြုတ်သည်။ အော်သူ ရန်းသူများအား သူတို့လက်ထဲမှ သားရေကြိုးပြားဖြင့် ရိုက်သည်။ အော်ဟစ်ရန်းကန်လိုက်မိသော ကွမ်တာ၏ခေါင်းပေါ်သို့ တုတ်တစ်ချက်ကျလာသည်။ တစ်ခေါင်းလုံး အစိတ်စိတ်အမြွာမြွာဖြစ်သွားလိမ့်မည်ဟု ထင်ရ၏။ မူးနောက်ရီဝေဖြစ်နေသော ဦးခေါင်း ပြန်လည်ကြည်လင်လာသည့်အခါ သူ့အား အပြင်ဘက်က နေရောင်အောက်သို့ ဆွဲထုတ်သွားနေသည်ကိုတွေ့ရသည်။ ထုတ်လာသည့် လူခြောက်ယောက်တန်းတွင် သူသည် ရှေ့ဆုံးမှဖြစ်၏။

အော်ဟစ်နေသော တိုးဘော့သည် ခပ်နိမ့်နိမ့်သစ်သားကွပ်ပျစ်တစ်ခုပေါ်၌ ရပ်နေသည်။ ကျန်တိုးဘော့များက ကွပ်ပျစ်အားဝိုင်းရံပြီး ရပ်နေကြသည်။ တိုးဘော့များ၏ကြားတွင် လူမည်းအနည်းငယ်ရှိနေသည်ကို ကွမ်တာသတိထားမိ၏။ သို့သော်လည်း သူတို့မျက်နှာများသည် မည်သည့်အရာကိုမှ မမြင်မသိဖြစ်နေသည့် အခြေအနေမျိုးဖြစ်သည်။ လူမည်းနှစ်ယောက်သည် စောစောကအခန်းထဲမှ ထုတ်သွားသည့် လူမည်းများထဲမှ နှစ်ယောက်၏ လက်ထိတ်သံကြိုးများကို ကိုင်ထားသည်။ အော်လိုက်ဟစ်လိုက်လုပ်နေသော တိုးဘော့သည် ကွမ်တာတို့လူစုထံ လျှောက်လာပြီး တစ်ဦးချင်းစီကို ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ်ကြည့်သည်။ ကြာပွတ်လက်ကိုင်ရိုးဖြင့် သူတို့၏ ရင်ဘတ်များနှင့် ဝမ်းဗိုက်များကို ထိုးကြည့်သည်။ 'မျောက်တွေအတိုင်းပဲ။ ဘာမဆို

နိုင်းလို့ရမယ့်ပုံပဲ’ဟု အော်ပြောသည်။ ထို့နောက် ရှေ့ဆုံးသို့ ပြန်လျှောက်လာပြီး ကွမ်တာအား ကြာပွတ်ရိုးဖြင့် ခပ်ကြမ်းကြမ်းထိုးကာ ကွပ်ပျစ်စင်ထက်သို့ တက်နိုင်းသည်။ ကွမ်တာက ကြောက်စိတ်ဖြင့် နေရာမှမရွေ့။ ထိုအခါ ကြာပွတ်လက်ကိုင်ရိုးက သူ့အနာများကို ထိုးဆွသည်။ ကွမ်တာသည် မလှုပ်ရှားဘဲမနေနိုင်။ ရှေ့သို့တိုးကာ ကွပ်ပျစ်စင်ပေါ်သို့ ရောက်သွားသည်။

‘အရှယ်ကောင်းကလေးကွ။ အသက်ငယ်ငယ်မို့ ဖျတ်လတ်တက်ကြွတယ်’ ဟု တိုးဘော့ကအော်သည်။ မင်သက်မိသလိုဖြစ်နေသောကွမ်တာသည်သူ့အနားသို့တိုးဘော့များ ကပ်လာနေကြသည်ကို သတိမထားမိ။ တိုးဘော့များက သူတို့လက်ထဲမှ တုတ်များ ကြာပွတ်လက်ကိုင်များဖြင့် သူ့အား ထိုးကြဆွကြသည်။ ပါးစပ်ကိုဖြဲ၍ သွားများကိုကြည့်သည်။ လက်များဖြင့် တစ်ကိုယ်လုံးကို စမ်းကြည့်ကြ နှိပ်ကြည့်ကြသည်။ သူ့ချိုင်းကြား၊ သူ့ရင်ဘတ်၊ သူ့ကျောနှင့် သူ့ဖိုတို့(တန်ဆာ)ကအစ ကိုင်ကြည့်ကြသည်။ ထို့နောက် အချို့က နောက်သို့ဆုတ်၍ ထူးဆန်းသော အော်သံများပြုကြသည်။

‘ဒေါ်လာ သုံးရာ အဲ…အဲ၊ ဒေါ်လာ သုံးရာ့ငါးဆယ်’

စင်ပေါ်မှ တိုးဘော့က သရော်သံဖြင့် ရယ်လိုက်သည်။

‘ဒေါ်လာ ငါးရာ၊ ခြောက်ရာ ပေးလိုက်ကြစမ်းပါ’ဟု ဒေါသသံဖြင့် အော်သည်။

‘အခုဟာ လက်ရွေးစင်နီဂရိုးလူငယ်တစ်ယောက်ပဲ။ ခုနစ်ရာ့ငါးဆယ်လို့ အော်တဲ့အသံ ကြားစမ်းပါရစေ’

‘ဒေါ်လာ ခုနစ်ရာ့ငါးဆယ်’ဟု အော်သံတစ်သံ ထွက်လာသည်။

တိုးဘော့က ထိုအော်သံအတိုင်း အကြိမ်ပေါင်းများစွာ အဆက်မပြတ်အော်သည်။ နောက်ဆုံးတွင် ပရိသတ်ထဲမှ ‘ရှစ်ရာ’ဟူသော အော်သံ တစ်ဆက်တည်း ပေါ်လာသည်။

‘ရှစ်ရာ့ငါးဆယ်’

နောက်ထပ် အော်မည့်သူမရှိတော့။ အော်ဟစ်နေသော တိုးဘော့က ကွမ်တာ၏ သံကြိုးကို ဖြုတ်လိုက်ပြီး စင်ဆီသို့လျှောက်လာနေသည့် တိုးဘော့ဘက်သို့ တွန်းပို့သည်။

စင်ရှေ့သို့ရောက်နေသည့် တိုးဘော့နောက်တွင် လူမည်းတစ်ယောက်ပါလာသည်။ အော်နေသော တိုးဘော့က ကွမ်တာ၏ လက်ထိတ်သံကြိုးကို ထိုလူမည်းလက်ထဲသို့ လှမ်းပေးသည်။ ကွမ်တာသည် ဝိုးလော့ဖ်လူမျိုးစု ကြန်အင်လက္ခဏာရှိသော လူမည်း၏မျက်နှာကို အသနားခံသည့် မျက်လုံးများဖြင့်ကြည့်သည်။

‘အစ်ကိုကြီးရာ ခင်ဗျားဟာ ကျုပ်တို့နိုင်ငံကလာတဲ့ ကျုပ်တို့လူမျိုးတစ်ယောက်ပါ’ဟု သူ့မျက်လုံးများဖြင့် စကားပြောသည်။ သို့သော်လည်း လူမည်းကတော့ ကွမ်တာကိုပင် မြင်သည့်လက္ခဏာမရှိ။ ကွမ်တာသည် နောက်မှ တရွတ်သီထိုး လိုက်ပါသွားရသည်။ ဆားတစ်ဖက်တစ်ချက်မှ ရပ်ကြည့်နေကြသော တိုးဘော့လူငယ်များသည်

မြန်မာ စာအုပ်များ

ကွမ်တာအားကြည့်၍ ရယ်ကြသည်။ သူတို့လက်ထဲမှ တုတ်များဖြင့် လှမ်း၍ ထိုးကြခေါက်ကြသည်။ နောက်ဆုံးတွင် ကွမ်တာအားဆွဲခေါ်သွားသည့် လူမည်းသည် လားနှင့်တူသော တိရစ္ဆာန်၏နောက်မှ သေတ္တာနှင့်တူသော ဘီးလေးဘီးတပ် အရာဝတ္ထုကြီးနား၌ ရပ်သည်။

လူမည်းက ကွမ်တာအား တင်ပါးနှစ်ဖက်မှမ၍ သေတ္တာကြီးနှင့်တူသော အရာဝတ္ထုကြီးပေါ်သို့ တင်ပေးသည်။ ကွမ်တာ့အနီး၌ချထားသော အိတ်ကြီးနှစ်လုံးထဲမှ ဂျုံမှုန့်နံ့လိုလို အနံ့တစ်မျိုးထွက်နေသည်ကို ကွမ်တာသတိထားမိသည်။ လူမည်းကျွန်ထိန်းများအား မုန်းတီးနေသော ကွမ်တာသည် သူ့အားခေါ်လာသည့် လူမည်းကို မကြည့်လို မမြင်လို။ သူသည်မျက်လုံးများကို မှိတ်ထားသည်။

အတန်ကြာသည့်အခါ တိုးဘော့ပြန်ရောက်လာသည်။ ကျွန်ထိန်းလူမည်းအား တိုးဘော့က တစ်စုံတစ်ရာလှမ်းပြောသည်။ တိုးဘော့နှင့် ကျွန်ထိန်းလူမည်းတို့သည် ရှေ့ဆုံးမှထိုင်ခုံတွင် တက်ထိုင်ကြသည်။ သူတို့၏ ကြီးမားသောအလေးချိန်ကြောင့် ထိုင်ခုံသည် တလှုပ်လှုပ်ဖြစ်ကာ တကျွီကျွီမြည်လျက်ရှိ၏။ ကျွန်ထိန်းသည် သားရေကြိုးများကို လက်ဖြင့်စုဆွဲကာ တိရစ္ဆာန်၏ကျောကို ဖျတ်ခနဲပုတ်လိုက်သည်။ ဘီးများပေါ်၌ တင်ထားသော သေတ္တာကြီးသည် လားနှင့်တူသော တိရစ္ဆာန်၏နောက်မှ လိုက်ပါသွားလျက်ရှိလေသည်။

ကွမ်တာ၏ခေါင်းသည် မူးနောက်ရီဝေလျက်ရှိ၏။ သူ့ခြေထောက်များတွင် ခတ်ထားသည့် သံကြိုးနှင့် ကြမ်းပြင် ရိုက်ခတ်နေသံများကိုပင် သူမကြား။ မည်မျှလောက်အထိ ခရီးပေါက်လာပြီကိုလည်း သူမသိ။ သူသည် ခြေချင်းဝတ်၌ခတ်ထားသည့် သံကြိုးကို အသေအချာကြည့်သည်။ ရွက်လှေကြီးပေါ်တုန်းက အခတ်ခံခဲ့ရသည့် သံကြိုးထက် များစွာသေးသည်ကို တွေ့ရ၏။ အကယ်၍ ရှိသမျှခွန်အားကိုထုတ်ပြီး တအားကုန်ခုန်လိုက်မည်ဆိုလျှင် ဤသေတ္တာကြီးထဲ၌ တွဲချည်ထားသော သံကြိုးသည် ပြုတ်ထွက်သွားနိုင်မလား။

ကွမ်တာသည် ရှေ့ဆုံးခုံ၌ ထိုင်နေသူနှစ်ဦး၏ ကျောများကို လှမ်းကြည့်သည်။ တိုးဘော့သည် တောင့်တောင့်မတ်မတ်ထိုင်နေသည်။ ကျွန်ထိန်းကတော့ ခုံတန်း၏တစ်ဖက်သောထောင့်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျက်ရှိ၏။ နှစ်ဦးစလုံး အတူတူတွဲထိုင်နေကြသည်ကို မသိကြသည့်နှယ် ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေကြသည်။ ကွမ်တာသည် ယခုလောလောဆယ် လွတ်မြောက်အောင် အားထုတ်၍မဖြစ်သေးဟု ဆုံးဖြတ်လိုက်သည်။

ကွမ်တာ့အားရှိ အိတ်ကြီးထဲမှအနံ့သည် ပြင်းထန်လှ၏။ ဤကြားထဲမှပင် တိုးဘော့နှင့် သူ့တပည့် လူမည်းတို့၏အနံ့များကို သူ့နှာခေါင်းကရနေသည်။ ပြီးတော့ သူ့

မြန်မာ စာအုပ်များ

အနီးနားမှ အခြားလူများ၏ အနံ့အသက်များ။ ကွမ်တာသည် လှဲနေရာမှ အသံမထွက်အောင် သတိထား၍ ထိုင်လိုက်ပြီး ဘေးတစ်ဖက်ကို ကျောနှင့်မှီလိုက်သည်။ ဦးခေါင်းကို မမော့ထားသဖြင့် အခြားလူမည်းများအားမမြင်ရ။

သူဘေးတစ်ဖက်ကိုမှီ၍ အထိုင်လိုက်တွင် ရှေ့မှတိုးဘော့က နောက်လှည့်ကြည့်သည်။ ကွမ်တာနှင့် မျက်လုံးချင်းဆုံမိကြသည်။ ကွမ်တာ့တစ်ကိုယ်လုံး အေးစက်သွားသည်။ တိုးဘော့၏မျက်နှာတွင် ထူးခြားသည့် အရိပ်လက္ခဏာ မမြင်ရ။ ချက်ချင်းပင် သူသည် ရှေ့သို့ပြန်လှည့်သွားသည်။ အနည်းငယ်မျှရဲလာသော ကွမ်တာသည် နေရာပြင်ထိုင်လိုက်ပြန်သည်။ ရှေ့ဘက်ခပ်လှမ်းလှမ်းမှ သီချင်းဆိုလာနေသောအသံများကြားသည်။ အသံများသည် တဖြည်းဖြည်း နီးနီးလာသည်။ ရှေ့မလှမ်းမကမ်း၌ လားနှင့်တူသော တိရစ္ဆာန်တစ်ကောင်၏ ကျောပေါ်တွင် ကားယားခွတိုင်လာသည့် တိုးဘော့တစ်ယောက်။ လက်တစ်ဖက်က ခွေထားသောကြာပွတ်ကို ကိုင်ထားသည်။ ကျန်လက်တစ်ဖက်က လူနှစ်ဆယ်ခန့်အားချည်ထားသည့် သံကြိုးကို ကိုင်ထားသည်။ လူနှစ်ဆယ်ပန့်တွင် အများစုမှာ လူမည်းများဖြစ်၍ အချို့မှာ အသားညိုများဖြစ်ကြသည်။ သူတို့သည် ရှေ့နောက်တန်းစီကာ တိုးဘော့၏ရှေ့မှ လျှောက်လာနေကြခြင်းဖြစ်၏။

ကွမ်တာသည် မျက်တောင်ကို တဖျတ်ဖျတ်ခတ်ပြီး သဲသဲကွဲကွဲမြင်နိုင်အောင် ထပ်ကြည့်သည်။ အဝတ်အပြည့်အစုံဝတ်ထားသည့် မိန်းမနှစ်ယောက်မှတစ်ပါး ကျန်ယောကျ်ားအားလုံး အကျီမပါကြ။ သူတို့အားလုံး ဆွေးဆွေးမြည့်မြည့်အသံများဖြင့် သီချင်းဆိုလာကြသည်။ ကွမ်တာကသတိထား၍ နားထောင်သည်။ သို့သော် တစ်လုံးမှ အဓိပ္ပာယ်နားမလည်။ သူတို့ဘေးမှကပ်၍ဖြတ်သွားသော လူအုပ်ကို ကွမ်တာ ဂရုစိုက်ကြည့်မိသည်။ သူတို့၏ကျောများတွင် ကြာပွတ်ရာများ ထပ်ထပ်ရုံလျက်ရှိ၏။ ဤလူမည်းများထဲတွင် ဖူးလား၊ ယိုရူဘား၊ မောရက်တားနီးယန်း၊ ဝိုးလော့ဖ်နှင့် မန်ဒင်ကာစသော လူမျိုးစုများ ပါဝင်သည်ဟု ခန့်မှန်းမိသည်။ ဤအထဲတွင် ကံမကောင်း အကြောင်းမလှဖြစ်ကာ တိုးဘော့များအား အဖေတော်ခဲ့ရသည့် လူများလည်း ပါဝင်လိမ့်မည်ဟု သူယူဆမိ၏။

လူမည်းများ၏ အခြားတစ်ဖက်တွင်မူ ရောင်မျိုးစုံအပင်များ ပေါက်ရောက်နေသည့် ကျယ်ပြန့်သော မြေကွက်ကို မြင်နေရသည်။ လမ်းမကြီးတစ်လျှောက်တွင်မူ ဖူးစားပြောင်းပင်များဟု ယူဆရသည့် အပင်များဖြင့်ပြည့်နေသည့် မြေ ကွက်ကြီးတစ်ကွက်။ ရိုးတံများသည် ညိုရောင်သန်းနေကြသည်။ အပင်များတွင် အဖူးအနံ့ဆို၍ အစအနပင် မမြင်ရတော့။ ကောက်သိမ်းပြီးစအချိန်တွင် ဂျပ်ဖူရီရွာပတ်ဝန်းကျင်ရှိ ယာခင်းများပေါ်၌ တွေ့ရတတ်သည့် မြင်ကွင်းမျိုးဖြစ်၏။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

မကြာခင်မှာပင် တိုးဘော့သည် သူ့ဖင်ထိုင်ခုံအောက်ရှိ အိတ်တစ်လုံးထဲမှ ပေါင်မုန့်နှင့် အသားများ ထုတ်သည်။ ထို့နောက် တစ်ပိုင်းစီ တစ်စစီခွဲကာ သူနှင့် လူမည်းကြား၌ချသည်။ လူမည်းက ပေါင်မုန့်နှင့် အသားတစ်စကို ကောက်ယူ၍စားသည်။ ခဏကြာတွင် လူမည်းက နောက်သို့လှည့်၍ ကွမ်တာအားကြည့်သည်။ သူ့လက်ထဲမှ ပေါင်မုန့်တစ်စကို ကွမ်တာအား လှမ်းပေးသည်။ ကွမ်တာ၏နှာခေါင်းသည် ပေါင်မုန့်နံ့ကို ရနေသည်။ မွေးလွန်းသောအနံ့ကြောင့် ကွမ်တာ၏ပါးစပ်ထဲတွင် သွားရည်တမြားမြားဖြစ်လာသည်။ သို့သော်သူသည် လူမည်းလှမ်းပေးနေသည့် ပေါင်မုန့်ကိုမယူ။ မျက်နှာကို တစ်ဖက်သို့လွှဲလိုက်သည်။ လူမည်းက ပခုံးများကိုတွန့်လိုက်ပြီး ပေါင်မုန့်ကို သူ့ပါးစပ်တွင်းသို့ သွင်းလိုက်လေ၏။

ဆာလောင်မွတ်သိပ်မှုကို သတိမရအောင် ကြိုးစားသည့်အနေဖြင့် ကွမ်တာသည် အပြင်သို့ လှမ်းမျှော်ကြည့်သည်။ မြေကွက်၏ တစ်ဖက်စွန်းတွင် လူတစ်စုသည် ခါးများကို ကုန်းကာ တလှုပ်လှုပ်။ အလုပ်လုပ်နေကြသည့် လက္ခဏာရှိ၏။ ထိုလူများသည်လည်း လူမည်းများပင်ဖြစ်လိမ့်မည်ကို ကွမ်တာတွေးသည်။ သို့သော် ဝေးလွန်းသဖြင့် တိတိကျကျမပြောနိုင်။ သူသည် လေကိုရှူကြည့်သည်။ ထိုလူစု၏အနံ့ကိုသာရလျှင် သူအတိအကျပြောနိုင်မည်ဖြစ်၏။ သို့သော်လည်း လူနံ့ကိုလုံးဝမရ။

ဝင်လုဆဲနေရောင်အောက်တွင် မျက်နှာချင်းဆိုင်မှလာနေသော လှည်းကြီးတစ်စီးနှင့် ဆုံမိပြန်သည်။ လှည်းကို တိုးဘော့ကိုယ်တိုင်မောင်းလာသည်။ သူ့နောက်တွင် လူမည်းကလေးငယ်သုံးဦး ပါလာသည်။ လှည်းနောက်ရှိ သံကြိုးများနှင့် တွဲချည်ထားသော လူမည်းခုနစ်ယောက်။ ယောကျာ်းလေးယောက်၏ အဝတ်များသည် ပေရေစုတ်ပြတ်နေကြသည်။ မိန်းမသုံးယောက်တော့ ဂါဝန်ကြီးများဝတ်ထားကြသည်။ ဤလူစုကျတော့ သီချင်းမဆိုကြ။ ဘာ့ကြောင့်ပါလိမ့်။ သူတို့မျက်နှာများတွင် မျှော်လင့်ချက်ကင်းမဲ့နေသည့် အရိပ်အငွေ့များ ထင်ဟပ်နေသည်။ ဤလူစုအား တိုးဘော့က ဘယ်ကိုခေါ်သွားမှာပါလိမ့်ဟု ကွမ်တာတွေးနေမိသည်။

ပတ်ဝန်းကျင်တွင် အမှောင်ထုဖုံးလွှမ်းလာသည်။ လင်းနို့များသည် အာဖရိကလင်းနို့များလိုပင် အော်လိုက်ဟစ်လိုက် ပျံသန်းလိုက်နှင့် လှုပ်ရှားလျက်ရှိကြ၏။ မကြာခင် လှည်းသည် လမ်းမကြီးပေါ်မှနေ၍ ဘေးတစ်ဖက်ရှိ လမ်းထဲသို့ ချိုးဝင်သည်။ ကွမ်တာသည် လှဲနေရာမှ ကပျာကယာထထိုင်ပြီး အပြင်သို့လှမ်းကြည့်သည်။ သူ့ရှေ့ခပ်လှမ်းလှမ်းရှိ သစ်ပင်များကြားမှ မြင်နေရသည့် အိမ်ဖြူကြီးတစ်လုံး။ ဒီနေရာရောက်မှပင် သူ့အား သတ်စားကြတော့မည်လော။ သူသည် ပြန်၍လှဲချလိုက်ပြီး အသက်ဝိညာဉ်ကင်းမဲ့နေသည့် လူတစ်ယောက်သဖွယ် ငြိမ်နေသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၄၂]

သူစီးလာသောလှည်း အိမ်ဖြူကြီးဘက်သို့ နီးကပ်လာသည့်အခါတွင် ကွမ်တာ၏ နှာခေါင်းသည် လူမည်းအနံ့များရလာသည်။ ထို့နောက် သူတို့၏စကားပြောသံများကိုပါ ကြားလာရ၏။ ကွမ်တာသည် တံတောင်နှစ်ဖက်ထောက်၍ထကာ အပြင်သို့ ချောင်းကြည့်သည်။ မှောင်ရီပျိုးစ ဝိုးတဝါးအလင်းရောင်အောက်တွင် လှည်းဘက်သို့ လျှောက်လာနေသည့် လူမည်းသုံးယောက်။ လူကောင်ထွားထွား လူမည်း၏ လက်တစ်ဖက်တွင် မီးတောက်တစ်ခုကိုင်ထားသည်။ ဤမီးတောက်မျိုးကို သူ ရွက်သင်္ဘောကြီးပေါ်၌ နေခဲ့ရစဉ်က တိုးဘော့များကိုင်ကိုင်လာသည်ကို မြင်ခဲ့ဖူး၏။ ယခုမြင်နေရသည့် မီးတောက်ကတော့ ဘေးပတ်ပတ်လည်မှ ကြည်လင်တောက်ပသော ပစ္စည်းတစ်မျိုးဖြင့် အလုံပိတ်ကာထားသည်။ ပစ္စည်းကိုကြည့်ရသည်မှာ မာကျောသည့် လက္ခဏာ ရှိလိမ့်မည်ဟု သူထင်သည်။ မီးအိမ်ကို အထူးအဆန်းပစ္စည်းတစ်ခုအဖြစ် စိတ်ဝင်တစားကြည့်နေခိုက်မှာပင် တိုးဘော့တစ်ယောက်သည် လူမည်းသုံးယောက်အား ကျော်ဖြတ်ကာ လှည်းဦးဆီသို့ လျှောက်သွားသည်ကို မြင်လိုက်ရသည်။ လှည်းသည် ချက်ချင်းရပ်သွားသည်။ အပြန်အလှန်နှုတ်ဆက်နေကြသည့် တိုးဘော့နှစ်ယောက်၏ အသံများကို ကြားနေရ၏။ လူမည်းတစ်ဦးက သူ့လက်ထဲမှမီးအိမ်ကို မြှောက်ပြသည်။ လှည်းပေါ်မှ တိုးဘော့က အောက်သို့ဆင်းသည်။ တိုးဘော့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက်ဆွဲ၍ နှုတ်ဆက်ပြီးသော် အိမ်ကြီးဘက်သို့ လျှောက်သွားကြလေ၏။

ကွမ်တာ့စိတ်ထဲတွင် မျှော်လင့်ချက်ဝင်လာပြန်သည်။ လူမည်းများက သူ့အား လွှတ်ပေးကြလိမ့်မည်ထင်၏။ သို့သော် လှည်းဘေးမှရပ်ကာ မီးအိမ်ကိုမြှောက်၍ သူ့အား ဝိုင်းကြည့်နေကြသော လူမည်းများ၏ မျက်နှာထားများကို မြင်သည့်အခါ မျှော်လင့်ချက် ပျက်သွားသည်။ လူမည်းများသည် သူ့ကိုကြည့်ပြီး ဟားတိုက်ရယ်နေကြသည်။ အသားအရောင်တူသူချင်းအပေါ် အထင်သေးအမြင်သေး ပြုနေကြသည့် လူမည်းများသည် မည်သည့်အမျိုးအစားများ ဖြစ်ကြပါသနည်း။ ဤလူစုသည် ဆိတ်များသဖွယ် တိုးဘော့များခိုင်းသမျှ လုပ်ကိုင်ပေးနေကြ၏။ ဘာ့ကြောင့်ပါလိမ့်။ သူတို့ကိုကြည့်ရသည်မှာ အာဖရိကန်များနှင့်တူ၏။ သို့သော် အာဖရိကတိုက်မှလာသူများ မဟုတ်သည်မှာ မြင်ရုံမျှဖြင့် သိသာသည်။

လှည်းမောင်းလာသည့် လူမည်းသည် လှည်းဆွဲလာသည့် တိရစ္ဆာန်ကိုဖြတ်ကာ လှည်းပေါ်မှဆင်းပြီး နောက်ဘက်သို့ လျှောက်လာသည်။ ကွမ်တာအား ချည်ထားသည့် သံကြိုးကို ခပ်ကြမ်းကြမ်းဆောင့်ဆွဲပြီး ထိုင်ခုံတိုင်နှင့် တွဲခတ်ထားသည့်သော့ကို ဖြုတ်သည်။ ထို့နောက် ကွမ်တာအား လက်ပြပြီး လှည်းပေါ်မှ ဆင်းခိုင်းသည်။

မြန်မာ စာအုပ်များ

ကွမ်တာသည် လှည်းအောက်၌ရပ်နေကြသည့် လူမည်းလေးယောက်အား ခုန်အုပ်ပြီး လည်မျိုကို ညှစ်သတ်ချင်စိတ် ပေါ်လာသည်။ သို့သော် အင်အားချင်းကမမျှ။ နောင်တစ်ချိန်တွင် သူလုပ်ချင်သည့်ဆန္ဒအတိုင်း လုပ်နိုင်သည့် အခွင့်အလမ်း ပေါ်လာလိမ့်ဦးမည်ဟု သူတွက်သည်။ လှဲနေရာမှ ဒူးထောက်ထိုင်၍ အောက်သို့ဆင်းရန် ကြိုးစားသည်။ တစ်ကိုယ်လုံးရှိအကြောများ တောင့်တင်းနေသဖြင့် ရုတ်တရက် ဆင်း၍မရ။ လူမည်းနှစ်ယောက်က ကွမ်တာအား ဘေးတစ်ဖက်တစ်ချက်မှမကာ အောက်သို့ ချပေးသည်။ လှည်းသမားက ကွမ်တာ၏လက်နှစ်ဖက်တွင် ပူးချည်ထားသည့်သံကြိုးကို တိုင်တစ်တိုင်တွင့်ပတ်၍ ချည်ပြီး သော့ခတ်လိုက်သည်။

ကွမ်တာ၏ရင်ထဲတွင် ခံပြင်းခြင်း၊ ကြောက်လန့်ခြင်းနှင့် မုန်းတီးခြင်း စသော ခံစားမှုများ ပေါ်လာလျက်ရှိ၏။ လူမည်းတစ်ယောက် သူ့ရှေ့လာရပ်ပြီး သံဘူးနှစ်ဘူး ချပေးသည်။ တစ်ဘူးတွင် ရေအပြည့်၊ နောက်တစ်ဘူးတွင် ထူးဆန်းသော အရောင်အဆင်းနှင့် အနံ့များရှိသည့် အစားအစာများပါသည်။ ကွမ်တာ၏ပါးစပ်တွင် သွားရည်များဖြင့် ပြည့်လာသည်။ သို့သော် သူသည် အစာဘူးကိုမကြည့်။ သူ့အား လူမည်းများက ဟားတိုက်ရယ်ကြပြန်သည်။

လှည်းသမားက မီးအိမ်ကိုကိုင်၍ တိုင်အနီးသို့သွားကာ သံကြိုးကိုဆောင့်၍ဆောင့်၍ ဆွဲသည်။ သံကြိုးကို လွယ်လွယ်နှင့်ဖြုတ်၍မရနိုင်ကြောင်း ကွမ်တာမြင်သာအောင် တမင်လုပ်ပြနေခြင်းဖြစ်၏။ ထို့နောက် ကွမ်တာ့ရှေ့မှ ရေဘူးနှင့် အစားဘူးကို ခြေထောက်ဖြင့် ထိုးပြသည်။ ပါးစပ်မှလည်း ကြိမ်းမောင်းခြိမ်းခြောက်သံပေးသည်။ ကွမ်တာ့အနီးမှ ထွက်သွားကြသော လူမည်းလေးယောက်သည် တဟားဟားအော်၍ ရယ်သွားကြလေသည်။

ကွမ်တာသည် အမှောင်ထုအတွင်းရှိ မြေကြီးပေါ်၌လှဲကာ အိပ်အပျော်ကို စောင့်စားသည်။ သူ့စိတ်သည် သံကြိုးမှလွတ်မြောက်အောင် အားကုန်ထုတ်၍ ရုန်းနေဆဲ။ သံကြိုးများ ပြတ်သွားပြီး သူထွက်ပြေးလွတ်မြောက်သွားသည်ဟု စိတ်ကူးယဉ်မိသည်။ ထိုအခိုက်မှာပင် သူ့အနီး၌ ခွေးတစ်ကောင်ရောက်နေသည်ကို သတိထားမိသည်။ ခွေးသည် သံဘူးထဲမှအစာများကို စားလျက်ရှိသည်။ ကွမ်တာသည် လှဲနေရာမှ ဒေါသတကြီးထကာ ခွေးကိုခုန်၍ကန်သည်။ ခွေးသည် နောက်သို့ချာခနဲလှည့်ပြီး ထွက်ပြေးသွားသော်လည်း ခပ်လှမ်းလှမ်းရောက်သည့်အခါ ရပ်၍ ဟောင်နေသည်။ ထိုခဏမှာပင် တံခါးဖွင့်သံကြားရပြီး လူတစ်ယောက် မီးအိမ်ကိုကိုင်ပြီး ကွမ်တာ့ဘက်သို့ပြေးလာသည်။ ပြေးလာသူမှာ လှည်းသမားဖြစ်၏။ သူသည် ကွမ်တာအားချည်ထားသည့် သံကြိုးများကို အသေအချာစစ်ဆေးကြည့်ရှုသည်။ အထူးသဖြင့် ခြေထိတ်လက်ထိတ်ခတ်ထားသည့် သံကြိုးများကို စေ့စေ့စပ်စပ်ကြည့်သည်။ ကွမ်တာသည် လှည်းသမားလူမည်းအား မုန်းတီး

ရွှဲရှာသောမျက်လုံးများဖြင့် စူးစူးရဲရဲကြည့်နေသည်။ လှည်းသမားသည် ပြောင်သလင်းခါနေသည့် အစားဘူးကိုကြည့်ပြီး သဘောကျဟန်ပြလျက်ရှိ၏။ ထို့နောက် ခွေး၏လည်ပင်းကို ညှစ်သတ်နိုင်ခဲ့လျှင် မည်မျှကောင်းပါမည်နည်းဟု တွေးလျက်ရှိသော ကွမ်တာ့အားထားခဲ့ကာ သူ့တဲဘက်သို့ ထွက်သွားသည်။

အတန်ကြာသောအခါ ကွမ်တာသည် ရေဘူးကိုယူ၍သောက်သည်။ သို့သော် ဆာလောင်မှုကပြေမသွား။ သူ့တစ်ကိုယ်လုံးတွင် ခွန်အားမရှိတော့သည့်နှယ် ခံစားနေရ၏။ အလ္လာဘုရားသခင်သည် ဘာ့ကြောင့် သူ့အား ကျောခိုင်းနေပါသနည်း။ သူ့အနေနှင့် ကြောက်မက်ဖွယ်ကောင်းသည့် ဒုစရိုက်မှုများကို ပြုခဲ့မိပါသလား။ သူ့ဘဝတွင် ထူးထူးခြားခြားမရှိခဲ့သည့် ဖြစ်ရပ်များကို ပြန်၍ဆင်ခြင်စဉ်းစားသည်။ တိုးဘော့များ၏ အဖမ်းကိုခံရသည့် မနက်က ဗုံတစ်လုံးထွင်းဖို့ သစ်သားခုတ်နေချိန်ကာလအထိ စဉ်းစားသည်။ သူလုပ်ခဲ့သမျှများနှင့်ပတ်သက်၍ အမှားနှင့်အမှန်ကို ဝေဖန်ကြည့်သည်။ သူခံခဲ့ရသည်များမှာ အခြားကြောင့်မဟုတ်။ သတိကင်းမဲ့မှုနှင့် အာရုံစူးစိုက်မှုနည်း၍သာဖြစ်သည်။ သူသစ်ခုတ်နေစဉ်က သစ်ကိုင်းကျိုးသံကြားခါမှပင် သူ့ပတ်ဝန်းကျင်ကို သူသတိထားမိခဲ့သည် မဟုတ်ပါလား။ သူ့တွင် သတိဝင်လာသည့်အခါ အချိန်များစွာ နောက်ကျသွားခဲ့ပြီဖြစ်၏။ ထို့ကြောင့်လည်း သူသည် ယခုလို အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည် မဟုတ်ပါလော။

ကွမ်တာသည် ကျိုင်းကောင်အော်သံများ၊ ငှက်အော်သံများနှင့် ခွေးဟောင်သံများကို နားစွင့်နေမိသည်။ သူ့အနီးမှ မြေကြွက်တစ်ကောင်၏ အော်သံကိုလည်း ကြားလိုက်ရသည်။ မကြာခဏဆိုသလို သူ့စိတ်သည် သံကြိုးများပြုတ်ထွက်အောင် ရုန်းပြီးထွက်ပြေးဖို့ တာစူမိသည်။ သို့သော်လည်း ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ အကယ်၍ ဖြစ်သည်ဆိုဦးတော့ သူရုန်းကန်နေခိုက်တွင် သံကြိုးသံများကြားကာ အနီးအနားရှိတဲများမှ လူများနိုးသွားလိမ့်မည်ဖြစ်၏။

သူသည် အိပ်ပျော်ဖို့ ကြိုးစားသည်။ နံနက်အရုဏ်ဦး လင်းရောင်သန်းလာချိန်ထိ အိပ်၍မရ။ တစ်ကိုယ်လုံးနာကျင်နေသော အကြောများကို စုစည်းကာ ဒူးထောက်ထိုင်ပြီး ဘုရားဝတ်ပြုဖို့အားထုတ်သည်။ ခေါင်းကို ရှေ့သို့ငုံ့လိုက်ပြီး မြေပြင်ကို သူ့နဖူးနှင့် ထိလိုက်သည်။ တစ်ကြိမ်သာလျှင် ထိလိုက်ရသေးသည်။ သူ့ကိုယ်သူမဟန်နိုင်ဘဲ ဆားတစ်ဖက်သို့စောင်းလျက် လဲကျသွားသည်။ သူ မည်မျှလောက် အားနည်းနေသည်ကို သိလိုက်ရသော ကွမ်တာသည် သူ့ကိုယ်သူဒေါသဖြစ်မိသည်။

အရှေ့ဘက်ကောင်းကင်ပြင်သည် တဖြည်းဖြည်းလင်းလာသည်။ ကွမ်တာသည် သံဘူးကို လှမ်းယူပြီး ရေအကျန်ကို ကုန်အောင်သောက်ပစ်လိုက်သည်။ သူရေသောက်နေခိုက်မှာပင် လူမည်းလေးဦးရောက်လာပြီး ကွမ်တာအားမ၍ လှည်းပေါ်သို့တင်သည်။

မြန်မာ စာအုပ်များ

ထို့နောက် လှည်းကိုမောင်းကာ အိမ်ဖြူကြီးရှေ့၌သွားရပ်သည်။ အိမ်ရှေ့မှ ရပ်စောင့်နေသော တိုးဘော့က လှည်း၏ရှေ့ခုံတွင် တက်ထိုင်သည်။ မကြာခင် လှည်းသည် လမ်းမကြီးပေါ်ပြန်ရောက်ကာ ခရီးဆက်လျက်ရှိလေ၏။

လှည်းပေါ်၌လဲလျောင်းနေသော ကွမ်တာသည် ရှေ့ဆုံးခုံပေါ်၌ ထိုင်နေကြသည့် တိုးဘော့နှင့် လှည်းသမားလူမည်းကိုကြည့်ကာ သတ်ဖြတ်ချင်စိတ် ပြင်းပြလျက်ရှိ၏။ သို့သော် သူ့အခြေအနေသည် စိတ်ရှိတိုင်းလုပ်နိုင်သည်မဟုတ်။ သူ့အနေဖြင့် ဆက်လက် အသက်ရှင်လိုသောဆန္ဒ ရှိပါမူ သူ့စိတ်ကို ထိန်းချုပ်ထားဖို့ လိုလိမ့်မည်ဖြစ်၏။ ခွန်အားကို အလဟဿဖြုန်းတီးပစ်၍မဖြစ်။

နေအတော်မြင့်လာချိန်တွင် ကွမ်တာသည် တူထုသံများကြားရသည်။ ပန်းပဲဖိုမှ ထွက်ပေါ်လာနေသည့် အသံများဖြစ်ရမည်ဟု ကွမ်တာက ခန့်မှန်းသည်။ သူသည် ကပျာကရာခေါင်းထောင်ထကာ အပြင်သို့ချောင်းကြည့်သည်။ သူတို့လှည်း ဖြတ်သွားနေသည့် တောအုပ်တစ်ဖက်မှ ထွက်ပေါ်လာနေသောအသံများဖြစ်၏။ ဤနေရာတစ်ဝိုက်တွင် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းထားသည်မှာ ကြာသေးဟန်မတူ။ အချို့နေရာများတွင် သစ်ပင်ချုပင်များ မီးရှို့ထားသည်ကိုမြင်ရသည်။ မီးခိုးများသည် ကောင်းကင်သို့ တလိပ်လိပ်တက်နေကြရုံမျှမက မီးခိုးနံ့များသည် ပတ်ဝန်းကျင်တွင် ပျံ့နှံ့လျက်ရှိ၏။ တိုးဘော့များသည် နောက်တစ်သီးစိုက်ပျိုးနိုင်ရန်အတွက် အမှိုက်သရိုက်နှင့် သစ်ပင်ချုံနွယ်များကို မီးရှို့၍ မြေသြဇာကျွေးနေကြဟန်တူ၏။ ဤသို့ဆိုလျှင် သူတို့၏ လုပ်နည်းလုပ်ဟန်သည် မိမိတို့ဂျပ်ဖူရီရွာမှလူများလုပ်ပုံနှင့် အတူတူပင်ဖြစ်နေသည်။ ဤတူညီမှုအတွက် ကွမ်တာသည် များစွာအံ့သြလျက်ရှိ၏။

ရှေ့တည့်တည့် လမ်းဘေးတစ်နေရာတွင် သစ်လုံးများဖြင့် ဆောက်ထားသည့် တဲတစ်တဲ။ တဲရှေ့မြေကွက်လပ်ပေါ်တွင် တိုးဘော့တစ်ယောက်သည် အညိုရောင် နွားထီးတစ်ကောင်၏နောက်မှ တကောက်ကောက်လိုက်နေသည်။ သူ့လက်များသည် နွားထီးကြီးဆွဲသွားနေသည့် အရာဝတ္ထုတစ်ခု၏ ကောက်ကွေးကွေးလက်ကိုင်များကို ကိုင်ထားသည်။ လက်ကိုင်များအောက်မှ ပစ္စည်းတစ်ခုသည် မြေကြီးကို ထိုးခွဲသွားလျက်ရှိ၏။ အနီးသို့ရောက်သွားသောအခါ သစ်ပင်အောက်၌ ထိုင်နေကြသော တိုးဘော့နှစ်ယောက်ကို ထပ်၍မြင်သည်။ နှစ်ယောက်စလုံး ပိန်ပိန်ပါးပါး၊ ဖြူဖပ်ဖြူရော်။ တဲတံခါးဝ၌ ရပ်နေသူမှာ ဆံပင်နီနီနှင့် တိုးဘော့မ။ တိုးဘော့ကလေးသုံးယောက်သည် ကွမ်တာတို့လှည်းဆီသို့ လက်များဝှေ့ယမ်းပြကြသည်။ လှမ်းအော်ကြသည်။ ကွမ်တာအား မြင်လိုက်သည့်အခါ လက်ညှိုးထိုးပြပြီးရယ်ကြသည်။ ကွမ်တာသည် တိုးဘော့ကလေးများအား ခွေးပေါက်စများအား ကြည့်သကဲ့သို့ ရွံရှာစက်ဆုပ်သောမျက်နှာထားဖြင့် ပြန်၍ကြည့်သည်။ ကွမ်တာ့အနေနှင့် တိုးဘော့မိသားစုတစ်စုအား ပထမဆုံးအကြိမ် မြင်ဖူးခြင်းပေတည်း။

လမ်းမကြီးနှင့် အလှမ်းကွာဝေးသော နေရာများတွင် ယမန်နေ့ညက ရပ်နားခဲ့သည့် အိမ်ဖြူကြီးနှင့်တူသော တိုးဘောအိမ်များကိုမြင်ရသည်။ အိမ်တိုင်းသည် နှစ်ထပ်ဖြစ်သည်။ အိမ်ကြီးများ၏ အနားပတ်လည်တွင် အစုလိုက်အပြုံလိုက် တည်ရှိနေကြသော တဲများသည် လူမည်းများနေထိုင်ရာတဲများ ဖြစ်လိမ့်မည်ဟု ကွမ်တာတွေးသည်။ ထိုအိမ်ကြီးများနှင့် ထိုတဲများအား လေးဘက်လေးတန်မှ ဝိုင်းရံထားသည့် မြေကွက်ကြီးများမှာ ကြီးမားကျယ်ပြန့်လှသော ဝါခင်းကြီးများဖြစ်သည်။ ဝါခင်းများ၏အခြေအနေကိုကြည့်၍ ဝါကောက်ပြီးသည်မှာ ကြာသေးဟန်မတူဟု ကွမ်တာက ကောက်ချက်ချသည်။

နေဝင်စအချိန်တွင် ကွမ်တာသည် အရှေ့ဘက်သို့ မျက်နှာမူ၍ ဘုရားဝတ်ပြုသည်။ အမှောင်ရိပ်များသည် အဆက်မပြတ်ကျဆင်းလာလျက်ရှိ၏။ နှစ်ရက်တိတိအစာမစားခဲ့သော ကွမ်တာသည် အလွန်အမင်းအားနည်းသလိုဖြစ်နေသည်။ သူသည် အသာပြန်လှဲကာ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်တော့ဘဲ မျက်စိကိုစုံမှိတ်၍ မှိန်းလာသည်။ သို့သော် လှည်းရပ်သွားသည့်အခါ ခေါင်းထောင်ကြည့်မိပြန်သည်။ လှည်းသမားသည် လှည်းပေါ်မှဆင်းကာ လှည်းဆောမှ မီးတိုင်ကိုထွန်းသည်။ လှည်းသည် ချက်ချင်းပင် ခရီးဆက်ပြန်သည်။ ခရီးအတော်ကြီးပေါက်လာသည့်အခါ နောက်တစ်ကြိမ် ရပ်သွားပြန်သည်။ လှည်းသမားသည် လှည်းပေါ်မှဆင်းကာ ကွမ်တာ့ထံ ရောက်လာပြီး စောင်တစ်ထည် ခြုံပေးသည်။ လှည်းသမား ထိုင်ခုံပေါ်ပြန်ထိုင်သည့်အခါ တိုးဘောက စောင်များထုတ်သည်။ နှစ်ယောက်သား တစ်ယောက်တစ်ထည်ခြုံကာ ခရီးဆက်ကြလေ၏။

အေးလွန်းသဖြင့် ကွမ်တာ့တစ်ကိုယ်လုံး တုန်လျက်ရှိသည်။ သို့သော် စောင်ကို ဆွဲ၍မခြုံ။ သူတို့ခြုံစေချင်သည့်စောင်ကို ဘာ့ကြောင့်ခြုံရမည်နည်း။ စောင်တော့ လာခြုံပေးပြီး သံကြိုးကျတော့ဖြုတ်မပေး။ ဘာပဲဖြစ်ဖြစ် သူကတော့ ဤနေရာမှလွတ်မြောက်အောင် အားထုတ်ရမည်။ အားထုတ်ရင်း သေသွားလျှင်လည်း သူ့အတွက် နစ်နာစရာမရှိ။ ဂျပ်ဖူရီရွာကို ပြန်မြင်ဖို့ကတော့ အိပ်မက်ပင်မက်နိုင်သည့်ကိစ္စမဟုတ်။ ကံကောင်းထောက်မ၍ ပြန်ရောက်သွားခဲ့ပါမူ ဂမ်ဘီယာတစ်နိုင်ငံလုံးသို့ လှည့်လည်ပြီး သူမြင်တွေ့ခဲ့ရသည့် တိုးဘော့တို့ဒေသအကြောင်း ပြန်၍ဖောက်သည်ချလိုက်မည်ဟု ဆုံးဖြတ်ထားသည်။

လှည်းသည် ရုတ်တရက် လမ်းမကြီးပေါ်မှ ဘေးသို့ဖဲ့ဆင်းကာ လမ်းကြားတစ်ခုအတွင်းသို့ ဝင်သည်။ အအေးဒဏ်ကြောင့် တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲလျက်ရှိသော ကွမ်တာသည် သူ့ကိုယ်သူအားတင်းကာ လှဲနေရာမှထ၍ အပြင်သို့ချောင်းကြည့်သည်။ ရှေ့မလှမ်းမကမ်းတွင် အိမ်ဖြူကြီးတစ်လုံး။ လှည်းသည် အိမ်ကြီးနှင့် မနီးမဝေး၌ရပ်သည်။ ကွမ်တာသည် တိုးဘော့များနှင့် လူမည်းများ၏အနံ့ကိုမရသဖြင့် အံ့သြနေမိ၏။

မြန်မာ စာအုပ်များ

ရှေ့ထိုင်ခုံမှ တိုးဘော့သည် လှည်းပေါ်မှခုန်ချလိုက်ပြီး ထိုင်လိုက် ထလိုက် ကုန်းလိုက် ကွလိုက်လုပ်ကာ အညောင်းဖြေသည်။ ထို့နောက် လှည်းသမားကို ကွမ်တာရှိရာသို့ မေးငေါ့ပြပြီး စကားလှမ်းပြောကာ အိမ်ကြီးဘက်သို့ လျှောက်သွားသည်။

ယခုထိ လူမည်းတစ်ယောက်မျှ ထွက်လာသည်ကိုမမြင်ရ။ လှည်းသည် အိမ်ကြီးဘေးရှိ တဲများအနီးမှ ဖြတ်လာသည်။ ထိုအခါမှ ကွမ်တာ၏နှာခေါင်းသည် လူမည်းအနံ့များရလာသည်။ သို့သော် တစ်ဦးတလေမျှပင် ထွက်လာခြင်းမရှိ။ လှည်းသည် တဲများနှင့် မနီးမဝေး၌ရပ်သည်။ လှည်းသမားသည် လှည်းပေါ်မှဆင်းကာ အနီးဆုံးတဲတစ်တဲရှေ့သို့သွား၍ ရပ်လိုက်ပြီး တံခါးကိုတွန်းဖွင့်သည်။ ကွမ်တာသည် လှည်းသမား လူမည်း၏ လှုပ်ရှားမှုများကို မျက်ခြည်ပြတ်မခံ။ လူမည်း တဲအတွင်းသို့ ဝင်သွားသည်နှင့် လှည်းပေါ်မှခုန်ဆင်းမည်ဟု စိတ်ကူးထားသည်။ သို့သော် လှည်းသမားသည် တဲရှေ့မှ ချာခနဲပြန်လှည့်ကာ လှည်းဆီသို့လျှောက်လာပြီး ထိုင်ခုံတိုင်နှင့် တွဲချည်ထားသည့် ကွမ်တာ၏ သံကြိုးကို ဖြုတ်သည်။ ကွမ်တာကတော့ လှဲနေရာမှမထ။ လှည်းသမားက လှည်းနောက်မြီးမှရပ်ကာ ကွမ်တာအား သဟောက်သဟပြုသည်။ ကွမ်တာက သူ့ကိုယ်သူ အလွန်အမင်းအားနည်းနေဟန်ဆောင်ကာ တဖြည်းဖြည်းအားယူ၍ လေးဘက်ထောက်ထသည်။ ထို့နောက် လှည်းနောက်မြီးဘက်သို့ အလွန်နှေးကွေးလေးလံစွာ တွားသွားသည်။ ကွမ်တာမျှော်လင့်ထားသည့်အတိုင်း စိတ်မရှည်ဖြစ်လာသည့် လှည်းသမားသည် ရှေ့သို့ကုန်းကာ ကွမ်တာအား လှမ်းဆွဲပြီး လှည်းပေါ်မှချရန် အားထုတ်သည်။

ထိုခဏမှာပင် ကွမ်တာ၏ကိုယ်သည် အပေါ်သို့မြောက်တက်လာပြီး လှည်းသမားအား ခုန်အုပ်လိုက်သည်။ သူ့လက်နှစ်ဖက်သည် လှည်းသမား၏လည်မျိုကို မိမိရရဆုပ်ကိုင်မိသည်။ ကွမ်တာသည် အားကုန်ထုတ်ကာ လှည်းသမား၏လည်မျိုကိုတအားညှစ်သည်။ ခွေးအတစ်ကောင်၏အရိုးများကျိုးနေသည့်နှယ် လှည်းသမား၏လည်မျိုဆီမှ တဖျစ်ဖျစ်မြည်သံများကိုပင် ကြားနေရ၏။ လှည်းသမား၏လက်ထဲမှ မီးအိမ်သည် မြေကြီးပေါ်သို့ လွတ်ကျသွားသည်။ သူ့နှုတ်မှ မပီမသအော်သံတစ်ချက် ထွက်လာသည်။ သူ၏ကြီးမားသောလက်နှစ်ဖက်သည် ကွမ်တာ၏မျက်ခွက်ကိုထိုးသည်။ လှမ်း၍ကုတ်သည်။ ဖဲ့သည်။ သို့သော်လည်း ကွမ်တာက သူ့လက်နှစ်ဖက်အတွင်း၌ ရောက်နေသည့် လည်မျိုကိုမလွတ်။ ရှိသမျှအားကိုထုတ်၍ စေ့စေ့ပါအောင်ညှစ်ထားသည်။ လှည်းသမား၏ လက်သီးချက်များမှ လွတ်စေရန် သူ့ကိုယ်ကိုတွန့်လိမ်ပြီး မျက်နှာကို ဟိုဘက်သည်ဘက် လွှဲ၍ တိမ်း၍ ရှောင်သည်။ လှည်းသမားသည် လက်သီးများကိုသာမက ခြေထောက်နှင့်ကန်သည့်အခါ ကန်၍ ဒူးနှင့်တိုက်သည့်အခါ တိုက်သည်။ သို့သော် သူ့လည်ပင်းသည် ကွမ်တာ၏လက်တွင်းမှ လွတ်မြောက်ခြင်းမရှိ။ နောက်ဆုံးတွင်

မြန်မာ စာအုပ်များ

သူသည် နောက်သို့လန်ကာ မြေပြင်ထက်သို့လဲကျသည်။ လည်ချောင်းမှ ဆို့နင့်နင့် အသံတစ်ချက် ထွက်လာပြီး တစ်ကိုယ်လုံးပျော့ခွေသွားသည်။

ကွမ်တာသည် ခုန်၍ထလိုက်ပြီး လဲကျနေသော လှည်းသမားအနီးမှ ပြေးထွက်သည်။ သူသည် ခွေးဟောင်ခံရမည်ကို စိုးရိမ်သဖြင့် ခါးကို ကုန်းနိုင်သမျှကုန်း၍ ခြေထောက်များကို အစွမ်းကုန်အားယူကာ ဆီးနှင်းများငြိတွယ်နေသည့် ဝါပင်များကြားမှ ဖြတ်ပြေးသည်။ အသုံးမပြုရသည်မှာကြာပြီဖြစ်သော အကြောများသည် အထိမခံနိုင်လောက်အောင် နာကျင်လျက်ရှိ၏။ သို့သော် အေးမြသောလေသည် သူ့အရေပြားများကို သက်သောင့်သက်သာရှိစေရန် ဖန်တီးပေးလျက်ရှိသည်။ လွတ်မြောက်မှုအတွက် ဝမ်းသာအားတက်လျက်ရှိသော ကွမ်တာသည် အသံကုန်ဟစ်၍ အော်လိုက်ချင်စိတ်ကို များစွာ ထိန်းချုပ်ထားရလေသည်။

[၄၃]

သစ်တောစပ်ရှိ ဆူးချုံများသည် ကွမ်တာ၏ခြေထောက်များအား ဆီး၍ ထိုးကြ ဆွဲကြသည်။ ကွမ်တာသည် ဆူးပင် ချုံပင်များကို လက်နှစ်ဖက်ဖြင့်တွန်းဖယ်ကာ အတွင်းသို့ တိုးဝင်သည်။ ခလုတ်တိုက်သည့်အခါ တိုက်၍ လဲသည့်အခါလဲသည်။ ဘယ်လိုပဲဖြစ်ဖြစ် သူသည် တော၏အတွင်းပိုင်းသို့ရောက်အောင် တိုးဝင်သည်။ သစ်ပင်များသည် တဖြည်းဖြည်းကျဲလာသည်။ ထိုအခါ သူသည် ကိုယ်ကိုကုန်းကာ ချုံပင်များကြားမှ ဖြတ်ပြေးသည်။ သူ့ရှေ့တည့်တည့်တွင် အပြောကျယ်လှသည့် ဝါခင်းကြီးတစ်ခင်း။ ဝါခင်း၏ တစ်ဖက်တွင် အိမ်ဖြူကြီးတစ်လုံးနှင့် ဘေးနားတွင် တဲများ။ သူစောစောက ဖြတ်လာခဲ့သည့် သစ်တောသည် တောကြီးမဟုတ်။ တိုးဘော့ယာခင်းကြီးနှစ်ခင်းအား အလယ်မှခြားထားသည့် တောအုပ်ငယ်မျှသာဖြစ်သည်။ သူသည် သစ်ပင်တစ်ပင် နောက်၌ ဝပ်နေသည်။ သူ့နှလုံးခုန်သံနှင့် ဦးခေါင်းထဲမှ သွေးတိုးသံများကို ကြားနေရ၏။ သူ၏လက်များ၊ လက်မောင်းများနှင့် ခြေထောက်များမှ စပ်ဖျင်းဖျင်းဝေဒနာများ ပေါ်လာသည်။ ဆူးစူးထားသည့်ဒဏ်ရာများဖြစ်၍ သွေးများပင်ထွက်နေသည်ကို တွေ့ရ၏။ သူ့ရင်ထဲတွင် ကြောက်စိတ်ဝင်လာသည်။ တခြားကြောင့်မဟုတ်။ လသည် အနောက်ဘက်သို့ အတော်ကြီးစောင်းနေပြီဖြစ်ရာ မကြာခင် အရုဏ်တက်တော့မည်ဟု ခန့်မှန်းမိသောကြောင့်ပေတည်း။ သူဘာဆက်လုပ်ရပါမည်နည်း။

ကွမ်တာသည် ဒယီးဒယိုင်ဖြစ်ကာ နောက်သို့လန်လဲတော့မလို ဖြစ်သွားသည်။ သူ့ခန္ဓာကိုယ်ရှိ အကြောများသည် သူ့အား ရှေ့ခရီးဆက်နိုင်အောင် စွမ်းဆောင်နိုင်ခြင်း မရှိတော့။ သူ့အနေဖြင့် နောက်သို့ပြန်ကာ သစ်ပင်ထူထပ်ရာ တစ်နေရာ၌ ဝင်ပုန်းနေမှ ဖြစ်တော့မည်။ သူသည် လေးဘက်တွား၍ လာလမ်းအတိုင်းပြန်ကာ တောအုပ် တစ်

နေရာ၌ ဝင်ပုန်းသည်။ သူ့အဆုတ်များသည် ပေါက်ကွဲသွားလိမ့်မည်ဟု ထင်မိ၏။ သူသည် သစ်ပင်များအား မော့ကြည့်သည်။ သစ်ပင်တစ်ပင်ပေါ် တက်ပုန်းနေရလျှင် ကောင်းလေမလား။ သူ့ခြေထောက်အောက်တွင်ရှိနေသည့် သစ်ရွက်များမှာ နည်းနည်း နောနောမဟုတ်။ သစ်ရွက်များကိုကြည့်ခြင်းအားဖြင့် သစ်ပင်များပေါ်၌ တက်ပုန်းလျှင် အလွယ်တကူတွေ့သွားဖွယ်ရှိ၏။ ထို့ကြောင့် သူ့အတွက် အကောင်းဆုံး ပုန်းအောင်း စရာ နေရာသည် မြေပြင်ပေါ်မှာသာဖြစ်ပေတော့မည်။

အရှေ့ဘက်ကောင်းကင်ယံ၌ အလင်းရောင်ဝင်လာချိန်တွင် ကွမ်တာသည် သစ်ပင် ထူထပ်ရာ နေရာတစ်နေရာရှိ ချုံပင်များကြား၌ နေရာအခြေတကျ ရသွားသည်။ သူ ၏ နာရည်တစိုစိုဖြစ်နေသည့် အသက်ရှူသံမှတစ်ပါး ဘာသံမျှမကြားရ။ ပတ်ဝန်းကျင် တစ်ခွင်လုံး တိတ်လျက်ရှိသည်။ သူ၏ သစ္စာရှိ ဝူလိုခွေးနှင့်အတူ မြေပဲခင်းစောင့်ခဲ့ရ သည့် အချိန်များကို သတိရမိ၏။ ထိုအခိုက်မှာပင် အတော်ဝေးဝေးမှ ခွေးတစ်ကောင်အူသံ ကို ကြားလိုက်ရသည်။ သူ့စိတ်က ထင်နေခြင်းလား။ သို့သော် နောက်တစ်ဖန် ခွေး အူသံ ကြားရပြန်သည်။ ယခုတစ်ကြိမ် ကြားရသည်မှာ တစ်ကောင်တည်းသာမဟုတ်။ နှစ်ကောင်။

ကွမ်တာသည် အရှေ့ဘက်သို့လှည့်၍ ဒူးထောက်ထိုင်ကာ အလ္လာဘုရားသခင် အား အာရုံပြုသည်။ သူ့အား လွတ်မြောက်အောင်ကယ်တင်တော်မူပါရန် ဆုတောင်း သည်။ ဝတ်ပြုအပြီးတွင် ခွေးအူသံများ ထပ်ကြားရပြန်သည်။ ဤတစ်ကြိမ်တွင် သူ့ ဘက်သို့ ပိုနီးလာသည်။ သူ ယခုရောက်နေရာ၌ ဆက်၍ပုန်းနေခြင်းသည် အကောင်း ဆုံး ဖြစ်မည်ဟု သူ ဆုံးဖြတ်လိုက်၏။ သို့သော် နောက်မိနစ်အနည်းငယ်အကြာတွင် ခွေးအူသံများ ထပ်၍ကြားရပြန်သည်။ သူ ဘယ်နေရာ၌ ရှိနေသည်ကို သူတို့တစ်တွေ အတိအကျသိနေဟန်တူသည်ဟု တွေးသည်။ သူသည် ပုန်းအောင်းနေသည့် ချုံများ ကြားမှ လေးဘက်တွား၍ထွက်ကာ ပို၍ ချုံထူပြီး လုံခြုံမည့်နေရာသို့ ပြောင်းသည်။ ချုံပင်များမှ ဆူးများသည် သူ့လက်နှင့် ခြေထောက်များကို စူးကြသည်။ သူသည် ဆူး ကို ဂရုမစိုက်နိုင်။ ခွေးဟောင်သံနှင့်အူသံများ ကြားလိုက်တိုင်း ရှေ့သို့သာ တရကြမ်း တိုးသွားနေသည်။ ဤမျှလောက် မြန်နိုင်သမျှ မြန်အောင်သွားနေသည့်ကြားမှပင် ခွေးဟောင်သံများသည် နီးလာသည်။ ခွေးများ၏နောက်မှ လိုက်လာနေသည့်လူများ၏ အော်သံဟစ်သံများကိုပင် ကြားနေရပြီ။

သူ့လှုပ်ရှားမှုသည် နှေးကွေးလွန်းသည်ထင်၏။ သူသည် ခုန်၍ထကာ အားယူ၍ ပြေးသည်။ မြန်နိုင်သမျှမြန်ပြီး အသံမထွက်အောင် ပြေးခြင်းဖြစ်၏။ ဒိုင်းခနဲ မြည်ဟီး ပေါက်ကွဲသံတစ်သံ ကြားရသည်။ ရုတ်တရက်လန့်သွားသည့်အရှိန်ကြောင့် သူ့ဒူးများ သည် ခွေခနဲဖြစ်ကာ လဲကျသည်။ သူသည် လေးဖက်ထောက်ကာ ချုံများကြားသို့ အရူးအမူးတိုးဝင်သည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ခွေးများ၏ဟိန်းသံနှင့် မာန်ဖီသံများကြားသည်။ ကြောက်စိတ်ဖြင့် ကွမ်တာ၏ တစ်ကိုယ်လုံး တုန်နေသည်။ သူ့နှာခေါင်းသည် ခွေးများ၏အနံ့ကိုပင် ရနေပြီ။ နောက် တစ်ခဏ မျှအတွင်း ခွေးများသည် ချုံပင်များကြားမှ အတင်းတိုးထွက်ကာ ကွမ်တာ့ ဘက်သို့ ပြေးလာကြသည်။ တအားကုန် ခုန်အုပ်ကြသည်။ ကွမ်တာက သူ့လက်များဖြင့် ဆီး၍ကာသည်။ အရှူးအမူး ခုခံတိုက်ခိုက်သည်။ ချုံစပ်မှ လူအော်သံများ၊ ထို့နောက် ပေါက်ကွဲသံတစ်သံ။ ဤတစ်ကြိမ်တွင် အသံသည် ပို၍နီးလာသည်။ တစ်ဆက်တည်းပင် ဆဲဆိုသံ၊ ကျိန်ဆဲသံနှင့် ချုံပင်များအား ဓားနှင့်ခုတ်သံများ ထွက်ပေါ်လာသည်။

ခွေးများ၏နောက်မှလာနေသော လူမည်းကို လှမ်းမြင်သည်။ သူ လည်မျိုညှစ် သတ်ပစ်ခဲ့သည့် လူမည်းဖြစ်၏။ လက်တစ်ဖက်တွင် ဓားကြီးတစ်ချောင်း ကိုင်ထား ပြီး ကျန်တစ်ဖက်က တင်းပုတ်တိုတစ်ခုနှင့် ကြိုးတစ်ချောင်း ကိုင်ထားသည်။ သူ့ မျက်နှာထားသည် ကြောက်မက်ဖွယ်ကောင်းလှ၏။ တွေ့လိုက်လျှင် သတ်မည့် ဖြတ် မည့်ပုံမျိုး ဖြစ်သည်။ ပက်လက်လဲကျနေသော ကွမ်တာ၏နောက်ကျောမှ သွေးများ ယိုစီးကျလျက်ရှိသည်။ သူသည် အံကြိတ်ကာ ဓားနှင့်အခုတ်ခံရမည့်အချိန်ကို စောင့်စား လျက်ရှိ၏။ ထို့နောက် ကွမ်တာသည် လူမည်းနောက်မှ တစ်မျက်နှာလုံးနီရဲပြီး ခွေး များ ယိုစီးကျနေသည့် တိုးဘော့အား လှမ်းမြင်သည်။ တိုးဘော့၏နောက်တွင် သူ မမြင်ဘူးသည့် အခြားတိုးဘော့တစ်ယောက်။ သူ့လက်ထဲမှ သေနတ်ဖြင့် သူ့အား ချိန်ထားသည်။ ရှေ့ဆုံးမှ လူမည်းသည် ဒေါသတကြီးရေရွတ်ကာ လက်ထဲမှ တင်းပုတ်ကို မြှောက်၍ တိုးလာသည်။ အကြီးအကဲတိုးဘော့က အော်ဟစ်ပြီးတားသည်။

လူမည်း တန့်ခနဲဖြစ်သွားသည်။ တိုးဘော့က ခွေးများအား လှမ်းငေါက်သည်။ ခွေးနှစ်ကောင်သည် ချက်ချင်းပင်နောက်ဆုတ်သွားကြသည်။ တိုးဘော့က လူမည်းအား တစ်စုံတစ်ရာ လှမ်းပြောသည်။ လူမည်းသည် ရှေ့သို့တိုးလာပြီး ကွမ်တာ့ခေါင်းကို တင်းပုတ်ဖြင့် တစ်ချက်ထုသည်။ ပြင်းထန်သောရိုက်ချက်ကြောင့် ကွမ်တာ၏ဦးခေါင်း သည် မူးနောက်သွား၏။ သူ့အား ကြိုးနှင့်တုပ်နေသည်ကိုလည်းကောင်း၊ ကြိုးစများ အသားထဲနစ်ဝင်ကာ သွေးများ ပို၍ထွက်လာသည်ကိုလည်းကောင်း ကွမ်တာ သိနေ သည်။ ထို့နောက် သူ့အား ဆွဲထူပြီး ရှေ့မှလျှောက်သွားခိုင်းသည်။ သူ့ကိုယ်သူ မဟန် နိုင်၍ လဲကျသွားသည့်အခါ သူ့ကျောကို ကြာပွတ်နှင့်ရိုက်သည်။ တောအုပ်အပြင်သို့ ရောက်သောအခါ သစ်ပင်များတွင် ကြိုးနှင့်ချည်ထားသည့် မြင်းနှင့်တူသော တိရစ္ဆာန် သုံးကောင်ကို ကွမ်တာမြင်ရသည်။

တိစ္ဆာန်များဆီသို့ လျှောက်သွားနေခိုက်တွင် ကွမ်တာက ရုန်းပြန်သည်။ သို့ သော် ကြိုးကို နောက်မှ တအားဆောင့်ဆွဲလိုက်သဖြင့် ကွမ်တာ ပက်လက်လန်လဲသည်။ *သူ့နံ့ကြားသို့ ခြေထောက်ဖြင့် ဆောင့်ကန်ခြင်း ခံရသည်။ ကြိုးကိုင်ထားသော ဒုတိယ*

မြန်မာ စာအုပ်များ

တိုးဘော့သည် ကွမ်တာအား သစ်ပင်တစ်ပင်သို့ ဆွဲခေါ်သွားပြီး လက်ထဲကြိုးစကို ခပ်နိမ့်နိမ့်သစ်ကိုင်းပေါ် ကျော်ပစ်လိုက်သည်။ အခြားတစ်ဖက်မှနေ၍ ကြိုးစကိုကိုင်ထားသည့် လူမည်းက ကြိုးကိုဆွဲသည့်အခါ ကွမ်တာ၏ခြေထောက်များသည် မြေပြင်နှင့် လွတ်သွားသည်။

အကြီးအကဲတိုးဘော့၏လက်ထဲမှ ကြာပွတ်သည် ကွမ်တာ၏ကျောပေါ်သို့ တစ်ချက်ပြီး တစ်ချက် ကျလာသည်။ ရိုက်ချက်ပြင်းသော်လည်း ကွမ်တာမအော်။ ကြိတ်မှိတ်ခံသည်။ မအော်မိအောင် ထိန်းချုပ်ထားသည်။ သို့သော်လည်း ရိုက်ချက်များတို့၏ ပြင်းထန်လာသည့်အခါ သူ့ခန္ဓာကိုယ်သည် တစ်ပိုင်းစီ လွင့်စင်သွားတော့မည်ဟု ထင်ရ၏။ နောက်ဆုံးတွင် ကွမ်တာ့ထံမှ ရှူးရှူးဝါးဝါးအော်သံများ ထွက်လာသည်။ သို့သော်လည်း ရိုက်ချက်များသည် ရပ်မသွား။

နောက်ဆုံး ကြာပွတ်သံများ ရပ်သွားသည့်အချိန်တွင် ကွမ်တာသည် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေခဲ့လေပြီ။ သစ်ပင်မှကြိုးကို လျှော့ချလိုက်သဖြင့် မြေကြီးပေါ်သို့ ခွေခွေခေါက်ခေါက် ကျလာသည့်အဖြစ်ကိုလည်းကောင်း၊ သူ့အား မ၍တိရစ္ဆာန်ကျောပေါ်သို့ တင်ပေးသည်ကိုလည်းကောင်း၊ ထို့နောက် တစ်ရွေ့ရွေ့သွားနေသည့် လှုပ်ရှားမှုကိုလည်းကောင်း သူသိနေသည်။ သို့သော် ရေရေရာရာမဟုတ်။ အားလုံးဇဝေဇဝါအသိ။

အချိန်တွေ မည်မျှကုန်လွန်သွားသည်ကိုတော့ သူမသိ။ သူ၌ အသိဝင်ချိန်တွင် သူသည် တဲတစ်လုံးအတွင်း၌ အတောင်ဖြန့်ထားသည့် လင်းယုန်ငှက်တစ်ကောင်သဖွယ် ခြေကားရား လက်ကားရားနှင့် ပက်လက်ဖြစ်နေသည်ကို တွေ့ရသည်။ လက်ကောက်ဝတ်နှင့် ခြေချင်းဝတ် တစ်ဖက်စီတွင် လက်ထိတ် ခြေထိတ် တစ်ခုစီ ခတ်ထားပြီး ယင်းတို့ကို သံကြိုးများနှင့်တွဲကာ တိုင်လေးတိုင်တွင် ပူးချည်ထားသည်ကို တွေ့ရ၏။ သူ့တစ်ကိုယ်လုံး နည်းနည်းကလေးမှလှုပ်၍မရ။ လှုပ်လိုက်သည်နှင့် မခံမရပ်နိုင်လောက်အောင် နာကျင်လာသည်။ သူသည် လုံးဝ မလှုပ်ရဲသဖြင့် ငြိမ်ငြိမ်သက်သက်နေရသည်။ သူ့မျက်နှာသည် ချွေးများဖြင့် စိုရွှဲလျက်။

သူ့ခေါင်းထက်ရှိ စတုရန်းအကွက်အပေါက်သေးသေးမှ အလင်းရောင်သည် တဲအတွင်းသို့ ဝင်လာလျက်ရှိ၏။ တဲနံရံတစ်ဖက်တွင် လိုဏ်ဂူလိုလို ထွင်းထားသည့် အရာတစ်ခုကို မြင်ရသည်။ ထိုအထဲတွင် မီးကျွမ်းနေသည့် ထင်းစ ထင်းနများနှင့် ပြာများရှိသည်။ အခြားတစ်ဖက်တွင်မူ ကြမ်းပေါ်၌ အဝတ်တစ်စ ခင်းထားသည်။ အိပ်ရာအဖြစ် အသုံးပြုသည့်နေရာ ဖြစ်လိမ့်မည်ဟု ထင်ရသည်။

တဲတံခါးဝဆီမှ ကျွီခနဲမြည်သံ ထွက်လာချိန်တွင် ကွမ်တာ မျက်လုံးများကို မှိတ်ထားခိုက်ဖြစ်၏။ သူ့နှာခေါင်းက ဝင်လာသူ၏ အနံ့ကိုရသည်။ ဝင်လာသူမှာ

မြန်မာ စာအုပ်များ

သူ့ လည်ပင်းညှစ်ခဲ့သော လူမည်း။ သူသည် အိပ်ပျော်ချင်ဟန်ဆောင်နေသည်။ နံကြားကို တစ်ချက်အကန်ခံလိုက်ရသည့်အခါကျမှ မျက်လုံးကို ဖွင့်ကြည့်သည်။ လူမည်းသည် ကိုင်ထားသည့်အစာခွက်ကို သူ့မျက်နှာနှင့်မနီးမဝေး၌ ချပေးပြီး စောင်တစ်ထည် ခြုံပေးကာ ပြန်ထွက်သွားသည်။

သူသည် မျက်လုံးများကို ပြန်မှိတ်ထားသည်။ အစာခွက်ဆီမှ အနံ့ကြောင့် သူ့ဝမ်းဗိုက်သည် ဆာလောင်မှုကို ပြင်းထန်စွာခံစားရသည်။ မျက်လုံးများကိုဖွင့်ကာ အစာခွက်ကို ကြည့်သည်။ ဆန်ပြုတ်လိုလို အစာတစ်မျိုးနှင့် အသားတင်မျိုးဖြစ်သည်။ အသားမှာ ဘာသားမှန်းမသိ။ အစာခွက်နားသို့ ပါးစပ်ရောက်သွားမှ ဝက်သားနံ့ကို သူရသည်။ စက်ဆုပ်ရွံရှာစိတ်ကြောင့် ပျို့ပျို့လာပြီး အစာခွက်ပေါ်သို့ အန်ချလိုက်သည်။

အရက်တက်ပြီးသည်နှင့် အပြင်မှ ခရာမှုတ်သံကြားရသည်။ အစားအစာ ချက်ပြုတ်နေသည့် အနံ့များ ထွက်လာသည်။ ပြီးတော့ ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည့် လူမည်းများ၏ အသံဗလံများ။ ထို့နောက် ကွမ်တာ၏တဲအတွင်းသို့ လှည်းသမားလူမည်း ဝင်လာပြီး အစာခွက်နှင့် ရေခွက်ချသည်။ မနေ့ညက ချထားခဲ့သည့် အစာခွက်ပေါ်မှ အန်ဖတ်များကို မြင်သောအခါ ဆဲဆိုရေရွတ်ပြီး ခွက်ထဲမှအစာများနှင့် ကွမ်တာကို ပက်သည်။ ထို့နောက် ပြန်ထွက်သွားသည်။

ခဏအကြာတွင် တဲတံခါးပွင့်သွားပြန်၏။ ဤတစ်ခေါက်ဝင်လာသူမှာ သူ့အား ခေါ်လာသည့် တိုးဘော့။ သူသည် မျက်လုံးများကို မှိတ်ထားသည်။ တိုးဘော့၏ ဆဲဆိုသံများ ကြားရသောအခါ အကန်ခံရမည်ကြောက်သဖြင့် မျက်လုံးဖွင့်ကြည့်သည်။ တိုးဘော့၏မျက်နှာသည် ဒေါသကြောင့် နီရဲလျက်ရှိ၏။ ပါးစပ်မှလည်း အလွန်စိတ်ဆိုးနေသည့်အသံဖြင့် ရေရွတ်ကာ ကွမ်တာ နားလည်အောင် လက်ဟန်ခြေဟန်ပြသည်။ အစာမစားဘဲနေလျှင် နောက်ထပ်အရိုက်ခံရမည်ဟု ပြောနေခြင်းဖြစ်သည်။ ထို့နောက် တိုးဘော့ပြန်ထွက်သွားသည်။

ကွမ်တာသည် သူ့ဘယ်ဘက်လက်ကို အားယူ၍ တိုးဘော့ရပ်သွားသည့် ခြေရာများပေါ်မှ မြေကြီးလက်တစ်ဆုပ်စာ ရအောင်ယူသည်။ သူသည် မြေမှုန့်များကိုဆုပ်ကာ မျက်လုံးကိုမှိတ်၍ တိုးဘော့နှင့်သူ့မိသားစုအား ရာသက်ပန် ကျိန်စာတိုက်ပေးဖို့ နတ်ဆိုးများအား တောင်းပန်ခြင်းပြုသည်။

[၄၄]

ကွမ်တာ ရေတွက်ထားသည့်အတိုင်းဆိုပါက ဤတဲထဲ၌ သူရောက်နေခဲ့သည်မှာ လေးရက်နှင့်သုံးည ရှိခဲ့ပြီဖြစ်၏။ ညစဉ်ညတိုင်း အနီးရှိတဲများဆီမှ သီချင်းဆိုသံများ ကြားနေရသည်။ ထိုသီချင်းများကို နားထောင်နေရတိုင်း ကွမ်တာ့ရင်ထဲ၌ သူ့

မြန်မာ စာအုပ်များ

ကိုယ်သူ အာဖရိကတိုက်သားတစ်ယောက်ဟူသော ခံစားမှုသည် ပို၍ကြီးမားလာသလိုလို ရှိ၏။ ဤလူမည်းများသည် ဘယ်လိုလူမည်းများ ဖြစ်ပါလိမ့်။ တိုးဘော့တို့၏ မြေပေါ်၌ သီချင်းဆို၍ ပျော်ပျော်ပါးပါး အချိန်ဖြုန်းနေနိုင်ကြမှာ အံ့ဩစရာမကောင်းပေဘူးလား စသည်ဖြင့် တွေးမိသည်။ တိုးဘော့တို့မြေပေါ်၌ ဤလူမည်းအမျိုးအစားဘယ်လောက်များ ရှိပါလိမ့်မည်နည်း။

ခြေနှစ်ဖက် လက်နှစ်ဖက်ကို လေးဖက်လေးတန် ကားကြက်၍ လက်ထိတ် ခြေထိတ် ခတ်ပြီး တိုင်များ၌ပူး၍ သံကြိုးများနှင့် တွဲ၍ချည်ထားသည့်ကြားမှပင် ကွမ်တာသည် ရုန်းကန်လှုပ်ရှားခြင်းပြုနိုင်အောင် လေ့ကျင့်သည်။ တကယ်တော့ သံကြိုးများကို ပြုတ်အောင် အားထုတ်ရမည့်ကိစ္စမှာ လွယ်ကူသည်မဟုတ်။ ခတ်ထားသည့် သံကွင်းများကို အသေအချာကြည့်သည်။ ထိုသံကွင်းများတွင် အပေါက်ငယ်များရှိ၍ ထိုအပေါက်ငယ်များထဲသို့ သတ္တုချောင်းတစ်ချောင်းကို ထိုးသွင်းပြီး လှည့်လိုက်လျှင် 'ကလစ်'ဟု အသံမြည်ကာ သံကွင်းပြုတ်သွားသည်ကို သူ မြင်ခဲ့ဖူး၏။ သို့သော်လည်း ထိုသတ္တုချောင်းများကို သူ့အားဖမ်းဆီးထားသူများက လက်မှချသည်မဟုတ်။ သူသည် လက်များကို ခါကြည့်သည်။ သံကြိုးများက ကျယ်ကောင်စွာမြည်လာသဖြင့် နောက်ထပ် မခါရဲတော့ပေ။ သူသည် သံကွင်းတစ်ကွင်းကို ပါးစပ်နှင့် တအားကိုက်ကြည့်ခဲ့ဖူး၏။ သို့သော် သွား တစ်ချောင်း ပဲ့ထွက်သွားသည့်ဒဏ်ကြောင့် တစ်ခေါင်းလုံး ကျင်တက်သွားသည့် ဝေဒနာကိုသာ ပြန်းထန်စွာခံစားခဲ့ရလေသည်။

ငါးရက်မြောက်နံနက် အချက်ပေးခရာသံမှုတ်ပြီး မကြာခင် လူမည်းတစ်ယောက် ကွမ်တာ့တဲထဲသို့ ဝင်လာသည်။ ခြေထိတ်လက်ထိတ်များကို ဖြုတ်သည်။ ကွမ်တာသည် ပက်လက်ဖြစ်နေရာမှ ခုန်၍ထလိုက်မိ၏။ အသင့်စောင့်ကြည့်နေသော လူမည်း၏ လက်သီးတစ်လုံးသည် သူ့မျက်ခွက်ပေါ်သို့ အရှိန်ဖြင့်ကျလာသည်။ ပက်လက်လန်လဲသွားသော ကွမ်တာက ထထိုင်သည်။ လူမည်းက ကွမ်တာ၏ ဘေးတစ်ဖက်ကို ခြေထောက်ဖြင့် ဆောင့်ကန်သည်။ နောက်တစ်ကြိမ်အထတွင် လက်သီးတစ်လုံး သူ့မျက်နှာပေါ် ကျလာပြန်သည်။ ကွမ်တာအနေဖြင့် လူမည်းအား ယှဉ်ပြိုင်နိုင်သည့် အခြေအနေမရှိ။ အသက်မှန်မှန်ရှူနိုင်ဖို့ကိုပင် မနည်းအားထုတ်နေရ၏။ သူ့အား ငုံ့ကြည့်နေသည့် လူမည်း၏ မျက်နှာထားသည် မင်းနဲ့ငါ ဘယ်သူသခင်လဲဆိုတာ သိပြီလားဟု မေးနေသည့်နှယ်ရှိသည်။

လူမည်းက ကွမ်တာအား ထခိုင်းသည်။ ကွမ်တာ လေးဖက်ထောက် အားယူပြီး ထသော်လည်း မထနိုင်။ လူမည်းက ကွမ်တာ၏လက်မောင်းကို ဆောင့်ဆွဲပြီး ထူပေးသည်။ ခပ်ကြမ်းကြမ်းဆောင့်တွန်းကာ ရှေ့မှသွားခိုင်းသည်။ ခြေထိတ်များ ခတ်ထားသဖြင့် ဖြောင့်ဖြောင့်တန်းတန်းမလျှောက်နိုင်သော ကွမ်တာသည် ဒယီးဒယိုင် ဖြစ်လျက်ရှိသည်။

နေ့၏အလင်းရောင်နှင့် ဘွားခနဲရင်ဆိုင်လိုက်ရသဖြင့် ကွမ်တာ၏မျက်လုံးများ ပိတ်သွားသည်။ ပြန်ဖွင့်လိုက်သောအခါ သူ့ရှေ့၌ တန်းစီသွားနေကြသော လူမည်းများကို မြင်ရသည်။ သူတို့နောက်မှ 'မြင်း'ဟုခေါ်နေကြသော သတ္တဝါတစ်ကောင်စီး၍လိုက်သွားနေသည့် တိုးဘော့တစ်ယောက်။ ထိုတိုးဘော့သည် သူ့အား ခွေးများနှင့် လိုက်ဖမ်းစဉ်က ပါလာခဲ့သူဖြစ်၏။ လူမည်းများမှာ ဆယ်ယောက်၊ ဆယ့်နှစ်ယောက်ခန့်ရှိသည်။ မိန်းမများသည် အနီရောင်နှင့် အဖြူရောင်အဝတ်များ ခေါင်းစည်းထားကြပြီး ယောကျ်ားအများစုနှင့် ကလေးသူငယ်များသည် ကောက်ရိုးဦးထုပ်အစုတ်များ ဆောင်းထားကြသည်။ ခေါင်းဆောင်းမပါသူဟူ၍ အနည်းငယ်မျှသာရှိသည်။ ယောကျ်ားအချို့က ဓားရှည်ကြီးများ ကိုင်ထားကြသည်။ ယာခင်းကြီးများဆီသို့ သွားနေကြခြင်းဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။ ညတိုင်း သီချင်းဆိုနေကြသည့် လူစုသည် သူတို့ပင် ဖြစ်လိမ့်မည်ဟု ကွမ်တာထင်သည်။ ကွမ်တာသည် လူမည်းများအားကြည့်ကာ စက်ဆုပ်ရွံရှာမိသည်။

ရုတ်တရက် ကွမ်တာအားခေါ်လာသည့် လူမည်းက ကွမ်တာ့ရင်ဘတ်ကို လက်ညှိုးဖြင့် မျှတ်ခနဲထိုးလိုက်ပြီး 'မင်းက တူဘီး'ဟု ပြောသည်။ ကွမ်တာက သူ့စကားကို နားမလည်။ ကြောင်တောင်တောင်မျက်နှာထားဖြင့် ကြည့်နေသည်။ လူမည်းက ကွမ်တာ၏ ရင်ဘတ်ကို လက်ညှိုးဖြင့်ထောက်ကာ ထိုစကားလုံးကို ထပ်တလဲလဲပြောသည်။ တိုးဘော့ဘာသာစကားဖြင့် ပြောနေခြင်းဖြစ်၍ တစ်စုံတစ်ခုကို နားလည်စေလို၍ ထပ်တလဲလဲပြောနေခြင်းဖြစ်ကြောင်း ကွမ်တာသဘောပေါက်သည်။

လူမည်းက သူ့ရင်ဘတ်ကို လက်ညှိုးဖြင့်ထောက်ကာ 'ငါက ဆင်မ်ဆန်'ဟု ပြောသည်။ ထို့နောက် ကွမ်တာ၏ရင်ဘတ်ကို လက်ညှိုးဖြင့်ထိုးကာ 'မင်းက တူဘီး။ သခင်ကြီးပြောတယ်။ မင်းနာမည် တူဘီး'

ကွမ်တာ အနည်းငယ်နားလည်လာသည်။ 'ငါ တူဘီးမဟုတ်ဘူး။ ငါ ကွမ်တာကင်တီ၊ သူတော်စင် ကိုင်ရာဘာကွမ်တာကင်တီရဲ့သား အိုမိုရိုရဲ့သားကြီး ကွမ်တာကင်တီကွ'ဟု အော်ပြောလိုက်ချင်စိတ် ဖြစ်လာသည်။

ကျွန်တော့်မျက်နှာထားကိုကြည့်ပြီး စိတ်မရှည်ဖြစ်သွားသည့် လူမည်းက တစ်ခွန်းမျှ ကျိန်ဆဲကာ ပခုံးများကို တွန့်သည်။ ကွမ်တာအား တဲတစ်လုံးအတွင်းသို့ ဆွဲခေါ်သွားပြီး လက်ဟန်ခြေဟန်ပြ၍ ရေဖတ်အတိုက်ခိုင်းသည်။ ရေအပြည့်ထည့်ထားသည့် သံပုံးကြီးထဲသို့ အဝတ်စုတ်တစ်စ ပစ်ထည့်ပေးသည်။ ကွမ်တာသည် လူမည်းခိုင်းသည့်အတိုင်း သူ့တစ်ကိုယ်လုံး သန့်စင်သွားအောင် ရေနှင့်ဆေးကြောပစ်လိုက်၏။ ကိစ္စပြီးသွားသည့်အခါ လူမည်းက ဘောင်းဘီစုတ်တစ်ထည်နှင့် အင်္ကျီဟောင်းတစ်ထည်ပေး၍ အဝတ်ခိုင်းသည်။ ထို့နောက် ကောက်ရိုးဦးထုပ်တစ်လုံးပေးပြီး ဆောင်းခိုင်းသည်။

နောက် တဲတစ်လုံးအတွင်းသို့ ရောက်သွားသည့်အခါ မိန်းမကြီးတစ်ယောက်က ကွမ်တာ့ရှေ့သို့ ဆန်ပြုတ်တစ်ပန်းကန် ဆောင့်ကြီးအောင့်ကြီး လာချပေးသည်။ သူသည် ခပ်ပျစ်ပျစ်ဆန်ပြုတ်ကို မျိုချသည်။ ဘေးနားချထားသည့် ပေါင်မုန့်ကိုယူ၍ အသားနံ့သင်းနေသည့် ဟင်းချိုရည်ဖြင့် တို့စားသည်။

လူမည်းသည် အခြားလူမည်းများကိုင်သည့် ဓားရှည်ကြီးမျိုးတစ်ချောင်းကို ယူ၍ သူ့နောက်မှလိုက်ရန် ကွမ်တာအား ခေါင်းတစ်ချက်ဆတ်ပြပြီး ရှေ့မှ ထွက်သွားသည်။ ခြေထိတ်များကြောင့် ကွမ်တာ့ခြေထောက်များသည် လွတ်လပ်စွာမလှုပ်ရှားနိုင်။ လူမည်း၏နောက်မှ ခြေထော့နင်းထော့နင်းဖြင့် လိုက်သွားနေရသည်။ သူ့ရှေ့တည့်တည့်ရှိ မြေကွက်ကြီးပေါ်တွင် လူမည်းမိန်းမများနှင့် လူငယ်များသည် ဂျုံရိုးပြတ်ခြောက်များကို ကောက်၍ ပုံပုံသွားနေကြသည်။ လူမည်းယောကျ်ားများက ဂျုံပင်ခြောက်များကို ဓားများဖြင့် ခုတ်လှဲသွားနေကြသည်။

ယောကျ်ားအများစုသည် အင်္ကျီမပါ။ သူတို့ကျောပြင်ကြီးများသည် ချွေးများဖြင့် စိုရွှဲပြောင်လက်နေကြသည်။ သူ့ကျောပေါ်၌ သံပူနှင့်နှိပ်ထားသည့် တံဆိပ်မျိုးရှိမရှိ လူမည်းများ၏ ကျောများကို အသေအချာကြည့်သည်။ ကြာပွတ်ရာ အမာရွတ်များမှတစ်ပါး အခြားဘာမှမရှိ။ မြင်းစီးလာသော တိုးဘော့က ကွမ်တာအား ခေါ်လာသည့် လူမည်းအား စကားလှမ်းပြောသည်။ ထို့နောက် ကွမ်တာအား တင်းမာခက်ထန်သော မျက်နှာထားဖြင့် လှမ်းကြည့်သည်။

လူမည်းသည် ဂျုံရိုးမြက်ခြောက်အပင် တစ်ဒါဇင်ခန့်ကို ဓားနှင့် လွဲ၍ လွဲ၍ ခုတ်သွားသည်။ ထို့နောက် ကွမ်တာဘက်လှည့်၍ အခြားလူများကောက်သလို ကောက်ယူပြီး ပုံသွားရန် ကွမ်တာအား လက်ဟန်ခြေဟန်ပြ၍ခိုင်းသည်။ တိုးဘော့က သူ့လက်ထဲမှ ကြာပွတ်ကို အသင့်ပြင်ကာ သူ့မြင်းကို ကွမ်တာ့အနီးသို့ နှင်လာသည်။ ကွမ်တာသည် ရိုးပြတ်ခြောက်များကို လက်ဖြင့်ကောက်သည်။ ဘေးမှ လူမည်းများသည် စိုးရိမ်မကင်းသည့် မျက်နှာထားဖြင့် သူ့အား လှမ်းကြည့်နေကြသည်။ ကွမ်တာ၏ မျက်လုံးများသည် သူ့ဘေးနားမှ ကပ်လိုက်လာသော မြင်း၏ ခြေထောက်များကို မြင်နေရ၏။ သူ့အရိပ်အခြည်ကို ကြည့်နေကြသော လူမည်းများ စိတ်လက်ပေါ့ပါးသွားကြသည်ကို ကွမ်တာသတိပြုမိသည်။ နောက်ဆုံးတွင် သူ့ဘေး ကပ်လိုက်လာနေသော မြင်းခြေထောက်များသည် သူ့အပါးမှ ခွာသွားလေ၏။

ကွမ်တာသည် ခေါင်းကိုမမော့။ သူ့အလုပ်ကိုသာ အာရုံစိုက်လုပ်လျက်ရှိ၏။ သို့သော်လည်း တိုးဘော့၏မြင်း သွားလာလှုပ်ရှားနေသည်များကို သိနေသည်။ မြင်းသည် လူမည်းများ အလုပ်လုပ်ပုံကို စောင့်ကြပ်ကြည့်ရှုနေခြင်းဖြစ်သဖြင့် နေရာအနှံ့သို့ လှည့်ပတ်သွားနေခြင်းဖြစ်၏။ သူကျေနပ်မှုမရှိလျှင် သူ့လက်ထဲမှ ကြာပွတ်သည် လူမည်းတစ်ယောက်၏ကျောပေါ်သို့ ဖြန်းခနဲ ကျလာတတ်လေသည်။

သူ့ရှေ့ခပ်လှမ်းလှမ်းမှ လမ်းမကြီးကို ကွမ်တာ မြင်နေရသည်။ ဘေးတစ်ဖက်တွင်မူ သူထွက်ပြေးစဉ်က ပုန်းနေခဲ့ဖူးသည့်တောအုပ်။ သစ်တောမှာ ခပ်သေးသေး၊ ခပ်ကျဉ်းကျဉ်း။ ထို့ကြောင့်လည်း သူပြန်၍ အမိခံရခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ တောအုပ်ကိုမြင်သည့်အခါ သူ့ခြေထောက်များသည် ထွက်ပြေးချင်လာသည်။ သို့သော်လည်း ခြေထောက်များက လွတ်လပ်သည်မဟုတ်။ ဤ ယာခင်းထဲမှ အပြင်မရောက်မီ ပြန်၍ အဖမ်းခံရဖို့သာရှိ၏။ နောက်တစ်ကြိမ် ထွက်ပြေးမည်ဆိုက မပြေးမီကတည်းက ခွေးများနှင့် လူများအား ခုခံတိုက်ခိုက်နိုင်ရန် လက်နက်တစ်ခုခုယူထားမည်ဟု ဆုံးဖြတ်သည်။ အတော်လှမ်းလှမ်း တစ်နေရာမှ ခရာမှုတ်သံ ကြားလိုက်ရသည့်အခါတွင် နေဝင်လျက်ရှိလေပြီ။ အခြားလူမည်းများ တန်းစီနေသည်ကို စောင့်ကြည့်နေသော ကွမ်တာ၏စိတ်တွင် ဤလူမည်းများသည် ရွက်သင်္ဘောကြီးပေါ်၌ ဆုံမိခဲ့သည့် လူမည်းများလို အရောတဝင်နေ၍ ကောင်းမည့်သူများမဟုတ်။ တန်ဖိုးမရှိသည့် မိစ္ဆာတိတ္ထိများသာ ဖြစ်သည်ဟူသော အတွေး ဝင်လျက်ရှိသည်။

ယခုလို ညံ့ဖျင်းသည့် ဖူလာနီသွေးရောနေသော လူမျိုးစုများအား မွေးထားခြင်းသည် တိုးဘော့များ၏ မိုက်မဲမှုသာဖြစ်သည်ဟု သူထင်သည်။ ကျွဲနွား ကျောင်းရမည့်အစား မြက်ခြောက်ကောက်နေခြင်းသည် အလွန်အောက်တန်းကျသောစိတ် ဖြစ်၏ အမှန်တော့ ဖူလာနီများသည် မွေးကတည်းက ကျွဲ နွားကျောင်းဖို့ မွေးလာသူများဖြစ်သည်ဟု လူတိုင်းကသိထားကြသည်။ ဖူလာနီနှင့် ကျွဲနွားများသည် အချင်းချင်း စကားပြောကြသည်ဟုပင် ဆိုစမှတ်ပြုကြသည်မဟုတ်လော။ သူ့ အတွေးမျှင်သည် မြင်းပေါ်မှတိုးဘော့၏ ကြာပွတ်ကြောင့် ပြတ်သွားသည်။ တိုးဘော့က သူ့အား တန်းစီနေသူများနောက်မှ ဝင်စီရန် ခိုင်းသည်။ ကွမ်တာ ဝင်စီသောအခါ နောက်ဆုံး၌ ရပ်နေသည့် ဝဝတုတ်တုတ် ပုအိုင့်အိုင့် လူမည်းမကြီးက ကွမ်တာနှင့် ဝေးနိုင်သမျှဝေးအောင် ရှေ့သို့တိုးသွားသည်။ ကွမ်တာ့စိတ်ထဲတွင် လူမည်းမကြီးအား တံတွေးဖြင့် ထွေးပစ်လိုက်ချင်သော ဆန္ဒ ပြင်းပြစွာဖြစ်ပေါ်လျက်ရှိ၏။

ကွမ်တာ၏ ခြေချင်းဝတ်များသည် ခြေလှမ်းတိုင်း သံကွင်းများနှင့် ပွတ်တိုက်လျက်ရှိရာ အချိန်ကြာလာသည့်အခါ သွေးများထွက်လာသည်။ လူတန်း၏ ရှေ့ခပ်ဝေးဝေးနေရာမှ ခွေးဟောင်သံများ ကြားရသည်။ သူထွက်ပြေးစဉ်က ခြေရာခံလိုက်လာကြသော ခွေးများက သူ့အား ဝိုင်းအုံကိုက်ခဲ့ကြသည့်အဖြစ်ကို သတိရကာ ကြက်သီးထမိသည်။ ထို့နောက် အာဖရိကတွင် သူ့အားဖမ်းစဉ်က ရန်သူများအား ခုခံတိုက်ခိုက်ရင်း သေဆုံးသွားခဲ့သည့် သူ့ဝူလိုခွေးကို သတိရမိပြန်သည်။

တဲသို့ပြန်ရောက်သည့်အခါ ကွမ်တာသည် ဒူးထောက်ချလိုက်ပြီး နောက်တစ်နေ့ နေထွက်လာမည့်ဘက်လှည့်ကာ နဖူးနှင့်မြေကြီး ထိလိုက်သည်။ ယာခင်းထဲ၌ တစ်နေ

မြန်မာ စာအုပ်များ

ကုန် အလုပ်လုပ်ခဲ့ရသဖြင့် နေ့ခင်းနှစ်ကြိမ် ဝတ်တက်ရမည့်ကိစ္စ ပျက်ခဲ့ရ၏။ ယခုတစ်ကြိမ် ဘုရားဝတ်ပြုသည့်အခါ အချိန်များစွာအကုန်ခံ ဝတ်ပြုသည်။

ဝတ်ပြုအပြီးတွင် သူ့ဘိုးဘွားဘီဘင်များ၏ ဝိညာဉ်များကို အာရုံပြုကာ ကျရောက်လာသမျှ ဒုက္ခများကို ကြံ့ကြံ့ခိုင်ခိုင်မည့်လူတစ်ယောက် ဖြစ်လာအောင် ကူညီစောင့်ရှောက်ပေးဖို့ ဆုတောင်းသည်။ ထို့နောက် ယနေ့မနက် 'ဆင်မ်ဆန်' ဆိုသူနှင့် လျှောက်သွားခဲ့စဉ်က တိတ်တိတ်ကျိတ်၍ ခိုးယူလာခဲ့သော ကြက်တောင်နှစ်ခုကို သူ့လက်ချောင်းများကြား၌ ညှပ်လိုက်သည်။ ဝိညာဉ်များအားပူဇော်ခြင်းဖြစ်၏။ သူ့ရှာ၌ သူနောက်ဆုံးနင်းထားခဲ့သည့် ခြေရာများအား ကောင်းချီးမင်္ဂလာပေးရန် ဆုတောင်းသည်။ အကယ်၍ ထိုခြေရာများအား ဝိညာဉ်များက ကောင်းချီးမင်္ဂလာပြုခဲ့သည်ရှိသော် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူ့ခြေရာများသည် ဂျပ်ဖူရီရွာထဲ၌ ပြန်လည်ပေါ်လာပေလိမ့်မည်။

သူအဖမ်းခံခဲ့ရသည့် ဖြစ်ရပ်သည် သူ့စိတ်ကူးအာရုံတွင် ပြန်၍ထင်လာပြန်သည်။ ယခုလို ပြန်ပြီးသတိရသည်မှာ အကြိမ်ပေါင်း ထောင်ချီနေပြီဟု သူထင်မိ၏။ အကယ်၍ စောစောစီးစီးကသာ ခြေသံများကြားခဲ့ပါမူ သစ်ပင်၌ သူထောင်ထားခဲ့သည့် 'လှံ'ကို ပြေး၍ယူနိုင်မည်ဖြစ်သည်။ လှံကိုသာ ကိုင်မိလို့ကတော့...။ သူ့ကိုယ်သူ ဖြစ်သည့် ဒေါသဖြင့် မျက်ရည်များစို့လာသည်။

သူ့ကိုယ်သူ မျက်ရည်ကျသည်အထိ အဖြစ်ခံခြင်းသည် မသင့်ဟု ထင်သည်။ သူ့အသက်သည် ယခုဆိုလျှင် ဆယ့်ခုနစ်မိုးပင်ရှိခဲ့ပြီမဟုတ်ပါလော။ ငိုရမည့်အရွယ် မဟုတ်။ သူသည် မျက်ရည်များကိုသုတ်လိုက်ပြီး ဂျုံရိုးပြတ်များခင်းထားသည့် အိပ်ရာပေါ်တက်၍ အိပ်နိုင်ဖို့ကြိုးစားသည်။ သူ့အတွေးထဲတွင် 'တူဘီး' ဟူသော စကားလုံးဝင်လာသည့်အခါ ဒေါသအရှိန်တက်လာသည်။ ခြေထောက်များကိုအသားလွတ် ဆောင့်ကန်မိသည်။ ခြေထိတ်သံကွင်းများက သူ့ခြေချင်းဝတ်ကို ထိုးမိသည်။ နာကျင်လွန်းသဖြင့် ပါးစပ်မှ အော်သံတစ်ချက် ထွက်သွားသည်။

သူသည် အိုမိုရိုနှင့်တူသော ယောကျ်ားကြီးတစ်ယောက်အဖြစ်သို့ ရောက်မှ ရောက်ပါမည်လော။ သူ့အဖေသည် သူ့အား သတိမှရပါလေစ။ သူ့အားဖမ်းမိသွားသည့် အချိန်မှစ၍ သူ့အမေသည် သူ့အပေါ်၌ထားရှိခဲ့သည့်အချစ်ကို လာမင်း၊ ဆူဝါဒူးနှင့် မာဒီးတို့အား မျှတခွဲဝေပေးလိမ့်မည်ဟု ထင်မိ၏။ သူသည် ဂျပ်ဖူရီ ရွာအကြောင်းကို တစ်စိမ့်စိမ့်တွေးနေမိသည်။ သူ့ရွာအပေါ် သူမည်မျှချစ်သည်၊ မြတ်နိုးသည်၊ သံယောဇဉ်ကြီးသည်ကို ယခုမှ ပို၍နားလည်လာပေသည်။

[၄၅]

တစ်နေ့ပြီးတစ်နေ့ ကုန်လွန်လာသည်နှင့်အမျှ ထူးခတ်ထားသည့် သူ့ခြေထောက်များသည် ပို၍ သွားရလာရခက်လာသည်။ သွားပြန်ပါကလည်း ပို၍ နာကျင်လာသည်။ သို့သော်လည်း သူသည် စိတ်အားကိုအပျက်မခံ။ သူ၏လွတ်မြောက်ရေးအတွက် အနာခံရမည့် အရာမှန်သမျှ ကြံကြံခံ၍အနာခံမှုဖြစ်မည်ဟု သူ့ကိုယ်သူပြောသည်။ အချိန်ရှိသမျှ သူ့မျက်လုံးများ၊ နားများနှင့် နှာခေါင်းကို အသုံးချသည်။ သူ့အား ဖမ်းထားသူများသည် သူ့ခြေထိတ်များကို ဖြုတ်မပေးဘဲ နေကြမည်မဟုတ်။ ထိုအခါ သူ နောက်တစ်ကြိမ် ထပ်ပြေးနိုင်ဦးမည် မဟုတ်ပါလော။

မနက်တိုင်း ခရာမှုတ်ပြီးသည်နှင့် ကွမ်တာသည် သူ့တဲအတွင်းမှ ခြေထော့နင်းထော့နင်းဖြင့် အပြင်သို့ ထွက်သည်။ တဲများအတွင်းမှ အလျှိုလျှိုထွက်လာနေကြသော လူမည်းများကို စောင့်ကြည့်သည်။ ထို့နောက် သူသည် တဲထဲသို့ဝင်ကာ ထမင်းချက်အဘွားကြီးချပေးသည့် အစာကိုစားသည်။ ဝက်သားမှလွဲ၍ ချပေးသမျှ အစားအစာများကို စားခြင်းဖြစ်သည်။

နံနက်တိုင်း အစာစားနေခိုက်တွင် သူ့မျက်လုံးများသည် ဂနာမငြိမ်။ မည်သူမျှ မသိအောင် ဖုက်ယူထားနိုင်သည့် လက်နက်တစ်ခုခုကို ရှာသည်။ မီးဖိုအပေါ်ဘက်၌ ချိတ်ထားသည့် ပစ္စည်းများမှာ အသုံးတည့်နိုင်စရာမရှိ။ အများအားဖြင့် အစာထည့်ကျွေးသည့် လုံးလုံးပြားပြား အရာဝတ္ထုများသာဖြစ်သည်။ မိန်းမကြီး အစာစားသည့်အခါ လက်ထဲတွင် အချွန်အတက်ပါသည့် ပစ္စည်းတစ်ခုနှစ်ခု ကိုင်ထားသည်ကို မြင်ရ၏။ ထိုအရာများထဲမှ တစ်ခုသောပစ္စည်းမှာ အစာကို ထိုးကော်ပြီး ပါးစပ်ထဲထည့်သည့်နေရာ၌ သုံးသည်ကို တွေ့ရ၏။ သေးငယ်သော်လည်း 'မရှိသုံး' အဖြစ် အသုံးဝင်လိမ့်မည်ဟု သူ တွေးနေမိသည်။

တစ်နံနက်တွင် သူသည် ထုံးစံအတိုင်း ယာဂုသောက်နေစဉ် ထမင်းချက် မိန်းမကြီးသည် ဓားတစ်ချောင်းဖြင့် အသားများလှီးလျက်ရှိသည်။ ကွမ်တာသည် မိန်းမကြီး လက်ထဲမှဓား သူ့လက်ထဲသာရောက်လျှင် မည်သို့မည်ပုံ အသုံးချလိုက်မည်ဟု စိတ်ကူးယဉ်နေသည်။ ထိုအခိုက် တဲပြင်ဘက်မှ စူးစူးရှရှအော်သံကြီး ထွက်လာသည်။ အသံမှာ နီးကပ်လွန်းအားကြီးသဖြင့် လန့်ဖျပ်ပြီး ထခုန်မိတော့မလိုပင် ဖြစ်သွားရ၏။ သူသည် တဲအပြင်သို့ ကပျာကယာထွက်သည်။ အပြင်ဘက်တွင် လူမည်းများသည် အလုပ်ဆင်းဖို့ တန်းစီနေကြလေပြီ။ အများစုကတော့ 'နံနက်စာ'ဟု အမည်ပေးထားသည့် အစာကို လက်စမသတ်နိုင်ကြသေး။

ယခုဆိုလျှင် မနက်တိုင်း ဂျုံရိုးပြတ်များတွင် ဆီးနှင်းများ တွယ်ကပ်နေကြပြီ ဖြစ်၏။ နေမထွက်မချင်း ယာခင်းများသည် နှင်းဖြူများအောက် ရောက်နေကြသည်။ ထိုနေ့က နေမွန်းတည့်ချိန်ပွင် ခရာမှုတ်သံကြားရသည်။ ကွမ်တာ အပါအဝင် လူမည်းအားလုံး တန်းစီကြရသည်။ မြင်းနှင့်တူသော သတ္တဝါတစ်ကောင်ဆွဲသည့် စွပ်ဖားလှည်းတစ်စီး ရောက်လာခြင်းကြောင့်ဖြစ်၏။ သတ္တဝါမှာ မြည်းအကြီးစားတစ်ကောင်နှင့် တူသလိုလိုလည်းရှိ၏။ အခြားလူမည်းများကတော့ ထိုသတ္တဝါအား 'လား'ဟု ခေါ်နေသံ ကြားရသည်။ စွပ်ဖားဘေးမှလိုက်လာသူမှာ ထမင်းချက်မိန်းမကြီးဖြစ်သည်။

မိန်းမကြီးက တန်းစီနေကြသည့် လူမည်းများအား ပေါင်မုန့်တစ်လုံးစီနှင့် ဟင်းတစ်ခွက်စီ ဝေပေးသည်။ ကိုယ်ဝေစု ကိုယ်စားပြီးသွားသည့်အခါ စွပ်ဖားနှင့်တင်လာသည့် ရေစည်ထဲမှ ရေကို သောက်ကြသည်။ ယခုအခါ နေသားထိုင်သားကျနေပြီဖြစ်သော ကွမ်တာသည် ပေါင်မုန့်စားရာ၌ အရသာတွေ့နေပြီဖြစ်၏။

ကွမ်တာအား လှည်းနှင့်တင်၍ ဤနေရာသို့ခေါ်လာခဲ့သော တိုးဘော့သည် မကြာမကြာ ယာခင်းထဲသို့ မြင်းစီး၍ ရောက်လာတတ်သည်။ လူမည်းများက သူ့အား 'သခင်'ဟု ခေါ်ကြ သည်ကို ကွမ်တာ သတိထားမိ၏။ ကွမ်တာတို့ ယာခင်းထဲတွက်၍ အလုပ်လုပ်သည့်အခါတိုင်း မြင်းတစ်စီးနှင့် လိုက်လာလေ့ရှိသော တိုးဘော့ကိုမူ 'အလုပ်ကြပ်'ဟု ခေါ်ကြသည်။

ကွမ်တာ့အဖို့တော့ ညပိုင်းရောက်၍ အိပ်ရာပေါ် လှဲလိုက်သည့်အခါတိုင်း တွေးစရာအတွေးများ ရှိနေတတ်၏။ သူ ယခုတွေ့နေရသော လူမည်းများသည် တိုးဘော့များ ကျေနပ်အောင် လုပ်ဖို့မှတစ်ပါး အခြား ဘာကိုမှဂရုမစိုက်ကြဟုထင်သည်။ ဤလူမည်းများ ယခုလိုဖြစ်နေရသည်မှာ ဘာ့ကြောင့်ပါလိမ့်။ ဤအရပ်ဒေသ၌ ပေါက်ဖွားလာကြသည့် လူမည်းများဖြစ်၍လား။ သူတို့ကို ကြည့်ရသည်မှာ အာဖရိကတိုက်သားတွေမှ ဟုတ်ပါလေစ။

သူ့အနေဖြင့် ဤလူမည်းများကြား၌ မည်မျှကြာကြာနေရသည်ဖြစ်စေ သူတို့နှင့် မတူအောင်နေမည်ဟု ကွမ်တာဆုံးဖြတ်သည်။ ညစဉ် ဤမြေပေါ်မှ ထွက်ပြေး လွတ်မြောက်မည့် နည်းလမ်းများ ရှာဖွေသည်။ ယခုတစ်ကြိမ် ပြေးလျှင် သူ့လက်ထဲ၌ လက်နက်တစ်ခုခုပါသွားရန် အရေးကြီး၏။ မတတ်သာသည့်အဆုံး တုတ်ချွန်တစ်ချောင်းတော့ ဆောင်သွားမှ ဖြစ်ပေလိမ့်မည်။ သို့မှသာ ခွေးများအား ခုခံတိုက်ခိုက်နိုင်မည် ဖြစ်၏။ ထို့ပြင် သွားရင်းလာရင်း နေရင်းထိုင်ရင်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လေ့လာထားမှဖြစ်မည်ဟု သူ ယူဆသည်။ သို့မှသာလျှင် အကောင်းဆုံး ပုန်းစရာနေရာကို သူ ရှာ၍ရနိုင်မည် မဟုတ်ပါလော။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

တိုးဘော့များလက်မှ လွတ်မြောက်လိုပါက တိုးဘော့တို့၏ အလေ့အထများနှင့် တိုးဘော့ဘာသာစကားကိုပါ သိထားတတ်မြောက်ထားမှ ဖြစ်မည်ဟူသောအချက်ကိုလည်း ကွမ်တာ သဘောပေါက်လာသည်။ ယခုဆိုလျှင် သူသည် 'ဝက်'၊ 'ဖရဲသီး'၊ 'အလုပ်ကြပ်'၊ 'သခင်' စသော စကားလုံးများကို မှတ်မိလာပြီ။ အထူးသဖြင့် 'ဟုတ်ကဲ့ပါသခင်'ဟူသောစကားမှာ လူမည်းများ အပြောများသဖြင့် သူ ကောင်းကောင်းကြီး မှတ်မိနေပြီ။ 'သခင်'ဟုခေါ်နေသော တိုးဘော့၏ဇနီး တိုးဘောမ့အား လူမည်းများက 'မစ္စက်'ဟု ခေါ်နေကြရာ ထိုစကားလုံးကိုလည်း သူ မှတ်မိလာသည်။ တစ်ကြိမ်တွင် ကွမ်တာသည် ခပ်လှမ်းလှမ်းမှနေ၍ 'မစ္စက်' ကို မြင်ခဲ့ဖူး၏။ ထိုစဉ်က အိမ်ကြီးရှင်မသည် အိမ်ဘေးရှိ သစ်ပင်များကြား၌ လျှောက်သွားကာ ပန်းများကို ကတ်ကြေးဖြင့် လိုက်ဖြတ်နေခြင်းဖြစ်သည်။ တိုးဘောမ့သည် လုလုပပဝဝဖြိုးဖြိုးရှိသော်လည်း ကွမ်တာ့မျက်စိထဲတွင် ဖားပြုပ်တစ်ကောင်နှင့် တူနေသည်။

တိုးဘော့တို့၏ စကားလုံးအတော်များများကို ကြားဖူးပေါင်းများလှပြီ ဖြစ်သော်လည်း ယခုချိန်အထိ မမှတ်မိနိုင်လောက်အောင် ရှုပ်ထွေးနေဆဲဖြစ်သည်။ ထိုစကားလုံးများကို မှတ်မိအောင် ကြိုးစားရုံမျှမက အသံထွက်ကိုပါ မှန်ကန်စွာထွက်နိုင်အောင် သူ အားထုတ်သည်။ သို့သော် လွယ်လွယ်နှင့် မှတ်မိလာသည်ဟူ၍မရှိ။ သူအမြဲတစေကြားဖူးနေသည့် စကားနှစ်လုံးရှိ၏။ ထိုစကားလုံးကို သူ ကြားရသည်မှာ နေ့စဉ်နှင့်အမျှဖြစ်သည်။ တိုးဘော့များရော လူမည်းများပါ အမြဲပြောနေကြသည့်စကားလည်းဖြစ်၏။ သို့ပါလျက် သူ နားမလည် ဖြစ်နေရသည်မှာ အံ့သြဖွယ်ကောင်းနေသည်။ ယင်းစကားလုံးမှာ 'နစ်ဂါး'ဟူသော စကားလုံးပေတည်း။

[၄၆]

နောက်ဆုံးတွင် ဂျုံရိုးပြတ်များ ဖြတ်၍ စုဆောင်းပေးနေရသာလုပ်ငန်း ပြီးဆုံးသွားခဲ့သည်။အလုပ်ကြပ်တိုးဘော့သည် လူမည်းများအား ကြုံရာကျရာအလုပ်များကို သင့်တော်သလို ခွဲဝေ တာဝန်ပေးလျက်ရှိ၏။ ကွမ်တာသည် အခြားလူမည်းများနှင့် တောအုပ်တစ်ခုအတွင်းသို့ဝင်ကာ သစ်ပင်များကို လှုပ်ပေးရပြန်သည်။ သစ်ပင်များထက်မှ ခွံမာသီးများ ကြွေကျအောင် လုပ်ပေးရခြင်းဖြစ်၏။ ကြွေကျလာသည့်အသီးများကို လူမည်းကလေးသူငယ်များက ခြင်းတောင်းများနှင့် လိုက်ကောက်ကြရသည်။ ကွမ်တာသည် ခွံမာသီးတစ်လုံးကိုကောက်ယူကာ အင်္ကျီကြားသို့ထည့်၍ ဖွက်လိုက်သည်။ သူ တစ်ယောက်တည်း နေသည့်အခါ စားကြည့်မည်ဟူသော စိတ်ကူးဖြင့် ဖွက်ထားလိုက်ခြင်းဖြစ်သည်။

မြန်မာ စာအုပ်များ

ခွဲမာသီးချွေသည့်အလုပ် ပြီးသွားသောအခါ ယာခင်းထဲရှိ ပြင်ဆင်ရန်လိုအပ်သမျှကို အပြင်ခိုင်းပြန်သည်။ ကွမ်တာသည် အခြားလူတစ်ယောက်နှင့်တွဲ၍ ခြံစည်းရိုးတစ်ခုကို ပြင်၍ကာပေးရသည်။ လူမည်းမိန်းမများမှာလည်း အားသည်ဟုမရှိ။ အိမ်ဖြူကြီးနှင့်သူတို့တဲအား သန့်ရှင်းရေးလုပ်ကြရသည်။ မိန်းမတချို့သည် အိတ်ဟောင်းများကို အိုးကြီးတစ်လုံးနှင့်ပြုတ်၍ လျှော်ဖွပ်ကြရသည်။ အဝတ်များကို ဆပ်ပြာမြုပ်များနှင့်စိမ်ကာ လက်နှင့်ပွတ်တိုက်၍ လျှော်ဖွပ်နေကြခြင်းဖြစ်၏။ မိမိတို့ရွာမှ မိန်းမများလို အဝတ်များကို ကျောက်တုံးကျောက်ပြားပေါ် ရိုက်၍ မဖွပ်ကြသည်မှာ ဘာကြောင့်ပါလိမ့်။

လူမည်းများ၏ကျောပေါ်သို့ အလုပ်ကြပ်၏ကြာပွတ် အကျနည်းလာသည်ကို ကွမ်တာသတိထားမိသည်။ ပတ်ဝန်းကျင်အခြေအနေသည် ကောက်ရိတ်သိမ်းပြီးစ ဂျပ်ဖူရီနှင့်တူသလိုလို ရှိ၏။ ညနေခင်း အလုပ်သိမ်းခရာမှုတ်သည့်အခါ လူမည်းတချို့သည် ခုန်ပေါက်မြူးထူးကာ သီချင်းဆိုကြသည်။ ထိုအခါ ကျန်လူစုကပါ လိုက်၍ဆိုကြသည်။ ကွမ်တာကတော့ သူတို့သီချင်း၏အဓိပ္ပာယ်ကို လုံးဝနားမလည်။ သူတို့သီချင်းကို နားထောင်ကာ စိတ်ညစ်လျက်ရှိသည်။ ကိုယ့်တဲကိုယ်ပြန်ကြရန် အချက်ပေးခရာသံ ပေါ်လာမှပင် ကွမ်တာမှာ စိတ်လက်ပေါ့ပါးရ၏။

ညပိုင်းများတွင် ကွမ်တာသည် သူ့တဲတံခါးဘေး၌ထိုင်ကာ ငေးမောနေတတ်သည်။ ဖြည်းဖြည်းအေးအေးတိုက်ခတ်နေသည့် လေပြည်လေညင်း၏အရသာကို အပြည့်အဝ ခံစားသည်။ သူ့စိတ်သည် ဂျပ်ဖူရီရွာ၏ ကောက်သိမ်းချိန်ညများဆီသို့ ရောက်သွားလေ့ရှိသည်။ မီးဖိုဘေး၌ ဝိုင်းထိုင်နေကြသည့် လူများ။ စကားပြောသံများ။ ဝိုင်းအုံနေကြသည့် ခြင်ကောင်များ။ ပြီးတော့ အဝေးမှလာနေသည့် ကျားသစ်ဟိန်းသံနှင့် ခွေးအူသံများ။

သူ ဗုံသံများ မကြားရသည်မှာ ကြာပြီ။ ဤလူမည်းများအား တိုးဘော့များက ဗုံထားခွင့်မပေး၍ မရှိကြခြင်းလား။ သို့ဆိုလျှင် ဘာ့ကြောင့် ဗုံထားခွင့်မပေးသနည်း။ ဗုံသံများသည် တစ်ရွာလုံးရှိ ကလေးသူငယ်များမှအစ သွားမရှိတော့သည့် သက်ကြီးရွယ်အို အဘိုးအဘွားကြီးများအထိ သွေးဆူအောင်၊ စိတ်ဓာတ်တက်ကြွအောင် ပြုလုပ်နိုင်စွမ်းရှိသည်ကို တိုးဘော့များသိသဖြင့် ထိတ်လန့်ကြောက်ရွံ့လို့လား။ သို့တည်းမဟုတ် လူမည်းအားလုံးက ဗုံများကိုတီး၍ ယာခင်းတစ်ခုနှင့်တစ်ခု အဆက်အသွယ်လုပ်ကြမည်ကို ကြောက်လို့လား။

မည်သို့ပင်ဖြစ်စေ အနေကြာလာသည့်အခါ ဤလူမည်းများအပေါ်၌ ထားရှိသည့် ကွမ်တာ၏ သဘောထားသည် မသိမသာပြောင်းလာသည်။ ဤလူမည်းများသည် သူ့အား မနှစ်သက်သည့် အရိပ်လက္ခဏာကို တိုးဘော့များရှေ့၌သာ ပြကြခြင်းဖြစ်၏။ အလုပ်ကြပ်တိုးဘော့နှင့် တိုးဘော့သခင်တို့ ကွယ်သွားသည့်အခါတွင်မူ သူ့အား ခေါင်း

မြန်မာ စာအုပ်များ

ဆတ်၍ နှုတ်ဆက်ကြရုံမျှမက ခြေထိတ်ကြောင့် ဖြစ်နေသော ဘယ်ဘက်ခြေချင်းဝတ် မှအနာ ပိုဆိုးလာသည်ကိုကြည့်၍ စိုးရိမ်မကင်းဖြစ်သည့်အမူအရာ ပြကြသည်။ ဤအပြုအမူများသည် ကွမ်တာ၏စိတ်ကို နူးညံ့သိမ်မွေ့လာစေခဲ့၏။

နောက်တစ်နေ့ နံနက်တွင် ကွမ်တာသည် တန်းစီနေသူများနောက်မှ ဝင်ရပ်သည်။ သူ့အနီးမှ လူများအား သူမနက်တိုင်း ကြားနေကျစကားဖြစ်သည့် 'မင်္ဂလာနံနက်ပါ' ဟူသော နှုတ်ဆက်စကားဖြင့် နှုတ်ဆက်မိတော့မလို ဖြစ်သွားသည်။ ထိုအခါတွင် သူသည် တိုးဘော့စကား အတော်များများကို နားလည်နေပြီဖြစ်ရုံမက အနည်းငယ်မျှပင် ပြောတတ်နေပြီဖြစ်၏။ သို့သော် သူနားလည်ကြောင်းကို မည်သူမျှမသိအောင် လျှို့ဝှက်ထားရမည်ဟူသော ဆုံးဖြတ်ချက်ကြောင့် ရေငုံနှုတ်ပိတ် လုပ်နေခြင်းဖြစ်သည်။

သူနှင့်တွဲ၍ အလုပ်လုပ်နေရသော လူမည်းများအပေါ် သဘောထားပြောင်းလာသော ကွမ်တာသည် သူတို့၏ အပြုအမူအနေအထိုင် စသည်များကို ယခင်ကလို လျစ်လျူရှုမထားတော့ပေ။ ဆားမှနေ၍ မသိမသာအကဲခတ်လေ့လာသည်။ ဤလူမည်းများသည် တိုးဘော့များနှင့်ပတ်သက်၍ သူတို့ရင်တွင်း၌ရှိနေသည့် ခံစားချက်အမှန်များကို အမြဲတစေ ဖုံးကွယ်ထားတတ်သောအကျင့် ရှိ၏။ တိုးဘော့နှင့် မျက်နှာချင်းဆိုင်နေရသည့်အခါများတွင် ပြုံးဖြဲဖြဲလုပ်နေတတ်သော လူမည်းများသည် တိုးဘော့တစ်ဖက်သို့ လှည့်သွားသည်နှင့် တစ်မျိုးဖြစ်သွားသည်။ တစ်ခါတစ်ရံ အလုပ်ခွင်သုံး ကိရိယာ တန်ဆာပလာများကို မတော်တဆဖြစ်သလိုလိုနှင့် တမင်တကာ ချိုးဖဲ့ဖျက်ဆီးပစ်တတ်ကြသည်။ နမော်နမဲ့လုပ်သည်ဟုဆိုကာ အလုပ်ကြပ်က ဆူပူဆဲဆိုနေသည့်အခါ အပြစ်ကင်းစင်သည့် ယုန်သူငယ်လို လုပ်နေတတ်၏။ ယာခင်းထဲ အလုပ်ဆင်းကြသည့်အခါတွင်လည်း ဘယ်တော့မှ အလုပ်ကို တွင်ကျယ်အောင်မလုပ်။ သူတို့အနားသို့ တိုးဘော့ရောက်လာသည့်အခါတွင်မှ အလုပ်ကို အဆမတန်လုပ်လေဟန် ဆောင်ကြသည်။

ထို့ပြင်လည်း ဤလူမည်းများကြားတွင် သူတို့ချင်းသာနားလည်သည့် ဆက်သွယ်မှုများ ရှိကြသည်။ တစ်ခါတစ်ရံ ယာခင်းထဲ၌အလုပ်လုပ်ရင်း ကိုယ်နှုတ်အမူအရာများ ပြတတ်ကြသည်။ သူတို့အနား၌ အလုပ်ကြပ်မရှိသည့်အခါ စကားချင်းဖလှယ်တတ်ကြသည်။ တစ်ခါတစ်ရံ အလုပ်ကြပ် မလစ်သည့်အခါနှင့် ကြုံပါက သီချင်းဆိုတတ်ကြသည်။ သီချင်းကို ကွမ်တာနားမလည်သော်လည်း သူတို့ချင်းသာနားလည်သည့်သတင်း တစ်ခုခုပေးနေမှန်း သိသာသည်။

ညဆိုလျှင် ကွမ်တာ၏တဲနှင့် နှစ်တဲကြား ထမင်းချက်မိန်းမကြီး၏ မီးဖို၌ လူမည်းများ စုထိုင်လေ့ရှိကြသည်။ ထိုမြင်ကွင်းသည် ဂျပ်ဖူရီရွာကို သတိရစေ၏။ ဂျပ်ဖူရီမှ လူများနှင့် မတူကြသည့်အချက်မှာ ဤလူမည်းများသည် ယောကျာ်းနှင့်မိန်းမ ရော

မြန်မာ စာအုပ်များ

၍ ထိုင်ကြခြင်းဖြစ်သည်။ အချို့မိန်းမများသည် ယောကျ်ားများနှင့်အတူ ဆေးတံကို တစ်လှည့်စီ ဖွာနေကြသည်မှာလည်း ကွမ်တာအဖို့ အံ့ဩစရာတစ်ခုပင်ဖြစ်၏။

တစ်ခါတစ်ရံ သူတို့စကားဝိုင်းသည် ရယ်မောသံများနှင့်ပြည့်နေသည်။ တစ်ခါတစ်ရံ ဒေါသတကြီး ငြင်းခုံနေကြသည်။ တစ်ခါတစ်ရံကျတော့လည်း စကားပြောသံများသည် ဆွေးဆွေးမြည့်မြည့်ရှိလှ၏။ ပြောနေရင်းနှင့် အချို့မိန်းမများသည် ရှိုက်ကြီးတငင် ငိုကြွေးကြသည်။ နောက်ဆုံး စကားပြောသံများ ရပ်သွားသည်။ အတန်ကြာမှ မိန်းမတစ်ယောက်က သီချင်းစဆိုသည်။ အခြားလူများကပါ ဝင်၍ဆိုကြသည်။ ကွမ်တာကတော့ သီချင်း၏အဓိပ္ပာယ်ကို နားမလည်။ သို့သော်လည်း အသံများထဲ၌ရှိနေသည့် ကြေကွဲမှုကိုတော့ ခံစားမှုဖြင့် သိနေသည်။

နောက်ဆုံးတွင် အဘိုးအိုတစ်ဦး၏အသံ ကြားရသည်။ လှုပ်ကုလားထိုင်ပေါ်မှနေ၍ မိမိအား ကရုဏာမကင်းသည့်မျက်လုံးများဖြင့် ကြည့်ခဲ့သော အဘိုးအိုမှန်း ကွမ်တာ ချက်ချင်းသိသည်။ ထိုအခါ ကျန်လူစုက ဦးခေါင်းများကို ငုံ့ကြသည်။ ထို့နောက် အဘိုးအို၏ ဖြည်းဖြည်းအေးအေး ရေရွတ်နေသံများ။ ဘုရားရှိခိုးနေမှန်း သိသာသည်။ အလ္လာဘုရားသခင်အား ရှိခိုးနေခြင်းတော့မဟုတ်။

နောက် ရက်အနည်းငယ်မျှအကြာတွင် ညလေသည် မခံမရပ်နိုင်လောက်အောင် အေးစိမ့်လာသည်။ သစ်ပင်များတွင် ရှိရှိသမျှသစ်ရွက်များ ကြွေကျကုန်လေပြီ။ ညကြီးမင်းကြီး တန်းစီခိုင်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိ၏။ အလုပ်ကြပ်က သူတို့အား ဂိုဒေါင်ထဲသို့ခေါ်လာသည်။ ဂိုဒေါင်ထဲတွင် သခင်နှင့်သခင်မတို့ပါ ရှိနေကြပြီ၊ ဝတ်ကောင်းစားလှဝတ်ထားသည့် မျက်နှာစိမ်းတိုးဘော လေးဦးပါ ရောက်နေကြသည်ကို တွေ့ရလေသည်။

ထို့နောက် တိုးဘော့များနှင့် လူမည်းများ နှစ်စုခွဲကာ စားကြသောက်ကြသည်။ ဘားပွဲအပြီးတွင် လူမည်းအဘိုးအိုက ကြိုးတပ်တူရိယာတစ်မျိုး ထိုး၍ ကျန်လူမည်းများက ကကြသည်။ အတန်ကြာသောအခါ တိုးဘော့များပါ ဝင်ကကြသည်။ ကပွဲသည် ပို၍မြိုင်ဆိုင်လာသည်။ လက်ခုပ်သံများ၊ ခုန်ပေါက်သံများနှင့် စူးစူးရှရှအော်ဟစ်သံများ။

ထိုညက တဲသို့ပြန်ရောက်သောအခါ ကွမ်တာသည် သူ ယနေ့ညကြုံတွေ့ခဲ့ရသမျှကို ပြန်၍ ဆင်ခြင်စဉ်းစားနေမိသည်။ ထူးဆန်းပြီး နက်နဲသော အတွေးတစ်ခုသည် သူ့ခေါင်းထဲသို့ဝင်လျက်ရှိသည်။ လူမည်းများနှင့် တိုးဘော့များကြားတွင် အပြန်အလှန် အမှီပြုရမည့် လိုအပ်ချက်များ တည်ရှိနေပုံရ၏။ ယင်းလိုအပ်ချက်များသည် ဂိုဒေါင်ထဲ ကပွဲအတွင်း၌သာ တည်ရှိသည်မဟုတ်။ အခြားသော အရေးကိစ္စများတွင်လည်း ရှိနေလိမ့်မည်ထင်၏။ ယင်းအထင်ဝင်လာခြင်းသည် အကြောင်းမဲ့မဟုတ်။ လူမည်း

မြန်မာ စာအုပ်များ

များနှင့် နီးနီးကပ်ကပ်နေကြရသည့်အခါတိုင်း တိုးဘော့များသည် ကိုယ်ရောစိတ်ပါ ပျော်ရွှင်မြူးထူးနေကြသည်ဟု သူ့စိတ်တွင်းမှ ခံစားသိရှိနေခြင်းကြောင့်ပင်တည်း။

[၄၇]

ကွမ်တာ၏ခြေမျက်စိမှ ဒဏ်ရာသည် တစ်နေ့တခြားဆိုးလာသည်။ ဒဏ်ရာမှ ပြည်ပုပ်များ စီးကျရုံမျှမက ခြေထောက်တစ်ခုလုံး အဆမတန်ရောင်ကိုင်းလျက်ရှိ၏။ နောက်ဆုံးတွင် ထော့နင်းထော့နင်းဖြစ်နေသော သူ့ခြေထောက်အား အလုပ်ကြပ်ကိုယ်တိုင် အသေအချာကြည့်ရသည့်အခြေအနေသို့ ဆိုက်ရောက်လာသည်။ အလုပ်ကြပ်သည် ကွမ်တာ၏အနာကိုကြည့်ပြီး ခြေထိတ်များ ဖြုတ်ပေးလိုက်ရန် ဆင်မ်ဆန်အား နိုင်းသည်။

အမှန်အားဖြင့် အနာနာလွန်းအားကြီးသဖြင့် ကွမ်တာသည် သူ့ခြေထောက်ကိုပင် ကောင်းစွာမြှောက်နိုင်သည်မဟုတ်ချေ။ သို့သော်လည်း သံခြေကျင်း အနှောင်အဖွဲ့မှ လွတ်မြောက်လာသဖြင့် များစွာဝမ်းသာလျက်ရှိသော ကွမ်တာသည် နာ၍နာမှန်းမသိ။ ဤသို့ဖြင့် ထိုနေ့ည အခြားလူများ အိပ်မောကျကုန်သည့်အချိန်တွင် တဲပြင်သို့ ခြေထော့ကျိုးထော့ကျိုးဖြင့်ထွက်ကာ ဒုတိယအကြိမ် ပြေးပြန်လေ၏။

ရှေးဦးစွာ သူသည် ယခင်တစ်ကြိမ်ပြေးစဉ်က ရောက်ခဲ့သည့် ယာခင်းနှင့် မျက်နှာချင်းဆိုင်ရှိ မြေကွက်ကို ဖြတ်သည်။ မြေကွက်၏အခြားတစ်ဖက်မှ ကျယ်ပြန့်ထူထပ်သော တောအုပ်ဆီသို့ ဦးတည်သွားသည်။ လျှိုတစ်ခုထဲဆင်းကာ တစ်ဖက်ကမ်းပေါ်သို့ လေးဖက်တွားတက်သည်။ ထိုအခိုက်မှာပင် အတော်ဝေးဝေးတစ်နေရာမှ လှုပ်ရှားသံများကြားရသည်။ သူသည် ဆက်၍မရွေ့လျားဘဲ ငြိမ်ဆိတ်စွာဝပ်၍ နားစွင့်သည်။ သူ့နှလုံးခုန်သံသည် တဒိန်းဒိန်းမြည်လျက်ရှိ၏။ သူ့ဘက်သို့လျှောက်လာနေသည့် ခြေသံများနှင့် နောက်ဆုံးတွင် ဆဲဆိုသံများ၊ 'တူဘီးရေ၊ ဟေ့ တူဘီး'ဟူသော အော်ခေါ်သံများကြားရသည်။ ဆင်မ်ဆန်၏အသံဖြစ်၏။

ကွမ်တာသည် လုံသဖွယ် အဖျားချွန်ထားသည့် ဝါးချွန်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ငြိမ်နေသည်။ လျှိုထိပ်ရှိ ချုံကြိုချုံကြားများအတွင်း၌ သွားလာလှုပ်ရှားနေသည့် ဆင်မ်ဆန်အားလှမ်း မြင်နေရ၏။ ဆင်မ်ဆန်သည် တဖြည်းဖြည်းနှင့် သူ့ဘက်သို့ နီးနီးလာသည်။ ကွမ်တာသည် နည်းနည်းကလေးမှ လှုပ်ရှားခြင်းမပြုဘဲ ကျောက်တုံးတစ်တုံးသဖွယ် ငြိမ်နေသည်။ သူမျှော်လင့်နေသည့် အချိန်သို့ ဆိုက်ရောက်လာသည်နှင့် တစ်ပြိုင်နက် ရှိသမျှခွန်အားကိုထုတ်၍ ခုန်ထလိုက်ပြီး လက်ထဲမှဝါးချွန်ဖြင့် ဆင်မ်ဆန်

အား ထိုးလိုက်သည်။ တအားခုန်၍ထလိုက်သည့်အရှိန်ကြောင့် သူ့ခြေမျက်စိမှ ပြင်းထန်စွာ နာကျင်သောဝေဒနာ ပေါ်လာသည်။ အားခနဲအော်လိုက်သည့်အသံသည် ကွမ်တာ့ ပါးစပ်မှ အမှတ်မထင်ထွက်သွားသည်။ သူ့အသံကိုကြားလိုက်သောဆင်မ်ဆန်သည် ဘေးတစ်ဖက်သို့ ခုန်၍ရှောင်လိုက်သည်။ ဝါးချွန်သည် ဆင်မ်ဆန်ဘေးမှ သီသီကလေးပွတ်ထွက်သွားသည်။

အရှိန်ဖြင့်လဲကျသွားသော ကွမ်တာသည် ဝုန်းခနဲထရပ်ကာ ထွက်ပြေးဖို့ အားထုတ်သည်။ သို့သော် ခြေမျက်စိမှဒဏ်ရာကြောင့် မတ်တတ်ပင်ရပ်၍မရ။ သူသည် ဆင်မ်ဆန်အား ယှဉ်ပြိုင်တိုက်ခိုက်ရန် ချာခနဲလှည့်၍ ရင်ဆိုင်သည်။ ဆင်မ်ဆန်၏ လက်သီးများက သူ့မျက်နှာပေါ်သို့ အဆက်မပြတ်ကျလာသဖြင့် မြေပေါ်သို့ ပက်လက်လန် လဲသည်။ ဆင်မ်ဆန်က သူ့အားဆွဲထူပြီး ထပ်၍ထိုးသည်။ ကြီးမားသောလက်သီးကြီးများသည် သူ့ရင်ဘတ်နှင့် ဝမ်းဗိုက်ဆီသို့ အရှိန်ပြင်းစွာလာ၍ထိသည်။ ကွမ်တာက ကိုယ်ကိုတွန့်လိမ်ကာ ရှောင်ဖို့ကြိုးစားသည်။ မရ။ ဆင်မ်ဆန်၏ လက်သီးပြင်းတစ်ချက်ကြောင့် သူသည် မြေပေါ်သို့ နောက်တစ်ကြိမ် လဲကျသွားပြန်သည်။ ဤတစ်ကြိမ်တွင်မူ မထနိုင်တော့ချေ။

ဆင်မ်ဆန်သည် ကွမ်တာ၏ လက်ကောက်ဝတ်များကို ပူး၍ ကြိုးတစ်ချောင်းဖြင့် ကင်းတင်းချည်သည်။ ထို့နောက် ကြိုးစ၏တစ်ဖက်မှဆွဲ၍ ယာတောဘက်သို့ပြန်သည်။ ကွမ်တာ ဒယီးဒယိုင်ဖြစ်၍လဲကျတိုင်း ဆင်မ်ဆန်က ခြေထောက်ဖြင့် ရက်ရက်စက်စက် ဆောင့်ကန်သည်။ တစ်လမ်းလုံး မိုးမှုန်အောင်ဆဲဆိုကြိမ်းမောင်းလာသည်။

ကွမ်တာအဖို့တော့ ဆင်မ်ဆန်၏နောက်မှ ဟိုယိမ်းသည်ယိုင်ဖြစ်ကာ တရွတ်သိထိုး လိုက်ပါလာရုံမှတစ်ပါး အခြားဘာမှမလုပ်နိုင်။ မောပန်းခြင်းနှင့် နာကျင်ခြင်းတို့ကြောင့် တစ်ခေါင်းလုံး မူးဝေနောက်ကျိလျက်ရှိ၏။ သူ့တဲသို့ ပြန်ရောက်သည့်အခါ ထပ်မံ၍ အရိုက်ခံရဦးမည့်ဘေးကို တွေးလာမိ၏။ နောက်ဆုံးတွင် သူတို့သည် အရဏ်မတက်မီကလေး ကပ်၍ ပြန်ရောက်ကြသည်။ ဆင်မ်ဆန်က သူ့အား တစ်ချက်နှစ်ချက် ဆောင့်ကန်ပြီး တဲထဲသို့ တစ်ယောက်တည်းထားခဲ့၏။

ကွမ်တာသည် ကြိတ်မနိုင်ခဲမရဖြစ်ကာ ဒေါသတကြီးဖြင့် လက်မှကြိုးကို သွားများဖြင့် ကိုက်ဆွဲသည်။ သွားများ မခံမရပ်နိုင်လောက်အောင် နာကျင်လာမှ အကိုက်ရပ်သည်။ ကြိုးကတော့ ပြေသွားသည်။ သို့သော် အပြင်မှ အလုပ်ဆင်းခရာသံ ထွက်ပေါ်လာသည်။ သူသည် အိပ်ရာပေါ်၌ ခြေပစ်လက်ပစ်လှဲကာ ရှိုက်ကြီးတငင ငိုကြွေးသည်။ ဒုတိယအကြိမ်လည်း အရှုံးနှင့်ရင်ဆိုင်ရပြန်လေပြီ။

နောက်ရက်များတွင် ကွမ်တာနှင့် ဆင်မ်ဆန်တို့ကြား၌ ပြင်းထန်သော မုန်းတီးမှုသည် တည်ရှိနေခဲ့၏။ သူ့အား ဆင်မ်ဆန်က လုံးဝအလစ်မပေးသည်ကို ကွမ်တာ

မြန်မာ စာအုပ်များ

သတိထားမိ၏။ တိုးဘော့များကသာ ခွင့်ပြုမည်ဆိုပါက ဆင်မ်ဆန်သည် ကွမ်တာအား ရက်ရက်စက်စက်ရိုက်နှက်ရန် စောင့်စားနေသည့်လက္ခဏာရှိ၏။ ကွမ်တာသည် ဤရက်များအတွင်း ခိုင်းသမျှအလုပ်များကို တာဝန်ကျေအောင်လုပ်သည်။ ဘာမှမဖြစ်ခဲ့သလို နေထိုင်ခဲ့ရုံမျှမက ပေးလာသည့်အလုပ်ကို မြန်နိုင်သမျှမြန်အောင်လုပ်သည်။ အလုပ်ကြပ်သည် အလုပ်မြန်မြန်ဆန်ဆန်လုပ်သူများနှင့် ကြိုးစားလုပ်သူများအား သိပ်ပြီး အနားကပ်မကြည့်ဘဲ လွတ်ထားတတ်ရုံမျှမက မျက်နှာသာပေးတတ်သည် မဟုတ်ပါလော။ မည်သို့ပင်ဖြစ်စေ သူနေရမည့်ဘဝမှာ ချွေးထွက်များပါမှ ကြာပွတ်ဒဏ်မခံရဘဲ သွေးထွက်နည်းမည့် အခြေအနေတွင်ရှိ၏။

အလုပ်သိမ်းချိန် တစ်ညနေခင်းတွင် ကွမ်တာ ဂိုဒေါင်နားမှ ဖြတ်သွားခိုက် လွစာမှုန့်များထဲ၌ တစ်ပိုင်းတစ်စမြုပ်နေသော သံစို့ကြီးတစ်ချောင်းကိုတွေ့သည်။ ထိုနေရာသည် မကြာမီက လူမည်းနှစ်ယောက် ထင်းအတွက် သစ်ပင်များ လွှနှင့် ဖြတ်ခဲ့သောနေရာ ဖြစ်၏။ သူသည် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုသည်။ သူ့အား ကြည့်နေသူ မည်သူမျှမရှိ။ သူသည် သံစို့ကို ဖျတ်ခနဲကောက်ယူကာ ရုပ်အင်္ကျီကြားထိုးထည့် လိုက်ပြီး တဲဘက်သို့ပြန်လာခဲ့သည်။ တဲအတွင်း၌ မြေမာတစ်နေရာကိုရွေး၍ သံစို့ဖြင့် တွင်းတစ်တွင်းတူးကာ ထိုသံစို့ကို မြှုပ်လိုက်သည်။ အပေါ်မှ မြေများပြန်ဖို့ပြီး မူလအနေအထားအတိုင်းပြန်ဖြစ်အောင် လုပ်ထားလိုက်သည်။

ထိုညတစ်ညလုံး သူအိပ်၍မရ။ သံစို့ပျောက်သွားကြောင်းသိသွားလျှင် တဲအားလုံးကို ပိုက်စိပ်တိုက်ရှာကြလေမလား။ နောက်တစ်နေ့တစ်နေ့လုံး သံစို့နှင့်ပတ်သက်၍ ပြောသံဆိုသံမကြားရ။ သို့တစေလည်း နောက်တစ်ကြိမ် အခါအခွင့်သင့်၍ ထွက်ပြေးခဲ့ပါမှ ဤသံစို့အား သူ မည်သို့အသုံးချမည်ကို အတိအကျတွေး၍မရသေး။

သူလိုချင်နေသည့်ပစ္စည်းမှာ အလုပ်ကြပ်က မနက်တိုင်း လူအနည်းငယ်မျှကိုသာ ထုတ်ပေးလေ့ရှိသော ဓားရှည်ကြီးတစ်ချောင်းဖြစ်သည်။ သို့သော်လည်း ထိုဓားရှည်ကြီးများကို ညနေတိုင်း အလုပ်ကြပ်က ကျကျနနရေတွက်ပြီး ပြန်သိမ်းလေ့ရှိ၏။ အကယ်၍သာ ထိုဓားမျိုးကိုရခဲ့ပါမူ ပြေးရင်းလွှားရင်း ရှေ့မှတားဆီးနေသမျှ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းနိုင်မည်။ ပြီးတော့ ခွေး သို့မဟုတ် လူကို ခုခံ သတ်ဖြတ်နိုင်မည်။

နောက်တစ်လခန့်အကြာ တစ်နေ့သောမွန်းလွဲပိုင်းတွင် ကွမ်တာသည် အခြားလူမည်းတစ်ယောက်နှင့်အတူ ခြံစည်းရိုးတစ်ခု ပြင်၍ကာရန် ယာခင်းထဲမှ ဖြတ်လျှောက်လာသည်။ မိုးကောင်းကင်သည် ပြာမှိုင်းမှိုင်း၊ ပတ်ဝန်းကျင်လေသည် အေးစက်စက်။ ထိုအခိုက် ကောင်းကင်ထက်မှ ဆားနှင့်တူသောအရာများ ကျလာသည်။ ကွမ်တာသည် အံ့အားသင့်လျက်ရှိသည်။ ကျလာနေသည်မှာ ပထမတွင် ခပ်ပါးပါး။ နောက်ပိုင်းတွင်

မြန်မာ စာအုပ်များ

ပို၍ထူထပ်လာပြီး ကျဆင်းပုံမှာလည်း လျင်မြန်လာသည်။ စောစောကလို သေးသေး ငယ်ငယ်မဟုတ်ဘဲ အလွှားလိုက်အချပ်လိုက် ဖြစ်လာသည်။ အနီးအနားရှိ လူမည်း များထံမှ 'ဆီးနှင်း'ဟူသော ရေရွတ်သံများ ကြားရသည်။ ကွမ်တာက ကုန်း၍ ဆီး နှင်းများကို ကောက်ယူလိုက်၏။ အေးလိုက်ပါဘိခြင်း။ သူသည် လက်ချောင်းများတွင် ကပ်နေသည့် ဆီးနှင်းများကို လျှာနှင့်လျက်ကြည့်သည်။ ပို၍ပင်အေးနေသေး၏။ အရသာဟူ၍လုံးဝမရှိ။ နှာခေါင်းဖြင့် နမ်းကြည့်ပြန်သည်။ ဘာနံ့မှမရ။ ခဏမျှအကြာ တွင် သူ့လက်တွင်းမှ ဆီးနှင်းခဲများသည် အရည်ပျော်ကျကုန်သည်။ ဘယ်လိုပဲမျှော် ကြည့်ကြည့် မြေပြင်သည် ဖွေးဖွေးလှုပ်လျက်ရှိလေပြီ။

ယာခင်း၏ အခြားတစ်ဖက်သို့ရောက်သွားချိန်တွင် ဆီးနှင်းများအကျ ရပ်သွား သည်။ စောစောက ကျလာသမျှ ဆီးနှင်းများသည် အရည်ပျော်ကျကုန်သည်။ ကွမ်တာ သည် သူ၏ အံ့သြမှုကို သူ့အဖော်မသိအောင် ဖုံးထားသည်။ သူတို့သည် ကျိုးပဲ့ ပျက်စီးနေသော စည်းရိုးတိုင်များကို ဝိုင်ယာကြိုးများဖြင့် ပြန်၍ချည်ကြသည်။ တဖြည်း ဖြည်း မြက်ပင်ရှည်ကြီး၏နောက်ကွယ်သို့ ရောက်သွားကြသည်။ ကွမ်တာ၏အဖော်သည် ဝိုင်ယာကြိုးများကို ဖြတ်လိုက် ဓားရှည်ကြီးကို ချထားလိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။ ကွမ်တာကတော့ သူရပ်နေသည့်နေရာနှင့် အနီးဆုံး သစ်တောကြီးရှိရာ အဝေးကို မှန်းဆတွက်ချက်နေသည်။

အနီးအနားတွင် ဆင်မ်ဆန်မရှိသည်မှာသေချာသည်။ ယနေ့အဖို့ အလုပ်ကြပ် သည်လည်း အခြားယာခင်းဆီသို့ရောက်နေသည်။ သူ့စိတ်ကူးကို သူ့အဖော် မရိပ်မိစေ ရန်အတွက် ကွမ်တာသည် အလုပ်ကို ကျုံး၍လုပ်လျက်ရှိ၏။ သူသည် မတ်တတ်ရပ်၍ ဝိုင်ယာကြိုးကိုင်ထားရာမှ အလုပ်ကိုင်လုပ်နေသော အဖော်ဖြစ်သူ၏ဦးခေါင်းကိုကြည့် သည်။ သူလိုချင်နေသောဓားရှည်သည် သူ၏နောက်ဘက် အနည်းငယ်မျှ အကွယ်တွင် ရှိသည်။ စောစောက ချုံများခုတ်ပြီး ချထားခဲ့ခြင်းဖြစ်၏။

ကွမ်တာသည် လက်နှစ်ဖက်ကို ဆုပ်လိုက်ပြီး အပေါ်သို့တအားကုန်မြှောက်ကာ အဖော်ဖြစ်သူ၏ လည်ကုပ်ကို အရှိန်ပြင်းစွာ ထုချလိုက်သည်။ အဖော်လူမည်းသည် အသံတစ်ချက်ပင်မထွက်နိုင်ဘဲ ခွေခနဲလဲကျသွားသည်။ ကွမ်တာသည် ထိုလူမည်း၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကို ဝိုင်ယာကြိုးဖြင့် ကပျာကယာတုပ်လိုက်သည်။ ထို့နောက် ဓားရှည်ကိုပြေးကောက်သည်။ လူမည်းအား ဓားနှင့်ထိုးလိုက်ချင်စိတ်ကို အတင်းအဓမ္မ ချုပ်တီးထားရသည်။ သူသည် တောအုပ်ဘက်သို့ ဦးတည်ပြီး ပြေးသည်။ တစ်ကိုယ်လုံး သွက်လက်ပေါ့ပါးလျက်ရှိ၏။

အချိန်အနည်းငယ်မျှအကြာတွင် သူသည် တောမြေအတွင်းမှ အပြင်သို့ ထွက်လာ နိုင်ခဲ့သည်။ သူ့နောက်မှ သံကုန်ဟစ်၍အော်နေသံများ ကြားရ၏။ သူမသတ်ဘဲထားခဲ့

သည့် လူမည်း၏ အသံပေတည်း။ မသတ်မိခဲ့သည်မှာ မှားပြီဟူသော နောင်တဖြင့် ကွမ်တာသည် သူ့ကိုယ်သူ ဒေါပွ၍မဆုံး။ ယခုမူတော့ ဘာမှလုပ်နေ၍မဖြစ်တော့။ သူသည် မြန်နိုင်သမျှ မြန်မြန်ပြေးသည်။ ဤတစ်ကြိမ်တွင် သူသည် ခရီးမတွင်မည်ကို စိုးရိမ်သဖြင့် ချုံများကြားမှ ဖြတ်၍မပြေး။ ချုံပင်နှင့်လွတ်ရာ တောစပ်အတိုင်း ပြေးသည်။ အရေးကြီးသည်မှာ ဝေးဝေးရောက်ဖို့ဖြစ်သည်။ အဝေးကြီးရောက်ခါမှ ပုန်းစရာ ရှာပုန်းမည်ဟု သူစိတ်ကူးထားသည် မဟုတ်ပါလော။

ကွမ်တာသည် တောအုပ်အတွင်း၌ တိရစ္ဆာန်များနေသလို နေသွားမည်ဟု ဆုံးဖြတ်ထားပြီး ဖြစ်သည်။ သူ့အနေဖြင့် တိုးဘော့တို့၏မြေကို အများကြီး လေ့လာထားပြီးဖြစ်၏။ တောထဲတွင် ယုန်များနှင့် ရှဉ့်၊ ကြွက် စသော သတ္တဝါများကို ဖမ်းဆီးပြီး မီးခိုးမထွက်သည့်နည်းဖြင့် ချက်ပြုတ်စားသောက်နိုင်မည်ဖြစ်သည်။

ညပိုင်းရောက်၍ မှောင်လာသည့်အခါ သူ ခရီးအတော်ပေါက်ခဲ့ပြီဟု နားလည်လာသည်။ သို့သော်လည်း အပြေးကိုမလျှော့သေး။ လျှိုများ တောင်ကြားများနှင့် ရိုးများကို ကျော်ဖြတ်လာခဲ့သည်။ ရေတိမ်တိမ်စမ်းချောင်းတစ်ခုကိုလည်း ဖြတ်ခဲ့ရ၏။ လုံးဝအမှောင်ထုကြီးဖုံးလွှမ်းလာချိန်ကျမှပင် သူသည် အပြေးရပ်ကာ ပုန်းစရာနေရာရှာသည်။ ချုံနွယ်ပိတ်ပေါင်းထူထပ်သည့် နေရာတစ်နေရာကို သူတွေ့သည်။ ထိုနေရာမှဆိုလျှင် ထွက်ပြေးဖို့ ကြုံကြိုက်လာသည့်အခါ အလွယ်တကူပြေးနိုင်မည်ဖြစ်၏။ သူသည်အမှောင်ထုထဲ၌ ငြိမ်သက်စွာလဲလျောင်းပြီး ခွေးဟောင်သံများ နားစွင့်သည်။ ဘာသံမျှမကြားရ။ ပတ်ဝန်းကျင်တွင် တိတ်ဆိတ်ခြင်းသာလျှင် မင်းမူလျက်ရှိ၏။ ဤတစ်ကြိမ်တွင် သူ လွတ်မြောက်လေမလား။ လွတ်မြောက်ရေးသည် ဖြစ်ကောဖြစ်နိုင်ပါ့မလား။

ထိုခဏမှာပင် သူ့မျက်နှာပေါ်သို့ အေးမြသောအမှုန်များကျလာသည်။ သူ့လက်ဖြင့် သပ်လိုက်မိ၏။ ဆီးနှင်းများကျလာပြန်လေပြီ။ မကြာမီ သူ့တစ်ကိုယ်လုံး ဆီးနှင်းများဖုံးနေသည်။ ဘေးပတ်ပတ်လည်တွင် ဖြူဖွေးသောဆီးနှင်းပြင်များ မြင်တွေ့ရ၏။ ဆီးနှင်းများသည် ထူထပ်သည်ထက် ထူထပ်လာသည်။ ကြာလျှင် မိမိတစ်ကိုယ်လုံး ဆီးနှင်းများအောက်ရောက်ကာ အသက်ပျောက်သွားမည်ကို စိုးရိမ်လာသည်။ တစ်ကိုယ်လုံးလည်း အေးစက်တောင့်တင်းနေပြီဖြစ်၏။ သူသည် လှဲနေရာမှခုန်ထသည်။ ယခုနေရာထက် ပို၍ကောင်းသည့် ပုန်းအောင်းစရာနေရာကို ရှာမည်ဟူသော စိတ်ကူးဖြင့် ဆက်၍ ပြေးပြန်သည်။

ခရီးအတော်ဝေးဝေးပေါက်လာသည့်အခါတွင် ခလုတ်တိုက်လဲသည်။ သူသည် လူးလဲထကာ နောက်သို့လှည့်သည်။ ဆီးနှင်းပြင်ပေါ်၌ ထင်နေသော သူ့ခြေရာများကို မြင်လိုက်သည့်အခါ အထိတ်တလန့်ဖြစ်သွားသည်။ ဤအတိုင်းဆိုပါက နောက်မှ မျက်မမြင်တစ်ယောက်ပင်လျှင် ခြေရာကောက်၍ လိုက်လာနိုင်ပေတော့မည်။ သူ့အနေဖြင့်

လာလမ်းအတိုင်းပြန်ပြီး ခြေရာများကိုဖျက်ဖို့ဆိုသည်မှာ ဖြစ်နိုင်သည့်ကိစ္စမဟုတ်။ ယခုဆိုလျှင် မိုးလင်းဖို့နီးနေပြီ။ သူ့အတွက် ရွေးစရာလမ်းတစ်လမ်းသာရှိ၏။ ခရီးပေါက်နိုင်သမျှ ပေါက်သည်အထိ ဆက်ပြေးရန်ဖြစ်သည်။ သူသည် ပြေးနှုန်းကိုမြှင့်ရန် အားထုတ်သည်။ သို့သော်လည်း တစ်ညလုံးနီးပါး ပြေးထားရသဖြင့် ပင်ပန်းလှပြီ။ သူ့လက်ထဲမှ ဓားရှည်သည် အဆမတန်လေးလာသည်။ ဤဓားသည် ချုံများကို ခုတ်နိုင်သော်လည်း ဆီးနှင်းများကိုတော့ ပျော်ကျအောင်တတ်နိုင်စွမ်းမရှိ။ အရှေ့ဘက် ကောင်းကင်ပြင်သည် ကြည်လင်လင်းလက်လာသည်။ သူ့ရှေ့ အတော်ဝေးဝေးနေရာမှ ခရာမှုတ်သံကြားရသည်။ သူသည် ချက်ချင်းပင် ပြေးလမ်းကိုပြောင်းသည်။ သို့သော်လည်း လုံခြုံစွာပုန်းနေနိုင်မည့်နေရာကို ရှာတွေ့တော့မည်မဟုတ် ဟူသော အတွေးကြောင့် စိတ်အားလျော့လာခဲ့လေပြီ။

ခွေးအူသံများ ကြားလိုက်ရသည့်အခါတွင်မှ သူ့တစ်ကိုယ်လုံး ထူပူလာသည်။ ပြင်းထန်သော ဒေါသအရှိန်တက်လာသည်။ သူသည် မုဆိုးများအလိုက်ခံနေရသည့် ကျားသစ်တစ်ကောင်သဖွယ် အရှိန်ပြင်းစွာပြေးသည်။ သို့သော်လည်း ခွေးဟောင်သံများသည် ဝေးမသွား။ တိုး၍တိုး၍သာ နီးလာနေသည်။ နောက်ဆုံးတစ်ကြိမ် လှည့်အကြည့်တွင် သူ့အား မိလာနေသည့်ခွေးများကို မြင်ရသည်။ လူများသည်လည်း ခွေးများနောက်မှ ထက်ကြပ်မကွာ ပါလာလိမ့်မည်ထင်၏။ ထို့နောက် သေနတ်သံတစ်ချက်ကြားသည်။ သူသည် အားသစ်လောင်းကာ ဒလဟောပြေးသည်။ ခွေးများ၏အန္တရာယ်မှ လွတ်နိုင်သည့်လမ်းမရှိတော့။ သူသည် နောက်သို့လှည့်၍ ရင်ဆိုင်ကာ ဝပ်ချလိုက်သည်။ ပထမဆုံး သူ့အားခုန်အုပ်လိုက်သည့်ခွေးသည် သူ့ဓားချက်ကြောင့် ဝမ်းဗိုက်တစ်ခုလုံး ပွင့်ထွက်သွားသည်။ သူ့လက်မောင်းဆီးမှဝင်လာသော ခွေးကိုမူ နှာခေါင်းကြားသို့ ခုတ်လိုက်မိသည်ကို သူ သတိထားလိုက်မိ၏။

သူသည် ကသောကမျောခုန်၍ထကာ ဆက်ပြေးသည်။ သူ့နောက်မှ မြင်းများနှင့် လိုက်လာနေသည့် လူများ။ သူသည် မြင်းမဝင်နိုင်သည့် ချုံများရှိရာနေရာများကို ရွေးပြီး ဖြတ်ပြေးသည်။ သေနတ်သံတစ်ချက်ထွက်လာပြန်၏။ ထို့နောက် နောက်တစ်ချက်။ သူ့ခြေသလုံးမှ စူးခနဲဖြစ်သွားသည့် နာကျင်မှုဝေဒနာ။ ကွမ်တာ ခွေခနဲလဲကျသည်။ ချက်ချင်းပြန်ထကာ ဒယီးဒယိုင်ဖြင့် ဆက်ပြေးသည်။ တိုးဘော့များက လှမ်းအော်သည်။ သေနတ်သံများထွက်ပေါ်လာပြန်သည်။ သူ့ခေါင်းထက်မှ တဗိုးဗိုးကျော်ဖြတ်သွားနေသည့် ကျည်ဆန်များသည် သူ့ရှေ့မှ သစ်ပင်ကို ဝင်မှန်သည်။ သူတို့က သတ်ချင်လည်းသတ်ပါစေတော့ဟု ကွမ်တာတွေးသည်။ ယောကျ်ားတစ်ယောက်သသလို သေခြင်းက မြတ်သည်ဟု ယူဆသည်။ ထို့နောက် သေနတ်သံတစ်ချက်။ ကျည်ဆန်သည် စောစောကမှန်ထားသည့် ခြေထောက်ကိုပင် ထိသည်။ သူသည်

မြန်မာ စာအုပ်များ

ပြေးဖို့မဆိုထားနှင့် မတ်တတ်ပင်မရပ်နိုင်။ လေးဖက်ထောက်လဲသည်။ နောက်လှည့်လိုက်သောအခါ အလုပ်ကြပ်တိုးဘော့နှင့် အခြားတိုးဘော့တစ်ယောက်ကိုမြင်သည်။ သူ့အား အသေပစ်သတ်စေရန်အတွက် တိုးဘော့များအား ခုခံမည်ဟု စိတ်ကူးသည်။ သို့သော်လည်း သူ့ခြေထောက်မှ သေနတ်ဒဏ်ရာများက သူ့အား ထခွင့်မပေး။

အလုပ်ကြပ်က ကွမ်တာ၏ကိုယ်ပေါ်မှ အဝတ်များကို ဆွဲချွတ်နေခိုက်တွင် ကျန်တိုးဘော့က သူ့လက်တွင်းမှသေနတ်ဖြင့် ကွမ်တာ၏ ဦးခေါင်းကို ချိန်ထားသည်။ ခြေထောက်မှ သွေးများသည် ဖြူဖွေးနေသော ဆီးနှင်းပြင်ပေါ်သို့ စီးကျလျက်ရှိ၏။ အလုပ်ကြပ်သည် ကိုယ်တုံးလုံးဖြစ်နေသော ကွမ်တာအား ဒေါသတကြီးဆဲဆိုကာ လက်သီးဖြင့်ထိုးသည်။ ပြင်းထန်သောလက်သီးချက်ကြောင့် ကွမ်တာသည် သတိလစ်လုနီးပါး ဖြစ်လျက်ရှိသည်။ တိုးဘော့နှစ်ယောက်သည် ကွမ်တာအားဆွဲထူကာ သစ်ပင်ကြီးတစ်ပင်တွင် မျက်နှာအပ်၍ လက်နှစ်ဖက်ကို သစ်ပင်၏ အခြားတစ်ဖက်မှနေ၍ ကြိုးဖြင့်ချည်သည်။

ကြာပွတ်သည် ကွမ်တာ၏ ပခုံးနှင့်ကျောသို့ တစ်ချက်ပြီးတစ်ချက် ကျလာသည်။ ပထမတွင် ကွမ်တာသည် မအော်ဘဲ အောင့်ခံနေသော်လည်း ရိုက်ချက်များလာသည့်အခါ အောင့်အည်း၍မနေနိုင်တော့။ ကြာပွတ်ရိုက်ချက် တစ်ချက်လာတိုင်း သံကုန်ဟစ်၍ အော်သည်။ ကွမ်တာ မည်မျှပင်အော်စေကာမူ အလုပ်ကြပ်က အရိုက်မရပ်။ ကွမ်တာ၏ ခန္ဓာကိုယ်သည် သစ်ပင်ကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ထားနိုင်သည့်အခြေအနေပင် မရှိတော့။ ဒူးများကွေးညွတ်ကာ ပျော့ခွေလျက်ရှိ၏။ ရိုက်ချက်များသည် တိုး၍ပင် ပြင်းထန်လာသည်။ ကျောတစ်ပြင်လုံး သွေးများဖြင့်စိုရွှဲလျက်ရှိသည်။ သစ်ပင်တွင် ရင်ဘတ်နှင့်အပ်ထားသည့် ခန္ဓာကိုယ်သည် ဖြည်းဖြည်းချင်း အောက်သို့ လျှောဆင်းသွားနေသည်ကို ကွမ်တာ သတိထားမိသည်။ ထို့နောက် အေးမြသော ဆီးနှင်းပြင်နှင့် ထိတွေ့လိုက်ပြီး အားလုံး မှောင်ကြီးကျသွားလေ၏။

သူ့တဲအတွင်းသို့ ကွမ်တာပြန်ရောက်လာသည်။ ခံစားမှုများ ပြန်ဝင်လာသည်။ ပထမဆုံး သူသိလိုက်သည်မှာ နာကျင်မှုဝေဒနာ။ နည်းနည်းကလေးလှုပ်ရှုံမှုဖြင့် အော်ဟစ် နေရလောက်အောင် နာကျင်မှုကပြင်းထန်သည်။ သူ့အား ခြေထိတ် လက်ထိတ်များ ပြန်၍ခတ်ထားပြန်လေပြီ။ ပို၍ဆိုးသည်ကား သူ့တစ်ကိုယ်လုံးတွင် ဝက်ဆီထုပ်ထားသည့် အဝတ်များနှင့် အပတ်ခံထားရခြင်းဖြစ်၏။ ထမင်းချက်မိန်းမကြီး အစားအစာ လာပို့သည့်အခါ ကွမ်တာသည် တဲတွေးနှင့် ဆီး၍ ထွေးချင်စိတ်ပေါ်သည်။ သို့သော်လည်း သူ့အပေါ် ကရုဏာမကင်းသည့် အရိပ်အငွေ့များ မိန်းမကြီး၏ မျက်လုံး၌ ထင်ဟပ်နေသည်ဟု ကွမ်တာထင်သည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

နောက်နှစ်ရက်အကြာတွင် အပြင်ဘက်မှ ဆူညံဆူညံအသံများကြောင့် ကွမ်တာ စောစောစီးစီးနိုးလာသည်။ အိမ်ဖြူကြီးရှေ့မှ လူမည်းများ၏ အော်သံများဖြစ်၏။ 'ခရစ္စမတ်လက်ဆောင်ပေးပါ သခင်'ဟူသော အော်သံများဖြစ်၏။ သူတို့ ဘယ်လိုပွဲမျိုး လုပ်နေကြတာပါလိမ့်ဟုတွေးကာ စိတ်ထဲ၌ အထူးအဆန်းဖြစ်နေသည်။ သူ သေချင် လုပါပြီ။ သို့မှသာလျှင် သူ့ဘိုးဘွားဘီဘင်များနှင့် တွေ့ဆုံရမည်မဟုတ်ပါလော။ ဤတိုးဘော့များ၏မြေပေါ်၌ အဆုံးမသတ်နိုင်သည့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှုဒုက္ခ ဆိုးများကို ခံစားပြီး အသက်ရှင်နေရခြင်းထက် တစ်ခါတည်း အပြီးအပိုင် သေသွားရ ခြင်းက ပိုကောင်းလိမ့်မည်ထင်၏။ သူ့အား ယောက်ျားတစ်ယောက်ပီပီ စိတ်ရှိလက်ရှိ ရိုက်နှက်ခြင်းပြုနိုင်ပါလျက် မပြုဘဲ တစ်ကိုယ်လုံး ကိုယ်လုံးတီးထားသည်မှာ ဆိုးဝါးလှ ချေသည်။ ဤအတွက်ကြောင့် သူသည် မခံချိမခံသာဖြစ်လျက်ရှိ၏။ တိုးဘော့များ၏ အပေါ်၌ မကျေမချမ်းနိုင်အောင် ဒေါသဖြစ်လျက်ရှိ၏။ သူထူထူထောင်ထောင် ပြန်ဖြစ် လာသည့်အခါ တိုးဘော့များအား လက်စားမချေဘဲမနေ။ ဆက်ဆက်လက်စားချေဦး မည်ဟု အခိုင်အမာပိုင်းဖြတ်သည်။ သူ့အနေနှင့် ဘယ်နည်းနှင့်မျှ အေးအေးနေလိမ့်မည် မဟုတ်။ အသက်သေချင်လည်း သေပါစေ၊ နောက်တစ်ကြိမ် ထွက်ပြေးဦးမည်သာ ဖြစ်သည်။

[၄၈]

နောက်ဆုံးတွင် ကွမ်တာသည် အပြင်သို့ ထွက်ခွင့်ရလာပြန်သည်။ လူမည်းများက သူ့အား ရှောင်ဖယ်ရှောင်ဖယ်လုပ်နေကြသည်။ သူ့အား တိရစ္ဆာန်ရိုင်းတစ်ကောင်သဖွယ် ရှောင်ကွင်းနေကြခြင်းဖြစ်၏။ သူနှင့် မျက်လုံးချင်းဆိုင်၍ပင်မကြည့်။ ထမင်းချက် အဘွားအိုနှင့် နေ့စဉ် ခရာမှုတ်တာဝန်ယူထားသော အဘိုးအိုတို့ကသာလျှင် သူ့အား ရဲရဲဝံ့ဝံ့ရင်ဆိုင်၍ ကြည့်ကြသည်။

ဆင်မ်ဆန်တစ်ယောက်တော့ ဘယ်ရောက်နေမှန်းမသိ။ အလုပ်ခွင်တွင် မရှိ။ ကွမ်တာကတော့ ဆင်မ်ဆန်ကို မမြင်ရသည့်အတွက် ဝမ်းသာသည်။ ရက်အနည်းငယ်မျှ ကြာသောအခါ ဆင်မ်ဆန် ပြန်ရောက်လာသည်။ သူ့ကျောတွင် မပျောက်ကင်းသေး သည့် ကြာပွတ်ဒဏ်ရာများကို မြင်ရသည်။

နေ့စဉ်နှင့်အမျှ သူ့အား မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေသည်ကို ကွမ်တာ သိနေသည်။ သူသည် စကားလုံးဝမပြောဘဲ စေခိုင်းသမျှကို တာဝန်ေ အောင် လုပ် သည်။ တစ်နေ့တာ ကုန်ဆုံးသွားသည့်အခါတွင်မှ သူသည် ညှိုးနွမ်းသည့်စိတ်ဖြင့် ညစ်ပတ်ပေရေလျက်ရှိသော မဲမှောင်မှောင်တဲဆီသို့ ပြန်၍အိပ်သည်။

မြန်မာ စာအုပ်များ

အထီးကျန်လှသောဘ၀ဖြစ်၍ ကွမ်တာသည် သူတစ်ယောက်တည်း စကားပြောနေလေ့ရှိသည်။ သူ့စိတ်ကူးထဲတွင် သူ့မိဘများ၊ သူ့ညီငယ်များနှင့် စကားပြောနေခြင်းဖြစ်၏။ အများအားဖြင့် စိတ်နှင့်ပြောခြင်းဖြစ်သော်လည်း တစ်ခါတစ်ရံကျတော့ အသံထွက်လာတတ်သည်။ 'ပါ'ဟုသူ့အဖေကို ခေါ်သည်။ 'ဒီလူမည်းတွေဟာ ကျွန်တော်တို့နဲ့ မတူဘူး ပါ။ သူတို့ အရိုးတွေ၊ သွေးတွေ၊ အကြောတွေ၊ ကြွက်သားတွေ၊ လက်တွေ၊ ခြေထောက်တွေကို သူတို့မပိုင်ကြဘူး။ သူတို့ အသက်ရှင်နေတာလည်း သူတို့အတွက် မဟုတ်ဘူး၊ တိုးဘော့တွေအတွက် ပါ'

ထို့နောက် 'အမေ'ဟု အသံထွက်သည်။ 'ဒီမှာတွေ့နေတဲ့ လူမည်းမတွေလည်း ခေါင်းစည်းပ၀ါသုံးကြတာတာပဲဗျ။ ဒါပေမဲ့ ခေါင်းကို ဘယ်လိုစည်းရမယ်ဆိုတာမသိကြဘူး။ ဟင်းချက်ရင်လည်း ၀က်ဆီမပါဘဲ မချက်ကြဘူး။ သူတို့ထဲက အများစုဟာ တိုးဘော့တွေနဲ့ အိပ်ကြတယ် အမေ။ သူတို့ကမွေးလာတဲ့ ကလေးတွေ ကျုပ်တွေ့ရတယ်။ ကံပြားတွေ အမေရဲ့'

ထို့နောက် ကွမ်တာသည် သူ့ညီ လာမင်း၊ ဆူဝါဒူး၊ မာဒီးတို့နှင့် စကားပြောသည်။ ဤလောကတွင် တောတွင်းသားရဲတိရစ္ဆာန်များထက် တိုးဘော့များက ပို၍ကြောက်စရာကောင်းကြောင်း သူ့ညီငယ်များအား ပြောပြခြင်းဖြစ်၏။

ဤသို့ဖြင့် လပေါင်းများစွာ ကုန်လွန်လာသည်။ ရေခဲပြင်များသည် အရည်ပျော်ကျကုန်သည်။ မကြာမီ စိုပြည်စိမ်းလန်းကာ မြက်ပင်များသည် မြေကြီးထဲမှ ထွက်ပေါ်လာသည်။ ငှက်များသည် နောက်တစ်ကြိမ် တေးသီကြပြန်လေပြီ။ မကြာမီ ယာများကို ထွန်ယက်ကြသည်။ စိုက်ကြပျိုးကြသည်။ နောက်ဆုံးတွင် မြေပြင်ထက်သို့ကျနေသော နေရောင်ခြည်သည် ပူလွန်းအားကြီးသဖြင့် ခြေထောက်များကို ကြာကြာကျောက်ချ၍ မရပ်နိုင်။ အမြဲတစေ လျှင်မြန်ဖျတ်လတ်စွာ လှုပ်ရှားနေကြရသည်။

ကွမ်တာသည် သူ့အလုပ်သူလုပ်ကာ သူ့အတွက် အချိန်ကောင်းကို စောင့်မျှော်သည်။ သူ့အားစောင့်ကြည့်နေကြသူများ အမှုမဲ့အမှတ်မဲ့ဖြစ်မှုနှင့် သတိလစ်ဟင်းမှုကို စောင့်သည်။ သို့သော်လည်း သူ့အားစောင့်ကြည့်နေကြသူများမှာ ယခင်ကလို တစ်ဦးတည်း နှစ်ဦးတည်းမဟုတ်။ လုပ်ဖော်ကိုင်ဖက် အခြားလူမည်းများကပါ သူ့အား စောင့်ကြည့်နေကြသည်ဟု ထင်သည်။ အထူးသဖြင့် အလုပ်ကြပ်နှင့် အခြားတိုးဘော့များက သူ့အား သတိပိုထားပြီး ကြည့်နေကြသည်ဟု ယူဆသည်။

သူ့အား ယခုလို အမြဲတစေစောင့်ကြည့်နေခြင်းကို သူ မလိုလား။ ဘယ်လိုလုပ်ရလျှင် ကောင်းပါမည်နည်း။

ကွမ်တာသည် တိုးဘော့များ အနားရောက်လာသည့်အခါ အခြားလူမည်းများပြုမူဆက်ဆံသလို ပြုမူဆက်ဆံရလျှင် ကောင်းမည်ဟု စိတ်ကူးရသည်။ သူ့အနေဖြင့်ပြုံးပြ

မြန်မာ စာအုပ်များ

ဖို့နှင့် ရင်းနှီးခင်မင်ဟန်ပြဖို့ကတော့ မလွယ်။ သူ ကြိုးစားပါသော်လည်း လုပ်၍မရ။ သူတို့ခိုင်းထားသည့် အလုပ်များကို ကြိုးစား၍လုပ်သည်ဟု ထင်သွားအောင်တော့ ဟန်ဆောင်လို့ရသည်။ ဤသို့ဖြင့် သူသည် တိုးဘော့များရှိနေလျှင် အလုပ်ကိုဖိလုပ်ပြခြင်းဖြင့် အလုပ်များလေဟန်ဆောင်သည်။ ယခုအခါတွင် သူသည် တိုးဘော့ဘာသာစကားမှ စကားလုံးအတော်များများကို မှတ်မိနေပြီ။ သူ့ပတ်ဝန်းကျင်၌ ပြောသံကြားသမျှကို ဂရုတစိုက်နားစွင့်၍ မှတ်သားထားသော အလေ့အထကိုလည်း ရနေပြီ။ ယခုအချိန်ထိ သူ့ပါးစပ်မှ တိုးဘော့စကားကို မပြောသေးသော်လည်း အခြားလူများပြောသည်ကိုတော့ နားလည်နေပြီဖြစ်၏။

ယာခင်းတွင် အဓိကစိုက်ပျိုးနေသည့် သီးနှံတစ်မျိုးမှာ ဝါ ဖြစ်သည်။ တိုးဘော့တို့၏မြေပေါ်တွင် ဝါသည် အလွန်ဖြစ်လွယ်သည်ကို တွေ့နေရ၏။ မကြာခင် အပွင့်များပွင့်ကာ အရောင်စိမ်းစိမ်းအသီးကြီးများဘဝသို့ ချက်ချင်းပြောင်းလဲရောက်ရှိသွားသည်။ ထို့နောက် အသီးများအက်ကွဲကာ အတွင်းမှ အဖြူရောင်ဝါဂွမ်းများ ထွက်လာသည်။ သူ ဂျပ်ဖူရီ ရွာ၌ နေစဉ်က တွေ့ခဲ့ရသည့်အတိုင်း ဝါခင်းတစ်ခင်းလုံး ဖွေးဖွေးလှုပ်လာသည်။ ဝါကောက်ရမည့်အချိန်သို့ ဆိုက်ရောက်လာလေပြီ။ မနက်ဆိုလျှင် ခရာမှုတ်သံကို အစောကြီး ကြားရသည်။

ဝါခင်းထဲရောက်၍ အခြားလူများ လုပ်ကိုင်နေသည်ကို ကြည့်ရှုမှုဖြင့် သက်သောင့်သက်သာဖြစ်အောင် မည်ကဲ့သို့လုပ်ရမည်ကို ကွမ်တာနားလည်သည်။ ဝါထည့်သည့် ကင်းပတ်အိတ်ကြီးမှာ အိတ်ရှည်ကြီးဖြစ်၍ ပခုံးတစ်ဖက်တွင် လွယ်ထားပြီး ဝါများကို ထည့်သွားရသည်။ အိတ်ထဲ၌ ဝါများလာသည့်အခါ အဆမတန်လေးလာတတ်သည်။ အိတ်ကိုဆွဲရသည်မှာ တနင့်တပိုးဖြစ်လာတတ်သဖြင့် ဝါကောက်ရာ၌ မတွင်မကျယ်ဖြစ်လာတတ်၏။ အကယ်၍ ခါးကို ခပ်ကုန်းကုန်းထားပြီး ကောက်သွားမည်ဆိုလျှင် အိတ်ကြီးသည် သိပ်ပြီးမလေးတော့ဘဲ အလိုက်သင့်ပါလာတတ်၏။ အိတ်ကြီးထဲ၌ ဝါပြည့်သွားသည့်အခါ ယာခင်းထိပ်၌ ရပ်ထားသည့် လှည်းပေါ်သို့ သွား၍ သွန်ရသည်

ကွမ်တာသည် တစ်နေ့လျှင် အိတ်ကြီးနှစ်အိတ်ရအောင် ကောက်နိုင်သည်။ ဤနှုန်းမှာ ကျွန်တစ်ယောက် ဝါကောက်သည့် ပျမ်းမျှနှုန်းဖြစ်၍ စံချိန်မိရုံမျှသာရှိ၏။ တိုးဘော့များ၏ မျက်နှာသာပေးမှုကို ရယူလိုကြသည့် အချို့လူမည်းများသည် ဝါကောက်ရာ၌ အလွန်မြန်၍ အလွန်သွက်ကြသည်။ များစွာအပင်ပန်းခံ၍ တစ်နေ့သုံးအိတ်အထိရအောင် ကောက်ကြသည်။

ဝါဂွမ်းများ အပြည့်အသိပ်ဖြစ်လာသည့်အခါ လှည်းသည် အိမ်သို့ပြန်၍ ဝါများကို ကုန်ဂိုဒေါင်ထဲသို့ ပို့သည်။ သို့သော်လည်း သူတို့ယာတောနှင့် တစ်ဆက် တည်းဖြစ်သော

ယာတောများမှ ဆေးရွက်ကြီးများကိုမူ ရပ်ဝေးတစ်နေရာသို့ ပို့ကြသည်။ ဆေးရွက်ကြီးလှည်းများသည် လေးရက်မျှအကြာတွင် ပြန်ရောက်လာလေ့ရှိ၏။ သူတို့ပြန်ရောက်လာသည့်အခါ နောက်လှည်းများက ထွက်ကြသည်။ ထိုလှည်းကြီး ဘယ်အရပ်ဘယ်ဒေသသွားသည်ကို ကွမ်တာမသိ။ သွားရသည့်ခရီး နီးနီးနားနားမဟုတ်သည်ကိုတော့ ကွမ်တာမှန်းနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုလေးရက်ခရီးမှ ပြန်လာကြသော ဆင်မ်ဆန်နှင့်အခြားလူမည်း လှည်းသမားအားလုံး အလွန်ပင်ပန်းနွမ်းနယ်နေကြသည်ကို မြင်တွေ့နေရသောကြောင့်ပေတည်း။

ဤလှည်းကြီးများသည် သူ့အား လွတ်မြောက်ရာခရီးသို့ ပို့ပေးနိုင်လေမလား။ ထိုအတွေးကြောင့် ကွမ်တာ၏စိတ်သည် ရက်ပေါင်းများစွာ လှုပ်ရှားလျက်ရှိ၏။ သူ့အလုပ်ကိုပင် ဖြောင့်ဖြောင့်တန်းတန်းလုပ်၍မရ။ ဤလှည်းကြီးတစ်စီးပေါ်၌ သူပုန်းအောင်းလိုက်ပါသွားနိုင်ခဲ့ပါမူ...။ လှည်းပေါ်သို့ ဘယ်သူမှမမြင်အောင် တက်ဖို့ကိစ္စမှာ လွယ်ကူပါမည်လော။ ဆေးရွက်ကြီးလှည်းများသည် မိမိတို့ ယာတောတစ်ခုတည်းမှ ထွက်သည်မဟုတ်။ အနီးအနားရှိ အခြားယာတောများမှလည်း အမြဲလိုလိုထွက်လေ့ရှိ၏။ သို့ဆိုလျှင်...။

ကွမ်တာသည် ညတစ်ည ညဉ့်နက်ပိုင်းတွင် အိမ်ခြံဝင်းအတွင်းမှ အပြင်သို့ ထွက်ကြည့်သည်။ အနီးတစ်ဝိုက်တွင် လူသူမရှိ။ တိတ်ဆိတ်နေသည်။ ထို့နောက် ခရီးဝေးသွား လမ်းမကြီးဆီသို့ ရောက်အောင်သွားသည်။ လရောင်အောက်တွင်ရှိသော လမ်းမကြီးကို ပြတ်ပြတ်ထင်ထင်မြင်နေရ၏။ ထိုပြင်လည်း သူထင်ထားသည့်အတိုင်း လမ်းမကြီးပေါ်၌သွားနေကြသည့် ဆေးရွက်ကြီးလှည်းများကို မြင်ရသည်။ လှည်းတိုင်းတွင် ချိတ်ဆွဲထားသည့် မှန်မီးအိမ်များသည် တလက်လက်။ မှန်မီးအိမ်အလင်းရောင်များသည် သူနှင့်ဝေးသွားသည့်အခါ ပျောက်ကွယ်သွားကြလေသည်။

ကွမ်တာသည် ထိုညမှစ၍ အချိန်ရှိသမျှ သူ့လွတ်မြောက်ရေးအတွက် အစီအစဉ်ဆွဲသည်။ ဝါခင်းထဲ၌ ဝါကောက်ချိန်များတွင် သူ့လက်များသည် အလွန်ဖျတ်လတ်သွက်လက်စွာ လှုပ်ရှားနေကြသည်။ အလုပ်ကြပ် သူ့အနားရောက်လာလျှင်လည်း ပြုံး၍နှုတ်ဆက်မိသည်အထိ စိတ်လက်ပေါ့ပါးလျက်ရှိသည်။ ညပိုင်း လမ်းမကြီးပေါ်၌သွားနေသည့် ဆေးရွက်ကြီးများ အပြည့်အသိပ်တင်ထားသောလှည်းပေါ်သို့ သူဘယ်လိုတက်ရမည်နည်း။ လှည်းပေါ်ရောက်သွားသည့်အခါ ရှေ့မှလှည်းသမားမသိအောင်လုပ်ဖို့ကတော့ လွယ်လိမ့်မည်ဟု သူထင်၏။ လှည်းသံများကြောင့် သူ့အသံကို ကြားလိမ့်မည်မထင်။ အမှောင်ထုကြောင့် သူ့ကိုမြင်လိမ့်မည်မဟုတ်။ သို့သော်လည်း အလ္လာသခင်၏အလိုအရ ဤဆေးရွက်ကြီးပင်များကို မထိရမကိုင်ရ အနံ့ပင်မခံရဟု သင်ကြားမှတ်သားခဲ့ရ၏။ ဘဝတစ်လျှောက်လုံး တတ်နိုင်သမျှ ကင်းအောင်နေရမည်ဟုလည်း

မြန်မာ စာအုပ်များ

သူ နာယူခဲ့ရ၏။ သူ ဘယ်လိုလုပ်ရမည်နည်း။ မည်သို့ပင်ဖြစ်စေ သူ့အတွက် လွတ်မြောက်ရာ နည်းလမ်းသည် ဤတစ်လမ်းတည်းသာရှိ၏။ သို့ဆိုလျှင် အလ္လာသခင်က သူ့အား ခွင့်လွှတ်လိမ့်မည်ဟု ယုံကြည်ထားသည်။

[၄၉]

တစ်ညနေခင်းတွင် ကွမ်တာသည် ကျွန်များက အိမ်သာဟုခေါ်နေကြသော တဲငယ်တစ်လုံးတွင် ဝင်၍ပုန်းကာ အနီးရှိတောအုပ်အတွင်းမှ ထွက်လာသည့် ယုန်တစ်ကောင်ကို ချောင်း၍ ကျောက်ခဲတစ်လုံးဖြင့် ထုသတ်သည်။ ယောက်ျားဖြစ်သင်တန်းတက်စဉ်က တတ်မြောက်ခဲ့သည့်နည်းအတိုင်း ယုန်ကို အရေဆုတ်ကာ ပါးပါးအချပ်ကလေးလှီး၍ နေလှန်းသည်။ သူပြေးသည့်လမ်းတွင် စားသွားနိုင်ရန် ကြိုတင်စီမံထားခြင်းဖြစ်၏။ ထို့နောက် သူကောက်ရထားသည့် သံချေးအထပ်ထပ်တက်နေသော ဓားတစ်လက်ကို သွေးသည်။ သစ်သားလက်ကိုင်တစ်ခုတပ်သည်။ သူ့အဖို့ အစားနှင့် ဓားထက် အရေးကြီးသည့်ပစ္စည်းမှာ သူ့အား ဝိညာဉ်များကစောင့်ရှောက်ရန် ဆောင်ထားရမည့် အဆောင်ပစ္စည်းများဖြစ်သည်။ ဖြည်းဖြည်းချင်းစုဆောင်းထားသဖြင့် သူ့တွင် ဝိညာဉ်များအား ဆွဲဆောင်ဖို့ ကြက်မွေးတစ်ချောင်း၊ ခွန်အားရှိဖို့ မြင်းမွေးတစ်ထွေး၊ အောင်မြင်မှုရဖို့အတွက် ငှက်ရိုးတစ်ခု စသည့် ပစ္စည်းများ ရှိနေပြီဖြစ်သည်။ ယင်းပစ္စည်းများကို ဆူး'တစ်ချောင်း အပ်လုပ်၍ ချုပ်ထားသည့် အိတ်တစ်လုံးထဲထည့်ထားပြီးဖြစ်၏။ ယင်းပစ္စည်းများကို သူမြတ်တစ်ယောက်ထံအပ်ပြီး သိဒ္ဓိတင်ပေးရန်တော့လိုသည်။ သို့သော် အခြေအနေအရ သိဒ္ဓိမတင်နိုင်။ ဘာပဲဖြစ်ဖြစ် အဆောင်လုံးဝမရှိသည်ထက် သိဒ္ဓိမတင်ရသေးသော အဆောင်များရှိနေလျှင် မကောင်းပေဘူးလားဟု သူတွေးကာ စိတ်ကို ဖြေသည်။

ထိုညက တစ်ညလုံး အိပ်၍မပျော်။ သို့တစေလည်း ပင်ပန်းနွမ်းနယ်ခြင်းမဖြစ်။ နောက်တစ်နေ့ ယာခင်းထဲ အလုပ်လုပ်နေသည့်အခါတွင် သူ၏ စိတ်လှုပ်ရှားမှုကို သောလူများမရိပ်မိအောင် သတိကြီးစွာထား၍နေရသည်။ ယနေ့ညသည် သူ့ည။ လွတ်မြောက်ရေးအတွက် ပြေးရမည့်ည။ ထိုညက ညစာစားအပြီး တဲအတွင်းသို့ ပြန်ရောက်လာသည့်အခါ ဓားနှင့် ယုန်သားခြောက်များကို အိပ်ကပ်ထဲထည့်သည်။ သူ့လက်များသည် တဆတ်ဆတ်တုန်လျက်ရှိ၏။ သူ၏ အဆောင်ပစ္စည်းအိတ်ကလေးကို ညာဘက်လက်မောင်းတွင် ချည်လိုက်သည်။ လူမည်းများ စကားစမြည်ပြောသံများ တိတ်ဆိတ်သွားသည်အထိ စောင့်သည်မှာ မလွယ်။ အလွန်အမင်းစိတ်ရှည်ရှည်ထားကာ သည်းခံ၍ စောင့်ရသည်။ လူမည်းများ အိပ်ရာဝင်သွားပြန်တော့လည်း သူတို့ လုံးဝအိပ်မောကျသည်အထိ စောင့်ရပြန်သည်။

ထို့နောက် ဓားကို တင်းကျပ်စွာဆုပ်ကိုင်ပြီး တဲပြင်ဘက် အမှောင်ထုအတွင်းသို့ ထွက်သည်။ ပတ်ဝန်းကျင်၌ လူမရှိ။ သူသည် ခါးကိုကုန်းကာ မြန်နိုင်သမျှ မြန်မြန် ပြေးသည်။ လမ်းမကြီး၏ အကွေ့တစ်ခုအနီးမှ ထူထပ်သော ချုံများကြားသို့ ရောက်မှ ရပ်သည်။ သူသည် အသာဝပ်ကာ အမောဖြေသည်။ အကယ်၍များ ယနေ့ည ဆေးရွက်ကြီးလှည်းများမလာခဲ့သော်...။ သူ့ရင်သည် ထိုအတွေးကြောင့် တုန်လှုပ်သွားသည်။ ကြောက်စိတ်ပါဝင်လာသည်။ ဆိုကြပါစို့။ လှည်းပေါ်တွင် နောက်အစောင့်တစ်ယောက် ထိုင်၍ လိုက်လာမည်ဆိုလျှင်...။

မီးရောင်ကို မမြင်မီကတည်းက သူ့နားများသည် လှည်းသံကိုကြားသည်။ သူသည် အံကိုကိုက်ထားသည်။ တစ်ကိုယ်လုံးတုန်နေသည်။ လှည်းလာနေပုံသည် နှေးကွေးလွန်းလှသည် ထင်၏။ နောက်ဆုံးတွင် လှည်းသည် သူ့ရှေ့မှ ကျော်ဖြတ်သွားသည်။ ရှေ့ခုံတွင် လူနှစ်ယောက် ထိုင်နေသည်ကို မြင်လိုက်ရ၏။ သူသည် လှည်းနောက်မြီးကို လက်နှစ်ဖက်ဖြင့်ဆွဲ၍ နိကာအပေါ်သို့ ကျော်ခွတက်သည်။ ဆေးရွက်ကြီးပုံထိပ်သို့ သူရောက်သွားသည်။

သူသည် ဆေးရွက်ကြီးများကို အရှုးအမူးယက်ထုတ်သည်။ ဆေးရွက်ကြီးများ ထပ်ထားပုံမှာ ကျပ်ညပ်နေသဖြင့် ယက်ထုတ်ရသည်မှာ မလွယ်။ သို့သော် တဖြည်းဖြည်းနှင့် ဆေးရွက်ကြီးပုံအောက်သို့ တိုးဝင်သွားနိုင်ခဲ့သည်။ အပေါ်မှပိနေသည့် အလေးချိန်ဒဏ်နှင့် ဆိုးဝါးသည့်အနံ့များကို ခံနိုင်ရည်ရှိအောင် အားထုတ်နေရသည်။ အချိန်အတန်ကြာလာသည့်အခါ ခံနိုင်လာသည်။ နောက်ဆုံးတွင် နေရထိုင်ရသည်မှာ အဆင်ပြေလာသည်။ လှည်း၏လှုပ်ရှားမှုနှင့် ဆေးရွက်ကြီးများ၏ နွေးထွေးမှုကြောင့် အိပ်ငိုက်စပြုလာသည်။

လှည်းတစ်ချက်ဆောင့်လိုက်သည့်အရှိန်ကြောင့် ကွမ်တာလန့်နိုးသည်။ သူ့ကိုများ တွေ့သွားလေမလားဟူသော စိုးရိမ်စိတ်ဝင်သည်။ လှည်းဘယ်ကိုသွားနေတာလဲ။ နောက်ထပ် ဘယ်လောက်ကြာကြာသွားရဦးမလဲ။ အကယ်၍ ခရီးလမ်းဆုံးသို့ ရောက်ပြီဆိုပါတော့။ သူ့ကို ဘယ်သူမှမမြင်ခင် လစ်ထွက်နိုင်ပါ့မလား။ သူ့ကိုခြေရာခံ၍လိုက်ကာ ဖမ်းဆီးကြဦးမှာလား။ ဤအချက်ကို ဘာကြောင့် စောစောကမတွေးမိတာပါလိမ့်။ အတွေးပေါင်းစုံသည် သူ့အား နှောင့်ယှက်နေကြသည်။ သူ့စိတ်အာရုံတွင် ခွေးများ၊ ဆင်မ်ဆန်နှင့် သေနတ်ကိုင်တိုးဘော့များကို မြင်ယောင်လာသည်။ နောက်ဆုံးအကြိမ် သူ့အား ဖမ်းမိသွားစဉ်ကခံခဲ့ရသည့်အဖြစ်ကို စဉ်းစားလိုက်သည့်အခါ ရင်ထဲတွင် အေးခနဲဖြစ်သွားသည်။ ယခု တစ်ကြိမ်တွင်မူ သူ့အသက်သည် ပြန်၍ အဖမ်းခံရမှု မခံရမှုအပေါ်၌ တည်မှီနေပေလိမ့်မည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ထိုအချက်ကို စဉ်းစားမိလေလေ ယခုချက်ချင်း လှည်းပေါ်မှဆင်းနေခဲ့ရန် ဆန္ဒပြင်းပြလေ ဖြစ်လာသည်။ သူသည် လက်နှစ်ဖက်ဖြင့် ဆေးရွက်ကြီးများကို တွန်းဖယ်ကာ အပြင်သို့ ခေါင်းတိုး၍ထွက်သည်။ လရောင်အောက်တွင် အဆုံးမရှိသောယာခင်းများ...။ ပြီးတော့ တောပိုင်းဒေသ...။ ယခုချက်ချင်း ခုန်ချ၍မဖြစ်သေး။ လရောင်က သိပ်လင်းနေသဖြင့် ပြေးလို့လွယ်မည်မဟုတ်။ လှည်းနှင့်သာဆက်လိုက်သွားလျှင် ခွေးများက သူ့အား ခြေရာကောက်ပို့ သွယ်မည်မထင်။ သူသည် ဆေးရွက်ကြီးများကြားသို့ ပြန်ဝင်ကာ သူ့စိတ်ကို တည်ငြိမ်အေးဆေးအောင် အားထုတ်သည်။ လှည်းတုံ့ခနဲဖြစ်သွားသည့်အခါတိုင်း သူသည် လှည်းရပ်သွားမည်ကို စိုးရိမ်စိတ်ဝင်သည်။

နောက်တစ်ကြိမ် ဆေးရွက်ကြီးများအောက်မှ ပြန်ထွက်လာသည့်အခါ အရုဏ်တက်လုနီးနေပေပြီ။ ကွမ်တာသည် သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်သည်။ သူ ယခုချက်ချင်း လှည်းပေါ်မှဆင်းမည်။ ရန်သူအား နေ့အလင်းရောင်အောက်၌ ရင်ဆိုင်၍မဖြစ်။ သူသည် ဓားကို မိမိရရဆုပ်ကိုင်ကာ လှည်းပေါ်မှ ခုန်ချသည်။ နောက်တစ်ခဏမျှအတွင်းတွင် သူသည် လမ်းမကြီးပေါ်မှ ပျောက်သွားလေသည်။

ကွမ်တာသည် တိုးဘော့ ယာတောနှစ်ခုကို ဝေးဝေးမှကွင်း၍သွားသည်။ ကျွန်များအား နှိုးနေသည့်ခရာသံသည် လေနှင့်အတူလွင့်ပါလာသည်။ သူသည် တောနက်အတွင်းသို့ ခရီးပေါက်နိုင်သမျှ ပေါက်အောင် တိုးဝင်သည်။ မွန်းမတည့်မီကလေးတွင် ကျောက်တုံးများကြားမှ စီးဆင်းနေသော စမ်းချောင်းတစ်ခုဆီသို့ ရောက်သည်။ သူသည် ရေကိုလက်ခုပ်ဖြင့်ခပ်၍ တဝသောက်သည်။ ပတ်ဝန်းကျင်ကို လေ့လာပြီး လုံခြုံမှုရှိလိမ့်မည်ဟု ယူဆသဖြင့် ခဏတစ်ဖြုတ်နားရန် ဆုံးဖြတ်သည်။

သူသည် စမ်းချောင်းဘေး၌ထိုင်ကာ ယုန်သားခြောက်အနည်းငယ်ကိုယူ၍ ရေစိမ်သည်။ ထို့နောက် ပါးစပ်ထဲထည့်ကာ ဖြည်းဖြည်းချင်းဝါးသည်။ ဖားများ၊ ပိုးမွှားများနှင့် ငှက်များ၏ အသံများမှတစ်ပါး ဘာသံမှမကြားရ။ သူသည် ယုန်သားခြောက်ကို ဝါးရင်း အသံများကို နားစွင့်သည်။ သစ်ရွက်များကြားမှကျနေသော နေရောင်သည် ဟိုတစ်ကွက်သည်တစ်ကွက် ပြောက်တိပြောက်ကျား။

အမောပြေသည်နှင့် ကွမ်တာသည် ခရီးဆက်သည်။ မွန်းလွဲပိုင်းတစ်ချိန်လုံး အပြေးအလွှား သွားခြင်းဖြစ်၏။ မိုးစုပ်စုပ်ချုပ်၍ အမှောင်ထုများ သိပ်သည်းလာချိန်ထိ သူပြေးနေဆဲ။ နောက်ဆုံး ပင်ပန်းနွမ်းနယ်လာ၍ မပြေးနိုင်တော့မှပင် ထိုညအဖို့ အိပ်နားသည်။ ပင်ပန်းလွန်းသဖြင့် ချက်ချင်းပင်အိပ်မောကျသည်။ သို့သော်လည်း ခြင်များနှင့် သားရဲတိရစ္ဆာန်များ အော်သံကြောင့် မကြာခဏ လန့်နိုးသည်။

နောက်တစ်နေ့ နေထွက်သည်နှင့် ကွမ်တာ ခရီးဆက်သည်။ တစ်ခါတစ်ရံတွင် သူသည် ခွေးဟောင်သံကြားသည်ဟု ထင်ယောင်ထင်မှားဖြစ်ကာ တုန်လှုပ်သွားတတ်

မြန်မာ စာအုပ်များ

၏။ သူ့အနေဖြင့် လူများထက် ခွေး၏နှာခေါင်းကို ပို၍ကြောက်သည်မှာ သဘာဝ ကျနေသည် မဟုတ်ပါလော။

နေ့ခင်းပိုင်းတွင် သူသည် သူ့ဓားဖြင့် အလွယ်တကူ ခုတ်ထွင်ရှင်းလင်း၍ မရနိုင်သည့် ချုံနွယ် ပိတ်ပေါင်းများနှင့် မကြာခဏဆုံသည်။ သူ့ဓားဖြင့် လမ်းထွင်၍ လုံးဝမရ။ ထိုအခါတွင် သွားဖို့လွယ်ကူမည့်လမ်းကို အချိန်ကုန်ခံ၍ ရှာဖွေရသည်။ လမ်းသွားရင်း သူ့ဓားကို နှစ်ကြိမ်တိတိသွေးရသေးသည်။ ထိုညတွင် သူသည် စမ်းချောင်း တစ်ခုဘေးမှာပင် အိပ်သည်။ ပင်ပန်းလွန်းသဖြင့် သားရဲတိရစ္ဆာန်များ၊ ညဥ့်ငှက်များနှင့် ခြင်အော်သံများကိုပင် သူ မကြား။ ခြင်များနှင့် ပိုးမွှားများ ဝိုင်းအုံကိုက်ခဲနေကြသည် ကိုလည်း သူမသိ။

နောက်တစ်နေ့ မနက်တွင်မူ ကွမ်တာသည် သူ ဘယ်ဆီသို့ ဦးတည်သွားနေ သည်ကို စဉ်းစားဆင်ခြင်စပြုသည်။ သူ ဘယ်နေရာရောက်နေမှန်းမသိသဖြင့် သူ ဘယ်သွားနေသည်ကို သိနိုင်ဖို့မလွယ်။ သူ့အတွက် အရေးကြီးဆုံးအချက်မှာ လူနှင့် ဝေးနိုင်သမျှဝေးအောင် ရှောင်ကွင်းဖို့ ဖြစ်သည်ဟု ဆုံးဖြတ်သည်။ သူ့အတွက် အရေး ကြီးသည့် နောက်တစ်ချက်မှာ နေထွက်ရာသို့ မျက်နှာမူ၍ ပြေးရန်ဖြစ်သည်။ သို့သော် သူ့အား တိုးဘော့များက ဖမ်းမမိဘူးဆိုပါတော့။ သူ ဘာဆက်လုပ်နိုင်သနည်း။ ဤ အတွေး ဝင်လာသည့်အခါ ကွမ်တာသည် ထိတ်လန့်တကြားဖြစ်ရပြန်သည်။ သူသည် ပြေးနေရင်းမှပင် သူ့လက်မောင်းမှအဆောင်များကို လက်ဖြင့် စမ်းသွားသည်။

ထိုညတွင် သူသည် ချုံကြီးတစ်ချုံအောက်သို့ တိုးဝင်ပြီးအိပ်သည်။ ရုတ်တရက် အိပ်မပျော်သည့်အခါ မန်ဒင်ကာလူမျိုးတို့၏ အကြီးဆုံးသော သူရဲကောင်း ဆွန်ဒီ ယာတားကို သတိရသည်။ ဆွန်ဒီယာတားသည် ခြေမသန်သော ကျွန်တစ်ယောက် ဖြစ်၏။ သူ၏သခင် အာဖရိကန်အမျိုးသား၏ နှိပ်စက်မှုကြောင့် ထွက်ပြေးခဲ့ပြီး ပုန်းအောင်းနေရာမှ အခြားထွက်ပြေးလွတ်မြောက်လာကြသည့် ကျွန်များနှင့်တွေ့ကာ ပေါင်းစည်းမိကြသည်။ နောက်ပိုင်းတွင် ကျွန်များကို စည်းရုံးသိမ်းသွင်းကာ အလွန် ကျယ်ပြန့်သော မန်ဒင်ကာအင်ပါယာကြီးကို တည်ထောင်ခဲ့သည်။ သူ့အနေဖြင့်ကော လေးရက်မြောက်နေ့တွင် သူ့လိုထွက်ပြေးလာသည့် ကျွန်များနှင့် မတွေ့နိုင်ပေဘူးလား။ ထိုအခါ သူတို့နှင့် ပူးပေါင်းပြီး ရွက်သင်္ဘောကြီးတစ်စင်း တည်ဆောက်၍ သို့မဟုတ် ခိုးယူ၍ ပင်လယ်သမုဒ္ဒရာကြီးကို ကျော်ဖြတ်ကာ အာဖရိကမြေပေါ် ခြေချနိုင်သည်အထိ မစွမ်းဆောင်နိုင်ဘူးလား။

ကြောက်မက်ဖွယ်ကောင်းလှသည့် အသံတစ်သံကြောင့် ကွမ်တာ၏စိတ်ကူးသည် တန့်သွားသည်။ မဖြစ်နိုင်။ လုံးဝမဖြစ်နိုင်။ သို့သော်လည်း သူ့နားများ အကြားမမှားနိုင်။ အမဲလိုက်ခွေးများအူသံဖြစ်သည်။ သူသည် ဖြုန်းခနဲထကာ လက်ထဲမှဓားဖြင့် ချုံများ

မြန်မာ စာအုပ်များ

ကို ထွင်၍ ပြေးသည်။ ခလုတ်တိုက်သည့်အခါ တိုက်၍ လဲသည့်အခါ လဲကျသည်။ မကြာခင်မှာပင် ဆက်၍မပြေးနိုင်လောက်အောင် မောလာသဖြင့် ထိုင်ချလိုက်ရ၏။ သူသည် ဓားကို တင်းကျပ်စွာဆုပ်ကိုင်ပြီး နားစွင့်သည်။ ယခုကျတော့လည်း ဘာသံမှ မကြားရ။ ငှက်သံများနှင့် ပိုးမွှားအော်သံများမှတစ်ပါး အခြား ဘာသံမှမရှိ။

သူခွေးအူသံများကြားရသည်မှာ တကယ်မှဟုတ်ပါ၏လော။ ဤအတွေးသည် သူ့စိတ်ကို များစွာအနှောင့်အယှက်ပေးလျက်ရှိသည်။ ခွေးအူသံများကို သူ မကြားပါဟု အတိအကျမပြောရဲ။ ထိုအခါ ချောက်ချားသောစိတ် ဝင်လာပြန်သည်။ သူသည် ထိုင်ရာမှထ၍ ဆက်ပြေးပြန်သည်။ အဆမတန်ပြေးနေရခြင်းနှင့် ကြောက်လန့်ခြင်းတို့ကြောင့် ချက်ချင်းလိုပင် မောဟိုက်လာပြန်သည်။ မနားမဖြစ် နားရပြန်၏။ ထို့နောက် ကပျာကယာထ၍ ဆက်ပြေးပြန်သည်။

သူနားရပြန်သည်။ ထိုင်လျက်ပင် အိပ်မောကျသွားသည်။ ရုတ်တရက် လန့်နိုးလာသည်။ သူ့နားထဲသို့ ခွေးအူသံများဝင်လာ၍ဖြစ်သည်။ အသံများသည် ယခင်ကထက် ပို၍နီးကပ်လာသည်။ သူသည် ဖြုန်းခနဲခုန်ထကာ အားသွန်ခွန်စိုက် ပြေးသည်။ အချိန်အတော်ကြာ ပြေးမိသည့်အခါကျမှပင် သူ့ဓား ကျန်ရစ်ခဲ့သည်ကို သတိရသည်။ သူသည် လာလမ်းအတိုင်းပြန်ပြေးကာ သူ့ဓားကို ရှာသည်။ မတွေ့။

ခွေးအူသံများ ပိုကျယ်လာသည်။ ဓားကို ရှာမတွေ့၍ စိတ်မောလူမောဖြစ်လာသည်။ သူ ချထားခဲ့သည်ဟုထင်ရသော နေရာများကို လက်နှစ်ဖက်ဖြင့် လျှောက်စမ်းသည်။ လက်သီးဆုပ်ခန့် ကျောက်ခဲကြီးတစ်လုံးကို ကိုင်မိသည်။ သူသည် ခဲကို ကောက်ယူလိုက်သည်။

ခွေးအူသံများ ပို၍ကျယ်လောင်လာသည်။ သူသည် တစ်ညလုံး မရပ်မနားတော့ဘဲ တောနက်အတွင်းသို့ ဝင်မိအောင် ကြိုးစားပြေးသည်။ ခလုတ်တိုက်သည်။ ခြေချော်သည်။ ဟပ်ထိုးဟပ်ထိုးဖြစ်သည်။ ခြေပစ်လက်ပစ်လဲကျသည်။ သူသည် အပြေးကို မလျှော့။ သို့သော်လည်း သူ့အားထုတ်မှုများသည် အချည်းနှီး။ ခွေးများသည် သူ့ဆီသို့ နီးကပ်သည်ထက် နီးကပ်လာသည်။ နောက်ဆုံးတွင် ခွေးများသည် သူ့အား မီလာသည်။ သူ ဆက်၍မပြေးနိုင်တော့။ သစ်ပင်တစ်ပင်ကို ကျောနှင့်ကပ်ကာ ခွေးများအား ရင်ဆိုင်သည်။ သူ့ညာလက်သည် သစ်ပင်တစ်ပင်မှ လတ်လတ်ဆတ်ဆတ်ဖဲ့ယူထားသည့် သစ်ကိုင်းတုတ်တုတ်ကြီးတစ်ချောင်းကို ကိုင်ထားသည်။ ဘယ်လက်က စောစောက ကောက်ယူလာခဲ့သည့် ကျောက်ခဲကြီးကို ကိုင်လျက်...။

ခွေးများက ကွမ်တာအား ခုန်အုပ်သည်။ ကွမ်တာက အသံကုန်ဟစ်အော်ကာ လက်ထဲမှတုတ်ဖြင့် ဆီးရိုက်သည်။ ခွေးများ နောက်သို့ဆုတ်သွားကြသည်။ မနီးမဝေးမှ ရပ်ကာ ဟောင်ကြ ဟိန်းကြ မာန်ကြသည်။ နောက်ဆုံးတွင် မြင်းကိုယ်စီနှင့် တိုးဘော့နှစ်ယောက် ရောက်လာကြသည်။

ဤတိုးဘော့များအား ယခင်က မတွေ့ဖူး မမြင်ဖူးခဲ့။ တိုးဘော့အငယ်က သေနတ် တစ်လက် ဆွဲထုတ်သည်။ အကြီးလူက လက်ယမ်းပြပြီး တားသည်။ သူသည် မြင်း ပေါ်မှ ခုန်ဆင်းကာ ကွမ်တာဆီသို့ လျှောက်လာသည်။ သူသည် လက်ထဲမှ ခွေထား သည့် ကြာပွတ်ကို ဖြေချလိုက်သည်။

ကွမ်တာ၏မျက်လုံးများသည် ပြူးတူးပြတဲ။ သူ့တစ်ကိုယ်လုံး တုန်နေသည်။ သူ့ဦးနှောက်သည် သူတွေ့ဖူးခဲ့သမျှ တိုးဘော့မျက်နှာများကို မြင်ယောင်နေသည်။ သူ့ရှေ့မှ တိုးဘော့၏ လက်သည် အပေါ်သို့မြောက်တက်သွားသည်။ သူ့လက်တွင်း မှ ကြာပွတ်သည် ဖြန်းခနဲမြည်ကာ နောက်သို့ရောက်သွားသည်။ ကွမ်တာ့လက်တွင်းမှ ကျောက်ခဲသည် အရှိန်ပြင်းစွာလွတ်ထွက်လာသည်။

တိုးဘော့၏အော်သံကို သူကြားလိုက်ရ၏။ ထို့နောက် သူ့နားရွက်အနီးမှ ကပ် ၍ ဖြတ်သွားသည့် ကျည်ဆန်တစ်တောင့်။ ခွေးများသည် သူ့ကိုယ်ပေါ်သို့ ရောက်လာ ကြသည်။ ဝိုင်းအုံကိုက်ခဲကြသည်။ ကွမ်တာနှင့်ခွေးများသည် မြေပေါ်တွင် လူးလိုက် လိမ့်လိုက်။ ဤကြားထဲမှပင် တိုးဘော့၏မျက်နှာမှ သွေးများစီးကျနေသည်ကို ကွမ်တာ ရိပ်ခနဲမြင်လိုက်ရ၏။ တိုးဘော့များက ခွေးများကို ဖယ်ရှားလိုက်ပြီး သေနတ်များနှင့် ချိန်ကာ သူ့အနီးသို့ကပ်လာကြသည်။ သူတို့မျက်နှာထားများကို မြင်ရုံမျှဖြင့် သူ့အား သတ်ကြတော့မည်ဟု နားလည်လိုက်သည်။ သို့သော် သူကတော့ ဂရုမစိုက်။ သူ့ဘဝ သည် နေမထူး သေမထူးဘဝဖြစ်သည် မဟုတ်လော။ တိုးဘော့တစ်ဦးက ရှေ့သို့ တိုးလာပြီး သူ့အား ဆွဲထူသည်။ ကျန်တစ်ဦးက သေနတ်ဒင်ဖြင့်ရိုက်သည်။ သူက တော့ လွယ်လွယ်နှင့်အရှုံးမပေး၊ တွန်းသည်၊ ထိုးသည်၊ ရုန်းကန်သည်။ ပါးစပ်မှလည်း မန်ဒင်ကာဘာသာဖြင့် မိုးမွှန်အောင်ဆဲသည်။ သေနတ်ဒင်သည် နောက်တစ်ကြိမ် သူ့ခေါင်းပေါ်သို့ ကျလာပြန်၏။ သူ့အား သစ်ပင်တစ်ပင်ဆီသို့ ဆွဲခေါ်သွားသည်။ အဝတ် များကို ဆုတ်ဖြဲပစ်သည်။ သူ့ကိုယ်ကို ကြိုးဖြင့် အထပ်ထပ်ရစ်ပတ်ကာ သစ်ပင်တွင် ချည်သည်။ အသက်သေသည်အထိ အရိုက်ခံရန် စောင့်စားရပေဦးတော့မည်။

သို့သော် သူ မျှော်လင့်သလိုဖြစ်မလာ။ မျက်နှာတစ်ခုလုံး သွေးခြင်းခြင်းနီနေ သော တိုးဘော့သည် အလွန်ထူးဆန်းသည့် မျက်နှာထားဖြင့် သူ့အား တစ်ချက်မျှ ကြည့်လိုက်ပြီး အငယ်လူအား စကားတစ်ခွန်း လှမ်းပြောသည်။ အငယ်လူက ပြုံးဖြဲဖြဲ လုပ်ကာ ခေါင်းညိတ်ပြပြီး သူ့မြင်းဆီသို့ ပြန်သွားသည်။ မြင်းကုန်းနှီးတွင် ထိုးထား သည့် လက်ကိုင်ရိုးတိုတိုနှင့် အမဲလိုက်ပုဆိန်ကို ဆွဲထုတ်သည်။ ပင်စည်ခပ်သေးသေး သစ်ပင်တစ်ပင်ကို အမြစ်နားမှကပ်ခုတ်ကာ ကွမ်တာ့ဘက်သို့ ယူလာသည်။

မျက်နှာမှသွေးနှင့် တိုးဘော့က ကွမ်တာ့ရှေ့၌ရပ်ကာ လက်ဟန်ခြေဟန်ပြ၍ စကားပြောလျှက်ရှိရာမှ ကွမ်တာ၏ 'တန်ဆာ'ကို လက်ညှိုးထိုးပြသည်။ ထို့နောက်

မြန်မာ စာအုပ်များ

လူငယ်တိုးဘော့၏ခါးပတ်၌ ထိုးထားသည့် ဓားမြှောင်ကို ညွှန်ပြသည်။ ကွမ်တာ၏ ခြေထောက်နှင့် လူငယ်၏လက်ထဲမှ ပုဆိန်ကိုပါ ညွှန်ပြပြန်သည်။ သူ ဘာပြောနေသည်ကို ကွမ်တာ နားလည်လိုက်ပြီ။ သူသည် အသံကုန် ဟစ်အော်ကာ ရှန်းသည်။ နောက်တစ်ကြိမ် သေနတ်နှင့် အထုခံရပြန်၏။ သူ့ရင်ထဲ မှ အော်ဟစ်ပြောဆိုနေသည့် အသံတစ်သံ။ 'အဲဒါဟာ ယောကျ်ားတစ်ယောက်။ ယောကျ်ားတစ်ယောက်ဖြစ်ဖို့ မရှိမဖြစ်တဲ့ အင်္ဂါ။ ဒါရှိမှ သားတွေမွေးမှာ' ကွမ်တာသည် သူ့'ဖိုတို'ကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ထားသည်။ တိုးဘော့နှစ်ယောက်သည် ယုတ်မာရက်စက်လွန်းလှသော မျက်နှာထားများဖြင့် ပြုံးဖြဲဖြဲလုပ်နေကြသည်။

တစ်ဦးက သူခုတ်လာသည့်သစ်တုံးကို ကွမ်တာ၏ ညာဘက်ခြေထောက်အောက်၌ ထိုးသွင်းသည်။ ကျန်တစ်ဦးက ခြေထောက်နှင့် ထိုသစ်တုံးကို တွဲ၍ တင်းကျပ်စွာ ကြိုးနှင့်ချည်သည်။ သွေးနှင့် တိုးဘော့သည် ပုဆိန်ကို ကောက်ကိုင်လိုက်သည်။ ကွမ်တာ အသံကုန်ဟစ်၍ အော်သည်။ တိုးဘော့လက်ထဲမှ ပုဆိန်သည် အပေါ်သို့ မြောက်သွားပြီး လျှပ်မြန်စွာ ပြန်ကျလာသည်။ သူ့တစ်ကိုယ်လုံးရှိ အကြောများ၊ ကြွက်သားများ၊ အရိုးများသည် ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်သည့်ဝေဒနာကို ခံစားလိုက်ရ၏။ သစ်တုံးထက်သို့ အရှိန်ဖြင့်စိုက်ဝင်သွားသည့် ပုဆိန်သံကို ကွမ်တာ ကြားလိုက်ရသည်။ ပြင်းထန်လှသော နာကျင်မှုသည် ဦးနှောက်ဆီသို့ ထိုးကိုက်သည်။ တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားသည့် နာကျင်မှုကြောင့် ကွမ်တာ၏ ခန္ဓာကိုယ် အပေါ်ပိုင်းသည် ဆိုးဆိုးဆတ်ဆတ်တုန်ကာ ရှေ့သို့ ငိုက်ကျလာသည်။ သူ့လက်နှစ်ဖက်သည် အောက်သို့ ပျော့ခွေကျလာသည်။ ထို့နောက် သူ့ခြေတစ်ပိုင်းပြတ်ကို ကောက်ယူရန် အားယူလိုက်သည့်နှယ် ရှေ့သို့ ကျလာသည်။ နီရဲသောသွေးများသည် သူ့ခြေထောက်အစုတ်မှ ပန်းထွက်နေသည်။ ထို့နောက် ကွမ်တာသည် အမှောင်ထုကြီးအတွင်းသို့ သက်ဆင်းနစ်မြုပ်သွားလေ၏။

[၅၀]

ကွမ်တာသည် သတိရတစ်ချက် မရတစ်ချက် ဖြစ်နေဆဲ။ သူ့မျက်လုံးများသည် ပိတ်နေသည်။ မျက်နှာရှိ အကြောဟူသမျှ ရှုံ့နေသည်ဟုပင် ထင်ရ၏။ ဟနေသော ပါးစပ်ထောင့်မှ သွားရည်များ ထွက်ကျနေသည်။ သူအသက်ရှင်နေသေးသည့်အဖြစ်ကို တဖြည်းဖြည်းချင်းသိလာသည်။ နာကျင်မှုဝေဒနာသည် ယခုထိပြင်းထန်ဆဲ။ တစ်ခေါင်းလုံး၊ တစ်ကိုယ်လုံး၊ ညာဘက်ခြေထောက်တစ်ခုလုံး နာလျက်ရှိ၏။ မျက်လုံးများကို ဖွင့်သော်လည်း မရ။ မျက်ခွံများ လေးလျက်ရှိသည်။ ဘာတွေဖြစ်ခဲ့သည်ကို ပြန်၍သတိရဖို့

မြန်မာ စာအုပ်များ

ကြိုးစားသည်။ အပေါ်သို့မြောက်သွားသည့် ပုဆိန်။ သစ်တုံးပေါ်ကျလာသည့်အသံ။ သူ့ရှေ့သို့ကျလာသည့် ခြေတစ်ပိုင်းပြတ်။

နောက်တစ်ကြိမ် သူ့မျက်လုံးများကိုဖွင့်ကြည့်သည်။ မျက်နှာကြက်ရှိ ပင့်ကူအိမ်တစ်အိမ်ကို မြင်ရ၏။ သူ့ရင်ဘတ်၊ လက်များနှင့် ခြေထောက်များကို ကြိုးနှင့်ချည်ထားသည်။ သို့သော် ညာဘက်ခြေထောက်နှင့် ခေါင်းကတော့ နူးညံ့ပျော့ပျောင်းသည့် အရာဝတ္ထုပေါ် တင်ထားသည်ကို တွေ့ရသည်။ သူ့ကိုယ်တွင် ဝတ်လုံရှည်ကြီးနှင့်တူသော အင်္ကျီ ဝတ်ထားသည်။ ကတ္တရာစေးနံ့လိုလို အနံ့မျိုးကိုလည်းရသည်။ သူ့အနေဖြင့် နာကျင်မှုဝေဒနာအမျိုးမျိုးခံစားခဲ့ရဖူးပါ၏။ သို့သော်လည်း ဤတစ်ကြိမ်သည် အဆိုးဆုံး။

တံခါးတွန်းသံကြားရသည်။ ယခင် မမြင်ဖူးသော အရပ်ရှည်ရှည် တိုးဘော့တစ်ယောက်သည် လက်ဆွဲအိတ်အနက်ကလေးတစ်လုံးဆွဲ၍ ဝင်လာသည်။ သူ့မျက်နှာတွင် ဒေါသရိပ်ငွေ့များ ယှက်သန်းနေသည်။ ကွမ်တာ့အပေါ်ဖြစ်သည့် ဒေါသတော့ဟုတ်ဟန်မတူ။ တိုးဘော့သည် ယင်များကို လက်နှစ်ဖက်ဖြင့်ယမ်း၍ ခြောက်လိုက်ပြီး ကွမ်တာ့အားတွင် ဒူးထောက်ထိုင်သည်။ ကွမ်တာ၏ ညာခြေထောက်ကို ကိုင်တွယ်ကာ တစ်စုံတစ်ခုလုပ်ပေးနေသည်။ ကွမ်တာ တွန့်ခနဲဖြစ်သွားသည်။ ထို့နောက် တိုးဘော့၏ လက်တစ်ဖက်သည် ကွမ်တာ၏နဖူးကို စမ်းသည်။ လက်ကောက်ဝတ်ကို အချိန်အတန်ကြာမျှ အသာအယာဖိကိုင်ထားသည်။ တိုးဘော့သည် မတ်တတ်ရပ်လိုက်ကာ ကွမ်တာ၏ ရှုံ့မဲ့နေသောမျက်နှာကို ငုံ့ကြည့်နေသည်။ သူ့နှုတ်မှ 'ဘဲလ် ရေ'ဟူသော ခေါ်သံထွက်လာသည်။

အရပ်ပုပု ကိုယ်လုံးတုတ်တုတ် မျက်နှာပေါက်ခပ်ဆိုးဆိုး လူမည်းအမျိုးသမီးတစ်ယောက် ရေဇလုံတစ်လုံးကိုင်ပြီး ဝင်လာသည်။ ထူးဆန်းသည်မှာ ကွမ်တာ့စိတ်ထဲ၌ ဤမိန်းမကို သူမြင်ဖူးသည်ဟု ထင်လိုက်မိခြင်းဖြစ်သည်။ အိပ်မက်ထဲတွင် မြင်ဖူးခဲ့ခြင်းလား။

တိုးဘော့က လူမည်းမအား အေးအေးသာသာစကားပြောသည်။ သူ့လက်ဆွဲအိတ်ထဲရှိ အရာတစ်ခုကိုယူ၍ ရေခွက်တစ်ခွက်ထဲထည့်ပြီး မွှေသည်။ နောက်တစ်ကြိမ် တိုးဘော့က လူမည်းမအား စကားပြောပြန်သည်။ လူမည်းမသည် ကွမ်တာအနီး၌ ဒူးထောက်ထိုင်ကာ ခေါင်းကို ထူပေးပြီး ခွက်ထဲမှရေကို တိုက်သည်။

ယခုမှပင် သူ့ညာဘက်ခြေထောက်ကို လှမ်းမြင်သည်။ ပတ်တီးများ အထပ်ထပ်စည်းထားသည်။ ပတ်တီးတွင် သွေးခြောက်များကပ်နေသည်။ သူထ၍ ထိုင်ချင်ပါ၏။ သို့သော် အားက လုံးဝမရှိ။ လူမည်းမက သူ့ခေါင်းအား မထားရာမှ ပြန်ချသည်။ ထို့နောက် နှစ်ဦးစလုံး အပြင်သို့ထွက်သွားကြသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ကွမ်တာသည် အိပ်တစ်ဝက်နိုးတစ်ဝက် ဖြစ်နေပြန်သည်။ ထိုညည၌နက်ပိုင်းတွင် မျက်လုံးများဖွင့်ကြည့်သည့်အခါ သူဘယ်နေရာရောက်နေသည်ကို မသိဘဲ ဖြစ်နေပြန်သည်။ သူ့ညာဘက်ခြေထောက်ကို မီးလောင်နေလေသလား။ အပေါ်သို့ မြှောက်ဖို့ကြိုးစားသည်။ နာလိုက်သည်မှာ ပြောမပြတတ်။ ပါးစပ်မှ လွှတ်ခနဲအော်လိုက်မိသည်။ သူ့စိတ်သည် ဟိုရောက်သည်ရောက် လွင့်မျောနေ ပြန်သည်။ မသဲမကွဲလူရိပ်များ။ သူ့အမေ ဘင်တာနှင့် တွေ့သည့်အခါ သူ့မှာဒဏ်ရာ ရထားကြောင်း၊ စိုးရိမ်စရာမရှိကြောင်း၊ သူထနိုင်သည်နှင့်တစ်ပြိုင်နက် အိမ်သို့ ပြန်လာမည်ဖြစ်ကြောင်း ပြောပြသည်။ ထို့နောက် ငှက်မိသားစုအုပ်တစ်အုပ် ကောင်းကင်ပျံသန်းသွားသည်ကို မြင်သည်။ တစ်ကောင်သောငှက်အား လုံတစ်ချောင်းဝင်စိုက်သည်။ သူ ကောင်းကင်မှ ဖောက်ထိုးမိုးမျှော်ကျလာသည် ဟု ခံစားရသည်။ ကြောက်လန့်တကြား အော်လိုက်သည့်အသံ။

နောက်တစ်ကြိမ် နိုးလာပြန်သောအခါ ကွမ်တာသည် သူ့ခြေထောက်၌ ကြောက်မက်ဖွယ်ကောင်းသည့် ဒဏ်ရာကြီးတစ်ခုရနေပြီဟု သိလာသည်။ သူ အိပ်မက်ဆိုးကြီးတစ်ခု မက်နေလေသလား။ သူ့ညာဘက်တစ်ခြမ်းသည် ထုံကျင်နေသည်။ သူ့လက်ချောင်းသည် ခြောက်သွေ့နေသည်။ သူ့တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်။ လူတစ်ယောက်က အခြားလူတစ်ယောက်၏ ခြေထောက်ကို ရက်ရက်စက်စက်ဖြတ်တောက်ပစ်သည်ဟူသောကိစ္စမှာ ဖြစ်နိုင်ပါ့မလား။ ထို့နောက် သူ့ခြေထောက်နှင့်တန်ဆာကို လက်ညှိုးထိုးပြနေသည့် တိုးဘော့၏ ကြောက်စရာကောင်းသော မျက်နှာ။

သူ့စိတ်သူ ထိန်းပါသော်လည်းမရ။ သူ့ပါးစပ်မှ ညည်းသံများသည် အဆက်မပြတ် ထွက်လာနေသည်။ တဲတံခါး ပွင့်သွားပြန်သည်။ လူမည်းမသည် မီးအိမ်တစ်လုံးကိုင်၍ ဝင်လာသည်။ တဲတံခါးဝသို့ လက်ညှိုးထိုးပြပြီး တစ်စုံတစ်ခု ပြောသည်။ ကွမ်တာက နားလည်ဟန်မပြ။ လူမည်းမက ပခုံးများတွန့်ပြီး ကွမ်တာဆား၌ ဒူးထောက်ထိုင်ကာ နဖူးပေါ်သို့ ရေဝတ်တစ်ခု တင်ပေးသည်။ ဦးခေါင်းကိုထူကာ သူယူလာသည့် စွပ်ပြုတ်တိုက်သည်။ ဘာလိုချင်သေးလဲဟု ခြေဟန်လက်ဟန်ပြ၍ မေးသည်။ ကွမ်တာက မာနရောင်သန်းနေသည့်မျက်နှာထားဖြင့် စူးစူးရဲရဲကြည့်သည်။ ထိုအခါ လူမည်းမသည် ဘာမှမပြောတော့ဘဲ ပြန်ထွက်သွားသည်။

နောက်တစ်ကြိမ် ဘဲလ်ရောက်လာပြန်သည်။ တစ်ပတ်မျှအတွင်း သိသိသာသာကြီး ပိန်ချုံးသွားသော ကွမ်တာအား ဂရုတစိုက်ပြုစုသည်။ သူ့အနားမှ သိပ်ပြီး ခွာသွားသည်မရှိ။ သူ့ရင်ဘတ်ပေါ်သို့ ရေဖြင့် ပြုတ်ပြီး ထုထောင်းထားသည့် အရွက်များကပ်ပေးသည်။ သူ့နည်းသူ့ဟန်ဖြင့် စီမံပြုလုပ်ထားသည့် အနာအုံဆေး ဖြစ်ဟန်တူ၏။ အနံ့ကဆိုးလွန်းလှသည်။ ပူလွန်းသဖြင့် ကွမ်တာငြိမ်ငြိမ်မနေနိုင်။ ရှိသမျှခွန်အားဖြင့် ရုန်းကန်သည်။ ဘဲလ်က ကွမ်တာအား မရုန်းနိုင်အောင် ကိုင်ထားသည်။

မြန်မာ စာအုပ်များ

နောက်တစ်ကြိမ် ကွမ်တာ သတိလည်လာသည့်အခါ နည်းနည်းလေးမျှ မလှုပ်ရှားနိုင်အောင် အားနည်းနေသည်။ သူသည် လူမည်းမ လုပ်ပေးခဲ့သမျှကို ပြန်၍သတိရသည်။ ထိုနည်းများကို ဤအမျိုးသမီး ဘယ်သူ့ဆီက သင်ယူလာခဲ့သနည်း။ သူ့အမေ ဘင်တာ၏ ဆေးနည်းနှင့် တူလှ၏။ သူ့စိတ်အာရုံတွင် လူမည်းမ၏မျက်နှာသည် တရစ်ဝဲဝဲ။ တိုးဘော့က သူ့အား ဘယ်လိုခေါ်ခဲ့ပါလိမ့်။ 'ဘဲလ်'ဟု ခေါ်ခဲ့သည် မဟုတ်လော။

ဤအမျိုးသမီးသည် ဘယ်နည်းနှင့်မဆို သူတို့လူမျိုးစုနှင့် နီးစပ်သည့် လူမျိုးစုတစ်စုမှ အနွယ်ဝင်တစ်ဦးဖြစ်ရမည်။ သူသည် အမျိုးသမီးအား ဂျပ်ဖူရီ ရွာသူအဖြစ်ထား၍ စိတ်ကူးယဉ်ကြည့်သည်။ ထို့နောက် တိုးဘော့တို့မြေပေါ်၌ နေထိုင်သည့် ဤလူမည်း မိတ္တာတိတ္တိများအား သူ့ရွာနှင့် အဆက်အစပ်ပြု၍ စဉ်းစားမိသည့်အတွက် သူ့ကိုယ်သူ အပြစ်တင်သည်။

အရပ်ရှည်ရှည်တိုးဘော့သည် ကွမ်တာ့ထံသို့ နေ့စဉ်မှန်မှန်လာသည်။ ပတ်တီးဟောင်းကို ဖြေ၍ ဆေးသစ်ထည့်ကာ ပတ်တီးအသစ်ပြန်စည်းသည်။ ဘဲလ်ကတော့ တစ်နေ့ သုံးကြိမ်လာသည်။ သူလာလျှင် အစားနှင့်ရေ ပါလာသည်။ ဤလူမည်းမ၏ အကျင့်စရိုက်သည် တိုးဘော့များနှင့် အတူတူပင်ဖြစ်ရာ တိုးဘော့များထက် ပို၍ကောင်းစရာမရှိဟု ကွမ်တာက သူ့ကိုယ်သူ သတိပေးနေရသည်။ ဤလူမည်းမနှင့် တိုးဘော့သည် သူ့အား အန္တရာယ်တော့ပြုမည်မဟုတ်။ သို့သော်လည်း သူ့အထင်သည် စောလွန်းသေးသည်။ သူ့အား သေလုနီးပါးဖြစ်အောင် ရိုက်နှက်နှိပ်စက်ခဲ့သည့် ဆင်မ်ဆန်သည် လူမည်းတစ်ယောက်မဟုတ်ပါလော။ သူ့အား ကြာပွတ်နှင့်ရိုက်ခဲ့သူ သေနတ်နှင့်ပစ်ခဲ့သူ ခြေထောက်ဖြတ်ခဲ့သူမှာ တိုးဘောများမဟုတ်ပါလော။ အားပြည့်လာလေလေ ကွမ်တာ၏ဒေါမာန်သည် ကြီးလာလေလေ။

အရပ်မြင့်မြင့်တိုးဘော့က တစ်ရက်တွင် ငုတ်တိုင်များ၌ချည်ထားသည့် ကွမ်တာ၏လက်မှ ကြိုးများကို ဖြေပေးသည်။ ကွမ်တာသည် သူ့လက်များ မြှောက်နိုင်ချိုင်ဖို့အတွက် နာရီပေါင်းများစွာ အချိန်ယူလေ့ကျင့်သည်။ သူ့လက်ချောင်းများကိုလည်း ဆုပ်လိုက်ဖြန့်လိုက်လုပ်သည်။ နောက်ဆုံးတွင် သူသည် လက်နှစ်ဖက်စလုံးကို မြှောက်၍ ချ၍ ရလာသည်။ နောက်တစ်ဆင့်မှာ အိပ်ရာပေါ် တံတောင်ဖြင့်ထောက်၍ ထနိုင်ရန် အားထုတ်ခြင်းဖြစ်၏။ ထနိုင်လျှင် ထနိုင်ချင်း သူ့မျက်လုံးများသည် ပတ်တီးစည်းထားသည့် ခြေငုတ်တိုပေါ် နာရီပေါင်းများစွာကြာမျှ စူးစူးစိုက်စိုက်ကြည့်နေမိသည်။ သူ ဒူးထောက်ရန် အားထုတ်လိုက်သည့်အခါ မခံနိုင်လောက်အောင် နာကျင်ဆဲဖြစ်သည်ကို တွေ့ရ၏။

နောက်တစ်ကြိမ် ဘဲလ်ရောက်လာသည့်အခါ သူ့ဒေါသနှင့် မကျေနပ်မှုများသည် ဘဲလ်အပေါ် ပေါက်ကွဲသည်။ မန်ဒင်ကာဘာသာစကားဖြင့် သဟောက်သဟက်ပြုသည်။

မြန်မာ စာအုပ်များ

ရေသောက်အပြီးတွင် ခွက်ကို ဒေါသတကြီးဆောင့်ချသည်။ ဘဲလ် ပြန်ထွက်သွားသည့် အခါကျမှ တိုးဘော့တို့မြေပေါ်ရောက်ကတည်းက သူ ပထမဦးဆုံးအကြိမ် စကားပြော ခြင်းဖြစ်သည်ကို သတိထားမိသည်။ သူ ဟောက်လားဟိန်းလား လုပ်နေစဉ်က ဘဲလ် ၏ မျက်လုံးများသည် ဒေါသအရိပ်အငွေ့ကို လုံးဝမဖော်ပြ။ ထိုအဖြစ်ကို စဉ်းစားမိ သောအခါ သူ့ကိုယ်သူ စိတ်ဆိုးလာပြန်သည်။

ကွမ်တာရောက်ပြီး သုံးပတ်မျှအကြာ တစ်ရက်တွင် အရပ်မြင့်မြင့် တိုးဘော့ ရောက်လာပြီး သူ့အားထိုင်ခိုင်းကာ ပတ်တီးဖြည်ပေးသည်။ အနာပေါ်အုပ်ထားသည့် နောက်ဆုံးအဝတ်စကို ခွာနေသည့်အခါတွင်မှ ကွမ်တာသည် အံကြိတ်၍ခံရသည်။ သူ၏ ငုတ်တိုဖြစ်နေသော ခြေထောက်ကိုကြည့်ကာ စိတ်ဆင်းရဲခြင်းပြင်းစွာဖြစ်ရသည်။ အနာနေရာမှာ အကျည်းတန်အရုပ်ဆိုးလွန်းလှချေသည်။ တိုးဘော့သည် အနာကို ဆေး ထည့်ကာ အဝတ်ပါးပါးဖြင့် အုပ်ပေးသည်။

နောက်နှစ်ရက်တွင် ဘဲလ်သည် ဆရာဝန်တိုးဘော့လုပ်ပေးထားသည့်အရာများ ကို ကွမ်တာနားလည်အောင် ရှင်းပြသည်။ တတိယနေ့တွင် ဆရာဝန် ပြန်ရောက်လာ သည်။ သူ့လက်ထဲမှ ချိုင်းထောက်နှစ်ချောင်းကို မြင်လိုက်ရသော ကွမ်တာသည် များစွာစိတ်ထိခိုက်ခြင်းဖြစ်သည်။ ဂျပ်ဖူရီရွာတွင် ခြေထောက်၌ ဒဏ်ရာအနာရသူများ ချိုင်းထောက်ဖြင့် သွားလာနေသည်ကို သူမြင်ခဲ့ဖူး၏။ ဆရာဝန်တိုးဘော့သည် ချိုင်း ထောက်များကို ထောက်၍ လမ်းသွားပြသည်။ အထူးသဖြင့် ညာဘက်ခြေထောက်ကို မြေကြီးနှင့်မထိအောင်သွားနည်းကို ပြသသည်။

ဆရာဝန်နှင့်ဘဲလ်တို့ တဲထဲမှမထွက်မချင်း ကွမ်တာသည် ထိုင်ရာမှမထ။ ထဖို့ ပြောသော်လည်း ငြင်းသည်။ သူတို့ထွက်သွားသည့်အခါ သူသည် တနံရံ အားပြုပြီး မတ်တတ်ရပ်သည်။ ချိုင်းထောက်ကို ချိုင်းတွင်ညှပ်၍ ထောက်ကာ လမ်းလျှောက် ကြည့်သည်။ ကျင်လည်စွာသွားတတ်အောင် ထပ်တလဲလဲလုပ်ကြည့်သည်။ မှူးနောက် နောက် ရီဝေဝေဖြစ်နေသဖြင့် နံရံနှင့် အဝေးကြီးခွာ၍မှု မလျှောက်ဝံ့။

နောက်တစ်နေ့မနက်တွင် နံနက်စာလာပို့သော ဘဲလ်သည် မြေကြီးပေါ်မှ ချိုင်းထောက် ရာများကိုကြည့်ကာ များစွာဝမ်းသာအားရဖြစ်နေပုံပေါ်၏။ ကွမ်တာက ဘဲလ်အား မျက်မှောင်ကြုတ်၍ကြည့်သည်။ မြေကြီးပေါ်မှချိုင်းထောက်ရာများကို မဖျက်မိခဲ့သည့် အတွက် သူ့ကိုယ်သူဒေါသဖြစ်သည်။ တဲထဲမှ ဘဲလ်ပြန်ထွက်မသွားမချင်း ကွမ်တာသည် နံနက်စာကိုမစား။ ဘဲလ်ထွက်သွားသည်နှင့်တစ်ပြိုင်နက် သူသည် နံနက်စာကို ကသော ကမျော စားသည်။ အစားကိုတော့ မစား၍မဖြစ်။ သူ့တွင် အားလိုနေသည် မဟုတ်ပါ လော။

မြန်မာ စာအုပ်များ

[၅၁]

ချိုင်းထောက်များကိုအားပြု၍ တဲတံခါးဝသို့ ကွမ်တာ ပထမဆုံးအကြိမ်ထွက်ရပ်သည့် နေ့ကတည်းက ဤတိုးဘော့၏ယာတောသည် ယခင် သူနေခဲ့ရသည့် တိုးဘော့၏ ယာတောနှင့် များစွာခြားနားသည်ကိုတွေ့ရသည်။ လူမည်းများနေထိုင်သည့် တဲအားလုံးကို ထုံးသုတ်ပေးထားသဖြင့် နေထိုင်မှုအခြေအနေ ပို၍ကောင်းလိမ့်မည်ဟုယူဆရ၏။ တဲတွင်း အပြင်အဆင် အခင်းအကျင်းသည် သူ ယခုနေထိုင်ရာတဲနှင့် တစ်ပုံစံတည်းဖြစ်လိမ့်မည်ထင်၏။ ကွမ်တာ့တဲအတွင်း၌ စားပွဲတစ်လုံးနှင့် နံရံကပ်ဗင်တစ်ခုရှိသည်။ စင်ပေါ်တွင် သတ္တုပန်းကန်ပြားတစ်ချပ်၊ သောက်ရေခွက်တစ်လုံး၊ ဇွန်းတစ်ချောင်းနှင့် တိုးဘော့များ အစားစားသည့်အခါ အသုံးပြုသည့် ပစ္စည်းနှစ်မျိုးရှိသည်။ ပထမတော့ ထိုပစ္စည်းများ၏အမည်ကို ကွမ်တာမသိ။ နောင်အခါကျမှ ပစ္စည်းတစ်မျိုးမှာ 'ခက်ရင်း' ဖြစ်၍ နောက်မျိုးမှာ 'ဓား'ဖြစ်ကြောင်းသိရသည်။ အချွန်အတက်ပါသော ထိုပစ္စည်းများကို သူနှင့်လက်လှမ်းမီရာ၌ ထားပေးခြင်းသည် တိုးဘော့တို့၏ မိုက်မဲမှုတစ်ရပ်ဖြစ်သည်ဟု ကွမ်တာက တွေးသည်။ ကြမ်းပေါ်၌ ခင်းပေးထားသည့် မွေ့ရာမှာလည်း အတွင်းမှ ကောက်ရိုးကဲ့သို့သောအရာများထည့်ထားသည်။ သူ့တဲအနီးရှိ အချို့တဲများ၏နောက်တွင် ဥယျာဉ်ကလေးများရှိနေသည်ကိုလည်းတွေ့ရ၏။

အနီးအနားရှိ တဲများဆီသို့ သွားရန်အတွက် ကွမ်တာသည် နှစ်ပတ်တိတိ အချိန်ယူရသည်။ အထူးသဖြင့် ထမင်းချက်မိန်းမဆီသို့သွားရန် သူ့ကိုယ်သူ အတော်ကြိုးအားပေးခဲ့ရသည်။ ထမင်းချက်မိန်းမမှာ သူတွေးထင်ထားသလို ဘဲလ်မဟုတ်။ သူ ထူထူထောင်ထောင်ဖြစ်လာကတည်းက ဘဲလ်သည် အစားအသောက်လာမပို့တော့။ အလည်တစ်ခေါက်ပင်လာဖော်မရ။ တစ်ရက်တွင် သူ တံခါးဝ၌ရပ်နေခိုက် အိမ်ကြီး၏နောက်ဖေးတံခါးမှ ဘဲလ်ထွက်လာသည်ကို မြင်လိုက်ရသည်။ ဘဲလ်သည် သူ့ရှေ့မှဖြတ်၍ အိမ်သာဘက်သို့သွားခြင်းဖြစ်၏။ သို့သော်လည်း သူ့အားမမြင်၍လား သို့မဟုတ် မမြင်ဟန်ဆောင်ခြင်းလားမသိ။ သူ့ကို နှုတ်မဆက်။ သို့ဖြစ်၍ ဘဲလ်သည်လည်း အခြားလူများနှင့် အတူတူပင်ဖြစ်သည်ဟု ကွမ်တာက တွက်သည်။

နောက်ပိုင်း ရက်အနည်းငယ်မျှအကြာတွင် ကွမ်တာသည် ညနေခင်း လူမည်းများ အလုပ်ခွင်မှ ပြန်လာချိန်အထိ တဲအပြင်ဘက်မှာပင် အချိန်ဖြုန်းနေလေ့ရှိသည်။ ပြန်လာနေကြသူများမှာ အလုပ်ပင်ပန်းသဖြင့် မောဟိုက်နွမ်းနယ်လျက်ရှိကြ၏။ ကွမ်တာသည် သူ ယခင်နေခဲ့ရသည့် ယာတောမှ မြင်ကွင်းကို သတိရသည်။ ဤလူမည်းများ၏နောက်မှ မြင်းတစ်ကောင်စီး၍ ကြာပွတ်တစ်ချောင်းကိုင်ထားသည့် တိုးဘော့တစ်ယောက် လိုက်ပါမလာသည်မှာ ဘာ့ကြောင့်ပါလိမ့်။ လူမည်းများသည် သူ့ရှေ့မှဖြတ်သွားသော်လည်း သူ့အား ဂရုတစိုက်ကြည့်ဖော်ပင်မရ။

မြန်မာ စာအုပ်များ

နေ့ရက်တွေ ကုန်လာသည်နှင့်အမျှ ကွမ်တာသည် ဤလူမည်းများ၏ အခြေအနေကို ရိပ်စားနားလည်လာသည်။ ဤလူမည်းများသည် ယခင်တိုးဘော့၏ ယာတောမှ လူမည်းများထက် နေထိုင်မှုသာလွန်သော်လည်း သူတို့ကိုယ်သူတို့ လမ်းစပျောက်နေမှန်း သိကြပုံမပေါ်။ သူတို့၏အသိမှာ သူတွေ့ခဲ့ဖူးသည့် လူမည်းများ၏ အသိနှင့် ဘာမှုခြားနားခြင်းမရှိ။ သူတို့လူမျိုးစု၏ ဂုဏ်သိက္ခာနှင့် အစွမ်းအစများကိုလည်း အသိအမှတ်ပြုကြပုံမပေါ်။ သူတို့အားလုံး အဓိကထားနေကြသည်မှာ အရိုက်မခံရအောင် နေထိုင်ရေး၊ အစားအစာဝဝလင်လင်စားရရေးနှင့် အိပ်စရာနေရာ ရရှိရေးတို့သာ ဖြစ်ဟန်တူ၏။ ယခုအခါတွင် ကွမ်တာသည် သူနှင့် အသားအရောင်တူသူ လူမည်းများ၏ ဆင်းရဲဒုက္ခများကို ညအိပ်ရာဝင်တိုင်း စဉ်းစားတွေးတောသည့် အလုပ်ကို တတ်နိုင်သမျှဖျောက်သည်။ ထို့ကြောင့်လည်း အိပ်ရာဝင်တိုင်း ရတ်တရက် အိပ်မပျော်သည့်အဖြစ်မျိုးနှင့် ဝေးလာခဲ့၏။ သူအဖမ်းခံခဲ့ရသည့်နေ့မှစ၍ ရေတွက်မည် ဆိုပါက သူ ဂျပ်ဖူရီရွာနှင့် ကွဲကွာလာခဲ့ရသည်မှာ လပြည့်ပေါင်း ဆယ့်နှစ်လပင် ရှိခဲ့ပြီ။ သူ့ဘဝသည် နေမထူး သေမထူး ဘဝသို့ ဆိုက်ရောက်နေပြီလား။

ကွမ်တာသည် သူ့ချိုင်းထောက်များဖြင့် ကောင်းစွာသွားလာလှုပ်ရှားနိုင်ခဲ့သည်မှာ ကြာပေပြီ။ သို့သော် မည်သူကမျှ သူနှင့်သင့်တော်သည့် အလုပ်တစ်ခုခု ရှာပေးဖို့ တွေးမိကြဟန်မတူ။ သူကလည်း ဘယ်သူနှင့်မှု အရောတဝင်နေလိုသည့် အရိပ်လက္ခဏာ မပြခဲ့။ အချိန်ရှိသမျှ သူ့ဘာသာသူ တစ်ဦးတည်းနေသည်ကများ၏။ သူသည် ဤလူမည်းများအပေါ် သိပ်ပြီး ယုံကြည်စိတ်ချခြင်းမရှိ။ လူမည်းများကလည်း သူ့အပေါ်တွင် သူ့လိုပင် သဘောထားကြပုံရ၏။ မည်သို့ပင်ဖြစ်စေ ညပိုင်းရောက်၍ တစ်ယောက်တည်းနေရသည့်အခါ ကွမ်တာသည် များစွာ အထီးကျန်ဖြစ်ရသည်။ နာရီပေါင်းများစွာ အမှောင်ထုတွင်းသို့ ငေးမောကာ စိတ်ပျက်အားငယ်ခြင်းဒဏ်ကို ခံစားရ၏။ တကယ်တော့ သူ့စိတ်သည် 'ချစ်ခြင်းမေတ္တာ'ကို ရယူလိုသောဆန္ဒ ပြင်းပြလျက်ရှိ၏။ သူ့စိတ်တွင်း၌ ဤခံစားမှုရှိနေသည်ကို အမှန်အတိုင်း သိလိုက်ရသောအခါ ကွမ်တာသည် သူ့ကိုယ်သူ အံ့သြခြင်းလည်းဖြစ်မိ၏။ ရှက်စိတ်လည်းဝင်၏။

တစ်ရက်တွင် ကွမ်တာသည် အပြင်မှပြန်လာသော တိုးဘော့၏ မြင်းရထားနှင့် ဆုံမိသည်။ မြင်းရထားမောင်းသမား၏ဘေးတွင် အသားညိုညို ကပြားနှင့်တူသော လူတစ်ယောက် ထိုင်လာသည်ကို သူ မြင်သည်။ မြင်းရထားပေါ်မှ တိုးဘော့ ဆင်း၍ အိမ်ကြီးထဲဝင်သွားသောအခါ မြင်းရထားသည် လူမည်းများ၏တဲဘက်သို့ မောင်းလာပြီး ရပ်သည်။ ရထားသမားလူမည်းသည် အသားညိုညိုနှင့် လူအား တွဲ၍ မြင်းရထားပေါ်မှ ချပေးသည်။ ထိုအခါကျမှပင် အသားညိုညိုလူ၏ လက်တစ်ဖက်၌ ရွှံ့လိုလိုဘာလိုလို အဖြူရောင်ပစ္စည်းတစ်မျိုး အုံ့ပေးထားသည်ကို သတိထားမိသည်။ လက်၌အုံ့ထားသည့်

မြန်မာ စာအုပ်များ

ပစ္စည်း၏ အမျိုးအမည်ကို သူမသိသော်လည်း ထိုသူ၏လက်သည် ဒဏ်ရာအနာတရ ဖြစ်ထားသည်ဟုတော့ ခန့်မှန်းလို့ရ၏။ အသားညိုသည် အောက်ရောက်သည့်အခါ မြင်းရထား၏နောက်သို့ သွား၍ အနက်ရောင် ရှည်မျောမျောသေတ္တာပြားကလေးကို ယူသည်။ ထို့နောက် လူမရှိသည့် အစွန်ဆုံးတဲဆီသို့သွားနေသော မြင်းရထားသမား၏ နောက်မှ လိုက် သွားသည်ကို မြင်လိုက်ရလေ၏။

ကွမ်တာ၏စိတ်ထဲတွင် အထူးအဆန်းဖြစ်နေ၏။ ထို့ကြောင့် သူသည် နောက် တစ်နေ့မနက်တွင် ထိုတဲသို့ရောက်သွားသည်။ လူညိုသည် တဲတံခါးဝ၌ ထိုင်လျက်ရှိ၏။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်ကြသည်။ လူညို ၏ မျက်နှာနှင့် မျက်လုံးများသည် မည်သည့်အရာကိုမျှ စိတ်ဝင်စားသည့် လက္ခဏာမရှိ။ သူ့လေသံကလည်း ခြောက်သွေ့သွေ့။ 'မင်းဘာလိုချင်လဲ'ဟု ဆီးမေးသည်။ ကွမ်တာက သူ့စကားကိုနားမလည်။ 'မင်းလည်း အာဖရိကန် နီဂရိုးတစ်ကောင်ပဲ'ဟု ထပ်ပြောသည်။ ကွမ်တာအနေဖြင့် သူမကြာမကြာကြားခဲ့ဖူးသည့် 'နီဂရိုး'ဟူသောစကားကိုတော့ မှတ်မိ သလိုရှိ၏။ သို့သော်လည်း အခြားစကားလုံးများကို နားမလည်သဖြင့် ဘာပြောနေမှန်း မသိ။ သူသည် ရောက်သည့်နေရာတွင် ရပ်မြဲတိုင်း ရပ်နေမိသည်။

'ဟေ့ကောင် သွားကွာ'

သူ့အား နှင်သည်ဟု ကွမ်တာ၏စိတ်ကသိသည်။ သူသည် နောက်သို့ ချာခနဲ လှည့်ကာ ဒေါသတကြီး ပြန်လာခဲ့သည်။

ကွမ်တာသည် လူညို၏အကြောင်းကို တွေးမိတိုင်း ဒေါသဖြစ်သည်။ 'ငါဟာ လူမည်းအစစ်ကွ၊ မင်းလိုအသားညိုတဲ့ ကပြားမဟုတ်ဘူး'ဟု တိုးဘော့စကားနှင့် ပြန် ၍ပြောချင်စိတ် ပြင်းပြနေသည်။ ထိုနေ့မှစ၍ ကွမ်တာသည် တဲအပြင်သို့ထွက်တိုင်း လူညို၏တဲဘက်သို့မကြည့်။ သို့သော် သူ၏စိတ်ဝင်စားမှုကို ချိုးနှိမ်၍မရအောင် ဖြစ် နေသည်။ အထူးသဖြင့် ညစာစားပြီးတိုင်း လူမည်းများသည် လူညို၏တဲရှေ့၌ စုရုံး ရောက်ရှိကြသည်။ တစ်ခါတစ်ရံ လူမည်းများက သူ့စကားကို သဘောကျကာ ရယ် နေကြသည်။ သူ့စကားကိုဖြတ်၍ မေးခွန်းများ မေးနေကြသည်ကိုလည်း ကြားရ၏။ ဒီလူ ဘယ်သူလဲ၊ ဘာလဲ။ ကွမ်တာသည် သိလိုစိတ်ပြင်းပြလျက်ရှိ၏။

နောက်နှစ်ပတ်ခန့်အကြာ တစ်နေ့သော မွန်းလွဲပိုင်းတွင် ကွမ်တာက အိမ်သာ အသွား လူညိုက အိမ်သာမှအထွက် မမျှော်လင့်ဘဲဆုံမိကြသည်။ လူညို၏လက်တွင် အုံထားသော အဖြူရောင်ပစ္စည်းများမရှိတော့။ ကွမ်တာသည် ချိုင်းထောက်များကို ဆောင့်ကြီးအောင့်ကြီးထောက်၍ လူညိုအနီးမှဖြတ်လာခဲ့သည်။ သူ အိမ်သာမှ ပြန်လာ သောအခါ လူညိုသည် သူ့တဲရှေ့၌ရပ်လျက်ရှိ၏။ သူ့မျက်နှာထားသည် သူနှင့်ကွမ်တာ ကြား ဘာမှမဖြစ်ခဲ့သည့်နှယ် အေးအေးဆေးဆေးရှိသည်။ သူသည် ဂျုံရိုးများကို

မြန်မာ စာအုပ်များ

ဖွတ်မြီးထိုးနေရာမှ ကွမ်တာအား ခေါင်းတစ်ချက်ဆတ်ပြပြီး သူ့နောက်လိုက်ခဲ့ရန် ခေါ်သည်။

ကွမ်တာ လုံးဝမမျှော်လင့်သော ဖိတ်ခေါ်မှုဖြစ်သည်။ ကွမ်တာသည် လူညိုအ၏ နောက်မှ လိုက်သွားမိသည်။ တဲအတွင်းရောက်သည့်အခါ လူညိုညွှန်ပြသည့် ခွေးခြေပေါ်၌ ထိုင်၍ အခြားခွေးခြေတစ်လုံးပေါ် ထိုင်လျက်ရှိသော တဲရှင်အား စိတ်ဝင်တစားကြည့်နေမိ၏။ တဲရှင်၏လက်များသည် ဖွတ်မြီးထိုးမပျက်။ သူ ဖွတ်မြီးထိုးနေပုံမှာ အာဖရိကန်လူမည်းများနည်းနှင့် တထေရာတည်းဖြစ်နေသဖြင့် ကွမ်တာ အံ့သြမိသည်။

ခဏမျှကြာသောအခါ လူညိုက . . .

'ငါ မင့်အကြောင်းကြားတယ်၊ စိတ်မကောင်းဘူး။ တူတို့က မင့်ကို တတ်မပစ်တာ မင်းတိပ်ကံကောင်းတယ်။ တူတို့က တတ်ပိုင်ခွင့်ရှိတယ်။ ဥပဒေကိုက တတ်ခွင့်ပေးထားရတာကွ။ ငါလည်း မင့်လိုပဲ။ တယောမထိုးချင်တော့ဘူးပြောလို့ ဟိုလူဖြူက ငါ့လက်ကိုချိုးပစ်တာ။ ဥပဒေက ထွက်ပြေးတဲ့လူကို ဖမ်းမိရင် မိတဲ့လူက တတ်နိုင်တယ်။ လူတတ်မှုနဲ့ အပြစ်ပေးလို့မရဘူး။ လူဖြူတွေရဲ့ ဘုရားရှိခိုးကျောင်းတွေမှာ အဲဒီဥပဒေကို ခြောက်လတစ်ကြိမ် ဖတ်ဖတ်ပြတာ ငါကြားဖူးတယ်။ ငါပြောပြမယ်။ တူတို့လူဖြူတွေ ရပ်ရွာအသစ်တည်ရင် တရားရုံးကို အရင်ဆုံး ချောက်တယ်။ ဥပဒေတွေ လုပ်ဖို့ပေါ့ကွာ။ နောက်တော့ တူတို့ ခရစ်ယာန်ဘာသာဝင်တွေချိုတာပြဖို့ ဘုရားရှိခိုးကျောင်း ချောက်တယ်။ တူတို့ရဲ့ ဗာဂျီးနီးယားဥပဒေပြုလွှတ်တော်ဟာ နီဂရိုးတွေကို ဖိနှိပ်ချုပ်ချယ်တဲ့ ဥပဒေတွေ လုပ်တာကလွဲပြီး တခြားဘာမှမလုပ်ဘူးလို့ ငါတော့ထင်တာပဲ။ နီဂရိုးတွေ တေနတ်မကိုင်ရဘူး၊ တုတ်ကြီးကြီးမကိုင်ရဘူးဆိုတဲ့ ဥပဒေလည်း ချိုတယ်ကွ။ ခရီးသွားခွင့် လက်မှတ် မင့်မှာမပါရင် ကြိမ်ဒဏ်အချက်နှစ်ချယ် အရိုက်ခံရမယ်။ ထူတို့ မျက်စိထဲမှာ မင်းဝတ်စားထားပုံက လူဖြူနဲ့တူနေရင် ချယ်ချက်အရိုက်ခံရမယ်။ မင်းက လူဖြူခရစ်ယာန်တစ်ယောက်ကို ပြန်ခုခံဖို့အားထုတ်ရင် ကြိမ်ဒဏ်အချက် တုံးချယ်ပဲဟေ့။ တကယ်လို့ မင်းလိမ်ညာပြောတယ်လို့ လူဖြူတစ်ယောက်က ကျမ်းကျိန်ပြီးပြောရင် မင့်နားရွက်ကို ဖြတ်ပစ်ရမယ်လို့ ဥပဒေမှာရေးထားတယ်။ မင်း နှစ်ခါလိမ်တယ်လို့ လူဖြူကပြောနိုင်ရင် နားရွက်နှစ်ဖက်စလုံး ဖြတ်နိုင်တယ်ကွ တိလား။ မင်းက လူဖြူတစ်ယောက်ကိုတတ်ရင် မင့်ကို ကြိုးပေးတတ်ရမယ်လို့ ဥပဒေက ချိုထားတယ်။ မင်းက နီဂရိုးတစ်ယောက်ကို တတ်တယ်ချိုပါတော့၊ အဲဒါကျတော့ မင်း ကြိမ်ဒဏ်ပဲ အရိုက်ခံရမယ်။ ထွက်ပြေးတဲ့နီဂရိုးတစ်ယောက်ကို ဖမ်းပြီးပို့တဲ့ ရက်အင်ဒီးယန်းလူရိုင်းတစ်ယောက်ကို ချုပေးရမယ်တဲ့။ နီဂရိုးတစ်ယောက်ကို စာဖတ်တတ်ရေးတတ်အောင် သင်ပေးရင်၊ နီဂရိုးတစ်ယောက်ကို စာအုပ်ပေးရင် အပြစ်ပဲလို့ ဥပဒေက ချိုတယ်။ အံမယ် နီဂရိုးတွေကို ဥပဒေက ဗုံတီးခွင့်တောင်မပေးဘူး ငါ့လူရဲ'

သူ မသိသောအရာများနှင့် သူနားမလည်သောအရာများကို လှညို သိသည်ဟု ကွမ်တာ၏စိတ်ထဲက ခံစားရသည်။ စကားအဆက်မပြတ်ပြောနေသည့် ကိုလှညို၏ မျက်နှာကိုကြည့်၍ နားစိုက်ထောင်နေသော ကွမ်တာသည် လှညိုပြောနေသမျှကို သူ နားလည်သည်ဟုပင် ထင်လာသည်။

'ဒီမှာ ငါပြောမယ်။ မင့်ခြေထောက်ပြတ်နေတယ်။ အဲဒါဘာဖြစ်လဲ။ လက်တွေ ခြေတွေ ပြတ်နေပေမဲ့ အလုပ်လုပ်နေတဲ့နိဂရိုးတွေ အများကြီးပဲ။ ဗိုက်ကြီးနေတဲ့ နိဂရိုးမတွေဆိုရင် တူတို့ဗိုက်အောက်မှာ ကျင်းတူးပြီး မှောက်ခိုင်းတယ်။ ပြီးတော့ ကြာပွတ်နဲ့ရိုက်တယ်။ ဒါပေမဲ့ ကလေးတွေမွေးတာပဲကွ။ လူဖြူတွေကို တော်လှန်ဖို့ ပြောတဲ့ နိဂရိုးကို မီးပုံကြီးအပေါ်မှာ ကနိုင်းတာကွ။ နိဂရိုးတွေကို ဘယ်လိုလုပ်လုပ် ပိုင်ရှင်သာလုပ်ရင် ဘာအပြစ်မှမဖြစ်ဘူး။အဲဒါကိုလည်း ဥပဒေကပြောတာပဲ။ မင်း အဲသလိုအလုပ်ခံနေရတာကို ချိုးတယ်လို့ထင်ရင် အနောက်အိန္ဒိယကျွန်းစုက ကြံ စိုက်ခင်းတွေဆီ ရောက်သွားတဲ့ ကျွန်တွေအကြောင်း နားထောင်သင့်တယ်'

ကွမ်တာသည် ဘာကိုမျှ အတိအကျနားမလည်သော်လည်း နားထောင်ကောင်း သဖြင့် ဆက်၍နားထောင်နေသည်။ နားလည်အောင်လည်း ကြိုးစားသည်။ ထိုအခိုက် တွင် သူငယ်တစ်ဦး ရောက်လာသည်။ ကိုလှညိုအတွက် ညနေစာ လာပို့ခြင်းဖြစ်၏။ ကွမ်တာရောက်နေသည်ကို မြင်သောအခါ ပြန်ပြေးသွားပြီး ကွမ်တာ့အတွက်ပါ အစာ ယူလာသည်။ ကွမ်တာနှင့် ကိုလှညိုတို့ ညနေစာ စားကြသည်။ စားအပြီးတွင် ကွမ်တာ က ပြန်ရန်ပြင်သည်။ အခြားလူမည်းများရောက်လာမည်ကို သိ၍ ပြန်ရန် စိတ်ကူးခြင်း ဖြစ်၏။ သို့သော်လည်း ကိုလှညိုက လက်ပြ၍တားသည်။

နောက် မိနစ်အနည်းငယ်မျှအကြာတွင် အခြားလူမည်းများ ရောက်လာကြသည်။ ကွမ်တာကို မြင်သောအခါ သူတို့၏အံ့သြမှုကို ဖုံးကွယ်မထားနိုင်ကြ။ အထူးသဖြင့် ဘဲလ်သည် တခြားလူများထက်ပို၍ အံ့သြနေပုံရ၏။ ဘဲလ်သည် အခြားလူများနည်းတူ ကွမ်တာအား ခေါင်းဆတ်၍ နှုတ်ဆက်သည်။ သို့သော်လည်း သူက အခြားလူများထက် ဘစ်ခုပိုသည်။ ကွမ်တာအား ပြုံးပြသည်။ တဖြည်းဖြည်းကျလာသော အမှောင်ရိပ်များ အောက်တွင် လူမည်းများသည် ကိုလှညို ပြောပြနေသည်များကို စိတ်ဝင်တစား နား ထောင်ကြသည်။

ထိုညက ကွမ်တာ သူ့တဲသို့ပြန်ရောက်သောအခါ ဤလူမည်းများနှင့် အဆက်ဆံ ပြုလုပ်ရေးနှင့်ပတ်သက်၍ အဆုံးအဖြတ်မပြုနိုင်ဖြစ်ကာ စိတ်ရှုပ်ထွေးလျက်ရှိသည်။ သန်းခေါင်ယံအထိ အိပ်၍မပျော်။ အိပ်ရာထက်တွင် တလူးလူးတလိမ့်လိမ့်ဖြစ်နေသည်။

ဤလူမည်းများနှင့် ဘယ်လောက်ပဲရောရော သူတို့တစ်တွေ ဘယ်လိုအမျိုးအစား တွေပဲဖြစ်ဖြစ် သူကတော့ သူတို့နှင့်တူအောင်မနေဟု ဆုံးဖြတ်ထားသည်ဖြစ်ရာ ည

မြန်မာ စာအုပ်များ

တိုင်းလိုလို ကိုလူညိုၡ၏ တဲရှိ လူမည်းများထံ သွားချင်စိတ်ပေါ်သော်လည်း ထိုဆန္ဒက အတင်းခုခံတွန်းလှန်သည်။ သို့သော် မွန်းလွဲပိုင်းအချိန် ကိုလူညိုတစ်ဦးတည်း ရှိနေသည့် အချိန်တွင်မူ သူမသွားဘဲမနေနိုင်။

'တယောပြန်ထိုးနိုင်အောင် ငါ့လက်ချောင်းတွေ ပြန်ပေါက်လာရင် သိပ်ကောင်းမယ်ကွာ'

တစ်ရက်တွင် ကိုလူညိုသည် ဂျုံရိုးပြွတ်များကို ဖွတ်မြီးထိုးနေရာမှ တောင့်တောင့်တတ ပြောသည်။

'ဒီယာတောက တခင်ကသာ စောစောကတည်းက ငါ့ကိုဝယ်ပြီး ခိုင်းထားမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ။ ဗာဂျီးနီးယားပြည်နယ်တစ်နယ်လုံး လှည့်သွားပြီး တယောထိုးလိုက်ရင် သူ့အတွက်ရော ငါ့အတွက်ပါ ငွေတွေအများကြီးရမှာ။ ငါဘာပြောနေတယ်ဆိုတာ မင်း နားလည်ပုံမပေါ်ဘူး။ လူဖြူတွေက ပြောတယ်ကွ တိလား။ အာဖရိကန်တွေအားလုံးဟာ မြက်တောထဲမှာနေပြီး တစ်ယောက်ကိုတစ်ယောက် တတ်စားဖို့တစ်ခုပဲ တိတာတဲ့'

သူသည် စကားကို ရပ်ထားကာ ကွမ်တာ၏ တုံ့ပြန်မှုကို မျှော်လင့်သည့်နှယ် ကြည့်နေသည်။ သို့သော် ကွမ်တာကတော့ မတုန်မလှုပ်ထိုင်ကာ ကိုလူညို့စကားကို နားထောင်ရင်း သူ့လက်မောင်း၌ချည်ထားသည့် အဆောင်များကို လက်နှင့် လျှောက်စမ်းနေသည်။

'ငါပြောမယ်၊ နားထောင်။ မင်း အဲဒီအဆောင်တွေအားလုံး လွှင့်ပစ်လိုက်ကွာ'

ကိုလူညိုက အဆောင်များကို လက်ညှိုးထိုးပြပြီးပြောသည်။

'တကယ်ပြောတာကွ၊ လွှင့်ပစ်လိုက်ပါ။ မင့်ကိုယ်မင်း လက်တွေ့ဘဝထဲမှာ အံဝင်ခွင်ကျဖြစ်အောင်နေစမ်းပါ။ ငါပြောတာကြားတယ်မဟုတ်လား တိုဘီ'

ကွမ်တာ့မျက်နှာတွင် ဒေါသအငွေ့များ သန်းလာသည်။ 'ကွမ်တာကင်တီ၊ တိုဘီ မဟုတ်ဘူး'ဟု ပြောသည်။ လွတ်ခနဲပြောလိုက်မိသည့်အတွက် ကွမ်တာသည် သူ့ကိုယ်သူ အံ့သြနေမိသည်။

ကိုလူညိုကလည်း ကွမ်တာ စကားပြောလိုက်ခြင်းအတွက် များစွာအံ့အားသင့်လျက်ရှိ၏။

'ဟော တွေ့လား၊ ဒီကောင် စကားပြောတတ်တားကပဲ။ ဒါပေမဲ့ ဒီလိုချိုတယ်။ ငါ မင့်ကိုပြောပြမယ် ကိုယ့်လူ။ မင်း အာဖရိကန်စကားတွေကို မေ့ပစ်လိုက်တော့။ ဒီနေ့ကစပြီး မင်းနာမည်ဟာ တိုဘီ။ ငါ့ကို ဖစ်ဒလာလို့ ခေါ်တယ်ကွ၊ သိလား'

ကိုလူညိုက သူ့ရင်ဘတ်သူ လက်ညှိုးထိုးပြပြီး ပြောသည်။

'ဖစ်ဒလာလို့ ချိုကြည့်စမ်း'

မြန်မာ စာအုပ်များ

ကိုလှည်ညို ဘာပြောသည်ကို ကောင်းကောင်းနားမလည်သော ကွမ်တာသည် ငေးကြောင်ကြောင် ပြန်ကြည့်နေသည်။

'ဖစ်ဒလာလို့ ချိုကြည့်ကွာ။ ငါက တယောသမားကွ။ ဒါကြောင့် ဖစ်ဒလာလို့ ခေါ်တယ်။ မင်းနားလည်လားဟင်။ တယောဆိုတာကော မင်းသိလား'

ကိုလှည်ညိုက သူ့ဘယ်ဘက်လက်မောင်းပေါ်ဖြတ်၍ ညာဘက်လက်ဖြင့် လွှဆွဲသလို လုပ်ပြသည်။ ကွမ်တာကတော့ ငေးကြောင်ကြောင်ဖြစ်နေဆဲ။

စိတ်တိုသွားသော ကိုလှည်ညိုသည် ထိုင်ရာမှထသွားပြီး တဲထောင့်၌ ချိတ်ထားသော ရှည်မျောမျောသေတ္တာကလေးကိုယူသည်။ သေတ္တာကိုဖွင့်၍ အတွင်းမှ ထူးဆန်းသော ပုံသဏ္ဌာန်ရှိသည့် အညိုရောင်သစ်သားပြားကလေးကို ဆွဲထုတ်သည်။ ပစ္စည်းမှာ ရှည်မျောမျော။ ကြိုးသေးသေးမျှင်မျှင်ကလေးတစ်ချောင်း တပ်ထားသည်။

'တယော'ဟု ကိုလှည်ညိုက ခပ်ကျယ်ကျယ်ပြောသည်။

သူတို့နှစ်ဦးတည်းသာရှိနေသဖြင့် ကွမ်တာက သါနိုင်းသည့်အတိုင်း လိုက်ဆိုမည်ဟု ဆုံးဖြတ်လိုက်သည်။

'တယော'

အလွန်အားရကျေနပ်သွားသော ကိုလှည်ညိုသည် တယောကို သေတ္တာထဲပြန်ထည့်ပြီး ပိတ်လိုက်သည်။ ထို့နောက် ရေပုံးတစ်လုံးကို လက်ညှိုးထိုးပြသည်။

'ရေပုံး'

ကွမ်တာက 'ရေပုံး'ဟု လိုက်ဆိုသည်။

တလုံးသစ်အတော်များများကို ရွတ်ဆိုပြီးနောက် ကိုလှည်ညိုက အရာဝတ္ထုများကို တစ်ခုချင်းစီ လက်ညှိုးထိုးပြသည်။ ကွမ်တာ မှား၍ရွတ်ဆိုသည့်အခါ ကိုလှည်ညိုက ပြင်ပေးသည်။ ညစာစားချိန်ရောက်သောအခါ ကိုလှည်ညိုက မှတ်ချက်ချသည်။

'ငါထင်သလောက် မင်း ဉာဏ်မထိုင်းပါဘူးကွ'

ဤသင်ကြားမှုသည် နောက်ရက်များတွင်လည်း ဆက်သွားသည်။ ဤသို့ဖြင့် ရက်မှသည် သီတင်းပတ်များသို့ ကူးပြောင်းရောက်ရှိသွားသည်။ သူသည် ကိုလှည်ညိုကို နားလည်လာရုံမျှမက သူ့ကိုနားလည်လာအောင်လည်း လုပ်နိုင်လာသည်။ သူ့အနေဖြင့် ကိုလှည်ညို နားလည်စေချင်သည့် အဓိကအချက်ရှိသည်။ သူ့ဘာကြောင့် သူ့နာမည်ကို စွန့်လွှတ်ရန် ငြင်းဆန်နေသနည်း။ သူ ဘာကြောင့် ကျွန်တစ်ယောက်ဘဝဖြင့် အသက်ရှင်နေရခြင်းထက် ပြေးရင်းလွှားရင်း လွတ်လပ်သူတစ်ဦးအဖြစ် သေရခြင်းကို ပို၍ပြတ်နိုးနေရသနည်း စသော အချက်များကို နားလည်စေချင်၏။ သူဆန္ဒရှိသည့်အတိုင်း ဖော်ပြနိုင်မည့် စကားလုံးများကို ရှာ၍မရ။ သို့သော်သူပြောလိုသည့် စကားကို ကိုလှည်ညို နားလည်နေကြောင်း သူသိသည်။

မြန်မာ စာအုပ်များ

တစ်နေ့သော မွန်းလွဲပိုင်းတွင် ကွမ်တာသည် ထုံးစံအတိုင်း ကိုလူညိုဓါ်တဲသို့ ရောက်သွားသည်။ ဧည့်သည်တစ်ဦးရောက်နှင့်နေသည်ကို တွေ့ရ၏။ အိမ်ကြီး၏အနီးရှိ ဒန်းခြံထဲ၌ ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေလေ့ရှိသော လူမည်းအဘိုးအိုဖြစ်သည်။ ကိုလူညိုက ခေါင်းတစ်ချက်ဆတ်ပြသဖြင့် ကွမ်တာသည် နောက်တွန့်မနေတော့ဘဲ ဝင်ထိုင်သည်။

အဘိုးအိုက . . .

'ဖစ်ဒလာက ငါ့ကို အခုပဲ မင့်အကြောင်း ပြောပြနေတယ်။ မင်းထွက်ပြေးတာလေးကြိမ်ရှိပြီတဲ့။ ပြေးလို့ ဘာထူးသလဲဆိုတာ မင်းစဉ်းစား။ ငါငယ်ငယ်တုန်းကလည်း ပြေးတာပဲ။ ပြေးတာမှ အကြိမ်ပေါင်းမနည်းဘူး။ ပြည်နယ်နှစ်ခုအထိ ရောက်အောင် အဝေးကြီးပြေးတာ။ ငါထွက်ပြေးတဲ့အကြောင်း သူတို့က သတင်းစာထဲထည့်တော့ နောက်ဆုံးမှာ ပြန်မိတာပဲ။ ဒါကြောင့်မို့ ထွက်ပြေးဖို့စဉ်းစားတဲ့လူ သိပ်မရှိတော့ဘူး။ တချို့တော့ ရှိတာပေါ့။ ဒါပေမဲ့ ငါသိရသလောက် ထွက်ပြေးတဲ့ကောင်တွေတစ်ကောင်မှမလွတ်ပါဘူးကွာ။ ပြန်မိတာချည်းပါပဲ။ အချိန်ကြာလာတော့လည်း နေရထိုင်ရတာ အခြေကျလာတယ်။ ဖြစ်လာတဲ့ဘဝမှာ အကောင်းအဆုံးဖြစ်အောင်လုပ်ပြီးနေသွားဖို့ပဲလိုတယ်။ အဲဒီတော့ငယ်တဲ့အရွယ်မှာ အချိန်တွေကို အလဟဿဖြစ်အောင်ဖြုန်းတီးပစ်မယ့်အစား အကျိုးရှိအောင်လုပ်ပေါ့ကွာ။ သခင်က ငါ့ကို လေလံတင်ရောင်းလို့လည်း ဈေးကောင်းကောင်းရမှာမဟုတ်တော့ဘူး ဆိုတာသိတယ်။ ဒါပေမဲ့ ငါ့ဆီက ရနိုင်သမျှ လုပ်အားကို ယူနေတုန်းပဲ။ အခုဆို ငါ့ကို ဥယျာဉ်စိုက်ခိုင်းထားတယ်။ ဘဲလ်ဆီက ငါသတင်းတစ်ခုလည်း ကြားထားတယ်။ သခင်က မနက်ဖြန်ကစပြီး မင့်ကို ငါနဲ့အတူတူ အလုပ်တွဲလုပ်ခိုင်းမယ်တဲ့'

အဘိုးအိုပြောပြနေသည့်စကားများအား ကွမ်တာ နားလည်ဖို့မလွယ်ကြောင်း ကိုလူညိုကသိသည်။ ထို့ကြောင့် သူသည် ကွမ်တာအား ထပ်မံရှင်းပြသည်။ ဥယျာဉ်မှူး ပြောသမျှ စကားများနှင့်ပတ်သက်၍ ကွမ်တာ့ရင်ထဲတွင် ခံစားမှုများ ရောနေသည်။ အဘိုးအို၏စေတနာကို သိပါ၏။ အဘိုးအိုပြောသည့်အတိုင်း ထွက်ပြေးလွတ်မြောက်ဖို့ဆိုသည်မှာ မဖြစ်နိုင်ဟုလည်း ယုံကြည်စပြုပြီ ဖြစ်ပါ၏။ သို့တစေလည်း ခြေတစ်ပေါင်ကျိုး ဥယျာဉ်မှူးဘဝဖြင့် အချိန်ကုန်ရမည့်အရေးကို တွေးမိသောအခါတွင်မူကား ဒေါသစိတ်နှင့် ရှက်ရွံ့စိတ်များ ဝင်လာသည်။

နောက်တစ်နေ့တွင် ဥယျာဉ်မှူးအဘိုးအိုက ကွမ်တာအား သူ့အလုပ်ကို စတင်သင်ကြားပေးသည်။ ဟင်းသီးဟင်းရွက်ခင်းများကြားတွင် ပေါင်းမြက်များကို အဘိုးအိုခုတ်ထွင်ရှင်းလင်းသည့်အတိုင်း ကွမ်တာက လိုက်ရှင်းသည်။ အဘိုးအိုက ခရမ်းချဉ်ပင်များနှင့် အာလူးပင်များ၌ တွယ်ကပ်နေသည့် ပိုးများကို ဆွဲဖယ်ကာ မြေကြီးပေါ်သို့

မြန်မာ စာအုပ်များ

ပစ်ချပြီး ခြေနှင့်နင်းသတ်သည်။ ကွမ်တာကလည်း အဘိုးအိုလုပ်သလို လိုက်လုပ်သည်၊ နှစ်ဦးသား ဘေးချင်းယှဉ်၍ အလုပ်လုပ်နေကြသော်လည်း စကားများများ မပြောကြ၊ အလုပ်တစ်ခု နိုင်းစရာပေါ်လာလျှင် အဘိုးအိုက ခြေဟန်လက်ဟန်ပြ၍ ပါးစပ်မှ အသံပေး၍ နိုင်းတတ်သည်။ ကွမ်တာကလည်း ဘာမှပြန်မပြောဘဲ နိုင်းသည့်အလုပ်ကို ပြီးအောင်သာ လုပ်ပေးလိုက်သည်။

ထိုည ညနေစာစားအပြီး သူ့တဲတံခါးဝ၌ ကွမ်တာထိုင်နေခိုက် ဂစ်လ်ဒွန် ဟု ခေါ်သော လူတစ်ဦး ရောက်လာသည်။ ဂစ်လ်ဒွန်မှာ မြင်းနှင့်လား လည်ပတ်ကြီးများ လုပ်သူဖြစ်၍ လူမည်းများ၏ ဖိနပ်များကိုလည်းချုပ်သူဖြစ်သည်။ သူသည် ကွမ်တာအား ဖိနပ်တစ်ရံပြသည်။ သခင်က ကွမ်တာအတွက် ချုပ်ပေးရမည်ဟုခိုင်းသဖြင့် သူချုပ် လာခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ကွမ်တာသည် ဖိနပ်ကို ယူထားလိုက်ပြီး ကျေးဇူး တင်စကားပြောလိုက်သည်။ သူနှင့် တော်မတော် စီးမကြည့်မီ ဖိနပ်ကို အပြန်ပြန် အလှန်လှန် ကြည့်နေမိသည်။ ဤဖိနပ်မျိုးကို စမ်း၍စီးကြည့်ရသည်မှာ ထူးဆန်း သလိုလိုဖြစ်နေသည်။ သို့သော်လည်း နှစ်ဖက်စလုံး သူ့ခြေများနှင့် တော်လျက်ရှိ၏၊ ညာဘက်ဖိနပ်၏ ခြေဖျားပိုင်းတွင် ဝါဂွမ်းများခံထားသည်ကိုလည်း သတိထားမိသည်၊ ဖိနပ်ချုပ်သမားက ဖိနပ်ကြိုးများကိုချည်ပေးပြီး လမ်းလျှောက်ကြည့်ရန် အကြံပေးသည်၊ ဘယ်ဘက်ကတော့ ဘာမျှပြောစရာမရှိ။ ညာဘက်ကတော့ တစ်မျိုးဖြစ်နေသည်၊ အထူးသဖြင့် ချိုင်းထောက်မသုံးဘဲ စမ်းလျှောက်ကြည့်သည့်အခါ အဆင်မပြေလှ။ ခြေ ထော့နင်းထော့နင်းဖြစ်နေသည်။ ခြေထောက်များမှာ ရဲရဲဝံ့ဝံ့လှမ်း၍မရ။ သူ့ဖိနပ်ချုပ် သမားက ယင်းသို့ဖြစ်ရသည်မှာ ဖိနပ်ကြောင့်မဟုတ်။ ကွမ်တာ၏ ခြေငုတ်တိုကြောင့် ဖြစ်သည်ဟု ရှင်းပြသည်။ မကြာခင် အလေ့အကျင့်ရပြီး အဆင်ပြေသွားမှာပါဟုလည်း အားပေးသည်။

ထိုနေ့ နေ့ခင်းပိုင်းတွင် ကွမ်တာသည် ခပ်ဝေးဝေးလျှောက်ကြည့်သည်။ ညာ ဘက် ခြေထောက်က မသက်သာလှသေး။ ဖိနပ်ဦးထဲမှ ဝါဂွမ်းအနည်းငယ် ထုတ်ပစ် ပြီး ထပ်စီးကြည့်သည်။ ထိုအခါ ပို၍လျှောက်လို့ကောင်းလာသည်။ နောက်ဆုံးတွင် သူ့တစ်ကိုယ်လုံး၏အားကို ညာဘက်ခြေထောက်ပေါ် အားပြုပြီး ရပ်ရဲလျှောက်ရဲလာ သည်။ စီးစက ညာခြေထောက်မှ ခြေချောင်းများ အဆမတန် နာကျင်ခဲ့သော်လည်း ယခု လုံးဝနာကျင်ခြင်း မရှိတော့ပေ။

ထိုသီတင်းပတ်အတွင်း တစ်ရက်တွင် လူဖြူသခင်၏ မြင်းရထားသည် ခရီးဝေးမှ ပြန်ရောက်လာသည်။ ရထားသမား လူသာသည် ချက်ချင်း ကွမ်တာ၏ တဲသို့ ရောက် လာပြီး တယောဆရာ၏ တဲဘက်သို့ ခေါ်သွားသည်။ လူသာက တယောဆရာအား သတင်းတစ်ခု ဝမ်းသာအားရ ပြောပြနေခိုက်တွင် ကွမ်တာသည် ဘေးမှရပ်၍ နား

မြန်မာ စာအုပ်များ

ထောင်နေသည်။ ထို့နောက် တယောဆရာက အိမ်ကြီးဆီသို့ ခေါင်းဆတ်ပြပြီး ထို အိမ်ကြီး၌နေသော လူဖြူသခင် ဝီလျံဝေါလားက ကွမ်တာအားပိုင်သွားပြီဖြစ်ကြောင်း ထပ်၍ရှင်းပြသည်။

'လူသာကပြောတယ်၊ မင့်ကို ပထမကပိုင်တဲ့ သူ့ညီဆီက တခင်က ဝယ်လိုက်ပြီတဲ့။ အခုချိန်ရင် မင့်ကို တခင်ဝေါလားက ပိုင်သွားပြီ'

ကွမ်တာသည် သူ့ရင်တွင်းခံစားချက်များကို ဖော်ပြခြင်းမပြု။ လူတစ်ဦးက သူ့အား 'ပိုင်သွားပြီ' ဟူသောစကား ကြားရသဖြင့် စိတ်တိုသည်။ ရှက်လည်းရှက်သည်။ သို့သော် သူ့စိတ်ကတော့ များစွာပေါ့ပါးသွားသည်။ အဘယ့်ကြောင့်ဟူမူ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မူလပိုင်ရှင်ဖြစ်သော တိုးဘော့ထံ ပြန်ရောက်သွားမည်ကို အမြဲတစေ စိုးရိမ်ထိတ်လန့်နေရခြင်းကြောင့်ဖြစ်၏။ တယောဆရာက လူသာ ထွက်သွားသည့်အခါ စကားတစ်ခွန်းပြောသည်။

'ဒီမှာရှိနေကြတဲ့ နီဂရိုးတွေကပြောကြတယ်။ တခင်ဝီလျံဟာ သဘောကောင်းတယ်တဲ့။ ငါကတော့ အဆိုးဆုံးလူဖြူတွေနဲ့ တွေ့ခဲ့ဖူးတယ်ကွ။ ဒါပေမဲ့ လူဖြူဆိုရင် တစ်ကောင်မှ ကောင်းမှာတော့ မဟုတ်ပါဘူး။ ဒီလူတွေက နီဂရိုးတွေအပေါ်မှာ မှီပြီး အသက်မွေးနေကြတာ။ သူတို့ပိုင်ဆိုင်နေတဲ့ ပစ္စည်းတွေအားလုံးထဲမှာ နီဂရိုးတွေဟာ အကြီးမားဆုံးပစ္စည်းကွ'

[၅၂]

ယခုအခါ ကွမ်တာသည် နေ့စဉ်နေ့တိုင်း အလုပ်ပြီးသည်နှင့် သူ့တဲသို့ပြန်သည်။ ညနေခင်း ဘုရားဝတ်ပြုသည်။ ပြီးစီးသွားသည့်အခါ ဘုရားဝတ်ပြုစဉ်က ကြက်ယက်ထားသလိုဖြစ်သွားသော မြေကြီးပေါ်၌ အာရပ်ဘာသာစကားလုံးများကို တုတ် တစ်ချောင်းဖြင့် ရေးသည်။ ထို့နောက် သူရေးထားသည့် စာလုံးများကို အတန်ကြာ ထိုင်ကြည့်သည်။ ညစာစားခါနီးကျမှ အကြည့်ရပ်ကာ စာလုံးများကို ပြန်ဖျက်သည်။ ကိစ္စဝိစ္စအားလုံး ပြီးသွားသည့်အခါတွင်မူ တယောဆရာက ဒိုင်ခံ၍ပြောနေသော စကားဝိုင်းသို့သွားကာ အများနှင့်ရောထိုင်ပြီး နားထောင်သည်။

အာဖရိကန်များလုပ်သကဲ့သို့ ကွမ်တာသည် အချိန်မည်ရွေ့မည်မျှကုန်သွားပြီကို သိရန်အတွက် လတစ်ကြိမ်ပြည့်ပြီး နောက်တစ်နေ့နံနက်တိုင်း ကျောက်စရစ်ခဲ တစ်လုံးကို ခွက်တစ်ခုထဲ မှန်မှန်ထည့်သည်။ ပထမတစ်ကြိမ်တွင် သူ ထည့်ခဲ့သည့် ကျောက်စရစ်ခဲများမှာ ၁၂ လုံးမျှရှိခဲ့ရာ ပထမတိုးဘော့၏ ယာမြေပေါ်၌ ၁၂လမျှ နေထိုင်ခဲ့ရသည်ဟု ခန့်မှန်းနိုင်ခဲ့၏။ ယခု ယာမြေပေါ်သို့ ရောက်ခဲ့ပြီးသည့်နောက်တွင်

မြန်မာ စာအုပ်များ

ကျောက်စရစ်ခဲခြောက်လုံးမျှ ထပ်ထည့်နိုင်ခဲ့၏။ ထို့နောက် ကျောက်ခဲအားလုံးကို ရေတွက်ကြည့်ခဲ့ရာ ၁၇ မိုးအတွက် ၂၀၄ လုံးမျှ ရှိနေသည်ကို တွေ့ရသည်။ အားလုံးပေါင်းကြည့်လိုက်သောအခါတွင်မှ သူ ဂျပ်ဖူရီရွာနှင့် ကွဲကွာလာခဲ့သည်မှာ ဆယ့်ကိုးမိုးအတွင်းသို့ ဝင်စပြုနေပြီဖြစ်ကြောင်း သိခဲ့ရလေသည်။

သူသည် လူငယ်တစ်ယောက်မျှသာရှိသေး၏။ သို့သော် စိတ်ကတော့ အိုစာကျပ်လို ဖြစ်နေရလေပြီ။ ဥယျာဉ်မှူးအလုပ်ဖြင့် အချိန်ကုန်ခံကာ ရှိရှိသမျှမျှော်လင့်ချက်နှင့် မာန်မာနများ အဆုံးရှုံးခံရတော့မည်လော။ ထိုအတွေး ဝင်လာသည့်အခါတိုင်း သူ့စိတ်သည် ဆောက်တည်ရာမရနိုင်လောက်အောင် ချောက်ချားခြင်းဖြစ်ရ၏။ မည်သို့ပင်ဖြစ်စေ သူ့ဘဝကို ဤအဘိုးအိုကဲ့သို့အဖြစ်မခံဟု ကွမ်တာ အနိုင်အမာဆုံးဖြတ်သည်။

မနက်တိုင်း ကွမ်တာ ဥယျာဉ်ထဲရောက်၍ အလုပ်ကို တကုန်းကုန်းလုပ်နေပြီဆိုပါက ဘဲလ်တစ်ယောက် ခြင်းတောင်းတစ်လုံးဆွဲ၍ ရောက်လာတတ်သည်။ ဘဲလ်သည် အိမ်ကြီး၏ထမင်းချက်ဖြစ်လေရာ သူချက်ပြုတ်မည့် ဟင်းသီးဟင်းရွက်များ လာခူးခြင်းဖြစ်သည်။ လူချင်းဆုံမိကြသည့်အခါများတွင် ဘဲလ်သည် ကွမ်တာအား လှည့်ကြည့်လေ့မရှိ။ ကွမ်တာ့ရှေ့မှ ဖြတ်လျှောက်သွားသည့်အခါများတွင်လည်း စောင်း၍ ကြည့်ဖော်မရ။ ဤအပြုအမူကို မြင်ရသည့်အခါတိုင်း ကွမ်တာသည် စိတ်ဆိုးခြင်းဖြစ်ရုံမျှမက အံ့ဩခြင်းလည်းဖြစ်သည်။ သူ့ဘဝတည်ငြိမ်ရေးအတွက် အိပ်ရာထက်၌ ပက်လက်လဲကာ ရုန်းကန်လှုပ်ရှားနေရသည့်အချိန်ကတော့ ဘဲလ်သည် သူ့တဲသို့ မှန်မှန်လာပြီး ပြုစုခဲ့၏။ တယောဆရာ၏ တဲအတွင်း၌ ဆုံမိတိုင်းလည်း သူ့အား ခေါင်းညိတ်နှုတ်ဆက်လေ့ရှိ၏။ အခုကျတော့လည်း သူ့အချိုးက တစ်မျိုး။ ဟိုတစ်ချိန်က သူ့အား လာ၍ပြုစုနေခြင်းမှာ သူ့သခင်၏ အမိန့်အရသာဖြစ်ပေမည်။ စေတနာပါ၍ ဟုတ်ဟန်မတူ။ ဒီလိုအမျိုးသမီးကို မုန်းတီးမှုဖြစ်မည်ဟု စိတ်ထဲက ကျိတ်၍ ပိုင်းဖြတ်သည်။

ရက်များစွာမကြာမီ တစ်ရက်တွင် အဘိုးအိုသည် ဥယျာဉ်သို့ ရောက်မလာ။ အဘိုးအိုတော့ ဖျားနေပြီဟု ကွမ်တာတွေးသည်။ ဤရက်များအတွင်း အဘိုးအိုကို ကြည့်ရသည်မှာ ယခင်ကထက်ပို၍ ချည့်နဲ့လာဟန်ရှိ၏။ ကွမ်တာသည် အဘိုးအို၏တဲသို့သွား၍ မေးမြန်းစုံစမ်းခြင်းမပြုတော့ဘဲ ဥယျာဉ်ထဲသို့ဝင်ကာ ရေလောင်းပေါင်းသင်ခြင်းပြုသည်။ တခြားကြောင့်မဟုတ်။ ဤအချိန်သည် ဘဲလ်ရောက်လာမည့်အချိန်မှန်း သိနေသောကြောင့်ပေတည်း။

မိနစ်အနည်းငယ်မျှအကြာတွင် ဘဲလ်ရောက်လာသည်။ ထုံးစံအတိုင်း ကွမ်တာအား လှည့်မကြည့်။ ဟင်းသီးဟင်းရွက်များခူး၍ သူ့လက်ဆွဲခြင်းထဲ ထည့်နေသည်။ ကွမ်တာက ပေါက်ပြားကိုင်ကာ ဘဲလ် လုပ်ကိုင်နေပုံကို မျက်ခြည်မပြတ်ကြည့်သည်။

ထို့နောက် ဘဲလ်သည် ပြန်ရန်ဟန်ပြင်ပြီးခါမှ ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြီး လက်ထဲမှဆွဲခြင်းကို မြေကြီးပေါ်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ကွမ်တာအား တင်းမာသောမျက်နှာထားဖြင့် တစ်ချက်လှမ်းကြည့်ကာ ထွက်သွားသည်။ ခါတိုင်းဆို လျှင် ဘဲလ်၏လက်ဆွဲခြင်းကို အဘိုးအိုကဆွဲ၍ လိုက်ပို့နေကျ။ ယခုလည်း ဘဲလ်က သူ့အား လက်ဆွဲခြင်းကို ဆွဲ၍ ပို့ပေးရမည်ဟု မျက်နှာရိပ်မျက်နှာကဲ ပြသွားခြင်းဖြစ်၏။ ကွမ်တာ အကြီးအကျယ်ဒေါပွသွားသည်။ ဂျပ်ဖူရီရွာမှ မိန်းမများသည် သယ်စရာရှိသမျှ ကို သူတို့ဘာသာသူတို့ သယ်ကြ၏။ ကွမ်တဲာသည် လက်ထဲမှပေါက်ပြားကို ဆောင့် ချလိုက်သည်။ လက်ဆွဲခြင်းကိုမယူဘဲ ထွက်သွားမည်ဟု စိတ်ကူးသည်။ သို့သော်လည်း ဘဲလ်သည် သူတို့သခင်နှင့် အနီးကပ်ဆုံးလူတစ်ယောက် ဖြစ်နေသည်ကို သတိရ လိုက်သဖြင့် တန့်သွားသည်။ သူသည် အံကိုကြိတ်လိုက်ကာ လက်ဆွဲခြင်းကို ကောက် ယူပြီး ဘဲလ်၏နောက်မှ တိတ်ဆိတ်စွာလိုက်သွားသည်။ တံခါးဝအရောက်တွင် ဘဲလ်က နောက်သို့လှည့်၍ ပမာမခန့်မျက်နှာပေးဖြင့် ကွမ်တာ့လက်ထဲမှ ခြင်းကို ဆွဲယူသည်။ ကွမ်တာသည် ဥယျာဉ်ဘက်သို့ ဆောင့်ကြီးအောင့်ကြီးနှင့် ပြန်လျှောက်လာခဲ့လေ၏။

ထိုနေ့မှစ၍ ကွမ်တာသည် အချိန်ပြည့် ဥယျာဉ်မှူးတစ်ယောက်သဖွယ် ဖြစ်လာ ခဲ့သည်။ အလွန်နာမကျန်းဖြစ်နေရှာသော အဘိုးအိုမှာ ရံဖန်ရံခါမှသာ ရောက်လာ တတ်၏။ လာပြန်တော့လည်း ကြာကြာမလုပ်နိုင်။ ခဏတစ်ဖြုတ်လုပ်ကိုင်ပြီး ပြန် သွားသည်ကများသည်။ သူတို့၏ အင်အားချည့်နဲ့မှုအတွက် ရက်စိတ်ဝင်နေလေ့ရှိသော ဂျပ်ဖူရီရွာသား အဘိုးအိုများကို ကွမ်တာ သတိရနေမိ၏။

ကွမ်တာသည် နေ့စဉ်နှင့်အမျှ ဘဲလ်၏ လက်ဆွဲခြင်းကိုဆွဲ၍ အိမ်ကြီး၏ နောက် ဖေး တံခါးဝအထိ လိုက်ပို့ပေးရသောအလုပ်ကို အလွန်စက်ဆုပ်သည်။ သူသည် မကြားတကြားရေရွတ်ကာ ဘဲလ်၏နောက်မှ လိုက်သွားလေ့ရှိသည်။ တံခါးဝအရောက် တွင်လည်း လက်ဆွဲခြင်းကို ဘဲလ်၏လက်ထဲသို့ ခပ်ကြမ်းကြမ်းထိုးထည့်ပေးပြီး ချာခနဲ လှည့်၍ ပြန်လာတတ်သည်။

သူ့ခွက်ထဲသို့ နှစ်ဆယ့်နှစ်လုံးမြောက် ကျောက်စရစ်ခဲထည့်ပြီးခဲ့သည့်နောက် တစ်နေ့သောနံနက်တွင် သူလုံးဝမမျှော်လင့်သော အပြောင်းအလဲတစ်ခုနှင့် ကြုံရသည်။ ဘဲလ်က သူ့အား အိမ်ကြီးထဲသို့လိုက်ရန် လက်ဟန်ခြေဟန်ပြ၍ခေါ်သည်။ သူသည် တစ်ခဏမျှ တွန့်ဆုတ်ဆုတ်ဖြစ်နေပြီး အသာဝင်လိုက်သွားကာ သူ့လက်ထဲမှခြင်းကို စားပွဲတစ်လုံးပေါ်သို့ချလိုက်သည်။ သူတို့အားလုံးက 'မီးဖိုချောင်' ဟုခေါ်နေသော ဤအခန်းထဲမှ ပစ္စည်းများသည် သူ့မျက်စိထဲတွင် အထူးအဆန်းတွေချည်းဖြစ်နေသည်။ သူပြန်ထွက်ရန် အားယူနေခိုက် ဘဲလ်က သူ့လက်မောင်းကိုတို့၍ အသားညှပ်ထား သည့် ဘီစကွတ်နှစ်ချပ် လှမ်းပေးသည်။ သူသည် လက်ထဲရောက်လာသည့် မုန့်ကို ငေးကြည့်နေမိ၏။

မြန်မာ စာအုပ်များ

'အသားညှပ်မုန့်ကို မပြင်ဖူးဘူးလား။ ဘာပြုလို့ ဒီလောက်ကြီးကြည့်နေရတာလဲ။ မုန့်က ရှင့်ကို မကိုက်ပါဘူး။ ရှင်ကသာ မုန့်ကိုကိုက်ရမှာ။ ကဲ...ကဲ သွားတော့'ဟု ဘဲလ်က ပြောသည်။

နောက်ရက်များတွင်လည်း ဘဲလ်သည် အစားအသောက်အမျိုးမျိုးကို တစ်ပွဲ့တစ်ပိုက်ကြီး ပေးတတ်သည်။ အရင်က သူမစားဖူးခဲ့သည့် အစားအစာများဖြစ်၏။ မည်သည့်အစားစာမျိုးပေးပေး ကွမ်တာအဖို့ အရသာရှိလှသည်ဖြစ်ရာ ဘဲလ်၏လက်ရာကို ပအံ့သြဘဲမနေနိုင်။ ဘဲလ်သည် သူ့အား ဝက်သားနှင့်မကင်းသည့် အစားအစာကို ဘယ်တော့မျှမပေး။ သူ ဝက်သားမစားခြင်းကို ဘဲလ် ဘယ်လိုနည်းနှင့် သိနေသနည်း။ သူ့အနေဖြင့် ဘဲလ်အား စကားပြောချင်ပါ၏။ သို့သော်လည်း သူပြောချင်သည့်စကားများကို ဘဲလ်နားလည်အောင် ပြောနိုင်စွမ်းမရှိ။ ထို့ကြောင့်လည်း ဘဲလ်၏အနားသို့ ရောက်လျှင် ပါးစပ်က အသံတစ်ချက်နှစ်ချက်ပြုပြီး ပြန်လာခဲ့သည်ချည်းဖြစ်၏။

တနင်္ဂနွေတစ်ရက် ညစာစားအပြီးတွင် ကွမ်တာသည် ခြေညောင်းလက်ဆန့် သဘောမျိုးဖြင့် ဖစ်ဒလာ၏တဲအနီး၌ လမ်းလျှောက်နေသည်။ တစ်ချိန်လုံးစကားအမျှင်မပြတ် ပြောနေသော ကိုလူညိုသည် ကွမ်တာအား လှမ်းပြောသည်။

'ဟော့...တိုဘီ၊ မင်းတော်တော်ဝလာတာပဲကွ'

မှန်သည်။ ဂျပ်ဖူရီရွာမှ ခွာလာကတည်းက ယခုအချိန်လောက် နေလို့ထိုင်လို့ကောင်းသည့်အချိန် မရှိသေး။

ဖစ်ဒလာကိုယ်တိုင်မှာလည်း လပေါင်းများစွာ ဂျုံရိုးပြတ်များကို ပနားမနေ ဖွတ်မြီးထိုး၍ လေ့ကျင့်လာခဲ့သဖြင့် သူ့လက်ချောင်းများသည် ယခင်ကထက်ပို၍ သန်စွမ်းလာသည်။ အချိုးခံခဲ့ရပြီးချိန်မှစ၍ လှုပ်ရှားရခက်ခဲ့သော သူ့လက်ချောင်းများသည် ယခုအခါ တယောကို ပြန်ထိုးနိုင်နေပြီ။ ညနေစောင်းဆိုလျှင် သူ့တယောသံကို ကြားလာကြရပြီ။ သီချင်းတစ်ပုဒ်ဆုံးတိုင်း ပရိသတ်၏ လက်ခုပ်ဩဘာသံနှင့် အော်ဟစ်သံများ ကြားရသည်။

'အခု ငါထိုးတာ ဘာမှမဖြစ်လောက်ပါဘူးကွာ။ ငါ့လက်ချောင်းတွေက အခုထက်ထိ ထိုးတံကို တွက်တွက်လက်လက် ထိုးလို့မရသေးဘူး'ဟု ဖစ်ဒလာက စိတ်ပျက်လက်ပျက် ညည်းသည်။

'မင်းဟာ အတော်ကံကောင်းတဲ့ နီဂရိုးတစ်ယောက်ပဲ'ဟု ဖစ်ဒလာက ဆက်ပြောသည်။ 'နေ့တိုင်း အဲဒီဥယျာဉ်ထဲမှာ လုပ်နေရတာဆိုတော့ ဟန်ကျတာပေါ့ကွာ။ ဘယ်တုမှ အခုလို တက်တာတဲ့အလုပ်မျိုးမရကြဘူး။ ယာတောက မြေပေါ်ဆိုရင် မလွယ်ဘူး။ မြေက အကျယ်ကြီး။ အရမ်းပင်ပန်းတယ်'

ကွမ်တာက ဖစ်ဒလာပြောသည့်စကားကို နားလည်သလိုလိုရှိသည်။ 'ပင်ပန်းတယ်'ဟု ရေရွတ်သည်။ 'ဒီအလုပ်ထက် ပိုပြီးပင်ပန်းတယ်၊ ဟုတ်လား'

ဖစ်ဒလာက ရယ်ကျဲကျဲလုပ်နေသည်။

'မင့်စကားပြောပုံ မှန်လာပြီ အာဖရိကန်ရဲ့'

[၅၃]

လများသည် လျင်မြန်စွာ ကုန်လွန်သွားလျက်ရှိသည်။ မကြာခင်မှာပင် နွေရာသီဟုခေါ်နေကြသည့် ပူနွေးသောရာသီ ကုန်ဆုံးသွားပြီး ကောက်သိမ်းချိန် ဝင်လာပြီဖြစ်ရာ ကွမ်တာနှင့်တကွ လူမည်းအားလုံး တာဝန်တွေ ပိုများလာခဲ့သည်။ ဘဲလ်အပါအဝင် အခြားလူမည်းများသည် ယာမြေများပေါ်၌ အလုပ်ရှုပ်နေကြသကဲ့သို့ ကွမ်တာမှာလည်း မူလတာဝန်ဖြစ်သည့် ဥယျာဉ်လုပ်ငန်းကိုသာမက ကြက်များ၊ နွားများနှင့် ဝက်များကိုပါ ထိန်းသိမ်းပေးနေရသဖြင့် အလုပ်များလျက်ရှိ၏။ ဝါကောက်သည့်လုပ်ငန်းကို အရေးတကြီးလုပ်နေရချိန်တွင်မူ ကွမ်တာသည် ဝါခင်းတစ်လျှောက်တွင် လေးဘီးတပ်လှည်းကြီးကို မောင်း၍ ဝါသိမ်းရသည်။ ယာတောမှ သူ့တဲသို့ မိုးမချုပ်ခင် ပြန်ရောက်သည့်နေ့ဟူ၍ မရှိ။ တစ်ခါတစ်ရံ ပင်ပန်းလွန်းသဖြင့် ညစာစားဖို့ပင် သတိမရ။ အဝတ်အစားများကိုပင် မချွတ်နိုင်တော့ဘဲ ခေါင်းပေါ်မှ ကောက်ရိုးဦးထုပ်နှင့် ခြေထောက်မှ ရှူးဖိနပ်များကိုသာ ကသောကမျောချွတ်ပြီး အိပ်ရာပေါ်လှဲသည်။ တစ်ခဏအတွင်း သူ အိပ်မောကျသွားချိန်တွင် သူ့အင်္ကျီနှင့်ဘောင်းဘီ၌ စိုရွှဲနေသည့် ချွေးများပင် မခြောက်သေး။

မကြာမီ လေးဘီးတပ် လှည်းကြီးများပေါ်၌ ဝါတွေ တောင်ပုံရာပုံဖြစ်လာသည်။ ထို့နောက် ဂျုံပင်များတွင် တစ်တစ်ရစ်ရစ်ရှိလှသော အဖူးအနှံများ ထွက်လာသည်။ တစ်ချိန်တည်းမှာပင် ရွှေရောင်သန်းနေသော ဆေးရွက်များကိုအခြောက် လှန်းကြသည်။ ယာမြေအတွင်းရှိ လူတိုင်းသည် 'ကောက်သိမ်းကပွဲကြီး'ဆင်နွှဲရန် တာစူကြသည်။ တစ်နှစ်တစ်ကြိမ်သာကြုံရသည့် ထူးခြားသောပွဲဖြစ်၍ ယာပိုင်ရှင်သည် ကိုယ်တိုင်တက်လိမ့်မည်ဖြစ်သည်။ အားလုံးစိတ်လှုပ်ရှားနေကြသည်ကို တွေ့မြင်နေရသော ကွမ်တာသည် ဤပွဲအပေါ်တွင် စိတ်ဝင်စားသည်။ ဤပွဲသည် လူမည်းများကိုးကွယ်သည့် ဘုရားသခင်နှင့် ဆက်စပ်ပုံမရ။ ထို့ကြောင့် ဤကပွဲ တက်မည်ဟု ကွမ်တာ ဆုံးဖြတ်သည်။ သို့သော် ကိုယ်တိုင်ကိုယ်ကျတော့ ပါဝင်မည်မဟုတ်။ ပွဲကြည့်ပရိသတ်အဖြစ်နှင့်သာ ဘေးမှထိုင်ကြည့်မည်ဟု စိတ်ကူးသည်။

မြန်မာ စာအုပ်များ

ကွမ်တာရောက်လာချိန်တွင် ကပွဲသည် အရှိန်ရလျက်ရှိလေပြီ။ တယောဆရာ၏ လက်ချောင်းများသည် သွက်လက်လျင်မြန်စွာ လှုပ်ရှားနေကြသည်။ လူမည်းတစ်ယောက်က အမဲရိုးနှစ်ချောင်းကိုရိုက်ခတ်၍ စည်းလိုက်နေသည်။ ထိုအခိုက်တွင် 'ကိတ်မုန့်အက'ဟူသောအသံ ထွက်လာသည်။ ဆုအဖြစ်ချီးမြှင့်မည့် 'ကိတ်မုန့်တစ်လုံး ရရှိရေးအတွက် ကကြရမည့်အကဖြစ်၏။ နီဂရိုးအက တစ်မျိုးဖြစ်၍ ခြေထောက်များကို အသုံးပြုကာ ဟန်ပါပါလျှောက်၍ ကသွားရသောအကဖြစ်သည်။ ကနေသူများ၏ ခြေချပုံ၊ ခြေလှမ်းပုံနှင့် ခန္ဓာကိုယ်လှုပ်ရှားပုံများသည် သိုးနံ့စိုက်ဟန်၊ သစ်ခုတ်ဟန်၊ ဝါကောက်ဟန်၊ တံစဉ်လွှဲဟန်၊ ဂျုံပိုင်းနုတ်ဟန်၊ မြက်ခြောက်များကို ခက်ရင်းခွနှင့်ကော်၍ လှည်းပေါ်တင်ဟန် စသည်ဖြင့် ဟန်အမျိုးမျိုးပါနေသည်ကို ကွမ်တာမြင်တွေ့နေရ၏။ ဂျပ်ဖူရီရွာ ကောက်သိမ်းပွဲတော်မှ အကများနှင့် တူလွန်းသဖြင့် ကွမ်တာ စိတ်မထိန်းနိုင်။ အမှတ်တမဲ့ သူ့ခြေထောက်ကောင်းတစ်ဖက်သည် မြေကြီးပေါ် တဖျတ်ဖျတ်ရိုက်ခတ်ကာ စည်းလိုက်နေမိသည်။ သူဘာလုပ်နေမိသည်ကို သတိထားမိလိုက်သောအခါ သူသည် မလုံမလဲဖြစ်သွားသည်။

ထိုအခိုက်မှာပင် ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျ မိန်းကလေးတစ်ဦး ဝင်လာသည်။ ဦးခေါင်းကို နောက်လန်လိုက် ငုံ့လိုက်၊ ကိုယ်လုံးကို လှည့်လိုက် ပတ်လိုက် လုပ်ကာ လျင်မြန်စွာကသည်။ သူ့လက်များသည် ကျက်သရေရှိသော ကကွက်များကို ဖော်ပြနေကြသည်။

မိန်းကလေး မော၍ အနားယူသည့်အခါ ပရိသတ်က လက်ခုပ်တီး၍ အော်ဟစ်သြဘာပေးကြသည်။ သခင်ဝေါလားက မိန်းကလေးအား ဒေါ်လာဝက် ဆုချီးမြှင့်လိုက်သည့်အခါ သြဘာသံများသည် တိုး၍ကျယ်လောင်လာသည်။ သခင်ဝေါလားသည် ဆုပေးအပြီးတွင် တယောဆရာအား ပြုံး၍နှုတ်ဆက်ပြီး ကပွဲအတွင်းမှ ထွက်ခွာသွားသည်။ ကသူများ တိုးလာသည်။ ကြည့်ရသည်မှာ ညလုံးပေါက် ကကြမည့်ပုံ။

အိပ်ရာထက်၌လှဲနေသော ကွမ်တာသည် သူကြားခဲ့ မြင်ခဲ့သမျှကို ပြန်တွေးနေသည်။ ရုတ်တရက် သူ့တဲတံခါးကို အပြင်မှခေါက်လိုက်သည့်အသံ။

'ဘယ်သူလဲ'ဟု သူက လှမ်းမေးသည်။

'တံခါးဖွင့်ကွာ နီဂရိုး'

တယောဆရာ၏အသံမှန်းသိသဖြင့် ကွမ်တာ တံခါးဖွင့်ပေးသည်။ တထောင်းထောင်းထနေသော အရက်နံ့သည် နှာခေါင်းဝသို့ ရောက်လာသည်။

'မင်း ငါတို့တခင်ကို မြင်ခဲ့တယ်မဟုတ်လား'ဟု တယောဆရာက မေးသည်။

'ငါ တယောကောင်းကောင်းထိုးတတ်တာ တူ မတိုးတေးဘူးကွ။ အခုချိန်ရင် တူ တိတ္တားပြီ။ မင်းစောင့်ကြည့်။ လူဖြူတွေကိုဖည့်ခံဖို့ ငါ့ကိုငှားလိမ့်မယ်'

မြန်မာ စာအုပ်များ

သူသည် ရွှင်မြူးသောလေသံဖြင့်ပြောကာ ခွေးခြေပေါ်ထိုင်သည်။

'ဒီမှာ ငါပြောမယ်။ တယောထိုးတဲ့နေရာမှာ ငါက ဒုတိယအကောင်းချုံးကွ။ မင်း 'ဆီ-ဂီးလီးယက်'ချိုတဲ့ နာမည် ကြားဖူးသလား။ ရစ်ချ်မွန်မြို့က လူလေကွာ။ ဟုတ်တားကပဲ၊ မင်းဘယ်ကြားဖူးမှာလဲ။ တူက ကမ္ဘာမှာအကောင်းချုံး ကျွန်နီဂရိုး တယောချရာတစ်ယောက်ပဲ။ ငါ တူနဲ့တွဲပြီး တယောထိုးခဲ့ဖူးတယ်။ ဒီမှာ ငါ့လူ၊ တူ က လူဖြူတွေရဲ့ ကပွဲကြီးကလွဲပြီး ဘယ်ကိုမှလိုက်ပြီး တယောမထိုးဘူးကွ၊တိလား။ မင်း တူ့ကို မြင်ဖူးရင်ကောင်းမှာ။ နန်းတွင်းအဝတ်တွေဝတ်ပြီး ရွှေရည်သုတ်ထားတဲ့ ဘယောကိုမှ ထိုးတာ။ လူဖြူတွေက အရမ်းကို ကကြတာပေါ့ကွာ'

တယောဆရာသည် နောက်ထပ်တစ်နာရီခန့် လေပန်းနေသည်။ သူက ရစ်ချ်မွန် ဆေးလိပ်အလုပ်ရုံများ၌ အလုပ်လုပ်နေကြသည့် ကျွန်အဆိုတော်များနှင့် တေးဂီတ သမားများအကြောင်းကိုပါ ပြောပြသည်။ ထိုပုဂ္ဂိုလ်များသည် ဆရာက စနစ်တကျ လက်ထပ်သင်ကြားပေး၍ တတ်လာကြသူများမဟုတ်။ သူတို့သခင်များက သူတို့ သားသမီးများအား သင်ကြားပြသရန် ဥရောပနိုင်ငံများမှ ငှားလာသည့် လူဖြူ ဂီတ ဆရာများ၏ လက်သံကို နားထောင်ရင်း တီးတတ်မှုတ်တတ်လာကြသူများ ဖြစ်သည်ဟု ဆိုသည်။

နောက်တစ်နေ့မနက်မှစ၍ ကွမ်တာသည် အလုပ်အသစ်အဆန်းများကို မြင်တွေ့ လာရပြန်၏။ မိန်းမများက အမဲဆီများနှင့် ဆပ်ပြာချက်ကြသည်။ ယောကျ်ားများက ပန်းသီး၊ မက်မုံသီးနှင့် ဆီးသီးများကို တဆေးဖောက်ကာ 'ဘရန်ဒီ'ဟုခေါ်သော သရည်တစ်မျိုးလုပ်ပြီး ပုလင်းများနှင့် စည်များတွင် ထည့်ကြသည်။ အချို့ကို မြေ ဒ်မှုန့်၊ ရေနှင့် ဝက်မွေးအခြောက်များရောနယ်ကာ သူတို့တဲမှ အပေါက်များကို ဖာကြ ဆေးကြသည်။ မိန်းမအချို့သည် မွေ့ရာများတွင် ဂျုံရိုးပြတ်များထည့်၍ အဆာသွတ် ကြသည်။ သခင်များအတွက်ချုပ်လုပ်သည့် မွေ့ရာများတွင်မူ ဘဲမွေးများသွတ်ကြ သည်။

လေသည် တစ်နေ့ထက်တစ်နေ့ ပို၍ပို၍အေးလာသည်။ ကောင်းကင်သည် မှိုင်း သည်ထက် မှိုင်းလာသည်။ မြေပြင်တွင် ဆီးနှင်းများ နောက်တစ်ကြိမ် ဖုံးလွှမ်းလာ ပြန်သည်။ မကြာမတင်မှာပင် လူမည်းများ၏ပါးစပ်မှ ကွမ်တာ ကြားခဲ့ဖူးသည့် 'ခရစ္စမတ်' ဟူသော စကားပြောနေကြသည်ကို ကြားလာရ၏။ ဤစကားအရဆိုလျှင် သူအများစု၍ ဆိုကြ စားကြ သောက်ကြ၊ လက်ဆောင်တွေပေးကြ စသည့်လုပ်ရပ်များကို မြင်တွေ့ရပေဦးတော့မည်။ ပျော်စရာကောင်းသည့် ပွဲတစ်ပွဲဖြစ်ပါ၏။ သို့သော် ဤပွဲ သည် သူတို့၏ဘုရားသခင်နှင့် ဆက်စပ်ပတ်သက်နေသောပွဲဖြစ်သည်။ တယောဆရာ ပါသည့် ပွဲဆိုလျှင် ကွမ်တာပျော်သည်မှာ မှန်သော်လည်း ဤပွဲကိုတော့ သူမတက်

မြန်မာ စာအုပ်များ

တော့ဟု ဆုံးဖြတ်သည်။ ဤရက်များအတွင်း၌ သူသည် တယောဆရာထံသို့ပင် သွားရောက်လည်ပတ်ခြင်းမပြု။

ထို့နောက် နွေဦးပေါက်ရာသီသို့ ကူးပြောင်းသွားသည်။ ဥယျာဉ်ထဲ၌ ဟင်းသီးဟင်းရွက်များ တန်းဆွဲစိုက်နေသော ကွမ်တာသည် ယခုလို ရာသီမျိုးတွင် စိုပြည်စိမ်းလန်းနေတတ်သည့် ဂျပ်ဖူရီရွာပတ်ပတ်လည်မှ လယ်မြေများကို သတိရမိ၏။ ဆိတ်ကျောင်းသားဘဝက ပျော်ခဲ့ရသည်များကို သတိရမိ၏။ ဤဒေသတွင်မူ လူမည်းကလေးငယ်များသည် 'သိုး'ဟုခေါ်နေကြသော သတ္တဝါများနောက်မှ အပြေးအလွှားလိုက်၍ ဖမ်းကြသည်။ ပြီးတော့တက်စီးကြသည်။ လူမည်းတစ်ယောက်သည် ထိုသတ္တဝါ၏ ကိုယ်ပေါ်မှ အမွေးများကို ကတ်ကြေးဖြင့် ကိုက်ဖြတ်ချနေသည်။ ဤသိုးမွေးများကို သန့်စင်အောင်လုပ်ပြီး ချည်ငင်ကာ အနွေးထည်များ ရက်လုပ်သည်ဟု တယောဆရာက ကွမ်တာအား ရှင်းပြသည်။

လူမည်းများက 'ဇူလိုင်'ဟုခေါ်နေကြသော နွေဥတုအလယ် စောစောပိုင်းကာလတွင် ယာခင်းဘက်မှ ပြန်လာကြသော လူမည်းများသည် အဆမတန် ပင်ပန်းမောဟိုက်လာကြသည်ကမျာ၏။ ခါးစောင်းလောက် ဝါပင်များကြားမှ ထူထပ်လှသည့် ပေါင်းမြက်များကို သုတ်သင်ရှင်းလင်း၍ ပြန်လာကြခြင်းဖြစ်သည်။ ဤအလုပ်သည် ခွန်အားအလွန်ထုတ်ရသော အလုပ်ဖြစ်သဖြင့် ပင်ပန်းလွန်းလှသည်။ သို့တစေလည်း စားစရာသောက်စရာများက စတိုခန်းများနှင့် ဂိုဒေါင်များထဲတွင် အလျှံပယ် ပေါများလှသဖြင့် အပင်ပန်းခံရကျိုးနပ်သည်ဟု ဆိုရမည်ဖြစ်၏။ ယခုလိုအချိန် ဂျပ်ဖူရီရွာတွင်မူ သစ်မြစ်များ၊ သစ်ဥသစ်ဖုများ၊ သစ်ရွက်များ၊ မြက်ပင်များကို ပြုတ်၍ ဟင်းချိုလုပ်ကာ သောက်နေကြရလေပြီ။

အလုပ်များကို ဇူလိုင်လဒုတိယပတ် တနင်္ဂနွေနေ့မတိုင်မီ ပြီးစီးအောင်လုပ်ကြရမည်ဟု ကွမ်တာ သိရ၏။ တခြားကြောင့်မဟုတ်။ ဤနယ်မြေအတွင်းရှိ ခြံကြီးများမှ လူမည်းအများစုသည် 'စခန်းချပွဲ'ဟုခေါ်သော ပွဲသို့ ခရီးထွက်ခွင့် ရထားသောကြောင့်ပေတည်း။

လူတိုင်းလိုလို သွားကြမည်ဖြစ်သဖြင့် လူအနည်းငယ်မျှသာကျန်ခဲ့မည်ဖြစ်သည်။ ကွမ်တာ ထွက်ပြေးဖို့ ကြိုးစားဦးမည်ဆိုပါက သူ့လုပ်ရပ်ကို မြင်တွေ့နိုင်သူ များများစားစားမရှိ။ သို့သော်လည်း ကွမ်တာသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားခဲ့ပြီးဖြစ်၏။ သူ့အနေဖြင့် ဤဝန်းကျင်မှ လူအများနှင့်လည်း အဆင်ပြေပြေနေလို့ဖြစ်မည်၊ သူ့ကိုယ်သူ အသုံးဝင်သည့်လူတစ်ယောက်အဖြစ် ရပ်တည်သွားနိုင်အောင်လည်း တည်ဆောက်သွားနိုင်မည်ဆိုလျှင် ထွက်မပြေးတော့ဟု အခိုင်အမာ ပိုင်းဖြတ်ခဲ့ပြီးပြီ။ ယင်းသို့ဆုံးဖြတ်ထားကြောင်း ဝန်ခံရမည်ကိုတော့ ကွမ်တာ ရှက်မိသည်

မှာ အမှန်။ သို့သော်လည်း ထွက်ပြေးလျှင် အဖမ်းခံရဦးမည့်အတူတူ သို့မဟုတ် အသတ်ခံရမည့်အတူတူ ဘဝပေးအခြေအနေအတိုင်း လိုက်လျောညီထွေ နေထိုင်သွားခြင်းက သူ့အတွက် အကျိုးဖြစ်ထွန်းဖွယ်ရှိသည်ဟု သဘောပေါက်နေပြီဖြစ်၏။ သူ့နှလုံးသား၏ အလွန်နက်ရှိုင်းသည့် နေရာတစ်နေရာကမူ သူသည် သူ့မိသားစုနှင့် ဘယ်သောအခါမှ ပြန်လည်ဆုံတွေ့ကြတော့မည်မဟုတ်ဟု သိနေခဲ့လေပြီ။ သူ့ရင်ထဲရှိ အလွန်အဖိုးထိုက်တန်သော အရာတစ်ခုကိုမူ ရင်းစားပင်ပြန်မရနိုင်တော့လောက်အောင် ဆုံးရှုံးခဲ့ရပြီဟူသော ခံစားမှုကိုလည်း သူရရှိနေခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေ မျှော်လင့်ချက်ကတော့ ရှင်သန်ဆဲပင်ဖြစ်၏။ သူ့အဖေ သူ့အမေနှင့် သူ့ညီငယ်များအား နောက်တစ်ကြိမ် ပြန်မတွေ့ရတော့သည့်တိုင်အောင် တစ်နေ့နေ့တစ်ချိန်ချိန်တွင် သူ၏ကိုယ်ပိုင်မိသားစုကိုတော့ တည်ဆောက်နိုင်စွမ်းရှိနေသေးသည်ဟု ယုံကြည်မျှော်လင့် ထားသည် မဟုတ်ပါလား။

[၅၄]

နောက်တစ်နှစ် ကုန်လွန်သွားခဲ့ပြန်လေပြီ။ ကုန်ဆုံးပုံမြန်ဆန်လွန်းသဖြင့် ကွမ်တာသည် မယုံကြည်နိုင်လောက်အောင်ပင်ဖြစ်ခဲ့ရ၏။ သူမှန်မှန်ထည့်လာခဲ့သည့် ခွက်ထဲမှ ကျောက်စရစ်ခဲများကို ရေတွက်ကြည့်လိုက်သောအခါ သူ့အသက်သည် မိုးနှစ်ဆယ်ပင် ပြည့်သွားပြီကို တွေ့ရ၏။ ရာသီဥတုသည် အေးမြလာပြန်သည်။ 'ခရစ္စမတ်'အနံ့အသက်များ လေထဲတွင် ပျံ့နှံ့လာပြန်သည်။ သူ့ရင်ထဲတွင် ကိုးကွယ်သည့်ဘာသာချင်းမတူ ဟူသော အစွဲ တည်ရှိနေဆဲ။ သို့သော်လည်း ပွဲတော်မှာ ပျော်ပွဲရွှင်ပွဲတစ်မျိုးဖြစ်နေသဖြင့် သွားမကြည့်ဘဲမနေနိုင်။ ဘေးမှထိုင်ကြည့်ရုံမျှလောက်ကိုတော့ အလွှာဘုရားသခင်က ကန့်ကွက်လိမ့်မည်မဟုတ်ဟု သူယူဆသည်။

သခင်ဖြစ်သူ ဝေါလားထံမှ ခရီးသွားခွင့်လက်မှတ်ရထားသည့် လူနှစ်ယောက်၏ တဲနှစ်တဲမှတစ်ပါး အခြားတဲမှ လူမည်းများသည် ခရစ္စမတ်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်မှုများလုပ်နေရသဖြင့် အလုပ်များလျက်ရှိကြ၏။ အိမ်ကြီးအတွင်းမှ ဘဲလ်၏ အိုးများနှင့် ဒယ်အိုးများထဲတွင်လည်း မျောက်ဥများ၊ ယုန်များနှင့် ဝက်သားများဖြင့် ပြည့်နေသည်။ ကွမ်တာသည် လုံးဝ မမြင်ဖူး မကြားဖူးခဲ့သော ကြက်ဆင်၊ ရက်ကွန်းတောကြောင်၊ သားပိုက်ကောင် စသော ထူးထူးဆန်းဆန်းအသားမျိုးစုံကိုလည်း တွေ့နေရ၏။ ဘဲလ်၏ မီးဖိုဆီမှ အနံ့များကြောင့် ကွမ်တာမှာ သွားရည်ယိုလျက်ရှိသည်။

သခင်ဝေါလားက လူမည်းများသောက်ဖို့အတွက် သစ်တော်သီးအရက် နှစ်စည်နှင့် ဝီစကီ တစ်စည်ကိုလည်း သယ်ယူလာခဲ့ပြီးဖြစ်၏။ ကွမ်တာသည် အရက်သောက်ဖို့ကျတော့ စိတ်ဝင်စားခြင်းမရှိ။

နောက်ဆုံးတွင် ပွဲတော်နေ့သို့ ဆိုက်ရောက်လာသည်။ ကွမ်တာသည် သူ့တဲဝမှ ထိုင်၍ သခင်ဝေါလား၏ ဧည့်ခံပွဲကို ကြည့်သည်။ လူဖြူဧည့်သည်များသည် ဝက်ဝက်ကွဲမျှ စားသောက်နေကြသည်။ ထို့နောက် ကျွန်အားလုံး အိမ်ကြီးရှေ့၌ စုရုံးကြသည်။ ဘဲလ်ခေါင်းဆောင်၍ သီချင်းများဆိုကြသည်။ ဝေါလားသည် အိမ်ကြီးအပေါ်ထပ်မှနေ၍ ပြတင်းပေါက်ဖွင့်ကာ လူမည်းများအား ပြုံးကြည့်နေသည်။ ထို့နောက် သူနှင့် သူ့ဧည့်သည် လူဖြူများအားလုံး ဆင်းလာကြပြီး လူမည်းများ၏ သီချင်းသံများကို နားထောင်ကြသည်။ ဝေါလားက ဘဲလ်အား တယောဆရာကို သွားခေါ်ခိုင်းသည်။ တယောဆရာ ချက်ချင်းရောက်လာပြီး တယောထိုး၍ ဧည့်ခံသည်။

ဤပွဲတော်ရက်တွင် သူတို့အားလုံး ဘာ့ကြောင့် ဤမျှပျော်ကြသနည်း။ လူဖြူများသည် ကျွန်များအား လက်ဆောင်များပင်ပေးနေကြ၏။ မိမိတို့၏ကျွန်များအပေါ်တွင် အလွန်ခင်မင်၍ ပေးကြသည်ဆိုပါမူ ဘာ့ကြောင့် ကျွန်လူမည်းများအား ရာသက်ပန် ပျော်ရွှင်မှုရသွားအောင် လွတ်လပ်ခွင့်မပေးကြပါသနည်း။ အကယ်၍ လူဖြူများက လွတ်လပ်ခွင့်ပေးလိုက်ပြီဆိုပါတော့။ သခင်ကိုသာ အမြဲတစေ မှီခိုနေသည့် ခွေးကလေးကြောင်ကလေးများနှင့်တူလှသော ဤလူမည်းများသည် သူတို့ခြေထောက်ပေါ် သူတို့ရပ်တည်သွားနိုင်ကြပါမည်လော။

အလုပ်နားရက်ဖြစ်သော တနင်္ဂနွေတစ်ရက်တွင် ကွမ်တာသည် တယောဆရာ၏ တဲသို့ ရောက်သွားသည်။ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် နှုတ်ဆက်ပြီးနောက် အချိန်အတော်ကြာသည်အထိ စကားမပြောမိကြ။

နောက်ဆုံးတွင် သူ့စိတ်ထဲကသိချင်နေသည့်မေးခွန်းတစ်ခုကို ကွမ်တာမေးသည်။

'ခင်ဗျားရောက်လာတာ ဘယ်ကလဲ'

တယောဆရာက ကွမ်တာအား စူးစူးရဲရဲကြည့်နေသည်။

'ဒီမှာနေကြတဲ့ နီဂရိုးတွေက ငါ့အကြောင်းကို တိချင်ကြတယ်။ ငါ ဘယ်သူ့ကိုမှ မပြောဘူး။ မင်းကတော့ တူတို့နဲ့မတူဘူး'

တယောဆရာက ကွမ်တာ၏အရိပ်အခြည်ကို အကဲခတ်သည်။

'တူတို့နဲ့မတူတာက မင်းဟာ ဘာမှမတိဘူး။ မင်းက ဒီမှာနေလာတဲ့လူလည်း မဟုတ်ဘူး။ ခြေထောက်လည်းအဖြတ်ခံရတယ်။ အဲဒီလိုအနှိပ်စက်ခံရတာကမျိုးက မင်းတစ်ယောက်တည်း မဟုတ်ပါဘူး'

သူ့အသံတွင် ဒေါသသံပါလာသည်။ သူသည် ရှေ့သို့ကုန်းလိုက်ပြီး နှစ်ကိုယ်ကြားလေသံဖြင့်...

'မြောက်ကာရိုလိုင်းနားမှာ ငါ့ကိုပိုင်တဲ့ တခင်တစ်ယောက်ချိတယ်။ ငါ အဲဒီက ထွက်ပြေးပြီး အင်ဒီးယန်းတွေဆီမှာ ပုန်းနေတယ်။ လွတ်လောက်ပြီလို့ထင်ရတဲ့ အချိန်

ကျတော့ ငါ အဲဒီကနေပြီး ဇာဂျီးနီးယားကိုထွက်ပြေးတယ်။ ဟိုရောက်တော့ တယော ထိုးတယ်'

'ဇာဂျီးနီးယားဆိုတာ ဘာလဲ'ဟု ကွမ်တာကမေးသည်။ လူတွေနေတဲ့ ကိုလိုနီ နယ်ကို ခေါ်တာ'

'ကိုလိုနီဆိုတာကကော ဘာလဲ'

'မင်းဟာ ငါထင်တာထက်တောင်ပိုပြီး အတဲ့ကောင်ပါလား။ ဒီမြို့မှာ ကိုလိုနီ နှစ်ဆယ့်သုံးနယ်ရှိတယ်။ တောင်ဘက်မှာ ကာရိုလိုင်းနား၊ ဟိုးမြောက်ဘက်မှာ မေရီ လင်းနယ်၊ ပင်ဆယ်ဗေးနီးယားနယ်၊ နယူးယောက်နယ်နဲ့ တခြားနယ်တွေ ရှိတယ်။ ငါတော့ မရောက်ဖူးဘူး။ တခြားနီဂရိုးတွေလည်း မရောက်ဖူးကြဘူး။ ငါကြားဖူးတာက အဲဒီနယ်တွေက လူဖြူတွေကျတော့ ကျွန်တွေမထားဘူး။ ထားတဲ့လူတချို့ကလည်း လွတ်လပ်ခွင့်ပေးပစ်ကြတယ်တဲ့။ ငါကိုယ်တိုင်လည်း တစ်ပိုင်းလွတ်လပ်တဲ့ နီဂရိုး တစ်ယောက်ပဲ'

တယောဆရာ ပြောပြနေသမျှကို ကွမ်တာနားမလည်။ သို့သော်လည်း နားလည် ဟန်ဆောင်နေသည်။ နားမလည်ဘူးဟု ပြောလိုက်လျှင် သူ့ကို လူအဟု ထပ်ခေါ်ခံရဦး မည်ကို ကြောက်၍ ဖြစ်၏။

'မင်းကော အင်ဒီးယန်းတွေကို မြင်ဖူးသလား'ဟု တယောဆရာက မေးသည်။

'ကျုပ် နည်းနည်းမြင်ဖူးခဲ့တယ်'

'တူတို့က လူဖြူတွေမရောက်ခင်ကတည်းက ဒီမှာနေကြတာ။ ကိုလမ်ဘတ်စ် လို့ခေါ်တဲ့ တူတို့လူဖြူတစ်ယောက်က ဒီနေရာကိုတွေ့တာလို့ ပြောကြတယ်။ ဒါပေမဲ့ တူလာတုန်းက အင်ဒီးယန်းတွေကိုမတွေ့လို့ တူအရင်ဆုံးတွေ့တယ်လို့ ထင်တာကွ တိလား။ တူ ဒီကိုမရောက်ခင်ကတည်းက အင်ဒီးယန်းတွေ ရှိနေတာပဲ မဟုတ်လားကွာ။ တူတို့က အရင်ရောက်နေတဲ့လူတွေကို ထည့်မတွက်ဘူး။ အင်ဒီးယန်းတွေကို လူရိုင်း တွေလို့ ခေါ်တယ်ကွ'

တယောဆရာက စကားကိုဖြတ်၍ ပြုံးသည်။

'ငါပြောမယ် ကွမ်တာ၊ မင်းတို့ အာဖရိကန်တွေနဲ့ အင်ဒီးယန်းတွေရဲ့အမှားက မင်းတို့နေတဲ့နယ်ထဲကို လူဖြူတွေကို အဝင်ခံခဲ့တဲ့ကိစ္စပဲ။ မင်းတို့က တူတို့ကို စား ဧရာနဲ့ အိပ်စရာပေးကြတယ်။ နောက်တော့ တူတို့က မင်းတို့ကို ကန်ထုတ်ပြီး ထောင် ခုရော'

တယောဆရာသည် စကားကိုဖြတ်၍ ရပ်ထားပြန်သည်။

'မင်းတို့ အာဖရိကန်နီဂရိုးတွေဟာ တိတ်ပြီး စိတ်ပျက်ဖို့ကောင်းတယ်။ မင်းလို လူမျိုး ငါးယောက် ခြောက်ယောက် ငါတွေ့ဖူးခဲ့တယ်။ ဒီမှာနေတဲ့ နီဂရိုးတွေကို

မြန်မာ စာအုပ်များ

မင်းတို့နဲ့မတူဘူး၊ မင်းတို့စိတ်မျိုး မရှိဘူးဆိုပြီး အရမ်းအထင်သေးကြတယ်။ ငါတို့က အာဖရိကအကြောင်းမှ မတိတာဘဲကွ။ မင်းတို့အာဖရိကကို တို့က ရောက်ဖူးတာလည်းမဟုတ်ဘူး။ အဲဒီတော့ တို့ကို မင်းတို့နဲ့ တူရမယ်လို့ ပြောလို့ရမလား'

သူသည် စကားဆုံးသောအခါ ကွမ်တာ့မျက်နှာကို စူးစူးဝါးဝါးကြည့်နေသည်။

ကွမ်တာသည် တယောဆရာထံမှ နောက်ထပ်ပေါက်ကွဲသံတစ်ခု ထွက်လာမည်ကို ကြောက်သည်။ သူသည် ချက်ချင်းပင်နှုတ်ဆက်၍ ပြန်လာခဲ့၏။ သူ့ခေါင်းထဲတွင် တယောဆရာပြောခဲ့သည့် စကားများကို သတိရနေသည်။ သူ့တဲထဲရောက်၍ ပြန်စဉ်းစားသည့်အခါ ပို၍ပင်သဘောပေါက်သလိုလို ဖြစ်လာသည်။ တယောဆရာသည် သူ့မျက်နှာဖုံးကို ခွာချလိုက်လေပြီ။ သူသည် ကွမ်တာ့အပေါ်၌ ယုံကြည်စိတ်ချသည့်သဘောကို ပြလိုက်ခြင်းဖြစ်၏။ ကွမ်တာ့အနေဖြင့် သူ့အရပ်ဒေသမှ ခွာလာခဲ့ရသည်မှာ သုံးမိုးပင်ရှိခဲ့ပြီ။ ထိုသုံးမိုးကာလအတွင်း ပထမဆုံးအကြိမ် မိတ်ဆွေကောင်းတစ်ယောက်နှင့် ဆုံစည်းခဲ့ရခြင်းဖြစ်သည်ဟု အတိအကျသိလာခဲ့လေပြီ။

[၅၅]

နောက်ရက်ပေါင်းများစွာအတွင်း ကွမ်တာသည် ဥယျာဉ်ထဲ၌ အလုပ်လုပ်နေသော်လည်း စိတ်ကတော့ တယောဆရာအကြောင်းကိုသာ တွေးနေမိသည်။ တယောဆရာ၏အကြောင်း နည်းနည်းပါးပါး သိရဖို့အတွက် အချိန်အများကြီးကြာခဲ့၏။ ယခုမှ သိထားသမျှထက် ပို၍သိရန် နောက်ထပ် မည်မျှကြာကြာ စောင့်ဆိုင်းရဦးမည်နည်း။ ထိုနည်းတူပင် ဥယျာဉ်မှူးအဘိုးအိုသည်လည်း မျက်နှာဖုံးစွပ်ထားသူတစ်ဦးနှင့် တူ၏။ ကွမ်တာသည် အဘိုးအိုတဲသို့ မကြာခဏရောက်ခဲ့သည်။ သို့သော်လည်း အဘိုးအိုအကြောင်းကို မည်မည်ရရမသိရ။ ထိုနည်းတူပင် ဘဲလ်၏အကြောင်းကိုလည်း များများစားစားမသိရ။ သူနှင့်ဘဲလ်သည် နေ့စဉ်စကားပြောခွင့်ရခဲ့၏။ အများအားဖြင့် သူက နားထောင်သည့်ဘက်က အနေများခဲ့သည်။ သို့သော်လည်း ဘဲလ်ပြောသည့် စကားများတွင် အသေးအဖွဲကိစ္စများသာပါဝင်သည်။ သူ့အကြောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုမျှပင်မပါ။ တစ်ခါတစ်ရံတွင် ဘဲလ်ရော အဘိုးအိုပါ သူတို့နှင့်ပတ်သက်သောအချက်များကို တစ်ခွန်းတလေ စကားစတတ်၏။ သို့သော်လည်း ပြီးပြည့်စုံအောင် ပြောသွားသည်ဟု မရှိပေ။ သူတို့နှစ်ယောက်စလုံး အလွန်သတိကြီးသူများဖြစ်သည်ဟု ကွမ်တာထင်မိ၏။ မည်သို့ပင်ဖြစ်စေ သူတို့နှစ်ယောက်အကြောင်းကိုလည်း ယခုထက်ပို၍သိအောင်လုပ်မည်ဟု ဆုံးဖြတ်သည်။ ဤသို့ဖြင့် နောက်တစ်ကြိမ် ဥယျာဉ်မှူးအဘိုးအိုထံ ရောက်သည့်အခါ မန်ဒင်ကာလူမျိုးတို့၏ နည်းပရိယာယ်အတိုင်း သိလိုသည်ကို

မြန်မာ စာအုပ်များ

တိုက်ရိုက်မမေးဘဲ တယောဆရာပြောလိုက်သည့် စကားများထဲမှ သူမရှင်းသောအရာကို မေးသည်။ သူ တယောဆရာထံမှ 'ပတ္တရောင်'ဟူသောစကား ကြားခဲ့ရကြောင်း၊ 'ပတ္တရောင်'ဆိုတာ လူလား အရာဝတ္ထုလား ရှင်းပြစေလိုကြောင်း ပြောသည်။

'သူတို့က အောက်တန်းစား လူဖြူပုလိပ်သားတွေကွ။ ဇာဂျီးနီးယားပြည်နယ် ဥပဒေအရ လမ်းတွေမှာ ပတ္တရောင်လှည့်ကြရတယ်။ နီဂရိုးတွေတွေ့ရင် ပိုင်ရှင်ရဲ့ ခွင့်ပြုချက်နဲ့ ခရီးသွားတာလားလို့ စစ်တယ်။ မပါရင် ကြာပွတ်နဲ့ရိုက်ပြီး ဖမ်းတယ်။ ပြီးတော့ ထောင်ကိုပို့တယ်။ သူတို့ကို လူဖြူတွေက ငှားပြီးခိုင်းထားတာ။ လူဖြူတွေဟာ သူတို့လက်ထဲကထွက်ပြေးတဲ့ နီဂရိုးတွေ ပြန်ပြီး တော်လှန်မှာကို သေမလောက်ကြောက်ကြတယ်။ အဲဒါကိုမင်းနားလည်ရဲ့လား။ ဖမ်းမိတဲ့ နီဂရိုးတွေကို သူ့မိန်းမနဲ့ သူ့ကလေးတွေရှေ့မှာ ကိုယ်တုံးလုံးချွတ်ပြီး သေလုမျောပါးဖြစ်အောင်ရိုက်တာပဲ'

ကွမ်တာ၏စိတ်ဝင်စားမှုကို မြင်ရသောအခါ အဘိုးအိုသည် များစွာကျေနပ်လျက် ရှိသည်။

'ဒီမှာရှိတဲ့ သခင်ကတော့ ဒါမျိုးတွေကိုမကြိုက်ဘူး။ သူက အလုပ်ကြပ်လည်း မထားဘူး။ သူ့နီဂရိုးတွေကို ဘယ်သူမှရိုက်တာ မမြင်ချင်ဘူးလို့ပြောတယ်။ သူ့နီဂရိုး အလုပ်သမားအားလုံးဟာ အလုပ်ကြပ်တွေချည်းပဲတဲ့။ သူတို့ဘာလုပ်ရမယ်ဆိုတာ သိတယ်၊ သိတဲ့အတိုင်းလုပ်တယ်၊ စည်းကမ်းမဖောက်ဘူးဆိုရင် ပြီးတာပဲလို့ပြောတယ်။ သခင်ရဲ့မိသားစုက အင်္ဂလန်ကနေပြီး ဒီကိုမလာခင်ကတည်းက လူချမ်းသာတွေပဲကွ။ ဒီအနားကခြံတွေမှာ ကျွန်တွေအများကြီးရှိတယ်။ တချို့က တစ်ယောက်ပဲပိုင်တယ်။ တချို့က ငါးယောက် ခြောက်ယောက် ပိုင်တယ်။ ငါတို့သခင်က နှစ်ဆယ်တောင် ပိုင်တယ်။ ကျွန် ငါးဆယ်က တစ်ရာအထိပိုင်တဲ့ ယာတောကြီးတွေကတော့ လူစီယားနားတို့၊ မစ်စစ်စပီတို့၊ အလာဘားမားတို့မှာရှိတယ်လို့ ငါကြားဖူးတယ်'

'ခင်ဗျားအသက်ဘယ်လောက်ရှိပြီလဲ'ဟု ကွမ်တာက ကြားဖြတ်မေးလိုက်သည်။

အဘိုးအိုက ကွမ်တာအား ကြည့်နေသည်။

'မင်းထက်လည်းကြီးတယ်၊ အခြားလူတွေထက်လည်းကြီးတယ်'

သူသည် တစ်စုံတစ်ရာကို စဉ်းစားနေသည့်နှယ် ငြိမ်နေသည်။

'ငါ ကလေးဘဝမှာ အင်ဒီးယန်းတွေ စစ်တိုက်တဲ့အခါ အော်တဲ့အသံတွေ ကြားခဲ့ရတယ်ကွ'

အဘိုးအိုသည် ခေါင်းငိုက်စိုက်ချ၍ငြိမ်နေသည်။ ထို့နောက် ကွမ်တာအား မော့ကြည့်ပြီး သီချင်းဆိုသည်။ ကွမ်တာသည် သီချင်းသံကို နားထောင်ကာ အကြီးအကျယ် အံ့အားသင့်လျက်ရှိ၏။ သီချင်းဆိုရပ်လိုက်သောအခါ အဘိုးအိုက 'ဒီသီချင်းကို ငါ့အမေ အမြဲဆိုတယ်။ ငါ့အမေကလည်း သူ့အမေဆီကရတာလို့ပြောတယ်။ သူ့အမေ

မြန်မာ စာအုပ်များ

ကလည်း အာဖရိကတိုက်ကလာတာ။ မင်းလိုပေါ့ကွာ။ ဒီသီချင်းနားထောင်ပြီး ငါ့အဘွား ဘယ်နယ်ကလာတယ်ဆိုတာ မင်းမသိနိုင်ဘူးလား’ဟု ပြောသည်။

‘အသံက ဆီးရီရီလူမျိုးစုသီချင်းနဲ့တူတာပဲဗျ။ ဒါပေမဲ့ စကားလုံးတွေကို ကျုပ်အဓိပ္ပာယ်မသိဘူး’

အဘိုးအိုက ပတ်ဝန်းကျင်ကို မဝံ့မရဲမျက်လုံးအစုံဖြင့် ခိုးကြည့်သည်။

‘သီချင်းဆက်ဆိုလို့မဖြစ်ဘူးကွ။ နီဂရိုးတချို့ကကြားရင် သခင့်ကိုသွားတိုင်ကြလိမ့်မယ်။ လူဖြူတွေဟာ နီဂရိုးနဲ့ အာဖရိကသား စကားပြောတာမကြိုက်ကြဘူး’

ကွမ်တာက အဘိုးအိုသည် ဂမ်ဘီယာနိုင်ငံတွင်းရှိ ဝိုးလော့ဖ်လူမျိုးသွေးပါသည်ဟုထင်ကြောင်း ပြောပြရန် စိတ်ကူးထားသော်လည်း အဘိုးအို၏ နောက်ဆုံးစကားကြောင့် မပြောဘဲနေတာ အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။

ကွမ်တာက ချက်ချင်းပင် စကားလမ်းကြောင်းပြောင်းပစ်သည်။ သူသိလိုသောမေးခွန်းများကို တိုက်ရိုက်ပင်မေးသည်။ အဘိုးအို ဘယ်ဒေသကလာတာလဲ၊ ဘယ်လိုဖြစ်ပြီး ဤယာမြေပေါ်သို့ရောက်လာတာလဲ။ အဘိုးအိုက ရုတ်တရက်မဖြေ။ ကွမ်တာ၏မျက်နှာကိုကြည့်ကာ ပြောရန် သင့်မသင့် ချိန်ဆနေပုံပေါ်သည်။ အတန်ကြာမှ . . .

‘ငါ့လို နီဂရိုးတွေဟာ ဆင်းရဲဒုက္ခတွေအများကြီးနဲ့ ရင်ဆိုင်ခဲ့ကြတယ်ကွ။ တစ်ချိန်တုန်းက ငါဟာ လူကောင်းတစ်ယောက်ပါ။ အားလည်း သိပ်သန်ခဲ့တယ်။ သံချောင်းကြီးတစ်ချောင်းကို ဒူးပေါ်တင်ပြီး ကွေးနိုင်ခဲ့တယ်။ လားတစ်ကောင်တောင် မသယ်နိုင်တဲ့ဂျုံအိတ်ကို ငါထမ်းနိုင်ခဲ့တယ်။ လူတစ်ယောက်ကို ခါးပတ်ကဆွဲပြီး လက်တစ်ဖက်တည်းနဲ့ မနိုင်ခဲ့တယ်။ ဒါပေမဲ့ ငါ့ကိုပိုင်တဲ့သခင်က ငါ့ကို သေလုမျောပါးဖြစ်အောင်ရိုက်တာ အမြဲခံရတယ်။ ကြာတော့လည်း ဒီဒဏ်တွေပိတာပေါ့ကွာ။ နောက်ဆုံးကျတော့ငါ့ပိုင်ရှင်က သခင်ဝေါလားကို ကြွေးပေးစရာရှိလို့ ငါ့ကိုလက်လွှဲလိုက်တာပဲ’

အဘိုးအို၏မျက်လုံးများသည် ကွမ်တာ့အား စေ့စေ့စပ်စပ်ကြည့်၍ အကဲခတ်နေသည်။

‘ဒီအကြောင်းကို ဘာပြုလို့ မင့်ကျုပ်မှပြောမိတာလဲ ငါလည်း မသိတော့ဘူးကွာ။ အခုတော့ ငါ့မှာ အသက်ကလည်းကြီးလာပြီ။ အေးလေ မင်းလည်း ဥယျာဉ်ထဲမှာ လုပ်တတ်ကိုင်တတ်ရှိနေပြီပဲ။ အကူအညီလိုရင်တော့ လာခေါ်ပါ။ ငါတတ်နိုင်သမျှ ကူညီပါ့မယ်။ ဒါပေမဲ့ အရင်ကလိုတော့ အပင်ပန်းမခံနိုင်တော့ဘူး’

ကွမ်တာက အဘိုးအိုအား ကျေးဇူးတင်စကားပြောသည်။ ဥယျာဉ်ထဲမှအလုပ်ကို သူတစ်ဦးတည်း လုပ်နိုင်သဖြင့် အဘိုးအိုအား ဒုက္ခမပေးလိုပါဟု ထပ်ပြောကာ ပြန်လာခဲ့သည်။

မြန်မာ စာအုပ်များ

နောက်တစ်နေ့တွင် သူသည် ဘဲလ်ထံမှ စကားနိုက်ယူမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် စကားစမြည်ပြောကြသည်။ ဘဲလ်သည် သူ့သခင်ဝေါလားအကြောင်းကို ပြောရလျှင် မမောနိုင်မပန်းနိုင် ပြောချင်တတ်သူဖြစ်၏။ ထို့ကြောင့်လည်း ကွမ်တာက သခင်ဝေါလား ဘာ့ကြောင့် မိန်းမမယူတာလဲဟု မေးသည်။

'သခင်ဝေါလားမှာ မိန်းမရှိခဲ့တယ်။ ကျွန်မ ဒီယာမြေပေါ်ကိုရောက်တဲ့နှစ်မှာ သခင်နဲ့ မစ္စပရစ်ဆီလာတို့ လက်ထပ်တာပဲ။ မစ္စပရစ်ဆီလာက သိပ်ကိုချောတာ။ ဒါပေမဲ့ သူက ပိန်ပိန်ပါးပါးလေးရယ်။ ဒါ့ကြောင့်လည်း ကလေးမွေးတော့ သေရတာ။ သူမွေးတဲ့ မိန်းကလေးပေါ့။ ကလေးက သူနဲ့အတူတူသေသွားခဲ့တယ်။ အဲဒီအချိန်ကစပြီး သခင်က အရင်ကနဲ့မတူတော့ဘူး။ အလုပ်တွေကိုပဲ ဖိလုပ်နေတာပဲ။ သူ့ကိုယ်သူ သေအောင်သတ်နေသလိုပဲ။ လူတစ်ယောက် နေမကောင်းတာတို့ ဒဏ်ရာရတာတို့ ကြားရင်လည်း မနေနိုင်ဘူး။ နိဂရိုးပဲဖြစ်ဖြစ် သူကိုယ်တိုင် ဆေးကုပေးတာပဲ။ ရှင်နဲ့စကားပြောပြောနေတဲ့ တယောဆရာကို သူသွားသွားကြည့်တာ မှတ်မိတယ်မဟုတ်လား။ ရှင့်ကို သယ်လာတုန်းကလည်း အဲသလိုပဲလုပ်ပေးတာပဲ။ ရှင့်ခြေထောက်ကို ဖြတ်ပစ်တာသိတော့ သူအရမ်းစိတ်ဆိုးတယ်။ သူ့ညီ ဂျွန်ဆီက ရှင့်ကို ချက်ချင်းဝယ်တာပဲ'

ကွမ်တာက ဘဲလ်၏စကားကို စိတ်ဝင်တစားနားထောင်သည်။ လူမည်းတစ်ဦးချင်းစီ၌ ရှိနေတတ်သည့် စိတ်နေစိတ်ထားများကို ခန့်မှန်းကြည့်သည်။ လူဖြူပင် ဖြစ်စေကာမူ လူလိုခံစားတတ်သည့်စိတ် ရှိတတ်ကြသည်ကို သတိထားမိလာသည်။ သူ့စိတ်ထဲ၌ လောလောဆယ်ရှိနေသည့် ခံစားချက်များကို ဘဲလ်နားလည်အောင် ပြောပြလိုက်ချင်ပါ၏။ သို့သော်လည်း သူသည် လူဖြူစကားကို လိပ်ပတ်လည်အောင် ပြောတတ်သူမဟုတ်။ ထို့ပြင်လည်း ကွမ်တာသည် သူငယ်စဉ်က သူ့အဘွား ညိုဘိုတို ပြောပြခဲ့သော ထောင်ချောက်မိနေသည့် မိကျောင်းအား ကယ်တင်ခဲ့သည့် သူငယ်ကလေး တစ်ယောက်အကြောင်းကိုလည်း ပြောပြချင်မိသည်။ သူ့အဘွား ညိုဘိုတိုသည် ထိုပုံပြင်ကလေးကို ပြောပြသည့်အခါတိုင်း 'ဒီကမ္ဘာလောကကြီးထဲမှာ အကောင်းလုပ်လို့ရတဲ့ ရလဒ်ဟာ အဆိုးဖြစ်ဖြစ်နေတတ်တယ်ကွဲ့'ဟူသောစကားဖြင့် ပုံပြင်ကို အဆုံးသတ်တတ်သည် မဟုတ်ပါလား။

သူ့အိမ်အကြောင်း တွေးလိုက်မိသည့်အခါ ဘဲလ်အား သူပြောလိုသည့်စကားကို သတိရမိ၏။ ဤစကားကို သူပြောချင်စိတ် ပြင်းပြနေခဲ့သည်မှာကြာပြီ။ အခါအခွင့်သင့်ဖို့ စောင့်စားနေခဲ့ရသည်မှာလည်း ကြာခဲ့ပြီ။ ယခုအချိန်သည် အကောင်းဆုံးအချိန် ဖြစ်မည် ထင်၏။ ဘဲလ်သည် အသားညိုသည်မှတစ်ပါး အလွန်ချော အလွန်လှသည့် မန်ဒင်ကာအမျိုးသမီးတစ်ယောက်နှင့်တူသည်ဟု ပြောလိုက်သည်။

မြန်မာ စာအုပ်များ

သူ၏ချီးကျူးစကားအတွက် ဘဲလ်၏တုံ့ပြန်မှုကို အချိန်ကြာကြာမစောင့်လိုက်ရပေ။ 'ဘယ်လိုအရူးစကားတွေ လာပြောနေတာလဲ'ဟု ဘဲလ်က စိတ်ဆိုးမာန်ဆိုးပြောသည်။

'ရှင့်လို သဘောနဲ့ပါလာတဲ့ အာဖရိကန်နီဂရိုးတွေအပေါ်မှာ လူဖြူတွေက ဘယ်လိုသဘောထားကြတယ်ဆိုတာ ရှင်သိရဲ့လား'

[၅၆]

ထိုနေ့မှစ၍ ဘဲလ်သည် နောက်တစ်လအတွင်း ကွမ်တာအား စကားမပြောတော့ချေ။ ဟင်းသီးဟင်းရွက်များခူးပြီး အိမ်ကြီးဘက် ပြန်သည့်အခါတွင်လည်း သူ့ဆွဲခြင်းကို သူ့ဘာသာသူဆွဲ၍ ပြန်သည်။ ထို့နောက် တနင်္လာနေ့တစ်ရက် နံနက်စောစောစီးစီး ဘဲလ်သည် ဥယျာဉ်ဆီသို့ အမောတကောပြေးလာသည်။ စိတ်လှုပ်ရှားလျက်ရှိသဖြင့် မျက်လုံးများကလည်း ပြူးတူးပြတဲ။ ပါးစပ်မှလည်း စကားများပြောလာသည်။

'ပုလိပ်ကြီးလာတယ်။ မြောက်ပိုင်းက ဘော်စတွန်လို့ခေါ်တဲ့နေရာမှာ သခင်တိုက်ပွဲကြီးတစ်ခုနဲ့ တွေ့နေသတဲ့။ ရေပြင်ကြီးကို ဖြတ်သွားမှရောက်တဲ့နိုင်ငံက ရှင်ဘုရင်က အခွန်တွေအများကြီးကောက်တာကို လူဖြူတွေက မကျေနပ်လို့ တိုက်ပွဲကြီးဖြစ်တာလို့ ပြောတာပဲ'

ညစာစားချိန်တွင် လူတိုင်းလိုလို တယောဆရာ၏တဲရှေ့၌ စုရုံးရောက်ရှိနေကြသည်။ ကြားရသည့်သတင်းနှင့်ပတ်သက်၍ တယောဆရာနှင့် ဥယျာဉ်မှူးအဘိုးအိုတို့၏ ထင်မြင်ချက်ကို ကြားလို၍ဖြစ်၏။ အဘိုးအိုသည် ကျွန်များထဲတွင် အသက်အကြီးဆုံးဖြစ်၍ တယောဆရာသည် နှံ့နှံ့စပ်စပ်ခရီးသွားခဲ့ဖူးပြီး ဗဟုသုတများသည် မဟုတ်ပါလော။

'ဘယ်တုန်းကဖြစ်တာလဲ'ဟု တစ်ဦးက မေးသည်။ အဘိုးအိုက 'အခုကြားရတာဆိုတော့ ဖြစ်တာမကြာသေးဘူးထင်တယ်'ဟု ပြောသည်။

တယောဆရာက . . .

'ဘော်စတွန်ဆိုတာ ငါကြားဖူးတယ်။ မြင်းကောင်းကောင်းနဲ့သွားရင် ဆယ်ရက်ခရီးပဲ'

မိုးစုပ်စုပ်ချုပ်ချိန်တွင် သခင်ဝေါလား၏မြင်းရထား ပြန်ရောက်လာသည်။ ရထားမောင်းသမား လူသာသည် ကျွန်အိမ်တန်းသို့ ချက်ချင်းရောက်လာပြီး သူကြားခဲ့ရသည့် သတင်းများကို ဖောက်သည်ချသည်။

မြန်မာ စာအုပ်များ

'သူတို့ပြောနေကြတာကတော့ ရှင်ဘုရင်ကောက်တဲ့ အခွန်ကို မကျေနပ်လို့ ဘော်စတွန်ကလူတွေက သိပ်ဒေါသဖြစ်ကြသတဲ့။ တစ်ညမှာ လူတွေစုပြီး စီတန်းလမ်းလျှောက်ကြတာ ဘုရင့်စစ်သားတွေနဲ့ ရန်ဖြစ်ကြတယ်။ စစ်သားတွေက သေနတ်နဲ့ ပစ်ကြလို့ လူတွေသေကုန်တယ်။ ပထမဆုံးသေတဲ့လူက နီဂရိုးတစ်ယောက်တဲ့ဗျ။ အခုတော့ သူတို့က "ဘော်စတွန်လူသတ်ပွဲ"လို့ ခေါ်နေကြပြီ'

နောက်ရက်များတွင်လည်း ထိုသတင်း၏ နောက်ဆက်တွဲများ ကြားရသည်။ ကွမ်တာကတော့ သိပ်ပြီး သဘောမပေါက်။ အလွန်ဝေးသောဒေသတစ်ခု၌ ဖြစ်ပွားနေသည့် အရေးအခင်းသည် ဤဒေသမှ လူဖြူ လူမည်းများနှင့် ဘယ်လို ဆက်စပ်ပတ်သက်နေပါသနည်း။ ကောလာဟလသတင်းများသည် နေ့စဉ် ရောက်လာလျက်ရှိ၏။

မြောက်ပိုင်းဒေသ၌ဖြစ်နေသမျှ သတင်းများသည် နွေဥတုနှင့် ဆောင်းဥတုတစ်လျှောက်လုံး မကြာခဏရောက်လာတတ်သည်။ လူသာ၏အဆိုအရ လူဖြူများသည် ဘုရင့်အခွန်တော်အတွက်သာ စိုးရိမ်ရသည်မဟုတ်၊ တခြားပြဿနာတစ်ခုကလည်း ရှိလာသဖြင့် စိတ်ပူနေကြရသည်ဆို၏။

'တချို့ ကောင်တီခရိုင်နယ်မြေတွေထဲမှာ နီဂရိုးကျွန်တွေက လူဖြူတွေထက် ပိုများနေတယ်လို့ ပြောနေကြတယ်။ ရှင်ဘုရင်ဘက်ကလူတွေကလည်း နီဂရိုးကျွန်တွေကသာ လူဖြူတွေကို ပြန်တိုက်ပေးရင် လွတ်လပ်ခွင့်ပေးမယ်လို့ ကမ်းလှမ်းနေသတဲ့'

လူသာက စကားကိုမဆက်ဘေးဘဲ နားထောင်နေသူများအား လှည့်ကြည့်ပြီး အကဲခတ်သည်။

'ဒီလူဖြူတွေကလည်း သိပ်ကြောက်နေကြတယ်။ နီဂရိုးကျွန်တွေကို ညဆိုရင် အပြင်က သော့ခတ်ထားတယ်'

ညညဆိုလျှင် ကွမ်တာသည် အိပ်ရာပေါ်၌ လှဲကာ 'လွတ်လပ်ခွင့်'ဟူသောစကားကို စဉ်းစားသည်။ သူနားလည်သမျှဆိုလျှင် လွတ်လပ်ခွင့်ဆိုသည်မှာ လူတစ်ယောက်အနေဖြင့် ကိုယ်လုပ်ချင်တာလုပ်ခွင့်၊ ကိုယ်နှစ်ရာသို့သွားလာနေထိုင်ခွင့်များကို ဆိုလိုခြင်းဖြစ်လိမ့်မည်ဟုထင်သည်။ တကယ်တော့ လူဖြူများသည် လူမည်းများအား ကျွန်ပြုဖို့အတွက် ရေပြင်ကျယ်ကြီးကိုဖြတ်၍ ခဲယဉ်းပင်ပန်းစွာ သယ်ဆောင်လာခဲ့ခြင်းဖြစ်၏။ သို့ဆိုလျှင် သူတို့အနေဖြင့် ကျွန်များအား လွယ်လွယ်ကူကူ လွတ်လပ်ခွင့်ပေးပါမည်လား။ ကွမ်တာကတော့ ဘယ်တော့မှပေးလိမ့်မည်မဟုတ်ဟုပင် ထင်၏။

ခရစ္စမတ်ပွဲတော်မတိုင်မီ ရက်အနည်းငယ်မျှအလိုတွင် သခင်ဝေါလား၏ဆွေမျိုးများ အလည်ရောက်လာသည်။ သူတို့၏မြင်းရထားသမားသည် မီးဖိုချောင်ထဲ၌ အစားစားရင်း ဘဲလ်အား သတင်းတစ်ခုပြောသွားသည်။

'ငါ ရော်ဂျီယာဘက်က ကြားခဲ့ရတယ်။ ဂျော့လီလီဆိုတဲ့ နီဂရိုးဘက်ပတ၊ ဘာသာဝင်တစ်ယောက်ကို လူဖြူဘက်ပတစ်ဘာသာဝင်တွေက ဆဗားနားမြစ် တ၊ လျှောက်မှာ ခရစ်ယာန်ဘာသာတရားဟောဖို့ လိုင်စင်ထုတ်ပေးသတဲ့။ အဲဒီလူက အခု ဆဗားနားမှာ အာဖရိကန်ဘက်ပတစ် ဘုရားရှိခိုးကျောင်းတစ်ကျောင်း ဆောက် မယ် ဆိုပဲ။ ပထမဆုံး နီဂရိုးဘုရားရှိခိုးကျောင်း ဖြစ်မယ်ဟ'

ထိုအခါ ဘဲလ်က ပြန်ပြောသည်။

'ဒီဗာဂျီးနီးယားနယ် ပီတာဘတ်မြို့မှာလည်း တစ်ကျောင်းဆောက်မယ်လို့ ကြာ တယ်။ ဟိုမြောက်ပိုင်းမှာ လူဖြူတွေဖြစ်နေတဲ့ ပြဿနာအကြောင်းကော ဘာမှ မကြာ မိဘူးလား'

'ငါကြားခဲ့တာကတော့ ဖီလာဒါးဖီးယားမြို့မှာ လူဖြူတွေ အစည်းအဝေးကြီးလုပ် သတဲ့။ သူတို့က ပထမကွန်ဂရက်လွှတ်တော် အစည်းအဝေးလို့ခေါ်တယ်တဲ့'

ဘဲလ်သည် ထိုသတင်းကို သိပြီးဖြစ်၏။ သခင်ဝေါလား၏ ဗာဂျီးနီးယားဂေဇက် သတင်းစာထဲ၌ ပါလာသည့် ထိုသတင်းကို သူ့သခင်မသိအောင် ဖတ်ခဲ့ပြီးဖြစ်သည်။ သူဖတ်ခဲ့ရသည့်သတင်းကို ဘဲလ်က တယောဆရာနှင့် ဥယျာဉ်မှူးတို့အား တိတ်တဆိတ် အသိပေးခဲ့သည်။ သူတို့နှစ်ယောက်သည် ဘဲလ် နည်းနည်းပါးပါး စာဖတ်တတ်သည်ကို သိကြသည်။ ဤအကြောင်းကို ကွမ်တာအား မကြာသေးခင်က အသိပေးခဲ့ရာ ဘဲလ် စာအနည်းငယ် ဖတ်တတ်ကြောင်း မည်သူ့ကိုမှ မပြောမိရန် သတိထားဖို့ နှုတ်ပိတ်ထား ခဲ့သည်။ ကွမ်တာကလည်း သူ နှုတ်မလုံ၍မဖြစ်ကြောင်း နားလည်သည်။ အကယ်၍ ဘဲလ်စာတတ်ကြောင်း သခင်ဝေါလားသိသွားပါမူ ဘဲလ်အား ချက်ချင်းပင် အခြား လူဖြူတစ်ဦးလက်သို့ ရောင်းချပစ်လိမ့်မည်ဖြစ်၏။

နောက်နှစ် ၁၇၇၅ ခုနှစ် စောစောပိုင်းတွင် ဖီလာဒါးဖီးယားဘက်မှ ဘာသတင်းမျှ နောက်ထပ်မရတော့ပေ။ ရှင်ဘုရင်နန်းစံရာ အင်္ဂလန်ဟုခေါ်သောနိုင်ငံနှင့် ပြဿနာ ရှိနေကြောင်းကိုမူ ကွမ်တာ နားလည်နေသည်။ ထိုအချိန်တွင် ပက်ထရစ်ဟင်နရီဆိုသော လူဖြူက 'လွတ်လပ်ခွင့်ကိုပေးပါ။ သို့မဟုတ်လျှင် သေခြင်းကိုသာပေးပါတော့'ဟူသော စကားကို ပြောခဲ့သည်။ ထိုစကားကို ကွမ်တာ များစွာသဘောကျခဲ့၏။ သို့သော်လည်း လူဖြူတစ်ယောက်က ဘာ့ကြောင့် ဤစကားမျိုးပြောသည်ကိုမူ သူ နားမလည်ခဲ့ပေ။

တစ်လခန့်အတွင်းမှာပင် သတင်းများကြားလာရပြန်သည်။ လက်စ်ဇင်တန်အရပ် ၌ ပြင်းထန်သောစစ်ပွဲတစ်ပွဲဖြစ်ခဲ့ရာ ဘုရင့်စစ်သားနှစ်ရာခန့် သေ၍ ဤဒေသရှိလူဖြူ ဘက်မှ လူအနည်းငယ်မျှသာကျဆုံးကြောင်း ကြားကြရပြန်သည်။

ဇွန်လထဲတွင် ရထားသမား လူသာ ခရီးတစ်ခေါက်ထွက်ရာမှ ပြန်ရောက်လာ ပြန်သည်။ ကျွန်များ မျှော်လင့်နေသည့် နောက်ဆုံးသတင်းများ ကြားရပြန်သည်။

မြန်မာ စာအုပ်များ

တူတို့အနေနဲ့ အဲဒီအခွင့်အရေး ရချင်လည်း ရပါစေပေါ့ဟု တယောဆရာက ပြောသည်။ 'ဒါပေမဲ့ လွတ်လပ်ခွင့်ရသွားတဲ့ နီဂရိုးတွေက ခပ်ကြောင်ကြောင်တွေ များတယ်ကွ'

သို့သော်လည်း နောက်သီတင်းပတ် နှစ်ပတ်အကြာတွင် အလွန်ထူးသော သတင်းကြီးတစ်ခု ရောက်လာသည်။ ဗာဂျီးနီးယားပြည်နယ်ဘုရင်ခံ လော့ဒ်ဒမ်းမိုးက ယာမြေများကို စွန့်ခွာထွက်ပြေးပြီး အင်္ဂလိပ်ရေတပ်တွင် ဝင်ရောက်အမှုထမ်းမည်ဆိုပါက ကျွန်အားလုံးကို လွတ်လပ်ခွင့်ပေးမည်ဟု ကြေညာလိုက်သောသတင်းဖြစ်၏။

'သခင်ဝေါလားကို ဖမ်းပြီး ချုပ်ထားဖို့ သင့်ပြီထင်တယ်'ဟု ဘဲလ်က သတင်းပို့သည်။

'ညစားစားတဲ့လူတွေက သံသယဖြစ်တဲ့ ကျွန်တွေကို ဖမ်းပြီး ထောင်ထဲပို့ထားဖို့ ပြောနေကြတယ်။ သူတို့က လော့ဒ်ဒမ်းမိုးကို အလစ်ဝင်ဖမ်းပြီး ကြိုးပေးသတ်ချင်သတ်မှာ'

ကွမ်တာကလည်း သတင်းအနည်းငယ်ရလာခဲ့သည်။ သူ့အား ဧည့်သည်များ၏ မြင်းများအား ရေတိုက်ဖို့နှင့် အစာကျွေးဖို့ တာဝန်ပေးခဲ့သည်။ ကွမ်တာက အချို့ မြင်းများသည် ချွေးများ စိုရွှဲလျက်ရှိသဖြင့် ခရီးပြင်းနှင်လာခဲ့ရသည်ဟု ယူဆရကြောင်း ပြောပြနိုင်ခဲ့၏။ အချို့မြင်းရထားများမှာ လူဖြူများကိုယ်တိုင် မောင်းလာကြကြောင်း၊ ယခုလာသူများထဲမှ တစ်ဦးမှာ သူတို့သခင်၏ညီ ဂျွန်ဝေါလား ဆိုသူဖြစ်ကြောင်း၊ ဂျွန်ဝေါလားမှာ သူ့အား လွန်ခဲ့သောရှစ်နှစ်က ဝယ်လာခဲ့သူဖြစ်ကြောင်း၊ မိမိက မြင်မြင်ချင်း မှတ်မိသော်လည်း ဂျွန်ဝေါလားကတော့ သူ့ကို မှတ်မိပုံမရကြောင်း စသည်များကိုလည်း တယောဆရာတို့အား အသိပေးနိုင်ခဲ့သည်။

'သူ့ကိုတွေ့ရင် အံ့အားသင့်တာတွေ ဘာတွေ မဖြစ်စေနဲ့'ဟု တယောဆရာက သတိပေးသည်။

'သူတို့လိုလူစားတွေက နီဂရိုးတစ်ယောက်ကို ဘယ်တော့မှ နှုတ်မဆက်ဘူးကွ မှတ်ထား'

နောက်သီတင်းပတ် အနည်းငယ်မျှအတွင်း ဘဲလ်သည် အရေးကြီးသောသတင်းများ ရလာပြန်သည်။ ဂျော်ဂျီယာ၊ တောင်ကာရိုလိုင်းနားနှင့် ဗာဂျီးနီးယားပြည်နယ်များမှ ထောင်ပေါင်းများစွာသော နီဂရိုးကျွန်များ ထွက်ပြေးကာ လော့ဒ်ဒမ်းမိုးထံ ဝင်ရောက်သွားကြသည်ဟူသောသတင်း ဖြစ်သည်။ အချို့ကတော့ ထွက်ပြေးကြသည့် ကျွန်အများစုသည် မြောက်ပိုင်းဒေသသို့သွားကြသည်ဟုလည်းပြောသည်။ လူဖြူများကတော့ အမဲလိုက်ခွေးများများ ထပ်မွေးရန် စီစဉ်နေကြသည်ဟု ဘဲလ်က ပြောသည်။

မြန်မာ စာအုပ်များ

'ရော့ဂါ ရှင်တန်ဆိုတဲ့လူဖြူက စစ်တပ်တစ်တပ် ဖွဲ့လိုက်ပြီ။ သူကိုယ်တိုင်လည်း ကျွန်တွေ အများကြီးပိုင်တဲ့သူဌေးလို့ ပြောကြတယ်'ဟုပြောသည်။ နယူးအင်္ဂလန်ပြည်နယ်မှ နီဂရိုးကျွန်များအား အင်္ဂလိပ်အနီဝတ်ဘုရင့်စစ်သားများအား တိုက်ခိုက်ပေးရန် လွတ်လပ်ခွင့် ပေးလိုက်ပြီဟု ကြားခဲ့ရကြောင်းလည်း လူသာက ပြောသည်။

'ငါတိပါတယ်ကွာ'ဟု တယောဆရာက ရေရွတ်သည်။

'နီဂရိုးတွေကို စစ်ထဲထည့်သွင်းပြီး အသေခံနိုင်းတာပဲ။ ပြင်တစ်တွေနဲ့ အင်ဒီးယန်းတွေ စစ်ဖြစ်တုန်းကလည်း နီဂရိုးတွေကို ဆွဲတွင်းခဲ့တာပဲ။ စစ်လည်းပြီးရော လူဖြူတွေက နီဂရိုးတွေကို ကြာပွတ်တွေနဲ့ လိုမ့်လိုမ့်ပြီး ရိုက်ပြန်ရော'

'ဒီတစ်ခါတော့ အဲသလိုလုပ်မယ်မထင်ပါဘူးဗျာ'ဟု လူသာက ပြောသည်။

'သူတို့ကိုယ်သူတို့ ကွိတ်ကားလို့ခေါ်နေကြတဲ့ လူဖြူတွေက "ကျွန်စနစ် ဆန့်ကျင်ရေးအသင်း" တစ်သင်းတောင် ဖွဲ့ထားပြီ။ ဖီလာဒါးဖီးယားမှာ ဖွဲ့တာဗျ'

ဘဲလ်ထံမှလည်း သတင်းအတိုအထွာများ မကြာခဏရတတ်သည်။ သူ့သခင်ထံလာသည့် လူဖြူများနှင့် သူ့သခင်တို့ ညစ်ခန်းထဲ၌ထိုင်၍ ပြဿနာအရပ်ရပ်ကို ဆွေးနွေးလေ့ရှိကြ၏။ ညစာသည်များလာပြီဆိုလျှင် ဝေါလားက ဘဲလ်အားခေါ်၍ စားစရာသောက်စရာများချနိုင်းသည်။ ပြီးလျှင် ချက်ချင်းစည့်ခန်းထဲမှ ပြန်ထွက်သွားရန် နှင်သည်။ ပြီးတော့ သူကိုယ်တိုင် တံခါးကို အတွင်းမှ သော့ခတ်ပြီး ပိတ်သည်။ ထိုအခါ ဘဲလ်က တံခါးသော့ပေါက်မှနေ၍ အတွင်းမှ ပြောဆိုသမျှကို တိတ်တဆိတ် ချောင်းမြောင်းနားထောင်သည်။ ဘဲလ်၏သတင်းများသည် ဤနည်းဖြင့်ရလာသည့် သတင်းများဖြစ်၏။

'တံခါးတော့ခတ်အပြီးမှာ အထဲက ဘာပြောနေတဲ့ကြားတလဲ'ဟု တယောဆရာက စိတ်မရှည်သံဖြင့်မေးသည်။

'ကနေ့ည သူပြောတာက အင်္ဂလိပ်တွေကို တိုက်လို့မဖြစ်ဘူးထင်တယ်တဲ့။ ဘာဂျီးနီးယားပြည်နယ်ထဲမှာ နီဂရိုးကျွန်တွေ နှစ်သိန်းကျော်ရှိတယ်တဲ့။ အင်္ဂလိပ်တွေက မြှောက်ပေးတဲ့အတိုင်းဖြစ်သွားရင်မလွယ်ဘူးတဲ့။ သူ့စိတ်ထဲမှာ ဘုရင်ကိုပဲ သစ္စာခံရင် ကောင်းမယ်လို့ ထင်မိတယ်တဲ့။ ဒါပေမဲ့ ခက်တာက မတန်တဆတောင်းနေတဲ့ အခွန်တွေကို ဘယ်သူကမှ မခံနိုင်တော့ဘူးတဲ့'

'ဗိုလ်ချုပ်ကြီးဝါရှင်တန်ကလည်း သူ့တပ်ထဲကို နီဂရိုးတွေ နောက်ထပ် လက်မခံတော့ဘူး။ ရပ်ပစ်လိုက်ပြီတဲ့'ဟု လူသာက ပြောသည်။ 'ဒါပေမဲ့ မြောက်ပိုင်းမှာ နေတဲ့ လွတ်လပ်ခွင့်ရသွားတဲ့ လူမည်းတွေက သူတို့လည်း ဒီနိုင်ငံမှာ နေကြတာမို့ အင်္ဂလိပ်တွေကိုဝင်တိုက်ရမယ့် တာဝန်တွေ ရှိတယ်လို့ ပြောနေကြတယ်ဗျ'

မြန်မာ စာအုပ်များ

ထို့နောက် တစ်ရက်တွင် သခင်ဝေါလားက ဘဲလ်အား ဧည့်ခန်းထဲသို့ခေါ်သည်။ ဗာဂျီးနီးယားဂေဇက်သတင်းစာထဲမှ မင်ဖြင့်မှတ်ထားသည့် စာတမ်းတစ်ခုကို သူကိုယ်တိုင် နှစ်ကြိမ်တိတိ တစ်လုံးချင်းဖတ်ပြသည်။ ထိုသတင်းစာကို ဘဲလ်လက်သို့ပေးပြီး ကျွန်များအားသွားပြရန် အမိန့်ပေးသည်။ ဘဲလ်က သူခိုင်းသည့်အတိုင်း သွား၍ပြကာ ရှင်းပြသည်။ ဝေါလားက မင်ဖြင့်မှတ်ပေးလိုက်သည့်စာမှာ 'သင်တို့ နီဂရိုးများသည် ငါတို့အား စွန့်ခွာပြေးလျှင် သင်တို့သာ အများဆုံး ဒုက္ခနှင့်ရင်ဆိုင်ကြရလိမ့်မည်'ဟူ၍ ဖြစ်၏။

သတင်းစာကို ပြန်မပို့မီ ဘဲလ်သည် အခြားအရေးကြီးသော သတင်းများကိုကျွန်များအား သူတတ်သမျှ စာလုံးပေါင်း၍ ဖတ်ပြသည်။ ထိုသတင်းများထဲတွင် ကျွန်များက တော်လှန်နေသည့်သတင်းနှင့် တော်လှန်လိမ့်မည်ဟု မျှော်လင့်ရသော သတင်းများ ပါဝင်သည်။ သတင်းစာကို သွားပို့သည့်အခါ ညစာမစားမီ ပြန်မပို့ဘဲ ပျက်ကွက်သည့်အတွက် ဘဲလ်မှာ ဝေါလား၏ ဆူပူကြိမ်းမောင်းခြင်းကိုခံရသည်။ ဘဲလ်က မျက်ရည်ခံထိုး၍ တောင်းပန်သည်။ သို့သော်လည်း သခင်ဝေါလားက ဘဲလ်အား ချက်ချင်း သတင်းတစ်ခုသွားပြောရန် ခိုင်းပြန်သည်။ ဤတစ်ကြိမ်တွင်မူ ဗာဂျီးနီးယားပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က 'နီဂရိုးကျွန်များနှင့် အခြားလူမျိုးကျွန်များထဲမှ ပုန်ကန်သူများနှင့် သတ်ဖြတ်မှုကျူးလွန်သူများ အသတ်ခံရမည်' ဟူသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ထားသည့် သတင်းကို ပြောခိုင်းခြင်း ဖြစ်လေသည်။

ထိုနှစ် ခရစ္စမတ်ပွဲသည် အမည်ခံမျှသာရှိသည်။ လော့ဒ်ဒမ်းမိုး၏ စစ်သင်္ဘောက နော်ဖော့မြို့ကို ပစ်ခတ်တိုက်ခိုက်သဖြင့် တစ်မြို့လုံးပြာကျသွားသည်ဟူသော သတင်းကို ကြားရပြန်သည်။ ထို့နောက် ၁၇၇၆ ခုနှစ်ဦးပိုင်းတွင် အင်္ဂလန်မှ ဆိုက်ရောက်လာသော ဗိုလ်ချုပ်ကွန်ဝေါ့လေ့စ်၏ ရေတပ်သည် စစ်သားများ အပြည့်တင်ဆောင်ကာ 'ရေ့မြစ်'ကို ဖြတ်သည်။ သို့သော်လည်း မုန်တိုင်းဒဏ်ကြောင့် သင်္ဘောများ ကစဉ့်ကလျားဖြစ်ကုန်သည် ဟူသောသတင်း ရောက်လာသည်။ ပြီးတော့ ကွန်ဂရက်အစည်းအဝေးကြီး ထပ်မံကျင်းပခြင်း၊ အင်္ဂလန်မှရောက်လာသော ခွဲထွက်ရန် ဆုံးဖြတ်ကြခြင်း၊ ဇူလိုင် ၄ ရက်နေ့တွင် ကွန်ဂရက်အစည်းအဝေးကြီး ထပ်မံကျင်းပကာ အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း ထုတ်ပြန်ရေးအတွက် ဆွေးနွေးကြခြင်း စသော သတင်းများကို ဆက်တိုက်ကြားလာကြရ၏။

တစ်ရက်တွင် ခရီးဝေးမှပြန်ရောက်လာသည့် လူသာသည် သတင်းတစ်ခု သယ်လာသည်။ မိမိတို့ဗာဂျီးနီးယားပြည်နယ်အတွင်းမှာပင် တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားခဲ့ရာ ကျွန်များသည် နှစ်ဖက်စလုံးမှ ပါဝင်တိုက်ခိုက်ခဲ့ကြသည်ဟူသော သတင်းဖြစ်၏။ ဤတိုက်ပွဲတွင် ရာပေါင်းများစွာသော အင်္ဂလိပ်တပ်များနှင့် လူအနည်းငယ်မျှသာ

မြန်မာ စာအုပ်များ

ပါဝင်သော ကိုလိုနီတပ်တို့ အပြင်းအထန်တိုက်ခိုက်ကြခြင်းဖြစ်သည်။ အင်္ဂလိပ်တို့ဘက်မှ အကျဉ်းသားများနှင့် လူမည်းများ ပါဝင်တိုက်ခိုက်ကြသည်။ ကိုလိုနီဘက်မှလည်း လူမည်းများ ပါဝင်တိုက်ခိုက်ကြသည်။ ကိုလိုနီတပ်များသည် အင်္ဂလိပ်၏ ဖိ၍ အတိုက်ခံရသဖြင့် တံတားတစ်ခုကို ကျော်ဖြတ်ပြီး ဆုတ်ခွာလာခဲ့ရသည်။ ဤတိုက်ပွဲတွင် ကိုလိုနီတပ်ဘက်မှ ဘီလီဖလော်ရာဟုခေါ်သော လူမည်းစစ်သားတစ်ယောက်သည် နောက်ချန်နေရစ်ခဲ့ပြီး ရဲဝံ့စွန့်စားစွာဖြင့် တံတားခင်းပျဉ်များကိုခွာ၍ တံတားကို ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်တပ်များသည် တံတားထိပ်၌ရပ်ကာ နောက်သို့ ပြန်ဆုတ်သွားကြသည်။ ဤအတွက်ကြောင့် ကိုလိုနီတပ်များသည် များစွာသက်သာရာရခဲ့ကြသည်။

၁၇၇၈ ခုနှစ်တွင် ပြင်သစ်များသည် ကိုလိုနီနယ်များနှင့် ပူးပေါင်းခဲ့၏။ ဘဲလ်သည် သတင်းအတော်များများရလာပြန်သည်။ ထိုသတင်းများထဲတွင် ကိုလိုနီတပ်သို့ ဝင်ရောက်သော ကျွန်များအား စစ်နိုင်သည့်အခါ ကျွန်ဘဝမှ လွတ်မြောက်ခွင့်ပေးမည်ဟု ပြည်နယ်အသီးသီးက တာဝန်ယူလာကြပြီဟူသော သတင်းထူးတစ်ခု ပါလာသည်။

'အခုဆိုရင် လူမည်းတွေကို သူတို့တပ်တွေထဲမှာ ပါဝင်ခွင့်မပြုဘူးလို့ ပြောနေတဲ့ ပြည်နယ်ဆိုလို့ နှစ်ခုပဲရှိတယ်။ တောင်ကာရိုလိုင်းနားပြည်နယ်နဲ့ ဂျော်ဂျီယာပြည်နယ်ပေါ့'ဟု ဘဲလ်က ပြောသည်။

ကွမ်တာသည် ကျွန်စနစ်ကို စက်ဆုပ်မုန်းတီးသည်မှာ မှန်၏။ သို့သော်လည်း လူမည်းများအား လူဖြူများက သေနတ်များပေးခြင်းသည် အကောင်းဖြစ်လာဖို့ထက် အဆိုးဖြစ်လာဖို့ရှိသည်ဟု ထင်နေမိသည်။ လူဖြူများတွင် သေနတ်တွေအများကြီး ရှိသည်ဖြစ်ရာ လူမည်းများထက် တစ်ပန်းသာနေ၏။ ကျွန်လူမည်းများ ပုန်ကန်မှုဟူသမျှသည် နောက်ဆုံးတွင် အရှုံးနှင့်သာရင်ဆိုင်ရလိမ့်မည်ဟု သူ ထင်သည်။

တစ်ကြိမ်တွင် ယခုစစ်ပွဲ၌ လူမည်းကျွန်ပေါင်း ငါးထောင်နီးပါးမျှ ပါဝင်တိုက်ခိုက်လျက်ရှိသည်ဟု သူ့သခင်ဝေါလားကပြောနေသံကို ဘဲလ်ကြားခဲ့ရသည်။ လူသာကလည်း လူဖြူများနှင့်တွဲ၍ တိုက်ပွဲဝင်နေကြသော လူမည်းများ၏အကြောင်းကို မကြာခဏသယ်ယူလာတတ်သည်။ တစ်ခါတွင် လူသာက မြောက်ပိုင်းဒေသ၌ တိုက်ပွဲဝင်နေကြသော လူမည်းတပ်ဖွဲ့များအကြောင်းကိုပင် ပြောပြသည်။ လူမည်းများချည်း ဖွဲ့စည်းထားသော တပ်ရင်းတစ်ရင်းရှိရာ 'အမေရိကန်မှလူငယ်များ'ဟု အမည်ပေးထားကြောင်း ပြောပြသည်။ 'နီဂရိုးဗိုလ်မှူးကြီးတစ်ယောက်တောင် ရှိတယ်တဲ့ဗျ'ဟု လူသာက ဆိုသည်။ 'သူ့နာမည်က မစ်ဒစ်လ်တန်တဲ့'

သူသည် တယောဆရာအား တစ်ချက်လှမ်းကြည့်သည်။

'သူ ဘာအလုပ်လုပ်တယ်ထင်သလဲ'

'မင်း ဘာချိုလိုတာလဲ'ဟု တယောဆရာက မေးသည်။

'သူက တယောထိုးခဲ့တာဗျ'

၁၇၈၁ ခုနှစ် မေလတွင် သတင်းထူးတစ်ခုကြားကြရပြန်သည်။ အင်္ဂလိပ် မြင်းစီး တပ်သားများက သောမတ်ဂျက်ဖာဆန်၏ မွန်တီဆဲလိုယားမြေကို ဝင်ရောက်ကာ သီးနှံများကို ဖျက်ဆီးသည်။ ကျွဲများကိုမိးရှို့သည်။ ကျွဲနွားများကို လွှတ်ပစ်သည်။ ရှိသမျှ မြင်းအားလုံးနှင့် လူမည်းကျွန်သုံးဆယ်အား ဖမ်းဆီးသွားကြ၏။ အောက်တိုဘာလထဲတွင်မူ ဂျော့ဝါရှင်တန်နှင့် လဖေးယက်တို့၏တပ်များက ယော့တောင်းမြို့၌ တပ်စွဲထားသည့် ကွန်ဝေါလေ့စ်၏ အင်္ဂလိပ်တပ်များကို ဝင်ရောက်တိုက်ခိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ဗာဂျီးနီးယား၊ နယူးယောက်၊ မြောက်ကာရိုလိုင်းနား၊ မေရီလင်းနှင့် အခြားပြည်နယ်များမှ တိုက်ပွဲသတင်းများ တဖွဲဖွဲရောက်လာသည်။ ထို့နောက် အောက်တိုဘာလ တတိယပတ်အတွင်းတွင် သတင်းတစ်ခုရောက်လာသည်။ ထိုသတင်းကြောင့် ကျွန်အိမ်တန်းတစ်လျှောက်တွင် ကြွေးကြော်အော်ဟစ်သံများ ထွက်ပေါ်လာသည်။

'ကွန်ဝေါလေ့စ်လက်နက်ချပြီတဲ့ဟေ့။ စစ်ကြီးပြီးသွားပြီကွ၊ ငါတို့ လွတ်လပ်ရေး ရတော့မယ်'

မကြာခင်မှာပဲ ဘဲလ်သည် ကျွန်အိမ်တန်းသို့ ရောက်လာပြီး 'ဒီကို လာကြပါဦး၊ ပြောစရာရှိလို့'ဟု အော်သည်။ 'သခင်က ပြောတယ်၊ ပြည်ထောင်စုနိုင်ငံရဲ့ မြို့တော်အဖြစ် ဖီလာဒါးဖီးယားမြို့ကို ရွေးလိုက်ပြီတဲ့'

နောက်တွင် လူသာထံမှ သတင်းတစ်မျိုးကြားရသည်။

'မတ်စတာဂျက်ဖာဆန်က ဥပဒေတစ်ခုလုပ်တယ်။ ကျွန်ပိုင်ရှင်တွေက သူတို့ရဲ့ နီဂရိုးကျွန်တွေကို လွှတ်ပိုင်ခွင့်ရှိတယ်တဲ့။ ဒါပေမဲ့ သူတို့က လွှတ်ချင်စိတ်မရှိရင် မလွှတ်ဘဲနေလို့လည်းရတယ်လို့ ဥပဒေကပြောထားတယ်တဲ့။ ဒါ့ကြောင့် ကွိတ်ကားဘာသာဝင်တွေ၊ ကျွန်စနစ်ဆန့်ကျင်တဲ့လူတွေနဲ့ လွတ်လပ်ပိုင်ခွင့်ရထားတဲ့ နီဂရိုးတွေက မကျေနပ်ကြဘူးတဲ့'ဟု လူသာက ပြောသည်။

၁၇၈၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဗိုလ်ချုပ်ကြီးဂျော့ဝါရှင်တန်က စစ်တပ်ကို ဖျက်သိမ်းလိုက်သည်။ ထိုအခါ ဘဲလ်က 'သခင်ကပြောတယ်၊ အခုအချိန်ကစပြီး ငြိမ်းချမ်းရေး ရတော့မယ်တဲ့'ဟု ပြောသည်။

'ငါတို့အတွက်ကတော့ ငြိမ်းချမ်းရေးရမှာမဟုတ်ပါဘူးကွာ'ဟု တယောဆရာက မလိုတမာသံဖြင့် ရေရွတ်သည်။

'ငါပြောတာမှန်မမှန် မင်းတို့စောင့်ကြည့်ကြပေါ့ကွာ။ ငါတို့နီဂရိုးတွေကတော့ ပိုပြီး ဆိုးသည်ထက် ဆိုးလာမှာပါ'

ထိုညက တဲသို့ပြန်ရောက်သည့်အခါ ကွမ်တာသည် လတစ်ကြိမ်ပြည့်တိုင်း မှန်မှန် ထည့်ခဲ့သည့် ကျောက်စရစ်ခဲများကို ရေတွက်ကြည့်သည်။ သူသည် အံ့အားသင့်လျက် ရှိ၏။ သူ့အသက်သည် သုံးဆယ့်လေးမိုးပင် ရှိနေပါပကောလား။ သူ့ဘဝတွင် ဘာတွေ ဖြစ်နေပါလိမ့်။ လူဖြူတို့၏မြေပေါ်သို့ သူရောက်သည်မှာကြာခဲ့ပြီ။ သူသည် ယခုအချိန်အထိ အာဖရိကန်တစ်ယောက်ပဲလား။ သို့တည်းမဟုတ် အခြားလူမည်းများက သူတို့ကိုယ်သူတို့ ခေါ်နေသလို 'နီဂရိုး'တစ်ယောက် ဖြစ်သွားပြီလား။ သူသည် လူတစ်ယောက်မှ ဟုတ်ပါသေးရဲ့လား။ ယခုဆိုလျှင် သူ့အသက်သည် သူ နောက်ဆုံးအကြိမ် မြင်ခဲ့ရသည့် သူ့အဖေ၏အသက်လောက် ရှိနေခဲ့လေပြီ။ ယခုအချိန်ထိ သူ့မှာ သားမရှိ၊ မယားမရှိ၊ ဆွေမျိုးညာတိမရှိ၊ ကိုယ့်ရပ်ကိုယ့်ရွာမရှိ၊ ကိုယ့်လူမျိုးမရှိ၊ ကိုယ့်နိုင်ငံမရှိ။ သူသည် အတိတ်မရှိသည့်လူတစ်ယောက်ဖြစ်နေပြီ။ သူ့ဘဝ၏အနာဂတ်ကိုလည်း သူမမြင်နိုင်သေး။ သူ့မွေးရပ်ဇာတိဖြစ်သော ဂမ်ဘီယာနိုင်ငံသည်ပင်လျှင် အိပ်မက်တစ်ခုဖြစ်သွားပြီ။ သူ ယခုအချိန်ထိ အိပ်မောကျနေတုန်းပဲလား။ အကယ်၍ အိပ်မောကျနေသည်ဆိုပါမူ သူအိပ်ပျော်နေရာမှ တစ်ဖန်ပြန်၍ နိုးပါဦးမည်လော။

[၅၇]

ကွမ်တာသည် သူ့အနာဂတ်ဘဝကိုသိနိုင်ဖို့အတွက် အချိန်ကြာကြာ မစောင့်လိုက်ရပေ။ နောက်ရက်အနည်းငယ်မျှအကြာတွင် ရောက်လာသော သတင်းတစ်ခုသည် ယာမြေပေါ် မှန်တိုင်းကျသည့်နှယ်ရှိသည်။ ဤယာမြေပေါ်မှ ထွက်ပြေးသွားသော ကျွန်မကလေးတစ်ယောက်အား ပုလိပ်အရာရှိချုပ်က ဖမ်းမိသဖြင့် လာပို့သည်။ တံခါးများ အလုံပိတ်ပြီး ကြာပွတ်နှင့် တစ်ချက် နှစ်ချက်မျှ ရိုက်၍ မေးလိုက်သောအခါ မိန်းကလေးက သူ့အား လမ်းညွှန်သူမှာ သခင်ဝေါလား၏ မြင်းရထားသမား လူသာ ဖြစ်ပါသည်ဟု ဝန်ခံသည်။

ယမ်းပုံမီးကျ ဒေါသကြီးနေသော ဝေါလားသည် ချက်ချင်းပင် ကျွန်အိမ်တန်းဘက်သို့ ရောက်လာပြီး လူသာအား ဟုတ်မဟုတ် မေးသည်။ လူသာကလည်း အထိတ်ထိတ်အလန့်လန့်ဖြင့် မှန်ပါသည်ဟုဝန်ခံသည်။ ဒေါသအရှိန်ဖြင့် တစ်မျက်နှာလုံးနီရဲနေသော ဝေါလားသည် လူသာအားရိုက်ရန် လက်တစ်ဖက်ကို မြှောက်လိုက်သည်။ လူသာကလည်း အသနားခံတောင်းပန်သည်။ ထိုအခါ ဝေါလားသည် မြှောက်ထားသည့်လက်ကို ပြန်ချလိုက်ပြီး လူသာအား အချိန်အတော်ကြာမျှ စိုက်ကြည့်နေသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်များပြည့်လျက်ရှိ၏။

မြန်မာ စာအုပ်များ

နောက်ဆုံးတွင် သူသည် အလွန်အေးဆေးတည်ငြိမ်သော လေသံဖြင့်. . .

'ဒီလူကိုဖမ်းပြီး ထောင်ထဲထည့်ထားလိုက်ပါတော့။ နောက်တစ်ခါ ကျွန်လေလံပွဲမှာ သူ့ကိုရောင်းမယ်'

ထို့နောက် ဝေါလားသည် ကျိတ်၍ဒိုင်ရှိက်နေသော လူသာအား လှည့်၍ပင်မကြည့်တော့ဘဲ သူ့အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

သခင်ဝေါလားသည် လူသာ၏နေရာတွင် မည်သူ့အား အစားထိုးလိမ့်မည်နည်း။ ဤကိစ္စမှာ ခန့်မှန်းရန်မလွယ်သောကိစ္စဖြစ်၏။ တစ်ညတွင်မူ ကွမ်တာ၏တဲသို့ ဘဲလ်ရောက်လာသည်။ သခင်ဝေါလားကခေါ်ခိုင်းသည်ဟု လာပြောခြင်းဖြစ်သည်။ သူ့အား ဘာ့ကြောင့်ခေါ်သနည်း။ ကွမ်တာသည် စိုးရိမ်စိတ်ဖြင့် ဘဲလ်၏နောက်မှ လိုက်သွားသည်။ သူ ဤမြေပေါ်၌ နေလာခဲ့သည်မှာ ဆယ့်ခြောက်နှစ် ရှိခဲ့ပြီ။ ဤကာလအတွင်း သူသည် သခင်ဝေါလားနှင့် လုံးဝ စကားမပြောဖူးခဲ့။ ဘဲလ်၏မီးဖိုချောင်မှလွဲ၍ အိမ်ကြီးထဲ ဘယ်နေရာကိုမှ ရောက်ဖူးခဲ့သည်လည်းမဟုတ်။

ဘဲလ်က သူ့အား မီးဖိုချောင်ထဲမှဖြတ်ကာ အတွင်းဘက်သို့ခေါ်သွားသည်။ တံခါးကြီးတစ်ခုအား ခေါက်၍ အသံပေးသည်။ 'ဝင်ခဲ့'ဟူသော ဝေါလား၏အသံ။ အခန်းကြီးမှာ ကျယ်ဝန်းလှသည်။ ကျိတစ်လုံးစာလောက်ရှိလိမ့်မည်ဟု ကွမ်တာ ခန့်မှန်းသည်။ ဝက်သစ်ချသားများခင်းထားသည့် ကြမ်းပြင်ပေါ်တွင် ကော်ဇောကြီးများ ခင်းထားသည်။ နံရံများထက်တွင် ပန်းချီကားများ ချိတ်ဆွဲထားသည်။ ခင်းထားသည့် ပရိဘောဂပစ္စည်းများမှာ ဖယောင်းတိုက်ထားသဖြင့် အရောင်တလက်လက်ဖြစ်နေသည်။ ဘေးတစ်ဖက်နံရံကပ်စင်များပေါ်တွင် တန်းစီတင်ထားသည့် စာအုပ်များ။ သခင်ဝေါလားသည် စားပွဲတစ်လုံး၌ထိုင်ကာ စာအုပ်တစ်အုပ်ဖတ်နေရာမှ လှည့်လာပြီး ကွမ်တာနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'တိုဘီ၊ ငါ့မှာ မြင်းရထားသမားလိုနေတယ်။ မင်းဟာ ဒီမြေပေါ်မှာကြီးလာတဲ့ လူတစ်ယောက်ဆိုတော့ သစ္စာရှိလိမ့်မယ်လို့ ငါယုံကြည်တယ်'

ဝေါလား၏ အပြာရောင်မျက်လုံးများ၏အကြည့်သည် သူ့ကိုယ်တွင်းသို့ ဖောက်ထွင်းသွားသည်ဟုပင် ထင်ရ၏။

'ဘဲလ်ကပြောတယ်။ မင်းဟာ အရက်မသောက်ဘူးတဲ့။ အဲဒါကို ငါသဘောကျတယ်။ ပြီးတော့ မင့်ကိုကြည့်ရတာ ကိုယ့်ကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း သိပ်ရှိတယ်'

ဘဲလ်က ကွမ်တာအား တစ်ချက်လှည့်ကြည့်သည်။

'ဟုတ်ကဲ့ပါ သခင်'ဟု ကွမ်တာက ကပျာကယာပြန်ပြောသည်။

'လူသာ ဘယ်လိုဖြစ်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား တိုဘီ'ဟု ဝေါလားက မေးသည်။ 'ဟုတ်ကဲ့'ဟု ကွမ်တာကဖြေသည်။ ဝေါလား၏ မျက်လုံးများသည် ကျဉ်းသွားသည်။

'မင်းတို့မှာ အသိမရှိဘူးဆိုရင် မင့်ကိုရော ဘဲလ်ကိုပါ အချိန်မရွေး ပြန်ရောင်းပစ်မှာပဲ'

သူတို့နှစ်ယောက် ငြိမ်ဆိတ်စွာ ရပ်နေခိုက်မှာပင် သခင်ဝေါလားသည် သူ့လက်ထဲမှ စာအုပ်ကို ဖွင့်လိုက်သည်။

'ကဲ...မနက်ဖြန်ကစပြီး မင်း မြင်းရထားမောင်းရမယ်။ ငါ နယူးပို့မြို့ကိုသွားစရာရှိတယ်။ လမ်းကို ငါပြပေးမယ်'

ဝေါလားက ဘဲလ်အား လှမ်းကြည့်သည်။

'သူ့အတွက် အဝတ်အစားစီစဉ်ပေးလိုက်။ ပြီးတော့ မနက်ဖြန်ကစပြီး တိုဘီနေရာမှာ ဝင်လုပ်ရမယ်လို့ တယောဆရာကိုသွားပြော'

'ဟုတ်ကဲ့ပါ သခင်'ဟု ဘဲလ်က ပြန်ပြောသည်။

လူဖြူများအတွက် လုပ်ကိုင်ပေးရသည့်အလုပ်ဆိုလျှင် မည်သည့်အလုပ်မှ ဂုဏ်သိက္ခာမရှိ ဟူသော အစွဲသည် ကွမ်တာ့တွင် စွဲနေပြီးဖြစ်၏။ သို့သော်လည်း မြင်းရထားအလုပ်ဖြင့် ခရီးကျယ်ကျယ်ပြန့်ပြန့်သွားရမည့်အရေးကို တွေးလိုက်မိသောအခါ သူ့အား ပေးအပ်လိုက်သည့် တာဝန်သစ်ပေါ်တွင် ကြိုက်သလိုလိုဖြစ်မိသည်။ ဤသို့ဖြင့် ကွမ်တာသည် မြင်းရထားသမားဘဝတွင် အခြေတကျဖြစ်လာသည်။ ဆရာဝန်တစ်ဦးဖြစ်သော သခင်ဝေါလားသည် နေ့ရောညပါ အချိန်မရွေး လူနာများထံ သွားရတတ်သည်ဖြစ်ရာ ကွမ်တာမှာလည်း အချိန်အခါမရွေး မြင်းရထားပြင်ကာ လိုက်ပို့ရသည်။

ကောင်တီခရိုင်နယ်မြေတွင်း၌ ကူးစက်ရောဂါတစ်ခုခု ကျရောက်လာသည့်အခါများတွင် သူနှင့် ဝေါလားတို့သည် နေ့ရောညပါ ခရီးသွားရတတ်၏။ ထိုအခါမျိုးတွင် ကွမ်တာသည် စိတ်ပန်းကိုယ်ပန်းဖြစ်တတ်သော်လည်း ကြာလာသည့်အခါ ကျင့်သားရလာသည်။ သူ့သခင် ပြန်မလာမချင်း မြင်းရထားပေါ်မှ ထိုင်စောင့်ရသည့်အလုပ်ကိုလည်း ငြီးငွေ့စရာအလုပ်ဟု မမြင်တော့။ မည်သို့ပင်ဖြစ်စေ နွေဦးပေါက်ကာလနှင့် နွေရာသီများတွင် ခရီးသွားရသည်မှာ ကွမ်တာ့အဖို့တော့ ပျော်စရာဖြစ်သည်။ ပတ်ဝန်းကျင် တောတောင်ရေမြေများသည် သူ့အတွက် ကြည်နူးစရာမြင်ကွင်းများဖြစ်၏။ တစ်ခါတစ်ရံတွင် လယ်ကွက်ထဲ၌ ဝက်သစ်ချပင် သို့မဟုတ် ထင်းရှူးပင် တစ်ပင်တည်း ရှိနေသည်ကို တွေ့ရသည်။ ထိုမြင်ကွင်းကို တွေ့ရလျှင် သူသည် အာဖရိကကို သတိရတတ်၏။ သစ်ပင်ကြီးတစ်ပင်တည်း အထီးကျန်ပေါက်ရောက်နေသောနေရာသည် တစ်ချိန်က ရွာတစ်ရွာရှိခဲ့ဖူးသည်ဟု လူကြီးသူမများ ပြောလေ့ရှိ၏။ ထိုအခါမျိုးတွင်မူ သူသည် ဂျပ်ဖူရီရွာကို ပြင်းပြင်းပြပြ သတိရမိတတ်လေသည်။

သခင်ဝေါလားသည် သူ့မိဘများနေထိုင်ရာ အင်းဖီးလ်သို့ မကြာခဏ အလည်သွားတတ်သည်။ သူ့မိဘများ၏ ခြံမြေကြီးမှာ ဘုရင်ဝီလျံကောင်တီနှင့် ဘုရင်–ဘုရင်မ

မြန်မာ စာအုပ်များ

ကောင်တီဟူသော ကောင်တီခရိုင်နယ်မြေနှစ်ခုအစပ်၌ တည်ရှိသည်။ ဆောက်ထားသည့် အိမ်ကြီးမှာ သူ့သခင်ဝေါလားဏ်အိမ်ထက် ပိုကြီးပြီး ပို၍ထည်ဝါခဲ့ညားရုံမျှမက မြစ်ဘက် မျက်နှာပြုထားသည့် တောင်ကုန်းပေါ်၌တည်ရှိသဖြင့် သာယာသည်။

ကွမ်တာ မြင်းရထားမောင်းစ လအနည်းငယ်မျှအတွင်း သူရောက်လေရာနေရာများမှ ထမင်းချက်များသည် သူ့အား အစားအသောက်ကျွေးမွေးကြသူများဖြစ်ရာ သူနှင့် အထိုက်အလျောက် ခင်မင်ရင်းနှီးခဲ့ကြ၏။ ယင်းတို့အထဲတွင် အင်းဖီးလ်ခြံကြီးမှ 'ဟက်တီမေ'အမည်ရှိ စားဖိုမှူးမိန်းမကြီးသည် ကွမ်တာအား ရတ်တရက် အရောတဝင်မပြု။ ကွမ်တာ၏အရိပ်အခြည်ကို အမြဲအကဲခတ်နေလေ့ရှိ၏။ ကွမ်တာ နေပုံထိုင်ပုံ ဣန္ဒြေကြီးခြင်း၊ စကားနည်းခြင်း၊ ဘာကျွေးကျွေး ဝက်သားမှလွဲ၍ ကျွေးသမျှကို ချေးမများဘဲ စားခြင်းနှင့် စားပြီးတိုင်း သူ့ပန်းကန် သူဆေးလေ့ရှိခြင်း စသည်တို့ကြောင့် ဟက်တီမေက စိတ်ဝင်စားလာသည်။ ခြောက်ကြိမ် ခုနစ်ကြိမ်ခန့် ရောက်သည့်အခါတွင်မူ ဟက်တီမေက ကွမ်တာအား စကားစမြည်ပြောသင့်သည့် လူတစ်ယောက်ဟု သတ်မှတ်ကာ အာလာပသလ္လာပစကားများ ပြောဆိုဆက်ဆံလာသည်။

တစ်ခါတစ်ရံတွင် သခင်ဝေါလားသည် နယူးပို့မြို့ရှိ သူ့ဦးလေးနှင့် အဒေါ်တို့ထံ အလည်သွား၏။ အဘိုးကြီး အဘွားကြီးတို့၏ အိမ်ကြီးမှာလည်း အင်းဖီးလ်က အိမ်ကြီးနှင့်တူသည်။ ဤအိမ်ကြီးမှ ထမင်းချက်မိန်းမကလည်း ကွမ်တာအား တရင်းတနှီးဆက်ဆံလေ့ရှိ၏။ တစ်ရက်တွင်မူ ထမင်းချက်မိန်းမကြီးက ကွမ်တာအား အိမ်ကြီးအတွင်းရှိ အစွန်ဆုံးအခန်းတစ်ခန်းဆီသို့ တိတ်တိတ်ကလေးခေါ်သွားသည်။ သူ့ခါးတွင် ချိတ်ထားသည့် သော့တွဲများထဲမှ သော့တစ်ချောင်းဖြင့် အခန်းတံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်ခိုင်းသည်။ ထမင်းချက်မိန်းမကြီး၏ ပြောပြချက်အရ အခန်းထဲရှိလက်နက်များနှင့် အသုံးအဆောင်ပစ္စည်းများမှာ ဝေါလားမိသားစုအား ဆင်းသက်ပေါက်ဖွားစေခဲ့သော ဗိုလ်မှူးကြီးဝေါလား၏ပစ္စည်းများဟု သိရ၏။

ထမင်းချက်မိန်းမကြီးသည် ကွမ်တာအား နောက်ဖေးဘက်သို့ခေါ်သွားပြီး ရှေးခေတ်သုံး ရက်ကန်းရုံကိုပြသည်။ ထို့နောက် အနီးရှိ ကျွန်အိမ်များကိုပြသည်။ အောက်ဘက် အနိမ့်ထဲတွင် ရေကန်တစ်ကန်ရှိ၍ ထိုရေကန်၏တစ်ဖက် ခပ်လှမ်းလှမ်းတွင်မူ ကျွန်များ၏သချိုင်းရှိသည်။

'မင့်အနေနဲ့ အဲဒီနေရာကိုတော့ ကြည့်ချင်မှာမဟုတ်ဘူးလို့ ငါထင်တယ်'ဟု ကွမ်တာ၏စိတ်ကို ရိပ်စားမိဟန်တူသောအဘွားအိုက ပြောသည်။ အဘွားအို ပြောဆိုနေပုံကိုကြည့်ကာ ကွမ်တာ၏စိတ်ထဲတွင် အထူးအဆန်းဖြစ်နေရုံမျှမက ဝမ်းနည်းကြေကွဲခြင်းလည်း ဖြစ်နေမိသည်။ သူပြောဆိုနေပုံသည် သူ၏ကိုယ်ပိုင်ခြံကြီးတစ်ခြံအကြောင်း ပြောပြနေသည့်နယ်တူလှချေသည်။ တကယ်တော့ ထိုကဲ့သို့မဖြစ်သင့်။ အဘွားအို၏

မြန်မာ စာအုပ်များ

အမြင်သည် တစ်မျိုးတစ်ဖုံဖြစ်သင့်သည်ဟု ကွမ်တာ၏ရင်ထဲ၌ ခံစားနေရသည်။ အကယ်၍သာ အဘွားအိုသည် ထိုခံစားမှုကို နားလည်ပါမူ မည်မျှကောင်းပါမည်နည်း။

[၅၈]

'သခင်လည်း ဘယ်လိုဖြစ်မှန်းမသိဘူး၊ သူ့ညီ လူကောင်းမဟုတ်ဘူးဆိုတာ သိနေလျက်သားနဲ့ အခုတလော ခဏခဏအလည်သွားနေတယ်'

တစ်ညနေခင်း သူ့သခင်နှင့်အတူ ဂျွန်ဝေါလား၏နေအိမ်မှ ပြန်ရောက်လာသော ကွမ်တာအား ဘဲလ်က ဆီးပြောသည်။

'ကျွန်မက သူတို့ညီအစ်ကိုချင်း သိပ်ပြီး ချစ်ချစ်ခင်ခင်မရှိတော့ဘူးလို့ထင်နေတာ'

ငါထင်တာတော့ သခင်က သူတို့မွေးတဲ့ကလေးလေးကိုချစ်လို့ သွားသွားနေတာ ဖြစ်မယ်'ဟု ကွမ်တာက ပြန်ပြောသည်။

'အင်း...ကလေးက သေးသေးလိုလိုလေးပေမဲ့ ချောတော့ချောသား'ဟု ဘဲလ်က ရေရွတ်ကာ အတန်ကြာမျှငြိမ်နေသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားနေသလို ရှိသည်။

'သခင်ဝေါလားက အင်နီကို သေသွားတဲ့သူ့သမီးနဲ့ တူတယ်လို့များ ထင်နေသလား မပြောတတ်ပါဘူး'

ယခုအချိန်ထိ တိုးဘော့များအား လူသားစစ်စစ်မဟုတ်ဘူးဟု ယူဆနေဆဲဖြစ်သော ကွမ်တာကတော့ ဘဲလ်၏အတွေးမျိုး လုံးဝမဝင်။

'မစ္စအင်နီလေးဟာ အခုလာမယ့်နိုဝင်ဘာလဆိုရင် တစ်နှစ်ပြည့်တော့မယ် မဟုတ်လား'ဟု ဘဲလ်က မေးသည်။

ကွမ်တာက ပခုံးများကိုတွန့်သည်။ အမှန်တော့ ကွမ်တာသည် လူဖြူညီအစ်ကို နှစ်ယောက်၏ ခြံကြီးနှစ်ခြံကြား မြင်းရထားဖြင့် မကြာခဏသွားရသည့်အလုပ်မှာ သူ့အတွက် အလွန်ပင်ပန်းသည်ဟူသောအချက်မှတစ်ပါး တခြားဘာကိုမျှ သိသူမဟုတ်။ သိအောင်လည်း စပ်စပ်စုစုမလုပ်တတ်။ သူသည် ဂျွန်ဝေါလား၏ ရထားသမား ရစ်ဘီနှင့်ပင်လျှင် အကျွမ်းတဝင်မနေ။

ဘဲလ်သည် ဂျွန်ဝေါလားမိသားစု အလည်ရောက်လာပြီး ပြန်သည့်နေ့က မြင်ခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို သတိတရပြောပြသည်။ ထိုနေ့က သူ့သခင်ဝေါလားသည် သူ့ညီနှင့် ခယ်မတို့အား မြင်းရထားနားအထိလိုက်ပို့သည်။ ထိုနောက် သူ့တူမလေးအား လေထဲသို့မြှောက်လိုက် ပြန်ဖမ်းလိုက်လုပ်၍ ချော့မြူလျက်ရှိသည်။ သခင်ဝေါလားသည် စိတ်လက်ကြည်သာ ပျော်ရွှင်နေပုံပေါ်သည်ဟု ဘဲလ်ကဆိုသည်။ ကွမ်တာကတော့

မြန်မာ စာအုပ်များ

သို့မြင်ကွင်းကို သတိပင်ထားမိခဲ့သည်မဟုတ်။ ဘဲလ်ကတော့ ဘာကြောင့် ထိုကဲ့သို့သော အသေးအဖွဲများကို ဂရုတစိုက်ကြည့်၍ ကောက်ချက်ဆွဲနေရသနည်း။ သူ နားမလည် နိုင်အောင် ဖြစ်ရ၏။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ဝေါလားနှင့် ကွမ်တာတို့သည် လူနာများ လှည့် လည် ကြည့်ရှုပြီး ပြန်လာကြသည်။ ကွမ်တာသည် သူ့အတွေးနှင့်သူဖြစ်၍ တွေ့ရ မည့် လမ်းချိုးသို့ရောက်သော်လည်း မြင်းရထားကို မတွေ့မိ။ သူ့သခင်ဝေါလားက နောက်မှနေ၍ အော်ငေါက်သတိပေးကာမှ ကပျာကယာတောင်းပန်ပြီး မြင်းရထားကို တွေ့ခဲ့ရသည်။ ထိုအချိန်ထိ သူသည် လူနာတစ်ဦး၏ အိမ်ကြီးတစ်အိမ်တွင် မြင်ခဲ့ရသည့် ရှုခင်းကို ပြန်လည်မြင်ယောင်နေဆဲ။

သူမြင်တွေ့ခဲ့ရသည်မှာ အိမ်ကြီး၏နောက်ဖေးဘက်၌ ကိုယ်လုံးငိုယ်ထည် တုတ် တုတ်ခိုင်ခိုင်၊ အသားနက်ကြုတ်ကြုတ်၊ ဝိုးလော့ပ်လူမျိုးမျက်နှာပေါက်ရှိသော မိန်းမကြီး တစ်ယောက်သည် သစ်ငုတ်တိုတစ်ခုပေါ်၌ထိုင်ကာ နို့ကြီးနှစ်လုံးကို တွဲလောင်းချ၍ ကလေးနှစ်ယောက်အား တစ်ပြိုင်တည်း နို့တိုက်လျက်ရှိသည်။ ကလေးနှစ်ယောက်တွင် တစ်ယောက်မှာ လူဖြူကလေးတစ်ယောက်ဖြစ်၍ ကျန်တစ်ယောက်မှာ လူမည်းကလေး တစ်ယောက်ဖြစ်၏၊ ကွမ်တာ့အဖို့တော့ ထိုမြင်ကွင်းသည် စက်ဆုပ်ရွံရှာဖွယ်လည်း ကောင်းသည်။ အံ့သြစရာလည်းကောင်းသည်။

နောက်တစ်ခု သူမြင်တွေ့နေရသည့် ထူးဆန်းသောအရာမှာ သက်တူရွယ်တူ လူဖြူနှင့် လူမည်းကလေးသူငယ်များ အတူတူကစားနေကြခြင်းဖြစ်သည်။ သူရောက် လေရာ နေရာတိုင်း၌ အများဆုံးတွေ့ရသည့် မြင်ကွင်းဖြစ်သည်။

လူဖြူကလေးသူငယ်များသည် ကစားကြသည့်အခါတိုင်း သူတို့ကိုယ်သူတို့ 'သခင်'နေရာမှယူ၍ ကစားကြသည်။ လူမည်းကလေးသူငယ်များအား 'မြင်း'လုပ်ခိုင်း ကာ ကျောပေါ်မှာ တက်စီးကြသည်။ 'စာသင်တမ်း' ကစားကြသည့်အခါတွင်လည်း လူဖြူကလေးငယ်များက ကျောင်းဆရာ၊ ဆရာမလုပ်၍ လူမည်းကလေးများအား ကျောင်းသားအဖြစ်ထားကာ စာရေး စာဖတ်နိုင်းသည်။ နေ့လယ်စာစားပြီး၍ တရေး တမော အိပ်ကြသည့်အခါ လူမည်းကလေးများက လူဖြူမိသားစုအား၌ထိုင်ကာ သစ်ရွက် များဖြင့် ယင်ခြောက်ပေးကြရသည်။ တချို့နေရာများကျတော့လည်း လူဖြူနှင့်လူမည်း ကလေးသူငယ်များသည် ကောက်ရိုးဖျာများပေါ်တွင် အတူတူတွဲ၍အိပ်နေကြသည်ကို တွေ့ရ၏။ ယင်းအနေအထိုင်များကို မြင်ပြီးသည့်အခါတိုင်း ကွမ်တာသည် ဘဲလ်၊ တယော့ဆရာနှင့် ဥယျာဉ်မှူးအဘိုးအိုတို့အား ပြန်ပြောပြလေ့ရှိသည်။ သူ့အနေဖြင့် ဤမြေပေါ်၌ မိုးရာသီပေါင်းတစ်ရာအထိ နေထိုင်သွားသည့်တိုင်အောင် တိုးဘော့များ၏ အကျင့်စရိုက်နှင့် သဘောထားများကို နားလည်လိမ့်မည်မဟုတ်ဟု သူထင်ကြောင်း

မြန်မာ စာအုပ်များ

ပြောလေ့ရှိသည်။ ထိုအခါ တယောဆရာတို့လူစုက ဝိုင်းရယ်ကြသည်။ ယင်းအဖြစ် အများအပြားကို သူတို့ဘဝတစ်လျှောက်လုံး မြင်တွေ့ခဲ့ကြရသဖြင့် အထူးအဆန်း မဟုတ်ဟု ပြန်ပြောကြသည်။

ငယ်စဉ်ကတည်းက အတူတူမွေးပြီး အတူတူကြီးပြင်းလာခဲ့ကြသော လူဖြူနှင့် လူမည်းကလေးသူငယ်များသည် တစ်ယောက်ပေါ်တစ်ယောက် အလွန်သံယောဇဉ်ကြီး ကြသည်ဟု ဘဲလ်ကဆိုသည်။ သခင်ဖြစ်သူ လူဖြူက အမှုမဲ့အမှတ်မဲ့နှင့် လူမည်းမ ကလေးများအား အကြောင်းတစ်ခုခုကြောင့် ရောင်းပစ်လိုက်သည်ဆိုပါတော့၊ ထို လူမည်းမကလေးများနှင့် ခင်မင်တွယ်တာလျက်ရှိသော လူဖြူမကလေးများသည် စိတ် အကြီးအကျယ်ထိခိုက်ကာ အိပ်ရာပေါ် ဘုံးဘုံးလဲသည်အထိ ခံစားကြရသည်ဟု ဆို သည်။ ထိုအခါ ဆရာဝန်များက အကြံပြုသဖြင့် လူဖြူသခင်သည် သူရောင်းပစ်လိုက် သော လူမည်းမလေးများအား လိုက်လံရှာဖွေပြီး ပြန်ဝယ်ရသည့်အထိ အလုပ်ရှုပ်ကုန်ကြ သည်ကို သူတွေ့ခဲ့ဖူးပါသည်ဟု ဘဲလ်က ပြောပြလေသည်။

ဥယျာဉ်မှူးအဘိုးအိုကလည်း သူနေခဲ့သည့် ဒုတိယခြံမြေပေါ်တွင် လူဖြူသူငယ် တစ်ယောက်နှင့် လူမည်းသူငယ်တစ်ယောက်တို့ အတူတူကြီးပြင်းလာခဲ့ကြကြောင်း၊ ဝီလျံနှင့်မေရီကောလိပ်သို့ လူဖြူလူငယ် ပညာသွားရောက်သင်ကြားသည့်အခါ သူ့ သူငယ်ချင်း လူမည်းသူငယ်ကိုပါ ခေါ်သွားကြောင်း ပြောပြသည်။

'တို့သခင်ကတော့ အဲသလိုခေါ်သွားတာ မကြိုက်ဘူးပေါ့ကွာ၊ ဒါပေမဲ့ သခင်မက သူသွားသတောပဲလို့ ပြောတယ်။ နောက် အဲဒီနီဂရိုးကောင်ကလေး ပြန်ရောက်လာတော့ ငါတို့ကိုပြောပြတယ်။ ကောလိပ်ကျောင်းမှာ သူ့လိုခေါ်လာတဲ့ နီဂရိုးလူငယ်တွေ အများ ကြီး တွေ့ခဲ့ရတယ်တဲ့။ ငါတွေ့ခဲ့တဲ့ နီဂရိုးကောင်လေးဟာ စာအရမ်းတော်တယ်။ စာဖတ်တတ် ရေးတတ်ရုံတင်ဘယ်ကမလဲ ဂဏန်းတွေတွက်တတ်တယ်။ ကဗျာတွေ လည်း အလွတ်ရတယ်။ နောက်ပိုင်းမှာ ဒီကောင်လေး ဘာများဖြစ်လာမလဲဆိုတာတော့ စဉ်းစားစရာတစ်ခုပဲဟေ့'

'အင်း ခင်ဗျားအခုပြောနေတဲ့ကောင်လေး မတေတေးရင်ဘဲ ကောင်းတယ်လို့ ချိုရမှာပဲဗျို့'ဟု တယောဆရာက ပြောသည်။

'ဘာကြောင့်လဲချိုတော့ ဒီလူဖြူတွေဟာ အဲဒီကောင်လေးလို စာတတ်တဲ့ နီဂရိုး တွေအပေါ်မှာ တိတ်ပြီး တံတယချိုတယ်။ တူတို့ကို ပုန်ကန်တော်လှန်မှာ တိတ်ကြောက် တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကို တိတ်ပြီး တိအောင်တတ်အောင်မလုပ်ကြနဲ့။ တကယ် လို့ လုပ်ထားရင်လည်း တိကြောင်းတတ်ကြောင်းမပြနဲ့။ ပါးစပ်ကိုပိတ်ပြီး နားတွေကို ဖွင့်ထားကြပါ။ နီဂရိုးတွေအတွက် အကောင်းဆုံးနည်းလမ်းပဲ'

တယော်ဆရာ၏ စကား မှန်ကန်ကြောင်းကို မကြာခင်မှာ ကွမ်တာ သိလာရ၏။ တစ်ရက်တွင် သူ့သခင်ဝေါလားသည် ခြံကြီးတစ်ခြံဆီသို့သွားရာ သူ့မိတ်ဆွေတစ်ဦးကို တင်လာသည်။ လူဖြူနှစ်ယောက်သည် ကွမ်တာအား သူတို့နှင့်အတူတူရှိနေသည်ဟုပင် ယူဆပုံမပေါ်။ ချည်ထည်များ ဝယ်အားကောင်းနေခိုက် ချည်ငင်ရာ၌ ကျွန်များ လက်နှင့်ငင်နိုင်းနေရသဖြင့် အထွက်အလွန်နှေးကွေးနေသည့်ကိစ္စကို ဆွေးနွေးနေကြသည်။ အထွက်နှုန်းတိုးတက်လာစေလိုလျှင် နောက်ထပ် ကျွန်အများအပြားထပ်ဝယ်မှဖြစ်မည်ဟု ယူဆကြောင်း၊ သို့သော်လည်း ကျွန်ကုန်သည်များက ကျွန်ဈေးကို မတရားတင်ထားသဖြင့် အခက်အခဲဖြစ်နေကြောင်း စသည်များကိုလည်း ပြောနေကြသည်။

'ခင်ဗျားက ဝယ်နိုင်လို့ နောက်ထပ်ဝယ်တယ်ဆိုဦးတော့ ပြဿနာတွေ အများကြီး ရှိလာနိုင်သေးတယ်ဗျ'ဟု ဝေါလားက ပြောသည်။

'ခင်ဗျားမှာ ကျွန်တွေသိပ်များလာရင် ပုန်ကန်မှုဖြစ်ဖို့ အလားအလာက များလာမှာ'

'အဲဒါလည်းဟုတ်တာပဲ၊ ကိုလိုနီစစ်ပွဲအတွင်း သူတို့ကို လက်နက်ကိုင်ခွင့်ရအောင် လုပ်ပေးလိုက်တာဟာ မဟာအမှားပဲလို့ ထင်တယ်'ဟု အဖော်လူဖြူက ပြန်ပြောသည်။

'အခုတော့ အဲဒီအကျိုးဆက်ကြီးကို ကျွန်တော်တို့ ရင်ဆိုင်နေကြရပြီပေါ့ဗျာ'

ထို့နောက် အဖော်လူဖြူက ဖရက်ဒရစ်ဘော့ဂ်မြို့အနီးရှိ ခြံမြေကြီးတစ်ခုအတွင်းမှ အရေးအခင်းတစ်ခုကို ပြောပြနေသည်။ ထိုခြံအတွင်း၌ ကိုလိုနီစစ်အတွင်းက စစ်သားများဖြစ်ခဲ့ကြသည့် နီဂရိုးများသည် ပိုင်ရှင်အား ပုန်ကန်ရန်ကြံစည်ခဲ့ကြောင်း၊ အိမ်မှ အစေခံတစ်ယောက်က ထုတ်ဖော်ပြောပြ၍ အစီအစဉ်ကို သိခဲ့ရကြောင်းများကိုပါ အကျယ်တဝင့်ရှင်းပြသည်။

'သူတို့မှာ သေနတ်တွေ၊ တံစဉ်တွေနဲ့ ခက်ရင်းခွတွေအပြင် လှံတွေပါလုပ်ထားတာ တွေ့ရတယ်ဆိုပဲ။ သူတို့စီစဉ်ထားတာက ပိုင်ရှင်မိသားစုကို ညတစ်ညမှာသတ်ပြီး အိမ်တွေကို မီးရှို့ပစ်မှာတဲ့။ နေ့ခင်းကျရင်ပုန်းနေမယ်၊ ညကျရင် ဆက်လှုပ်ရှားမယ်လို့ စနစ်တကျ စီစဉ်ထားတာ။ သူတို့ခေါင်းဆောင်တွေထဲက တစ်ဦးက သူတို့ပုန်ကန်ရင် သေမှာပဲဆိုတာ သိထားပြီးသားပါတဲ့။ ဒါပေမဲ့ ကိုလိုနီစစ်ပွဲအတွင်းက လူဖြူတွေကို သူတို့ဘယ်လိုလုပ်နိုင်တယ်ဆိုတာ သိထားပြီးဖြစ်တဲ့အတွက် အခုလည်းပဲ ကျွန်ပိုင်ရှင်လူဖြူတွေကို အရင်သတ်ပြီး အသေခံရမှာ ဝန်မလေးဘူးလို့တောင် ပြောတယ်ဆိုပဲ'

'သူတို့ဟာ ဘာမှမသိနားမလည်တဲ့ ကြားလူတွေ အများကြီးသေကုန်ကြမယ့် အလုပ်မျိုးပါလား'

အလေးအနက် ဆင်ခြင်ချိန်ဆ၍ ပြောလိုက်သော သူ့သခင်၏အသံကို ကြားလိုက်ရ၏။ ထို့နောက် သူ့သခင်ကပင် သူဖတ်ခဲ့ဖူးသည့် အကြောင်းအရာတစ်ခုကို

မြန်မာ စာအုပ်များ

ဆက်လက်ပြောပြနေသည်။ ကျွန်သင်္ဘောများ ပထမဆုံးအကြိမ် ဆိုက်ရောက်ခဲ့စဉ်က ဖြစ်ပွားခဲ့သည့် ကျွန်နှစ်ရာစုနှစ်၏ တော်လှန်ပုန်ကန်မှုအကြောင်းဖြစ်သည်။

'ခင်ဗျားပြောတာ မှန်ပါတယ်'ဟု သူ့သခင်၏မိတ်ဆွေက ထောက်ခံသည်။

'ခင်ဗျားရဲ့လည်ပင်းကိုလှီးဖို့ ဘယ်သူတွေက စိတ်ကူးနေတယ်၊ ကြံစည်နေတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ။ ခင်ဗျားရဲ့အိမ်ထဲမှာ နိုင်းစေထားတဲ့ လူတွေထဲမှာတောင် ရှိချင်ရှိနေမှာ၊ ခင်ဗျား ဘယ်သူ့ကိုမှ ယုံကြည်လို့မရနိုင်ဘူး။ သူတို့ရဲ့ စိတ်နေသဘောထားကလည်း ခန့်မှန်းရခက်တယ်'

'ဆရာဝန်တစ်ယောက်အနေနဲ့ သူတို့လက်ချက်ကြောင့် သေဆုံးခဲ့ရတဲ့ လူဖြူတွေကို မြင်ဖူးခဲ့တာ တစ်ကြိမ်မကဘူး။ အသေးစိတ်ပြောမပြချင်တော့ပါဘူးဗျာ။ တစ်ခုပဲရှိတယ်၊ ကျွန်တော့်ဆီမှာလည်း မယုံကြည်ရတဲ့လူတချို့ ရှိနေတာပဲ'

သူ့သခင်ထံမှ ထိုစကားထွက်လာသည့်အခါ ကွမ်တာ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ လူဖြူနှစ်ယောက်သည် သူရှိနေသည်ကို သတိမှုရကြပါလေစ။ သူ့သခင်ထံ၌ မြင်းရထားသမားဘဝဖြင့် သူတာဝန်ယူလာခဲ့သည်မှာ နှစ်နှစ်တိတိရှိခဲ့ပြီ။ ထိုကာလအတွင်း ထမင်းချက်နှင့် အစေခံများထံမှ တီးတိုးစကားများကို သူကြားခဲ့ရဖူးသည်။ လူဖြူများအတွက် ချက်ပြုတ်ကျွေးမွေးသည့် အစားအစာများထဲ၌ သူတို့ကိုယ်ခန္ဓာမှ အညစ်အကြေးများ ထည့်ခဲ့ကြကြောင်း၊ မှန်စာမှုန့်များ၊ စိန်အဆိပ်မှုန့်များနှင့် အခြားအဆိပ်များ အနည်းငယ်စီထည့်ကျွေးခဲ့ကြသည့်အကြောင်း စသည်တို့ဖြစ်သည်။ ထို့ပြင်လည်း သူတို့လစ်ကာ အချိန်အတော်ကြာမှ မွေးမြောက်နေကြသည့် လူဖြူကလေးပေါက်စများအကြောင်းကိုလည်း ပြောပြကြသည်။ အမှန်တော့ ထိုကလေးများ၏ ဦးခေါင်းတွင် လူမည်းအစေခံ များက တိတ်တဆိတ် အပ်စိုက်ထားသဖြင့် သတိမေ့နေကြခြင်း ဖြစ်၏။ လူဖြူများသည် အပ်စိုက်ထားသည်ကိုမတွေ့ဘဲ ဆရာဝန်များဖြင့် ကုသရင် အချိန်ကုန်လုပန်း ဖြစ်နေရသည်ဟုဆိုသည်။

ကွမ်တာကတော့ လူဖြူများနှင့်ဆက်ဆံရာ၌ လူမည်းမများက လူမည်းယောက်ျားများထက် ပို၍ အာခံလိုစိတ်နှင့် ပုန်ကန်ဆန့်ကျင်လိုစိတ် များပြားပြင်းထန်သည်ဟု ယူဆသည်။ ယင်းသို့ဖြစ်ရခြင်းမှာလည်း တခြားကြောင်းကြောင့်တော့ ဟုတ်ဟန်မတူ။ လူမည်းမများသည် လူဖြူများနှင့် အများအားဖြင့် တိုက်ရိုက်ဆက်ဆံရသည်က များကြသည်။ အထိအတွေ့များကြရုံမျှမက နီးနီးကပ်ကပ်ဆက်ဆံမှုကလည်း များကြသည်။ အကယ်၍ လူဖြူများက သူတို့အပေါ် ရက်ရက်စက်စက်ပြုကြပါက လူ့သဘာဝအတိုင်း လက်တုံ့ပြန်ကြသည်။ ဤအကြောင်းများကို စကားစပ်မိကြစဉ်က တယောဆရာက အဖြစ်တစ်ခု ပြောပြခဲ့ဖူးသည်။ တစ်ခါတွင် လူဖြူအလုပ်ကြပ်က သမီးအား မုဒိမ်းကျင့်နေသည်ကို ပက်ပင်းတွေ့လိုက်ရသော ဖခင် လူမည်းသည် စိတ်မထိန်းနိုင်ဖြစ်ကာ

မြန်မာ စာအုပ်များ

အလုပ်ကြပ်အား ကြိုးဆွဲချ၍သတ်ပစ်ခဲ့သည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ လူမည်းများက လူဖြူများအား ပြန်တိုက်ခိုက်သည်မှာ အများအားဖြင့် လူဖြူများ၏ ရက်စက်ယုတ်မာမှုများကြောင့် ဖြစ်သည်ဟု သိရလေသည်။

ကွမ်တာသိရသလောက် ဝေါလား၏ခြံမြေပေါ်၌ ကျွန် ထကြွပုန်ကန်မှုများ မရှိခဲ့ပေ။ သို့သော်လည်း ဤအနီးအနားရှိ စပို့ဆီဗန်းနီးယားခရိုင်အတွင်း၌မူ သေနတ်များနှင့် ရရာလက်နက်များ လျှို့ဝှက်စုဆောင်းခဲ့ကြသော လူမည်းအချို့ရှိကြောင်း ကွမ်တာကြားခဲ့သည်။ ယင်းလူမည်းများသည် သူတို့သခင်နှင့် သခင်မ မိသားစုအားသတ်၍ ခြံမြေတစ်ခုလုံးကို မီးရှို့ရန် စီစဉ်ထားကြခြင်းဖြစ်၏။ ထို့ပြင်လည်း ဤအနီးအနားတစ်ဝိုက်၌ ကျွန်များ၏ ပုန်ကန်ထကြွမှုသတင်းများကို လျှို့ဝှက်ပြောဆိုနေကြသော လူမည်းတချို့ရှိသည်။ သို့သော်လည်း သူတို့သည် ပါးစပ်မှ ပြောကြခြင်းသာဖြစ်၍ လက်တွေ့အားဖြင့် ဘာမှမလုပ်ကြပေ။

ထိုလူစုသည် ကွမ်တာအား သူတို့ထဲ ပါဝင်လာအောင် စည်းရုံးခြင်းမပြုကြပေ။ တကယ်တမ်း ပုန်ကန်ထကြွသည့်အခါ သူ့ခြေထောက်ကြောင့် အသုံးမဝင်သည့် လူတစ်ယောက် ဖြစ်နေမည်ကို စိုးရိမ်ကြသောကြောင့် ဖြစ်ဟန်တူ၏။ သူ့အား မည်သည့်အကြောင်းကြောင့် ဖယ်ထုတ်ထားသည်ဖြစ်စေ ကွမ်တာကလည်း ကျေနပ်သည်။ သူတို့တော်လှန်ပုန်ကန်ကြသည့်အခါ အောင်မြင်ကြပါစေဟု စိတ်ထဲက ဆန္ဒပြုနေသည်မှာ မှန်သော်လည်း မည်သည့်လူမည်းပုန်ကန်မှုမှ အောင်မြင်လိမ့်မည်မဟုတ် ဟူ၍ကား တွက်ထားပြီးပြီဖြစ်၏။ သူ့သခင်ဝေါလား ပြောသလို တစ်နေ့နေ့တစ်ချိန်ချိန်တွင် လူမည်းအရေအတွက်က များလာသည်ဆိုဦးတော့ ကောက်ဆွများ၊ ခက်ရင်းခွများ၊ မီးဖိုချောင်သုံး ဓားများနှင့် မဖြစ်စလောက် မတ်စကက်သေနတ်များသည် လူဖြူတို့၏ စစ်တပ်နှင့် အမြောက်များကို အန်တုနိုင်မည်လော။

သူတို့လူမည်းများ၏ အဆိုးဆုံးသော ရန်သူမှာ လူမည်းများပင်ဖြစ်သည်ဟု ကွမ်တာ ထင်နေမိ၏။ သူတို့အားလုံးထဲတွင် တော်လှန်လိုသူ လူငယ်အနည်းငယ်မျှ ရှိနေသည်မှာ မှန်ပါ၏။ သို့သော်လည်း အများစုမှာ ဘာကိုမျှ အလေးအနက်ထား တွေးတတ်ကြသူများ မဟုတ်။ ရောက်ရာဘဝတွင် ဖြစ်သလိုနေမည်ဟု သဘောထားကြသူက များသည်။ ထိုအမျိုးအစား လူမည်းများသည် သူတို့လူမည်းမများအား လူဖြူများက ကောက်ရိုးပုံကြား ဆွဲသွင်းသွားသည်ကိုပင် ခွင့်လွှတ်သည့်အမြင်မျိုး ဖြင့် ကြည့်တတ်ကြသူများဖြစ်သည်။ တချို့နေရာတွင် ပိုင်ရှင် လူဖြူသည် ရပ်ဝေးတစ်နေရာသို့ တစ်နှစ်ခန့်ကြာမျှ ခရီးထွက်သွားတတ်၏။ သူ့မြေ သူ့ခြံတွင် အစောင့်အရှောက်ဟူ၍ တစ်ယောက်မျှ မထားခဲ့။ သူပြန်ရောက်လာသည့်အခါ သူ့ကျွန်များသည် သူ့ယာမြေပေါ်၌ အရှိန်မပျက် အလုပ်လုပ်နေကြဆဲဖြစ်သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ လူမည်းများအနေဖြင့် ကျေနပ်

ကြ၍မဟုတ်။ သူတို့ချင်းဆုံမိလျှင် မကျေနပ်မှုများကို အမြဲတစေ ပြောဆိုနေကြသူများ ဖြစ်၏။ သို့ပါလျက် သူတို့သည် ကိုယ့်ဘဝကိုယ် အလေးအနက်ဆင်ခြင်ပြီး စွန့်စားတွန်း လှန်လိုသူများနှင့် လက်မတွဲ။ အားပေးသမှုလည်း မပြု။ ကိုယ်နှင့်မဆိုင်သည့်နှယ် ဘာသာလဝါနေတတ်ကြ၏။

သူသည် ထိုလူမည်းများနှင့် တူလာနေပြီလောဟု သူ့ကိုယ်သူ ဆင်ခြင်ခြင်းပြု သည်။ သူသည် အသက်သာလျှင် တစ်နေ့တခြားကြီးလာနေသည့် ဆန်ကုန်မြေလေး တစ်ဦးအဖြစ်သို့ ရောက်နေပြီလား။ ထိုမေးခွန်းအတွက် သူ အဖြေမရ။ သို့သော်လည်း သူ့စိတ်သည် ယခင်ကလိုမဟုတ်တော့။ တိုက်ချင်ခိုက်ချင်စိတ်နှင့် ထွက်ပြေးလွတ် မြောက်လိုသော စိတ်များကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။ သူ့တွင် သူ့ဘာသာသူ တစ် ယောက်တည်း အေးအေးဆေးဆေးနေလိုသော ဆန္ဒသာလျှင် ရှိနေ၏။ သူ့အရေးကိစ္စမှ တစ်ပါး အခြားကိစ္စများတွင် ပါဝင်ပတ်သက်လိုစိတ်လည်း မရှိတော့။

[၃၉]

ကွမ်တာသည် ခြံဝင်းကြီးတစ်ခု၏နောက်ဘက်ရှိ ဝက်သစ်ချပင်ကြီးတစ်ပင်၏ အရိပ် ကို မှီကာ ငိုက်မျဉ်းလျက်ရှိသည်။ နွားများရောဂါတစ်ခုစွဲကပ်နေသည့် မိသားစုတစ်စု အား လာရောက်ကြည့်ရှုသောသူ့သခင်အား စောင့်ရင်း တရေးတမောမှေးနေခြင်းဖြစ်၏။ ညနေစောင်း အလုပ်သိမ်းခရာသင်းမှုတ်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ ကွမ်တာ သည် ဖျတ်ခနဲလန့်နိုးလာသည်။ အိပ်ချင်မူးတူးဖြစ်နေသော ကွမ်တာသည် မျက်လုံးကို လက်ခုံနှင့်ပွတ်ကာ ခြံဝင်းထဲသို့ဝင်လာနေကြသော အလုပ်သမားများကို လှမ်းကြည့် သည်။ စုစုပေါင်း လူနှစ်ဆယ် သုံးဆယ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ ထိုအထဲမှ ယောကျာ်းတစ်ယောက်၊ မိန်းမတစ်ယောက်နှင့် ဆယ်ကျော်သက်အရွယ် သုံ့ငယ် နှစ် ယောက် စုစုပေါင်း လူလေးယောက်သည် လူဖြူများဖြစ်နေသည်။ ဘာကြောင့်ပါလိမ့်၊ သူ အမြင်မှားလေသလား။

'ယာယီလူဖြူအလုပ်သမားတွေဗျ'ဟု သူ့မိတ်ဆွေ ထမင်းချက်က တအံ့တသြ ဖြစ်နေသော ကွမ်တာအား ရှင်းပြသည်။

'အခုဆိုရင် သူတို့ဒီကိုရောက်နေတာ နှစ်လလောက်ရှိသွားပြီ။ သူတို့မိသားစုက သင်္ဘောစီးပြီး ရေပြင်ကြီးကိုဖြတ်လာခဲ့ကြတာ။ သူတို့အတွက် သင်္ဘောခကို ကျုပ်တို့ သခင်က ပေးခဲ့တယ်။ ဒါကြောင့် သင်္ဘောခ ကြွေးမကျေမချင်း ကျွန်အဖြစ်နဲ့ သခင့် ဆီမှာ ခုနစ်နှစ် အလုပ်လုပ်ပေးမှာ။ နှစ်ပြည့်ရင် သူတို့အားလုံး တခြားလူဖြူတွေလိုပဲ ဖြစ်သွားမှာပေါ့'

'တခြားလူမည်းကျွန်တွေနဲ့အတူတူ ကျွန်အိမ်တန်းမှာပဲနေကြသလား'ဟု ကွမ်တာက မေးသည်။

'ကျုပ်တို့ ကျွန်အိမ်တန်းရဲ့ဟိုဘက်မှာ သူတို့အတွက် တဲတစ်လုံးပေးထားတယ်။ တဲကတော့ သိပ်မကောင်းပါဘူး။ ကျုပ်တို့တဲတွေလို အပျက်ပါပဲ။ စားတော့သောက်တော့လည်း ကျုပ်တို့လိုပဲ စားကြတယ်။ ယာတောထဲမှာ အလုပ်လုပ်တော့လည်း ကျုပ်တို့နဲ့ အတူတူလုပ်ရတာပဲ'

'သူတို့နေတာထိုင်တာ ကျုပ်တို့လိုပဲလား'ဟု ကွမ်တာက မေးပြန်သည်။

'သူတို့ဘာသာသူတို့ တသီးတခြားနေကြတယ်ဗျ။ ကျုပ်တို့နဲ့မရောဘူး။ ဒါကတော့ ကျုပ်တို့နဲ့ သူတို့နဲ့ တူမှမတူကြတာကိုး။ ဒါပေမဲ့ အလုပ်တော့လုပ်ပါတယ်။ ဘယ်သူနဲ့မှလည်း ပြဿနာမဖြစ်ဘူး'

ကွမ်တာအနေဖြင့် သူ့သခင်ဝေါလားနှင့်အတူ အနီးအနားပတ်ဝန်းကျင်မြို့များသို့ ရောက်ခဲ့ဖူးသည်ဖြစ်ရာ လူဖြူဆင်းရဲသားများ၏အခြေအနေကို မြင်ခဲ့ဖူး၏။ ထိုလူတန်းစားများသည် မြို့တွင်းလမ်းများပေါ်၌ ခြေဦးတည့်ရာ လျှောက်သွားနေကြသည်။ နံနက်စောစောစီးစီးအချိန်များမှာပင်လျှင် အရက်ဆိုင်များအနီး၌ တရစ်ဝဲဝဲလုပ်နေတတ်ကြသည်။ မူးမူးရူးရူးနှင့် တစ်ယောက်ကိုတစ်ယောက် အော်ကြဟစ်ကြသည်။ အသံပြဲကြီးများနှင့် ရယ်ကြသည်။ နေ့ခင်းဆိုလျှင် ပို၍ သောင်းကျန်းလာတတ်ကြ၏။ သူတို့အနီးမှ ဖြတ်သွားဖြတ်လာလုပ်နေကြသည့် အမျိုးသမီးများအား မဖွယ်မရာ ပြောကြ ပြုကြသည်။ သူတို့အချင်းချင်း ဆဲကြ ဆိုကြ ထိုးကြကြိတ်ကြသည်။ ထိုရန်ပွဲများသည် မျက်နှာစုတ်ပြတ်သွားခြင်း၊ နားရွက်ပြတ်ခြင်း၊ မျက်လုံးပေါက်ခြင်း စသော ဒဏ်ရာအနာတရဖြစ်ခြင်းများနှင့် အဆုံးသတ်သည်။ ထိုအခါမျိုးတွင် သူ့သခင်ဝေါလားသည် ချက်ချင်းလာပြီး ကုသပေးရတတ်၏။ သူ့ဇာတိရပ်ရွာမှ တိရစ္ဆာန်အရိုင်းအစိုင်းများသည်ပင်လျှင် ဤလူစုထက် ဂုဏ်သိက္ခာရှိကြသည်ဟု ကွမ်တာထင်မိလေသည်။

သူတို့မိန်းမများအား အဆမတန် ညှင်းပန်းနှိပ်စက်သဖြင့် ကြိမ်ဒဏ်အရိုက်ခံကြရသည့် လူဖြူများအကြောင်းကိုလည်း ဘဲလ်က ပြောပြခဲ့ဖူးသည်။ အချို့မှာ မုဒိမ်းမှုကျူးလွန်သဖြင့် ထောင်ဒဏ်ခံကြရသည်ဟုလည်း ဘဲလ်က ပြောပြသည်။ တစ်ယောက်ကိုတစ်ယောက် ဓားနှင့်ထိုးကြခြင်း၊ သေနတ်နဲ့ပစ်ခတ်သတ်ဖြတ်ကြခြင်း စသည်တို့မှာ ရိုး၍ပင်နေပြီဟု ဘဲလ်ကဆိုသည်။ ထိုကဲ့သို့သောပြစ်မှုများ ကျူးလွန်သဖြင့် ခြောက်လ တိတိ ကျွန်အဖြစ်နှင့် နေကြရသည်များလည်းရှိသည်ဟု သိရ၏။ လူဖြူများသည် သူတို့အချင်းချင်းလည်း ကြမ်းကြမ်းတမ်းတမ်းနှိပ်စက်ချင်တတ်၏။ လူမည်းများအပေါ် ကျတော့ ပို၍ပင် ရက်စက်တတ်ကြ၏။ အဘယ့်ကြောင့်ပါနည်း။ ကွမ်တာကတော့ နားမလည်နိုင်အောင်ဖြစ်ရသည်။ တယာဆရာပြောသလိုချား ဖြစ်နေလေသလား။

မြန်မာ စာအုပ်များ

တယော် ဆရာက သူ့အား ပြောခဲ့ဖူး၏။ လူဖြူဆင်းရဲသားများ ရက်စက်ကြမ်းကြုတ်နေကြခြင်းမှာ ချမ်းသာသော လူဖြူများကဲ့သို့ ငွေကြေးဥစ္စာအာဏာမရှိ၍ ဖြစ်သည်တဲ့၊

၁၇၈၆ ခုနှစ် နွေရာသီကုန်ခါနီးတစ်ရက်တွင် ကွမ်တာသည် သူ့သခင်နှင့်အတူ ကောင်တီခရိုင်နယ်မြေရုံးမှ ပြန်လာသည်။ သူ ကြားသိလာရသော သတင်းအတွက် သူ့ရင်ထဲ၌ ခံစားမှုအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိ၏။ လူဖြူများသည် လမ်းထောင့်များ၌ စုရုံးကာ ဂေဇက်သတင်းစာကိုကိုင်၍ ဝေဖန်ပြောနေကြသည်ကို သူ မြင်ခဲ့ရသည်၊ သတင်းစာ၏အဆိုအရ ကျွန်စနစ်ကို နှစ်ပေါင်းများစွာ အစဉ်တစိုက် ဆန့်ကျင်လာခဲ့ကြသည့် ကွိတ်ကားဘာသာဝင်များသည် နီဂရိုးကျွန်များအား ထွက်ပြေးကြရန် အားပေးအားမြှောက်ပြုရုံမျှမက ကိုယ်ထိလက်ရောက်ကူညီခြင်း၊ ဝှက်ထားခြင်း၊ မြောက်ပိုင်းဒေသ လုံခြုံရာသို့ ပို့ပေးခြင်း စသည်များကို ဆောင်ရွက်လာကြသည်။ ထိုအခါ ဆင်းရဲသားလူဖြူများနှင့် လူချမ်းသာလူဖြူများကလည်း ကျွန်များအား ကူညီသည်ဟု မသင်္ကာသူ ကွိတ်ကားများအား အကြမ်းဖက်တုံ့ပြန် နှိမ်နင်းကြသည်။ အချို့နေရာများတွင် ကြိုးပေး၍ပင်သတ်ကြသည်။ ကွမ်တာကတော့ ကွိတ်ကားများကဖြစ်စေ၊ အခြားလူများကဖြစ်စေ ကူညီသည့်တိုင်အောင် ကျွန်နီဂရိုးအများအပြား လွတ်မြောက်လိမ့်မည်ဟု မယုံကြည်။ သို့သော်လည်း လူမည်းများအား လူဖြူများက ကူညီနေခြင်းအတွက်တော့ စိတ်ထဲက ကျိတ်၍ဝမ်းမြောက်သည်။ သူတို့ကျွန်နီဂရိုးများအနေဖြင့် ထိုကဲ့သို့သော အကူအညီမျိုးကိုရဖို့ လိုအပ်နေသည်မှာအမှန်။ သူတို့၏ပိုင်ရှင်များအား ထိတ်လန့်ချောက်ချားစေသည့်အရာတစ်ခု အစဉ်သဖြင့် ရှိနေဖို့ကိုတော့ လိုလားအပ်သည် မဟုတ် ပါလော။

ထိုညက ကွမ်တာသည် သူမြင်ခဲ့ ကြားခဲ့ရသမျှအားလုံးကို ကျွန်အိမ်တန်းမှ လူများအား ဟောက်သည်ချသည်။ ထိုအခါ တယောဆရာကလည်း သူကြားခဲ့ရသည့်သတင်းတစ်ပုဒ်ကို ပြောပြသည်။ လွန်ခဲ့သောအပတ်က ခရိုင်နယ်မြေအတွင်း၌ ကျင်းပသော လူဖြူကပွဲတစ်ခုကိုသွား၍ သူတယောထိုးခဲ့ရကြောင်း၊ ထိုကပွဲတွင် ရှေ့နေတစ်ဦးက 'ဂျွန်မလဲဆင့်'အမည်ရှိ ကွိတ်ဘာသာဝင်သူဌေးကြီးက သူပိုင်ကျွန်နှစ်ရာကျော်အား လွတ်လပ်ခွင့်ပေးလိုက်ရန် သေတမ်းစာ၌ရေးသွားသည်ဟု ခြံပိုင်ရှင်ကြီးများအား ပြောပြနေသည်ကို သူကြားခဲ့ရကြောင်း၊ ထိုသတင်းကို နားထောင်နေကြသည့် ခြံပိုင်ရှင်ကြီးများသည် တအံ့တသြ ပါးစပ်အဟောင်းသားဖြစ်နေကြကြောင်း အကျယ်တဝင့်ရှင်းပြသည်။ ထိုညက သူတို့စကားဝိုင်းသို့ နောက်ကျပြီးမှရောက်လာသော ဘဲလ်ကလည်း သူ့သခင်ဝေါလားနှင့် ဧည့်သည်များ ညစာစားရင်းပြောနေကြသည့် စကားများကိုသူ ကြားခဲ့ရကြောင်း၊ မြောက်ပိုင်းဒေသရှိ 'ပက်ဆာချူးဆက်'ဟုခေါ်သော ပြည်နယ်သည် မကြာသေးမီကပင် ကျွန်စနစ်ဖက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ ထိုပြည်နယ်အနီး၌ရှိအခြား

ပြည်နယ်များကလည်း ကျွန်စနစ်ကို ဖျက်သိမ်းကြလိမ့်မည်ဟု သတင်းများ ထွက်ပေါ်နေကြောင်း စသည်ဖြင့် သတင်းပေးသည်။

'ဖျက်သိမ်းတယ်ဆိုတဲ့စကားက ဘာအဓိပ္ပာယ်လဲဗျ'ဟု ကွမ်တာက မေးသည်။

ထိုအခါ ဥယျာဉ်မှူးအဘိုးအိုက အဖြေပေးသည်။

'ဖျက်သိမ်းတယ်ဆိုတဲ့စကားက ဟိုဒင်းကွာ၊ ငါတို့ နီဂရိုးကျွန်တွေအားလုံးကို လွတ်လပ်ခွင့်ပေးတယ်လို့ အဓိပ္ပာယ်ထွက်တယ်ကွ'

[၆၀]

မြို့ပေါ်မှ သတင်းထူးမကြားရ၍ ပြောပြစရာမရှိသည့်တိုင်အောင် ကွမ်တာသည် တယောဆရာ၏ တဲရှေ့မီးဖိုမှ လူစုလူဝေးရှိရာသို့ မလာဘဲမနေနိုင်။ ပုံမှန်လာ၍ ထိုင်လေ့ရှိသည်။ သူ့အနေဖြင့် တယောဆရာနှင့် စကားများများမပြောနိုင်ခဲ့သည်မှာ ကြာပြီ။ တယောဆရာနှင့်စာလျှင် ဘဲလ်တို့ ဥယျာဉ်မှူးအဘိုးအိုတို့နှင့်မှ စကားကြာကြာပြောနိုင်ခဲ့သေး၏။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ လူချင်း ယခင်ကလို ခင်မင်ရင်းနှီးစိတ်မရှိကြတော့၍မဟုတ်။ အခြေအနေများက ဟိုတုန်းကနှင့်မတူတော့၍ဖြစ်သည်။ ဤအတွက်ကြောင့်လည်း သူသည် စိတ်မကောင်းတော့ဖြစ်မိ၏။ တယောဆရာက ဥယျာဉ်မှူး၊ သူက မြင်းရထားသမား ဖြစ်လာကတည်းက တစ်ယောက်နှင့်တစ်ယောက် အနေဝေးလာခဲ့ကြရသည်။ ထို့ပြင်လည်း အပြင်လောကမှသတင်းများကို ရနိုင်သည့်လူမှာ ယခင်ကလို တယောဆရာ မဟုတ်တော့။ မိမိက သူ့နေရာဝင်၍ယူထားသလို ဖြစ်နေသည်ကို ကွမ်တာ သတိထားမိ၏။

တယောဆရာသည် ဟိုတစ်ချိန်ကလို စကားများများမပြော။ နှုတ်ဆိတ်လာသည်။ စကားပြောသည့်အခါများတွင်လည်း တိုတိုတောင်းတောင်းဖြစ်လာသည်။ တယောကိုပင် ယခင်ကလို မထိုးတော့။ နေပုံထိုင်ပုံကလည်း ယခင်ကနှင့်မတူတော့။ ကွမ်တာက တယောဆရာ၏ အခြေအနေများကို ဘဲလ်အား ပြောပြသည်။ မိမိဘက်က အနေအ ိုး အပြောအဆိုမှားသဖြင့် တယောဆရာ စိတ်ထိခိုက်နေသည်ဟု ယူဆကြောင်း ပြောပြသည်။

'ဟုတ်မယ်မထင်ပါဘူး'ဟု ဘဲလ်က ပြန်ပြောသည်။

'အခုဆိုရင် သူလည်း နေ့ရောညပါမအားတာ အတော်ကြာပြီ။ ခရိုင်နယ်မြေထဲမှာ ကပွဲတိုင်း တယောသွားထိုးနေတာလည်း ရှင်သိသားပဲ။ ကျွန်မနဲ့ တွေ့ရင်တော့ အရင်ကလိုပဲ စကားပြောပါတယ်။ လူဖြူတွေရဲ့ ကပွဲမှာ တယောတစ်ခါသွားထိုးရင် တစ်ဒေါ်လာခွဲရတယ်။ သူရတဲ့ထဲက တစ်ဝက်ကို သခင်ဝေါလားက ယူလိုက်တော့

မြန်မာ စာအုပ်များ

သူ့အတွက် ခုနစ်ဆယ့်ငါးဆင့် ကျန်တယ်။ သူရတာ ဘယ်ဆိုးမှာလဲ။ အဲဒီတော့လည်း ရှင်တို့ ကျွန်မတို့ နီဂရိုးတွေကို အခမဲ့တယောထိုးပြပြီး ပြေပျော်ချင်စိတ် ရှိပါဦးတော့မလား'

သူပြောနေသည့် စကားကြားလျှင် ကွမ်တာပြုံးလိမ့်မည်ဟု ဘဲလ်က ထင်သဖြင့် ဖျတ်ခနဲမော့ကြည့်လိုက်သည်။ ကွမ်တာကမပြုံး။ အမှန်တော့ ကွမ်တာသည် အလွန်ပြုံးခဲရယ်ခဲသူဖြစ်၏။ ကွမ်တာပြုံးသည်ကို သူတစ်ကြိမ်သာ တွေ့ခဲ့ဖူးသည်။ ထိုစဉ်က အနီးရှိ ခြံမြေပေါ်မှ ကျွန်တစ်ယောက် မြောက်ပိုင်းဒေသသို့ ထွက်ပြေးလွတ်မြောက်သွားပြီဟူသော သတင်းကိုကြား၍ ပြုံးခြင်းဖြစ်သည်။

'တယောဆရာက သူရတဲ့ငွေကိုစုပြီး သခင်ဝေါလားဆီက သူ့လွတ်လပ်ရေးကို ပြန်ဝယ်မယ်လို့ ကျွန်မကြားတယ်'ဟု ဘဲလ်က ဆက်ပြောသည်။

'သူ့လွတ်လပ်ရေးကို ပြန်ဝယ်နိုင်ဖို့ ငွေလည်းပြည့်ရော သူလည်း အဘိုးကြီးဖြစ်လို့ တဲထဲကအပြင်ကိုမထွက်နိုင်တော့ဘူး'ဟု ကွမ်တာက ချိန်ချိန်ဆဆပြောသည်။

ကွမ်တာ၏စကားကို သဘောကျသဖြင့် ဘဲလ်က ဟက်ဟက်ပက်ပက် ရယ်သည်။

အကယ်၍ တယောဆရာသည် သူ၏လွတ်လပ်ရေးကို လုံးဝပြန်၍မဝယ်နိုင်ခဲ့ပါမူ သူမကြိုးစား၍ မတော်၍မဟုတ်။ တယောဆရာ လူညံ့မဟုတ်သည်ကို ကွမ်တာကောင်းကောင်းသိသည်။ တစ်ညတွင် သူသည် သခင်ဝေါလားနှင့်အတူ ပါတီပွဲတစ်ခုသို့ ရောက်သွားခဲ့ပြီး တယောဆရာ၏ ပြောင်မြောက်သောလက်သံ ကို နားထောင်ခွင့်ရခဲ့၏။ လူဖြူများသည်ပင်လျှင် တယောဆရာ၏လက်သံကို သတိမပြုမိဘဲမနေနိုင်ကြ။ ဤအချက်ကို သတိထားမိခဲ့သော ကွမ်တာသည် တယောဆရာ၏ အရည်အသွေးကို ကောင်းစွာနားလည်ခဲ့သည်။

နောက်သုံးလခန့်အကြာတွင် သူ့သခင်ဝေါလား၏မိဘများသည် နှစ်စဉ် ကျင်းပမြဲဖြစ်သော 'ကျေးဖူးတော်ပွဲ'ကို ထုံးစံအတိုင်း အင်းဖိုးလ်ခြံကြီး၌ ကျင်းပသည်။ ထိုကပွဲကြီးသို့ သူ့သခင်ဝေါလားကိုလည်း ဖိတ်ကြားခဲ့သည်။ လမ်းတွင် လှည်းဘီးတစ်ယောက် ဝင်ကြည့်နေရသဖြင့် ကွမ်တာတို့သည် ကပွဲသို့ အချိန်အတော်ကြာ နောက်ကျပြီးမှ ရောက်သွားခဲ့၏။ ကပွဲမှာ အရှိန်အတော်ကြီးရနေပြီဖြစ်ရာ အိမ်ကြီးရှေ့တံခါးဝ မြင်းရထားဆိုက်မိသည်နှင့် တစ်ပြိုင်နက် ကွမ်တာသည် မြင်းရထားပေါ်မှ ကပျာကယာခုန်ဆင်းကာ ဆေးသို့ဖယ်၍ ရပ်နေလိုက်သည်။ တံခါးစောင့်က မြင်းရထားပေါ်မှ ဆင်းလာသော သူ့သခင်အား ဆီးကြိုသည်။ ထိုအခိုက်မှာပင် သူရပ်နေသောနေရာနှင့် မနီးမဝေး တစ်နေရာမှ ဗုံတစ်လုံးနှင့်တူသော 'ကွာကွာ'ဟုခေါ်သည့် တူရိယာပစ္စည်းတစ်မျိုး တီးသံကို သူကြားလိုက်ရ၏။ တီးနေပုံ ပိပြင်ပြတ်သားလှခြင်းကြောင့် ကွမ်တာသည် အာရုံစိုက်၍ နားထောင်နေမိသည်။ ဘယ်နည်းနှင့်မဆို တီးသူသည် အာဖရိကသား စစ်စစ်တစ်ယောက် ဖြစ်ရမည်ဟု ကွမ်တာက ဆုံးဖြတ်သည်။

သူသည် သူ့သခင် အိမ်ကြီးထဲသို့ဝင်ရောက်သွားသည်နှင့် တစ်ပြိုင်နက် မြင်းရထားကို မြင်းထိန်းလက်ထဲသို့ ထိုးအပ်ပြီး အိမ်ကြီးဘေးမှပတ်ကာ နောက်ဖေးဘက်သို့ အပြေးအလွှားသွားသည်။ ကွာကွာသံသည် ပို၍ကျယ်လာသည်။ ကြိုးများတန်း၍ ချိတ်ဆွဲထားသည့် မီးအိမ်များအောက်တွင် ဝိုင်း၍ထိုင်နေကြသော ကျွန်လူမည်းများရှိသည်။ ကွာကွာသံသည် ထိုလူစုအလယ်မှ ထွက်ပေါ်လာနေခြင်းဖြစ်၏။ ဝေါလား မိသားစုက သူတို့ကျွန်များအား 'ကျေးဇူးတော်ပွဲ'ကို တသီးတခြားလုပ်ခွင့်ပေးထားပုံရ၏။ ကွမ်တာသည် လူအုပ်ကြားမှ အတင်းတိုးဝှေ့ပြီး အတွင်းဘက်သို့ ဝင်ခဲ့သည်။ သူ၏ အတိုးအတိုက်ကို ခံရသဖြင့် ဘေးမှ အော်ဟစ်ကြိမ်းမောင်းနေကြသည့် လူသံများကိုပင် ဂရုမစိုက်နိုင်။

သူထင်ထားသည့်အတိုင်းပင်ဖြစ်၏။ လူအုပ်၏အလယ်တွင် ပိန်ပိန်ပါးပါး၊ ဆံပင်ဖြူဖြူနှင့် လူမည်းတစ်ယောက်။ မြေကြီးပေါ် ဖင်ချထိုင်ကာ ကွာကွာတီးလျက်ရှိသည်။ သူ့ဘေး တစ်ဖက်တစ်ချက်တွင် မက်ဒိုလင်တီးသူနှင့် အမဲရိုးနှစ်ချောင်း ခေါက်နေသူ။ ကွမ်တာ၏မျက်လုံးများသည် ထိုသူ၏ မျက်လုံးများနှင့် ဆုံမိသည်။ နောက်တစ်ခဏမျှ အတွင်းတွင် ကွမ်တာနှင့် ထိုလူသည် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်လိုက်ကြသည်။ ဘေးမှလူများက သူတို့အားကြည့်ကာ ပြောင်လှောင်ရယ်မောနေကြသည်။

'အာ–ဆာလာကီယမ်–ဆာလမ်'

'မာကာကီယမ်–ဆာလမ်'

နှစ်ဦးစလုံး၏ပါးစပ်မှ နှုတ်ဆက်စကားသံများ ထွက်လာသည်။ ကွမ်တာက သူ့ကို ဖက်ထားသည့်လူအား 'ကျွန်တော် အရင်က ခင်ဗျားကို မတွေ့ခဲ့ဖူးဘူး'ဟု ပြောသည်။

'အေး ဟုတ်တယ်၊ မကြာသေးခင်ကမှ တခြားခြံတစ်ခြံက ရောင်းလိုက်လို့ ဒီကိုရောက်လာတာ'ဟု တစ်ဖက်လူက ပြောသည်။

'ခင်ဗျားသခင်နဲ့ ကျုပ်သခင်က ညီအစ်ကိုတော်တယ်'ဟု ကွမ်တာက ပြောသည်။

'ကျုပ်က သူ့မြင်းရထားမောင်းတယ်'

သူ့တို့ဘေးမှကြည့်နေသူများက အတီးပြန်စရန် ဝိုင်း၍တောင်းဆိုနေကြသည်။ အာဖရိကဓလေ့ထုံးစံကို ပွင့်ပွင့်လင်းလင်းကျင့်သုံးနေကြခြင်းအတွက်လည်း သောကကင်းပုံမပေါ်။ ကွမ်တာနှင့် ကွာကွာတီးသူတို့ကလည်း အခြေအနေကို နားလည်သည်။ အာဖရိကန်ဓလေ့ထုံးစံကို ကျင့်သုံးနေပါသည်ဟု တစ်ဦးဦးက လူဖြူအား သွား၍တိုင်ခဲ့သည်ရှိသော် . . .

'ကျွန်တော်သွားတော့မယ်'ဟု ကွမ်တာက နှုတ်ဆက်သည်။ ကွာကွာတီးသူက သူ့နေရာ၌ ပြန်ထိုင်သည်။

ကွမ်တာသည် နေရာ၌ ခဏမျှရပ်ကာ ကွာကွာတီးသံကို နားထောင်သည်။ ထို့နောက် ပရိသတ်ကြားမှ တိုးထွက်လာသည်။ မကြည်မလင်သောစိတ်ဖြင့် မြင်းရထားပေါ် တက်ထိုင်ကာ သူ့သခင်ဝေါလားအား စောင့်နေသည်။

ထိုနေ့မှစ၍ နောက်သီတင်းပတ်ပေါင်းများစွာ ကွမ်တာ၏စိတ်သည် ကွာကွာတီးသူထံ၌သာ ရောက်လျက်ရှိ၏။ ထိုသူသည် မန်ဒင်ကာလူမျိုးစုတစ်ယောက်တော့ မဟုတ်။ သဘော်ပေါ်၌ တွေ့ဖူးမြင်ဖူးခဲ့သည့် လူမျိုးစုများလည်းမဖြစ်နိုင်။ သူ၏ ဖြူဖွေးသော ဆံပင်များကမူ သူအသက်ကြီးပြီဟု ထုတ်ဖော်ပြောဆိုနေကြသည်။ သူ့အဖေ အိုမိုရို၏ အသက်အရွယ်လောက် ရှိလေမလား။

ကွမ်တာသည် ယခင်ကလည်း အာဖရိကတိုက်သားများနှင့် မကြာခဏဆုံခဲ့ဖူးသည်။ သို့သော်လည်း သူ့သခင်ဝေါလားရှိနေသဖြင့် ခေါင်းဆတ်၍ပင် နှုတ်မဆက်ရဲ။ အာဖရိကန်များကို အများဆုံးတွေ့ခဲ့ရသည့်နေရာမှာ စနေနေ့တိုင်းပြုလုပ်သည့် ကျွန်လေလံပွဲများ၌ ဖြစ်သည်။ သို့သော်လည်း စနေ တစ်မနက်ခင်း၌ ကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို အကြောင်းပြု၍ သူသည် လေလံပွဲအနီးမှ ဖြတ်သွားဖြတ်လာမလုပ်။ သူ့သခင် မရိပ်မိအောင် ရှောင်ကွင်းမောင်းလေ့ရှိ၏။ ထိုနေ့က သူ မြင်းရထားမောင်းလာစဉ် သံကြိုးများဖြင့် ခြေထိတ်လက်ထိတ်ခတ်ထားခြင်းခံရသော ဂျိုလာလူမျိုး လူမည်းမ တစ်ယောက်ကို မြင်သည်။ အမျိုးသမီးသည် သူ့အားလှမ်းကြည့်နေသည်။ အမျိုးသမီး၏ မျက်လုံးများသည် အကူအညီပေးပါဟု တောင်းခံနေသည့်သဘောရှိသည်။ သူ့စိတ်က ကူညီလိုပါသော်လည်း မကူညီနိုင်။ ရှက်စိတ်နှင့် ဒေါသစိတ်သည် သူ့အား လွှမ်းမိုးသွားသည်။ မြင်းရထားနောက်၌ထိုင်နေသည့် သူ့သခင်ကိုပင် သတိမရတော့။ မြင်းများအား ကြာပွတ်ဖြင့် တအားကုန်လွှဲ၍ ရိုက်သည်။ ဖြုန်းခနဲဆောင့်ထွက်သွားသော အရှိန်ဖြင့် ဝေါလားသည် နောက်သို့လန်သွားသည်။ ထိုအခါမှပင် ကွမ်တာသည် သူဘာလုပ်ရမည်ကိုသတိရကာ ထိတ်လန့်ခြင်းဖြစ်သည်။ သို့သော်လည်း သူ့သခင် ဝေါလားက ဘာတစ်ခွန်းမှမပြော။

တစ်ကြိမ်တွင်မူ ကောင်တီခရိုင်နယ်မြေရုံး၌ သူ့သခင်အား ထိုင်စောင့်နေစဉ် အာဖရိကန်ကျွန်တစ်ယောက်နှင့် ဆုံမိသည်။ နှစ်ယောက်စလုံး တစ်ယောက်စကား တစ်ယောက်နားမလည်ကြ။ ထိုလူကလည်း ဖိုးဘောစကားကိုမပြောတတ်။ မည်သို့ပင်ဖြစ်စေ ယခုတစ်ကြိမ်တွင်မူ သူနှင့်စကားပြောလို့ရသည့် အာဖရိကန်တစ်ယောက်နှင့် တွေ့ရလေပြီ။ မိုးရာသီပေါင်းနှစ်ဆယ်ကျော်ခါမှ တွေ့ရခြင်းဖြစ်၍ သူ့အဖို့ မယုံကြည်နိုင်လောက်အောင် ထူးခြားသည့် အတွေ့အကြုံတစ်ခု ဖြစ်နေသည်။

ထို့နောက် နှစ်လခန့်အတွင်း သူ့သခင်သည် ကောင်တီခရိုင်နယ်မြေ ငါးခုအတွင်းမှ လူနာများ၊ ဆွေမျိုးများနှင့် မိတ်ဆွေများထံ အလည်သွားသော်လည်း သူ့မိဘများရှိရာ

မြန်မာ စာအုပ်များ

အင်းဖီးလ်ခြံဘက်သို့ ခြေဦးမလှည့်ပေ။ ကွာကွာတီးသူနှင့် ထပ်မံတွေ့လိုစိတ်ရှိနေသော ကွမ်တာသည် သူ့သခင်ထံမှ ခရီးသွားခွင့် လက်မှတ်တောင်းရန်ပင် စိတ်ကူးခဲ့မိသည်။ သို့သော်လည်း သူ့အား ဘယ်သွားမှာလဲ၊ ဘာကိစ္စသွားမှာလဲ စသော မေးခွန်းများ မေးလာမည်ကို စိုးရိမ်နေမိ၏။ မေးလာပါကလည်း အင်းဖီးလ်ခြံမှ ထမင်းချက် လစ်ဇာထံ အလည်သွားမည်ဟု ပြောနိုင်သည်။ ထိုအခါ သူ့သခင် သူနှင့် လစ်ဇာ၏ ကြားတွင် ဘယ်လိုအဆက်အသွယ်ရှိပါလိမ့်ဟု တွေးလာနိုင်ဖွယ်ရာ ရှိနေပြန်၏။ ဤသို့နှင့်ပင် ကွမ်တာသည် ခရီးသွားလက်မှတ်တောင်းရန်ဟူသော စိတ်ကူးကို လက်လွှတ်လိုက်သည်။

ဤကိစ္စကို ဘဲလ်နှင့်တိုင်ပင်လိုသော်လည်း တိုင်ပင်၍မဖြစ်။ အာဖရိကန်ကျွန်တစ်ယောက်နှင့် တွေ့ဖို့ဆိုလျှင် ဘဲလ်က ရောင်မည်သာဖြစ်သည်။ တယောဆရာနှင့် ဥယျာဉ်မှူးအဘိုးအိုတို့အား ဖွင့်ဟပြောမည်ဟု စိတ်ကူးမိပြန်၏။ တကယ်တော့ ဤနှစ်ယောက်မှာလည်း သူ၏ဆန္ဒကို နားလည်နိုင်ကြလိမ့်မည်မဟုတ်။ သူတို့အဖို့ကတော့ ဤမျှလောက်အထိ ကြိုးစားပမ်းစား သွားတွေ့စရာမလိုဟုပင် ယူဆကြပေလိမ့်မည်။

တနင်္ဂနွေတစ်ရက် နေ့လယ်စာစားအပြီးတွင် သခင်ဝေါလားက မြင်းရထားပြင်နိုင်းသည်။ အင်းဖီးလ်ခြံသို့သွားမည်ဟုလည်းပြောသည်။ ကွမ်တာသည် ထိုင်နေရာမှ ဝုန်းခနဲထကာ တံခါးမှပြေးထွက်ခဲ့သည်။ ဘဲလ်ကတော့ ကွမ်တာ၏ ထူးခြားသော အပြုအမူကြောင့် အံ့အားသင့်ကျန်ရစ်ခဲ့လေ၏။

အင်းဖီးလ်သို့ရောက်၍ ကွမ်တာ မီးဖိုချောင်ဝင်သွားသည့်အခါ လစ်ဇာသည် ထမင်းအိုး ဟင်းအိုးများကြားတွင် အလုပ်ရှုပ်လျက်ရှိသည်ကို တွေ့ရသည်။

'မလာတာကြာပြီပဲ'ဟု လစ်ဇာကပြောသည်။ ချက်ချင်းပင် သူ့မျက်နှာ ညှိုးသွားသည်။

'ရှင်နဲ့ အာဖရိကန်ကျွန်တစ်ယောက် ပွဲ့ဖက်နှုတ်ဆက်ကြတာ ကျွန်မကြားတယ်။ သခင်လည်းကြားတယ်။ နီဂရိုးကောင်တချို့ သွားပြီးကုန်းချောကြတာပေါ့။ ဒါပေမဲ့ တော်ပါသေးတယ်။ သခင်က ဘာမှမပြောဘူး'

လစ်ဇာသည် အမဲသားညှပ် ပေါင်မုန့်နှစ်ချပ်ကို စက္ကူဖြင့် ကပျာကယာလုံအောင် ထုပ်ပြီး ကွမ်တာ့လက်များကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ထားသည်။

'ကျွန်မ ရှင့်ကိုမပြောခဲ့ဖူးဘူး။ ကျွန်မရဲ့အမေလည်း အာဖရိကန်နီဂရိုးပဲ။ ဒါကြောင့် မို့လား မသိဘူး၊ ကျွန်မ ရှင့်ကို တွေ့စကတည်းက သိပ်ကိုခင်တာ'

ကွမ်တာ သွားရန်ဟန်ပြင်နေခိုက် လစ်ဇာက တစ်ဖက်သို့လှည့်ကာ လက်ညှိုးထိုးပြသည်။

မြန်မာ စာအုပ်များ

'အဲဒီတဲကိုမြင်လား၊ မီးဖိုခေါင်တိုင်ကျိုးနေတဲ့ တဲလေ။ ဒီနေ့ နီဂရိုးတွေကို နားရက် ပေးထားတယ်။ သူတို့အားလုံး မိုးချုပ်မှ ပြန်လာကြမှာ။ သူ့ဆီသွားလည်ချင် သွားလည်ပေါ့။ ရှင့်သခင် အိမ်ထဲကထွက်လာခါနီးမှ ပြန်ထွက်လာပေါ့'

ကွမ်တာသည် ခြေထောက် ဆာတာဆာတာဖြင့် ကျွန်အိမ်တန်းဘက်သို့ လျှောက်သွားသည်။ ပြိုကျလုမတတ် ယိမ်းယိုင်နေသော တဲတစ်လုံး၏ တံခါးကို ခေါက်လိုက်သည်။

'ဘယ်သူလဲ'

အတွင်းမှ မေးသံကြားရသည်။ သူမှတ်မိနေသောအသံဖြစ်၏။

'အာ–ဆာလာကီယမ်'ဟု ကွမ်တာက ရေရွတ်သည်။ တဲတံခါး ပွင့်သွားသည်။

[၆၁]

တဲရှင်က ကွမ်တာအား သူ၏ တစ်လုံးတည်းသော ကုလားထိုင်ကို ထိုးပေးသည်။ သို့သော်လည်း သူ့ဧည့်သည်က သူတို့အာဖရိကန်ရွာ၌ထိုင်သလို မြေကြီးပေါ် ဖင်ချပြီး တင်ပျဉ်ခွေထိုင်လိုက်သည်ကို မြင်သောအခါ အလွန်အားရကျေနပ်သွားသည်။ စားပွဲပေါ်၌ တင်ထားသည့် ဖယောင်းတိုင်ကို ထွန်းလိုက်ပြီး သူကိုယ်တိုင်လည်း မြေကြီးပေါ် တင်ပျဉ်ခွေ ထိုင်ချလိုက်၏။

'ငါက ဂါနာနယ်ကလာတာ။ အေကန်လူမျိုးပေါ့။ လူဖြူတွေက ငါ့ကို 'ပွမ်ပေ' လို့ နာမည်ပေးထားတယ်။ ငါ့နာမည်ရင်းကတော့ 'ဘိုတင်းဘီဒီယာကိုး' လို့ခေါ်တယ်။ ငါ ဒီကိုရောက်လာတာကြာပြီ။ လူဖြူခြံမြေ ခြောက်ခြံတိတိ နေခဲ့ပြီးပြီ။ အခုဟာ ငါ့အတွက် နောက်ဆုံးခြံလို့မျှော်လင့်တာပဲ။ ကဲ မင်းအကြောင်းကကော ဘယ်လိုလဲ'

ကွမ်တာကလည်း ဂါနာနယ်သားတို့ စကားပြောပုံပြောနည်းကို အတုခိုးကာ သူ့မိသားစု၊ သူ့အဖမ်းခံရပုံနှင့် ထွက်ပြေးပုံ၊ သူ့ခြေထောက်အဖြတ်ခံရပုံ၊ လက်ရှိ မြင်းရထားသမားဘဝ စသည်များကို အကျဉ်းချုံး၍ ပြောပြသည်။

ဂါနာနယ်သားသည် စိတ်ဝင်တစားနားထောင်သည်။ ကွမ်တာ စကားဆုံးသည့်အခါ သူသည် တစ်ခဏငြိမ်၍ စဉ်းစားနေသည်။

'ငါတို့အားလုံး ဒုက္ခရောက်ကြတာပဲ။ ပညာရှိတစ်ယောက်ဟာ အတွေ့အကြုံထဲက သင်ခန်းစာယူရမယ်ကွ'

သူသည် ကွမ်တာအား စေ့စေ့ကြည့်၍အကဲခတ်နေရာမှ 'မင်းအသက် ဘယ်လောက်ရှိပြီလဲ'ဟု မေးသည်။ ကွမ်တာက သုံးဆယ့်ခုနစ်မိုးရှိပြီ'ဟု ဖြေသည်။

မြန်မာ စာအုပ်များ

'မင်းရုပ်ရည်က အဲသလောက်မကြီးသေးဘူးလို့ ထင်ရတယ်။ ငါကတော့အသက် ခြောက်ဆယ့်ခြောက်နှစ် ရှိသွားပြီ'

'ခင်ဗျားလည်းအရွယ်တင်တာပဲ။ ခြောက်ဆယ်ကျော်လို့မထင်ရဘူး'ဟု ကွမ်တာက ပြောသည်။

'အင်း မင့်ကို မွေးတဲ့အချိန်လောက်မှာ ငါ ဒီကိုရောက်ခဲ့တာပဲ'ဟု ဂါနာသားက ပြောပြီး ငြိမ်နေပြန်သည်။

'လူဖြူတွေရဲ့မြေပေါ်မှာနေရင်း ရခဲ့တဲ့ သခင်ခန်းစာတစ်ခု ပေးချင်တယ်။ မင်း ဒီမှာနေရင်တော့ သည်းခံရလိမ့်မယ်၊ အရေထူဖို့လည်း သိပ်ကိုလိုတယ်ကွ'

ကွမ်တာကတော့ ဘာမှပြန်မပြော။

'မင်းကြည့်ရတာ အဲဒီနှစ်ခုစလုံးရှိပုံပေါ်တယ်'ဟု ဂါနာသားက ပြုံး၍ ပြောသည်။ ကွမ်တာကတော့ ဘာမှပြန်မပြောနိုင်သေး။ သူ့လျှာသည် ကပ်နေသလို ဖြစ်လျက်ရှိ၏။

'မင်းတို့မန်ဒင်ကာလူမျိုးတွေဟာ အလွန်ကျော်ကြားတဲ့ ခရီးသည်တွေနဲ့ ကုန်သည်တွေ များတယ်လို့ ငါတို့နယ်သားတွေက ပြောကြတယ်၊ ဟုတ်သလား'

'ခင်ဗျားပြောတာမှန်ပါတယ်။ ကျုပ်ဦးကြီးတွေဆိုရင် ခရီးသည်တွေပဲ။ ကျုပ်ကိုယ်တိုင်လည်း မက္ကာနဲ့မာလီကိုသွားဖို့ စီစဉ်ထားတာ၊ လူဖြူတွေအဖမ်းခံရတာနဲ့ ပျက်သွားတယ်'

'ငါလည်း အာဖရိကအကြောင်းတော့သိပါတယ်'ဟု ဂါနာသားက ပြောသည်။

'တို့ရွာက ပညာရှိတွေ သင်ပေးလိုက်တဲ့ဟာတွေနဲ့ အခုလူဖြူတွေဆီရောက်မှ သိရတာတွေကို ပေါင်းစပ်လိုက်တော့ အာဖရိကအကြောင်း အတော်များများ သိလာတယ်။ လူဖြူတွေဖမ်းလာတဲ့ လူမည်းအများစုဟာ ငါတို့ အနောက်အာဖရိကတိုက်က လူတွေကွ။ မင်းတို့ဂမ်ဘီယာနယ်ကနေ ငါတို့ ဂါနာနယ်ဘက်အထိ ပင်လယ်ကမ်းခြေ တစ်လျှောက်မှာရှိနေတဲ့ ရွာတွေက ဖမ်းလာတဲ့ လူတွေပေါ့ကွာ။ ဒါနဲ့ မင်း ဟိုလူဖြူတွေက 'ဂိုးလ်ကိုစ်'လို့ နာမည်ပေးထားတာ ကြားဖူးသလား'

ကွမ်တာက မကြားဖူးဘူးဟု ဖြေသည်။

'အဲဒီ ဂိုးလ်ကိုစ်ကမ်းခြေကတက်သွားရင် ဇော်လ်တာကမ်းခြေအထိရောက်တယ်။ လူဖြူတွေက အဲဒီတစ်ကြောမှာနေကြတဲ့ ပန်တီလူမျိုးတွေနဲ့ အေရှန်တီလူမျိုးတွေကို လည်း ဖမ်းတာပဲ။ အခု ဒီမှာဖြစ်ပျက်သမျှ တော်လှန်မှုတွေကို အများဆုံးခေါင်းဆောင် နေတာ အေရှန်တီလူမျိုးတွေလို့ ပြောကြတယ်ကွ။ အေရှန်တီလူမျိုးကျွန်တွေ ဝယ်ရင် ဈေးကြီးတယ်လို့လည်း ပြောကြတယ်။ ဘာပြုလို့လည်းဆိုတော့ သူတို့က အားကောင်း မောင်းသန်တွေ များတယ်၊ စိတ်ဓာတ်လည်းပြင်းထန်တယ်။ ပြီးတော့ ဟို 'ကျွန်ကမ်း ခြေ'လို့ခေါ်တဲ့ နေရာကတော့ ယိုရူးဘားလူမျိုးစုနဲ့ ဒါဟိုမန်းလူမျိုးစုတွေကို ဖမ်းတယ်။ နိဂါးဆိုတဲ့နေရာကတော့ အိုင်ဘိုလူမျိုးတွေကိုရကြတယ်'

မြန်မာ စာအုပ်များ

ကွမ်တာက အိုင်ဘိုလူမျိုးစုများသည် အလွန်သိမ်မွေ့နူးညံ့ကြသည်ဟု သူကြားဖူးခဲ့ကြောင်း ပြောပြသည်။

ဂါနာနယ်သားက 'အေးဟုတ်တယ်၊ အိုင်ဘိုလူမျိုးစု ကျွန်သုံးဆယ်ဟာ လက်ချင်းတွဲ သီချင်းသံပြိုင်ဆိုပြီး မြစ်ထဲခုန်ချသွားတယ်လို့ ငါကြားဖူးလိုက်တယ်။ သူတို့ကိုယ်သူတို့ သတ်သေသွားကြတာကွ၊ ဖြစ်တာက လူဝီစီယားနားနယ်ထဲမှာ ဖြစ်သွားတာ'

သူတို့နှစ်ဦးကြားတွင် ငြိမ်ဆိတ်နေပြန်သည်။ အတန်ကြာမှ ဂါနာသားက စကားစသည်။

'ဒီကလူတွေက အခု မင်းရောက်လာသလို ရောက်လာပြီး စကားစမြည် မပြောကြဘူး။ ငါတစ်ယောက်တည်းနေရတာ တစ်ခါတလေ ငါ့စိတ်ကူးထဲမှာပဲ မင်းနဲ့ စကားပြောနေရတယ်'

ကွမ်တာ စိတ်ထိခိုက်သွားသည်။ ဂါနာနယ်သား၏ မျက်လုံးများအား ကရုဏာမကင်းသည့် မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

'ငါတို့နိုင်ငံမှာတော့ တို့နှစ်ယောက် စကားပြောနေရင်းနဲ့ အရုပ်ကလေးတစ်ရုပ်တော့ ထုနေတာပဲ။ လူချင်းလည်းခွဲရော အမှတ်တရလက်ဆောင်အဖြစ် ပေးလို့ရတယ်'

ထိုအခါ ကွမ်တာက...

'ကျုပ်ကတော့ သရက်စေ့တစ်စေ့လောက်လိုချင်တယ်။ စိုက်ချင်လို့ပါ။ သရက်ပင်ပေါက်လာရင် ကိုယ့်ရပ် ကိုယ့်ရွာ ကိုယ့်အိမ်မှာ နေရသလို စိတ်ထဲက ထင်လာမှာပဲ'

ဂါနာသားက ကွမ်တာအား တည်ငြိမ်သောမျက်နှာထားဖြင့် ကြည့်နေသည်။ ထို့နောက် တစ်ချက်မျှပြုံးလိုက်သည်။

'မင်းအသက်ဟာ ငယ်ပါသေးတယ်။ မင့်မှာ မျိုးစေ့တွေအများကြီးရှိနေတုန်းပဲ။ မင်းမိန်းမတစ်ယောက်ယူဖို့လိုတယ်။ မင်းရဲ့မျိုးစေ့ကို စိုက်ဖို့သင့်နေပြီ'

ကွမ်တာသည် ဂါနာသားအား ဘာပြန်ပြောရမှန်းမသိ။ ဂါနာသားက သူ့ဘယ်ဘက်လက်ကို ဆန့်တန်းပေးသည်။ နှစ်ယောက်သား အာဖရိကန်ဓလေ့ထုံးစံအတိုင်း ဘယ်ဘက်လက်ချင်းဆွဲ၍ နှုတ်ဆက်ကြသည်။ မကြာခင် ထပ်တွေ့ကြဦးမည်ဟု အဓိပ္ပာယ်ရသော နှုတ်ဆက်နည်းဖြစ်၏။

'အာ-ဆာလာကီယမ်-ဆာလမ်'

'မာလာကီယမ်-ဆာလမ်'

ကွမ်တာသည် ခြေထော့နင်းထော့နင်းဖြင့် တဲထဲမှထွက်ကာ အမှောင်တွင်းသို့ တိုးဝင်ခဲ့သည်။ သူ့သခင် အပြင်သို့ရောက်ကာ သူ့အားလိုက်ရှာနေပြီလား။ သို့သော်လည်း သူ့သခင် ထွက်အလာကို နောက်ထပ် နာရီဝက်ခန့် စောင့်နေရသည်။ အိမ်ဘက်သို့

မြန်မာ စာအုပ်များ

ပြန်လာကြသည့်အခါ ကွမ်တာသည် လက်ထဲ၌ကိုင်ထားသည့် မြင်းဇက်ကြိုးများကို လည်း သတိမရ။ လမ်းမပေါ် တခွပ်ခွပ်ကျနေသည့် မြင်းခွာသံများကိုလည်း မကြား။ သူ့စိတ်သည် သူအလွန်ချစ်သော ဖခင်အိုမိုရိုနှင့် စကားပြောနေရသည့်နှယ် ခံစားနေ ရသည်။ သူ့တစ်သက်တွင် ဤညလောက် သူ့အဖေအား လွမ်းဆွတ်တမ်းတ သတိရ မိသည့် ညမျိုး မရှိခဲ့စဖူး။

[၆၂]

'မနေ့က တိုဘီဆိုတဲ့ကောင် တဲရှေ့ကဖြတ်တွားတယ်။ 'ဟေ့ တိုဘီ၊ ခဏဝင်ထိုင် ပြီး စကားလေးဘာလေး ပြောပါဦး'လို့ ကျုပ်က ခေါ်တယ်။ အဲမယ် ခင်ဗျားကောင် ကျုပ်ကို လှမ်းကြည့်လိုက်တဲ့ မျက်နှာထားကို ခင်ဗျားမြင်စေချင်တယ်။ ပြီးတော့ တူ က ကျုပ်ကို စကားတောင်မပြောတွားဘူး။ အဲဒါ ဘာသဘောလဲ'ဟု တယောဆရာက ဥယျာဉ်မှူးအဘိုးအိုအားမေးသည်။ အဘိုးအိုကလည်း စဉ်းစား၍မရ။ သူတို့က ဘဲလ် ကို မေးကြသည်။

'ဘယ်လိုလုပ်ပြီးသိမှာလဲ။ တကယ်လို့ သူနေထိုင်မကောင်းဘူးဆိုရင်လည်း အကျိုး အကြောင်းတော့ ပြောသွားသင့်တာပေါ့။ ကျွန်မကတော့ သူ့ကို လွှတ်ထားလိုက်ပြီ။ သူက တစ်ခါတစ်ခါ အလွန်ရယ်စရာကောင်းတယ်'ဟု ဘဲလ်က ဆိုသည်။

အမှန်တော့ ကွမ်တာသည် ဂါနာသားနှင့်တွေ့ပြီးကတည်းက စိတ်လှုပ်ရှားလျက် ရှိသည်။ သူ့ဘဝသူ ဆင်ခြင်စဉ်းစားခြင်းလည်းပြုခဲ့သည်။ သူသည် အဖက်ဖက်တွင် ဆုံးရှုံးနေပြီဟု တွက်ထား၏။ တစ်နေ့ထက်တစ်နေ့ တစ်နှစ်ထက်တစ်နှစ် သူသည် ခုခံတွန်းလှန်လိုစိတ် နည်းနည်းလာသည်။ ပေါ်ပေါက်လာသမျှ အခြေအနေများကို အလွယ်တကူ လက်ခံမှုများလာသည်။ ဤသို့ဖြင့် သူသည် နောက်ဆုံးတွင် သူ့ကိုယ်သူ ဘယ်သူဘယ်ဝါမှန်းပင် မသိတော့သည့်အဖြစ်သို့ ဆိုက်ရောက်လာခဲ့၏။ သူ့အနေဖြင့် တယောဆရာ၊ ဥယျာဉ်မှူးအဘိုးအို၊ ဘဲလ်နှင့် အခြားလူမည်းများအကြောင်းကို ပို၍ သိနားလည်လာသည်မှာ မှန်ပါသည်။ သို့တစေလည်း သူတို့အုပ်စုဝင်တစ်ဦးဖြစ်ဖို့ ဆို သည်ကတော့ မလွယ်။ သူတို့လူစုက သူနှင့်တူလာဖို့ဆိုသည်မှာလည်း မဖြစ်နိုင်။

တယောဆရာ၊ ဥယျာဉ်မှူးအဘိုးအိုနှင့် ဘဲလ်တို့အား ဂါနာသားနှင့် ယှဉ်ကြည့် လိုက်သည့်အခါ ကွမ်တာအဖို့ ထိုသုံးဦးစလုံးအပေါ် စိတ်မရှည်ဖြစ်လာသည်။ သူတို့ က သူနှင့်အနေဝေးအောင် ခပ်ခွာခွာနေကြခြင်းကိုပင် ကျိတ်၍ဝမ်းသာနေမိ၏။ ညည ဆိုလျှင်သည် အိပ်ရာထက်၌လှဲကာ သူ့ကိုယ်သူ ညံ့ဖျင်းသွားအောင် နေထိုင်ခဲ့မိသည့် အတွက် ရှက်လည်းရှက် အပြစ်လည်းတင်မိသည်။ အိပ်ပျော်နေရာမှ လန့်နိုးသည့်

မြန်မာ စာအုပ်များ

အခါတိုင်း ဂျပ်ဖူရီရွာ၌ အိပ်နေခြင်းမဟုတ်သည်ကို သိရပြီး စိတ်ချောက်ချားခြင်းဖြစ်ရသည်။ သူ့ကိုယ်သူ အာဖရိကန်နိုင်ငံသားတစ်ဦးပါလားဟူသော အသိလည်း ဝင်ခဲ့သည်။ သို့သော် ထိုအဖြစ်နှင့် ထိုခံစားမှုများမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ တကယ်တော့ သူ့ကိုယ်သူ အာဖရိကန်တစ်ဦးဟု အသိဝင်နေခြင်းမှာ ဂမ်ဘီယာနှင့် ဂမ်ဘီယာနိုင်ငံမှလူများကို မမေ့သေး၍ဖြစ်သည်။ ယခုဆိုလျှင်တော့ ဂျပ်ဖူရီရွာကိုပင် သတိမရတော့သည်မှာ လပေါင်းများစွာကြာခဲ့ပြီ။

ယင်းကဲ့သို့ဖြစ်ရခြင်း၏ အကြောင်းရင်းများကို ရှာဖွေလိုက်သည့်အခါ တိုးဘော့ဘာသာစကားကို ပြောတတ်လာအောင် လေ့ကျင့်သင်ကြားခဲ့မိခြင်းသည်လည်း အဓိကကျသော အပိုင်းတစ်ပိုင်းဖြစ်နေသည်ကို တွေ့ရ၏။ ဤမြေပေါ်၌ နေထိုင်ရသည့်ကာလအတွင်း နေ့စဉ်နေ့တိုင်း မန်ဒင်ကာစကားပြောရသည်မဟုတ်။ တစ်ခါတစ်ရံ တစ်ယောက်တည်း တွေးမိတွေးရာ တွေးရင်းနှင့် မန်ဒင်ကာစကားလုံး အနည်းငယ်မျှကို စဉ်းစားမိသည်။ ဤသည်မှတစ်ပါး အခြားအချိန်များတွင် မန်ဒင်ကာစကားလုံးများကို သတိရဖို့ပင် အချိန်မရှိ။ သူ့အနေဖြင့် တိုးဘော့စကားကိုသာ ပြောနေရသည်မဟုတ်။ တိုးဘော့များလို တွေးတတ်သည့် အကျင့်စရိုက်ပင်လျှင် ရှိနေပြီထင်၏။ အမှန်တော့ သူလုပ်သမျှ၊ ပြောသမျှ၊ တွေးသမျှ အရာတိုင်းသည် မန်ဒင်ကာတစ်ယောက်နှင့် မတူတော့။

ကွမ်တာသည် သူ့စိတ်ကို ဆန်းစစ်နေမိသည်။ သူ့တွင် ဂုဏ်သိက္ခာဆိုသည့်အရာကော ရှိပါသေး၏လောဟုလည်း လေ့လာသည်။ ရှိသေးသည်ဟုပင် ယူဆသည်။ သူ့ဂုဏ်သိက္ခာသည် သူနှင့် 'နီဂရိုး'ဟုခေါ်နေကြသူများကြား၌ ဒိုင်းကြီးတစ်ခုသဖွယ် ကာရံလျက်ရှိသည်ဟုပင် ထင်သည်။ နီဂရိုးများသည် သူတို့ဘဝ သူတို့သိကြသူများ မဟုတ်။ သူတို့၏ဘိုးဘွားဘီဘင်များနှင့် ပတ်သက်၍လည်း ဘာမှသိကြသည်မဟုတ်။ သူကတော့ ကလေးဘဝကတည်းက ထိုအရာများကို သိလာသူဖြစ်၏။

ကွမ်တာ၏စိတ်သည် ငယ်စဉ်ကလေးဘဝက သူငယ်ချင်းများဆီသို့ ရောက်သွားသည်။ ပထမတော့ သူ့ကိုယ်သူ အံ့ဩမိသည်။ နောက်တော့ တုန်လှုပ်ချောက်ချားခြင်းဖြစ်လာသည်။ တခြားကြောင့်မဟုတ်။ သူငယ်ချင်းများ၏ နာမည်ကို မမှတ်မိ၍ဖြစ်သည်။ သူတို့မျက်နှာများကတော့ သူ့စိတ်အာရုံတွင်ထင်လာပါ၏။ သို့သော်လည်း နာမည်များကို ဖော်၍မရ။ ဘယ်လိုများဖြစ်ရတာပါလိမ့်။

သူ့တဲထဲ၌ နေသည့်အခိုက်နှင့် သူ့သခင်အား မြင်းရထားနှင့်လိုက်ပို့သည့်အခိုက်များတွင် ကွမ်တာသည် သူ့ဦးနှောက်အား အလုပ်ပေးထားသည်။ နောက်ဆုံးတွင် နာမည်များသည် တစ်ခုပြီးတစ်ခု အစီအရီပေါ်လာသည်။ ဟုတ်ပြီ၊ စီတာဖာဆစ်လာ၊ ကွမ်တာ၏အရင်းနှီးဆုံးသောသူငယ်ချင်း။ ကာလီကူကွန်တေး၊ သင်တန်းတက်စဉ်က

မြန်မာ စာအုပ်များ

ကင်တန်းဂိုး၏အမိန့်အရ ကြက်တူရွေးဖမ်း ထွက်ခဲ့ရသူ။ ပြီးတော့ စီဗိုကီလာ၊ မုဆိုးမ တစ်ယောက်နှင့် အတူနေခွင့်ကို ကျေးရွာကောင်စီ၌ တင်ပြ၍ ခွင့်ပြုချက်တောင်းခဲ့သူ။

လူကြီးများ၏ မျက်နှာများသည် သူ့အာရုံတွင် ထင်ဟပ်လာသည်။ မေ့နေပြီဖြစ်သော နာမည်များသည်ပင်လျှင် ပြန်ပေါ်လာသည်။ ကင်တန်းဂိုး (သင်တန်းမှူး)၏ နာမည်မှာ 'စီလာဘာတစ်ဘား။ အလီမာမို (ဗလီဆရာ)၏ နာမည်မှာ 'ကူဂျာလီဒင်ဘာ'။ ယင်းကဲ့သို့မှတ်မိလာသည့်အခါ ကွမ်တာ ဝမ်းသာသည်။ ဤလူတွေ ယခု လောက်ဆိုရင် ဂျပ်ဖူရီရွာ၌ လူကြီးတွေဖြစ်ကုန်ပြီထင်၏။ ဤတစ်သက်တွင် ဤလူစုနှင့် ပြန်တွေ့ဖို့ဆိုသည်မှာ မျှော်လင့်၍မရနိုင်တော့။ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ကွမ်တာသည် ရှိုက်ကြီးတငင် ငိုမိလေသည်။

နောက် ရက်အနည်းငယ်မျှအကြာတွင် ကွမ်တာသည် သူ့သခင်အား ကောင်တီ ခရိုင်နယ်မြေရုံးသို့ လိုက်ပို့ရသည်။ သူ့လိုမြင်းရထားသမားတစ်ဦးက မြောက်ပိုင်းဒေသမှ လွတ်လပ်သွားသည့် လူမည်းတချို့သည် 'နီဂရိုးသမဂ္ဂ'ဟုခေါ်သော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းထားကြောင်း၊ ယင်းသမဂ္ဂက လူမည်းများ အစုလိုက်အပြုံလိုက် အာဖရိကသို့ ပြန်ရေး အစီအစဉ်တစ်ခု ချမှတ်ထားကြောင်း ပြောပြသည်။ ထိုသတင်းသည် ကွမ်တာ အား များစွာစိတ်လှုပ်ရှားစေခဲ့၏။ ဤလုပ်ငန်းသည် လက်တွေ့၌ ဖြစ်နိုင်ပါမည်လော။ လူမည်းများအနေဖြင့် သူတို့ကိုယ်သူတို့ ပြန်ဝယ်သည့်အခါ စရိတ်စက ကြီးလိမ့်မည်။ ပြီးတော့ သင်္ဘောစရိတ်ကော တတ်နိုင်ကြပါမည်လော။

ဤအကြောင်းကို တယောဆရာအားပြောပြပြီး စုံစမ်းမေးမြန်းကြည့်ရလျှင် ကောင်းမည် ထင်၏။ တယောဆရာသည် လွတ်လပ်သော လူမည်းတစ်ယောက်အဖြစ်ဖြင့် အာဖရိကသို့ ပြန်သွားရခြင်းထက် ကျွန်တစ်ယောက်ဘဝဖြင့် ဗာဂျီးနီးယားပြည်နယ် အတွင်း၌ နေရခြင်းကို ပို၍နှစ်သက်သဘောကျသည့် လက္ခဏာတော့ရှိ၏။ သို့တစေ လည်း ဤကိစ္စကို ဆွေးနွေးပြောဆိုရုံမျှတော့ လက်ခံဖွယ်ရာရှိသည်။ တယောဆရာသည် နံ့စပ်သိမြင်သူတစ်ဦးဖြစ်ရာ သူနှင့်ပြောကြည့်လျှင် အကျိုးမယုတ်နိုင်ဟု သူ ယူဆသည်။

သို့သော်လည်း ကွမ်တာသည် တယောဆရာ၊ ဥယျာဉ်မှူးအဘိုးအို၊ ဘဲလ် စသော လူသုံးယောက်နှင့် အဆက်အဆံမပြုခဲ့သည်မှာ နှစ်လခန့်ရှိခဲ့ပြီ။ တကယ်တော့ သူ သည် ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် အဆက်ဖြတ်ထားသလို ဖြစ်နေသည်မှာ ကြာ ခဲ့ပြီ။ အထီးကျန်နိုင်မှုကလည်း သူ့အား အဆမတန်ဖိစီးနှိပ်စက်လျက်ရှိ၏။

နောက်တစ်ကြိမ် တယောဆရာနှင့် အမှတ်မထင်ဆုံမိသောအခါ ကွမ်တာက ခေါင်းဆတ်၍ နှုတ်ဆက်သည်။ သို့သော်လည်း တယောဆရာက မမြင်လေဟန်ပြုကာ ဆက်လျှောက်သွားသည်။ ကွမ်တာသည် စိတ်ထဲမှကျိတ်၍ ဒေါပွသွားမိသည်။ နောက် တစ်နေ့တွင် ကွမ်တာသည် သူနှင့်မျက်နှာချင်းဆိုင်မှလာနေသော ဥယျာဉ်မှူးအဘိုးအိုကို

မြန်မာ စာအုပ်များ

မြင်သည်။ အဘိုးအိုသည် သူ့ကို မြင်လိုက်သည်နှင့် တခြားဘက်သို့ ကွေ့ရှောင်ထွက်သွားသည်။ ဤအဖြစ်နှစ်ခုစလုံးကြောင့် သူ့ရင်သည် လှိုင်းထလျက်ရှိ၏။ ထိုညတွင် ကွမ်တာသည် ရုတ်တရက် အိပ်၍မရ။ တဲထဲတွင် နာရီသံပေါင်းများစွာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက်ရှိသည်။ နောက်တစ်နေ့မနက်တွင် သူသည် ကျွန်းအိမ်တန်း၏ အစွန်ဆုံးတဲဆီသို့သွားကာ တံခါးကို ခေါက်သည်။

တံခါးပွင့်သွားသည်။ 'ဘာကိစ္စရှိလို့လဲ'ဟု တယောဆရာက အေးစက်တင်းမာသော လေသံဖြင့် မေးသည်။

'အလည်လာတာပေါ့ဗျာ'ဟု ကွမ်တာက ပြောသည်။

တယောဆရာက မြေကြီးပေါ် တံတွေးတစ်ချက် ထွီခနဲထွေးထုတ်လိုက်သည်။

'ဒီမှာ ငါပြောမယ် နီဂရိုး၊ ငါပြောမယ့်စကားကို တေတေချာချာနားထောင်။ ငါရယ်၊ ဘဲလ်ရယ်၊ အဘိုးအိုရယ်က မင့်အကြောင်းပြောနေကြတာ။ မင်း တစ်ခုခု ဖြစ်နေတယ်လို့ တို့ကထင်တယ်။ တို့မကြိုက်တဲ့အမူအရာမျိုးကို အခုတလော မင်း လုပ်နေတယ်'

'တယောဆရာက ကွမ်တာအား စူးစူးရဲရဲကြည့်သည်။

'မင်းဘာဖြစ်နေတာလဲ၊ မင့်မှာ ဖျားလည်းမဖျားဘူး၊ တခြားဘာမှလည်းမဖြစ်ဘူး'

ကွမ်တာက သူ့ရှူးဖိနပ်များကို ငုံ့ကြည့်နေသည်။ နောက်တစ်ခဏမျှအကြာတွင် တယောဆရာ၏အကြည့်သည် အနည်းငယ်ပျော့သွားသည်။ တံခါးဝတွင် ပိတ်ရပ်နေရာမှ ဘေးကို ဖယ်ပေးသည်။

'အခု မင်းက ရောက်နေပြီဆိုတော့လည်း ငါက ပြောရတော့မှာပေါ့။ ဝင်လေကွာ။ ဒါပေမဲ့ ငါ တစ်ခုထပ်ပြောလိုက်မယ်။ နောက်တစ်ခေါက် မင်း ဖွင်လှန်ပြရင်တော့ ငါက လုံးဝ မင့်ကို စကားမပြောတော့ဘူး၊ ဒါပဲ'

ကွမ်တာသည် သူ့ဒေါသနှင့် ရက်စိတ်ကို မျိုသိပ်ကာ တဲအတွင်းသို့ ဝင်ထိုင်သည်။ ကွမ်တာက သူကြားခဲ့ရသည့် လူမည်းများ အာဖရိကပြန်ရေး အစီအစဉ်အကြောင်း ပြောပြသည်။ ထိုအခါ တယောဆရာက ထိုအကြောင်းကို သူသိနေသည်မှာ ကြာပြီဖြစ်ကြောင်း၊ လက်တွေ့ဖြစ်နိုင်မည့်အလားအလာ လုံးဝမရှိကြောင်း ပြန်ပြောသည်။

ကွမ်တာ စိတ်ပျက်သွားသည်ကို မြင်လိုက်ရသောအခါ တယောဆရာက အနည်းငယ် လျှော့လျှော့ပေါ့ပေါ့ထား၍ ပြောလာသည်။

'မင်းမကြားတေးတဲ့ တတင်းတစ်ခု ငါပြောပြမယ်။ မြောက်ပိုင်းဒေသက နယူးယောက်ပြည်နယ်မှာ တာတနာပြုအတင်းတစ်တင်းက လွတ်လပ်တွားတဲ့ နီဂရိုးတွေ အတွက် ကျောင်းတစ်ကျောင်း ဖွင့်ပေးလိမ့်မယ်။ စာရေးစာဖတ်အပြင် အသက်မွေးဝမ်းကျောင်းပညာတွေပါ တင်ပေးလိမ့်မယ်'

မြန်မာ စာအုပ်များ

တယောဆရာက သူ့အား တရင်းတနှီးစကားပြန်ပြောလာသည့်အတွက် ကွမ်တာသည် များစွာဝမ်းသာသွားသည်။ နောက်မိနစ်အနည်းငယ်မျှ ကြာသောအခါ တယောဆရာသည် စကားပြောရပ်ကာ ငြိမ်နေသည်။ ကွမ်တာ၏မျက်နှာကို စူးစမ်းသော မျက်နှာထားဖြင့် ကြည့်နေသည်။

'ငါ မင့်ကို မေးခွန်းတစ်ခု မေးနေတယ်လေကွာ'

'ကျုပ်က တွေးစရာတစ်ခုကို တွေးနေမိလို့ မကြားလိုက်ဘူး'

'စကားပြောရင် ဘယ်လိုနားထောင်ရမယ်ဆိုတာ မင်းမတတ်ဘူး။ ငါ မင်းကို ပြပေးမယ်'

ပြောပြောဆိုဆို သူသည် လက်နှစ်ဖက်ကို ပိုက်လိုက်သည်။

'ခင်ဗျားစောစောကမေးတာ ဘာလဲဗျ'

'ငါစောစောက ဘာပြောခဲ့တယ်ဆိုတာ ငါလည်းမမှတ်မိတော့ဘူး၊ မေ့တွားပြီ။ မင်း ဘာတွေတွေးနေတယ်ဆိုတာတောင်မှ မင်းမေ့တွားတာပဲ မဟုတ်လား'

'ကျုပ်တွေးတာက အရေးကြီးတဲ့ကိစ္စကိုတွေ တာ မဟုတ်ပါဘူးဗျာ'

'မင်းခေါင်းကိုက်လာလိမ့်မယ်၊ တွေးမနေနဲ့။ ဒါမှမဟုတ် ငါ့ကို တစ်ခုလောက်ခွဲပေးပါလား'

'ကျုပ် မပြောနိုင်လို့ပါဗျာ'

'ဟူး' တယောဆရာက အစော်ကားခံလိုက်ရသည်ဟူသောပုံစံဖြင့် ရေရွတ်သည်။

'မင့်စိတ်ထဲက အဲသလိုဖြစ်နေတယ်ဆိုရင်လည်း'

'ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ဖြစ်နေလို့ပါဗျာ'

'မပြောပါနဲ့လေ၊ ရပါတယ်။ မိန်းမကိစ္စမဟုတ်လား'

'အဲဒါတော့မဟုတ်ပါဘူးဗျာ'ဟု ကွမ်တာကပြောသည်။ သူသည် တစ်ခဏမျှ ငြိမ်နေသည်။ ထို့နောက် ထိုင်ရာမှထသည်။

'နောက်မှ လာလည်ဦးမယ်၊ ကျုပ်ကို စကားပြောလို့ ကျေးဇူးတင်ပါတယ်ဗျာ'

'အေးပါကွာ၊ ရပါတယ်။ မင့်မှာ ပြောစရာရှိရင် ငါ့ဆီကိုလာပေါ့'

သူ ဘယ်နည်းနှင့် သိသနည်း။ မြင်းဇောင်းဆီသို့သွားနေသော ကွမ်တာသည် ထိုမေးခွန်းကို မေးလာသည်။ အမှန်တော့ သူကိုယ်တိုင်ပင် ထိုကိစ္စကို တွေးရာ၌ အကြီးအကျယ် နောက်တွန့်ခဲ့သည် မဟုတ်ပါလော။ မည်သို့ပင်ဖြစ်စေ သူတွေးခဲ့သော အရာမှာ ဂါနာသားအကြိုပေးခဲ့သည့်အတိုင်း သူ့မျိုးစေ့များ စိုက်ပျိုးရေးနှင့် ဆက်စပ်ပတ်သက်နေသည် မဟုတ်ပါလော။

[၆၃]

အကယ်၍သာ သူသည် ဂျပ်ဖူရီရွာ၌ တောက်လျှောက်နေထိုင်ခဲ့ရပါမူ ယခုလောက်ဆိုလျှင် မိန်းမရကာ သားသုံးလေးယောက်ဖအေပင် ဖြစ်နေလောက်ပြီ။ ထိုအတွေးသည် ဂါနာသားနှင့်မတွေ့မီ အချိန်များစွာကတည်းက ကွမ်တာ၏ခေါင်းထဲသို့ မကြာခဏ ဝင်ရောက်လာလေ့ရှိသောအတွေးဖြစ်၏။ တစ်ခါတစ်ရံတွင် သူသည် မိန်းမနှင့်ပတ်သက်သော အိပ်မက်မျိုးမက်ကာ ညကြီးသန်းခေါင် အိပ်ရာမှလန့်နိုးလာတတ်သည်။ ရုတ်တရက် ပြန်၍အိပ်မရသောအခါ သူသည် မိန်းမယူရေးကိစ္စကို အလေးအနက်စဉ်းစားသည်။

သို့သော်လည်း ကွမ်တာသည် လက်ထပ်ဖို့ကျတော့ စိတ်ကူးလိုစိတ်မရှိ။ ဘာ့ကြောင့်နည်း။ သူ့တွင် အကြောင်းတွေများစွာရှိနေ၏။ ပထမအကြောင်းရင်းမှာ လက်ထပ်မင်္ဂလာပွဲအခမ်းအနားကိစ္စဖြစ်သည်။ လက်ထပ်ပြီဆိုလျှင် လူဖြူတရားဟောဆရာရှေ့၌ ရပ်၍ လက်ထပ်ကြရသည်ဟု သူကြားဖူး၏။ ထိုပုံစံမျိုးနှင့်တော့ သူဘယ်နည်းနှင့်မှ လက်မထပ်ချင်။

ဒုတိယတစ်ချက်မှာ သတို့သမီး၏အသက်ဖြစ်သည်။ မန်ဒင်ကာလူမျိုးတို့၏ ဓလေ့ထုံးစံအရ သတို့သမီး၏အသက်သည် ဆယ့်လေးနှစ်နှင့် ဆယ့်ခြောက်နှစ်ကြား အသက်အရွယ်မျိုးဖြစ်သင့်၍ သတို့သားက အသက်သုံးဆယ်ခန့်ဖြစ်သင့်သည်။ ယခု လူဖြူတို့၏မြေပေါ်၌ နေလာခဲ့သည်မှာ နှစ်ပေါင်းမနည်းကြာခဲ့ပြီ။ ကွမ်တာ့အနေဖြင့် အသက်ဆယ့်လေးနှစ်မှ ဆယ့်ခြောက်နှစ်အရွယ် မိန်းကလေးများကို လုံးဝမတွေ့။ အသက်နှစ်ဆယ်နှင့် နှစ်ဆယ့်ငါးနှစ်ကြား မိန်းမများကိုပင် သူ ရှာ၍ရဖို့မလွယ်။

ကွမ်တာသိသမျှဆိုလျှင် အသက်နှစ်ဆယ်နှင့် နှစ်ဆယ်ကျော် မိန်းမများသည် အများအားဖြင့် လူဖြူတို့၏ အိမ်ကြီးများ၌ စားဖိုမှူးများဖြစ်နေကြသည်က များသည်။ ဥပမာ... အင်ဖီးလ်ဂေဟာမှ လစ်ဇာ။ အမှန်အတိုင်း ဝန်ခံရလျှင် ကွမ်တာသည် လစ်ဇာအား သူ၏ကြင်ယာလောင်းအဖြစ် စဉ်းစားခဲ့ဖူးသည်။ လစ်ဇာကိုယ်တိုင်မှာလည်း အဖော်မဲ့သူတစ်ဦး ဖြစ်ရုံမျှမက သူ့အပေါ် စိတ်ဝင်စားသည့် အရိပ်လက္ခဏာများကိုပင် ပြခဲ့သည်။

ကွမ်တာသည် လစ်ဇာကို စိတ်ကူးနှင့်လက်ထပ်ကြည့်သည်။ သူတို့ လက်ထပ်ပြီးလျှင် ဘယ်လိုနေကြရမည်နည်း။ သူမြင်ဖူး တွေ့ဖူးနေသည့် အခြားသောစုံတွဲများကဲ့သို့ တကွဲတပြားစီနေကြရမည်သာဖြစ်၏။ လစ်ဇာက အင်ဖီးလ် အိမ်ကြီး၌ ထမင်းချက်အဖြစ် နေရမည်ဖြစ်၍ မိမိက သခင်ဝေါလားအိမ်၌ မြင်းရထားသမားဘဝဖြင့် နေရမည်ဖြစ်သည်။ လူဖြူများချမှတ်ထားသည့် စည်းကမ်းအရ ခင်ပွန်းဖြစ်သူက သူ့သခင်ထံမှ

ခရီးသွားခွင့်လက်မှတ်တောင်းကာ စနေနေ့ညတွင် သူ့ဇနီးထံသွား၊ တနင်္ဂနွေနေ့မနက်တွင် ဝတ္တရားမပျက် အလုပ်ဆင်းနိုင်ဖို့အတွက် တနင်္ဂနွေနေ့ညနေ မိုးမချုပ်မီ အိမ်အရောက်ပြန်။ ထိုပုံစံအတိုင်း နေရမည်ဖြစ်၏။ ကွမ်တာကတော့ သူနှင့် အတူတူမနေနိုင်သည့် ဇနီးတစ်ယောက်ကို ယူဖို့ဆိုသည်မှာ စဉ်းစားရခက်လှ၏။

သို့သော်လည်း လစ်ဇာသည် အလွန်စကားများသူဖြစ်၍ မိမိက နားအေးပါးအေးနေလိုသူဖြစ်ရာ တနင်္ဂနွေတစ်ပတ်မှ တစ်ကြိမ်သာ ဆုံကြရခြင်းသည် အဆင်ပြေဖွယ်ရာရှိ၏။ ထို့ပြင်လည်း နီဂရိုးဇနီးမောင်နှံအများစု ကြုံတွေ့နေရသည့် အဖြစ်မျိုးနှင့်လည်း ရင်ဆိုင်ရဖွယ်မရှိ။ နီဂရိုးဇနီးမောင်နှံ စုံတွဲများထဲမှ ခင်ပွန်းကိုဖြစ်စေ၊ ဇနီးကိုဖြစ်စေ သခင်က မကြိုက်၍ ရောင်းပစ်ပြီဆိုပါက ရင်လျက်နှင့် ကွဲကွာကြရ၏။ ယခုလက်ရှိအခြေအနေအရဆိုလျှင် သူ့သခင်ဝေါလားသည် သူ့အား များစွာသဘောကျလျက်ရှိသည်။ လစ်ဇာကိုလည်း သူ့သခင်ဝေါလား၏ မိဘများက သံယောဇဉ်ရှိသည်။ သို့ဆိုလျှင် မိမိတို့နှစ်ယောက် ကွဲကွာသွားစရာ အခွင့်အလမ်းနည်းသည်ဟုထင်၏။ တစ်ခါတစ်ရံတွင် လူဖြူဆွေမျိုးချင်း အဆင်မပြေမှုရှိတတ်ကြသည်ဖြစ်ရာ သူတို့ချင်း အဆင်မပြေလျှင် သူတို့လက်အောက်ရှိ လူမည်းကျွန်အချင်းချင်း လက်ထပ်သည်ကို ခွင့်မပြုကြ။ သူတို့အဖို့တော့ ဤပြဿနာမျိုးနှင့်လည်း ကြုံတွေ့ဖွယ်ရာမရှိ။

ကွမ်တာသည် လစ်ဇာနှင့် လက်ထပ်ရေးကိစ္စကို အကြိမ်ကြိမ်အထပ်ထပ် တွေးသည်။ သို့သော်လည်း သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်၍မရ။ တစ်စုံတစ်ခုသောအကြောင်းက သူ့စိတ်အား အဟန့်အတားပြုခြင်း ခံနေရသလို ခံစားနေရ၏။ ဤသို့ဖြင့် တစ်ညတွင် ကွမ်တာသည် အိပ်ရာထက်၌လှဲ၍ စဉ်းစားနေရာမှ ရုတ်တရက် ခေါင်းထဲသို့ အလင်းရောင်တစ်ခုဝင်လာသည်။ သူလက်ထပ်ဖို့ စဉ်းစားနိုင်သည့် မိန်းမတစ်ယောက် ရှိနေပါသေးလား ဟူသော အသိဖြစ်သည်။ ထိုမိန်းမမှာ အခြားမဟုတ်။ 'ဘဲလ်'။

သူ ဘဲလ်ကို စဉ်းစားခြင်းသည် ရူးနေလို့များလားဟု ကွမ်တာက တွေးသည်။ ဘဲလ်သည် အသက်ကြီးလှပြီ။ လေးဆယ်ပင်ကျော်ပြီထင်၏။

ကွမ်တာသည် ဘဲလ်အား သူ့ဦးနှောက်တွင်းမှ ထုတ်ပယ်ပစ်ရန် အားထုတ်သည်။ သူ့စိတ်ထဲ ဘဲလ်ဝင်ရောက်လာခြင်းမှာ တခြားကြောင့်မဟုတ်။ လူချင်းသိတာ ကြာနေ၍ ဖြစ်မည်ထင်သည်။ အမှန်တော့ သူသည် ဘဲလ်အား လုံးဝစိတ်ကူးခဲ့သည်မဟုတ်။ သူ့အပေါ်၌ အပေါ်စီးဖြင့်ဆက်ဆံခဲ့သည့် ဘဲလ်အပြုအမူများကို ပြန်၍သတိရလာသည်။ မီးဖိုချောင်သို့ ဟင်းသီးဟင်းရွက်များ ထည့်ထားသည့် လက်ဆွဲခြင်း သွားပို့စက သူပြန်အထွက်တွင် တံခါးကို ဆောင့်ကြီးအောင့်ကြီး ပိတ်ခဲ့သည့်အဖြစ်။ ပြီးတော့ သူက မန်ဒင်ကာအမျိုးသမီးတစ်ယောက်နှင့် တူသည်ဟု ပြောစဉ်က ရှူးရှူးရှားရှားဖြစ်သည်

မြန်မာ စာအုပ်များ

အထိ ဒေါသကြီးခဲ့ခြင်း။ ထို့ပြင်လည်း ဘဲလ်သည် အငြင်းအခုံသန်ရုံမျှမက တစ်ဖက်သားအပေါ် နိုင်ထက်စီးနင်း ဆက်ဆံချင်တတ်သည်။ ပြီးတော့ စကားလည်းများသည်။

သို့သော် သူ သေလုနီးပါးဖြစ်နေစဉ်က ဘဲလ်သည် သူ့ထံသို့ တစ်နေ့လျှင် ငါးကြိမ် ခြောက်ကြိမ်ထက်မနည်း လာ၍ကြည့်ခဲ့သူဖြစ်၏။ သူ့အား ဘယ်လို ပြုစုစောင့်ရှောက်ခဲ့သည်၊ အစားအသောက်များ ဘယ်လိုကျွေးမွေးခဲ့သည် စသော အကြောင်းများကိုကား သူမမေ့ဘဲမနေနိုင်။ ဘဲလ်သည် အလွန်ကျန်းမာသန်စွမ်းသော မိန်းမတစ်ယောက် ဖြစ်သည်ကိုလည်း သူအသိအမှတ်မပြုဘဲ နေလို့မရ။ ပြီးတော့ ဘဲလ်သည် အချက်အပြုတ်အလွန်တော်သည့် ထမင်းချက်တစ်ဦးဖြစ်သည် မဟုတ်ပါလား။

[၆၄]

နောက်ရက်အနည်းငယ်မျှအတွင်း ကွမ်တာသည် သူ့သခင်အား ဘယ်ကိုမှ လိုက်မပို့ရ။ ထို့ကြောင့်လည်း သူသည် မနက်ပိုင်းနှင့် မွန်းလွဲပိုင်းများတွင် သူ့မြင်းလှည်းအားဆီထိုးရင်း၊ ဆေးသုတ်ရင်းဖြင့် အချိန်ကုန်သည်။

တစ်ယောက်တည်း နေရသည့်အတွက် ဘဲလ်အပေါ်ဌာထားသည့် သူ၏ ခံစားချက်များကို အေးအေးဆေးဆေး ပြန်လည်ဆန်းစစ်ဖို့အချိန် ပို၍ရလာသည်။ ဘဲလ်၏ အကြောင်းကို တွေးရာ၌ သူမနှစ်သက်သောအပိုင်းများ တွေးမိသည့်အခါ သားရေပြားများကို ပွတ်တိုက်နေသည့် သူ့လက်ထဲမှ အဝတ်စုတ်သည် အလွန်လျင်မြန်၍ သွက်လက်လာတတ်၏။ အကောင်းပိုင်းများကို တွေးမိသည့်အခါတွင်မူ သူ့လက်သည် ဖြည်းဖြည်းမှန်မှန် လှုပ်ရှားနေတတ်သည်။ တစ်ခါတစ်ရံတွင်မူ ဆက်၍ မတိုက်တော့သဖြင့် ရပ်သွားတတ်သည်။ ဘဲလ်တွင် ချွတ်ယွင်းချက်များ ရှိနေသည့်တိုင်အောင် သူ ယခုနေထိုင်ခဲ့ရသည့်နှစ်များအတွင်း သူ၏ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်ပေးမှုများ ရှိခဲ့သည်ကိုမူ သူ ဝန်မခံ၍မရ။ သူ့အား သခင်ဝေါလာက မြင်းရထားသမားအဖြစ် ရွေးချယ်ခဲ့ခြင်းသည် ဘဲလ်၏တိုက်တွန်းမှုကြောင့် ဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိ။

ဘဲလ်၏ ကောင်းကွက်ကလေးများနှင့်ပတ်သက်၍ အသေးအဖွဲကိစ္စကလေးများကို သူ့စိတ်အာရုံတွင် ပြန်မြင်လာသည်။ တစ်ကြိမ် သူ ဥယျာဉ်ထဲ၌ အလုပ်လုပ်နေခိုက် သူသည် မျက်စိများကို မကြာခဏပွတ်နေမိသည်။ သူ၏အပြုအမူကို သတိထားမိနေသော ဘဲလ်က ဘာတစ်ခွန်းမှ မေးမြန်းပြောဆိုခြင်းမပြုဘဲ နှင်းပေါက်ကလေးများ ကပ်ငြိနေသည့် သစ်ရွက်များယူလာပြီး မျက်စိထဲ ခတ်ပေးသည်။ ချက်ချင်းပင် ကျိန်းစပ်နေသောမျက်လုံးများမှ ဝေဒနာသည် ပျောက်ကင်းသွားခဲ့ရ၏။

မြန်မာ စာအုပ်များ

ဘဲလ်နှင့်ပတ်သက်၍ သူမကြိုက်သော ချွတ်ယွင်းချက်များကိုလည်း သူ သတိမရဘဲ မနေနိုင်။ အထူးသဖြင့် သူစိတ်အပျက်ဆုံးမှာ ဆေးတဲ့သောက်သည့်အကျင့်ဖြစ်သည်။ နောက်တစ်ခုမှာ ပွဲတစ်ခုခုရှိလာသည့်အခါတိုင်း လူမည်းများကြား၌ မိန်းမတန်မဲ့နှင့် ဝင်၍ကသောအကျင့်ဖြစ်သည်။ သူမကြိုက်ဆုံးသော အကျင့်တစ်ခုဖြစ်၏။ မိန်းမများ မကသင့်ဟူသော အယူအဆမရှိသော်လည်း စိတ်ထဲက နှစ်မြို့ခြင်းမရှိ။ သူ့စိတ်အား အနှောင့်အယှက်အပေးဆုံးအရာတစ်ခုမှာ ဘဲလ်၏ လမ်းလျှောက်ပုံလျှောက်နည်း ဖြစ်သည်။ ဘဲလ်သည် လမ်းလျှောက်သည့်အခါများ၌ သူ့တင်ပါးကြီးများကို ခါ၍ ယမ်း၍ သွားလေ့ရှိ၏။ တမင်သက်သက် ထွင်ထားသည့်ဟန်ဟု ယူဆရ၏။ အမှန်တော့ ဘဲလ်၏ ဖင်ကြီးမှု မကြီးမှုနှင့် ယမ်းမှု မယမ်းမှုများမှာ မိမိ၏အလုပ်မဟုတ်။ သို့သော် လည်း သူ့ဂုဏ်သိက္ခာ သူထိန်းသိမ်းသောအားဖြင့် ဆင်ခြင်ဖို့တော့လိုမည်ဟုထင်သည်။ နောက်ပြီးတော့ ဘဲလ်၏လျှာသည် သူတို့ရွာမှ အဘွားညိုဘိုတို၏လျှာနှင့် အလွန်တူ သည်။ တစ်ဖက်သားအပေါ် ဝေဖန်ပြောဆိုမှုများနှင့်ပတ်သက်၍ သူ့ဘာသာသူ တစ်ဦး တည်း ကျိတ်၍ သို့မဟုတ် အခြားမိန်းမများနှင့် စကားစပ်၍ ပြောခြင်းကို သူ ဘာမှ မပြောလိုသော်လည်း မည်သူ့ရှေ့မှမရှောင်ဘဲ ဝေဖန်ပြောဆိုခြင်းကိုကား လက်မခံချင် ဖြစ်မိ၏။

မြင်းရထားတစ်စီးလုံးကို တိုက်ချွတ်ပြီးသွားသောအခါ ကွမ်တာသည် ကုန်းနှီးမှ ကကြိုးတန်ဆာပလာများကို တိုက်ချွတ်ပြန်သည်။ ဤအခိုက်မှာပင် သူ့စိတ်သည် သူ့ ရွာ ဂျပ်ဖူရီသို့ ပြန်ရောက်သွားသည်။ သူ့ရွာမှ အဘိုးအိုများသည် သူအခု ဖင်ထိုင်နေ သော သစ်မာသစ်တုံးမျိုးကို အရုပ်အမျိုးမျိုး ထုလုပ်တတ်ကြသည် မဟုတ်ပါလော။ အဘိုးအိုများသည် သူတို့ပန်းပုထုမည့် သစ်တုံးကို ဂရုတစိုက် ရွေးချယ်တတ်ကြသည်။ ထို့နောက် ရာသီဥတုဒဏ် ခံနိုင်မှုရှိမရှိ စောင့်ကြည့်သည်။ အဖက်ဖက်တွင် ကျေနပ် လောက်ပြီဟု ယုံကြည်ခါမှ သစ်တုံးကို ကိုင်တွယ်လေ့ရှိကြသည်။

ကွမ်တာသည် ဖျတ်ခနဲထကာ သစ်မာထုံးကို တုံးလုံးလှဲလိုက်သည်။ သေသေ ချာချာ စစ်ဆေးကြည့်သည်။ အထူးသဖြင့် ဟိုဘက်ထိပ် သည်ဘက်ထိပ်များတွင် အကွဲအအက်ရှိမရှိ ကြည့်သည်။ သံတုတ်တစ်ချောင်းဖြင့် အက်သံရှိမရှိ ခေါက်ကြည့် သည်။ မာလိုက်သည့်သစ်။ ရာသီဥတုဒဏ်ခံနိုင်မည့်လက္ခဏာလည်းအပြည့်။ ဤမျှ လောက်ကောင်းသော သစ်ကို ဖင်ထိုင်ခုံအဖြစ် သုံးနေသည်မှာမသင့်။ သူသည် ဘေး ပတ်ဝန်းကျင်ကို တစ်ချက်မျှဝေ့ကြည့်သည်။ တစ်ဦးတစ်ယောက်မျှမရှိဟု သိရသောအခါ သူသည် သစ်တုံးကို သူ့တဲဘက်သို့ လှိမ့်ယူလာပြီး တဲအတွင်းသို့ ကပျာကယာသွင်းကာ ထောင့်တစ်ထောင့်တွင် ထောင်ထားလိုက်သည်။

မြန်မာ စာအုပ်များ

ထိုညက ကွမ်တာသည် သူ့သခင်အား ကောင်တီခရိုင်ရုံးသို့ပို့ပြီး ပြန်အရောက်တွင် ညစာကို သူ့တဲသို့ ယူလာခဲ့သည်။ ပြီးတော့ ကြမ်းပြင်ပေါ်၌ ထိုင်ကာ ညစာစားရင်း သူ့မိခင် ဘင်တာအတွက် ဆံုနှင့်ကျည်ပွေ့ ထုပေးခဲ့သည်ကို ပြန်၍ သတိရနေသည်။

ထိုနေ့မှစ၍ ကွမ်တာသည် သူ့သခင် အပြင်မသွား၍ အလုပ်အားလပ်ချိန်ရတိုင်း ဤသစ်တုံးကို ဆုံတစ်ခုထုလုပ်ရန် စိုင်းပြင်းသည်။ ပထမတွင် သူသည် သစ်တုံးကို ရဲတင်းဖြင့်ခုတ်ထွင်ပြီး ပုံကြမ်းလောင်းသည်။ တတိယနေ့တွင် တူတစ်လက်၊ ဆောက်တစ်ခုဖြင့် ဆုံအတွင်းပိုင်းကို ပုံဖော်သည်။ ထို့နောက် အကြမ်းထည်ဆုံကို ဓားတစ်လက်ဖြင့် အချောကိုင်သည်။ သီတင်းတစ်ပတ်မျှအကြာတွင် ကွမ်တာသည် သူ့လက်ချောင်းများ၏ လှုပ်ရှားပုံ လျင်မြန်သွက်လက်ခြင်းအပေါ် အံ့ဩ၍မဆုံးနိုင်အောင် ဖြစ်မိသည်။

ဆုံ၏အတွင်းပိုင်းနှင့် အပြင်ပိုင်းများ အချောကိုင်အပြီးတွင် သူ့လက်မောင်းလုံးခန့် ထုရှိသော သစ်မာတုံးတစ်တုံးကို ကျည်ပွေ့လုပ်သည်။ အကြမ်းထည် ပြီးသွားသည်နှင့် သူသည် တံစဉ်းဖြင့်တိုက်ကာ ဓားနှင့်အချောကိုင်ပြီး မှန်ကွဲစဖြင့် ခြစ်သည်။

ပြီးစီးသွားသည့်အခါ ဆုံနှင့်ကျည်ပွေ့တို့သည် ကွမ်တာ၏တဲထောင့်၌ သီတင်းနှစ်ပတ်ကြာမျှ နေရပြန်သည်။ ကွမ်တာသည် သူ့လက်ရာကို မကြာခဏကြည့်သည်။ ယခုဆိုလျှင် သူလုပ်ချင်သော အရာဝတ္ထုများကို သူ့လက်များဖြင့် ထုလုပ်ခဲ့ပြီးပြီ။ သို့သော်လည်း ဤပစ္စည်းများကို ဘာလုပ်ရပါမည်နည်း။ ထို့နောက် တစ်မနက်ခင်းတွင် သူသည် ဤပစ္စည်းများနှင့်ပတ်သက်၍ ဘာမှ မည်မည်ရရတွေးတောခြင်းမပြုမိဘဲ သူ့သခင် အပြင်သွားစရာရှိမရှိ ဘဲလ်ထံ စုံစမ်းမည်ဟူသော စိတ်ကူးဖြင့် ထွက်အလာတွင် အမှတ်တမဲ့ကောက်ယူလာခဲ့မိ၏။ ဘဲလ်က သူ့သခင် ယနေ့မနက် သွားစရာမရှိဟု ပြောပြီး ပြန်လှည့်သွားသည်။ ဘဲလ်ပြန်လှည့်သွားသည်နှင့်တစ်ပြိုင်နက် ကွမ်တာသည် လက်ထဲမှ ဆုံနှင့်ကျည်ပွေ့ကို လှေကားခုံပေါ်ချထားလိုက်ပြီး ကသောကမျော ပြန်ထွက်လာခဲ့သည်။ အသံကြားလိုက်သော ဘဲလ်က ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ရေးကြီးသုတ်ပျာထွက်သွားသော ကွမ်တာကို ပထမ မြင်သည်။ ထို့နောက် လှေခါးခုံပေါ်မှ ဆုံနှင့်ကျည်ပွေ့။

ဘဲလ်သည် သူ့မျက်စိအောက်မှ ကွမ်တာပျောက်သွားသည်အထိ မျှော်ကြည့်နေမိသည်။ ထို့နောက် တံခါးအပြင်ဘက်ရှိ ပစ္စည်းများကိုငုံ့ကြည့်သည်။ သူသည် မမျှော်လင့်သော မြင်ကွင်းကြောင့် အံ့အားသင့်လျက်ရှိ၏။ သူသည် ကွမ်တာထုလုပ်ထားသော ဆုံနှင့်ကျည်ပွေ့ကို တအံ့တဩကြည့်နေသည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

သူဝေါလားခြံမြေပေါ်၌ နေထိုင်လာခဲ့သည်မှာ နှစ်ဆယ့်နှစ်နှစ်မျှရှိခဲ့ပြီ။ မိမိအတွက် ကိုယ့်လက်နှင့်ကိုယ် ပစ္စည်းတစ်ခုလုပ်ပေးသည့် ယောကျ်ားဆို၍ တစ်ဦးတစ်ယောက်မျှ မရှိခဲ့။ ယခုတစ်ကြိမ်သည် ပထမဆုံးအကြိမ် ကြုံရခြင်းပေတည်း။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

သူ ဘယ်လိုစိတ်ထားမျိုးထားသင့်သည်ကို ဘဲလ် ဝေခွဲ၍မရ။ နေ့လယ်စာ စားအပြီး သူတစ်ခေါက်ရောက်လာလျှင် ဘယ်လိုပြုမူဆက်ဆံရပါမည်နည်း။ ထိုအချိန်တွင် ကွမ်တာသည်လည်း သူ့တဲထဲ၌ထိုင်ကာ စိတ်နှစ်ခွဖြစ်လျက်ရှိသည်။ သူပြုခဲ့မိသည့် အလုပ်သည် ရယ်စရာကောင်းသည့် မိုက်မဲမှုတစ်ရပ်ဟုထင်နေသောစိတ်နှင့် သူလုပ်ခဲ့မိသော အလုပ်အတွက် သာယာကြည်နူးသောစိတ်တို့ဖြစ်၏။ သူ ဘာကြောင့် ယခုလို လုပ်ခဲ့မိသနည်း။ ဘဲလ်က ဘယ်လိုထင်မည်နည်း။ နေ့လယ်စာ စားအပြီးတွင် အလုပ်ရှိမရှိမေးဖို့ မီးဖိုချောင်သို့ နောက်တစ်ခေါက်ထပ်၍ သွားရလိမ့်ဦးမည်။ ထိုအရေးကိုတွေးကာ သူသည် နောက်တွန့်လျက်ရှိသည်။

နောက်ဆုံးတွင် သွားရမည့်အချိန်သို့ ဆိုက်ရောက်လာသည်။ သူသည် တွန့်ဆုတ်ဆုတ်စိတ်နှင့်ပင် မီးဖိုချောင်သို့သွားသည်။ သူချထားခဲ့သော ဆုံနှင့်ကျည်ပွေ့မှာ နေရာတွင် မရှိတော့။ သူက တံခါးခေါက်လိုက်သည့်အခါ ဘဲလ်က လှည့်ကြည့်ပြီး တံခါးလာဖွင့်ပေးသည်။ ကွမ်တာက တံခါးဝ၌ရပ်ကာ သူ့သခင် သွားစရာရှိမရှိ မေးသည်။ အပြင်သွားစရာ အစီအစဉ်မရှိဟု မှာထားကြောင်း ဘဲလ်က ပြန်ဖြေသည်။ ကွမ်တာက လှည့်ပြန်ရန် ဟန်ပြင်လိုက်သောအခါ ဘဲလ်က 'သူ ဒီနေ့တစ်နေ့လုံး စာတွေရေးနေတယ်'ဟု ပြောသည်။ ကွမ်တာထံမှ စကားပြန်ပြောလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် စကားမရှိစကားရှာ ပြောလိုက်ခြင်းဖြစ်၏။ ကွမ်တာက နောက်တစ်ဖန် လှည့်ထွက်သွားရန် ဟန်ပြင်ပြန်သည်။ ထိုအခါ ဘဲလ်က 'အဲဒါဘာလဲ'ဟု ပြောပြောဆိုဆို ဆုံနှင့်ကျည်ပွေ့ဘက်သို့ မေးငေါ့ပြသည်။

ကွမ်တာက 'ဂျုံထောင်းဖို့ လုပ်ပေးထားတာ'ဟု ဖြေပြီး နောက်သို့လှည့်ထွက်သွားသည်။ ဘဲလ်သည် ကြောင်တောင်တောင်ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

နောက်သတင်းနှစ်ပတ်အတွင်း သူတို့သည် တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ရုံမှတစ်ပါး ဘာစကားမျှ မပြောဖြစ်ကြ။ ထို့နောက် တစ်ရက်တွင် ဘဲလ်က သူ့အား ပေါင်မုန့်တစ်လုံးပေးသည်။ သူသည် ပေါင်မုန့်ကို တဲထဲရောက်မှစားသည်။ ပေါင်မုန့်မှာ ပူပူနွေးနွေးရှိသေးသည်။ နေ့လယ်စာစားပြီး နောက်တစ်ခေါက် ရောက်သွားသောအခါ ကွမ်တာသည် နှုတ်လေးမနေတော့ဘဲ သူပြောလိုသည့်စကားကို ပြောဖြစ်သည်။

'ညစာစားပြီးရင် စကားနည်းနည်းပြောချင်တယ်'

'ဘာများ အထူးပြောစရာရှိလို့လဲ'ဟု ဘဲလ်က ပြန်ပြောသည်။ သို့သော်လည်း ထိုစကားကို ပြောပြီးခါမှပင် ဘဲလ်သည် စိတ်မကောင်းဖြစ်ရသည်။

ညစာစားပြီးချိန်တွင် ကွမ်တာသည် သူ့အတွေးနှင့်သူ စိတ်ရှုပ်ရပြန်၏။ သူကရော ဘဲလ်ကပါ ယနေ့ည မည်သည့်နေရာ၌တွေ့ကြမည်ဟု အတိအကျ ပြောခဲ့ကြသည် မဟုတ်။ နောက်ဆုံး၌ သူကပင် ဘဲလ်၏တဲသို့သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

မြန်မာ စာအုပ်များ

သူသည် ဂိုဒေါင်ဘက်သို့သွားကာ မြင်းကုန်းနီးကိုထုတ်ယူသည်။ အကယ်၍ သူ့အား ခုလိုအချိန်ကြီး အပြင်၌ သွားလာလှုပ်ရှားနေသည်ကို မြင်ခဲ့သည်ရှိသော် အထင်မလွဲစေရန် အကြံအဖန်လုပ်ထားခြင်းဖြစ်၏။ သူသည် ဘဲလ်၏တဲရှေ့သို့ ရောက်သွားသည်။ တံခါးကို အသာခေါက်သည်။

တံခါးပွင့်သွားပြီး အတွင်းမှ ဘဲလ် ထွက်လာသည်။ သူသည် ကွမ်တာ့ လက်ထဲမှ မြင်းကုန်းနီးအားတစ်လှည့် ကွမ်တာအားတစ်လှည့်ကြည့်သည်။ ထို့နောက် တဲနောက်ဘက်ရှိ ခြံစည်းရိုးဆီသို့ ခပ်ဖြည်းဖြည်းလျှောက်သွားသည်။ ကွမ်တာက ဘေးမှ အသာကပ်၍ လိုက်သွားသည်။ လတစ်ခြမ်းပဲ့ဆီမှ အလင်းရောင်သည် မှုန်ဝါးဝါး။

နောက်ဆုံးတွင် သူတို့နှစ်ဦးကြားရှိ တိတ်ဆိတ်မှုကို ဖြိုခွင်းသူမှာ ဘဲလ်။

'ဗိုလ်ချုပ်ကြီးဝါရှင်တန် သမ္မတဖြစ်သွားပြီ။ သူ ကျမ်းကျိန်တယ်လို့ လူဖြူတွေ ပြောနေသံကြားတယ်'

သမ္မတဆိုတာ ဘာလဲဟု ကွမ်တာက မေးချင်သည်။ သို့သော်လည်း မမေးဖြစ်။

'ဂျွန်အေဒမ်က ဒုတိယသမ္မတလို့ ပြောတယ်'

သူ ဘာမှမပြောဘဲနေလျှင် ဘဲလ်က စကားဆက်မပြောဘဲနေလိမ့်မည်ဟူသော စိုးရိမ်မှုက ကွမ်တာအား ခြောက်လှန့်သည်။ 'မနေ့က သခင် သူ့ညီဆီသွားသေးတယ်'ဟု ပြောသည်။ အမှန်တော့ ဘဲလ်သိပြီးသားကိစ္စဖြစ်၏။

'ဟုတ်တယ်၊ သခင်က ဟိုကလေးမလေးကိုချစ်နေတယ်'ဟု ဘဲလ်က အလိုက်သင့် ပြန်ပြောသည်။

'သခင့်ရဲ့ညီအကြောင်းကို ရှင်ဘယ်လောက်အထိ သိထားသလဲဆိုတာ ကျွန်မကတော့ မသိပါဘူး။ ကျွန်မကတော့ ကိုယ့်ကိုယ်ကို တခြားလူတွေထက် ပိုပြီးသိတယ်လို့ ထင်တယ်။ ရှင်သိသင့်တယ်လို့ထင်တာတွေ ကျွန်မ ပြောပြချင်တယ်။ ရှင်ထွက်ပြေးတော့ ခွေးတွေနဲ့လိုက်ဖမ်းတယ်မဟုတ်လား။ အဲဒါ သူက ငှားပြီးလွှတ်တာ။ လိုက်ဖမ်းတဲ့လူတွေက ပြောတယ်။ ရှင်က သူ့တို့ထဲကတစ်ယောက်ကို သတ်မယ်လုပ်လို့ ခြေထောက်ဖြတ်ပစ်တာတဲ့။ ကျွန်မ မှတ်မိသေးတယ်။ အဲဒီနေ့က ပုလိပ်အရာရှိ ဘရော့ခ်ဆိုတဲ့ လူကြီး သခင့်ဆီကို ရောက်လာတယ်'

ဘဲလ် စကားကိုဖြတ်ကာ ကွမ်တာ၏မျက်နှာကို လှမ်းကြည့်သည်။

'ရှင်က သေလုမျောပါးဖြစ်နေပြီလို့ သခင်ကပြောပြတယ်။ သူ့ညီ ဂျွန်ဝေါလားက ခြေတစ်ဖက်မရှိတဲ့ကျွန်ဟာ သူ့အတွက် အသုံးမဝင်တော့ဘူးလို့ပြောတော့သခင်က အရမ်းစိတ်ဆိုးသွားတယ်။ မင့်ဆီက ငါဝယ်မယ်လို့ပြောပြီး ဝယ်ခဲ့တာပဲ'

ကွမ်တာက စိတ်ဝင်တစားနားထောင်လျက်ရှိသည်။ ထိုအခိုက်မှာပင် ဘဲလ်က ဆက်မသွားတော့ဘဲ ရပ်လိုက်သည်။

မြန်မာ စာအုပ်များ

'ကျွန်မတို့ပြန်ကြမှပဲ။ ညဥ့်နက်သွားရင် မနက်ကျ အိပ်ရာထနောက်ကျနေလိမ့်မယ်'

သူတို့သည် နောက်သို့ပြန်လှည့်လာကြသည်။ ကွမ်တာကတော့ စကားတစ်ခွန်းမျှ မပြော။ သူ့စိတ်ထဲရှိသမျှကို ထုတ်ဖော်ပြောလိမ့်မည်မဟုတ်ဟုလည်း ဘဲလ်က နားလည်နေသည်။ ထို့ကြောင့်လည်း သူကပင် စကားကို အဆက်မပြတ်ပြောလာသည်။ တဲရှေ့သို့ပြန်ရောက်သောအခါ ဘဲလ်က ကွမ်တာနှင့်မျက်နှာချင်းဆိုင်လိုက်သည်။ ကွမ်တာသည် ဘဲလ်၏မျက်နှာကို အချိန်အတော်ကြာမျှ ငေးကြည့်နေသည်။

'ညဥ့်နက်သွားပြီ၊ မနက်ကျမှတွေ့တာပေါ့'ဟု ကွမ်တာက ပြောသည်။ ဘဲလ်သည် ကွမ်တာထွက်သွားရာသို့ လှမ်းကြည့်နေသည်။

ထိုနေ့မှစ၍ ကွမ်တာသည် ဘဲလ်၏မီးဖိုချောင်တွင် အနေများလာသည်။ သို့သော်လည်း ဒိုင်ခံစကားပြောသူမှာ ဘဲလ်။ တစ်ရက်တွင်မူ 'သခင်က သူ အိမ်ထောင်ထပ်မပြုဖြစ်ရင် သူ့ကျွန်တွေကို သူ့တူမ မစ္စအင်နီရဲ့လက်ထဲ လွှဲပေးခဲ့မယ်လို့ သိရတယ်'ဟု ဘဲလ်ကပြောသည်။

'ဒါပေမဲ့ မိန်းမထပ်ယူဖြစ်ရင်တော့ သူ့ကျွန်တွေကို သူ့မိန်းမပဲရမှာပေါ့။ ဒီအနီးအနားတစ်ဝိုက်မှာရှိနေတဲ့ မိန်းမတွေကတော့ သခင့်ကို ဆွဲချင်နေကြတာပဲ။ ဒါပေမဲ့ ကြည့်ရတာကတော့ သခင့်အနေနဲ့ မိန်းမထပ်ယူမယ့်သဘောမရှိဘူး'

ဘဲလ်က စကားမဆက်သေးဘဲ ခဏမျှရပ်နေသည်။

'သူလည်း ကျွန်မလိုပဲပေါ့လေ'

ကွမ်တာသည် လက်ထဲမှခက်ရင်း လွတ်ကျတော့မလိုဖြစ်သွားသည်။ ဘဲလ်နှင့်ပတ်သက်၍ သူကြားခဲ့ရသမျှအားလုံးသည် အမှန်တွေချည်းဖြစ်လိမ့်မည်ဟု သူတွက်ထားခဲ့၏။ ဘဲလ်တွင် အရင်က အိမ်ထောင်ရှိခဲ့ဖူးသည် ဆိုပါမူကား။ သူယူမည့်မိန်းမသည် အပျိုတော့ဖြစ်သင့်သည်ဟုထင်၏။ ကွမ်တာသည် ချက်ချင်းပင် မီးဖိုချောင်ထဲမှ ထွက်လာခဲ့သည်။ ဤကိစ္စကိုတော့ သူအပင်ပန်းခံ၍စဉ်းစားမှ ဖြစ်ပေတော့မည်။

သီတင်းပတ်နှစ်ပတ်မျှ ကွမ်တာဘက်မှ ငြိမ်သွားသည်။ ထို့နောက် ဘဲလ်က ကွမ်တာအား သူ့တဲသို့ ညစာစားဖိတ်သည်။ ကွမ်တာ ဘာပြန်ပြောရမှန်းမသိ။ သူသည် လူစိမ်းမိန်းမတစ်ယောက်နှင့် တဲတစ်တဲတွင် နှစ်ယောက်တည်းနေခဲ့ဖူးသူမဟုတ်။ ဖြစ်မှဖြစ်ပါ့မလား။ သူ ချီတုံချတုံဖြစ်နေခိုက်မှာပင် ဘဲလ်က ဘယ်အချိန်လာမလဲဟု မေးသဖြင့် အလိုက်သင့် ပြန်ဖြေလိုက်လေ၏။

သူသည် အဝတ်ကြမ်းတစ်ထည်နှင့် ဆပ်ပြာတစ်ခဲကိုသုံးကာ ခြေဆုံး ခေါင်းဆုံး ရေပတ်တိုက်သည်။ တစ်ကြိမ်တည်းမဟုတ်။ သုံးကြိမ်တိတိတိုက်ခြင်းဖြစ်၏။ ထို့နောက် တစ်ကိုယ်လုံး ခြောက်သွေ့သွားအောင် အဝတ်ဖြင့်သုတ်ပြီး အဝတ်အစားလဲသည်။ အမှတ်တမဲ့နှင့် သီချင်းတစ်ပုဒ်ကိုပင် ဆိုမိသည်။

မြန်မာ စာအုပ်များ

'မန်ဒန်ဘီရေ၊
လှလိုက်ပါတဲ့ မင့်ရဲ့လည်ပင်းရှည်ရှည်'

ဘဲလ်၏လည်ပင်းသည် မရှည်။ ဘဲလ်သည် လှလည်းမလှ။ သို့သော်လည်း သူ့အနီး၌ ဘဲလ်ရှိနေလျှင် စိတ်ချမ်းသာသည်။ ဒါတစ်ခုကိုတော့ သူ ဝန်ခံရလိမ့်မည်။ ဘဲလ်ကလည်း သူ့လိုပင်ခံစားနေရသည်ကို သူသိနေသည်။

ကျွန်များ၏ တဲများထဲတွင် ဘဲလ်၏တဲသည်အကြီးဆုံး၊ အိမ်မကြီးနှင့်လည်း အနီးဆုံး။ တဲရှေ့တွင် ပန်းခင်းကလေးတစ်ခင်းလည်းရှိသည်။ ကွမ်တာထင်ထားသည့်အတိုင်း တဲအတွင်းအပြင် သန့်ရှင်းစင်ကြယ်လှ၏။ သူ့တဲသည် တခြားတဲတွေလို အိပ်ခန်းတစ်ခန်း၊ ပြတင်းတစ်ပေါက်တည်း တဲမျိုးမဟုတ်။ အိပ်ခန်းနှစ်ခန်း၊ ပြတင်းနှစ်ပေါက်ရှိသည်။ ခန်းဆီးများတပ်ထားသည်။ မိုးရွာလျှင် သို့မဟုတ် အေးလာလျှင် ခန်းဆီးများကို ချနိုင်သည်။ လိုက်ကာတစ်ခု တပ်ထားသော နောက်ဘက်ကအခန်းသည် ဘဲလ်အိပ်သည့်အခန်း။ ကွမ်တာသည် ထိုအခန်းတံခါးဆီသို့ ရဲရဲမကြည့်ဝံ့။ အခန်းအလယ်ရှိ စားပွဲပေါ်တွင် ဓားများ၊ ဇွန်းများနှင့် ခက်ရင်းများ။ အားလုံးကိုစု၍ ဖန်ပုလင်းတစ်လုံးနှင့် ထည့်ထားသည်။ အခြားတစ်လုံးတွင်မူ ပန်းလှလှကလေးများ ထိုးထားသည်။ စင်ကလေးနှစ်ခုပေါ်တွင် စိုက်ထားသည့် ဖယောင်းတိုင်မီးရောင်သည် တလက်လက်။ စားပွဲထိပ် တစ်ဖက်တစ်ချက်တွင် ကြိမ်ကုလားထိုင်တစ်လုံးစီ ချထားသည်။

ဘဲလ်က သူ့အား မီးဖိုအနီး၌ချထားသည့် လှုပ်ကုလားထိုင်တွင် ထိုင်ခိုင်းသည်။ ယခင်က တစ်ကြိမ်မျှ မထိုင်ခဲ့ဖူးသော ကုလားထိုင်မျိုးဖြစ်၍ ကွမ်တာ သတိကြီးစွာထား၍ ဝင်ထိုင်သည်။

'ကျွန်မအလုပ်များနေလို့ မီးဖိုတောင် မီးညှိဖို့မေ့နေတယ်'ဟု ဘဲလ်ကပြောသည်။ ကွမ်တာက ကုလားထိုင်မှ ကသောကမျောထကာ မီးဖိုကို မီးတို့ပေးသည်။

'ဘယ်လိုဖြစ်ပြီး ရှင့်ကိုဖိတ်မိမှန်းတောင်မသိဘူး။ အခုထက်ထိလည်း ရှင့်ကိုကျွေးဖို့ ဘာတစ်ခုမှ အဆင်သင့်မဖြစ်သေးဘူး'

ဘဲလ်က ဟင်းအိုးများကို ကောက်ယူရင်း ပြောသည်။

'ရပါတယ်ဖြည်းဖြည်းပေါ့'ဟု ကွမ်တာကပြန်ပြောသည်။ မီးဖိုပေါ်မှ ကြက်သားဟင်းအိုးသည် ပွက်ပွက်ဆူလာ၏။ နောက်တစ်ခဏမျှအကြာတွင် ဘဲလ်က သူ့အား ညစာကျွေးသည်။ စားသောက်ပြီး၍ မိနစ်အနည်းငယ်ကြာမျှ စကားပြောအပြီးတွင် ကွမ်တာ ပြန်သည်။ ဘဲလ်က တံခါးဝအထိလိုက်ပို့သည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေသော်လည်း စကားတော့ တစ်ခွန်းမျှမပြောဖြစ်ကြ။

မြန်မာ စာအုပ်များ

ယခင်ကနှင့်စာလျှင် ကွမ်တာသည် ပေါ့ပါးသွက်လက်လာသည်။ ပျော်ပျော်ရွှင်ရွှင် နေတတ်လာသည်။ ကွမ်တာသည် ဘဲလ်၏မီးဖိုချောင်ထဲ၌ ရယ်လိုက် မောလိုက်နှင့် အုမြူးလျက်ရှိသည်ဟူသော စကားကိုပင် အများကပြောလာကြသည်။ ဘဲလ်ကလည်း သူ့အား တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် ညစာ ဖိတ်ကျွေးသည်။ ကွမ်တာပြော်ပြသဖြင့် ဂမ်ဘီယာနိုင်ငံမှ စားလေ့ရှိသော ဟင်းလျာများကိုပင် ချက်ကျွေးသည်။ မည်သို့ပင်ဖြစ်စေ စကားပြောပြီဆိုလျှင်တော့ ဘဲလ်ကသာပြောရသည်။

ဘဲလ်သည် မကြာခဏ တယောဆရာနှင့် အဘိုးအိုတို့အတွက် အစားအစာ ချက်ပြုတ်ပြီး ကွမ်တာမှတစ်ဆင့် ပေးတတ်သည်။ ကွမ်တာကလည်း သွားပို့ပေးသည်။ သူတို့အားလုံး ဆုံမိကြသည့်အခါ ကွမ်တာကလည်း ဘဲလ်အကြောင်း စကားမစပ်။ သူတို့ကလည်း ဘဲလ်အကြောင်းမမေး။ သို့သော်လည်း သူတို့ မျက်နှာထားများက ကွမ်တာနှင့် ဘဲလ်တို့အကြောင်း သိပါသည်ဟု ဖော်ပြနေကြသည်။

ကွမ်တာအနေဖြင့် ဘဲလ်နှင့် အရေးကြီးသော ပြဿနာများဆွေးနွေးချင်သည်။ အထူးသဖြင့် ညှော်ခန်းနံရံ၌ ချိတ်ထားသည့် 'သခင်ယေရှု'၏ပုံတော်ကိစ္စ။ တစ်ရက်တွင် ကွမ်တာက ဤကိစ္စကို မေးမြန်းသည်။

'လူတိုင်းဦးတည်နေတာက ကောင်းကင်ဘုံနဲ့ ငရဲပြည်ပဲ။ ရှင်ဘယ်နေရာကို ရောက်ချင်သလဲ။ နေရာရွေးတာကျတော့ ရှင့်အလုပ်၊ ရှင့်နဲ့ပဲဆိုင်တယ်'

ဘဲလ်က ဤမျှသာပြောသည်။

ယုံကြည်မှုမတူညီစေကာမူ ဘဲလ်သည် သူ့အပေါ် အလွန်ကောင်းရှာသူဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဘဲလ်အတွက် လက်ဆောင်တစ်ခု လုပ်ပေးချင်သည်။ တစ်ရက်တွင် သူ့သခင်ဝေါလာအား မစ္စအင်နီထံလိုက်ပို့ရာမှ လမ်းဘေးတစ်နေရာတွင် ကျူပင်များကို တွေ့သည်။ အခါအခွင့်သင့်သည့် တစ်နေ့တွင် သူသည် ကောင်းပေ့ဆိုသည့် ကျူပင်များကို ခုတ်ယူလာခဲ့သည်။ ထို့နောက် ဖျာကလေးတစ်ချပ် ရက်သည်။ လှလိုက်သည့်ဖျာ။ နောက်တစ်ကြိမ် ညစာသွားစားသည့်အခါ ကွမ်တာက ထိုဖျာကလေးကို ဘဲလ်အား ပေးသည်။ ဘဲလ်သည် ဖျာကိုကြည့်ပြီး 'ဒီဖျာပေါ် ဘယ်သူမှ ခြေထောက်နဲ့ နင်းလို့မဖြစ်ဘူး'ဟုပြောကာ သူ့အိပ်ခန်းအတွင်းသို့ ဝင်သွားသည်။ ပြန်ထွက်လာသည့်အခါ သူ့လက်များကို နောက်တွင်ပစ်ထားသည်။

'ရှင့်ကို ခရစ္စမတ်လက်ဆောင်ပေးမယ်လို့ စိတ်ကူးထားတာ။ ဒါပေမဲ့ အခုပဲ ပေးလိုက်တော့မယ်။ ခရစ္စမတ်အတွက် နောက်တစ်ခု ထပ်လုပ်ပေးမယ်'ဟု ပြောသည်။

သိုးမွေးခြေအိတ်တစ်စုံဖြစ်၏။ သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။ ထူးဆန်းသောခံစားမှုတစ်ခုသည် ကွမ်တာ့ရင်ထဲသို့ဝင်လာသည်။ ဘဲလ်၏လက်တစ်ဖက်သည် ကွမ်တာ၏လက်ကို လာ၍ဆုပ်ကိုင်သည်။ ပြီးတော့

မြန်မာ စာအုပ်များ

ဖယောင်းတိုင်မီးများကို ပါးစပ်နှင့်မှုတ်၍ ငြိမ်းပစ်လိုက်သည်။ ကွမ်တာ၏အဖြစ်သည် အရှိန်ပြင်းစွာ စီးဆင်းလျက်ရှိသော စမ်းချောင်းတစ်ခုအတွင်း၌ မျောပါသွားနေသည့် သစ်ရွက်ကလေးတစ်ရွက်နှင့်တူနေသည်။ သူသည် ခန်းဆီးချထားသည့် တံခါးနောက်သို့ ရောက်သွားသည်။ ထို့နောက် အိပ်ရာပေါ်တွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက်။ ဘဲလ်၏လက်များက သူ့အား လာ၍ဖက်သည်။ သူ့ဘဝသက်တမ်း သုံးဆယ့်ကိုးနှစ်မျှ ကာလအတွင်း ပထမဦးဆုံးအကြိမ် မိန်းမတစ်ယောက်အား သူ့လက်နှစ်ဖက်ဖြင့် ပွေ့ပိုက်ခွင့်ရခြင်းပေတည်း။

[၆၅]

'ကျွန်မကပြောပြတော့ သခင်က မယုံသလိုဖြစ်နေတယ်'ဟု ဘဲလ်က ကွမ်တာအား ပြောသည်။

'ဒါပေမဲ့ သူကပြောတယ်။ ဒီကိစ္စကို နှစ်ယောက်စလုံး အချိန်ယူပြီး စဉ်းစားကြဦးတဲ့။ ယေရှုသခင်ရဲ့ အလိုတော်အရဆိုရင် လက်ထပ်ထိမ်းမြားခြင်းဟာ မြင့်မြတ်တဲ့ အလုပ်တစ်ခုပဲတဲ့'

မည်သို့ပင်ဖြစ်စေ ဤကိစ္စနှင့်ပတ်သက်၍ သခင်ဝေါလားသည် ကွမ်တာအား မေးလားမြန်းလားမလုပ်။ တစ်ညတွင် ဘဲလ်သည် ကွမ်တာ၏တဲသို့ အမောတကော ရောက်လာပြီး သတင်းပို့သည်။

'ကျွန်မတို့နှစ်ယောက်စလုံးစဉ်းစားပြီးပြီ။ ကျွန်မတို့ကတော့ လက်ထပ်ချင်တာပဲလို့ သခင့်ကို ကျွန်မ ပြောပြတယ်။ အဲဒီတော့ သူက ဒါဆိုလည်း လက်ထပ်ကြပေါ့ . . .တဲ့'

သတင်းသည် ကျွန်အိမ်တန်းတစ်လျှောက် အလွန်လျင်မြန်စွာ ပျံ့နှံ့သွားသည်။ တွေ့သည့်လူတိုင်းက သူ့အား ဝမ်းသာစကားပြောပြောနေကြသဖြင့် ကွမ်တာမှာ များစွာ စိတ်အနှောင့်အယှက်ဖြစ်ရ၏။ ဒီကြားတဲ ဘဲလ်ကိုယ်တိုင်ကလည်း ထိုသတင်းကို လူတိုင်းအား ထုတ်ဖော်အသိပေးလေ့ရှိသည်။ ဦးလေးဖြစ်သူ ဝေါလားထံ လာလည်သည့် မစ္စအင်နီသည်ပင်လျှင် ထိုအကြောင်းကို သိသွားခဲ့လေရာ 'ဘဲလ် လက်ထပ်တော့မယ်၊ ဘဲလ်လက်ထပ်တော့မယ်'ဟု အော်လေ့ရှိ၏။ အင်နီအော်တိုင်း ကွမ်တာမှာ လည်ချောင်းတစ်ခုလုံး တစ်ဆို့ဆို့ဖြစ်ကာ အနေရအထိုင်ရခက်နေတတ်သည်။ အမှန်တော့မန်ဒင်ကာ လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ မွေးဖွားပြီးသည့်နောက် ဒုတိယအရေးကြီးဆုံးကိစ္စမှာ လက်ထပ်ထိမ်းမြားခြင်းဖြစ်၏။ ထို့ကြောင့်လည်း ဤမင်္ဂလာပွဲအတွက် ဝမ်းသာဖို့သာ ရှိ၏။ သို့ပါလျက် မင်္ဂလာဆောင်ကြတော့မည်ဟူသော သတင်းစကားကို ပြောလိုက်တိုင်း စိတ်မချမ်းမြေ့သလိုဖြစ်ရခြင်းသည် မသင့်တော်ဟု ကွမ်တာထင်၏။

စိတ်ကူးချိုချို

ဘဲလ်သည် သူ့နည်းသူ့ဟန်ဖြင့် မင်္ဂလာပွဲကိစ္စကိုစီစဉ်သည်။ ခရစ္စမတ်မတိုင်မီ တနင်္ဂနွေနေ့တစ်နေ့တွင် ကွမ်တာအား အလုပ်မှအနားပေးရန် သူ့သခင်ထံ ခွင့်ပန်သည်။ မင်္ဂလာပွဲ တက်ရောက်ရန်အတွက် ကျွန်အားလုံးကို အနားပေးဖို့လည်း ခွင့်တောင်းသည်။ 'ရှင်က အိမ်ကြီးထဲမှာလက်ထပ်ဖို့ သဘောကျမှာမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်'ဟု ဘဲလ်က ပြောသည်။

'ကျွန်မ ခွင့်တောင်းရင်တော့ သခင်က ခွင့်ပြုမှာပါ။ ဒါပေမဲ့ စိတ်ထဲကတော့ ကြိုက်ချင်မှကြိုက်မယ်'

ထို့ကြောင့် ဘဲလ်က သူတို့၏ လက်ထပ်ပွဲကို အိမ်ကြီး၏ ရှေ့မျက်နှာစာရှိဘဲဉပုံ ပန်းဥယျာဉ်အတွင်း၌ ကျင်းပရန် စီစဉ်သည်။

မင်္ဂလာပွဲနေ့တွင် ကျွန်အိမ်တန်းမှလူများသည် ကောင်းပေ့ဆိုသည့် ဝတ်စုံများ ဝတ်၍ လူကုန်လာရောက်ကြသည်။ သူတို့၏တစ်ဖက်တွင် သခင်ဝေါလားသည် သူ့ တူမ အင်နီ၊ အင်နီ၏မိဘများနှင့်အတူ နေရပ်နေကြသည်။ ကွမ်တာ့အဖို့ကတော့ ဤလက်ထပ်ပွဲတစ်ခုလုံး၏ အဓိကအကျဆုံးလူမှာ ဂါနာသားဖြစ်သည်။ ထိုလူသည် သူ့အတွက် အရေးကြီးဆုံး ညှိသည်တော်ဖြစ်၏။ ဂါနာသားက ကွမ်တာ့မင်္ဂလာပွဲသို့ တက်ရောက်ရန် အင်းဖီးလ်ခြံကြီးမှနေ၍ မြင်းစီးကာ တပင်တပန်းလာသည်။ ဘဲလ်နှင့် လက်တွဲကာ စုံတွဲလျှောက်လာသော ကွမ်တာသည် ပန်းခြံ၏အလယ်၌ ရပ်မိသည်နှင့်တစ်ပြိုင်နက် သူ့မိတ်ဆွေ ဂါနာသား ကွာကွာဗုံတီးသမားဘက်သို့ လှည့်ကြည့်သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အတော်ကြာကြာ စိုက်ကြည့်နေကြသည်။ ထို့နောက် ဘဲလ်၏မိတ်ဆွေ ခဝါသည်မကြီး အန့်တီဆုကေးသည် အခမ်းအနားစရန် ကွမ်တာတို့စုံတွဲရှေ့၌ လာရပ်သည်။ ရှေးဦးစွာ ညှိုပရိသတ်အားလုံး တစ်ယောက်နှင့်တစ်ယောက် ကပ်၍ရပ်ကြရန် မေတ္တာရပ်ခံပြီး အခမ်းအနားဖွင့်စကားကို ပြောသည်။

'အခုအချိန်ကစပြီး ကျွန်မက ဒီမင်္ဂလာပွဲ တက်လာတဲ့လူတိုင်းကို မေတ္တာရပ်ပါတယ်။ ဘုရားသခင်က မကြာခင် ချီးမြှင့်မယ့် ဒီစုံတွဲ အတူတကွ ပေါင်းသင်းနေထိုင်ရေးအတွက် ဆုတောင်းမင်္ဂလာပြုပေးကြပါ'

အန့်တီဆုကေးသည် နှုတ်တွန့်လျက်ရှိသည်။

'ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ကွဲကွာသွားအောင် တစ်ယောက်တစ်နေရာစီ အရောင်းခံရတဲ့အဖြစ်မျိုး မကြုံကြပါစေနဲ့လို့လည်း ဆုတောင်းပေးကြပါ။ သူတို့ နှစ်ယောက် ကျန်းမာချမ်းသာစွာနဲ့ ပေါင်းသင်းနေထိုင်နိုင်ကြပါစေလို့လည်း ဆုတောင်း ပေးကြပါ'

ထို့နောက် အလွန်ကြွေကြီးသောမျက်နှာထားဖြင့် အန်တီဆုကေးက တံမြက်စည်းရိုးတစ်ချောင်းကို ကွမ်တာနှင့်ဘဲလ်တို့ရှေ့ရှိ မြက်ခင်းပေါ်သို့ ချလိုက်သည်။ ပြီးတော့ သူတို့စုံတွဲ လက်မောင်းချင်းချိတ်ကြရန် လက်ဟန်ခြေဟန်ပြ၍ခိုင်းသည်။

ဝမ်းနည်းကြေကွဲစိတ်ကြောင့် ကွမ်တာ၏ရင်သည် တင်းကျပ်လျက်ရှိ၏။ သူ့စိတ်အာရုံတွင် ဂျပ်ဖူရီရွာမှ လက်ထပ်မင်္ဂလာပွဲများသည် ထင်ဟပ်နေကြသည်။ ကခုန်နေကြသူများ၊ သီချင်းဆိုနေကြသူများနှင့် ဆုတောင်းပွဲပြုလုပ်နေကြသူများ၊ ပြီးတော့ အနီးအနားရွာမှ သိကြားအောင် သတင်းပေးပို့ကြသည့် ဗုံတီးသံများ။

အတွေးရေယဉ်ကြော မျောပါနေသည့် ကွမ်တာ့နားထဲသို့ အန်တီဆုကေး၏ မေးနေသံ ဝင်လာသည်။

'မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လက်ထပ်ချင်ကြတာ အမှန်ပဲလား:'

ကွမ်တာ၏ဘေးမှ ဘဲလ်က လေအေးကလေးဖြင့် အဖြေပေးသည်။

'မှန်ပါတယ်'

အန်တီဆုကေးက ကွမ်တာအားလှမ်းကြည့်သည်။ ဘဲလ်က သူ့လက်ကို တအားညှစ်၍ သတိပေးသည်။ သူ့နှုတ်မှ 'မှန်ပါတယ်'ဟူသော စကားလုံးများ ခက်ခက်ခဲခဲထွက်လာသည်။ ထို့နောက် အန်တီဆုကေး၏အသံ။

'ဒါဆိုရင် သခင်ယေရှုရဲ့ အလိုတော်အရ မင်းတို့နှစ်ယောက် အကြင်လင်မယားဖြစ်ကြပြီ'

ကွမ်တာနှင့် ဘဲလ်တို့သည် နှစ်ယောက်အတူ လက်တွဲ၍ တံမြက်စည်းရိုးကို ခုန်ကျော်လိုက်ကြသည်။ ကွမ်တာကတော့ သူလုပ်လိုက်ရသည့်အလုပ်ကို ရယ်စရာကောင်းသည်ဟု ထင်သည်။ သို့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ ဘဲလ်က သူ့အား ကြိုတင်သတိပေးထားခဲ့ပြီးဖြစ်၏။ လက်ထပ်သူနှစ်ဦးအနက် တစ်ဦးဦး၏ ခြေထောက်က တံမြက်စည်းရိုးကို ထိမိခဲ့သည်ရှိသော် ကံဆိုးတတ်ရုံမျှမက ထိမိသူသည် အရင်ဆုံးသေတတ်သည်ဟု ဘဲလ်တို့က ယုံကြည်နေကြသည်မဟုတ်ပါလား။ ကွမ်တာနှင့် ဘဲလ်တို့ တံမြက်စည်းကိုမထိဘဲ အခြားတစ်ဖက်သို့ လွတ်လွတ်ကျွတ်ကျွတ်ရောက်သွားသည့်အခါ ဘေးမှ စိတ်ဝင်တစားကြည့်နေသော ပရိသတ်က လက်ခုပ်တီး၍ သြဘာပေးကြသည်။ ပရိသတ်ငြိမ်သွားသည့်အခါ အန်တီဆုကေးက 'အခုအချိန်ကစပြီး မင်းတို့နှစ်ယောက် တစ်ဦးအပေါ်တစ်ဦး သစ္စာရှိကြပါ'ဟု ပြောသည်။ ထို့နောက် သခင်ဝေါလားဘက်လှည့်၍ 'ဒီမင်္ဂလာပွဲအတွက် သခင် စကားနည်းနည်းပါးပါးပြောဖို့ ရှိပါသေးသလား:'ဟု မေးသည်။

မြန်မာ စာအုပ်များ

သခင်ဝေါလားသည် စကားပြောချင်ပုံမရ။ သို့သော်လည်း သူသည် ရှေ့သို့တိုးလာပြီး အေးဆေးစွာဖြင့်ပြောသည်။

'ကွမ်တာဟာ မိန်းမကောင်းပီသတဲ့ ဘဲလ်ကိုရတယ်။ ဘဲလ်ကလည်း ယောကျ်ားကောင်းတစ်ယောက်ဖြစ်တဲ့ ကွမ်တာကို ရတယ်။ တို့မိသားစုက သူတို့ဇနီးမောင်နှံကံကောင်းကြပါစေလို့ ဆုတောင်းပါတယ်'

အန်တီဆုကေးနှင့် ဧည့်ပရိသတ်သည် ဘဲလ်ချက်ပြုတ်ထားသည့် အစားအစာများကို တပျော်တပါး စားကြသည်။ သခင်ဝေါလားက လက်ဆောင်အဖြစ် ပို့လိုက်သော ဘရန်ဒီနှင့် ဝိုင်များကို သောက်ကြသည်။ တယောဆရာ၏လက်သံသည် မြိုင်ဆိုင်လှ၏။ အားလုံး ကကြ ခုန်ကြ သီချင်းဆိုကြ။ ကွမ်တာသည် ဖန်ခွက်ထဲသို့ ဝိုင်များ ထပ်တလဲလဲ ထည့်ပြီး သောက်နေသည့် တဲလ်ကိုမြင်သောအခါ စိတ်ပျက်လာသည်။ ဘဲလ်က မူးမူးရူးရူးနှင့် သူ့သူငယ်ချင်းမ မင်ဒီအား 'ငါ သူ့ကိုမျက်စိကျနေတာ ဆယ်နှစ်ဆယ်မိုးရှိသွားပြီ။ အခုမှပဲ ငါ့လက်ထဲရောက်တယ်'ဟု ပြောသံကြားလိုက်ရသည့်အခါ ကွမ်တာ တုန်လှုပ်သွားသည်။ ထို့နောက် ဘဲလ်သည် ဒယီးဒယိုင်ဖြင့် သူ့အပါးသို့ရောက်လာသည်။ လက်နှစ်ဖက်ဖြင့် ကွမ်တာ၏လည်ပင်းကိုသိမ်းဖက်ကာ နှုတ်ခမ်းကိုစုပ်သည်။ လူအများရှေ့တွင် နမ်းခြင်းပြု၍ ကွမ်တာမှာ များစွာ အနေရ အထိုင်ရခက်သည်။ လူတွေကလည်း လှောင်ကြပြောင်ကြသရော်ကြသည်။ အသံသေး အသကြောင်များဖြင့် အော်ဟစ်ကြသည်။ နောက်ဆုံးတွင် ဧည့်သည်များ တစ်ယောက်ပြီးတစ်ယောက် ပြန်ကုန်ကြသဖြင့် ပန်းခြံထဲတွင် သူတို့နှစ်ယောက်တည်း ကျန်ခဲ့သည်။ ဘဲလ်သည် လေးကွက်သိုင်းနင်း၍ သူ့ထံသို့ လျှောက်လာပြီး အာလေးလျှာလေးဖြင့် စကားတစ်ခွန်းပြောသည်။

'အာ...ခု ချင့်မှာ နွားမတစ်ကောင်...ဝယ်ပြီးပြီ။ နွားနို့ကို ချင် တောက်...ချင်တလောက် တောက်လို့ရပြီ'

ဘဲလ်ပါးစပ်မှ ထိုစကားကြားသောအခါ ကွမ်တာသည် အကြီးအကျယ် ထိတ်လန့်တကြား ဖြစ်ရပြန်၏။

မည်သို့ပင်ဖြစ်စေ မကြာခင်မှာပင် ကွမ်တာသည် ဘဲလ်၏အကြောင်းကို ပို၍သိလာရသည်။ ဘဲလ်သည် အလွန်ကျမ်းမာသန်စွမ်းသော မိန်းမတစ်ယောက်ဖြစ်၏။ မိခင်ကောင်းဖြစ်မည့် လက္ခဏာများကို တွေ့ရသဖြင့် များစွာအားရကျေနပ်မိသည်။

ဘဲလ်နှင့် အတူတူနေလာခဲ့ရသည့်အချိန်မှစ၍ ကွမ်တာ၏ဘဝသည် သာယာစိုပြည်လာသည်။ ကောက်ရိုးဖျာပေါ် အိပ်နေရာမှ ဝါးဂွမ်းမွေ့ရာနှင့် အိပ်လာရသည်။ သန့်ရှင်းစင်ကြယ်စွာ လျှော်ဖွပ်ပြီး မီးပူတိုက်ပေးထားသည့် ရှပ်အင်္ကျီနှင့် ဘောင်းဘီများကို ဝတ်လာရသည်။ တစ်ဝက်ပြတ်နေသည့် ခြေတစ်ဖက်အတွက် သွားလိုလာလို့ သက်သောင့်သက်သာဖြစ်စေသည့် ခြေအိတ်များကို သုံးလာရသည်။

မြန်မာ စာအုပ်များ

ဟိုတုန်းကတော့ သခင်ဝေါလားနှင့်အတူ ခရီးထွက်သွားပြီး ပြန်ရောက်လာသည့်အခါ အေးစက်နေသောညစာကို စား၍ ကြမ်းတမ်းသော အိပ်ရာပေါ်သို့ အမောတကော လှဲရသည်။ အခုတော့ ဘယ်အချိန်ပြန်ရောက်ရောက် ပူနွေးသောအစားအစာကို စားရသည်။ ဘဲလ်သည် တဲ၏အတွင်းအပြင်ကို ထုံးဖြူများသုတ်ထားသည်။ အမြဲတစေသန့်စင်နေအောင် မနားမနေသုတ်သင်ရှင်းလင်း ခင်းကျင်းပြင်ဆင်ထားသည်။ ဤတဲသည် သူတို့တဲဟူသော ခံစားမှုသည် သူ့ရင်ထဲသို့ အမြဲတစေဝင်သည်။ ဘဲလ် လုပ်ထားကိုင်ထားသမျှသည် ကျေနပ်စရာ နှစ်သက်စရာချည်း ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းအတွက်လည်း ကွမ်တာသည် သူ့ကိုယ်သူ အံ့သြမိ၏။ လွန်ခဲ့သော လအနည်းငယ်ခန့်ဘဝနှင့် ယခုဘဝသည် မယုံကြည်နိုင်လောက်အောင် ခြားနားနေပေသည်။

[၄၄]

ကွမ်တာနှင့်ဘဲလ်တို့သည် အနေနီးစပ်လာကြပြီးဖြစ်သော်လည်း စိတ်ချင်းကတော့ အလှမ်းဝေးသလိုဖြစ်နေသည်။ ဘဲလ်သည် သူ့အပေါ်၌ အကြွင်းမဲ့ ယုံကြည်စိတ်ချသည့် သဘောမရှိသေးဟု ကွမ်တာ သံသယဖြစ်နေမိ၏။ တစ်ခါတစ်ရံ ဘဲလ်သည် မီးဖိုချောင်ထဲ၌ဖြစ်စေ၊ တဲထဲ၌ဖြစ်စေ သူ့အား စကားပြောနေသည့်အခါ တစ်စုံတစ်ခုပြောတော့မည်ဟု တာစူပြီးခါမှ ရုတ်တရက် အခြားအကြောင်းအရာတစ်ခုကို ပြောင်း၍ပြောသွားတတ်သည်။ ဤအဖြစ်ကိုရိပ်မိသော ကွမ်တာသည် ဒေါသဖြစ်မိ၏။ သို့သော်လည်း သူ့ဒေါသကို ဘဲလ်မရိပ်မိအောင် ဖုံးထားသည်။

ကွမ်တာ့အနေဖြင့် တယောဆရာနှင့် အဘိုးအိုထံမှ ဘဲလ်ပြောပြထားသည့် အကြောင်းများကို တစ်ကြိမ်မကကြားခဲ့ရပြီးပြီ။ အချို့အကြောင်းအရာများမှာ လျှို့ဝှက်ထားအပ်သောကိစ္စများဖြစ်၏။ ဤကိစ္စများကို သူတို့ထံမှတစ်ဆင့် သိခြင်းအတွက် သူစိတ်မဆိုး။ သို့သော်လည်း ခင်ပွန်းဖြစ်သူ မိမိအား မပြောဘဲနေသည့်အတွက်မူ စိတ်ထဲက နာကျင်မိ၏။

ဤသို့ဖြင့် ကွမ်တာသည် သူ့သခင်နှင့်သွားပြီး ပြန်လာသည့်အခါတိုင်း မြို့ပေါ်မှ ကြားခဲ့ရသည့် သတင်းများကို ဘဲလ်အား မပြောဘဲ ရေငုံနှုတ်ပိတ်လုပ်လာခဲ့သည်။ ကွမ်တာ၏အပြုအမူကို သတိထားမိလာသော ဘဲလ်က သူ၏ မကျေနပ်မှုကို ရင်ဖွင့်သည်။ ထိုအခါ ကွမ်တာက ဘဲလ်သင်ခန်းစာရလောက်ပြီဟု ယူဆသည်။ ဤသို့ဖြင့် တစ်ရက်တွင် ကွမ်တာသည် သူ့သခင်က မိတ်ဆွေတစ်ယောက်အား ပြောပြနေသည့် သတင်းတစ်ခုကို ဘဲလ်အား ဖောက်သည်ချသည်။ ထိုသတင်းမှာ သူ့သခင် နယူးအော်လီသတင်းစာထဲမှ ဖတ်ခဲ့ရသော ဆောင်းပါးသတင်းဖြစ်၏။ ဘင်ဂျာမင်းရပ်ရှ်

မြန်မာ စာအုပ်များ

အမည်ရ လူဖြူဆရာဝန်တစ်ဦးသည် ဂျိမ်းဒါဟမ်အမည်ရှိ လူမည်းကျွန်တစ်ယောက်အား သူ၏ ဆေးဝါးလုပ်ငန်း၌ နှစ်ပေါင်းများစွာ ခိုင်းစေထားခဲ့ကြောင်း၊ နောက်ဆုံး လူမည်းသည် သူ့ဘာသာသူ ဆေးကုသနိုင်လောက်အောင် ကျွမ်းကျင်လာသဖြင့် ကျွန်ဘဝမှ လွတ်ခွင့်ပေးလိုက်ကြောင်းဟူသော သတင်း ဖြစ်၏။

'ဟုတ်တယ်၊ ကျွန်လူမည်းကိုယ်တိုင် ဆရာဝန်ဖြစ်သွားပြီး သူက သူ့သခင်ဆရာဝန်ထက် နာမည်ကျော်ကြားသွားတဲ့ ဆရာဝန်မဟုတ်လား'ဟု ဘဲလ်ကမေးသည်။

'မင်းက ဘယ်လိုသိတာလဲ၊ သခင်တောင် သတင်းစာထဲကဖတ်ရတာ မကြာသေးဘူးလို့ ပြောတယ်။ မင်း သိအောင် ဘယ်သူက လာပြောသွားလို့လဲ' ဟု ကွမ်တာက ပြန်မေးသည်။

'အို...ကျွန်မလည်း ကိုယ့်နည်းနဲ့ကိုယ်သိတာပေါ့'ဟု ဘဲလ်က ပြန်ပြောကာ စကားလမ်းကြောင်းကို ချက်ချင်းပြောင်းသည်။

ထိုအချိန်မှစ၍ ကွမ်တာသည် ဘဲလ်အား နောက်ထပ် ဘာသတင်းမှ မပြောတော့။ တစ်ခုသော တနင်္ဂနွေနေ့ည ညစာစားအပြီးတွင် ဘဲလ်သည် ကွမ်တာ၏ပခုံးထက်သို့ လက်လာတင်ပြီး 'ရှင့်ကို ကျွန်မ ပြောစရာစကားတစ်ခုရှိနေတယ်'ဟု အေးအေးဆေးဆေး ပြောသည်။ အိပ်ခန်းထဲရောက်အခါ ဘဲလ်သည် သူ့အိပ်ရာအောက်၌ ဝှက်ထားသည့် 'ဗာဂျီးနီးယားဂေဇက်သတင်းစာ' အဟောင်းတစ်စောင် ထုတ်ယူကာ တစ်ရွက်ချင်းစီ လှန်လှောက်နေသည်။ ဘဲလ်၏မျက်နှာတွင် လျှို့ဝှက်သောအရိပ်အငွေ့ ယှက်သန်းနေသည်ကို သတိထားမိနေသော ကွမ်တာသည် ဘဲလ်ပြောမည့်စကားအပေါ်တွင် များစွာ စိတ်ဝင်စားနေမိ၏။

'ကျွန်မ စာနည်းနည်းပါးပါးဖတ်တတ်တယ်'ဟု ဘဲလ်ကပြောသည်။

'အဲဒါကို သခင်သာသိသွားရင် ကျွန်မကို ရောင်းပစ်မှာသေချာတယ်'

ကွမ်တာက ဘာထင်မြင်ချက်မှမပေး။

'ကျွန်မကို စာသင်ပေးကြတာက လူဖြူသခင်နဲ့ သားသမီးတွေပေါ့။ သူတို့က ဆရာလုပ်တမ်းကစားရင်း သင်ပေးတာ။ သူတို့ကတော့ ကျောင်းတက်ကြရတယ် မဟုတ်လား'

ဘဲလ်သည် သတင်းစာပေါ် လက်ညှိုးနှင့်ထောက်ကာ စာတစ်လုံးစီ ပေါင်း၍ ဖတ်သည်။

သူတို့က အခွန်ကောက်တဲ့ ဥပဒေသစ်တစ်ခုလုပ်တယ်လို့ရေးထားတယ်။ နောက်တစ်ခုက အင်္ဂလန်က နီဂရိုးတချို့ အာဖရိကပြန်ပို့တယ်တဲ့။ အဲဒီသတင်းကို ရှင် နောက်ထပ် သိချင်သေးလားမေးသည်။ ကွမ်တာက ခေါင်းညိတ်သည်။ ဘဲလ်သည် သတင်းစာကို အတော်ကြာမျှစိုက်ကြည့်နေသည်။

မြန်မာ စာအုပ်များ

'နီဂရိုးတချို့ကို အာဖရိက ဆီးရီးယားလေယွန်ဘက်ပို့ပြီး မြေတွေဝေပေးတယ်။ အဲဒီမှာရှိတဲ့ ဘုရင့်ဆီက အင်္ဂလိပ်က မြေဝယ်ပြီး ဝေပေးတာတဲ့။ ထောက်ပံ့ကြေးငွေလည်း ပေးတယ်တဲ့'

နောက်ဆုံးတွင် ဘဲလ်သည် သတင်းစာဖတ်လိုက်ရသဖြင့် ပင်ပန်းသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချကာ သတင်းစာကို ဘေးနား၌ ချထားလိုက်သည်။ 'ကျွန်မ ရှင်ပြောပြတဲ့ ဆရာဝန်အကြောင်းကိုသိတာ ဒီနည်းပဲ။ ကျွန်မတို့သခင် သိသလို သတင်းစာက တစ်ဆင့် သိတာ'ဟု ပြောသည်။

ယခုကဲ့သို့ သခင်၏သတင်းစာများအား တိတ်တဆိတ်ခိုးဖတ်နေသည်ကို သခင် မိသွားမှာ မကြောက်ဘူးလားဟု ကွမ်တာက မေးသည်။

'သိပ်သတိထားရတယ်။ တစ်ကြိမ်မှာ ကျွန်မလေ ကြောက်လိုက်တာ သေမတတ်ဘဲ။ ကျွန်မ ဧည့်ခန်းထဲမှာ ရှင်းလင်းနေတုန်း သခင်ဝေါလား ဝင်လာတယ်။ သူ ရောက်လာတဲ့အချိန်မှာ ကျွန်မက သူ့စာအုပ်တွေထဲက တစ်အုပ်ကို ကြည့်နေတုန်းပေါ့။ သခင်က ကျွန်မကို အကြာကြီးစိုက်ကြည့်နေတယ်။ ဘာမှတော့မပြောဘူး။ အခန်းထဲက ပြန်ထွက်သွားတယ်။ နောက်ရက်ကစပြီး သူ့စာအုပ်ကို သော့ခတ်လိုက်တယ်'

ဘဲလ်သည် သတင်းစာကို အိပ်ရာအောက် ပြန်သွင်းပြီး တစ်ခဏမျှ ငြိမ်နေသည်။ သူ့ရင်ထဲ၌ ပြောစရာရှိသေးသည်ကို ကွမ်တာရိပ်မိသည်။ အိပ်ရာဝင်ချိန် ရောက်သောအခါ ဘဲလ်သည် စားပွဲ၌ ရုတ်တရက်ထိုင်ချလိုက်ပြီး ခါးစည်း အဝတ်အိတ်ကပ်ထဲမှ ခဲတံတစ်ချောင်းထုတ်သည်။ စာရွက်တစ်ရွက်ကိုချ၍ စာရေးသည်။

'ဒါဟာ ဘာလဲသိလား'ဟု ကွမ်တာအား လှမ်းမေးပြီး သူကပင် ဖြေသည်။

'ဒါ...ကျွန်မနာမည် ဘီ-အီး-အယ်လ်-အယ်လ် ဘဲလ်'

ကွမ်တာက စာလုံးများကို ငေးကြည့်နေသည်။ ဘဲလ်က နောက်ထပ် စာလုံး တချို့ ရေးပြန်သည်။

'ဒီမှာမြင်လား၊ ဒါက ရှင့်နာမည်၊ ကေ-ယူ-အင်န် တီ-အေ ကွမ်တာ'

ကွမ်တာသည် စာရွက်ပေါ်သို့ငုံ့၍ အနီးကပ်ကြည့်မိသည်။ ထို့နောက် ဘဲလ်က စာရွက်ကို လုံးချေပြီး မီးဖိုထဲပစ်ထည့်လိုက်ပြီး 'စာရေးထားတဲ့စာရွက်ကို မိသွားလို့ မဖြစ်ဘူး'ဟု ပြောသည်။

ဘဲလ်သည် သူ့စာဖတ်တတ် ရေးတတ်ခြင်းကို အလွန်ဂုဏ်ယူနေပုံပေါ်၏။ ဘဝင် မြင့်ပုံလည်းရ၏။ ဤခြံမြေများပေါ်၌မွေးလာကြသော လူမည်းများသည် သူတို့သခင် လူဖြူများကဲ့သို့ အာဖရိကမှရောက်လာသော လူမည်းများအား သစ်ပင်ပေါ်မှဆင်းလာသော မျောက်များဟု ထင်ဟန်ရှိ၏။ ဤအထင်မျိုးပျောက်သွားစေရန် သူ တစ်ခုခုတော့ လုပ်မည်ဟု ဆုံးဖြတ်သည်။

စိတ်ကူးချိုချို

တစ်ညတွင် သူသည် အမှတ်တမဲ့ ပြုနေသည့်အနေဖြင့် တဲအတွင်းရှိ မီးဖိုထဲမှ ပြာများကို မီးဖိုပေါ်တွင် ထုထုခင်းသည်။ ထို့နောက် အိတ်ကပ်ထဲမှ တုတ်တစ်ချောင်း ထုတ်၍ အာရပ်ဘာသာစကားဖြင့် သူ့နာမည်ကိုရေးသည်။ ဘဲလ်သည် သူလုပ်ကိုင်နေသမျှကို အထူးအဆန်းတစ်ခုသဖွယ် ဘေးမှထိုင်ကြည့်နေသည်။

'အဲဒါဘာလဲ'ဟု ဘဲလ်က မေးသည်။ ကွမ်တာက ရှင်းပြသည်။ သူသည် ပြာများကို ပြန်စုကာ မီးဖိုထဲသို့ ပစ်ထည့်လိုက်ပြီး လှုပ်ကုလားထိုင်တွင် ဝင်ထိုင်သည်။ ဘဲလ်ထံမှ သူ စာဘယ်လိုသင်ခဲ့ရသလဲဟူသော အမေးကို စောင့်မျှော်နေသည်။ သူ အချိန်ကြာကြာမစောင့်လိုက်ရ။ ဘဲလ်က မေးလာသည်နှင့် တစ်ပြိုင်နက် သူသည် သူ့ရွာမှ ကလေးသူငယ်များ မည်ကဲ့သို့ စာပေညာသင်ကြားရသည်ကို အသေးစိတ် ပြောပြသည်။ စာအကြောင်း၊ ဆရာအကြောင်း၊ ဘာသာအကြောင်း အားလုံးအသေးစိတ် ရှင်းပြခြင်းဖြစ်၏။

ဘဲလ်သည် စားပွဲကို လက်ချောင်းဖြင့်ခေါက်ကာ 'စားပွဲ'ကို ရှင်တို့ အာဖရိက စကားနဲ့ ဘယ်လိုခေါ်သလဲဟု မေးသည်။

မန်ဒင်ကာဘာသာစကားကို မပြောခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း သူမမေ့။ 'မိဆို'ဟု သူ့နှုတ်မှထွက်သွားသည်။

ဘဲလ်က ကုလားထိုင်ကို လက်ညှိုးထိုးပြပြီး 'အဲဒါကျတော့ကော'ဟု မေးပြန်သည်။ 'စီရန်ဂိုး'ဟု ကွမ်တာက ဖြေသည်။ ဝမ်းသာအာရဖြစ်နေသော ကွမ်တာသည် ထိုင်ရာမှ ဖျတ်ခနဲထကာ တဲအတွင်း လျှောက်သွားပြီး အရာဝတ္ထုများကို လက်ညှိုးထိုးသည်။

မီးဖိုပေါ်မှအိုးကို 'ကာလီရီ'ဟု ပြောသည်။ ဖယောင်းတိုင်ကို 'ကန်ဒီအို'ဟု ဆိုသည်။ ဘဲလ်က သူ့နောက်မှ တကောက်ကောက်လိုက်သည်။ ကွမ်တာက လက်ဆွဲခြင်းကို ညွှန်ပြပြီး 'ဆင်ဆင်ဂိုး'ဟုဆိုသည်။ အိပ်ခန်းထဲဝင်သွားပြီး အိပ်ရာကို 'လာရန်းဂိုး'ဟု ဆိုသည်။ ခေါင်းအုံးကို 'ကွမ်လာရန်း'ဟုဆိုသည်။ ပြတင်းပေါက်ကို 'ဂျာနီရမ်းဂိုး'၊ ခေါင်မိုးကို 'ကန်ကာရန်းဂိုး'ဟု ပြောသည်။

ကွမ်တာသည် သူ့ဇာတိမြေအပေါ် မည်မျှလေးစားချစ်ခင်သည်ကို ဘဲလ် နားလည်လာသည်။

'အခု ငါတို့ခေါင်းတွေကို 'ကွမ်လာရန်း'တွေပေါ်ချဖို့ အချိန်ကျပြီ'ဟု ကွမ်တာက အိပ်ရာအစွန်းတွင် ဝင်ထိုက်လိုက်ပြီးပြောကာ အဝတ်အစားများ ချွတ်နေသည်။ ဘဲလ်က မျက်ခုံးများတွန့်ကာ ကွမ်တာအားကြည့်သည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး သူ့လက်နှစ်ဖက်ဖြင့် ကွမ်တာ၏လည်ပင်းကို ဖက်လိုက်လေသည်။

မြန်မာ စာအုပ်များ

[၆၇]

ကွမ်တာသည် ယခုအချိန်ထိ တယောဆရာနှင့် အဘိုးအိုတို့ထံ အလည်သွား၍စကား စမြည်ပြောရခြင်းကို သဘောကျဆဲပင်ဖြစ်သည်။ သို့တစေလည်း လူပျိုဘဝတုန်းက လောက် မလွတ်လပ်သဖြင့် သူတို့နှစ်ဦးထံ ယခင်ကလောက်တော့မရောက်။ တကယ် တော့လည်း သူသည် ရသမျှအချိန်ပိုများကို ဘဲလ်နှင့်သာ ဖြုန်းနေရသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ယခင်ကနှင့်စာလျှင် တယောဆရာနှင့် အဘိုးအိုတို့သည် သူ့ အား ပို၍ခင်မင်ရင်းနှီးလာဟန်ရှိသည်ကို ကွမ်တာ သတိထားမိသည်။ ဘဲလ်အား လက်ထပ်ယူလိုက်ခြင်းကြောင့် သူ့အား သူတို့လူမျိုးစုထဲမှ တစ်ယောက်ဟု အသိအမှတ် ပြုလာကြပုံပေါ်သည်ဟု သူထင်သည်။ အတူတူနေလာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ရာ ယခင်ကနှင့်စာလျှင် သူတို့သည် သူ့အပေါ်၌ ပိုမိုယုံကြည်စိတ်ချ လာကြသည်မှာ အမှန်ပင်ဖြစ်၏။

'တူတို့ ကြောက်နေကြတယ်ကွ'

တစ်ညတွင် တယောဆရာက စကားစသည်။

'တူတို့လူဖြူတွေက တန်းခေါင်စာရင်းထဲမှာ လူဖြူဘယ်နှယောက်၊ လူမည်း ဘယ်နှယောက် ရှိတယ်လို့ တွက်နေတာ ကြောက်လို့ပေါ့ကွ။ သူတို့က နောက်ထပ် နီဂရိုးကျွန်တွေ များများခေါ်လာရမှာလည်း ကြောက်ကြမှာပဲ'

ထိုအခါ ကွမ်တာက ဘဲလ်ပြောပြသည့် သတင်းတစ်ခုကို ဖောက်သည်ချသည်။ ဗာဂျီးနီးယားပြည်နယ်အတွင်း၌ လူမည်းများထက် လူဖြူများက ထောင်ဂဏန်းလောက် သာ ပိုကြောင်း ဂဇက်တီးယားသတင်းစာထဲ၌ ဘဲလ်ဖတ်ခဲ့ရသည်ဟု သူက ပြော သည်။ ထိုစာရင်းမှာ ယခုကောက်ထားသည့် သန်းခေါင်စာရင်းအရ ဖော်ပြသည့်စာရင်း ဖြစ်သည်ဟု သိရကြောင်းလည်း ပြောပြသည်။

'လူဖြူတွေက ငါတို့ကျွန်တွေထက် လွတ်လပ်တဲ့နီဂရိုးတွေကို ပိုကြောက်တာ ကွ' ဟု အဘိုးအိုက ဝင်ပြောသည်။

'ဗာဂျီးနီးယားပြည်နယ်ထဲမှာ လွတ်လပ်တဲ့နီဂရိုးပေါင်း ခြောက်ထောင်လောက် ရှိနေတယ်လို့ ကျုပ်ကြားဖူးတယ်'ဟု တယောဆရာကပြောသည်။

'နီဂရိုးကျွန်တွေ ဘယ်လောက်ရှိနေတယ်ဆိုတာတော့ မတိဘူး။ ဒါပေမဲ့ နီဂရိုး တွေ အများကြီးရှိနေတာက ဒီပြည်နယ်တစ်ခုတည်းမကဘူး။ မြေဩဇာကောင်းတဲ့ မြေတွေပေါ်တဲ့ ပြည်နယ်တိုင်းမှာ လူမည်းကျွန်တွေ အများကြီးရှိနေတာ သေချာတယ်။ ထွက်သမျှ တီးနံ့တွေကို ရေကြောင်းက တသော်ာတွေ လှေတွေနဲ့ ဈေးတွေအထိ ပို့ ပေးနိုင်လို့ အဲဒီပြည်နယ်တွေဟာ ချမ်းတာကြတယ်'

မြန်မာ စာအုပ်များ

'အေးကွ၊ ဟုတ်တယ်၊ ငါလည်းကြားဖူးတယ်။ လူဖြူတစ်ယောက်မှာ နီဂရိုး နှစ်ယောက်နှုန်းလောက် ရှိတယ်တဲ့'ဟု အဘိုးအိုက ဝင်ပြောသည်။

'အဲဒါက ဟို လူဝိစီယားနားပြည်နယ် မြစ်ဝကျွန်းပေါ်ဒေသမှာရှိတာ။ တူတို့ ကြိုက်တဲ့ဒေသပေါ့ကွာ။ ပြီးတော့ စပါးစိုက်တဲ့ အလာဘားမားပြည်နယ်၊ တောင်ကာရိုလိုင်းနားပြည်နယ်နဲ့ ဂျော်ဂျီယာပြည်နယ်တွေမှာလည်း လူမည်းတွေ များတာပဲ။ နယ်ပေါင်းစုံကရောက်လာတဲ့ လူမည်းတွေလို့ပြောတယ်။ ဘယ်လောက်များတယ်ဆိုတာကတော့ ဘယ်သူကမှ ရေတွက်မထားလို့ မသိကြဘူးကွ'

'တချို့ ယာတောကြီးတွေက တိတ်ပြီး ကျယ်လည်းကျယ် ကြီးလည်းကြီးတယ်။ ပိုင်ချင်တဋ္ဌေးကြီးတွေက ယာတောမှာမနေဘူး။ မြို့ပေါ်တက်နေကြတယ်။ လူမည်းကျွန်တွေကိုခိုင်းဖို့ တူတို့တပည့် အလုပ်ကြပ်တွေနဲ့ လွှဲထားတာတဲ့။ ပိုင်ချင်တွေက ချေ့နေကြီးတွေ၊ နိုင်ငံရေးတမားကြီးတွေ၊ ကုန်တည်ကြီးတွေ လုပ်နေကြတာမို့ ယာတောမှာမနေကြဘူးတဲ့။ နွေရာသီ ပျော်ပွဲစားထွက်တဲ့အခါ၊ ခရစ္စမတ်ပွဲလုပ်တဲ့အခါကျမှအလည်လာတယ်လို့ ပြောတယ်'

'မင်းတို့သိကြရဲ့လား၊ မြို့ကြီးတွေမှာနေတဲ့ လူဖြူတွေက ကျွန်စနစ်ကို မကြိုက်ကြဘူး။ ဝေဖန်ကြတယ်တဲ့'ဟု အဘိုးအိုက ပြန်ပြောသည်။

'တချို့လူဖြူတွေက ကျွန်စနစ်ကို ဖျက်ပစ်ချင်ကြတယ်လို့ ပြောနေကြတာပါပဲဗျာ။ ဒါပေမဲ့ အလကားပါ။ ကျုပ်တို့ ဗာဂျီးနီးယားနယ်မှာ ဒီစကားပြောနေတာဆယ်နှစ်လောက် ချိနေပြီ။ အခုထက်ထိ ကျွန်တွေ ချိနေတာပဲ။ နောက်ထပ်လည်းနီဂရိုးကျွန်တွေ အများကြီးရောက်လာနေတာပဲ'ဟု တယောဆရာက ပြောသည်။

'ဒီနီဂရိုးတွေကို ဘယ်ကခေါ်လာကြတာလဲဗျ'ဟု ကွမ်တာက မေးသည်။

'ကျုပ်ကို တချို့ မြင်းရထားသမားတွေကပြောတယ်။ လူမည်းမျက်နှာကို မမြင်ဘူးတဲ့နယ်တွေ ရှိသေးတယ်တဲ့။ အဲဒါကောဟုတ်ရဲ့လား'

'သိပ်ဟုတ်တာပေါ့ကွာ၊ ဒီနိုင်ငံထဲမှာ ယာလုပ်ငန်းကြီးတွေမရှိတဲ့နယ်တွေ အများကြီးရှိတယ်ကွ။ အဲဒီနယ်တွေထဲမှာ နီဂရိုးတွေဘယ်ရှိပါ့မလဲ'ဟု အဘိုးအိုက ဖြေသည်။

'ကျောက်စရစ်ခဲတွေထူတဲ့ ယာတောသေးသေးတွေသာရှိတဲ့ နယ်တွေကျတော့ မြေက တစ်ဧကမှ ဆင့်ငါးဆယ်ပဲပေးရတယ်။ အဲဒီနယ်တွေကျတော့ နီဂရိုးကျွန် ရှိရင်လည်း လက်တစ်ဆုပ်စာလောက်ပဲရှိတာပေါ့'

'ငါကြားဖူးတဲ့ နေရာတစ်နေရာချိတယ်။ အဲဒီမှာ နီဂရိုးတွေအများကြီး ချိတယ်တဲ့။ ဝက်အင်ဒိစ်လို့ခေါ်တယ်ကွာ၊ မင်းတိလား'ဟု တယောဆရာက ကွမ်တာအား လှည့်မေးသည်။

မြန်မာ စာအုပ်များ

'ဘယ်နေရာမှာ ချီတာကော မင်းတီလား။ မင်းလာသလိုပဲ ရေပြင်ကျယ်ကြီးကို တဘော်ာနဲ့ဖြတ်သွားမှ ရောက်တယ်လေကွာ။ တီလား'

ကွမ်တာက ခေါင်းယမ်းသည်။

'အေး...အဲဒီမှာ နီဂရိုးတွေ ထောင်နဲ့ချီပြီးချီတယ်။ လူဖြူတွေ မွေးထားတာဗဲ့ကွ။ အာဖရိကန်နီဂရိုးတွေကိုလည်း တဘော်ာနဲ့ တယ်လာတယ်တဲ့။ အဲဒီကမှ ဒီကို တယ်-တယ်လာတယ်တဲ့။ ဈေးကောင်းကောင်းနဲ့ရောင်းတာလို့ ငါကြားဖူးတာပဲ'

တယောဆရာနှင့် အဘိုးအိုတို့သည် သူတို့မမြင်ဖူးသည့်အရာဝတ္ထုများနှင့် သူတို့မရောက်ဖူးသည့် အရပ်ဒေသများအကြောင်းကို ဘာ့ကြောင့် ဤမျှလောက် သိကြသနည်း။ သူတို့သည် ဗာဂျီးနီးယားနှင့် မြောက်ကာရိုလိုင်းနားပြည်နယ် အပြင်ဘက်ကို ခြေတစ်လှမ်းပင် မထွက်ခဲ့ဖူးပါဟု သူ့အား မကြာခဏပြောခဲ့ဖူး၏။ အမှန်အတိုင်းဆိုပါက သူကပင် သူတို့ထက်ပို၍ ခရီးဝေးဝေးသွားခဲ့ဖူးသူဖြစ်၏။ အာဖကရိကမှ ဤနိုင်ငံအထိ လာခဲ့ဖူးရုံမျှမက ယခုမြင်းရထားသမားဘဝရောက်ခါမှ သူ့သခင်နှင့်အတူ နေရာအနှံ့အပြားသို့ သွားလာခဲ့ရဖူးသည်မဟုတ်ပါလော။ သို့တစေလည်း သူတို့က သူထက်ပိုသိနေကြ၏။ ဘယ်လိုနည်းနှင့် သိကြသနည်း။

တကယ်တော့ ကွမ်တာသည် ဘာမျှသိနားလည်သူမဟုတ်။ နလပိန်းတုံး တစ်ယောက် ဖြစ်၏။ တယောဆရာတို့၏ ကူညီမှုကြောင့်သာ ဤမျှလောက် အသိကလေး ရှိလာခြင်းဖြစ်၏။ ဤအသိုင်းအဝိုင်း၌ အနေကြာသည့်အခါ ကွမ်တာသည် ကျန်နီဂရိုးကျွန်များ၏ အခြေအနေကိုလည်း သိလာခဲ့၏။ ကျန်လူစုသည် သူ့လောက်ပင်မသိကြသည်ကို နားလည်လာခဲ့သည်။ လူမည်းအများစုသည် သူတို့ဘယ်နေရာ၌ ရောက်နေကြသည်ကိုပင် မသိကြ။

ဤအကြောင်းကို ကွမ်တာက ဘဲလ်အား ပြောပြသည့်အခါ ဘဲလ်က...

'ဗာဂျီးနီးယားမှာရှိတဲ့ နီဂရိုးတစ်ဝက်လောက်ဟာ သူတို့သခင်တွေရဲ့ ယာတောအပြင်ဘက်ကို တစ်လက်မတောင် ထွက်ဖူးကြတာမဟုတ်ဘူး။ ပြီးတော့ ရစ်ချ်မွန်မြို့နဲ့ ဖရက်ဒရစ်ဘတ်မြို့နာမည်တွေကလွဲပြီး တခြားနာမည်တွေကို ကြားတောင် ကြားဖူးကြတာမဟုတ်ဘူး။ လူဖြူတွေကလည်း နီဂရိုးတွေကို အသိဉာဏ်မရှိအောင် လုပ်ထားကြတာ။ အသိဉာဏ်ဗဟုသုတရှိလာရင် သူတို့ကို ပြန်ပြီးတော်လှန်မှာ ကြောက်ကြတယ်'

ဤစကားမျိုးနှင့် ဤအမြင်မျိုး ဘဲလ်၏ပါးစပ်မှ ထွက်လာသောအခါ ကွမ်တာသည် မအံ့သြဘဲမနေနိုင်။ ထိုအခိုက်မှာပင် ဘဲလ်ထံမှ မေးခွန်းတစ်ခု ထွက်လာသည်။

'ရှင်ကော နောက်တစ်ကြိမ် ပြေးခွင့်ရရင် ပြေးဦးမယ်လို့ စိတ်ကူးထားတယ် မဟုတ်လား'

ဤမေးခွန်းကြောင့် ကွမ်တာသည် တိုး၍အံ့အားသင့်ကာ ကြက်သေသေနေသည်။ အချိန်အတော်ကြီးကြာမှ အဖြေပေးသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'အင်း... အဲဒါကို ငါမတွေးမိတာတောင် အတော်ကြာသွားပြီ'

'ကျွန်မတော့ တခြားလူတွေ မတွေးတဲ့ဟာတွေကို တွေးတွေးလာတာ ကြာလှပြီ'ဟု ဘဲလ်က ပြောသည်။

'တစ်ခါတလေဆိုရင် ကျွန်မ ကျွန်ဘဝကလွတ်မြောက်ပြီး မြောက်ပိုင်းဒေသဘက် ထွက်သွားတယ်လို့တောင် ကိုယ့်ဘာသာကိုယ် တွေးမိတယ်'

ဘဲလ်က ကွမ်တာအား စူးစူးစိုက်စိုက်ကြည့်နေသည်။ 'ကျွန်မကတော့ အခုဒီနေရာက လွတ်မြောက်မယ်ဆိုရင် ဒီညထွက်သွားဖို့အဆင်သင့်ပဲ။ ကျွန်မအနေနဲ့ အသက်ကြီးလာပြီး ဘာမှမလုပ်ရဲတဲ့ဘဝကိုရောက်မှာ ကြောက်တယ်'

ဘဲလ်၏နောက်ဆုံးစကားသည် ကွမ်တာအဖို့ လက်သီးနှင့်အထိုးခံလိုက်ရသည့်နှယ် ခံစားရသည်။ ဘဲလ်သည် သူ့အတွေးကို ရိပ်စားနားလည်သွားလေသလား။ သူသည် နောက်တစ်ကြိမ်ထွက်ပြေးဖို့ အသက်သိပ်ကြီးသွားပြီဟု သူ့ကိုယ်သူ ထင်နေမိ၏။ ကြောက်စိတ်ပင်ဝင်နေခဲ့ပြီဖြစ်၏။ အတိတ်က ရင်ဆိုင်ခဲ့ရသည့် ကြောက်မက်ဖွယ်နေ့များကို သူမမေ့သေး။ ကွဲအက်ပွန်းပဲ့နေသော ခြေထောက်များ၊ ပေါက်ထွက်လုမတတ် ခံစားနေရသည့် အဆုတ်များ၊ သွေးများ ယိုစီးကျနေသည့် လက်များ၊ သူ့ကိုယ်တွင် စူးနေသည့် ဆူးများ၊ အမဲလိုက်ခွေးဟောင်သံဟိန်းသံများ၊ မာန်ဖီနေသည့်ပါးစပ်များ၊ သေနတ်သံများ၊ ကြာပွတ်ရိုက်ချက်များ၊ ပြီးတော့ ခြေထောက်ပေါ် ကျလာသည့် ပုဆိန်ချက်။ အားလုံးသည် တစ်ခုပြီးတစ်ခု သူ့စိတ်အာရုံ၌ ထင်လာသည်။ ကွမ်တာသည် စိတ်ဓာတ်အကြီးအကျယ်ကျသွားသည်။

တကယ်တော့ ဘဲလ်သည် သူ့အား ယခုလိုဖြစ်သွားစေလိုသော စေတနာဖြင့် ပြောခြင်းမဟုတ်သည်ကို သူသိပါ၏။ ဤကိစ္စကို ဆက်ပြောနေလျှင် အခြေအနေ ပို၍ဆိုးဝါးအောင်လုပ်သလိုဖြစ်တော့မည်ကို ရိပ်မိသွားသော ဘဲလ်သည် ထိုင်ရာမှထကာ အိပ်ရာဝင်သွားသည်။

နောက်ဆုံးတွင် ဘဲလ်တစ်ယောက် သူ့အနား၌မရှိတော့သည်ကို သတိထားမိသည်။ သူသည် ဘဲလ်နှင့် အခြားလူမည်းများအပေါ်၌ များစွာအထင်အမြင်သေးခဲ့မိ၏။ ဤအတွက် ယူကျုံးမရဖြစ်သောစိတ်သည် သူ့ရင်ကို ပြင်းစွာရိုက်ခတ်သည်။

ဤလူစုသည် သူတို့ ရင်းနှီးခင်မင်သူများမှတစ်ပါး အခြားလူများအား သူတို့၏ခံစားမှုကို မဖော်ပြကြသော်လည်း မတရားသဖြင့် ဖိနှိပ်ချုပ်ချယ်မှုကို မုန်းတီးရွံရှာသောစိတ်ရှိနေကြကြောင်း သူ ကောင်းစွာနားလည်ခဲ့ရလေပြီ။ ဤအထင်အမြင်သေးမှုအတွက် သူမည်မျှစိတ်ထိခိုက်ရသည်ကို ဘဲလ်အား ပြောပြလိုစိတ် ပြင်းစွာဖြစ်ပေါ်မိသည်။ ဘဲလ်၏စိတ်ထိခိုက်မှုအတွက် သူမည်မျှခံစားနေရသည်၊ ဘဲလ်က သူ့အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာအတွက် သူမည်မျှကျေးဇူးတင်သည်၊ သူတို့နှစ်ယောက်

မြန်မာ့စာအုပ်များ

ကြားရှိ သံယောဇဉ်ကြိုးနှင့်ပတ်သက်၍ သူ့ဘက်မှ မည်မျှနိုင်မာလာသည် စသော ခံစားမှုများကို ပြောပြချင်စိတ်လည်း အပြင်းအထန်ဖြစ်ပေါ်လာသည်။ သူသည်ငြိမ်ငြိမ် ဆိတ်ဆိတ်ပင် အိပ်ခန်းတွင်းသို့ဝင်ခဲ့ပြီး အဝတ်များကိုချွတ်သည်။ ခုတင်ပေါ်သို့တက် ကာ ဘဲလ်အား တယုတယပွေ့ဖက်ထားသည်။ ဘဲလ်ကလည်း သူ့အား တယုတယ ပြန်၍ပွေ့ဖက်သည်။ နှစ်ဦးစလုံး ပြင်းထန်သောချစ်စိတ်ဖြင့် အပြန်အလှန် ပွေ့ဖက်ထားမိ ကြသည်။

[၆၈]

ထို့နောက် သီတင်းပတ်ပေါင်းများစွာ ကုန်လွန်သွားခဲ့သည်။ ဤအတောအတွင်း ဘဲလ်သည် စကားအလွန်နည်းသွားသည်ဟု ကွမ်တာထင်မိ၏။ သို့သော်လည်း စိတ် ဆိုးခြင်း၊ စိတ်ညှိုးငယ်ခြင်းများကိုမတွေ့ရ။ တစ်ခါတစ်ရံ သူ့အား ကြည့်နေပုံသည် ထူးဆန်းသလိုဖြစ်နေသည်။ သူက ပြန်၍စိုက်ကြည့်လိုက်သည့်အခါတွင်မှ ဘဲလ်သည် သက်ပြင်းချတတ်၏။ တစ်ခါတစ်ရံကျတော့လည်း ဘဲလ်သည် သူ၏ လှုပ်ကုလားထိုင် ပေါ်၌ ထိုင်ကာ တစ်ကိုယ်တည်းပြုံးနေတတ်သည်။ တစ်ခါတစ်ရံတွင်မူ သီချင်းတအေး အေးနှင့် နေတတ်သည်။ ထို့နောက် တစ်ညတွင် အိပ်ရာပေါ်ရောက်၍ ဖယောင်းတိုင် မီးများကို မှုတ်ပြီးသည်နှင့် ဘဲလ်က ကွမ်တာ၏လက်တစ်ဖက်ကို ဆွဲယူကာ သူ့ဗိုက် ပေါ် တင်ထားသည်။ ဗိုက်ထဲမှ တစ်စုံတစ်ခုလှုပ်ရှားနေသည်ကို သူ့လက်က ခံစား သိရှိနေရ၏။ ကွမ်တာသည် ဝမ်းသာအားရ ခုန်၍ထလိုက်မိ၏။

နောက်ရက်များတွင် ကွမ်တာသည် မြင်းရထားမောင်းနေရသော်လည်း သူ ဘယ် သွား၍ ဘယ်ရောက်နေမှန်းမသိ။ သူ့စိတ်ကူးနှင့်သူ အရူးအမူးဖြစ်လျက်ရှိသည်။ သူ့ စိတ်အာရုံတွင် သားဦးယောကျ်ားကလေးအား ကျောပိုး၍ စပါးခင်းဆီသို့ သွားနေသော ဘဲလ်ကိုသာ မြင်ယောင်နေသည်။ သူသည် သူ့မိသားစုတွင် သားဦးဖြစ်ခဲ့သဖြင့် သူ့ ဖခင် အိုမိုရိုနှင့် မိခင် ဘင်တာတို့အတွက် အလွန်ထူးခြားသော သားတစ်ယောက်ဖြစ်ခဲ့ သည်။ တကယ်တော့ သားဦးဖြစ်ဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ အကယ်၍ ဘဲလ် မွေးသောကလေးသည် သားဦးဖြစ်ခဲ့ပါမူ သူ့အနေဖြင့် ပေါ့ပေါ့တန်တန် သဘောထား ၍မဖြစ်။ ဂျပ်ဖူရီရွာတွင် လေ့ကျင့်သင်ပေးကြသလို ယောကျ်ားကောင်းတစ်ယောက် ဖြစ်အောင် လေ့ကျင့်သင်ကြားပေးဖို့ မိမိ၌တာဝန်ရှိသည်။ သားတစ်ယောက်အတွက် ဖခင်သည် သစ်ပင်ကြီးသဖွယ် မားမားမတ်မတ်ရပ်တည်ပေးဖို့လိုအပ်သည် မဟုတ်လော။ သမီးမိန်းကလေးများ မွေးလာလို့ကတော့ သိပ်ပြီးအရေးကြီးသည်မဟုတ်။ အချိန်တန် အရွယ်ရောက်လာလျှင် ယောကျ်ားယူပြီး မိဘနှင့်ဝေးရာသို့ ထွက်ခွာသွားကြစမြဲ။

မြန်မာ စာအုပ်များ

ဘာပဲဖြစ်ဖြစ် သမီး၏ကိစ္စအဝဝသည် မိခင်၏တာဝန်သာဖြစ်သည်။ ယောကျ်ားလေး ကျတော့ မိသားစု၏မျိုးရိုးဇာတိနှင့် ကျော်ကြားမှုများကို ထိန်းသိမ်းရမည့်သူဖြစ်သည်။ ထို့ပြင်လည်း မိခင်နှင့် ဖခင်တို့ အိုမင်းမစွမ်းရှိလာသည့်အခါ သားကောင်းတို့မည်သည် မိဘနှစ်ပါးစလုံးအား လုပ်ကျွေးပြုစုရသည် မဟုတ်ပါလော။

ဘဲလ် ကိုယ်ဝန်ရှိလာသည့်အတွက် ကွမ်တာ၏စိတ်သည် အာဖရိကသို့ ပို၍ ရောက်သည်။ ဂါနာသားနှင့်တွေ့စဉ်ကထက်ပင် အာဖရိကကို သတိရမိ၏။ တစ်ညတွင် သူသည် တဲထဲ၌ သူနှင့်အတူ ဘဲလ်ရှိနေသည်ကိုပင် သတိမရနိုင်ဘဲ သူမှန်မှန်စုထားခဲ့သည့် ကျောက်စရစ်ခဲများကို စိတ်ရှည်လက်ရှည် ရေတွက်နေသည်။ သူ၏ဇာတိမြေကို သူ မမြင်မတွေ့ရသည်မှာ မိုးရာသီပေါင်း ၂၂မိုးခွဲပင် ရှိနေပြီကို သိရှိလာသောအခါ များစွာအံ့အားသင့်နေမိ၏။ ထိုအချိန်မှစ၍ သူ့စိတ်သည် အာဖရိကကိုသာ တမ်းတမ်း တတဖြစ်ကာ တွေဝေငေးမောနေတတ်သည်။ ဘဲလ်က လှမ်း၍ စကားပြောလျှင်လည်း သူသိပ်မကြား။ သူ့သဘောကိုနားလည်နေသော ဘဲလ်သည် ညတိုင်းလိုလိုပင် ထွေထွေထူးထူး ဘာမှ ပြောဆိုခြင်းမပြု။ ကွမ်တာမသိအောင် သူ့ကုလားထိုင်မှထကာ တိတ်တိတ်ကလေး အိပ်ခန်းထဲဝင်သွားပြီး တစ်ယောက်တည်း အိပ်မောကျသွားတတ် သည်။

ယင်းကဲ့သို့သောညမျိုး တစ်ညတွင် ထုံးစံအတိုင်း ဘဲလ်အိပ်ရာဝင်သွားပြီး တစ်နာရီခန့်အကြာ အိပ်ရာပေါ်မှ ညည်းသံများကြားရသည်။ မှိုင်တွေငေးမောခြင်းသည် ဖျတ်ခနဲ ပျောက်သွားပြီး သူ့စိတ်သည် တဲအတွင်းသို့ ပြန်လည်ရောက် ရှိလာသည်။ သူသည် အိပ်ခန်းထဲသို့ သုတ်သီးသုတ်ပျာဝင်သည်။ ဘဲလ်သည် အိပ်ရာထက်မှာပင် လဲလျောင်းနေသည်။ သို့သော်လည်း ဘလူးလူးတလိမ့်လိမ့် ဖြစ်နေသည်။ ကွမ်တာက ငုံ့ကြည့်ပြီး ပါးကို အသာအယာပွတ်ပေးသည်။ ဘဲလ်သည် အမှောင်ထဲမှာ ဖြုန်းခနဲ ထထိုင်သည်။ တစ်ကိုယ်လုံး ဇောချွေးများပြန်လျက်ရှိပြီး အသက်ကိုလည်း ပင်ပန်းတကြီး ရှူနေသည်။

'ဗိုက်ထဲက ကလေးကို မွေးရမှာကြောက်တယ်'ဟု ဘဲလ်က ကွမ်တာအား ဖက်၍ ပြောသည်။ ပထမတော့ သူပြောနေသည့်စကားကို ကွမ်တာနားမလည်။ နောက်ဆုံးတွင် ဘဲလ်က သူ့အိပ်မက်တစ်ခုမက်ကြောင်း၊ အိပ်မက်ထဲတွင် လူဖြူတစ်စု လောင်းကစားပွဲတစ်ခု ကျင်းပနေကြောင်း၊ ယင်းပွဲတွင် လူဖြူများက ဤခြံအတွင်း၌ နောက်မွေးလာမည့် လူမည်းကလေးအား ပထမဆုအဖြစ် အနိုင်ရသူကိုပေးမည်ဟု လောင်းကြေးထားကာ ကြေညာနေကြောင်း စသည်ဖြင့် ပြောပြသည်။ ဘဲလ်မှာ အလွန်အမင်း စိတ်တုန်လှုပ်ချောက်ချားနေသည်ကို တွေ့ရသည်။ ကွမ်တာက သခင်ဝေါလားသည် ထိုအလုပ်မျိုးလုပ်လိမ့်မည်မဟုတ်ဟု သူ့အခိုင်အမာယုံကြည်ကြောင်း အချိန်များစွာ

အကုန်ခံ၍ ပြောပြသည်။ နောက်ဆုံးတွင် ဘဲလ်သည် သူဖျောင်းဖျသည့်အတိုင်း ယုံကြည်လက်ခံကာ ပြန်လည်အိပ်မောကျသွားလေ၏။

ကွမ်တာကတော့ အိပ်မရ။ စောစောက ဘဲလ်ပြောသွားသည့်ကိစ္စမျိုးကို သူမတွေးဘဲ မနေနိုင်။ မမွေးသေးသည့် လူမည်းကလေးများအား လက်ဆောင်အဖြစ်ပေးခြင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်းများ၌ လောင်းကြေးအဖြစ်ထား၍ လောင်းကစားခြင်း စသော လူဖြူတို့၏ လုပ်ရပ်များကို သူကြားခဲ့ဖူး၏။ ကိုယ်ဝန်သည် အသက်ဆယ့်ငါးနှစ်အရွယ်မေရီအမည်ရှိ ကလေးမှ မွေးလာမည့် ကလေးငါးယောက်ကို သူ၏ လူဖြူ သမီး ငါးယောက်အား တစ်ယောက်စီ ကျွန်အဖြစ်ပေးသည်ဟု သေတမ်းစာ၌ ရေးသွားသည့်လူဖြူတစ်ယောက်အကြောင်းကိုပင် တယောဆရာထံမှ သူကြားခဲ့ရဖူး၏။

ထို့ပြင်လည်း ငွေချေးငှားသည့်အခါ လူမည်းကလေးသူငယ်များအား အာမခံပစ္စည်းများအဖြစ် ထားခဲ့သဖြင့် ကလေး ဗိုက်ထဲ၌ရှိစဉ်ကတည်းက ကြွေးရှင်က လာရောက် တောင်းခြင်း၊ မမွေးခင်ကတည်းက ကြွေးရှင်က နောက်တစ်ဦးအား လက်လွှဲ ရောင်းချခြင်း စသည့်လုပ်ငန်းများကိုလည်း သူ ကြားဖူးခဲ့၏။ စပို့ဆီတ်လ်ဗေးနီးယားကောင်တီရုံး၌ ကျွန်လေလံပွဲကျင်းပစဉ်က ကျန်းမာသန်စွမ်းသော ခြောက်လသားလူမည်းကလေး တစ်ယောက်လျှင် ဒေါ်လာနှစ်ရာအထိ ဈေးပေး၍ ဝယ်ယူကြသည်ကိုလည်း သူကြားခဲ့ရဖူး၏။

ကွမ်တာသည် ယာတောများစွာသို့ ရောက်ခဲ့ဖူးသူဖြစ်၏။ အချို့ယာတောများရှိ ကျွန်အနည်းငယ်၏ သားသမီး တစ်ဦးစနှစ်ဦးစသည် မိဘနှစ်ပါးလို အသားမမည်းကြ။ 'အဝါရောင်တွေဖြစ်နေသည်။ သူတို့၏ အသားအရောင်သည် သူတို့၏သခင်များနှင့်တထေရာတည်းဖြစ်ရာ ထိုကလေးများ၏ဖခင်သည် လူဖြူဖြစ်မည်မှာ ယုံမှားဖွယ်မရှိ။ အကယ်၍ ဘဲလ်၌ ဤအဖြစ်မျိုးနှင့် ကြုံခဲ့ပါမူ သူတွေ့မြင်ခဲ့ရသော လူမည်းများကဲ့သို့ မိမိဇနီးမှမွေးသည့် 'အဝါရောင်' ကလေးအား ချီပိုးချော့မြူနေသည့် ခင်ပွန်းတစ်ယောက်ဘဝတော့ ဘယ်နည်းနှင့်မှအရောက်မခံ။ လူဖြူသခင်အား သတ်ပစ်မည်ဟု ကွမ်တာက ဆုံးဖြတ်သည်။

ကျွန်လေလံပွဲများ၌ 'အဝါရောင်ကျွန်မကလေးများ' ဈေးကောင်းကြသည်ကို သူတွေးမိပြန်သည်။ ထိုစဉ်က ဤမိန်းကလေးများအား ဈေးကြီးကြီးပေး၍ ဝယ်ယူကြရသည့်အကြောင်းရင်းကို သူကြားခဲ့ရဖူး၏။ နောက်တစ်ခုမှာ 'အဝါရောင် ယောကျာ်းလေးများ'ဖြစ်သည်။ ထိုကလေးများကျတော့ ဝယ်သွားပြီးနောက် ခြေရာကောက်၍ မရနိုင်လောက်အောင် ပျောက်သွားတတ်သည်။ သူ သိထားရသလောက် လူဖြူများသည် လူမည်းသွေးရောနေသော ထိုကလေးများ ကြီးပြင်းလာသည့်အခါ လူဖြူမိန်းမများနှင့် ဆက်စပ်ကုန်မည်ကို အလွန်ကြောက်ကြသည်။ ဤသွေးရောမှုများအကြောင်းကို စဉ်းစား

မြန်မာ စာအုပ်များ

မိတိုင်း ကွမ်တာသည် အလ္လာအရှင်အား ကျေးဇူးတင်သည်။ သူနှင့်ဘဲလ်တို့က မွေးဖွားလာမည့်ကလေးသည် အလ္လာရှင်၏ အလိုအတိုင်း အမည်းရောင်ဖြစ်မည်မှာ သေချာသည်ဟု ယုံကြည်ထားသည် မဟုတ်ပါလား။

၁၇၉၀ ခုနှစ်၊ စက်တင်ဘာလ ညပိုင်းတွင် ဘဲလ် ဗိုက်နာသည်။ သို့သော်လည်း ဘဲလ်က သူ့သခင်အားမခေါ်နိုင်။ သူ့သခင်က ဘဲလ်အား သူကိုယ်တိုင် စောင့်ရှောက်ပြီး ကလေးမီးဖွားပေးမည်၊ လိုအပ်ပါက စစ္စတာမန်ဒီအား အကူခေါ်မည်ဟု ပြောထားခဲ့၏။ သို့ပါလျက် မခေါ်ခြင်းဖြစ်သည်။ ဘဲလ်သည် မအော်မိစေရန် အံကိုကြိတ်၍ တင်းခံနေသည်။ လက်တစ်ဖက်က ကွမ်တာ၏လက်ကို အားကုန်ဆုပ်ကိုင်ထားသည်။

ဗိုက်နာလိုက် ပျောက်သွားလိုက် ဖြစ်နေသည့်အတွင်းမှာ ဘဲလ်သည် သူ၏ ချွေးများဖြင့် ရွှဲရွှဲစိုနေသည့်မျက်နှာကို ကွမ်တာဘက်လှည့်၍ တတ်နိုင်သမျှ အားယူပြီး စကားပြောသည်။

'ကျွန်မ ရှင့်ကို ကြိုတင်ပြီး ပြောထားသင့်တဲ့ ကိစ္စတစ်ခုရှိတယ်။ ကျွန်မ ကလေးနှစ်ယောက် မွေးခဲ့ပြီးပြီ။ ကြာတော့ကြာပါပြီ။ ကျွန်မ ဒီကိုရောက်မလာခင်ကပါ။ ကျွန်မ ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ်'

ခုတင်ဘေးမှ ရပ်ကြည့်နေသော ကွမ်တာ၏ မျက်နှာသည် အံ့အားသင့်ခြင်းနှင့် စိတ်ဆင်းရဲခြင်းကို ဖော်ပြနေသည်။ ကြိုတင်အသိမပေးခဲ့ခြင်းသည် ကွမ်တာ့အပေါ် သစ္စာမဲ့ခြင်းဖြစ်သည်ဟူသော ယူကျုံးမရဖြစ်မှုသည် ဘဲလ်၏ ရင်တွင်း၌ ကိန်းအောင်းနေမှန်း သိသာလျက်ရှိ၏။ ဘဲလ်သည် ဗိုက်နာရပ်သွားတိုင်း သူ့အဖြစ်ကို ဆက်ပြောသည်။ သူ့ကလေးနှစ်ယောက်မှာ သမီးကလေးများဖြစ်ကြောင်း၊ သူ့လက်ထဲမှယူပြီး ရောင်းချပစ်ကြောင်း စသည်များဖြစ်သည်။

'တစ်ယောက်က လမ်းလျှောက်တတ်စအရွယ်ပဲရှိပါသေးတယ်။ နောက် တစ်ယောက်က တစ်နှစ်သမီးတောင်မရှိသေးပါဘူး။ ကျွန်မကိုရောင်းလိုက်လို့ ခွဲလာရတဲ့အချိန်မှာ သူတို့ဟာ တကယ့်ကလေးတွေပဲ ရှိပါသေးတယ်'

ဆက်ပြောရန် အားထုတ်သော်လည်း ဗိုက်နာလာပြန်သဖြင့် ရပ်ထားရသည်။ ပါးစပ်ကိုတင်းတင်းစေ့ကာ အံကိုကြိတ်ထားသည်။ ဗိုက်အနာသက်သာသွားသည်နှင့် မျက်ရည်များကြားမှနေ၍ ကွမ်တာအား မော့ကြည့်သည်။

'သူတို့အဖေဟာ သခင်လူဖြူလည်းမဟုတ်ဘူး။ အလုပ်ကြပ်လူဖြူလည်း မဟုတ်ဘူး။ ယာတောထဲက ကျွန်မအသက်လောက်ရှိတဲ့ နီဂရိုးတစ်ယောက်ပါ'

နာကျင်မှုပြန်ဝင်လာသည်။ နာပုံသည် စောစောကထက် နီးကပ်လာသည်။ မြန်ဆန်လာသည်။ ဘဲလ်၏လက်သည်းများသည် ကွမ်တာ၏လက်ဖဝါးထဲ နစ်ဝင်လျက်ရှိ၏။ သူ့ပါးစပ်သည် သံကုန်ဟစ်၍ အော်လိုက်တော့မည့်နှယ် မကြာမကြာ ဟသွား

သည်။ ကွမ်တာသည် တဲအတွင်းမှထွက်ခဲ့ပြီး စစ္စတာမန်ဒီ၏တဲဘက်သို့ ပြေးသည်။ တဲတံခါးကို အပြင်မှ တအားကုန်ထု၍ မန်ဒီအားခေါ်သည်။ ထို့နောက် အိမ်ကြီးဘက်သို့ ပြေးကာ တံခါးကိုခေါက်ပြန်သည်။ သူ့သခင်ဝေါလား ထွက်လာပြီး ကွမ်တာအား တစ်ချက်မျှ လှမ်းကြည့်ကာ ပြောသည်။

'ငါ အခုလာခဲ့မယ်'

ဘဲလ်၏ အော်သံ ညည်းသံများကြောင့် စောစောက သူကြားခဲ့ရသမျှအားလုံးကို ကွမ်တာ မေ့သွားသည်။ သူ့အနေဖြင့် တစ်ချိန်လုံး ဘဲလ်၏အနီး၌ နေချင်ပါ၏။ သို့သော်လည်း စစ္စတာမန်ဒီက သူ့အား အပြင်ထွက်ခိုင်းသည့်အခါ ဘာကြောင့်ရယ်မသိ၊ ဝမ်းသာအားရထွက်လာခဲ့သည်။ အပြင်ရောက်သောအခါ သူသည် တဲဝ၌ ဆောင့်ကြောင့်ထိုင်ကာ အတွင်း၌ ဘာတွေဖြစ်နေမည်ကို စိတ်ကူးဖြင့်ခန့်မှန်းကြည့်နေမိ၏။ သူ အာဖရိက၌နေခဲ့ရစဉ်က ကလေးမီးဖွားခြင်းကို မြင်ဖူးဖို့မဆိုထားနှင့် ဘာမှန်းညာမှန်း ပင်မသိ။ မိန်းမတစ်ယောက်သည် ကြမ်းပေါ်၌ခင်းထားသည့် အဝတ်ပုံပေါ် ဒူးထောက် ထိုင်ကာ ကလေးမွေးကြောင်း၊ ထို့နောက် သွေးများဆေးကြောရန် ရေအပြည့်ထည့် ထားသည့် ဇလားကြီးထဲ၌ ထိုင်ရကြောင်း စသည်ဖြင့် ကြားဖူးခဲ့၏။ ယခုဆိုလျှင် အိပ်ခန်းထဲ၌ ထိုအတိုင်းဖြစ်နေလေမလား။

အလွန်ဝေးကွာလှသည့် ဂျပ်ဖူရီရွာမှ ဘင်တာနှင့် အိုမိုရိုသည် ယနေ့ပင် အဘိုး အဘွားများ ဖြစ်ကြပေတော့မည်။ သူတို့အနေဖြင့် သူတို့မြေးအား မြင်ဖို့ဝေးစွ။ မြေး တစ်ယောက် ရပြီဟူသောအကြောင်းကိုပင် သိကြမည်မဟုတ်။ ကွမ်တာသည် များစွာ စိတ်ထိခိုက်ကြေကွဲခြင်းဖြစ်ရ၏။

ကလေးငိုသံ စူးစူးဝါးဝါးပေါ်လာသည့်အခါ ကွမ်တာသည် ဝုန်းခနဲ ထရပ်လိုက် မိသည်။ မိနစ်အနည်းငယ်မျှအကြာတွင် သခင်ဝေါလား ထွက်လာသည်။

'မင့်မိန်းမ အတော်ခက်ခက်ခဲခဲမွေးရတယ်၊ အသက်ကလည်း လေးဆယ့်သုံး နှစ်တောင် ရှိနေပြီ မဟုတ်လား'ဟု ကွမ်တာအား လှမ်းပြောသည်

'ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ နောက်နှစ်ရက်လောက်ဆိုရင် ကောင်းသွားမှာပါ။ စစ္စတာမန်ဒီ အထဲမှာဆေးကြောနေတယ်။ ခဏစောင့်လိုက်ဦး။ သူပြီးသွားရင် အခန်း ထဲဝင်ပြီး မင့်သမီးလေးကို ကြည့်ပေါ့'

'သမီးလေး'

ကွမ်တာသည် သူ့ကိုယ်သူဟန်မပျက်အောင် အတော်ကြီး ကြိုးစားထိန်းရသည်။ တံခါးဝသို့ရောက်လာသော စစ္စတာမန်ဒီက သူ့အားပြုံးကြည့်ကာ အထဲသို့ဝင်ရန် လက်ပြသည်။ သူသည် အခန်းတံခါးကို အသာတွန်းဖွင့်ပြီးအထဲသို့ဝင်သည်။ ကာ ထားသည့် ခန်းဆီးကို ဖယ်လိုက်သည်။ ခုတင်ပေါ်တွင် သားအမိနှစ်ယောက်...။

မြန်မာ စာအုပ်များ

ကွမ်တာသည် ဘဲလ်၏အနီးသို့ အသာကလေးကပ်သွားသည်။ သူ့ခြေထောက်အောက်မှ ကြမ်းပြင်သည် တကျွိကျွိမြည်သွားသည်။ ဘဲလ်က မျက်လုံးဖွင့်ကြည့်သည်။ ကွမ်တာအား မြင်သည့်အခါ ပြုံးသည်။ ဘဲလ်၏လက်သည် သူ့ထံရောက်လာသည်။ သူက အသာ အယာညှစ်၍ ကိုင်ထားသော်လည်း စိတ်ထဲကမပါ။ သူသည် ဘဲလ်၏ဘေးမှ ကလေး ငယ်၏မျက်နှာကို အသေအချာမကြည့်ဘဲမနေနိုင်။ ကလေး၏ အသားအရောင်သည် သူ့အသားအရောင်ကဲ့သို့ပင် မည်းနက်နေသည်။ မျက်နှာကျပုံနှင့် ကြန်အင်လက္ခဏာ များသည် မန်ဒင်ကာလူမျိုးစုအနွယ်ဝင်စစ်သည်။ သမီးမိန်းကလေးပင်ဖြစ်သော်လည်း မိမိ၏ရင်သွေးပင်ဖြစ်သည်မဟုတ်ပါလော။ ကွမ်တာ့ရင်ထဲတွင် ဖခင်တစ်ဦး၏ ချစ်ခြင်း မေတ္တာသည် ပေါက်ဖွားလာသည်။ သားဖြစ်စေချင်ပါလျက်နှင့် သမီးဖြစ်လာရသည်မှာ ဘုရားသခင်၏အလိုတော်သာလျှင် ဖြစ်ရပေမည်။ ဘယ်လိုပဲဖြစ်ဖြစ် ကင်တိမျိုးဆက် သွေးသည် ပေါက်ဖွားခဲ့ရပြီ။ ဤသွေးသည် နောက်မျိုးဆက်သစ်တစ်ခု တည်ထောင်ရန် ဆက်လက်၍ စီးဆင်းပေဦးတော့မည်။

ခုတင်ဘေး၌ရပ်နေသော ကွမ်တာ၏ခေါင်းထဲသို့ ဝင်လာသည့် နောက်အတွေး တစ်ခုမှာ သမီးအား နာမည်မှည့်ရန်ပင်ဖြစ်သည်။ အာဖရိကမှာဆိုလျှင် ပူပူနွေးနွေး ဖခင်ဘဝ ရောက်လာသူသည် သူ့သမီးအား နာမည်ပေးဖို့အတွက် အနည်းဆုံး ရှစ်ရက် လောက်လို၏။ ဒီမှာတော့ သခင်ဝေါလားထံမှ ခွင့်ပန်ရမည်ဖြစ်ရာ လွယ်ကူလိမ့်မည် မဟုတ်။ သို့သော်လည်း နာမည်သစ်တစ်ခုရဖို့အရေးကို ပေါ့ပေါ့တန်တန် သဘော ထား၍တော့မဖြစ်။ သူတို့ မန်ဒင်ကာများအဖို့ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောကျ်ားလေးပဲ ဖြစ်ဖြစ် နာမည်သည် အလွန်အရေးကြီး၏။ ထိုအခိုက်မှာပင် သူ့ခေါင်းထဲသို့ အသိ တစ်ခု ဖျတ်ခနဲဝင်လာသည်။ သူ့သမီးအား ဘယ်လိုနာမည်မျိုးပေးပေး၊ နောက်ဆုံး နာမည်တစ်လုံးသည် သူ့ဖခင်၏နာမည်ပါရမည်ဟု ဆိုထားသည် မဟုတ်ပါလော။ ထိုအသိကြောင့် ကွမ်တာသည် ရှုံ့ရှုံ့ရှားရှားဖြစ်သည်အထိ ဒေါသကြီးလာသည်။ ဘာပဲ ဖြစ်ဖြစ် သူ့သမီးသည် သူ၏ကိုယ်ပိုင်နာမည်အမှန်ကို အရွယ်ရောက်သည့်အခါ သိလာ အောင် ဆောင်ရွက်ပါမည်ဟု အလ္လာဘုရားသခင်အား တိုင်တည်လိုက်မိလေ၏။

ထို့နောက် ကွမ်တာသည် တဲထဲမှထွက်ခဲ့သည်။ ကောင်းကင်ပြင်ဝယ် အရုဏ်ဦး အလင်းရောင်သန်းစပြုနေပြီ။ သူသည် ဘဲလ်နှင့်သူ သမီးရည်းစားဘဝက တွေ့ဆုံခဲ့ကြ သည့် ခြံစည်းရိုးတန်းသို့သွားကာ တွေးတောကြံဆခြင်းပြုသည်။ ဘဲလ်သည် သူ၏ အကြီးမားဆုံးသော ပရိဒေဝမီးတောက်လောင်မှုကို သူ့အားပြောပြခဲ့၏။ သူ့အား သူ့ သမီးနှစ်ယောက်နှင့်ခွဲ၍ အရောင်းခံခဲ့ရသဖြင့် ခံစားခဲ့ရသည့် ပရိဒေဝမီးဖြစ်သည်။ ကွမ်တာသည် သူ့သမီးအတွက် သင့်တော်မည့် မန်ဒင်ကာစကားလုံးကို ရှာဖွေခြင်းပြု သည်။ ထိုစကားလုံးသည် မိခင်ဖြစ်သူ ဘဲလ်၏ အလိုဆန္ဒနှင့်လည်း ကိုက်ညီရမည်။

မြန်မာ စာအုပ်များ

ဘဲလ်သည် ယခင်က ဆုံးရှုံးမှုမျိုး နောက်ထပ်မပေါ်ပေါက်စေချင်သည့်ဆန္ဒ ပြင်းပြလျက်ရှိနေသည် မဟုတ်ပါလော။ ထို့ကြောင့်လည်း သူရွေးသောနာမည်သည် မိခင်ဖြစ်သူက သမီးအား နောက်ထပ် မဆုံးရှုံးအောင် ကာကွယ်ပေးမည့် နာမည်မျိုး ဖြစ်သင့်၏။ ရုတ်တရက် နာမည်တစ်ခုကို စဉ်းစားလို့ရလာသည်။ နာမည်ကို စိတ်ထဲမှ ထပ်တလဲလဲရွတ်ကြည့်သည်။ ဟုတ်ပြီ။ ဤနာမည်ကိုပင်ပေးရမည်။ ကွမ်တာသည် သူ့တဲဘက်သို့ ခပ်သုတ်သုတ်ပြန်လျှောက်လာသည်။

တဲတွင်းသို့ရောက်၍ သမီးလေးအား နာမည်ပေးရန် သူစဉ်းစားနေကြောင်း ပြောပြသည့်အခါ ဘဲလ်က အပြင်းအထန်ကန့်ကွက်သည်။

'နာမည်ပေးမှာ ဘာပြုလို့အရေးကြီးနေရတာလဲ ကွမ်တာရယ်။ နာမည်က ဘယ်လိုပေးမှာလဲ'ဟု ပြောသည်။

ဘဲလ်ခေါင်းမာတတ်သည်ကိုသိနေသော ကွမ်တာကလည်း သူ့သဘောထားကို ဒေါသဖြင့် ရှင်းပြသည်။ သူတို့လူမျိုး၏ ဓလေ့ထုံးစံနှင့် နာမည်ပေးသည့်အခါ မလွဲမသွေ လိုက်နာအပ်သည့် စည်းကမ်းများကို ပြောပြသည်။ အထူးသဖြင့် နာမည်ကို ဖခင်တစ်ဦးတည်းက ရွေးချယ်ရကြောင်း၊ ဖခင်သည် သူ ရွေးချယ်ထားသောနာမည်ကို အခြားလူများအား အသိမပေးဘဲထားရကြောင်း၊ နောက်ဆုံးတွင် သူရွေးထားသော နာမည်ကို ကလေးအား ပြောပြရကြောင်း စသည်များကို အကျယ်တဝင့်ပြောပြသည်။ သူ့အနေဖြင့် နာမည်ပေးခြင်းကို အမြန်ဆုံးလုပ်သင့်သည်ဟု ယူဆနေခြင်းမှာ တခြားကြောင့်မဟုတ်။ သူတို့ကလေးအား သူတို့သခင်က နာမည်ပေးလိုက်မည်ကို စိုးရိမ်၍ ဖြစ်သည်ဟုလည်း နားဝင်အောင်ရှင်းပြသည်။

'ကျွန်မသိပြီ'ဟု ဘဲလ်က ပြန်ပြောသည်။

'ရှင့်မှာရှိနေတဲ့ အာဖရိကန်ဝါဒကြောင့်ပဲ။ ဒီဝါဒဟာ ကျွန်မတို့အတွက် ဒုက္ခကလွဲပြီး တခြားဘာအကျိုးထူးမှ ရမှာမဟုတ်ဘူး ကွမ်တာ'

ကွမ်တာသည် စိတ်ဆိုးမာန်ဆိုးဖြင့် တဲပြင်သို့ထွက်ခဲ့သည်။ တဲဝ၌ ရောက်နေကြသော အန်တီဆုကေးနှင့် စစ္စတာမန်ဒီတို့အား ဝင်တိုက်မိတော့မလိုပင် ဖြစ်သွားသည်။ စစ္စတာမန်ဒီတို့သည် အနီးများ၊ မျက်နှာသုတ်ပဝါများနှင့် ရေနွေးအိုးများ လာပို့ကြခြင်းဖြစ်၏။

'ဝမ်းသာတယ်ဟေ့ တိုဘီ၊ ငါတို့ ဘဲလ်ကို ကြည့်မလို့လာတာကွဲ.'

ကွမ်တာကတော့ ဝတ်ကျေတန်းကျေပြန်နှုတ်ဆက်ကာ ထွက်လာသည်။ အပြင်ဘက်တွင် ကာတိုဟုခေါ်သော အလုပ်သမားသည် ကျွန်များအိပ်ရာမှထ၍ ရေတွင်းမှ ရေခပ်ကြရန်နှင့် နံနက်စာမစားမီ မျက်နှာသစ်ကြရန် အချက်ပေးခေါင်းလောင်းကို ထိုးလျက်ရှိနေချေပြီ။ ကွမ်တာသည် ကျီရှိရာသို့သွားသည့် နောက်ဖေးလူသွားလမ်း

မြန်မာ စာအုပ်များ

အတိုင်း လျှောက်လာသည်။ သူသည် တိုးဘော့များ လေ့ကျင့်ပေးထားသည့်အတိုင်း အာဖရိကန်နိုင်ငံအကြောင်း မပြောဝံ့လောက်အောင် သတ္တိနည်းနေကြသည့် မိစ္ဆာလူမည်းများနှင့် ဝေးနိုင်သမျှဝေးအောင် သွားလိုစိတ် ပြင်းပြလျက်ရှိ၏။

ကွမ်တာသည် ဒေါသတကြီးနှင့်ပင် မြင်းများအား အစာကျွေးသည်။ ရေတိုက်သည်။ သန့်ရှင်းစင်ကြယ်အောင် ဘီးနှင့်ဖြီးပေးသည်။ သူ့သခင် နံနက်စာ စားပြီးလောက်ပြီဟု ယူဆရသည့်အချိန်တွင် အိမ်ကြီးဘက်သို့ ထွက်ခဲ့သည်။ ဘဲလ်၏အစားမီးဖိုချောင်တာဝန်ကိုယူနေရသော အန်တီဆုကေးထံသွား၍ သခင် ဘယ်သွားစရာရှိသလဲဟု မေးသည်။ ဆုကေးက သူ့အား နှုတ်မှမဖြေ။ လှည့်၍ပင်ကြည့်ဖော်မရ။ ခေါင်းခါ၍ အဖြေပေးသည်။ သူ့အား နံနက်စာပင်မကျွေးဘဲ မီးဖိုခန်းထဲမှ ထွက်သွားသည်။ မြင်းဇောင်းဘက်ပြန်လာသော ကွမ်တာသည် ဘဲလ်က အန်တီဆုကေးနှင့် စစ္စတာမန်ဒီတို့အား သူနှင့်ပတ်သက်၍ ဘယ်လိုအတင်းအဖျင်းတွေ ပြောလွှတ်လိုက်ပါလိမ့်ဟု တစ်လမ်းလုံး စဉ်းစားလာသည်။

သူ့အနေဖြင့် တစ်ခုခုတော့လုပ်နေမှဖြစ်တော့မည်ဟု တွေးသည်။ သူသည် အချိန်ကုန်စေရန်အတွက် မြင်းရထားကို ဆီထိုးသည်။ မလိုအပ်ဘဲ လုပ်နေခြင်းဖြစ်၏။ တဲဘက်သို့ပြန်ကာ ကလေးနှင့် ဘဲလ်တို့အား ကြည့်လိုစိတ်ကတော့ရှိနေ၏။ သို့သော်လည်း ကင်တီအမျိုးအနွယ်ဝင်တစ်ဦး၏ မိန်းမက သူမွေးလာသောကလေးအား တိုးဘော့တစ်ယောက်နာမည် မှည့်လိုသောသဘော ပြောနေခြင်းသည် ဂုဏ်သိက္ခာမဲ့အောင် လုပ်နေခြင်းဖြစ်သည်ဟု တွေးမိသောအခါ ဒေါသပိုကြီးလာသည်။

မွန်းတည့်ချိန်ခန့်တွင် အန်တီဆုကေးတစ်ယောက် ဘဲလ်ထံ အစားအသောက်များ သွားပို့သည်ကို တွေ့ရသည်။ သူဘာမျှမစားရသေးသည်ကို သတိရကာ အလွန်အမင်း ဆာလောင်လာသည်။ သူသည် ကျီနောက်၌ပုံထားသောကန်ဇွန်းဥပုံကြီးဆီသို့သွား၍ ခပ်သေးသေး လေးလုံးကိုယူကာ အစိမ်းလိုက်ပင် ကိုက်စားသည်။

မှောင်စပျိုးလာခဲ့လေပြီ။ ကွမ်တာသည် သူ့ကိုယ်သူအားတင်းကာ တဲဘက်သို့ ပြန်လာသည်။ တဲတံခါးကိုဖွင့်၍ အတွင်းသို့ဝင်လာခဲ့သော်လည်း ဘဲလ်ထံမှ ဘာသံမှ မကြားရ။ သူအိပ်ပျော်နေသည်ဟု ကွမ်တာကတွေးကာ စားပွဲပေါ်မှ ဖယောင်းတိုင်ကို မီးညှိသည်။

'ကွမ်တာလား'

သူသည် မပွင့်တစ်ပွင့်လေသံဖြင့် အသံပြန်ပေးပြီး ဖယောင်းတိုင်ကို ဆွဲယူကာ အိပ်ခန်းထဲသို့ဝင်ခဲ့သည်။ ဘဲလ်၏မျက်နှာသည် သူ့မျက်နှာကဲ့သို့ပင် တင်းမာလျက်ရှိ၏။

'ဒီမယ် ကွမ်တာ၊ ကျွန်မက ကျွန်မတို့သခင်အကြောင်း ရှင့်ထက် ပိုသိတယ်။ ရှင့်ရဲ့ အာဖရိကန်ပုံစံတွေကိုသိရင် သူစိတ်ဆိုးမှာသေချာတယ်။ သူစိတ်ဆိုးရင်တော့ ကျွန်မတို့သုံးယောက်လုံးကို ရောင်းပစ်မှာပဲ။ အဲဒါသတိထား'

မြန်မာ စာအုပ်များ

ကွမ်တာကလည်း မည်သည့်ဘေးအန္တရာယ်မျိုးနှင့် ကြုံရကြုံရ သူ့သမီးအား တိုးဘော့နာမည်မမှည့်ဟု အခိုင်အမာဆုံးဖြတ်ထားကြောင်း ပြန်ပြောသည်။ ထို့ပြင် လည်း ဘာပဲဖြစ်ဖြစ် သူ့သမီးအား သူ့လူမျိုးထုံးစံအတိုင်း စနစ်တကျနာမည်ပေးမည်ဟု ဆိုသည်။

မတတ်သာတော့သည့်အဆုံးတွင် ဘဲလ်သည် စိတ်တထင့်ထင့်နှင့်ပင် ကွမ်တာ၏အလိုကို လိုက်လျောသည်။

'ဒီလိုဆိုရင် ရှင်နာမည်ပေးပွဲကို ဘယ်လိုလုပ်မှာလဲ'ဟု မကျေမနပ်လေသံဖြင့် မေးသည်။ ထိုအခါ ကွမ်တာက နာမည်ပေးရန်အတွက် ကလေးအား သူကိုယ်တိုင် ပွေ့ချီပြီး အပြင်သို့ခေါ်သွားဖို့လိုသည်ဟု ဖြေသည်။ ဘဲလ်ကလည်း ရုတ်တရက် အလျှော့မပေး။ ကလေးနိုးအောင်စောင့်မှဖြစ်မည်ဟု ပြောသည်။ နို့ဝအောင်တိုက်ပြီးမှသာ ခေါ်ခွင့်ပြုနိုင်မည်ဟုလည်း အကြပ်ကိုင်သည်။ ကွမ်တာက သဘောတူသည်။

ကလေးသည် နောက်နှစ်နာရီလောက်ကြာမှ နိုးလိမ့်မည်ဖြစ်ရာ ထိုအချိန်ဆိုလျှင် ကျွန်အိမ်တန်းမှလူများ အိပ်ကြဦးမည်မဟုတ်။ ကွမ်တာ၏ အဓိပ္ပာယ်မရှိသောအလုပ်ကို ဘေးလူတွေကမြင်ပြီး အတင်းအဖျင်းအပြောခံရလိမ့်မည်ဟု ဘဲလ်က အကြောင်းပြကာ တားမြစ်ပြန်သည်။ ကွမ်တာက လက်မခံ။ ထိုအခါ ဘဲလ်က သူ့သမီးအား သူကြိုက်သောနာမည်ကို ပေးပါရစေဟုဆိုသည်။ ကွမ်တာက သဘောမတူ။ လူ့လောကအတွင်းသို့ ယခုမှဝင်သည့်သမီး နာမည်ပေးရေးအတွက် ဇနီးမောင်နှံနှစ်ယောက် ဤမျှ ပဋိပက္ခဖြစ်နေရသည့်အတွက် ဘဲလ်က ဒေါသဖြစ်၍မဆုံး။ ကွမ်တာ့အနေဖြင့် အာဖရိကန်သံထွက်သည့် အခေါ်ရခက်မည့်နာမည်မျိုး ပေးလာမည်ကို စိတ်ပူရသည် တစ်ဖက်၊ လူဖြူများက တားမြစ်ပိတ်ပင်ထားသည့် နာမည်မျိုးကိုမှ ရွေး၍မှည့်လာမည်ကို စိုးရိမ်ရသည်ကတစ်ဖက်နှင့် ဘဲလ်မှာ အခက်ကြုံနေရ၏။ သို့သော်လည်း ကွမ်တာက ဘယ်လိုနာမည်မျိုးပေးပေး နောက်ပိုင်းကျလျှင် သူကလည်း သူ့နည်းသူ့ဟန်နှင့် ကလေး၏နာမည်ကို ခေါ်သွားမည်ဟု ဆုံးဖြတ်သည်။

ကွမ်တာက သူ့တဲအတွင်းမှ သူ့သမီးဦးကို ပွေ့ချီထွက်လာသည့်အခါ သန်းခေါင်ယံ ရောက်လုနီးနေပေပြီ။ သူသည် ကလေးအား စောင်တစ်ထည်ဖြင့် လုံနေအောင် ထုပ်ထားပြီး ရင်ခွင်၌အပ်ကာ ကျွန်အိမ်တန်းနှင့် ဝေးနိုင်သမျှ ဝေးအောင် သွားသည်။

ထို့နောက် လမင်းနှင့်ကြယ်များအောက်၌ရပ်ကာ ကလေးအား အပေါ်သို့ မြှောက်ယူလိုက်ပြီး ကလေး၏ ညာဘက်နားကို သူ့နှုတ်ခမ်းများနှင့် ကပ်လိုက်သည်။ ပြီတော့ အလွန်ကြည်လင်ပြတ်သားသောလေသံဖြင့် မန်ဒင်ကာစကားတစ်ခွန်းကို သုံးကြိမ်တိတိ ပြောသည်။

စိတ်ကူးချိုချို

'သမီးနာမည်ဟာ ကစ်ဇီ၊ သမီးနာမည်ဟာ ကစ်ဇီ၊ သမီးနာမည်ဟာကစ်ဇီ'

ကင်တီမျိုးနွယ်ဝင်များ နာမည်ပေးလေ့ရှိသည့် ပုံစံအတိုင်း နာမည်ပေးပွဲသည် ပြီးဆုံးသွားခဲ့ပေပြီ။ သူတို့လူမျိုး၏ ဓလေ့ထုံးစံနှင့်အညီ သူ့သမီးသည် သူ့နာမည်ကို ပထမဆုံးသိသော လူတစ်ယောက် ဖြစ်သွားခဲ့လေပြီ။

အာဖရိကန်သွေးသည် သူ့အကြောများထဲ၌ စိမ့်ဝင်ပျံ့နှံ့ကာ ထိုမှတစ်ဆင့် သူ့သမီးငယ်၏ အကြောများအတွင်းသို့ စီးဝင်သွားနေသည်ဟု ကွမ်တာ့စိတ်က ခံစားရသည်။ သူသည် ရှေ့သို့အနည်းငယ်လျှောက်သွားပြီး ကလေးပေါ်မှစောင်ကို အနည်းငယ်မျှ လှပ်ကာ အပေါ်သို့မြှောက်ပြလိုက်သည်။ ဤတစ်ကြိမ်တွင်မူ သူ့ပါးစပ်မှ ရေရွတ်သံသည် ကျယ်လောင်စွာပေါ်ထွက်လာသည်။

'ရှုစားတော်မူပါ ဘုရားသခင်၊ အရှင့်ထက်ပို၍ကြီးမားသော အရာတစ်ခု ဖြစ်ပါသည်'

တဲအတွင်းသို့ ကွမ်တာတို့သားအဖ ပြန်ရောက်ကြသည့်အခါ စိုးရိမ်ပူပန်သော မျက်နှာထားဖြင့် စောင့်ကြိုနေသည့် ဘဲလ်အားတွေ့ရသည်။ ဘဲလ်သည် ကွမ်တာ၏ လက်ထဲမှ ကလေးကို ကသောကမျောဆွဲယူလိုက်သည်။ သူ့မျက်နှာသည် ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့် မကျေနပ်ခြင်းတို့ကိုဖော်ပြနေသည်။ သူသည် စောင်ကို ကပျာကယာ လှပ်ကာ ကလေးအား သေသေချာချာ စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ကလေးအား အိပ်ရာထက်သို့ ပြန်ချထားလိုက်ပြီး အိပ်ခန်းရှေ့သို့ ထွက်လာသည်။ ကွမ်တာနှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။

'ကဲ...ပြီးသွားပြီမဟုတ်လား၊ ကျွန်မသိပါရစေတော့'

'ဘာကို သိချင်တာလဲ'

'နာမည်ပေါ့၊ ရှင်ပေးတဲ့ အာဖရိကန်နာမည်လေ။ ရှင် ဘယ်လိုပေးလိုက်သလဲ'

'ကစ်ဇီ'

'ဘာ...ကစ်ဇီဟုတ်လား၊ ဒီလိုနာမည်မျိုးကြားဖူးတဲ့လူ ဒီလောကမှာ တစ်ယောက်မှ ရှိမယ်မထင်ဘူး'

ထိုအခါ ကွမ်တာက သူပေးထားသောနာမည်၏ အဓိပ္ပာယ်ကိုရှင်းပြသည်။ မန်ဒင်ကာစကားဖြစ်သော 'ကစ်ဇီ'သည် 'ဒီနေရာမှာထိုင်နေတော့'ဟု အဓိပ္ပာယ်ရကြောင်း၊ တစ်နည်းအားဖြင့် ဤစကားလုံးသည် ဘဲလ်ထံမှ ဤကလေး ဝေးရာသို့ မရောက်တော့ဟု ဆိုလိုရာရောက်ကြောင်း၊ ဤနာမည်ကြောင့် ဤကလေးသည် ဘဲလ်၏ အရင်သမီးနှစ်ယောက်လို ဖြစ်တော့မည်မဟုတ်ကြောင်း အကျယ်တဝင့် ပြောပြသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

ဘဲလ်ကတော့ ကွမ်တာ၏ရှင်းလင်းချက်ကို လက်မခံနိုင်။ 'ဒုက္ခရောက်ဖို့စတာပဲ'ဟု ညည်းသည်။ ထိုအခါ ကွမ်တာ၏ဒေါသသည် အသစ်ဖြစ်လာသည်။ ဤတွင် ဘဲလ်က သူ့ဘက်မှ လောလောဆယ်အလျှော့ပေးလိုက်လျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု သဘောရသည်။ ထို့နောက် ဘဲလ်က သူငယ်စဉ်က သူ့အမေထံမှ ကြားခဲ့ရသည့် သူ့အဘွားနာမည်နှင့် အသံထွက်ချင်းတူသလိုလိုရှိကြောင်း၊ သို့ဖြစ်ရာ ကွမ်တာမှည့်ထားသည့် နာမည်နှင့်ပတ်သက်၍ သူတို့သခင်က သံသယရှိလာလျှင် အဘွား၏နာမည်နှင့် ဆက်စပ်ပြီး မှည့်ပါသည်ဟု အကြောင်းပြနိုင်ကြောင်း ကွမ်တာအား ပြောပြသည်။

နောက်တစ်နေ့မနက် သူတို့သခင်ဝေါလားက သူတို့သားအမိအား လာကြည့်သည့်အခါ ဘဲလ်သည် သူ၏စိုးရိမ်ပူပန်မှုကိုမရိပ်မိအောင် သတိထား၍နေသည်။ ကလေး၏နာမည်ကို ပြောပြသည့်အချိန်မှာပင် ဘဲလ်သည် ဘာမှမဖြစ်သည့်နှယ် ရယ်ရယ်မောမော ပြောပြခဲ့သည်။ သူ့သခင် ဝေါလားကတော့ နာမည်ကို ထူးဆန်းသည်ဟု မှတ်ချက်ချသည်။ သို့သော်လည်း ထိုနာမည်ကို မကောင်းဟုမပြော။ သူ့သခင်အခန်းထဲမှ ထွက်သွားသည့်အခါကျမှ ဘဲလ်သည် ရင်ထဲကအလုံးကြီး ကျသွားသည့်နှယ် သက်ပြင်းရှည်ကြီးတစ်ချက်ချသည်။

အိမ်သို့ပြန်ရောက်သောအခါ မစ္စတာဝေါလားသည် ကွမ်တာနှင့် အပြင်သို့ထွက်၍ လူနာများထံမသွားမီ ဧည့်ခန်းထဲရှိ သော့ခတ်ထားသော ဘီရိုတစ်လုံးထဲမှ အနက်ရောင် စာအုပ်ကြီးတစ်အုပ်ကိုထုတ်သည်။ သူ့ယာလုပ်ငန်းနှင့်ပတ်သက်သော မှတ်တမ်းစာအုပ်ကြီးဖြစ်သည်။ သူသည် စာအုပ်ကြီး၏ စာမျက်နှာတစ်ခုကိုလှန်ကာ ကလောင်တံဖြင့် မင်အိုးထဲမှ မင်ကို တို့၍ စာကြောင်းတစ်ကြောင်း လုပသေသပ်စွာ ရေးသွင်းလိုက်သည်။

'ကစ်ဇီဝေါလား၊ ၁၇၉၀ ခု၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မွေးဖွားသည်။

[၆၉]

'သူက နီဂရိုးအရုပ်ကလေးတစ်ရုပ်နဲ့ သိပ်တူတာပဲနော်'

မီးဖွားပြီး သုံးရက်အကြာတွင်ဖြစ်သည်။ ဘဲလ်၏ မီးဖိုချောင်ထဲ ရောက်လာသော မစ္စတာအင်နီသည် ကစ်ဇီအားကြည့်၍ ခုန်ပေါက်မြူးထူးကာ လက်ခုပ်လက်ဝါးတီးပြီး အော်ပြောသည်။ 'ကျွန်မကို အပိုင်မပေးနိုင်ဘူးလား'ဟုလည်း မေးသည်။

ဘဲလ်က ပြုံးသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'သူ့ကို သူ့အဖေနဲ့ အန်တီဘဲလ်တို့ကပိုင်တယ် သမီးရဲ့။ သူကြီးလာရင် သမီးနဲ့ ကစားနိုင်မှာပေါ့'

မီးဖိုချောင်ထဲသို့ ကွမ်တာရောက်သွားသည့်အခါများတွင်လည်း သူ့သခင်၏ တူမ လေးနှစ်သမီး အင်နီနှင့် အမြဲဆုံသည်။ သူနှင့်ဆုံမိသည့်အချိန်များတွင် အင်နီသည် ကစ်ဇီအားထည့်ထားသည့် ခြင်းတောင်းအနီးမှရပ်ကာ အထဲမှကလေးကို မြူနေတတ်သည်။

'နင်ဟာ သိပ်ချောတယ်၊ နင်ကြီးလာရင် ငါနဲ့ကစားမယ်နော်။ ဟော့...ကစ်ဇီ ငါပြောတာကြားရဲ့လား။ နင်ကလည်း အခုထက်ထိမကြီးသေးဘူး။ မြန်မြန်ကြီးပါတော့လားဟယ်'

လေးနှစ်သမီး အင်နီသည် စကားအလွန်တတ်သည်။ အင်နီ၏စကားများကို ကြားနေရသော ကွမ်တာသည် စိတ်ထဲက ကျိတ်၍မကြိုက်။ တိုးဘော့ကလေး တစ်ယောက်က လူ့လောကထဲရောက်လာသည့် မိမိသမီးအား ကစားစရာအရုပ်တစ်ရုပ် သဖွယ် သဘောထားနေသည်ဟု ယူဆသည်။ သူ့အား ကျွန်တစ်ယောက်အဖြစ် ဝယ်ယူခဲ့သည့် ကျွန်ပိုင်ရှင်တစ်ဦး၏သမီးက မိမိသမီးအား ကစားစရာအရုပ်တစ်ရုပ်အဖြစ် သဘောထားခြင်းကို ဖခင်တစ်ယောက်အနေဖြင့် ကြိုက်နိုင်ပါမည်လော။ ဘာပဲဖြစ်ဖြစ် သူ့မိန်းမ ဘဲလ်သည် သူ့ကိုလေးစားသောအားဖြင့် ဤအဖြစ်မျိုး ဖြစ်မလာအောင် အားထုတ်သင့်သည်ထင်၏။ ဤအတွေးကြောင့် ကွမ်တာသည် ဘဲလ်အပေါ်၌ မကျေမနပ် ဖြစ်နေမိသည်။

မိမိ၏ဇနီး ဘဲလ်သည် မိမိ၏ခံစားချက်များထက် သူ့သခင်ဝေါလား၏ ခံစားမှုများအပေါ် ပို၍အလေးအနက်ထားသည်ဟု တစ်ခါတစ်ရံ ကွမ်တာ တွေးမိသည်။ ဘဲလ်သည် မိခင်နှင့်အတူ မွေးလျှင်မွေးချင်း သေဆုံးသွားခဲ့ရသော သမီးရင်း၏နေရာ၌ မစ္စအင်နီအား အစားထိုး၍ ချစ်ခဲ့ရသည့် သူ့သခင်၏ သနားစရာအဖြစ်ကို ညတိုင်းလိုလို သူ့အား ပြောပြခဲ့ဖူး၏။

'ဒီအဖြစ်ကို ကျွန်မ ပြန်တွေးရမှာ မုန်းတယ်'ဟု တစ်ညတွင် ဘဲလ်က သူ့အား ပြောဖူးသည်။

'မစ္စပရစ္စလာက သိပ်ကိုချောတာ။ နေ့တိုင်း သီချင်းတအေးအေးနဲ့ သူ့ကလေး မွေးမယ့်ရက်ကို စောင့်နေရှာတယ်။ ကျွန်မနဲ့တွေ့ရင်လည်း အမြဲတမ်း ပြုံးနေတာပဲ။ အဲသလိုနေရင်းကပဲ တစ်မနက်ခင်းမှာ သူဟာဗိုက်နာလို့ အော်ရဟာစ်ရတယ်။ မကြာခင်မှာဘဲ သေလုမျောပါးဖြစ်သွားတယ်။ သူ့သမီးလေးလည်း အဲသလိုပဲ။ အဲဒီအချိန်ကစပြီး သခင်ဝေါလားဟာ ယနေ့ထက်ထိ မပြုံးမရယ်တော့ဘူး။ အခု မစ္စအင်နီကို မွေးလာမှ ပြုံးဖော်ရယ်ဖော်ရလာတာ'

ကွမ်တာကတော့ သူ့သခင်၏ အထီးကျန်နိုင်မှုအပေါ်တွင် သနားကြင်နာခြင်း မဖြစ်။ သို့သော်လည်း သူ့သခင်၏ စိတ်အာရုံသည် သူ့တူမအင်နီအပေါ် သိပ်ပြီး စိတ်ဝင်စားတော့မည်မဟုတ်ဟု ယူဆသည်။ သို့ဆိုလျှင် ဤကလေးမ မစ္စအင်နီသည် ဤအိမ်သို့ အလာကျဲသွားလျှင် မိမိ၏သမီးနှင့် ကစားခွင့် နည်းသွားလိမ့်မည်ဖြစ်၏။

ဤသို့ဖြင့် တစ်လပြီးတစ်လကုန်သွားသည်။ မစ္စအင်နီသည် တစ်ပတ်တစ်ကြိမ် ပုံမှန်အလည်လာသည်။ လာသည့်အခါတိုင်းလည်း ကစ်ဇီနှင့် နာရီပေါင်းများစွာကစား သည်။ ဤကိစ္စကို မနှစ်မြို့သော်လည်း ကွမ်တော့အနေဖြင့် တားမြစ်ပိတ်ပင်နိုင်သည့် နည်းလမ်းရှာမရ။ မတတ်သာတော့သည့်အဆုံးတွင် ကွမ်တာသည် မစ္စအင်နီနှင့်ကစ်ဇီ တို့ ကစားနေသည်ကို မမြင်အောင် မတွေ့အောင် ရှောင်သည်။ အထူးသတိထားပြီး ရှောင်မှုပင် ဤနှစ်ယောက်နှင့်မလွတ်။ ပက်ပင်းတိုးမိနေသည်ချည်းဖြစ်သည်။ သူ့သမီး ကစ်ဇီအား သူ့သခင်၏ တူမက ပွေ့ချီလိုက် နမ်းလိုက် ရှုပ်လိုက် လုပ်နေသည်များကို မတွေ့ချင်သော်လည်း တွေ့နေရသည်။ ကလေးနှစ်ယောက်ကိုကြည့်ပြီး စိတ်မသက်မသာ ဖြစ်နေ သော ကွမ်တာသည် သူတို့လူမျိုး ဘိုးဘွားဘီဘင်များမှတစ်ဆင့် ဆင်းသက် ခဲ့သည့် ဆိုရိုးစကားတစ်ခွန်းကို အမြဲသတိရနေမိသည်။ ထိုစကားမှာ 'နောက်ဆုံးတွင် ကြောင်သည် သူနှင့်ကစားနေသည့်ကြွက်အား သတ်စားပစ်သည်'ဟူသော စကားဖြစ်၏။

နွေရာသီတွင် ကစ်ဇီ လေးဘက်တွားသည်။ ညပိုင်းဆိုလျှင် ဘဲလ်နှင့်ကွမ်တာသည် တဲထဲ၌ထိုင်ကာ သမီးငယ် လေးဘက်တွားနေသည်ကိုကြည့်၍ ဝမ်းမြောက်ကြည်နူးခြင်း ဖြစ်ရသည်။ မစ္စအင်နီကလည်း သူလာသည့်အခါတိုင်း လေးဘက်တွားနေသော ကစ်ဇီ အား ရှေ့မှရပ်၍ 'လာလာ ဒီကိုလာ' စသည်ဖြင့်ခေါ်လေ့ရှိ၏။ ဤမြင်ကွင်းကိုမူ ကွမ်တာ သဘောမကျ။

ဤမကျေနပ်မှုကို အကြောင်းပြု၍ ဘဲလ်နှင့် ရေရေနှောနှောမနေဘဲ တစ်ယောက် တည်း တုံဏှိဘာဝေ လုပ်နေတတ်၏။ တစ်ခါတစ်ရံကျတော့လည်း အကြောင်းမဲ့ ဒေါသကြီးနေတတ်၏။ ထိုအပြုအမူများနှင့်ပတ်သက်၍ ဘဲလ်အနေဖြင့် သည်းခံ ခွင့် လွှတ်နိုင်သော်လည်း သူ့သခင်ရိပ်မိသွားမည်ကိုကား စိုးရိမ်ပူပန်မိပါသည်။

ထို့ကြောင့်လည်း ဘဲလ်သည် ကွမ်တာအား ဖျောင်းဖျရန်အားထုတ်သည်။ အထူး သဖြင့် ဤကလေးနှစ်ယောက်၏ ခင်မင်ရင်းနှီးမှုသည် အန္တရာယ်ဖြစ်လာဖို့မရှိကြောင်း နားဝင်အောင်ပြောပြသည်။ တစ်ချိန်က လူဖြူမတစ်ယောက်သည် သမီးကလေး တစ် ယောက် မွေးဖွားပြီး သေဆုံးသွားခဲ့ကြောင်း၊ ထိုကလေးအား နို့စို့အရွယ်သမီး တစ် ယောက်ရှိသည့် နီဂရိုးကျွန်မတစ်ယောက်က နို့တိုက်ပြီးစောင့်ရှောက်ခဲ့ကြောင်း၊ နို့စို့ဖက် ကလေးနှစ်ယောက်မှာ အတူတူကြီးပြင်းလာခဲ့ရသဖြင့် ညီအစ်မရင်းသဖွယ် ချစ်ခင်ခဲ့ ကြကြောင်း၊ ထို့နောက် သူတို့သခင် နောက်အိမ်ထောင်ပြုခဲ့ရာ နောက်ယူသည့်မိန်းမ

မြန်မာ စာအုပ်များ

က ကလေးမလေးနှစ်ယောက်၏ ချစ်ခင်တွယ်တာမှုကို သဘောမကျဖြစ်ခဲ့ကြောင်း ဤတွင် မိန်းမဖြစ်သူက သူ့ယောက်ျားအား နီဂရိုးသားအမိအား ရောင်းနိုင်းသဖြင့် ရောင်းပစ်ကြောင်း၊ ထိုအချိန်မှစ၍ လူဖြူမကလေးမှာ မကျန်းမမာဖြစ်ခဲ့ရာ ဖခင်ဖြစ်သူက သခင်ဝေါလားအားပင့်ခဲ့ကြောင်း၊ သခင်ဝေါလားက ရောင်းပစ်လိုက်သော လူမည်းမကလေးအား ပြန်ခေါ်မှသာ သူ့သမီး ကျန်းမာလာဖို့ရှိသည်ဟု အမှန်အတိုင်း ပြောခဲ့ကြောင်း စသည်ဖြင့်ပြောပြသည်။

'ဟိုလူဖြူက ဒေါသထွက်ပြီး သူ့မိန်းမကို ကြာပွတ်နဲ့ရိုက်မလို့လုပ်သတဲ့။ နောက်ပြီးတော့ သူရောင်းပစ်လိုက်တဲ့သားအမိကို မရမနေလိုက်ရှာတယ်။ တွေလည်းတွေ့ရော ပြန်ဝယ်လာခဲ့တယ်။ အိမ်လည်းရောက်ရော လူမည်းမကလေးကို သူ့သမီးရဲ့ အပိုင်ပစ္စည်း တစ်ခုအဖြစ် တရားဝင်လွှဲပေးခဲ့တယ်။ အဲဒီလူဖြူမနဲ့ လူမည်းမကလေးတွေဟာ ခုထက်ထိ အသက်ရှင်လျက်ပဲ။ အခုထက်ထိ နှစ်ယောက်စလုံး အိမ်ထောင်မပြုကြဘူး။ အပျိုကြီးဘဝနဲ့ အတူတူနေကြတုန်းပဲ' ဟု ဘဲလ်က သူ့ဇာတ်လမ်းကို အဆုံးသတ်သည်။

မည်သို့ပင်ဖြစ်စေ ဘဲလ်၏စကားများသည် ကွမ်တော့အတွက် မထူးခြားလှ။ ဘဲလ်အနေဖြင့် ဤဇာတ်လမ်းကို ပြောပြခြင်းသည် လူဖြူများနှင့်လူမည်းများကြားရှိ ချစ်ကြည်ရင်းနှီးမှုကို ဆန့်ကျင်နေသူများ စိတ်သဘောထား ပြောင်းလာစေရန် ရည်ရွယ်သည် ဆိုငြားအံ့၊ ထိုရည်ရွယ်ချက်သည် ကွမ်တော့အတွက် များစွာထိရောက်သည်ဟု မဆိုနိုင်ပေ။

[၇၀]

ကစ်ဗီအား မွေးဖွားသည့်အချိန်မှစ၍ ကွမ်တာနှင့် တယောဆရာတို့သည် ရေပြင်ကျယ်ကြီးကို ဖြတ်သန်းသွားမှ ရောက်နိုင်သည့် 'ဟေတီ'အမည်ရှိ ကျွန်းတစ်ကျွန်းမှလာသော သတင်းများကို သယ်ဆောင်လာတတ်ကြသည်။ သူတို့ကြားလာခဲ့သည့်သတင်းများအရ ဟေတီကျွန်းတွင် လူဖြူ သုံးသောင်းခြောက်ထောင်ခန့်ရှိ၍ အများစုမှာပြင်သစ်လူမျိုးများဖြစ်ကြောင်း၊ ကြံ၊ ကော်ဖီ၊ မဲနယ်နှင့် ကိုကိုး စိုက်ပျိုးရေးအတွက် လိုအပ်သမျှ ကျွန်များကို အာဖရိကမှ သင်္ဘောများနှင့် အခေါက်ပေါင်းများစွာ သယ်ခဲ့ရာ ယခုအခါ လူမည်းကျွန် သန်းဝက်ခန့်အထိ တိုးလာသဖြင့် လူဖြူအရေအတွက်ထက် အဆများစွာပိုနေကြောင်း စသည်များကို သိလာကြရ၏။

တစ်ညတွင် ဘဲလ်သည် သူ့သခင်ဝေါလားက သူညစာဖိတ်ကျွေးသည့် ဧည့်သည်များအား ပြောပြနေသောသတင်းများကို သယ်ဆောင်လာသည်။ ဟေတီနိုင်ငံရှိ လူဖြူသူဌေးကြီးများသည် ရှင်ဘုရင်ကြီးများသဖွယ် တခမ်းတနား စည်းစိမ်ခံနေထိုင်ကြာ

မြန်မာ စာအုပ်များ

ကျွန်ပိုင်ဆို၍ တစ်ယောက်တလေမျှပင်မရှိသော လူဖြူဆင်းရဲသားအများစုအပေါ် မတရားသဖြင့် အနိုင်ကျင့်နေကြသည်ဟု သူ့သခင်က သူ့ဧည့်သည်များအား ရှင်းလင်းပြနေသည်ကို သူကြားခဲ့ရသည်ဟု ဆိုသည်။

ထို့နောက် ဟောတီကျွန်းတွင် လူဖြူယောကျ်ားများနှင့် လူမည်းမိန်းမများ အဆက်အဆံပြုမှုများကြောင့် မျက်နှာဖြူနှင့်စပ်ကျသော ကပ္ပလီကပြား အရေအတွက်သည် နှစ်သောင်းရှစ်ထောင်အထိရှိနေပြီး ယင်းကပြားအားလုံးနီးပါးကို ကျွန်ပိုင်ရှင် ပြင်သစ်များနှင့် သခင်လူဖြူများက လွတ်လပ်ခွင့်ပေးခဲ့သည်ဟု သခင်ဝေါလားက ပြောသည်။ ဧည့်သည်တစ်ဦးက ယင်းကပြားများ၏ အသားရောင်မှာ လူဖြူများနှင့်အလွန်တူကြောင်း၊ ယင်းကပြားများက ဟောတီကျွန်းမှ အာဏာပိုင်များအား လာဘ်ထိုးကာ သူတို့၏ မိဘဘိုးဘွားများကို အင်ဒီယန်းသို့မဟုတ် စပိန် စသည်ဖြင့် လိမ်လည်၍ မှတ်တမ်းများတွင် ရေးသွင်းကြကြောင်းပြောသည်။ ထိုအခါ သခင်ဝေါလားက လူဖြူအများစုသည် သူတို့သေတမ်းစာများဖြင့် ယင်းကပြားများအား သူတို့ပိုင်မြေများနှင့် ကျွန်များကို တရားဝင် လွှဲပေးခဲ့ကြရာမှအစ ယခုအခါတွင် ယင်းကပြား အတော်များများသည် ဟောတီကျွန်း၏ မြေအားလုံး၏ ငါးပုံတစ်ပုံခန့်အထိ ပိုင်ဆိုင်နေကြပြီဖြစ်ကြောင်း၊ ယင်းတို့သည် နွေရာသီအပန်းဖြေခရီးထွက်သည့်အခါ ပြင်သစ်နိုင်ငံသို့သွားကြပြီး သူတို့သားသမီးများကိုလည်း လူဖြူလူချမ်းသာကြီးများ လုပ်သကဲ့သို့ ပြင်သစ်သို့ပို့၍ ပညာသင်နိုင်းကြကြောင်းထပ်မံပြောပြသည်။ ထိုသတင်းများကို ကြားကြရသောအခါ ဘဲလ်၏ပရိတ်သတ်သည် များစွာဝမ်းသာကြသည်။

ထိုအခါ တယောဆရာကလည်း ဟောတီကျွန်းရှိ လူဖြူဆင်းရဲသားများသည် သခင်ဝေါလားပြောသည့် ကပ္ပလီကပြားများနှင့်အသားဝါများကို အလွန်မုန်းတီးကြကြောင်း၊ ထို့ကြောင့် ၎င်းတို့က ပြင်သစ်အစိုးရထံ အသနားခံစာများ တင်သွင်းခဲ့ရာ ယခုအခါတွင် ကပြားများ ညမထွက်ရ၊ ဘုရားရှိခိုးကျောင်းများတွင် လူဖြူများနှင့် တပြေးတည်းမထိုင်ရ၊ လူဖြူများဝတ်ဆင်သည့်အစများကို လိုက်၍ မဝတ်ရ စသော ဥပဒေများပင်ပြဋ္ဌာန်းခဲ့ကြောင်း ပြောပြသည်။ တယောဆရာ၏အဆိုအရ ယခုလောလောဆယ်တွင် ဟောတီရှိ လူဖြူများနှင့် ကပြားများသည် သူတို့ချင်းသာ မုန်းတီးကြသည်မဟုတ်၊ သူတို့ နှစ်အုပ်စုစလုံးက သန်းဝက်ခန့်ရှိသော လူမည်းကျွန်များကို မုန်းတီးကြသည်ဟုသိရ၏။

ကွမ်တာကလည်း မြို့ထဲသို့ သူရောက်စဉ်က လူဖြူများပြောနေကြသည့် စကားများကို သူအမှတ်တမဲ့ကြားခဲ့ရကြောင်း၊ ဟောတီကျွန်းမှ လူမည်းကျွန်များ၏ ဘဝသည် ဤနိုင်ငံမှ ကျွန်များ၏ဘဝထက် အဆပေါင်းများစွာပိုဆိုးကြောင်း၊ သေသည်အထိ ရိုက်နှက်ခြင်းနှင့် အရှင်လတ်လတ် မြေမြှုပ်၍ သတ်ခြင်းတို့မှာ မထူးဆန်းတော့သည့်

မြန်မာ စာအုပ်များ

အပြစ်ဒဏ်များဖြစ်ကြောင်း၊ ကိုယ်ဝန်နှင့် ကျွန်အမျိုးသမီးများအား ကလေးပျက်ကျသည်အထိ မညှာမတာခိုင်းစေကြကြောင်း၊ လူမည်းတစ်ယောက်၏လက်များကို နံရံတွင် စို့များနှင့်ကပ်ရိုက်ကာ ဖြတ်ထားသည့် နားရွက်များကို စားခိုင်းခြင်း၊ လူဖြူမတစ်ဦးက သူ့ကျွန်အားလုံး၏လျှာများကို ဖြတ်ထားခြင်း၊ အစာငတ် ရေငတ်ဖြစ်ကာသေသည်အထိ လူမည်းကလေး၏ ပါးစပ်ကို ပိတ်ထားခြင်း စသော လူမဆန်သည့် ရက်စက်မှုများလည်းရှိကြောင်း ပြောပြသည်။

ယင်းကဲ့သို့ ကြောက်မက်ဖွယ်အဖြစ်အပျက်များကို ကြားခဲ့သိခဲ့ရသော ကွမ်တာသည် ၁၇၉၁ခုနှစ် နွေရာသီတွင် ဟေတီကျွန်း၌ လူမည်းကျွန်များ၏ တော်လှန်ပုန်ကန်မှုကြီးဖြစ်ပွားကြောင်းသတင်း ကြားရသည့်အခါ အံ့သြခြင်းမဖြစ်မိတော့ပေ။ တော်လှန်မှုမှာ အဆိုးဝါးဆုံးနှင့် သွေးထွက်သံယိုမှု အများဆုံးသော တော်လှန်မှုကြီးတစ်ခုဖြစ်သည်။ ထောင်ပေါင်းများစွာသော လူမည်းကျွန်များသည် ယာတောကြီးများအတွင်းသို့ ဝင်ရောက်စီးနင်းကာ လူဖြူများအား မုဒိမ်းကျင့် ၍ သတ်ဖြတ်ခြင်း၊ အဆောက်အုံများကို မီးရှို့ဖျက်ဆီးခြင်းစသော အလုပ်များကို လုပ်ကြသည်။ မြောက်ပိုင်း ဟေတီတစ်နယ်လုံး ပြာပုံအတိ ကျသွားခဲ့ရ၏။ အသက်မသေသော လူဖြူများကလည်း အပြင်းအထန် တိုက်ခိုက်ကြရုံမျှမက သူတို့ကျွန်များအား ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းဆဲသတ်ဖြတ်ကြသည်။ သို့သော်လည်း ယင်းလူဖြူအုပ်စုမှာ လူနည်းစုမျှသာဖြစ်သဖြင့် တစ်ကျွန်းလုံးသို့ ပျံ့နှံ့သွားသော တော်လှန်ရေးအရှိန်ကို ရပ်တန့်အောင် မစွမ်းဆောင်နိုင်ကြချေ။

ကွမ်တာက စပို့ဆီဗားနီးယား ကောင်တီခရိုင်နယ်မြေအတွင်းမှာ လူဖြူများသည် ထိုသတင်းကြောင့် များစွာထိတ်လန့်နေကြကြောင်း၊ ဒေါသလည်းဖြစ်နေကြကြောင်း၊ လူဖြူများ ဤမျှလောက်အထိ ကြောက်ရွံ့ထိတ်လန့်နေသည်ကို တစ်ခါမှ မမြင်ဖူးကြောင်း ပြောပြသည်။

'မင်းပြောသလိုချိုရင်တော့ လူဖြူတွေဟာ ဒီဗာဂျီးနီးယားပြည်နယ်ထဲမှာ နောက်ချုံးဖြစ်သွားတဲ့ ပုန်ကန်မှုအတွင်းကထက် ပိုပြီးကြောက်နေတဲ့ပုံပါလားကွာ'ဟု တယောဆရာက ပြောသည်။

'မင်း ငါတို့ဆီရောက်လာပြီး နှစ်နှစ် သုံးနှစ်လောက်အကြာမှာ ဖြစ်တာပေါ့ကွ၊ စဖြစ်တာက ဟင်အိုဗာကောင်တီခရိုင်နယ်ထဲက နယူးဝေးလ်မှာဖြစ်တာ၊ ခရစ္စမတ်ပွဲတော်အတွင်းပေါ့၊ လူဖြူအလုပ်ကြပ်တစ်ယောက်က နီဂရိုးလူငယ်တစ်ယောက်ကို ရိုက်တယ်၊ အဲဒီလူငယ်က ပေါက်ဆိန်နဲ့ပြန်ခုတ်တယ်၊ ပုဆိန်က မထိဘူး လွဲသွားရော။ အဲဒီမှာတင် ဘေးနားက တခြားနီဂရိုးတွေက လူဖြူနှစ်ယောက်ထပ်မိလာတော့ ကြိုးနဲ့တုပ်ပြီး ရိုက်ကြတယ်။ နောက်ဆုံး တူတေတွားမှာကို တနားလို့ စောစောက လူငယ်က ဝင်ကယ်ရတယ်။ အလုပ်ကြပ်ကောင်က လွတ်လည်းလွတ်ရော လူဖြူတွေဆီ အကူ

အညီသွားတောင်းတယ်။ အဲဒီတုန်းမှာပဲ စောစောကနီဂရိုးတွေက လူဖြူနှစ်ယောက် ထပ်မိလာတော့ ကြိုးတုပ်ပြီးရိုက်တယ်၊ သူတို့ရိုက်နေတုန်း လူဖြူတွေအများကြီး ရောက်လာတော့ နီဂရိုးတွေက ကျိုထဲဝင်ပုန်းနေကြတယ်၊ လူဖြူတွေက နီဂရိုးတွေကို ကျိုထဲက ထွက်လာပြီး လက်နက်ချဖို့ ချော့ပြောတာ မရဘူး။ နီဂရိုးတွေက တုတ်တွေ၊ ဓားတွေနဲ့ ပြေးထွက်လာကြပြီး လူဖြူတွေကို တိုက်ကြတယ်။ လူဖြူတွေက နီဂရိုးနှစ်ယောက်ကို သေနတ်နဲ့ ပစ်တတ်ကြတယ်။ လူဖြူတွေရော နီဂရိုးတွေရောနှစ်ဖက်စလုံး ဒဏ်ရာရတာ အများကြီးပဲ။ အခုလို ဟောတီကျွန်းမှာဖြစ်တာကြားတော့ လူဖြူတွေ ကြောက်မှာပေါ့ကွာ၊ တကယ်လို့ပုန်ကန်ရင် လူမည်းတွေကလည်း တူတို့လည်းပဲ တိုက်နိုင်ခိုက်နိုင်တယ်ဆိုတာ တိနေကြပြီကွ၊ ဒီဗာဂျီးနီးယားပြည်နယ်ထဲမှာသာ ပုန်ကန်မှုဖြစ်ရင် ဟောတီလိုဖြစ်မှာပဲကွ'

ထိုရက်များအတွင်း မြို့ထဲသို့ မကြာခဏရောက်သွားလေ့ရှိသော ကွမ်တာသည် ဘယ်နေရာရောက်ရောက် လူဖြူများ ထိတ်လန့်ကြောက်ရွံ့နေကြသည်ကို မြင်တွေ့နေရသည်။ လမ်းဆုံ လမ်းခွများ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ အရက်ဆိုင်များ၊ ဘုရားရှိခိုးကျောင်း အစည်းအဝေးခန်းမများ၌ စု၍ စကားပြောနေကြသော လူဖြူများသည် လူမည်းများကိုမြင်လျှင် မျက်မှောင်ကြုတ်ကာ မလိုတမာကြည့်ကြသည်။ သူ၏ သခင်ဝေါလားသည်ပင်လျှင် ဤရက်များအတွင်း၌ များစွာအချိုးပြောင်းနေသည်ကို ကွမ်တာ သတိထားမိသည်။ စပိုဆီဗာနီးယားကောင်တီတွင်းမှ ပုလိပ်လုံခြုံရေးတပ်ဖွဲ့များသည် လမ်းများပေါ်၌ အမြဲမပြတ် ကင်းလှည့်နေကြသည်။ တွေ့သမျှလူမည်းများအား စစ်ဆေးမေးမြန်းခြင်း၊ ခရီးသွားခွင့်လက်မှတ်များ စစ်ဆေးခြင်း၊ မသင်္ကာလျှင် ဖမ်းဆီး၍ အချုပ်ချခြင်း၊ ရိုက်နှက်ခြင်း စသည်များကို ပြုလုပ်ကြသည်။

ယာပိုင်ရှင်များသည် အစည်းအဝေးတစ်ခုပြုလုပ်ကာ ကျွန်များ၏ ကောက်ရိတ်သိမ်းပွဲကို ကျင်းပခွင့်မပြုရန်နှင့် ယာတောပြင်ပ၌ လူမည်းများစုရုံးခွင့်မပေးရန် ဆုံးဖြတ်ကြသည်။

ဤရက်များအတွင်း ကွမ်တာသည် အိမ်ထဲ၌ နေခွင့်ရသည့်အခါတိုင်း ဟောတီကျွန်းမှ နောက်ဆုံးသတင်းများအား ဘဲလ်ကို စုံစမ်းမေးမြန်းလေ့ရှိသည်။ ဘဲလ်ကလည်း သူ့သခင်၏ သတင်းစာဟောင်းများထဲမှ 'လူ့အခွင့်အရေးဆိုင်ရာ ဥပဒေကြမ်း' ရေးဆွဲသည့် သတင်းမှအစ ဟောတီကျွန်း၌ နောက်ဆုံးဖြစ်ပျက်နေသည့် အရေးအခင်းများကိုပါ သူသိသလောက် ဖောက်သည်ချသည်။ ဘဲလ်၏စကားအရ ဟောတီကျွန်းများ၏တော်လှန်ရေး ဤနိုင်ငံအတွင်းသို့ ကူးစက်မလာနိုင်အောင် ကျွန်နီဂရိုးများအား နှိပ်ကွပ်ရေးအစီအစဉ်များ ပြုလုပ်နေသည်မှာ ထင်ရှားလျက်ရှိ၏။ တင်းကျပ်သော စည်းကမ်းဥပဒေများနှင့် ပြင်းထန်သော အပြစ်ဒဏ်ချမှတ်ခြင်းများသည် နေရာတိုင်း၌ ဖြစ်ပေါ်လျက်ရှိလေပြီ။

စိတ်ကူးချိုချို

နောက် တစ်လနှစ်လအတွင်းတွင် ဟောတီသတင်းသည် ပြည်းပြည်းချင်း မေးမှိန်သွားသည်။ အခြေအနေတင်းမာမှုများသည်လည်း မသိမသာလျော့နည်းလာသည်။ ချုပ်ချယ်မှုများသည်လည်း တောင်ပိုင်းပြည်နယ်တစ်ဝန်းလုံးတွင် လျော့လာသည်။ ကောက်သိမ်းပွဲစပြီး ဝါဂွမ်းဈေးကောင်းရသဖြင့် လူဖြူအားလုံး ဝမ်းသာနေကြသည်။ တယောဆရာမှာလည်း နားရသည်မရှိ။ လူဖြူအိမ်ကြီးများ၌ကျင်းပသည့် ပါတီပွဲများနှင့် ကပွဲများသို့သွား၍ မနားတမ်းဧည့်ခံနေရသည်။ 'လူဖြူဆရာတွေတော့ ဝါဂွမ်း ဈေးကောင်းရတာနဲ့ အတက်ထွက်အောင်ကနေကြပြီ' ဟု တယောဆရာက ကွမ်တာအား ပြောသည်။

လူဖြူများ၏စိတ်ချမ်းသာမှုသည် ကြာရှည်မတည်တံ့ခဲ့ပေ။ ကွမ်တာသည် ကောင်တီခရိုင်နယ်မြေရုံးရောက်တိုင်း လူဖြူများ၏ ဒေါသတကြီး ပြောဆိုငြင်းခုံနေသံများ ကြားရပြန်သည်။ သူတို့ပြောနေကြသည်များမှာ တစ်နိုင်ငံလုံး၌ ကျွန်စနစ်ဆန့်ကျင်ရေးအသင်းများ ပေါ်ပေါက်နေသည့်ကိစ္စဖြစ်၏။ အသင်းများကို မြောက်ပိုင်း၌သာမက တောင်ပိုင်း၌ပါ ဖွဲ့စည်းတည်ထောင်လာခြင်းဖြစ်ရာ ယာပိုင်ရှင်ကြီးများက ဤအသင်းများကို လူဖြူအမျိုးသား သစ္စာဖောက်များက ဖွဲ့စည်းခြင်းဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသည်။ ကွမ်တာသည် သူကြားခဲ့ရသည့် သတင်းများကို ဘဲလ်အား- ပြောပြသည်။

'လူဖြူတွေထဲမှာလည်း စိတ်ကောင်းရှိတဲ့လူဖြူတွေ အများကြီးရှိတယ်ဆိုတာတော့ ရှင့်ကို ကျွန်မက ပြောပြရမှာပဲ'ဟု ဘဲလ်က ပြောသည်။ 'အာဖရိကန်နီဂရိုးတွေကို သင်္ဘောနဲ့သယ်လာကတည်းက မကြိုက်တဲ့လူဖြူတွေ ရှိခဲ့တယ်။ ကွိတ်ကားခရစ်ယာန်ဘာသာဝင်တွေဆိုရင် ကျွန်စနစ်ကို ဆန့်ကျင်ကြတယ်။ သူတို့အုပ်စုထဲမှာလည်း ကျွန်တွေပိုင်တဲ့လူတွေရှိကြတာပဲ။ ဒါပေမဲ့ သူတို့ ဓမ္မဆရာတွေက နီဂရိုးတွေလည်း လူသားတွေပါ၊ တခြားလူသားတွေလိုပဲ လွတ်လပ်ခွင့်ရှိကြပါတယ်လို့ ဟောကြတယ်။ ဒါနဲ့ပဲ ကွိတ်ကားဘာသာဝင် ယာပိုင်ရှင်ကြီးတွေဟာ သူတို့ကျွန်တွေကို လွတ်လပ်ခွင့်ပေးကြတယ်။ ထွက်ပြေးလာကြတဲ့ ကျွန်တွေကို ဝှက်ထားကြတယ်။ မြောက်ပိုင်းရောက်အောင် ပို့ပေးကြတယ်။ မက်သဒစ်တွေကလည်း ကျွန်စနစ်ကို မကြိုက်ကြဘူး။ ကျွန်စနစ်ဟာ ဘုရားသခင်ရဲ့အလိုကို ဆန့်ကျင်တယ်လို့ ဟောကြတယ်။ နီဂရိုးတွေကို ကျွန်ဘဝက လွတ်လပ်ခွင့်ပေးမယ့် ဥပဒေတွေလုပ်ဖို့ ကွိတ်ကားနဲ့ မက်သဒစ်ဘာသာဝင်တွေက လှုံ့ဆော်နေကြတာပဲ'

ဘဲလ်က ကွမ်တာသဘောပေါက်အောင်ရှင်းပြသည်။

ကွမ်တာကတော့ သူသွားလေရာ ရောက်လေရာတွင် ကျွန်စနစ်ဆန့်ကျင်သည့် စကားတစ်လုံးတစ်ပါဒမျှ မကြားရ။ သူ့သခင်၏ မြင်းရထားနှင့် အကြံ့လိုက်လာသည့် လူဖြူ လူချမ်းသာကြီးများ၊ နိုင်ငံရေးသမားများ၊ ရှေ့နေများနှင့် ကုန်သည်ကြီးများ၏

မြန်မာ စာအုပ်များ

ပါးစပ်မှ လူမည်းများကြောင့်ဖြစ်လာသည့် ပြဿနာများအကြောင်းကိုသာ ဖြစ်တင် ပြောဆိုလေ့ရှိကြ၏။

ကျွန်များအား အောင်မြင်စွာ စီမံခန့်ခွဲနိုင်လိုသော လူတစ်ယောက်သည် အာဖရိက သစ်တောကြီးများအတွင်း ကြီးပြင်းခဲ့ကြသော နီဂရိုးများ၌ မိုက်မဲခြင်း၊ ပျင်းရိခြင်း၊ သန့်ရှင်းစွာမနေတတ်ခြင်းစသော တိရစ္ဆာန်များထံမှရခဲ့သော အလေ့အထများ၊ ရှိနေကြောင်း နားလည်ထားရမည်။ ခရစ်ယာန်ဘာသာဝင်တို့သည် ဤလူမည်းများအား စည်းကမ်းလိုက်နာခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းနှင့် အလုပ်ရှိသေခြင်း စသော အလေ့အထကောင်းများရလာအောင် သင်ကြားပေးရမည့်တာဝန်ရှိသည်။ ဤတာဝန်ကို ဆောင်ရွက်ရာ၌ ဥပဒေစည်းကမ်းများနှင့် အပြစ်ဒဏ်ပေးခြင်းများကို လိုအပ်သလို သုံးရမည် စသည့် စကားများကိုသာ ထိုလူများထံမှ ကွမ်တာကြားရ၏။

ထို့ပြင်လည်း ကျွန်စနစ်ဆန့်ကျင်ရေးအသင်းများမှ အော်မြည်နေကြခြင်းသည် မြောက်ပိုင်းဒေသ၌ အကျယ်လောင်ဆုံးဖြစ်ကြောင်း၊ မြောက်ပိုင်းနယ်သားများသည် ယာမြေကြီးများအုပ်ချုပ်၍ လူမည်းကျွန်များအား ခိုင်းစေဖူးသူများမဟုတ်သဖြင့် ဤစကားမျိုး ပြောနေခြင်းဖြစ်ကြောင်း စသည်များကိုလည်း ဤလူစု၏ ပါးစပ်မှ ထွက်လာသည်ကို ကြားရ၏။

ဤကဲ့သို့သော စော်ကားမော်ကားနိုင်လွန်းလှသည့် စကားများကို ကြားရဖန် များသည့်အခါ ကွမ်တာ့နားတွင် ရိုးသလိုဖြစ်လာသည်။ ခံနိုင်ရည်ရှိလာသည်။ ဥပေက္ခာ ပြုနိုင်လာသည်။ သို့သော် တစ်ခါတစ်ရံတွင် မြင်းရထားကိုမောင်းနေရင်း အတွေးတစ်ခု ဝင်လာတတ်သည်။ အာဖရိကမြေပေါ်သို့ ခြေချလာသည့် တိုးဘော့တိုင်း မိမိတို့နိုင်ငံသားများက ဘာ့ကြောင့် မသတ်ပစ်ကြသနည်း။ သူသည် ဤမေးခွန်းကို သူ့ကိုယ်သူ ကျိတ်၍ မမေးဘဲမနေနိုင်။ မေးမိတိုင်းလည်း သူလက်ခံနိုင်သည့်အဖြေကို လုံးဝမရ။

[၇၁]

ဩဂုတ်လကုန်ခါနီး ပူအိုက်သော်နေ့တစ်နေ့၏ မွန်းတည့်အချိန်ခန့်တွင် အန်တီဆုကေး သည် ခရမ်းချဉ်ခင်းထဲရောက်နေသော တယောဆရာထံ သုတ်သီးသုတ်ပျာ ရောက်လာ သည်။ ဥယျာဉ်မှူးအဘိုးအိုသည် ယနေ့ နံနက်စာ လာ၍မစား။ နေ့လယ်စာပါ လာ၍ မစားသဖြင့် သူစိတ်ပူလာကာ အဘိုးအို၏တဲသို့သွားသည်။ ပိတ်ထားသောတံခါးကို အပြင်မှခေါက်သော်လည်း အထဲမှအဖြေမပေး။ ထို့ကြောင့် စိတ်မအေးဖြစ်ကာ တယော ဆရာထံလာ၍ အဘိုးအိုကိုတွေ့မိသလားဟု မေးမြန်းခြင်းဖြစ်သည်။

စိတ်ကူးချိုချို

'အန်တီဆုကေး လာပြောတော့ ငါ တူ့တဲကို တွားကြည့်တာကွ'ဟု ထိုညတွင် တယောဆရာက ကွမ်တာအား ပြန်ပြောပြသည်။

'တူက အိပ်ရာပေါ်မှာ ပက်လက်ဖြစ်နေတယ်။ အေးအေးဆေးဆေးပဲ။ မျက်နှာကလည်း ပြုံးနေတယ်။ အိပ်ပျော်နေတလိုပါပဲကွာ'ဟု တယောဆရာက ဆက်ပြောသည်။ တယောဆရာသည် ထိုသတင်းကို ယာတောထဲမှ အလုပ်သမားများထံ သွားပြောသည်။ သခင်၏လူယုံ ကာတိုနှင့် အဘိုးအိုအလောင်းကို ရေချိုးပေးပြီး ပျဉ်ပြားတစ်ချပ်တွင် အလောင်းစင်ပြင်၍ အလောင်းကို တင်ထားလိုက်သည်။ ထို့နောက် မိရိုးဖလာထုံးစံအတိုင်း ဝမ်းနည်းခြင်းအထိမ်းအမှတ်တစ်ခုအဖြစ် အဘိုးအို၏ ကောက်ရိုးဦးထုပ်ကို တဲတံခါး၌ ချိတ်ထားပေးသည်။

ကွမ်တာသည် ဝမ်းနည်းစွာဖြင့် သူ့တဲသို့ ပြန်လာသည်။ သူ စိတ်ထိခိုက်ခြင်းမှာ အကြောင်းနှစ်ကြောင်းရှိသည်။ တစ်ကြောင်းမှာ သူအလွန်ခင်သောအဘိုးအို သေဆုံးသွား၍ ဖြစ်၏။ ဒုတိယအကြောင်းမှာ ကစ်ဇီမွေးပြီးကတည်းက သူသည် အဘိုးအိုထံ မှန်မှန်မရောက်ခဲ့၍ဖြစ်သည်။ ယခုတော့ နောက်ကျသွားပေပြီ။ ပြန်ပြင်၍မရနိုင်တော့သည့် ကိစ္စတစ်ခု ဖြစ်သွားခဲ့ပြီ။

သူထင်ထားသည့်အတိုင်းပင် ဘဲလ်သည် မျက်ရည်စက်လက်ဖြစ်နေသည်။ သို့သော်လည်း သူငိုကြွေးနေရသည့်အကြောင်းရင်းကို ဘဲလ်က ပြောပြသည့်အခါ ကွမ်တာမှာ အံ့အားသင့်နေရ၏။ 'သူဟာ ကျွန်မ မမြင်ဖူးခဲ့တဲ့ ကျွန်မအဖေနဲ့တူတယ်လို့ ကျွန်မစိတ်ထဲမှာ အမြဲထင်တယ်'ဟု ဘဲလ်က ငို၍ပြောသည်။

'ကျွန်မ ဒီယာတောပေါ် ဘယ်ကနေပြီး ဘယ်လိုရောက်လာတယ်ဆိုတာ သူ့ကို လုံးဝအသိမပေးခဲ့ဘူး။ သူကလည်း ကျွန်မကို သူ့အကြောင်းအသိမပေးခဲ့ဘူး'

ဘဲလ်နှင့်ကွမ်တာသည် ညစာကို တိတ်တိတ်ဆိတ်ဆိတ်စားကြသည်။ ထို့နောက် ကစ်ဇီအားချီ၍ အသုဘအခမ်းအနားဝတ်ပြုပွဲဘက်သို့ ထွက်လာခဲ့ကြသည်။ ကွမ်တာသည် တခြားလူများနှင့် ခပ်ခွာခွာ၌ထိုင်ကာ ကစ်ဇီအား ရင်ခွင်၌တင်ထားသည်။ ပထမအကြိမ် ဝတ်ပြုအပြီးတွင် စန္ဒတာမန်ဒီက 'အဘိုးအို မသေမီက သူ့ဆွေမျိုးသားချင်းများအကြောင်း ပြောခဲ့ဖူးသလား'ဟု မေးသည်။ တယောဆရာက 'တစ်ခါတုန်းကတော့ တူ ငါ့ကိုပြောဖူးတယ်။ တူ့အမေ ဘယ်သူဘယ်ဝါချိုတာတောင် တူ မတိဘူးတဲ့။ တူ့ဆွေမျိုးတားချင်းနဲ့ပတ်သက်လို့ တူ့ချီက အဲဒီစကားပဲ ကြားဖူးတာပဲ'ဟု ပြောသည်။ တကယ်တော့ တယောဆရာသည် အဘိုးအိုနှင့် အနီးစပ်ဆုံးလူဖြစ်၏။ သူမှမသိလျှင် အခြားလူများသိဖို့မလွယ်။ အဘိုးအိုသေဆုံးသည့်သတင်းကို ပို့စရာလူဟူ၍ ရှိလိမ့်မည် မဟုတ်ဟုပင် ဆုံးဖြတ်ကြသည်။

မြန်မာ စာအုပ်များ

နောက်တစ်ကြိမ် ဝတ်ပြုကြပြန်သည်။ ဓမ္မတေးတစ်ပုဒ်ကို သီဆိုကြသည်။ ထို့နောက် အန်တီဆုကေးက...

'သူဟာ ဝေါလားမိသားစုရဲ့ ဆွေမျိုးစုထဲက ဆွေမျိုးသားချင်းတစ်ယောက်လို နေလာခဲ့ရတာ၊ သခင်ဝေါလားငယ်ငယ်တုန်းက သူ့ပခုံးပေါ်မှာထမ်းထမ်းပြီး နေလာခဲ့ရတာလို့ ပြောပြခဲ့ဖူးတယ်။ ဒါကြောင့်လားတော့မသိဘူး၊ သခင်ဝေါလားကြီးလာလို့ ကိုယ်ပိုင်အိမ်ကြီးဆောက်နိုင်တဲ့အခါမှာ အဘိုးအိုကို သူ့မိဘဆီကဝယ်ပြီး ဒီလိုခေါ်လာခဲ့တာပဲ'

'သခင်ကလည်း အဘိုးအိုသေတာ စိတ်မကောင်းဖြစ်နေပါတယ်'ဟု ဘဲလ်က ပြောသည်။

'ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ရှင်တို့အားလုံး မနက်ဖြန် နေ့တစ်ဝက် အလုပ်ပိတ်ပေးမယ်လို့ မှာလိုက်တယ်'

'အေးပေါ့ဟယ်၊ သူ့ကိုကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်ရတာပေါ့'ဟု နီအာ၏မိခင်အေဒါက ဝင်ထောက်ခံသည်။

'ဝေါလားမိသားစုက အဆင့်အတန်းမြင့်ကြပါတယ်၊ ဒီကိစ္စမျိုးမှာ သိတတ်ကြပါတယ်၊ ကျွန်မတို့ ပူစရာမလိုပါဘူး'ဟု ဘဲလ်က ပြောသည်။

ထိုအခါ အခြားလူများကပါ ယာပိုင်ရှင်အချို့လူဖြူများသည် သူတို့အိမ်၌ မိသားစုအစဉ်အဆက် အမှုထမ်းခဲ့ကြသော ထမင်းချက်များနှင့် ကလေးထိန်းကြီးများ သေဆုံးသည့်အခါ သူတို့ကိုယ်တိုင် ကမကထပြု၍ အသုဘအခမ်းအနား ကျင်းပပေးလေ့ရှိကြောင်း ပြောကြသည်။

'အဲဒါမျိုးကျတော့ သူတို့သုသာန်မှာတောင် အမြှုပ်ခဲ့ကြတယ်ကွ၊ မြေပုံပေါ်မှာလည်း ကျောက်တုံးတွေဘာတွေချပြီး အမှတ်အသားလုပ်ပေးကြတယ်'ဟု တစ်ဦးက ဆိုသည်။

အလွန်မွန်မြတ်သော စေတနာမေတ္တာဖြစ်ပါ၏။ သို့သော်လည်း သေခါမှ ရရှိလာသော စေတနာမျိုးဖြစ်သဖြင့် အလွန်နောက်ကျသည်ဟု ကွမ်တာ တွေးမိသည်။ ဤမေတ္တာမျိုးကျတော့ တန်ဖိုးမရှိဟုပင်ထင်၏။ သူကောင်းစွာမှတ်မိနေသည်။ အဘိုးအိုက သူ့အားဖွင့်ဟခဲ့သည့် ဇာတ်လမ်း...။

အဘိုးအိုသည် သခင်ဝေါလား၏ မိဘများအိမ်သို့ အလွန်ကျန်းမာသန်စွမ်းသော လူငယ်တစ်ဦးအဖြစ် ရောက်လာခဲ့သည်။ ရောက်ချိန်မှစ၍ အကူမြင်းထိန်းအလုပ်ကို တာဝန်ယူခဲ့ရ၏။ နှစ်ပေါင်းများစွာ လုပ်လာခဲ့ပြီးသည့်နောက် မြင်းအကန်ခံရသဖြင့် ဒဏ်ရာပြင်းထန်စွာရခဲ့သည်။ ထို့နောက် မြင်းဇောင်း၌ပင် ဆက်၍ တာဝန်ယူနေရင်း မစွမ်းမသန်ဖြစ်လာခဲ့ရ၏။ နောက်ဆုံးတွင် သခင်ဝေါလားက သူ့မိဘများထံမှ သူ့အား ခေါ်ယူခဲ့ပြီး သူလုပ်နိုင်သည့် အလုပ်ကိုသာလုပ်၍ နေထိုင်သွားဖို့ ပြောခဲ့သည်။

သူ့ထံသို့ အကူ ဥယျာဉ်မှူးအဖြစ် ကွမ်တာရောက်သွားချိန်တွင် အဘိုးအိုမှာ အတော်ကြီး အိုမင်းမစွမ်း ဖြစ်နေခဲ့လေပြီ။

ကွမ်တာသည် သွားရင်းလာရင်း သူမြင်ခဲ့ရဖူးသည့် အဘိုးအိုတစ်ဦးအား သတိရမိသည်။ ထိုအဘိုးအိုမှာလည်း သခင်များက သဘောကောင်းသဖြင့် အသက်ကြီးလာသည့်အခါ အေးအေးဆေးဆေး နားနားနေနေနေခွင့်ရခဲ့သူဖြစ်၏။ မနက်ဆိုလျှင် လူမည်းလူငယ်များက သူ့အား ဥယျာဉ်ထဲသို့ မွေ့၍ ပို့ပေးရသည်။ သူကလည်း ဥယျာဉ်ထဲ၌ လဲလျောင်းကာ မြက်ပင် လျှော်ပင် စသည်တို့ဖြင့် လူ့အသုံးအဆောင်ပစ္စည်း အတိုအထွာလေးများ ထိုးသည်။ တကယ်တော့ ယင်းအဘိုးအိုများသည် ရှားရှားပါးပါး ကံထူးသူများဖြစ်သည်။ အများအားဖြင့် ကျွန်လူမည်းအဘိုးအိုများသည် အသက်ကြီးလာ၍ အလုပ်မလုပ်နိုင်လေ ရက်စက်စွာအရိုက်ခံရလေဖြစ်သည်။ နောက်ဆုံး လုံး၀ အသုံးမဝင်တော့ဟု ယူဆသည့်အခါ ဒေါ်လာ နှစ်ဆယ် သုံးဆယ်နှင့် အောက်ဈေးချ၍ ရောင်းကြသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ယာပိုင်ရှင်ကြီးများဖြစ်ရမည်ဟူသော ရည်မှန်းချက်ဖြင့် အလုပ်လုပ်နေကြသော ဆင်းရဲသားယာသမားများက ဝယ်ယူသွားကြသည်။ သူတို့လက်ထဲရောက်သွားပြန်တော့လည်း အဘိုးအိုများသည် သေသည်အထိ မနားမနေအနိုင်းခံကြရပြန်သည်။

သူ့အတွေးနှင့်သူ ငြိမ်နေသော ကွမ်တာသည် သူ့ဘေးမှ လူများ ထကြသည့်အခါ ကျမှပင် သတိပြန်ဝင်လာသည်။ ဝတ်တက်ပြီး၍ တဲသို့ပြန်ရောက်သောအခါ မိုးလင်းဖို့ နာရီအနည်းငယ်မျှသာလိုတော့၏။

မနက်စာစားအပြီးတွင် တယောဆရာသည် အဘိုးအို၏အလောင်းကို အနက်ရောင်ဝတ်စုံဟောင်းတစ်စုံ ဝတ်ဆင်ပေးသည်။ သခင်ဝေါလား၏ဖခင်က အဘိုးအိုအား လွှန်ခဲ့သောနှစ်ပေါင်းများစွာက ပေးထားခဲ့သည့်ဝတ်စုံဖြစ်သည်။ အဘိုးအို၏ အခြားအကျီဘောင်းဘီများကိုမူ အားလုံးစု၍ မီးရှို့ခဲ့ပြီးပြီဖြစ်၏။ သူတို့၏ ဓလေ့ထုံးစံအရ လူသေ၏အဝတ်အစားများကို သေသည်နှင့်တစ်ပြိုင်နက် ဖျက်ဆီးပစ်ကြရစမြဲဟု ဘဲလ်က ကွမ်တာအားရှင်းပြသည်။ ထို့နောက် ကာတိုက အလောင်းကို ပျဉ်ချပ်တွင် ကပ်ချည်လိုက်သည်။

သခင်ဝေါလားသည် အနက်ရောင်သမ္မာကျမ်းစာအုပ်ကိုကိုင်၍ ရောက်လာသည်။ အဘိုးအို၏အလောင်း လားဆွဲလှည်းပေါ်တင်၍ ရှေ့ဆုံးမှ သွားစေသည်။ အလောင်း၏နောက်မှ ကျွန်လူမည်းများ၊ သူတို့နောက်မှ သခင်ဝေါလားကလိုက်သည်။ လူမည်းများသည် ကွမ်တာမကြားဖူးသည့် သီချင်းတစ်ပုဒ်ကို ကျွန်သချိုင်းရောက်သည်အထိ တစ်လမ်းလုံး မရပ်မနားသီဆိုလာကြသည်။ သချိုင်းသို့ရောက်သည့်အခါ လူမည်းအားလုံး 'သရဲတစ္ဆေ'ဟု ခေါ်နေကြသည့်အရာကို ကြောက်ရွံ့နေကြသည်။ ဤနိဂရိုးများ

သည် ကြောက်ရွံ့နေကြသော 'သရဲ'ဆိုသည်မှာ မိမိတို့အာဖရိကၣ် 'မကောင်းဆိုးဝါး' ဟုခေါ်နေကြသည့် ဝိညာဉ်ဆိုးများနှင့်အတူတူဖြစ်လိမ့်မည်ဟု ကွမ်တာတွေးမိသည်။ ကွမ်တာတို့လူမျိုးများသည်လည်း မကောင်းဆိုးဝါးများကို ကြောက်သဖြင့် သချိုင်းမြေကို ဝေးဝေးကရှောင်ကြသည် မဟုတ်ပါလား။

သခင်ဝေါလားသည် အဘိုးအိုအားမြှုပ်မည့် မြေပုံတစ်ဖက်၌ ရပ်သည်။ ကျွန်များက သူနှင့်မျက်နှာချင်းဆိုင်၍ အခြားတစ်ဖက်တွင် ရပ်ကြသည်။ အန်တီဆုကေးက ရှေးဦးစွာ ဘုရားကန်တော့၍ ဆုတောင်းစာရွတ်သည်။ ထို့နောက် ပါးလ်အမည်ရှိ မိန်းကလေးက ကြေကွဲဖွယ်ကောင်းသည့် သီချင်းတစ်ပုဒ်ကို သီဆိုသည်။

'ပင်ပန်းမောဟိုက်နေတဲ့ အကျွန့်ဝိညာဉ်ရယ်...
လာရင်း၌ာနေကို မြန်မြန်ပြန်ပါတော့ကွယ်။
ကောင်းကင်ဘုံမှ ခေါ်သံကို၊
ဒီနေ့ပဲ အကျွန်ကြားနေရပါတယ်...။
အကျွန့်ဝိညာဉ်ရယ်...၊ မြန်မြန်ပြန်ပါကွယ်၊
အကျွန့်ဒုစရိုက်မှုတွေကို ခွင့်လွှတ်လိုက်ပါပြီကွယ်၊
အကျွန့်ဝိညာဉ်ဟာ လွတ်မြောက်ခွင့်ရပါပြီကွယ်'

ထို့နောက် သခင်ဝေါလားက ဦးခေါင်းကိုငုံ့၍ စကားပြောသည်။

'ဂျီးဆီဖတ်စ်၊ သင်ဟာ သစ္စာရှိတဲ့ကျွန်ကောင်းတစ်ယောက် ဖြစ်ပါတယ်။ ဘုရားသခင်က သင့်ဝိညာဉ်အား စောင့်ရှောက်ပါစေ၊ အာမင်'

ဝမ်းနည်းကြေကွဲနေသည့်ကြားမှပင် ကွမ်တာသည် အဘိုးအိုနာမည် 'ဂျီးဆီဖတ်စ်' ဟု သိလိုက်ရသောအခါ မအံ့သြဘဲမနေနိုင်။ ဤနာမည်သည် နာမည်ရင်းတော့မဖြစ်နိုင်။ နာမည်ကိုသာသိရလျှင် အဘိုးအို၏လူမျိုးကို သိနိုင်ဖွယ်ရာရှိ၏။

ကာတိုနှင့် သူ့အဖော်များသည် အဘိုးအို၏အလောင်းကို တွင်းထဲသို့ ကြိုးများနှင့် သိုင်း၍ လျှောချနေကြသည်။ အားလုံးက စိတ်မကောင်းဖြစ်သော မျက်နှာများဖြင့် စောင့်ကြည့်နေကြသည်။ ထို့နောက် မြေဖို့ကြသည်။ သူ့ရင်ဘတ်နှင့် မျက်နှာပေါ်သို့ ကျသွားနေကြသည့် မြေကြီးခဲများနှင့် ဖုန်မှုန့်များ။ ကွမ်တာ့ဘေးမှ မိန်းမများ၏ ငိုကြွေးသံများ။ ကွမ်တာ၏မျက်လုံးအစုံတွင် စို့နေသည့် မျက်ရည်စများ။ ယောကျ်ားများ၏ လည်ချောင်းရှင်းသံများနှင့် နှပ်ညှစ်သံများ။

သူ့သာန်မှ ပြန်လာသောအခါ ကွမ်တာ၏အတွေးသည် သူ့ရွာဆီသို့ ပြန်သွားလျက်ရှိ၏။ ဂျပ်ဖူရီရွာတွင် မိသားစုက အချစ်ဆုံး၊ မိတ်ဆွေအပေါင်းအသင်းများက အခင်ဆုံး လူတစ်ယောက် သေဆုံးလျှင် အားလုံးက ငိုကြွေးကြသည်။ ကျန် ရွာသူရွာသားများကတော့ အသုဘအိမ်အပြင်ဘက်၌ ကခုန်နေကြသည်။ သူတို့ အာဖရိကန်

မြန်မာ စာအုပ်များ

များအနေဖြင့် ပျော်ရွှင်မှုမရှိဘဲ ဝမ်းနည်းမှုမရှိနိုင်၊ ဘဝမရှိဘဲ သေခြင်းမရှိနိုင်ဟု ယုံကြည်ကြသောကြောင့်ဖြစ်၏။ ဤသဘောတရားကို သူ့အဘွားယေဆာ ကွယ်လွန်စဉ်က သူ့ဖခင် အိုမိုရိက ရှင်းပြခဲ့ဖူးသည်။ ထိုစဉ်က အိုမိုရိက 'ငါ့မနေနဲ့တော့ ကွမ်တာ၊ မင့်အဘွားဟာ ရွာတိုင်းမှာရှိနေတဲ့ လူသုံးမျိုးဆီရောက်မှာ။ တစ်မျိုးက ဘုရားသခင်နဲ့နေတဲ့လူတွေ၊ ဒုတိယတစ်မျိုးက အသက်ရှင်နေဆဲလူတွေ၊ တတိယတစ်အမျိုးအစားက မမွေးဖွားသေးတဲ့လူတွေ။ အဲဒီထဲက လူစားတစ်မျိုးဆီကိုသွားမှာ'ဟု ပြောပြခဲ့သည်။

ကွမ်တာသည် ဤအကြောင်းကို ဘဲလ်အား နားလည်အောင် ပြောပြချင်စိတ်ဖြစ်သည်။ သို့သော်လည်း ဘဲလ် နားလည်မည်မဟုတ်။ ထိုအတွေးကြောင့် ကွမ်တာသည် စိတ်ထိခိုက်ခြင်းဖြစ်ရပြန်၏။ မည်သို့ပင်ဖြစ်စေ နောင်တစ်နေ့ကျလျှင်တော့ သမီးလေး ကစ်ဇီအား သူဘယ်သောအခါမှ မြင်ဖူးလိမ့်မည်မဟုတ်သော မိမိ၏ မွေးရပ်ဌာနေအကြောင်း ပြောပြမည်ဟု အခိုင်အမာသန္နိဋ္ဌာန်ချလိုက်သည်။

[၇၂]

ဥယျာဉ်မှူးအဘိုးအို သေဆုံးသွားသည့်ခါ ကွမ်တာသည် ဖြေ၍မရဖြစ်နေသည်။ တမှိုင်မှိုင် တတွေတွေ နေလွန်းအားကြီးသဖြင့် တစ်ညတွင် ကစ်ဇီအိပ်ပျော်သွားသည်နှင့် ဘဲလ်က ကွမ်တာအား ဖျောင်းဖျသည်။

'ဒီမယ်ကွမ်တာ၊ ရှင်ဘယ်လောက်စိတ်ထိခိုက်နေတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ ဒီလိုဖြစ်နေဖို့ကတော့မတော်ဘူး။ ရှင့်ကိုယ်ရှင် သတိထားဦးမှပေါ့။ ကျွန်မတို့သမီးလေး ကစ်ဇီရဲ့ ဒုတိယအကြိမ်မွေးနေ့ဟာ လာမယ့် တနင်္ဂနွေနေ့မှာကျတယ်။ ရှင် ဒီလိုလုပ်နေလို့မဖြစ်တော့ဘူး'

'အေးပါ၊ ငါ့ဘာမှ မဖြစ်စေရပါဘူး'ဟု ကွမ်တာက ပြန်ပြောသည်။

ကစ်ဇီအတွက် မွေးနေ့လက်ဆောင်တစ်ခုလုပ်ဖို့ ငါးရက်မျှသာရှိတော့၏။ ဤသို့ဖြင့် ကြာသပတေးနေ့ မွန်းလွဲပိုင်းတွင် ထင်းရှူးသားဖြင့်ထုလုပ်နေသော မန်ဒင်ကာ အရုပ်ကလေးတစ်ရုပ် ပြီးသွားသည်။ သူသည် အရုပ်ကလေးအား ပိုက်ဆံလျှော်ဆီကို မီးခွက်မှုရသောမှိုင်းနှင့် ရောစပ်ပြီး အရောင်ထွက်လာအောင်တိုက်သည်။ သူ့ရွာမှ သစ်ကနက်သားရုပ်တုလို မည်းနက်ပြောင်လက်နေအောင် စနစ်တကျတိုက်ခြင်းဖြစ်၏။ ဘဲလ်ကတော့ ဂါဝန်လေးတစ်စုံချုပ်ထားသည်။ သူ့သမီးမွေးနေ့ ကိတ်မုန့်ကို လှလှပပ ဖုတ်၍ ဖယောင်းတိုင်လေးနှစ်တိုင် အပေါ်မှာစိုက်ထားပြီးဖြစ်၏။ မွေးနေ့ပွဲတွင် အန်တီဆုကေးနှင့် စစ္စတာမန်ဒီတို့က ကူညီကြရန်လည်း စီစဉ်ထားပြီးဖြစ်သည်။

မြန်မာ စာအုပ်များ

ထိုအချိန်တွင် သခင်ဝေါလား၏ညီ ဝှန်ဝေါလား၏ မြင်းရထားသမား ရှစ်ဘီသည် မြင်းရထားနှင့် ရောက်လာသည်။

ခဏအကြာတွင် သခင်ဝေါလားက ဘဲလ်အားခေါ်သည်။ မစ္စအင်နီ သူ့မိဘများထံ ခွင့်တောင်းကာ ယခုသီတင်းတစ်ပတ်လုံး သူ့ထံလာနေမည်ဖြစ်၍ မနက်ဖြန်ညနေတွင် ရောက်လိမ့်မည်ဟုပြောသည်။

'ဧည့်ခန်းတစ်ခုလုံးလည်း အဆင်သင့်လုပ်ထားပေးပါ။ တနင်္ဂနွေနေ့ ဧည့်ခံဖို့ ကိတ်မုန့်တစ်လုံးနဲ့ တခြားသင့်တော်မယ့် စားစရာတွေလည်း လုပ်ထားဖို့ လိုလိမ့်မယ်။ ငါ့တူမက ပြောတယ်။ နင့်သမီးလေးရဲ့ မွေးနေ့ပွဲ လုပ်လိမ့်မယ်တဲ့။ အဲဒါ သူကလည်း ပါတီပွဲတစ်ပွဲလုပ်ချင်နေတယ်။ သူတို့နှစ်ယောက် အတူတူတွဲလုပ်မှာပေါ့။ သူ့အခန်းထဲမှာ လုပ်ချင်နေတယ်။ အဲဒီညမှာ မင့်သမီးလေးကို သူနဲ့အတူတူခေါ်ထားချင်တယ်လို့လည်း ပူဆာနေတယ်။ ငါကလည်း စီစဉ်ပေးမယ်လို့ သူ့ကိုပြောထားတယ်။ မင့်သမီးလေးအတွက် ကောက်ရိုးဖျာတစ်ချပ် အင်နီရဲ့ ခုတင်ခြေရင်းမှာ ခင်းပေးထားပါ'

ဘဲလ်က ထိုအကြောင်းကို ကွမ်တာအားပြောပြသည်။ သူ့သမီးအတွက် သူဖုတ်ထားသည့် ကိတ်မုန့်ကို သူ့တဲထဲ၌ထားရလိမ့်မည်မဟုတ်၊ အိမ်ကြီးပေါ်သို့ ပို့ပေးရလိမ့်မည်ဟုလည်း ဘဲလ်က ရှင်းပြသည်။ ကစ်ဇီမှာ အင်နီ၏ပါတီပွဲ၌ အတူတူနေရမည်ဖြစ်သဖြင့် မိမိတို့တဲအတွင်း၌ မွေးနေ့ပါတီ ကျင်းပနိုင်တော့မည်မဟုတ်ဟုလည်း အသိပေးသည်။ ကြားရသည့်စကားများအတွက် ကွမ်တာ ဒေါသူပုန်ထသည်။ စကားလည်း မပြောနိုင်။ ဘဲလ်မျက်နှာကိုလည်းမကြည့်။ ရှူးရှူးရှားရှားနှင့် အပြင်သို့ ထွက်လာခဲ့သည်။ ကျီဘက်သို့သွား၍ ကောက်ရိုးပုံအောက်၌ ဝှက်ထားသည့် ပန်းပုရုပ်ကလေးကို ဆွဲထုတ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ သူ ဘာလုပ်နိုင်မည်နည်း။ နည်းလမ်းရှာမရ။ သူသည် သူ့လက်ထဲမှ သူထုထားသည့် ပန်းပုရုပ်ကို ကြည့်နေသည်။ ကျွန်လေလံပွဲ၌ လေလံအတင်ခံနေရသော လူမည်းမိခင်က သူ့ရင်ခွင်ထဲမှ နို့စို့ကလေး၏ ဦးခေါင်းကို လေလံတင်ခုံနှင့် ရိုက်ခွဲပြီး နင်တို့ ငါ့ကိုလုပ်သလို သူ့ကိုလုပ်လို့မရတော့ဘူးဟဲ့'ဟု အော်ခဲ့ဖူးသည်။ ဤအဖြစ်ကိုတွေးမိသော ကွမ်တာသည် သူ့လက်ထဲမှအရုပ်ကို နံရံနှင့်ရိုက်ခွဲရန် အပေါ်သို့မြှောက်လိုက်မိ၏။ ထို့နောက် ချက်ချင်းပင် မြှောက်ထားသည့်လက်ကို ပြန်ချသည်။ ဘယ်နည်းနှင့်မျှ ကစ်ဇီအား ဤသို့လုပ်၍မဖြစ်။ သို့ဆိုလျှင် ထွက်ပြေးလွတ်မြောက်ဖို့ကော ဖြစ်နိုင်မလား။ တစ်ချိန်က သူထွက်ပြေးချင်သည်ဟု ဘဲလ်က ပြောခဲ့ဖူး၏။ တကယ်ပြေးလျှင် သူလိုက်နိုင်မလား။ အကယ်၍ သူလိုက်မည်ဆိုပါက သူတို့နှစ်ယောက်၏ အသက်အရွယ်၊ သူ့ခြေထောက်၏ လက်ရှိအခြေအနေနှင့် လမ်းမလျှောက်နိုင်သေးသည့် ကလေး စသည့်အခက်အခဲများကြောင့် လွတ်အောင်ပြေးနိုင်

ပါမည်လား။ ဤစိတ်ကူး သူ့ခေါင်းထဲမဝင်သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ယခုတော့ ဤနယ်မြေဒေသအကြောင်းကို သူကောင်းစွာသိနေပြီဖြစ်ရာ ပြောမည်ဆိုပါက ပြောနိုင်ကောင်းသည်ဟု ထင်၏။

သူသည် အရုပ်ကိုလွှတ်ချလိုက်ပြီး တဲဘက်သို့ ပြန်လာခဲ့သည်။ သူက ဘာတစ်ခွန်းမျှ မပြောရသေးမီ ဘဲလ်ကစ၍ ဖျောင်းဖျစကားများဆီးပြောသည်။ ထုံးစံအတိုင်း ကွမ်တာကတော့ ဘာမျှပြန်မပြော။

သီတင်းပတ်အနည်းငယ်မျှအကြာ တစ်ညနေခင်းတွင် ကွမ်တာသည် သူ့သခင်နှင့်အတူ အပြင်မှ ပြန်ရောက်လာသည်။ ဘဲလ်ကလည်း သူပြုနေကျဝတ္တရားအတိုင်း ကွမ်တာအား နို့အေးတစ်ခွက်တိုက်သည်။ ထို့နောက် ကွမ်တာသည် ညစာမစားမီ နားနေလေ့ရှိသည့်အတိုင်း လှုပ်ကုလားထိုင်တွင်ထိုင်သည်။ ဘဲလ်က ကွမ်တာ၏ နောက်မှ ရပ်ကာ ကျောပြင်ကို လက်ဖြင့် အသာအယာပွတ်ပေးနေသည်။ သူ့ရှေ့သို့ အစားပန်းကန်လာချချိန်တွင်မူ တစ်စုံတစ်ခုသော ပြဿနာအတွက် ဘဲလ်က သူ့အား ချော့မော့နှစ်သိမ့်ရန် အားထုတ်နေကြောင်း ရိပ်မိလာ၏။ သို့တစေလည်း ညစာစားနေသည့်အတွင်း ဘဲလ်ထံမှ ထူးခြားသောစကားများ မကြားရ။ အိပ်ရာဝင်တော့မည့် အချိန် ကျရောက်သည့်အခါတွင်မူ ဘဲလ်က သူ့လက်မောင်းအား တယုတယလာ၍ ကိုင်သည်။ ဘဲလ်ထံမှ အရေးကြီးသော အကြောင်းအရာတစ်ခု ကြားရတော့မည်ဟု ကွမ်တာ နားလည်လိုက်သည်။

'ကွမ်တာရယ်၊ ကျွန်မ ရှင့်ကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ သခင်ဝေါလားက မနက်ဖြန် သူအပြင်ထွက်ရင် ကစ်ဇီကိုပါခေါ်သွားပြီး မစ္စအင်နီဆီ ပို့ပေးထားမယ်လို့ ကတိပေးခဲ့သတဲ့။ အဲဒါ ကစ်ဇီကို မတ်စတာဂျွန်ဝေါလားတို့ဆီ ပို့ပေးရလိမ့်ဦးမယ်'

ဤမျှလောက်အထိလုပ်လာခြင်းသည် လွန်လွန်းလှချေသည်။ ကွမ်တာသည် မျက်လုံးများကိုမှိတ်ကာ သူ့ဒေါသကို ထိန်းချုပ်သည်။ ထို့နောက် ထိုင်နေရာမှ ရန်းကန်ထကာ ဘဲလ်လက်ထဲရောက်နေသည့် သူ့လက်ကို ဆောင့်ရုန်းလိုက်ပြီး တဲအပြင်သို့ ထွက်ခဲ့သည်။ ထိုညက တဲအတွင်းရှိ အိပ်ရာပေါ်မှ ဘဲလ်သည် အိပ်၍မပျော်။ မြင်းဇောင်းထဲရောက်နေသည့် ကွမ်တာမှာလည်း အိပ်၍မရ။ နှစ်ယောက်စလုံး ငိုကြွေးရင်း အချိန်ကုန်ကြသည်။

နောက်တစ်နေ့မနက်တွင် ကွမ်တာ၏မြင်းရထားသည် ဂျွန်ဝေါလားတို့ အိမ်ရှေ့၌ ရပ်သည်။ ကွမ်တာက ကစ်ဇီအား လှည်းပေါ်မှချမပေးမီ အင်နီသည် အိမ်ထဲမှ ပြေးထွက်လာပြီး ကစ်ဇီအား လှည်းပေါ်မှပွေ့ချသည်။ ကစ်ဇီသည် ကွမ်တာ့ကိုပင် နှုတ်ဆက်ဖော်မရ။ သူ့မြင်းရထား လမ်းမကြီးဘက်ထွက်လာခိုက်တွင် သူ့နောက်မှ ကလေးနှစ်ယောက်၏ ရယ်သံကို သူကြားနေရ၏။

မြန်မာ စာအုပ်များ

ထိုနေ့က တစ်နေ့လုံးလိုလိုပင် ကွမ်တာသည် လမ်းမကြီးအောက်ဘက် မိုင်နှစ်ဆယ်ခန့်အကွာရှိ အိမ်ကြီးတစ်အိမ်ရှေ့၌ မြင်းရထားကိုရပ်ကာ သူ့သခင်အား စောင့်မျှော်လျက်ရှိသည်။ နာရီပေါင်းများစွာကုန်လွန်သွားခဲ့ပြီဖြစ်သော်လည်း သူ့သခင် ထွက်မလာသေး။ နေအတော်စောင်းသွားချိန်ကျခါမှ အိမ်ကြီးထဲမှ ကျွန်တစ်ယောက် ထွက်လာပြီး သူတို့သခင်မ မသက်သာ၍ မစ္စတာဝေါလား တစ်ညလုံး ထိုင်စောင့်ရလိမ့်မည်ဖြစ်ကြောင်း၊ မနက်ကျမှလာခေါ်ရန် အမိန့်ပေးလိုက်ကြောင်း ပြောသည်။ ကွမ်တာသည် တစ်ယောက်တည်းပြန်လာခဲ့သည်။ ဝွါန်ဝေါလားတို့အိမ်သို့ဝင်၍ သူ့သမီး ကစ်ဇီအား ခေါ်သည်။ တစ်ညလောက်အိပ်ခွင့်ပြုရန် အင်နီက သူ့အမေအား ပူဆာနေသံ ကွမ်တာကြားနေရ၏။ ကွမ်တာသည် ရင်တမမနှင့် စောင့်နေရသည်။ တော်ပါသေး၏။ အင်နီ၏မိခင်က အင်နီပူဆာသည်ကို လက်မခံ။ ဤသို့ဖြင့် ကွမ်တာသည် သူ့သမီးအား သူ့ဘေး၌ထားကာ လက်တစ်ဖက်ဖြင့်ပိုက်၍ မြင်းရထားကို မောင်းထွက်လာခဲ့လေ၏။

သားအဖနှစ်ယောက်တည်း အတူတူနေရခြင်းမှာ ယခုတစ်ကြိမ်သည် ပထမဆုံးဖြစ်၏။ သူသည် ကစ်ဇီအား ဖြုတ်ခနဲပွေ့ယူလိုက်ပြီး ရင်ခွင်ပေါ်တင်ထားလိုက်သည်။ ကစ်ဇီ၏လက်များ၊ ခြေထောက်များနှင့် ခေါင်းကို အသာအယာကိုင်တွယ်ပွတ်သပ်သည်။ ထို့နောက် မြင်းဇက်ကြိုးကို ကစ်ဇီ၏လက်ထဲသို့ထည့်ပေးလိုက်သည်။ မကြာမီ ကစ်ဇီ၏ ရွှင်လန်းမြူးထူးသောရယ်သံကို ကြားရသည်။ သူ့နားတွင် နားဝင်ချိုလှပါဘိခြင်း။ သူကြားဖူးခဲ့သမျှ အသံများတွင် အသာယာဆုံးနှင့် ချစ်မြတ်နိုးစရာအကောင်းဆုံးအသံ ဖြစ်ချေသည်။

'သမီးက မိန်းမချောလေးပဲ'ဟု ကွမ်တာကပြောသည်။ ကစ်ဇီကတော့ သူ့အဖေမျက်နှာကို ပြန်ကြည့်နေသည်။

'သမီးက အဖေ့ညီအငယ်ဆုံး မာဒီးနဲ့ သိပ်တူတယ်'

ကစ်ဇီက သူ့အဖေမျက်နှာကို ကြည့်မြဲတိုင်းကြည့်နေသည်။ ကွမ်တာက သူ့ကိုယ်သူ လက်ညှိုးထိုးပြကာ 'ပါ'ဟု ရေရွတ်သည်။ ကစ်ဇီက ကွမ်တာ၏လက်ညှိုးကို လိုက်ကြည့်သည်။ ကွမ်တာက သူ့ရင်ဘတ်ကိုပုတ်၍ 'ပါ'ဟု ထပ်ပြောသည်။ သို့သော်လည်း ကစ်ဇီ၏အာရုံသည် မြင်းများဆီသို့ ပြန်ရောက်သွားကာ 'ဟဲ့မြင်း'ဟု အော်သည်။ ပြီးတော့ ဂုဏ်ယူဝင့်ကြွားသော မျက်နှာထားဖြင့် သူ့အဖေမျက်နှာကို မော့ကြည့်ပြီး ပြုံးသည်။ ဝမ်းနည်းကြေကွဲသော အရိပ်လက္ခဏာများသည် ကွမ်တာ၏ မျက်နှာတွင် ထင်ဟပ်နေသည်။ ကစ်ဇီ၏အပြုံးသည် ဖျတ်ခနဲပျောက်သွားသည်။ ကျန်ခရီးတွင် သားအဖနှစ်ယောက်စလုံး နှုတ်ဆိတ်လာသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

နောက်သီတင်းပတ်အတော်ကြာတွင် သားအဖနှစ်ယောက် မစ္စအင်နီထံ ဒုတိယအကြိမ် သွားလည်ရပြန်သည်။ အပြန်တွင် ကစ်ဇီသည် ကွမ်တာအားမှီ၍လိုက်လာသည်။ သူ့လက်ညှိုးဖြင့် ကွမ်တာ၏ရင်ဘတ်ကိုထောက်ကာ 'ပါ'ဟု ရေရွတ်သည်။

ကွမ်တာက ကစ်ဇီ၏လက်ညှိုးကို အသာကိုင်၍ ကစ်ဇီ၏ရင်ဘတ်ကို ထိုးပြကာ *'သမီးနာမည် ကစ်ဇီ'ဟုပြောသည်။ ကစ်ဇီကလည်း 'ကစ်ဇီ'ဟု လိုက်၍ရေရွတ်သည်။* ကွမ်တာက သူ့ကိုယ်သူ လက်ညှိုးထိုးပြပြီး 'ကွမ်တာကင်တီ'ဟုပြောသည်။

နွေဥတုအလယ်ရောက်သည့်အခါ သူသင်ကြားပေးသမျှ စကားလုံးများအား ကစ်ဇီ သိလွယ်တတ်လွယ်သည်ကို တွေ့ရသဖြင့် ကွမ်တာ များစွာဝမ်းသာလျက်ရှိသည်။ ကစ်ဇီသည် မိမိအတွက် မျှော်လင့်ချက်ရှိနေသေးသည့်ကလေးဟု ကွမ်တာတွေးသည်။ တစ်ရက်တွင် ကစ်ဇီသည် သူ့အမေ ဘဲလ်နှင့် အတူတူရှိနေခိုက် သူ့အဖေ ကွမ်တာ သင်ပေးထားသည့် မန်ဒင်ကာစကား တစ်လုံးနှစ်လုံးကိုပြောသည်။ ဘဲလ်သည် သူ့သမီးအား ညစာစားရန် အန်တီဆုကေးထံ လွှတ်လိုက်ပြီး ကွမ်တာ ပြန်ရောက်အလာကို စောင့်မျှော်သည်။ ရောက်လာသည်နှင့်တစ်ပြိုင်နက် သူ့ရင်ထဲရှိသမျှကို ဖွင့်ဟသည်။

'ရှင့်မှာ အသိဉာဏ်မရှိတော့ဘူးလား'ဟု ဘဲလ်က အော်သည်။

'ကျွန်မပြောတာကို ရှင်သတိထားဖို့ကောင်းတယ်။ ကျွန်မတို့မိသားစုတစ်ခုလုံးကို သခင်ဝေါလားနဲ့ ပြဿနာဖြစ်အောင် ရှင်လုပ်နေတာပဲ။ ဒီကလေးဟာ အာဖရိကမှာ မွေးတဲ့ ကလေးမဟုတ်ဘူးဆိုတာ ရှင်သိရမယ်။ ရှင်ဟာ အတော်ခေါင်းမာတဲ့လူပါလား:'

ကွမ်တာသည် စိတ်လွှတ်ကိုယ်လွှတ်ဖြစ်ကာ ဘဲလ်အား ရိုက်မိတော့မလို ဖြစ်သွားသည်။ ဇနီးတစ်ယောက်အနေဖြင့် ခင်ပွန်းဖြစ်သူအား မရိုမသေပြန်အော်ခြင်း၊ သူ့သွေးနှင့် သူ့မျိုးစေ့ကို မပိုင်မဆိုင်ဖြစ်အောင် လုပ်ခြင်းတို့သည် ကြီးသောအပြစ်တစ်ခု မဟုတ်ပါလား။ သို့သော် သူ့ဒေါသကို မျိုသိပ်ထားသည်။ တခြားကြောင့်မဟုတ်။ ဘဲလ်နှင့် ထိပ်တိုက်တွေ့လိုက်ပါက ကစ်ဇီနှင့် သားအဖနှစ်ယောက် အတူတူသွားနေရသည့် အခွင့်အရေး လက်လွှတ်သွားမည်ကို ကြောက်သည်။ မည်သို့ပင်ဖြစ်စေ ဘဲလ်သည် ကစ်ဇီအား မလွှတ်ဘဲတော့ နေဝံ့မည်မဟုတ်။ မလွှတ်ဘဲနေမည်ဆိုပါက သခင်ဝေါလားအား အကြောင်းပြရတော့မည်ဖြစ်သည်။ သူ့ဘက်က ဘယ်လို အကြောင်းပြချက်မျိုး ပေးမည်နည်း။ ဘဲလ်သည် အမှန်အတိုင်းတော့ ဖွင့်ပြောရဲလိမ့်မည်မထင်။

နောက်တစ်နေ့တွင် ကွမ်တာသည် သူ့ယာတောအနီးရှိ ခြံကြီးတစ်ခြံမှ လူနာအား ဝင်ရောက်ကြည့်ရှုနေသည့် သခင်ဝေါလားကို စောင့်နေရသည်။ ဤအခိုက်တွင် အခြားမြင်းရထားသမားတစ်ဦးက ဟေတီကျွန်း၌ လူမည်းစစ်တပ်ကြီးတစ်တပ် စည်းရုံးဖွဲ့စည်းခဲ့သော ကျွန်ဟောင်း'တော်စိန့်'၏ နောက်ဆုံးသတင်းကို ပြောပြသည်။ တော်စိန့်

မြန်မာ စာအုပ်များ

သည် လူမည်းများအား ဦးဆောင်ကာ ပြင်သစ်များကိုသာမက စပိန်နှင့် အင်္ဂလိပ်များကိုပါ အောင်မြင်စွာတိုက်ခိုက်ခဲ့သည်။ တော်စိန့်သည် စစ်တိုက်နည်းများကို 'မဟာ အလက်ဇင်းဒါး'နှင့် 'ဂျူးလိယက်ဆီဇာ' တို့လို စစ်သူကြီးများအကြောင်း ရေးထားသည့်စာအုပ်များ ဖတ်ခြင်းဖြင့် သင်ယူလေ့လာခဲ့သည်ဟု ထိုမြင်းရထားသမားက ပြောပြသည်။ ထိုစာအုပ်များကို ပေးခဲ့သူမှာ သူ၏ လူဖြူသခင်ဖြစ်သည်။ နောက်ပိုင်းတွင် တော်စိန့်သည် ယင်းသခင်အား ဟေတီကျွန်းမှ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေး လွတ်မြောက်သွားအောင် ကူညီခဲ့သည်ဟုလည်းသိရ၏။

တော်စိန့်သည် ချက်ချင်းပင် ကွမ်တာ၏ အာဇာနည်သူရဲကောင်းတစ်ဦးဖြစ်လာသည်။ သူ့အဖို့ တော်စိန့်သည် သူတို့မန်ဒင်ကာစစ်သူကြီး ဆန်ဒီယားတား၏နောက် ဒုတိယလိုက်သော သူရဲကောင်းဖြစ်လာသည်။ အခြားနီဂရိုးလူမည်းများအား တော်စိန့်အကြောင်း ပြောပြချင်သော ဆန္ဒပြင်းပြမှုကြောင့် ကွမ်တာသည် အိမ်သို့ မြန်မြန်ပြန်ရောက်ရန် စိတ်စောလျက်ရှိသည်။

အိမ်သို့ပြန်ရောက်သည့်အခါတွင်မူ ကွမ်တာသည် တော်စိန့်အကြောင်း ပြောပြဖို့ မေ့သွားသည်။ တခြားကြောင့်တော့မဟုတ်။ သူပြန်ရောက်လျှင်ရောက်ချင်း ဘဲလ်ကိုယ်တိုင် မြင်းဇောင်းသို့ရောက်လာပြီး ကစ်ဇီ နေမကောင်းဖြစ်နေသည်ဟု သတင်းပေး၍ဖြစ်၏။ သခင်ဝေါလားကတော့ ကစ်ဇီ၏ရောဂါမှာ စိုးရိမ်စရာမရှိ၊ ကလေးများ ဖြစ်လေ့ဖြစ်ထရှိသည့် ပါးချိတ်ရောင်ခြင်းဖြစ်သည်ဟု ပြောကြောင်း ဘဲလ်က ရှင်းပြမှ ကွမ်တာ စိတ်သက်သာရာရသွားသည်။ မစ္စအင်နီအား ကစ်ဇီနေမကောင်းမချင်း အနားမကပ်ရဟု သခင်ဝေါလားက ပြောထားကြောင်း ဘဲလ်ထံမှ ကြားလိုက်ရသည့်အခါတွင်မူ ကွမ်တာသည် သူ့စိတ်ကူးနှင့်သူ များစွာပျော်သွားသည်။ အနည်းဆုံး သီတင်းနှစ်ပတ်လောက် ကြာလိမ့်မည်ထင်၏။ သို့သော်လည်း ကစ်ဇီနေမကောင်းဖြစ်သည်မှာ ရက်အနည်းငယ်မျှသာကြာ၏။ ထိုရက်အတွင်း မစ္စတာဂျွန်ဝေါလား၏ မြင်းရထားသမား ရစ်ဘီ ရောက်လာပြီး အင်နီက ကစ်ဇီအတွက်ပေးခိုင်းသည့် လက်ဆောင်တစ်ခု လာပို့သည်။ တိုးဘော့ရုပ်လေးတစ်ရုပ် ဖြစ်သည်။ ကစ်ဇီကလည်း အရုပ်ကလေးအပေါ် တွယ်တာသည်။ သူ့အိပ်ရာထဲ၌ထား၍ ကလေးတစ်ယောက်သိပ်သလို ပုတ်သိပ်ပေးသည်။ ကွမ်တာသည် သူ့သမီးလုပ်နေပုံကိုကြည့်ကာ ဒေါသပွလာသည်။ တဲထဲမှ ဆောင့်ကြီးအောင့်ကြီး ထွက်လာခဲ့ပြီး ကျီဘက်သို့သွားသည်။ သူချုပ်ခဲ့သော အရုပ်ကလေးကို သွားကြည့်ခြင်းဖြစ်၏။ ပစ်ထားခဲ့သည်မှာ တစ်လနှစ်လခန့်ရှိပြီ ဖြစ်သော်လည်း မပျက်စီးသေး။ သူသည် အရုပ်ကိုကောက်လာခဲ့သည်။ ကစ်ဇီသည် အရုပ်ကိုကြည့်၍ သဘောကျသည့်လက္ခဏာပြသော်လည်း အင်နီပေးသည့် တိုးဘော့ရုပ်လောက် မြတ်နိုးပုံမပေါ်။ သူ့သမီးအပေါ် ဒေါသဖြစ်သောစိတ်သည် ပထမဆုံးအကြိမ် ကွမ်တာ့ရင်ထဲ၌ ပေါ်ပေါက်လာခဲ့ရလေ၏။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

မည်သို့ပင်ဖြစ်စေ ကလေးနှစ်ယောက်ကတော့ ယခင်ကထက်တိုး၍ ခင်လာကြသည်။ ကွမ်တာ့အနေဖြင့်လည်း သူ့သမီးအား အင်နီတို့အိမ်သို့ မကြာခဏ သွားပို့ပေးနေရဆဲ။ ကြာတော့လည်း အင်နီတို့မိခင်က ကလေးနှစ်ယောက်၏ ဆူညံပူညံကို နားမခံနိုင် ဖြစ်လာသည်။ ဤသို့ဖြင့် အင်နီက ကစ်ဇီရှိရာသို့လာ၍ ကစားရသည့်အခြေဆိုက်လာသည်။

တစ်နေ့သောမွန်းလွဲပိုင်းတွင် ကစ်ဇီသည် မစ္စအင်နီအား သူ့တဲသို့ အလည်ခေါ်လာပြီး သူ့ဖခင်ကွမ်တာ ထည့်ထားသည့် ဘူးခြောက်ထဲမှ ကျောက်စရစ်ခဲများကို ပြသည်။ ထိုအချိန်က တဲထဲတွင် ဘဲလ်မရှိ။ အပြင်သို့ ခဏတစ်ဖြုတ်ထွက်နေခိုက် ဖြစ်သည်။ ကွမ်တာကတော့ သူ့သခင်ဝေါလားနှင့် အပြင်သွားနေခိုက်ဖြစ်သည်။ ဘဲလ်ပြန်ရောက်လာသည့်အခါ ဘူးသီးခြောက်ထဲ လက်နှိုက်နေသည့် ကစ်ဇီအား မြင်သည့်အခါ 'ဟဲ့ နင့်အဖေ ကျောက်ခဲတွေကို မဆော့နဲ့။ သူ့အသက် ဘယ်လောက်ရှိပြီဆိုတာ တွက်ရတဲ့ ကျောက်ခဲတွေ'ဟု ဘဲလ်က အော်သည်။

နောက်တစ်နေ့တွင် ရစ်ဘီရောက်လာပြီး သခင်ဝေါလားအား စာတစ်စောင်ပေးသည်။ နောက် ငါးမိနစ်မျှအကြာတွင် သခင်ဝေါလားကခေါ်သဖြင့် ဘဲလ်သည် အိမ်ကြီးဧည့်ခန်းသို့ ရောက်လာသည်။ တင်းမာလွန်းလှသော သူ့သခင်၏လေသံကြောင့် ဘဲလ်မှာ ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်ရသည်။

'မစ္စအင်နီက မင်းတို့တဲထဲမှာ သူမြင်ခဲ့ရတဲ့ပစ္စည်းတစ်ခုအကြောင်း သူ့မိဘတွေကို ပြောပြတယ်။ လပြည့်တိုင်း ဘူးခြောက်ထဲ ကျောက်စရစ်ခဲတွေထည့်တယ်တဲ့။ အဲဒါ အာဖရိက စုန်းအတတ်နဲ့ လုပ်တာမဟုတ်လား'ဟု သခင်ဝေါလားကမေးသည်။

'ကျောက်စရစ်ခဲတွေထည့်တယ်ဟုတ်လား သခင်'ဟု ဘဲလ်က အထစ်ထစ်အငေါ့ငေါ့နှင့် ပြန်မေးသည်။

'ငါ ဘာမေးနေတယ်ဆိုတာ မင်းသိပါတယ်လေ'ဟု ဝေါလားက ပြောသည်။

ဘဲလ်က အားတင်း၍ရယ်သည်။

'သြော်...ကျွန်မသိပြီ၊ သခင်ပြောသလိုမဟုတ်ပါဘူး။ အာဖရိကန်အဘိုးအိုတွေက သူတို့အသက်ကို မှတ်မိအောင်လုပ်တာပါ။ လပြည့်နေ့ဆိုလျှင် ကွမ်တာက ဘူးခြောက်ထဲ ခဲတစ်လုံးထည့်ပါတယ်။ အဲဒီကျောက်ခဲတွေကို ပြန်ပြီး ရေကြည့်လိုက်လျှင် သူ့အသက် ဘယ်နနှစ်ရှိပြီဆိုတာ သိရပါတယ်'

ဘဲလ်အားပြန်ခိုင်းလိုက်သော်လည်း ဝေါလား၏မျက်နှာသည် သာသာယာယာမရှိ။ ဘဲလ်သည် သူ့တဲဆီသို့ သုတ်သီးသုတ်ပျာ ပြန်ရောက်လာပြီး ကွမ်တာ၏ရင်ခွင်ထက်မှ ကစ်ဇီအားဆွဲယူပြီး တင်ပါးကို လက်ဝါးနှင့် တစ်ချက် နှစ်ချက် ရိုက်၍ ကြိမ်းသည်။

မြန်မာ စာအုပ်များ

'ဟိုကောင်မလေးကို ဘယ်တော့မှ ဒီတဲထဲခေါ်မလာနဲ့။ ခေါ်လာရင် ငါ နင့်ကိုလည်းပင်းညှစ်သတ်ပစ်မယ်၊ ကြားလား'

ငိုယိုနေသော ကစ်ဇီအား အိပ်ရာသို့သွားပို့ပြီးမှ ဘဲလ်က အဖြစ်သနစ်ကို ကွမ်တာအား ရှင်းပြသည်။

'အဲဒီကျောက်စရစ်ခဲတွေဟာ ဘာအန္တရာယ်မှမပေးဘူးဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ အာဖရိက ဓလေ့ထုံးစံတွေဟာ ကျွန်မတို့ကို အကျိုးမပြုဘူး။ ဒုက္ခပဲပေးမှာလို့ ကျွန်မပြောခဲ့သားပဲ'

ကွမ်တာသည် ညစာကိုပင် ကောင်းစွာမစားနိုင်။ သူသည် သခင်ဝေါလားနှင့် နေ့တိုင်း သွားအတူလာအတူ နေခဲ့ရသူဖြစ်၏။ အလုပ်လုပ်လာခဲ့သည်မှာလည်း နှစ်ပေါင်းနှစ်ဆယ်တိတိရှိခဲ့ပြီ။ သို့ပါလျက် ယခုအချိန်ထိ ယုံကြည်စိတ်ချခြင်းမရှိသေးသည်မှာ စိတ်ပျက်ဖွယ်ကောင်းလှသည်။

အင်နီသည် ယခင်ကလိုပင် လာမြဲတိုင်းလာပြီး ကစ်ဇီနှင့် ကစားမြဲတိုင်းကစားသည်။ မကြာသေးမီကအဖြစ်ကို ကလေးနှစ်ယောက်စလုံး မေ့သွားကြပြီ။ ကွမ်တာကတော့ စိတ်ထိခိုက်နေရဆဲ။

သွားအတူ လာအတူ စားအတူ အိပ်အတူ ဖြစ်နေသော ကလေးနှစ်ယောက်အားကြည့်ကာ ကွမ်တာသည် စိတ်ဆင်းရဲခြင်းဖြစ်ရ၏။ သို့သော်လည်း အသေအချာစဉ်းစားလိုက်သည့်အခါ ဝမ်းသာစရာကောင်းသည့် အချက်တစ်ချက်ကို တွေ့ရသည်။ ကစ်ဇီသည် သူ၏မိန်းကလေးဘဝကို ကလေးပီပီ ပျော်ပျော်ရွှင်ရွှင် နေခွင့်ရနေသည့်အချက်ဖြစ်သည်။ ယင်းအချက်ကို တွေးမိပြန်တော့လည်း တိုးဘော့မိန်းကလေး တစ်ယောက်၏ အချစ်တော်ဖြစ်ရခြင်းသည် ကစ်ဇီအတွက် ကံကောင်းသည်ဟု ဘဲလ်ယူဆထားသလို ယူဆမိသည်။

သို့သော်လည်း ဘဲလ်သည် အမြဲတစေ တပူးတွဲတွဲခုန်ပေါက်မြူးထူးနေကြသော ကလေးနှစ်ယောက်ကို ကြည့်ပြီး တစ်စုံတစ်ခုသော စိုးရိမ်ဖွယ်ရာအတွေး ဝင်ဟန်တူ၏။ အချို့သောညများတွင် သူသည် ကလေးအား ရင်ခွင်၌တင်၍ သိပ်ထားရင်း ကလေး၏မျက်နှာကိုကြည့်ကာ တွေးတောနေတတ်သည်။ ဘယ်လောက်ပဲခင်ခင် တိုးဘော့တစ်ယောက်အပေါ် သံယောဇဉ် သိပ်မထားနှင့်ဟု သူ့သမီးငယ်အား ကြိုတင်၍သတိပေးထားချင်လေသလား။

ဤသတိပေးချက်မျိုးကို ကစ်ဇီနားလည်မည်မထင်။ ကစ်ဇီမှာ ငယ်နေသေးသည် မဟုတ်ပါလော။ သူကတော့ မည်သည့်တိုးဘော့ကိုမျှ စိတ်ချလက်ချ မယုံကြည်ဝံ့။ ဤအချက်ကိုတော့ ဘဲလ်လည်း နားလည်မည်ဟု သူထင်၏။ သူတို့အနေဖြင့် ကစ်ဇီအား ရောင်းမပစ်ဘူးဟု မည်သူက အာမခံနိုင်မည်နည်း။ ကစ်ဇီ၏ ရှေ့ရေးအတွက်

သာမက မိမိနှင့် ဘဲလ်တို့၏ ရှေ့ရေးအတွက်လည်း ရေရေရာရာရှိသည်မဟုတ်။ သို့သော်လည်း ကွမ်တာ တစ်ခုတော့သိသည်။ သူတို့သမီးငယ် ကစ်ဇီအား ရန်ပြုမည့် မည်သည့်တိုးဘောကိုမဆို ဘုရားသခင်ကတော့ ကြောက်မက်ဖွယ်ကောင်းအောင် လက်စားချေလိမ့်မည်ဖြစ်သည်။

[၇၃]

ယာတောနှင့် ငါးမိုင်ခန့်အကွာတွင် ဝေါလား စည်းဝေးခန်းမဆောင်ကြီးတစ်ဆောင် ရှိသည်။ ကွမ်တာသည် သူ့သခင်ဝေါလားအား ထိုစည်းဝေးခန်းမဆောင်ရှိ ဘုရားကျောင်းသို့ လစဉ် တနင်္ဂနွေ နှစ်ရက် လိုက်ပို့ပေးရသည်။ တယောဆရာ ပြောပြသည့် အတိုင်းဆိုပါက ယင်းစည်းဝေးခန်းမမျိုးကို ဝေါလားမိသားစု တစ်စုတည်းကသာ တည်ဆောက်ထားသည်မဟုတ်။ အခြားသောယာပိုင်ရှင်များကလည်း ကိုယ်ပိုင်စည်းဝေးခန်းမကြီးများ ဆောက်ထားလေ့ရှိသည်။

ယင်းစည်းဝေးခန်းမဆောင်၏ ဘုရားကျောင်း၌ ပြုလုပ်သော ဝတ်ပြုပွဲသို့ အနီးအနားမှ လူလတ်တန်းစား လူဖြူမိသားစုများသာမက ဆင်းရဲသားလူဖြူများပါ လာရောက်ကြသည်ကို တွေ့ရသဖြင့် ကွမ်တာသည် တအံ့တသြဖြစ်နေမိသည်။ ဖိနပ်များကို ကြိုးနှင့်တွဲချည်ပြီး ပခုံးထက်၌ ထမ်း၍ ခြေကျင်သွားနေကြသော ဆင်းရဲသားလူဖြူများအား မကြာခဏတွေ့ရ၏။ လူဖြူလူချမ်းသာများသည် ထိုသူတို့အား သူတို့မြင်းရထားနှင့် အကြွလိုက်ခဲ့ပါလားဟု ခေါ်လေ့ခေါ်ထမရှိ။ ကွမ်တာကတော့ ဤအပြုအမူကို တွေ့ရသောအခါ ဝမ်းသာသည်။

ဝတ်ပြုပြီးသွားသောအခါ ဝတ်တက်သူတိုင်းသည် တရားဟောဆရာထံလာ၍ လက်ဆွဲနှုတ်ဆက်ကြသည်။ ထိုအခါတွင် လူချမ်းသာများရော ဆင်းရဲသားများပါ တစ်ယောက်ကိုတစ်ယောက် ပြုံး၍နှုတ်ဆက်ကြသည်ကိုတွေ့ရသည်။ အသွေးအရောင်တူသူချင်း လူတန်းစားမခွဲသည့်သဘောမျိုးဖြစ်သဖြင့် ကွမ်တာသည် ကြည်နူးခြင်းဖြစ်မိ၏။ သို့သော်လည်း ဘုရားကျောင်းအပြင်ဘက်ရောက်၍ နေ့လယ်စာ စားကြသည့်အခါတွင်မူကား လူချမ်းသာနှင့် ဆင်းရဲသားလူဖြူများသည် ကိုယ့်အုပ်စုနှင့်ကိုယ် တသီးတခြားခွဲ၍ စားကြသည်။

တစ်နေ့တွင် ဘဲလ်က ကွမ်တာအား ဇူလိုင်လကုန်ရက်အတွင်း ကျင်းပမည့် 'စခန်းချပွဲကြီး'သို့ သူ တက်ရောက်ရန် စီစဉ်ထားကြောင်းပြောသည်။ ဤပွဲတော်မှာ နှစ်စဉ် နွေရာသီတိုင်း ကျင်းပလေ့ရှိသည့် လူမည်းများ၏ပွဲတော်တစ်ခု ဖြစ်သည်။ သို့သော်လည်း ကွမ်တာသည် ထိုစခန်းချပွဲသို့ တက်လေ့မရှိ။ အကြောင်းအမျိုးမျိုးပြကာ

မြန်မာ စာအုပ်များ

ရှောင်နေလေ့ရှိသည်။ ယခုအခါတွင်မူ ဘဲလ်က သူ့အား ထိုပွဲတော်သို့ တက်ရောက်ရန် တိုက်တွန်း;လျက်ရှိပြန်လေပြီ။

ထိုပွဲတော်၌ လူမည်းများ ဘာတွေလုပ်ကြသည်ကို ကွမ်တာမသိ။ သူသိထားသည်မှာ တစ်ခုသာရှိ၏။ ထိုပွဲတော်တွင် လူမည်းများသည် ဝတ်တက်ပွဲများ ပြုလုပ်လေ့ရှိ၏။ ကွမ်တာအနေဖြင့် သူမယုံကြည်သော ဘာသာရေးကိစ္စ၌ ပါဝင်ပတ်သက်လိုသည့် ဆန္ဒမရှိ။ ထို့ကြောင့်လည်း ကွမ်တာက ငြင်းသည်။

'ရှင်မသွားချင်ဘူးဆိုတာ ကျွန်မသိပါတယ်။ ဒါပေမဲ့ ကျွန်မက စောစောစီးစီး အသိပေးထားရင် ရှင်စဉ်းစားနိုင်တာပေါ့'

ကွမ်တာကတော့ ရုတ်တရက်အဖြေမပေး။ ဘဲလ်နှင့် အငြင်းအခုံဖြစ်မှာ ကြောက်သည်။ ထို့ကြောင့်လည်း စိတ်မပါတပါနှင့် 'အေးလေ... ငါစဉ်းစားဦးမယ်'ဟုအလိုက်သင့် ဖြေသည်။

စခန်းချပွဲရက်မတိုင်မီ တစ်ရက်တွင်မူ ကောင်တီခရိုင်နယ်မြေရုံးမှ ပြန်လာသော သူ့သခင်က အိမ်ထဲမဝင်မီ ကွမ်တာအား လှမ်းပြောသည်။

'မနက်ဖြန်ကျရင် ငါဘယ်ကိုမှမသွားဘူး တိုဘီ။ ဒါပေမဲ့ ဘဲလ်နဲ့ တခြားအမျိုးသမီးတွေကို စခန်းချပွဲသွားဖို့ ခွင့်ပေးထားတယ်။ မင်းက လှည်းနဲ့ လိုက်ပို့ပေးဖို့လည်း ငါက သဘောတူထားတယ်'

ဘဲလ်၏လက်ချက်ဖြစ်ရမည်ဟု တွေးမိသော ကွမ်တာသည် ဒေါသတကြီးဖြစ်ကာ တဲဘက်သို့ ပြန်လာသည်။ တံခါးဝ၌လာ၍ရပ်လိုက်သော ကွမ်တာအား ဘဲလ်က မော့ကြည့်ပြီး 'ကစ်ဇီကို ခရစ်ယာန်ဘာသာဝင် သွတ်သွင်းပွဲ လုပ်ရလိမ့်မယ်။ အဲဒီပွဲကို ရှင်တက်ဖို့အတွက် တခြားနည်းလမ်းမရှိလို့ ဒီနည်းကိုသုံးရတာ'ဟု ဆီးပြောသည်။

'ဘာသွတ်သွင်းပွဲလဲ'

'ခရစ်ယာန်ဘာသာသွင်းပွဲပေါ့။ အဓိပ္ပာယ်က သူ့ကို ဘုရားရှိခိုးကျောင်းတက်ဖို့ လုပ်ပေးတာ'

'ဘယ်ဘုရားရှိခိုး~~ကျောင်း~~လဲ၊ မင်းကိုးကွယ်နေတဲ့ဘာသာလား'

'ပြဿနာထပ်မရှာပါနဲ့တော့ ကွမ်တာရယ်၊ ဒီကိစ္စကလည်း ကျွန်မနဲ့ ဘာမှမပတ်သက်ဘူး။ မစ္စအင်နီက ကစ်ဇီကို ဘုရားရှိခိုးကျောင်းသွားရင် ခေါ်သွားချင်တယ်။ ဒါပေမဲ့ ကစ်ဇီကို ဘာသာသွင်းပွဲမလုပ်ရသေးတော့ မသွားနိုင်ဘူး'

'ငါ့သမီး ဘယ်ဘုရားရှိခိုးကျောင်းကိုမှ သွားဖို့မလိုဘူး'

'ရှင်ဟာ တယ်ပြီးနားဝေးတဲ့ အာဖရိကန်တစ်ယောက်ပါလား။ ဒီအလုပ်ကလည်း မလုပ်မဖြစ်တဲ့အလုပ်ပဲတော်ရေ့။ တော်က မလုပ်ဘူးလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် တော်ရှော့ ကျုပ်ပါ ဝါခင်းထဲထွက်ပြီး ဝါကောက်နေရတဲ့ဘဝကိုရောက်မှာ'

နောက်တစ်နေ့မနက် ခရီးထွက်သည့်အခါ လှည်းသမားအဖြစ်လိုက်ပါလာရသော ကွမ်တာသည် သူ့ထိုင်ခုံတွင် တောင့်တောင့်မတ်မတ်ကြီးထိုင်ကာ ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်ပြီး လိုက်လာသည်။ လှည်းနောက်ထဲ၌ ထိုင်လိုက်လာကြသည့် မိန်းမများကို လုံးဝလှည့်မကြည့်။ ရယ်မောပျော်ရွှင်နေသော သူ့သမီးကိုပင် ကြည့်ဖော်မရ။

မိန်းမများသည် ဆူညံစွာစကားပြောကြ၊ သီချင်းဆိုကြသည်။ ကွမ်တာကတော့ အားလုံးအပေါ် ရွံရှာစက်ဆုပ်သောစိတ်ဖြင့် လားများကိုသာ ဖိထောင်းလာသည်။ လှည်းဆောင့်သဖြင့် နောက်ထဲမှ ထိုင်လိုက်လာကြသော မိန်းမများသည် အလဲလဲအပြိုပြိုဖြစ်ကြသည်။ သို့သော်လည်း သူတို့ပါးစပ်ပေါက်များကတော့ ပိတ်မသွား။

အခြားယာတောများမှလာနေကြသော လှည်းကြီးများသည် ဘေးတစ်ဖက် တစ်ချက် လမ်းမကြီးများထဲမှ ထွက်လာကြသည်။ တစ်လှည်းနှင့်တစ်လှည်း အပြန်အလှန် အော်ဟစ်နှုတ်ဆက်နေကြသည့်အသံများ။ စခန်းဝင်းအတွင်း၌လည်း အရပ်လေးမျက်နှာမှ ရောက်လာကြသည့် လှည်းများ။ ပရိသတ်ကလည်း နည်းနည်းနောနောမဟုတ်။ ဘဲလ်အပါအဝင် မိမိတို့လှည်းပေါ်မှ မိန်းမများသည် အခြားလှည်းများမှ မိန်းမများနှင့် ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်နေကြသည်။ တိုးဘော့များ၏မြေပေါ်တွင် ဤမျှများပြားသော လူမည်းများ စုဝေးနေကြသည်ကို မတွေ့ဖူး မမြင်ဖူးခဲ့သော ကွမ်တာသည် တဖြည်းဖြည်း စိတ်ဝင်စားလာသည်။

မိန်းမများသည် အစားအစာခြင်းများကို သစ်ပင်များအောက်၌ ချကြသည်။ ယောကျ်ားများသည် စားကျက်မြက်ခင်းအလယ်ရှိ တောင်ပူစာဘက်သို့ သွားကြသည်။ ကွမ်တာသည် သူ့လားများကိုဖြုတ်၍ တိုင်တစ်တိုင်၌ ချည်ထားလိုက်ပြီး သူ့လှည်းအောက်၌ တစ်ယောက်တည်း ထိုင်သည်။ ယောကျ်ားအားလုံးသည် တောင်ပူစာထိပ်၌ ဝိုင်း၍ထိုင်ကြသည်။ သူတို့ထဲမှ အသက်အကြီးဆုံး လေးယောက်သည် မတ်တတ်ရပ်နေကြသည်။ ထိုလေးဦးထဲမှ အသက်အကြီးဆုံးဟု ယူဆရသည့် အဘိုးအိုတစ်ဦးသည် အသားအလွန်မည်းသည်။ ခါးကိုင်းကိုင်း ပိန်ပိန်ပါးပါး မုတ်ဆိတ်မွေးဖြူဖြူနှင့် ဖြစ်သည်။ သူသည် ဦးခေါင်းကိုမော့ကာ မိန်းမများဘက်လှည့်၍...

'ယေရှုသခင်၏သမီးများ'

မိန်းမများ ပြေးလာကြပြီး ယောကျ်ားများ၏နောက်၌ ဝင်ထိုင်ကြသည်။

'ယေရှုသခင်၏ သားနှင့် သမီးများ'

'အမိန့်ရှိပါအရှင်'

ပရိသတ်က ပြန်အော်သည်။

ထိုအခါ ဘေးမှရပ်နေသော အဘိုးအိုသုံးဦးသည် အသက်အကြီးဆုံးအဘိုးအို ရှေ့သို့ တစ်ယောက်ပြီးတစ်ယောက်လာရပ်ပြီး အော်ကြသည်။

'ကျွန်ုပ်တို့အားလုံး ဘုရားသခင်၏ ကျေးကျွန်များဖြစ်လာကြပြီ'

'မှန်ပါတယ်အရှင်'ဟု မြေကြီးပေါ်၌ ထိုင်နေသူများက ပြန်အော်ကြသည်။

'သမ္မာကျမ်းစာကဆိုတယ်၊ သိုးငယ်နဲ့ ခြသေ့ဟာ အတူတူတွဲပြီး လဲလျောင်းနေကြပြီတဲ့'ဟု အဘိုးအိုက လက်နှစ်ဖက်ကို ကောင်းကင်သို့မြှောက်၍ ပြောသည်။

'ဒါကြောင့်မို့ နောင်အခါမှာ သခင်နဲ့ကျွန်ဆိုတာ မရှိတော့ဘူး။ အားလုံးဟာ ဘုရားသခင်ရဲ့ သားသမီးတွေပဲ ဖြစ်ကြရတော့မယ်'

ထို့နောက် ထိုင်နေကြသည့် မိန်းမများသည် ဖြုန်းခနဲထရပ်လိုက်ကြပြီး ကကြခုန်ကြသည်။ အော်ကြဟစ်ကြသည်။ ထိုအုပ်စုထဲတွင် ဘဲလ်ပါနေသည်ကို ကွမ်တာ မြင်နေရ၏။

နောက်ဆုံးတွင် အဘိုးအိုတစ်ယောက်က ဘုရားရှိခိုးစာများရွတ်သည်။ ပြီးသွားသည့်အခါ အားလုံးက 'အာမင်'ဟု အော်လိုက်ကြပြီး ဓမ္မသီချင်း သီဆိုကြသည်။ သီဆိုရင်းမှပင် ထိုင်ရာမှထကာ တောင်ပူစာပေါ်မှ အောက်ဘက်သို့ ဆင်းသွားနေသော ဓမ္မဆရာ အဘိုးအိုနောက်မှ တန်းစီလိုက်သွားကြသည်။ သီချင်းဆုံးသွားချိန်တွင် လူအားလုံး ရေကန်တစ်ကန်၏ ကန်ပေါင်ရိုးပေါ် စုဝိုင်း၍ ရပ်ပြီးသား ဖြစ်နေကြသည်။ ဓမ္မဆရာအဘိုးအိုက လက်နှစ်ဖက်ကို အပေါ်သို့မြှောက်လိုက်သည်။

'သင်တို့၏ မကောင်းမှုဒုစရိုက်များကို ဂျော်ဒန်မြစ်ရေနှင့် ဆေးကြောသန့်စင်ကြပါစို့'

ကွမ်တာတအံ့တသြကြည့်နေခိုက်မှာပင် လူဆယ့်ငါးယောက်ခန့်မှတစ်ပါး အခြားလူအားလုံးက ကန်ပေါင်ပေါ်၌ ထိုင်ကြသည်။ ကျန်လူစုသည် ကန်ရေအစပ်တွင် တန်းစီရပ်နေကြ၏။

ရပ်နေကြသည့် လူစုထဲမှ ရှေ့ဆုံးမှ ဆယ်ကျော်သက်ရွယ် မိန်းကလေးအား ဓမ္မဆရာက လှမ်းမေးသည်။

'အို...သမီးငယ် အဆင်သင့်ဖြစ်ပြီလော'

မိန်းကလေးက ခေါင်းညိတ်သည်။

'အဆင်သင့်ဖြစ်ပါက ဆင်းခဲ့လော့'

လူကြီးနှစ်ယောက်က မိန်းကလေး၏ လက်နှစ်ဖက်ကို တစ်ယောက်တစ်ဖက် ဆွဲကာ ရေလယ်အထိခေါ်သွားသည်။ ဓမ္မဆရာက သူ၏ညာဘက်လက်ကို မိန်းကလေး

၏ နဖူးပေါ်တင်လိုက်သည်။ လူတစ်ယောက်က နောက်မှနေ၍ မိန်းကလေး၏ ပခုံးများကို ကိုင်ထားသည်။ အခြားနှစ်ယောက်က မိန်းကလေး၏ လက်မောင်းများကို စောစောကထက်တိုး၍ တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။

'အို...ဘုရားသခင်၊ ဤသမီးငယ်အား အပြစ်အားလုံးမှ သန့်ရှင်းစင်ကြယ်သွားအောင် ဆေးကြောပေးတော်မူပါ'

ဓမ္မဆရာက မိန်းကလေးအား နောက်ဘက်သို့ အသာတွန်းပို့သည်။ သူ့ပခုံးများကို ကိုင်ထားသူက မိန်းကလေးအား ရေထဲသို့ဆွဲနှစ်သည်။ ရေအောက်မှ မိန်းကလေး၏ တွန်းထိုးရုန်းကန်နေသံများကို ကွမ်တာကြားနေရ၏။ ဓမ္မဆရာက အမိန့်ပေးလိုက်မှ မိန်းကလေးအား ရေပေါ်သို့ ဆွဲတင်သည်။ မွန်းကျပ်သောဒဏ်ကြောင့် မိန်းကလေးမှာ အသက်ပင်မှန်မှန်မရှူနိုင်။ ထို့နောက် မိန်းကလေးအား လူနှစ်ယောက်က ဆွဲခေါ်လာပြီး ကမ်းစပ်မှ ရပ်စောင့်နေသည့် မိခင်၏လက်သို့အပ်သည်။

ထို့နောက် အသက်နှစ်ဆယ်ခန့် ယောကျ်ားကလေးတစ်ယောက်။ သူသည် ရေထဲဆင်းရန် နောက်တွန့်လျက်ရှိသဖြင့် အတင်းအဓမ္မချုပ်ကိုင်ပြီး ဆွဲခေါ်သွားကြရသည်။ ကွမ်တာသည် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

သူတို့ဘာကြောင့် ယခုလိုလုပ်ကြပါသနည်း။ ဘုရားသခင်က သူ့အား ယုံကြည်သူများအပေါ် ယခုလောက် ပြင်းထန်သည့်ခံစားမှုမျိုးပေးရမည်ဟု တောင်းဆိုထားလေသလား။ တောင်းဆိုရုံမျှဖြင့် လူတစ်ယောက်၏ မကောင်းမှုများသည် ပျောက်သွားပါသလား။ ကွမ်တာ့စိတ်တွင် မေးခွန်းပေါင်းမြောက်မြားစွာ ပေါ်လျက်ရှိ၏။ သို့သော်လည်း မည်သည့်မေးခွန်းကိုမျှ သူမဖြေနိုင်။

ဓမ္မဆရာသည် ရေကန်အလယ်မှ တက်မလာသေး။ ပရိသတ်အား လှည့်မေးလိုက်သည်။

'သင်တို့ထဲမှ မိမိတို့သားသမီးများကို ယေရှုသခင်ထံ အပ်နှံလိုသူများ ရှိသေးသလား'

အမျိုးသမီးလေးယောက် မတ်တတ်ရပ်သည်။ ပထမဆုံးမှာ ဘဲလ်။ သူသည် ကစ်ဇီအား လက်တစ်ဖက်ဖြင့် ဆွဲထားသည်။

ကွမ်တာသည် လှည်းရိပ်အောက်ခို၍ ထိုင်နေရာမှ ခုန်၍ထလိုက်သည်။ ဘယ်နည်းနှင့်မျှ သူ့သမီးအား ရေမနှစ်စေရ။ ဘဲလ်သည် ရေကန်အစပ်သို့ လျှောက်သွားသည်။ ဓမ္မဆရာက လက်ရပ်ခေါ်လိုက်သည့်အခါ သူသည် ကစ်ဇီအားပွေ့ပြီး ရေထဲသို့ ရဲရဲဝံ့ဝံ့ ဆင်းသွားသည်။ ကွမ်တာသည် ရေကန်ဆီသို့ အမောတကောပြေးသည်။ ခြေထောက် အဖြတ်ခံရပြီးကတည်းက အပြေးအလွှားမလုပ်ခဲ့သည်မှာ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ပင် ရှိခဲ့ပြီ။ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ပြေးခြင်းဖြစ်၏။

မြန်မာ စာအုပ်များ

ဘဲလ်သည် ဓမ္မဆရာ၏ဆီးသို့ ရောက်သွားခဲ့လေပြီ။ ကွမ်တာက ဘဲလ်အား အော်ခေါ်ရန် ပါးစပ်ဟလိုက်သည်။ ထိုအခိုက်မှာင် ဓမ္မဆရာ၏ အသံကို ကြားလိုက်ရသည်။

'ကလေးနာမည် ဘယ်သူလဲ'

'ကစ်ဇီလို့ ခေါ်ပါတယ်အရှင်'

'အဘဘုရားသခင်'

ဓမ္မဆရာက သူ့ဘယ်ဘက်လက်ကို ကစ်ဇီ၏ခေါင်းအောက်သို့ သွင်းသည်။

'မလုပ်နဲ့'

ကွမ်တာက ဒေါသတကြီး လှမ်းအော်သည်။

ဘဲလ်က ဖျတ်ခနဲလှည့်ကြည့်သည်။ ဝင်းဝင်းတောက်နေသော ဘဲလ်၏ မျက်လုံးများသည် ကွမ်တာအား စူးစူးရဲရဲစိုက်ကြည့်နေသည်။ ဓမ္မဆရာက ကွမ်တာအား တစ်လှည့် ဘဲလ်အားတစ်လှည့် ကြည့်သည်။

'ကိစ္စမရှိပါဘူးအရှင်၊ တပည့်တော်မရဲ့ခင်ပွန်း အာဖရိကန်အမျိုးသားပါ၊ သူက လုံးဝနားမလည်ပါဘူး။ ဘာမှလည်းမသိပါဘူး။ နောက်ကျမှ တပည့်တော်မက ရှင်းပြရမှာပါ၊ အရှင်လုပ်စရာရှိတာ ဆက်လုပ်ပါ'

ဓမ္မဆရာက ပခုံးများကိုတွန့်လိုက်ပြီး ကစ်ဇီအားငုံ့ကြည့်ကာ သူ့မျက်လုံးများကို မှိတ်လိုက်သည်။

'အဘဘုရားသခင်၊ မြင့်မြတ်သန့်စင်သော ဤရေစင်ဖြင့် ဤကလေးအား မင်္ဂလာပြုတော်မူပါ၊ သူ့နာမည်ဘယ်သူ'

'ကစ်ဇီ'

'ဤကလေး ကစ်ဇီအား မင်္ဂလာပြုတော်မူပြီး အရှင်၏ မြင့်မြတ်သောမြေသို့ ခေါ်ဆောင်တော်မူပါ'

ဓမ္မဆရာသည် ညာလက်ကို ရေတွင်နှစ်ကာ ကစ်ဇီ၏မျက်နှာအား ရေဖြင့်တောက်ပေးသည်။ ထို့နောက် 'အာမင်'ဟု ကျယ်လောင်စွာရေရွတ်သည်။

ဘဲလ်သည် ကစ်ဇီအားပွေ့ကာ ကမ်းစပ်သို့ ပြန်လာသည်။ ပြီးတော့ ကွမ်တာအား မော့ကြည့်သည်။ သူ့မျက်လုံးများတွင် မျက်ရည်များပြည့်လျက်။ ကစ်ဇီအား ကွမ်တာ့လက်သို့ လှမ်းပေးသည်။

'သူဘာမှမဖြစ်ဘူး၊ ရေစိုနေတာတစ်ခုပဲရှိတယ်'

ကွမ်တာက သူ့လက်ဖဝါးကြမ်းကြီးဖြင့် ကစ်ဇီ၏မျက်နှာပေါ်မှ ရေစက်များ သုတ်ပေးသည်။

မြန်မာ စာအုပ်များ

'ရှင်လည်း ပြေးလိုက်ရလို့ မောသွားရောပေါ့၊ ဆာလည်းဆာမှာပဲ။ ကျွန်မက ကြက်ကြော်နဲ့ ကြက်ဥပြုတ်တွေ ယူလာတယ်။ ပူတင်းတွေလည်း ဖုတ်လာတယ်'

'အေး...ကောင်းတာပေါ့'ဟု ကွမ်တာက ပြောသည်။

ဘဲလ်က ကွမ်တာ၏လက်မောင်းကို ဆုပ်ကိုင်ကာ စားကျက်မြက်ခင်းကို ဖြတ်၍ သစ်ကြားပင်တစ်ပင်တစ်ပင်အောက်ရှိ မြက်ခင်းပေါ်ချထားသော ခြင်းတောင်းဆီသို့ ဖြည်းဖြည်းသာသာ လျှောက်သွားသည်။

[၇၄]

တစ်ညတွင် ကွမ်တာတို့မိသားစု တဲအတွင်း၌ ထိုင်နေကြခိုက် ဘဲလ်က သူ့သမီးကစ်ဇီအား 'ငါ့သမီးလေး အသက်ခုနစ်နှစ်ပြည့်တော့မယ်။ ဒီအရွယ် နေ့စဉ် ယာတောထဲထွက်ပြီး အလုပ်ကူလုပ်နေကြတာ မြင်တယ်မဟုတ်လား။ နိုအာတို့လုပ်သလိုပေါ့။ သမီးလည်း ဟိုအိမ်ကြီးထဲမှာ အမေ့ကို အလုပ်ကူလုပ်ပေးရတော့မယ်'ဟု ပြောသည်။

ဤစကားမျိုးပြောလျှင် သူ့အဖေမကြိုက်တတ်မှန်းသိနေသော ကစ်ဇီက ကွမ်တာအား မော့ကြည့်သည်။ သို့သော်လည်း ကွမ်တာက ကန့်ကွက်စကားမပြော။ ကစ်ဇီ အလုပ်လုပ်ဖို့နှင့်ပတ်သက်၍ ဘဲလ်နှင့်ကွမ်တာတို့ ဆွေးနွေးခဲ့ပြီးပြီဖြစ်၏။ မစ္စအင်နီ၏ ကစားဖော်အဖြစ် ဆက်၍နေသွားမည့်အစား သခင်ဝေါလား၏ရှေ့မှောက်၌အလုပ်လုပ်နေခြင်းက ပိုကောင်းမည်ဟု ကွမ်တာတွက်ထားပြီးဖြစ်၍ ဘဲလ်အကြံကို သူလက်ခံခဲ့သည်။

ကွမ်တာကတော့ ကစ်ဇီအား ယခုအရွယ်ကတည်းက အသုံးဝင်သည့် လူ တစ်ယောက် ဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးစေချင်သည်။ သူ့ရွာ ဂျပ်ဖူရီ၌ဆိုလျှင် ကစ်ဇီတို့အရွယ် သမီးမိန်းကလေးများအား မိခင်များက အိမ်မှုကိစ္စများ စတင်သင်ကြားပေးကြပြီ ဖြစ်၏။ အလားအလာရှိသည့် ယောကျ်ားကောင်းတစ်ယောက်ရရေးအတွက် သတို့သမီးကောင်းတစ်ဦး ဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည့်တာဝန်သည် မိခင်တာဝန်ဖြစ်သည်ဟု သူတို့ဓလေ့ထုံးစံက သတ်မှတ်ထားသည် မဟုတ်ပါလော။

မိမိ၏သမီးအား လူဖြူများနှင့်နီးစပ်သွားအောင်လုပ်ခြင်းကိုကား ကွမ်တာလက်ခံနိုင်လိမ့်မည်မဟုတ်။ သူ့သဘောထားကို သိထားသော ဘဲလ်ကလည်း သူမနှစ်သက်သည့် အဖြစ်မျိုးရောက်အောင်တော့ လုပ်လိမ့်မည်မထင်။ ဤသို့ဖြင့် ဘဲလ်သည် သမီးငယ်အား မနက်တိုင်း သူ့အလုပ်ခွင်သို့ ခေါ်သွားခွင့်ရခဲ့သည်။ ရက်အနည်းငယ်မျှကြာသောအခါ ဘဲလ်က ကစ်ဇီအား အိုးခွက်ပန်းကန်များနှင့် ကြမ်းများ တိုက်တတ်ချွတ်တတ်အောင်၊ သခင်ဝေါလား၏ အိပ်ရာခင်းများ ပြင်ဆင်ခင်းကျင်းတတ်အောင်

သင်ကြားပေးနေပြီဟုပြောသည်။ သူ့သမီး ဤအလုပ်မျိုးတွေလုပ်နေပြီဟူသောစကား ကြားရသည့်အခါ ကွမ်တာသည် ဝမ်းသာဂုဏ်ယူဖို့ မလွယ်ကူသည့်အဖြစ်နှင့် ရင်ဆိုင်ရသည်။ ဤကြားထဲမှပင် သခင်ဝေါလား၏ သေးအိုးသွန်နေရသည့် ကစ်ဇီအား ပက်ပင်းပါ မြင်လိုက်ရသောအခါ ဒေါသဖြစ်ရပြန်လေသည်။

လူတစ်ယောက်၏ ကိုယ်ပိုင်အစေခံတစ်ဦးဖြစ်လာဖို့အတွက် မည်ကဲ့သို့ နေထိုင်လုပ်ကိုင်ရမည့် စသည်များကို ဘဲလ်က ကစ်ဇီအား ပြောပြနေသည့်အခါများတွင်လည်း ကွမ်တာသည် သူ့စိတ်ကို မနည်းချုပ်တည်း၍ နားထောင်နေရ၏။

'အမေပြောပြမယ်၊ နားထောင်။ အမေတို့သခင် လူဖြူတစ်ယောက်ဆီမှာ အလုပ်လုပ်ခွင့်ရဖို့ဆိုတာမလွယ်ဘူး။ သမီး သူ့ဆီမှာ အလုပ်လုပ်ခွင့်ရရင် တခြားနီဂရိုးတွေထက် ကံကောင်းတယ်လို့မှတ်။ သမီးကို သခင်က ဘာလိုချင်တယ်၊ ဘာလုပ်ချင်တယ်လို့ မပြောဘဲနဲ့သိအောင် သမီးကြိုးစားရမယ်။ အမေနဲ့အတူ အိပ်ရာက စောစောထပြီး လိုက်ခဲ့။ ဟိုရောက်တော့ သခင့်အလုပ်တွေကို အလိုက်တသိလုပ်ပေး၊ ချွတ်ပြီး ချိတ်ထားတဲ့ အင်္ကျီ ဘောင်းဘီတွေကို ခေါက်ပေး။ ကြယ်သီးတွေမပြုတ်အောင် သတိထားပြီးကိုင်' စသည် စသည်ဖြင့် ဘဲလ်က အစေခံသင်ခန်းစာများကို ကစ်ဇီအား မကြာခဏ ပြောပြသည်။ ပြော ပြသည့်အခါတွင်လည်း နာရီပေါင်းများစွာ ကြာသည်ဖြစ်ရာ ကွမ်တာမှာ သူ့စိတ်သူ မနည်းကြိုးစား၍ ထိန်းချုပ်နေရ၏။

နောက်ပိုင်းတွင် ဘဲလ်သည် ကစ်ဇီအား ညတိုင်းသင်ကြားပေးလေရာ ကွမ်တာမှာ နားမခံသာအောင် ဖြစ်လျက်ရှိ၏။ လုံးဝနားမထောင်နိုင်တော့သည့်အခါများတွင်မူ ကွမ်တာသည် တယောဆရာ၏တဲသို့သွားထိုင်ကာ စကားစမြည်ပြောနေတတ်၏။

ကစ်ဇီသည် သူ့မိခင်၏စကားများကို မှတ်သားနာယူဟန်တူသည်။ သခင်ဝေါလားက ကစ်ဇီ၏ လုပ်ပုံကိုင်ပုံများကို သဘောကျကြောင်း ဘဲလ်ထံမှ ပြန်၍ ကြားရသည်။

မစ္စအင်နီအလည်လာသည့်အခါတွင်မူ ကစ်ဇီသည် အလုပ်ခွင်၌ မနေရတော့ပေ။ မိန်းကလေးနှစ်ယောက်သည် ကြိုးခုန်ကြ၊ တူတူပုန်းကြနှင့် ပျော်ရွှင်အောင် ဆော့နေကြပြန်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကွမ်တာ့ထံမှ ဘာသံမှမကြားရသော်လည်း မစ္စအင်နီလာသည့်နေ့နှင့် နောက်တစ်နေ့အထိ ကွမ်တာနှင့် ဆက်ဆံရသည်မှာ ဘဲလ်အဖို့ အဆင်မပြေဖြစ်နေတတ်၏။ ကစ်ဇီအား အင်နီတို့အိမ်သို့ မြင်းရထားနှင့် လိုက်ပို့ပေးရသည့် အလုပ်ကိုလည်း ရံဖန်ရံခါလုပ်နေရသေး၏။ ထိုအချိန်မျိုးတွင်မူ သားအဖနှစ်ယောက်အကြား၌ နားလည်မှုတစ်ခုသည် တည်ရှိလာစမြဲဖြစ်၏။ ကွမ်တာသည် ထိုအချိန်မျိုးတွင် ကစ်ဇီအား သူ့မွေးရပ်ဇာတိအကြောင်း ပြောပြလေ့ရှိသည်။

ဖုန်ထူသော လမ်းများပေါ်၌ သွားနေသည့် မြင်းရထားပေါ်တွင် ကွမ်တာသည် ကစ်ဇီအား လမ်းဘေးဝဲယာမှ အရာဝတ္ထုများကို ညွှန်ပြကာ မန်ဒင်ကာဘာသာဖြင့် မည်ကဲ့သို့ခေါ်သည်ကို သင်ကြားပေးသွားလေ့ရှိသည်။ သစ်ပင်ကို လက်ညှိုးထိုးပြပြီး 'ယီရို'ဟုပြောသည်။ လမ်းကြီးကိုညွှန်ပြပြီး 'စီလို'ဟု ပြောသည်။ နွားမတစ်ကောင်ကို တွေ့လျှင် 'နင်စီမုဆို'ဟု ပြော၍ တံတားတစ်ခုပေါ်မှ ကျော်ဖြတ်သွားသည့်အခါ 'ဆာလို'ဟု ပြောသည်။ တစ်ကြိမ်တွင် မိုးရွာခိုက်နှင့်ကြုံကြိုက်သဖြင့် ကွမ်တာက မိုးပေါက်များအားညွှန်ပြပြီး 'ဆန်ဂို'ဟုပြောသည်။ နေပြန်ထွက်လာသောအခါ နေကို လက်ညှိုးထိုးပြပြီး 'တီလို'ဟုပြောသည်။

ကစ်ဇီသည် စကားတစ်လုံးပြောလိုက်တိုင်း သူ့ပါးစပ် အဖွင့်အပိတ်ကို စိတ်ဝင်တစား ကြည့်သည်။ ထို့နောက် စကားကိုလိုက်ဆိုသည်။ မကြာခင်မှာပင် ကစ်ဇီကိုယ်တိုင် မန်ဒင်ကာဘာသာဖြင့် မည်သို့ခေါ်သလဲဟုမေးသည်။ တစ်နေ့တွင် ကစ်ဇီက သူ့ခေါင်းကို လက်နှင့်ပုတ်ပြပြီး 'သမီးခေါင်းကို ဘယ်လိုခေါ်ပါသလဲ'ဟု မေးသည်။ ကွမ်တာက 'ကွန်ဂိုး'ဟုပြောသည်။ ကစ်ဇီက သူ့ဆံပင်များကို လက်နှင့်ပုတ်ပြသည့်အခါ 'ယူလို' ဟု ကွမ်တာကပြောသည်။ ကစ်ဇီက ခိုးခိုးခစ်ခစ်ရယ်သံပြုပြီး သူ့ပါးစပ်ကို လက်နှင့် ထိုးပြသည်။ ကွမ်တာက 'ဒါ'ဟု ဖြေသည်။ ကစ်ဇီက ကွမ်တာ၏လက်ညှိုးကို ဆွဲကိုင်ပြီး ကွမ်တာ၏ ရင်ဘတ်တွင်ထောက်၍ 'ပါ'ဟု ရေရွတ်သည်။ သူ့သမီးအား ချစ်ခင်တွယ်တာစိတ်သည် ကွမ်တာ၏ရင်ထဲတွင် ဆထက်ထမ်းပိုးတိုးလာသည်။

သူတို့သည် မြစ်တစ်ခုဘေးမှ ဖြတ်သွားရသည်။ ကွမ်တာက 'အဲဒါကျတော့ ဘိုလွန်ဂိုးလို့ခေါ်တယ်'ဟုပြောသည်။ ထို့နောက် သူ့ဇာတိရွာသည် 'ကင်တီဘိုလွန်' ဟုခေါ်သော မြစ်တစ်ခုအနီး၌တည်ရှိသည်ဟု ထပ်ပြောသည်။ မက်တာမိုနီမြစ်အကြောင်း ပြောပြသည့်အခါတွင်မူ ကစ်ဇီနားမလည်။ သို့သော်လည်း သူ့အရပ်ဒေသမှ နာမည်များကို ယခုထိမှတ်မိနေသဖြင့် ကွမ်တာ ဝမ်းသာအားရဖြစ်မိသည်။ စကားစပ်မိသွားသဖြင့် ကျိုင်းကောင်များအကြောင်းနှင့် သူ့အဘွား ယေဆာအကြောင်း ပြောပြသည်။

'သမီးမှာ အဘွားရှိသလား'ဟု ကစ်ဇီကမေးသည်။

'သမီးမှာ အဘွားနှစ်ယောက်ရှိတယ်။ အဖေ့ရဲ့အမေနဲ့ သမီးမေမေရဲ့အမေ'

'သူတို့က သမီးတို့နဲ့အတူတူမနေဘူးလား'

'ဖေဖေတို့ ဘယ်ရောက်နေတယ်ဆိုတာ သူတို့မသိကြဘူး၊ သမီးကော သိရဲ့လား'

'သမီးတို့ မြင်းရထားပေါ်မှာရောက်နေကြတယ်'

'အဲဒါကို မေးတာမဟုတ်ဘူး၊ ဖေဖေတို့ ဘယ်မှာနေကြသလဲလို့မေးတာ'

'သခင်ဝေါလားရဲ့ အိမ်ထဲမှာ'

'အဲဒီအိမ်က ဘယ်မှာရှိသလဲ'

မြန်မာ စာအုပ်များ

'ဟိုးဘက်မှာ'

ပြောပြောဆိုဆို ကစ်ဇီက လမ်းမဘက် လက်ညှိုးထိုးပြသည်။ ပြောနေသည့် အကြောင်းအရာပေါ်၌ သိပ်ပြီးစိတ်မဝင်စားတော့သည့် ကစ်ဇီက 'ဖေဖေလာတဲ့နေရာက ပိုးကောင်တွေအကြောင်းပြောပါဦး'ဟု ပြောသည်။

'ပုရွက်ဆိတ်အနီကြီးတွေလည်းရှိတယ်၊ သူတို့က သစ်ရွက်တွေနဲ့ မြစ်ကို ဘယ်လို ဖြတ်ကူးရမယ်ဆိုတာသိတယ်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့လည်း လူတွေ စစ်တိုက်သလို တိုက်ကြတယ်။ သူတို့နေဖို့ သူတို့ဘာသာသူတို့ ပုရွက်ဆိတ်တောင်ပို့ကြီးတွေ ဆောက်ကြတယ်၊ အဲဒီတောင်ပို့ကြီး တစ်ခုတစ်ခုဟာ လူတစ်ယောက်အရပ်ထက်မြင့်တယ်'

'ကြောက်စရာကောင်းတယ်နော်ဖေဖေ၊ သူတို့ကို ခြေထောက်နဲ့ နင်းမပစ်ဘူးလား'

'မနင်းဘူး၊ သူတို့လည်း အသက်ရှင်ခွင့်ရှိတယ်၊ မြက်တောင်မှ လူတွေလို အသက်ရှိတာပဲ'

'ဒါဆိုရင် မြက်ပေါ်ကို သမီးမနင်းဘူး၊ မြင်းရထားထဲမှာပဲနေမယ်'

ကွမ်တာက ပြုံးသည်။

'ဂျပ်ဖူရီမှာ မြင်းရထားမရှိဘူး၊ ဖေဖေတို့ခရီးသွားရင် ခြေကျင်ပဲသွားကြရတယ်'

'ဂျ–ဖ–ရေးဆိုတာ ဘာလဲ'

'ဖေဖေနေခဲ့တဲ့ ရွာနာမည်ပေါ့၊ သမီးကို ခဏခဏ ဖေဖေပြောခဲ့ဖူးတယ်လေ'

'ဖေဖေလာတာ အာဖရိကမဟုတ်လား၊ ဂမ်ဘီအာဆိုတာလေ'

'ဂမ်ဘီယာဆိုတာ အာဖရိကတိုက်ထဲက နိုင်ငံတစ်နိုင်ငံပေါ့၊ ဂျပ်ဖူရီဆိုတာ ဂမ်ဘီယာနိုင်ငံထဲက ရွာတစ်ရွာ'

'အဲဒါတွေက ဘယ်မှာလဲ'

'ရေပြင်ကျယ်ကြီးကိုဖြတ်သွားမှ ရောက်တာ'

ရေပြင်က ဘယ်လောက်ကြီးလဲ'

'အကြီးကြီးပေါ့၊ သိပ်ကြီးလွန်းလို့ လမင်းလေးခါပြည့်မှ ဖြတ်မိတယ်'

'လမင်းလေးခါဆိုတာ ဘာလဲ'

'လမင်းဆိုတာ သမီးတို့ခေါ်ဝေါ်နေတဲ့ လနဲ့အတူတူပဲ၊ လမင်းလေးခါပြည့်တယ်ဆိုတာ လေးလကိုပြောတာ'

'ဖေဖေတို့က ဘာပြုလို့ လလို့မပြောတာလဲ'

'ဒါက ဖေဖေတို့ဘာသာစကားနဲ့ခေါ်တာပဲ'

'နှစ်ကျတော့ ဘယ်လိုခေါ်လဲ'

'တစ်မိုးလို့ခေါ်တယ်'

'ရေပြင်ကြီးကို ဘယ်လိုဖြတ်ရလဲ'

မြန်မာ စာအုပ်များ

'လှေအကြီးကြီးနဲ့ဖြတ်တယ်'
'ငါးဖမ်းတဲ့လှေလောက် ကြီးသလား'
'လူတစ်ရာလောက်တင်နိုင်တဲ့လှေကြီး သမီးရဲ့'
'လှေကြီးက ရေထဲနစ်မသွားဘူးလား'
'ဖေဖေတော့ နစ်သွားပါစေလို့ တစ်လမ်းလုံးဆုတောင်းတာပဲ'
'ဘာပြုလို့လဲ'
'ဖေဖေတို့အားလုံး လှိုင်းမူးနေကြတယ်။ ကိုယ်ယိုထား ပေါက်ထားတဲ့ ချေးတွေ သေးတွေပေါ်မှာ အိပ်ကြရတယ်။ အားလုံး သေတော့မလိုဖြစ်နေကြတာ'
'ဖေဖေတို့ ဘာပြုလို့ အိမ်သာကိုမသွားကြတာလဲ'
'တိုးဘော့တွေက ဖေဖေတို့ကို သံကြိုးကြီးတွေနဲ့ချည်ထားလို့'
'တိုးဘော့ဆိုတာ ဘယ်သူလဲ'
'လူဖြူတွေကိုခေါ်တာ'
'ဘာပြုလို့ သံကြိုးတွေနဲ့ချည်တာလဲ။ ဖေဖေကဘာလုပ်လို့လဲ'
'ဘာမှမလုပ်ဘူး၊ ဖေဖေနေတဲ့ ဂျပ်ဖူရီရွာနားက တောထဲမှာ ဗုံတစ်လုံးလုပ်ဖို့ သစ်သွားခုတ်တုန်း တိုးဘော့တွေကဖမ်းတာ'
'အဲဒီတုန်းက ဖေဖေ အသက်ဘယ်လောက်ရှိပြီလဲ'
'ဆယ့်ခုနစ်နှစ်'
'ဖေဖေ့မှာ ညီတွေ နှမတွေရှိလား'
'ညီသုံးယောက်ရှိတယ်၊ အခုဆိုရင် နောက်ထပ်တိုးချင်တိုးနေမှာ။ သူတို့လည်း လူကြီးတွေဖြစ်ကုန်လောက်ပြီ။ သမီးအရွယ် သားသမီးတွေတောင် ရလောက်ပြီ'
'သမီးတို့ သူတို့ဆီ သွားလို့မရဘူးလား'
'မရဘူး၊ ဖေဖေတို့မလာရင် မတ်စတာဂျွန်က ခွေးတွေနဲ့လိုက်ရှာမှာ'
'သူတို့က သမီးတို့အတွက် စိတ်ပူလို့လား'
'ဖေဖေတို့ကို သူတို့ကပိုင်လို့လိုက်ရှာတာ။ ဒီမြင်းကြီးတွေကိုပိုင်သလို သူတို့က ဖေဖေတို့ကိုပိုင်တယ်'
'ဖေဖေနဲ့မေမေက သမီးကိုပိုင်သလို ပိုင်တာလား'
'အဲသလိုပိုင်တာမျိုးမဟုတ်ဘူး'
'မစ္စအင်နိုကပြောတယ်၊ သမီးကို သူအပိုင်လိုချင်တယ်တဲ့'
'သမီးက သူကစားဖို့အရုပ်မှမဟုတ်တာ'
'သမီး သူနဲ့ကစားနေတာပဲ၊ သူကပြောတယ်။ သူဟာ သမီးရဲ့ အချစ်ဆုံးသူငယ်ချင်းတဲ့'

မြန်မာ စာအုပ်များ

'သမီးက တစ်ပြိုင်တည်း သူငယ်ချင်းရော ကျွန်ရော ဖြစ်လို့မရဘူး'

'ဘာပြုလို့လဲ'

'သူငယ်ချင်းဆိုတာ တစ်ယောက်က တစ်ယောက်ကို မပိုင်ဘူး'

'ဖေဖေနဲ့မေမေကကော တစ်ယောက်ကိုတစ်ယောက် မပိုင်ဘူးလား'

'ဒါကျတော့မတူဘူး၊ ဖေဖေနဲ့မေမေတို့က တစ်ယောက်ကိုတစ်ယောက် ချစ်လို့ပိုင်တာ'

'သမီးလည်း မစ္စအင်နီကိုချစ်တာပဲ။ သူပိုင်တာကို သမီးက ခံချင်တာပေါ့'

'လုံးဝမဖြစ်နိုင်ဘူး'

'ဖေဖေ ပြောတာဘာလဲ'

'သမီးတို့ အသက်ကြီးလာတဲ့အခါမှာ ဘယ်ပျော်မလဲ'

'သမီးမပျော်ရင် ဖေဖေတို့လည်း ပျော်မှာမဟုတ်ဘူးပေါ့နော်'

'အေးပေါ့'

'သမီး ဖေဖေမေမေတို့နဲ့ ဘယ်တော့မှခွဲမသွားဘူး'

'အေးပေါ့ သမီးရယ်၊ ဖေဖေနဲ့မေမေကလည်း သမီးကို ဘယ်တော့မှ ခွဲမသွားပါဘူး'

[၇၅]

ကွမ်တာသည် နံနက်တိုင်း အရုဏ်မတက်ခင် အိပ်ရာမှထသည်။ ကျွန်အိမ်တန်းရှိ လူတိုင်းထက် များစွာစော၍ထခြင်းဖြစ်၏။ ယင်းအလေ့အထအတိုင်း ကွမ်တာ နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ အချို့က 'အဲဒီအာဖရိကန်ငမည်းဟာ ကြောင်တစ်ကောင် ကျနေတာပဲ။ သူ့မျက်စိတွေက အမှောင်ထဲမှာမြင်တယ်'ဟု မှတ်ချက်ချသည်။

စောစောထသည့်အတွက် ဘယ်သူတွေက ဘယ်လိုပဲထင်ထင် ကွမ်တာကတော့ ဂရုမစိုက်၊ အိပ်ရာမှနိုးလာသည့်အခါတိုင်း ကျီဘက်သို့ တိတ်တိတ်ကလေးသွားကာ မြက်ခြောက်ကြီး နှစ်ပုံကြားသို့ဝင်၍ အလ္လာအရှင်အား ဝတ်ပြုသည်။ ထို့နောက် မြင်းစာခွက်ထဲသို့ မြက်များထည့်၍ အစာကျွေးသည်။ ထိုအချိန်ဆိုလျှင် ဘဲလ်နှင့် ကစ်ဇီတို့သားအမိ မျက်နှာသစ် အဝတ်လဲပြီးပြီ။ မီးဖိုချောင်သို့သွား၍ လုပ်စရာရှိသမျှကိုလုပ်ရန် အဆင်သင့်ဖြစ်နေပြီ။ ယာတောအကူအလုပ်သမား ကာတိုသည်လည်း အိပ်ရာမှ ထလောက်ပြီ။ အေဒါ၏သား နိုအာနှင့်အတူ အိပ်ရာထ အချက်ပေးခေါင်းလောင်းကို ထိုးပေတော့မည်။

မြန်မာ စာအုပ်များ

နံနက်တိုင်းလိုလို နိုအာသည် ကွမ်တာအား ခေါင်းညိတ်ကာ 'မင်္ဂလာနံနက်ပါ' ဟု နှုတ်ဆက်လေ့ရှိသည်။ နိုအာနှုတ်ဆက်တိုင်းလည်း ကွမ်တာသည် အာဖရိကတိုက်မှ ဂျာလော့ဖ်လူမျိုးများအား သတိရတတ်၏။ ဂျာလော့ဖ်လူမျိုးတစ်ဦးက မနက်စောစောစီးစီး နှုတ်ဆက်လျှင် ထိုနေ့တစ်နေ့လုံး ကံကောင်းတတ်သည်ဟူသော ယုံကြည်ချက်သူတို့၌ရှိသည် မဟုတ်ပါလား။

ကွမ်တာနှင့်နိုအာသည် တစ်ယောက်နှင့်တစ်ယောက် စကားများများ ပြောဖူးကြသည်မဟုတ်။ သို့သော်လည်း ကွမ်တာသည် နိုအာ့အပေါ်၌ စိတ်ထဲက ကျိတ်၍ ခင်မင်လျက်ရှိသည်။ ဘာ့ကြောင့်ဟူ၍တော့မသိ။ နိုအာကိုမြင်တိုင်း ထိုအသက်ရွယ်လောက်က သူ့ဘဝကို ပြန်၍သတိရခြင်းကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ နိုအာသည် အရာရာကို အလေးအနက်ထားတတ်၏။ အလုပ်ကိုလည်း ဂရုတစိုက်လုပ်တတ်၏။ သူ့ကိစ္စမှတစ်ပါး အခြားလူများ၏ကိစ္စတွင် စိတ်ဝင်စားလေ့မရှိ။ စကားလည်းနည်း၏။ စကားနည်းသော်လည်း အရာရာတိုင်းကို မျက်ခြည်မပြတ်လေ့လာနေတတ်၏။ ထိုအလေ့အထများသည် သူ နိုအာ၏အရွယ်လောက်ကရှိခဲ့သော အလေ့အထနှင့် တူလှချေသည်။

ထို့ပြင်လည်း နိုအာသည် ကွမ်တာလုပ်လေ့လုပ်ထရှိသော အလုပ်တစ်ခုကို လုပ်လေ့ရှိ၏။ တစ်နေရာရာမှရပ်ကာ ကစ်ဇီနှင့် မစ္စအင်နီတို့ ခုန်ပေါက်ပြေးလွှား ဆော့ကစားနေကြသည်ကို မျက်ခြည်မပြတ်ကြည့်ရှုနေခြင်းဖြစ်သည်။ တစ်ကြိမ်တွင် ကွမ်တာသည် ကျီတံခါးဝမှရပ်ကာ ခွေလိုမ့်လာနေသော ကစ်ဇီနှင့် အင်နီတို့အား ကြည့်နေရာမှ လှည့်ထွက်သွားတော့မည်အပြုတွင် နိုအာကို လှမ်းမြင်သည်။ နိုအာသည် ကာတို၏ တဲရှေ့၏ရပ်ကာ သူ့လိုပင် ကစ်ဇီတို့နှစ်ယောက်အား ကြည့်နေသည်။ ကွမ်တာနှင့် နိုအာတို့သည် မျက်လုံးချင်းဆိုင်မိကြသည်။ တစ်ယောက်နှင့်တစ်ယောက် အတော်ကြာ စိုက်ကြည့်နေကြပြီးသည့်နောက် နှစ်ယောက်စလုံး မျက်နှာလွှဲလိုက်ကြသည်။ နိုအာ ဘ[illegible]တွေစဉ်းစားနေပါလိမ့်ဟု ကွမ်တာ မတွေးဘဲမနေနိုင်။ နိုအာကလည်း ကွမ်တာ ဘာ[illegible]စားနေပါလိမ့်ဟု တွေးသည်။ ကွမ်တာကတော့ သူရော နိုအာပါ အတွေးချင်း တူညီကြလိမ့်မည်ဟု ထင်နေမိသည်။

နိုအာသည် အသက်ဆယ်နှစ်သား။ ကစ်ဇီထက် နှစ်နှစ်ကြီးသည်။ သူတို့ နှစ်ယောက် ခင်မင်ရင်းနှီးမှု မရှိကြခြင်းသည် အသက်ကွာခြားမှုဟူသော အကြောင်းတစ်ခုတည်းကြောင့်တော့မဟုတ်။ ကျွန်အိမ်တန်းတစ်လျှောက်တွင် ကလေးဟူ၍ သူတို့နှစ်ဦးတည်းသာရှိသဖြင့် ကစားဖော်ကစားဖက်ဖြစ်လာသင့်၏။ သို့သော်လည်း သူတို့သည် နီးစပ်မှုမရှိကြ။ သူတို့နှစ်ယောက် ဆုံမိကြသည့်အခါတွင်လည်း တစ်ယောက်ကို တစ်ယောက် မမြင်ဟန်ပြုသွားကြသည်ကို ကွမ်တာသတိထားမိသည်။ ဘာ့ကြောင့် ထိုကဲ့သို့ ပြုကြသည်ကို ကွမ်တာတွေးမရ။ အိမ်ကျွန်နှင့် ယာကျွန် ရောနှောဆက်ဆံခြင်း မပြုကြသည့် အလေ့အထများ ငယ်ငယ်ရွယ်ရွယ်နှင့် နားလည်နေကြလို့လား။

မည်သည့်အကြောင်းကြောင့်ဖြစ်စေ သူတို့ချင်း ရောနှောခွင့်ရဖို့လည်းမလွယ်။ နိုအာသည် နေ့စဉ် အခြားကျွန်များနှင့်အတူ ယာတောထဲ၌ အချိန်ကုန်ရသည်။ ကစ်ဇီကတော့ နေ့စဉ်နှင့်အမျှ သခင်ဝေါလား၏အိမ်ခန်းထဲ၌ တံမြက်စည်းလှဲရ၊ ဖုန်သုတ်ရ၊ တိုက်ရချွတ်ရနှင့် အားသည်မရှိ။ သူတို့နှစ်ယောက်မှာ တစ်ယောက်တစ်နေရာစီ ကွဲ၍ အချိန်ကုန်ကြရသည်။

စနေနေ့များကျတော့ ထုံးစံအတိုင်း မစ္စအင်နီ ရောက်လာလေ့ရှိသည်။ ထိုအခါ ကစ်ဇီသည် အလုပ်ကို အမြန်ဆုံးပြီးအောင် ကမန်းကတန်းလုပ်သည်။ အလုပ်ပြီးသည်နှင့် နှစ်ယောက်သား ကစားကြသည်။ သခင်ဝေါလား ဘယ်မှမသွား၍ အိမ်မှာပင် နေ့လယ်စာစားသည့်အခါ အင်နီက သူ့ဦးလေးနှင့် ထမင်းစားခန်းထဲ၌ နေ့လယ်စာ စားသည်။ ကစ်ဇီက ဘေးမှရပ်ကာ ယပ်တောင်တစ်ချောင်းဖြင့် ယင်မလာအောင် ခပ်ပေးရသည်။ သူ့အမေ ဘဲလ်ကတော့ ထမင်းစားခန်းနှင့်မီးဖိုကြား ခေါက်တုံ့ခေါက်ပြန် ဝင်လိုက်ထွက်လိုက်နှင့် နားရသည်မရှိ။

ယခုအခါတွင်မူ ကွမ်တာသည် သူ့သမီးအား သခင်ဝေါလား၊ မစ္စအင်နီတို့နှင့် နေခြင်းကို မလိုမလားမဖြစ်တော့ဘဲ နေနိုင်လာသည်။ အိမ်ကြီးပေါ်၌ ဘာတွေလုပ်ကိုင်ရသည် စသည်များကိုတွေး၍ စိတ်မချမ်းမသာဖြစ်ရခြင်းမှလည်း အထိုက်အလျောက် သက်သာလာသည်။ သို့သော်လည်း ကွမ်တာသည် တနင်္ဂနွေ နေ့ မွန်းလွဲပိုင်းကိုတော့ အမြဲတစေ မျှော်တလင့်လင့်ဖြစ်မိသည်။ ထိုနေ့ဆိုလျှင် အင်နီကလည်း သူ့မိဘများထံ ပြန်သည်။ သခင်ဝေါလားကလည်း အနားယူသည့်အခါယူ၍ အပေါင်းအသင်းတစ်စုနှင့် အိမ်ရှေ့ဆင်ဝင်၌ စကားလက်ဆုံကျသည့်အခါလည်းကျသည်။ ဘဲလ်ကလည်း အန်တီဆုကေးနှင့် 'ယေရှုစည်းဝေးပွဲ'သို့သွားသည်။ ထိုအခါ တဲထဲတွင် သူနှင့် သူ့သမီး ကစ်ဇီတို့သာ ကျန်ရစ်ခဲ့သည်။ ကွမ်တာ့အဖို့ကတော့ သမီးလေးနှင့် နှစ်ယောက်တည်း လွတ်လပ်စွာ စကားပြောခွင့်ရသည့် နာရီပိုင်းသည် အဖိုးတန်လှသောအချိန် ဖြစ်လေသည်။

ရာသီဥတုကောင်းသော တနင်္ဂနွေနေ့နှင့် ကြုံကြိုက်သည့်အခါ သားအဖနှစ်ယောက် နွယ်ပင်များဖုံးနေသော ခြံစည်းရိုးအတိုင်း လမ်းလျှောက်ကြသည်။ ဤနေရာသည် သူ့သမီးအား 'ကစ်ဇီ'ဟု နာမည်ပေးရန် စဉ်းစားခဲ့မိသောနေရာဖြစ်၏။ ခြံစည်းရိုး အပြင်ဘက် ထွက်သည့်အခါများတွင်မူ စမ်းချောင်းကလေးဆီအထိ အရောက်သွားကာ သစ်ပင်ရိပ်တွင်ခို၍ ထိုင်သည်။ ကစ်ဇီ မီးဖိုချောင်မှယူလာသည့် အစားအစာများကို စားရင်း အပန်းဖြေကြသည်၊ စားသောက်ပြီးကြသောအခါ သားအဖနှစ်ယောက် ရောက်တတ်ရာရာ ပြောကြသည်။

မြန်မာ စာအုပ်များ

အများအားဖြင့် ကွမ်တာကချည်း ဒိုင်ခံပြောခြင်းဖြစ်သည်။ ကစ်ဇီကတော့ မေးခွန်း တွေချည်း မေးတတ်သည်။ တစ်ရက်တွင် ကစ်ဇီက သူ့အား အင်္ဂနီသင်ပေးသည့် ကဗျာတစ်ပိုင်းတစ်စ ရွတ်ပြသည်။ ကစ်ဇီရွတ်ဆိုပြနေသည့် ကဗျာကိုနားထောင်နေသော ကွမ်တာ၏ခေါင်းထဲသို့ စိတ်ကူးတစ်ခုဝင်လာသည်။ ယခုလိုအချိန်မျိုးတွင် ကစ်ဇီအား ဓမ္မတေးကဗျာများ သင်ကြားပေးရလျှင် ကောင်းလေမလား။ သို့သော်လည်း ထိုကဗျာများကို ကစ်ဇီနားလည်ဖို့ဆိုသည်မှာ ဖြစ်နိုင်လောက်သည့်ကိစ္စမဟုတ်။ သို့ဆိုလျှင် သူ့အား ကိုရမ်ကဗျာများ သင်ပေးမည့်အစား ရိုးရာပုံပြင်ကလေးတွေ ပြောပြရလျှင် ပို၍ကောင်းမည်ထင်သည်။ မိကျောင်းနှင့် လူကလေးပုံပြင်ကို ကစ်ဇီအား ပြောပြခဲ့ဖူးပြီ။

ဤသို့ဖြင့် ကွမ်တာသည် လိပ်နှင့် ကျားသစ်ပုံပြင်ကို ပြောပြသည်။ လိပ်က မိုက်မဲသော ကျားသစ်အား သူ့လမ်းကောင်းကောင်းမလျှောက်နိုင်လောက်အောင် ဖျားနေသည်ဟု လိမ်ပြောကာ သူ့လိုရာခရီးသို့ပို့ခိုင်းသည့် ပုံပြင်ဖြစ်၏။

'ဒီပုံပြင်တွေကို ဖေဖေ ဘယ်သူ့ဆီက ကြားခဲ့ရတာလဲ'ဟု ပုံပြင်အဆုံးတွင် ကစ်ဇီက မေးသည်။

'ဖေဖေ သမီးအရွယ်လောက်တုန်းက အဘွားတစ်ယောက်ဆီက ကြားခဲ့တာ၊ သူ့နာမည်က ညိုဘိုတိုတဲ့'

ပြောနေရင်းမှပင် ရှင်မြူးစရာအဖြစ်ကို သတိရဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်မိသည်။

'အဘွားညိုဘိုတိုက ထိပ်ပြောင်ကြီး သမီးရဲ့၊ သူ့ခေါင်းက ဘဲဥခေါင်းနဲ့တူတယ်၊ သွားကလည်း တစ်ချောင်းမှမရှိဘူး။ ဒါပေမဲ့ သူ့လျှာကတော့ ထက်သလားမမေးနဲ့၊ သိပ်ကိုစွာတယ်။ ကလေးတွေကို သူ့သားသမီးတွေလိုချစ်တယ်'

'သူ့မှာကော သားသမီးမရှိဘူးလား'

'သူ့အသက်ငယ်ငယ်တုန်းကတော့ ကလေးနှစ်ယောက်ရှိတယ်၊ ဖေဖေတို့ ဂျပ်ဖူရီ ရွာကို သူရောက်မလာခင် မွေးတာ၊ ဒါပေမဲ့ သူတို့ရွာကို တခြားလူမျိုးစုတွေက ဝင်တိုက်တော့ သူ့ကလေးတွေကို ဖမ်းသွားတယ်'

ကွမ်တာသည် အတွေးတစ်ခုဝင်လာသဖြင့် ငြိမ်နေသည်။ အဘွားညိုဘိုတို၏ အဖြစ်မျိုးကို ဘဲလ်ငယ်ငယ်စဉ်က ကြုံခဲ့ရဖူးသည်မဟုတ်ပါလား။ ထိုအဖြစ်ကို ကစ်ဇီအား ပြောပြချင်စိတ်ပေါ်လာသည်။ သို့သော်လည်း ကစ်ဇီအနေဖြင့် စိတ်မကောင်းဖြစ်ရုံမှ တစ်ပါး အကျိုးဖြစ်ဖွယ်မရှိ။ ဘဲလ်ကိုယ်တိုင်ပင်လျှင် ထိုအကြောင်းကို ကစ်ဇီ မွေးဖွားသည့် ညကမှ သူ့အား ပြောပြခဲ့ခြင်းဖြစ်၏။ ဤအဖြစ်သည် ကျွန်လှေများပေါ်၌ သူ

မြန်မာ စာအုပ်များ

တွေ့ခဲ့ရသည့် လူများ၏အပြစ်နှင့် ထပ်တူဖြစ်သည်။ မိခင်များထံမှ လုယူလာခဲ့သည့် လူပေါင်းသည် ရေတွက်၍မရနိုင်လောက်အောင်ပင်များပြားလှ၏။ သူသည် သူ့အတွေးနှင့်သူ ငြိမ်နေရာမှ ဖျတ်ခနဲပြောလိုက်မိသည်။

'သူတို့က တို့ကို ကိုယ်တုံးလုံးခေါ်လာကြတာ' သူ့အသံသည် တင်းမာလှသည်။ ကစ်ဇီက ခေါင်းထောင်ကြည့်သည်။ သူသည် သူ့ကိုယ်သူမထိန်းနိုင်။ စကားကိုရပ်မရ။

'ဖေဖေတို့နာမည်တွေကိုပါ သူတို့က ယူကြတာ၊ ဖေဖေတို့ ဘိုးဘွားတွေဟာ ကုန်သည်တွေ၊ ခရီးသွားတွေ၊ ဓမ္မဆရာတွေ။ လူညံ့တွေမဟုတ်ဘူး။ မာလီနိုင်ငံသားတွေ။ ဖေဖေပြောနေတာ သမီးနားလည်ရဲ့လား'

'ဟုတ်ကဲ့...ပါပါ'ဟု ကစ်ဇီကပြောသည်။ သို့သော်လည်း ကစ်ဇီနားမလည်မှန်း ကွမ်တာသိသည်။ သူ့တွင် စိတ်ကူးတစ်ခု ဝင်လာပြန်၏။ အနီးမှ တုတ်တစ်ချောင်းကို ကောက်ယူကာ မြေကြီးပေါ်၌ အာရပ်စာလုံးများ ရေးပြသည်။

'အဲဒါ ဖေဖေ့နာမည်၊ ကွမ်တာကင်တီတဲ့'

'သမီးနာမည်ရေးရင်ကောရလား'

ကွမ်တာက ရေးပြသည်။ 'ကစ်ဇီ'ဟု ဖတ်ပြသည်။ ကစ်ဇီက ရယ်သည်။

'သမီးကို ရေးတတ်အောင် သင်ပေးလို့မရဘူးလား'

'သင်ပေးလို့မဖြစ်ဘူး'

'ဘာပြုလို့လဲ'

'အာဖရိကမှာ ယောကျ်ားလေးတွေပဲ စာဖတ် စာရေး သင်ကြရတယ်။ မိန်းကလေးတွေကျတော့ မသင်ရဘူး။ ဒီမှာလည်း အဲဒီအတိုင်းပဲ'

'မေမေကျတော့ ဘာပြုလို့ စာဖတ်တတ် ရေးတတ်တာလဲ'

'အဲဒီစကားကို ဘယ်သူ့မှသွားမပြောနဲ့သမီး၊ ဖေဖေပြောတာကြားလား။ လူဖြူတွေက ဖေဖေတို့လူမည်းတွေ စာဖတ်တတ် ရေးတတ်တာ မကြိုက်ဘူး'

'ဘာပြုလို့လဲ'

'နီဂရိုးတွေ စာမတတ်လို့ ဗဟုသုတနည်းရင် ပြဿနာမရှိဘူးလေ'

'သမီးကတော့ ဒုက္ခမပေးပါဘူး'

'အေး ဟုတ်တယ်၊ သမီးကတော့ ဒုက္ခမပေးဘူး။ ဖေဖေတို့အိမ်ကို စောစောပြန်မရောက်ရင် ဖေဖေတို့ကို သမီးအမေက ဒုက္ခပေးလိမ့်မယ်'

'ကွမ်တာက ထိုင်ရာမှထပြီး လျှောက်သွားသည်။ ခပ်လှမ်းလှမ်းရောက်သည့်အခါ ရပ်လိုက်ပြီး နောက်လှည့်ကြည့်သည်။ 'သူ့နောက်မှာ ကစ်ဇီပါမလာ။ ကစ်ဇီသည် စမ်းချောင်းဆား၌ ထိုင်နေဆဲ။ သူသည် ကျောက်စရစ်ခဲတစ်လုံးကို စိုက်ကြည့်နေသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'လာတော့သမီး၊ ပြန်ကြစို့'

ကစ်ဇီက မော့ကြည့်သည်။ ကွမ်တာက ပြန်လျှောက်သွားပြီး ကစ်ဇီအား လက်တစ်ဖက် ကမ်းပေးသည်။

'ဖေဖေ သမီးကို ဘာပြောထားလဲ၊ အဲဒီကျောက်ခဲကို သမီးလိုချင်ရင် ကောက်ပြီး ထည့်ခဲ့၊ အိမ်ရောက်တော့ တစ်နေရာမှာ လုံခြုံအောင်ဝှက်ထား။ သမီးရဲ့ပါးစပ်ကို လည်း လုံအောင်ပိတ်ထား။ နောက်တစ်ကြိမ် လဆန်းတော့ ကျောက်ခဲကို ဘူးထဲထည့်'

'အို...ဖေဖေရယ်'

ကစ်ဇီ၏မျက်နှာသည် ရွှင်မြူးလျက်ရှိ၏။

[၇၆]

၁၈၀၀ပြည့်နှစ် နွေရာသီသို့ ဆိုက်ရောက်ခဲ့ပြီဖြစ်သည်။ ကစ်ဇီအနေဖြင့် သူ့ဖခင်ကွမ်တာ၏ ဘူးခြောက်ထဲသို့ နောက်ထပ် ကျောက်စရစ်ခဲတစ်လုံး ထပ်ထည့်ရမည့်ရက်သည်ပင်လျှင် တဖြည်းဖြည်းနီးကပ်လာနေပြီဖြစ်၏။

တစ်ရက်တွင် သခင်ဝေါလားက ဘဲလ်အားခေါ်ပြီး သူ အလုပ်ကိစ္စတစ်ခုနှင့် ဖရက်ဒရစ်ဘာ့ဂ်မြို့သို့သွား၍ တစ်ပတ်ခန့်နေရလိမ့်မည်ဟုပြောသည်။ သူမရှိခိုက် သူ့ညီ ဂျွန်ဝေါလား လာရောက်နေထိုင်ကာ သူ့ကိုယ်စား လုပ်ငန်းအားလုံးကို ခေတ္တမှူးစီမံခန့်ခွဲသွားလိမ့်မည်ဟုလည်း မှာသည်။

ထိုသတင်းကိုကြားရသော ကွမ်တာသည် အခြားကျွန်များထက် ပို၍ စိတ်အနှောင့်အယှက်ဖြစ်ရ၏။ ဂျွန်ဝေါလားမှာ သူ၏မူလပိုင်ရှင်ဖြစ်၍ သူ အလွန်စက်ဆုပ်မုန်းတီးသူဖြစ်သည်။ ဤအိမ်ကြီးသို့ သူလာရောက်နေထိုင်သည့်ကာလအတွင်း မိမိက သခင်ဝေါလားနှင့်အတူ ဝေးရာ၌ ရောက်နေမည်ဖြစ်၍ ဝမ်းသာမိသော်လည်း ဘဲလ်တို့သားအမိအတွက်ကတော့ သူစိတ်မအေး။ မည်သူ့ကိုမျှဖွင့်မပြောသော်လည်း ရင်ထဲကတော့ ကျိတ်၍ ပူလျက်ရှိသည်။

ဤသို့ဖြင့် ခရီးထွက်ရမည့်နံနက်ခင်းသို့ ဆိုက်ရောက်လာသည်။ ကွမ်တာသည် မြင်းရထားကို ပြင်လျက်ရှိ၏။ ဤအခိုက်တွင် ဘဲလ်က 'မတ်စတာဂျွန်ဟာ သူ့အစ်ကိုနဲ့ မတူဘူး။ ဒါပေမဲ့ သူနဲ့ဘယ်လိုဆက်ဆံရမယ်ဆိုတာ ကျွန်မ သိပါတယ်။ စိတ်မပူပါနဲ့။ ပြီးတော့လည်း ရက်ကြာမှမဟုတ်ဘဲ။ တစ်ပတ်တည်းကြာမှာဆိုတော့ ပူစရာမလိုပါဘူး'ဟု ပြောသည်။ သူစိတ်ပူနေသည့်အဖြစ်ကို ဘဲလ် ရိပ်မိနေခြင်းအတွက် ကွမ်တာ များစွာအံ့အားသင့်လျက်ရှိလေသည်။

မြန်မာ စာအုပ်များ

'ငါ စိတ်မပူပါဘူး'ဟု ကွမ်တာ ခပ်တည်တည်ပြန်ပြောသည်။

ကစ်ဇီအား နမ်းရှုပ်နှုတ်ဆက်ရန် ဒူးထောက်ထိုင်လိုက်သည့်အခါ ဘဲလ် မကြားအောင် တိုးတိုးလေးကပ်ပြောသည်။

'အခုတစ်ခါလပြည့်ရင် ကျောက်စရစ်ခဲလေးထည့်ဖို့ မမေ့နဲ့'

သူ့စကားကို ဘဲလ်က မသိဟန် မကြားဟန် ဆောင်နေသည်။ အမှန်တော့သူတို့သားအဖ လုပ်နေသည့်ကိစ္စကို ဘဲလ်သိနေသည်မှာကြာပြီ။ သူတို့သားအဖနှစ်ယောက် ကျောက်စရစ်ခဲတွေ ထည့်လာခဲ့ကြသည်မှာ ယခုဆိုလျှင် ကိုးလပင်ကျော်လာခဲ့ပြီမဟုတ်ပါလော။

သခင်ဝေါလား ခရီးထွက်သွားခဲ့ပြီးနောက် နှစ်ရက်တိတိ အခြေအနေအရပ်ရပ်သည် ပုံမှန်အနေအထား၌ပင်ရှိသည်။

တစ်ခုတော့ရှိ၏။ မတ်စတာဂွျန် ပြောသမျှ လုပ်သမျှများအတွက် ဘဲလ်မှာမကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ညဆိုလျှင် မတ်စတာဂွျန်သည် သူ့အစ်ကို၏ အကောင်းဆုံး ဝိစကီများကို တစ်ခွက်ပြီးတစ်ခွက်သောက်ကာ ညဉ့်နက်သည်အထိ စာဖတ်နေတတ်သည်။ ဆေးပြင်းလိပ်များကို မနားတမ်းဖွာပြီး ပြာများကို ကော်ဇောပေါ် ခွေချတတ်သည်။ ဘဲလ်အနေဖြင့် ထိုအကျင့်များကိုမကြိုက်။ သို့တစေလည်း ယခုအချိန်ထိတော့ မတ်စတာဂွျန်သည် ဘဲလ်၏ လုပ်ရိုးလုပ်စဉ်ဝတ္တရားများကို ဝင်ရောက်ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း မပြုသေး။

တတိယနေ့နံနက်တွင် အိမ်ရှေ့ဆင်ဝင်သို့ထွက်၍ ဘဲလ် တံမြက်စည်းလှဲနေခိုက် လူပြူတစ်ယောက် မြင်းတစ်စီးနှင့် ဒုန်းစိုင်းရောက်လာပြီး မတ်စတာဂွျန်နှင့်တွေ့သည်။

ဆယ်မိနစ်ခန့်အကြာတွင် လူပြူသည် အလာတုန်းကကဲ့သို့ပင် ကသောကမျော ပြန်ထွက်သွားသည်။ ချက်ချင်းပင် အပေါ်ထပ်စကြိန်ဆီမှ မတ်စတာဂွျန်၏ အော်ခေါ်သံ ကြားရသည်။ ဘဲလ်အား စာကြည့်ခန်းထဲသို့လာရန် ခေါ်ခြင်းဖြစ်၏။ မတ်စတာဂွျန်၏အမူအရာကို မြင်ရုံမျှဖြင့် အကြီးအကျယ်တုန်လှုပ်နေကြောင်း သိသာသည်။ ကွမ်တာနှင့် သခင်ဝေါလားတို့ ကြောက်မက်ဖွယ်ကောင်းသည့်အဖြစ်တစ်ခုနှင့် ကြုံတွေ့နေကြရပြီဟု ဘဲလ်က ထင်လိုက်မိသည်။ ကျွန်အားလုံး အိမ်နောက်ဖေးဘက်၌ တန်းစီကြရန် အမိန့်ပေးလိုက်သည့်အခါတွင်မှ ဘဲလ်က တစ်ခုခုတော့ဖြစ်ပြီဟု သေချာပေါက် တွက်လိုက်သည်။ မတ်စတာဂွျန်၏ အမိန့်အတိုင်း ကျွန်အားလုံး အလန့်တကြား တန်းစီကြသည်။ ခဏမျှအကြာတွင် မတ်စတာဂွျန်သည် နောက်ဖေးတံခါးမှ ထွက်လာသည်။ သူ့ခါးတွင် ခြောက်လုံးပြူးတစ်လက် ထိုးလာသည်ကို မြင်သောအခါ အားလုံးက ထူးခြားမှုတစ်ခုဟု တွက်ကြသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

မတ်စတာဂျွန်က ကျွန်များ၏ မျက်နှာကို အေးစက်မာကြောသော မျက်နှာထားဖြင့် တစ်ချက်မျှ ဝေ့ကြည့်သည်။

'ငါအခုပဲ သတင်းတစ်ခုရတယ်။ ရစ်ချ်မွန်မြို့မှာ နီဂရိုးတချို့က ဘုရင်ခံကိုပြန်ပေးဆွဲဖို့၊ လူဖြူတချို့ကို ရက်ရက်စက်စက်သတ်ပစ်ဖို့နဲ့ မြို့ကို မီးတင်ရှို့ဖို့ ကြံစည်ကြတယ်တဲ့'

ကြားလိုက်ရသောသတင်းကြောင့် ကျွန်များသည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အံ့အားသင့်နေကြသည်။

'ဒါပေမဲ့ ဘုရားသခင်ရဲ့ကျေးဇူးကြောင့် အင်မတန်တော်တဲ့ နီဂရိုးတစ်စုက ဒီအစီအစဉ်ကို သူတို့လူဖြူသခင်တွေဆီသွားပြီး သတင်းပေးကြတယ်။ ဒါကြောင့် လူဖြူသခင်တွေက ပုန်ကန်မယ့်အစီအစဉ်ကို အချိန်မီနှိမ်နင်းပစ်ကြတယ်။ ကြံစည်တဲ့ နီဂရိုးအများစုကိုလည်း ဖမ်းမိတယ်။ ထွက်ပြေးတဲ့ နီဂရိုးတွေကို ပတ်တရောင်ပုလိပ်တွေက လိုက်ရှာနေတုန်းပဲ။ အဲဒီတော့ ထွက်ပြေးလာတဲ့ကောင်တွေ ငါတို့ယာမြေထဲ ဝင်လာမှာ စိုးရတယ်။ မင်းတို့လူစုထဲက ပုန်ကန်ချင်တဲ့လူ ရှိမယ် မရှိဘူးဆိုတာ ငါလည်း အတိအကျသိတာမဟုတ်ဘူး။ အဲဒီတော့ နေ့ရောညပါ ကင်းချထားရလိမ့်မယ်။ မင်းတို့ ယာမြေအပြင်ဘက်ကို လုံးဝမထွက်ကြနဲ့။ လူစုလူဝေးနဲ့နေတာကိုလည်း ငါ လုံးဝ မမြင်ချင်ဘူး။ မှောင်တာနဲ့တစ်ပြိုင်နက် တဲအပြင်ကို ဘယ်သူမှမထွက်နဲ့'

မတ်စတာဂျွန်က သူ့ခါးမှ ခြောက်လုံးပြူးကို လက်နှင့်ပုတ်ပြပြီး ဆက်ပြောသည်။

'ငါကတော့ ငါ့အစ်ကိုလိုမဟုတ်ဘူး။ ဘယ်နီဂရိုးကိုမှ စိတ်ရှည်လက်ရှည် မဆက်ဆံတတ်ဘူး။ မင်းတို့ထဲက ဘယ်ကောင်ပဲဖြစ်ဖြစ် ငါသတ်မှတ်ထားတဲ့ စည်းအပြင် ထွက်သွားလို့ကတော့ မျက်လုံးနှစ်လုံးကြားကို ကျည်ဆန်တစ်တောင့် သွင်းပေးလိုက်မယ်၊ ကဲ သွားကြတော့'

မတ်စတာဂျွန်သည် သူ့စကားနှင့်အညီ ကျင့်သုံးသူဖြစ်သည်။ နောက်နှစ်ရက်အတွင်း သူ၏လုပ်ပုံကိုင်ပုံများကြောင့် ဘဲလ်မှာအကြီးအကျယ်ဒေါ်ပွရသည်။ မတ်စတာဂျွန် အစားစားသည့်အခါတိုင်း သူ့အတွက်ချပေးထားသည့် အစားများကို ကစ်ဇီအား အရင်ဆုံးစားခိုင်းသည်။ နေ့ခင်းဆိုလျှင် မြင်းတစ်စီးနှင့် ယာခင်းများအတွင်း၌ ကင်းလှည့်သည်။ ညကျတော့ သေနတ်ကို ပေါင်ပေါ်တင်ကာ ဆင်ဝင်၌ တစ်ညလုံး ထိုင်သည်။ သူ၏ တိကျပြတ်သားသော လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ကျွန်အိမ်တန်းမှ လူများသည် ညောင့်ညောင့်မှ မပြည်ရဲကြပေ။

နောက်ဆုံးထုတ် ဂေဇက်တီးယားရောက်လာလျှင် မတ်စတာဂျွန်သည် စေ့စေ့စပ်စပ်ဖတ်သည်။ သူဖတ်ပြီးသည့်အခါ တစ်စမကျန်အောင် မီးရှို့ပစ်သည်။ အနီးအနားမှ လူဖြူတစ်ယောက်တလေ သူ့ထံအလည်ရောက်လာသည့်အခါများတွင်လည်း ဘဲလ်အား အိမ်ထဲမှနှင်ထုတ်သည်။ ညီ့သည်နှင့် စကားပြောနေသည့်အခိုက်တွင်လည်း စာကြည့်

မြန်မာ စာအုပ်များ

ခန်း၊ ပြတင်းပေါက်အားလုံးကို လုံနေအောင်ပိတ်ထားသည်။ ထို့ကြောင့်လည်း ဘဲလ်တို့မှာ ဘာသတင်းမှမရ။ ရစ်ချ်မွန်မြို့ အရေးအခင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲသတင်းများကို လုံးဝမကြားရ။

ဘဲလ်တို့လူစုသည် ကွမ်တာအတွက်တော့ ပူစရာမလို။ သခင်ဝေါလားနှင့် အတူသွားနေခြင်းဖြစ်၍ ဘေးအန္တရာယ်ဖြစ်စရာအကြောင်းမရှိဟု တွက်ထားကြသည်။ ယခုလောလောဆယ် သူတို့ပူပင်နေကြသည်မှာ တယောဆရာအတွက်ဖြစ်သည်။ တယောဆရာသည် ရစ်ချ်မွန်မြို့မှ တခမ်းတနားကျင်းပမည့် ကပွဲကြီးတစ်ခုတွင် ဧည့်ခံဖို့အတွက် ကွမ်တာတို့ထက် တစ်ရက်စော၍ ခရီးထွက်သွားခဲ့သည်။ ယခုလို ပုန်ကန်ထကြွမှုတစ်ခုပေါ်ပေါက်နေသည်ဆိုပါက ရစ်ချ်မွန်မြို့မှ လူဖြူများသည် လူစိမ်းနီဂရိုးများအပေါ် ဘယ်လိုသဘောထားကြမည်နည်း။

ရစ်ချ်မွန်မြို့၌ ဖြစ်ပေါ်ခဲ့သည့် အရေးအခင်းကြောင့် ကွမ်တာနှင့် သခင်ဝေါလားတို့သည် သုံးရက်စောပြီး ပြန်ရောက်လာကြသည်။ တယောဆရာကတော့ ယခုချိန်ထိပြန်မရောက်သေး။ ကွမ်တာတို့ ပြန်ရောက်သည့်နေ့မှာပင် မတ်စတာဂျွန် ပြန်သည်။ သူပြန်သွားသည့်အတွက် သူချထားခဲ့သော စည်းကမ်းများသည် အနည်းငယ်မျှ လျော့သွားခဲ့၏။ သို့သော်လည်း သခင်ဝေါလား၏ဆက်ဆံမှုမှာ ယခင်ကလိုမဟုတ်။ အေးတိအေးစက် ဖြစ်နေသည်။

ကွမ်တာသည် ဖရက်ဒရစ်ဘတ်မြို့မှ သူကြားခဲ့ရသောသတင်းများကို ဘဲလ်အားတီးတိုးဖောက်သည်ချသည်။ ဖမ်းဆီးရမိသွားသော လူမည်းတော်လှန်ရေးသမားများအား လူဖြူများက ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ကြကြောင်း၊ အချို့လူမည်းများက ဖော်ပြောကြသဖြင့် တော်လှန်ပုန်ကန်မှုကို စီစဉ်ခဲ့သည့် ခေါင်းဆောင်မှာ ကျွန်ဘဝမှ လွတ်မြောက်သွားခဲ့သော လူမည်းပန်းဘဲဆရာ ‘ဂါဗရီယယ်ရှိဆက်ဆာ’ ဆိုသူဖြစ်ကြောင်း၊ ထိုလူမည်းက တိတ်တဆိတ်ကျိတ်၍ လူမည်းအစေခံများ၊ ဥယျာဉ်မှူးများ၊ အစောင့်များ၊ စားပွဲထိုးများ၊ သံမဏိစက်ရုံအလုပ်သမားများ၊ ကြိုးကျစ်သမားများ၊ ကျောက်မီးသွေးတွင်း အလုပ်သမားများ၊ လှေသမားများနှင့် ဓမ္မဆရာများအား စည်းရုံးကာ စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း စသည်ဖြင့် ကွမ်တာက သူသိသမျှကို ပြောပြသည်။ ခေါင်းဆောင်ပရိဆက်ဆာမှာ ယခုအချိန်အထိ လွတ်မြောက်နေပြီဟုလည်း သိခဲ့ရကြောင်း၊ စစ်တပ်က တောင်ပိုင်းအထိဆင်းကာ သံသယမကင်းသူများအား ပိုက်စိပ်တိုက်ဖမ်းဆီးနေကြောင်း၊ အချို့သော လူဖြူကျွန်ပိုင်ရှင်များက သူတို့ကျွန်များအား ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ညှဉ်းပန်းကြသဖြင့် သေကုန်ကြကြောင်း စသည့်သတင်းများကို ကွမ်တာက ပြောပြသည်။

‘ဒီပုံသာဆိုရင်တော့ ကျွန်မတို့အားလုံးကို သူတို့က သတ်ပစ်မယ့်လက္ခဏာ ရှိတယ်’ဟု ဘဲလ်က ပြောသည်။

မြန်မာ စာအုပ်များ

'တကယ်လို့ ကျွန်မတို့အားလုံးကိုသတ်ပစ်တော့လည်း သူတို့မှာကျွန် တစ်ယောက်မှ မရှိတော့ဘူးပေါ့'

'တယောဆရာကော ပြန်ရောက်ပြီလား'

ဘဲလ်က ခေါင်းယမ်းသည်။

'ကျွန်မတို့အားလုံး သူ့အတွက်စိတ်ပူနေကြတယ်။ တယောဆရာကတော့ လူလည်လူပါးတစ်ယောက်ပါ။ ဘာမှမဖြစ်ဘဲ ပြန်ရောက်လာမှာပါ'

ဘဲလ်၏အယူအဆကို ကွမ်တာလက်မခံနိုင်။

'သူ တကယ့်ကိုပြန်မရောက်သေးဘူးလား'ဟု ထပ်မေးသည်။

နောက်တစ်ရက်တွင်လည်း တယောဆရာ ပြန်ရောက်မလာ။ ထိုအခါ သခင်ဝေါလားက စာတစ်စောင်ရေးပြီး ကောင့်တီခရိုင်နယ်မြေရုံးမှ ပုလိပ်အရာရှိထံ ကွမ်တာအား ပေးခိုင်းသည်။ ပုလိပ်အရာရှိက ကွမ်တာပေးသည့်စာကို ဖတ်ပြီး ခေါင်းခါသည်။ တယောဆရာကို သူမတွေ့ဟု အဖြေပေးခြင်းပေတည်း။ စိတ်ပျက်လက်ပျက်ဖြစ်ပြီး ပြန်လာခဲ့ရသော ကွမ်တာသည် မြင်းရထားကို ခပ်ဖြည်းဖြည်းမောင်းကာ တယောဆရာအား တွေ့မှ တွေ့ရပါဦးမည်လောဟု တွေးလာသည်။ သူသည် တယောဆရာအား မိတ်ဆွေရင်းတစ်ဦးအဖြစ် ဘယ်တုန်းကမှ မသတ်မှတ်ခဲ့။ တယောဆရာ၏ အရက်မူးခြင်း၊ အဆဲသန်ခြင်းနှင့် အခြားသောချွတ်ယွင်းချက်များကို သူမကြိုက်၍ဖြစ်၏။ ယခုကျတော့လည်း တယောဆရာအတွက် စိတ်ထိခိုက်နေရလေပြီ။

ထိုအခိုက်မှာပင် လူဖြူတစ်ယောက်၏လေသံ အတုခိုး၍ အော်လိုက်သည့်အသံတစ်သံကို ကြားရသည်။

'ဟေး... ... ...နီ...ဂ...ရိုး'

ကြားလိုက်ရသောအသံကြောင့် ကွမ်တာသည် ဆတ်ခနဲဖြစ်သွားသည်။

'မင်း ဘယ်ငရဲပြည်ကို သွားနေတယ်လို့ထင်သလဲ' ဟူသော အော်သံကို ထပ်၍ ကြားရပြန်သည်။ ကွမ်တာသည် လမ်းဘေးဝဲယာကိုကြည့်သည်။ တစ်ဦး တစ်ယောက်ကိုမှ မမြင်ရ။

'မင့်မှာ ခရီးသွားခွင့်လက်မှတ်ပါရဲ့လား။ မပါရင်တော့ မင်းဒုက္ခရောက်မယ်' ဟူသော အော်သံကို ကြားရပြန်သည်။ ထို့နောက် လမ်းဘေးမြောင်းထဲမှ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် လူတစ်ယောက် တက်လာသည်ကို မြင်ရသည်။ တစ်ကိုယ်လုံး အပေါက်အပြဲ အပွန်းအပဲ့များ ပြည့်နေရုံမျှမက ရွှံ့အလူးလူးနှင့် ဖြစ်နေသည်။ လက်တစ်ဖက်သည် ပေါက်ပြဲနေသည့် တယောသေတ္တာကို ဆွဲလျက်။ သူ့မိတ်ဆွေ တယောဆရာပေတည်း။

ကွမ်တာသည် ဝမ်းသာအားရအော်ဟစ်ကာ မြင်းရထားပေါ်မှ ပြေးဆင်းသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားကြသည်။

မြန်မာ စာအုပ်များ

မြင်းရထားပေါ် ရောက်ကြသည့်အခါ တယောသဆရာသည် စကားကို မရပ်မနား ပြောလေတော့သည်။

'ရစ်ချ်မွန်မြို့က လူဖြူတွေကတော့ ကြောက်ချေးပါပြီး ရှူးကုန်ကြပြီကွ။ စစ်သားတွေကလည်း နေရာအနှံ့သွားပြီး နီဂရိုးမှန်သမျှ ဖမ်းစစ်နေတယ်။ ခရီးသွားလက်မှတ် မပြနိုင်လို့ကတော့ဟေ့ မလွယ်ကြောဆိုက်ပြီသာမှတ်ပေတော့။ တစ်ခါတည်း ဖမ်းပြီး အချုပ်ခန်းထဲပို့တာပဲ။ ဟိုလူဖြူဆင်းရဲသားတွေနဲ့ ပုလိပ်ကောင်တွေကလည်း လမ်းတွေပေါ်မှာ ခွေးလေခွေးလွင့်တွေလို လျှောက်တွားနေကြတယ်။ နီဂရိုးတွေ့ရင် ရိုက်တာပဲ။ ရိုက်တာမှ ရက်ရက်စက်စက်ရိုက်တာကွ။ တူတို့ကို ဘယ်တူက ရိုက်တွား မှန်းတောင် မတိကြဘူး'

'ပုန်ကန်တော့မယ်ဆိုတဲ့သတင်းရောက်လာတော့ ကပွဲမှာ ကလို့ခုန်လို့ကောင်းတုန်း ပေါ့ကွာ။ ဟာ...လူဖြူကောင်မတွေများ အော်လိုက်ကြတာ ငယ်သံကိုပါနေတာပဲ။ ခန်းမကြီးထဲမှာ ပြေးဟယ်လွှားဟယ်နဲ့ ကျွက်ကျွက်ကိုညံရော။ လူဖြူတွေကလည်း တေနတ်တွေ ပြေးယူပြီး ကပွဲခန်းမထဲက ငါတို့နီဂရိုးတွေကို ချိန်ထားကြတယ်ကွ တိလား။ ငါက ဘယ်တူမှမမြင်အောင် မီးဖိုခန်းထဲ ဝင်ပုန်းနေလိုက်တယ်။ ခန်းမထဲ က လူတွေ တစ်ယောက်မကျန် ထွက်တွားတော့မှ ပြတင်းပေါက်က ခုန်ချလာခဲ့တာ။ အပြင်ရောက်တော့ မှောင်မည်းနေတဲ့ နောက်ဖေးလမ်းကြားတွေအတိုင်း လျှောက်လာ ရတယ်။ အလင်းရောင်အောက်ကို မထွက်ရဲဘူးဟေ့။ မြို့စွန်ကိုရောက်တော့ ငါ့နောက်က အော်ဟစ်ပြီးလိုက်လာကြတဲ့ ခြေသံတွေ ကြားရတယ်။ လိုက်လာနေကြတဲ့လူတွေဟာ လူမည်းတွေမဟုတ်ဘူးလို့ ပြောသံတော့ကြားတယ်။ ငါကတော့ လူဖြူလူမည်းဘယ်တူ ဘယ်ဝါဆိုတာ ကြည့်မနေတော့ဘူး။ ခြေကုန်တုတ်ပြီး ပြေးချလာခဲ့တယ်။ နောက်ဆုံး ခပ်နိမ့်နိမ့်ဆင်ဝင်ကလေးတစ်ခုအောက် ဝင်ပုန်းတယ်။ စိတ်ထဲက ကျိတ်ပြီး ဘုရား တခင်ချီ ချတောင်းလိုက်ရတာကွာ မောနေတာပဲ'

'ဟိုကောင်တွေ ငါ့ကိုမတွေ့ကြဘူး၊ ကံကောင်းတယ်ကွာ 'ဟိုခွေးမသား နီဂရိုးကို မိအောင်လိုက်ဖမ်း'လို့အော်ပြီး ချက်ချင်းပြေးသွားကြတယ်။ ငါ ချက်ပြေးမလို့ ထွက်လာတော့ လူတစ်ယောက်နဲ့ ဝင်တိုက်မိတယ်။ တူက ငါ့ပါးစပ်ကို ပိတ်ထားတယ်။ နီဂရိုးတစ်ယောက်ကွ။ တူက ငါဝင်ပုန်းတဲ့နေရာက ညစောင့်လူမည်းပေါ့။

ငါ တူ့ကို ကံကောင်းပါစေကွာလို့ ချတောင်းနှုတ်ဆက်ပြီး ထွက်ပြေးခဲ့တယ်။ အဲဒါ လွန်ခဲ့တဲ့ ငါးရက်ကပေါ့ကွာ၊ လမ်းတွေပေါ်မှာလည်း ဟိုအကောင်တွေနဲ့ ရှုပ်ရှက်ခတ်နေလို့ ကပ်မရဘူးကွ။ ဒါနဲ့ပဲ ငါလည်း တောအုပ်တွေထဲက ဖြတ်လာခဲ့ရတယ်။ လမ်းမှာတွေ့တမျှ အတီးတွေ ချွတ်စားလိုက် ချုံတွေကြား ဝင်အိပ်လိုက်နဲ့ ဖြစ်တလို လာခဲ့ရတာ။ မနေ့ကတော့ ဒီနေရာနဲ့ မိုင်နည်းနည်းဝေးတဲ့ နေရာတစ်ခုမှာ လူဖြူ ဆင်းရဲတားတွေက ငါ့ကို မြင်တွားကြတယ်'

'တူတို့က ငါ့ကို မိတွားတော့ ဝိုင်းဖမ်းပြီး ကြိုးတွေနဲ့တုပ်ကြတယ်။ ငါ့ကို မင်း ဘယ်သူ့ကျွန်လဲလို့မေးကြတယ် ငါက အကြောင်းစုံပြောပြတယ်။ ငါ တယောဆရာ မှန်းလည်းသိရော ငါ့ကို တယောထိုးခိုင်းတယ်'

'ဒီမှာ အာဖရိကန်ကြီးရဲ့၊ ငါ မင့်ကိုပြောပြရဦးမယ်။ တကယ့်ကို အံ့ဩစရာ ကောင်းတယ်။ ငါက သူတို့ကြိုက်တဲ့ 'ကောက်ရိုးပုံထဲက ကြက်ဆင်'သီချင်းကိုချိုပြီး တယောထိုးပြလိုက်တော့ လူဖြူကောင်တွေအားလုံး ထကကုန်ပါလေရောကွာ။ အံ့မယ် လေးကွာ၊ အံ့ရောပဲ။ နောက်ဆုံးကျတော့ တူတို့က ငါ့ကို လွှတ်လိုက်တယ်။ ငါလည်း တစ်ခါတည်း ခြေကုန်တုတ်လာခဲ့တာ။ ဒီနားရောက်လို့ မြင်းရထားတဲလိုလို လှည်းတဲ လိုလို ကြားတာနဲ့ မြောင်းထဲချင်းပြီး ပုန်းနေတာ။ မြင်းရထားလာတာမြင်လို့ လှမ်း ကြည့်လိုက်တော့ မင်းဖြစ်နေတယ်။ ငါ တကယ်ကံကောင်းတယ်ကွာ'

မြင်းရထားသည် အိမ်ဝင်းခြံဆီသို့သွားရာ လမ်းကျဉ်းထဲသို့ ဝင်လာခဲ့သည်။ ချက် ချင်းပင် သူတို့ရှေ့မှ အော်သံဟစ်သံများ ကြားကြရ၏။ သူတို့လှည်းဘက်သို့ ကဆုန် ပေါက်၍ ပြေးလာနေကြသည့် ကျွန်နီဂရိုးများ။

တယောဆရာ၏မျက်နှာသည် ပြုံးဖြဲဖြဲ...။ သို့တစေလည်း သူမည်မျှလောက် စိတ်ထိခိုက်နေသည်ကို ကွမ်တာရိပ်မိသည်။ သူ့အမူအရာကိုကြည့်ပြီး ကွမ်တာမပြုံးဘဲ မနေနိုင်။

'အင်း...တစ်လမ်းလုံး လျှာထွက်မတတ် ပြောပြလာခဲ့တဲ့ ဇာတ်လမ်းကို မမော နိုင် မပန်းနိုင် ထပ်ပြီးပြောဦးတော့မှာပဲ'ဟု ရေရွတ်လိုက်မိသည်။

'ငါ့ကို စကားမပြောအောင် ဘယ်သူက တားလို့ရခဲ့သလဲကွာ'ဟု တယောဆရာ က ပြောသည်။

'ငါကတော့ ဒီအကြောင်းကို ဒီနေရာမှာ မပြောဘဲမနေနိုင်ဘူးဟေ့'

[၇၇]

နောက်ပိုင်းလများတွင် ပုန်ကန်ရန် ကြံစည်အားထုတ်သူများအား တစ်ယောက်ပြီး တစ်ယောက် ဖမ်းဆီးကာ ရုံးတင်သည်။ အပြစ်ဒဏ်များချမှတ်သည်။ ပုန်ကန်ထကြွ မှုအား ဦးဆောင်သူ ဂါဘရီရယ်ပရိုဆက်ဆာအား ဖမ်းမိသဖြင့် သေဒဏ်အပြစ်ပေးခဲ့ သည်။ ထိုနောက်ပိုင်းတွင်မှု ရစ်ချ်မွန်အရေးခင်းသည် တဖြည်းဖြည်းမေ့မှိန်သွားသည်။ သခင်ဝေါလားနှင့် သူ့မိတ်ဆွေများ နိုင်ငံရေးကိစ္စများကို ပြန်လည်ဆွေးနွေးလာကြ သည့်နည်းတူ ကျွန်အိမ်တန်းမှ နီဂရိုးများကြားတွင်လည်း နိုင်ငံရေးပြဿနာအရပ်ရပ် သည် ဆွေးနွေးငြင်းခုံစရာ အကြောင်းအရာများ ဖြစ်လာပြန်သည်။

ကွမ်တာ၊ဘဲလ်နှင့် တယောဆရာတို့သည် နိုင်ငံရေးသတင်းများကို နည်းအမျိုးမျိုးဖြင့် ရကြသည်။ သမ္မတသစ်အဖြစ် မတ်စတာသောမတ်စ်ဂျက်ဖာဆင်ကို ရွေးချယ်တင်မြှောက်ကြမည်ဟူသော သတင်းကို သူပြောလူပြောဖြင့်ကြားလာရသည်။ မတ်စတာဘားကို ဒုတိယသမ္မတအဖြစ် လျာထားသည်ဟုလည်း သတင်းက ဆိုသည်။ မတ်စတာဘား၏အကြောင်း မည်သူမျှရေရေရာရာမသိ။ ကွမ်တာကတော့ မြင်းရထားသမားတစ်ယောက်ဆီမှ ဘား၏အကြောင်းကို အနည်းအပါးကြားလာခဲ့သည်။ မတ်စတာဘားသည် သောမတ်ဂျက်ဖာဆင်၏ ယာမြေနှင့် မနီးမဝေးတစ်နေရာ၌ မွေးဖွားခဲ့သော ဗာဂျီးနီးယားပြည်နယ်သားဖြစ်သည်။ သူ့ကျွန်များကတော့ မတ်စတာဘားထက်သဘောကောင်းသည့် ကျွန်ပိုင်ရှင်မျိုးမရှိနိုင်ဟုပင် ပြောစမှတ်ပြုကြသည်ဟုသိရ၏။

'အဲဒီမြင်းရထားသမားကပြောတော့ သောမတ်စ်ဂျက်ဖာဆင်ဟာ သူ့ကျွန်တွေကို မရိုက်ရဘူးလို့ အမိန့်ထုတ်ထားတယ်တဲ့'ဟု ကွမ်တာကပြောသည်။

'အစားအသောက်လည်း ကောင်းကောင်းကျွေးတယ်တဲ့။ သူ့ကျွန်တွေကို အသက်မွေးဝမ်းကျောင်း ပညာအမျိုးမျိုးတတ်အောင် သင်ခွင့်ပြုတယ်တဲ့'

'မတ်စတာဂျက်ဖာဆင်ကတော့ ကျွန်စနစ်ဟာ လူဖြူတွေအတွက်ရော လူမည်းတွေအတွက်ပါ မကောင်းဘူးလို့ ပြောဖူးတာပဲဗျ။ လူဖြူရော လူမည်းပါ အေးအေးချမ်းချမ်းနဲ့ အတူတူလက်တွဲနေကြသင့်တယ်တဲ့။ ပြောနေကြတာတော့ မတ်စတာဂျက်ဖာဆင်က ကျုပ်တို့လူမည်းတွေကို ကျွန်ဘဝက လွတ်မြောက်ခွင့်ပေးချင်နေတယ်တဲ့။ ဒါပေမဲ့ ဒီနိုင်ငံက လူဖြူဆင်းရဲသားတွေရဲ့အလုပ်တွေကို လူမည်းတွေက ဝင်လုပ်မှာလည်း စိုးရိမ်တယ်တဲ့။ ဒါကြောင့် လူမည်းတွေကို တစ်သုတ်ပြီးတစ်သုတ် အာဖရိကကို ပြန်ပို့တာ ကြိုက်တယ်တဲ့'

''ဒါဆိုရင်လည်း မင့်ဂျက်ဖာဆင်က ကျွန်ကုန်သည်တွေကို တိုက်ရိုက်ပြောတာ အကောင်းဆုံးပဲကွ'ဟု တယောဆရာကပြောသည်။

'ဒါလည်း ဟုတ်တာပဲဗျာ။ ကျုပ်သွားလေရာနေရာတွေမှာ နီဂရိုးတွေကို ရောင်းဝယ်နေကြတာတွေ မြင်နေရတုန်းပဲ'ဟု ကွမ်တာကပြောသည်။

'တစ်ခါတလေများ နီဂရိုးမိသားစုတစ်စုလုံးကို သူတို့သခင်တွေက ရောင်းပစ်တာ။ မနေ့ကတောင်မှ ကျုပ်တို့ ကျွန်ကုန်သည်တစ်ယောက်နဲ့ လမ်းမှာဆုံမိကြသေးတယ်။ သူက သခင်ဝေါလားကို လှမ်းပြီး တရိုတသေနှုတ်ဆက်တယ်။ သခင်ဝေါလားကတော့ မမြင်ချင်ယောင်ဆောင်လာတယ်ဗျ'

'ဒါမျိုးတွေကတော့ မဆန်းပါဘူးကွာ။ ကျွန်ကုန်သည်ကောင်တွေဟာ မြို့တိုင်းမှာ ယင်ကောင်တွေပေါသလို ပေါနေတာပါ'ဟု တယောဆရာက ပြန်ပြောသည်။

'ငါ ဖရက်ဒရစ်ဘတ်ဂ်မြို့ကို နောက်ဆုံးတစ်ခေါက်ရောက်တုန်းကဆိုရင် နီဂရိုးကျွန်အဘိုးအိုတစ်ယောက်ကို ဒေါ်လာခြောက်ရာနဲ့ရောင်းနေတာ တွေ့ခဲ့ရတယ်။ အဘိုးအိုက မုတ်ဆိတ်ဖြူကြီးနဲ့ကွ။ တူ့ကြည့်ရတာ တရားဟောဆရာနဲ့တူတာပဲ'

မြန်မာ စာအုပ်များ

ဘေးမှ နားထောင်နေသော ဘဲလ်သည် စိတ်လှုပ်ရှားသွားပုံရသည်။

'နေဦး...အဲဒီအဘိုးကြီးက အသားသိပ်မည်းတယ်။ ပိန်ချောက်ချောက်နဲ့ မုတ်ဆိတ် မွေးတွေက တအားဖြူနေပြီ။ ပြီးတော့ သူ့လည်ပင်းမှာအမာရွတ်ကြီးရှိတယ် မဟုတ် လား'ဟု ကြားဖြတ်မေးသည်။

တယောဆရာက အံ့အားသင့်လျက်ရှိ၏။

'ဟုတ်တယ်၊ ဟုတ်တယ်။ နင်းပြောတဲ့အတိုင်း တူဘယ်တူဆိုတာ နင်တိတလား'

ဘဲလ်၏မျက်နှာတွင် ငိုချလိုက်တော့မည့် အရိပ်လက္ခဏာများ ပေါ်လာသည်။ သူသည် ကွမ်တာအား လှမ်းကြည့်ပြီး ကစ်ဇီကို နှစ်ခြင်းမင်္ဂလာပြုပေးတဲ့ တရားဟော ဆရာကြီးဟာ သူပေါ့'ဟုပြောသည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ကွမ်တာသည် တယောဆရာ၏တဲသို့ အလည်ရောက်သွားသည်။ သူရောက်ပြီး မကြာမတင်မှာပင် အပြင်မှ တံခါးခေါက်သံကြားရသဖြင့် တံခါးဖွင့်ပေးလိုက်သည်။ တံခါးဝ၌ ရပ်နေ သူမှာ ကာတို။

ကာတိုအလည်လာသဖြင့် ကွမ်တာရော တယောဆရာပါ များစွာဝမ်းသာနေကြ သည်။ ကာတိုသည် သူတို့နှင့်အနေဝေးသည်။ သို့သော်လည်း ကွမ်တာတို့က ကာတို သည် သူတို့နှင့် စိတ်ချင်းနီးစပ်လိမ့်မည်ဟူသော အယူအဆကြောင့် တရင်းတနှီး နေလိုကြသည်။

ကာတိုသည် စိတ်ရှုတ်နေပုံရ၏။

'ကျုပ်လာတာက ကျွန်တွေရောင်းနေကြတာနဲ့ပတ်သက်ပြီး ခင်ဗျားတို့ကြားသမျှ တွေကို ပြောပြနေရင် မကောင်းဘူးထင်တယ်လို့ လာပြောတာပါ'ဟု ကာတိုက ပြော သည်။

'ဘာဖြစ်လို့လဲဆိုတော့ ယာထဲမှာ အလုပ်ဆင်းနေတဲ့လူတွေအားလုံး အရောင်း ခံရမှာ ကြောက်နေကြတယ်။ အလုပ်ကိုဖြောင့်ဖြောင့်မလုပ်နိုင်ကြတော့ဘူး'

သူသည် စကားကို ခဏရပ်ထားပြန်သည်။

'ကျုပ်နဲ့ ဟို– နီအာဆိုတဲ့ကောင်လေးကလွဲပြီး အခြားလူအားလုံး ကြောက်နေ ကြတယ်။ ကျုပ်ကတော့ တွေးထားတယ်။ သူတို့ရောင်းတော့လည်း ကျုပ် ဘာမှ တတ်နိုင်တဲ့ ကိစ္စမှမဟုတ်တာ။ ဖြစ်လာတဲ့အတိုင်း ခံလိုက်ရုံပေါ့ဗျာ။ နီအာကိုကြည့်ရ တာလည်း ကျုပ်လိုပဲတွေးပုံရတယ်။ ကြောက်တဲ့စိတ်မရှိဘူးဗျ'

သူတို့သုံးယောက်သည် မိနစ်ပေါင်းများစွာ ထိုကိစ္စကို ဆွေးနွေးနေကြသည်။ လောလောဆယ်တွင် သူတို့ကြားခဲ့ရသမျှသတင်းများကို အခြားလူများအား ပြောမပြ သင့်ဟု ဆုံးဖြတ်ကြသည်။ ဖြစ်နိုင်လျှင် ဘဲလ်ကိုပင် မပြောသင့်ဟု ယူဆကြသည်။

တစ်ညတွင် ဘဲလ်နှင့်ကွမ်တာသည် သူတို့တဲအတွင်း၌ထိုင်နေကြသည်။ သိုးမွေး တစ်ထည် ထိုးနေသော ဘဲလ်က ကွမ်တာအားမော့ကြည့်ပြီး မကျေမနပ်လေသံဖြင့်

မြန်မာ စာအုပ်များ

'လူဖြူတွေက နီဂရိုးတွေကို ရောင်းပစ်နေတဲ့သတင်းတွေ မကြားရတာ အတော့်ကို ကြာပြီ။ တမင်သက်သက်မပြောဘဲ ဖုံးထားကြတယ်လို့ ကျွန်မကတော့ထင်တာပဲ။ အဲဒါဘာသဘောလဲ'

ကွမ်တာနှင့် တယောဆရာတို့က သူတို့ကြားရသမျှ သတင်းများကို ထိန်ချန်ထားနေသည်ဟု ဘဲလ်ကရော တခြားကျွန်များကပါ တွက်နေကြပုံပေါ်၏။ ထို့ကြောင့်လည်း ကွမ်တာသည် ကျွန်အရောင်းအဝယ်သတင်းများကို ပြောပြရပြန်သည်။ သို့သော်လည်း မနှစ်မြို့စရာကောင်းသည့် အပိုင်းများကို အသေးစိတ် ပြောပြခြင်းမပြု။ ပြောသည့်အခါများတွင်လည်း ထွက်ပြေးလွတ်မြောက်သွားသည့် သတင်းကို သာသာထိုးထိုး ပြောသည်။ ထွက်ပြေးသွားကြသော နီဂရိုးများက ကင်းလှည့်နေကြသော လူဖြူဆင်းရဲသားများအား နည်းအမျိုးမျိုးဖြင့် အရူးလုပ်ပြီး လွတ်မြောက်သွားကြပုံများကို အားကျလာအောင် ပြောသည်။

တစ်ညတွင် ကွမ်တာက လူဖြူကပ္ပလီကပြားတစ်ယောက်နှင့် လူမည်း မြင်းထိန်းသမားတို့ ထွက်ပြေးကြပုံကို ကျွန်အိမ်တန်းမှလူများအား ဖောက်သည်ချသည်။ ကပ္ပလီကပြားက လူဖြူသခင်ဟန်ဆောင်၍ လူမည်းက မြင်းရထားသမားဟန်ဆောင်ကာ သူတို့သခင်၏ မြင်းရထားကို ခိုးယူထွက်ပြေးကြခြင်းဖြစ်သည်။ လူဖြူသခင်ဟန်ဆောင်ထားသော ကပ္ပလီကပြားက လူမည်းအား တစ်လမ်းလုံး ဆဲရေးတိုင်းထွာလာသဖြင့် လူဖြူဆင်းရဲသား ကင်းသမားများ မရိပ်မိကြ။ ဤသို့ဖြင့် ထိုကျွန်နှစ်ယောက်သည် မြောက်ပိုင်းနယ်မြေအတွင်းသို့ ဘေးမသီရန်မခ ရောက်သွားကြသည်။ ဤအဖြစ်ကို ကြားရသောအခါ ကျွန်အိမ်တန်းမှ နီဂရိုးများက များစွာသဘောကျကြလေသည်။

တစ်ရက်တွင် ကွမ်တာသည် သခင်ဝေါလာအား ကောင်တီခရိုင်နယ်ရုံးသို့ ပို့ပေးရသည်။ လမ်းတွင် လူများစုဝေးရာ မြေကွက်လပ်အတွင်း၌ ကျွန်လေလံပွဲတစ်ခု ပြုလုပ်နေသည်နှင့် ဆုံမိသည်။ သူတို့ရောက်သွားချိန်တွင် ကျွန်လေလံပွဲ စနေပေပြီ။

'စပို့ဆစ်လ်ဗီးနီးယားမြို့တော်မှ လူကြီးလူကောင်းများ။ လူကြီးမင်းတို့ရဲ့ တစ်သက်တာမှာ မတွေ့ခဲ့ဖူးတဲ့ အကောင်းဆုံး နီဂရိုးကျွန်တွေကို ကျွန်တော်တို့ လေလံတင်ပြီး ရောင်းချပါတော့မယ် ခင်ဗျား'

လေလံပစ်သူက ပရိသတ်အား အော်ပြောနေခိုက်မှာပင် သူ့လက်ထောက်တစ်ဦးက ကျွန်အဘွားကြီးတစ်ဦးအား စင်ပေါ်သို့ ဆွဲတင်သည်။

'အချက်အပြုတ်အင်မတန်တော်တဲ့ ထမင်းချက်ပါ ခင်ဗျာ'ဟု လေလံပစ်သူက စကားစသည်။ အဘွားကြီးကတော့ အော်ဟစ်ရုန်းကန်နေသည်။ ပရိတ်သတ်ထဲ၌ ရပ်နေသည့် လူဖြူတစ်ယောက်ဆီသို့ လက်တစ်ဖက်မြှောက်ပြပြီး အော်ပြောနေသည်။

'သခင်ဖီးလစ်၊ ကျုပ်ဟာ နှင့်နဲ့ တော့်အစ်ကိုရဲ့အဖေကြီးအတွက် အလုပ်တွေအများကြီးလုပ်ပေးခဲ့ရတာကို မေ့သွားပြီလား။ တော်တို့ ငယ်ငယ်ကလေးကတည်းက

မြန်မာ စာအုပ်များ

တော်တို့အိမ်မှာ ကျုပ် အလုပ်တွေ အများကြီးလုပ်ခဲ့ရတာပါ။ အခုလို ရက်ရက်စက်စက် မလုပ်ပါနဲ့၊ ကျုပ်ကိုသနားပါဦး။ တောင်ပိုင်းက လူဖြူတွေလက်ထဲရောက်သွားရင် သူတို့ရိုက်တာနဲ့ပဲ ကျုပ်သေမှာပါ။ လုပ်ကြပါဦးတော်၊ သခင် ကယ်တော်မူပါ'

"ခဏရပ်စမ်း တိုဘီ'သခင်ဝေါလားက အမိန့်ပေးသည်။

မရပ်ချင်ဘဲနှင့် မြင်းရထားကို ရပ်ပေးလိုက်ရသော ကွမ်တာမှာ ကြားနေရသည့် အသံများကြောင့် တစ်ကိုယ်လုံး အေးစက်နေသည်။ သခင်ဝေါလားသည် ကျွန်လေလံပွဲကို ဘယ်တော့မှ စိတ်ဝင်စားသူမဟုတ်။ ဘာ့ကြောင့် ယခုပွဲကျမှ ရပ်ကြည့်ချင်ရသနည်း။ ကျွန်တစ်ယောက်တလေဝယ်ဖို့များ စိတ်ကူးရှိနေသလား။ အဘွားအိုဧ၏ အော်သံကြားရပြီး စိတ်ထိခိုက်၍များလား။ အဘွားအိုအော်သံကို ပရိသတ်ကတော့ ပြက်လုံးတစ်ခုသဖွယ် သဘောထားကာ ပြောင်လှောင်ရယ်မောနေကြသည်။ နောက်ဆုံးတွင် ကုန်သည်တစ်ဦးက အဘွားအိုအား ဒေါ်လာခုနစ်ရာပေး၍ ဝယ်သွားသည်ကို တွေ့ရ၏။

'ဘုရားသခင်ရယ် ကယ်တော်မူပါဦး၊ တပည့်တော်မကို ကယ်ပါဦး'

'အဘွားအိုသည် တစာစာအော်မြည်လျက်ရှိ၏။ ကုန်သည်၏တပည့် လူမည်းက အဘွားအိုအား ကျွန်လှောင်ခြံဆီသို့ခေါ်သွားသည်။ 'ငါ့ကိုမကိုင်နဲ့၊ ဟဲ့ နီဂရိုးကောင် ငါ့ကိုလွှတ်' စသည်ဖြင့် အဘွားအိုက အော်လျက်ရှိသည်။ ပရိသတ်က တဝါးဝါး၊ တဟားဟားရယ်ကာ ဆူညံလျက်ရှိသည်။ ကွမ်တာသည် မျက်လုံးအစုံရှိ စို့လာသည့် မျက်ရည်များ ထွက်မကျအောင် နှုတ်ခမ်းကိုက်ထားသည်။

စင်ပေါ်သို့ နောက်ရောက်လာသူမှာ လူမည်းလူငယ်တစ်ဦးဖြစ်သည်။ အလွန်မှန်းတီး၍ရှုရသော မျက်နှာထားဖြင့် ပရိသတ်အား စူးစူးရဲရဲကြည့်နေသည်။ အကြောများ ပြိုင်းပြိုင်းထနေသည့် သူ့ခန္ဓာကိုယ်တွင် မကြာသေးခင်က အရိုက်ခံထားရသည့် ကြာပွတ်ရာများ ပြည့်လျက်ရှိ၏။

'ဒီအကောင့်ကိုတော့ နည်းနည်းပါးပါးပြုပြင်ပေးဖို့လိုပါလိမ့်မယ်။ ဒါပေမဲ့ကြာကြာပြုပြင်ဖို့မလိုပါဘူး။ မြန်မြန်ဆန်ဆန်နဲ့ကုသလို့ရမှာပါ။ ဝါဂွမ်း ပေါင်လေးရာလောက်တော့ နေ့စဉ် ကောင်းကောင်းထမ်းနိုင်တဲ့ကောင်ပေါ့။ သူ့ကိုကြည့်ကြပါ၊ ဘယ်လောက်သန်စွမ်းတဲ့ကောင်လဲ။ ဘယ်လောက်ပေးရပေးရ ဈေးတန်တဲ့ကောင်မျိုးပါ'ဟု လေလံပစ်သူက ချီးမွမ်းခန်းဖွင့်သည်။ ထိုလူငယ်အား ဒေါ်လာ တစ်သောင်းလေးထောင်နှင့်ဝယ်သွားသည်။

နောက်တစ်ဦးမှာ လူဖြူလူမည်းကပြားမတစ်ဦးဖြစ်၏။ ကလေးငယ်ကိုချီ၍ စင်ပေါ်သို့ တက်လာသည်။ အမျိုးသမီးသည် ဝမ်းနည်းပက်လက်ငိုကြွေးလျက်ရှိသည်။

'လူက နှစ်ယောက်၊ တစ်ယောက်အတွက်ပဲပေးရမှာပါခင်ဗျာ၊ ဘယ်လောက်ဈေးတော်မလဲဆိုတာ ကြည့်ကြပါ'ဟု လေလံသမားက ကြေညာသည်။ 'ဝါကောက်နိုင်တဲ့ အရွယ်ဆိုရင် ဒေါ်လာတစ်ရာ အနည်းဆုံးတန်တယ်ဆိုတာ အများသိကြမှာပါ'

မြန်မာ စာအုပ်များ

အမျိုးသမီးသားအမိအား ဒေါ်လာတစ်ထောင်ပေး၍ ဝယ်သွားသည်။

စင်ပေါ်သို့ နောက်တစ်ဦးတက်လာပြန်သည်။ သံကြိုးနှင့်ချည်ပြီး ဆွဲခေါ်လာခြင်းဖြစ်သည်။ သူ့သမီးကစ်ဇီထက် တစ်နှစ်ခန့်သာကြီးမည်ဟု ခန့်မှန်းရ၏။ လူမည်းမကလေးသည် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့လျက်ရှိသည်။ ကွမ်တာအနေဖြင့် သူ့သမီးအရွယ် လူမည်းမကလေးအား မမြင်ရက် မကြည့်ရက်။

'စနစ်တကျ သင်ကြားလေ့ကျင့်ပေးထားတဲ့ အိမ်စေမကလေးပါခင်ဗျား'ဟု လေလံသမားက အော်ကာ စပ်ဖြဲဖြဲမျက်နှာထားဖြင့် ပရိသတ်အားလှမ်းကြည့်ပြီး မျက်စိမှိတ်ပြသည်။ ထို့နောက် အနီးကပ်ကြည့်လိုက လာကြည့်ကြပါဟုဖိတ်ခေါ်ပြီး လူမည်းမကလေး၏အဝတ်ကို ဆွဲချွတ်ပစ်သည်။ ကလေးမသည် အော်ဟစ်ငိုယိုလျက်ရှိ၏။ ပရိသတ်ထဲမှ အချို့က အနားသွားကာ ကလေးမအား ကိုင်တွယ်ကြည့်ကြသည်။

'ဟေ့...တိုဘီ၊ တော်လောက်ပြီ၊ တို့သွားကြစို့'ဟု ဝေါလားက အမိန့်ပေးသည်။

ကွမ်တာသည် လမ်းမကြီးကိုပင်မမြင်။ တွေးမိတွေးရာတွေးကာ ငေးငေးငိုင်ငိုင်ဖြစ်လာသည်။ သူမြင်ခဲ့ရသောကလေးမသည် ကစ်ဇီဖြစ်သည်ဆိုပါစို့။ ထမင်းချက်အဘွားအိုသည် သူ့ဇနီးဘဲလ်ဖြစ်နေပါသည် ဆိုပါစို့။ သူတို့သားအမိအား သူနှင့်ခွဲပြီး ရောင်းပစ်ခဲ့ပါမူ...။ တွေးရသည်မှာ ကြောက်မက်ဖွယ်ကောင်းလှချေသည်။ သို့တစေလည်း လူ့ဘဝသည် ဤအဖြစ်မျိုးကို တွေးရုံမှတစ်ပါး အခြားတွေးစရာဟူ၍ ဘာမှ မရှိပါတကား။

အိမ်ဝင်းထဲသို့ မြင်းရထားမဝင်ခင်ကတည်းက ကွမ်တာသည် ခါတိုင်းနှင့်မတူသည့် ထူးခြားမှုတစ်ခုကို သတိထားမိလာသည်။ ယခုလို နွေးထွေးသော နွေရာသီညနေခင်းများတွင် ကျွန်အိမ်တန်းမှလူများသည် အပြင်ထွက်၍ တန်းစီပြီး ထိုင်နေလေ့ရှိကြ၏။ ယနေ့ညတွင်မူ တစ်ဦးတစ်ယောက်မျှမရှိ။ ဘာ့ကြောင့်ပါလိမ့်။

ကွမ်တာသည် သခင်ဝေါလားအား ချထားခဲ့ပြီးနောက် မြင်းကို ကပျာကယာဖြုတ်ကာ မီးဖိုချောင်ဘက်သို့ တန်းသွားသည်။ သခင်ဝေါလားအတွက် ညစာ ပြင်ဆင်နေသော ဘဲလ်အား တံခါးဝမှရပ်၍ လှမ်းမေးသည်။

'မင်းတို့ ဘာမှမဖြစ်ဘူးနော်'

'ဘာမှတော့မဖြစ်ဘူး ကွမ်တာ'ဟု ဘဲလ်က ဖြေသည်။ ထို့နောက် ကွမ်တာအား လှည့်ကြည့်ပြီး...

'ဒီနေ့ ကျွန်ကုန်သည်တစ်ယောက်လာသွားတယ်'ဟု ပြောသည်။ ထို့နောက် အသံကို တိုးလိုက်သည်။

'ကာတိုက လေချွန်အချက်ပေးလို့ ကျွန်မ အိမ်ရှေ့ပြတင်းပေါက်က ထွက်ကြည့်တော့ လူဖြူတစ်ယောက် မြင်းပေါ်ကဆင်းနေတာမြင်ရတယ်။ သူဘာဆိုတာ ကျွန်မ

မြန်မာ စာအုပ်များ

ချက်ချင်းသိတယ်။ သူ့ကို တံခါးဖွင့်ပေးလိုက်တော့ သူက ကျွန်မတို့သခင်နဲ့ဖြစ်ဖြစ် သခင်မနဲ့ဖြစ်ဖြစ် တွေ့ချင်တယ်လို့ပြောတယ်။ သခင်မကတော့ သချိုင်းထဲမှာရှိတယ်။ သခင်ကတော့ ဆရာဝန်တစ်ယောက်ဓမ္မ လူနာတွေသွားကြည့်နေတယ်လို့ ကျွန်မက ဖြေလိုက်တယ်။ အဲဒီတော့ သူက သခင် ဒီည ဘယ်အချိန်လောက် ပြန်ရောက်မလဲလို့ ထပ်မေးတယ်။ ပြီးတော့ သူ့လိပ်စာကတ်ပြားကလေးကို လှမ်းပေးပြီး သူတစ်ခေါက် ပြန်လာဦးမယ်လို့ ပြောသွားတယ်။ ကျွန်မက ဒီကတ်ပြားကို သခင့်လက်ထဲ ပေးရမှာ ကြောက်နေတယ်။ မပေးဘဲနေရင်ကောင်းမလားလို့ စဉ်းစားနေသေးတယ်။ နောက်ဆုံးကျတော့ ကျွန်မလည်း ကတ်ပြားကို သူ့စားပွဲပေါ်တင်ထားလိုက်တယ်'

'ဘဲလ်ရေ'

ဧည့်ခန်းထဲမှ ခေါ်လိုက်သည့်အသံ။

ဘဲလ်သည် လက်ထဲမှဗန်း လွတ်ကျတော့မလို ဖြစ်သွားသည်။ ကွမ်တာ့နား ကပ်ပြီး တိုးတိုးလေးပြောသည်။

'ခဏနေဦးနော်၊ ကျွန်မပြန်လာခဲ့မယ်'

ဘဲလ်မှာသွားသည့်အတိုင်း ကွမ်တာစောင့်နေသည်။ အဆိုးဆုံးကို မျှော်လင့်ရတော့မည့် အခြေအနေမျိုးဖြစ်သဖြင့် အသက်ကိုပင် မှန်မှန်မရှူနိုင်။ နောက်ဆုံးတွင် ဘဲလ်ပြန်ရောက်လာသည်။ သူ့မျက်နှာသည် စိတ်လက်ပေါ့ပါးခြင်းကို ဖော်ပြနေသည်။

ညစာ စောစောစားမယ်လို့ခေါ်ပြောတာ၊ ကျွန်မတင်ထားတဲ့ ကတ်ပြားကတော့ စားပွဲပေါ်မှာမရှိတော့ဘူး။ ဒါပေမဲ့ ကတ်ပြားနဲ့ပတ်သက်ပြီး ကျွန်မကို ဘာမှတော့ မမေးဘူး'

ညစာစားအပြီးတွင် ဘဲလ်က သူ့သိထားသည့်သတင်းကို အခြားလူများအား ပြောပြသည်။ အန်တီဆုကေးက ရှိုက်ကြီးတငင်ငိုသည်။ 'ဘုရားသခင် ကယ်တော်မူပါ။ နင်ဘယ်လိုထင်သလဲ။ သခင်က ငါတို့ကို ရောင်းပစ်မယ်လို့ထင်သလား' ဟုလည်း မေးသည်။

တိတ်ဆိတ်မှုကလွှမ်းမိုးလျက်ရှိ၏။ ကွမ်တာသည် ဘာပြောရမှန်းမသိ။ သူတွေ့မြင်ခဲ့ရသည့် ကျွန်လေလံပွဲအကြောင်းကိုတော့ ဘယ်နည်းနှင့်မှ ပြော၍မဖြစ်။

'သခင်ဝေါလားကတော့ ငွေတွေအများကြီးရှိတဲ့ လူချမ်းသာသူဌေးကြီးတစ်ယောက်ပဲ'ဟု တယောဆရာက ပြောသည်။

'နီဂရိုးကျွန်တွေကိုရောင်းပြီး ကြွေးဆပ်ရမယ့်အခြေအနေလည်းမရှိပါဘူး။ အဲဒီတော့ မင်းတို့ ငါတို့ကို ရောင်းမယ်မထင်ပါဘူးကွာ'

တယောဆရာ၏စကားသည် ကျွန်အားလုံးကို စိတ်သက်ရာရစေလိမ့်မည်ဟု ကွမ်တာက မျှော်လင့်သည်။ ဘဲလ်ကလည်း မျှော်လင့်ချက်အနည်းငယ် ဝင်လာပုံရသည်။

မြန်မာ စာအုပ်များ

'ကျွန်မ သခင့်အကြောင်းသိတယ်၊ ကျွန်မတို့ ဒီမှာနေလာတာကြာပြီ။ သခင်က ဘယ်နီဂရိုးကိုမှ မရောင်းခဲ့ဖူးဘူး။ ဟို မြင်းရထားသမား လူသာတစ်ယောက်ကိုပဲ ရောင်းခဲ့ဖူးတယ်။ ဒါလည်းပဲ လူသာက ဟိုကောင်မလေးထွက်ပြေးနိုင်အောင် မြေပုံကို ခိုးကူးပေးတာကိုး'

ဘဲလ်သည် စကားကို ဆက်မပြောသေးဘဲ ရပ်နေသည်။

'ကဲလေ ကျွန်မကတော့ ကျွန်မတို့သခင်အနေနဲ့ ဘယ်သူ့ကိုမှ ရောင်းပစ်ကြလိမ့်မယ်လို့ မထင်ဘူး။ ရှင်တို့ကရော ဘယ်လိုထင်ကြလဲ။ ပြောကြပါဦး'

သို့သော်လည်း အဖြေပေးမည့်သူ တစ်ဦးမျှမရှိ။

[၇၈]

မြင်းရထား၏နောက်မှလိုက်ပါလာကြသော သခင်ဝေါလားနှင့် သူ့ညီဝမ်းကွဲတို့သည် စိတ်ပါလက်ပါ စကားပြောလာနေကြသည်။ ကွမ်တာကတော့ သူတို့ပြောသမျှ ကြားနိုင်ရန်အတွက် နားနှစ်ဖက်ကို စွင့်ထားသည်။

'ဟိုနေ့က ကျွန်လေလံပွဲတစ်ခုနဲ့ကြုံလို့ ရပ်ကြည့်ခဲ့တယ်' ဟု သခင်ဝေါလားက ပြောသည်။

'ကျွန်ဈေးက သိပ်ကောင်းနေပါလား။ လွန်ခဲ့တဲ့နှစ်တွေကထက် ဈေးက နှစ်ဆသုံးဆလောက်အထိ တက်လာနေတယ်။ ဂေဇက်တီးယားသတင်းထဲမှာ ကြော်ငြာတွေ တွေ့တယ်။ လက်သမား၊ ပန်းရန်သမား၊ ပန်းပဲသမားကျွန်တွေ အလိုရှိတယ်တဲ့။ လက်မှုလုပ်ငန်းလုပ်တတ်တဲ့ ကျွန်တွေဆိုရင် တစ်ယောက်ကို ဒေါ်လာနှစ်သောင်းငါးထောင်အထိ ပေးဝယ်နေကြတယ်တဲ့'

'ဒီနှစ်ဝါပေါ်ချိန်ကျမှ ကျွန်ဈေးက နေရာတိုင်းမှာ တက်လာနေတာ'ဟု ဝေါလား၏ ညီဝမ်းကွဲက ပြောသည်။

'ကျွန်တော်တို့နိုင်ငံထဲမှာ အခုဆိုရင် ကျွန်တစ်သန်းကျော်ကျော်လောက် ရှိနေပြီလို့ ပြောသံကြားရတယ်။ နောက်ထပ် သင်္ဘောတွေနဲ့ အခေါက်ခေါက်အခါခါ သယ်လာနေပေမဲ့ လုံလောက်ပုံမပေါ်သေးဘူး။ အထူးသဖြင့် တောင်ပိုင်းနယ်က မြေရိုင်းတွေအတွက် လိုအပ်နေတဲ့အရေအတွက်က ပြည့်ပုံမပေါ်သေးဘူး'

'ငါကတော့ တို့ဗာဂျီးနီးယားပြည်နယ်ထဲက ယာပိုင်ရှင်ကြီးတွေဟာ အမြတ်အစွန်းများများရဖို့ လောဘကြီးလွန်းတယ်လို့ထင်တယ်။ သူတို့ အခုလိုသာ ရောင်းပစ်နေရင် ကျွန်မျိုးကောင်းတွေ လက်လွတ်ကုန်တော့မယ်။ အခုဆိုရင် စနစ်တကျ စပ်ထားတဲ့ အကောင်းဆုံးကျွန်တွေကိုတောင် ရောင်းပစ်နေကြပြီ'ဟု ဝေါလားက ပြန်ပြောသည်။ 'ဒီအလုပ်ကိုတော့ ငါက မိုက်မဲမှုတစ်ခုလို့ထင်တယ်'

မြန်မာ စာအုပ်များ

'မိုက်မဲမှုလို့တော့မဆိုနိုင်ဘူး ထင်တာပဲ။ ကျွန်တော်တို့ ဇာဂျီးနီးယားပြည်နယ်မှာ အခုရှိနေတဲ့ ကျွန်အရေအတွက်ဟာ လိုအပ်တာထက် အများကြီးပိုနေတာပဲ။ အလုပ်ခိုင်းရတာထက် သူတို့ကို ကျွေးမွေးနေရတဲ့စရိတ်က ပိုကြီးမနေဘူးလား'

'ဒီနေ့ဒီအချိန်မှာတော့ မင်းပြောသလို ဖြစ်ရင်လည်း ဖြစ်နေမှာပေါ့'ဟု ဝေါလားက ဆိုသည်။

'ဒါပေမဲ့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက ငါတို့ ဘယ်ရွေ့ဘယ်မျှလိုတယ် ဆိုတာ ဘယ်လိုလုပ်ပြီးသိနိုင်မလဲ။ အဲဒီဆယ်နှစ်တုန်းက ဝါဂွမ်းဈေး ဝုန်းခနဲတက်လာပြီး အရောင်းအဝယ်ကောင်းလာလိမ့်မယ်လို့ကော ဘယ်သူက ကြိုတင်ပြောနိုင်မှာတဲ့လဲ။ ကျွန်တွေကို ကျွေးမွေးစောင့်ရှောက်ထားရတဲ့စရိတ်က သိပ်ကြီးတယ်လို့ ပြောနေကြတဲ့စကားကိုတော့ ငါက မံထောက်ခံနိုင်ဘူး။ ငါမြင်တာကတော့ သူတို့ ကိုယ်တိုင် စိုက်ကြပျိုးကြ၊ မွေးမြူကြ၊ ရိတ်သိမ်းကြတယ်။ အဲဒီထဲကပဲ သူတို့ပြန်စားနေကြရတာ။ မင်းစဉ်းစားကြည့်လေ။ ဝါကောက်တဲ့လူတစ်ယောက်ဟာ မင့်အတွက် ငွေဘယ်လောက်အထိ ရှာပေးနေသလဲ။ သူတို့မှာ ကျွမ်းကျင်မှုတွေရှိလာရင် တန်ဖိုးက သိပ်တက်လာတာပဲ။ ငါကတော့ ကျွန်တွေနဲ့ မြေတွေဟာ လူတစ်ယောက်ရဲ့ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုတစ်ခုလို့ထင်တယ်။ ငါတစ်ယောက်တည်းအနေနဲ့ကတော့ ငါပိုင်တဲ့ ကျွန်တွေကို အမြတ်အစွန်းရဖို့ဆိုတဲ့ အကြောင်းတစ်ခုတည်းနဲ့တော့ ဘယ်တော့မှ မရောင်းဘူးကွာ။ အမှန်တော့ သူတို့ဟာ ငါတို့စနစ်ရဲ့ ကျောရိုးပဲ'

'စနစ်ကိုက သူ့ဘာသာသူ အလိုအလျောက်ပြောင်းလဲနေတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့'ဟု ဝေါလား၏ညီက ပြောသည်။

'အခုဆိုရင် ကြည့်ပါလား၊ အငယ်စား ယာပိုင်ရှင်လူတန်းစားထဲ ဝင်လာနေတဲ့ ကပ္ပလီကပြားအရေအတွက်ဟာ သိသိသာသာကို တိုးလာနေတယ်။ သူတို့ရဲ့ ဝါခင်းတွေနဲ့ ဆေးရွက်ကြီးခင်းတွေအတွက် ကျွန်တော်တို့က စွန့်ပစ်လိုက်တဲ့ ကျွန်အိုကျွန်နာတွေကို ဈေးပေါပေါနဲ့ဝယ်ပြီး သေအောင်ခိုင်းနေကြတယ်လေ။ ကြာလာရင် သူတို့က ကျွန်တော်တို့ရဲ့ အလုပ်သမားတွေနဲ့ မြေတွေကိုတောင် လုယူသွားမှာ စိုးရိမ်နေရတယ်'

'ဒီကိစ္စအတွက်လည်း ပူစရာသိပ်လိုမယ်လို့ ငါကတော့မထင်ဘူးကွာ။ လူဖြူဆင်းရဲသားတွေက လွတ်လပ်တဲ့လူမည်းတွေနဲ့ အပယ်ခံကျွန်တွေ ဝယ်တဲ့ကိစ္စမှာမယှဉ်ပြိုင်သေးသမျှ ကာလပတ်လုံး ပူစရာမလိုဘူးလို့ပဲထင်တယ်'

'ကျွန်တော် တစ်ခုလည်းကြားတယ်။ မြို့ကြီးပြကြီးတွေမှာ ရောက်နေကြတဲ့ လွတ်လပ်တဲ့ နီဂရိုးတွေက အလုပ်ကို နေ့ရောညပါ မနားတမ်းလုပ်ပြီး ငွေစုကြတယ်တဲ့။ စုလို့ရတဲ့ ငွေနဲ့ သူတို့ဆွေမျိုးသားချင်းတွေကို ပြန်ဝယ်ပြီး ကျွန်ဘဝက လွတ်အောင် လုပ်နေကြတယ်တဲ့'

မြန်မာ စာအုပ်များ

'အေး...ဟုတ်မှာပေါ့၊ ငါတို့တောင်ပိုင်းမှာ ဒါကြောင့်မို့လည်း ကျွန်ဘဝက လွတ်မြောက်သွားတဲ့ လူမည်းအရေအတွက် များလာနေတာပေါ့'

'ကျွန်တော်တို့ ဗာဂျီးနီးယားပြည်နယ်ထဲမှာ သူတို့ကို အများကြီးလွတ်လပ်သွားအောင် ခွင့်ပြုထားကြတာပဲ'ဟု ဝေါလား၏ညီက ပြောသည်။

'ဒီလိုခွင့်ပြုထားတာဟာ ကျွန်တော်တို့ရဲ့ အလုပ်သမားအင်အားကို လျော့နည်းအောင်လုပ်သလို ဖြစ်နေတာပေါ့။ လွတ်လပ်တဲ့လူမည်းအရေအတွက်ကလည်း တစ်နေ့တခြား တိုးလာနေတာပေါ့။ သူတို့ဟာ ပုန်ကန်ထကြွမှုကို ဖြစ်ပေါ်စေမယ့် အခြေခံအင်အားတွေလည်း ဖြစ်လာနေတယ်လို့ထင်တယ်။ ရစ်ချ်မွန်မြို့ပုန်ကန်မှုကို ဦးဆောင်ခဲ့တဲ့ ပန်းပဲဆရာလူမည်းကို ကျွန်တော်တို့ မေ့ပစ်လို့မဖြစ်ဘူး'

'အေး...ဟုတ်တယ်၊ အဲဒါကတော့မှန်တယ်'ဟု ဝေါလားက ထောက်ခံသည်။

'ဒါပေမဲ့ မျှတပြီး တင်းကျပ်တဲ့ ဥပဒေတွေနဲ့ သူတို့ကို စနစ်တကျ ထိန်းသိမ်းပေးမယ်ဆိုရင် ဒီပြဿနာဟာ ပြေလည်မှာပါ။ ပြီးတော့ ပြဿနာရှာတဲ့လူတွေကို တင်းတင်းကျပ်ကျပ် အရေးယူပေးရမယ်။ သူတို့ကို လမ်းမှန်ကမ်းမှန်ရောက်လာအောင် ထိန်းချုပ်ပေးရင် ပိုပြီးထိရောက်မယ်။ အခု ငါသိရသလောက် လူမည်းတွေဟာလက်မှုလုပ်ငန်းများများကို အုပ်စိုးထားနိုင်တဲ့သဘောရှိနေတယ်'

'ကျွန်တော်ခရီးထွက်ခဲ့တဲ့နေရာတွေမှာတော့ သူတို့ချည်းပဲ။ ဂိုဒေါင်အလုပ်သမား၊ ဆိပ်ကမ်းအလုပ်သမား၊ ဈေးသည်၊ သုဘရာဇာ၊ မာလီ။ ဟာ... ဒီကောင်တွေအလုပ်စုံဝင်လုပ်နေကြတာပဲ။ လင့်ချ်ဘတ်ဂ်မြို့မှာဆိုရင် တစ်မြို့လုံး လူဖြူဆံပင်ညှပ်သမားတွေတစ်ယောက်မှမရှိဘူး။ ကျွန်တော့်မှာ မုတ်ဆိတ်မွေးရှည်လာလို့ကတော့ သူတို့ဆီမှာ မရိတ်ရဲပါဘူး။ သူတို့လက်ထဲက ဓားက လည်ပင်းနဲ့ နီးနေတော့ကြောက်စရာကြီး'

နှစ်ဦးစလုံး ရယ်ကြသည်။ ထို့နောက် သခင်ဝေါလား၏ မျက်နှာသည် ပြန်၍တည်ငြိမ်သွားကာ အလေးအနက်ထား၍ သူ့အယူအဆများကိုပြောသည်။

'မြို့ကြီးတွေမှာ ပြဿနာတစ်ရပ်ကတော့ ကြီးလာစရာအကြောင်းရှိတယ်။ လွတ်လပ်သွားတဲ့ လူမည်းတွေရဲ့ ပြဿနာထက်တောင် ကြီးလာနိုင်မယ့် လူမှုရေးပြဿနာပဲ။ တခြားတော့မဟုတ်ဘူး။ အင်မတန်နှုတ်ချိုပြီး အပြောကောင်းတဲ့ ကျွန်ကုန်သည်တွေပဲ။ ဒီလူစုဟာ အများအားဖြင့် အရင်တုန်းက စားသောက်ဆိုင်ပိုင်ရှင်တွေ၊ ကျောင်းဆရာတွေ၊ ရှေ့နေတွေ၊ တရားဟောဆရာတွေ ဖြစ်ခဲ့ကြတယ်။ ငါ့ဆီကိုတောင် သုံးလေးယောက်လာပြီး ကျွန်တွေရောင်းပါ၊ ဈေးကောင်းပေးမယ်လို့ ဆွယ်ခဲ့ကြတယ်။ တစ်ယောက်ကဆိုရင် သူ့လိပ်စာကတ်ပြားကိုတောင် အိမ်မှာပေးခဲ့တယ်။ ငါ့ခံယူချက်ကတော့ဒီကောင်တွေဟာ ဆင်ခြင်ကင်းမဲ့တဲ့ လူယုတ်မာတွေလို့ပဲထင်တယ်'

မြန်မာ စာအုပ်များ

အိမ်သို့ရောက်ကြသည့်အခါ ကွမ်တာသည် မြင်းရထားပေါ်မှခုန်ဆင်းပြီး ရထားတံခါးကို ဖွင့်ပေးသည်။ သခင်ဝေါလားတို့ ပြောလာကြသည့်စကားများကို လုံးဝမကြားခဲ့ရသည့် မျက်နှာထားမျိုးနှင့်ဖြစ်သည်။ သူတို့နှစ်ယောက် အိမ်ထဲရောက်သွားပြီး ညှိခန်းထဲ၌ အရက်သောက်နေကြချိန်တွင် ကွမ်တာသည် ကျွန်အိမ်တန်းမှ လူများအား သူတို့သခင်က သူ့ကျွန်များအား ရောင်းပစ်ဖို့ အစီအစဉ်မရှိဟု အတိအကျသိခဲ့ရကြောင်း ပြောပြသည်။

အားလုံး တစ်ခဏမျှ ငြိမ်ဆိတ်နေကြသည်။ စွတ္တာမန်ဒီက 'သခင်နဲ့သူ့ညီ ပြောကြတဲ့ စကားထဲမှာ နီဂရိုးတွေက ငွေစုပြီး ဆွေမျိုးသားချင်းတွေကို ဝယ်တယ်လို့ ပါတယ်။ သူတို့က ဘယ်လိုလုပ်ပြီး ဝယ်ကြတာလည်းဆိုတာ ကျွန်မ သိချင်တယ်'ဟု ပြောသည်။

'အဲဒီလိုဗျ'ဟု တယောဆရာက ပြောသည်။

'မြို့ကြီးပေါ်က ကျွန်နီဂရိုးတွေဟာ လက်မှုလုပ်ငန်းပညာတွေ တတ်ကြတယ်လေ။ တူတို့ကို လူဖြူတွေကငှားတယ်။ ငှားတော့ ငွေပေးရတာပေါ့။ ဆယ်နှစ် ဆယ့်ငါးနှစ်လောက်ကြာတော့ လက်ထဲမှာ ငွေအများကြီးရလာရော။ အဲဒီကျတော့ တူ့ကိုယ်တူ ဒါမှမဟုတ် ဆွေမျိုးတားချင်းကို ပြန်ဝယ်တာပေါ့'

'ဒါကြောင့်မို့ ခင်ဗျားက တယောထိုးတဲ့အလုပ်ကို မနားမနေလုပ်နေတာလား'ဟု ကာတိုက မေးသည်။

'မဟုတ်ပါဘူးကွ၊ လူဖြူတွေကတာ ကြည့်ချင်လို့ပါ'ဟု တယောဆရာက ပြောသည်။

'ခင်ဗျားကိုယ်ခင်ဗျား ပြန်ဝယ်ဖို့ အခုထက်ထိ ငွေမပြည့်သေးဘူးလား'

'ငွေသာပြည့်ရင် အခုလို မင်းမေးတဲ့မေးခွန်းကိုဖြေဖို့ ငါဒီနေရာမှာ ထိုင်နေပါ့မလားကွာ'

အားလုံးက ဝိုင်းရယ်ကြသည်။

'ဒီလိုဆိုရင် ခင်ဗျားဟာက ပြည့်ကောပြည့်ပါဦးမလား၊ နီးကော နီးလာပြီလား'ဟု ကာတိုက မေးသည်။

'ငါက ဘယ်တော့မှ အားမလျှော့ဘူးကွ၊ တိလား'ဟု တယောဆရာက စိတ်ဆိုးမာန်ဆိုး ပြောသည်။

'ထားပါတော့လေ၊ တကယ်လို့ ပြည့်သွားရင် ခင်ဗျားဘာလုပ်မလဲ'

'ငါကတော့ မြောက်ပိုင်းကိုတွားမှာပဲ။ ဟိုမှာရှိနေတဲ့ လွတ်လပ်တဲ့နီဂရိုးတွေဟာ လူဖြူတွေထက်တောင် အဆင့်မြင့်မြင့်နေနိုင်ကြတယ်လို့ ငါကြားဖူးတယ်။ ငါ

မြန်မာ စာအုပ်များ

အဖို့တော့ အဲဒါဟာ တတင်းကောင်းပဲကွ၊ ငါက ဟိုအတားဝါ ကပ္ပလီကပြားတွေ ဝတ်တလို ဝတ်မယ်၊ တူတို့နေတလိုနေမယ်။ စောင်းတီးမယ်၊ စာအုပ်တွေဖတ်မယ်၊ ဖတ်ပြီး ဆွေးနွေးမယ်၊ ပန်းခင်းတွေစိုက်မယ်'

အားလုံးက ဝိုင်းရယ်ကြပြန်၏။

နောက်တစ်လခန့်အကြာတွင် တယောဆရာသည် ခရီးဝေးသွားရာမှ ပြန်ရောက်လာသည်။ သူနှင့်အတူ သတင်းထူးတစ်ခု သယ်ဆောင်လာသည်။ သူ ရောက်ခဲ့သည့် နေရာတိုင်းတွင် လူဖြူများ ဝမ်းသာရွှင်မြူးနေသည်ကို တွေ့ခဲ့ရသည်ဟု အစချီကာ ပြင်သစ်ခေါင်းဆောင် နပိုလီယံဆိုသူသည် စစ်တပ်ကြီးတစ်တပ်နှင့် ပင်လယ်ပြင်ကြီးကို ဖြတ်၍ ချီတက်တိုက်ခိုက်ပြီး ဟောတီကျွန်းကို လူမည်းတို့လက်ထဲမှ ပြန်ယူသွားကြောင်း၊ ဟောတီကျွန်းကို သိမ်းပိုက်ထားသော လူမည်းဗိုလ်ချုပ်ကြီး တော်စိန့်အား သူ့တပ်သို့ ညစာစားပွဲတက်ရန် ဖိတ်ကြားခဲ့ကြောင်း၊ တော်စိန့်အမှားမှာ နပိုလီယံ၏ ဖိတ်ကြားချက်ကို လက်ခံခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ညစာစားနေခိုက်မှာပင် စားပွဲထိုးများက သူ့အား ဝိုင်းချုပ်နှောင်ဖမ်းဆီးကာ ပြင်သစ်သို့ထွက်မည့် သင်္ဘောတစ်စီးပေါ် တင်ထားလိုက်ကြကြောင်း စသည်ဖြင့် တယောဆရာကပြောသည်။

လူမည်းဗိုလ်ချုပ်ကြီး တော်စိန့်အပေါ် အလွန်ကြည်ညိုလေးစားသူမှာ ကွမ်တာဖြစ်သည်။ ဤသတင်းကြောင့် ကျွန်အိမ်တန်းမှ လူအားလုံး စိတ်မကောင်း ဖြစ်ကြရသော်လည်း မည်သူမျှ ကွမ်တာလောက် စိတ်ထိခိုက်ခြင်းမဖြစ်ပေ။ တယောဆရာ၏ တဲအတွင်းမှ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြသည်အထိ ကွမ်တာကတော့ စိတ်ပျက်လက်ပျက်ထိုင်ကာ မှိုင်တွေချလျက်ရှိသည်။

'မင်းဘယ်လောက် စိတ်ထိခိုက်သွားတယ်ဆိုတာ ငါတိပါတယ်ကွာ'ဟု တယော ဆရာက ပြောသည်။

'ဒီတတင်းအပေါ်မှာ ပေါ့ဆဆသဘောထားတယ်လို့တော့ ငါ့ကိုမထင်နဲ့ကွာ။ ငါ့မှာလည်း ဝမ်းသာစရာတတင်းတစ်ခု ရှိနေတယ်ကွ။ ငါမပြောဘဲကို မနေနိုင်ဘူး'

ကွမ်တာက တယောဆရာအား လှမ်းကြည့်သည်။ လူမည်းခေါင်းဆောင်ကြီး တစ်ယောက်အား ဖမ်းသွားသည်ဟူသော သတင်းကိုပင် ဖုံးလွှမ်းသွားနိုင်လောက်အောင် ဝမ်းသာစရာကောင်းသည့်သတင်းသည် မည်သည့်သတင်းမျိုးဖြစ်လေသနည်း။

'ငါပြီးတွားပြီကွ၊ တိသား'ဟု တယောဆရာက ရွှင်လန်းတက်ကြွသော လေသံဖြင့် ပြောသည်။

'လွန်ခဲ့တဲ့ တစ်လလောက်တုန်းက ကာတိုက မေးခဲ့တယ်မဟုတ်လား။ ငါ့ကိုယ်ငါ ပြန်ဝယ်ဖို့ငွေ ဘယ်တော့ပြည့်မှာလဲဆိုတဲ့ မေးခွန်းလေကွာ။ အဲဒီတုန်းက ဒေါ်လာ

မြန်မာ စာအုပ်များ

နည်းနည်းပဲ လိုတော့တယ်။ အခု ငါတွားတဲ့ခရီးမှာ လိုတဲ့ငွေရလာပြီ။ အမယ်လေးကွာ၊ ဒီငွေပြည့်ဖို့အတွက် လူဖြူကပွဲတွေမှာ အကြိမ်ပေါင်း ကိုးရာတိတိ တယောထိုးခဲ့ရတာ။ ဒီမယ် အာဖရိကန်ရဲ့၊ ငါကိုယ်ငါပြန်ဝယ်ဖို့ ဒေါ်လာခုနစ်ရာ ရှိရမယ်လို့ သခင်ဝေါလား က ပြောထားတယ်။ အခု ငါ ဒေါ်လာခုနစ်ရာပြည့်တွားပြီလကွာ'

ကွမ်တာသည် စကားတစ်ခွန်းမျှ မပြောနိုင်လောက်အောင် အံ့အားသင့်လျက် ရှိသည်။

'ဒီမယ်ကြည့်စမ်း၊ မြင်လား'

တယောဆရာက ပြောပြောဆိုဆို သူ့မွေ့ရာကိုခွဲ၍ အထဲမှ ဒေါ်လာခုနစ်ရာဖိုး ရှိသည့် ငွေစက္ကူများကို ဆွဲထုတ်ပြသည်။ ထို့နောက် အိပ်ရာအောက်မှ ဝုန်နီအိတ်ငယ် တစ်လုံးကို ဆွဲထုတ်ကာ အထဲမှ အကြွေများကို သွန်ချပြသည်။

'ဟေ့ကောင်၊ အာဖရိကန်၊ ပါးစပ်ကြီးဟပြီး ငေးမနေနဲ့။ စကားပြောပါဦး'

'ကျုပ်...ကျုပ် ဘာ...ဘာပြောရမှန်း မသိတော့ဘူးဗျာ'ဟု ကွမ်တာက ပြန်ပြောသည်။

'ငါကို ချီးကျူးစကားလေးမှ မပြောတော့ဘူးလားကွာ'

'ငွေပြည့်တာ မှန်ကောမှန်ရဲ့လားဗျာ'

'မှန်ပါတယ်ကွာ၊ ငါ ရေ...ရေကြည့်တာ အကြိမ်ပေါင်း တစ်ထောင်မကတော့ဘူး။ ခုနစ်ရာပြည့်တဲ့အပြင် ပိုနေလို့ ငါ့အတွက် သေတ္တာလေးတစ်လုံးတောင် ဝယ်နိုင်တေးတဗျား'

ကွမ်တာသည် မယုံကြည်နိုင်အောင်ဖြစ်လျက်ရှိ၏။ တယောဆရာသည် ကျွန် ဘဝမှ လွတ်မြောက်ပေတော့မည်။ ယခုအဖြစ်သည် အိပ်မက်မဟုတ်။ ကွမ်တာ့စိတ်တွင် ရယ်ချင်သလိုလို ငိုချင်သလိုလို ဖြစ်လာသည်။ သူ့အတွက်ရော သူ့မိတ်ဆွေအတွက်ပါ ဝမ်းနည်းဝမ်းသာ ခံစားရခြင်းကြောင့်ဖြစ်၏။

တယောဆရာသည် ဒူးထောက်၍ထိုင်ကာ ငွေများကို လက်နှစ်ဖက်ဖြင့် ကျုံးယူ လိုက်သည်။

'မင်းတွေ့လား၊ မနက်ဖြန်ကျရင်ကြည့်၊ ငါက တခင်ဝေါလားဆီတွားပြီး ဒေါ်လာ ခုနစ်ရာပေးမယ်။ တူက ငါ့ကို မင်းတွားလိုရာ တွားတော့လို့ ပြောရင် မင်း တိပ်ဝမ်း တာရမယ်။ ဒါပဲ'

'ခင်ဗျားအတွက်တော့ ဝမ်းသာပါတယ်၊ ကျုပ်အတွက်ကတော့ ဝမ်းသာစရာ မရှိပါဘူး'ဟု ကွမ်တာက ပြောသည်။

'ငါ့ကို မင့်အတွက် စိတ်ထိခိုက်အောင် လုပ်နေတာဆိုရင်တော့ ငါ မင့်ကို ဝယ်ပေးနိုင်အောင် ကြိုးစားပေးပါ့မယ်ကွာ။ အခု ငါ လွတ်မြောက်ဖို့အတွက် တယောထိုးပြီး ငွေစုခဲ့ရတာ တုံးဆယ့်တုံးနှစ်တောင် ကြာတယ်ကွ၊ တိလား'

သူ့တဲအတွင်းသို့ ပြန်ရောက်သည်အထိ ကွမ်တာ၏မျက်နှာသည် သာယာခြင်းမရှိ။ ဘဲလ်ကတော့ သူ့ယောကျ်ားသည် လူမည်းဗိုလ်ချုပ်ကြီး တော်စိန့်အတွက် စိတ်မကောင်းဖြစ်နေဆဲဟု ထင်နေသည်။

နောက်တစ်နေ့နံနက်တွင် ကွမ်တာသည် စောစောစီးစီးထ၍ မြင်းများကို အစာကျွေးကာ တယောဆရာ၏တဲသို့သွားသည်။ တဲထဲ၌မည်သူမျှမရှိ။ သူသည် ချက်ချင်းပင် ဘဲလ်ရှိရာ မီးဖိုချောင်သို့သွားပြီး တယောဆရာ သခင်ဝေါလ့ာထံ ရောက်နေသလားဟု မေးသည်။

'သူဒီကိုလာတယ်၊ ပြန်ထွက်သွားတာ နာရီဝက်လောက်ရှိသွားပြီ။ သူ့ကို ကြည့်ရတာ သရဲတစ်ကောင်နဲ့တူနေတယ်။ ဘာဖြစ်နေမှန်းမသိဘူး။ သူ သခင်နဲ့လာတွေ့တာ ဘာကိစ္စရှိလို့ပါလိမ့်'

'သူ သခင်နဲ့တွေ့ပြီး ပြန်ထွက်လာတော့ မင့်ကိုဘာပြောသွားသလဲ'ဟု ကွမ်တာက မေးသည်။

'ဘာမှပြောမသွားဘူး။ ကျွန်မရှေ့က ဖြတ်သွားတာတောင်မှ ကျွန်မကို မြင်ပုံမရဘူး'

ကွမ်တာသည် မီးဖိုချောင်ထဲမှပြန်ထွက်ကာ ကျွန်အိမ်တန်းသို့သွားသည်။ ဘဲလ်က နောက်မှနေ၍ အော်ခေါ်သည်။ 'အခု ရှင်ဘယ်သွားဦးမလို့လဲ'ဟုလည်း မေးသည်။ ကွမ်တာက အဖြေမပေး။

'ကောင်းပြီ၊ ရတယ်၊ မပြောချင်နေပေါ့။ ကိုယ့်ဇနီးကိုတောင် အသိမပေးနိုင်ဘူးဆိုတော့လည်း ကျွန်မက ဂရုမစိုက်ပါဘူး'

သူဘာတွေပဲပြောနေနေ ကွမ်တာကတော့ သူ့မျက်စိအောက်မှ ပျောက်ကွယ်သွားသည်။

ကွမ်တာသည် တဲတိုင်းသို့ဝင်၍ မေးသည်။ တချို့တဲများတွင် အတွင်းသို့ ခေါင်းပြူကြည့်ပြီး တယောဆရာအား အော်ခေါ်ကြည့်သည်။ သူသည် ခြံစည်းရိုးဆီးအတိုင်း လျှောက်ကာ အပြင်သို့ထွက်လာခဲ့သည်။ အတော်ဝေးဝေး လျှောက်လာမိသည့်အခါ ကြေကွဲဝမ်းနည်းဖွယ်ကောင်းသည့် တယောသံကို ကြားရသည်။ တစ်ချိန်က စခန်းချပွဲတစ်ခုတွင် ဤသီချင်းဆိုနေသည်ကို သူကြားခဲ့ဖူးသည်၊ 'အို...ဘုရားသခင်'အမည်ရှိ တယောသံကိုသာ ကြားနေရခြင်းဖြစ်၏။ တယောဆရာ၏ တေးဂီတများသည် အများအားဖြင့် ပျော်ရွှင်မြူးထူးဖွယ်ရာများချည်းဖြစ်သည်။ သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ တယောသံမှာ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းလှချေသည်။

ကွမ်တာသည် ခြေလှမ်းကို ခပ်ကျဲကျဲလှမ်းကာ ခပ်သုတ်သုတ်လျှောက်သည်။ မစ္စတာဝေါလား၏ ခြံအဆုံးတွင် စမ်းချောင်းတစ်ခုရှိ၏။ ထိုစမ်းချောင်းဘေးတွင် စမ်းချောင်းကိုအုပ်မိုးနေသော ဝက်သစ်ချပင်ကြီးတစ်ပင်ရှိသည်။ ထိုသစ်ပင်၏ နောက်ဘက်မှ ဘေးတစ်ဖက်သို့ထွက်နေသော တယောဆရာ၏ ရှူးဖိနပ်များကို ကွမ်တာမြင်ရသည်။ ထိုအခိုက်မှာပင် ရုတ်တရက် တယောသံရပ်သွားသည်။ ကွမ်တာသည် ရှေ့ဆက်၍မလျှောက်တော့ဘဲ ရောက်သည့်နေရာတွင် ရပ်နေလိုက်သည်။ တယောသံကို ပြန်ကြားရလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် မလှုပ်မယှက်ရပ်နေသည်။ သို့သော်လည်း ပတ်ဝန်းကျင်တွင် ပျားများပျံဝဲနေသံနှင့် စမ်းရေစီးသံများကိုသာ ကြားနေရ၏။

နောက်ဆုံးတွင် ကွမ်တာသည် သစ်ပင်ကို ကွေ့ပတ်ကာ တယောဆရာ၏ရှေ့သို့ သွား၍ ရပ်လိုက်သည်။ တစ်ချက်ကလေးကြည့်လိုက်ရုံမျှဖြင့် သူ့မိတ်ဆွေ၏ အခြေအနေကို ကွမ်တာရိပ်မိသည်။ သူ့မျက်နှာသည် နွမ်းလျှညှိုးငယ်နေသည်။ အမြဲတစေ တောက်ပဝင်းလက်နေလေ့ရှိသော မျက်လုံးများတွင်လည်း အရောင်အဆင်း ကင်းမဲ့နေသည်။

'မွေ့ရာထဲမှာဝှက်ထားတဲ့ပစ္စည်းကို မင်းလိုချင်တလား'ဟု အက်ကွဲသံဖြင့် မေးသည်။ ကွမ်တာက ဘာမှပြန်မပြော။ တယောဆရာ၏ ပါးနှစ်ဖက်တွင် မျက်ရည်များ ကျလာသည်။ ကျလာသည့်မျက်ရည်များကို သူ့လက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်၍သုတ်ပစ်သည်။

'ငါ တူ့ဆီကို သွားတယ်။ ငါ့ကိုယ်ငါပြန်ဝယ်ဖို့ ငွေပြည့်သွားပြီလို့ပြောတယ်။ တူက နားထောင်တယ်။ ပြီးတော့ မျက်နှာကြက်ကို မော့ကြည့်ပြီး စဉ်းစားနေတယ်။ နောက်တော့ အခုလောက်ငွေတွေ များများစုနိုင်တာ မင်းတော်တယ်လို့ ချီးမွမ်းတယ်။ ဒါပေမဲ့ တူက ပြောတယ်။ ဒေါ်လာခုနစ်ရာနဲ့ မရတော့ဘူးတဲ့။ အခု ကျွန်ဈေးတွေ တက်လာနေလို့ ဒေါ်လာ နှစ်ထောင်းငါးထောင်ရမှ ဖြစ်မယ်တဲ့။ ငွေကောင်းကောင်း ရှာနိုင်တဲ့ ငါ့လို တယောဆရာတစ်ယောက်ကို အခုအချိန် ပြန်ရောင်းရင် ဒေါ်လာ နှစ်ထောင်းငါးထောင်လောက်ရမှာတဲ့။ တူစိတ်မကောင်းပါဘူးတဲ့၊ ဒါပေမဲ့ အလုပ်တသော ဟာ အလုပ်သဘောအတိုင်း လုပ်ရမှာပဲတဲ့။ အဲဒါကို နားလည်လိမ့်မယ်လို့ တူ မျှော်လင့်ပါတယ်တဲ့။ ငါ့အတွက် တူရင်းနှီးမြှုပ်နှံထားခဲ့တဲ့ငွေပေါ်မှာ ထိုက်တန်တဲ့အမြတ်ကတော့ ရမှဖြစ်မယ်တဲ့'

တယောဆရာသည် ရှိုက်ကြီးတငင ငိုချလိုက်သည်။

'ကျွန်ဘဝကလွတ်မှဖြစ်မယ်လို့ထင်ရင် ကျန်တဲ့ငွေယူလာခဲ့ပါတဲ့။ လိုတဲ့ငွေရဖို့အတွက်လည်း ကံကောင်းပါစေလို့ ဆုတောင်းပါတယ်တဲ့။ အလုပ်ကို ကောင်းကောင်း လုပ်ပါလို့လည်း မှာတယ်။ ငါ ထွက်လာတော့ တူ့အတွက် ကော်ဖီယူခဲ့ဖို့ ဘဲလ်ကို ပြောလိုက်စမ်းပါတဲ့'

မြန်မာ စာအုပ်များ

တယောဆရာသည် ငြိမ်ဆိတ်နေသည်။ ကွမ်တာကလည်း မလှုပ်မယှက် ရပ်နေသည်။

'ခွေးမသားကြီး'ဟု တယောဆရာက ရုတ်တရက်ထအော်ပြီး လက်ထဲမှတယောကို မြှောက်ကာ စမ်းချောင်းဆီသို့ တအားကုန်ပစ်ပေါက်လိုက်သည်၊

ကွမ်တာက စမ်းချောင်းထဲသို့ ပြေးဆင်းသွားပြီး တယောကိုကောက်သည်။ တယောသည် အစိတ်စိတ်အမြွှာမြွှာ ကွဲအက်သွားလေပြီ။

[၇၉]

တစ်ညတွင် ကွမ်တာသည် သခင်ဝေါလားနှင့် အပြင်မှပြန်ရောက်လာသည်။ ဆရာတပည့် နှစ်ယောက်စလုံး ဘဲလိုတည်ခင်းကျွေးမွေးသည့် ညစာကိုပင် ကောင်းစွာမစားနိုင်။ ပင်ပန်းလွန်းအားကြီးသဖြင့် ခြေပစ်လက်ပစ်ဖြစ်နေကြသည်။ ကောင်တီခရိုင်နယ်မြေအတွင်း၌ ထူးဆန်းသောအဖျားရောဂါတစ်ခု ကျရောက်နေသည်မှာ ရက်အတန်ကြာခဲ့ပြီ။ ဆရာတပည့်နှစ်ယောက်သည် မနက်တိုင်း အစောကြီးထကာ လူနာများရှိရာ သွားကြသည်။ နယ်မြေအတွင်းရှိ ဆရာဝန်တစ်ဦးအနေဖြင့် ရောဂါမကူးစက်မပျံ့နှံ့အောင် ကြိုးပမ်းနေရသဖြင့် ညပိုင်း အချိန်နှောက်ကျပြီးမှ အိမ်ပြန်ရောက်သည်။

အလွန်အမင်း ပင်ပန်းနွမ်းနယ်လျက်ရှိသော ကွမ်တာသည် လှုပ်ကုလားထိုင်ပေါ်၌ ထိုင်ကာ သူ့ရှေ့မှ မီးဖိုဆီသို့ တွေဝေငေးမောလျက်ရှိ၏။ ဘဲလ်က သူ့နဖူးအားလာစမ်းပြီး သူ့ဖိနပ်များ ချွတ်ပေးနေသည်ကိုပင် သတိပြုမိပုံမပေါ်။ နောက် နာရီဝက်ကြာမှပင် သူအိမ်ပြန်ရောက်တိုင်း သူ့ပေါင်ပေါ် တက်ထိုင်ပြီး ကစားစရာအရုပ်ကလေးများ ပြလေ့ရှိသည့် သမီးကစ်ဇီမရှိသည်ကို သိလာသည်။

'ကလေးဘယ်သွားလဲ'ဟု ကွမ်တာကမေးသည်။

'အိပ်သွားတာ တစ်နာရီလောက်ရှိသွားပြီ'ဟု ဘဲလ်ကဖြေသည်။

'သူနေကောင်းရဲ့လား၊ ဖျားများဖျားနေသလား'

'ဟင့်အင်း မဖျားပါဘူး၊ တစ်နေကုန်ဆော့ထားလို့ မောပြီး အိပ်သွားတာ၊ ကနေ့မစ္စအင်နီလာတယ်လေ'

အင်နီနာမည်ကိုကြားလျှင် စိတ်ပျက်လေ့ရှိသော ကွမ်တာသည် ယခုတစ်ကြိမ်တွင်မူ ခြေကုန်လက်ပန်းကျနေသဖြင့် စိတ်ပျက်ဖို့ပင်သတိမရ။ ဘဲလ်ကလည်း ကွမ်တာသတိမရမီ စကားလမ်းကြောင်းကို ကပျာကယာပြောင်းသည်။

'အင်နီကို အိမ်ပြန်ခေါ်သွားဖို့စောင့်နေတဲ့ ရထားသမားရစ်ဘီက ပြောသွားတယ်။ ဟိုတလောက သူ့သခင်မ မတ်စတာဂျွန်ဝေါလားနဲ့ ဖရစ်ဒရစ်ဗတ်ဂ်မြို့က ကပွဲတစ်ခုကို

မြန်မာ စာအုပ်များ

ရောက်သွားတယ်တဲ့။ အဲဒီမှာ တယောဆရာ တယောထိုးနေတာ နားထောင်ခဲ့ရသတဲ့။ တယောဆရာဟာ အရင်ကနဲ့မတူဘူးတဲ့။ လူကလည်း ပိန်လိုက်တာ တအားပဲတဲ့။ ကျွန်မကတော့ သူ့ကိုယ်သူ ပြန်ပြီးမဝယ်နိုင်လို့ အဲသလိုဖြစ်သွားတာလို့ မပြောလိုက်ပါဘူး'

'အင်း...ရှင် အခုလည်း ဒီမှာထိုင်နေလို့ ဘယ်ဖြစ်မလဲ။ အိပ်ရာဝင်တော့လေ'

'ရပါတယ် မိန်းမရယ်၊ ငါ ဘာမှမဖြစ်ပါဘူး'

'ဘာမှမဖြစ်လည်း အိပ်ရာဝင်တော့'

'ဘဲလ်က ကွမ်တာအား လက်မောင်းမှကိုင်ထူကာ အိပ်ရာသို့ ပို့ပေးသည်။ အဝတ်များလဲပေးသည်။ ကွမ်တာသည် သက်ပြင်းတစ်ချက်ချကာ အိပ်ရာပေါ်လှဲသည်။

'ရှင် ဟိုဘက်လှည့်၊ ကျွန်မ ကျောကိုနှိပ်ပေးမယ်'

ကွမ်တာက တစ်ဖက်သို့ စောင်းအိပ်ပေးသည်။ ဘဲလ်က လက်ချောင်းများဖြင့် အသာအယာ ဖိ၍နှိပ်ပေးသည်။

ကွမ်တာ တွန့်ခနဲဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ၊ နာသလား။ ကျွန်မက အသာကလေးနှိပ်ပေးနေတာ'

'ဘာမှမဖြစ်ပါဘူးကွာ'

'ဒီနေရာကကော နာတာပဲလား'

ဘဲလ်က နောက်ကျောတစ်နေရာကို ဖိနှိပ်ပြသည်။

'အိုး...'

'အခုလိုနာနေတာမျိုးတော့ ကျွန်မသိပ်မကြိုက်ဘူး'

ဘဲလ်က ကျောကို အသာပွတ်ပေးနေရင်းက ပြောသည်။

'ပင်ပန်းလွန်းလို့ဖြစ်တာပါကွာ။ တရေးကောင်းကောင်းအိပ်ရရင် ပျောက်သွားမှာပါ'

'အင်းလေ ကြည့်သေးတာပေါ့'

ဘဲလ်က ဖယောင်းတိုင်ကိုမှုတ်ပြီး ခုတင်ပေါ်တက်ကာ ကွမ်တာ့ဘေး၌ ဝင်၍လှဲလိုက်သည်။

နောက်တစ်နေ့မနက်တွင် သခင်ဝေါလားအား နံနက်စာကျွေးနေသော ဘဲလ်ကို ကွမ်တာ အိပ်ရာမှမထနိုင်ဖြစ်နေကြောင်း သတင်းပေးသည်။

'ဖျားတာပဲ ဖြစ်မယ်ထင်တယ်' ဝေါလားက ရေရွတ်သည်။ သူ စိတ်တိုသွားသည်ကို ဘဲလ်မရိပ်မိအောင် ဖုံးကွယ်ထားသည်။

'ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ။ အခုလောလောဆယ် ရောဂါကလည်း ကူးစက်နေတယ်။ ငါမသွားလို့မဖြစ်ဘူး။ ရထားသမားတစ်ယောက်တော့ ရမှဖြစ်မှာ'

မြန်မာ စာအုပ်များ

'ယာထဲက အကူလုပ်သား နီအာကို ခဏသုံးမယ်ဆိုရင် သခင်သဘောတူနိုင်မလား မသိဘူး။ ဒီကောင်လေးက လူကြီးတစ်ယောက်လိုပါပဲ။ လားတွေလည်း ကောင်းကောင်း ထိန်းနိုင်တယ်။ သူ မြင်းတွေလည်း ကိုင်တတ်မှာပါ'

'အသက် ဘယ်လောက်ရှိပြီလဲ'

'ဟုတ်ကဲ့၊ နီအာက ကစ်ဇီထက် နှစ်နှစ်လောက်ကြီးမယ်ထင်တယ်'

သူသည် လက်ချောင်းများချိုး၍ ရေတွက်နေသည်။ 'အဲဒီတော့ ဆယ့်သုံးနှစ် ဆယ့်လေးနှစ်လောက်တော့ ရှိပါပြီ'

'သိပ်ပြီးငယ်သေးတယ်။ တယောဆရာကိုသာ သွားပြောချေတော့။ ကွမ်တာ့ နေရာမှာ လူစားဝင်ရမယ်လို့ပြောလိုက်။ မြင်းတွေတပ်ပြီးရင် ရထားကို အိမ်ရှေ့ ဆင်ဝင်ရှေ့ မောင်းခဲ့လို့ပြော'

တယောဆရာ၏တဲဆီသို့ ထွက်လာခဲ့သော ဘဲလ်သည် စိတ်မကောင်းဖြစ်နေ သည်။ သူရောက်သွား၍ ပြောပြလိုက်သည့်အခါတွင် တယောဆရာသည် ဂရုမစိုက် သည့်ဟန်ကို ပြသည်။ ကွမ်တာဖျားနေသည်ဟု သိလိုက်ရသောအခါကျမှ တယောဆရာ သည် ဂရုတစိုက်ပြုလာသည်။ ကွမ်တာ့အား ဝင်မကြည့်ဘဲ မြင်းရထားပြင်ဖို့ မနည်း ပြောယူရသည်။

ထိုနေ့မှစ၍ တယောဆရာသည် လူသစ်တစ်ယောက်လို ပြန်ဖြစ်လာပြန်သည်။ လွန်ခဲ့သော လအနည်းငယ်ခန့်က မရွှင်မလန်းဖြစ်နေမှုများ လျော့နည်းသွားသည်။ သခင်ဝေါလားအား နေ့ရောညပါ လိုက်ပို့ပေးရခြင်းအတွက် မောပန်းနွမ်းနယ်ပုံပင်မရ။ အပြင်မှ ပြန်ရောက်လာသည့်အခါများတွင်လည်း အဖျားရောဂါ ကျရောက်နေသည့် ကွမ်တာနှင့်တကွ အခြားကျွန်များအား ကြည့်ရှုစောင့်ရှောက်ပေးနေရသော ဘဲလ်အား တတ်အားသရွေ့ ဝင်ရောက်ကူညီသည်။

မကြာခင် ယာတောရှိလူအားလုံးနီးပါး အဖျားစွဲကပ်ကြသည်။ သခင်ဝေါလား က ဘဲလ်အား သူ့လက်ထောက်အဖြစ်တာဝန်ပေးသည်။ သူက တယောဆရာနှင့် လူဖြူ များအား သွားရောက်ကုသပေးသည်။ ဘဲလ်က နီအာအား လားလှည်းမောင်းခိုင်းကာ လူမည်းလူနာများအား သွားရောက်ကြည့်ရှုပေးရ၏။

'သခင်က သူ့ဆေးနဲ့သူကုတယ်၊ ကျွန်မက ကျွန်မနည်းနဲ့ကုတယ်'ဟု ဘဲလ်က တယောဆရာအားပြောသည်။ ဘဲလ်သည် သူ့သခင်ပေးလိုက်သည့် ဆေးများကိုသာမက သစ်မြစ် သစ်ဥ သစ်ခေါက်များဖြင့် ဖော်စပ်ထားသည့် ဆေးများကိုပါသုံး၍ ကုသသည်။ မည်သို့ပင်ဖြစ်စေ သခင်ဝေါလား၏ လူနာအချို့ သေဆုံးသကဲ့သို့ သူ့လူနာအချို့လည်း သေဆုံးကြလေသည်။

ကွမ်တာ၏အခြေအနေမှာလည်း သက်သာလာခြင်းမရှိ။ သခင်ဝေါလားနှင့်ဘဲလ် တို့ အစွမ်းကုန်ပြုစုကုသပေးနေသည့်ကြားမှ တိုး၍ဆိုးလာလျက်ရှိ၏။ ဘဲလ်မှာလည်း

ပင်ပန်းလှပြီ။ ညတိုင်း ချွေးများအဆမတန်ထွက်ကာ တလူးလူးတလိမ့်လိမ့် တညည်း ညည်း တညူညူဖြစ်နေသော ကွမ်တာ့အား၌လုံကာ အိပ်၍မရသည့်အဖြစ်နှင့် ရင်ဆိုင် နေရသည်။ ခြစ်ခြစ်တောက်မျှ ပူပြင်းခြောက်သွေ့နေသော ကွမ်တာ့လက်ကို သူ့လက် များဖြင့် ဆုပ်ကိုင်ကာ ကွမ်တာ၏ကောင်းကွက်များကို စဉ်းစားလေ့ရှိ၏။ ကွမ်တာသည် ကိုယ်လက်အင်္ဂါသာ ကြံ့ခိုင်သန်စွမ်းသည်မဟုတ်။ စိတ်ဓာတ်ပါ ကြံ့ခိုင်သူဖြစ်၏။ အကျင့်စာရိတ္တလည်းကောင်း၏။ သူ့လိုယောကျ်ားမျိုး ရှာမှရှားဟုပင် ဆိုရမည်။ သူ ကွမ်တာအား မည်မျှချစ်မြတ်နိုးသည်ကို ယခုမှပင် ပို၍သိနားလည်လာရသည်။

ရက်အနည်းငယ်ကြာသောအခါ ကွမ်တာသည် မေ့မေ့မြာနေရာမှ သတိပြန်လည် လာသည်။ သူ့အား တစ်ချက်မျှစိုက်ကြည့်လိုက်ပြီး လည်ပင်း၌ဆွဲထားသည့် ယုန်ခြေ ထောက်အဆောင်ကို ဆွဲဖြုတ်လိုက်သော ကွမ်တာ၏အပြုအမူကို မြင်ရုံမျှဖြင့် ထူထူ တောင်ထောင် ပြန်ဖြစ်လာတော့မည်ဟု ဘဲလ်က သိလိုက်သည်။ ကစ်ဇီကလည်း သူ့ ဖခင်နားကပ်၍ လပြည့်ရက် တစ်မနက်တွင် ဘူးခြောက်ထဲသို့ ကျောက်စရစ်ခဲ လှလှ လေးတစ်လုံး ထည့်ခဲ့ကြောင်းကို တိုးတိုးကလေးပြောသည်။ ကွမ်တာက နှစ်နှစ်ခြိုက် ခြိုက် ပြုံးသည်။ ၎င်းအပြုံးကိုမြင်ယုံမျှဖြင့် သူ့အဖေ နေကောင်းတော့မည်ဟု ကစ်ဇီက နားလည်သည်။ တစ်နံနက်တွင် ကွမ်တာသည် တယောသံကြောင့် အိပ်ရာမှ နိုးလာ သည်။ သူ့အိပ်ရာအေား၌ထိုင်၍ တယောကိုစိတ်ပါလက်ပါထိုးနေသော တယောဆရာ ကို မြင်သည်။ သူ့တယောသံကို ကြားရရုံမျှဖြင့် တယောဆရာသည် ယခင်က အခြေ အနေမျိုး ပြန်ဖြစ်လာမှန်း ကွမ်တာရိပ်မိသည်။

'ကျုပ် အိပ်မက်မက်နေတာပဲဖြစ်မယ်'ဟု ကွမ်တာက မျက်လုံးများကိုဖွင့်၍ ပြော သည်။

'မဟုတ်ဘူးကွ၊ မင်း အိပ်မက်မက်နေတာမဟုတ်တော့ဘူး'ဟု တယောဆရာက လှမ်းပြောသည်။

'ငါ မင့်တခင်ကို လိုက်ပို့ရတာ စိတ်ကုန်လာပြီ၊ နောက်ကနေပြီး သူ့ စိုက်စိုက် ကြည့်တာ ခံရလွန်းလို့ ငါ့ကုတ်အင်္ကျီနောက်ကျောတွေလည်း အပေါက်တွေ ဗလပွ ဖြစ်ကုန်ပြီ။ မင်း ထလာပြီး မြင်းရထားမောင်းဖို့ အချိန်ကျလာပြီကွ'

[၈၀]

ကျောင်းပိတ်ရက် အလည်ရောက်နေသော အင်နီနှင့် ကစ်ဇီတို့ စကားတပြောပြောနှင့် တဲထဲသို့ ဝင်လာချိန်တွင် ကွမ်တာသည် အိပ်ရာပေါ်၌ ထိုင်လျက်ရှိသည်။

'ကစ်ဇီ နှင့် ငါပေးထားတဲ့စာတွေ ကျက်ပြီးပြီလား'

မြန်မာ စာအုပ်များ

စာသင်တမ်းကစားခြင်းဖြစ်၍ ဆရာမလုပ်သူ အင်နီက မေးသည်။

'ဟုတ်ကဲ့၊ ကျက်ပြီးပါပြီဆရာမ'ဟု ကစ်ဇီက ဖြေသည်။

'ဒါဆိုရင်...ဆိုစမ်း'

ကွမ်တာက နားစွင့်ထားသည်။ ကစ်ဇီသည် သူကျက်ထားသောစာကို ကောင်းစွာ မမှတ်မိသဖြင့် ထစ်တီးထစ်ငေါ့။

'ဒီ'ကစတယ်ဟယ်'ဟု အင်နီကပြောသည်။

'ဒါ...ဘာလဲ'

'အင်း...ဟို...အဲဒါ အို'

'ဒါကော ဘာလဲ'

'အင်း...အဲဒါ...အဲဒါက ဂျီ'

'မှန်တယ်'

'ကဲ ဟောဒီမှာကြည့်စမ်း၊ 'ဒီအိုဂျီ' အဲဒါဘယ်လိုဖတ်မလဲ'

ကစ်ဇီငြိမ်နေသည်။ ထိုစာလုံးကို သူ့သမီးသိပုံမပေါ်။ သူကိုယ်တိုင်လည်းမသိ။

'ဒီ...အို...ဂျီ...ဒေါ့ဂ်'

ကလေးနှစ်ယောက်ထွက်သွားသည့်အခါ ကွမ်တာသည် အိပ်ရာပေါ် ပြန်လှဲကာ သူ့သမီးအကြောင်းတွေးသည်။ ကစ်ဇီဉာဏ်ကောင်းသည့်အတွက် သူဂုဏ်ယူမိသည်မှာ အမှန်။ သို့သော်လည်း သူ့သမီးခေါင်းထဲတွင် လူဖြူတို့၏အယူအဆများ ပြည့်နေသည် ထင်၏။ နောက်ပိုင်း သူပြောပြသည့် အာဖရိကတိုက်အကြောင်းအပေါ် ကစ်ဇီ စိတ်ဝင်စားမှု နည်းလာခဲ့သည်မှာ ဤအချက်ကြောင့်ဖြစ်ဖို့များ၏။ ကစ်ဇီအား အာရပ်စာ သင်ပေးရလျှင် ကောင်းလေမလား။ သို့သော် စဉ်းစားစရာတစ်ခုက ရှိနေပြန်၏။ မည်သည့်ဘာသာစာကိုမဆို ကစ်ဇီ ရေးနိုင် ဖတ်နိုင်သည်ဆိုပါက သခင်ဝေါလားက နှစ်သက်လက်ခံပါမည်လော။

မစ္စအင်နီ ပြန်သွားပြီးသည့်နောက် ညတိုင်းလိုလို ကစ်ဇီသည် စားပွဲခုံထိုင်ကာ ခဲတံတစ်ချောင်းဖြင့် အင်နီပေးခဲ့သောစာအုပ်ထဲမှ စာလုံးများကို ကူးရေးသည်။ တစ်ခါတစ်ရံ သူ့သခင်၏ သတင်းစာဟောင်းများမှ စာလုံးများကို ကူးရေးသည်။ တစ်ခါတစ်ရံ သူ့အမေအား စာလုမ်းမေးတတ်သည်။ သူ့အမေဘဲလ် စာတတ်သည်ကို ကစ်ဇီသိနေသည် မဟုတ်ပါလား။

တစ်ညတွင် ကစ်ဇီသည် စာရေးလေ့ကျင့်ခန်းလုပ်ပြီး အိပ်ရာဝင်သွားသည်။ ကစ်ဇီ အိပ်မောကျသွားသည့်အခါ ဘဲလ်က 'သမီးလေးက ကျွန်မထက်ပိုပြီး သိတယ်။ အဲသလို သိတာဟာ သူ့ဘဝအတွက် အဆင်ပြေလိမ့်မယ်လို့မျှော်လင့်ရတာပဲ။ ဘုရားသခင်က တော့ ကရုဏာထားမှာပါ'ဟု ပြောသည်။

မြန်မာ စာအုပ်များ

နောက်ပိုင်း လပေါင်းများစွာအတွင်းတွင် ကစ်ဇီနှင့်အင်နီတို့သည် တစ်ယောက်နှင့်တစ်ယောက် အဆက်အသွယ်မပြတ်။ စနေ၊ တနင်္ဂနွေနေ့တိုင်းနီးပါးမျှ ဆုံကြသည်။ ထို့နောက်တွင်မူ ကစ်ဇီထက် လေးနှစ်မျှစော၍ အပျိုဘော်ဝင်လာသော အင်နီသည် ကစ်ဇီနှင့် ခပ်ကွာကွာနေသလိုလို ဖြစ်လာသည်။

နောက်ဆုံးတွင် အင်နီ၏ အသက်ဆယ့်ခြောက်နှစ်မွေးနေ့သို့ ဆိုက်ရောက်လာသည်။ အင်နီ၏မွေးနေ့ပါတီကို သခင်ဝေါလား၏အိမ်တွင် ကျင်းပခဲ့သည်။ မွေးနေ့ပါတီပွဲသို့ ရောက်လာကြသော သူငယ်ချင်းများရှေ့၌ အင်နီက ကစ်ဇီအား သူနှင့်ရင်းနှီးသူ တစ်ဦးမဟုတ်သလို ဆက်ဆံခဲ့၏။ ဤအတွက် စိတ်ထိခိုက်ခဲ့ရသောကစ်ဇီသည် ဝမ်းနည်းပက်လက်ငိုကြွေးခဲ့သည်ဟု ဘဲလ်ကပြောပြသဖြင့် ကွမ်တာသိခဲ့ရသည်။

ကွမ်တာ၏စိတ်မျက်စိအာရုံတွင် နို့စို့ကလေး ကစ်ဇီအား မြူနေသောအင်နီ၏ ရုပ်လွှာကို ပြန်လည်မြင်ယောင်လာသည်။ ထိုစဉ်က သူ့ရင်တွင်းခံစားမှုကိုပါ ပြန်၍ သတိရသည်။ ထိုအချိန်မှစ၍ တိုးဘော့မိန်းကလေးနှင့် သူ့သမီးကလေးတို့၏ ခင်မင်ရင်းနှီးမှုကို အမြန်ဆုံးအဆုံးသတ်ပေးပါရန် အလ္လာအရှင်ထံ အမြဲဆုတောင်းခဲ့၏။ နောက်ဆုံးကျတော့လည်း အလ္လာသည် သူလိုချင်သောအဖြေကို ပေးခဲ့လေပြီ။ သို့သော်လည်း အင်နီကြောင့် သူ့သမီး စိတ်ထိခိုက်ကြေကွဲနေရသည့်အဖြစ်ကို မြင်ရသောအခါတွင်မူ စိတ်မကောင်းဖြစ်ရ၏။ ဒေါသလည်းဖြစ်ရ၏။

နောက်တစ်နှစ် ၁၈၀၃ ခုနှစ် ခရစ္စမတ်ပွဲတော်အပြီးတွင် လေသည် ထန်လာသည်။ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျလာသည်။ လမ်းများသည် ဆီးနှင်းပြင် အောက်တွင် နစ်မြုပ်ပျောက်ကွယ်သွားကြသည်။ မြင်းလှည်းကြီးများမှတစ်ပါး အခြား မည်သည့်ယာဉ်မျှ ဖြတ်သန်းသွားလာ၍မရတော့။ မစ္စတာဝေါလား အပြင်သွားသည့်အခါတွင်လည်း မြင်းစီး၍သာသွားရသည်။ မြင်းရထားမောင်း၍ လိုက်မပို့ရသော ကွမ်တာသည် လမ်းရှင်းနေကြသော ကာတို၊ နီအာနှင့် တယောဆရာတို့အား ကူညီပေးရလေသည်။

ဆီးနှင်းများ အဆမတန်ကျလာချိန်မှစ၍ လမ်းပန်းအဆက်အသွယ်များ ပြတ်သွားခဲ့သဖြင့် သခင်ဝေါလား၏ ဂေဇက်တီးယားသတင်းစာပင်လျှင် ပုံမှန်ရောက်မလာတော့ပေ။ ဟိုတစ်စ ဒီတစ်စ ရောက်လာသည့် သတင်းများအရ သမ္မတဂျက်ဖာဆင်သည် ကြည်းတပ်နှင့် ရေတပ်အင်အားများကို လျှော့ချလိုက်ကြောင်း၊ ပုဂ္ဂလိကပစ္စည်းခွန်များ ကိုပင် ဖျက်သိမ်းပစ်ကြောင်း စသည်များကို သိလာရသည်။ လူဖြူများကလည်း သမ္မတဂျက်ဖာဆင်အား သဘောကျကြသည်ဟုလည်း သိကြရ၏။

တစ်နေ့ မွန်းလွဲပိုင်း နှင်းမုန်တိုင်းကျနေချိန်တွင် အရေးကြီးသော လူနာအတွက် သခင်ဝေါလားအားပင့်ရန် လူမည်းတစ်ယောက် မြင်းတစ်စီးနှင့် အရေးတကြီး ဆိုက်ရောက်လာသည်။ သူမပြန်မီ ကျွန်အိမ်တန်းမှ လူများအတွက် စိတ်မကောင်းစရာ သတင်းတစ်ခု ပေးသွားသည်။ လူမည်းဗိုလ်ချုပ်ကြီး တော်စိန့်သည် အလွန်ခေါင်သော

မြန်မာ စာအုပ်များ

ပြင်သစ်တောင်တန်းတစ်ခုရှိ အချုပ်ထောင်၌ အကျဉ်းချထားခံခဲ့ရာမှ အစာရေစာငတ်ပြတ်ပြီး သေဆုံးသွားပြီဟူသော သတင်းဖြစ်၏။

ကွမ်တာသည် ဤသတင်းအတွက် စိတ်ထိခိုက်ရပြန်သည်။ ထို့နောက် သုံးရက်မျှအကြာတွင် သူ့သမီးကစ်ဇီ၏ ထူးခြားသောပြောင်းလဲမှုနှင့်ကြုံရသည်။ ကစ်ဇီ ရာသီပန်းပွင့်လေပြီ။ သူ့သမီး အရွယ်ရောက်လာပြီဟု သိလိုက်သည့်အချိန်မှစ၍ ကွမ်တာသည် သူ့သမီးအတွက် ပူပင်ကြောင့်ကြမှုများ တိုးလာခဲ့ရ၏။ အထူးသဖြင့် သူ့သမီး၏ အိမ်ထောင်ရေး။ အာဖရိကတိုက် ဂျပ်ဖူရီရွာ၌သာဖြစ်ခဲ့ပါမူ မိမိအနေဖြင့် ကစ်ဇီ၏ ခင်ပွန်းလောင်းကို ရွေးချယ်ရမည်ဖြစ်၏။ ခင်ပွန်းလောင်းဖြစ်လာမည့်လူ၏ အရည်အသွေး၊ ထိုမိသားစုတို့၏ မျိုးရိုး စသည်များကိုကြည့်ကာ ယောကျ်ားကောင်းတစ်ယောက်ရရေး အလေးပေးစဉ်းစားရမည်ဖြစ်၏။ ခန်းဝင်ပစ္စည်း မည်မျှတင်၍ တောင်းရမည်ဟူသော ဆုံးဖြတ်ချက်ကို ပေးရမည်ဖြစ်၏။

သူ့အရပ် သူ့ဒေသမဟုတ်သဖြင့် အာဖရိကန် အလေ့အထနှင့် ဓလေ့ထုံးစံများကို ကျင့်သုံး၍ ဖြစ်နိုင်စရာမရှိ။ ဤနိုင်ငံတွင် ယင်းဓလေ့ထုံးစံများကို မည်သူကမျှ လေးစားလိုက်နာခြင်းရှိသည်မဟုတ်။ ဥပမာ ဂျပ်ဖူရီရွာ၌ ကစ်ဇီလို မိန်းကလေးတစ်ယောက်အတွက် လက်ထပ်သင့်သည့် သတို့သား၏အသက်သည် သုံးဆယ်နှင့် သုံးဆယ့်ငါးအတွင်း ရှိရမည်။ ဤတိုင်းဘော့များ၏နိုင်ငံမှာကတော့ သက်တူရွယ်တူချင်း လက်ထပ်ကြသည်က များသည် မဟုတ်ပါလော။ သူ့အနေဖြင့် ကြိုက်ကြိုက်မကြိုက်ကြိုက် ဤအရပ်မှ ဓလေ့ထုံးစံများကိုသာ လိုက်နာရတော့မည်မဟုတ်ပါလား။ ဤပုံအတိုင်းဆိုပါက ကစ်ဇီအား သူနှင့် သက်တူရွယ်တူထဲက မည်သူက စိတ်ဝင်စားပါလိမ့်။

ကွမ်တာသည် နိုအာအား စဉ်းစားမိသည်။ ဤသူငယ်ကို သူ သဘောကျ၏။ နိုအာသည် ကစ်ဇီထက် နှစ်နှစ်မျှကြီးသည်။ တည်ငြိမ်ရင့်ကျက်ပုံရ၏။ အရာရာကို အလေးအနက်ပြုပုံလည်းပေါ်၏။ သေသေချာချာစဉ်းစားလေ့ သဘောကျလေဖြစ်၏။ သို့သော် နိုအာက ကစ်ဇီအပေါ် စိတ်ဝင်စားသည့်လက္ခဏာမပြ၊ ကစ်ဇီကိုယ်တိုင်ကလည်း နိုအာအား သက်ရှိလူတစ်ယောက်ဟု သတ်မှတ်ပုံမပေါ်။

သူတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ဘာ့ကြောင့် စိတ်မဝင်စားကြသနည်း။ အနည်းဆုံး သူငယ်ချင်းအဖြစ်လောက်တော့ ခင်မင်ရင်းနှီးသင့်၏။ နိုအာသည် သူငယ်ငယ်တုန်းကနှင့် များစွာတူ၏။ သို့ဆိုလျှင် ကစ်ဇီ၏ အထင်အမြင်ကြီးမှုကို မရနိုင်သည့်တိုင် စိတ်ဝင်စားမှုကိုတော့ရသင့်၏။ သူ့အနေဖြင့် နိုအာနှင့် ကစ်ဇီတို့ တစ်ယောက်အပေါ်တစ်ယောက် စိတ်ဝင်စားသွားအောင် လုပ်နိုင်သည့်နည်းလမ်းတစ်ခုခု ရှာလို့ ရနိုင်မလား။ သို့သော် နောက်ဆုံးတွင် သူသည် ထုံးစံအတိုင်း သူတို့ကိစ္စ၌ ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု ဆုံးဖြတ်လိုက်လေ၏။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၈၁]

'ညည်း နီအာကို ပွတ်သီးပွတ်သပ်လုပ်လုပ်နေတယ်လို့ ပြောသံကြားတယ်၊ ဒါမျိုး ငါ နောက်ထပ်မကြားချင်ဘူး'

အိမ်ပြန်လာသော ကွမ်တာသည် တဲတံခါးဝနှင့် ခြေနှစ်လှမ်း သုံးလှမ်းကွာ အရောက်တွင် တဲအတွင်းမှ ဘဲလ်၏ မြည်တွန်တောက်တီးသံများ ကြားသဖြင့် ရပ်နေလိုက်သည်။

'ညည်းအသက် ဆယ့်ခြောက်နှစ်တောင်မပြည့်သေးဘူး။ အဲသလိုဖြစ်နေတယ်လို့ ကြားရင် ညည်းအဖေက ဘယ်လိုထင်မလဲ'

ကွမ်တာသည် လာလမ်းအတိုင်းပြန်လှည့်ကာ ကျီဘက်သို့ထွက်လာသည်။ ကြားခဲ့ရသောစကားများ၏ အတိမ်အနက်ကို လွတ်လွတ်လပ်လပ်စဉ်းစားချင်၍ဖြစ်သည်။

ကွမ်တာ့အနေဖြင့် ဘယ်လိုခံစားပြီး ဘယ်လိုတွေးရမှန်းမသိ။ ကစ်ဇီသည်အသက် ဆယ့်ငါးနှစ်မျှသာရှိသေးသဖြင့် အိမ်ထောင်ပြုရမည့်အရွယ်မဟုတ်သေး။ တိုးဘော့တို့ နိုင်ငံ၌ ဤအသက်အရွယ်သည် ငယ်သေးသည့်အရွယ်ဟု သတ်မှတ်ထားကြသည်။ ဤကိစ္စတွင်မူ ကွမ်တာသည် အာဖရိကန်တစ်ယောက်၏ ခံစားမှုမျိုးမရှိ။ သူ့သမီး ငယ်ငယ်ရွယ်ရွယ်နှင့် ဗိုက်ကြီးတကားကားဖြစ်နေရခြင်းကို သူမမြင်ချင်။

ကစ်ဇီသည် နီအာနှင့်လက်ထပ်ခဲ့ပါမူ မွေးဖွားလာမည့်ကလေးသည် လူမည်း ကလေးတစ်ဦးသာ ဖြစ်လာဖို့ရှိ၏။ သခင်လူဖြူများ သို့မဟုတ် အလုပ်ကြပ်များ၏ မတော်မတရားအပြုခံရ၍ မွေးလာသည့် အသားဝါကလေးမျိုးတော့ ဖြစ်မလာနိုင်ပေ။ တကယ်တော့လည်း သခင်ဝေါလားပိုင်ဆိုင်သော ကျွန်အမျိုးသမီးများသည် ဤအဖြစ်မျိုးနှင့် ရင်မဆိုင်ကြရ။ သခင်ဝေါလားကိုယ်တိုင်က လူဖြူ လူမည်း သွေးရောခြင်းကို မလိုလားကြောင်း သူ့မိတ်ဆွေများအား မကြာခဏထုတ်ဖော်ပြောခဲ့ဖူးသည် မဟုတ်ပါလော။

နောက်ပိုင်းတွင် ကွမ်တာသည် သူ့သမီးကစ်ဇီနှင့် နီအာတို့၏ ဆက်ဆံရေးအခြေအနေကို မသိမသာအကဲခတ်သည်။ ကစ်ဇီနှင့်နီအာသည် အခြားလူများရှေ့၌ ဆုံမိကြသည့်အခါတိုင်း တစ်ယောက်ကိုတစ်ယောက် ခေါင်းဆတ်၍ ပြုံး၍နှုတ်ဆက်ကြသည်ကို သူမြင်သည်။ ရက်အတန်ကြာမျှ လေ့လာမိသောအခါ နီအာနှင့်ကစ်ဇီတို့ လူအများ ရှေ့၌ နှုတ်ဆက်ခြင်း၊ စကားပြောခြင်းနှင့် တွဲလျှောက်ခြင်းတို့သည် အန္တရာယ်မဖြစ်နိုင်ဟု ဆုံးဖြတ်သည်။ စခန်းချပွဲနှင့် ကပွဲများသွားသည့်အခါ ကစ်ဇီက နီအာအား

မြန်မာ စာအုပ်များ

အဖော်လုပ်သွားခြင်းသည်လည်း မလိုလားအပ်သောအရာမဟုတ်ဟု ယူဆသည်။ နောက်တစ်နှစ် နှစ်နှစ်ဆိုလျှင် နီအာသည် ကစ်ဇီအတွက် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်လာနိုင်သည် မဟုတ်ပါလော။

ကွမ်တာအကဲခတ်ရသလောက်ဆိုလျှင် နီအာသည် သူ့အား တစ်စုံတစ်ရာ ပြောချင်နေပုံရ၏။ ကစ်ဇီအား သူလက်ထပ်လိုကြောင်းခွင့်တောင်းလိုဟန်ရှိသည်ဟု ကွမ်တာက တွက်သည်။ ဧပြီလဆန်းပိုင်း တနင်္ဂနွေနေ့တစ်နေ့တွင် သခင်ဝေါလားသည် ဘုရားရှိခိုးကျောင်းမှ ညည့်သည်မိသားစုတစ်စုနှင့်ပြန်ရောက်လာသည်။ ကွမ်တာသည် ညည့်သည်မိသားစု၏ မြင်းရထားမှ ဖုန်များကို ပွတ်တိုက်ပေးနေသည်။ ထိုအခိုက် နီအာသည် ကျွန်အိမ်တန်းဘက်မှ သူ့ဘက်သို့ လျှောက်လာနေသည်ကို မြင်ရသည်။

ကွမ်တာ့အနီးသို့ ရောက်သောအခါ နီအာသည် သူပြောလိုသည့်စကားကို တိုက်ရိုက်ပင် ပြောချလိုက်သည်။

'ကျွန်တော်ယုံကြည်စိတ်ချနိုင်တဲ့လူဆိုလို့ ခင်ဗျားတစ်ယောက်ပဲရှိတယ်။ ကျွန်တော့်မှာ တိုင်ပင်စရာလူကလည်းမရှိဘူး။ ကျွန်တော် ဒီယာမြေပေါ်မှာ ဒီအတိုင်းသွားလို့မဖြစ်ဘူး။ ကျွန်တော်ထွက်ပြေးမှဖြစ်မှာ'

လုံးဝမမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် ကွမ်တာသည် အကြီးအကျယ် အံ့အားသင့်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ နီအာ၏မျက်နှာကို ငေးကြည့်နေသည်။ အတန်ကြာမှ 'ကစ်ဇီနဲ့ထွက်ပြေးမှာတော့မဟုတ်ဘူးထင်တယ်'ဟု ပြောလိုက်မိသည်။

'မဟုတ်ပါဘူးခင်ဗျာ၊ ကစ်ဇီကို ဒုက္ခရောက်အောင် ကျွန်တော်မလုပ်ချင်ပါဘူး'

ကွမ်တာ စိတ်ရှုပ်သွားသည်။

'တစ်ခါတလေမှာတော့ လူတိုင်းလိုလို ထွက်ပြေးချင်စိတ်ပေါ်တတ်ကြတာပဲကွာ' ဟု ပြောမိသည်။

နီအာ၏မျက်လုံးများသည် သူ့အား အကဲခတ်နေသည်။

'ကစ်ဇီကပြောတယ်။ ခင်ဗျားကိုယ်တိုင် လေးကြိမ်ထွက်ပြေးခဲ့ဖူးတယ်လို့ သူ့အမေဆီက ကြားခဲ့ဖူးတယ်တဲ့'

ကွမ်တာက ခေါင်းညိတ်သည်။

'ငါကတော့ မင်းကိုပြေးပါလို့လည်း မပြောချင်ဘူး၊ မပြေးနဲ့လို့လည်း မတိုက်တွန်းချင်ဘူး။ တကယ်လို့ပေါ့ကွာ၊ မင်းထွက်ပြေးလို့ ပြန်မိသွားရင် သေရဲသလား၊ ငါတော့ မင်း မသေရဲသေးဘူးလို့ပဲထင်တယ်'

'ကျွန်တော် မမိအောင်ပြေးမှာ'ဟု နီအာကပြောသည်။ 'ခင်ဗျားပြေးတော့ကြယ်ကို ကြည့်ပြီး ပြေးတယ်တဲ့။ ကွိတ်ကားဘာသာဝင်လူဖြူတွေနဲ့ လွတ်လပ်သွားတဲ့ နီဂရိုးတွေက နေ့ခင်းဘက်မှာ ခင်ဗျားကို ဝှက်ထားတယ်ဆို၊ ခင်ဗျား တစ်ခါတုန်းက အိုဟိုင်းအိုးနယ်ဘက်အထိ ရောက်တယ်တဲ့။ သူတို့ကပြောကြတာပဲ'

နှိအာ၏အသိသည် မပြစ်စလောက်မျှသာဖြစ်သည်ဟု ကွမ်တာက တွေးသည်။ ဤမျှလောက် အသိကလေးနှင့် ဘယ်လိုလုပ်ပြီး လွတ်အောင် ပြေးနိုင်ပါမည်နည်း။ နှိအာသည် လူငယ်ကလေးတစ်ယောက်မျှသာဖြစ်၏။ အခြားသော ကျွန်များကဲ့သို့ပင် ဤယာတော ဤခြံ၏ အပြင်ဘက်ကို ခြေချဖူးသူမဟုတ်။ ထွက်ပြေးသမျှ ကျွန်အများစု ပြန်အဖမ်းခံကြရခြင်းမှာ ဤအားနည်းချက်ကြောင့်ဖြစ်၏။ အများအားဖြင့် ထွက်ပြေးသူများအား ပတ်ဝန်းကျင်အနီးအနားရှိ သစ်တောများနှင့် ရွံ့တောများအလယ်၌ ပြန်၍ ဖမ်းမိကြသည်ကများသည်။ ကွမ်တာသည် သူပြေးခဲ့ရသည်များကို ပြန်၍သတိရသည်။ ခွေးများ၊ သေနတ်များ၊ ကြာပွတ်များ၊ ပြီးတော့ ပုဆိန်။

'မင်းဟာ ကိုယ်ဘာပြောနေတယ်ဆိုတာကိုတောင် မသိသေးဘူး'ဟု ကွမ်တာ ရေရွတ်သည်။ ထို့နောက် ဤစကားပြောလိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

'ငါဆိုလိုတာက ဒီလိုပါကွာ၊ ဒီကိစ္စက မင်းအခုပြောသလောက် မလွယ်ဘူးကွ။ မင်းထွက်ပြေးရင် မင့်ကိုဖမ်းမိဖို့ အမဲလိုက်ခွေးတွေ လွှတ်ပေးလိမ့်မယ်။ အဲဒါကိုရော မင်းသိရဲ့လား'

နှိအာ၏ညာဘက်လက်သည် အင်္ကျီအိတ်ကပ်ထဲမှ ဓားမြှောင်တစ်ချောင်းကို ထုတ်သည်။ ခလုတ်ကိုနှိပ်လိုက်သည့်အခါ ဓားသွား လက်ခနဲထွက်လာသည်။

'ကျွန်တော် ခွေးတွေကို ဓားမြှောင်နဲ့ထိုးသတ်မယ်၊ ကျွန်တော့်ကို ဘယ်သူမှ ဖမ်းလို့မရဘူး'ဟုပြောကာ ဓားကိုပြန်ပိတ်ပြီး အိတ်ကပ်ထဲထည့်သည်။

'အေးလေ၊ ပြေးမှဖြစ်မယ်ဆိုလည်း ပြေးပေါ့၊ မင့်သဘောပဲ'

'ဘယ်အချိန်ပြေးရမှန်း ကျွန်တော်မသိဘူး၊ ပြေးမှဖြစ်မယ်ဆိုတာတော့သိတယ်'

'ဒီကိစ္စမှာ ကစ်ဇီမပတ်သက်တာ သေချာရဲ့လား'

'မပတ်သက်ပါဘူးဗျာ'ဟု နှိအာဖြေသည်။ သူသည် တစ်ခဏမျှငြိမ်နေသည်။

'ဒါပေမဲ့ ကျွန်တော် မြောက်ပိုင်းရောက်ရင် အလုပ်လုပ်မယ်။ သူ့ကို ပြန်ဝယ်မယ်'

သူသည် ဆက်မပြောဘဲ ရပ်နေပြန်သည်။

'အခု ကျွန်တော်ပြောတာတွေ သူ့ကိုပြန်ပြောမှာလား'

'ဒါက မင်းနဲ့သူနဲ့ကိစ္စပဲ' ဟု ကွမ်တာက ဖြေသည်။

'ကျွန်တော် သူ့ကို အချိန်ကျလာတော့ ပြောမှာပါ'

ကွမ်တာက နှိအာ၏လက်ကို သူ့လက်နှစ်ဖက်ဖြင့် ဆွဲဆုပ်ထားသည်။

'မင်း လွတ်လိမ့်မယ်လို့ ငါမျှော်လင့်ပါတယ်ကွာ'

နှိအာက နောက်သို့ ချာခနဲလှည့်ကာ ကျွန်အိမ်တန်းဘက်သို့ပြန်လျှောက်သွားသည်။

ထိုညတွင် ကွမ်တာသည် တဲရှေ့ခန်း၌ထိုင်ကာ မီးဖိုထဲမှ မီးတောက်များဆီသို့ တွေငေးလျက်ရှိ၏။ ကွမ်တာ ဤပုံစံဖြစ်နေလျှင် စကားစမြည်ပြော၍ မဖြစ်သည်ကို

မြန်မာ စာအုပ်များ

ဘဲလ်ရော ကစ်ဇီပါ နားလည်နေကြပြီဖြစ်၏။ ထို့ကြောင့်လည်း ဘဲလ်သည် ပါးစပ်ကို ပိတ်ကာ သိုးမွေးထည်ကိုသာ ထိုးလျက်ရှိသည်။ ကစ်ဇီကလည်း ထုံးစံအတိုင်း စားပွဲပေါ်၌ထိုင်ကာ စာရေးလျက်ရှိ၏။ အကယ်၍ နီအာလွတ်မြောက်သွားခဲ့သည်ရှိသော် မစ္စအင်နီကြောင့် တစ်ကြိမ် စိတ်ထိခိုက်ထားခဲ့ရသော သူ့သမီးကစ်ဇီသည် ဒုတိယအကြိမ် စိတ်ထိခိုက်ရဦးမည်လော။ ထိုအတွေးသည် ကွမ်တာ့ရင်ထဲသို့ ဖျတ်ခနဲ ဝင်လာသည်။ သူသည် ကစ်ဇီ၏မျက်နှာကိုမော့ကြည့်သည်။ တလှုပ်လှုပ်ဖြစ်နေသော နှုတ်ခမ်းများကိုကြည့်သည်။ တိုးဘော့တို့၏ မြေပေါ်ရှိ လူမည်းတို့၏ဘဝသည် ဒုက္ခပင်လယ်ဝေလျက်ရှိသည်ဟုထင်၏။ သို့သော် သမီးကစ်ဇီကိုတော့ ထိုဒုက္ခများမှ လွတ်မြောက်စေချင်သည်။

[၈၂]

ကစ်ဇီ အသက်ဆယ့်ခြောက်နှစ်မွေးနေ့လွန်မြောက်ပြီး တစ်ပတ်အကြာ နံနက်စောစော။ ယာတောဆင်းရမည့် ကျွန်အလုပ်သမားများသည် တစ်နေ့တာလုပ်ငန်းခွင်ဝင်ရန် တန်းစီလျက်ရှိကြ၏။ ထိုအခိုက်တွင် လူအုပ်ထဲမှ တစ်ဦးက 'ဟေ့...နီအာတစ်ယောက် ဘယ်ရောက်နေလဲ'ဟုမေးသည်။ တန်းစီနေကြသူများအနီး၌ရပ်၍ ကာတိုနှင့် စကားပြောနေသော ကွမ်တာသည် မေးသံကို ကြားလျှင်ကြားချင်း နီအာထွက်ပြေးပြီဟု စိတ်ထဲက သိလိုက်သည်။ သူ့ဘေးမှ ဦးခေါင်းများသည် ဟိုလှည့်သည်လှည့် ဖြစ်လာကြသည်။ အံ့အားသင့်ဟန်ဆောင်ထားသည့်မျက်နှာထားဖြင့် ကြည့်နေသော ကစ်ဇီကိုလည်း ကွမ်တာသတိထားမိသည်။ သားအဖနှစ်ယောက် အကြည့်ချင်းဆုံမိကြသည်။ ကစ်ဇီက စ၍ မျက်နှာလွှဲသွားသည်။

'ငါက မင်းနဲ့အတူတူ ရှိနေတယ်ထင်တာ'ဟု နီအာ၏အမေ အေဒါက ကာတိုအား လှမ်းပြောသည်။

'မဟုတ်ဘူးဗျ၊ ကျုပ်က သူ အိပ်ချင်အိပ်ပါစေဦးဆိုပြီး မနှိုးဘဲထားခဲ့တာ'ဟု ကာတိုက ပြောသည်။

ကာတိုသည် ယခင်ဥယျာဉ်မှူးအဘိုးအို၏တဲ၊ ယခု နီအာ အသက် ဆယ့်ရှစ်နှစ်ပြည့်သည့်နေ့က ဆက်ခံခဲ့သော တဲတံခါးကို ဆောင့်တွန်းလိုက်သည်။ အထဲသို့ ဝင်သွားပြီး ဒေါသတကြီးအော်သည်။

'နီအာ၊ ဟေ့ကောင် နီအာ'

သူသည် စိုးရိမ်မကင်းသည့် မျက်နှာထားဖြင့် ပြန်ထွက်လာသည်။ ထို့နောက် ကျွန်လူစုအား နီအာကို ရှာကြဖို့ခိုင်းသည်။

မြန်မာ စာအုပ်များ

အားလုံးပင် နေရာအနှံ့ သွား၍ရှာကြသည်။ ကွမ်တာကလည်း ဝင်ရှာပေးသည်။ 'နိုအာ...ရေ၊ ဟေ့...နိုအာ'ဟု အသံကုန်ဟစ်၍ တကြော်ကြော်အော်ခေါ်သည်။ အော်ခေါ်နေစရာမလိုမှန်း သိသော်လည်း သူ့အသံကို လူအများကြားလျှင် သူ့အပေါ် သံသယဝင်လိမ့်မည်မဟုတ်ဟူသောစိတ်ကူးဖြင့် အော်နေခြင်းဖြစ်၏။ စောစောစီးစီးထ၍ သူတို့အစာ မြက်ခြောက်များကို ဝါးနေကြသော တိရစ္ဆာန်များသည် ကွမ်တာအား အထူးအဆန်းသဖွယ် ကြည့်နေကြသည်။

'ဒီကောင်လေးထွက်ပြေးတာ တေချာတယ်ကွာ'ဟု တယောဆရာက အိမ်နောက်ဖေး၌ သူနှင့်တွဲ၍ရပ်နေသော ကွမ်တာအားပြောသည်။

ကွမ်တာက စိတ်ပျက်သံဖြင့် တစ်ချက်မျှညည်းသည်။

'ဒီကောင်လေး ဘယ်တုန်းကမှ အခုလိုပျောက်နေတာမျိုးမဖြစ်ဖူးပါဘူး။ ညလည်း ထွက်မလည်တတ်ပါဘူး'ဟု ဘဲလ်ကပြောသည်။

'သခင်ကိုတော့ ပြောမှဖြစ်မယ်ထင်တယ်'ဟု ကာတိုကပြောသည်။ သူတို့သည် ယခုချက်ချင်း ပြောသင့်မပြောသင့် တိုင်ပင်ကြသည်။ ဘဲလ်က မတ်စတာဝေါလား နံနက်စာစားပြီးမှပြောရန် အကြံပေးသည်။

ဘဲလ်က သခင်ဝေါလားအား နံနက်စာကျွေးသည်။ နောက်ထပ် ကော်ဖီအတောင်းကို စောင့်ရင်း စကားပြောရန် အားယူလျက်ရှိသည်။

'သခင်...' ဟု ဘဲလ်က အသံပြုသည်။

'ကာတိုက သခင့်ကိုပြောပါတဲ့။ ဟို...ဟို နိုအာဆိုတဲ့ကောင်လေး ဒီနေ့မနက် ပျောက်နေတယ်တဲ့'

ဝေါလားသည် လက်ထဲမှ ကော်ဖီခွက်ကိုချလိုက်ပြီး မျက်မှောင်ကြုတ်နေသည်။

''ဒါဆိုရင် ဒီကောင်လေးဘယ်သွားလဲ။ အရက်မူးနေတယ်လို့ ပြောတာလား၊ ဒါမှမဟုတ် အလည်လွန်နေတာလား၊ ဒီနေ့ပြန်လာမယ်ထင်သလား။ ဒါမှမဟုတ် ဒီကောင် ထွက်ပြေးပြီလို့ထင်သလား'

'ကျွန်မတို့အားလုံးကတော့ သူ့ကိုရှာတာနဲ့နေပါပြီ။ ဒီမှာမရှိတော့တာတော့ သေချာပါတယ်'

ဝေါလားသည် ကော်ဖီပန်းကန်ကို ငေးကြည့်နေသည်။

'ငါ...သူ့ကို ညအထိစောင့်မယ်။ အင်း...မဟုတ်သေးဘူး။ မနက်ဖြန်မနက်အထိ အချိန်ပေးမယ်'

'မတ်စတာ ဒီလူငယ်ဟာ လူကောင်းလေးပါ။ ဒီမှာမွေးပြီး ဒီမှာကြီးလာတာပါ။ သခင်ရဲ့ ခြံပေါက်တစ်ယောက်ပါ။ အလုပ်လည်းသိပ်လုပ်တယ်။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးခဲ့ပါဘူး။ ပြီးတော့...ဟို'

မြန်မာ စာအုပ်များ

ဝေါလားက ဘဲလ်အား စိုက်ကြည့်နေသည်။

'တကယ်လို့ သူထွက်ပြေးဖို့ ကြိုးစားတာဆိုရင်တော့ သူခံရမှာပဲ'

'ဟုတ်ကဲ့ပါ မတ်စတာ'

ဘဲလ်က အလိုက်သင့်ပြန်ပြောကာ အခန်းထဲမှထွက်လာသည်။

တစ်နေ့လုံး သခင်ဝေါလားအား လူနာများထံ လိုက်ပို့ပေးနေရသော ကွမ်တာသည် နီအာ့အကြောင်းမှလွဲ၍ အခြားအရာများကိုမတွေးနိုင်။ သူကြုံခဲ့ရသည်များနှင့် ယှဉ်၍ စဉ်းစားလိုက်တိုင်း ပွပင်ကြောင့်ကြခြင်းဖြစ်ရသည်။

ထိုည လူအများ စုမိကြသောအခါတွင်လည်း နီအာ့အကြောင်းကိုသာ တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

'ဒီကောင်လေး ပြေးမယ်ဆိုတာ ငါသိတယ်။ သူ့မျက်လုံးတွေထဲမှာ ငါမြင်နေရတာ ကြာပြီ'ဟု အန်တီဆုကေးက ပြောသည်။

'ဟုတ်တယ်၊ ကျွန်မလည်းသိတယ်'ဟု စစ္စတာမန်ဒီက ထောက်ခံသည်။

နီအာ၏မိခင် အေဒါမှာ တစ်နေ့လုံးငိုထားသဖြင့် တစ်မျက်နှာလုံး နီရဲနေသည်။

'ကျွန်မသားက သူထွက်ပြေးမှာကို လုံးဝအသိမပေးဘူး။ ပြန်မိရင် သူ့ကို ရောင်းပစ်လိမ့်မယ်လို့ ထင်သလား'

မည်သူကမျှ မဖြေကြ။

လူစုကွဲ၍ ဖုံသို့ ပြန်လာကြသောအခါ ကစ်ဇီသည် ရှိုက်ကြီးတငင် ငိုကြွေးသည်။ ကွမ်တာကတော့ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်ကာ ကြောင်ငေးနေသည်။ ဘဲလ်ကတော့ သူ့သမီးအား ဖက်ထားသည်။

အင်္ဂါနေ့နံနက်သို့ရောက်ပြီ။ နီအာ၏အရိပ်အယောင်ကိုမမြင်ရ။ သခင် ဝေါလားက ကောင်တီရုံးသို့သွားမည်ဟုဆိုသဖြင့် ကွမ်တာလိုက်ပို့ရပြန်သည်။ သခင်ဝေါလားသည် ပုလိပ်အရာရှိနှင့် နာရီဝက်ခန့်စကားပြောပြီး ပြန်ထွက်လာသည်။ သူ့အမိန့်အရ ကွမ်တာသည် ပုလိပ်အရာရှိ၏ မြင်းကို နောက်ဘက်တွင်ချည်ကာ မြင်းရထားကို အိမ်ဘက်သို့ ပြန်မောင်းခဲ့ရသည်။

'ဟော့ ကွမ်တာ၊ တို့ညှို့သည်ကို ကရိလမ်းမှာ ချပေးခဲ့ရမယ်'ဟု ဝေါလားက ပြောသည်။

'အခုတလော ထွက်ပြေးတဲ့ နီဂရိုးကျွန်တွေ သိပ်များလာတယ်။ ခြေရာခံရတာလည်း အရင်ကလောက်မလွယ်ဘူး'ဟု ပုလိပ်အရာရှိက စပြောသည်။

'ကျွန်တော် ယာလုပ်ငန်းစလုပ်ကတည်းက ကျွန်တော့်ကျွန်တွေကို ဘယ်တော့မှ မရောင်းခဲ့ဘူး။ ကျွန်တော်ချမှတ်ထားတဲ့ စည်းကမ်းကို ချိုးဖောက်ရင်တော့မရဘူး။ သူတို့လည်း ဒါကိုကောင်းကောင်းကြီးသိကြတာပဲ'ဟု ဝေါလားကပြောသည်။

'သခင်ကောင်းတွေရဲ့ကျေးဇူးကို နိဂရိုးတွေမသိတတ်ကြဘူး ဒေါက်တာ။ ဒါကို ဒေါက်တာလည်းသိမှာပါ။ ဒေါက်တာပြောတဲ့အတိုင်းဆိုရင် ထွက်ပြေးတဲ့ကောင်လေးက အသက်ဆယ့်ရှစ်နှစ်ဝန်းကျင်ပေါ့၊ ဟုတ်လား။ ဒီအရွယ် ကောင်ပေါက်စတွေကတော့ အများအားဖြင့် မြောက်ပိုင်းကိုပဲပြေးမှာပါ'

ကွမ်တာတစ်ကိုယ်လုံး တောင့်တင်းသွားသည်။

'အိမ်မှာခိုင်းထားတဲ့ နိဂရိုးဆိုရင်တော့ သူတို့ကိုယ်သူတို့ ကျွန်ဘဝက လွတ်လာတဲ့လူလို ဟန်ဆောင်တတ်ကြတယ်။ လမ်းမှာ ကင်းသမားတွေနဲ့တွေ့ရင် ခရီးသွားခွင့်လက်မှတ်ပျောက်တယ်လို့ လိမ်ပြောတတ်ကြတယ်။ အများအားဖြင့် ဒီကောင်တွေဟာ ရစ်ချ်မွန်မြို့လို မြို့ကြီးတစ်မြို့မှာဝင်ခိုပြီး ပုန်းနေတတ်ကြတယ်။ အခုပြေးတဲ့ ကောင်လေးက အနီးအနားမြို့တွေမှာ သူ့ဆွေမျိုးသားချင်းတွေများရှိမလား။ အဲဒါမျိုးရှိရင်တော့ အဲဒီကိုပြေးမှာသေချာတယ်'

'အဲဒီလောက်အထိတော့ ကျွန်တော်လည်းမသိဘူး'

'ဒီကောင်လေးမှာ မိန်းကလေးသူငယ်ချင်းရှိသလား။ ဒီအရွယ်တွေဟာ အချိတ်အဆက် ရှိတတ်ကြတယ်'

'ဒါလည်းမသိဘူး။ အိမ်မှာတော့ ထမင်းချက်တစ်ယောက်ရဲ့သမီးရှိတယ်။ အသက်ဆယ့်ငါး ဆယ့်ခြောက်လောက်ရှိပြီ။ သူတို့ချင်း အဆက်အသွယ်ရှိမရှိတော့ မပြောတတ်ဘူး'

ကွမ်တာသည် အသက်ကို မှန်မှန်မရှူနိုင်ဖြစ်သွားသည်။

'နိဂရိုးမြီးကောင်ပေါက်မလေးတွေက လူပြိုယောကျ်ားတွေကိုတောင် ဆွဲဆောင်နိုင်တယ် ဒေါက်တာ။ လူမည်းကောင်လေးတွေကျတော့ သူတို့က အပျော်စားထားတာ။ သူတို့နိုင်းသမျှ ဟိုကောင်တွေက လုပ်တတ်ကြတယ်'

ဒေါသဖြစ်သွားသည့် သခင်ဇဝါလား၏အသံသည် တင်းမာလာသည်။

'ကျွန်တော့်ကျွန်တွေနဲ့ ကျွန်တော် ဘယ်တော့မှ ပုဂ္ဂိုလ်ရေးဆက်ဆံမှုမရှိဘူး။ သူတို့ကိစ္စကိုလည်း ကျွန်တော် ဘယ်တော့မှသိအောင်မကြိုးစားဘူး။ စိတ်လည်းမဝင်စားဘူး'

'ဟုတ်ပါတယ်၊ ကျွန်တော်နားလည်ပါတယ်'ဟု ပုလိပ်အရာရှိက ကသောကမျော ပြန်ပြောသည်။

ထို့နောက် သခင်ဝေါလား၏လေသံသည် ပြန်လည်ပျော့ပျောင်းသွားသည်။

'ခင်ဗျားတွေးနေတဲ့အတိုင်းဆိုရင်တော့ ကောင်လေးဟာ သူ့အဆက် အနီးအနားခြံက ကောင်မလေးဆီသွားမယ်။ အဲဒါကျတော့ ကျွန်တော်မသိဘူး။ အဲသလိုသွားလို့ကတော့ ဖြစ်နိုင်စရာတွေအများကြီးပဲ။ ဟိုကလူငယ်တွေနဲ့ ရန်ဖြစ်လို့ အရိုက်ခံရပြီး

တစ်နေရာရာမှာ သေလုမျောပါးဖြစ်နေမလား။ ဆင်းရဲသားလူပြိုသူခိုးတွေက ဖမ်းသွားတာတောင် ဖြစ်နိုင်တာပဲ။ ဒါမျိုးတွေကလည်း ဒီပတ်ဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိတယ်။ ဒီအလုပ်မျိုးမှာ ကျွန်ကုန်သည်အချို့တောင် ပါနေတတ်တယ်။ ဘာကိုမှ အတိအကျတော့ ကျွန်တော်မသိဘူး။ ကျွန်တော်သိတာ တစ်ခုပဲရှိတယ်။ ဒီကောင်လေး အခုပျောက်နေတာ၊ ဒါပထမဆုံးအကြိမ်ပဲ'

'ဒေါက်တာပြောတော့ ဒီကောင်လေးက 'ဒီမှာမွေး ဒီမှာကြီးတာ၊ ခရီးဝေးဝေး မသွားဖူးဘူးဆို'

'ဒီကောင်လေး ရစ်ချ်မွန်မြို့ကိုတောင် ဘယ်လိုသွားရမှန်း သိမှာမဟုတ်ဘူး။ မြောက်ပိုင်းအထိသွားဖို့ဆိုတာကတော့ ဝေးလာဝေးပဲ'ဟု ဝေါလားကပြောသည်။

'တစ်ခုလည်းရှိတယ်ဒေါက်တာ၊ နီဂရိုးတွေက အချင်းချင်းသတင်းပေးကြတယ်' ဟု ပုလိပ်အရာရှိကပြောသည်။

'ကျွန်တော်တို့ဖမ်းမိတဲ့ နီဂရိုးတွေကို ရိုက်စစ်လိုက်ရင်ပေါ်တာပဲ။ ဘယ်ကိုပြေးရမယ်ဆိုတာ သူတို့ကိုပြောပြတဲ့လူရှိတယ်။ ဘယ်မှာပုန်းနေရမယ်လို့ ပြောလိုက်တဲ့ လူလည်းရှိတယ်။ ခြေရာခံပြီးလိုက်ရင် နီဂရိုးတွေကို သနားကြ ချစ်ကြတဲ့ ကွိတ်ကား ဘာသာဝင် လူဖြူတွေနဲ့ မက်သဒစ်ဘာသာဝင် လူဖြူတွေဆီမှာ ပုန်းနေတာ တွေ့ရတတ်တယ်။ အခု ဒေါက်တာ့ကောင်လေးက ဘယ်ကိုမှလည်းမသွားဖူးဘူး၊ ဘယ်တုန်းကမှလည်း ထွက်မပြေးဖူးဘူး။ အရင်ကလည်း ပြဿနာမလုပ်ဖူးဘူးဆိုတော့ကာ ဒီကောင့်ကို လွယ်လွယ်နဲ့ပြန်မိမှာပါ။ နောက်နှစ်ညလောက်ဆိုရင် ပြန်မိဖို့များပါတယ်။ တောထဲမှာ ဝတ်ပြတ်ပြီး သေလုမျောပါးဖြစ်နေတာ တွေ့ရမှာပါ။ နီဂရိုးတစ်ကောင်ဟာ ဗိုက်ဆာရင် ကြွတာပါပဲ။ သူ့ကိုလိုက်ဖမ်းပေးဖို့အတွက် သတင်းစာထဲက ကြော်ငြာပြီး နီဂရိုးကျွန်ဖမ်းအဖွဲ့ငှားဖို့မလိုပါဘူး။ ဗိုက်ဆာဖြွန်းသလိုဖြစ်နေမယ်'

'ခင်ဗျားပြောတာ မှန်လိမ့်မယ်လို့ မျှော်လင့်ရတော့မှာပဲ'ဟု သခင်ဝေါလားက ပြောသည်။

'ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ခွင့်ပြုချက်မရဘဲ ထွက်သွားတာကတော့ ကျွန်တော် ချမှတ်ထားတဲ့စည်းကမ်းကို ဖောက်တာပဲ။ အဲဒီတော့ သူ့ကိုမိတာနဲ့ တစ်ပြိုင်နက် ပြန်ရောင်းပစ်မှာပဲ'

စနေနေ့မနက် နံနက်စာစားပြီးချိန်တွင် ကွမ်တာသည် သူ့မြင်းတစ်ကောင်အား ဘီးဖြီးပေးလျက်ရှိသည်။ ထိုအခိုက်တွင် ကာတို၏ လေချွန်အချက်ပေးသံကိုကြားရ၏။ သူ ခေါင်းထောင်ပြီး နားအစွင့်တွင် နောက်တစ်ကြိမ် လေချွန်သံကို ကြားရပြန်သည်။ ကွမ်တာသည် မြင်းကို နီးရာတိုင်တစ်တိုင်၌ ချည်ပစ်ခဲ့ပြီး တဲဘက်သို့ လျှောက်လာခဲ့သည်။

မြန်မာ စာအုပ်များ

အိမ်ရှေ့အဝင်လမ်းအတိုင်းလာနေသည့် လှည်းတစ်စီးမောင်းလာသူမှာ ပုလိပ်အရာရှိဖြစ်၏။ နိအာကိုများ မိလာသလား။ ထုံးစံအတိုင်းဆိုပါက သူသည် ဧည့်သည်လာလျှင် ဧည့်သည်၏မြင်းကို ရေတိုက်ရမည်၊ အစာကျွေးရမည်။ သို့သော် ယခုတစ်ကြိမ်တွင် သူသည် ရုတ်တရက်လှုပ်ရှား၍မရ။ တဲပြတင်းပေါက်မှ ငေးကြည့်နေမိသည်။ ပုလိပ်အရာရှိသည် အိမ်ကြီးထဲသို့ဝင်သွား၏။

မိနစ်အနည်းငယ်မျှအကြာတွင် ဘဲလ်သည် နောက်ဖေးတံခါးမှ အပြေးအလွှားတက်လာသည်ကို မြင်ရသည်။ ကွမ်တာက တဲတံခါးကိုပြေးဖွင့်သည်။ ဘဲလ်၏မျက်နှာတွင် မျက်ရည်များစီးကျနေသည်။

'ပုလိပ်အရာရှိနဲ့ သခင်က ကစ်ဇီကိုခေါ်ပြီး မေးနေတယ်'ဟု ပြောသည်။

ကွမ်တာသည် ကြက်သေ သေသွားသည်။ ဘဲလ်၏ တစ်ကိုယ်လုံးကို လက်နှစ်ဖက်ဖြင့် ကိုင်လှုပ်ပြီးမေးသည်။

'ဘာပြုလို့လဲဟ'

ဘဲလ်က သိမျှပြန်ပြောသည်။ သူ့အသံသည်မမှန်။ ငိုသံ ရှိုက်သံ၊ ဆို့နင့်သံများ ရောနေသည်။

'ပုလိပ်အရာရှိရောက်ပြီး မကြာဘူး၊ အပေါ်ထပ်မှာ တံမြက်စည်းလှည်းနေတဲ့ ကစ်ဇီကို သခင်က အော်ခေါ်နေတယ်။ သခင်က ငေါက်နေသံကြားတာနဲ့ ကျွန်မလည်း ဧည့်ခန်းနားအထိသွားပြီး ချောင်းနားထောင်တယ်။ ဒါပေမဲ့ ဘာမှ သဲသဲကွဲကွဲ မကြားရဘူး။ မီးဖိုချောင်ခေါင်းလောင်းကြီးဆွဲသံကြားတာနဲ့ ကျွန်မ မီးဖိုဘက် ပြန်ပြေးခဲ့တယ်။ ပြီးတော့မှ ဧည့်ခန်းကိုသွားတယ်။ သခင်က တံခါးဝကရပ်ပြီး ကျွန်မကို ကြည့်နေတယ်။ သူ ဘယ်တုန်းကမှ အခုလိုအကြည့်မျိုးနဲ့မကြည့်ဖူးဘူး။ ငါမခေါ်မချင်း အိမ်ထဲကိုပြန်မလာနဲ့၊ အပြင်မှာသွားနေလို့ပြောတယ်'

ဘဲလ်သည် တဲပြတင်းပေါက်၌သွား၍ရပ်ကာ အိမ်ကြီးဆီသို့ မျှော်ကြည့်နေသည်။ သူပြောပြခဲ့သည့်အတိုင်းဖြစ်ခဲ့တာ ဟုတ်မှဟုတ်ရဲ့လားဟု မယုံကြည်နိုင်သည့် မျက်နှာထားနှင့် ကြည့်နေခြင်းဖြစ်၏။

'ဘုရားသခင် ကယ်တော်မူပါ၊ ပုလိပ်အရာရှိက ဘာကြောင့် တပည့်တော်မသမီးလေးကို ခေါ်မေးနေတာပါလိမ့်'ဟု ရေရွတ်သည်။

ကွမ်တာ၏စိတ်သည် ဗလောင်ဆူလျက်ရှိ၏။ ယာတောဘက် ပြေးထွက်သွားပြီး ထင်းခုတ်နေသူများအားခေါ်လျှင် ကောင်းလေမလား။ မဖြစ်နိုင်။ သူထွက်သွားလျှင် နောက်ပိုင်း၌ အခြေအနေပိုဆိုးဖွယ်ရာသာရှိ၏။

ဘဲလ်သည် အိပ်ခန်းထဲသို့ဝင်သွားပြီး ဘုရားသခင်ထံ ကျယ်လောင်စွာ အော်ဟစ်ဆုတောင်းနေပြန်သည်။

မြန်မာ စာအုပ်များ

ထို့နောက် 'ကျွန်မ ပြန်သွားဦးမယ်'ဟု ပြောကာ တဲထဲမှ ပြေးထွက်သွားသည်။

ကွမ်တာသည် မီးဖိုချောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် ဘဲလ်အား မျက်စိတဆုံးလိုက်ကြည့်နေသည်။ ဘဲလ်ဘာလုပ်မလို့ပါလိမ့်။ ကွမ်တာသည် စိုးရိမ်စိတ်ဖြင့် အပြင်သို့ပြေးထွက်ကာ ဘဲလ်နောက်သို့လိုက်သည်။ မီးဖိုထဲတွင် လူတစ်ယောက်မှ မရှိ။ အိမ်ကြီးဘက်သို့ကူးသည့် ဆင်နားရွက်တံခါးသည် ပိတ်လျက်။ သူသည် မီးဖိုဖယ်သို့ ခြေဖျားထောက်ဝင်ကာ တံခါးကို လက်နှင့် အသာကိုင်ပြီး နားစွင့်နေသည်။ သူ့အသက်ရှူသံမှတစ်ပါး အခြားဘာသံမျှမကြားရ။

ထို့နောက် အသံတစ်သံကြားရသည်။

'သခင်'

ဘဲလ်၏ခေါ်သံ။ အသံမှာ တိုးတိုးကလေး။ ထူးသံမကြားရ။

'သခင်'

ခေါ်သံထပ်ကြားရသည်။ ဤတစ်ကြိမ်တွင် အသံသည် အနည်းငယ်ကျယ်လာသည်။

ညှော်ခန်းတံခါးဖွင့်သံကို ကွမ်တာကြားလိုက်သည်။

'ကျွန်မသမီးကစ်ဇီ ဘယ်မှာလဲ သခင်'

'လုံခြုံတဲ့နေရာမှာထားတယ်'ဟု သခင်ဝေါလားက တင်းမာသောလေသံဖြင့် ပြန်ပြောသည်။

'ငါတို့ နောက်တစ်ဦးထွက်ပြေးတာ အဖြစ်မခံနိုင်ဘူး'

'ကျွန်မ နားမလည်တော့ဘူး သခင်။ သမီးလေးဟာ ခြံဝင်းအပြင်ကို တစ်လက်မတောင် ထွက်ဖူးတာမဟုတ်ဘူး'

'သူဘာလုပ်ထားတယ်ဆိုတာ နင်မသိဘူး၊ နိုအာကိုမိထားပြီ။ ကင်းသမားတွေက သူ့လက်ထဲမှာပါတဲ့ ခရီးသွားခွင့်လက်မှတ်အတုကိုမိထားကြတယ်။ သူက ကင်းသမားနှစ်ယောက်ကို ဓားနဲ့ထိုးတယ်။ သူ့ကိုရိုက်စစ်လိုက်တော့ ခရီးသွားခွင့်လက်မှတ်အတုလုပ်ပေးတာ နင့်သမီးလို့ ဖော်ပြောတယ်။ နင့်သမီးကလည်း ပုလိပ်အရာရှိရှေ့မှာ ဝန်ခံပြီးပြီ'

တိတ်ဆိတ်သွားသည်။ ထို့နောက် ဘဲလ်၏ အော်သံနှင့် ပြေးလွှားသံများ။ ကွမ်တာသည် တံခါးကိုဖွင့်လိုက်စဉ် ဘဲလ်သည် သူ့အား အရှိန်ပြင်းစွာဝင်တိုက်ကာ အပြင်သို့ ပြေးထွက်သွားသည်။ ကွမ်တာက နောက်မှ ပြေးလိုက်သည်။ သူတို့ တဲတံခါးဝသို့ရောက်မှပင် ဘဲလ်အားမိသည်။

'သခင်က ကစ်ဇီကို ရောင်းပစ်တော့မှာပါ။ ကျွန်မ သိပါတယ်'

ဘဲလ်က သံကုန်ဟစ်၍ အော်ငိုသည်။

စိတ်ကူးချိုချို

'ငါ့သမီးကိုသွားခေါ်မယ်'ဟု ကွမ်တာကရေရွတ်ပြီး အိမ်ကြီးဘက်သို့ ပြန်သွားသည်။ မီးဖိုခန်းထဲမှဖြတ်ကာ ဧည့်ခန်းဘက်သို့ကူးသည်။ ဘဲလ်သည် ကွမ်တာ့နောက်မှ လိုက်လာသည်။ လူမည်းတိုင်းအား ဝင်ခွင့်မပြုသော စကြံအတိုင်း ဝင်သွားသည်။

ဧည့်ခန်းတံခါးသည် ဖြန်းခနဲပွင့်သွားသည်။ သခင်ဝေါလားနှင့် ပုလိပ်အရာရှိတို့သည် မယုံကြည်နိုင်သော မျက်နှာထားများဖြင့် ဆီး၍ကြည့်နေကြသည်။ ကွမ်တာသည် တံခါးဝ၌ ဖျတ်ခနဲရပ်လိုက်ပြီး ဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် စူးစူးရဲရဲကြည့်သည်။ ကွမ်တာ့နောက်မှ ကပ်၍လိုက်လာသော ဘဲလ်က အော်သည်။

'ကျွန်မတို့သမီးလေး ဘယ်မှာလဲ၊ ကျွန်မတို့ သူ့ကိုခေါ်ဖို့လာတာ'

ပုလိပ်အရာရှိ၏ ညာဘက်လက်သည် သူ့ခါး၌ချိတ်ထားသည့် သေနတ်အိတ်ပေါ် ရောက်သွားသည်ကို ကွမ်တာ မြင်လိုက်ရ၏။ သခင်ဝေါလားက 'အခုချက်ချင်း ထွက်သွား'ဟု အော်သည်။

'မင်းတို့ နီဂရိုးကောင်တွေ နားပင်းနေကြသလား'ဟု ပုလိပ်အရာရှိက ပြောကာ အိတ်ထဲမှပစ္စတိုကို ဆွဲထုတ်သည်။ ကွမ်တာ၏တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ပုလိပ်အရာရှိ၏လက်ထဲမှ ပစ္စတိုကို ခုန်အုပ်ပြီး လုယူတော့မည့်အနေအထားဖြစ်သည်။ သူ့နောက်မှ ဘဲလ်သည် တုန်ရီလျက်ရှိ၏။ 'ဟုတ်ကဲ့'ဟု အလန့်တကြားရေရွတ်ကာ ကွမ်တာ၏လက်ကို လာဆွဲသည်။ ကွမ်တာသည် နောက်ဆုတ်နောက်ဆုတ်နှင့် လိုက်ပါလာသည်။ ရုတ်တရက် သူတို့နောက်မှ တံခါးဆောင့်ပိတ်သံနှင့် သော့ခတ်သံ ကြားလိုက်ရ၏။

ကွမ်တာသည် ဘဲလ်နှင့်အတူ စကြံတွင် ထိုင်နေသည်။ ရှက်ခြင်းနှင့် အခံရခက်ခြင်းတို့ကြောင့် သူ့မျက်နှာသည် အသွင်အမျိုးမျိုးပြောင်းနေသည်။ ဧည့်ခန်းထဲမှ သခင်ဝေါလားနှင့် ပုလိပ်အရာရှိတို့၏ စကားပြောသံများ။ ထို့နောက် ခြေသံများ။ ထို့နောက် ကစ်ဇီ ငိုသံ။

'ကစ်ဇီ...ရေ၊ ကစ်ဇီ။ သမီးရေ၊ ဘုရားသခင်ကယ်တော်မူပါ၊ သူတို့ တပည့်တော်မရဲ့ သမီးလေးကို ရောင်းကြပါတော့မယ်'

နောက်ဖေးတံခါးမှထွက်လာသော ဘဲလ်သည် သံကုန်ဟစ်ကာ ငိုကြွေးသည်။ ယာတောမှ ပြန်လာကြသော ကျွန်အလုပ်သမားအားလုံး ဘဲလ်တို့ထံ ပြေးလာကြသည်။ ဘဲလ်သည် အရူးတစ်ယောက်သဖွယ် ခုန်လိုက်ပေါက်လိုက် မြေကြီးပေါ်လှဲအိပ်လိုက် ဖြစ်နေသည်။ ကွမ်တာက သိမ်းကျုံးဖက်ပြီး ထိန်းပါသော်လည်းမရ။ ကာတိုသည် သူတို့ထံ အချိန်မီရောက်လာပြီး ဝင်ထိန်းသည်။

သခင်ဝေါလားသည် ပုလိပ်အရာရှိ၏ရှေ့မှနေ၍ ဆင်းလာသည်။ ပုလိပ်အရာရှိက သံကြိုးနှင့်ချည်ထားသော ကစ်ဇီအား ဆွဲခေါ်လာသည်။ ကစ်ဇီ့ငိုယိုရုန်းကန်ပြီး လိုက်ပါလာသည်။

မြန်မာ စာအုပ်များ

'အမေရေ၊ အမေ'

ကစ်ဇီ၏ အော်သံ။

ဘဲလ်နှင့် ကွမ်တာတို့သည် မြေကြီးပေါ်မှခုန်ထပြီး သမီးဆီသို့ ပြေးလာသည်။ ပုလိပ်အရာရှိက ပစ္စတိုကိုဆွဲထုတ်ကာ ဘဲလ်အား ချိန်ထားသည်။ ဘဲလ်သည် ဆက်မပြေးတော့ဘဲ ရပ်သွားသည်။ သူ့သမီးကစ်ဇီအား ပြူးကြောင်ကြောင်မျက်လုံးအစုံဖြင့် ကြည့်သည်။ တစ်ဆို့နေသော လည်ချောင်းထဲမှ မေးခွန်းတစ်ခု ထွက်လာသည်။

'သူတို့ပြောတွဲအတိုင်း ငါ့သမီးလုပ်မိသလား'

အားလုံးက ကစ်ဇီအား ဝိုင်းကြည့်နေသည်။ ကစ်ဇီကတော့ နီရဲလျက်ရှိသော မျက်လုံးများဖြင့် ဘဲလ်ကိုတစ်လှည့် ကွမ်တာအားတစ်လှည့် ကြည့်သည်။ ထို့နောက် ပုလိပ်အရာရှိနှင့် သခင်ဝေါလားတို့အားကြည့်သည်။ ဘဲလ်၏မေးခွန်းကိုတော့ မဖြေ။

'သခင်ရယ်၊ ကျွန်မတို့ကိုသနားပါ'ဟု ဘဲလ်က ကြေကွဲသောအသံဖြင့်ပြောသည်

'သူနားမလည်လို့ လုပ်မိတာပါရှင်။ သူဟာ ငယ်ပါသေးတယ်။ သူ ဘာလုပ်မိတယ်ဆိုတာ ခွဲခြားတတ်တာမဟုတ်ပါဘူး။ သူ့ကို မစ္စအင်နီက စာရေးတတ်အောင် သင်ပေးထားတာပါရှင်'

သခင်ဝေါလား၏ အဖြေပေးသံမှာ အေးစက်စက်။

'ဥပဒေဆိုတာ ဥပဒေပဲ။ နင့်သမီးက ငါ့စည်းကမ်းကိုချိုးဖောက်တာ။ သူ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့တာပဲ။ သူ့အနေနဲ့ လူသတ်မှုတစ်ခုကိုကျူးလွန်တာ ဖြစ်ချင်လည်း ဖြစ်မယ်။ ဟိုကောင်လေး ဓားနဲ့ထိုးခဲ့တဲ့ လူဖြူနှစ်ယောက်ထဲက တစ်ယောက်ဟာ သေချင်သေမှာလို့ ပြောတယ်'

'ကစ်ဇီကဓားနဲ့ထိုးတာမဟုတ်ပါဘူးရှင်။ ကစ်ဇီဟာ သခင်ရဲ့သေးအိုးကို မနိုင်တဲ့အရွယ်ကစပြီး သခင့်အတွက်အလုပ်လုပ်ခဲ့တာပါ။ ကျွန်မလည်း သခင့်အတွက် ထမင်းချက်လာတာ အနှစ်လေးဆယ်ရှိခဲ့ပါပြီ။ ကျွန်မယောက်ျားဟာ သခင်ရဲ့ မြင်းရထားသမားလုပ်တာ ကြာပါပြီ။ ဒါတွေကိုထည့်စဉ်းစားပါသခင်'

သခင်ဝေါလားက ဘဲလ်၏မျက်နှာကို တည့်တည့်မကြည့်။

'နင်တို့က နင်တို့လုပ်ရမယ့်အလုပ်ကို လုပ်နေကြတာပဲ။ သူ့ကိုတော့ ရောင်းရမှာပဲ။ လုပ်စရာ ဒီတစ်လမ်းပဲရှိတယ်'

'အောက်တန်းစားလူဖြူတွေသာ ဒီအလုပ်မျိုးတွေကို လုပ်ကြတာပါ'ဟုဘဲလ်က အော်ပြောသည်။

'ရှင်ဟာ အဲဒီလိုအောက်တန်းစားမဟုတ်ပါဘူး'

ဝေါလားက ဒေါသတကြီးဖြင့် ပုလိပ်အရာရှိအား လက်ယမ်းပြသည်။ ပုလိပ်အရာရှိက ကစ်ဇီအား ခပ်ကြမ်းကြမ်းဆွဲခေါ်ပြီး သူ့လှည်းရှိရာသို့သွားသည်။

စိတ်ကူးချိုချို

ဘဲလ်က ရှေ့မှ ပိတ်ရပ်ထားသည်။

'ဒါဆိုရင် ကျွန်မကိုရော သူ့အဖေကိုပါ တစ်ခါတည်းရော့ပြီးရောင်းပါ'ဟု ပြော သည်။

''ရှေ့က ပိတ်မထားနဲ့၊ ဖယ်စမ်း'

ပုလိပ်ရာရှိက ဘဲလ်အား အော်ငေါက်ကာ လက်တစ်ဖက်ဖြင့် တွန်းဖယ်လိုက် သည်။

ကွမ်တာက တစ်ချက်မျှအော်လိုက်ကာ ကျားသစ်တစ်ကောင်သဖွယ် ပုလိပ်အရာရှိ ဆီသို့ ခုန်အုပ်လိုက်ပြီး လက်သီးများဖြင့် အဆက်မပြတ်ထိုးသည်။ ပုလိပ်အရာရှိသည် မြေကြီးပေါ်သို့ လဲကျသွားသည်။

'သမီးကို ကယ်ပါဦး ပါ' ဟု ကစ်ဇီက အော်သည်။ ကွမ်တာက ကစ်ဇီအား ခါးမှ သိမ်းဖက်ပြီး ဆွဲသည်။

ပုလိပ်အရာရှိ၏ ပစ္စတိုဒင်သည် ကွမ်တာ၏နားထင်သို့ အရှိန်ဖြင့် ကျလာသည်။ ကွမ်တာသည် သူ့ဦးခေါင်းပေါက်ကွဲသွားလိမ့်မည်ဟုပင် ထင်လိုက်၏။ သူသည် ဒူး ထောက်လျက် လဲကျသွားသည်။ ဘဲလ်က သံကုန်ဟစ်အော်ကာ ပုလိပ်အရာရှိအား ဝင်လုံးရန် အားထုတ်သည်။ ပုလိပ်အရာရှိက ဆီး၍ ဆောင့်တွန်းလိုက်သဖြင့် နောက်ပြန် လဲကျသွားသည်။ ပုလိပ်အရာရှိသည် ကစ်ဇီအား လှည်းပေါ်သို့တင်ကာ သံကြိုးကို လှည်းတွင်ချည်၍ သော့ခတ်လိုက်၏။ ကွမ်တာသည် လဲနေရာမှထကာ လှည်းနောက်မြီး ကို လှမ်းဆွဲသည်။ သူသည် အရှိန်ဖြင့်ထွက်သွားသော လှည်းနောက်မှ တရွတ်ဆွဲ၍ ပါသွားသည်။

'မစ္စအင်...နီ၊ မစ္စအင်...နီ'

'လှည်းပေါ်မှကစ်ဇီသည် သံကုန်ဟစ်၍ အော်လျက်ရှိ၏။ ဤအသံသည်ပတ်ဝန်း ကျင်တွင် ပဲ့တင်ထပ်နေသည်ဟုပင် ထင်ရ၏။

အလဲလဲအကွဲကွဲဖြစ်နေရာမှ ကွမ်တာပြန်ထလာသောအခါ မြင်းလှည်းသည် မိုင်ဝက်ခန့်အကွာသို့ ရောက်သွားခဲ့လေပြီ။ သူသည် မတ်တတ်ရပ်ကာ လှည်းဆီသို့ မျှော်ကြည့်လျက်ရှိ၏။ လှည်းနောက်မှ တလိပ်လိပ်ထနေသော ဖုန်လုံးကြီးများသည် လှည်းကို ဖုံးအုပ်သွားသည်။

အိမ်ကြီးဘက်သို့ပြန်လာသော ဖဲခင်ဝေါလားသည် လှေကားအောက်ဆုံးထစ်၌ ခြေပစ်လက်ပစ်ထိုင်ချပြီး ဝမ်းနည်းပက်လက်ငိုကြွေးနေသော ဘဲလ်၏ရှေ့မှ ဖြတ် သွားသည်။ ကွမ်တာသည် အိပ်ရာမှ ကယောင်ကတမ်းထ၍ လမ်းလျှောက်နေသူနှင့် တူနေသည်။ သူသည် အိမ်ဝင်းထဲသို့ဝင်သည့် လမ်းမအတိုင်း ဒယီးဒယိုင်ဖြင့် ပြန် လျှောက်လာသည်။ အာဖရိကမှာနေစဉ်က သိခဲ့ရသည့်အရာတစ်ခု သူ့စိတ်ထဲ၌ ဖျတ်

ခနဲ ပေါ်လာသည်။ အိမ်နားသို့ ပြန်ရောက်လာသောအခါ သူသည် မြေကြီးပေါ်သို့ အသေအချာငုံ့ကြည့်သည်။ ဖုန်ထူထူပေါ်၌ ပီပြင်ပြတ်သားစွာထင်နေသည့် ကစ်ဇီ၏ ခြေရာများကို မြင်ရသည်။ သူသည် ခြေရာများထင်နေသည့် ဖုန်များကို လက်နှစ်ဖက်ဖြင့် ကျုံးယူလိုက်ပြီး တဲဆီသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။ ရှေးဘိုးဘွားများက ဤဖုန်များကို လုံခြုံသောနေရာ၌ သိမ်းဆည်းထားနိုင်လျှင် ကစ်ဇီသည် သူ၏ ထင်ကျန်ရစ်ခဲ့သော ခြေရာများပေါ်သို့ ပြန်ရောက်လာလိမ့်မည်ဟု ပြောကြသည် မဟုတ်ပါလား။

သူသည် တဲတံခါးကိုဖွင့်၍ အတွင်းသို့ ဝင်လာခဲ့သည်။ သူ့မျက်လုံးများသည် အခန်းထဲတွင် လှည့်ပတ်ကြည့်နေသည်။ နောက်ဆုံးတွင် စင်ပေါ်မှ ကျောက်စရစ်ခဲများ ထည့်ထားသည့် ဘူးခြောက်ပေါ် ရောက်သွားသည်။ သူသည် ဘူးခြောက်ထဲသို့ လက်ခုပ်ထဲမှ ဖုန်များကိုထည့်ရန် ဟန်ပြင်သည်။ ရုတ်တရက် အမှန်တရားသည် သူ့ခေါင်းထဲသို့ ဝင်လာသည်။ သူ့သမီးကစ်ဇီသည် ဝေးရာသို့ရောက်သွားခဲ့ပြီ။ လုံးဝ ပြန်လာတော့မည်မဟုတ်။ သူ့သမီးအား သူနောက်ထပ် ဘယ်တော့မှတွေ့ရမည်မဟုတ်တော့။

ကွမ်တာ၏မျက်နှာပေါ်မှ အကြောများသည် တဆတ်ဆတ်လှုပ်လာသည်။ သူသည် လက်ခုပ်ထဲမှ ဖုန်များကို တဲခေါင်မိုးဆီသို့ တအားလွှဲပက်လိုက်သည်။ သူ့မျက်လုံးအစုံမှ မျက်ရည်များသည် ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျလာသည်။ စင်ပေါ်မှ ဘူးခြောက်ကို ဆွဲယူကာ မြေကြီးပေါ်သို့ တအားကုန်ပစ်ပေါက်လိုက်သည်။ ဘူးခြောက်သည် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားသည်။ သူ့အသက် ၅၅ နှစ်ကိုဖော်ပြသော ကျောက်စရစ်ခဲ ၆၆၂ လုံးသည် အရပ်လေးမျက်နှာဆီသို့ လွင့်စဉ်ထွက်သွားသည်။

[၈၃]

အားအင်ကုန်ခန်းကာ တစ်ခေါင်းလုံး မှုးနောက်ရီဝေလျက်ရှိသော ကစ်ဇီသည် တဲအတွင်းရှိ ဂုန်နီအိတ်ဟောင်းများပေါ်၌ လဲလျောင်းနေသည်။ ပတ်ဝန်းကျင်သည် မှောင်နှင့်မည်းမည်း။ ဤတဲအတွင်းသို့ နေဝင်ဖျိုးဖျကတည်းက ရောက်နေခြင်းဖြစ်သည်။ သူ့အား လားလှည်းတစ်စီးဖြင့် သယ်လာခြင်းဖြစ်၏။ ဘယ်နှနာရီထိုးပြီနည်း။အချိန်ကို သူမသိ။ ညသည် ရာသက်ပန်တည်နေတော့မည်လော။ သူသည် ကိုယ်ကိုလူးလွန့်ကာ တစ်စုံတစ်ခုကိုတွေးဖို့ အားထုတ်သည်။ သူ့အား ထိတ်လန့်ကြောက်ရွံ့စေမည့် အရာများကိုတော့ မတွေးချင်။ လူမည်းများ ကျွန်ဘဝမှ လွတ်လပ်ခွင့်ရနိုင်သည်ဟု ဆိုသော မြောက်ပိုင်းသို့ ဘယ်လိုရောက်အောင်သွားရမလဲဟု တွေးသည်။ ပြောသံဆိုသံကြားဖူးရုံမျှသာရှိသော ဤမြောက်ပိုင်းအကြောင်းကို သူတွေးမိသည့်အကြိမ်ပေါင်း

မြန်မာ စာအုပ်များ

တစ်ရာမက ရှိခဲ့ပြီ။ အကယ်၍ သူထွက်ပြေးသည့်အခါ မြောက်ပိုင်းသို့မရောက်ဘဲ လမ်းမှားသွားပြီး တောင်ပိုင်းသို့ရောက်သွားခဲ့ပါမူ သူတို့သခင် ဝေါလားထက် အဆ ပေါင်းများစွာဆိုးသည့် လူဖြူသခင်များနှင့် အလုပ်ကြပ်များကို တွေ့ရလိမ့်မည်။ သို့ဆို လျှင် မြောက်ပိုင်းကိုသွားလာရာလမ်းသည် ဘယ်လမ်းပါလိမ့်။ ဒါကျတော့ ကစ်ဇီမသိ။ ဘယ်လိုပဲဖြစ်ဖြစ် လွတ်အောင်တော့ပြေးမည်ဟု သူ အခိုင်အမာကျိန်ဆိုသည်။

တဲတံခါးဖွင့်သံကိုကြားရသည်။ ကစ်ဇီသည် ဖျတ်ခနဲ ထရပ်လိုက်ပြီး နောက်သို့ ဆုတ်သည်။ တဲအတွင်းသို့ဝင်လာသည့် လူတစ်ယောက်။ လက်တစ်ဖက်တွင် ဖယောင်း တိုင် တစ်တိုင်၊ အခြားတစ်ဖက်တွင် ကြာပွတ်တစ်ချောင်းကိုင်လျက်။ သူ့မျက်နှာကို မြင်လျှင်မြင်ချင်း ကစ်ဇီမှတ်မိသည်။ ယနေ့ သူ့အားဝယ်ခဲ့သည့် လူဖြူ။ အဆီပြန်ကာ ပြောင်လက်နေသော မျက်နှာကို မြင်ရုံမျှဖြင့် ကစ်ဇီတစ်ကိုယ်လုံး အေးစက်သွားသည်။

'ငါ နင့်အသားကို နာအောင်လုပ်ဖို့လာတာမဟုတ်ဘူး'

ဟု လူဖြူက ပြောသည်။ သူ့ပါးစပ်မှ အရက်နံ့သည် တထောင်းထောင်းထလျက် ရှိ၏။ လူဖြူဘာလုပ်ချင်နေသည်ကို ကစ်ဇီနားလည်သည်။

'ငါ နင့်ကို ချော့မြှူနေဖို့ အချိန်မရှိဘူး'

လူဖြူ၏စကားပြောသံမှာ ဗလုံးဗထွေး။ ကစ်ဇီက တစ်ချက်မျှ ပြန်ကြည့်သည်။ လူဖြူအား ဘယ်လိုရှောင်ကွင်းပြီး အပြင်ဘက်သို့ ထွက်ပြေးရပါမည်နည်း။ ကစ်ဇီ၏ စိတ်ကူးကို လူဖြူက ရိပ်မိသည့်လက္ခဏာရှိ၏။ သူသည် ကစ်ဇီအား အလစ်မပေး။ လက်ထဲမှ ဖယောင်းတိုင်ကို ကုလားထိုင်ပျက် လက်ကိုင်တစ်ခုပေါ် စိုက်နေခိုက်မှာပင် မျက်လုံးများက ကစ်ဇီအား မျက်ခြည်မပြတ် ကြည့်နေသည်။ ကစ်ဇီ၏ပခုံးများသည် တဲနံရံနှင့် တိုက်လျက်ရှိလေပြီ။

''ငါဟာ နင့်သခင်အသစ်ဆိုတာ နင်မသိသေးဘူးလား'

လူဖြူ၏မျက်နှာသည် မဲ့သလိုလို ပြုံးသလိုလို။

'နင်က အချောသားပဲ။ တကယ်လို့ ငါကသာ နင့်ကိုသဘောကျရင် လွတ်လပ် ခွင့်တောင်ပေးမှာ'

လူဖြူက ကစ်ဇီအားလှမ်းဖက်သည်။ ကစ်ဇီက ရှောင်လိုက်သဖြင့်မမိ။ လူဖြူ သည် ဒေါသတကြီး ဆဲလိုက်၏။ သူ့လက်ထဲမှ ကြာပွတ်သည် ကစ်ဇီ၏ကျောပေါ်သို့ တစ်ချက်ကျလာသည်။

'ငါ နင့်ကို အရေဆုတ်ပစ်မယ်'

ကစ်ဇီသည် လူဖြူ၏မျက်နှာကို လက်သည်းများဖြင့် ကုတ်ဖဲ့သည်။ သို့သော် အားချင်းက မမျှ။ နောက်ဆုံးတွင် ကစ်ဇီ ကြမ်းပေါ်သို့လဲကျသွားသည်။ ကစ်ဇီက လူဖြူအား လက်နှစ်ဖက်ဖြင့် အားကုန်တွန်းကာ ရုန်းထွက်ဖို့ကြိုးစားသည်။ လူဖြူက

မြန်မာ စာအုပ်များ

သူ့လည်ပင်းကို ညှစ်ထားသည်။ ထို့နောက် ကြမ်းပေါ်မှ အဝတ်စ ညစ်ညစ်တစ်စကို လုံးထွေးပြီး ပါးစပ်ထဲသို့ အတင်းထိုးသွင်းသည်။ ဆံပင်များကို ဆုတ်ဆွဲကာ ကစ်ဇီ၏ ဦးခေါင်းကို ကြမ်းပြင်နှင့် အကြိမ်ကြိမ်ဆောင့်သည်။ ကစ်ဇီ သတိမေ့သွားသည်။

နောက်နေ့မနက် အရုဏ်တက်တွင် ကစ်ဇီ၏ မျက်လုံးများပွင့်လာသည်။ အနီးတွင် လူမည်းမိန်းမငယ်တစ်ယောက်။ သူ၏ခန္ဓာကိုယ်အောက်ပိုင်းအား ရေနွေးဝတ်ဖြင့် ပွတ်တိုက်ပေးနေသည်ကို တွေ့ရသည်။ ရှက်စိတ်ကြောင့် သူသည် မျက်လုံးများကို ပြန်မှိတ်ထားလိုက်သည်။

'အခုလောလောဆယ်တော့ ညည်းဘယ်သူနဲ့မှ စကားပြောချင်မှာမဟုတ်ဘူး' ဟု အမျိုးသမီးကပြောသည်။ ခင်းထားသည့် အိတ်ဟောင်းတစ်လုံးဖြင့် ကစ်ဇီအား ခြုံပေးသည်။ 'ညည်းစားဖို့ ငါ တစ်ခုခုလာပို့ပေးမယ်'ဟု ပြောကာ ပြန်ထွက်သွားသည်။

ကစ်ဇီသည် ယမန်နေ့ညက ကြုံခဲ့ရသောအဖြစ်သည် တကယ်ဖြစ်ခဲ့ခြင်းမဟုတ်ဟု တွေးဖို့ကြိုးစားသည်။ သို့သော်လည်း သူ၏နာကျင်ကိုက်ခဲနေသော ကိုယ်အင်္ဂါအစိတ်ပိုင်းများက အမှန်တကယ်ဖြစ်ခဲ့သည်ဟု ထုတ်ဖော်ပြောပြနေကြသည်။ သူ့ကိုယ်ခန္ဓာသည် ဘယ်တော့မှ သန့်စင်တော့မည်မဟုတ်ဟူသော အတွေးသည် သူ့စိတ်တွင် ကပ်ငြိလျက်ရှိ၏။

ကစ်ဇီသည် လွန်ခဲ့သော လေးရက်နှင့် လေးညကို ပြန်၍သတိရသည်။ သူ့မိဘနှစ်ပါး၏ စိုးရိမ်ထိတ်လန့်နေသော မျက်နှာများ။ သူတို့၏ သနားစဖွယ် ငိုကြွေးမြည်တမ်းနေသည့် အသံများ။ စပေါ့ဆီဗားနီးယားကောင်တီခရိုင် ပုလိပ်အရာရှိက လွှဲပေးခဲ့သည့် ကျွန်ကုန်သည်၏လက်တွင်းမှ ထွက်ပြေးဖို့ ကြိုးစားနေသည့် သူ့အဖြစ်။ နောက်ဆုံးတွင် သူတို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ခဲ့ကြ၏။ ကျွန်ကုန်သည်ထံမှ ယခု သူ့အား အဓမ္မပြုခဲ့သော လူဖြူအား ရောင်းလိုက်သည်။ အဖေနှင့်အမေသာ ကြားနိုင်မည်ဆိုလျှင် သူအော်လိုက်ချင်ပါ၏။ သို့သော်လည်း သူ့မိဘများသည် သူ့အသံကို ကြားဖို့ဝေးစွ၊ သူ ဘယ်အရပ် ဘယ်ဒေသရောက်နေသည်ကိုပင် သိကြမည်မဟုတ်။ သူတို့ ဘာတွေဖြစ်နေကြသည်ကိုရော မည်သူကသိနိုင်ပါမည်နည်း။ မတ်စတာဝေါလားသည် သူ့စည်းကမ်း မချိုးဖောက်လျှင် မည်သူ့ကိုမျှမရောင်း။ ယခု သူ့အားရောင်းလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ သူ့အဖေနှင့် အမေသည် မတ်စတာဝေါလားနှင့် ပဋိပက္ခဖြစ်ဖွယ်ရှိ၏။

ပြီးတော့ နိုအာ...။ နိုအာ ဘယ်ရောက်ပြီး ဘာတွေဖြစ်နေသနည်း။ သေအောင် အရိုက်ခံနေရပြီလား။ နိုအာက သူ့ကိုတကယ်ချစ်သည်ဆိုလျှင် ခရီးသွားခွင့်လက်မှတ် အတုတစ်ခု လုပ်ပေးပါဟု တောင်းခဲ့၏။ နိုအာက သူ လွတ်မြောက်ပြီး မြောက်ပိုင်းနယ်မြေသို့ ရောက်သွားလျှင် အလုပ်လုပ်မည်။ ငွေရသည့်အခါ တိတ်တိတ်ကလေး ပြန်လာမည်။ ထို့နောက် 'ငါ နင့်ကိုဝယ်ပြီး မြောက်ပိုင်းကိုပြန်မယ်'ဟု ဆိုသည်။ သူ

မြန်မာ စာအုပ်များ

သည် နိအာ၏စကားကိုသတိရကာ ဝမ်းနည်းပက်လက်ငိုကြွေးမိပြန်သည်။ နိအာနှင့်သူ ပြန်လည်ဆုံတွေ့ဖို့ဝေးခဲ့လေပြီ။ နိအာနှင့်သာမဟုတ်၊ သူ့မိဘများနှင့်ပါ ပြန်လည်ဆုံတွေ့ဖို့ ဝေးခဲ့လေပြီ မဟုတ်ပါလော။

သူ့အတွေးများအတွင်းသို့ မျှော်လင့်ချက်ရောင်ခြည်လေးတစ်ခု ဖျတ်ခနဲဝင်လာသည်။ ကလေးဘဝက မစ္စအင်နီက သစ္စာဆို၍ ပြောခဲ့ဖူး၏။ သူကြီးလာ၍ လူဖြူလူချောတစ်ယောက်နှင့် အိမ်ထောင်ကျသည့်အခါ ကစ်ဇီအား သူ၏လက်စွဲတော် အစေအပါးအဖြစ် ရာသက်ပန်ထားမည်ဟူသောစကား ဖြစ်၏။ သူ မရှိတော့ဟု သိသည့်အခါ မစ္စအင်နီက မတ်စတာဝေါလားထံလာ၍ ကစ်ဇီအားပြန်ခေါ်ပေးပါဟု ပူဆာလေမလား။ အင်နီက ပူဆာသဖြင့် မတ်စတာဝေါလားက မိမိဘယ်ရောက်နေသည်ကို မရမက စုံစမ်းကာ ပြန်၍ ဝယ်လေမလား။ ဤအဖြစ်သည် တကယ်ကောဖြစ်နိုင်ပါ့မလား။

ပုလိပ်အရာရှိသည် ကျွန်ကုန်သည်အား သိသူဖြစ်၏။ ပုလိပ်အရာရှိမှတစ်ဆင့် ခြေရာခံလျှင် သူရှိရာသို့ရောက်လာနိုင်ဖွယ်ရှိ၏။ ယခုလောက်ဆိုလျှင် လိုက်လာနေကြပြီလား။ ယခုလောလောဆယ်တော့ဖြင့် သူသည် လမ်းပျောက်နေသည့် အစွန့်ပယ်ခံလူတစ်ယောက်ဘဝသို့ ရောက်နေရပြီ။ ဆက်လက်ငိုနိုင်လောက်အောင် မျက်ရည်မကျန်တော့သည့်အခါ ကစ်ဇီသည် သူ့အား အဆုံးစီရင်ပေးဖို့ ဘုရားသခင်ထံ တိုင်တည်သည်။ သူ့တွင် နိအာကိုချစ်မိသည့်အပြစ်သာရှိ၏။ ထိုအပြစ်ကို ကြီးမားသောအပြစ်ဟု ယူဆပါမူ သူ့အား သေဒဏ်သာပေးပါတော့ဟု ဆုတောင်းမိခြင်းဖြစ်သည်။

တဲတံခါးဖွင့်သံ ကြားလိုက်ရသဖြင့် ကစ်ဇီသည် အလန့်တကြားထကာ နံရံဘက်သို့ ဆုတ်လာခဲ့သည်။ ဝင်လာသူမှာ စောစောကအမျိုးသမီး။ သူသည် အိုးတစ်လုံး၊ ပန်းကန်တစ်ချပ်နှင့် ဇွန်းတစ်ချောင်းယူလာသည်။ အိုးကို စားပွဲပေါ်ချကာ အိုးထဲမှ အရည်များကို ပန်းကန်ထဲသို့ ဇွန်းနှင့်ခပ်ထည့်နေသည်။

'ငါက ဒီအိမ်ကြီးက ထမင်းချက်ပေါ့၊ မာလီဇီလို့ခေါ်တယ်၊ ညည်းနာမည်ဘယ်လိုခေါ်သလဲ'

'ကျွန်မနာမည် ကစ်ဇီပါ'

'ညည်းကြည့်ရတာ မိဘတွေက စနစ်တကျကျွေးမွေးစောင့်ရှောက်ပြီး ကြီးပြင်းလာခဲ့ရတဲ့ပုံပဲ၊ စားလိုက်ဦး၊ အေးသွားရင်စားလို့မကောင်းဘူး'

မစ္စမာလီဇီ၏အသံမှာ စစ္စတာမန်ဒီတို့ အန်တီဆုကေးတို့အသံနှင့် တူလှချေသည်။

ကစ်ဇီသည် ဇွန်းကိုကောက်ယူကာ တစ်ဇွန်းခပ်၍မြည်းသည်။ ထို့နောက် တစ်ဇွန်းပြီး တစ်ဇွန်း ခပ်၍စားသည်။

''အသက် ဘယ်လောက်ရှိပြီလဲ'

'ကျွန်မ ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ်'

မြန်မာ စာအုပ်များ

မာလီဇီက ကစ်ဇီအား စေ့စေ့စပ်စပ်ကြည့်သည်။

"ဒီမတ်စတာလူဖြူက လူမည်းမတွေကို ပိုသဘောကျတယ်။ သူ ငါ့ကိုလည်း မတော်မတရားပြုခဲ့တာပဲ။ တခြားမိန်းမတွေ ခေါ်လာတဲ့အခါကျတော့ သူက ငါ့ကို ထမင်းချက်နေရာမှာထားတယ်။ ငါ့ကို မသုံးတော့ဘူး။ အေးပေါ့ဟယ်၊ နင့်ဆီကိုလည်း မှန်မှန်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

တစ်ခဏမျှ ငြိမ်ဆိတ်နေပြန်သည်။

'ကလေးမ ညည်းဟာ လူမည်းမတစ်ယောက်ဆိုတာ နားလည်ထားမှဖြစ်မယ်။ ဒီလူဖြူမတ်စတာကို ညည်းက အလျှော့ပေးမှဖြစ်မှာ။ ညည်း အလျှော့မပေးရင် သူက သူလုပ်ချင်တာကို အတင်းအဓမ္မလုပ်မှာပဲအေ့။ သူ့ကို စိတ်ဆိုးအောင်လုပ်ရင်တော့ မလွယ်ဘူး'

ကစ်ဇီ၏ခေါင်းထဲတွင် အတွေးပေါင်းစုံဝင်လာသည်။ ယနေ့ မိုးချုပ်လျှင်ချုပ်ခြင်း ထွက်ပြေးမှဖြစ်မည်ဟု စိတ်ကူးလိုက်မိ၏။ မာလီဇီက သူ့စိတ်ကူးကို ရိပ်မိသည့်လက္ခဏာ ရှိသည်။

'ထွက်ပြေးဖို့များတော့ စိတ်မကူးနဲ့ကလေးမရေ။ အမဲလိုက်ခွေးကြီးတွေနဲ့ လိုက်မှာ။ ညည်း ပိုပြီးဒုက္ခရောက်သွားမယ်။ စိတ်ကိုလျှော့ပြီး အေးအေးဆေးဆေး နေသွားဖို့သာ စိတ်ကူးပါ'

မာလီဇီသည် စကားကို အမျှင်မပြတ်ပြောနေပြန်သည်။ မတ်စတာလူဖြူ ကြက်တိုက် ဝါသနာပါသည့်အကြောင်းနှင့် ကြက်သမား နီဂရိုးကြီးတစ်ယောက် မွေးထားသည့် အကြောင်းများလည်း ပါသည်။

ကစ်ဇီက ကြားဖြတ်မေးသည်။

'လူဖြူက သူ့မိန်းမ လူဖြူမနဲ့ မအိပ်ဖူးလား'

'အိပ်တာပေါ့၊ သူက မိန်းမဝါသနာကြီးတယ်။ သူ့မိန်းမကလည်း သူ့ကို သေမလောက် ကြောက်တာဆိုတော့ သူ့ဘာလုပ်နေနေမပြောရဲဘူး။ မိန်းမက သူ့ထက် အသက်အများကြီး ငယ်တယ်။ သူက သူ့မိန်းမကို သူ့တိုက်ကြက်တွေလောက်တောင် ဂရုစိုက်တာမဟုတ်ဘူး။ ပြီးတော့လည်း သူက . . .

မာလီဇီ စကားဆက်ပြောနေခိုက် ကစ်ဇီ၏အတွေးသည် လွတ်အောင်ထွက်ပြေးဖို့ စိတ်ကူးဆီသို့ ရောက်သွားပြန်သည်။

'ဒီမယ်ကွဲ့ မိန်းကလေး၊ ညည်း ငါပြောတာနားထောင်နေသေးရဲ့လား'

'နားထောင်နေပါတယ်'ဟု ကစ်ဇီက လျင်မြန်စွာဖြေသည်။ မျက်မှောင်ကြုတ်ထားသည့် မာလီဇီ၏မျက်နှာသည် အတန်ငယ်ပြေသွားသည်။ သူသည် ကစ်ဇီအား စေ့စေ့စပ်စပ် အကဲခတ်နေပြန်သည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ညည်ဘယ်ကနေပြီး ရောက်လာတာပဲ'

ကစ်ဇီက ဗာဂျီးနီးယားပြည်နယ်၊ စပို့ဆီဗားနီးယားကောင်တီခရိုင်နယ်မြေအတွင်းမှ လာသည်ဟု ဖြေသည်။

'ငါတော့ တစ်ခါမှမကြားဖူးဘူး။ ငါတို့အရပ်ကတော့ မြောက်ပိုင်း ကာရိုလိုင်းနားပြည်နယ် ကက်စ်ဝဲလ်ကောင်တီခရိုင်လို့ခေါ်တယ်'

ထိုနယ်မြေ ဘယ်နေရာမှာရှိသည်ကို ကစ်ဇီ အတိအကျမသိ။ အရင်ကတော့ မြောက်ပိုင်း ကာရိုလိုင်းနားပြည်နယ်အမည်ကို ပြောသံကြားခဲ့ဖူးသည်။ ဘယ်လိုပဲဖြစ်ဖြစ် ယခု သူရောက်နေသောနေရာသည် ဗာဂျီးနီးယားနှင့် နီးလိမ့်မည်ဟုထင်သည်၊

'ညည်း ငါတို့မတ်စတာနာမည်ကိုသိပြီလား'ဟု မာလီဇီက မေးသည်။ ကစ်ဇီက ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည်။

'သူ့နာမည်က မတ်စတာတွမ်လီယာတဲ့။ အဲဒီတော့ ညည်းနာမည်ကို ကစ်ဇီလီယာလို့ ခေါ်ရတော့မှာပေါ့'

'ကျွန်မနာမည် ကစ်ဇီဝေါလား'ဟု ကစ်ဇီကပြန်ပြောသည်။ ဝေါလား၏နာမည်ကို ထည့်ပြောလိုက်မိသည့်အခါ ဖြစ်ပျက်ခဲ့သမျှအားလုံးကို ပြန်၍သတိရပြီး ကစ်ဇီသည် ဝမ်းနည်းပက်လက်ငိုကြွေးပြန်သည်။

'ဝမ်းမနည်းပါနဲ့ ကလေးမရယ်၊ ငါတို့နီဂရိုးတွေမှာ နာမည်ရင်းက အရေးမကြီးတော့ပါဘူး။ တို့ကိုပိုင်တဲ့ လူဖြူနာမည်တွေက အရေးကြီးနေတယ်အေ့...'

'ကျွန်မအဖေက ကွမ်တာကင်တီလို့ခေါ်ပါတယ်။ သူက အာဖရိကန်သားစစ်စစ်ပါ။ ကျွန်မအမေရဲ့နာမည်က ဘဲလ်လို့ခေါ်တယ်။ သူလည်း ရှင့်လိုပဲ။ လူဖြူ[illegible] ရဲ့ အိမ်မှာ ထမင်းချက်ပြုတ်ရတယ်။ အဖေကတော့ မတ်စတာရဲ့ မြင်းရထားမောင်းသမားပေါ့'

'သြော်...ညည်းက အဖေအမေ အစုံရှိနေလျက်နဲ့ ဒီရောက်လာတာကိုး'

မာလီဇီသည် ကစ်ဇီ၏အဖြစ်ကို မယုံကြည်နိုင်အောင် ဖြစ်နေပုံရ၏။

'တို့လူမည်းမကလေးတွေ အများစုဟာ အဖေအမေနဲ့ အတူတူမနေခဲ့ကြရတာက များတယ်ဟဲ့။ အဖေအမေ ဘယ်သူဘယ်ဝါဆိုတာ ကောင်းကောင်းမသိခင်ကတည်းက အရောင်းခံရလို့ မိဘတွေနဲ့ ကွဲကွာသွားကြရတာများတယ်'

မာလီဇီက ပြန်တော့မည်ဟန်ပြင်သည်။ တစ်ယောက်တည်း အထီးကျန်နေရမည့်အဖြစ်ကို တွေးပြီးကြောက်လာသော ကစ်ဇီက စကားနောက်ထပ်ပြောရန် အားထုတ်သည်။

''ရှင် စကားပြောတာ ကျွန်မအမေနဲ့ သိပ်တူတာပဲ'

မာလီဇီသည် ကစ်ဇီ့စကားကြောင့် အံ့သြသွားပုံပေါ်သည်။ သဘောကျသွားပုံလည်းရ၏။

စိတ်ကူးချိုချို

'အေးဟယ်၊ ညည်းအမေဟာ ခရစ်ယာန်ပီသတဲ့အမျိုးသမီး ဖြစ်ပုံရတယ်'

'ဒီအိမ်မှာ ဘယ်လိုအလုပ်မျိုးတွေလုပ်ရသလဲ'ဟု ကစ်ဇီက မေးသည်။

'ညည်းကို မတ်စတာတွမ်လီယာက ဒီအိမ်ကြီးမှာ နီဂရိုးဘယ်နှယောက်ရှိတယ် ဆိုတာ မပြောပြဘူးလား'

ကစ်ဇီ ခေါင်းခါသည်။

'မှတ်ထားကွဲ့ သမီးရဲ့။ ငါတို့အားလုံး ငါးယောက်ပဲရှိတယ်။ ကြက်တွေစောင့်ရတဲ့ အဘိုးအို မင်ဂိုရယ်၊ ငါရယ်၊ ငါက ထမင်းချက်ရတယ်၊ အဝတ်လျှော်ရတယ်၊ အိမ်သန့်ရှင်းရေးလုပ်ရတယ်။ ပြီးတော့ စစ္စတာဆာရာနဲ့ အန်ကယ်ကြီးပွန်ပေတို့ရှိတယ်။ သူတို့နှစ်ယောက် ယာခင်းထဲထွက်ပြီး အလုပ်လုပ်ကြရတယ်။ ညည်းလည်း သူတို့နဲ့ အတူတူ အလုပ်လုပ်ရမှာပဲ။ ညည်းဟိုမှာနေတုန်းက ဘာတွေလုပ်ခဲ့ရလဲ'

'အိမ်ကြီးထဲမှာ ဖုန်သုတ်ရတယ်၊ အမှိုက်လှဲရတယ်၊ မီးဖိုချောင်မှာ အမေ့ကိုကူရတယ်'ဟု ကစ်ဇီက ဖြေသည်။

'အေး...ငါလည်းထင်သားကပဲ။ ညည်းလက်ကလေးတွေက ပျော့ပျော့နုနုကလေးတွေ။ မြင်တာနဲ့သိပါတယ်ဟယ်။ ဒီမှာကတော့အေ အလုပ်ကကြမ်းမှာ'

မာလီဇီသည် ကစ်ဇီစိတ်သက်သာရာရအောင် စကားကို လျှော့ပြောမှသင့်မည်ဟု တွေးမိပုံရ၏။

'ညည်းအဖြစ်ကသနားစရာပါပဲလေ။ ဒီမယ် ငါပြောတာနားထောင်။ ညည်းနေခဲ့ရတာက လူချမ်းသာတွေရဲ့အိမ်ဖြစ်မယ်။ ဒါပေမဲ့ ဒီမှာတော့ အဲသလိုမဟုတ်ဘူး။ မတ်စတာက လူဖြူဆင်းရဲသားအေ့။ သူက တခြားဆင်းရဲသားတွေထက် နည်းနည်းပါးပါး ပိုရှိတယ်ပေါ့လေ။ အိမ်ဆောက်တာတောင် အိမ်ရှေ့မျက်နှာစာကိုသာ လူအထင်ကြီးအောင် လုပ်ထားတာ။ ဒီအနားတစ်ဝိုက်မှာတော့ သူ့လိုလူတွေပါပဲအေ့။ ဒီအရပ်မှာ ပြောလေ့ပြောထရှိတယ်။ မြေပိုင်တော့ ဧကတစ်ရာ၊ ကျွန်ကျတော့ လေးယောက်တဲ့။ မတ်စတာတွမ်မှာ ယာဧက ရှစ်ဆယ်လောက်ပဲရှိတာ။ သူက ကြက်တိုက်တာလောက်ပဲ အလုပ်ကြီးတစ်ခုလို လုပ်နေတာပါအေ့။ ဟိုလူမည်းအဘိုးအို မင်ဂိုက သူ့ကြက်တွေကို လေ့ကျင့်ပေးရတယ်။ မတ်စတာကတော့ သူရတဲ့ငွေကို ကြက်တွေနဲ့ပဲ ဖြုန်းပစ်နေတာ။ သူ့ကြက်တွေကြောင့် သူချမ်းသာလာမှာလို့ သူ့ဇနီးကို အမြဲပြောနေတာပဲ။ သူမှုးပြီဆိုရင် သူ့မိန်းမကို အဆောင်ခြောက်ဆောင်ပါတဲ့ အိမ်အကြီးကြီးဆောက်ပေးမယ်လို့ ပြောတယ်။ အိမ်ဆောက်ပြီးရင် မြင်းတွေမွေးမယ်၊ မြင်းထရိန်နာတွေထားမယ်၊ သူ့စီးဖို့ မြင်းရထားတစ်စီးထားမယ်။ ဘာညာနဲ့ပြောနေတာပဲ။ ဒီနယ်ထဲက ယာပိုင်ရှင် လူဖြူသူဌေးတွေလုပ်တာကို အားကျပြီး ပြောတာပေါ့အေ့။ အခုတော့ အန်ကယ်ပွန်ပေနဲ့ စစ္စတာဆာရာတို့ကလည်း သူစိုက်ချင်သလောက် စိုက်မပေးနိုင်ကြဘူး။ လူအားက နည်းတာကိုးအေ့။ ဒါကြောင့် ညည်းကိုဝယ်လာတာ'

စိတ်ကူးချိုချို

မာလီဇီသည် ခဏမျှ အမောဖြေနေသည်။

'ညည်းကို ဘယ်လောက်ပေးပြီးဝယ်ခဲ့တာလဲ၊ ညည်းသိလား'

'မသိပါဘူးရှင်'ဟု ကစ်ဇီက ပြန်ပြောသည်။

'အင်း အခု ကျွန်ပေါက်ဈေးနဲ့ဆိုရင် အနည်းဆုံး ဒေါ်လာခြောက်ရာ ခုနစ်ရာတော့ ပေးရမှာပဲ။ ညည်းက အသက်ငယ်တော့ ကျန်းမာတယ်၊ သန်စွမ်းတယ်။ ပြီးတော့ မျိုးကောင်းရိုးကောင်းလည်း ဖြစ်ပုံရတယ်မဟုတ်လား'

မာလီဇီသည် တဲတံခါးဆီသို့ လျှောက်သွားသည်။ တံခါးနားရောက်သည့်အခါ ခဏမျှ ရပ်လိုက်ပြီး စကားလှမ်းပြောပြန်သည်။

'တကယ်လို့ မတ်စတာတွမ်က ညည်းကို သားဖောက်ကျွန်အဖြစ်ထားမယ်ဆိုရင်လည်း အံ့ဩစရာတော့မရှိပါဘူးလေ။ ဒီအနီးအနားက တချို့လူဖြူ လူချမ်းသာတွေက သားဖောက်ဖို့ လူမည်းတွေမွေးထားပြီး ငွေစားကြတယ်။ ဒါပေမဲ့ ညည်းကိုတော့ သူက တခြားလူမည်းတွေနဲ့ သားစပ်မယ်မထင်ဘူး။ သူကိုယ်တိုင်ပဲ သားစပ်လိမ့်မယ်ထင်တယ်'

[၈၄]

သူတို့နှစ်ဦးကြား ပြောကြားသည့်စကားမှာ တိုတိုပြတ်ပြတ်နိုင်လွန်းလှ၏။ 'မတ်စတာကျွန်မမှာ ကလေးရှိနေပြီ'၊ 'နင့်မှာကလေးရှိတာ ငါကဘာလုပ်ပေးရမှာလဲ၊ အလုပ်မလုပ်ချင်တာနဲ့ နေမကောင်းသလိုလိုဘာလိုလို ပလီစိခြောက်ချက်လာမလုပ်နဲ့၊ မရဘူး'

ကစ်ဇီ၏ဗိုက် တနေ့ထက်တစ်နေ့ စူထွက်လာသည့်နှင့်အမျှ တွမ်လီယာသည် ကစ်ဇီ့ထံသို့ အလာကျဲသွားသည်။ ကစ်ဇီကတော့ ဗိုက်ကြီးတကားကားနှင့် အလွန်ပူပြင်းသော နေရောင်အောက်တွင် အားရက်နားရက်မရှိဘဲ နေထွက်မှနေဝင် တကုတ်ကုတ်အလုပ်လုပ်ရရှာသည်။ တစ်ချိန်လုံး ချွေးတလုံးလုံး ခေါင်းတနောက်နောက်။ မနက်ခင်းဆိုလျှင် အမြဲတစေ ပျို့လိုက်အန်လိုက်။ ပေါက်ပြားလက်ကိုင်ကို မနားတမ်းဆုပ်ကိုင်ထားရသဖြင့် လက်ဖဝါးများတွင် မီးလောင်ဖုလို အဖုကြီးများပေါက်လာသည်။ ထိုအဖုကြီးများ ပေါက်သွားသည့်အခါ အနာများဖြစ်လာသည်။ နောက်ထပ်အဖုသစ်များထပ်ထွက်လာသည်။ မခံရပ်နိုင်အောင် နာလှသော်လည်း ရပ်နား၍မရ။ ဦးလေးပွန်ပေနှင့်စစ္စတာဆာရာတို့၏နောက် မနီးမဝေးမှကပ်၍ လိုက်နိုင်အောင် အမြဲသတိထားပြီးလုပ်နေရ၏။

မြန်မာ စာအုပ်များ

ဦးလေးပွန်ပေသည် အရပ်ပုပုနှင့် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင် လူမည်းကြီးတစ်ယောက်ဖြစ်၍ စန္ဒတာဆာရာမှာ ကိုယ်လုံးကိုယ်ပေါက် ကျစ်ကျစ်လျစ်လျစ်နှင့် အသားညိုညိုဖြစ်သည်။ သူတို့နှစ်ယောက်စလုံးက သူ့အပေါ် ဘယ်လိုမြင်ကြလိမ့်မည်နည်း။ ကစ်ဇီသည် ယခုအချိန်ထိ ခန့်မှန်း၍မရသေး။ ကလေးကိုယ်ဝန်ရှိခြင်းနှင့် ပတ်သက်၍ သူ့အမေပြောခဲ့ဖူးသည့် စကားများကို ကစ်ဇီမမေ့သေး။ ယခုအချိန်တွင် အမေ သူ့အနား၌သာရှိမည်ဆိုပါမူ အဖြစ်သနစ်ကို အစမှအဆုံး ရင်ဖွင့်လိုက်ချင်ပါ၏။ အကြောင်းစုံသာပြောပြလိုက်လျှင် သူ့အမေကလည်း သူ့အပြစ်မဟုတ်ကြောင်း နားလည်သွားမည်ဟု သူယုံကြည်သည်။

ထို့ပြင်လည်း မကြာခဏ ဘဲလ်ပြောခဲ့ဖူးသည့် သခင်ဝေါလား၏မိန်းမနှင့်ကလေးအကြောင်းကိုလည်း သူ သတိရနေမိသည်။

'ကလေးကထွားလွန်းလို့ မွေးရခက်ပြီး သားအမိနှစ်ယောက်စလုံး သေခဲ့ရတာ'ဟု ဘဲလ်က ပြောပြခဲ့၏။ မိမိအနေဖြင့်ကော ကလေးမွေးနိုင်လောက်အောင် ခန္ဓာကိုယ်ဖွဲ့စည်းပုံ ကြီးမားကြွခိုင်ပါ၏လော။

ယခုဆိုလျှင် သူ့အနီး၌ သူ့ထက်အသက်ကြီးသော မစ္စမာလီဇီနှင့် စန္ဒတာဆာရာတို့ ရှိကြ၏။ သူတို့သည် မိမိ၏ဗိုက် တဖြည်းဖြည်းကြီးလာနေသည်ကို မမြင်ကြသလိုပင် ဘာသာလဝါနေကြ၏။ မေးဖော်မြန်းဖော်ပင်မရ။ ဤအတွက် ကစ်ဇီသည် စိတ်ထဲက ကျိတ်၍ ဒေါသဖြစ်မိသည်။ ကလေးမွေးရမည်ကို ကြောက်နေသော မိမိအနေဖြင့် သူတို့ကို ယုံကြည်အားကိုးနေရခြင်းသည် မတ်စတာလီယာအား ယုံကြည်အားကိုးမိသလို ဖြစ်လိမ့်မည်ဟု ယုံကြည်မိသည်။ လီယာကတော့ ကစ်ဇီဗိုက်ကြီးနေခြင်းနှင့်ပတ်သက်၍ သူနှင့်မဆိုင်သလိုပင် နေထိုင်လျက်ရှိ၏။

၁၈၀၆ ခုနှစ် ဆောင်းဦးတွင် ကစ်ဇီမီးဖွားသည်။ စန္ဒတာဆာရာက ဝမ်းဆွဲလုပ်သည်။ ညည်းလိုက် ညူလိုက် အော်လိုက် ဟစ်လိုက်နှင့် ချွေးတွေ ရွှဲရွှဲစိုနေသောကစ်ဇီသည် နောက်ဆုံးတွင် စန္ဒတာဆာရာ၏လက်ထဲ၌ ကလေးကိုင်မြှောက်ထားသည်ကို မြင်ရသည်။ ကလေးမှာ ယောကျ်ားကလေး၊ အသားရောင်က အဝါရောင် ဖြစ်လိမ့်မည်ဟု ခန့်မှန်းရ၏။

ကလေးအားကြည့်ပြီး အလန့်တကြားဖြစ်နေသော ကစ်ဇီအား စန္ဒတာဆာရာက 'မွေးစကလေးတွေဟာ အနည်းဆုံး တစ်လလောက်အထိ အသားရောင်မမှန်သေးဘူး သမီးရဲ့'ဟု ဖျောင်းဖျစကားပြောသည်။ သို့သော်လည်း နေ့စဉ်နှင့်အမျှ အချိန်ရတိုင်း သူ့ကလေးကိုကြည့်နေသော ကစ်ဇီသည် အခြေအနေကိုနားလည်လာသည်။ တစ်လပြည့်သွားပြီး နောက်ပိုင်းတွင်မှ သူ့ကလေး၏ အသားရောင်သည် ရာသက်ပန် အညိုရောင်ဖြစ်တော့မည်ဟု အတိအကျသိလာရလေပြီ။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ငါတို့သခင်ရဲ့ခြံမှာ နီဂရိုးလူမည်းစစ်စစ်တွေပဲရှိတယ်၊ ဟိုအကောင်မျိုးတွေ မရှိဘူး သိလား'ဟု သူ့မိခင်ဘဲလ်က ဂုဏ်လုပ်၍ကြွားလေ့ရှိ၏။ သူ့ဖခင်ကလည်း မျက်နှာဖြူနှင့်စပ်ကျသော မူလက်တိုခေါ် ကပ္ပလီများအား 'ဆတ်ဆို- ဘောရိုး'ဟု အမည်တပ်ခေါ်ကာ သရော်လေ့ရှိ၏။ ဤအဖြစ်များကို သတိရသောအခါ ကစ်ဇီ အရုက်ကြီး ရှက်မိသည်။ ယခုအခါမျိုးတွင် သူ့အမေနှင့်အဖေတို့ အနားၐ္ဍမရှိခြင်းအတွက် များစွာဝမ်းသာမိသည်။ သို့သော်လည်း သူ့အဖို့ကတော့ တစ်သက်လုံး ခေါင်းထောင်နိုင်တော့မည်မဟုတ်။

သူသည် နီအာကို သတိရမိပြန်သည်။

'တို့နှစ်ယောက် အခုတွေ့တာနောက်ဆုံးပဲ။ ငါက ထွက်ပြေးတော့မှာ။ ဘာပြုလို့ ငါ့ကို ခွင့်မပြုတာလဲဟယ်'

နီအာပြောခဲ့သောစကားကို သူပြန်လည်ကြားယောင်မိ၏။ ထိုစဉ်ကသာ နီအာ၏ အလိုဆန္ဒကို သူလိုက်လျောခဲ့မိပါမူ မည်မျှကောင်းပါမည်နည်း။ သို့ဆိုလျှင် ယခုမွေးသော ကလေးသည် နီအာ၏ကလေးဖြစ်မည်မှာသေချာ၏။ အနည်းဆုံး ဤကလေး၏အသားသည် အမည်းရောင်ဖြစ်မည်မှာမလွဲ။

'မိန်းကလေးရယ်၊ နင့်ကြည့်ရတာ မရွှင်မလန်းနဲ့၊ မပျော်သလိုဘဲ။ ဘာပြုလို့လဲ' ဟု တစ်နေ့သောနံနက်တွင် မစ္စမာလီဇီက ကစ်ဇီအားမေးသည်။

'မိန်းကလေးရယ်၊ ညည်းကြည့်ရတာ ပူစရာမဟုတ်တာတွေကို တွေးပူနေသလိုပဲ။ ဒီခေတ်မှာ ဒါမျိုးတွေက ရိုးကုန်ပါပြီကွယ်။ ဘယ်သူကမှလည်း သိပ်ပြီးဂရုတစိုက် မလုပ်ကြတော့ပါဘူး။ မူလက်တိုတွေလည်းပဲ ငါတို့နီဂရိုးလူမည်းတွေလိုပါပဲ။ ပြီးတော့လည်း ညည်းကလေးကို တို့သခင်ကြီးကလည်း သူ့ကလေးပါဆိုပြီး ယူထားမှာမဟုတ်ပါဘူး။ ငွေတစ်ပြားတစ်ချပ်မှမကုန်ဘဲ ကျွန်တစ်ယောက်ရလာတယ်လို့ပဲ သဘောထားမှာပါ။ သူကြီးလာတော့လည်း ညည်းတို့ ငါတို့လိုပဲ ယာခင်းထဲထွက်ပြီး အလုပ်လုပ်နေရမှာပါ။ အဲဒီတော့ ညည်းကလေးဟာ ညည်းကလေးပါပဲ။ ဒီကလေးနဲ့ ပျော်အောင်နေပါ အေရယ်'

ယင်းကဲ့သို့သောဖျောင်းဖျစကားများကြောင့် ကစ်ဇီသည် သူ့ကိုယ်သူ ထိန်းနိုင်ခဲ့သည်။

'ကလေးမွေးဖွားပြီး တစ်လပြည့်သောညတွင် ကစ်ဇီ၏တဲသို့ လီယာ ရောက်လာသည်။ အိပ်ရာပေါ်၌ အိပ်မောကျနေသော ကလေး၏မျက်နှာကို သူ့လက်ထဲမှ ဖယောင်းတိုင်မီးဖြင့် အသေအချာငုံ့ကြည့်သည်။ 'ရုပ်က ဘယ်ဆိုးလို့လဲ၊ ထွားလည်း ထွားသားပဲ'ဟု ပြောသည်။ ထို့နောက် ကစ်ဇီအား လှည့်ကြည့်သည်။

မြန်မာ စာအုပ်များ

'ဒီတစ်ပတ်ကုန်ရင်တော်လောက်ပြီ။ တနင်္လာနေ့ကျရင် နင်အလုပ်ပြန်ဆင်း'

'မတ်စတာရယ်၊ သူ့ကိုထိန်းဖို့ ခဏလောက်တော့နေပါရစေဦး'

'ကောင်မ၊ နင့်ပါးစပ်ကိုပိတ်ထားစမ်း၊ ငါပြောတဲ့အတိုင်းလုပ်၊ လျှာမရှည်နဲ့။ နင့်ကလေးကို ယာတောထဲခေါ်သွား၊ ခေါ်မသွားရင် အဲဒီကလေးကို ငါယူထားပြီး နင့်ကို ရောင်းပစ်လိုက်မယ်'

သူ့အား သူ့သားနှင့်ခွဲ၍ ရောင်းပစ်မည်ဟူသောစကား ကြားရုံမျှဖြင့် ထိတ်လန့်တုန်လှုပ်သွားသည့် ကစ်ဇီသည် ရှိုက်ကြီးတငင်ငိုကြွေးသည်။ 'ခိုင်းတဲ့အတိုင်းလုပ်ပါမည်'ဟုလည်း ပြောသည်။ သူ့စကား မဖယ်ရှားဝံ့သည့်အဖြစ်ကို မြင်ရသောအခါ လူဖြူသခင်က ကျေနပ်သည်။ ထို့နောက် ကစ်ဇီအား သူ့ဆန္ဒအတွက် အသုံးချပြန်သည်။ သူ့အလိုပြည့်၍ ပြန်တော့မည်အပြုတွင် အိပ်ရာပေါ်မှကလေးအား နောက်တစ်ကြိမ်ငုံ့ကြည့်ပြန်သည်။

'သူ့ကိုနာမည်ပေးရမယ်၊ ကျော့လို့ခေါ်။ ငါတွေ့ခဲ့ဖူးတဲ့ နီဂရိုးတစ်ယောက် ရှိတယ်။ အဲဒီကောင်ကြီးက သိပ်အလုပ်လုပ်တယ်။ အခုမှည့်တာသူ့နာမည်ပဲ။ ဒီနာမည်ကို မနက်ဖြန်ကျရင် ငါသမ္မာကျမ်းစာထဲ သွင်းထားလိုက်မယ်။ သိပ်ကောင်းတဲ့နာမည်ပဲ'

သူသည် တဲထဲမှပြန်ထွက်သွားသည်။

ကစ်ဇီသည် သူ့ကလေးကို 'ကွမ်တာ'သို့မဟုတ် 'ကင်တီ'ဟု မှည့်ရလျှင် ကောင်းလေမလားဟု စဉ်းစားထားခဲ့၏။ ထိုနာမည်မျိုးမှည့်လျှင် မတ်စတာလီယာက ဘာပြောမလဲဟုလည်း တွေးထားခဲ့၏။ သို့သော် ယခု သူ့သခင်က သူ့သားကို သူကြိုက်သည့်နာမည် မှည့်သွားခဲ့လေပြီ။ သူ့ကိုယ်သူ အာဖရိကန်သားစစ်စစ်ဟု ဂုဏ်ယူလျက်ရှိသော သူ့ဖခင်သာသိလို့ကတော့ ဘယ်နည်းနှင့်မျှ ကျေနပ်လိမ့်မည်မဟုတ်။

သူ့ဖခင်သည် လူဖြူများအား အလွန်မုန်းတီးရွံရှာသူဖြစ်၏။ လူဖြူများအပေါ် ဘာ့ကြောင့် ဤမျှလောက်မုန်းသည်ကို ဟိုတုန်းကတော့ သူနားမလည်ခဲ့။ ယခုမှပင် သဘောပေါက်ခဲ့ရ၏။ လူဖြူများသည် လူမည်းများအပေါ်၌ အတိုင်းအဆမရှိအောင်ပင် ရက်စက်ယုတ်မာကြ၏။

'လူဖြူတွေလုပ်သမျှထဲမှာ အဆိုးဆုံးအလုပ်တစ်ခုရှိတယ်။ တခြားမဟုတ်ဘူး။ လူမည်းတွေကို သူတို့ကိုယ်သူတို့ လူလို့မထင်အောင် လုပ်ထားတဲ့အချက်ပဲ' ဟုပင် သူ့အဖေ ကွမ်တာက ပြောခဲ့ဖူးသည်မဟုတ်ပါလား။

'အမေဟာ ညည်းအဖေကိုတွေ့တွေ့ချင်း သဘောကျခဲ့တာအေ့။ အဲဒါဘာ့ကြောင့်လဲ သိလား။ အမေ တွေ့ဖူးမြင်ဖူးသမျှထဲမှာ သူဟာ ဂုဏ်သိက္ခာအရှိဆုံး လူမည်းတစ်ယောက်မို့ပေါ့'

မြန်မာ စာအုပ်များ

သူ့အမေဘဲလ် ပြောဖူးခဲ့သည့် ထိုစကားများကိုလည်း သူ ပြန်၍သတိရသည်။ အိပ်မပျော်မီအချိန်တွင်းမှာပင် ဆုံးဖြတ်ချက်တစ်ခုကို သူအနိုင်အမာချလိုက်မိ၏။ သူ့သား၏မျိုးရိုးဗီဇသည် ဘယ်မှာပဲအခြေခံခံ၊ သူ့သား၏အသားအရောင်သည် မည်မျှပင် ညိုညို၊ မတ်စတာလီယာက ဘယ်လိုနာမည်မျိုးပဲမှည့်မှည့်၊ သူ့သားအား အာဖရိကန် စစ်စစ်တစ်ဦး၏ မြေးဟုသာ အသိအမှတ်ပြုမည်ဟူသော ဆုံးဖြတ်ချက် ဖြစ်လေသည်။

[၈၅]

ဦးလေးပွန်ပေသည် ကစ်ဇီနှင့်တွေ့လျှင် 'နေကောင်းလား'ဟူသောမေးခွန်းမှ တစ်ပါး တခြားစကားများ ပြောလေ့မရှိ။ သို့သော် ကစ်ဇီ ကလေးကိုချီ၍ အလုပ်ခွင်ပြန်ဝင်သော နေ့တွင်မူ သူသည် ရှက်ရွံ့သောမျက်နှာထားဖြင့် ကစ်ဇီထံကပ်လာပြီး ချွေးစိုနေသော ဦးထုပ်နှုတ်ခမ်းကို လက်ဖြင့်အသာထိကာ ယာခင်းစွန်ရှိ သစ်ပင်အုပ်ဆီသို့ လက်ညှိုး ထိုးပြသည်။

'ကလေးကို ဟိုသစ်ပင်တွေအောက်မှာထားမှကောင်းမယ်'ဟု ပြောသည်။ သူ ဘာဆိုလိုသည်ကို ကစ်ဇီ ချက်ချင်းသဘောမပေါက်။ သစ်ပင်များဆီသို့ လှမ်းကြည့် လိုက်သောအခါ သစ်ပင်တစ်ပင်အောက်၌ တစ်စုံတစ်ခုကိုမြင်ရသည်။ ဘာဟူ၍သေသေ ချာချာမသိ။ အနီးသို့ရောက်သွားသောအခါ သူတွေ့နေရသောအရာကိုကြည့်၍ ကစ်ဇီ မျက်လုံးအစုံတွင် မျက်ရည်များစို့လာသည်။ လတ်လတ်ဆတ်ဆတ်ခုတ်ယူထားသည့် လုံးပတ်သေးသေး သစ်ပင် ပင်စည်များကို တိုင်ထူ၍ မြက်ပင်ရှည်ကြီးများမိုးထားသည့် တစ်ဖက်ရပ် တဲကလေးတစ်လုံးပေတည်း။

ကစ်ဇီသည် အသင့်ခင်းထားသည့် မြက်ပင်များပေါ်တွင် အဝတ်တစ်ထည် ဖြန့် ခင်းကာ ကလေးအား ချသိပ်သည်။ ကလေးသည် တစ်ခဏမျှ ငိုကြွေးသော်လည်း ကစ်ဇီက တင်ပါးကိုပုတ်၍ အသံပေးလိုက်သည့်အခါ အငိုတိတ်သွားသည်။ အဖော် နှစ်ယောက်နှင့် အလုပ်တွဲ၍ လုပ်နေကြရသည့်အခါ ကစ်ဇီက လှမ်းပြောသည်။

'ဦးလေးပွန်ပေ ဆောက်ပေးတားတဲ့တဲကို သူ သဘောကျတယ်'

ဦးလေးပွန်ပေက 'အင်း'ဟုအသံပြန်ပေးသည်။ စိတ်မကောင်းဖြစ်နေသည့်အရိပ် အခြည်ကိုမူ သူ့မျက်နှာတွင် မပေါ်အောင်ထိန်းထားသည်။ ကစ်ဇီသည် မကြာမကြာ သူ့ကလေးဆီသို့ ပြေးပြေးသွားပြီး ကြည့်သည်။ ကလေးငိုသည့်အခါတိုင်း တစ်ဖက်ရပ် တဲအောက်၌ ထိုင်၍ နို့တိုက်သည်။ တစ်နေ့တာအလုပ်ပြီး၍ ပြန်ကြသည့်အခါတိုင်း စစ္စတာဆာရာက ကလေးကိုချီ၍ ကစ်ဇီက သူတို့နှစ်ယောက်၏ ပေါက်ပြားများကို သယ်သည်။ တဲသို့ပြန်ရောက်ချိန်တွင် နေရောင်ကွယ်သွားလေပြီ။ ကစ်ဇီသည် ကပျာ

မြန်မာ စာအုပ်များ

ကယာ မီးမွေးကာ ချက်ပြုတ်သည်။ ချက်ပြုတ်ပြီးသည့်အခါ ကသောကမျော စားသောက်ပြီး အိပ်ရာဝင်သည်။ တစ်ခါတစ်ရံ ကလေးအား ချော့လိုက်.မြူလိုက်လုပ်ရင်း အချိန်ဖြုန်းသည်။

လီယာကတော့ တစ်ပတ်လျှင် နှစ်ကြိမ်သုံးကြိမ် ပုံမှန်ရောက်လာပြီး ကစ်ဇီအား အနိုင်အထက်ပြုလေ့ရှိသည်။ သူလာလျှင် အရက်နံ့က တထောင်းထောင်း။ ကစ်ဇီ အနေဖြင့် လက်ခံလိုစိတ်မရှိသော်လည်း သူ့သားငယ်၏အကျိုးအတွက် အကျောက်အကန် မငြင်းဆန်တော့။ သူ့ကိုစွပြီးသော် လီယာသည် ခုတင်ပေါ်မှဆင်းကာ ဆယ်ဆင့်တစ်စေ့ စားပွဲပေါ်သို့ ပစ်ချထားခဲ့စမြဲ။ ကစ်ဇီကတော့ လီယာထွက်မသွားမချင်း မှိတ်ထားသည့် မျက်လုံးများကိုလည်းမဖွင့်။ ပက်လက်လှဲနေရာမှလည်းမထ။ လီယာ၏မိန်းမလူပြိုမအနေဖြင့် အခုလို တခြားမိန်းမတစ်ယောက်နှင့် သွားအိပ်သည့် သူ့ယောကျ်ား၏ လုပ်ရပ်အပေါ်တွင် ဘယ်လိုများတွေးလေမည်နည်း။ တခြားမိန်းမတစ်ယောက်၏ အနံ့အသက်နှင့် မကင်းသေးဘဲ သူ့ဘေး၌ဝင်အိပ်သည့် သူ့ယောကျ်ားအား ဘယ်လိုထင်လေမည်နည်း။ ဤအတွေးများသည် ကစ်ဇီ၏ခေါင်းထဲသို့ ဝင်လာလေ့ရှိသည်။

တနင်္ဂနွေနေ့ နေ့လယ်စာ စားအပြီးတွင် သူတို့၏ သခင်နှင့်သခင်မသည် မြင်းရထားတစ်စီးနှင့် အပြင်သို့ အလည်ထွက်ကြသည်။ သူတို့မရှိခိုက်တွင် ကျွန်များသည် ကျွန်အိမ်တန်းအနီးရှိ သစ်ပင်အောက်၌ စုထိုင်ကာ စကားစမြည်ပြောကြသည်။ ကစ်ဇီတို့ သားအမိလည်း လူအုပ်ထဲဝင်၍ တရင်းတနှီးနေကြသည်။ မစ္စမာလီဇီနှင့် စစ္စတာဆာရာတို့သည် နည်းနည်းကလေးမှ အငြိမ်မနေသော ဂျော့အား တစ်ယောက်လက်မှ တစ်ယောက်လက်သို့ ကူးပြောင်းကာ ထိန်းပေးကြသည်။ ဦးလေးပွန်ပေကတော့ ကစ်ဇီနှင့်စကားပြောရခြင်းတွင် သာယာသည်။ ကစ်ဇီသည် သူပြောသည့်စကားများကို တလေးတစားနားထောင်လေ့ရှိသည် မဟုတ်ပါလား။

'ဟိုတုန်းက ဒီနေရာဟာ တောကြီးမျက်မည်းကွဲ့။ မြေကလည်း ဈေးပေါတယ်။ တစ်ဧကမှ ဆင့်ငါးဆယ်လောက်ပဲပေးရတယ်'

တစ်နေ့သော မွန်းလွဲပိုင်းတွင် ပွန်ပေက ပြောပြသည်။

'မတ်စတာလီယာ ပထမဆုံးဝယ်တာက ဧကသုံးဆယ်ရှိတယ်။ သူ ပထမဆုံး ဝယ်လာတဲ့ ကျွန်က ဂျော့တဲ့'

ကစ်ဇီ မျက်နှာပျက်သွားသည်ကို မြင်သောအခါ ပွန်ပေက စကားကို ဆက်မပြောဘဲ ရပ်ထားပြီး 'ဘာဖြစ်လို့လဲ'ဟု မေးသည်။

'ဘာမှမဖြစ်ပါဘူး'ဟု ကစ်ဇီကဖြေသည်။ ထိုအခါကျမှ သူ့စကားကိုဆက်သည်။

'ဦးလေးဒီကိုရောက်တော့ အဲဒီဂျော့ဆိုတဲ့ နီဂရိုးကျွန်ဟာ သက်တမ်း တစ်နှစ်ကျော်သွားပြီ။ တစ်နှစ်အတွင်းမှာ သူတစ်ယောက်တည်း သစ်ပင်ကြီးတွေ ခုတ်လှဲရ

မြန်မာ စာအုပ်များ

တယ်၊ ဖြတ်ရတယ်၊ ချုံတွေကိုရှင်းရတယ်။ မတရားသဖြင့် ကျွဲခိုင်းနွားခိုင်း ခိုင်းခဲ့တာ။ တစ်နေ့မှာ ဦးလေး သူနဲ့ သစ်လုံးကြီးတွေကို လွှနဲ့ဖြတ်နေကြတုန်း ဂျော့ဆီက ထူးထူးဆန်းဆန်းအသံတစ်မျိုး ထွက်လာတာ ကြားလိုက်လို့ မော့ကြည့်လိုက်တော့ ဂျော့ရဲ့မျက်လုံးတွေဟာ ပြူးပြီး တလယ်လယ်ဖြစ်နေကြတယ်။ သူ့ရင်ဘတ်ကိုလည်း သူ့လက်နဲ့ဖိထားတယ်။ နောက်တော့ ချက်ချင်းပဲ လဲကျပြီး သေသွားရော။ အဖြစ်ကတော့ အဲဒါပဲ'

ကစ်ဇီက အကြောင်းအရာကို ပြောင်းသည်။

'ကျွန်မ ဒီကိုရောက်စက ကြက်တိုက်ပွဲတွေအကြောင်းကြားတယ်။ အရင်တုန်းက ကျွန်မ မကြားဖူးခဲ့ဘူး'

'ဟုတ်တယ်၊ ဒီမှာနေတဲ့လူတွေလည်း သိပ်မသိကြဘူး။ တိုက်ကြက်လို့ခေါ်တဲ့ ကြက်မျိုးကောင်းတွေကို သီးသန့်မွေးယူရတယ်။ တစ်ကောင်နဲ့တစ်ကောင် အသေ အကြေခွပ်အောင် လေ့ကျင့်ပေးကြတယ်။ ပြီးတော့ ကြွက်တိုက်ပွဲတွေလုပ်ပြီး ငွေတွေ အများကြီး လောင်းကြတာပဲ'

စစ္စတာဆာရာက ဝင်ပြောပြန်သည်။

'တိုက်ကြက်အကြောင်း ကောင်းကောင်းပြောပြနိုင်တဲ့ လူကတော့ နီဂရိုးအဘိုးအို မင်ဂိုတစ်ယောက်ပဲရှိတယ်။ သူက ကြက်တွေနဲ့အမြဲနေတာ'

ကစ်ဇီအား မစ္စမာလီဇီက 'ညည်းဒီကိုရောက်တဲ့နေ့က သူ့အကြောင်း တို့ပြောဖူးတယ်လေ။ ညည်းသူ့ကို အခုထက်ထိမမြင်ဖူးသေးဘူးထင်တယ်'ဟု ပြော၍ ရယ်သည်။

စစ္စတာဆာရာက 'ငါ ဒီရောက်တာ ဆယ့်လေးနှစ်ရှိပြီ။ သူ့ကိုမြင်ဖူးတာ ဆယ် ကြိမ်ထက် မပိုဘူးလို့ထင်တယ်။ သူက အချိန်ရှိသမျှ ကြက်တွေကြားမှာပဲနေတာ။ ငါထင်တာတော့ သူ့အမေမွေးတုန်းက ဥပဲဖြစ်မယ်။ သူ့ကို အဲဒီဥကနေ ပေါက်တာ ပဲ ဖြစ်မယ်'

ကစ်ဇီက အများနှင့်ရော၍ရယ်သည်။ စစ္စတာဆာရာသည် မာလီဇီ၏လက်ထဲမှ ကလေးကိုလှမ်းယူပြီး ချီထားသည်။ ခဏမျှအကြာတွင် မစ္စမာလီဇီက စစ္စတာဆာရာ ဘက်သို့ လက်လှမ်းပြီး ကလေးကိုယူရန်ဟန်ပြင်သည်။ 'နေစမ်းပါဦး။ ကျွန်မလက်ထဲ ရောက်တာ တစ်မိနစ်တောင်မပြည့်သေးဘူး'ဟု ဆာရာက ပြောသည်။

စစ္စတာဆာရာနှင့် မာလီဇီတို့ သူ့ကလေးအား အလုအယက်ချီချင်နေကြသည် ကို မြင်ရသောအခါ ကစ်ဇီသည် များစွာပီတိဖြစ်ရ၏။ ဦးလေးပွန်ပေကတော့ ကလေး က သူ့အားလှမ်းကြည့်နေလျှင် အလွန်သဘောကျသည်။ ကလေးက သူ့အား အကြာကြီး စိုက်ကြည့်နေအောင် မျက်နှာထားအမျိုးမျိုးလုပ်ပြလေ့ရှိသည်။

ဂျော့ လေးဘက်သွားတတ်စတွင် ယာခင်းထဲရောက်သည့်အခါ ကစ်ဇီက သူ့သားအား ခါးကို ကြိုးသေးသေးတစ်ချောင်းနှင့်ချည်၍ သစ်ပင်တွင် ပူးချည်ထားသည်။ သို့သော်လည်း ဂျော့သည် လက်လှမ်းမီရာနေရာများမှ ဖုန်များနှင့် ပိုးကောင်မွှားကောင်များကို ကောက်စားတတ်၏။ ထိုအခါ အားလုံးက စိတ်မချဖြစ်လာကြသည်။ ကစ်ဇီ ယာခင်းထဲသွားချိန်တွင် ဂျော့အား သူနှင့်ထားခဲ့ရန် မစ္စမာလီဇီက အကြံပေးသည်။ စစ္စတာဆာရာကလည်း ထောက်ခံသည်။ ဤသို့ဖြင့် ကစ်ဇီသည် သူ့သားအား မာလီဇီထံ အပ်ထားခဲ့ရသည်။ ဂျော့သည် တစ်နေကုန်တစ်နေခန်း မာလီဇီနှင့် အိမ်ကြီး၏ မီးဖိုချောင်ထဲ၌ အချိန်ကုန်ရသည်။ ညနေစောင်း အလုပ်သိမ်းခါမှပင် ကစ်ဇီသည် သူ့သားနှင့် တွေ့ရသည်။ ဂျော့၏ပါးစပ်မှ မပီကလာပီကလာဖြင့် 'မိလီဇီ'ဟု ရေရွတ်နေသံ ကြားသောအခါ ကစ်ဇီ၏စိတ်ထဲတွင် သောကတစ်ခု ဝင်လာပြန်သည်။ သူ့သားက သူ့အားမခင်ဘဲ မာလီဇီအား ခင်တွယ်သွားခဲ့ပါမူ။ သို့သော် မကြာခင်မှာပင် သူ့သားက သူ့အား 'မေမေ'ဟု ခေါ်စပြုလာသဖြင့် စိတ်အေးသွားရပြန်သည်။ သူ့သားဂျော့ ခေါ်တတ်လာသည့် တတိယနာမည်မှာ 'ဦးလေးပွန်'ဖြစ်သည်။ သူ့နာမည်ကို ခေါ်သံကြားလိုက်ရသည့်အခါ ဦးလေးပွန်ပေ၏မျက်နှာသည် ဝမ်းသာကြည်နူးခြင်းကြောင့် တစ်မျိုးကြီးဖြစ်နေတတ်၏။ ထို့နောက်တွင်မှ ဂျော့သည် 'စစ်စာ ဆီရ'ဟူသော နာမည်ကို ခေါ်တတ်လာသည်။

နှစ်နှစ်သားအရွယ်တွင် ဂျော့သည် ဦးလေးပွန်ပေ၏ ပုံပြင်များအပေါ် စိတ်ဝင်စားလျက်ရှိလေပြီ။

'ဒီလိုပုံပြင်မျိုးတွေကို ရှင်ပြောတတ်လိမ့်မယ်လို့ လုံးဝမထင်ခဲ့မိဘူး။ ဘယ်ကများကြားထားတာပါလိမ့်'ဟု စစ္စတာဆာရာက မှတ်ချက်ချသည်။ ဦးလေးပွန်ပေက နားလည်ရန် ခက်ခဲသော မျက်နှာထားဖြင့် တစ်ချက်လှမ်းကြည့်ပြီးပြောသည်။

'ကျုပ်အကြောင်းကို သိအောင်မှမလုပ်ဘဲကိုး ဗျ'

'အံမယ် ...တော့်အကြောင်းကို ကျွန်မက ဘာလို့သိအောင်လုပ်ရမှာလဲ ဟင်း'

ဦးလေးပွန်ပေက ဆေးတံကို ဣန္ဒြေမပျက် ဖွာနေသည်။ သူ့မျက်လုံးများက ပြုံးနေသည်။

'မစ္စမာလီဇီကို တစ်ခုပြောရဦးမယ်'ဟု တစ်နေ့တွင် ကစ်ဇီ စကားစသည်။

'စစ္စတာဆာရာနဲ့ ဦးလေးပွန်ပေတို့ အမြဲတမ်းအလုပ်တွဲလုပ်နေကြတာ ကြာပြီပဲ။ သူတို့ချင်း တစ်ယောက်နဲ့တစ်ယောက် မကြိုက်ကြဘူးလား'

'ငါလည်းမသိပါဘူး မိန်းကလေးရယ်။ သူတို့ကတော့ ငါ့ကို ဘာမှမပြောကြဘူး။ ငါကတော့ သူတို့ကို ပြောင်ခဲ့နောက်ခဲ့ဖူးတယ်။ အသက်တွေကြီးလာတော့လည်း တစ်ယောက်ကိုတစ်ယောက် တယ်ပြီး စိတ်မဝင်စားကြတော့ဘူးပေါ့ကွယ်'

မြန်မာ စာအုပ်များ

မစ္စမာလီဇီက သူ့စကားကိုမဆက်မီ ကစ်ဇီ၏မျက်နှာကို အကဲခတ်သည်။

'ညည်းလို အသက်ငယ်ငယ်အရွယ်မျိုးမှာ စိတ်ဝင်စားသူမရှိဘူး ဆိုရင်တော့ အဓိပ္ပာယ်တစ်မျိုးပေါ့။ ငါကတော့ ငါတို့သခင်က ညည်းနဲ့ သက်တူရွယ်တူ လူငယ် တစ်ယောက် ဝယ်လာစေချင်တယ်။ ဒါဆိုရင် ညည်းတို့လူငယ်ချင်းရင်းနှီးပြီး အတူတူ ဖြစ်သွားနိုင်တာပေါ့ကွယ်'

'ကျွန်မက ကျွန်မရဲ့အိမ်ထောင်ရေးကို မတွေးဘဲတော့မနေပါဘူး မစ္စမာလီဇီ ရယ်'

ကစ်ဇီက စကားကို ရပ်ထားသည်။ ထို့နောက် သူတို့နှစ်ဦးစလုံး သိပြီးသား ကိစ္စကို ပြောပြကာ 'သခင်က မစ္စမာလီဇီဖြစ်စေချင်တဲ့ဟာမျိုး လုပ်မယ်မထင်ပါဘူး'ဟု ထင်ကြေးပေးသည်။

'အခုလို ရင်းရင်းနှီးနှီးပြောလာတော့ ကျွန်မကလည်း ပွင့်ပွင့်လင်းလင်း ပြောပြ ချင်တယ်။ ကျွန်မနေခဲ့ရတဲ့အရပ်မှာ ကျွန်မနဲ့မေတ္တာရှိခဲ့တဲ့ လူတစ်ယောက် ရှိခဲ့တယ်။ ကျွန်မ အခုချိန်ထိ သူ့ကို မမေ့သေးဘူး။ ကျွန်မတို့ လက်ထပ်ဖို့တောင် ပြောဆိုပြီးပြီ။ ဒါပေမဲ့ ဒုက္ခတွေဖြစ်လာတာနဲ့ပဲ ကျွန်မ ဒီကိုရောက်လာတာ'

ကစ်ဇီသည် သူနှင့် နိုအာအဖြစ်ကို အသေးစိတ်ပြောပြသည်။

'ကျွန်မကတော့ သူ ကျွန်မကို လိုက်ရှာနေမှာပဲလို့ထင်တယ်။ တစ်နေ့နေ့မှာ ကျွန်မတို့ချင်း ပြန်တွေ့ကြမယ်လို့လည်း အမြဲတွေးနေဟာပဲ။ တကယ်လို့များပြန်တွေ့ ကြရင်တော့ ကျွန်မတို့နှစ်ယောက်စလုံး ဖြစ်ခဲ့တာတွေကိုမပြောကြဘဲ ယူဖြစ်ကြမှာပဲ။ သူနောက်ဆုံးပြောလိုက်တဲ့စကားရှိတယ်။ 'တို့နှစ်ယောက် အတူတူနေကြတာပေါ့ အချစ်ရယ်တဲ့'

ပြောရင်းနှင့် ကစ်ဇီ၏အသံသည် တိမ်ဝင်သွားသည်။ ကစ်ဇီရော မစ္စမာလီဇီပါ ဝမ်းနည်းပက်လက် ငိုကြွေးကြသည်။

တနင်္ဂနွေတစ်နေ့တွင် ဂျော့သည် နေ့လယ်စာ ပြင်ဆင်နေသော မစ္စမာလီဇီအား ကူညီလုပ်ကိုင်ပေးနေသည်။ ကစ်ဇီကတော့ သူ လီယာမြေသို့ရောက်ကတည်းက တစ် ကြိမ်မျှ မခေါ်စဖူး အခေါ်ထူးသဖြင့် စစ္စတာဆာရာ၏တဲသို့ အလည်ရောက်နေသည်။

စစ္စတာဆရာ၏တဲနံရံတွင် ဆေးမြစ်အမျိုးမျိုး ချိတ်ဆွဲထားသည်ကို ကြည့်ကာ ကစ်ဇီသည် တအံ့တဩဖြစ်လျက်ရှိ၏။ မည်သည့်ရောဂါကိုမဆို ဤသဘာဝဆေးမြစ် ဆေးရွက်များဖြင့် ပျောက်ကင်းအောင် ကုသပေးနိုင်သည်ဟု ဆာရာက ပြောသည်။

'ညည်းကို တခြားလူတွေ မသိသေးတဲ့ဟာတစ်ခုပြောချင်လို့။ ငါ့အမေက လူဝီ ဆီးယားနားပြည်နယ်သူတစ်ယောက်ကွဲ့။ သူက ငါ့ကို ဗေဒင်ဟောနည်း သင်ပေးခဲ့လို့ ငါ ကောင်းကောင်းဟောတတ်တယ်'

မြန်မာ စာအုပ်များ

ဆရာက အုံ့အားသင့်နေသော ကစ်ဇီ၏မျက်နှာကို သေသေချာချာကြည့်၍ အကဲခတ်သည်။

'ငါ ညည်းကို ဟောပေးရမလား'

ကစ်ဇီက 'ဟောပေးပါ စစ္စတာဆရာ'ဟု ပြောသည်။

ဆရာသည် ကြမ်းပြင်ပေါ်၌ တင်ပျဉ်ခွေထိုင်ကာ သူ့အိပ်ရာအောက်မှ သေတ္တာတစ်လုံး ဆွဲထုတ်သည်။ ထိုအထဲမှ သေတ္တာအသေးလေးတစ်လုံး ဆွဲထုတ်ကာ အထဲမှ ချောက်သွေ့နေသော အတုံးကလေးများကို လက်ဖြင့်ဆုပ်ယူပြီး ကစ်ဇီအားပြောသည်။ ထို့နောက် အတုံးကလေးများကို သူ့ရှေ့၌ စိ၍ခင်းကာ သူ့အင်္ကျီအောက်မှ တုတ်တံလေးတစ်ချောင်း ထုတ်ပြီး အတုံးကလေးများကို မွှေသည်။ သူ့နဖူးနှင့် အတုံးကလေးများထိသည်အထိ သူ့ကိုယ်ကို ရှေ့သို့ကုန်းလိုက်ပြီး ချက်ချင်းပြန်၍ မတ်လိုက်သည်။ သူ့နှုတ်မှ ထူးခြားသောအသံမျိုးဖြင့် စကားပြောသံများ ထွက်ပေါ်လာသည်။

'ငါမပြောချင်ဘူး၊ နင့်ကို ငါမပြောချင်ဘူး။ ဝိညာဉ်တွေကပြောတယ်။ နင်ဟာ နင့်အမေနဲ့အဖေကို လုံးဝပြန်မတွေ့နိုင်တော့ဘူး။ ဒီဘဝမှာတော့ ပြန်ဆုံဖို့လမ်း မရှိတော့ဘူး'

ကစ်ဇီသည် အသံမထွက်အောင် ကျိတ်၍ငိုသည်။ ဆရာကတော့ သူ့အဖြစ်ကို လုံးဝဂရုမစိုက်။ သူ့ရှေ့မှ အတုံးများကို ပြန်၍စီကာ လက်ထဲမှတုတ်ဖြင့် ဆက်မွှေပြီး ဆက်ဟောပြန်သည်။

'ကလေးကလည်း ကံမကောင်းဘူး၊ သူ့ဘဝခရီးဟာ ကြမ်းတမ်းလိမ့်မယ်'

ကစ်ဇီသည် ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်သည်။ သူ့တစ်ကိုယ်လုံး တုန်ရီလျက်ရှိ၏။ 'ရှူး...ရှူး ဝိညာဉ်တွေကို မနှောင့်ယှက်နဲ့သမီး'ဟု ဆရာက တားသည်။ ကစ်ဇီသည် အော်ဟစ်ငိုယိုကာ သူ့တဲဆီသို့ ပြေးသည်။ သူ့အသံကြောင့် ဦးလေးပွန်ပေ၏ တဲတံခါးသည် ဖြုန်းခနဲပွင့်သွားသည်။ အိမ်ကြီး၏ ပြတင်းပေါက်မှ သခင်လီယာတို့ဇနီးမောင်နှံ၏ မျက်နှာများ ပေါ်လာသည်။ မီးဖိုချောင်ပြတင်းပေါက်မှလည်း ဂျော့၏ မျက်နှာ ထွက်လာသည်။

ဂျော့တဲထဲသို့ အပြေးအလွှား ဝင်ရောက်သွားချိန်အထိ ကစ်ဇီသည် အိပ်ရာပေါ်၌ လူးလှိမ့်ကာ အော်ဟစ်ငိုယိုနေဆဲ။

'အမေ...အမေ...ဘာပြုလို့လဲ'

ကစ်ဇီက သံကုန်ဟစ်၍ အော်သည်။

'နင့်ပါးစပ်ပိတ်ထားစမ်း'

မြန်မာ စာအုပ်များ

[၈၆]

'ကျွန်တော့်အသားက မေမေ့အသားလိုမမည်းဘူး၊ ဘာဖြစ်လို့လဲ'

တစ်ညတွင် တဲထဲ၌ သားအမိနှစ်ယောက် ထိုင်နေခိုက် သုံးနှစ်သားရှိပြီဖြစ်သည့် ဂျော့က မေးသည်။

'လူတွေဟာ ဒီလိုပဲမွေးကြတာပဲ။ အသားအရောင်ကလည်း မွေးကတည်းက ပါလာတာပဲ'ဟု ကစ်ဇီက ဖြေသည်။

နောက်များမကြာမီ တစ်ညတွင် ထိုကိစ္စ ထပ်၍ပေါ်လာပြန်သည်။

'မေမေ၊ ကျွန်တော့်အဖေဘယ်သူလဲ။ တစ်ခါမှလည်းမမြင်ဖူးဘူး၊ သူ ဘယ်သွားနေလဲ'

ကစ်ဇီက ဒေါသဖြင့် တုံ့ပြန်သည်။

'စကားမများနဲ့၊ နင့်ပါးစပ် ပိတ်ထားစမ်း'

နောက် နာရီအနည်းငယ်မျှ ကုန်လွန်သွားချိန်အထိ ကစ်ဇီအိပ်မပျော်။ သူ့သား စိတ်ထိခိုက်သွားပုံနှင့် စိတ်ရှုပ်သွားသည့် မျက်နှာထားကို ပြန်လည် မြင်ယောင်နေသည်။ နောက်နေ့မနက် ဂျော့အား မစ္စမာလီဗီထံလွှတ်သည့်အခါကျမှ အမေက ခေါင်းသိပ်ရှုပ်နေတုန်း သားက တွေ့ကရာတွေ လျှောက်မေးနေတာကိုးဟု ညကကိစ္စကို ပြေသွားအောင် ဖြေပြောသည်။

သို့သော်လည်း သူ့သား၏ စူးစမ်းချင်စိတ်ကို ရိပ်စားနားလည်နေသော ကစ်ဇီသည် ဤပြဿနာကို နှစ်ဦးနှစ်ဖက် နားလည်လက်ခံနိုင်အောင် ဆင်ခြင်စဉ်းစားပြီး ပြောပြမှ ဖြစ်လိမ့်မည်ဟု ယူဆသည်။

'သူက အရပ်က ထောင်ထောင်မောင်းမောင်း၊ အသားကလည်း မည်းနက်နေလိုက်တာ ညအမှောင်အတိုင်းပဲ။ ဘယ်တော့မှလည်း မပြုံးမရယ်ဘူး။ သားက သူ့ကို ခေါ်ချင် ဘိုးဘိုးလို့ခေါ်ရမယ်'

ဂျော့သည် သူ့အဘိုးအကြောင်း ပြောပြသည့်အခါ များစွာစိတ်ဝင်စားပုံရ၏။ ကစ်ဇီကလည်း သူ့အဘိုးအား အာဖရိကမှ ဖမ်းဆီးပြီး သင်္ဘောကြီးနှင့် တင်လာပုံ၊ ဝေါလားဆိုသောလူဖြူက သူ့အဘိုးအားဝယ်ပြီး စပိုဆီဗားနီးယားကောင်တီခရိုင်တွင်းသို့ ခေါ်လာပုံ၊ သူ့အဘိုး မကြာခဏထွက်ပြေးပုံများကို ပြောပြသည်။

'မင့်အဘိုးက ခဏခဏထွက်ပြေးတော့ ဝေါလားက ခြေထောက်တစ်ဖက်ရဲ့ တစ်ဝက်ကို ဖြတ်ပစ်ခဲ့တယ်'ဟု ဇာတ်လမ်းကို အကျဉ်းချုပ်၍ စကားဖြတ်လိုက်သည်။

'သူတို့က ဘာဖြစ်လို့ အဲသလိုလုပ်တာလဲ မေမေ'

မြန်မာ စာအုပ်များ

'မင့်အဘိုးက လိုက်ဖမ်းတဲ့ နီဂရိုးတွေကို သေလုမျောပါးဖြစ်အောင် ပြန်ပြီးခုခံလို့ကွဲ.'

'သူတို့က ဘာပြုလို့လိုက်ဖမ်းကြတာလဲ'

'ထွက်ပြေးတဲ့လူမို့ လိုက်ဖမ်းတာပေါ့ကွယ်'

'ဘယ်သူ့ဆီက ထွက်ပြေးတာလဲ'

'လူဖြူသခင်တွေဆီက ထွက်ပြေးတာ'

'လူဖြူသခင်တွေက သူတို့ကိုဘာလုပ်လို့ ထွက်ပြေးကြတာလဲ'

စိတ်မရှည်တော့သည့် ကစ်ဇီက...

'တော်ပြီ၊ ပါးစပ်ပိတ်ထား၊ သွားကစားချေတော့၊ နင် အမေးအမြန်းထူလို့ ငါသေတော့မယ်'

သို့သော်လည်း ဂျော့၏ သိချင်ကြားချင်စိတ်ကို ဟန့်တားထားနိုင်သည်မှာ ခဏမျှသာ။ မကြာခင်မှာပင် သူ၏အာဖရိကန်အဘိုးအကြောင်းကို မေးလာပြန်၏။

'အာဖရိကဆိုတာ ဘယ်မှာလဲမေမေ၊ သားလိုကောင်လေးတွေကောရှိသလား။ အဘိုးနာမည်က ဘာလဲဟင်'

ကစ်ဇီကလည်း သူမှတ်မိသမျှကို သည်းခံ၍ ရှင်းပြသည်။

'အာဖရိကန်သီချင်းတွေကို ငါ့သားကြားရင် သဘောကျမှာပဲ။ မေမေ ငယ်ငယ်တုန်းက မင့်အဘိုး ဆိုဆိုပြလို့ ကြားခဲ့ရဖူးတယ်'ဟုလည်း ပြောပြသည်။ သူ့အဖေနှင့်အတူ မြင်းရထားဖြင့် သွားခဲ့ရပုံများ၊ သားအဖနှစ်ယောက် လမ်းလျှောက်ခဲ့ကြပုံများသည် သူ့စိတ်အာရုံတွင် ပြန်လည်ထင်ဟပ်လာသည်။ ကြည်နူးခြင်းနှင့် ရွှင်လန်းခြင်းတို့သည် ကစ်ဇီ၏ မျက်နှာတွင် တဒင်္ဂမျှ လာ၍တည်သည်။

'မင့်အဘိုးက မေမေ့ကို အာဖရိကန်စကားလုံးတွေ သင်ပေးခဲ့တယ်။ တယောကို 'ကူး'လို့ခေါ်တယ်။ မြစ်ကမ်းမြစ်ရဲ့နာမည်က 'ကင်ဘီဘိုလွန်းဂိုးတဲ့'

ထိုစဉ်က သူ့ဖခင်ကွမ်တာသည် သူသင်ပေးသည့်စကားလုံးကို ပြန်၍ရွတ်ပြသည့်အခါ များစွာပီတိဖြစ်သွားတတ်သည်ကို ကစ်ဇီ သတိရမိ၏။

'ကူး'ဟု ကစ်ဇီက ရွတ်ပြသည်။

'ငါ့သား ဆိုကြည့်စမ်း၊ ဆိုနိုင်သလားလို့'

'ကူး'ဟု ဂျော့က လိုက်ဆိုသည်။

'မင်း ဆိုတတ်သားပဲ၊ ကဲ...ထပ်ဆိုစမ်း၊ 'ကင်ဘီဘိုလွန်းဂိုး'

ဂျော့က တစ်ကြိမ်တည်းနှင့် 'ကင်ဘီဘိုလွန်းဂိုး'ဟူသော စကားလုံးကို ပီပီသသ ရွတ်နိုင်သည်။ ကစ်ဇီက နောက်ထပ်စကားလုံးအသစ် မပြောသည့်အခါ ဂျော့က နားပူနားဆာလုပ်သည်။

မြန်မာ စာအုပ်များ

'ထပ်ပြောပါဦး မေမေ'

သားအပေါ်တွင် မေတ္တာစိတ်ယိုဖိတ်လာသော ကစ်ဇီက နောက်ညတွေကျမှ ထပ်ပြောမည်ဟု ကတိပေးသည်။ ထို့နောက် သူ့သားအား တယုတယချော့၍သိပ်သည်။

[၈၇]

ခြောက်နှစ်သားအရွယ်တွင် ဂျော့သည် ယာတောသို့ဆင်း၍ အလုပ်လုပ်ရသည်။ မီးဖိုချောင်ထဲတွင် လက်တိုလက်တောင်းခိုင်းကာ ဂျော့အား အဖော်လုပ်ရသော မစ္စမာလီဇီကမူ ဂျော့ကို လက်လွှတ်လိုက်ရသည့်အတွက် စိတ်မကောင်းဖြစ်ရသည်။ ကစ်ဇီနှင့် စန္ဒတာဆာရာတို့ကတော့ သူတို့လက်ထဲ ဂျော့ပြန်ရောက်လာသည့်အတွက် များစွာဝမ်းသာနေကြသည်။

ယာလုပ်ငန်းခွင်ဝင်ရသည့် ပထမဆုံးနေ့သည် ဂျော့အတွက် စွန့်စားခန်းအသစ်နှင့် တွေ့ရခြင်းဖြစ်သည်။ ဦးလေးပွန်ပေ၏ ထွန်ရှေ့မှ ကျောက်ခဲများကို လိုက်လံဖယ်ရှားပေးရသော ဂျော့သည် ရွှင်မြူးလျက်ရှိသည်။ ရေခပ်ခိုင်းသည့်အခါတွင်လည်း ယာခင်းအစွန်ရှိ စမ်းချောင်းဆီသို့ အပြေးအလွှားသွားခပ်ကာ ပြန်ပြေးလာတတ်၏။

ဂျော့သည် လူကြီးများ ပြောင်းနှင့် ဝါစိုက်ရာ၌လည်း ဝင်၍ကူသည်။ သူ့အရပ်ထက် ရှည်ထွက်နေသော ပေါက်ပြားကို မနိုင့်တနိုင်မ၍ မြေဆွနေသည့် ဂျော့ကို မြင်သောအခါ လူကြီးများက ရယ်ကြသည်။ ဂျော့ကလည်း အပြုံးမပျက်။ ဤအပြုအမူသည် သူ့တွင် ဖွဲ့ရှိကြောင်း ဖော်ပြနေသည်ဟု လူကြီးများက ယူဆကြသည်။

ဦးလေးပွန်ပေ ယာထွန်နေသည်ကိုကြည့်၍ သူပါထွန်ချင်သည်ဟု ပူဆာသည်။ လက်တွေ့ဝင်လုပ်သည့်အခါ သူ့အရပ်က ထွန်ကိုကိုင်နိုင်လောက်အောင် မမြင့်သေးသဖြင့် အဆင်မပြေ။ ထိုအခါ လူကြီးများအဖို့ ရယ်စရာကောင်းသည့် မြင်ကွင်းတစ်ခုဖြစ်လာပြန်သည်။ ဂျော့ကတော့ စိတ်ပျက်သွားခြင်းမရှိ။ ထွန်ကို မကိုင်နိုင်သည့်အခါ ဘေးမှနေ၍ လားများကို မောင်းပေးသည်။

ညနေ မိုးစုပ်စုပ်ချုပ်၍ တဲသို့ပြန်ရောက်ကြသည့်အခါတွင်လည်း ကစ်ဇီမှာ နားချိန်မရ။ သူတို့သားအမိအတွက် ချက်ရပြုတ်ရသည်။ တစ်ညတွင်မူ ဂျော့က 'မေမေ တစ်နေ့လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်လာခဲ့ရတာ၊ အိမ်ပြန်ရောက်ရောက်ချင်း မချက်ပါနဲ့၊ ခဏနားပြီးမှ ချက်ပါ'ဟု ပြောသည်။ ဤသို့ဖြင့် ကစ်ဇီသည် သူ့သားခိုင်းသည့်အတိုင်း လိုက်နာရသည်။ ဂျော့သည် ယခင်ကလိုမဟုတ်။ အိမ်မှုကိစ္စများတွင်လည်း အမိန့်ပေးလာတတ်သည်။ သူတို့သားအမိ၏ဘဝတွင် အလိုအပ်ဆုံးဖြစ်နေသည့် ယောကျ်ားကြီးတစ်ယောက်၏နေရာကို ဂျော့က ဝင်ယူနေပြီဟူသော ခံစားမှုသည် ကစ်ဇီ၏ရင်တွင်း

မြန်မာ စာအုပ်များ

သို့ ဝင်ရောက်လာသည်။ ထိုအခါ ကစ်ဗီသည် ဝမ်းသာကြည်နူးခြင်းဖြစ်ရ၏။ ညအိပ်ရာဝင်ကြသည့်အခါတွင်လည်း ဂျော့သည် သူ့အမေအား သူကြားဖူးထားသည့် ပုံပြင်များကို ပြန်၍ပြောပြလေ့ရှိသည်။ ကစ်ဗီသည် ပုံပြင်ကိုနားထောင်ရင်း အမှောင်ထုအတွင်း၌ ကျိတ်၍ပြုံးနေတတ်၏။ တစ်ခါတစ်ရံကျတော့လည်း ဂျော့သည် မစ္စမာလီဗီ ထံမှရထားသည့် သီချင်းများကို ဆိုပြတတ်သည်။

တစ်ခါတစ်ရံတွင်မူ ဂျော့သည် မီးဖိုရှေ့၌ အလျားမှောက်ကာ မီးသွေးခဲတစ်ခဲဖြင့် ဆေးဖြူသုတ်ထားသော ပျဉ်ပြားတစ်ချပ်ပေါ်၌ လူရုပ်နှင့် တိရစ္ဆာန်ရုပ်များ ဆွဲနေတတ်၏။ ဂျော့ပုံတွေဆွဲနေသည်ကို မြင်သည့်အခါတိုင်း ကစ်ဗီသည် အသက်ကိုပင် မှန်မှန်မရှူရဲအောင် ဖြစ်ရ၏။ ဂျော့က စာရေးတတ် ဖတ်တတ်ချင်ပါသည်ဟု ပူဆာခဲ့ပါမူ သူ ဘယ်လိုအဖြေပေးရပါမည်နည်း။

တကယ်တော့ ကစ်ဗီသည် စာရေးချင် ဖတ်ချင်ပါလျက် မရေးရမဖတ်ခဲ့ရသည့်အတွက် စိတ်နာခဲ့ရသူဖြစ်၏။ သူ့အနေဖြင့် လီယာခြံကိုရောက်ကတည်းက ခဲတံမင်တံကို ကိုင်ဖို့ အခါအခွင့်မသင့်ခဲ့။ စာအုပ်၊ သတင်းစာ စသည်များကိုလည်း မြင်ခွင့်မရခဲ့။ သူ စာရေးတတ် ဖတ်တတ်ကြောင်းကိုလည်း မည်သူ့ကိုမှ အသိမပေးခဲ့။ တစ်ခါတစ်ရံ သူတတ်ခဲ့ဖူးသည့် စကားလုံးများကို စိတ်ထဲမှ စာလုံးပေါင်းကြည့်မိသည်။ ကောင်းစွာပေါင်းတတ်နေသေးသည်ကိုတွေ့ရ၏။ တစ်ခါတစ်ရံကျတော့လည်း စာရေးချင် ဖတ်ချင်စိတ် ပြင်းပြင်းပြပြပေါ်လာသည်။ သို့သော်လည်း ထိုဆန္ဒပေါ်လာတိုင်း စာကို ဘယ်တော့မှမရေးတော့ပါဟု စိတ်ထဲက ကျိတ်၍ ကျိန်ဆိုမိပြန်၏။

စာမရေးရ မဖတ်ရခြင်းထက် ပို၍ဆိုးသည်မှာ ပြင်ပကမ္ဘာ၌ ဘာတွေဖြစ်နေသည်ကို မသိရ မကြားရခြင်းဖြစ်၏။ ဟိုတုန်းကတော့ သူ့အဖေက ကြားခဲ့ မြင်ခဲ့သမျှ သတင်းများကို ပြန်ပြောပြသဖြင့် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်မပြတ်။ ဤခြံတွင် ပြင်ပမှသတင်းများ ကြားရသည့်အချိန်မှာ သူတို့သခင် မစ္စတာလီယာဇနီးမောင်နှံက ဧည့်သည်များအားဖိတ်၍ ညစာကျွေးသည့်အခါတွင် ဖြစ်သည်။

၁၈၁၂ ခုနှစ် တနင်္ဂနွေတစ်ရက် မွန်းလွဲပိုင်းတွင် ယင်းကဲ့သို့သောပွဲမျိုး ကြုံခဲ့ရသည်။ ထိုနေ့က မစ္စမာလီဗီသည် ကျွန်အိမ်တန်းသို့ အမောတကောရောက်လာပြီး သူကြားခဲ့ရသော သတင်းကို ဖောက်သည်ချသည်။

'သူတို့ စာရင်းသောက်ရင်း ပြောနေကြတယ်သိလား။ အင်္ဂလန်နိုင်ငံနဲ့ စစ်ဖြစ်သတဲ့။ အင်္ဂလိပ်တွေက ဒီကို စစ်သင်္ဘောတွေ အများကြီးလွှတ်လိုက်သတဲ့'

'အဲဒီစစ်က ဘယ်နေရာမှာ တိုက်ကြမှာတဲ့လဲဗျ'ဟု ဦးလေးပွန်ပေက မေးသော်လည်း မစ္စမာလီဗီက တိတိကျကျမဖြေနိုင်။

မြန်မာ စာအုပ်များ

'ဒါဆိုရင် မြောက်ပိုင်းမှာတိုက်ကြမှာထင်ပါတယ်။ ကျုပ်တို့ဘက်မှာ ဟုတ်မယ် မထင်ပါဘူး၊ အေးလေ ဘယ်နေရာမှာပဲတိုက်တိုက် ထူးတော့မထူးပါဘူး'ဟု ဦးလေးပွန်ပေက ပြောသည်။

ထိုညတွင် ဂျော့က ကစ်ဇီအား မေးသည်။

'စစ်ဆိုတာ ဘာလဲမေမေ'

ကစ်ဇီက တစ်ခဏမျှ စဉ်းစားနေသည်။

'လူတွေအများကြီး တစ်ဖက်နဲ့တစ်ဖက် တိုက်ကြတာပေါ့ကွယ်'

'ဘာပြုလို့ တိုက်တာလဲ'

'သူတို့စိတ်ထဲမှာရှိနေတဲ့ အကြောင်းတစ်ခုခုကြောင့်ပေါ့ကွယ်'

'အခု ဒီကလူဖြူတွေနဲ့ အင်္ဂလိပ်လူဖြူတွေ တိုက်တာကကော ဘာပြုလို့လဲ'

'ငါသားရယ်၊ မင်းမေးခွန်းတွေက ဆုံးမှာမဟုတ်တော့ဘူး။ အမေလည်း ဖြေလို့ဆုံးမှာ မဟုတ်တော့ဘူး'

၁၈၁၄ခုနှစ် တနင်္ဂနွေတစ်နေ့တွင် မစ္စမာလီဇီနှင့်အတူ မီးဖိုချောင်ထဲ၌ အလုပ်ကူလုပ်နေသော ဂျော့သည် ကျွန်အိမ်တန်းသို့ ပြန်ပြေးလာပြီး သတင်းတစ်ခုပေးသည်။

'မစ္စမာလီဇီက ပြောခိုင်းလိုက်တယ်။ အင်္ဂလိပ်စစ်တပ်က အမေရိကန်စစ်သားငါးထောင်ကို အနိုင်တိုက်ပြီး လွှတ်တော်နဲ့ အိမ်ဖြူတော် အဆောက်အအုံတွေကို မီးရှို့ပစ်တယ်တဲ့'

'အဲဒါတွေက ဘယ်မှာရှိတာလဲ'ဟု ကစ်ဇီက မေးသည်။

'မြို့တော်ဝါရှင်တန်ဒီစီမှာရှိတာ'ဟု ဦးလေးပွန်ပေကပြောသည်။

'တို့နဲ့ တော်တော်ဝေးပါတယ်ဟယ်'

နောက်တစ်နှစ်တွင် ဂျော့၏အခြေအနေသည် သိသိသာသာပြောင်းလဲလာသည်။ သူသည် လူကြီးများလုပ်သမျှကို အတုခိုးရာ၌ အလွန်တော်သည်။ သူ အတုခိုးပြီး လုပ်ပြသမျှ အရာအားလုံးသည် ကျွန်အိမ်တန်းရှိလူကြီးများအတွက် ပွဲကျစရာပြက်လုံးများ ဖြစ်လာသည်။ ဂျော့လုပ်ပြသမျှ ပြက်လုံးများထဲမှ လူကြီးများအကြိုက်ဆုံးမှာ ယာပိုင်ရှင် မစ္စတာလီယာ၏ ဟန်ပန်လေသံနှင့် ပြုမူပြောဆိုပုံဖြစ်သည်။ မကြာခဏ ပွဲတောင်းခံရသည့် အကွက်တစ်ခုလည်းဖြစ်၏။ ထိုအကွက်ကိုလုပ်ပြဖို့ ခိုင်းသည့်အခါတိုင်း ဂျော့သည် ရှေးဦးစွာ မစ္စတာလီယာ အနီးအနား၌ရှိမရှိ သေချာအောင်ကြည့်သည်။ ထို့နောက် မျက်လုံးများကို စွေစောင်းပြီး မျက်နှာကိုရှုံ့တွကာ ဒေါသတကြီးလေသံဖြင့်...

'ဟေ့ နီဂရိုးကောင်တွေ၊ ငါပြောတာနားထောင်ကြစမ်း၊ နေမဝင်ခင် ဒီအကွက်ထဲက ဝါပွင့်တွေကို ပြီးအောင်ကောက်ကြ၊ မပြီးရင် မင်းတို့အတွက် ရာရှင်ထုတ်မပေးဘူး။ ငါပြောတာ ကြားကြရဲ့လား၊ ဟေ'

မြန်မာ စာအုပ်များ

မည်သူ့ကို အတုခိုးသည်ဖြစ်စေ ဂျော့သည် တစ်ခဏမျှသာကြည့်ခွင့်ရလျှင် ပီပီပြင်ပြင်အတုခိုးတတ်သည်။ အိမ်ကြီးရှင်များ ညစာစားပွဲလုပ်တိုင်း လာလေ့ရှိသော လူဖြူတရားဟောဆရာတစ်ဦးရှိသည်။ သူရောက်လာလျှင် မစ္စတာလီယာက ကျွန်များအား တရားဟောခိုင်းလေ့ရှိ၏။ ထိုအခါ တရားဟောဆရာသည် ဂျော့ အတုခိုးစရာ လူတစ်ယောက် ဖြစ်လာသည်။ ထိုနည်းတူစွာပင် မစ္စတာလီယာ၏ တိုက်ကြက်များကို ထိန်းပေးနေရသော အဘိုးအို မင်ဂိုသည်လည်း သူအတုခိုးစရာလူတစ်ယောက် ဖြစ်လာသည်။

စနေ တစ်နံနက်ခင်းတွင် မစ္စတာလီယာသည် ကျွန်အိမ်တန်းသို့ ကိုယ်တိုင်လာ၍ တစ်ပတ်စာ ရာရှင် ဝေပေးသည်။ ကစ်ဇီ၊ စစ္စတာဆာရာ၊ မစ္စမာလီဇီနှင့် ဦးလေးပွန်ပေတို့သည် မိမိတို့ တဲတံခါးဝ၌ ရပ်၍ ဝေပေးနေသည့် ရာရှင်ကို ယူနေကြသည်။ ထိုအခိုက်တွင် ဂျော့သည် ကြွက်တစ်ကောင်နောက် ပြေးလိုက်ရင်း အိမ်တန်းထောင့်ကွေးမှ ဘွားခနဲပေါ်လာပြီး မစ္စတာလီယာအား ဝင်တိုးမိမတတ်ဖြစ်သွားသည်။ စိတ်လက်ကြည်သာနေခိုက်ဖြစ်၍ မစ္စတာလီယာသည် စိတ်တိုစိတ်ဆိုးခြင်းမဖြစ်။

'ဟေ့ကောင်လေး၊ မင်း ရာရှင်ရဖို့ ဘာအလုပ်လုပ်နေသလဲ'

'ကျွန်တော် ယာကွက်တွေထဲမှာ လုပ်စရာအကုန်လုပ်ပေးတယ်၊ ပြီးတော့တရားဟောပေးပါတယ် မစ္စတာ'

မကြောက်မရွံ့ ဖြေနေသော ကိုးနှစ်သားအရွယ် ဂျော့ကိုကြည့်ကာ လူကြီးအားလုံး အံ့အားသင့်နေကြသည်။ မစ္စတာလီယာကိုယ်တိုင်လည်း အံ့အားသင့်လျက်ရှိ၏။

'မင်းဟောတဲ့တရားကို ငါနားထောင်ပါရစေဦး'

သူ့အား ဝိုင်းကြည့်နေကြသည့် လူကြီးများရှေ့မှောက်မှာပင် ဂျော့သည် နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရပ်လိုက်ပြီး မစ္စတာ့ဆီကို လာလာနေတဲ့ တရားဟောဆရာဟောတဲ့ တရားပါ ခင်ဗျာ'ဟု ပြောကာ ဟန်အမူအရာအပြည့်ဖြင့် တရားဟောသည်။

'သခင့်ရဲ့ပစ္စည်းကို ဦးလေးပွန်ပေယူတာမြင်ရင် သခင်ကို ပြောပါ။ မစ္စမာလီဇီ ဂျုံတွေယူတာမြင်ရင် သခင်မကိုပြေးပြောပါ။ အဲသလိုလုပ်တဲ့ နီဂရိုးကိုအကျင့်စာရိတ္တကောင်းတဲ့ နီဂရိုးလို့ခေါ်တယ်။ သေရင်လည်း ကောင်းကင်ဘုံကိုရောက်မယ်'

မစ္စတာလီယာက တအားအော်ရယ်သည်။

မစ္စတာလီယာ ယခုလို အားရပါးရရယ်မောသည်ကို မတွေ့ဖူးကြသော လူကြီးများသည် အံ့သြနေကြသည်။ မစ္စတာလီယာက ဂျော့၏ပခုံးကိုပုတ်ကာ 'မင်း တရားဟောချင်ရင် အချိန်မရွေး ဟောနိုင်တယ်ဟေ့'ဟု ပြောသည်။

တစ်နေ့တွင် ခရီးဝေးတစ်ခုမှပြန်လာသော မစ္စတာလီယာသည် မစ္စမာလီဇီအား ယာတောသို့လွှတ်၍ ဂျော့ကို အခေါ်ခိုင်းသည်။ ရောက်လာသည့်အခါ ဂျော့အား

ဧည့်သည်များ၏နောက်မှ ဘယ်လိုရပ်ပြီး ဘယ်လိုယပ်ခပ်ပေးရမည်ကို သူကိုယ်တိုင် သင်ပေးသည်။ လာမည့်တနင်္ဂနွေနေ့ ညစာစားပွဲတွင် ဧည့်သည်များအား ယပ်ခတ်ပေးရမည့် တာဝန်ကို ဂျော့ယူရမည်ဟု ပြောသည်။

ညစာစားပွဲပြုလုပ်သည့်ညတွင် မစ္စမာလီဇီသည် ထမင်းစားပွဲမပြီးမီ ကျွန်အိမ်တန်းဘက်သို့ တစ်ခေါက်လစ်ထွက်လာသည်။ ယပ်ခတ်ပေးနေသော ဂျော့အား မစ္စတာလီယာက တရားဟောနိုင်းကြောင်း၊ ဂျော့ကလည်း အကြောက်အလန့်ကင်းစွာဖြင့် တရားဟောကြောင်း၊ ဧည့်သည်များက များစွာသဘောကျကြောင်း စသည်ဖြင့် သတင်းလာပေးခြင်းဖြစ်သည်။ ကစ်ဇီ၊ စစ္စတာဆာရာနှင့် ဦးလေးပွန်ပေတို့ကလည်း ထိုသို့ကြားရသည့်အခါ ဝမ်းသာကြရလေသည်။

တနင်္ဂနွေနေ့ဆိုလျှင် မစ္စတာလီယာတို့ ဇနီးမောင်နှံသည် အပြင်သို့ ထွက်တတ်သည်။ ပြန်လာသည့်အခါ ဂျော့အတွက် သတင်းကောင်းယူလာတတ်၏။ ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသော ဧည့်သည်များက သူတို့နှင့်တွေ့တိုင်း ဂျော့အကြောင်း စုံစမ်းကြသည်ဟု မစ္စက်လီယာက မစ္စမာလီဇီအား ပြောတတ်သည်။ နောက်ပိုင်းတွင် မစ္စက်လီယာကိုယ်တိုင် ဂျော့အား သဘောကျကြောင်း ထုတ်ဖော်ပြောလာသည်။

'မစ္စက်လီယာက ဘယ်နီဂရိုးကိုမှ ခင်တတ်တဲ့မိန်းမမဟုတ်ဘူး ကစ်ဇီရဲ့။ အခုဒီကောင်လေးနဲ့ကျမှ သူခင်တာ'ဟု မစ္စမာလီဇီက တအံ့တသြမှတ်ချက်ချသည်။ တဖြည်းဖြည်းနှင့် မစ္စက်လီယာသည် ဂျော့အား သူ့အိမ်ထဲတွင် လက်တိုလက်တောင်းခိုင်းလာသည်။ ဤသို့ဖြင့် ဂျော့သည် သူ့မိခင်ကစ်ဇီနှင့် ယာတောသို့မလိုက်ရသည့်ရက်တွေ များလာသည်။

အိမ်ကြီး၌ ညစာစားပွဲလုပ်တိုင်း ဂျော့သည် ယပ်ခတ်တာဝန်ကိုယူရသည်။ ထိုအခါ လူဖြူဧည့်သည်များထံမှ သတင်းထူးသတင်းဆန်းများကို အမြဲတစေ ကြားလာသည်။ ကြားတိုင်းလည်း ဂျော့က ကျွန်အိမ်တန်းမှလူကြီးများအား ပြန်၍ ဖောက်သည်ချလေ့ရှိ၏။

'လွတ်မြောက်သွားတဲ့ နီဂရိုးကျွန် သုံးထောင်လောက် ဖီလာဒါ်းဖီးယားမြို့မှာ စည်းဝေးပွဲကြီး လုပ်တယ်တဲ့။ ကျွန်လူမည်းတွေနဲ့ လွတ်မြောက်သွားတဲ့ နီဂရိုးတွေဟာ ဒီနိုင်ငံတည်ထောင်ရာမှာ လူဖြူတွေနဲ့အတူတူ ပါဝင်ခဲ့ကြတယ်။ စစ်ဖြစ်ရင်လည်း ဝင်ပြီးတိုက်ခဲ့ကြတယ်။ ဒါကြောင့်မို့ အမေရိကန်နိုင်ငံ ကြီးပွားလာရင် သူတို့လည်း ခံစားခွင့်ရှိတယ်တဲ့။ အဲဒီဆုံးဖြတ်ချက်တွေကို သမ္မတဆီ ပို့ကြတယ်တဲ့'

၁၈၁၈ ခုနှစ် တနင်္ဂနွေနေ့ တစ်နေ့တွင် ဂျော့ထံမှ သတင်းတစ်ခု ကြားရပြန်သည်။ အမေရိကန် ကိုလိုနီနိုင်ငံများအသင်းက လွတ်မြောက်သွားသည့် နီးဂရိုးများအား သဘောဖြင့် အာဖရိကတိုက်သို့ ပြန်ပို့ရန် အားထုတ်နေသည် ဟူသော သတင်းဖြစ်၏။

စစ္စတာဆရာက...

'ကျွန်မကတော့ အာဖရိကကိုမသွားပါဘူး။ နီဂရိုးတွေဟာ မျောက်တွေနဲ့အတူ တူ သစ်ပင်တွေပေါ်မှာ နေကြတာတဲ့တော့'

''ဘယ်နေရာကကြားခဲ့တဲ့စကားလဲ'ဟု ကစ်ဇီက မေးသည်။

'ကျွန်မအဖေဟာ အာဖရိကတိုက်က လာတာရှင့်။ လူမည်းတွေ သစ်ပင်ပေါ် တက်နေတယ်ဆိုတာ ရှိကိုမရှိဘူး'

'ဒါကတော့ လူတိုင်းကြားဖူးနေတဲ့စကားပဲ'ဟု စစ္စတာဆရာက ပြန်ပြောသည်။

'တော်ပါတော့လေ'ဟု ဦးလေးပွန်ပေက ဝင်တားသည်။

'ခင်ဗျားကိုလည်း ဘယ်သင်္ဘောကမှ မတင်ပါဘူး။ ခင်ဗျားက ကျွန်ဘဝကမှ မလွတ်သေးတာ'

'လွတ်လည်း ကျွန်မကတော့မသွားဘူး'

စစ္စတာဆရာက ဦးလေးပွန်ပေနှင့် ကစ်ဇီတို့ကိုပင် နှုတ်မဆက်တော့ဘဲ မီးဖိုနားမှ ထသွားသည်။

ကစ်ဇီသည် သူ့အဖေချစ်မြတ်နိုးသော ဇာတိနိုင်ငံအပေါ် မတော်မတရားပြော သည့်အတွက် စိတ်ထဲတွင် မခံချင်ဖြစ်မိ၏။ ဂျော့ကလည်း သူ့အဘိုးအား ထိပါးစေ သည့် စကားမျိုး ကြားရ၍ မခံချင်ဖြစ်နေသည်ကို တွေ့ရ၏။ ထိုအခါ ကစ်ဇီသည် အံ့အားသင့်ရုံမျှမက ဝမ်းသာကျေနပ်ခြင်းလည်းဖြစ်မိ၏။

'မေမေ၊ စစ္စတာဆရာပြောတာ မမှန်ပါဘူးနော်'

''မမှန်ပါဘူး သားရယ်'

ဂျော့သည် အတန်ကြာမျှ နှုတ်ဆိတ်နေသည်။ ထို့နောက် ခပ်တွန့်တွန့် လေသံ ဖြင့် အဘိုးအကြောင်း ကျွန်တော့်ကို ထပ်ပြောဦးမှာလား မေမေ'ဟု မေးသည်။

ကစ်ဇီသည် လွန်ခဲ့သော ဆောင်းညတစ်ညက မေးခွန်းများ အတောမသတ်နိုင် အောင် မေးနေသဖြင့် ဂျော့အား စိတ်တိုပြီး အော်ငေါက်ခဲ့ဖူးသည့်အဖြစ်ကို ပြန်၍ သတိရသည်။ 'ကြုံကြိုက်တဲ့အခါတိုင်း ပြောပြမှာပေါ့သားရယ်'ဟု ဖြေသည်။

'ကျွန်တော်စဉ်းစားမိတယ်မေမေ။ မေမေက သားကိုပြောပြသလို သားကလည်း သားရဲ့ သားသမီးတွေကို အဘိုးအကြောင်း ပြောပြမယ်'

အသက် ဆယ့်နှစ်နှစ်မျှသာရှိသေးသော သူ့သားက အနာဂတ်တွင် ပေါက်ဖွား လာမည့် သူ့သားသမီးများအကြောင်း ပြောလာသည်ကို ကြားရသောအခါ ကစ်ဇီ မပြုံးဘဲမနေနိုင်။

ဂျော့သည် သခင်နှင့် သခင်မတို့၏ မျက်နှာသာပေးမှုကို တစ်နေ့တခြား တိုး၍ ရလာသည်။ လီယာခြံအတွင်း၌ သူသွားချင်သည့်နေရာကို သွားလာခွင့်ရနေသည်။

မြန်မာ စာအုပ်များ

အထူးသဖြင့် သခင်နှင့်သခင်မတို့ အပြင်သွားသည့် တနင်္ဂနွေနေ့များ၌ ဂျော့သည် နာရီပေါင်းများစွာ လျှောက်လည်နေတတ်၏။ တနင်္ဂနွေတစ်ရက်တွင်မူ ဂျော့သည် မိုးချုပ်ခါနီးမှ အိမ်သို့ပြန်ရောက်လာပြီး သခင်လီယာ၏ တိုက်ကြက်များ မွေးထားသည့် ခြံ၌ သူ တစ်နေ့ခင်းလုံး အချိန်ကုန်ခဲ့သည်ဟု သူ့အမေအား ပြောသည်။

'တိုက်ကြက်ဖကြီးတစ်ကောင် လွတ်သွားတယ် အမေရေ၊ ကျွန်တော် ကူပြီး ဖမ်းပေးတယ်။ အဲဒီအဘိုးအိုနဲ့ ကျွန်တော် စကားပြောခဲ့ရတယ်။ ကြက်တွေကလည်း တအားလှတာပဲအမေရာ။ ကျွန်တော် တစ်ခါမှမမြင်ဖူးတဲ့ကြက်မျိုးတွေဗျ။ တစ်ကောင်နဲ့ တစ်ကောင် အမြဲခွပ်နေကြတာပဲ။ အဘိုးအိုက ကျွန်တော့်ကို မြက်တစ်ဆုပ်နုတ်ခိုင်းပြီး ကြက်တွေကို ကျွေးခိုင်းတယ်။ ပြီးတော့ သူက ကြက်တိုက်တဲ့အခါ အနိုင်ခွပ်နိုင်အောင် ကျောတွေ ခြေထောက်တွေနဲ့ လည်ပင်းတွေကို နှိပ်တဲ့နည်းတွေလည်း ပြပေးတယ်'

'ငါ့သား အဲဒီနေရာကို နောက်ထပ်မသွားနဲ့တော့။ မစ္စတာလီယာက အဲဒီကြက်ခြံဘက် ဘယ်သူ့မှသွားတာမကြိုက်ဘူး။ အဘိုးအိုမင်ဂိုကလွဲပြီး တခြားလူတွေ ဝင်ခွင့်ထွက်ခွင့် မပြုဘူးကွဲ့'

'ဦးကြီးမင်ဂိုကပြောလိုက်တယ်။ သားကို ကြက်ခြံဘက်လာခွင့်ပြုအောင် မစ္စတာလီယာဆီမှာ ခွင့်တောင်းပေးမယ်တဲ့။ သားက ကြက်တွေကို အစာကျွေးတဲ့နေရာမှာ ကူညီရမယ်တဲ့'

နောက်တစ်နေ့မနက် ယာခင်းသို့အသွားတွင် ကစ်ဇီက စစ္စတာဆာရာအား ထိုအကြောင်း ပြောပြသည်။ ဆာရာက ရုတ်တရက် ဘာမျှပြန်မပြော။ အတန်ကြာမှ...

''နောက်ထပ် ဗေဒင်ဟောပေးမယ်လို့ ငါကပြောရင်လည်း ညည်းက လက်ခံမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဂျော့နဲ့ပတ်သက်ပြီး ငါမြင်ထားတာ နည်းနည်းပါးပါးတော့ ပြောချင်တယ်'

သူသည် စကားကို ချက်ချင်းဆက်မပြောသေးဘဲ တစ်ခဏမျှရပ်ထားသည်။

'နင့်သားဟာ သာမန်နီဂရိုးတစ်ယောက်တော့မဟုတ်ဘူး ကစ်ဇီ။ သူ အသက်ရှင်နေသမျှ အသစ်အဆန်းမှန်သမျှကို ရှာဖွေပြီး လုပ်နေမှာပဲ'

[၈၈]

'ကောင်လေးရဲ့ အပြုအမူအပြောအဆိုက မျိုးကောင်းရိုးကောင်းကမွေးလာတဲ့ ကလေးလိုပဲ သခင်။ ဖင်လည်းသိပ်ပေါ့တယ်။ ကြက်ခြံမှာ လက်တိုလက်တောင်းခိုင်းဖို့ ထားပေးပါ'ဟု ဦးကြီးမင်ဂိုက သူ့သခင်လီယာအား ပြောပြသည်။ ကျွန်အိမ်တန်းက ကောင်လေး တစ်ယောက်ဟုသာ ပြောသည်။ နာမည်တပ်၍ မည်သူမည်ဝါဟု မပြော။

မြန်မာ စာအုပ်များ

သူ၏ တောင်းဆိုချက်ကို မစ္စတာလီယာက ချက်ချင်းခွင့်ပြုလိုက်သည့်အခါ မင်ဂို သည် များစွာဝမ်းသာသွားသည်။ သူ့တွင် အကူတစ်ယောက် လိုအပ်နေသည်မှာ ကြာပြီ။ တကယ်တော့ ဦးကြီးမင်ဂိုသည် အသက်ကြီးလာပြီဖြစ်၏။ ကျန်းမာရေးကလည်း မရေမရာဖြစ်လာသည်။ ဤအချက်ကို မစ္စတာလီယာကိုယ်တိုင် သူ့ကို မျက်ခြည်မပြတ် လေ့လာနေမှန်း မင်ဂို ကောင်းစွာသိနေသည်။ သူ့သခင်လီယာအနေဖြင့် သူ့အား ကူညီ လုပ်ကိုင်ပေးနိုင်မည့် ယုံကြည်စိတ်ချရသော ကျွန်လူငယ်တစ်ယောက် ဝယ်ပေးရန် ရှာဖွေနေမှန်းလည်း သူသိနေ၏။ ထို့ကြောင့်လည်း ဂျော့၏ကိစ္စကို ရဲရဲဝံ့ဝံ့ပြောခဲ့ခြင်း ဖြစ်လေသည်။

ဂျော့အလုပ်ဆင်းသည့် ပထမနေ့တွင် မင်ဂိုက ကြက်ခြံများအတွင်း၌ တသီး တသန့်ထားသော ကြက်မမြိုးကောင်းပေါက်များအား အစာကျွေးပုံ ကျွေးနည်းကို လက်တွေ့ သင်ပြပေးသည်။ ဂျော့ လုပ်တတ်ကိုင်တတ်သည်ကို တွေ့သောအခါ အဘိုးအိုက အသက်တစ်နှစ်သားမပြည့်တပြည့် ကြက်ဖများအား အစာကျွေးပုံကျွေးနည်း သင်ပြ ပေးသည်။ ဤအရွယ်ကြက်ဖများသည် တစ်ကောင့်တစ်ကောင် ရန်စောင်စပြုသည့် အရွယ်များဖြစ်ရာ အကာအရံအတွင်းမှနေ၍ တစ်ကောင့်တစ်ကောင် လှမ်း၍ ခွပ်ရန် အမြဲအားထုတ်နေကြသည်ကိုတွေ့ရ၏။ ဂျော့သည် ကြက်မြိုးကောင်းပေါက်များ၏ အပြုအမူများအပေါ် များစွာစိတ်ဝင်စားလျက်ရှိသည်။ ဤအရွယ်များသည် အတက်များ ထွက်စ အမွေးအတောင်စုံစ အရွယ်များဖြစ်သည်။ သူတို့၏ လမ်းလျှောက်ပုံမှာလည်း ရဲရင့်ဝံ့ကြွားလှ၏။ တစ်ခါတစ်ရံ ကြက်မြိုးကောင်းပေါက်များသည် တိုက်ပွဲဝင်ခဲ့ပြီး ဒဏ်ရာဒဏ်ချက်များ ပြည့်နေသော ခြောက်နှစ်သား ခုနစ်နှစ်သားအရွယ် တိုက်ကြက်ကြီး များအား ကြည့်၍ အန်တုလိုဟန် တွန်သံပေးနေသည်ကို မြင်ရသည်။ ထိုအခါမျိုး တွင် ဂျော့သည် ကြက်မြိုးကောင်းပေါက်များ၏ ဟန်အမူအရာကိုကြည့်ကာ ကျယ် လောင်စွာ ရယ်မိသည်။ မည်သို့ပင်ဖြစ်စေ ဂျော့သည် အဘိုးအိုမင်ဂို ခိုင်းထားသည့် အတိုင်း ကြက်များအား အစာမှန်မှန်ကျွေးခြင်း၊ တစ်နေ့သုံးကြိမ် သောက်ရေမှန်မှန် လဲပေးခြင်းဖြင့် သူလုပ်ရမည့်တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်သည်။

မစ္စတာလီယာသည် တိုက်ကြက်များ လေ့ကျင့်ကွင်းသို့ တစ်နေ့တစ်ခေါက် မှန်မှန်လာသည်။ လီယာလာလျှင် ဂျော့သည် သူ့အား မမြင်မတွေ့အောင် တတ်နိုင်သမျှ ခပ်ရှောင်ရှောင်နေတတ်သည်။ လီယာက သူ့အပေါ်ဆက်ဆံပုံ အေးတိအေးစက်နိုင်လွန်း ကြောင်း ရိပ်မိ၍ဖြစ်သည်။

လီယာ ရောက်လာပြီဆိုလျှင် မင်ဂိုသည် ကြက်ခြံတစ်ခုလုံးကို လိုက်ပြရသည်။ လီယာက ရှေ့မှသွား၍ မင်ဂိုက ခြေတစ်လှမ်းခန့်အကွာမှ လိုက်သည်။ လီယာသည် မင်ဂိုနှင့်စကားပြောရာ၌ တရင်းတနှီးရှိသည်။ ဦးလေးပွန်ပေ၊ စစ္စတာဆာရာနှင့် သူ့

မြန်မာ စာအုပ်များ

မိခင်တို့အား ဆက်ဆံသလိုမဟုတ်။ တစ်ခါတစ်ရံ ဂျော့သည် လီယာနှင့်မင်ဂိုတို့စကား ပြောသံများကို အတိုင်းသားကြားနေရသည်။

'ဒီမယ်မင်ဂို၊ တို့ ဒီနှစ်တော့ ကြက်အကောင်သုံးဆယ်လောက် ပြိုင်ပွဲသွင်းမယ်လို့ စိတ်ကူးထားတယ်။ အဲဒီတော့ အနည်းဆုံး အကောင်ခြောက်ဆယ်လောက်တော့ လေ့ကျင့်ထားဖို့လိုလိမ့်မယ်'

'ဟုတ်ကဲ့ပါသခင်၊ ဒါမှလည်း ကောင်းပေ့ဆိုတဲ့ ကြက်ကောင်ရေ လေးဆယ် လောက် အသားတင်ရမှာပါ'

ဂျော့အဖို့တော့ သူတို့စကားများကို ကြားပြီးသည့်အခါတိုင်း မေးစရာမေးခွန်းတွေ အများကြီး ရှိလာတတ်သည်။ သို့သော် သူမမေးရဲ။ မမေးသင့်တာမေးမိ၍ ဦးကြီးမင်ဂို မကြိုက်ခဲ့လျှင် ပြဿနာရှိနိုင်၏။ ထို့ပြင်လည်း ဦးကြီးမင်ဂိုသည် စကားများခြင်းကို ကြိုက်ဟန်မတူ။ ကြက်သမားကောင်းတို့မည်သည် စကားသိပ်မများရ၊ နှုတ်လုံရမည်၊ လျှို့ဝှက်ရမည်ဟု သူ့အား သင်ထားခဲ့ဖူးသည်မဟုတ်ပါလား။

ပြီးတော့လည်း ဦးကြီးမင်ဂိုသည် အလွန်မျက်စိလျင်သည်။ တစ်ချက်ကြည့်ရုံ မျှဖြင့် ဂျော့ လုပ်ပုံကိုင်ပုံ မှန်မမှန် သိသည်။ ခိုင်းစရာရှိလျှင်လည်း တိုတိုပြတ်ပြတ် နှင့် အမြန်ပြောတတ်သည်။ ပြောပြီးလျှင် ဂျော့အနားမှ ချက်ချင်းပြန်ထွက်သွားတတ် သည်။ သူ၏ညွှန်ကြားချက်များကို ဂျော့က မြန်မြန်ဆန်ဆန် နားလည်ခြင်းရှိမရှိ စမ်း သပ်ခြင်းဖြစ်၏။ ဂျော့အား တစ်ကြိမ်ပြောရုံမျှနှင့် ပြီးပြတ်သည်ကို တွေ့ရဖန်များ သောအခါ ဦးကြီးမင်ဂို များစွာကျေနပ်သည်။

ရက်အတန်ငယ်ကြာသောအခါ မင်ဂိုက သူ့သခင်အား ဂျော့၏ လုပ်ပုံကိုင်ပုံ များကို သူသဘောကျကြောင်းပြောပြသည်။ မကြာခင်မှာပင် မစ္စတာလီယာက 'ကောင် လေးကို ကြက်ခြံမှာ အချိန်ပြည့်ခေါ်ထားဖို့လိုလိမ့်မယ်။ မင့်တဲကလည်း သိပ်မကြီးဘူး။ အဲဒီတော့ တဲတစ်လုံးထပ်ထိုးပြီး သူ့ကိုထား။ ဒါဆိုရင် မင်းလိုအပ်တဲ့အချိန်မှာ ခေါ် နိုင်းလို့ရတာပေါ့'ဟု ပြောသည်။ မင်ဂို လုံးဝမျှော်လင့်မထားသည့်စကား။ သူ တစ် ယောက်တည်း ကြက်တွေနှင့်နေလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိခဲ့ပြီ။ ဤကြက်ခြံသည် သူ၏ သီးခြားကမ္ဘာလေးဖြစ်၏။ ဤကမ္ဘာလေးအတွင်းသို့ အခြားလူတစ်ဦး ဝင်လာ တော့မည့်အဖြစ်ကို သိလိုက်ရသောအခါ မကျေနပ်သလိုလို သဘောမကျသလိုလို ဖြစ် မိသည်။

သူ့သခင်ပြန်သွားသည့်အခါ မင်ဂိုက ဂျော့အားခေါ်၍ မကျေမနပ်လေသံဖြင့် ပြောသည်။

'သခင်က ပြောသွားတယ်၊ မင့်ကို ငါ့ဆီမှာ အချိန်ပြည့်ခေါ်ထားရမယ်တဲ့'

'ဟုတ်ကဲ့'ဟု ဂျော့က အလိုက်သင့်ပြန်ပြောသည်။

မြန်မာ စာအုပ်များ

'ကျွန်တော်နေတော့ ဘယ်နေရာမှာနေရမှာလဲ'

'မင့်အတွက် တဲတစ်လုံး ဆောက်ပေးရမယ်တဲ့'

ထိုစကားကြားသောအခါ ဂျော့သည် အိမ်ကြီးအတွင်းရှိ တာဝန်ယူထားရသည့် အလုပ်များကို စွန့်ခွာတော့မည်ဟု နားလည်လိုက်သည်။ ဤအတိုင်းဆိုလျှင် မစ္စမာလီဇီ၏ မီးဖိုချောင်ထဲမှ အစားကောင်းအသောက်ကောင်းများနှင့်လည်း ဝေးရတော့မည်။ အဆိုးဆုံးကား သူ့မိခင်အား ဤသတင်းကိုဖွင့်ပြောရမည့်ကိစ္စဖြစ်၏။

ထိုနေ့က ဂျော့ တဲအတွင်းသို့ ဝင်သွားချိန်တွင် သူ့မိခင်သည် ခြေထောက်များကို ရေနွေးစိမ်နေခိုက်ဖြစ်သည်။ ဂျော့၏မျက်နှာသည် ယခင်နေ့များတုန်းကလို ကြည်ကြည်သာသာမဟုတ်။

''အမေ့ကို ပြောစရာတစ်ခုရှိတယ်'

'ငါ့မှာ တစ်နေ့လုံး သစ်ပင်တွေခုတ်ရလို့မောနေတယ်။ နင့်ကြက်တွေအကြောင်း ငါမကြားချင်ဘူး။ နင်ပြောမှာ ဒါပဲမဟုတ်လား'

'မဟုတ်ဘူး အမေရ'ဟု ပြောကာ ဂျော့က သက်ပြင်းချသည်။

'သခင်က ပြောတယ်။ ကျွန်တော့်အတွက် တဲတစ်လုံးဆောက်ပြီး ကြက်ခြံကို ရွှေ့ရမယ်တဲ့'

ကစ်ဇီ ဖြုန်းခနဲထရပ်လိုက်သည်။ ဇလုံထဲမှရေနွေးများသည် ဘေးသို့ ဖိတ်စဉ်ကုန်ကြသည်။

'ဘာဟဲ့၊ နင်က ဘာကြောင့်ရွှေ့ရမှာလဲ။ နင်တစ်သက်လုံးနေခဲ့တဲ့နေရာမှာ ဘာပြုလို့မနေရမှာလဲ'

'ကျွန်တော်ရွှေ့တာမဟုတ်ဘူး အမေရ။ သခင်က ရွှေ့ရမယ်လို့ပြောတာ'

ဒေါသရောင်သန်းနေသော သူ့အမေမျက်နှာကိုကြည့်၍ ဂျော့က နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

'ကျွန်တော်ကတော့ အမေနဲ့ခွဲမသွားချင်ပါဘူး အမေရာ'

'နင် ဒီနေရာက ရွှေ့သွားလောက်အောင် အသက်ကြီးသေးတာ မဟုတ်ဘူးဟဲ့၊ သိရဲ့လား။ ဒီကိစ္စဟာ ဟိုလူကြီး မင်ဂိုက သခင့်ကိုပြောလို့ဖြစ်လိမ့်မယ်'

'မဟုတ်ဘူးအမေ၊ ဦးကြီးမင်ဂိုက ဘာမှမပြောဘူး။ ကျွန်တော် ရွှေ့လာမှာကို သူကလည်း မကြိုက်ဘူးဗျ။ ကျွန်တော်သိတယ်။ သူက သူ့အနားမှာ ဘယ်သူလာနေတာမှ မကြိုက်ဘူး'

ဂျော့က သူ့အမေစိတ်ကျေနပ်အောင် ဘယ်လိုပြောရလျှင်ကောင်းမည်နည်းဟု စဉ်းစားသည်။

'သခင်က သူ့အခုလုပ်ပေးထားတာ ကျွန်တော့်ကို ကောင်းအောင်လုပ်ပေးတာလို့ ထင်နေပုံပေါ်တယ် အမေရ။ သူက ကျွန်တော်နဲ့ ဦးကြီးမင်ဂိုတို့ကို စကားပြောရင် ယာလုပ်သားတွေကိုပြောသလို မရိုင်းစိုင်းဘူး။ ကောင်းကောင်းပြောတယ်'

ပြောပြီးခါမှပင် ဂျော့သည် သူ့အမှားကိုသတိရသည်။ သူ့အမေသည် ယာအလုပ်သမားတစ်ဦး ဖြစ်၏။ သူ့စကားကို သူ့အမေက ဘယ်နည်းနှင့်မှ ကြိုက်မည်မဟုတ်။ မခံချင်စိတ်သည် ကစ်ဇီအား ပို၍ဒေါသကြီးလာအောင် တို့ပေးသလိုဖြစ်သွားသည်။ သူသည် ဂျော့အား ဆွဲဆောင့်ကာ အော်ပြောသည်။

'နင့်သခင်က နင့်လိုကောင်မျိုးကို ဘယ်တော့မှဂရုမစိုက်ဘူးဟဲ့၊ သူဟာ နင့်အဖေ ဖြစ်ချင်ဖြစ်နေမှာ။ နင့်အဖေဖြစ်လို့များ သူက နင့်လိုကောင်မျိုးကို သူ့ကြက်တွေလောက်တောင် ဂရုမစိုက်ပါဘူးဟဲ့ အကောင်ရဲ့။ နင့်ကို ကောင်းကောင်းဆက်ဆံတာ သူ့ကို ချမ်းသာအောင်လုပ်ပေးနေတဲ့ ဟိုငမည်းကောင်ကြီးကို နင်ကကူညီနေလို့ဟဲ့၊ သိလား'

အံ့အားကြီးသင့်ကာ မှင်တက်မိသလိုဖြစ်သွားသော ဂျော့သည် သူ့အမေအား ပါးစပ်အဟောင်းသားဖြင့်ကြည့်နေသည်။

ကစ်ဇီကတော့ ဂျော့အား လက်သီးဆုပ်များဖြင့် မရပ်မနားထုသည်။ ပါးစပ်မှလည်း အဆက်မပြတ်အော်သည်။

'ဒီလိုဆိုရင် နင်ဒီမှာလာပြီး ဘာလို့ရပ်နေရတာလဲ'

ပြောပြောဆိုဆိုပင် ဂျော့၏ အနည်းငယ်မျှသော ရုပ်အင်္ကျီနှင့် ဘောင်းဘီများကို ယူကာ ဂျော့အား ပစ်ပေါက်သည်။

'သွား အခုသွား၊ အခုချက်ချင်း ငါ့တဲထဲကထွက်သွား'

ကစ်ဇီ၏ပါးပြင်တွင် မျက်ရည်များစီးကျလျက်ရှိသည်။ ဂျော့သည် သူ့အမေကို ကြည့်ကာ မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ ကစ်ဇီသည် တဲထဲမှ အပြေးအလွှားထွက်ကာ မစ္စမာလီယာထံသွားသည်။

ဂျော့၏မျက်နှာပေါ်တွင် မျက်ရည်များစီးကျလာသည်။ တစ်ခဏမျှအကြာတွင် သူသည် သူ့အဝတ်များကို အိတ်တစ်လုံးတွင်ထည့်၍ တဲထဲမှထွက်လာသည်။ ကြက်ခြံသို့ ရောက်သည့်အခါ ကြက်လှောင်အိမ်များကြားတွင် အိတ်ကိုခေါင်းအုံးလုပ်၍ အိပ်သည်။

အိပ်ရာမှ စောစောနိုးတတ်သော မင်ဂိုသည် နောက်တစ်နေ့မနက် အရုဏ်မတက်မီ ကြက်လှောင်အိမ်များကြား၌ အိပ်ပျော်နေသည့် ဂျော့အား တွေ့သည်နှင့် ဂျော့ဘာဖြစ်လာသည်ကို ချက်ချင်းခန့်မှန်းမိသည်။ ထိုနေ့တစ်နေ့လုံး သူသည် ဂျော့အား ချိုသာသိမ်မွေ့စွာ ဆက်ဆံလျက်ရှိလေသည်။

ဂျော့အတွက် တဲငယ်တစ်လုံးဆောက်လုပ်နေသည့် နှစ်ရက်ကာလအတွင်းတွင်လည်း မင်ဂိုသည် ဂျော့အား များစွာအရေးတယူပြု၍ ပြောဆိုဆက်ဆံသည်။ တစ်နေ့သော နံနက်တွင်မှ မင်ဂိုက ဂျော့အား 'မင့်ဘဝဟာ ဒီကြက်တွေနဲ့အတူတူဖြစ်သွားပြီ။ ဒီကြက်တွေဟာ မင်းရဲ့ဆွေမျိုးသားချင်းတွေဖြစ်လာပြီ'ဟု ပြောသည်။

ဂျော့ကတော့ ခွန်းတုံ့ပြန်ခြင်းမပြု။ သူ့စိတ်ထဲတွင် သူ့မိခင်ပြောခဲ့သည့် စကားကိုသာ သတိရနေသည်။ သူ့သခင်သည် သူ့အဖေ၊ သူ့အဖေသည် သူ့သခင်။ သူ ဆက်စပ်၍မရ။ တွေးလေရှုပ်လေပါကလား။

ဂျော့က သူ့အားဘာမှပြန်မပြောဘဲနေသည့်အခါ မင်ဂိုက မင်းနေတဲ့ ကျွန်အိမ်တန်းက နီဂရိုးတွေက ငါ့ကို လူထူးလူဆန်းကြီးလို့ထင်နေကြတယ်ကွ။ အေး... ငါကလည်း ငါ့ကိုယ်ငါ အဲသလိုပဲထင်တာပဲ'ဟု ပြောသည်။

ဤတစ်ကြိမ်တွင် သူ့ထံမှစကားပြန်ရလိမ့်မည်ဟု မင်ဂိုက မျှော်လင့်ဟန်တူ၏။ သို့သော်လည်း ဂျော့ကဘာမျှပြန်မပြော။ ပြန်ပြောလိုစိတ်လည်းမရှိ။ သူသည် ထရံပျက်ကွက် ရက်နေသော မင်ဂို၏လက်များပေါ်မှ ဗလပွဖြစ်နေသည့် အမာရွတ်များကိုသာ စိုက်ကြည့်နေသည်။ ဂျော့၏အကြည့်ကို သတိထားလိုက်မိသော မင်ဂိုသည် ထိုင်နေရာမှ ဖြုန်းခနဲထ၍ သူ့တဲဘက်သို့ ထွက်သွားသည်။ ပြန်လာသည့်အခါ သူ့လက်ထဲတွင် သံမဏိအတက်တစ်စုံပါလာသည်။

'မင်း တိုက်ကြက်တွေကို လေ့ကျင့်ပေးတဲ့အခါမှာ မင့်လက်တွေကို ငါ့လက်တွေလိုမဖြစ်အောင် သတိထားပြီးကိုင်ကွ'ဟု ပြောသည်။ ဤစကားကြားသည့်အခါ ဂျော့၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ ဦးကြီးမင်ဂိုသည် မိမိအား တိုက်ကြက်တွေ လေ့ကျင့်ပေးဖို့ တာဝန်ပေးလေမလား။

နောက်သီတင်းပတ်များတွင် မင်ဂိုသည် ယခင်ကလို စကားများများမပြောဘဲ နေပြန်သည်။ သို့သော်လည်း ဂျော့နှင့်ကား ယခင်ကထက်ပိုပြီး ရင်းနှီးလာသည်။ ဂျော့အား သူ့လက်ထောက်တစ်ယောက်အဖြစ် သဘောထားလာသည်။ တစ်ခါတစ်ရံတွင်မူ အလုပ်နှင့်ပတ်သက်၍ သူ၏ခံယူချက်ကို ဂျော့နားလည်အောင် ရှင်းပြတတ်သည်။

'ငါကတော့ကွာ ကြက်ပွဲတစ်ပွဲမှာ ငွေဘယ်လောက်များများနိုင်တယ်ဆိုတာ သိလည်းမသိဘူး။ နားလည်းမလည်ဘူး။ ငါသိတာတစ်ခုပဲရှိတယ်။ ဥပမာဆိုပါတော့ကွာ၊ လူတစ်ယောက်က ဧကတစ်ရာကျယ်တဲ့ ဝါခင်းကြီးတစ်ခင်းနဲ့ တိုက်ကြက်ကောင်းကောင်းတစ်ကောင် ကြိုက်ရာတစ်ခုယူလို့ပြောရင် ငါကတော့ ကြက်ပဲယူမယ်။ သခင်လီယာကလည်း ငါ့စိတ်လိုပဲကွ။ သူကလည်း ကြက်ပဲယူမယ့်လူစား။ ဒါကြောင့်လည်း သူမှာ မြေဧကလည်းများများမရှိဘူး၊ နီဂရိုးကျွန်လည်း အများကြီးမပိုင်ဘူး'

ဂျော့အသက် ဆယ့်လေးနှစ်ပြည့်ချိန်တွင် တနင်္ဂနွေနေ့တိုင်း နားခွင့်ရသည်။ သူ့နားရက်ဆိုလျှင် ဂျော့သည် ကျွန်အိမ်တန်းသို့ပြန်၍ မစ္စမာလီဇီ၊ စစ္စတာဆာရာ၊ ဦးလေးပွန်ပေတို့နှင့်တွေ့သည်။ သူ့မိခင်နှင့် တွေ့သည့်အခါများတွင် သူသည် သူ့အဖေအကြောင်းကိုမပြော။ သို့သော်လည်း စိတ်ကတော့သူ့အဖေအကြောင်း အများကြီး တွေးသည်။

ကျွန်အိမ်တန်းမှ လူများသည် တားမြစ်နယ်မြေဖြစ်သော ကြက်ခြံအကြောင်းကို သိချင်ကြသည်။ ဂျော့ကလည်း ဖောက်သည်ချလေ့ရှိ၏။ တိုက်ကြက်များ ကြွက်သတ်သည့်အကြောင်း၊ ကြောင်တို့ မြေခွေးတို့ကိုပင် အနိုင်ခွပ်ကြကြောင်း၊ တိုက်ကြက်မများသည် တိုက်ကြက်ဖလိုပင် ဒေါသကြီးကြောင်း စသည်ဖြင့် သူသိသမျှကို ပြောပြသည်။ မစ္စတာဂျိုဝက်ဆိုသော လူဖြူတစ်ယောက်က တိုက်ကြက်တစ်ကောင်ကို ဒေါ်လာ သုံးထောင်ပေး၍ ဝယ်သည်ဟု ပြောပြသည့်အခါ 'အမယ်လေးတော်၊ ကြက်တစ်ကောင် ဈေးကလည်း ကျွန်လေးယောက် ကောင်းကောင်းဝယ်နိုင်နေပါလား'ဟု မစ္စမာလီဇီက တအံ့တသြရေရွတ်သည်။

တနင်္ဂနွေနေ့တိုင်း အလည်လာလေ့ရှိသော ဂျော့သည် နေအနည်းငယ်စောင်းသည်နှင့် ဖင်တကြွကြွဖြစ်လာသည်။ ချက်ချင်းပင် အားလုံးကိုနှုတ်ဆက်၍ သူ့ကြက်ခြံသို့ ကသောကမျောပြန်သည်။ ဤကြက်များသည် သူ့သံယောဇဉ်တွယ်စရာသတ္တဝါများ ဖြစ်နေကြပြီ မဟုတ်ပါလား။

ဤသို့ဖြင့် ကြက်ပွဲများ ကျင်းပလေ့ရှိသည့်ရာသီသို့ တဖြည်းဖြည်း နီးကပ်လာသည်။ မစ္စတာလီယာနှင့်မင်ဂိုတို့သည် ကြက်များ၏ ဦးခေါင်း၊ လည်ပင်း၊ တောင်ပံနှင့် တင်ပါးဆုံမွေးများကို ကတ်ကြေးနှင့် ကိုက်ဖြတ်ကြသည်။အမြီးပိုင်းကိုလည်း ယပ်တောင်များသဖွယ် လှနေအောင်ဖြတ်ကြသည်။ ထိုအခါ ကျစ်လျစ်တောင့်တင်းသော တိုက်ကြက်များ၏ ကိုယ်ခန္ဓာအလှသည် ပိပြင်ပြတ်သားစွာပေါ်လာသည်ကို တွေ့မြင်ရ၏။ နောက်ဆုံးတွင် ကြက်များ၏အတက်များကို ချောမွေ့သပ်ရပ်သွားအောင် ဓားနှင့်ခြစ်ပေးသည်။

ကြက်တိုက်ပွဲဖွင့်မည့် ပထမနေ့နံနက် အရုဏ်တက်ချိန်တွင် မင်ဂိုနှင့် ဂျော့သည် နောက်ဆုံးရွေးချယ်ထားသည့် လက်ရွေးစင်တိုက်ကြက် ဆယ့်နှစ်ကောင်အား ခရီးဆောင် ကြက်လှောင်အိမ်များထဲသို့ တစ်ကောင်စီထည့်သည်။ မကြာခင်မှာပင် မစ္စတာလီယာ လှည်းနှင့်ရောက်လာသည်။ မင်ဂိုနှင့်ဂျော့တို့က ကြက်လှောင်အိမ်များကို လှည်းပေါ် တင်ကြသည်။ ထို့နောက် မင်ဂိုသည် လှည်းဦးပိုင်း သို့တက်ကာ သူ့သခင်လီယာ၏ ဘေး၌ ဝင်ထိုင်သည်။ လှည်းဘီးများသည် ကြက်ခြံအတွင်းမှ ဖြည်းဖြည်းချင်းလိမ့်၍ ထွက်သွားသည်။

မြန်မာ စာအုပ်များ

မင်ဂိုက လှည်းပေါ်မှနေ နောက်သို့ပြန်လှည့်ကြည့်ပြီး လှမ်းအော်သည်။

'ဟေး…ဂျော့၊ မင်းလိုက်မှာလား၊ မလိုက်ဘူးလား'

ဂျော့က ပမ်းသာအားရ ပြေးလိုက်သွားပြီး လှည်းနောက်မြီးကို ခုန်၍ဆွဲကာ လှည်းပေါ် တွယ်တက်သည်။ လှည်းပေါ်ရောက်ခါမှပင် အသက်ကို တစ်ချက်မျှ ဝအောင်ရှူလိုက်ပြီးလျှင် တင်ပျဉ်ခွေထိုင်ချလိုက်သည်။ လှည်းဘီးများဆီမှ တကျွိကျွိမြည်သံများ၊ တိုက်ကြက်များ၏ တွန်သံများ၊ တကွတ်ကွတ်အော်သံများနှင့် အစာကောက်သံများသည် သူ့နားတွင်းသို့ အဆက်မပြတ်ဝင်ရောက်လာနေကြ၏။ သူ့ရင်ထဲတွင် မင်ဂိုနှင့် မစ္စတာလီယာတို့အပေါ် လေးစားကြည်ညိုခြင်းနှင့် ကျေးဇူးတင်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ သူ့အနေဖြင့် မစ္စတာလီယာ၏အကြောင်းကို တွေးလိုက်တိုင်း သူ့အမေပြောခဲ့ဖူးသည့် စကားကို သတိရသည်။ သူ့သခင်လီယာသည် သူ့အဖေဟု သူ့အမေကပြောခဲ့သည် မဟုတ်ပါလော။

လမ်းတစ်လျှောက်တွင် ဂျော့သည် ရှေ့မှသွားနေသည့်လှည်းများ၊ ဘေးတစ်ဖက်တစ်ချက်မှ ထွက်လာနေသည့် လှည်းများနှင့် မြင်းစီးသမားများကို မြင်တွေ့ရသည်။ လှည်းများပေါ်တွင် လူဖြူများနှင့်ကျွန်များပါလာသည်။ 'ကြက်သမားတွေဟာ ကြက်ပွဲသာရှိလို့ကတော့ ဘာကိုမှ ဂရုမစိုက်တော့ဘူး။ ဘယ်အချိန်ပဲဖြစ်ဖြစ် ဘယ်လောက်ပဲဝေးဝေး သွားတာပဲ'ဟု ပြောခဲ့ဖူးသည့် ဦးကြီးမင်ဂို၏စကားကို သတိရမိသည်။

'တွမ်လီယာ'

အော်ခေါ်သံများကြားရသည့်အခါ မစ္စတာလီယာသည် လှည်းပေါ်မှ မတ်တတ်ရပ်ကာ ပြန်၍နှုတ်ဆက်ပြီး လူအုပ်ဆီသို့လျှောက်သွားသည်။ လူအုပ်မှာ ရာပေါင်းများစွာသော လူဖြူများဖြစ်၏။ ကျွန်များကတော့ လှည်းပေါ်မှမဆင်း။ ပါလာသည့်ကြက်များကို ထိန်းသိမ်းစောင့်ရှောက်နေကြသူများ ဖြစ်ဟန်တူ၏။

မင်ဂိုက ဂျော့အား တစ်ချက်လှည့်ကြည့်သည်။ ရှတ်ရှတ်သဲသဲ လှုပ်ရှားသွားလာနေကြသည့် ပရိသတ်အား ပါးစပ်အဟောင်းသားဖြင့် ငေးမောကြည့်နေသော ဂျော့ကို သတိထားလိုက်မိ၏။ သူကြက်ပွဲသို့ ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးသည့်အဖြစ်ကို ပြန်၍မြင်ယောင်လာသည်။

သူသည် ဂျော့အပေါ် ကိုယ်ချင်းစာနာစိတ်ဝင်လာသည်။

'ဟဲ့…ကောင်လေး၊ သွား။ လှည်းပေါ်ကဆင်းပြီး လျှောက်ကြည့်ချေ။ ကြက်ပွဲမစခင် ရောက်အောင်ပြန်လာခဲ့။ ငါပြောတာကြားလား'

သူ့စကားမဆုံးမီ ဂျော့ထံမှ 'ဟုတ်ကဲ့ခင်ဗျာ'ဟူသော ဖြေသံထွက်လာပြီး လှည်းပေါ်မှ ခုန်ချသံကြားရသည်။ ဂျော့သည် ချက်ချင်းပင် လူအုပ်ကြားထဲသို့ ရောက်သွားသည်။

ကြက်တိုက်ပွဲပြုလုပ်မည့်ကွင်းကို မြင်လိုက်သောအခါ ဂျော့သည် တွန့်ခနဲ ဖြစ်သွားသည်။ အနိမ့်ထဲတွင် ပြုလုပ်ထားသည့် စက်ဝိုင်းသဏ္ဍာန် မြေကွက်လပ်ကြီး ဖြစ်၏။ အောက်ဘက် နှစ်ပေခန့်အနက်ထဲ၌ တည်ရှိသည်။ ဘေးပတ်လည်တွင် လူများ ထိုင်ရန် စင်များဆောက်ထားသည်။ အလယ်မြေကွက်လပ်ထဲတွင် သဲများခင်းပြီး စည်းတားထားသော စက်ဝိုင်းငယ်တစ်ခုရှိသည်။ စက်ဝိုင်းငယ်သည် ကြက်တိုက်ကွင်းဖြစ်၏။ ဂျော့လှမ်းကြည့်နေခိုက်မှာပင် လူအများသည် စင်ပေါ် တွင် ပျားပန်းခတ်မျှ လှုပ်ရှားကာ နေရာယူလျက်ရှိကြသည်။ အားလုံး အရက်ပုလင်းတွေကိုယ်စီနှင့်ဖြစ်၏။ သူ့အနီးမှ မျက်နှာနီနီနှင့် လူတစ်ယောက်၏ အော်ဟစ်ကြေညာသံ ထွက်ပေါ်လာသည်။

'လူကြီးမင်းများခင်ဗျား၊ မကြာခင် ကြက်ပွဲစပါတော့မယ်'

ဂျော့သည် ယုန်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးဖြင့် နေရင်းသို့ပြန်ပြေးသည်။ မစ္စတာလီယာရောက်မလာမီကလေး ကပ်၍ လှည်းဆီသို့ပြန်ရောက်လာသည်။ မစ္စတာလီယာနှင့် ဦးကြီးမင်ဂိုတို့သည် လှည်းအနီး၌ လမ်းလျှောက်ရင်း တီးတိုးပြောဆိုလျက် ရှိကြသည်။

ရုတ်တရက် ပွဲကြည့်ပရိသတ်ဆီမှ အော်သံဟစ်သံများ ဆူညံစွာထွက်ပေါ်လာသည်။

'အနီဘက်က ဆယ်ဆရှိတယ်ဟေ့'

''ငါတို့ကတော့ အပြာပဲ အဆနှစ်ဆယ်ရှိတယ်'

အော်ဟစ်သံများ တိုး၍ကျယ်လောင်လာသည်။ ကြက်နှစ်ကောင်အား ချိန်နေကြသည်ကို မြင်ရ၏။ ပိုင်ရှင်များက ခြေထောက်များတွင် သံမဏိစူးများ တပ်ပေးနေသည်ကိုလည်း တွေ့ရသည်။ ကြက်များ၏အလေးချိန်သည် တစ်ကောင်ထက် အခြားတစ်ကောင်က နှစ်အောင်စလျော့နည်းနေလျှင် သို့မဟုတ် ပိုနေလျှင် ယှဉ်ပြိုင်လေ့မရှိကြဟု ဦးကြီးမင်ဂို ပြောခဲ့ဖူးသည်ကို ဂျော့သတိထားမိသည်။

တိုက်ကွင်းအစွန်ဘက်၌ရပ်နေသည့် လူတစ်ယောက်ဆီမှ အော်သံတစ်ခွန်း ထွက်လာသည်။ ထို့နောက် ထိုလူနှင့် အခြားလူနှစ်ယောက်၊ စည်းဝိုင်းအပြင်ဘက်၌ ဆောင့်ကြောင့်ထိုင်နေသူမှာ နှစ်ဦး။ သူတို့နှစ်ဦးသည် ပိုက်ထားသည့်ကြက်များ တစ်ကောင့်တစ်ကောင် လှမ်း၍ဆိတ်နိုင်လောက်ရုံမျှသာ အလှမ်းကွာကြသည်။

'အသင့်ပြင်'

ကြက်ပိုင်ရှင်များသည် တာလွှတ်စည်းပေါ်သို့ ကြက်များကို ချလိုက်ကြသည်။

'လွှတ်'

အရှိန်ပြင်းစွာပြေးဝင်သွားကြသော ကြက်နှစ်ကောင်သည် ထိပ်တိုက် ရင်ဆိုင်မိကြသည်။ ဖြန်းခနဲမြည်သံထွက်ပေါ်လာပြီး ကြက်နှစ်ကောင်စလုံး လေထဲသို့ မြောက်တက်

သွားသည်။ နှစ်ကောင်စလုံး အရှိန်ပြင်းစွာနှင့်ပင် နောက်သို့ပြန်ကျလာကြသည်။ တစ်စက္ကန့်မျှအတွင်းမှာပင် ပြန်၍ တာစူကာ ရင်ဆိုင်ကြပြန်သည်။ ဖြန်းခနဲ ဖြန်းခနဲ မြည်သံများသည် ဆက်တိုက်ထွက်ပေါ်လာသည်။

'အနိုက်ပြိုင်ကွ'

အော်သံတစ်ချက်ကြားရသည်။ ပိုင်ရှင်နှစ်ဦးသည် ကြက်နှစ်ကောင် မြေပြင်သို့ ပြန်ကျလာသည်နှင့် ကိုယ့်ကြက်ကိုယ် ကောက်ယူလိုက်ကြသည်။ ကြက်များအား လျင်မြန်စွာ စစ်ဆေးကြည့်လိုက်ကြပြီး တာလွှတ်စည်းပေါ် ပြန်ချပေးသည်။ ဒဏ်ရာရသွားသော ကြက်နီသည် သူ့ပြိုင်ဘက်ကြက်ထက် ပိုမြင့်အောင်ခုန်ကာ အားကုန်ခွပ်သည်။ သူ့ခွပ်ချက်သည် ကြက်ပြာ၏ခေါင်းကို မိမိရရထိသည်။ ကြက်ပြာသည် ဦးခေါင်း ငိုက်စိုက်ကျကာ အတောင်နှစ်ဖက် တဖြန်းဖြန်းခါပြီး မြေပေါ်လဲကျသည်။ ကြက်ပြာသည် ဤတစ်ချက်တည်းနှင့် ကိစ္စချောသွားခဲ့လေပြီ။ ဆူညံစွာအော်ဟစ်နေကြသံများကြားမှ ဆဲသံဆိုသံ ကျိန်ဆဲသံများ ကြားလာရသည်။ ဂျော့သည် ဒိုင်လူကြီး၏ ကြေညာသံကိုပါ ကြားလိုက်ရသည်။

'အနိုင်ကြက်၊ မစ္စတာဂရေဆန်ရဲ့ ကြက်ပါခင်ဗျား၊ တစ်မိနစ် ဆယ်စက္ကန့်ပဲ ကြာပါတယ်'

နောက်တစ်ပွဲ စပြန်သည်၊ မကြာလိုက်။ စောစောကပွဲထက်ပင် ပို၍လျင်မြန်စွာ ပြီးသွားသည်။ ကြက်ပိုင်ရှင်က သူ့ကြက်သေကို ဒေါသတကြီးဖြင့် ခြေနှစ်ချောင်းမှ ဆွဲကာ လွှင့်ပစ်လိုက်သည်။ ဆဋ္ဌမမြောက်ပွဲနှင့် သတ္တမမြောက်ပွဲအပြီးတွင် မစ္စတာလီယာဟူသော အော်သံ ထွက်ပေါ်လာသည်။

မစ္စတာလီယာသည် ကြက်ကိုပိုက်၍ တိုက်ကွင်းသို့သွားသည်။ သူပါရော၍ အစာကျွေး၊ လေ့ကျင့်ပေးခဲ့သည့်ကြက်။ ဂျော့သည် သူ့အတွေးနှင့်သူ ဂုဏ်ယူနေမိ၏။ သူ့သခင်လီယာနှင့် ပြိုင်ဘက်တို့သည် တိုက်ကွင်းအနီး၌ရပ်နေကြသည်။

တိုက်ပွဲဝင်ကြက်နှစ်ကောင် ခွပ်သံများ။ လေထဲမြောက်တက်သွားလိုက်၊ ပြန်ကျလာလိုက်၊ ပူးလိုက် ခွာလိုက်၊ ဆိတ်လိုက်၊ နောက်တစ်ဖန် ပြန်၍ခွပ်လိုက်။ မစ္စတာလီယာ၏ကြက်တွင် ဒဏ်ရာရသွားသည်ကို ရိပ်ခနဲတွေ့လိုက်ရသည်။

မစ္စတာလီယာက သူ့ကြက်ကို ဖျတ်ခနဲကောက်ယူလိုက်သည်။ သူ့လက်ထဲ ရောက်သည်အထိ ကြက်ကတော့ တွန်ဆဲ။ လီယာသည် သွေးခြင်းခြင်းနီနေသော ကြက်ကို ပွေ့ကာ လှည်းဆီသို့ ပြန်ပြေးလာသည်။

'အနိုင်ကြက်၊ မစ္စတာလီယာရဲ့ကြက်ပါ ခင်ဗျား'

မင်ဂိုက လီယာ၏လက်ထဲမှ ကက်ကို ကပျာကယာဆွဲယူသည်။ သူ့လက်ချောင်းများက ဒဏ်ရာရှာဖွေသည်။ သူ့နှုတ်ခမ်းဖြင့် ဒဏ်ရာကိုငုံ့ကာ သွေးများကို စုပ်ယူ

မြန်မာ စာအုပ်များ

သည်။ ရုတ်တရက် လက်ထဲမှကြက်ကို မြေပေါ်သို့ချလိုက်ပြီး ဂျော့အား လှမ်းအော်သည်။

'သေးနဲ့ပန်းလိုက်စမ်း၊ သေးနဲ့ပန်းလိုက်၊ ဒီနေရာကို ပန်းကွ'

ယောင်တိယောင်ကန်းဖြစ်နေသော ဂျော့သည် ဦးကြီးမင်ဂိုခိုင်းသည့်အတိုင်း ကြက်၏ဒဏ်ရာပေါ်သို့ သေးနှင့်ပန်းသည်။ ကြက်သာမက မင်ဂို၏လက်များပါ သေးများဖြင့် စိုရွှဲကုန်သည်။ ထို့နောက် မင်ဂိုသည် ကြက်အား တယုတယပြန်၍ ပွေ့ယူပြီး ကြိမ်ခြင်းတစ်ခုထဲသို့ထည့်သည်။

'ဒီကောင်မသေတော့ပါဘူး သခင်၊ စိတ်ချပါ။ နောက်တစ်ပွဲအတွက် သခင် ဘယ်အကောင်ယူမလဲ'

မစ္စတာလီယာက ကြက်လျှောင်အိမ်တစ်လုံးကို လက်ညှိုးထိုးပြသည့်အခါ မင်ဂိုက ဂျော့အား လှမ်းပြောသည်။

'အဲဒီအကောင်ကို ယူလိုက်စမ်း ဂျော့'

ဂျော့က ကြက်ထုတ်ပေးလိုက်သည်နှင့် မစ္စတာလီယာသည် ကြက်ကိုပွေ့ကာ အော်ဟစ်ဆူညံနေသည့်ပရိသတ်ဆီသို့ ပြန်ပြေးသည်။ ပရိသတ်အော်ဟစ်သံများကြားမှ ကြက်တွန်သံကို သဲ့သဲ့ကြားနေရသည်။ ကြိမ်ခြင်းထဲမှ အနာတရဖြစ်နေသော ကြက်သည် တကွတ်ကွတ် အော်မြည်လျက်ရှိ၏။ ဂျော့၏ရင်ထဲတွင် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းနှင့် ထိတ်လန့်အံ့သြခြင်းများ စုပေါင်းဖြစ်ပေါ်လျက်ရှိသည်။ သူ့အနေဖြင့် ဘယ်တုန်းကမှ ဤမျှလောက် စိတ်လှုပ်ရှားခြင်းမဖြစ်ခဲ့။ သာယာကြည်လင်သော ထိုနံနက်ခင်းတွင် ကြက်သမား အသစ်တစ်ယောက် မီးရှူးသန့်စင် ဖွားမြင်ခဲ့လေပြီ။

[၈၉]

'သူ လျှောက်လာနေပုံကို မြင်တယ်မဟုတ်လား။ သူ့တိုက်ကြက်တွေ လမ်းလျှောက်သလိုပဲ။ ဟန်ရေးဝါရေးကတော့ တကယ်ပြတဲ့အကောင်'

မစ္စမာလီဒီ၊ စစ္စတာဆာရာ၊ ဦးလေးပွန်ပေတို့နှင့် စကားဝိုင်းဖွဲ့နေသော ကစ်ဇီက အဝေးမှလာနေသည့် သူ့သားဂျော့အားကြည့်၍ မလိုတမာလေသံဖြင့် ဝေဖန်သည်။ ဂျော့သည် တနင်္ဂနွေနားရက်ဖြစ်၍ အိမ်သို့ပြန်လာခြင်းဖြစ်၏။

'အဲသလိုမပြောပါနဲ့အေ'ဟု စစ္စတာဆာရာက ဟန့်သည်။

'တို့က သူ့အတွက် ဂုဏ်ယူနေကြတာ ညည်းသိသားနဲ့'

မစ္စမာလီဒီက ယမန်နေ့ညက သူကြားခဲ့ရသောသတင်းကို ဖောက်သည်ချသည်။ မနေ့ညက ညစာစားပွဲတွင် သခင်လီယာက သူ၏ ကြက်ဝါသနာအိုး ဧည့်သည်များအား

သူ့တွင် 'ပါရမီထူးသည့် ကြက်သမားကလေးတစ်ယောက် ရထားသည်ဟု ကြားနေကြောင်း၊ ကတ်စ်ဝဲလ်ကောင်တီခရိုင်နယ်မြေအတွင်းရှိ ကြက်သမားလူဖြူလူမည်းများနှင့် အချိန်မရွေးယှဉ်နိုင်သည့်အဆင့် ရှိသည်' ဟုပင် ပြောသံကြားရကြောင်း ပြောပြသည်။

ကစ်ဇီ၏မျက်လုံးများသည် သူတို့ဘက်သို့လာနေသော သူ့သားအပေါ်၌ စူးစိုက်လျက်ရှိ၏။ ထုံးစံအတိုင်း ဂျော့သည် အမျိုးသမီးများနှင့် ပွေ့ဖက်နှုတ်ဆက်သည်။ ဦးလေးပွန်ပေနှင့် လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် အာလာပသလ္လာပ ပြောကြသည်။

ပထမဆုံး မစ္စမာလီဇီကြားထားသည့် သတင်းများကို နားထောင်ကြရသည်။ လူထူးလူဆန်းကြီးမင်ဂိုနှင့် သွား၍နေသော ဂျော့သည် ကျွန်အိမ်တန်းရောက်ခါမှပင် ဤသတင်းမျိုးကို သိရကြားရခြင်းဖြစ်၏။ နေ့ခင်းပိုင်းရောက်သည့်အခါတွင်မှ ဂျော့သည် သူ့အမေနှင့် မိတ်ဆွေများ ထည့်ပေးလိုက်သည့် အစားအသောက်ခြင်းကို ဆွဲကာ ကြက်ခြံသို့ ပြန်သည်။

နွေရာသီတွင်မူ ဂျော့သည် သူ၏အားရက်ဖြစ်သော တနင်္ဂနွေနေ့ခင်းပိုင်းတွင် စားကျက်မြက်ခင်းပြင်သို့ထွက်၍ နှံကောင်များဖမ်းသည်။ ရလာသမျှကို ကြက်များအား ကျွေးသည်။ သူလုပ်သမျှကိုတွေ့မြင်နေရသော မင်ဂိုသည် ဂျော့နှင့် တိုက်ကြက်များအကြား သံယောဇဉ်အမျှင်တန်းနေပြီဖြစ်ကြောင်း ကောင်းစွာနားလည်သည်။ သူသည် ဂျော့ လုပ်သမျှ ကိုင်သမျှကိုကြည့်ကာ ပီတိဖြစ်လျက်ရှိသည်။

ဂျော့ကလည်း မင်ဂို၏စိတ်နေသဘောထားကို ကောင်းစွာရိပ်မိသည်။ မင်ဂိုသည် တိုက်ကြက်အိုကြီးများအပေါ်၌ များစွာသံယောဇဉ်ကြီးသည်။ ထိုကြက်ကြီးများ အရွယ်ကောင်းစဉ်က မည်ကဲ့သို့ခွပ်ခဲ့သည်များကို ပြန်ပြောင်းသတိရကာ တခမ်းတနား ပြောပြတတ်သည်။ တိုက်ကြက်များအား ခွပ်ရည်ခွပ်လက် တိုးတက်လာအောင် မည်ကဲ့သို့ လေ့ကျင့်သင်ကြားပေးရမည်ကိုလည်း နားဝင်အောင်ရှင်းပြတတ်သည်။ ကြက်များ ဒဏ်ရာအနာတရဖြစ်လာလျှင် ဘယ်လိုပြုစုကုသပေးရမည်ကိုလည်း စိတ်ရှည်လက်ရှည် ပြပေးတတ်သည်။

'ဒဏ်ရာရလာတဲ့ကြက်ကို သေမသွားအောင် အစွမ်းကုန်လုပ်ပေးရတယ်ကွ၊ သေးနဲ့ပန်းပေးတာတို့ ပင့်ကူအိမ် လုံးချေပြီး အနာပေါ်အုံ့ပေးတာတို့၊ ယုန်တစ်ကောင်ရဲ့ ဗိုက်ကအမွေးနဲ့ ကပ်ပေးတာတို့။ အဲသလို ဆေးမြီးတိုတွေကိုလည်း မင်းသိထားရမယ်' ဟု မင်ဂိုက ဆိုသည်။

ဦးကြီးမင်ဂိုသည် တိုက်ကြက်များနှင့်ပတ်သက်၍ သိမှတ်စရာ ဗဟုသုတများစွာကို သင်ကြားပေးသည်။ နောက်ထပ် သင်ကြားပေးစရာများလည်း မင်ဂို၏ခေါင်းထဲတွင် များစွာကျန်ရှိနေသေးဟန်တူ၏။ ဂျော့ကတော့ မင်ဂိုသင်ပြသမျှကို အစွမ်းကုန် အားထုတ်၍ သင်ယူသည်။ ကြက်ပွဲသို့လိုက်ပါသွားရသော ဂျော့သည် မိမိတို့၏ကြက်

သေသည့်အခါတိုင်း မျက်ရည်ဝိုင်းနေတတ်သည်။ ထိုအခါမျိုးတွင် ဦးကြီးမင်ဂိုက 'ဟေ့ကောင်လေး၊ ကိုယ့်ကြက်က အမြဲတမ်းနိုင်တယ်ဆိုတာမရှိဘူးလို့ မင့်ကို ခဏခဏ ပြောထားခဲ့သားနဲ့'ဟု သတိပေးပြီး စိတ်ကိုထိန်းဖို့ ဆုံးမတတ်လေသည်။

ဂျော့၏လှုပ်ရှားမှုဟူသမျှကို မျက်ခြည်မပြတ်စောင့်ကြည့်နေတတ်သော မင်ဂိုသည် ညနေခင်း အမှောင်ထုဝင်လာသည်နှင့် ဂျော့တစ်ယောက် ပျောက်ပျောက်သွားပြီး အတော် ညဉ့်နက်မှ ပြန်ပြန်ရောက်လာသည်ကို သတိထားမိလာသည်။ ဂျော့ ခြေလှမ်းပျက်ခြင်း သည် ဘာ့ကြောင့်နည်း။ တစ်ရက်တွင် မင်ဂိုသည် သူ့သခင်လီယာနှင့်အတူ ကြက်ခြံ နှင့် မနီးမဝေးရှိ ပြောင်းကြိတ်စက်ကြီးသို့ရောက်သွားသည်။ ဤတွင် ထိုစက်ရုံအနီးရှိ အိမ်ကြီးမှ အိမ်စေ မိန်းမချောလေး ချာရတီအား မြင်ခဲ့ရ၏။ မင်ဂိုသည် ချက်ချင်းပင် ဂျော့၏အဖြစ်ကို ရိပ်မိလာခဲ့သည်။

'ငါ ဒီကြက်ခြံပေါ်နေလာတာ နှစ်ပေါင်းမနည်းတော့ဘူးကွ။ ငါ့နားတွေနဲ့ ငါ့ မျက်လုံးတွေဟာ ကြောင်တစ်ကောင်ရဲ့ နားနဲ့မျက်လုံးတွေလိုပဲ။ မင်းလစ်သွားတဲ့ ပထမဆုံးညကတည်းက ငါသိတာကွ'ဟု သူ့အား တအံ့တသြမော့ကြည့်နေသည့် ဂျော့ကို ဦးကြီးမင်ဂိုက ပြောသည်။

'ငါက သူများကိစ္စကို ဝင်ပြီးစပ်စုတဲ့ကောင်မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောထားရလိမ့်မယ်။ မင်းအဲသလို ညညထွက်လည်နေတုန်း လူဖြူပတ္တရောင်တွေနဲ့ တွေ့ရင် အဖမ်းခံရလိမ့်မယ်။ သေလုမျောပါးဖြစ်အောင် အရိုက်ခံရလိမ့်မယ်။ အေး. . . သူတို့က မရိုက်တောင်မှ သူတို့ကဖမ်းမိလို့ သခင့်ဆီလာပို့ရင် သခင်က မင့်ဖင်ကို စုတ်ပြတ်သွားအောင် ဆော်လိမ့်မယ်၊ အဲဒါတော့သတိထား'

မင်ဂိုသည် စကားကိုဖြတ်ကာ မြက်ခင်းစားကျက်ကွင်းဆီသို့ အတန်ကြာငေးမော နေသည်။

'အေးလေကွာ၊ ငါက မင့်ကို သတိပေးတာပါ။ ငါပြောတဲ့စကားထဲမှာ မင့်ကို မသွားရဘူးလို့ တားမြစ်တဲ့စကား မပါဘူးနော်'

'ဟုတ်ကဲ့ပါခင်ဗျာ'ဟု ဂျော့က တရိုတသေပြန်ပြောသည်။

မင်ဂိုသည် သူထိုင်နေကျသစ်ငုတ်ပေါ်မှ ကိုယ်ကိုရှေ့သို့ကုန်းကာ သူ့ဒူးနှစ်လုံးကို လက်များဖြင့် ပိုက်ထားလိုက်သည်။

'ငါ မိန်းကလေးတွေအကြောင်း စပြီးသိရတဲ့အဖြစ်ကို သတိရမိတယ်'ဟု ရေရွတ် သည်။ မင်ဂို၏မျက်လုံးများသည် သိမ်မွေ့မှုကိုဆောင်လာသည်။

'ဒီအရပ်မှာပါပဲကွာ။ ကောင်မလေးက အရပ်မြင့်မြင့်နဲ့ သေးသေးသွယ်သွယ်ကွ။ ငါ့သခင်လီယာရဲ့ ခြံနီးနားချင်းတစ်ယောက်ယောက်က ဝယ်လာတာ။ သူရောက်လာပြီး မကြာခင်မှာ ငါနဲ့တွေ့တာပေါ့'

မြန်မာ စာအုပ်များ

မင်ဂိုရဲ့မျက်နှာသည် ပြုံးနေသည်။

'အဲဒီတုန်းက ငါကခပ်ငယ်ငယ်၊ ငါ့ထက်အသက်ကြီးတဲ့ နီဂရိုးတွေက ... သူနဲ့မိတ်ဖွဲ့ပေးတယ်။ သူ့နာမည်က မြွေနက်မတဲ့'

ဦးကြီးမင်ဂိုသည် သူ့အကြောင်းကို ဆက်၍ပြောသွားသည်။ ရှေးဟောင်းနှောင်း... များကို သတိရလာလေလေ သူ့အပြုံးသည် နက်ရှိုင်းလာလေ။

[၉၀]

တနင်္ဂနွေတစ်ရက် နံနက်ခင်းတွင် ဂျော့သည် ကျွန်အိမ်တန်းဘက်သို့ ဦးတည်နေသည့် လမ်းမကြီးအတိုင်း လျှောက်လာသည်။ လျှောက်လာနေရင်းကလည်း အကြောင်းထူး တစ်ခုတော့ ရှိနေပြီဟု စိတ်မသိုးမသန့်ဖြစ်လျက်ရှိ၏။ သူလာသည့်အခါတိုင်း သူ့ မိခင်နှင့် မိတ်ဆွေများသည် သူ့မိခင်၏တဲနားမှ ရပ်၍ ကြိုဆိုကြစမြဲဖြစ်ပါလျက် ယနေ့ ဘာ့ကြောင့် မကြိုပါသနည်း။ တဲအနီးတွင် လူရိပ်လူခြည်မမြင်ရ။ ဘာများဖြစ်လို့ပါလိမ့်. သူသည် ခြေလှမ်းများကို သွက်သွက်မြန်မြန်လှမ်းသည်။ တဲရှေ့ရောက်၍ တံခါးကို ခေါက်တော့မည်အပြုတွင် တဲတံခါးဖျတ်ခနဲပွင့်သွားပြီး သူ့အမေက သူ့အား ဖျတ်ခနဲ ဆွဲကာ တဲထဲသို့သွင်းသည်။ သူ့အမေ၏မျက်နှာသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြလျက်။

'ဟဲ့ နင့်ကို သခင်မ မမြင်ဘူးလား'

'မမြင်ပါဘူး အမေရ၊ ဘာဖြစ်လို့လဲ'

'တော်ပါသေးရဲ့ဟယ်၊ ချာလက်စတန်ဆိုတဲ့အရပ်က ကျွန်ဘဝကလွတ်သွားတဲ့ နီဂရိုးတွေ ဒီဘက်ဆင်းလာကြတယ်တဲ့။ ဒီည သူတို့ကိုမမိရင် မဖြစ်ဘူးတဲ့။ ဒီအရပ်က လူဖြူတွေကို သတ်လိမ့်မယ်တဲ့။ အဲဒီသတင်းကို မစ္စတာလီယာရလာတယ်။ သူအခု အရေးကြီးတဲ့အစည်းအဝေးတစ်ခုကိုသွားတယ်။ မသွားခင် သူ့မိန်းမကို သေနတ်ပေးပြီး တဲပြင်ထွက်တဲ့ နီဂရိုးမှန်သမျှ အသေပစ်ရမယ်လို့ မှာထားခဲ့တယ်'

ကစ်ဇီသည် တဲနံရံအပေါက်မှ အိမ်ကြီးဆီသို့ ချောင်းကြည့်သည်။

'သူက တစ်နေ့ရာရာကပုန်းပြီး ချောင်းကြည့်နေမယ်ထင်တယ်။ နင့်ကိုတော့ မြင်မှာပဲ။ နင့်ကိုမြင်တော့မှ ပုန်းတာဖြစ်မယ်'

သူ့ကိုမြင်ရုံမျှဖြင့် မစ္စက်လီယာက ဘာ့ကြောင့်ပုန်းရသနည်း။ သူ့အမေ၏စကား ကြောင့် ဂျော့သည် ဝေခွဲ၍မရဖြစ်သွားသည်။ မကျေနပ်စိတ်လည်းဝင်သည်။

'ကဲ . . .သွားတော့ ငါ့သား၊ ကြက်ခြံကိုမြန်မြန်သွား။ သခင်လီယာက မင်းဒီရောက် နေတာ တွေ့သွားရင် ဘာလုပ်မယ်ဆိုတာ ဘယ်သူမှ အတိအကျမပြောနိုင်ဘူး'

'ကျွန်တော် မပြန်သေးဘူးအမေ၊ သခင်နဲ့စကားပြောစရာရှိလို့လာတာ'

ယခုလိုလုပ်ခြင်းကို လွန်လွန်းသည်ဟုတွေးနေသော ဂျော့သည် သခင်လီယာအား သူ့အဖေ ဘယ်သူလဲဟု မေးချင်စိတ်ပင်ဖြစ်နေသည်။

'နင်ဟာ သောက်ရူးပဲ၊ သွားဆိုသွား၊ အခုထွက်သွား'ဟု ကစ်ဇီက တဲတံခါးကို လက်ညှိုးထိုးပြပြီး အော်သည်။

'နင့်ကို ဒီနေရာမှာတွေ့သွားရင် အရမ်းဒေါသကြီးမှာဟဲ့။ နင်ဘာသိလို့လဲ။ ငါပါ ဒုက္ခရောက်မှာ'

ကစ်ဇီသည် ငိုတော့မလိုဖြစ်လာသည်။ နောက်ဆုံးတွင် ဂျော့ကပင် အလျှော့ပေးကာ 'ကျွန်တော်သွားမယ် အမေ'ဟု ပြောသည်။

'ဒါပေမဲ့ ပုန်းလျှိုးကွယ်လျှိုးတော့မသွားဘူး။ ကျွန်တော်ဘယ်သူ့ကိုမှ ဘာမှ လုပ်တာမှမဟုတ်ဘဲ'

'ဒါကတော့ နင့်သဘောပဲ၊ သွားဖို့သာအရေးကြီးတာ၊ ကဲ သွား'

ကြက်ခြံသို့ ပြန်ရောက်သည့်အခါ ဂျော့က သူကြားခဲ့ရသည့်သတင်းကို မင်ဂိုအား ပြောပြသည်။ ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းမှမြင်းတစ်စီး စိုင်းလာသံကြားရ၏။ တစ်ခဏမျှအတွင်း ရောက်လာသူမှာ သူတို့သခင်လီယာ။ လီယာသည် မသက်သာသော မျက်လုံးများဖြင့် မင်ဂိုအားကြည့်နေသည်။ သူ့လက်တစ်ဖက်တွင် သေနတ်တစ်လက် ကိုင်ထားသည်။ သူသည် ဒေါသတကြီးဖြင့် ဂျော့အား ကြည့်သည်။

'ငါ့မိန်းကပြောတယ်၊ မင့်ကိုမြင်တယ်တဲ့။ ဘာတွေဖြစ်နေတယ်ဆိုတာ မင်း သိနေသလား'

'ဟုတ်ကဲ့ခင်ဗျ'

ဂျော့က လီယာ၏လက်ထဲမှ သေနတ်ပြောင်းဝကိုကြည့်၍ အဖြေပေးသည်

လီယာက မြင်းပေါ်မှ ဆင်းတော့မလိုလုပ်ပြီးခါမှ မဆင်းတော့ဘဲ ပြန်ထိုင်သည်။ သူ့မျက်နှာတွင် ဒေါသအရိပ်အငွေ့များ ရှင်သန်ဆဲ။

'ဒီည နီဂရိုးတစ်ယောက်မကောင်းရင် လူဖြူတွေအများကြီး ဒုက္ခရောက်နိုင်တယ်ကွ သိလား။ မင်းတို့သစ္စာရှိကြောင်းပြရမယ့်အချိန်ပဲ။ မင်းတို့သစ္စာမဲ့ရင်တော့မင်းတို့ ခေါင်းတွေကို ဟောဒီသေနတ်နဲ့ ပစ်ခွဲပစ်မယ်၊ နားလည်လား'

ပြောပြောဆိုဆို လီယာသည် မြင်းကိုပြန်လှည့်ကာ လာလမ်းအတိုင်း ဒုန်းစိုင်း သွားသည်။

ဦးကြီးမင်ဂိုသည် မိနစ်အနည်းငယ်မျှအကြာ မလှုပ်မရှောက်ရပ်နေသည်။ ထို့နောက် ထွီးခနဲတံတွေးတစ်ချက်ထွေးကာ ရက်လက်စခြင်းကို တအားကျုံး၍ ကန်လိုက်သည်။

မြန်မာ စာအုပ်များ

'လူဖြူတစ်ယောက်ဆီမှာ နှစ်ပေါင်းတစ်ထောင်လောက် ကျွန်ခံလာရလည်း အလကားပဲ။ နီဂရိုးကို နီဂရိုးလို့မြင်တာပဲ။ သောက်သုံးလုံးဝမကျဘူး'ဟု ဒေါသတကြီး ရေရွတ်သည်။

ဂျော့ကတော့ ဘာပြန်ပြောရမှန်းမသိ။ ပထမတွင် တစ်စုံတစ်ခုပြောတော့မည့် ဟန်ဖြင့် ပါးစပ်ကိုဟလိုက်သည်။ ထို့နောက် ပြန်ပိတ်လိုက်သည်။ မင်ဂိုက သူ့တဲဘက်သို့ ပြန်သွားသည်။ တံခါးဝအရောက်တွင် နောက်သို့ပြန်လှည့်ပြီး ပြောသည်။

'ငါပြောမယ်၊ မင်းက မင်းကိုယ်မင်း သခင်လီယာက အထူးအခွင့်အရေးပေးတဲ့ လူတစ်ယောက်လို့ ထင်နေတယ်မဟုတ်လား။ မထင်နဲ့ဟေ့ အလကားပဲ။ ဒီအရူးလူဖြူ လူကြောက်တွေအဖို့တော့ မင်းဟာ သူတို့နဲ့ မတူမတန်တဲ့ နီးဂရိုးတစ်ယောက်ပဲ။ အခုဖြစ်နေတဲ့ပြဿနာမပြီးမချင်း အရူးထပြီး ဘယ်မှမသွားလေနဲ့။ ငါပြောတာကြားလား ဂျော့'

'ဟုတ်ကဲ့ ခင်ဗျာ'

ဂျော့သည် မင်ဂို လက်စမသတ်နိုင်သေးသည့် ကြက်ခြင်းကိုယူ၍ အနီးရှိသစ်ငုတ်ပေါ်၌ထိုင်ကာ ခြင်းကို ဆက်ထိုးသည်။ သခင်လီယာအား သူ့အဖေဟု တွေးရမည်ကိုပင် မတွေးချင်အောင်ဖြစ်နေသည်။ သို့သော်လည်း ဤအကြောင်းကို တစ်စုံတစ်ယောက်အား ပြောပြချင်စိတ်ကတော့ ရှိနေ၏။ ဘယ်သူ့အား ဖွင့်ဟ၍ ပြောပြရပါမည်နည်း။ ဦးကြီးမင်ဂိုကိုတော့ သူမပြောချင်။ အကယ်၍ ပြောမည်ဆိုပါက သခင်လီယာသည် သူ့အဖေပါဟု ဝန်ခံရာရောက်ပေတော့မည်။ ဤအကြောင်းကြောင့်ပင် မစ္စမာလီဇီ၊ စစ္စတာဆာရာနှင့် ဦးလေးပွန်ပေတို့ကိုလည်း မပြောချင်။ သူတို့အနေဖြင့် သခင်လီယာနှင့် သူ့အမေတို့၏ ဇာတ်လမ်းကို သိမသိ သေချာပေါက်ပြောနိုင်သည်မဟုတ်။ သူ့ရင်ထဲ၌ မတင်မကျဖြစ်နေသည့်ပြဿနာကို သူ့မိခင်အားလည်း အသိမပေးရဲ။

မည်သို့ပင်ဖြစ်စေ လွန်ခဲ့သောနှစ်ပေါင်းများစွာ တစ်ညချမ်းကအဖြစ်ကို သူပြန်၍ သတိရနေမိ၏။ ထိုစဉ်က သူသည် သုံးနှစ်သား လေးနှစ်သားခန့်အရွယ်။ တစ်ညတွင် သူ့အိပ်ရာ တလှုပ်လှုပ်ဖြစ်နေသဖြင့် အိပ်မောကျနေရာမှ လန့်နိုးလာခဲ့သည်။ သူတို့အိပ်ရာပေါ်တွင် လူစိမ်းယောက်ျားတစ်ဦး ရောက်နေသည်ကို သူ မြင်ခဲ့ရ၏။ သူသည် ထိတ်လန့်တကြားဖြစ်ကာ တုတ်တုတ်ပင်မလှုပ်ဝံ့။ ထိုယောက်ျား ခုတင်ပေါ်မှ ဆင်းသွားပြီး ငွေဒင်္ဂါးတစ်ပြား တင်သွားသံ ကြားရသည်။ ထို့နောက် တဲအတွင်းမှ ပြန်ထွက်သွားသည်။ ဤအဖြစ်နှင့်ကြုံခဲ့ ပြီးသည့်နောက်တွင် ငွေစေ့များထည့်ထားသည့် ဖန်ဘူးကို သူ သတိထားခဲ့မိသည်။ ထိုဖန်ဘူးကိုမြင်တိုင်း အော့နှလုံးနာစိတ် ဖြစ်ပေါ်စမြဲ။ ထို့ကြောင့်လည်း ထိုဖန်ဘူးကို မကြည့်မိအောင် သတိထား၍ရှောင်ခဲ့၏။ သူ ဆယ်နှစ်သားအရွယ်ရောက်သည့်အခါ ထိုဖန်ဘူးသည် တွေ့နေကျနေရာမှ လုံးဝ ပျောက်သွားခဲ့လေသည်။

မြန်မာ စာအုပ်များ

တစ်ကြိမ်က သူသည် သူ၏လူဖြူဖခင်အကြောင်းကို သူ့အဆက် ချာရတီအား ပြောပြခဲ့ဖူးသည်။ သူ၏အဆက်တစ်ဦးဖြစ်သော ဘီယူးလားကိုတော့ သူ မပြောရဲ။ ဘီယူးလားသည် မီးသွေးခဲတမျှ အသားမည်းသူဖြစ်၏။ ချာရတီကတော့ သူ့လို ကပြားဖြစ်သဖြင့် သူ့အပေါ် နားလည်မှုရှိလိမ့်မည်ဟု ယူဆကာ ပြောပြခဲ့ခြင်းဖြစ်သည်။ သူထင်သည့်အတိုင်း နားလည်မှုရှိနေသော ချာရတီက သူ့အဖေမှာလည်း လူဖြူအလုပ်သမား ကြီးကြပ်ရေးမှူးတစ်ဦးဖြစ်သည်ဟု ဖွင့်ပြောသည်။ သူ့အသက် ဆယ့်ရှစ်နှစ်အထိ ထိုစိုက်ခင်း၌နေခဲ့ရကြောင်း၊ နောက်ပိုင်းတွင် သူ့အား လေလံပွဲတစ်ခု၌ သူ၏ လက်ရှိသခင် ဘီရှူးက ဝယ်ယူလာခဲ့ပြီး အိမ်စေအဖြစ် ထားခြင်းဖြစ်ကြောင်း ပြောပြသည်။

ဂျော့သည် သူ၏အသားအရောင်နှင့်ပတ်သက်၍ သူ့ရင်တွင်း၌ အကျိတ် အခဲရှိနေသူဖြစ်၏။ ဤအသားအရောင်ကို သူဘယ်လိုရခဲ့သနည်း။ သို့သော်လည်း ချာလက်စတန်ဘက်၌ ပေါ်ပေါက်နေသော ပုန်ကန်ထကြွမှုကြောင့် ဤ ပြဿနာအဖြေကို သူ ချက်ချင်းမရှာနိုင်။ ဤပုန်ကန်မှုမငြိမ်မချင်း စောင့်ရဦးတော့မည်ဖြစ်၏။ အခုလောလောဆယ်တွင် မစ္စတာလီယာထံ ချဉ်းကပ်၍ မရနိုင်သေး။

ချာလက်စတန်ပြဿနာ၏ အတိမ်အနက်ကို သူ ကျကျနနမသိ။ နောက်ထပ်သီတင်းနှစ်ပတ်မျှ ကုန်လွန်သွားခဲ့သည်။ ဦးကြီးမင်ဂို သတိပေးထားသည့်ကြားမှပင် သူသည် မအောင့်နိုင်မအီးနိုင်လွန်းသဖြင့် တစ်ညတွင် သူ့အဆက် မိန်းကလေးနှစ်ဦးထံမှ တစ်ဦးထံသို့ လစ်ထွက်လာခဲ့သည်။ ထုံးစံအတိုင်း လေချွန်သံ လေးကြိမ်ပေးသော်လည်း ချာရတီထံမှ ဖယောင်းတိုင်မီးပြန်ပြသည်ကိုမမြင်ရ။ သူသည် စိတ်ပူစပြုလာသည်။ ပုန်းနေသည့်နေရာမှ ထွက်ခွာရန် ဟန်ပြင်နေခိုက်မှာပင် သူ့ရှေ့တည့်တည့်ရှိ သစ်ပင်တစ်ပင်ကြားမှ လှုပ်ရှားမှုတစ်ခုကိုမြင်ရသည်။ ချာရတီဖြစ်၏။ ဂျော့က ခပ်သုတ်သုတ်လျှောက်သွားပြီး ချာရတီအားဖက်၍ တစ်ချက်မျှနမ်းလိုက်သည်။ ချာရတီက သူ့လက်တွင်းမှ ရုန်းထွက်သည်။

'အချစ်ကလည်းကွာ၊ ဘာဖြစ်နေပြန်တာတုံး'

'ရှင် အရူးပဲ၊ အခုလိုမငြိမ်မသက်ကာလကြီးမှာ ဘာလို့လျှောက်သွားနေရတာလဲ။ လူဖြူပတ္တရောင်တွေကပစ်သတ်လို့ နီဂရိုးတွေအများကြီးသေနေတာ ရှင်မသိဘူးလား'

'လာပါကွာ၊ မင့်တဲထဲသွားရအောင်'

'ရှင်လုပ်နေပုံက ပုန်ကန်မှုအကြောင်း ဘာမှမကြားရတဲ့လူလိုပဲ'

'ငါကတော့ ဖြစ်တယ်ဆိုတာလောက်ပဲသိတာပဲဟ'

'ဒီလိုဆိုရင် ကျွန်မပြောပြမယ်'ဟု အစချီကာ ချာရတီက သူ့သခင်နှင့် သခင်မတို့ထံမှ နားစွန်နားဖျား ကြားခဲ့ရသည်များကို ပြန်၍ ဖောက်သည်ချသည်။ ပုန်ကန်မှုကို

မြန်မာ စာအုပ်များ

ခေါင်းဆောင်သူမှာ ချာလက်စတန်မြို့မှ ကျွန်ဘဝမှလွတ်မြောက်သွားသော လက်သမားဆရာ ဒိန်းမတ်ဗွီဆေးအမည်ရှိလူမည်းဖြစ်သည်။ ဗွီဆေးသည် သူ၏လူယုံ လေးယောက်နှင့် တိုင်ပင်ပြီး လွတ်လပ်သွားသူများနှင့်ကျွန်များကို နှစ်ပေါင်းအတန်ကြာ အချိန်ကုန်ခံ၍ စည်းရုံးသိမ်းသွင်းခဲ့သည်။သူတို့ အစီအစဉ်မှာ လက်နက်ကိုင်အဖွဲ့ လေးဖွဲ့က မြို့ပေါ်ရှိ လက်နက်တိုက်များနှင့် အဓိကကျသော အဆောက်အအုံများကို သိမ်းပိုက်ရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အချို့အုပ်စုများက တစ်မြို့လုံး မီးတင်ရှို့ရန်နှင့် တွေ့သမျှ လူဖြူများကို သတ်ဖြတ်ကြမည်ဖြစ်သည်။ လူမည်း မြင်းတပ်တစ်တပ်ကိုပင် ဖွဲ့စည်းထားပြီး ယင်းတပ်ဖွဲ့က လူဖြူများ မစုမိစေရန် နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်ရန် တာဝန်ယူရမည်ဖြစ်၏။

ဒါပေမဲ့ တနင်္ဂနွေနေ့မနက်ပိုင်းကျတော့ ကြောက်တတ်တဲ့ နီဂရိုးတချို့က သူတို့သခင်တွေဆီမှာ ဖော်ကောင်လုပ်ကြတယ်။ အဲဒီည သန်းခေါင်ကျော်လောက်မှာ လူဖြူတွေက နီဂရိုးတွေကို ဖမ်းကြ သတ်ကြ စလုပ်တာပဲ။ တချို့ကို ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်ပြီး ပုန်ကန်မှုခေါင်းဆောင်တွေ ဘယ်သူဘယ်ဝါဆိုတာ စစ်တယ်။ အခုဆိုရင် ကြိုးပေးအသတ်ခံရတဲ့ နီဂရိုးတွေ သုံးဆယ်ကျော်သွားပြီတဲ့။ အဲဒီမြို့က ထွက်ပြေးကြတဲ့ နီဂရိုးတွေ ဒီဘက်ရောက်လာတာအများကြီးပဲ'

ဂျော့က ချာရတီအား တဲဘက်သို့ဆွဲခေါ်သည်။

'ရှင် ကျွန်မပြောနေတာကို နားမလည်ဘူးလား'ဟု ချာရတီက မေးသည်။

'ရှင်ပြန်တော့၊ ပတ္တရောင်တွေနဲ့တွေ့ရင် ရှင်သေလိမ့်မယ်'

ဂျော့ကတော့ အလျှော့မပေး။ တဲထဲတွင် လုံခြုံသည်ဟုပြောကာ အတင်း ဆွဲခေါ်သည်။ ချာရတီက အတင်းရုန်းသည်။

'ရှင့်ကို ကျွန်မပြောပြီးပြီ၊ ရှင်ပြန်တော့'

နောက်ဆုံးတွင် ဂျော့က ချာရတီအား ဆောင့်တွန်းပစ်လိုက်ပြီး 'အေး...ဒါဆိုလည်း ငါသွားမယ်'ဟုပြောကာ ဒေါသတကြီး ထွက်ခွာသွားသည်။ ပထမတွင် သူ၏ဒုတိယအဆက် ဘီယူးလားထံ သွားမည်ဟု စိတ်ကူးလိုက်သော်လည်း အချိန်များစွာနောက်ကျနေပြီဖြစ်သဖြင့် ကြက်ခြံဘက်သို့ပင် ခြေဦးလှည့်ခဲ့ရလေ၏။

နောက်နှစ်လခန့်အကြာ မစ္စတာလီယာသည် ယခင်ကကဲ့သို့ပင် ပုံမှန်ပြန်ဖြစ်လာသည်။ ဂျော့သည် သူ့ရင်ထဲ၌ဖြစ်ပေါ်နေသည့်စိတ်ကူးကို ဖွင့်ပြောရန် အချိန်တန်ပြီဟု ဆုံးဖြတ်ကာ မင်ဂိုအား ပြောပြသည်။

'ဦးကြီးမင်ဂိုကို ကျွန်တော်ပြောစရာတစ်ခုရှိတယ်'ဟု ဂျော့က စကားစသည်။

'ကျွန်တော် စိတ်ကူးတစ်ခုရနေတာကြာပြီ။ စိတ်ကူးက သခင်လီယာရဲ့ကြက်တွေပွဲတိုင်းနိုင်အောင်လုပ်ပေးနိုင်တဲ့စိတ်ကူးလို့ထင်တာပဲ၊ ဦးကြီးမင်ဂိုရ'

မြန်မာ စာအုပ်များ

အသက်ဆယ့်ခုနစ်နှစ်မျှသာရှိသေးသော သူ့လက်ထောက်၏ပါးစပ်မှ ကြီးကြီးကျယ်ကျယ်စကား ကြားရသဖြင့် မင်ဂိုသည် တအံ့တသြဖြစ်ကာ ဖျတ်ခနဲ မော့ကြည့်သည်။

ကျွန်တော် ကြက်ခြံမှာလုပ်နေတာ ငါးနှစ်ရှိပြီ။ ကြက်တိုက်ပွဲရာသီနဲ့လည်း နှစ်ခါကြုံပြီးပြီ။ ကျွန်တော်တစ်ခုသတိထားမိတယ်။ ကျွန်တော်တို့ကြက်တွေ ခွပ်ပုံနဲ့ ပတ်သက်လို့ နည်းနည်းတော့လိုနေတယ်ထင်တယ်'

ဤစကားပြောနေခိုက်တွင် ဂျော့သည် သူမမွေးခင်ကတည်းက ကြက်သမားကြီးဖြစ်နေခဲ့သော မင်ဂို၏မျက်နှာကို ရဲရဲမကြည့်ဝံ့။

'ကျွန်တော်တို့ကြက်တွေက သန့်လည်းသန့်၊ မာလည်းမာတယ်။ ဒါပေမဲ့အတောင်တွေက အားနည်းနေလို့လား မသိဘူး။ တစ်ဖက်ကြက်တွေရဲ့ ခေါင်းပေါ် ကျော်အောင် မခုန်နိုင်ကြဘူး။ ဟိုဘက်ကြက်တွေက ကျွန်တော်တို့ ကြက်တွေရဲ့ခေါင်းပေါ် ကျော်အောင် ခုန်နိုင်တော့ သူတို့အတက်တွေက ခွပ်ချက်ကောင်းကောင်းမိရင် ခေါင်းကိုချည်း ထိတာပဲဗျ။ ကျွန်တော်ကတော့ သခင်လီယာရဲ့ကြက်တွေကို အတောင်တွေ ကောင်းကောင်း အသုံးချတတ်အောင် လေ့ကျင့်ပေးဖို့လိုလိမ့်မယ်လို့ထင်တာပဲ။ ဦးကြီး ဘယ်လိုသဘောရသလဲ'

မင်ဂိုသည် မျက်ခုံးများကိုတွန့်ကာ ဂျော့နှင့် သူ့ဖိနပ်များကြားရှိ မြက်ပင်များကို ငေးကြည့်နေသည်။

'မင်းပြောတာ ငါ့သဘောပေါက်ပါတယ်။ မင်းအနေနဲ့ သခင်လီယာကို ပြောပြဖို့ လိုလိမ့်မယ်'

'ကျွန်တော်အခုပြောတာဟုတ်တယ်ထင်ရင် သခင်လီယာကို ဦးကြီး ပြောပြပေးပါလား'

'ဟင့်အင်း၊ မင်းတွေးလို့ရတဲ့ စိတ်ကူးပဲ၊ မင်းကိုယ်တိုင်ပြောတော့ ပိုကောင်းတာပေါ့'

မည်သို့ပင်ဖြစ်စေ သူ၏အယူအဆကို ဦးကြီးမင်ဂိုက ပျက်ရယ်မပြုသည့်အတွက် စိတ်သက်သာရာရသွားသည်။ သို့သော် မစ္စတာလီယာအား ပြောပြဖို့အတွက်တော့ တွေး၍ကြောက်နေသည်။

တနင်္လာနေ့နံနက် မစ္စတာလီယာရောက်လာသည့်အခါ ဂျော့သည် ကြောက်ကြောက်လန့်လန့်နှင့်ပင် သူ့စိတ်ကူးကို ပြောပြသည်။

မစ္စတာလီယာက ဂျော့၏မျက်နှာကို ထူးဆန်းသောမျက်နှာထားဖြင့် စူးစူးစိုက်စိုက်ကြည့်ကာ ပြောသမျှကို စိတ်ဝင်တစားနားထောင်နေသည်။

မြန်မာ စာအုပ်များ

နောက်တစ်နှစ် ကြက်ပွဲရာသီ မရောက်မီကာလအတွင်းတွင် မစ္စတာလီယာသည် တိုက်ကြက်များ လေ့ကျင့်ကွင်းသို့ အချိန်ကြာကြာလာ၍ မင်ဂိုနှင့်ဂျော့တို့က ကြက်များအား အတောင်များကိုသုံး၍ လေထဲသို့ မြင့်နိုင်သမျှမြင့်အောင်ခုန်တက်ပြီး ခွပ်သည့်နည်း လေ့ကျင့်ပေးနေသည်ကို ကျကျနနကြီးထိုင်ကြည့်နေသည်။

၁၉၂၇ ခုနှစ် ကြက်ပွဲရာသီတွင် ဂျော့ကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်း မစ္စတာလီယာ၏ ကြက်များက အနိုင်များလာခဲ့သည်။ ကြက်ပွဲရာသီကုန်ဆုံး၍ စာရင်းပိတ်သည့်အခါ ပွဲပေါင်း ငါးဆယ့်ငါးပွဲတွင် သုံးဆယ့်ကိုးပွဲအနိုင်ရခဲ့၏။

တစ်နံနက်တွင် မစ္စတာလီယာရောက်လာသည်။ ကြက်ပွဲများအတွင်းက ဒဏ်ရာရရှိခဲ့သော သူ၏ ကြက်ခြောက်ကောင်အခြေအနေကို လာကြည့်ခြင်းဖြစ်၏။ လီယာသည် များစွာရွှင်လန်းလျက်ရှိသည်။

'ဒီကောင်ကတော့ရမယ်မထင်တော့ဘူး သခင်'ဟု မင်ဂိုက တုံးလုံးလဲနေသော ကြက်တစ်ကောင်ကိုပြ၍ ပြောသည်။ မစ္စတာလီယာက သူ့စကားကိုထောက်ခံသည်။

'ဟိုလှောင်အိမ်ထဲကနှစ်ကောင်ကတော့ ကုလို့ရမယ်။ လာမယ့်နှစ် ကြက်ပွဲမှာ ထပ်ဝယ်ချင်ဝယ်လို့ရမယ်'

မင်ဂိုက ကျန်ကြက်သုံးကောင်ကို မေးငေါ့ပြသည်။

'သူတို့ကတော့ နောက်ထပ်တိုက်ပွဲဝင်လို့ မရနိုင်တော့ဘူး'

မစ္စတာလီယာသည် မင်ဂိုရှင်းပြသမျှကို ကျေနပ်စွာနားထောင်ပြီး သူ့မြင်းဆီသို့ လျှောက်သွားသည်။ ထို့နောက် သူ့ဘက်သို့လှည့်လိုက်ပြီး လှမ်းပြောသည်။

'ဟော့ . . . ကောင်လေး၊ မင်းခုတလော ညညကျရင် လစ်လစ်ထွက်တယ် မဟုတ်လား။ အေး နောက်ထပ်တစ်ခါထွက်ရင်သတိထား။ မင်းသွားသွားနေတဲ့ ကောင်မလေးဆီ သွားနေတဲ့ နီဂရိုးလူဆိုးကြီးတစ်ယောက် ရှိနေတယ်နော်'

ဂျော့သည် လီယာ၏စကားကို ရုတ်တရက်နားမလည်။ အံ့အားသင့်ကာ ငေးကြည့်နေသည်။ ထို့နောက် ဦးကြီးမင်ဂို၏ သစ္စာဖောက်မှုအတွက် ဒေါသဖြစ်လာသည်။ လီယာကတော့ သူ့စကားကို အဆုံးမသတ်သေး။

'မစ္စက်တီဂူက ငါ့မိန်းမကို ပြောလိုက်တယ်ကွသိလား။ သူ့ရဲ့ ကပြားအိမ်စေမ ချည့်နဲ့နဲ့ဖြစ်နေတာ ကြာပြီတဲ့။ ပထမတော့ ဘာဖြစ်တယ်ဆိုတာ သူမသိဘူးတဲ့။ နောက်တော့မှ တခြားနီဂရိုးတွေကပြောလို့ သိရတယ်တဲ့။ ကပြားမက နှစ်ဖက်ချွန်လုပ်ပြီး မင်းနဲ့ ဟိုနီဂရိုးလူဆိုးကြီးကို လက်ခံနေတာကိုးကွ'

မစ္စတာလီယာက ပြောရင်းရယ်သည်။

'စဉ်းစားကြည့်လကွာ၊ ကောင်မလေးကို မင်းတို့နှစ်ယောက်က ဝိုင်းပြီး အရေးဆုတ်နေကြတာပဲ'

နှစ်ဖက်ချွန်လုပ်နေသည့် ချာရတိ။ ထိုညက သူ့အား တဲထဲသို့မလိုက်ရန် တားနေသည့်အဖြစ်ကို ဂျော့ သတိရလာသည်။ သူ့မျက်နှာတွင် အပြုံးရိပ်ဝင်လာသည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိသည်။ ဦးကြီးမင်ဂိုကပါ လိုက်၍ရယ်သည်။ ဂျော့၏စိတ်ထဲတွင် စိုးရိမ်စိတ်ဝင်လာသည်။ သူ ညစဉ် လစ်ထွက်နေသည်ကို သူ့သခင် သိနေပါပကော။ သူ့အား ဘယ်လိုအပြစ်မျိုးပေးလိမ့်မည်နည်း။

မစ္စတာလီယာကတော့ ဂျော့ တွေးထင်သလိုမဟုတ်။

'မင့်အလုပ်ကို တာဝန်ကျေအောင်လုပ်နေလို့ကတော့ ငါက ဘာမှမလုပ်ဘူး၊ မင့်ဟာမင်း အပျော်လိုက်တာ ငါပြောစရာမရှိဘူး။ ဒါပေမဲ့ ပတ္တရောင်တွေနဲ့ တွေ့ပြီး သေနတ်အပစ်မခံရအောင်တော့ သတိထား'

အံ့အားသင့်လျက်ရှိသော ဂျော့သည် ဘာပြန်ပြောရမှန်းမသိ။

ဂျော့သည် ညပိုင်း အိပ်ရာပေါ်ရောက်မှပင် ချာရတိအကြောင်းတွေးကာ ဒေါသအရှိန်တက်လာသည်။ နောက်ထပ် ချာရတိနှင့် ဆက်သွယ်ခြင်းမပြုတော့ဟု စိတ်ပိုင်းဖြတ်သည်။ ချာရတိလို ရမ္မက်စိတ်မပြင်းထန်သော်လည်း သူ့အပေါ် ပို၍ သစ္စာရှိပုံရသည့် ဘီယူးလားနှင့်သာ ဆက်လက်စခန်းသွားရလျှင် ကောင်းလိမ့်မည်ဟု တွေးသည်။

ထို့ပြင်လည်း အသားညိုညိုနှင့် မိန်းကလေးတစ်ယောက်ကို သူ သတိရသည်။ တစ်ညချမ်းတွင် တောအုပ်ထဲမှဖြတ်၍ အိမ်သို့ပြန်လာခိုက် အမှတ်မထင်ဆုံမိခဲ့သော မိန်းကလေးဖြစ်၏။ ထိုစဉ်က သူ မှုးနေချိန်ဖြစ်၍ ထိုမိန်းကလေးအား ချစ်ရေးဆိုဖို့ သတိမရခဲ့။ ထိုမိန်းကလေးက သူ့နာမည် အိုဖီလီယာဖြစ်ပါသည်ဟု ပြောခဲ့၏။ သူ့သခင်မှာ မစ္စတာဂျိဝက်ဖြစ်သည်ဟုလည်း ပြောပြသွားခဲ့၏။ ဂျိဝက်မှာ တိုက်ကြက်တစ်ထောင်ခန့်ပိုင်ဆိုင်သူအဖြစ် ထင်ရှားသူဖြစ်သည်။ သူ၏ဆွေမျိုးသားချင်းများမှာ ဂျော်ဂျီယာပြည်နယ်နှင့် တောင်ကာရိုလိုင်းနားပြည်နယ်များတွင်လည်းကောင်း၊ ကတ်စ်ဝဲလ် ကောင်တီခရိုင်ထဲတွင်လည်းကောင်း မြေယာအများအပြားပိုင်ဆိုင်ကြသည့် လူချမ်းသာများဖြစ်သည်။

ထိုနေရာသို့ သွားရမည့်ခရီးမှာ နီးလှသည်တော့မဟုတ်လှ။ သို့သော်လည်း အခါအခွင့်ရလျှင်တော့ မရောက်ရောက်အောင်သွားမည်ဟု ဂျော့က ဆုံးဖြတ်သည်။ မစ္စတာဂျိဝက်ကတော့ ထိုမိန်းကလေးအား သူပိုင်ဆိုင်သောကျွန်မလေးဟု သိချင်မှ သိပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ သူကတော့ အရသာတစ်မျိုးထူးပုံရသည့် ထိုယာအလုပ်သမလေးနှင့် အဆက်အသွယ်ဖြစ်ရလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ထင်နေသည်။

[၉၁]

တစ်ရက်သော တနင်္ဂနွေနေ့နံနက်တွင် မစ္စတာလီယာတစ်ယောက် ကြက်ခြံသို့ ရောက်လာသည်။ သူရောက်လာချိန်တွင် ကြက်ခြံ၌ ဂျော့မရှိ၊ သူ့နားရက်ဖြစ်၍ ကျွန်အိမ်တန်းသို့ ပြန်သွားသည်။ နှစ်ယောက်သား ကြက်များအကြောင်း ပြောအပြီးတွင် မင်ဂိုက 'သခင့်အနေနဲ့ ဘေးပေါက်ဝင်ငွေရအောင် ဟိုကောင်လေးကို ကြေးစားကြက်ပွဲကလေးတွေ တိုက်ခိုင်းပါလား'ဟု အကြံပေးသည်။

'စည်းဝိုင်းထဲမှာ ဒီကောင်လေး ကြက်ကိုင်နိုင်ပါ့မလား'ဟု လီယာက ပြန်မေးသည်။

'ကိုင်နိုင်မှာပါသခင်၊ သူ့မှာ အတွေ့အကြုံအများကြီးရှိနေတာပဲ။ ငယ်ငယ်ကတည်းက ကြက်တွေနဲ့ဖက်ပြီး ကြီးလာတဲ့ကောင်ပဲဟာ။ ကြက်ပွဲတွေကိုလည်း သူရောက်ဖူးခဲ့ပြီပဲ။ ဒီလောက်တော့ဖြစ်မှာပါ'

'ဒီနှစ် နွေရာသီကျရင် သူ့ကို အလေ့အကျင့်ရအောင် စနစ်တကျသင်ပေးပါလား။ အဲသလိုသင်ပေးလို့ အလားအလာကောင်းရင် လာမယ့်နှစ် ကြက်ပွဲတွေမှာ သူ့ကို ထည့်သုံးကြတာပေါ့'

ထိုနေ့ မွန်းလွဲပိုင်းတွင် ဦးကြီးမင်ဂိုက ဂျော့အား သတင်းကောင်းပါးသည်။ ဂျော့က 'ကျွန်တော် ဦးကြီးမင်ဂိုကို ဘယ်လိုကျေးဇူးတင်ရမှန်းမသိတော့ပါ ဘူးဗျာ'ဟု ပြောသည်။

ထိုနှစ် နွေရာသီတွင် နေ့စဉ်နေ့တိုင်း ဂျော့နှင့် မင်ဂိုတို့သည် အချိန်တစ်နာရီခန့်ယူ၍ ကြက်တိုက်ကြသည်။ တကယ့်ကြက်ပွဲတစ်ခုသဖွယ် စနစ်တကျ စည်းဝိုင်းပြုလုပ်၍ ကြက်တိုက်ကြခြင်းဖြစ်သည်။ သီတင်းပတ်ပေါင်းများစွာ ကုန်လွန်သွားသည့်အခါ လီယာကိုယ်တိုင် တစ်ရက်လာကြည့်သည်။ အထူးသဖြင့် ဂျော့ ကြက်ကိုင်ပုံတွယ်ပုံ လွှတ်ပုံထိန်းပုံများကို ဂရုတစိုက် အကဲခတ်သည်။ သူ တတ်သိနားလည်ထားသည့် ကြက်လွှတ်ပုံ လွှတ်နည်းများကို သူကပါ ဝင်၍ပြပေးသည်။

'မင့်ကြက်ကို ကိုင်ထားတဲ့အခါ ကြက်ကိုချည်း အာရုံစိုက်မနေရဘူး။ ဒိုင်လူကြီးရဲ့အသံကို နားစွင့်ထား၊ သူပါးစပ်က 'လွှတ်'လို့ အော်လိုက်တာနဲ့ မင့်ကြက်ကို သူများကြက်ထက် ဦးအောင်လွှတ်'ဟု ပြောသည်။

အချို့သော နေ့ခင်းများတွင် မင်ဂိုသည် အကျအနထိုင်ကာ ဂျော့အား ကြက်ပွဲမှ အနိုင်ရလျှင် ဒေါ်လာအများကြီးရနိုင်ပုံကို ရှင်းပြတတ်၏။

'ကျွန်တော်ဖြင့် တစ်ဒေါ်လာတောင်မကိုင်ဖူးသေးပါဘူး ဦးကြီးမင်ဂိုရာ။ ဒေါ်လာဆိုတာ ဘယ်လိုပုံမျိုးမှန်းတောင်မသိဘူး'

မြန်မာ စာအုပ်များ

'ငါလည်း ဒေါ်လာများများမကိုင်ဖူးပါဘူးကွာ။ သခင်ကတော့ပြောတယ်။ မင့်ကို လောင်းကြေးထဲက ခွဲပေးမယ်တဲ့။ တကယ်လို့ မင်းနိုင်ရင် သူက မင့်ကိုခွဲပေးမှာ သေချာနေပြီ'

'သူက တကယ်ပေးလိမ့်မယ်လို့ ထင်သလား'

'ပေးမှာပါကွာ၊ သူကပေးရင် မင်းရသမျှကို စုပေါ့။ ကြက်ပွဲကရတဲ့ငွေကို စုပြီး သူတို့ကိုယ်သူတို့ ကျွန်ဘဝကလွတ်မြောက်အောင် ပြန်ရွေးသွားတဲ့နီဂရိုးတွေ ရှိတယ်ကွ'

'ဒါဆိုရင် ကျွန်တော်နဲ့ ကျွန်တော့်အမေကို ပြန်ရွေးနိုင်မှာပဲ ဦးကြီးမင်ဂိုရ'

ဂျော့၏စကားကြောင့် မနာလိုဝန်တိုစိတ်သည် မင်ဂို၏စိတ်ထဲတွင် ဖျတ်ခနဲ ပေါ်လာသည်။ သူသည် သစ်ငုတ်ပေါ် ထိုင်နေရာမှ ထရပ်လိုက်သည်။ ရုတ်တရက် ဘယ်လိုပြန်ပြောရမှန်းမသိ။ အတန်ကြာမှ 'အင်း...လောကကြီးမှာ မဖြစ်နိုင်တာတော့ မရှိဘူးကွ'ဟု ပြောကာ နှုတ်ဆက်စကားပင် မပြောတော့ဘဲ သူ့တဲဆီသို့ ပြန်သွားသည်။ ဂျော့ကတော့ အံ့အားသင့်ကာ ကျန်ရစ်ခဲ့သည်။

၁၈၂၄ ခုနှစ် ကြက်တိုက်ပွဲကြီးတွင် မင်ဂိုသည် သူ၏မိတ်ဆွေဟောင်းကြက်သမား တစ်ဦးနှင့် ဆုံမိသည်။ ထိုသူ၏ပြောဆိုချက်အရ ကျိတ်ဝိုင်းကြက်ပွဲတစ်ပွဲ လာမည့် စနေနေ့ခင်းပိုင်း၌ ပြုလုပ်လိမ့်မည်ဟု သတင်းရခဲ့၏။ မင်ဂိုက ထိုသတင်းကို လီယာ အား ပြောပြသည်။ စနေနေ့နံနက်တွင် လီယာသည် သူပေးထားသည့်ကတိအတိုင်း ကြက်ခြံသို့ ရောက်လာသည်။ ဒေါ်လာနှစ်ဆယ် ရေတွက်ပြီး မင်ဂိုလက်ထဲသို့ ထည့်သည်။

'ငါ့သဘောကို မင်းတို့သိကြသားပဲ။ ကိုယ့်ကြက်ဘက်က ပိုင်ပိုင်နိုင်နိုင် လောင်းကြေးမတင်ရရင် အဲဒီကြက်ကိုမသုံးနဲ့။ မင်းမလောင်းရဲရင် မင်းငွေမရဘူး။ ငါကတော့ ရှုံးသင့်လို့ ရှုံးတာမျိုးကို အရှုံးခံဖို့အဆင်သင့်ပဲ။ ငါက ငွေနဲ့ကြက်စိုက်တဲ့အတွက် နိုင်တဲ့ငွေ တစ်ဝက်ကိုတော့ ငါ့ကိုပေး။ ငါပြောတာ နားလည်ကြတယ်မဟုတ်လား။ ငါ့ငွေကို အလွဲသုံးစားလုပ်ရင်တော့ မင်းတို့ရဲ့ အရေမည်းမည်းတွေကို ခွာပစ်မယ် ဒါပဲ'

'ဟုတ်ကဲ့ပါသခင်'ဟု မင်ဂိုတို့က သံပြိုင်အဖြေပေးသည်။

ညှို့မှိုင်းမှိုင်းဆေးရောင်သုတ်ထားသည့် ဂိုဒေါင်ကြီးနောက်တွင် လှုပ်ရှားသွားလာနေကြသော လူမည်းနှစ်ဆယ်ကို ဂျော့ သတိထားမိသည်။ ထိုအထဲမှ တစ်ဝက်ခန့်မှာ သူတွေ့ဖူးသူများ ဖြစ်သဖြင့် ဂျော့က ပြုံး၍ လက်ပြခေါင်းညိတ်နှုတ်ဆက်သည်။ သူ စိတ်လှုပ်ရှားနေသည်ကို ဘေးလူများမရိပ်မိအောင် သတိထား၍ ထိန်းလျက်ရှိသည်။ လူမည်းများ၏ ဆင်ယင်ထုံးဖွဲ့မှုမှာ သစ်လွင်တောက်ပသည်။ ပြောပုံဆိုပုံ နေပုံထိုင်ပုံ

များမှာ ပွင့်လင်းလွတ်လပ်သည်။ ကျွန်ဘဝမှ လွတ်မြောက်ထားသည့် လူမည်းများပင် ပါဝင်နေသည်ကိုမြင်ရသော ဂျော့သည် အံ့သြနေသည်။ သူတို့ထဲမှ တချို့က မင်ဂို နှင့် ဂျော့တို့အားကြည့်၍ 'အဲဒီနှစ်ယောက်က တွမ်လီယာရဲ့တပည့်ကျော် နီဂရိုးတွေ ပေါ့ကွ'ဟု သူတို့ချင်းပြောနေကြသည်ကို ကြားရသောအခါ ဂျော့ ဂုဏ်ယူ၍မဆုံး။ မင်ဂိုက မျက်နှာနီနီ တုတ်တုတ်ခိုင်ခိုင် ဒိုင်လူကြီးထံသွား၍ စကားပြောသည်။ ဒိုင် လူကြီးက သူ့ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်ကို ဂျော့ မြင်လိုက်ရ၏။

ဂျော့သည် သူ့ကြက်အား နှိပ်နယ်ပေးနေရာမှ ဆင်းရဲသားလူဖြူများနှင့် နီးနီး ကပ်ကပ် ရောနှောနေရခြင်းကို ဘဝင်မကျသလို ဖြစ်လျက်ရှိသည်။ ဤအတန်းအစား လူဖြူများသည် အများအားဖြင့် လူမည်းများအား ဒုက္ခပေးတတ်ကြသူများဖြစ်သည် မဟုတ်ပါလား။ သို့သော်လည်း သူတို့ ထွက်လာကြစဉ်က လမ်းတွင် ဦးကြီးမင်ဂိုက ဆင်းရဲသားလူဖြူများနှင့် လူမည်းများ တွဲ၍ရသည့် အလုပ်ဆို၍ ဤကြက်တိုက်ပွဲမျိုး သာရှိကြောင်း ပြောပြခဲ့သဖြင့် စိတ်ထဲတွင် သက်သာရာရသလိုတော့ရှိသည်။ ကြက် တိုက်ပွဲ စည်းကမ်းအရ လူဖြူနှစ်ယောက်နှင့် လူမည်းနှစ်ယောက်သည် မိမိတို့ပိုင် ကြက်များနှင့် ယှဉ်ပြိုင်ခွင့်ရှိ၏။ ကျန်လူများကတော့ မိမိတို့ကြိုက်ရာကြက်ကို လောင်း ပိုင်ခွင့်ရှိသည်ဟု ဆိုသည်။

'ကြက်ပွဲစမယ်၊ ဂျင်ကာတာနဲ့ ဘင်စပင်ဇာတို့ သတင်းပို့ပါ'

ဒိုင်လူကြီး၏အသံ ထွက်ပေါ်လာသောအခါ ပိန်ချောက်ချောက်နှင့် စုတ်တီး စုတ်ချာ ဝတ်စားထားသည့် လူဖြူနှစ်ယောက် ရောက်လာသည်။ သူတို့ကြက်များကို ချိန်ကာ သံမဏိအတက်များ တပ်ကြသည်။ ထို့နောက် လောင်းကြေး စခေါ်သည်။ နှစ်ဆယ့်ငါးဒေါ်လာနှင့် ဆင့်ငါးဆယ်။ ကြက်များကိုကြည့်၍ သူ့သခင်၏ ကြက်တွေ လောက် ကောင်းမည်မဟုတ်ဟု တွေးသည်။

ပထမပွဲတွင် တစ်ဖက်ကကြက် လည်ပင်းတွင် ဒဏ်ရာရကာ ပွဲချင်းပြီး သေ သည်။ တိုက်ကြက်ကောင်းတစ်ကောင်သည် ပွဲကို စက္ကန့်ပိုင်းနှင့် ပွဲပြတ်အောင် ဖြတ် တတ်သည့် အခြေအနေကို ဂျော့နားလည်လိုက်သည်။ ဒုတိယပွဲ၊ တတိယပွဲနှင့် စတုတ္ထ ပွဲစဉ်များ ပြီးသွားသည်အထိ နှစ်ဖက်ကြက်များ၏ တိုက်ကွက်နှင့် တိုက်နည်းတိုက်ဟန် များသည် သူမြင်ဖူးခဲ့သည်များနှင့်မတူဟု ထင်လာသည်။ ဤသို့ဖြင့် သူ့အလှည့်သို့ ရောက်လာသည်။ သူ့နှလုံးသား ခုန်နေပုံသည် မြန်လှပါဘိခြင်း။

'မစ္စတာရှိအာမိရဲ့နီဂရိုး ကြက်မီးခိုးရောင်ပြောက်နှင့် မစ္စတာလီယာရဲ့နီဂရိုး ကြက်နီ သတင်းပို့ပါ'

ဂျော့သည် သူ့ပြိုင်ဘက် နီဂရိုးပုကွကွကို ချက်ချင်းမှတ်မိသည်။ ပွဲကြီးများ၌ ဆုံခဲ့ဖူးသည့် လူတစ်ယောက်အဖြစ် စကားစမြည်ပင်ပြောခဲ့ဖူး၏။ စည်းဝိုင်းအပြင်မှ

ဦးကြီးမင်ဂို၏ မျက်လုံးအစုံသည် သူ့အပေါ်၌စူးစိုက်လျက်ရှိ၏။ သူသည် ကြယ်သီးကိုဖြုတ်ကာ အိတ်ကပ်ထဲမှ သံမဏိအတက်များကို ထုတ်သည်။ ‘အတက်ချည်ပေးတဲ့အခါ သိပ်လည်းမတင်းစေနဲ့၊ သိပ်လည်းမလျော့စေနဲ့’ ဟူသော မင်ဂို၏ စကားကိုသတိရသည်။ သူ့ပတ်ပတ်လည်မှ အော်သံများ။

‘‘ကြက်နီဘက်မှ ဆင့်ငါးဆယ်ဟေ့’

‘တို့က မီးခိုးရောင်ပြောက်ဘက်က တစ်ဒေါ်လာကွ’

‘ဟေ့...အနီဘက်က လေးဒေါ်လာ တင်တယ်ကွ’

နောက်ဆုံးအသံမှာ ဦးကြီးမင်ဂို၏ အသံ။ အမြင့်ဆုံးလောင်းကြေးပေးလိုက်ခြင်းဖြစ်၏။

‘အသင့်ပြင်’

ဂျော့သည် သူ့ကြက်ကိုကိုင်ကာ ဒူးထောက်ထိုင်လိုက်သည်။ သူသည် လက်ထဲမှ ကြက်ကို လွှတ်ရန်သာ စိတ်စောလျက်ရှိသည်။

‘လွှတ်’

သူသည် ဒိုင်၏နှုတ်ခမ်းများကိုကြည့်ဖို့ မေ့သွားခဲ့၏။ သူ့လက်များ ဆတ်ခနဲလှုပ်ရှားသွားချိန်တွင် တစ်ဖက်မှကြက်သည် အရှိန်ဖြင့်ဝင်လာပြီး သူ့ ကြက်၏ ဘေးတစ်ဖက်ကို ခွပ်လိုက်သည်။ လက်တွင်းမှထွက်သွားသော သူ့ကြက်သည် အရှိန်ပျက်ကာ တန့်ခနဲဖြစ်သွားပြီး ချာလပတ်လည်သွားသည်။ သို့သော် သူ့ကြက်သည် ချက်ချင်းပင်ပြန်၍တာစူကာ တစ်ဖက်မှကြက်ကို တိုက်ခိုက်သည်။ အတောင်များသည် သွေးများဖြင့်စိုရွှဲလျက်ရှိကြ၏။

ကြက်နှစ်ကောင်သည် လေထဲသို့ ပြိုင်တူခုန်လိုက်ကြသည်။ သူ့ကြက်က တစ်ဖက်ကြက်ထက် ပိုမြင့်တက်သွားသည်။ သို့သော်လည်း သံမဏိအတက်များသည် ခွပ်ချက်ဆီမရောက်။ လွဲသွားသည်။ နှစ်ကောင်ပြိုင်၍ ရင်ဆိုင်ကာအပေါ်သို့ မြောက်တက်သွားကြပြန်၏။ ဂျော့၏နှလုံးသားသည် တဒိန်းဒိန်းခုန်လျက်ရှိသည်။ သူ့ကြက်သည် ယိုစီးကျနေသောသွေးများကြောင့် အားနည်းပေတော့မည်။

ရုတ်တရက် သံမဏိအတက်များဆီမှ လက်ခနဲအရောင်ထွက်လာပြီး ပွဲပြတ်သွားသည်။ သူ့ကြက်သည်၊ မြေပေါ်လဲကျကာ အကြောဆွဲနေသည်။ အော်သံများ၊ ဆဲသံများနှင့် ကျိန်ဆဲသံများ သူ့မျက်လုံးအစုံတွင် မျက်ရည်များစို့လာသည်။

ကြက်ကိုကောက်၍ ထလာသည့်အခါ မင်ဂိုက သူ့လက်မောင်းကိုဆွဲ၍ ဘေးလူများ မကြားနိုင်မည့်နေရာသို့ ခေါ်သွားသည်။

‘မင်းလုပ်ပုံက သောက်ရူးတစ်ကောင်လိုပါလား။ ဘာလို့သောက်ရေထွက်ရတာလဲ။ သွား၊ နောက်တစ်ပွဲအတွက် ကြက်ထုတ်ခဲ့’

မြန်မာ စာအုပ်များ

'ကျွန်တော် သိပ်မကျွမ်းဘူး ဦးကြီးမင်ဂိုရ။ ကျွန်တော့်ကြောင့် သခင့်ရဲ့ ကြက်တစ်ကောင် သေသွားပြီ'

'ဟေ့ကောင်၊ ဘယ်ကြက်မဆို အချိန်မရွေးရှုံးနိုင်တယ်၊ မင်းသခင်ကိုယ်တိုင် ရှုံးတာတွေ မင်းမြင်ခဲ့ဖူးတယ်မဟုတ်လား။ သွားစမ်းကွာ၊ နောက်ပွဲအတွက် ကြက်ကို မြန်မြန်သွားထုတ်'

နောက်နှစ်ပွဲပြီးသွားသည်။ 'တွမ်လီယာရဲ့ နီဂရိုး'ဟူသော ဒိုင်၏ခေါ်သံ ကြားရပြန်၏။ ဦးကြီးမင်ဂိုထံမှ ဆယ်ဒေါ်လာလောင်းကြေးတင်သံ ကြားလိုက်ရသည်။ နှစ်မိနစ်မပြည့်ခင်မှာ သူ့ကြက်က တစ်ဖက်ကြက်ကို အသေခွပ်ပစ်လိုက်သည်။ သူတို့ ကြက်ပွဲမှ ပြန်လာသောအခါ တစ်လမ်းလုံး မင်ဂိုက သူ့အား ဖျောင်းဖျအားပေးလာသည်။

'တို့များ နှစ်ဒေါ်လာရလာတယ်၊ မင်းက ဘာ့ကြောင့်မသာမယာဖြစ်နေတာလဲ'

'တစ်ပွဲရှုံးတာ ရှက်လို့ဗျ၊ သခင်ကတော့ သူ့ကြက်တွေရှုံးတာ ဘယ်နည်းနှင့်မှ ကြိုက်မှာမဟုတ်ဘူး'

မင်ဂိုစိတ်ပျက်သွားသည်။ ကြက်ခြံပြန်ရောက်ပြီးနောက် သုံးရက်တိတိ ဂျော့သည် စိတ်ဓာတ်ကျဆဲ။ မင်ဂိုက ဤပြဿနာကို မစ္စတာလီယာအား ပြောသည်။

'ဟိုကောင်လေးကို သခင်ပြောပါဦး၊ ကြက်ပွဲတစ်ပွဲရှုံးတာ အသက်ထွက်မတတ် ရှက်နေတယ်'

နောက်တစ်ကြိမ် ကြက်ခြံသို့လာသောအခါ လီယာက ဂျော့အား 'မင်းက ကြက်တစ်ပွဲ ရှုံးတာ ရှက်မနေတယ်ဆိုကွ'ဟု မေးသည်။

'သခင့်ကြက်သေတာ စိတ်မကောင်းဖြစ်လို့ပါ'

'ဟ...ငါ့မှာ ကြက်တွေအများကြီးကျန်သေးတာပဲကွ'

နောက်တစ်ကြိမ် ကျိတ်ဝိုင်းကြက်ပွဲတွင် ဂျော့သည် နှစ်ပွဲစလုံးနိုင်သည်။ သူသည် အနိုင်ရသောငွေများကို လက်နှင့်ကျုံး၍ သိမ်းကာ ဝမ်းသာအားရဖြစ်လျက်ရှိသည်။ သူ့လက်ခုပ်တွင်းမှ တွန့်ခေါက်ကြေမွနေသော တစ်ဒေါ်လာတန်စက္ကူများနှင့် အကြွေများကိုကြည့်၍ အားမရနိုင်အောင်ဖြစ်နေသည်။

အိမ်အပြန်တွင် ဂျော့က မင်ဂိုအား သူနှင့်အတူ ကျွန်အိမ်တန်းသို့လိုက်လည်ရန် ခေါ်သည်။ သူ့အမေ၊ မစ္စမာလီဇီ၊ စစ္စတာဆာရာနှင့် ဦးလေးပွန်ပေထံ တစ်ခါတစ်ခေါက် အလည်ရောက်သင့်ပါသည်ဟု တိုက်တွန်းသည်။

'လူလည်းများများရှိတာမဟုတ်ပါဘူးဗျာ။ ရှိသမျှ နီဂရိုးခြောက်ယောက်နဲ့တော့ ခင်သင့်ပါတယ်။ သူတို့က ကျွန်တော်ပြောပြထားလို့ ဦးကြီးအကြောင်း သိကြတယ်ဗျ။ ခင်ဗျားမလိုက်ရင် သူတို့ကအထင်လွဲကြမှာ။ ခင်ဗျားက သူတို့ကိုမုန်းလို့ အရောမဝင်ချင်လို့ ထင်ကြမှာ'

မြန်မာ စာအုပ်များ

'ဒါကတော့ကွာ၊ ငါ ဘယ်သူ့ကိုမှ ရန်မပြုတတ်ဘူးဆိုတာ မင်းတို့ နားလည်သင့်ပါတယ်။ အခုလို တစ်ယောက်နဲ့တစ်ယောက်မသိဘဲ အေးအေးနေကြတာ အကောင်းဆုံးပါ။ သူတို့လည်း ငါ့အတွက် ပူစရာမလိုဘူး၊ ငါကလည်း သူတို့အတွက် စိတ်ပူစရာမလိုဘူး'ဟု ပြောကာ မင်ဂိုက လမ်းခွဲသွားသည်။

ဂျော့၏လက်ထဲမှ ငွေများကို မြင်သောအခါ ကစ်ဇီသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သည်။

'ဟဲ့...နင်ငွေတွေ ဘယ်ကရလာတာလဲ၊ ပြောစမ်း'ဟု မေးသည်။ စစ္စတာဆာရာကိုလည်း အော်ခေါ်ပြီးပြသည်။

'ဟဲ့...ငွေက ဘယ်လောက်လဲ'ဟု စစ္စတာဆာရာက မေးသည်။

'ဘယ်လောက်မှန်းတော့မသိဘူးဗျ။ များတော့ အများကြီးပဲ'

စစ္စတာဆာရာက ဂျော့အား ဦးလေးပွန်ပေထံ ဆွဲခေါ်သွားသည်။

'ဟာ...ငါလည်း တိုက်ကြက်တစ်ကောင်လောက်တော့မွေးဦးမှ ထင်တယ်'ဟု ပွန်ပေက ရေရွတ်သည်။

'ဟော့...ဂျော့၊ ဒီငွေတွေက သခင့်ငွေတွေမဟုတ်လား'

'သူက ကျွန်တော့်ကို တစ်ဝက်ခွဲပေးမှာ ဦးလေးပွန်ပေရ။ အခု သူ့အစုငွေကို သွားပေးရမယ်'

မီးဖိုချောင်သို့သွား၍ မစ္စမာလီဇီနှင့်ဆုံမိသောအခါ ဂျော့က ငွေတွေကို ပြသည်။ သခင်နှင့်တွေ့ချင်သည်ဟု ပြောသည်။

လီယာက သူ့အစု ကိုးဒေါ်လာကို အိတ်ကပ်ထဲထည့်ပြီး 'မင်ဂိုက ငါ့ရဲ့အကောင်းဆုံး တိုက်ကြက်တွေကို ငါမသိအောင် မင့်ကိုပေးတယ်ထင်တယ်'ဟု စသည်။

နောက်တစ်ကြိမ် ကြက်ပွဲတွင်လည်း ဂျော့၏ကြက်နှစ်ကောင်ပင် အနိုင်ရပြန်သည်။ ဤကြက်များမှာ ယခင်တစ်ကြိမ်က နိုင်ကြက်များဖြစ်နေသဖြင့် ကြက်သမားများအဖို့ စိတ်ဝင်စားစရာဖြစ်လာသည်။ လီယာအနေဖြင့် ကိုယ်တိုင် ကြက်ပွဲများသို့မသွားဟူသော မူလဆုံးဖြတ်ချက်ကို မလိုက်နာနိုင်တော့သည့်အဖြစ်ကိုပင် ဆိုက်ရောက်လာသည်။

မစ္စတာလီယာ ကြက်ပွဲသို့သွားသည့်အခါ လူဖြူလူမည်းအားလုံး လှုပ်ရှားသွားကြသည်။ လီယာကလည်း ဆင်းရဲသားလူဖြူများအား တစ်ဦးချင်းနာမည် များကိုခေါ်၍ တရင်းတနှီးနှုတ်ဆက်သည်။ သူတို့လို ဆင်းရဲသားဘဝမှ တက်သွားသော လီယာက သူတို့၏နာမည်ကိုပင်မေ့မသွားဘဲ နှုတ်ဆက်စကားပြောခြင်းသည် ဒဏ္ဍာရီပုံပြင်တစ်ပုဒ် သဖွယ် ပြောစမှတ်ဖြစ်သွားခဲ့သည်။ ထိုနေ့က ပွဲတွင် ဂျော့က ဒေါ်လာနှစ်ဆယ်နိုင်၍ ဘောမှလောင်းသူလီယာက ဒေါ်လာလေးဆယ်နိုင်သည်။

မြန်မာ စာအုပ်များ

နောက်တစ်ကြိမ် ကြက်ပွဲရှိလာပြန်သောအခါ ချောင်းဆိုးရောဂါထနေသဖြင့် မင်ဂို မလိုက်နိုင်။ ဂျော့သည် သူတစ်ယောက်တည်းသွားရန် ဝန်လေးလျက်ရှိ၏။ မင်ဂိုကတော့ ဂျော့အား တစ်ယောက်တည်းသွားရမယ်ဟု ဖွတ်ပြောသည်။

'မင်း ကလေးမဟုတ်တော့ဘူးကွ၊ ကောင်မလေးတွေနဲ့တွေ့ရမယ်ဆိုရင် မင်း တစ်ယောက်တည်းသွားမယ့်ကောင်၊ သွားစမ်းကွာ တစ်ယောက်တည်းပဲသွား'

ဤသို့ဖြင့် ဂျော့သည် ကြက်ပွဲသို့ တစ်ယောက်တည်းထွက်ခဲ့သည်။ ကြက်ဝိုင်းနှင့် မလှမ်းမကမ်းအရောက်တွင် ကြက်သမားများထဲမှ တစ်ဦးက လှမ်းအော်သည်။

'ဟေ့ ဟိုမှာမြင်လား၊ ကြက်ကလေးဂျော့ လာနေပြီ'

ဘေးမှလူများက သူ့ကိုကြည့်ကာ ဝိုင်း၍ရယ်ကြသည်။

ထိုနေ့ကပွဲတွင်လည်း သူအနိုင်များခဲ့သည်။ အပြန်တွင် တစ်လမ်းလုံး 'ကြက်ကလေးဂျော့'ဟူသော နာမည်ကို စဉ်းစားလာသည်။ နောက်ပြောင်ပြီး တရင်းတနှီးခေါ်လိုက်သော ဤနာမည်သည် သူ့အတွက် သဘောကျစရာဖြစ်နေသည် မဟုတ်ပါလား။

ထိုနာမည်ပြောင်ကို သူ့အမေအား ပြောပြသည့်အခါ သူ့အမေက သဘောကျသည်။ ဦးကြီးမင်ဂိုက သူ့သခင်လီယာအား ပြောပြသည့်အခါတွင်လည်း သခင်လီယာက သဘောကျသည်။

'ကြက်တစ်ကောင်သေတိုင်း ငိုငိုနေလို့ ကျွန်တော်က သူ့ကို 'အငိုမင်းသားလေးဂျော့'လို့ ခေါ်မယ်စိတ်ကူးထားတာ။ အခုတော့လည်း သူ့ဟာနဲ့သူ ဟုတ်နေသားပဲ'ဟု မင်ဂိုက ဆိုသည်။ မင်ဂို၏စကားကြားသောအခါ လီယာက ရယ်သည်။

'ငါလည်းပဲ ကြက်ပွဲမှာ ငါ့ကြက်သေရင် ငိုခဲ့ဖူးတာပဲ မင်ဂိုရ။ ကိုယ်မွေးထားတဲ့ ကြက်ကို ချစ်လွန်းလို့ငိုတာဖြစ်မှာပါ'ဟု မှတ်ချက်ချသည်။

ထိုနှစ်ကြက်ပွဲတွင် နောက်ဆုံးပွဲ၌ အနိုင်ရလာသည့်ကြက်ကိုပိုက်၍ လှည်းဆီသို့ ပြန်လာသော မစ္စတာလီယာသည် နောက်မှ ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ သူ့ဆီသို့ ခြေလှမ်းကျဲကျဲဖြင့်လျှောက်လာနေသော ကြက်သူဌေးဂျော့ဂျီဝက်။ မျက်နှာက ပြုံးလျက်။

'မစ္စတာလီယာနဲ့ကျွန်တော် ကြက်သမားအချင်းချင်း ပွင့်ပွင့်လင်းလင်းပြောရတော့မှာပဲ'ဟု ဂျီဝက်က စကားစသည်

'ကျွန်တော့်ကြက်ထိန်းက သွားလာခွင့်လက်မှတ်မပါဘဲ အပြင်ထွက်လို့ ပတ္တရောင်တွေ လက်ချက်နဲ့ သေနတ်မှန်သွားတယ်။ ဒဏ်ရာက တော်တော့်ကိုပြင်းတယ်။ နာလန်ထူမယ့်လက္ခဏာ မရှိဘူး'

မြန်မာ စာအုပ်များ

'ကြားရတာစိတ်မကောင်းစရာ'ဟု လီယာကပြောသည်။ 'ဒီလူ မင်ဂိုကို လိုချင်ပြီ ထင်ပါရဲ့'ဟုလည်း တွေးသည်။

'ကျွန်တော့်မှာ ယာယီကြက်ထိန်းတစ်ယောက် မရှိလို့မဖြစ်ဘူး မစ္စတာလီယာ။ မတတ်သာရင် ကြက်အကြောင်းနားလည်တဲ့လူတစ်ယောက်တော့ ရှိမှဖြစ်မှာ။ ခင်ဗျား ဆီမှာ ကြက်ထိန်းနှစ်ယောက်ရှိနေတာ မြင်တယ်။ အတွေ့အကြုံရင့်တဲ့ ဟိုလူကြီးကိုတော့ ကျွန်တော်မတောင်းချင်ပါဘူး။ ကျွန်တော့်ဆီက ကောင်မလေးတစ်ယောက်နဲ့ အဆက် ဖြစ်နေတဲ့ ဟိုလက်ထောက်ကောင်လေးကိုပေးမယ်ဆိုရင်တော့ ထိုက်သင့်တဲ့နှုန်းထားနဲ့...'

လီယာသည် အံ့အားလည်းသင့်သည်။ ဂျော့သစ္စာဖောက်လေသလားဟူသော အတွေးဖြင့် ဒေါသလည်းဖြစ်သည်။ သို့သော် ဣန္ဒြေမပျက်အောင်ထိန်းချုပ်ကာ 'ဟုတ်ကဲ့၊ ပြောပါ'ဟု အလိုက်သင့်ထောက်ပေးသည်။

'ကျွန်တော် သူ့ကို ဒေါ်လာသုံးထောင်ပေးမယ်ဆိုရင် ဘယ်လိုသဘောရပါသလဲ'

'ဝမ်းနည်းပါတယ် မစ္စတာဂျိဝက်'

'ကျွန်တော် နောက်ဆုံးဈေးပေးပါရစေ။ လေးထောင်ဆိုရင်ကော'

'ကျွန်တော့်ကြက်သမားကို ကျွန်တော်မရောင်းပါဘူးခင်ဗျာ'

သူဌေးကြက်သမားသည် မျက်နှာပျက်သွားသည်။

'ကျွန်တော်သဘောပေါက်ပါတယ်၊ မင်္ဂလာနံနက်ခင်းပါ ခင်ဗျာ'

လီယာသည် သူ့လှည်းဆီသို့ လျှင်မြန်စွာပြန်လာသည်။ မျက်နှာထားက တင်း တင်း။ ကြည့်ပုံရှုပုံကမာမာ။ သူသည် ဂျော့အား လှမ်းကြည့်သည်။

'မင်းဦးနှောက်ကိုရိုက်ခွဲပစ်မယ်။ မင်းဟိုဂျိဝက်အိမ်ကို သွားသွားပြီး ဘာလုပ်တာလဲ။ ငါ ကြက်တွေကို ဘယ်လိုလေ့ကျင့်ပေးနေတယ်ဆိုတာ သတင်းပေးနေတာမဟုတ်လား'

ဂျော့၏မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။

'ကျွန်တော် မစ္စတာဂျိဝက်ကို ဘာစကားမှမပြောပါဘူး သခင်။ လုံးဝ ဘာမှ မပြောပါဘူး'

ထိုနေ့တစ်နေ့လုံး မင်ဂိုရော ဂျော့ပါ နှုတ်ဆိတ်နေကြသည်။ ထိုညတွင်လည်း ဂျော့သည် အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်။ အပြစ်ဒဏ်တစ်ခုခုတော့ ချမှတ် ခံရတော့မည်ဟူသော အတွေးဖြင့် ချွေးများထွက်နေသည်။

သို့သော်လည်း ဘာသံမှမကြားရ။ နောက်ရက်အနည်းငယ်မျှအကြာတွင် မစ္စတာ လီယာက မင်ဂိုအား ဘာမှမဖြစ်သည့်နှယ် သူပြောစရာရှိသည်များ ပြောသည်။ 'လာ မယ့် အပတ်ထဲမှာ ဗာဂျီးနီးယားနယ်ထဲမှာ ကြက်ပွဲတစ်ပွဲ ရှိတယ်။ ခရီးကဝေးတော့ မင်းလိုက်လို့မဖြစ်ဘူး။ မင်းလိုက်ရင် ချောင်းဆိုးရောဂါ ပိုဆိုးလာလိမ့်မယ်။ အဲဒီတော့ ငါ ကောင်လေးကိုခေါ်သွားမယ်'

မြန်မာ စာအုပ်များ

'ဟုတ်ကဲ့ပါ သခင်'

တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဤနေ့ဤရက်ကို ဆိုက်ရောက်လာလိမ့်မည်ဟု မင်ကို တွက်ဆမျှော်လင့်ထားခဲ့သည်မှာကြာပြီ။ သူ့သခင်က ဂျော့အား လေ့ကျင့်သင်ကြား ပေးခိုင်းခဲ့သည်မှာ သူ့နေရာတွင် လူစားထိုးလို၍မဟုတ်ပါလော။ သို့သော်လည်း ဤမျှလောက် မြန်ဆန်လိမ့်မည်ဟု သူမထင်ခဲ့။

[၉၂]

'မင်း ဘာတွေတွေးနေသလဲ'

ဖေဖော်ဝါရီလ၏ နွေးထွေးသောနံနက်ခင်း၊ တိမ်ဖြူလွလွများသည် ကောင်းကင်တွင် ရွေ့လျားနေကြသည်။ သူတို့ရှေ့တည့်တည့်ရှိ ဖုန်ထူထူလမ်းမကြီးသည် ကြည့်မျှော်၍ မဆုံး။ ရုတ်တရက်ထွက်ပေါ်လာသော မေးခွန်းကြောင့် ဂျော့ လန့်သွားသည်။

'ဘာမှ မတွေးပါဘူး သခင်'ဟု ဂျော့က ဖြေသည်။

'မင်းတို့ နီဂရိုးတွေဟာ နားလည်ရသိပ်ခက်တယ်။ လူတွေက မင်းတို့ကို စကားကောင်းကောင်းပြောပြီး ယဉ်ယဉ်ကျေးကျေးဆက်ဆံတယ်။ မင်းတို့က သဘောမပေါက်ဘူး။ မိုက်တိမိုက်ရိုင်းလုပ်ကြတယ်။ မင်းတို့မှာ အသိဉာဏ်ရှိတဲ့ အနေအထိုင်အပြုအမူမျိုးသာရှိရင် လူဖြူတွေက မင်းတို့ကို အခုထက်ပိုပြီးလေးစားကြမှာ။ အဲဒါကို မင်းတို့ မတွေးမိဖူးလား'

'တချို့ကတော့ တွေးမိချင် တွေးမိမှာပါ။ တချို့ကတော့လည်း တွေးမိမှာမဟုတ်ပါဘူး။ ဒါက အခြေအနေပေါ်မှာ တည်ပါတယ်'

'ဘယ်လိုအခြေအနေလဲကွ၊ ပြောစမ်းပါဦး'

'ဒီလိုပါသခင်၊ ကျွန်တော်ဆိုလိုတာက လူမည်းကို စကားပြောနေတဲ့ လူဖြူ ဘယ်လိုလူစားလဲဆိုတာပေါ်မှာ တည်မယ်လို့ထင်ပါတယ်'

'မင်းဟာက မေးခွန်းကိုမှ တိုက်ရိုက်မဖြေဘဲကိုးကွ'

ဂျော့သည် သူ့စိတ်ထဲရှိသမျှကို ပြောသင့်မပြောသင့် ချိန်ဆနေသည်။

'တိုက်ရိုက်ဖြေရမယ်ဆိုရင်တော့ ဒီလိုပါသခင်၊ နီဂရိုးအများစုဟာ အသိဉာဏ်တော့ ရှိကြပါတယ်။ ဒါပေမဲ့ လူဖြူတွေကိုကြောက်လို့ ဉာဏ်တုံးချင်ဟန်ဆောင်နေတာ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်'

'ဘာကွ၊ ကြောက်လို့ ဟုတ်လား'ဟု မလိုတမာသံဖြင့်ရေရွတ်သည်။

'ကြောက်လို့ဆိုတဲ့ နီဂရိုးကောင်တွေဟာ လူဖြူတွေက သူတို့ကို ကျော်ခိုင်းလိုက်တာနဲ့ ထပုန်ကန်ပြီး လူဖြူတွေကိုသတ်ကြတယ်။ လစ်ရင်လစ်သလို လူဖြူတွေရဲ့

မြန်မာ စာအုပ်များ

အစားအစာတွေထဲမှာ အဆိပ်ခတ်ကြတယ်။ ကလေးပေါက်စလေးတွေကအစ သေကြရတယ်။ အဲဒါလားကြောက်တာ။ အေး လူဖြူတွေက သူတို့ကိုယ်သူတို့ ကာကွယ်ဖို့ ပြန်လည်းလုပ်ရော ကြောက်တယ်ဆိုတဲ့စကားလည်း ပြောရော'

ဂျော့သည် ဒေါသဝင်နေသောလီယာအား နောက်ထပ်စကားပြောရန် ဝန်လေးလျက်ရှိသည်။ သို့သော်လည်း စိတ်ပြေလိုပြေငြားဟူသာသဘောဖြင့်...

'သခင့်မြေပေါ်မှာတော့ အဲသလိုအဖြစ်မျိုးတွေမဖြစ်ဘူးလို့ ကျွန်တော်ကတော့ ယုံကြည်နေတာပဲ'ဟု ပြောမိသည်။

'ဘယ်ဖြစ်ပါ့မလဲကွာ၊ ဖြစ်ရင် ငါက သတ်လိမ့်မယ်ဆိုတာ နီဂရိုးတွေက သိနေကြတာကိုးကွ'

သူတို့နောက်ဘက် လှောင်အိမ်ထဲမှ တိုက်ကြက်တစ်ကောင် တွန်သံကြားရသည်။ ထို့နောက် အခြားကြက်များဆီမှ တကွတ်ကွတ်အော်မြည်နေသံများ။

ဂျော့သည် စကားမဆက်တော့ဘဲ ရေငုံနှုတ်ပိတ်လုပ်နေသည်။ သူတို့သည် ကြီးမားကျယ်ပြန့်သော ယာခင်းကြီးတစ်ခုအနီးမှ ဖြတ်သန်းလာသည်။ လူမည်းကျွန်တစ်အုပ်သည် ယာခင်းပေါ်မှ ဂျုံရိုးပြတ်များကို လိုက်ထုနေကြသည်။

လီယာက စကားဆက်ပြန်သည်။

'ဘဝတစ်လျှောက်လုံး ရုန်းကန်လှုပ်ရှားပြီး အခြေအနေတစ်ခုဖြစ်လာအောင် တည်ဆောက်လာရတဲ့ လူတစ်ယောက်အဖို့တော့ အသိဉာဏ်ကင်းမဲ့တဲ့ အရိုင်းအစိုင်း နီဂရိုးတွေအကြောင်းတွေးရတာ သိပ်ကိုစိတ်ပျက်ဖို့ကောင်းတယ်'

လှည်းသည် တလှုပ်လှုပ်သွားလျက်ရှိသည်။ သူ့သခင် ဒေါသအရှိန်တက်ဆဲဖြစ်သည်ကို ရိပ်မိနေသောဂျော့သည် ငြိမ်နေသည်။ နောက်ဆုံးတွင် လီယာထံမှ စကားပြောသံကို ကြားရပြန်၏။

'ငါ မင့်ကို တစ်ခုပြောရဦးမယ်။ မင်းက ဘဝတစ်လျှောက်လုံး ငါ့မြေပေါ်မှာ မိုက်ပြည့်ပြီး ကြီးလာခဲ့ရတဲ့ကောင်မဟုတ်လား။ အဲဒီတော့ ညီအစ်ကိုမောင်နှမ ဆယ်ယောက်ရော အဖေအမေရော ကျဉ်းကျဉ်းမြောင်းမြောင်း အခန်းလေးနှစ်ခန်းထဲမှာ တစ်ယောက်ပေါ်တစ်ယောက် ထပ်လှမတတ်အိပ်ပြီး အင်္ကျီတော်အပြတ်ပြတ်ဖြစ်ရတဲ့ ဘဝမျိုးကို မင်းဘယ်နားလည်မှာလဲ'

သူ့သခင်၏ပါးစပ်မှ ဤစကားမျိုးထွက်လာသည့်အတွက် ဂျော့သည် အံ့အားသင့်လျက်ရှိသည်။

'ဒီမယ် ငါပြောပြမယ်၊ ငါ့အမေ ဗိုက်မကြီးဘဲ လွတ်လပ်နေတဲ့အချိန်ကို ငါ မတွေ့ဖူးခဲ့ဘူးကွ၊ သိလား။ ငါ့အဖေဆိုတာကလည်း ဆေးငုံလိုက်၊ ဝါးလိုက်၊ အရက်တွေသောက်လိုက်၊ ကျောက်ခဲတွေပြည့်နေတဲ့ သူ့မြေဆယ်ဧကပေါ်မှာ ငါတို့ အလုပ်

မြန်မာ စာအုပ်များ

မလုပ်ကောင်းလားဆိုပြီး ဆဲလိုက်ဆိုလိုက်နဲ့ အချိန်ကုန်နေတဲ့လူ၊ ဘာမှ ဟုတ်တိပတ်တိ စိုက်ပျိုးလို့မရတဲ့ မြေကိုပိုင်တာနဲ့ သူ့ကိုယ်သူ ယာသမားလို့ အမည်တပ်ထားရုံကလွဲပြီး ဘာမှဖြစ်လာတာမဟုတ်ဘူး'

လီယာက ဂျော့အား စူးစူးရဲရဲကြည့်ပြီး ဒေါသတကြီးမေးသည်။

'ငါ့ဘဝ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာကော မင်းသိချင်သလား'

'ဟုတ်ကဲ့ခင်ဗျာ'

'တစ်နေ့မှာ ငါတို့နေရာကို ဘိုးတော်တစ်ပါးရောက်လာတယ်။ သူ့တဲနားမှာ လူတွေ အုန်းအုန်းကျက်ကျက်ဖြစ်နေကြတယ်။ ဘိုးတော်က တရားတွေဟော၊ လူတွေကနာ၊ ပြီးတော့ အော်ကြဟစ်ကြ ကကြခုန်ကြ ပွက်လောရိုက်နေတာပဲ'

လီယာက ဂျော့အား လှမ်းကြည့်သည်။

'မင်း သမ္မာကျမ်းစာအကြောင်းသိလား'

'သိပ်ပြီး မသိဘူးခင်ဗျ'

'ငါလည်း သိပ်တော့မသိပါဘူး။ အဲဒီထဲက စာပိုဒ်တစ်ပိုဒ် ငါကြားရတယ်။ အခုထက်ထိ အဲဒီစာပိုဒ်ကို ငါ့သမ္မာကျမ်းစာ စာအုပ်ထဲမှာ မျဉ်းသားထားတယ်။ စာပိုဒ်က ဒီလိုကွ။ 'ငါသည် အသက်လည်း ငယ်ရွယ်နုပျိုခဲ့ပြီးပြီ။ အခုဆိုလျှင် ငါသည် အိုမင်းရင့်ရော်နေပြီ။ ငါ့ဘဝတစ်လျှောက်လုံးတွင် မှန်ကန်ဖြောင့်မတ်သော စွန့်လွှတ်မှုမရှိလျှင် အစာရေစာရဖို့ကို မမြင်ဖူးခဲ့ပေ'တဲ့။ ဒီစာပိုဒ်ထဲမှာ 'မှန်ကန်ဖြောင့်မတ်သော စွန့်လွှတ်မှု'ဆိုတဲ့ စကားပါတယ်။ ငါက အဲဒီစကားကို တစ်မျိုးယူတယ်။ တကယ်လို့ ငါအလုပ်ကို ကြိုးစားအားထုတ်ပြီးလုပ်ရင် ငါလိုချင်တဲ့ အစာရေစာရမှာပဲလို့ တွက်လိုက်တယ်။ အသက်ကြီးလာရင်လည်း ငါ သူများဆီမှာ လက်ဖြန့်ခံပြီး တောင်းစရာ မလိုတော့ဘူးပေါ့ကွာ'

လီယာက စကားကိုဖြတ်ထားပြီး ဂျော့အား စေ့စေ့စပ်စပ်ကြည့်နေပြန်သည်။ ဘာပြန်ပြောရမှန်းမသိသော ဂျော့က 'ဟုတ်ကဲ့ပါခင်ဗျာ'ဟု ရေရွတ်သည်။

'အဲဒါကြောင့် ငါ အိမ်ကထွက်လာခဲ့တာပဲ။ ငါ့အသက်က ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ လမ်းပေါ်မှာတွေ့တဲ့ လူတိုင်းကို ငါ အလုပ်တောင်းတယ်။ ရတဲ့အလုပ်ကို လုပ်တယ်။ နီဂရိုးတွေလုပ်တဲ့အလုပ်မျိုးတောင် ငါလုပ်တယ်ကွာ။ လူကလည်း စုတ်ပြတ်နေတာပဲ။ အစားကျတော့လည်း ဈေးအပေါဆုံးဆိုတဲ့ အစားပဲစားတယ်။ ရသမျှ ငွေကိုစုတယ်။ နှစ်ပေါင်းများစွာစုတာပေါ့ကွာ။ နောက်ဆုံး သစ်တောမြေ နှစ်ဆယ်ဧကကို ငါဝယ်နိုင်ခဲ့တယ်။ ဂျော့လို့ခေါ်တဲ့ နီဂရိုးကျွန်တစ်ယောက်ဝယ်ပြီး ငါတို့ အလုပ်လုပ်ခဲ့ကြတယ်'

'ဦးလေးပွန်ပေက အဲဒီဂျော့အကြောင်းကို ကျွန်တော့်ကိုပြောပြခဲ့ဖူးတယ် ခင်ဗျာ' ဟု ဂျော့က ပြောသည်။

'အေး ဟုတ်တယ်၊ ပွန်ပေက နောက်မှရောက်လာတာ။ သူက ငါ့ရဲ့ ဒုတိယ နီဂရိုးပေါ့။ ငါဟာ အဲဒီနီဂရိုးကျော့နဲ့ အတူတူတွဲပြီး အလုပ်ကို မနားမနေလုပ်ခဲ့တယ်။ သစ်တောတွေခုတ်၊ သစ်မြစ်သစ်ငုတ်တွေကိုတူး၊ ကျောက်တုံးကျောက်ခဲတွေကိုဖော်၊ အဲသလို ဖွဲနဲ့လုပ်ပြီး မြေကိုပြုပြင်ခဲ့တယ်။ နောက် မကြာခင်မှာ နှစ်ဆယ့်ငါးဆင့်တန် ထီလက်မှတ်တစ်စောင်ထိုးတာ ပေါက်တယ်။ အဲဒီငွေနဲ့ ပထမဆုံး တိုက်ကြက် တစ်ကောင် ငါ ဝယ်ခဲ့တယ်။ ငါရခဲ့သမျှ ကြက်တွေထဲမှာ အကောင်းဆုံးတိုက်ကြက်ပဲကွ'

လီယာသည် စကားကိုဆက်မပြောတော့ဘဲ ရပ်ထားသည်။

'ငါလည်း ဒီမှာလာပြီး မင့်လို နီဂရိုးတစ်ယောက်ကို ဒီစကားတွေ ပြောနေမိတာ ဘာကြောင့်ပါလိမ့်။ ဒါပေမဲ့ကွာ၊ ယောကျ်ားတစ်ယောက်မှာလည်း တစ်ခါတစ်ရံ သူ့ရင်ထဲမှာရှိသမျှကိုဖွင့်ပြောဖို့ လူတစ်ယောက်ရှိဖို့တော့ လိုတာပဲကွ'ဟု ရေရွတ်သည်။

သူသည် စကားကိုဖြတ်၍ ရပ်နေပြန်သည်။

'ငါ့အနေနဲ့ ကိုယ့်ဇနီးကို ဖွင့်ပြောလို့ကတော့မဖြစ်နိုင်ဘူး။ မိန်းမတစ်ယောက် ယောကျ်ားယူတယ်ဆိုတာ သူတို့ကို ပြုစုစောင့်ရှောက်ဖို့ယူတာ။ သူတို့အလုပ်က သူတို့ မျက်နှာကို တစ္ဆေသရဲနဲ့တူလာအောင် ပေါင်ဒါဖို့ဖို့ပဲ။ ငါအံ့ဩနေတာက ငါ့ညီအစ်ကိုမောင်နှမတွေထဲက တစ်ယောက်မှ ငါ့လိုထွက်သွားတဲ့လူမရှိတာဘဲ။ အဲဒီတော့ မထူးဆန်းပါဘူး။ ငါအိမ်ကထွက်လာတုန်းကလို တော်ပြတ်နေကြတာပဲ။ ထူးခြားတာဆိုလို့ တစ်ခုပဲရှိတယ်။ သူတို့အားလုံး အိမ်ထောင်ရက်သားကျပြီး ကိုယ့်မိသားစုနဲ့ကိုယ် ဖြစ်နေကြပြီ။ အဲဒါပဲ'

မစ္စတာလီယာ၏ ညီအစ်ကိုတချို့ကို ကျော့ကိုယ်တိုင် ကြက်ပွဲများ၌ မြင်ခဲ့ဖူး၏။ သူတို့ကိုတွေ့လျှင် လူချမ်းသာများသာမက ကျွန်များကပါ နှာခေါင်းရှုံ့ကြသည်ကို တွေ့ခဲ့ဖူးသည်။

'ငါ့ညီအစ်ကိုတွေထဲက တစ်ယောက်မှ ငါလုပ်သလိုမလုပ်ကြဘူး။အားလုံး အလကားကောင်တွေချည်းပဲ'

သူသည် ငြိမ်နေပြန်သည်။ သို့သော်လည်း ကြာကြာမဟုတ်။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အခုဆိုရင် ငါ့အခြေအနေဟာ ဆိုးတယ်လို့ ပြောလို့မရဘူး။ လေးစားထိုက်တဲ့ အိမ်မျိုးနဲ့နေရတယ်။ တိုက်ကြက်အကောင်တစ်ရာလောက် ပိုင်တယ်။ မြေရှစ်ဆယ့်ငါးဧကလောက်ပိုင်နေပြီ။ မြေတစ်ဝက်ပေါ်မှာ သီးနှံစိုက်ထားတယ်။ မြင်းတို့၊ လားတို့၊ နွားမတို့၊ ဝက်တို့ကို အသင့်အတင့်မွေးထားတယ်။ နောက်ပြီးတော့ မင်းလို လူပျင်းနီဂရိုးကျွန် နည်းနည်းပါးပါးလည်းဝယ်ထားတယ်'

'ဟုတ်ပါတယ်ခင်ဗျာ'ဟု ကျော့က ပြောသည်။ သူ့စိတ်ထဲတွင် ပြောချင်သည့် စကားတစ်ခုရှိနေ၏။ ထိုစကားကို သူ့သခင် စိတ်မဆိုးအောင် ဘယ်လိုပြောရပါမည်နည်းဟု တွေးသည်။

မြန်မာ စာအုပ်များ

'ဒီလိုလည်းရှိပါတယ်သခင်၊ ကျွန်တော်တို့ နိဂရိုးတွေကလည်း သခင့်အတွက် သိပ်ကိုအပင်ပန်းခံပြီးလုပ်ပေးကြပါတယ်။ ဒါကို သခင်သိမှာပါ'

ဂျော့သည် အတန်ကြာမျှငြိမ်ဆိတ်ကာ ဦးကြီးမင်ဂိုအကြောင်း တွေးနေမိသည်။

'သခင် သိမလားတော့ မပြောတတ်ဘူး။ ဦးကြီးမင်ဂို အသက်ဘယ်လောက်ရှိပြီလဲ'

လီယာက သူ့မေးစေ့ကိုပွတ်ကာ စဉ်းစားနေသည်။

'အေးကွ၊ ငါလည်း တိတိကျကျမသိဘူး။ သူ့အသက်ဟာ ငါ့ထက် ဆယ့်ငါးနှစ်လောက်ကြီးမယ်။ အဲဒီတော့ ခြောက်ဆယ်တွင်းဝင်ပြီလို့ထင်တာပဲ။ ရုပ်ကလည်း တစ်နေ့ထက်တစ်နေ့ အိုစာကျလာတယ်ကွ။ သူ့ကြည့်ရတာ မမာသလိုပဲ။ မင်းကော သူ့ကို ဘယ်လိုထင်သလဲ။ မင်းက သူ့အနားမှာ နီးနီးကပ်ကပ်နေရတာဆိုတော့ ပိုသိမှာပေါ့'

ဂျော့သည် ဦးကြီးမင်ဂို၏ ချောင်းဆိုးရောဂါကို သတိရသည်။ တစ်ချိန်တည်းမှာပင် သူတို့သခင်လီယာသည် နိဂရိုးတစ်ယောက် နေထိုင်မကောင်းဖြစ်သည်ဟု ပြောလျှင် အပျင်းကြီး၍လုပ်သည်ဟု စွပ်စွဲလေ့ရှိကြောင်း မစ္စမာလီဒီ ပြောပြခဲ့ဖူးသည်ကို သတိရသည်။

'ကျွန်တော် သိရသလောက်တော့ သူ နေကောင်းပါတယ် သခင်။ ဒါပေမဲ့ သခင့်အနေနဲ့ သူချောင်းဆိုးတာကိုတော့ သတိထားသင့်တယ်ထင်တာပါပဲ။ သူချောင်းဆိုးတာက တော်တော်ဆိုးတာ။ ကျွန်တော်ကတော့ သူ့အတွက်ဆိုရင် စိုးရိမ်တယ်။ သူက ကျွန်တော့်အပေါ်မှာ အဖေတစ်ယောက်လို ဆက်ဆံတာခင်ဗျ'

လီယာ ငြိမ်သွားသည်။ သူပြောလိုက်သည့်စကားကို မကြိုက်သည်မှာ ထင်ရှားနေ၏။

'မင်ဂိုက မင့်အတွက် ဘာတွေများ လုပ်ပေးလို့လဲကွ။ ယာခင်းထဲကနေပြီး ကြက်ခြံကိုရောက်အောင်လုပ်ပေးတာ သူလို့ မင်းကထင်နေသလား'ဟု မေးသည်။

'မဟုတ်ပါဘူးသခင်၊ အဲဒါတွေအားလုံးက သခင်လုပ်ပေးထားတာပါ'

နှစ်ဦးစလုံးငြိမ်နေကြပြန်သည်။ ထို့နောက် မစ္စတာလီယာက 'မင်း ဂျိဝက်တို့ဘက်သွားသေးသလား'ဟု မေးသည်။ 'မရောက်တော့ဘူးခင်ဗျ'ဟု ဂျော့က ဖြေသည်။

'တခြားနေရာမှာ အဆက်သစ်တစ်ယောက် တွေ့လို့လားကွ'

'အနီးအနားမှာပါ သခင်'

'အေးပေါ့လေ၊ မင့်လို အသက်နှစ်ဆယ်အရွယ် ကောင်လေးတစ်ယောက်အဖို့ ဒီလိုပဲနေမှာပေါ့။ မင်းညညကျရင် အပြင်ကို လစ်မထွက်ပါဘူးလို့ ငါ့ကိုမလိမ်နဲ့ဟော၊ မရဘူး။ မင်းဘယ်သွားတယ်၊ ဘယ်နှကြိမ်သွားတယ်ဆိုတာကအစ ငါသိတယ်။

ပတ္တရောင်တွေနဲ့တွေ့ရင်တော့ မင်းခံရမယ်။ အဲဒီတော့ အိမ်ပြန်ရောက်ရင် ငါ မင့်ကို သွားလာခွင့်လက်မှတ် ထုတ်ပေးထားမယ်။ ဒါပေမဲ့ တစ်ခုတော့ပြောထားမယ်။ ပထမ တစ်ချက်က အချိန်နဲ့ပြန်၊ မိုးလင်းအောင်မနေနဲ့။ အလုပ်ကို မှန်မှန်လုပ်၊ မပျက်စေနဲ့။ ဟို ဂျိဝက်တို့အိမ်ဘက်ကိုနောက်ထပ်မသွားနဲ့၊ သွားတယ်လို့သိရရင် ငါထုတ်ပေးထား တဲ့ သွားလာခွင့်လက်မှတ်ကို ဆုတ်ပစ်မယ်။" ငါပြောတာနားလည်လား'

ဂျော့က ခေါင်းညိတ်သည်။ ထို့နောက် သူ ယခုတွေ့ထားသည့် မိန်းကလေးမှာ မစ္စတာမက်ဂရိဂေါ်ခြံမှဖြစ်သည်ဟု ဖွင့်ပြောသည်။

'သူ့နာမည်က မာတီလ်ဒါလို့ခေါ်ပါတယ်။ ယာလုပ်သမပါ။ ကျွန်တော် ဘာ ပြောပြော ဘာလုပ်လုပ် အလွယ်တကူ လက်မခံတဲ့မိန်းကလေးဆိုလို့ သူဟာ ပထမ ဆုံးပါ သခင်။ ကျွန်တော် လက်ဖျားနဲ့တောင်ထိလို့မရပါဘူး။ သူကပြောတယ်၊ ကျွန်တော့်ကို သူမေတ္တာရှိပါတယ်တဲ့။ ဒါပေမဲ့ ကျွန်တော်ကြိုက်သလိုတော့ သူလိုက် မလုပ်နိုင်ဘူးတဲ့။ ကျွန်တော်က ကျွန်တော်လိုချင်တဲ့မိန်းမမျိုး အချိန်မရွေးရနိုင်တယ်လို့ ပြောတော့ သူက ပြန်ပြောတယ်။ ဒါဆိုရင် အဲဒီမိန်းမတွေကို သွားယူပါတဲ့။ သူ့ကို မနှောင့်ယှက်ပါနဲ့တဲ့'

လီယာက ဂျော့၏စကားကို စိတ်ဝင်တစားနားထောင်သည်။ ဂျော့ကလည်း သူ့ကောင်မလေးမှာ အသက် ဆယ့်ခုနစ်နှစ်မျှသာရှိသေးသော်လည်း ဘာသာတရား ကိုင်းရှိုင်းသူဖြစ်ကြောင်း၊ သူ့အား သမ္မာကျမ်းစာထဲမှစာပိုဒ်များ ရွတ်ပြလေ့ရှိကြောင်း ပြောပြသည်။

ဂျော့သည် သူပြောသည့်စကားကို ပြောရန်သင့်မသင့် ချီတုံချတုံ ဖြစ်လျက် ရှိသည်။ နောက်ဆုံးတွင် သူ့စိတ်သူတင်း၍ သူ့စိတ်ထဲရှိသမျှကို ရင်ဖွင့်သည်။

'ဒီလိုပါသခင်၊ ဒီမိန်းကလေးနဲ့မတွေ့ခင်ကတော့ ကျွန်တော် အပျော်သဘောနဲ့ လုပ်ခဲ့မိတာပါ။ အခု သူ့လိုမိန်းမကောင်းလေးနဲ့တွေ့တဲ့အခါမှာ ကျွန်တော် စိတ်တစ်မျိုး ဖြစ်နေပါတယ်။ တကယ်လို့ ကျွန်တော် သူနဲ့ အတည်တကျ လက်ထပ်ပေါင်းသင်းမယ် ဆိုရင် သခင်က...'

'သူ့ကောင်မလေးကို မင်း ပိုးနေတယ်ဆိုတာ မစ္စတာမက်ဂရိဂေါ်သိသလား'

'သူက သူ့သခင်ကို ပြောချင်မှပြောမှာပါ။ ဒါပေမဲ့ အိမ်ကြီးမှာ အလုပ်လုပ်နေ ကြတဲ့ နီဂရိုးတွေကတော့ သိနေကြပါတယ်။ သူတို့ထဲက တစ်ယောက်ယောက်ကတော့ သူတို့သခင်ကို ပြောချင်ပြောမှာပါ'

မစ္စတာလီယာသည် တစ်ခဏမျှငြိမ်၍ စဉ်းစားလျက်ရှိသည်။ ထို့နောက် 'မစ္စတာ မက်ဂရိဂေါ်ဆီမှာ နီဂရိုးတွေ ဘယ်လောက်များသလဲ'ဟု မေးသည်။

'နှစ်ဆယ်ကျော်ကျော်လောက်ရှိမယ်ထင်တာပဲ သခင်'

မြန်မာ စာအုပ်များ

'မင့်ကို မွေးကတည်းက မင်းဟာ ငါ့ကိုဒုက္ခမပေးခဲ့ဘူး။ ငါ့ကိုကူညီခဲ့တာများတယ်။ အဲဒီတော့ ငါကလည်း မင့်အတွက် တစ်ခုခုပြန်လုပ်ပေးမယ်လို့ စိတ်ကူးတယ်။ ငါလည်း အသက်ငယ်ငယ်ကျွန်တချို့ ထပ်ဝယ်ဖို့ စီစဉ်ထားတာလည်း ရှိနေတယ်။ မင့်ကောင်မလေးက လက်ထပ်နိုင်လောက်တဲ့အရွယ်ဆိုရင် အဆင်ပြေအောင် စီစဉ်လို့ရတယ်။ ငါကိုယ်တိုင် မစ္စတာမက်ဂရိဂေါ်ဆီသွားပြီး စကားပြောကြည့်မယ်။ မင်းပြောသလို သူ့ဆီမှာ နီဂရိုးတွေအများကြီးရှိရင်တော့ ယာလုပ်သမလေးတစ်ယောက် လျော့တာနဲ့ သူ့လုပ်ငန်းကိုမထိခိုက်နိုင်ပါဘူး။ ငါကလည်း သင့်တင့်တဲ့ဈေးပေးပြီး ဝယ်လိုက်ရင် သူရောင်းမှာပါ။ ဒါဆိုရင် မင့်ကောင်မလေးကို လက်ထပ်ယူပြီး ဒီကိုခေါ်လိုက်ပေါ့။ သူ့နာမည်က ဘယ်သူကွ'

'မာတီလ်ဒါလို့ခေါ်ပါတယ်သခင်'ဟု ဂျော့က အသက်ရှူမမှန်သော လေသံဖြင့် ပြောသည်။

'မင့်ကိစ္စအားလုံး အဆင်ပြေသွားတဲ့အခါကျရင်တော့ ငါထုတ်ပေးထားတဲ့ ခရီးသွားခွင့် လက်မှတ်ကို ပြန်သိမ်းမယ်။ ဘာတဲ့...ကောင်မလေးနာမည်။ ဩော်... ဟုတ်ပြီ မာတီလ်ဒါ...။ အေး မာတီလ်ဒါက မင့်ကို ခြေငြိမ်အောင်လုပ်ထားတော့မယ် မဟုတ်လား'

ဂျော့သည် အတိုင်းအဆမရှိ ဝမ်းသာကြည်နူးလျက်ရှိလေသည်။

[၉၃]

ကြက်ကလေးဂျော့၏ လက်ထပ်မင်္ဂလာပွဲ ကျင်းပသည့် ၁၉၂၇ ခုနှစ် ဩဂုတ်လတစ်ရက် နံနက်နေထွက်စအချိန်တွင် သတို့သားသည် သူ့တဲနှင့်သူ ဗျာများလျက်ရှိသည်။ သူသည် တဲ၏တံခါးများတွင် ပတ္တာများ လိုက်တပ်လျက်ရှိသည်။ ထိုအလုပ်ပြီးသောအခါ သူသည် ဦးလေးပွန်ပေ ထွင်းပေးထားသည့် တံခါးရွက်အသစ်ကို ခေါင်းနှင့်ရွက်၍ ယူလာပြီး တပ်ရပြန်သည်။ ထို့နောက် သောကမကင်းသောမျက်နှာထားဖြင့် တက်လာနေသည့်နေကို တစ်ချက်မျှ မော့ကြည့်ကာ ယမန်နေ့ ညနေခင်းက သူ့အမေ လာပို့ထားသော ဝက်အူချောင်းနှင့် ဘီစကစ်မုန့်များကို ကသောကမျောမျိုချသည်။ သူ့တဲမှာ ယခုထိ လက်စမသတ်နိုင်သေး။

နောက်လုပ်ရမည့်တာဝန်မှာ ပုံးကြီးတစ်ပုံးထဲ၌ ရေနှင့်ထုံး ထည့်၍ ဖျော်ခြင်းဖြစ်သည်။ သူသည် တံမြက်စည်းတစ်ချောင်းဖြင့် ရေနှင့်ထုံး သမသွားအောင်မွှေပြီး တဲနံရံကို လိုက်သုတ်သည်။ သူအလုပ်ပြီးသွားသည့်အခါ နံနက် ဆယ်နာရီ ထိုးလေပြီ။ သူ့တွင် လုပ်စရာဆို၍ ရေချိုးရန်နှင့် အဝတ်လဲရန်သာကျန်တော့၏။ လက်ထပ်

မင်္ဂလာပွဲ စတင်မည့်အချိန်မှာ နေ့ခင်းတစ်နာရီဖြစ်သည်။ မစ္စတာမက်ဂရိဂေါ်၏ ခြံသို့ လှည်းနှင့်သွားရမည့်ခရီးသည် နှစ်နာရီကြာလိမ့်မည်ဖြစ်၏။

သူသည် သီချင်းတအေးအေးဖြင့် ရေကပျာကယာချိုးသည်။ အဝတ်အစားလဲသည်။ အပြာရောင်ရှပ်အင်္ကျီ၊ ခြေအိတ်အနီ၊ အဝါရောင်ဘောင်းဘီ၊ အဝါရောင်ဝတ်စုံကုတ်အင်္ကျီ၊ လိမ္မော်ရောင်ရှူးဖိနပ် စသည်များမှာ ကြက်ပွဲများမှရသည့်ငွေဖြင့် ဝယ်ခဲ့ခြင်းဖြစ်သည်။ သူ့သခင်နှင့် မြောက်ကာရိုလိုင်းနားပြည်နယ်မြို့များသို့ရောက်တိုင်း သူနှစ်သက်ရာကို ခွဲ၍ခွဲ၍ ဝယ်ယူထားခဲ့ခြင်းဖြစ်၏။ သူသည် ဦးကြီးမင်ဂို၏ လက်ဖွဲ့ပစ္စည်း ကြိမ်ကုလားထိုင်ပေါ်၌ထိုင်ကာ မာတိလ်ဒါအတွက် လက်ဆောင်အဖြစ် ဝယ်ထားသည့် မှန်တင်ခုံမှန်ထဲတွင်ကြည့်ပြီး အားရပါးရပြုံးလိုက်မိသည်။ မင်္ဂလာပွဲနေ့တွင် ဆင်ယင်နိုင်ရန် မာတိလ်ဒါကိုယ်တိုင် ထိုးပေးထားသည့် လည်စီးကိုတပ်သည်။ ထို့နောက် မစ္စတာလီယာ လက်ဖွဲ့ထားသည့် အနက်ရောင်ဦးထုပ်ကို ဆောင်းသည်။

'ထွက်ခဲ့တော့ဟေ့၊ ငါတို့စောင့်နေတာ တစ်နာရီလောက်ရှိသွားပြီ'

သူ့မိခင် ကစ်ဇီ၏ အော်သံ။

'လာပြီအမေ'ဟု သူက ပြန်၍အသံပေးကာ နောက်ဆုံးအနေဖြင့် မှန်ထဲမှ သူ့ကိုယ်အား တစ်ချက်မျှလှမ်းကြည့်ကာ ပုလင်းတစ်လုံးကို အတွင်းအိတ်ကပ်ထဲ ထည့်လိုက်ပြီး အပြင်သို့ ထွက်လာခဲ့သည်။ ဝတ်ကောင်းစားလှများဝတ်ကာ လှည်းပေါ်၌ အကျအနထိုင်၍ သူ့သားအား ဆီးကြိုနေသော သူ့အမေ၊ မစ္စမာလီဇီ၊ စစ္စတာဆာရာနှင့် ဦးလေးပွန်ပေတို့အားကြည့်၍ ပြုံးပြလိုက်သည်။ သူသည် ဒရိုင်ဘာထိုင်ခုံတွင် နေရာယူလိုက်ပြီး လှည်းကိုနှင်သည်။ သူထွက်မည်ဟု သတ်မှတ်ထားသည့်အချိန်ထက် တစ်နာရီသာလျှင် နောက်ကျ၏။

လမ်းတစ်လျှောက်လုံး ဂျော့သည် ပုလင်းကို မကြာမကြာထုတ်၍ မော့လာကာ ရဲဆေးတင်လာသည်။ မက်ဂရိဂေါ်၏ခြံသို့ နှစ်နာရီထိုးပြီးစတွင် ရောက်သည်။ သောကကြီးစွာ တမျှော်မျှော်ဖြစ်နေသော သတို့သမီးမာတိလ်ဒါအား တောင်းပန်စကားပြောကြသည်။ ဦးလေးပွန်ပေက ယူလာသည့် အစားအသောက်ခြင်းများကို လှည်းပေါ်မှ ချသည်။ ဂျော့က ဧည့်သည်များအား လိုက်လံနှုတ်ဆက်သည်။ သူ၏နှာခေါင်းမှ ထွက်လေတွင် အရက်နံ့က တသင်းသင်း။

နောက်ဆုံးတွင် အခကြေးငွေပေး၍ငှားထားသည့် တရားဟောဆရာသည် မစ္စတာမက်ဂရိဂေါ် ဇနီးမောင်နှံနှင့် မစ္စတာလီယာတို့ ခြံရုံကာ အိမ်ကြီးထဲမှ ထွက်လာသည်။ တရားဟောဆရာ၏နောက်ဘက်တွင် မစ္စတာမက်ဂရိဂေါ်တို့က နေရာယူ၍ လူမည်းပရိသတ်က တရားဟောဆရာ၏ မျက်နှာချင်းဆိုင်တွင် နေရာယူကြသည်။ အစီအစဉ်အရ ပထမဦးစွာ ခရစ်ယာန်ဘာသာဝင်တို့ ထုံးစံနှင့်အညီ လက်ထပ်ထိမ်းမြားခြင်းပြု၍

မြန်မာ စာအုပ်များ

အဆုံးသတ်တွင် တံမြက်စည်းခုန်သည့် ဓလေ့ထုံးစံကို ပြုလုပ်မည်ဖြစ်၏။ သတို့သားနှင့် သတို့သမီးစုံတွဲသည် တရားဟောဆရာ၏ ရှေ့မှောက်တွင် နေရာယူကြပြီ။ တရားဟော ဆရာက ချောင်းတစ်ချက်ဟန့်ကာ သမ္မာကျမ်းစာထဲမှ စာပိုဒ်တချို့ကိုဖတ်သည်။ ထို့နောက် ထုံးစံအတိုင်း မေးခွန်းထုတ်သည်။

'မာတိလ်ဒါနှင့်ဂျော့၊ သင်တို့သည် သင်တို့၏ဘဝတစ်လျှောက်လုံး ဆိုးသည် ဖြစ်စေ ကောင်းသည်ဖြစ်စေ ရာသက်ပန်ပေါင်းသင်းသွားကြမည်ဟု ကျမ်းကျိန်ဆိုပါ သလား'

'ကျိန်ဆိုပါသည်'ဟု မာတိလ်ဒါက တိုးတိုးညင်းညင်းပြောသည်။

'ဟုတ်ကဲ့ခင်ဗျာ'ဟု ဂျော့က ကျယ်လောင်စွာအော်ပြောသည်။

'ကျွန်ုပ်က သင်တို့အား ဇနီးမောင်နှံအဖြစ် တရားဝင်ကြေညာလိုက်သည်'ဟု တရားဟောဆရာက ပြောသည်။

ပရိသတ်ထဲမှ တစ်စုံတစ်ယောက်၏ငိုရှိုက်သံ။

'သင့်အား သတို့သမီးကို နမ်းခွင့်ပြုသည်'

ဂျော့သည် မာတိလ်ဒါအား တအားကုန် သိမ်းပွေ့ကာ သူ့နှုတ်ခမ်းများ နှင့် မာတိလ်ဒါ၏ နှုတ်ခမ်းများကို တအားဖိကပ်ပြီး နမ်းသည်။ ထို့နောက် ထုံးတမ်းစဉ် လာအရ တံမြက်စည်းတစ်ချောင်းချ၍ ခုန်ကြသည်။ ပရိသတ်က သူတို့အား ဝိုင်း၍ နှုတ်ဆက်ကြသည်။ ဂျော့သည် လူလစ်တိုင်း ပုလင်းကိုထုတ်၍မော့သည်။ ညှော်ခံပွဲ တစ်လျှောက်လုံး ဂျော့သည် မည်သူ့ကိုမျှသဲသဲကွဲကွဲမမြင်။ သူ့မျက်စိထဲတွင် မှုန်ဝါးဝါး။ ညနေခင်း အိမ်ပြန်လာသည့်အခါ လှည်းမောင်းလာသူမှာ ဦးလေးပွန်ပေ။ ကစ်ဇီ၊ မစ္စမာလီဇ်နှင့် စစ္စတာဆရာတို့သည် နောက်သို့ စိတ်ပျက်လက်ပျက်ဖြင့် မကြာခဏ လှည့်ကြည့်သည်။ သတို့သားသည် မျက်ရည်ဝိုင်းနေသော သတို့သမီး၏ပေါင်ပေါ်၌ မျက်နှာအပ်ကာ အိပ်ပျော်လျက်ရှိသောကြောင့်ဖြစ်၏။ သူ့ဟောက်သံကို အတိုင်းသား ကြားနေရသည်။ သူ့မျက်နှာကို သူ့ဦးထုပ်က ဖုံးလျက်။

သူတို့၏ တဲသစ်ရှေ့၌ လှည်းရပ်လိုက်သည့်အခါကျမှပင် ဂျော့အိပ်ရာမှ လန့်နိုး သည်။ ယောင်တိယောင်ကန်းထရပ်ကာ သူ့မိခင်နှင့် မိတ်ဆွေများအား တောင်းပန်စကား ပြောရန် ကြိုးစားသည်။ သို့သော်လည်း တဲသုံးတဲမှ တံခါးဆောင့်ပိတ်သံကိုသာ သူ ကြားလိုက်ရ၏။ သူသည် သတို့သမီးကိုဖက်၍ ခြေတစ်ဖက်ဖြင့် သူ့တဲတံခါးကို ကန်ဖွင့်ပြီး ဝင်သည်။ ယခုအချိန်အထိ အခန်းအလယ်တည့်တည့်၌ နေရာမရွှေ့ တည် ရှိနေသည့် ရေစည်ပိုင်းကို ခလုတ်ဝင်တိုက်သည်။ နှစ်ယောက်စလုံး ခြေပစ်လက်ပစ် လဲကျသည်။ သို့သော်လည်း မာတိလ်ဒါသည် ဂျော့၏ လုပ်ရပ်အားလုံးကို မေ့ပျောက် ကာ ချက်ချင်းပင် ခွင့်လွှတ်ပြီးသားဖြစ်သွားသည်။ တခြားကြောင့်မဟုတ်။ ကြက်ကလေး

မြန်မာ စာအုပ်များ

ဂျော့ကိုယ်တိုင် သူ၏ကြက်ပွဲမှရငွေ နောက်ဆုံးလက်ကျန်ဖြင့် ဂရင်းစ်ဘိုရိုမြို့မှ ဝယ်ယူလာခဲ့သော မင်္ဂလာဦးအထူးလက်ဆောင် မတ်တတ်နာရီကြီးကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။ နာရီကြီးမှာ မာတိလ်ဒါ၏ အရပ်ခန့်မြင့်ပြီး ရှစ်ရက်တစ်ကြိမ် သော့ပေးရသော နာရီ ဖြစ်၏။

ဂျော့က လဲကျနေရာမှ ထထိုင်သည်။ မပွင့်တပွင့်ဖြစ်နေသော မျက်လုံးများကို အားယူ၍ ဖွင့်ကြည့်သည်။ သူ့ဖိနပ်အသစ်စက်စက်ကြီးသည် ရေများဖြင့် ရွှဲရွှဲစိုလျက်ရှိသည်။ မာတိလ်ဒါက သူ့အပါးသို့လျှောက်လာပြီး လက်တစ်ဖက်လှမ်းကာ ဆွဲထူသည်။

'ကဲ...ထ၊ ကျွန်မ ရှင့်ကို အိပ်ရာထဲပို့ပေးမယ်'

[၉၄]

မိုးလင်းသည့်အခါ ဂျော့သည် ကြက်ခြံသို့ အလုပ်ဆင်းသည်။ နံနက်စာစားပြီးချိန်ခန့်တွင် မစ္စမာလီဗီသည် သူ့အား ခေါ်နေသံကိုကြားရသဖြင့် မီးဖိုချောင်တံခါးဝသို့သွားကြည့်သည်။ တံခါးဝ၌ရပ်နေသူမှာ မာတိလ်ဒါ။ သူက အထဲသို့ဝင်ပါဦးဟု ဖိတ်ခေါ်သည်။

'ကျွန်မ မဝင်တော့ဘူး၊ ယာခင်းထဲကို ဘယ်လိုသွားရမလဲလို့ မေးမလို့ လာခဲ့တာ။ ပေါက်ပြားတစ်လက်လည်းရချင်တယ်။ ဘယ်မှာသွားယူရမလဲ'

နောက် မိနစ်အနည်းငယ်မျှအကြာတွင် မာတိလ်ဒါသည် ယာခင်းထဲသို့ ရောက်သွားကာ ကစ်ဇီ၊ စစ္စတာဆာရာ၊ ဦးလေးပွန်ပေတို့နှင့်တွဲ၍ အလုပ်လုပ်လျက်ရှိသည်။ ထိုနေ့ညနေပိုင်းတွင် အားလုံးက သူ့ယောက်ျား ပြန်မရောက်မချင်း သူတို့တဲ၌ထားကာ စကားစမြည်ပြောကြသည်။ မာတိလ်ဒါက ကျွန်အိမ်တန်း၌ ဘုရားရှိခိုးပွဲ မှန်မှန်လုပ်သလားဟု မေးသည်။ လုံးဝမလုပ်ဘူးဟု ပြောသည့်အခါ တနင်္ဂနွေနေ့ ညနေတိုင်း ဘုရားရှိခိုးကြရန်သင့်ပါသည်ဟု အကြံပြုသည်။

''အမှန်အတိုင်းပြောရမှာ ရှက်ဖို့တော့ကောင်းတယ်။ ငါဖြင့် ဘုရားမရှိခိုးတာ ကြာလှပြီ'ဟု ကစ်ဇီကပြောသည်။

'ထူးပါဘူး၊ ကျွန်မလည်း ရှင့်လိုပဲ'ဟု ဆာရာက ဝင်ပြောသည်။

'ဘယ်လောကပဲရှိခိုးရှိခိုး၊ ရှိခိုးတာကြောင့် လူဖြူတွေ စိတ်ပြောင်းမှာမဟုတ်ဘူးလို့ ထင်တယ်။ ဒါ့ကြောင့် ငါ ရှိမခိုးတာကြာပြီ'ဟု ဦးလေးပွန်ပေက ဆိုသည်။

'သမ္မာကျမ်းစာက ဆိုထားတယ်၊ ဂျိုးဇက်ကို ကျွန်အဖြစ် အီဂျစ်လူမျိုးတွေဆီ ရောင်းလိုက်တော့ ဘုရားသခင်က ဂျိုးဇက်နဲ့အတူရှိနေတယ်တဲ့။ ဂျိုးဇက် ကောင်းကျိုးချမ်းသာ ဖြစ်ဖို့အတွက် ဘုရားသခင်က အီဂျစ်အိမ်တွေကို ကောင်းချီးပေးခဲ့တယ်တဲ့'ဟု မာတိလ်ဒါက ပြောသည်။

မြန်မာ စာအုပ်များ

ကစ်ဇီတို့သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မျက်နှာထားများက မာတိလ်ဒါအပေါ် ပို၍လေးစားလာခြင်းကို သိသိသာသာဖော်ပြနေကြသည်။

ကြက်ကလေးဂျော့နှင့် မစ္စတာလီယာတို့ တိုက်ကြက်ဆယ့်နှစ်ကောင် လှည်းပေါ်တင်၍ ခရီးထွက်သွားပြီးနောက် နှစ်ရက်အကြာ တနင်္ဂနွေတစ်နေ့တွင် မာတိလ်ဒါ၏ ဘုရားဝတ်ပြုပွဲစသည်။

နောက်နှစ်လခန့်အကြာ မာတိလ်ဒါက သူ့တွင် ကိုယ်ဝန်ရှိနေပြီဟု အသိပေးလိုက်သည့်အခါ ကစ်ဇီသည် ချွေးမနှင့် အနေနီးစပ်လာသည်။ သူ့သား ဖအေတစ်ယောက်ဖြစ်လာတော့မည့်အရေးကိုတွေးကာ သူ့အဖေအား သတိရလာသည်။ ယခင့်ယခင်နှစ်များက သတိရသည်ထက် ပို၍သတိရမိခြင်းဖြစ်၏။ နောက်တစ်ကြိမ် ဂျော့ခရီးထွက်သွားပြီး တစ်ညတွင် 'ဂျော့က သမီးကိုသူ့အဘိုးအကြောင်း ပြောမပြဘူးလား'ဟု ကစ်ဇီက မေးသည်။

'မပြောဘူး အမေ'ဟု မာတိလ်ဒါကဖြေသည်။

'ဩော်...သူက ပြောမပြဘဲကိုး'ဟု ကစ်ဇီက စိတ်ထိခိုက်သံဖြင့် ရေရွတ်သည်။ ကစ်ဇီ စိတ်မကောင်းဖြစ်နေသည်ကိုမြင်သောအခါ မာတိလ်ဒါက 'သူ အလုပ်များလွန်းလို့ မပြောတာဖြစ်မှာပါ အမေရယ်'ဟု ပြောသည်။

ထိုအခါ ကစ်ဇီသည် သူ့ချွေးမအား သူ့အဖေအကြောင်း သူကိုယ်တိုင်ပြောမှဖြစ်မည်ဟု ဆုံးဖြတ်သည်။ မစ္စတာဝေါလားတို့အိမ်၌ မွေးဖွားကြီးပြင်းခဲ့ရသည့် သူ့ဘဝအကြောင်း၊ သူ၏ အာဖရိကန်သား ဖခင်ကြီးအကြောင်းများကို ခရေစေ့တွင်းကျပြောပြသည်။

'ငါ့သမီးကို ဒါတွေပြောပြနေတာ အမေ့မှာအကြောင်းရှိတယ်၊ သမီးရဲ့ဗိုက်ထဲမှာလွယ်ထားတဲ့ ကလေး မွေးလာတဲ့အခါ သူ့ဘေးကြီးအကြောင်းကို ပြောပြစေချင်လို့ကွဲ့'

'သမီးနားလည်ပါတယ် အမေရယ်'ဟု မာတိလ်ဒါက ပြန်ပြောသည်။

၁၈၂၈ ခုနှစ် နွေဦးပေါက်ရာသီတွင် ဂျော့နှင့် မာတိလ်ဒါတို့၌ သားယောကျ်ားလေးတစ်ယောက် ဖွားမြင်သည်။ လက်သည်မှာ စစ္စတာဆာရာဖြစ်၍ ကစ်ဇီက ကူညီသည်။ မြေးကလေးတစ်ယောက်ရလာ၍ ဝမ်းသာသော်လည်း ကလေးအဖေမှာ မစ္စတာလီယာနှင့်ခရီးထွက်နေသဖြင့် ကစ်ဇီသည် ဒေါပွ၍မဆုံးနိုင်အောင် ဖြစ်လျက်ရှိ၏။ နောက်တစ်ညတွင် ကျွန်အိမ်တန်းမှလူစုသည် လီယာခြံမြေပေါ်၌ ဒုတိယမြောက်မွေးဖွားသည့်ကလေးအတွက် အထိမ်းအမှတ်ပွဲတစ်ပွဲ ကျင်းပကြသည်။

'အမေလည်း ကနေ့ကစပြီး အဘွားကစ်ဇီဖြစ်သွားပြီ'ဟု မာတိလ်ဒါကပြောသည်။

'အေးပေါ့ဟဲ့၊အဘွားကစ်ဇီလို့အခေါ်ခံရတာ ဘယ်လောက်ကောင်းလဲ'ဟု ကစ်ဇီက ပီတိအပြုံးဖြင့် ပြန်ပြောသည်။

အားလုံး ခဏတစ်ဖြုတ်ထိုင်ကြပြီးသော် ပြန်သွားကြသည်။ တဲထဲတွင် သမီးယောက္ခမနှစ်ယောက်တည်း ကျန်ခဲ့သည်။

မာတီလ်ဒါသည် သူ့အတွေးနှင့်သူ တစ်ခဏမျှငြိမ်နေရာမှ ကစ်ဇီအား လှမ်းပြောသည်။

'အမေ့အဖေအအကြောင်း ကြားရတော့ သမီးတစ်ခုစဉ်းစားမိတယ်။ သမီးလည်း သမီးအဖေကို မမြင်ခဲ့ဖူးပါဘူး။ ဒါပေမဲ့ သမီးတို့သားလေးကို သမီးအဖေရဲ့နာမည်အတိုင်း 'ဗာဂျီ'လို့မှည့်ချင်တယ်။ ဂျော့က ကြိုက်မကြိုက်ပါ့မလားမသိဘူး'

ဂျော့ပြန်လာသည့်အခါ မာတီလ်ဒါပေးထားသည့်နာမည်ကို ဝမ်းသာအားရလက်ခံသည်။ သားကြီးလာလျှင် သူ့အဘိုး အာဖရိကန်သား ကွမ်တာကင်တီအကြောင်း မပြောဘဲမနေပါဟု သူ့မိခင်ကစ်ဇီအား ကတိပေးသည်။

မကြာခဏ ရီးထွက်ရသော ဂျော့သည် သားငယ်နှင့်အတူနေရသည့်အချိန်ကနည်းသည်။ အများအားဖြင့် ကလေးသည် မိခင် မာတီလ်ဒါ၊ ဘွားအေ ကစ်ဇီတို့နှင့်သာ အချိန်ဖြုန်းရသည်ကများ၏။ ကြာတော့လည်း ကစ်ဇီနှင့် မာတီလ်ဒါတို့သည် ရိက္ခာကို အတူတူပေါင်း၍ထုတ်ကာ ညစာကို တစ်အိုးတည်းချက်စားကြသည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ ကလေးငယ်သည် မိခင်နှင့်ဘွားအေကြား တစ်ယောက်လက်မှ တစ်ယောက်သို့ ကူးပြောင်းလျက်ရှိ၏။ တစ်ခါတစ်ရံတွင် မာတီလ်ဒါသည် ကစ်ဇီ၏ မြေးချော့သီချင်းများကို နားစွင့်မိတတ်သည်။ ကစ်ဇီဆိုလေ့ရှိသည့်သီချင်းမှာ တစ်ပုဒ်တည်းသာဖြစ်၏။

'မေရယ်... အဖေရယ်...၊

ကျွန်တော့်ကို သူတို့လက်ထဲ ပါမသွားစေနဲ့ကွယ်၊

ကျွန်တော့်လူမျိုးတွေနဲ့ ဝေးရပါတော့မယ်၊

သူတို့ကို နောက်ထပ်မြင်ရတော့မှာမဟုတ်ပါဘူးကွယ်' ဟူသောသီချင်း ဖြစ်သည်။ ဤသီချင်းကိုကြားတိုင်း မာတီလ်ဒါ၏ရင်တွင် တိထိခိုက်ခိုက်ရှိလှသည်။ တဖြည်းဖြည်းနှင့် မာတီလ်ဒါသည် ကစ်ဇီအပေါ်တွင် သူ့မိခင်ရင်းသဖွယ် ချစ်ခင်လာခဲ့သည်။

တနင်္ဂနွေနေ့ညနေတိုင်းကျင်းပသည့် ဝတ်ပြုပွဲသည် မှန်မှန်ပင်လည်ပတ်လျက်ရှိသည်။ ပထမတွင် အမျိုးသမီးသုံးယောက်သာတက်သည်။ နောက်ပိုင်းတွင် စစ္စတာဆာရာ၏ တိုက်တွန်းမှုကြောင့် ဦးလေးပွန်ပေပါတက်သည်။ ဂျော့အား ဝတ်ပြုပွဲတက်အောင် တိုက်တွန်းဖို့ကျတော့ မည်သူမျှသတိမရ။ တစ်ခါတစ်ရံ အိမ်၌ရှိနေသည့်ဂျော့သည် တနင်္ဂနွေနေ့ နေ့ခင်းဘက်ဆိုလျှင် ကြက်ခြံကိုသာ ရောက်နေတတ်လေသည်။

မြန်မာ စာအုပ်များ

ခရီးသွားရလွန်း၍ အိမ်တွင် မနေရသည်ကများလာသောအခါ မာတီလ်ဒါ စိတ်ပျက်လာသည်။

'ကျွန်မမှာ ခင်ပွန်းမရှိတဲ့ မိန်းမလိုဖြစ်နေပြီ'ဟု ညည်းသည်။ ဂျော့ကလည်း သူသွားချင်၍ သွားခြင်းမဟုတ်၊ သူ့သခင်သွား၍လိုက်ရခြင်းသာဖြစ်ကြောင်း၊ အိမ်ပြန်ရောက်တော့လည်း တစ်ခါတစ်ရံ နေမကောင်းသောတိုက်ကြက်ကို ဦးကြီးမင်ဂိုနှင့်အတူ စောင့်ရှောက်ကြည့်ရှုပေးနေရသဖြင့် အိမ်ပြန်၍မအိပ်နိုင် ခြင်းဖြစ်ကြောင်း ရှင်းပြသည်။

ဤသို့ဖြင့်ပင် မာတီလ်ဒါတွင် ဒုတိယကလေးမွေးဖွားရန် နီးကပ်လာပြန်သည်။ ဤတစ်ကြိမ်တွင်မူ ဘွားအေကြီးကစ်ဇီက သူ့သားအား ဆုံးမစကားပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်သည်။ တနင်္ဂနွေတစ်နေ့တွင် ဂျော့သည် ခရီးတစ်ခုမှ ပြန်ရောက်လာသည်။ အိမ်တွင် သူ့အမေကစ်ဇီနှင့် သားငယ် ဗာဂျီတို့ မြေးအဘွားသာရှိသည်။ သူ့မိန်းမမှာ ထိုညပြုလုပ်မည့် ညစာစားပွဲအတွက် မစ္စမာလီဇီအား သွားရောက်ကူညီနေသဖြင့် အိမ်၌မရှိ။ အခါအခွင့်ရသည်နှင့် ကစ်ဇီသည် သူ့သားအား ကြိမ်းမောင်းလေတော့သည်။

'ဟဲ့အကောင် လာစမ်း၊ နင့်ဟာနင် ဘယ်လောက်ပဲကြီးကြီး၊ ငါက ဂရုမစိုက်ဘူး။ နင့်ကို ငါမွေးထားတာ၊ ဒီမှာ ငါပြောမယ်။ ဘုရားသခင်က နင့်ကို ဇနီးကောင်းကောင်း ရှာပေးထားတာ။ နင်က လင့်ဝတ္တရားမကျေဘူး။ နင့်ဇနီး နင့်သားနဲ့ အချိန်ကြာကြာနေဖို့များ နင်စိတ်မကူးတော့ဘူးလား။ အခုဆို နောက်တစ်ယောက်တောင် မွေးခါနီးနေပြီ။ နင်ကတော့ အခုထက်ထိ အိမ်မှာနေတယ်လို့ကိုမရှိဘူး။ အချိန်ရှိသမျှ ကမြင်းကြောထဖို့ပဲ နင်စိတ်ကူးနေတယ်မဟုတ်လား'

'အမေ ဘာတွေလျှောက်ပြောနေတာလဲ'ဟု ဂျော့က ပြန်ပြောသည်။

'ဒီကိစ္စ ကျွန်တော့်လာမပြောနဲ့၊ သခင့်ဆီသွားပြော'

'ငါ ဘာတွေပြောနေတယ်ဆိုတာ နင်မသိဘူးလားဟဲ့အကောင်ရဲ့၊ အဲ့ပါရဲ့တော် အချိန်ရှိသမျှ ကြက်တိုက်လိုက်၊ အရက်သောက်လိုက်၊ ခရီးထွက်လိုက်နဲ့ အိမ်ကမိန်းမနဲ့ ကလေးကို သတိရတယ်လို့မရှိဘူး။ ငါ နင့်ကိုမွေးထားတာ အဲ့သလိုနေဖို့မွေးထားတာ မဟုတ်ဘူးဟဲ့'

ကစ်ဇီသည် သူပြောလိုသမျှကို အော်ကြီးဟစ်ကျယ်ပြောပြီး တဲထဲမှ ဆောင့်ကြီးအောင့်ကြီး ထွက်သွားသည်။

ချာလက်စတန်မြို့၌ ကျင်းပသည့် ၁၈၃၀ ပြည့်နှစ် ကြက်ပွဲကြီးသို့ မစ္စတာလီယာ သွားပြန်သည်။ ကြက်ကုလေးဂျော့ လိုက်သွားရပြန်၏။ ဤသို့ဖြင့် ဒုတိယသား မွေးဖွားချိန်တွင်လည်း မာတီလ်ဒါ၏အနီး၌ ဂျော့မရှိပေ။ ကြက်ပွဲမှ ပြန်ရောက်လာသည့် ဂျော့ကတော့ သူ့ကံကောင်းသည်ဟု ဆိုသည်။ 'သခင်က ဒေါ်လာတစ်ထောင်ကျော် နိုင်ခဲ့တယ်ကွ၊ ငါက ဒေါ်လာငါးဆယ်နိုင်တယ်'ဟု ဝမ်းသာအားရပြောသည်။

မြန်မာ စာအုပ်များ

သို့သော် ချာလက်စတန်မြို့၌ ကျော့မြင်တွေ့ခဲ့ရသည့် အရာတစ်ခုကိုတော့မာတိလ်ဒါနှင့် ကျွန်အိမ်တန်းမှလူစုအား တုန်လှုပ်ချောက်ချားစေခဲ့သည်။

'ကျွန်တော် နီးဂရိုးတွေကို သံကြိုးတွေနဲ့ချည်ပြီးခေါ်လာတာ မြင်ရတယ်ဗျာ။ လူတန်းကြီးကအရှည်ကြီးပဲ။ တစ်မိုင်လောက်ကိုရှည်တယ်ဗျ'ဟု ကျော့က ပြောပြသည့်အခါ အားလုံးအံ့အားသင့်နေကြသည်။

'ဗာဂျီနီးယားပြည်နယ်ဘက်က ဝယ်လာတာတွေလည်း အများကြီးပါတယ်လို့ ပြောတယ်။ ချာလက်စတန်မြို့က နီဂရိုးတချို့က ပြောတာတော့ အလာဘားမား၊ မစ္စစပီ၊ လူဝီစီယာနား၊ အာကင်ဆတ်နဲ့ တက္ကဆတ်ပြည်နယ်တွေမှာ ဝါဂွမ်းစိုက်ဖို့ ကျွန်တွေအများကြီးလိုနေတယ်တဲ့။ ဒါကြောင့် လိုက်ဝယ်နေကြတာ။ အခုဆိုရင် ဟိုတုန်းကလို မြင်းနဲ့သွားလာရောင်းဝယ်နေတဲ့ ကျွန်ကုန်သည်ဆိုတာ မရှိတော့ဘူးဆိုပဲဗျ။ ဟိုတယ်ကြီးတွေမှာ ရုံးခန်းတွေဖွင့်ပြီးရောင်းဝယ်တဲ့ကုမ္ပဏီတွေ ပေါ်လာပြီလို့ပြောတယ်။ ဗာဂျီးနီးယားက နီဂရိုးတွေကို သံကြိုးတွေနဲ့တုပ်ပြီး နယူးအော်လီယင်မြို့အထိ သင်္ဘောတွေနဲ့တောင် သယ်ကြတယ်တဲ့'

ကစ်ဇီသည် သူ့သားပြောသမျှကို နားထောင်နေရာမှ မျက်ရည်စက်လက်ဖြင့် ထ၍ သူ့တဲဘက်သို့ ပြန်သွားသည်။

'အမေ ဘာဖြစ်ပြန်တာလဲ'

နှစ်ယောက်တည်းကျန်ခဲ့သည့်အခါ ကျော့က မာတိလ်ဒါအားမေးသည်။

'ရှင်မသိဘူးလား၊ အမေကစ်ဇီရဲ့ အဖေနဲ့အမေ ဗာဂျီးနီးယားပြည်နယ်ထဲမှာ ကျန်ခဲ့တာ။ သူ့ခမျာ သူ့မိဘတွေအတွက် စိတ်မပူဘဲဘယ်နေမလဲ'

ထိုစကားကြားသည့်အခါ ကျော့က စိတ်ပျက်ဟန်ပြသည်။ သူ့မျက်နှာက မာတိလ်ဒါ ပြောလိုက်သည့် စကားအပေါ် သဘောမပေါက်ကြောင်း ဖော်ပြလျက်ရှိ၏။ ထို့ကြောင့်လည်း မာတိလ်ဒါက သူ့ယောကျာ်းနားလည်အောင် ရှင်းပြမှဖြစ်တော့မည်ဟု ယူဆသည်

'အမေကစ်ဇီဟာ အရောင်းခံခဲ့ရတာ၊ ကျွန်မလိုဖြစ်ခဲ့တာပေါ့။ အရောင်းခံခဲ့ရတဲ့ လူတစ်ယောက်ဟာ သူ့အဖြစ်ကို ဘယ်တော့မှမမေ့တတ်ဘူး'

မာတိလ်ဒါက သူ့ယောကျာ်းမျက်နှာကို အကဲခတ်သည်။

'ရှင်က ဒီအဖြစ်မျိုးနဲ့ ကြုံဖူးတဲ့လူမဟုတ်ဘူး။ ဒါကြောင့်မို့ ရှင့်သခင်အပါအဝင် ဘယ်လူဖြူသခင်ကိုမှ ယုံကြည်လို့မရဘူးဆိုတဲ့စကားကို ရှင်နားမလည်တာပေါ့'

'မင်းက ဘာပြုလို့ ငါ့ကို ဒါတွေလာပြောနေရတာလဲကွာ'

'ရှင်က အမေကစ်ဇီ ဘာဖြစ်သွားတာလဲမေးလို့ ကျွန်မက ရှင်းပြနေတာပါ။ နောက်ထပ် ပြောစရာလည်းမရှိတော့ပါဘူး'ဟု မာတိလ်ဒါက ပြေသည်။ နှစ်ယောက်စလုံး အတန်ကြာမျှ ငြိမ်ဆိတ်နေကြသည်။

— စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ဒီမယ်ဂျော့၊ အမေကစ်ဇီ စိတ်ချမ်းသာအောင်လုပ်နိုင်တဲ့နည်း တစ်ခုရှိတယ်။ ရှင်အခုလိုက်သွားပြီး အမေ့ကိုခေါ်ခဲ့။ ဒီသားကလေးကို ရှင်က အာဖရိကန်ဘေးကြီး အကြောင်းပြောပြ၊ ဒါဆိုရင် အမေပျော်လာမှာပဲ'

ဂျော့သည် မာတိလ်ဒါပြောသည့်အတိုင်းလုပ်သည်။

[၉၅]

အရက်တက်တော့မည်။ ဂျော့သည် တဲတခါးဝမှရပ်ကာ သူ့အား ခုတင်ပေါ်မှထိုင်၍ စောင့်မျှော်နေသော မာတိလ်ဒါအား ပြုံးဖြဲဖြဲဖြင့် ကြည့်နေသည်။ သူ့ခေါင်းတွင် ဆောင်းထားသည့် ဦးထုပ်သည် ရွှဲစောင်းစောင်း။ 'မြေခွေးက ကြက်တွေကို လာလာပြီး ချိမလို့လုပ်နေတာကွ'ဟု သူက အာလေးလျှာလေး မပီမသလေသံဖြင့်ပြောသည်

'ငါနဲ့ ဦးကြီးမင်ဂိုတို့ တစ်ညလုံး မအိပ်ရဘူးကွာ'

မာတိလ်ဒါက လက်တစ်ဖက်ကိုမြှောက်ပြပြီးဟန့်သည်။ သူ့လေသံက အေးစက်စက်။

'မြေခွေးက ရှင့်ကို အရက်ပေးသွားတယ်ထင်တယ်။ အခု ကျွန်မရနေတဲ့ အနံ့ဟာ မြေခွေးပေးသွားတဲ့ အရည်ကအနံ့မဟုတ်လား'

ဂျော့သည် ပါးစပ်အဟောင်းသားနှင့် သူ့မိန်းမအား ကြည့်နေသည်။

'မဟုတ်သေးဘူးဂျော့၊ ရှင်လုပ်တာလုံးဝမကောင်းဘူး။ ရှင်ဘာတွေပဲ အမှားလုပ်လုပ် ကျွန်မတော့ ဇနီးကောင်းတစ်ယောက်အနေနဲ့ ဝတ္တရားမပျက်ခဲ့ဘူး'

ဂျော့က ဒေါသတကြီး ဟန်ဆောင်ဖို့ ကြိုးစားသည်။ သို့သော်လည်း မာတိလ်ဒါအား ဘာပြန်ပြောရမှန်းမသိ။ သူသည် ချာခနဲလှည့်ကာ လာလမ်းအတိုင်းပြန်သည်။ ကြက်ခြံ ပြန်၍ ကြက်များကြား၌ အိပ်မည်ဟူသော စိတ်ကူးနှင့် ပြန်ခြင်းဖြစ်၏။

နောက်တစ်နေ့ နံနက်ကျတော့ သူပြန်ရောက်လာသည်။ လက်တွင် သူ့ဦးထုပ်ကို ကိုင်လျက်၊ သူအနည်းငယ်ကြာမျှ ဘယ်ကိုမှမသွားဘဲ မိသားစုနှင့်အချိန်ဖြုန်းသည်။ ထိုနှစ် ဆောင်းဦးပေါက်ချိန်နှင့် ဆောင်းတွင်းလုံးလိုလို အိမ်၌မြဲသည်။ ရံဖန်ရံခါ သူ့သခင် ခရီးဝေးထွက်၍ လိုက်သွားရသည့်ရက်များမှတစ်ပါး အိမ်၌သာနေသည်။ ၁၈၃၁ ခုနှစ် ဇန်နဝါရီလ နံနက်တွင် မာတိလ်ဒါ ဗိုက်နာသည်။ ကြက်တိုက်ရာသီဖြစ်၍အလွန် အလုပ်များသောအချိန်ဖြစ်၏။ သို့သော် ဂျော့သည် မစ္စတာလီယာအား မရမကပြောကာ မလိုက်ဘဲနေခဲ့သည်။ သူ့အစား သိပ်ပြီးနေမကောင်းသေးသော ဦးကြီးမင်ဂို လိုက်သွားသည်။

စိတ်ကူးချိုချို

ဂျော့သည် အိမ်ပြင်ဘက်၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလားကာ အိမ်ထဲမှ အသံဗလံများကို နားစွင့်လျက်ရှိသည်။ မာတိလ်ဒါ၏ ညည်းညူသံနှင့်အော် ဟစ်သံများကို အဆက်မပြတ်ကြားနေရသည်။ ထို့နောက် တင်ပါးပုတ်သံနှင့် ကလေးငယ်၏ ရှူးရှူး ဝါးဝါး အော်ဟစ်ငိုယိုသံ။ မကြာခင် တဲထဲမှ ကစ်ဇီထွက်လာသည်။

'ဟဲ့အကောင်၊ နင့်မိန်းမမွေးသမျှ သားတွေချည်းပါလားဟဲ့'

'ဂျော့သည် ခုန်ပေါက်အော်ဟစ်ကာ မစ္စမာလီဇီထံသို့ပြေးသွားသည်။ မီးဖိုချောင် တံခါးပေါက်မှ အလန့်တကြားထွက်လာသော မစ္စမာလီဇီအား မ၍မြှောက်လိုက်ပြီး အော်ပြောသည်။

'ဒီသားကျရင်တော့ ကျွန်တော့်ဘက်က အမျိုးတွေရဲ့နာမည် မှည့်မယ်'

နောက်တစ်နေ့ညပိုင်းတွင် ထုံးစံအတိုင်း ကျွန်အိမ်တန်းမှလူများသည် ဂျော့တို့ ဇနီးမောင်နှံ၏ တဲအတွင်း၌ တတိယအကြိမ်စုဝေးကြပြန်သည်။ ဂျော့က သူ့တတိယ သားကို ရင်ခွင်၌ပွေ့ကာ သူ၏အာဖရိကန်ဘေးကြီး ကွမ်တာကင်တီအကြောင်း ပြော ပြလေသည်။

ဩဂုတ်လကုန်ခါနီးတွင် ကတ်စ်ဝဲလ်ကောင်တီခရိုင်နယ်မြေအတွင်းမှ မြေပိုင်ရှင် များသည် ထုံးစံအတိုင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပသည်။ အစည်းအဝေး ပြီးဆုံးသည့်ရက်တွင် မြေပိုင်ရှင်များသည် တစ်ယောက်ကို တစ်ယောက်နှုတ်ဆက်ကာ ကိုယ့်နေရာဒေသများသို့ပြန်ကြသည်။ မစ္စတာလီယာသည်လည်း သူ့လှည်း သူကိုယ် တိုင်မောင်း၍ ပြန်လာသည်။ ဂျော့ကတော့ လှည်းနောက်ထဲ၌ထိုင်၍ လိုက်ပါလာသည်။ ရုတ်တရက် လှည်းရပ်သွားသဖြင့် ဂျော့ခေါင်းထောင်၍ ကြည့်သည်။ မစ္စတာလီယာ သည် လှည်းပေါ်မှ ဖြုန်းခနဲခုန်ဆင်းကာ မောကြီးပန်းကြီးဖြစ်နေသော မြင်းတစ်ကောင် ပေါ်မှ ခုန်ဆင်းလာသည့် လူဖြူတစ်ယောက်ဆီသို့ အခြားမြေပိုင်ရှင်များနှင့်အတူ ပြေးသွားသည်ကို မြင်လိုက်ရ၏။

မြင်းပေါ်မှဆင်းလာသောလူဖြူသည် သူ့အနား၌ဝိုင်းအုံနေသော ပရိသတ်အား သတင်းတစ်ခုကို အော်ကြီးဟစ်ကျယ်ပြောပြလျက်ရှိသည်။ သူပြောနေသော စကားများ သည် ဂျော့အပါအဝင် လူမည်းများထံသို့ ရောက်လာလျက်ရှိသည်။

'မိသားစုတွေဘယ်လောက်များများ သေကုန်တယ်ဆိုတာမသိဘူး။ မိန်းမတွေကော ကလေးတွေရောပါတယ်။ နီဂရိုးလူသတ်သမားတွေ ဝင်လာတဲ့အချိန်မှာ အားလုံး အိပ်မောကျနေတာ။ ပုဆိန်တွေ၊ ရဲတင်းတွေ၊ ဓားတွေ၊ တင်းပုတ်တွေနဲ့။ နတ်ထိတားနား လို့ခေါ်တဲ့ နီဂရိုး တရားဟောဆရာက ခေါင်းဆောင်တယ်လို့ကြားရတယ်'

လူဖြူများ၏မျက်နှာတွင် ဒေါသရောင်လွှမ်းလာသည်။ သူတို့၏ ဆဲဆိုကြိမ်းမောင်း သံများကြားရသည်။ ဂျော့၏ခေါင်းထဲတွင် ချာလက်စတန်မြို့၌ဖြစ်ပွားခဲ့သည့် တော်လှန်

ပုန်ကန်မှု ဝင်လာသည်။ ထိုအရေးအခင်းဖြစ်စဉ်က မိမိတို့အားလုံး လပေါင်းများစွာ ကြောက်လန့်တကြား နေခဲ့ရသည့်အဖြစ်ကို သတိရသည်။ ထိုစဉ်ကတော့ မိမိတို့ ဘာမှမဖြစ်ခဲ့။ ယခုတစ်ကြိမ်မှာတော့ ဘာတွေများဖြစ်ဦးမည်နည်း။

မစ္စတာလီယာသည် လှည်းဆီသို့ပြန်လာသည်။ သူ့မျက်နှာသည် ဒေါသကြောင့် ကြောက်စရာကောင်းနေသည်။ သူသည် နောက်ကို တစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ လှည်းကို ကဆုန်စိုင်း၍မောင်းသည်။ ကြက်ကလေးဂျော့သည် လှည်းနောက်ထဲတွင် ကပြောင်းကပြန်ဖြစ်ကာ လိုက်ပါလာရသည်။

အိမ်သို့ရောက်သောအခါ လီယာသည် လှည်းပေါ်မှခုန်ချကာ အိမ်ဘက်သို့ အပြေးအလွှားသွားသည်။ ဂျော့ကိုပင်လှည့်မကြည့်။ ခဏအကြာတွင် မီးဖိုချောင်ထဲမှ မစ္စမာလီဇီ ပြေးထွက်လာသည်။ ထို့နောက် လီယာသည် သေနတ်ကိုဆွဲ၍ ပြန်ရောက်လာသည်။ 'ဟေ့ကောင် ဘာလုပ်နေတာလဲ၊ မင့်တဲဘက်ကိုပြန်'ဟု ဂျော့အား လှမ်းအော်ပြောသည်။

ကျွန်အိမ်တန်းမှလူများအား အပြင်ထွက်ခိုင်းပြီး စောစောက ဂျော့ကြားခဲ့ရသည့် သတင်းကို ပြောပြသည်။ ပြောနေရင်းကပင် လီယာ၏ဒေါသသည် အရှိန်တက်လာ ပြန်သည်။ သူ့သခင်၏ဒေါသကို ပြေစေလိုသောသဘောဖြင့် ဂျော့က စကားပြေပြောဖို့ ကြိုးစားသော်လည်း လက်မခံ။ လီယာက သူ့လက်ထဲမှသေနတ်ဖြင့် ဂျော့အား ချိန်ထားသည်။

'သွား...တဲထဲက နင်တို့ပစ္စည်းတွေအားလုံး အပြင်ကိုထုတ်ခဲ့'

ကျွန်အိမ်တန်းမှ လူများသည် သူတို့ပစ္စည်းများကို ထုတ်ယူလာပြီး လီယာ၏ ရှေ့၌ ချထားကြသည်။ လီယာက ပစ္စည်းများကို စေ့စေ့စပ်စပ်လိုက်ကြည့်သည်။ လက်နက် သို့မဟုတ် မသင်္ကာဖွယ် ပစ္စည်းတစ်ခုခုတွေ့လျှင် ပိုင်ရှင်ကို ချက်ချင်းသတ်ပစ်မည်ဟု ကြိမ်းမောင်းရေရွတ်လျက်ရှိ၏။ အဝတ်အထည်များမှအစ ခါ၍ပြကြရသည်။ မွေ့ရာများကို ဆုတ်ဖြဲပြကြရသည်။ လီယာ၏ဒေါသကတော့ မပြေသေး။

လီယာသည် စစ္စတာဆာရာ၏ ဆေးဝါးပစ္စည်းများထည့်ထားသော သေတ္တာကို သူ့ရှူးဖိနပ်ဖြင့် ပေါက်နင်းထုချေပစ်သည်။ အထဲမှထွက်လာသော ဆေးမြစ် ဆေးဥများကို ခြေဖြင့် ကန်ကျောက်ပစ်သည်။ 'ဒီသောက်စုန်းကဝေအလုပ်မျိုးတွေကို လုပ်တုန်းပဲလား'ဟု ရေရွတ်သည်။ မိန်းမလေးယောက်သည် ငိုယိုလျက်ရှိကြ၏။ ဦးလေးပွန်ပေသည် တောင့်တောင့်မတ်မတ်ကြီးရပ်လျက်ရှိသည်။ ကြောက်လန့်တကြား ဖြစ်နေကြသော ကလေးများသည် မာတိလ်ဒါ၏ စကတ်အနားကို ဆွဲထားကြသည်။ လီယာသည် မာတိလ်ဒါ အမြတ်တနိုးရှိလှသော မတ်ရပ်နာရီကို သေနတ်ဒင်ဖြင့် ထုခွဲလိုက်သည်။ မာတိလ်ဒါက ဝမ်းနည်းပက်လက် ငိုကြွေးသည်။ သူ့မိန်းမငိုသည်ကိုမြင်သောအခါ

မြန်မာ စာအုပ်များ

ဂျော့၏ရင်ထဲတွင် ကြိတ်မနိုင်ခဲမရဖြစ်လာသည်။ 'လက်နက်လိုပစ္စည်းမျိုးသာ တွေ့လိုက တော့ကွာ သေဖို့သာပြင်တော့'ဟု လီယာက ရေရွတ်သည်။

လီယာသည် ဂျော့အားခေါ်၍ လှည်းကိုကြက်ခြံဘက်မောင်းသည်။ သူ့သေနတ်ကို လက်က မချ။

မိမိပိုင်ပစ္စည်းများကိုထုတ်ပြနေသော မင်ဂိုသည် သူ့အားချိန်ထားသည့် လီယာ၏လက်ထဲမှ သေနတ်ပြောင်းဝကို မော့ကြည့်သည်။ 'ကျွန်တော် ဘာမှမလုပ်ပါဘူး သခင်'ဟု မင်ဂိုက အလန့်တကြားရေရွတ်သည်။

'နီဂရိုးတွေကိုယုံမိလို့ မိသားစုတွေ အပြုလိုက်သေကုန်ပြီကွ'ဟု လီယာက အော်သည်။ သူသည် ပုဆိန်၊ ရဲတင်း၊ သံစို့နှင့် အိတ်ဆောင်စားမြောင်များကို စုသိမ်းကာ လှည်းပေါ်သို့တင်သည်။ ဦးကြီးမင်ဂိုနှင့် ဂျော့တို့က ရပ်ကြည့်နေကြသည်။

'မင်းတို့ ငါ့အိမ်ထဲကိုဝင်ဖို့ မကြိုးစားကြနဲ့။ ငါ ဒီသေနတ်နဲ့ပစ်မှာ'

အော်သံနှင့်အတူ လီယာ၏လှည်းသည် လမ်းမပေါ်ရှိ ဖုန်လုံးကြီးများအကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

[၉၆]

'မင့်မှာ သားလေးယောက်ရနေပြီလို့ ငါကြားတယ်၊ ဟုတ်သလားကွ'

ကြက်ခြံထဲရောက်၍ လှည်းပေါ်မှ ဆင်းလျှင်ဆင်းချင်း မစ္စတာလီယာက ဂျော့အား လှမ်းမေးသည်။

ဖြစ်ပွားခဲ့သော နီဂရိုးများ၏ တော်လှန်ပုန်ကန်မှုကြောင့် မစ္စတာလီယာ အပါအဝင် လူဖြူများသည် ဒေါသနှင့်အကြောက်ရောကာ နီဂရိုးများအပေါ် ယုံကြည်စိတ်ချမှု ကင်းမဲ့ခဲ့ကြသည်။ မသင်္ကာစိတ်ဖြင့် အမြဲတစေ စောင့်ကြည့်ကာ ဖိနှိပ်ချုပ်ချယ်ခဲ့ကြသည်။ ဆက်ဆံရေးအခြေအနေ ပြန်ကောင်းမွန်လာရန်အတွက် တစ်နှစ်မျှ စောင့်ခဲ့ကြရသည်။ ထိုတစ်နှစ်မျှကာလအတွင်း ဂျော့နှင့်လီယာတို့ဆက်ဆံရေးသည် အေးတိအေးစက်ဖြစ်ခဲ့ရ၏။ သို့သော် သူတို့နှစ်ယောက်စလုံး အတိအကျမသိသည့် အကြောင်းများကြောင့် သူတို့နှစ်ဦး၏ဆက်ဆံရေးသည် ယခင်ကထက်ပို၍ စိတ်ချင်းနီးစပ်လာသလိုလို ရှိနေသည်။ ထိုအကြောင်းကို နှစ်ဦးစလုံးက ဝန်မခံကြသော်လည်း နောက်ထပ် လူမည်းတော်လှန်ပုန်ကန်မှု မဖြစ်ပါစေနှင့်ဟူ၍ကား စိတ်ထဲက ကျိတ်၍ မျှော်လင့်နေကြ၏။

ကြက်စာလုပ်နေသော ဂျော့သည် သူ့သခင်၏မေးခွန်းကြောင့် မျက်ခုံးပင့်ကာ မော့ကြည့်ကာ 'ဟုတ်ကဲ့ခင်ဗျ'ဟု ဖြေသည်။

မြန်မာ စာအုပ်များ

လီယာသည် သူ့မြင်းကို ခြံတိုင်၌ချည်ပြီး ဂျော့ထံပြန်လျှောက်လာသည်။

'ရယ်စရာတော့ တော်တော်ကောင်းတာပဲ။ သားလေးယောက် မွေးတာတောင်မှ ငါ့နာမည်ကိုယူပြီး မှည့်ထားတဲ့ကောင် တစ်ကောင်မှမပါဘူး။ အံ့ရော'

ဂျော့သည် အံ့အားသင့်လျက်ရှိသည်။ စိတ်ထဲက ကျိတ်၍လည်း ဝမ်းသာသည်။ သခင်ပြောတာ ဟုတ်သားပဲ'ဟု ရေရွတ်သည်။

'အငယ်ဆုံးကောင်ကို ဘယ်လိုမှည့်ရင်ကောင်းမလဲဆိုတော့...အား ဟုတ်ပြီ။ တွမ်...တွမ်'

မစ္စတာလီယာသည် ကျေနပ်သွားသည်။ သူသည် သစ်ပင်ကြီးတစ်ပင်အောက်မှ တဲကို လှမ်းကြည့်သည်။

'အဘိုးကြီးကော ဘယ်လိုနေသေးသလဲ။ သက်သာရဲ့လား'

'သူမနေ့ညက သန်းခေါင်လောက်မှာ ချောင်းသိပ်ဆိုးတယ်သခင်၊ ကျွန်တော် လည်း မာတိလ်ဒါမိုက်နာနေတယ်လို့ ဦးလေးပွန်ပေလာပြောတာနဲ့ ပြန်သွားရတယ်။ အခုမနက် ပြန်ရောက်တော့လည်း သူနေကောင်းနေတယ်၊ မနက်စာကျွေးတာ စားသားပဲ။ နေမကောင်းရင် တဲထဲမှာပဲနေ၊ အပြင်မထွက်နဲ့လို့ ကျွန်တော် ပြောတာနဲ့ သူ ဒေါပွနေသေးတယ်'

'အေးပေါ့၊ သူ့ကို နောက်တစ်ရက် အိပ်ရာထဲမှာပဲနေပါစေဦး၊ ငါ ဆရာဝန် တစ်ယောက်ပင့်ပြီး ပြကြည့်ဦးမယ်။ ချောင်းဆိုးတာက ကြာရင်မကောင်းဘူး'

'ဆရာဝန်မပင့်ပါနဲ့သခင်၊ သူက ဆရာဝန်ကိုမယုံကြည်ဘူး'

'သူယုံကြည်တာမယုံကြည်တာ ငါဂရုစိုက်စရာမလိုပါဘူး။ အရေးကြီးတာက ဒီအပတ်ထဲမှာ သူ့အခြေအနေကောင်းမကောင်း စောင့်ကြည့်ရမယ်'

ထို့နောက် လီယာသည် တိုက်ကြက်များကိုလိုက်ကြည့်သည်။ မကြာမီ ထွက်ရ မည့် နယူးအော်လီယန်ခရီးမှာ သီတင်းပတ် ခြောက်ပတ်မျှ ကြာလိမ့်မည်ဖြစ်ကြောင်း၊ ကြက်များကို စနစ်တကျသယ်သွားနိုင်ရန် လှည်းကိုအသစ် ပြုပြင်တည်ဆောက်ရန် အပ်ထားပြီဖြစ်ကြောင်း ပြောပြသည်။ လီယာပြန်သွားသည့်အခါ ဂျော့သည် တစ်နေ့တာ လုပ်စရာရှိသမျှနှင့် အလုပ်ရှုပ်လျက်ရှိသည်။ ညနေ နေဝင်ချိန်ကျမှ အိမ်သို့ပြန်လာနိုင် ခဲ့သည်။

အိမ်တွင် အမေကစ်ဇီ ရောက်နေသည်ကို တွေ့ရသောအခါ များစွာဝမ်းသာ သွားသည်။ မနက်ခင်းက သခင်ပြောခဲ့သည့်စကားကို ပြောပြသည်။ ယခု မွေး သည့် ကလေးအား 'တွမ်'ဟု မှည့်ရန် သူစိတ်ကူးထားသည်ဟုလည်း အသိ ပေးသည်။ သို့သော် သူ့အမေနှင့် သူ့မိန်းမ ဝမ်းမြောက်ဝမ်းသာဖြစ်နေသည့် အရိပ်လက္ခဏာ မပြကြ။ ဤအတွက် သူသည် များစွာအံ့သြနေသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

သူ့စကားကို ပထမဆုံးတုံ့ပြန်သူမှာ မာတိလ်ဒါ ဖြစ်၏။

'ဒီလောကကြီးထဲမှာ တွမ်ဆိုတဲ့နာမည်နဲ့ လူတွေက အများကြီးပဲ။ ကလေး ကို ဒီနာမည်မှည့်လို့ မကောင်းပါဘူး'ဟု ဆိုသည်။ သူ့အမေ ကစ်ဇီကလည်း သူ့မိန်းမဘက်မှ ထောက်ခံသည်။

မာတိလ်ဒါက ထသွားပြီး သမ္မာကျမ်းစာ စာအုပ်ကို ယူလာသည်။ နာမည်မှည့်ခြင်းနှင့် ပတ်သက်၍ သမ္မာကျမ်းစာ၏ စာမျက်နှာတစ်နေရာကို လှန်၍ ဖတ်ပြသည်။

'နာမည်မှည့်ရာ၌ တစ်ဦးတစ်ယောက်ကို သတိတရပြု၍မှည့်ခြင်းသည် မင်္ဂလာ ဖြစ်၏။ သို့သော်လည်း ယုတ်မာသူ၏အမည်ကိုမှည့်လျှင် ရွံရှာဖွယ်ဖြစ်သည်'

ဂျော့က ထိုင်နေရာမှ စိတ်ဆိုးမာန်ဆိုးဖြင့် ထရပ်သည်။

''ဒီလိုဆိုရင်ကောင်းပြီ၊ ခင်ဗျားတို့က သခင့်နာမည်မှည့်ဖို့ သဘောမတူကြဘူး လို့ သွားပြောမယ်'

သူသည် ဒေါသတကြီး အော်ဟစ်ပြောဆိုပြီး အိမ်ထဲမှထွက်လာခဲ့သည်။

ထိုအချိန်တွင် အိမ်ကြီးထဲရှိဧည့်ခန်း စာရေးစားပွဲ၌ မစ္စတာလီယာ ထိုင်လျက် ရှိသည်။ သူသည် ကလောင်တံကို မင်တို့ကာ သူ၏သမ္မာကျမ်းစာ ရှေ့ဖုံး အတွင်းဘက်၌ ရေးသွင်းထားသည့် ကြက်ကလေးဂျော့နှင့် သူ၏သားသုံးယောက် ဟူသော စာကြောင်း အောက်တွင် 'စက်တင်ဘာ ၂၀၊ ၁၈၃၁ခု မာတိလ်ဒါမွေး သား၊ အမည် တွမ်လီယာ' ဟု ရေးသွင်းလိုက်သည်။

ကြက်ခြံဘက်သို့ဦးတည်ပြီးပြန်လာသော ဂျော့သည် တစ်လမ်းလုံး သူ့မိန်းမ အကြောင်းကို တွေးလာသည်။ သူတွေ့ဖူးသမျှ မိန်းမများထဲတွင် မာတိလ်ဒါသည် အတော်ဆုံးနှင့် သစ္စာအရှိဆုံး ဖြစ်သည်။ သို့သော်လည်း ဖနီးကောင်းဟူ၍ကား မဆို သာ။ ဖနီးကောင်းတစ်ယောက်သည် ပုထုဇဉ်လူတစ်ဦးမျှသာဖြစ်သော ခင်ပွန်းသည်အား ဘာသာတရားကို ဗန်းပြ၍ အမြဲဆုံးမ မနေသင့်ဟု သူထင်သည်။ ယောကျ်ားဆိုသည် မှာ သောက်စားပျော်ပါးနေချင်တတ်ကြသည်ဖြစ်ရာ ယောကျ်ားတစ်ယောက်ဖြစ်သော သူသည် ဤအခွင့်အရေးမျိုးကို ပိုင်ဆိုင်ခွင့်ရှိသည်ဟုယူဆသည်။ သူသည် မစ္စတာ လီယာနှင့် အမြဲမပြတ်ခရီးထွက်ခဲ့ဖူး၏။ သူ့သခင်၏ စိတ်နေသဘောထားသည် သူ နှင့် များစွာတူသည်။ သူတို့နှစ်ယောက် ခရီးထွက်ကြသည့်အခါ လုပ်စရာတာဝန်များ ပြီးဆုံးသည်နှင့် ကိုယ့်နည်းကိုယ့်ဟန်နှင့်-ပျော်ပါးလေ့ရှိကြသည်မဟုတ်လော။

ဂျော့ အိမ်ပြန်ဖို့ စဉ်းစားသည့်အခါ သူ့အိမ်နှင့်ကင်းကွာလာခဲ့သည်မှာ ငါးရက်မျှ ရှိခဲ့လေပြီ။ သူ့အမေနှင့် သူ့ဇနီးတို့အား ခွင့်လွှတ်သောစိတ်ရှိလာသည်နှင့် တစ်ပြိုင်နက် သူသည် တဲတံခါးဝသို့ ရောက်လာသည်။

'ရှင်ပြန်လာပြီလားဂျော့'ဟု မာတိလ်ဒါက ဆီး၍နှုတ်ဆက်သည်။

မြန်မာ စာအုပ်များ

'သူတို့အဖေ ပြန်လာလို့ ကလေးတွေကတော့ ဝမ်းသာကြမှာပဲ။ အထူးသဖြင့် အဖေသွားတုန်းက မျက်စိမပွင့်သေးတဲ့ ဟောဒီကလေးက ပိုပြီးဝမ်းသာမှာ'

ပြောပုံကိုမကြိုက်သဖြင့် ဂျော့သည် စိတ်တိုသွားသည်။ တဲအတွင်းမှ ချက်ချင်း ပြန်ထွက်သွားရန် စိတ်ကူးလိုက်၏။ ဤအခိုက်မှာပင် သူ့အကြည့်သည် သားအကြီး သုံးယောက်ဆီသို့ ရောက်သွားသည်။ ငါးနှစ်၊ သုံးနှစ်၊ နှစ်နှစ်သားအရွယ်များဖြစ်၏။ သူတို့သည် တစ်ယောက်ကိုတစ်ယောက်ဖက်ကာ သူ့အား ကြောက်ရွံ့စွာဖြင့် ကြည့်နေကြသည်။ သားသုံးယောက်အား တယုတယ ပွေ့ဖက် ထားချင်စိတ် ဖြစ်လာသည်။ ရုတ်တရက် နယူးအော်လီယန်မြို့သို့သွားရမည့် ခရီးစဉ်ကို သတိရသည်။ ဤကလေးများနှင့် အနည်းဆုံး သုံးလလောက်တော့ ကွဲကွာနေရပေဦးတော့မည်။ အပြန်တွင် သူတို့အတွက် လက်ဆောင်ကောင်းကောင်းတော့ဝယ်လာမှ။

သူသည် စားပွဲ၌ ဝင်ထိုင်သည်။ မာတိလ်ဒါက အစားအစာချပေးသည်။ ထို့နောက် 'ဟဲ့သား...ဗာဂျီ၊ နင့်အဘွားကို သွားခေါ်ချေ'ဟု ခိုင်းသည်။

ဂျော့သည် အစာကိုဆက်မစားတော့ဘဲ ရပ်လိုက်သည်။ ဒီတစ်ခါ သူတို့နှစ်ယောက် ငါ့ကို ဘာတွေများ ကြိုဟ်ကျကြဦးမလဲမသိဘူးဟုတွေးသည်။

ကစ်ဇီသည် အပြင်မှ တံခါးကိုခေါက်ပြီးမှ အထဲကိုဝင်သည်။ ချွေးမနှင့် မြေးများကို ဖက်၍ နှုတ်ဆက်သည်။ ပြီးမှ သူ့သားဂျော့အား လှမ်းကြည့်သည်။

'ဘယ်လိုလဲငါ့သား၊ နေကောင်းရဲ့လား၊ မတွေ့ရတာ အတော်ကိုကြာသွားပြီ'ဟု နှုတ်ဆက်သည်။

'အမေကော နေကောင်းရဲ့လား'

စိတ်ထဲကကျိတ်၍ဒေါပွနေသော ဂျော့သည် သူ့အမေအား ရယ်စရာလုပ်ဖို့ အားထုတ်သည်။

ကစ်ဇီသည် ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်ကာ မာတိလ်ဒါလက်ထဲမှ ကလေးကို ယူသည်။

'ဟဲ့ဂျော့၊ နင့်သားတွေက နင့်ကို ပြောစရာတစ်ခုရှိလို့တဲ့။ ဟုတ်တယ်မဟုတ်လား ဗာဂျီ'

''ဖေဖေ၊ ကျွန်တော်တို့ကို ကျွန်တော်တို့ဘေးကြီးအကြောင်း ပြောပြပါလား'

မာတိလ်ဒါက ဂျော့အား လှမ်းကြည့်သည်။

'မင်းဟာ လူကောင်းတစ်ယောက်ပါဂျော့ရယ်'ဟု ကစ်ဇီက လေအေးကလေးဖြင့် ပြောသည်။

'တို့က မင့်အပေါ်မှာ မချစ်ဘူးလို့မထင်ပါနဲ့ကွယ်။ တို့အားလုံး တစ်သွေး ညီး တစ်သားတည်းတွေပါ။ ဒီကလေးတွေရဲ့ဘေးကြီးက ဆင်းသက်လာတဲ့ လူတွေချည်းပါပဲ'

မြန်မာ စာအုပ်များ

သူ့သားသုံးယောက်သည် သူ့ရှေ့၌ လာထိုင်ကြသည်။ ကစ်ဇီက သူ့လက်ထဲမှ ကလေးကို ဂျော့ဆီသို့လှမ်းပေးသည်။ ဂျော့က နေရာပြင်၍ထိုင်လိုက်ပြီး ကလေးများ၏ ဘွားအေကြီးထံမှ သိထားရသည့် သူတို့ဘေးကြီးအကြောင်း ပြောပြသည်။

'ဖေဖေ ကျွန်တော် ဒီအကြောင်းကိုသိတယ်'ဟု ဗာဂျီက ကြားဖြတ်ပြောသည်။ ထို့နောက် သူ့ဘေးကြီးအကြောင်းကို သူ့ညီများအားပြောပြသည်။ သူမှတ်မိနေသည့် အာဖရိကန်စကားလုံးများကိုပင် ရွတ်ပြသည်။

'ရှင့်ဆီကသူကြားထားခဲ့တာ သုံးခါတောင်ရှိပြီပဲ သူမှတ်မိနေတာပေါ့'ဟု မာတိလ်ဒါက ရယ်၍ပြောသည်။ သူ့မိန်းမ ရယ်သံကို သူ မကြားရသည်မှာ မည်မျှကြာပြီနည်းဟု ဂျော့က တွေးသည်။

ဗာဂျီက ခုန်ဆွခုန်ဆွလုပ်ပြီးပြောသည်။

'အဘွားကပြောတယ်၊ ကျွန်တော်တို့ ဘာဆိုတာ အာဖရိကန်တွေက ပြောနေတယ်တဲ့'

သူ့တဲအား သူ့အိမ်ဟု သိနားလည်သောခံစားမှုသည် ဂျော့၏ရင်တွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာလေသည်။

[၉၇]

နောက်သီတင်းလေးပတ်မျှအကြာတွင် မစ္စတာလီယာသည် သူမှာထားသည့် လှည်းသစ်ကိုယူရန် ဂျော့နှင့်အတူ ဂရင်းစ်ဘိုရိုမြို့သို့ ခရီးထွက်သည်။ လှည်းပေါ်၌ အေးအေးဆေးဆေး ထိုင်လိုက်လာသော ဂျော့သည် မကြာမီ သွားရမည့် နယူးအော်လီယမြို့ ခရီးအကြောင်းကို စဉ်းစားလျက်ရှိသည်။ သူ နယူးအော်လီယသို့သွားလျှင် ဆောင်းစရာ ဦးထုပ်မရှိ။ ဂရင်းစ်ဘိုရိုမှမပြန်ခင် သူ့သခင်ထံမှ ငွေတစ်ဒေါ်လာခွဲချေး၍ ဦးထုပ်တစ်လုံး ဝယ်သွားမှဖြစ်မည်ဟု တွေးမိသည်။

လှည်းထောင်ဆရာ၏ အိမ်ရှေ့သို့ ရောက်သည့်အခါ ဂျော့သည် သူ့သခင်နှင့် ဝင်လိုက်မသွားတော့ဘဲ လှည်းပေါ်မှာပင်ထိုင်နေခဲ့သည်။ အိမ်အတွင်းဘက်မှ ပိုင်ရှင်နှင့် သူ့သခင်တို့ အငြင်းအခုံဖြစ်နေသံများ သူကြားနေရသော်လည်း ဂရုစိုက်၍ နားမထောင်မိ။ တဖြည်းဖြည်း မစ္စတာလီယာ၏အသံသည် ပို၍ကျယ်လာသည်။ နောက်ဆုံးတွင် လှည်းထောင်ဆရာနှင့် သူ့သခင်တို့သည် အပြန်အလှန် အော်ဟစ်နေကြသည့်အဆင့်သို့ ရောက်လာသည်။

နောက်တစ်ခဏမျှအကြာတွင် နှစ်ဦးနှစ်ဖက်အဆင်ပြေသွားဟန်တူ၏။ အော်ဟစ်ငြင်းခုံနေသံများ ရပ်သွားသည်။ လီယာနှင့်ပိုင်ရှင် အပြင်သို့ထွက်လာကြသည်။ ပိုင်ရှင်

မြန်မာ စာအုပ်များ

သည် အိမ်နောက်ဘက်သို့လှည့်၍ အော်ဟစ်အမိန့်ပေးသည်။ လူမည်းအလုပ်သမား လေးယောက် လှည်းသစ်တစ်စီး ဆွဲယူလာသည်ကို မြင်ရသည်။ ဂျော့၏မျက်လုံးအစုံသည် ပြူးသွားသည်။ လက်ရာသေသပ်လှပလွန်းသဖြင့် တအံ့တသြဖြစ်နေမိ၏။ လှည်းဘောင်နှင့် ကိုယ်ထည်မှာ ဝက်သစ်ချသားနှင့်ပြုလုပ်ထားခြင်းဖြစ်၍ အလွန်ခိုင်မာတောင့်တင်းလိမ့်မည်ကို မြင်ရုံနှင့်သိနိုင်သည်။

ဂျော့က လှည်းပေါ်မှ ခုန်ဆင်းကာ လှည်းနောက်မြီး၌ ချည်ထားသည့် လားနှစ်ကောင်ကိုဖြုတ်၍ လှည်းသစ်၌တပ်သည်။ မစ္စတာလီယာသည် လှည်းသစ်ကို တစ်ပတ်မျှ လှည့်ကြည့်ပြီး လှည်းပေါ်သို့တက်ကာ ပိုင်ရှင်ကို လှမ်း၍နှုတ်ဆက်ပြီး မောင်းထွက်သွားသည်။

ဂျော့က သူ့နောက်မှ လှည်းဟောင်းကိုမောင်း၍ လိုက်ပါသွားသည်။

အပြန်ခရီးတွင် ဂျော့သည် သူ့ကြက်ခြံကိစ္စကို စဉ်းစားလာသည်။ သူ နယူးအော်လီယသို့သွားလျှင် ကြက်ခြံ၌ ဦးကြီးမင်ဂိုတစ်ယောက်တည်း ကျန်ခဲ့မည်ဖြစ်၏။ ဦးကြီးမင်ဂိုမှာ အရင်တုန်းကလို မာမာချာချာမဟုတ်။ သူတစ်ဦးတည်း တစ်ခြံလုံးကို ဒေါင့်စေ့အောင်ထိန်းသိမ်းနိုင်ပါမည်လော။ ထိန်းသိမ်းနိုင်မည်မထင်။ ထို့ကြောင့် သူ့သားအကြီး ဗာဂျီအား ကြက်ခြံအကူအဖြစ်ထားခဲ့ရလျှင် ကောင်းလေမလားဟု စဉ်းစားခဲ့ဖူးသည်။ ဗာဂျီမှာ အသက်ခြောက်နှစ်နီးပါးရှိနေပြီဖြစ်ရာ မကြာမီ အကူအလုပ်သမားအဖြစ် ယာတောသို့ဆင်းရတော့မည်ဖြစ်၏။ ဗာဂျီအား ယာတောဆင်းခိုင်းမည့်အစား ကြက်ခြံသို့ တာဝန်ပေးရလျှင် ကောင်းမည်ဟု သူထင်သည်။ သူ၏အယူအဆကို ပြောပြသည့်အခါ မာတိလ်ဒါနှင့် ကစ်ဇီတို့က သဘောမတူကြ။ 'အကူလိုရင် နင့်သခင်ကို လူသစ်တစ်ယောက်ဝယ်ခိုင်းပေါ့ဟဲ့'ဟု သူ့အမေကစ်ဇီက ဆိုသည်။ သူ့အနေဖြင့် သူတို့နှင့်ထပ်၍ ရန်မဖြစ်လိုသဖြင့် ဤကိစ္စကို နောက်ထပ်မစတော့ပေ။

လှည်းနှစ်စီးသည် ခြံဝင်းအတွင်းသို့ ဝင်လာခဲ့သည်။ အိမ်ရှေ့သို့ မရောက်မီမှာပင် ဂျော့သည် အိမ်ပေါ်မှဆင်းကာ အပြင်သို့ထွက်လာနေသော မစ္စက်လီယာကို မြင်သည်။ ထို့နောက် မီးဖိုထဲမှထွက်လာသော မစ္စမာလီဇီကို မြင်ရပြန်သည်။ ထို့နောက် တဲများအတွင်းမှ ထွက်လာကြသည့် မာတိလ်ဒါနှင့်သားများ၊ အမေကစ်ဇီ၊ စစ္စတာဆာရာနှင့် ဦးလေးပွန်ပေ။ ဘာဖြစ်လို့ပါလိမ့်။ အချိန်မှာ မွန်းလွဲပိုင်းမျှသာရှိသေး၏။ သူတို့အားလုံး ယာထဲ၌သာရှိနေကြရမည်မဟုတ်ပါလော။ သူတို့မျက်နှာများကို အကဲခတ်သည်။ လှည်းသစ်ကိုကြည့်ရှုဖို့ စောင့်နေကြခြင်းတော့မဖြစ်နိုင်။

မစ္စက်လီယာသည် သခင်၏လှည်းဆီသို့ လျှောက်သွားသည်။ ဂျော့သည် လှည်းကို ရပ်၍ မစ္စက်လီယာ၏ စကားပြောသံကို နားစွင့်သည်။ မကြားရ။ သူ့သခင်လီယာသည် လှည်းသစ်ပေါ်မှဆင်းကာ ဂျော့ထံသို့ ပြန်လျှောက်လာပြီး လှမ်းပြောသည်။

မြန်မာ စာအုပ်များ

'မင်ဂိုသေပြီ ဂျော့'

ဂျော့၏တစ်ကိုယ်လုံး ဆတ်ခနဲဖြစ်သွားပြီး ခေါင်းသို့ယိုင်သွားသည်။ သခင်လီယာနှင့် ဦးလေးပွန်ပေတို့က သူ့အား လှည်းပေါ်မှတွဲချနေသည်ကို သိလိုက်သည်။ ထို့နောက် ဦးလေးပွန်ပေနှင့်မာတီလ်ဒါ ခေါင်းတစ်ဖက်တစ်ချက်မှတွဲ၍ တဲအတွင်းသို့ သွင်းလာကြသည်။ သူ့အမေကစ်ဇီက ကလေးကိုချီ၍ နောက်မှလိုက်လာသည်။ သူ့ခေါင်း ပတ်ပတ်လည်မှ ငိုယိုသံများ။

သူသတိရလာသောအခါ အားလုံးက အဖြစ်အပျက်ကိုပြောပြသည်။ 'ရှင်တို့ထွက်သွားကြတာ တနင်္လာနေ့မနက်နော်'ဟု မာတီလ်ဒါကပြောသည်။

''အဲဒီညမှာ ဒီကလူတွေ ဘယ်သူမှ ကောင်းကောင်းမအိပ်ကြရဘူး။ ဖီးကွက် အော်သံတွေနဲ့ ခွေးဟောင်သံတွေ ကြားနေရတယ်။ ပြီးတော့ အော်သံကြားရတာပဲ'

'အော်တာက မစ္စမာလီဒီပေါ့'ဟု ကစ်ဇီကပြောသည်။

'သူက အလန့်တကြားအော်တာ။ သူ့အော်သံကြားတော့ တို့အားလုံး ထွက်ကြည့်ကြတယ်။ လမ်းပေါ်မှာ သူလဲကျနေတာ မြင်ရတာပဲ'

'သူ အသက်ရှိသေးတယ်'ဟု မာတီလ်ဒါကပြောသည်။

'သူ့ပါးစပ်က တလှုပ်လှုပ်ဖြစ်နေလို့ ကျွန်မ ဒူးထောက်ပြီး သူ့ပါးစပ်နား ကပ်နားထောင်တော့ ကြက်တွေကို ကြည့်ပေးကြပါ၊ ငါမကြည့်နိုင်တော့ဘူးတဲ့'

'တို့လည်း ဘာလုပ်ရမှန်းမသိဘူး'ဟု ကစ်ဇီက ပြောသည်။

'ဦးလေးပွန်ပေကမွေ့တယ်၊ မနိုင်ဘူး။ ဒါနဲ့ပဲ တို့အားလုံးဝိုင်းမပြီး ဦးလေးပွန်ပေ ခုတင်ပေါ် တင်ထားကြတယ်။ မစ္စမာလီဒီက မစ္စက်လီယာဆီ ပြေးပြောတယ်'

သူတို့အဆိုအရ မစ္စက်လီယာကလည်း ဆရာဝန်ကို ဘယ်နေရာမှာ သွားခေါ်ရမှန်းမသိ။ စစ္စတာဆာရာ၏ဆေးများကလည်း ဦးကြီးမင်ဂို၏ရောဂါကို သက်သာအောင် မပြုနိုင်။ ထို့ကြောင့် အားလုံးဝိုင်းထိုင်ပြီး အခြေအနေကို စောင့် ကြည့်နေကြရသည်။ ဤသို့နှင့်ပင် ဦးကြီးမင်ဂိုသည် အသက်ပျောက်သွားရသည်။

'ဟို မိုးမခတောအုပ်ကြားထဲမှာ ငါတို့ တစ်ယောက်တစ်လှည့် တွင်းတူးကြတယ်'ဟု ကစ်ဇီက ပြောသည်။

'တွင်းလည်းတူးပြီးရော ဦးလေးပွန်ပေက သူ့အလောင်းကို ရေချိုးပေးတယ်'

'မစ္စမာလီဒီက မစ္စက်လီယာဆီသွားပြီး အလှဆီတစ်ဘူးတောင်းတယ်။ ကျွန်မက သူ့တစ်ကိုယ်လုံးကို လိမ်းပေးတယ်'ဟု မာတီလ်ဒါကပြောသည်။

'ပြီးတော့ ရှင် မနှစ်က ကျွန်မကိုဝယ်ပေးထားတဲ့ ရေမွှေးဖျန်းပေးတယ်'

'အဝတ်အစားလဲဖို့ကျတော့ အဆင်မပြေဘူး'ဟု ကစ်ဇီကပြောသည်။

မြန်မာ စာအုပ်များ

'ဦးလေးပွန်ပေရဲ့အင်္ကျီက သူ့နဲ့ လုံးဝမတော်ဘူး။ သိမ်ကျပ်နေတယ်။ ဒါကြောင့် အလောင်းကို အဝတ်ပိုင်းနှစ်စနဲ့ထုပ်ပြီး သယ်သွားကြရတာ။ မစ္စက်လီယာက သမ္မာကျမ်းစာထဲက စာပိုဒ်တချို့ကိုဖတ်ပြီး ဆုတောင်းပေးတယ်'

ထို့နောက် သူတို့သည် ဦးကြီးမင်ဂို၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

'ကျွန်မတို့ ကြားဖူးနားဝရှိသလောက်နဲ့ အကောင်းဆုံးဖြစ်အောင်တော့ လုပ်ပေးလိုက်ကြပါတယ် ဂျော့ရယ်'ဟု မာတိလ်ဒါက ပြောသည်။

ခဏမျှအကြာတွင် ဂျော့သည် သူ့တဲထဲမှထွက်လာသည်။ ဦးကြီးမင်ဂိုအား သဘောမကျဟု အမြဲပြောခဲ့သော လူများက ဦးကြီးမင်ဂို သေခါနီးတွင် ဝိုင်းဝန်းပြုစုလိုက်ကြသည့်အဖြစ်ကို သူ စဉ်းစားဆင်ခြင်နေမိသည်။ ခပ်လှမ်းလှမ်းမှလာနေသော ဦးလေးပွန်ပေထံ လျှောက်သွားသည်။ ဦးလေးပွန်ပေသည် ကြက်ခြံမှ ပြန်လာခြင်းဖြစ်၏။

'မင်းအခုသွားရင် ဦးကြီးမင်ဂို တရွတ်ဆွဲပြီးလာခဲ့တဲ့ လမ်းကြောင်းကြီးကို မြင်နိုင်သေးတယ်ကွ'

ဂျော့ကတော့ ထိုလမ်းကြောင်းကို မြင်တွေ့လိုသောဆန္ဒမရှိ။ သူသည် ဦးလေးပွန်ပေနှင့် လမ်းခွဲကာ မိုးမခသစ်တောဘက်သို့ ခပ်ဖြည်းဖြည်းလျှောက်လာသည်။ လတ်လတ်ဆတ်ဆတ်ရှိနေသည့် မြေပုံကိုကြည့်သည်။ အနီးအနားမှ ကျောက်တုံးကျောက်ခဲများကို ကောက်၍ မြေပုံဘေး၌ လုပသွားအောင် စီ၍ချသည်။

မင်ဂိုလာခဲ့သည့်လမ်းကို မမြင်လိုသောဂျော့သည် ကြက်ခြံသို့သွားရာ၌ လမ်းမဘက်မှ မသွား။ ယာခင်းများကိုဖြတ်၍သွားသည်။ သူ့ဆရာ၊ သူ့မိတ်ဆွေ၊ သူ့အဖေအဖြစ် ဆက်ဆံခဲ့ရသော ဦးကြီးမင်ဂို၏အသံကို ပြန်လည်ကြားယောင်နေသည်။

ဂျော့၏အတွေးများအတွင်းသို့ မေးခွန်းများဝင်ရောက်လာသည်။ မစ္စတာလီယာ၏လက်ထဲ မရောက်မီက ဦးကြီးမင်ဂိုဘယ်မှာနေခဲ့သနည်း။ သူ့မိသားစုသည်ဘယ်သူတွေပါလိမ့်။ ဦးကြီးမင်ဂိုကတော့ လုံးဝမပြောခဲ့။ သူ့တွင် ဇနီးနှင့် သားတွေရော ရှိလေသလား။ ရှိသည်ဆိုငြားအံ့၊ သူတို့ ဘယ်အရပ် ဘယ်ဒေသ၌ နေကြပါလိမ့်။ ဂျော့သည် ဦးကြီးမင်ဂိုနှင့် အနီးစပ်ဆုံးလူတစ်ယောက်ဖြစ်၏။ ဂျော့အား သူသိသမျှ တတ်သမျှ သင်ကြားပေးခဲ့သူဖြစ်၏။ သို့ပါလျက် ဂျော့သည် သူ့အကြောင်း များများစားစားမသိခဲ့။

'အို အဖဘုရားသခင်။ တပည့်တော် ချစ်ခင်မြတ်နိုးခဲ့သည့် အဘိုးအိုသည် မည်သည့် နေရာ၌ ရောက်နေပါသလဲ'

ဂျော့သည် နောက်တစ်ရက်နှင့်တစ်ည ကုန်လွန်သည်အထိ သူတစ်ယောက်တည်း ကြက်ခြံ၌နေသည်။ စနေနေ့မနက်တွင် မစ္စတာလီယာရောက်လာသည်။ သူ့မျက်နှာသည် ကြည်ကြည်သာသာမရှိ။

မြန်မာ စာအုပ်များ

'ငါစဉ်းစားနေတယ်ဂျော့၊ သူ့တဲကိုမထားတာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ ငါထင်တယ်'

နောက်မိနစ်အနည်းငယ်မျှအကြာတွင် သူတို့နှစ်ယောက်သည် နှစ်ပေါင်း လေးဆယ်ကျော်မျှ ဦးကြီးမင်ဂိုး၏ဂေဟာအဖြစ် ရပ်တည်လာခဲ့သော တဲငယ် မီးဟုန်းဟုန်း တောက်လောင်နေသည်ကို ရပ်၍ကြည့်နေကြသည်။

'ငါ နယူးအော်လီယန်သွားဖို့ကိစ္စကို စဉ်းစားနေတယ်'ဟု လီယာကပြောသည်။

'ဒီမှာစိတ်မချဘဲ သွားရမှာဆိုတော့ အများကြီးစွန့်ရမယ့်သဘောရှိတယ်။ ဒီကြက်တွေကို စောင့်ရှောက်ထိန်းသိမ်းမယ့်လူမရှိဘဲ သွားလို့ကတော့ လုံးဝမဖြစ်နိုင်ဘူး။ စိတ်ချယုံကြည်ရတဲ့လူတစ်ယောက် ရှာဖို့ကလည်း အချိန်အများကြီးလိုတယ်။ တကယ်လို့ စိတ်ချရတဲ့လူ ရပြန်ရင်လည်း အစကနေ သင်ပေးရဦးမယ်။ ငါတစ်ယောက်တည်း သွားပြန်ရင်လည်း ဒီလောက် ဝေးတဲ့ခရီးမှာ ကြက်ဆယ့်နှစ်ကောင်ကိုကြည့်ရမယ့် တာဝန်က မသေးဘူး။ နိုင်ခြေမရှိတဲ့ကြက်ပွဲသွားတာဟာ အဓိပ္ပာယ်မရှိပါဘူး။ အခု အခြေအနေနဲ့ ဒီခရီးကိုထွက်ရင် မိုက်မဲရာပဲကျမှာပဲ'

ဂျော့သည် တံတွေးတစ်ချက်မျိုလိုက်သည်။ သူသည် ဤခရီးထွက်ဖို့ လပေါင်းများစွာ အချိန်ကုန်ခံ၊ ငွေကုန်ခံ၍ ကြိုတင်ပြင်ဆင်ထားခဲ့ရ၏။ တောင်ပိုင်းဒေသမှ ထိတ်ထိတ်ကြဲကြက်သမားများကြားတွင် ရလာမည့် မျှော်လင့်ချက်များကို ရင်တွင်ပိုက်၍ စောင့်စားခဲ့ရ၏။ ကြက်များကိုလည်း အကောင်းဆုံးတိုက်ကြက်များ ဖြစ်လာအောင် တပင်တပန်းလေ့ကျင့်သင်ကြားပေးထားခဲ့၏။ အခုတော့...။

ဂျော့သည် ဒုတိယအကြိမ် တံတွေးတစ်ချက်မျိုချလိုက်ကာ ရေရွတ်သည်။

'ဟုတ်ကဲ့ခင်ဗျာ'

[၉၈]

ကြက်များကြား၌ တစ်ယောက်တည်းဖြစ်နေပြီး အလုပ်လုပ်ရသည်မှာ အလွန်ထူးဆန်းရုံသာမက အလွန်အထီးကျန်နိုင်လွန်းလှ၏။ ဦးကြီးမင်ဂိုအနေဖြင့် ယခု သူတွေ့နေရသည့် အခြေအနေမျိုးကို ဘယ်လိုများရင်ဆိုင်ခဲ့ပါလိမ့်ဟုတွေးကာ ဂျော့သည် အံ့သြနေမိသည်။

'မစ္စတာလီယာ ငါ့ကိုဝယ်လာတော့ ကြက်အုပ်က မသိမသာတိုးလာနေပြီ'ဟု မင်ဂိုက ပြောခဲ့သည်။

'သူက ငါ့အတွက် အကူတစ်ယောက်ဝယ်ပေးမယ်လို့ ပြောခဲ့ပေမဲ့ ဝယ်မပေးခဲ့ဘူး။ ငါကလည်း ကြက်တွေနဲ့နေရတာ လူတွေနဲ့နေရတာထက်ကောင်းနေလို့ လူရှာပေးဖို့ မပူဆာတော့ဘူး'

မြန်မာ စာအုပ်များ

ဂျော့ကိုယ်တိုင်လည်း ကြက်များနှင့်အနေကြာလာသည့်အခါ မင်ဂိုလိုပင် သံယော ဇဉ်ရှိခဲ့သည်။ သို့သော်လည်း ကြက်များအား လူများ၏နေရာ၌ အစားထိုးကြည့်ဖို့ကား မလွယ်ပေ။ မည်သို့ပင်ဖြစ်စေ သူ့အားကူညီမည့်လူတစ်ယောက်ကတော့လို၏။

သူ့အနေဖြင့် လူတစ်ယောက်ရဖို့ အမျိုးမျိုးစဉ်းစားခဲ့ပြီးပြီ။ လက်ရှိကြက်သမား များကို ရဖို့ဆိုသည်မှာမလွယ်။ သူတို့က ဘယ်လောက်ပဲဈေးပေးပေး သူတို့သခင်များက ရောင်းလိုက်လိမ့်မည်မဟုတ်။ အရပ်ပွဲများမှ ကြက်သမားများကျတော့လည်း ယုံကြည် စိတ်ချရသည့် အခြေအနေမရှိ။ ထို့ကြောင့်လည်း ဂျော့သည် အကူလူတစ်ယောက် ရရေးအတွက် အခက်ကြုံနေရ၏။

ဘယ်လိုပဲစဉ်းစားစဉ်းစား သူ့သား ဗာဂျီသည် ဤအလုပ်နှင့် အသင့်တော်ဆုံး ဖြစ်မည်ဟု သူထင်၏။ မာတိလ်ဒါနှင့် ကစ်ဇီတို့ကတော့ ဘယ်နည်းနှင့်မှ သဘော တူကြလိမ့်မည်မဟုတ်။ သို့သော် သူ့မှာ ရွေးစရာလမ်းမရှိ။ ဤသို့ဖြင့် ဂျော့သည် တစ်ညတွင် သူ့မိန်းမအား အကြောင်းအမျိုးမျိုးပြ၍ ဗာဂျီအား ကြက်ခြံ၌ထားရန် တိုက်တွန်းသည်။ မာတိလ်ဒါကလည်း ဆင်ခြေအမျိုးမျိုးပေး၍ငြင်းဆန်သည်။ သို့သော် လည်း နောက်ဆုံးတွင် ဗာဂျီအား ကြက်ခြံ၌ထားရန် မာတိလ်ဒါက သဘောတူခဲ့၏။

သို့သော်လည်း သီတင်းပတ် တစ်ပတ်အတွင်းမှာပင် သူ့သားကြီး၏သဘာဝကို ရိပ်စားနားလည်လာခဲ့သည်။ သူ့သားသည် သူငယ်စဉ်ကလိုမဟုတ်။ တိုက်ကြက်များ အပေါ်တွင် သူစိတ်ဝင်စားသလို စိတ်ဝင်စားမှုမျိုးမရှိ။ သူက တာဝန်ပေးလိုက်လျှင် သူ့သားသည် ထိုတာဝန်ကို ပြီးပြတ်အောင်လုပ်သည်။ အလုပ်ပြီးသွားသည့်အခါတွင်မူ သူ့ဘာသာကစားနေတတ်သည်။ နောက်တစ်ခုခိုင်းပြန်သောအခါ လုပ်ပြန်၏။ ပြီးလျှင် ဘာမှမလုပ်ဘဲထိုင်နေတတ်၏။ 'ဟေ့ကောင် ဘာပြုလို့ထိုင်နေတာလဲကွ။ ဒီကြက်ခြံထဲ က အကောင်တွေဟာ ဝက်တွေမဟုတ်ဘူး။ ထိုင်နေလို့မရဘူး။ ဒါ တိုက်ကြက်တွေကွ' ဟု ဂျော့က ဒေါသတကြီးထအော်သည့်အခါတွင်မူ ဗာဂျီသည် ထိုင်နေရာမှ ခုန်ထ လာတတ်သည်။ သူ ခိုင်းသောအလုပ်ကို လုပ်ပေးသည်။ ပြီးလျှင် ယခင်ပုံစံအတိုင်းပင် ထိုင်နေပြန်၏။ ဤသို့ဖြင့် ဂျော့သည် သူ့သားအပေါ်ထားခဲ့သည့် မျှော်လင့်ချက်ကို စွန့်လွှတ်လိုက်သည်။

ဂျော့သည် သူ့သားအား အစာကျွေးခြင်းနှင့် ရေတိုက်ခြင်းအလုပ်ကို စနစ်တကျ လုပ်တတ်အောင် သင်ပေးသည်။ လုပ်တတ်သွားသည့်အခါ ထိုအလုပ်ကို တစ်နေ့ သုံး ကြိမ် အချိန်နှင့်လာ၍လုပ်စေသည်။ ကျန်အချိန်များတွင်မူ သူ့သားအား ယာခင်းထဲ၌ အလုပ်လုပ်စေသည်။ ယာလုပ်ငန်းနှင့်ကျတော့လည်း သူ့သား ဗာဂျီသည် အပြစ်ဆို စရာမရှိအောင်ပင် အဆင်ပြေလျက်ရှိလေသည်။

[၉၉]

ကြက်ပွဲရာသီသို့ နောက်တစ်ကျော့ ဆိုက်ရောက်ခဲ့ပြန်လေပြီ။ မစ္စတ္တာလီယာသည် နယူးအော်လီယန်မြို့၌ ကျင်းပမည့် ကြက်ပွဲဆီသို့သွားရန် စိတ်မကူးတော့။ သို့သော်လည်း နယ်မြေအတွင်းရှိ ကြက်ပွဲများဆီကိုမူ ဂျော့နှင့်အတူ အဆက်မပြတ်သွားသည်။ ဤရာသီတွင် သူတို့နှစ်ယောက်လုံး ကံကောင်းကြသည်။

အဆက်မပြတ်ခရီးထွက်နေရသော ဂျော့သည် သူ့မိန်းမ ပဋ္ဌမမြောက် သားဖွားချိန်တွင် အိမ်ပြန်ရောက်လာသည်။ မာတိလ်ဒါက သူ့သားအား 'ဂျိမ်းစ်'ဟု အမည်ပေးလိုကြောင်းပြောသည်။ 'ဘုရားသခင်ရဲ့ တပည့်တွေထဲမှာ ဂျိမ်းစ်ကို ကျွန်မ အကြည်ညိုဆုံးပဲ။ ဒါကြောင့် ဒီအမည် မှည့်ချင်တာ'ဟု အကြောင်းပြသည်။ ဂျော့က ကန့်ကွက်ခြင်းမပြု။ သို့သော် သူ့မိန်းမ မသိအောင် တိတ်တဆိတ်ကျိတ်၍ နှာခေါင်းရှုံ့သည်။

ဤနှစ်အတွင်း ဂျော့သည် သူ့သခင်လီယာနှင့် ခရီးထွက်တိုင်း လူဖြူများအား ဆန့်ကျင်တိုက်ခိုက်နေသည့်သတင်းများကို ကြားကြားနေရ၏။ ကျွန်ဘဝမှ လွတ်မြောက်သွားသူ လူမည်းတစ်ဦးက ဖလော်ရီဒါပြည်နယ်မှ ဆီမိုနိုအင်ဒီးယန်း လူမျိုးစုခေါင်းဆောင် 'အော့စ်စီအိုလာ'၏အကြောင်းကို သူ့အား ပြောပြခဲ့သည်။ လူဖြူများက အော့စ်စီအိုလာ၏ မိန်းမလူမည်းမအား သူတို့ထံမှ ထွက်ပြေးသွားသည့် ကျွန်မ ဖြစ်သဖြင့် ဝင်ရောက်ဖမ်းဆီးပြီး ခေါ်ဆောင်သွားကြသည်။ ထိုအခါ အော့စ်စီအိုလာက ဆင်မိုနိုလူမျိုးစုများနှင့် ထွက်ပြေးလွတ်မြောက်လာကြသော လူမည်းကျွန်များထံမှ လူနှစ်ထောင်ကို စည်းရုံးသိမ်းသွင်းကာ အမေရိကန်ပြည်ထောင်စု တပ်မတော်မှ တပ်ခွဲတစ်ခွဲအား လမ်းမှဖြတ်၍ ချုံခိုတိုက်ခိုက်ကြသည်။ သတင်းအရ တပ်သားတစ်ရာကျော်ခန့် ကျဆုံးသည်။ အမေရိကန်စစ်တပ်က အော့စ်စီအိုလာ၏လူမည်းများနောက်သို့ ခြေရာခံလိုက်သည်။ နောက်ဆုံးတွင် ဖလော်ရီဒါပြည်နယ်တွင်းသို့ ပြေးဝင်ခိုလှုံသွားကြသည်။

၁၈၃၆ ခုနှစ် ကြက်ပွဲရာသီမကုန်ဆုံးမီ နောက်ထပ်သတင်းတစ်ခုကို ဂျော့ ကြားရပြန်သည်။ 'အလာမို'ဟုခေါ်သောအရပ်၌ မက္ကဆီလူမျိုးများက တက္ကဆတ်ပြည်နယ်သား လူဖြူ၏ခံတပ်ကို ဝင်ရောက်တိုက်ခိုက်စီးနင်းကာ လူများကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်။ ထိုနှစ်ကုန်ခါနီးပိုင်းတွင် သူ့ကိုယ်သူ ကမ္ဘာ့အကြီးဆုံးသောကြက်တိုက်သမားဟု ကြွားနေသော ဗိုလ်ချုပ်ဆန်တာအင်နာဦးဆောင်သည့် မက္ကဆီကန်များ၏ တိုက်ခိုက်မှုကြောင့် လူဖြူများအကျအဆုံးများခဲ့ပြန်သည်။ ဂျော့ကတော့ တိုက်ပွဲသတင်းများအပေါ်တွင် သိပ်ပြီးအာရုံမစိုက်။ သူ့ကိုယ်သူ နာမည်ကြီး ကြက်တိုက်သမားဟု အမည်ခံထားသော လူ၏နာမည်ကို သူယခင်က မကြားဖူးသည့်အတွက် များစွာအံ့ဩနေမိသည်။

မြန်မာ စာအုပ်များ

နောက်နှစ်နွေဦးပေါက်တွင် ခရီးဝေးတစ်ခုမှပြန်လာသော ဂျော့သည် သတင်းတစ်ခု ယူလာပြန်သည်။

'အခု သမ္မတသစ်ဗင်တူရင်က အင်ဒီးယန်းအားလုံးကို မစ်စစ္စပီမြစ်ရဲ့ အနောက်ဘက်ကမ်း ရောက်တဲ့အထိ တိုက်ထုတ်ရမယ်လို့ စစ်တပ်ကို အမိန့်ပေးထားပြီတဲ့'

'ဒါကတော့ကွာ အင်ဒီးယန်းတွေက သူတို့တိုင်းပြည်ထဲ လူဖြူတွေအဝင်ခံတာ ကိုးကွ'ဟု ဦးလေးပွန်ပေက ပြောသည်။

'ပထမတုန်းက ဒီတိုင်းပြည်ထဲမှာ အင်ဒီးယန်းတွေကလွဲပြီး အခြားဘာလူမျိုးမှ မရှိဘူးကွ။ အင်ဒီးယန်းတွေက ငါးမျှားတယ်၊ အမဲလိုက်တယ်၊ တစ်စုနဲ့တစ်စု စစ်တိုက်တယ်။ သူတို့ချင်းကိစ္စကလွဲလို့ ဘာကိုမှစိတ်ဝင်စားကြတာမဟုတ်ဘူး။ နောက်ပိုင်းကျတော့ လူဖြူတွေ လှေတွေနဲ့ ရောက်လာကြတယ်။ ပြုံးဖြီးဖြီးလုပ်ပြီး 'ဟော့...လူနီတွေ၊ ငါတို့လာပြီး ငါးမျှားချင်တယ်ကွာ။ ငါတို့ကို မိတ်ဆွေလိုသဘောထားပါ'လို့ ပြောတယ်။ ဟား...အခုကျတော့ အင်ဒီယန်းတွေ ဒုက္ခရောက်ကုန်တာပေါ့'

နောက်ပိုင်းတွင် အင်ဒီယန်းများနှင့်ပတ်သက်၍ သတင်းဆိုးများ အဆက်မပြတ် ကြားနေရသည်။ ဤကြားထဲမှပင် သတင်းကောင်းလည်းရှိလာသည်။ ၁၈၃၇ ခုနှစ်တွင် မာတီလ်ဒါ၌ ဆဋ္ဌမမြောက် သားတစ်ယောက် ဖွားမြင်ပြန်သည်။ မာတီလ်ဒါက လီးဝစ္စ ဟု နာမည်ပေးသည်။ ဤတစ်ကြိမ်တွင်မူ ဘွားအေကြီးကစ်ဇီက 'မင်းတို့မလည်း မွေးသမျှ ယောကျ်ားတွေချည်း ဖြစ်နေပြီ။ ယောကျ်ားလေးကလွဲပြီး မမွေးတတ်တော့ဘူး ထင်ပါရဲ့'ဟု ဆိုသည်။

'အမေကစ်ဇီလည်း မြေးယောကျ်ားလေးတွေကို မုန်းနေပြီထင်တယ်'ဟု မာတီလ်ဒါ က ပြောသည်။

'မဟုတ်ပါဘူးအေ၊ ငါက ငါ့မြေးတွေကို ချစ်ပါတယ်။ ဒါပေမဲ့ ညည်းတို့မှာ သမီးမိန်းကလေးတစ်ယောက်တော့ ရှိသင့်တယ်အေ့'

ဂျော့က ရယ်သည်။

'အမေက ရှိသင့်တယ်ထင်ရင် ကျွန်တော်တို့ကလည်း ရအောင်ကြိုးစားရမှာပေါ့ အမေရာ'ဟု ပြောသည်။

နောက်တစ်ကြိမ်တွင် မာတီလ်ဒါ ကလေးမီးဖွားပြန်သည်။ ဤတစ်ကြိမ်တွင်မူ သူတို့တောင့်တသည့်အတိုင်း မိန်းကလေး။ ကလေးအား ရေချိုးပေးနေခိုက်တွင် မာတီလ်ဒါက ကစ်ဇီအား လှမ်းပြောသည်။

'သမီးနဲ့ဂျော့က သမီးလေးကို ကစ်ဇီလို့ နာမည်မှည့်ဖို့ သဘောတူထားကြပြီ အမေရေ့'

တစ်ညတွင် ဂျော့က 'မာတီလ်ဒါရေ၊ ငါတို့ ငွေဘယ်လောက်စုမိကြပြီလဲ'ဟု မေးသည်။

မြန်မာ စာအုပ်များ

'ဒေါ်လာနှစ်ရာကျော်လောက်ပဲ ရှိမယ်ထင်တယ်'

'ဒါပဲစုမိသလားကွာ'

'ဒါတောင် အများကြီးစုမိတာ။ ရှင် ဘယ်လောက်အသုံးအစွဲကြီးတယ်ဆိုတာ ကော သတိထားမိရဲ့လား။ ရသမျှသုံးနေတာပဲ။ ငွေစုဖို့ ဘယ်တော့မှမပြောဘူး'

'အေးပါ၊ အေးပါ၊ ဟုတ်ပါတယ်'ဟု ဂျော့က ဝန်ခံသည်။

မာတိလ်ဒါက ဂျော့၏မျက်နှာကိုကြည့်သည်။ ဂျော့၏မျက်နှာက တစ်စုံတစ်ခုကို အလေးအနက်ထား၍ စဉ်းစားဆင်ခြင်နေသည့်နှယ်ရှိသည်။

'ငါ တစ်ခုတွေးမိလို့။ လာမယ့်နှစ်တွေမှာ ငွေများများရအောင် စုချင်တယ်။ ရလာရင် တို့မိသားစု ကျွန်ဘဝကလွတ်အောင် တို့သခင်ဆီက ကိုယ့်ငွေနဲ့ကိုယ် ပြန်ဝယ်ကြတာပေါ့'

မာတိလ်ဒါသည် စကားပြန်မပေးနိုင်လောက်အောင် အံ့အားသင့်လျက်ရှိ၏။ အိမ်ထောင်သက်ဆယ်နှစ်အတွင်း ဂျော့ထံမှ လေးလေးနက်နက်စကားမျိုး ကြားရသည်မှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပါလား။

'တို့မိသားစု ပြန်ဝယ်ဖို့ ငွေဘယ်လောက်လိုမလဲဆိုတာ တွက်ကြည့်စမ်းကွာ'

မာတိလ်ဒါသည် ခဲတံနှင့်စာရွက်တစ်ရွက်ယူကာ စားပွဲ၌ထိုင်သည်။

'တွက်ရင်လည်း အတိအကျတော့ရမှာမဟုတ်ဘူးကွ'ဟု ဂျော့က ပြောသည်။

'သခင်လီယာက ဒီလောက်တော့တောင်းမှာပဲလို့ ခန့်မှန်းပြီး တွက်ကြရမှာ။ ယာလုပ်သားဆိုရင် ဈေးပိုတောင်းတတ်တယ်။ အဲဒီတော့ မင်းက စတွက်။ မင့်ကို ဒေါ်လာရှစ်ရာလောက်ထား'

ဂျော့သည် ထိုင်ရာမှထကာ မာတိလ်ဒါရေးနေသည်ကို ငုံ့ကြည့်သည်။

'တို့မှာ ကလေးရှစ်ယောက်ရှိတော့ ကလေးတစ်ယောက်ကို ဒေါ်လာသုံးရာနဲ့ တွက်'

'ကလေးက ခုနစ်ယောက်ပါတော်'

'မင်းပြောတော့ မင့်ဗိုက်ထဲမှာ တစ်ယောက်ရှိဦးတော့မယ်ဆို အဲဒါပါ ထည့်တွက်ရင် ရှစ်ယောက်ပေါ့ဟ'

မာတိလ်ဒါက ရယ်သည်။

'အဲဒါဆိုရင် ဒေါ်လာနှစ်သောင်းလေးထောင်။ ကျွန်မအတွက် ဒေါ်လာရှစ်ရာ ထည့်ပေါင်းရင် ထားလိုက်ပါတော့ ဒေါ်လာသုံးသောင်း'

'ဟူး'

'ရှင့်အတွက်ကျတော့ ဘယ်လောက်ထားမလဲ'

'ငါ့ကို ဘယ်လောက်တန်လိမ့်မယ်လို့ မင်းထင်သလဲ'

မြန်မာ စာအုပ်များ

'ကျွန်မ မှန်းတတ်ရင် ရှင့်ကို ကျွန်မဝယ်ပြီးတာ ကြာပြီပေါ့'ဟု မာတီလ်ဒါက ပြောသည်။

'အင်း...တစ်ခါတုန်းက မစ္စတာဂျိဝက်က ငါ့ကို မစ္စတာလီယာဆီက တောင်းဝယ်နေတာ ကြားတယ်လို့ သူ့မြင်းရထားသမားက ပြောဖူးတယ်။ အဲဒီတုန်းက မစ္စတာဂျိဝက်က ဒေါ်လာလေးထောင်ပေးတယ်တဲ့'

မာတီလ်ဒါက တအံ့တသြရေရွတ်သည်။

'ကဲ...သိပြီမဟုတ်လား၊ မင်းနဲ့ ညတိုင်းအိပ်နေတဲ့ နီဂရိုးဟာ တန်ဖိုးသိပ်ကြီးတဲ့ကောင်ကွ'ဟု ဂျော့ကပြောသည်။ ချက်ချင်းသူ့မျက်နှာသည် ပြန်လည်တည်ငြိမ်သွားသည်။

'အဲဒီကောင်ပြောတာကို ငါက ယုံတယ်လို့တော့မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီခေတ်မှာ လက်သမားနီဂရိုးတွေ၊ ပန်းပဲအလုပ်သမား နီဂရိုးတွေဟာ ဈေးသိပ်ကြီးတာတော့အမှန်ပဲ။ အသက်မွေးပညာတစ်ခုခုတတ်ရင် တစ်ယောက်ကို ဒေါ်လာနှစ်ထောင် သုံးထောင်တော့ ပေးရတယ်'

ဂျော့က စာရင်းစာရွက်ကို ငုံ့ကြည့်သည်။

'အဲဒီတော့ကွာ၊ ငါ့ကို ဒေါ်လာသုံးထောင်လို့ထားပြီးတွက်၊ အားလုံးပေါင်းဘယ်လောက်ရှိပြီလဲ'

မာတီလ်ဒါက စာရင်းကိုပေါင်းကြည့်သည်။ မိသားစုတစ်စုလုံးအတွက် ဒေါ်လာခြောက်သောင်းနှစ်ထောင်ကျသည်ဟု ပြောသည်။

'အမေကစ်ဇီအတွက်ကော ဘယ်လိုလုပ်ကြမလဲ'

ဂျော့က စဉ်းစားနေသည်။

'အမေကတော့ အသက်ကြီးလှပြီပဲ။ သိပ်ကျမယ်မထင်ပါဘူး'

'ဒီနှစ်ဆိုရင် သူ အသက်ငါးဆယ်တွင်းဝင်ပြီထင်တယ်'ဟု မာတီလ်ဒါက ပြောသည်။

'အမေ့အတွက်က ဒေါ်လာခြောက်ရာထားကွာ'

ဂျော့က စက္ကူပေါ်ရွေ့လျားနေသည့် ခဲတံကို စိုက်ကြည့်နေသည်။

'ကဲ...အားလုံးပေါင်း ဘယ်လောက်လဲ'

'ဒေါ်လာ ခြောက်သောင်းရှစ်ထောင်ရှိတယ်'

'ဗျူး...နီဂရိုးတွေ ဘယ်လောက်ဈေးတန်တယ်ဆိုတာ လူဖြူတွေသိသင့်ပါတယ်ကွာ'ဟု ဂျော့က ညည်းညည်းညူညူပြောသည်။

'ငါတို့ ကုန်ခဲ့တဲ့နှစ်တွေထဲက စုလာကြရင် သိပ်ကောင်းမယ်'

ဂျော့က မာတီလ်ဒါ မျက်စိမျက်နှာပျက်နေသည်ကို သတိထားမိသည်။

မြန်မာ စာအုပ်များ

'မင့်စိတ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ငါသိပါတယ်ကွာ၊ မင်းက မစ္စမာလီဇီ၊ စစ္စတာဆာရာနဲ့ ဦးလေးပွန်ပေတို့ကိုပါ ဝယ်ချင်နေတယ်မဟုတ်လား'

မာတိလ်ဒါက သူ့စိတ်ကို ရိပ်မိသွားသော ဂျော့အား လေးစားသော မျက်နှာထား ဖြင့် ကြည့်သည်။

'ဂျော့ရယ်၊ လူတစ်ယောက်ထဲက လူတိုင်းကိုဝယ်ဖို့ဆိုတာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဒါပေမဲ့ သူတို့ကိုထားခဲ့ပြီး မသွားရက်အောင်ဖြစ်နေတယ်'

'အချိန်တွေတော့ အများကြီးရှိပါသေးတယ်ကွာ၊ စဉ်းစားကြသေးတာပေါ့'

'ဟုတ်ပါတယ်လေ၊ ဒါနဲ့နေစမ်းပါဦး၊ ဒီစိတ်ကူးကို ရှင်ဘယ်လိုရလာတာလဲ'

'ငါက သခင်နဲ့ ခရီးသွားနေရတော့ ကျွန်ဘဝကလွတ်လာတဲ့ နီဂရိုးတွေနဲ့ တွေ့ တယ်။ မြောက်ပိုင်းမှာနေကြတဲ့ လွတ်လပ်တဲ့နီဂရိုးတွေဟာ သိပ်ချမ်းသာတယ်လို့ သူတို့က ပြောကြတယ်။ ငါလည်း လွတ်လပ်သွားရင် ကိုယ်ကြိုက်ရာ အလုပ်ရှာလို့ ရနိုင်တာပဲ။ နယူးယောက်စီးတီးမှာ ကြက်တိုက်စားတဲ့ နီဂရိုးတွေ အများကြီးပဲတဲ့။ ပညာတစ်ခုခုတတ်ရင် အလုပ်ကလွယ်ပါတယ်ကွာ။ အင်း... အခုမှ သတိရတယ်။ မင့်ကိုပြောပြဖို့ တစ်ခုရှိသေးတယ်။ တို့သားသမီးတွေကို မင့်လိုပဲ စာဖတ်တတ် ရေး တတ်အောင် သင်ပေးချင်တယ်ကွာ၊ ပြီးတော့သူတို့ကို အသက်မွေးဝမ်းကျောင်းပညာ လည်း တတ်စေချင်တယ်ကွာ'

'ရှင် အခုည စဉ်းစားတာတွေအားလုံးကို ကျွန်မတို့ ဖြစ်အောင်လုပ်နိုင်ပါ့မလား ဂျော့ရယ်'

စိတ်ထိခိုက်ကာ မျက်ရည်ဝိုင်းနေသော မာတိလ်ဒါက သူ့လက်တစ်ဖက်ကို ဂျော့ ပခုံးပေါ် လှမ်းတင်ပြီး ပြောသည်။

'မင်းက ငါ့ကို စိတ်ကူးယဉ်ပြီး လျှောက်ပြောနေတယ်လို့ထင်သလား မိန်းမရယ်'

'ကျွန်မတို့ လက်ထပ်ဖို့သဘောတူခဲ့တဲ့ညက ကျွန်မရှင့်ကို ပြောခဲ့ဖူးတာ ရှင် မှတ်မိသေးလား'ဟု မာတိလ်ဒါက မေးသည်။ ဂျော့၏မျက်နှာက မမှတ်မိကြောင်း ဖော်ပြနေသည်။

'ကျွန်မ သမ္မာကျမ်းစာထဲက စာပိုဒ်တစ်ပိုဒ် ရွတ်ပြခဲ့တယ်မဟုတ်လား။ "သင်သွား လိုရာသို့ ငါလိုက်ပါမည်။ သင်နေထိုင်ရာ၌ ငါနေပါမည်။ သင့်လူများသည် ငါ့လူ များ ဖြစ်လာပါလိမ့်မည်"တဲ့။ အဲဒီစကားကို ရှင်မမှတ်မိတော့ဘူးလား ဂျော့ရယ်'

'အေးပါကွာ၊ ငါမှတ်မိတယ်ထင်ပါတယ်'

'ကျွန်မလေ ဒီနေ့ည အဲဒီစာပိုဒ်ကိုသတိရပြီး အဲဒီစာပိုဒ်ထဲက ပြောထားတဲ့ အတိုင်း ခံစားရတယ် ဂျော့ရယ်'

မြန်မာ စာအုပ်များ

[၁၀၀]

ဂျော့သည် သူ့လက်ထဲမှ ရေခွက်ကို မစ္စတာလီယာဘက်သို့ပြသည်။

'သခင့်နာမည်ကိုမှည့်ထားတဲ့ ကျွန်တော့်သားတွမ်လုပ်ထားတဲ့ ရေခွက်ပါ သခင်။ သူ့အဘွားအတွက် လုပ်ပေးထားတာပါ။ ကျွန်တော်က သခင့်ကိုပြချင်လို့ ယူလာတာပါ'

လီယာက ခွက်ကိုယူကြည့်သော်လည်း စိတ်ဝင်တစားမဟုတ်။ 'အင်း...အင်း' ဟု စိတ်မပါတပါ ရေရွတ်သည်။

'သံချေးတက်နေတဲ့ ဆူးကြိုးတွေကိုကောက်ပြီး လုပ်ထားတာပါသခင်။ ကျောက်မီးသွေး မီးဖိုနဲ့ မီးကင်ပြီး လုပ်ထားတာ။ တွမ်က လက်ရာတော့ တော်တော်မြောက်တယ်'

ဂျော့က စကားကို ဆက်မပြောတော့ဘဲ သူ့သခင်ထံမှ တုံ့ပြန်မှုကို စောင့်မျှော်သည်။ သို့သော်လည်း လီယာထံမှ ဘာသံမှထွက်မလာ။

'ဒီကောင် သိပ်တော်တယ်သခင်၊ ကျွန်တော်တို့ကတော့ တွမ်ကို ပန်းပဲပညာတတ်အောင် သင်ပေးလိုက်ရင် သိပ်ကောင်းမယ်လို့ ယုံကြည်နေကြတယ်'

မစ္စတာလီယာ၏မျက်နှာသည် သဘောမကျကြောင်းကို ဖော်ပြနေသည်။ ထို့ကြောင့် လီယာသဘောပေါက်အောင် ထပ်မံ၍ပြောမှဖြစ်မည်ဟု ဂျော့က ယူဆသည်။

'သခင့်ဆီမှာသာ ပန်းပဲတတ်တဲ့လူတစ်ယောက်ရှိရင် သခင့်မှာ ငွေကြေး အကုန်အကျ အများကြီးသက်သာမှာပါခင်ဗျာ'ဟု အစချီကာ လယ်ယာသုံး ပစ္စည်းများ၊ လှည်းဘီးများ၊ ဝင်ရိုးများ အားလုံးကို တွမ်က လုပ်ပေးနိုင်လျှင် များစွာအဆင်ပြေနိုင်ကြောင်း အကျယ်တဝင့်ရှင်းပြသည်။ မစ္စတာအက်စ်ကူး၏ နီးဂရိုးပန်းပဲသမား အီဆတ်ကဲ့သို့ ပြင်ပအပ်ထည်များကိုပါ လက်ခံပြီး ဝင်ငွေ ရအောင် လုပ်ပေးနိုင်မည်ဟု သူထင်ကြောင်း ပြောပြသည်။

ပထမတော့ လီယာက ငြင်းနေသေးသည်။ ထို့နောက် 'အေး...ငါစဉ်းစားဦးမယ်'ဟု ပြောကာ ထွက်သွားသည်။ ဂျော့သည် ဝေခွဲ၍မရသောမျက်နှာထားဖြင့် ငေးမောကျန်ရစ်ခဲ့သည်။

ထို့နောက် ငါးရက်အကြာတွင် မစ္စတာလီယာက ဂျော့အား သတင်းကောင်း တစ်ခု ပါးသည်။

'မင်းသား တွမ်ကို အက်စ်ကူးတို့ဆီမှာ ပန်းပဲပညာသင်ဖို့ လွှတ်ပေးမယ်။ ငါ အားလုံးစီစဉ်ပြီးပြီ။ မင့်သား ဟိုမှာ သုံးနှစ်သင်ရလိမ့်မယ်'

ဂျော့မှာ ဝမ်းသာလွန်းသဖြင့် ဘာပြောရမှန်းမသိ။ သူ့သခင်အား ပွေ့ချီပြီး မွှေ့ယမ်းပစ်ချင်စိတ်ပင် ဖြစ်မိသည်။ သူသည် ပါးစပ်ကို နားရွက်နှစ်ဖက် ထိလုနီးပါးမျှ ပြုံးဖြဲလုပ်ကာ သူ့သခင်အား ကျေးဇူးတင်စကားပြောသည်။

'မင်းသားဟာ မင်းပြောတဲ့အတိုင်း မှန်မှဖြစ်မယ်နော်။ မင့်စကားကို ယုံကြည်ပြီး ငါကတော့ မင့်သားကို ကောင်းကောင်းထောက်ခံပြီး မစ္စတာအက်စ်ကူးကို ပြောထားတယ်။ မင့်သားက မင်းပြောတဲ့အတိုင်းမဟုတ်ရင် ချက်ချင်းပြန်ခေါ်ရလိမ့်မယ်။ ငါယုံကြည်မှုရှိသလိုမနေဘဲ ထင်ရာလျှောက်လုပ်လို့ကတော့ ဒီကောင်မသက်သာဘူး။ မင်း ငါပြောတာ နားလည်ရဲ့လား'

'သူ သခင့်ကို မျက်နှာပျက်အောင် မလုပ်စေရပါဘူးခင်ဗျာ။ ကျွန်တော် ကတိပေးပါတယ်'

'အေး...ကောင်းပြီ၊ သူ့ပစ္စည်းတွေကိုထုပ်ပိုးပါစေ။ မနက်ဖြန်မနက်ကျရင် သူ့ကို လွှတ်ရမယ်'

'ဟုတ်ကဲ့ပါသခင်၊ သခင့်ကို ကျေးဇူးတင်ပါတယ်ခင်ဗျာ'

ကြက်ခြံထဲမှ လီယာပြန်သွားသည်နှင့် ဂျော့သည် သူ့အိမ်ဘက်သို့ ကဆုန်စိုင်းသည်။ သူ့သခင်ထံမှ ရလာခဲ့သည့် မင်္ဂလာသတင်းကို မာတီလ်ဒါနှင့် ကစ်ဇီတို့အား အားရပါးရ ပြန်ပြောပြသည်။

ဆယ်နှစ်သမီးကစ်ဇီနှင့် ရှစ်နှစ်သမီး မေရီတို့သည် တွမ်၏သတင်းကို ဝမ်းသာအားရ ဖြန့်ချီသူများဖြစ်၏။ ထိုနေ့တစ်နေ့ခင်းလုံး သူတို့သည် တွမ် သွားလေရာနောက်သို့ တကောက်ကောက်လိုက်နေကြသည်။ သူတို့အဖို့တော့ တွမ်သည် ချီးကျူးအံ့သြစရာကောင်းသည့် အစ်ကိုတစ်ယောက်ဖြစ်နေပြီ မဟုတ်ပါလား။

နောက်တစ်နေ့မနက်တွင် လှည်းနှင့်ပါသွားသောတွမ်အား မျက်စိတဆုံး မျှော်ကြည့်ကျန်ရစ်ခဲ့ကြသည့် ဇာဂျီ၊ ကစ်ဇီ၊ မစ္စတာဆာရာနှင့် မာတီလ်ဒါတို့သည် ယာခင်းထဲရောက်သွားသည့်အခါ စကားစပ်မိကြပြန်သည်။

'ဒီကောင်လေးသွားတာကိုကြည့်ပြီး ငါတို့အားလုံး မျက်ရည်စမ်းစမ်း ဖြစ်ကြရတယ်။ ဒီကောင်လေးပြန်ရောက်လာတာကို ငါတို့ မြင်မှမြင်ရဦးမလား ဆိုတာကျတော့ ဘယ်သူမှ မတွေးမိကြဘူး'ဟု ကစ်ဇီက ပြောသည်။

ထိုအခါ စစ္စတာဆာရာက...

'ဘယ်ကလာ ကောင်လေးဟုတ်တော့မလဲ၊ သူပြန်ရောက်လာရင် လူပျိုကြီးဖားဖား ဖြစ်နေပြီပေါ့ အဘွားကစ်ဇီရယ်'

[၁၀၁]

မစ္စတာလီယာ ထုတ်ပေးလိုက်သည့် အထူးခရီးသွားလာခွင့်လက်မှတ်ကို ကိုင်ဆောင်ထားသော ဇာဂျီသည် လားလှည်းတွင် မှန်အိမ်တစ်လုံးချိတ်ကာ အက်စ်ကူးခြံမှ တွမ်

မြန်မာ စာအုပ်များ

ကို ခေါ်၍ ညကြီးမင်းကြီး အိမ်သို့ပြန်လာခဲ့သည်။ အိမ်တွင် 'ကျေးဇူးတော်ပွဲ'အတွက် ညစာစားပွဲကြီး ကျင်းပလိမ့်မည်ဖြစ်ရာ ထိုညစာစားပွဲအမီ ပြန်ရောက်ရန် လားလှည်းကို နှင်လျက်ရှိသည်။ ယခုဆိုလျှင် တွမ် အိမ်နှင့်ခွဲ၍ ရပ်ဝေးသို့ ရောက်သွားခဲ့သည်မှာ ကိုးလမျှ ရှိခဲ့ပြီဖြစ်၏။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် လှည်းသည် လီယာခြံသို့ ဝင်ရာလမ်းပေါ်သို့ ရောက်လာသည်။ ကျွန်အိမ်တန်းကို လှမ်းမြင်လိုက်သောအခါ တွမ်၏မျက်လုံးအစုံတွင် မျက်ရည်များဖြင့် ပြည့်လာသည်။ သူ့အား ရပ်စောင့်နေကြသည့်လူစုကိုလည်း အဝေးမှပင် လှမ်းမြင်နေရ၏။ သူတို့ဆီမှ လက်များ ဝှေ့ယမ်းပြနေသည်ကို တွေ့ရသည်။ အော်ဟစ်နှုတ်ဆက်နေသံများလည်းကြားရ၏။ မကြာခင်မှာပင် သူသည် သူကိုယ်တိုင် လုပ်၍ ယူလာသည့် လက်ဆောင်များထည့်ထားသော အိတ်ကိုဆွဲကာ လှည်းပေါ်မှ ခုန်ဆင်းသည်။

'အမယ်လေးဟယ်၊ ထွားလာလိုက်တာ၊ လက်မောင်းကြီးတွေများ ကြီးလာလိုက်တာ၊ ကြည့်ကြပါဦး'စသော တအံ့တသြရေရွတ်သံများ ကြားရသည်။

ညီအငယ် ဂျိမ်းစ်နှင့် လီးဝစ္စတို့သည် သူ့ပခုံးပေါ် ရောက်နေကြသည်။ ဂျော့ ငယ်ကား ကြက်ခြံသို့ ရောက်နေသဖြင့် သူမတွေ့ရသေး။ အက်ရှ်ဖို့ကတော့ သခင်လီယာထံမှ ခရီးသွားခွင့်လက်မှတ်ယူကာ သူ့မိန်းကလေးမိတ်ဆွေရှိရာ ခြံတစ်ခြံသို့ အလည်သွားနေသည်ဟု လမ်းတွင် ဗာဂျီက ပြောပြခဲ့၏။

တွမ်၏မျက်လုံးများသည် နာဖျားမကျန်းဖြစ်နေသော ဦးလေးပွန်ပေဆီသို့ရောက်သွားသည်။ သူသည် ချက်ချင်းပင် ဦးလေးပွန်ပေထံသို့သွား၍ တလေးတစား နှုတ်ဆက်သည်။

ဂျော့က တွမ်အား 'မင်း လုပ်ခတွေဘာတွေ မရသေးဘူးလားကွ'ဟု မေးသည်။

'မရသေးဘူး ဖေဖေ'

'ငွေမရသေးဘူးဆိုတော့ မင်းက ဘယ်လိုပန်းပဲဆရာမျိုးလဲကွ'ဟု ဂျော့က သရော်သံဖြင့် ပြောသည်။

'ကျွန်တော်က ပန်းပဲဆရာမှမဖြစ်သေးဘဲ။ အခုမှ သင်တုန်းရှိသေးတာ'

'မင့်ဆရာ အိဆတ်ဆိုတဲ့ နီဂရိုးကိုပြောလိုက်။ မြန်မြန်တတ်အောင်သင်ပေးဖို့ ကျွန်တော့်အဖေက မှာလိုက်တယ်လို့'

'ဟုတ်ကဲ့'ဟု တွမ်က ဖြေသည်။

ဂျော့က ဦးလေးပွန်ပေအား လှမ်းကြည့်ပြီး 'ဒီနေ့ကော ဘယ်လိုလဲ နေကောင်းရဲ့လား'ဟု မေးသည်။ ပြီးတော့ တွမ်ဘက်လှည့်၍...

မြန်မာ စာအုပ်များ

'မင့်အဘိုး ဦးလေးပွန်ပေက အသက်တစ်ရာအထိနေမယ့် နီးဂရိုးကြီးကွ၊ မင်းသွားကတည်းက နေမကောင်းဖြစ်တာ သုံးကြိမ်ရှိသွားပြီ။ မိန်းမတွေက မျက်ရည်စမ်းစမ်းနဲ့ မြေမြှုပ်ဖို့လည်းအဆင်သင့်ဖြစ်ရော ပြန်ထလာပြန်ရော'

သုံးယောက်သား ဟားတိုက်၍ ရယ်ကြသည်။ အဘွား ကစ်ဇီက အသံတစာစာဖြင့် လှမ်းအော်သည်။

'ဟဲ့...ဦးလေးပွန်ပေကို ခေါ်ခဲ့ကြတော့လေ'

'ဂျိမ်းစ်နှင့် လီးဝစ္စတို့က ဦးလေးပွန်ပေ၏ ကုလားထိုင်ကို မယူပြီး စားပွဲဆီသို့ ပို့ပေးသည်။

'ဟိုမှာ ငါ့သား ကောင်းကောင်းမှစားရရဲ့လား။ မင့်ကို ဘယ်သူက ချက်ကျွေးသလဲ' ဟု မာတိလ်ဒါက မေးသည်။

'မစ္စတာအီဆတ်ရဲ့မိန်းမ မစ္စအင်မာက ချက်ကျွေးတယ်'

'သူ့အသားရောင်ကဘာလဲ'ဟု ကစ်ဇီက မေးသည်။

'အမည်းပေါ့ အဘွားရဲ့'

'အချက်အပြုတ်ကောင်းရဲ့လားကွ'ဟု ဂျော့က မေးသည်။

'မဆိုးပါဘူး ဖေဖေ'

ဦးလေးပွန်ပေက ကြားဖြတ်မေးသည်။

'မြင်းခွာ၊ မြည်းခွာတွေ ရိုက်ရပြီလား'

'ခွာတွေတော့ အဖြတ်နိုင်းတယ်၊ သံခွာတော့ အရိုက်မခိုင်းသေးဘူး'

'ခွာရိုက်ခ ဘယ်လောက်ရသလဲကွ'ဟု ဂျော့က မေးသည်။

'မြင်းခွာတစ်ဖက်ကို ဆယ့်လေးဆင့်ရတယ် အဖေရဲ့'

'မင့်ပန်းပဲအလုပ်က ကြက်တိုက်တာလောက်တော့ ရမယ်မထင်ပါဘူးကွာ' ဟု ဂျော့က ထင်မြင်ချက်ပေးသည်။

'နင့်ကြက်လောက် ငွေများများမရပေမဲ့ ပန်းပဲပညာက နင့်ကြက်တိုက်ပညာထက် ပိုပြီးအသုံးဝင်တယ်ဟဲ့'ဟု အဘွားကစ်ဇီက ဝင်ပြောသည်။

'သားတို့ ပန်းပဲဖိုကို လူဖြူတွေကော မလာကြဘူးလား'ဟု စစ္စတာဆာရာက မေးသည်။

'ဘယ်မလာဘဲနေမလဲ အဘွားရာ။ လာကြတာပေါ့'

'ဒီလိုဆိုရင် သူတို့ ထူးထူးခြားခြားဘာတွေပြောတတ်ကြသလဲ။ ငါတို့ မကြားရတဲ့ သတင်းမျိုးတွေများ ပြောကြသလားလို့ပါ'

တွမ်က စဉ်းစားနေသည်။ သူ့ဆရာအီဆတ်နှင့် အလုပ်လာအပ်သော နီဂရိုးများ ပြောဆိုနေကြသည့် စကားများကို သတိရလာသည်။

မြန်မာ စာအုပ်များ

"မြောက်ပိုင်းက ကျော်ကြားတဲ့ လူမည်းတွေအကြောင်း အများကြီးကြားခဲ့တယ်။ အဲဒီလူမည်းတွေက ကျွန်စနစ်ကိုဆန့်ကျင်တိုက်ခိုက်ကြတယ်။ မြို့တကာ နယ်တကာ သွားပြီး သူတို့အဖြစ်အပျက်တွေကို ဟောကြပြောကြတယ်။ ပြီးတော့...ဟို... ဖရက်ဒရစ်ဒေါက်ဂလတ်စ်ဆိုတဲ့ လူမည်းအကြောင်းလည်း ပြောတယ်။ အဲဒီလူမည်းက မေရီလင်းပြည်နယ်မှာ ကျွန်ကလေးအဖြစ်နဲ့ ကြီးပြင်းလာရတာ။ သူ့ဘာသာသူ စာဖတ်တတ် ရေးတတ်အောင် သင်တယ်။ နောက်ဆုံး အလုပ်လုပ်ပြီး ငွေစုတယ်။ သူ့သခင်ဆီက သူ့ကိုယ်သူပြန်ဝယ်တယ်တဲ့'

မာတီလ်ဒါက အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ဂျော့၏မျက်နှာကို လှမ်းကြည့်သည်။

'မစ္စတာဖရက်ဒရစ်ဒေါက်ဂလတ်စ် တရားဟောရင် လူတွေအများကြီး လာနားထောင်ကြတယ်တဲ့။ သူက စာအုပ်တစ်အုပ်လည်း ရေးပြီး ထုတ်တယ်။ သတင်းစာတစ်စောင်လည်း ထုတ်တယ်တဲ့'

တွမ်က စကားကိုဖြတ်ထားပြီး သူ့မိခင် မာတီလ်ဒါအား ကြည့်သည်။ 'ကျော်ကြားတဲ့ မိန်းမတွေလည်းရှိတယ် အမေရ'ဟု အစချီကာ ယခင်က ကျွန်တစ်ဦးဖြစ်ခဲ့သော လူမည်းအမျိုးသမီး ဆိုဂျာနာထရုသ်အကြောင်းပြောပြသည်။ ထရုသ်မှာ အရပ်ခြောက်ပေကျော်ကြောင်း၊ သူသည် စာမဖတ်တတ် မရေးတတ်သော်လည်း လူဖြူ လူမည်းပရိသတ် ထောင်ပေါင်းများစွာအား တရားဟောကြောင်း ပြောပြသည်။

'အဘွားကစ်ဇီက ထိုင်ရာမှ ထရပ်သည်။

'တွေ့တယ်မဟုတ်လား၊ ငါလည်း မြောက်ပိုင်းရောက်သွားရင် တရားဟောမှာပဲ။ ရှင်တို့လူဖြူတွေ နားထောင်ကြပါ။ ကျွန်မကစ်ဇီက ပြောပြချင်ပါတယ်။ ကျွန်မတို့ နီဂရိုးတွေက ဒီအဖြစ်ကို မမြင်ချင်တော့ပါဘူး။ ကျွန်မတို့က လူအချင်းချင်း ကျွန်လုပ်တာကို စိတ်ပျက်နေကြပါပြီ၊ မုန်းတီးစက်ဆုပ်နေကြပါပြီ'

'တွမ်ပြောတာက ဟိုမိန်းမရဲ့အရပ်ဟာ ခြောက်ပေကျော်တယ်တဲ့။ အမေက ပုတက်တက်နဲ့ ဖြစ်ပါ့မလားဗျာ'ဟု ဂျော့က ဝင်ပြောကာ တဟားဟားအော်ရယ်သည်။ ကစ်ဇီက ဂျော့အား မျက်စောင်းတစ်ချက်ခဲကာ ပြန်ထိုင်ချလိုက်သည်။

'နောက်တစ်ယောက်က 'ဟာရီယက်တပ်ဘ်မင်း'တဲ့။ သူကတော့ တောင်ပိုင်းကို အကြိမ်ပေါင်းမရေမတွက်နိုင်လောက်အောင် ပြန်ပြန်သွားပြီး ကျွန်တော်တို့လို လူမည်းတွေကို အစုလိုက်အပြုံလိုက် တိတ်တိတ်လေးခိုးထုတ်ပြီး မြောက်ပိုင်းကို ပို့ပေးတယ်တဲ့။ အခုဆို လူဖြူတွေက သူ့ကိုဖမ်းမိရင် ဆုတော်ငွေ ဒေါ်လာလေးသောင်း ပေးမယ်လို့ ကြေညာထားသတဲ့ဗျ'

နောက်ဆုံးတွင် တွမ်က မြောက်ပိုင်းကို ကျွန်စနစ်နှင့်ပတ်သက်၍ စတီဖင် ဒေါက်ဂလတ်စ်နှင့် အေဘရာဟင်လင်ကွန်းဟုခေါ်သော လူဖြူနှစ်ယောက် စကား စစ်ထိုးကြသည်ဟု ပြောသည်။

'ဘယ်လူဖြူက နီးဂရိုးတွေဘက်က ပြောသလဲဟဲ့'ဟု အဘွားကစ်ဇီက မေးသည်။

'မစ္စတာလင်ကွန်း အဘွားရဲ့'

'သူ့ကို ဘုရားသခင်က ကောင်းချီးပေးပါစေတော်'

ဂျော့က ထိုင်ရာမှထပြီး တွမ်အား လှမ်းခေါ်သည်။

'ဟော့...တွမ်၊ ငါတို့ခြေထောက်တွေ အညောင်းဆန့်ကြရအောင်'

'ဟုတ်ကဲ့ ဖေဖေဟု ပြောကာ တွမ်က သူ့အဖေနောက်မှ ထလိုက်လာသည်။

လမ်းလျှောက်ရင်း ဂျော့က သူ့သားအား ပြောစရာရှိသမျှပြောသည်။ မေးစရာ ရှိသမျှကို မေးသည်။ အထူးသဖြင့် ငွေကြေးအကြောင်းမေးသည်။

တွမ်ကလည်း နောက်နှစ်အနည်းငယ်လောက်တော့ လုပ်ခရဦးမည်မဟုတ်ဟု ပြောသည်။ သူပန်းပဲပညာတတ်သည့်အခါတွင်လည်း မစ္စတာလီယာအတွက် အလုပ်လုပ် ပေးရဦးမည်ဖြစ်ကြောင်း၊ မစ္စတာလီယာက ထိုက်သင့်သည့်လုပ်ခ ပေးလာလျှင်တော့ ငွေများများရနိုင်စရာရှိကြောင်း ရှင်းပြသည်။

'သခင်လီယာကလည်း မင့်ကို ပေးမှာပါကွာ'ဟု ဂျော့က ပြောသည်။

''ဒါနဲ့ ဟိုမှာ မစ္စတာအက်စ်ကူးက ပန်းပဲဆရာနီဂရိုးကို လုပ်ခဘယ်လောက် ပေးသလဲ'

'တစ်ပတ်ကို တစ်ဒေါ်လာပေးတယ်လို့ပြောတယ် အဖေ'

သားအဖနှစ်ယောက်သည် အတန်ကြာမျှ ငြိမ်ဆိတ်စွာလျှောက်နေကြသည်။ ထို့နောက် အဖေကပင် စ၍ပြောသည်။

'မင်းရတဲ့ငွေကိုစုပြီး ကိုယ့်ဘာသာကိုယ် ပြန်ဝယ်မယ်လို့များ စိတ်မကူးမိဖူးလား'

တွမ်သည် ဆတ်ခနဲဖြစ်သွားသည်၊

'မင်းညီမလေး ကစ်ဇီမွေးပြီး တစ်ညမှာ အဖေ မင့်အမေနဲ့ ဒီကိစ္စ တိုင်ပင်ဖူးတယ်။ တို့မိသားစုတစ်စုလုံး ပြန်ဝယ်ဖို့အတွက် ငွေ ဒေါ်လာခြောက်သောင်းရှစ်ထောင်လောက် လိုမယ်တဲ့'

'ဂျီး'ဟု ရေရွတ်ကာ တွမ်က ခေါင်းယမ်းသည်။

'ငွေကတော့ သိပ်များတယ်ကွ၊ ဒါပေမဲ့ အဲဒီအချိန်ကစပြီး မင့်အမေ ငွေစုလာ ခဲ့တာ အခုဆိုရင် ဒေါ်လာတစ်ထောင်ကျော်သွားပြီ။ အဖေနဲ့အမေ နှစ်ယောက်တည်း ပဲ သိတယ်။ မင်းဟာ အဖေ ပထမဦးဆုံး အသိပေးတဲ့လူပဲ။ မင့်အမေက သူစုထား တဲ့ ငွေကို အိုးတစ်လုံးထဲထည့်ပြီး တဲနောက်ဖေးဘက်မှာ မြှုပ်ထားတယ်'

မြန်မာ စာအုပ်များ

ဂျော့က တွမ်အား တစ်ချက်လှမ်းကြည့်သည်။

'အဲဒါပဲ ငါ့သား၊ မင့်ကို အခုဖွင့်ပြောလိုက်ပြီ။ မင်းလည်းစဉ်းစား'

'ဟုတ်ကဲ့ပါအဖေ၊ ကျွန်တော်လည်းစုပါ့မယ်'

'လာမယ့် ကြက်ပွဲရာသီတွေမှာ အဖေ ဒေါ်လာသုံးလေးရာစီလောက်တော့ စုမိမယ်။ မင်းပြန်ရောက်လို့ ပန်းပဲလုပ်ရင် ငွေရမှာဆိုတော့ ပိုပြီးရလာနိုင်မယ်'

'ဟုတ်တယ်အဖေ၊ အဲဒါဆိုရင်လည်း အမေ့အနေနဲ့ တစ်နှစ်ကို ဒေါ်လာငါးရာ ခြောက်ရာတော့ မြှုပ်နိုင်မှာပါ'

'အေးပေါ့ကွ၊ အဲဒါဆိုရင် တို့လိုတဲ့ငွေ ဘယ်နှစ်နှစ်ကြာမှ ပြည့်မလဲဆိုတော့ကာ… နေဦး၊ ငါတွက်ကြည့်ဦးမယ်'

သားအဖနှစ်ယောက် လက်ချောင်းများချိုး၍ တွက်ကြသည်။ တစ်ခဏမျှအကြာတွင် တွမ်က "ဆယ့်ငါးနှစ်လောက်ကြာမယ် အဖေရ'ဟု ပြောသည်။

'မင်း အဲသလို မြန်မြန်တွက်တတ်အောင် ဘယ်ကသင်လာသလဲ။ ကဲပါလေ အဲဒါထားပါတော့၊ အဖေ့စိတ်ကူးကို မင်းဘယ်လိုသဘောရသလဲ။ တို့သားအဖ စုလိုက်ရင် ရမှာပါကွာ'

နှစ်ဦးစလုံး စိတ်လှုပ်ရှားနေကြသည်။ ဂျော့က သူ့သား၏ဖခုံးကိုဖက်၍ လာလမ်းအတိုင်း ပြန်လှည့်သည်။ အဝေးမှ အော်သံ…။

'တွမ်ရေ… ဟေးတွမ်'

သူတို့ထံ အပြေးအလွှားလာနေသည့် ဂျော့ငယ်။ အနီးသို့ရောက်သောအခါ တွမ်၏လက်များကို ဆုပ်ဆွဲထားသည်။ မောနေသဖြင့် သူ့ရင်အုံသည် လှိုင်းထလျက် ရှိ၏။ 'ငါ…သိပ်ဝမ်းသာ…တာပဲကွာ'ဟု အမောတကောပြောသည်။

'ဖြည်းဖြည်းလုပ်ပါ ငါ့သားရယ်'ဟု ဂျော့က ပြောသည်။

'ညစာဆီရောက်အောင်သွားဖို့ အားမရှိတော့ဘဲ ဖြစ်သွားလိမ့်မယ်'

'ဟော့…ဂျော့၊ မင်းပြန်သွားပြီး စားစရာရှိတာ စားနှင့်'ဟု တွမ်က ပြောသည်။

"ငါ အဖေနဲ့ စကားပြောစရာရှိသေးတယ်။ ပြီးတော့မှ လိုက်လာခဲ့မယ်'

ဂျော့ငယ်က သူတို့အပါးမှ ပြေးထွက်သွားသည်။ တွမ်တို့သားအဖသည် ဂျော့ငယ် မျက်စိအောက်မှ ပျောက်သွားသည်အထိ ရပ်ကြည့်နေကြသည်။

ထို့နောက် ဂျော့က ပြောသည်။

'တို့အနေနဲ့ တို့မိသားစု ကျွန်ဘဝကလွတ်မြောက်ဖို့ ဆယ့်ခြောက်နှစ် ကြာလိမ့်မယ်လို့ တွက်ထားကြတာပေါ့ကွာ'

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

[၁၀၂]

ကြက်ကလေးဂျော့၏ ဘဝတစ်သက်တာတွင် လုံးဝမေ့မရနိုင်သည့် ဖြစ်ရပ်တစ်ခု ရှိသည်။ ၁၈၅၅ ခုနှစ် နိုဝင်ဘာလကုန်ခါနီးလောက်တွင် အင်္ဂလန်နိုင်ငံမှ လူချမ်းသာ ကြက်သမားတစ်ယောက်သည် မျိုးကောင်းမျိုးသန့် တိုက်ကြက်အကောင် သုံးဆယ်နှင့် အတူ ပင်လယ်ပြင်ကြီးကိုဖြတ်၍ မစ္စတာဂျိဝက်၏ ဧည့်သည်တော်အဖြစ် ဆိုက်ရောက် လာလိမ့်မည်ဟု သတင်းထွက်လာသည်။ ထိုပုဂ္ဂိုလ်နှင့် ပါလာမည့် တိုက်ကြက်များသည် ရှေးအင်္ဂလိပ်တိုက်ကြက် အကျော်အမော်များမှ ဆင်းသက်လာသော တိုက်ကြက်ကောင်း များအဖြစ် ထင်ရှားကျော်ကြားလျက်ရှိ၏။

အင်္ဂလိပ်အမျိုးသား၏အမည်မှာ ဆာစီ၊ အီရစ်ရပ်ဆဲလ်ဖြစ်သည်။ သူ့ထံသို့ မစ္စတာဂျိဝက်က အမေရိကန်ပြည်ထောင်စုမှ အကောင်းဆုံးကြက်များနှင့် လာရောက်၍ တိုက်ရန် စာရေးပြီးဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မစ္စတာဂျိဝက်နှင့် ဆာစီ၊အီရစ်ဆဲလ်တို့ မှာ မိတ်ဟောင်းဆွေဟောင်းများဖြစ်သဖြင့် သူတို့ကြက်ချင်းတိုက်မည်ဟု ရည်ရွယ်ခြင်း မရှိ။ သူတို့နှစ်ဦးပေါင်း၍ ကြက်အကောင်နှစ်ဆယ် ရွေးထားမည်။ အကောင်နှစ်ဆယ်ဖြင့် တစ်ဖက်ကြက်ပိုင်ရှင်များ၏ ထိပ်ဆိုသည့် ကြက်အကောင် လေးဆယ်နှင့် ယှဉ်ပြိုင် မည်။ အစိကလောင်းကြေးကို ဒေါ်လာ ၃၀၀၀ သတ်မှတ်ပြီး ဘေးလောင်းကြေးကို အနည်းဆုံး ဒေါ်လာ ၂၅၀ ရှိမည်ဟုသတ်မှတ်သည်။ ဤဘက်မှ သူဌေးကြက်သမား တစ်ဦးက တာဝန်ယူ၍ တိုက်ပွဲဝင်မည့် ဒေသခံကြက်အကောင်လေးဆယ် ရွေးချယ် ထားရမည်။ ရွေးချယ်သည့်အခါ ဒေသခံ နာမည်ကြီး ကြက်ပိုင်ရှင်တစ်ဦးလျှင် ကြက် ငါးကောင်သာ ပါဝင်ခွင့်ပြုမည် စသည်ဖြင့် စည်းကမ်းချက်များ ချမှတ်ထားသည်။

ဤကဲ့သို့သော ပွဲကြီးပွဲကောင်းမျိုးနှင့်ကြုံလာလျှင် လက်လွှတ်မခံနိုင်သူမှာ မစ္စတာ လီယာ ဖြစ်သည်။ သူသည် ကျသင့်သည့်လောင်းကြေး စရန်ငွေ ၁၈၇၅ ဒေါ်လာကို ချက်ချင်းထည့်ဝင်သည်။ ထို့နောက် ဂျော့အား 'ကြက်ငါးကောင်ကို လေ့ကျင့်ပေးဖို့ သီတင်းခြောက်ပတ်ရတယ်'ဟု ပြောသည်။ ဂျော့ကလည်း သူ့အပြင်းအထန် အပင်ပန်း ခံ၍ လေ့ကျင့်ပေးမည်ဟုဆိုသည်။

သီတင်းခြောက်ပတ်အတွင်း ကြက်ကလေးဂျော့နှင့် လီယာတို့သည် ကြက်ခြံ၌သာ အချိန်ကုန်ကြသည်။ ကျွန်အိမ်တန်းမှ လူများသည်လည်း စားဖိုမှူး မစ္စမာလီဒီ ထံမှ သတင်းအမျိုးမျိုးကြားလာကြရ၏။ သခင်လီယာက ဘဏ်မှ ဒေါ်လာငါးထောင် ထုတ်ကြောင်း၊ ထိုငွေသည် သူတို့စုဆောင်းထားသည့်ငွေ၏ တစ်ဝက်မျှရှိသဖြင့် မစ္စက် လီယာက မစ္စတာလီယာအား ဆူနေကြောင်း၊ ငွေအများကြီး ချမ်းသာသူများနှင့်ပြိုင်၍

ကြက်ပွဲကို ဝါသနာမကြီးသင့်ဟု မစ္စက်လီယာက ဆူပူပြောနေကြောင်း၊ မစ္စတာလီယာက လည်း 'နင့်နဲ့မဆိုင်ဘူး၊ ဒါ ငါ့အလုပ်၊ နင့်အလုပ်နင်လုပ်၊ နင့်ပါးစပ်ကိုပိတ်ထား'ဟု ပြောကြောင်း စသည့် သတင်းများဖြစ်သည်။

မစ္စမာလီဇီ ပြောသမျှကို မျက်နှာမသာမယာဖြင့် နားထောင်နေကြသူများမှာ မာတိလ်ဒါနှင့် သူ့သား တွမ်တို့ ဖြစ်သည်။ တွမ်မှာ အသက်နှစ်ဆယ့်နှစ်နှစ်မျှရှိနေပြီ ဖြစ်၏။ သူသည် လွန်ခဲ့သော လေးနှစ်ကပင် အိမ်ပြန်ရောက်လာပြီး ဂိုဒေါင်နောက်ဘက်၌ ပန်းပဲဖိုတည်ကာ မစ္စတာလီယာ၏ ဖောက်သည်များ အပ်နှံသည့် အလုပ်များကို လက်ခံလုပ်ကိုင်ပေးနေပြီဖြစ်၏။

မာတိလ်ဒါသည် သူ့သားတွမ်အား အဖြစ်မှန်ကို ဖွင့်ပြောခဲ့သည်။ ကြက်ကလေးဂျော့က မိမိစုထားသည့် ဒေါ်လာနှစ်ထောင်ကို အတင်းအဓမ္မ တောင်းယူသွားကြောင်း၊ ထိုငွေဖြင့် မစ္စတာလီယာ၏ ကြက်များဘက်မှ လောင်းလိမ့်မည်ဖြစ်ကြောင်း ပြောပြသည်။ မာတိလ်ဒါသည် အကြောင်းအမျိုးမျိုးပြကာ ဂျော့အား တားမြစ်ခဲ့၏။ သို့သော်လည်း အရူးတစ်ယောက်လိုဖြစ်နေသည့် ဂျော့က လုံးဝနားမဝင်။ ဤအကြောင်းများကို မာတိလ်ဒါက သူ့သားတွမ်အား ဝမ်းနည်းပက်လက် ငိုယိုပြီးပြောပြခဲ့သည်။

'ကြက်ပွဲမှာရှုံးရင် ငွေကို အစကပြန်စုရတော့မှာလို့ အမေက မပြောဘူးလား' ဟု မေးသည်။

'ဘယ်မပြောဘဲနေမလဲ ငါ့သားရယ်။ အမေတို့မိသားစုလွတ်လပ်ရေးကို အလောင်းအစား မလုပ်သင့်ပါဘူးလို့ပြောတာမရဘူး။ သူ့ကြက်တွေ မရှုံးဘူးတဲ့။ သူ့ကြက်တွေ အကြောင်း အကောင်မပေါက်ခင် ဥဘဝကတည်းက သိလာခဲ့တာတဲ့။ နိုင်မှာသေချာတယ်တဲ့။ နိုင်ရင် သူ အခုယူသွားတဲ့ငွေထက် နှစ်ဆဖြစ်လာမှာတဲ့။ နင့်အဖေ ရူးနေပြီ'

ကြက်တိုက်ပွဲကြီးစဖို့ တစ်ပတ်အလိုတွင် မစ္စတာလီယာသည် မြင်းနှင့်ထွက်သွားသည်။ သူပြန်လာသည့်အခါ ဆွီဒင်နိုင်ငံလုပ် အကောင်းဆုံး သံမဏိအတက်ခြောက်စုံ ပါလာသည်။ ကြက်ပွဲမစမီ နှစ်ရက်အလိုတွင် သူတို့ရွေးချယ်လေ့ကျင့်ပေးထားသည့် ကြက်ရှစ်ကောင်အား ခြေစမ်းပွဲပြုလုပ်ကြည့်ကြသည်။ ဘယ်အကောင်အကောင်းဆုံးဟုပြောရန် ခက်ခဲနေကြသည်။ ထို့ကြောင့် မစ္စတာလီယာက ကြက်ရှစ်ကောင်စလုံးကို ယူရန် ဆုံးဖြတ်သည်။ နောက်ဆုံးချိန်ကျမှ ယင်းရှစ်ကောင်ထဲမှ ထပ်မံရွေးချယ်မည်ဟု ဆိုသည်။

နောက်တစ်နေ့ည သန်းခေါင်ယံတွင် ခရီးစထွက်သည်။ သို့မှသာလျှင် ကြက်ပွဲသို့ စောစောရောက်ပြီး ကြက်ပွဲမစမီ လူရောကြက်တွေပါ အချိန်ယူ၍ ကောင်းကောင်းအားမွေးနိုင်မည်ဟုလည်း မစ္စတာလီယာက ဂျော့အား ပြောသည်။

ညခရီးသည် ရှည်လျားသော်လည်း ထူးထူးခြားခြားဘာမျှမဖြစ်။ ဂျော့သည် လားလှည်းမှ မီးအိမ်ကိုကြည့်ကာ အတွေးရေယဉ်ကြောတွင် မျောပါလာသည်။ မိမိတို့စုဆောင်းထားသော ငွေနှင့်ပတ်သက်၍ မာတိလ်ဒါသည် များစွာစိတ်ထိခိုက်ခဲ့ရှာ၏။ သူ့အနေဖြင့် ဤမျှလောက်ရဖို့အတွက် နှစ်ပေါင်းများစွာ ခြိုးခြံချွေတာခဲ့ရသည် မဟုတ်ပါလော။ သို့သော်လည်း ငွေတိုးပွားရေးကျတော့ မာတိလ်ဒါထက် သူက ပို၍နားလည်သည်ဟုထင်၏။ မည်သို့ပင်ဖြစ်စေ ဖွတ်အတင်းယူခဲ့ရသည့်အတွက်တော့ စိတ်မကောင်းဖြစ်မိသည်မှာအမှန်။ သူ့လိုပင် သူ့သခင်လီယာသည်လည်း သူ့မိန်းမနှင့် စကားများကြသည်ဟု သိထားရ၏။ ဤအဖြစ်မျိုးသည် အိမ်ထောင်တိုင်းတွင် ရှိတတ်ကြသဖြင့် မိမိအနေဖြင့် စိတ်မကောင်းဖြစ်စရာမလိုဟု တွေးမိ၏။ သို့သော် မျက်ရည်ဖြိုင်ဖြိုင်ကျကာ 'ဂျော့ရယ်၊ ကျွန်မတို့ လွတ်မြောက်ရေးကို အလောင်းအစားမလုပ်ပါနဲ့'ဟု ပြောနေသည့် မာတိလ်ဒါ၏ အသံကိုကား မေ့၍မရ။ မကြာခဏ နားထဲတွင် ကြားယောင်နေမိ၏။

မိမိတို့စုဆောင်းရရှိထားသည့်ငွေနှင့်ပတ်သက်၍ သူ့သခင်လီယာနှင့် သက်ရှင်းခဲ့ရသည့်အဖြစ်ကိုလည်း သူသတိရပြန်သည်။ သူ့သခင်က သူ့အား ယုံကြည်စိတ်ချစွာဖြင့် နောက်ထပ် ငွေလိုနေသေးကြောင်း၊ မျက်နှာကြီးများကိုသာ လူထင်တတ်သည့် သူဌေးများရှေ့တွင် ငွေများများကို အနိုင်လောင်းကစားလိုကြောင်း ဖွင့်ပြောခဲ့၏။ ထိုအခါ သူက ကျွန်တော့်မှာ ဒေါ်လာနှစ်ထောင် စုမိထားတာတော့ရှိတယ်။ သခင်လိုချင်ရင် ယူသုံးပါ'ဟု အကြံပြုခဲ့မိသည်။ ဤတွင် လီယာက သူ့လက်ကိုဆွဲ၍ 'ဟော့ကောင်ဂျော့၊ မင့်ငွေနှစ်ဆဖြစ်လာအောင် ဘေးကလောင်းပေါ့ကွာ'ဟု ပြောသည်။ ထို့နောက် တစ်ခဏမျှ ငြိမ်နေပြီး မယုံသင်္ကာစိတ်ဖြင့် သူ့အားမေးသည်။

''နေစမ်းပါဦး၊ မင်းနိုင်လို့ ငွေလေးထောင်ရလာရင် ဒီငွေတွေနဲ့ မင်းက ဘာလုပ်မလို့လဲ'

'ကျွန်တော့်အပေါ် မကောင်းတော့မထင်ပါနဲ့သခင်၊ ကျွန်တော်တစ်ခုပြောပါရစေ၊ ကျွန်တော်တို့ သခင့်အပေါ် မကောင်းစိတ်မထားပါဘူး။ ဒါပေမဲ့ ညတစ်ညမှာ ကျွန်တော်တို့ဇနီးမောင်နှံ မိသားစုတစ်စုလုံးကို သခင့်ဆီက ငွေစုပြီး ပြန်ဝယ်ဖို့ ပြောမိကြပါတယ်။ အဲဒါနဲ့ပဲ...'

ဂျော့က အံ့အားသင့်နေသော လီယာ၏ မျက်နှာကို တစ်ချက်ခိုးကြည့်သည်။

'ကျွန်တော်တို့ကို အထင်တော့မလွဲပါနဲ့သခင်'

သို့သော်လည်း သခင်လီယာ၏ တုံ့ပြန်မှုသည် ဂျော့ ထင်ထားသလိုမဟုတ်။

'လူကလေးရယ်၊ ကြက်တိုက်တဲ့အလုပ်နဲ့ပတ်သက်လို့ ငါ့စိတ်ထဲမှာရှိနေတာကို ငါ ဖွင့်ပြောချင်တယ်။ ငါ့အနေနဲ့ အခုပွဲကို ငါ့ရဲ့နောက်ဆုံးပွဲလို့ စိတ်ထဲက ပိုင်း

မြန်မာ စာအုပ်များ

ဖြတ်ထားတယ်။ ငါဟာ ခုဆို အသက် ခုနှစ်ဆယ့်ရှစ်နှစ် ရှိသွားပြီကွဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးဆယ်အတွင်းမှာ ငါဟာ ဒီကြက်တိုက်တဲ့အလုပ်နဲ့ပဲ အချိန်တွေကုန်ခဲ့ရတာ။ ကြာလာတော့လည်း ငြီးငွေ့လာတယ်။ ဒီပွဲမှာ ပွဲလောင်းကြေးရော ဘားလောင်းကြေးရော နိုင်တယ်ဆိုရင် ငါစိတ်ကူးထားတာက ငါတို့ဇနီးမောင်နှံနေဖို့ အိမ်သစ်တစ်လုံး ဆောက်မယ်။ တစ်ချိန်က ငါစိတ်ကူးယဉ်ခဲ့ဖူးတဲ့ အိမ်ကြီးမျိုးမဟုတ်ပါဘူး။ အိပ်ခန်း ငါးခန်း၊ ခြောက်ခန်း လောက်သာရှိတဲ့ အိမ်မျိုး။ ပြီးတော့ ငါ့အနေနဲ့ ကျွန်တွေလည်း အများကြီးထားချင်စိတ် မရှိတော့ပါဘူး။ ဆာရာနဲ့ မာလီဇီတို့ နှစ်ယောက်ဆိုရင် လုံလောက်မှာပါ။ ဘဏ်မှာလည်း ငွေအထိုက်အလျောက်ထားပြီး နေသွားနိုင်ရင် ငါတို့ လုံလောက်နေပါပြီကွာ'

ကြက်ကလေးရျော့သည် မစ္စတာလီယာ၏စကားကို နားထောင်ကာ အသက် ရှုပင် မှားလျက်ရှိ၏။

'အဲဒီတော့ ငါ ဘယ်လိုစိတ်ကူးထားတယ်ဆိုတာ လူကလေးကို ပြောပြမယ်။ မင်းတို့အားလုံးဟာ ငါ့အတွက် ကောင်းကောင်းလုပ်ကိုင်ပေးခဲ့ကြပါတယ်။ ငါ့ကို ဒုက္ခမပေးခဲ့ကြဘူး။ ဒါ့ကြောင့် အခုပွဲမှာအနိုင်ရရင် မင့်ငွေ ဒေါ်လာနှစ်ထောင်ဟာ လေးထောင်ဖြစ်လာမယ်။ ဟိုတစ်ခါတုန်းက ဂျိုဝက်ဆိုတဲ့သူဌေးကောင်က မင်းကို ဒေါ်လာလေးထောင်ပေးပြီး ဝယ်ခဲ့ဖူးတယ်။ ငါ မင့်ကို ဖွင့်မပြောခဲ့ဘူး။ မင်းတို့ သိပ်ပြီး လွတ်မြောက်ချင်နေတယ်ဆိုရင်လည်း အဲဒီ ဂျိုဝက်ပေးခဲ့တဲ့ ဈေးအတိုင်း ဒေါ်လာ လေးထောင်သာပေးပါ။ ငါမင်းတို့မိသားစုတစ်စုလုံးကို လွတ်မြောက်ခွင့် ပေးလိုက်ပါ့ မယ်ကွာ'

လီယာ၏စကားများကို နားထောင်ကာ ရျော့သည် မျက်ရည်များ စို့လာသည်။ သူသည် လီယာအားဖက်ရန် လက်လှမ်းလိုက်သည်။ လီယာက အဖက်မခံ။ ဘေးသို့ ဖျတ်ခနဲ ရှောင်လိုက်သည်။

'သခင်ဘာတွေပြောနေတာလဲ၊ ကိုယ်ဘာပြောနေတယ်ဆိုတာ သခင် သတိထား မိရဲ့လား။ ကျွန်တော်တို့ သိပ်ပြီးလွတ်မြောက်ချင်နေတယ်လို့ သခင် ထင်နေသလား ခင်ဗျာ'

'အေးလကွာ၊ မင်းတို့ နီဂရိုးကောင်တွေက မင်းတို့ကို အထိန်းအအုပ်ရှိတာ မကြိုက်ကြဘူး။ သိပ်ကို လွတ်လပ်ချင်နေကြတာပဲမဟုတ်လား။ ငါ မင်းတို့ကို ဒီငွေ လောက်နဲ့ လွှတ်လိုက်ရင် ငါ့မိန်းမက ငါ့ကို ဘယ်လောက် ဆူလိုက်ပူလိုက်မယ် ထင်သလဲ။ မင်းစဉ်းစားကြည့်လကွာ။ မင့်သား ပန်းပဲသမားတွမ်ဆိုရင် ငယ်ငယ်ပဲ ရှိသေးတယ်။ ဘယ်လောက်တန်မယ်ထင်သလဲ။ ဒေါ်လာ နှစ်သောင်းငါးထောင်လောက် တော့ ကောင်းကောင်းတန်တယ်ကွ'

မစ္စတာလီယာက ဂျော့အား ခပ်ကြမ်းကြမ်းဆောင့်တွန်းလိုက်သည်။

'ဖယ်စမ်း…ဟေ့ နိဂရိုးကောင်၊ မင်းတို့ကို ဒီလောက်နဲ့လွှတ်ပေးတာ ငါအရှုံးမို့ပေါ့ကွ။ မင်းမိန်းမနဲ့ မင့်အမေက ငါ့ကို မကောင်းဘူးလို့ထင်နေတယ်မဟုတ်လား။ အေး…အခုလို လုပ်ပေးလိုက်ရင် သူတို့ထင်ထားသလို ငါ မဆိုးဘူးဆိုတာ သိမှာပေါ့ကွာ'

'မဟုတ်ပါဘူးသခင်၊ ကျွန်တော်ပြောတာက အဓိပ္ပာယ်တစ်မျိုးပါ။ ကျေးဇူးတင်ပါတယ် ခင်ဗျာ။ သခင်အခုလိုပြောတာ ကျေးဇူးတင်ပါတယ်'

ပြောပြောဆိုဆို ဂျော့သည် လီယာ၏အနီးမှခွာ၍ နောက်သို့ဆုတ်လာသည်။ မစ္စတာလီယာကလည်း သူ့အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။

ဤအဖြစ်နှင့် ကြုံခဲ့ရပြီးနောက်တွင် မစ္စတာလီယာ၏စကားကို သူ့မိန်းမနှင့် မိခင်တို့အား ဖွင့်ပြောသင့်မပြောသင့် ချိန်ဆသည်။ ယခုချက်ချင်းတော့ ဖွင့်ပြော၍ မဖြစ်သေး။ အချိန်တန်မှ ပြောမည်ဟု ဆုံးဖြတ်သည်။ သို့သော် ယင်းလျှို့ဝှက်ချက်ကို သူ့သားတွမ်အား အသိပေးမိတော့မလိုဖြစ်ခဲ့ရသည်မှာ အကြိမ်ပေါင်းမနည်း။ တွမ်သည် မအေနှင့်ရော ဘွားအေနှင့်ပါ နီးစပ်သူဖြစ်သည်။ တွမ် နှုတ်မလုံခဲ့သည်ရှိသော် ဤကိစ္စကို စစ္စတာဆာရာ၊ မစ္စမာလီဇီနှင့် ဦးလေးပွန်ပေတို့ပါ သိကုန်ကြလိမ့်မည်ဖြစ်၏။ ထို့ကြောင့်လည်း သူသည် တိုက်ကြက်ရှစ်ကောင်ကိုတင်၍ သူ့သခင်လီယာနှင့်အတူ ကြက်ပွဲသို့ ထွက်လာချိန်အထိ ဤလျှို့ဝှက်ချက်ကို သူ့ရင်ထဲမှာပင် မြှုပ်နှံထားခဲ့သည်။

သူတို့နှစ်ဦး၏မြင်းကွင်းထဲသို့ ကြက်တိုက်ကွင်း ဝင်လာသည့်အခါတွင်မူ မိုးလင်းနေပြီ။ ကြက်တိုက်ကွင်းနှင့်ဆက်လျက် တစ်ဖက်သောမြက်ခင်းပြင်ကြီးထဲ၌မူ မြင်းလှည်း၊ လားလှည်း အရွယ်အစားအမျိုးမျိုးနှင့် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည့် ကြက်ပွဲလာပရိသတ်များ။

'တွမ်လီယာ'

လှည်းပေါ်မှ ဆင်းလာသော သူ့သခင်အား ဆင်းရဲသား လူဖြူများက ဆူညံစွာ အော်ဟစ်နှုတ်ဆက်ကြသည်။ လီယာက ရင်းနှီးဖော်ရွေစွာဖြင့် ပြန်လည် နှုတ်ဆက်နေသည်ကိုလည်း ဂျော့မြင်နေရ၏။

ဂျော့သည် လှည်းပေါ်မှ မဆင်းနိုင်သေး။ လုပ်စရာရှိသည်များကို လုပ်လျက်ရှိသည်။ သူ၏မိတ်ဆွေဟောင်း နိဂရိုးကြက်သမားတစ်ဦးရောက်လာပြီး သူ့အား နှုတ်ဆက်သည်။ အလွန်ခရီးကွာဝေးသော ဖလော်ရီဒါပြည်နယ်လို ဒေသများမှ ကြက်သမားများပင် လာကြကြောင်း သတင်းပေးသွားသည်။ ပွဲကြည့်ပရိသတ်မှာ ယခင်က ကြုံခဲ့ရဖူးသည့် ပွဲများထက် နှစ်ဆခန့်ရှိနေသည်ကိုမူ ဂျော့သတိထားမိ၏။

ဒိုင်လူကြီးသုံးဦး ရောက်လာပြီး စည်းဝိုင်းတားခြင်း၊ တာလွှတ်မျဉ်းဆွဲခြင်း စသည်များ ပြုလုပ်ကြသည့်အခါ ပရိသတ်က ဆူညံစွာသြဘာပေးကြသည်။ ပွဲအတွင်းသို့

ပြိုင်ပွဲဝင် ကြက်သမားတစ်ယောက်ဝင်လာတိုင်း ပရိသတ်၏ဩဘာသံသည် တစ်ခဲနက် ထွက်ပေါ်လေ့ရှိ၏။ အထူးသဖြင့် ဤကြက်ပွဲကို ဦးစီးဦးဆောင်ပြုသူ မစ္စတာဂျိဝက်နှင့် ရပ်ဆဲလ်တို့ ရောက်လာသည့်အခါ ပရိသတ်၏ ဩဘာပေးသံသည် ပို၍ဆူညံသည်။

'ငါ့တစ်သက်မှာ အင်္ဂလိပ်လူမျိုးကို တစ်ခါပဲမြင်ဖူးတယ်'ဟူသော လူဖြူဆင်းရဲသား တစ်ဦး၏ပြောသံကို ဂျော့ကြားသည်။ အင်္ဂလိပ်လူမျိုး ချမ်းသာကြွယ်ဝကြောင်း ပြော နေသံကိုလည်း ကြားနေရ၏။ သူပိုင်ဆိုင်သော မြေများနှင့် ပစ္စည်းဥစ္စာများမှာ အင်္ဂလန် နိုင်ငံ၌သာမက စကော့တလန်နိုင်ငံနှင့် ဂျာမေကာ ကျွန်း၌ပါရှိကြောင်း ပြောဆိုနေသံ များကိုလည်း သူကြားနေရသည်။ ထို့နောက် မစ္စတာဂျိဝက်က သူ့မိတ်ဆွေအပေါင်း အသင်းများကြား၌ သူ့ဧည့်သည် အချိန်မရွေး၊ နေရာမရွေး၊ ပုဂ္ဂိုလ်မရွေး သူ့ကြက်များနှင့် ယှဉ်ပြိုင်ဖို့ အသင့်ရှိကြောင်း ဂုဏ်ယူဝင့်ကြွားစွာပြောနေသည့်အသံ။

ထို့နောက်တော့ ပထမပွဲစဉ် ကြေညာသံ။

'ပီလျံတောင်းမြို့က မစ္စတာဖရက်ရှဒေါ့ဖ်ရဲ့ ကြက်နီနဲ့ အင်္ဂလန်နိုင်ငံမှ ဆာစီ အီရစ် ရပ်ဆဲလ်ရဲ့ကြက် မီးခိုးရောင်ပြောက် ပွဲစပါတော့မယ်'

ဂျော့မှာ သူ့ကြက်များအား အစာကျွေးခြင်း နှိပ်နယ်ပေးခြင်း စသည်များဖြင့် အလုပ်ရှုပ်နေသဖြင့် ကြက်ပွဲကို ထ၍ မကြည့်အား။ ကြားနေရသည့် အသံများဖြင့် ကြက်ပွဲ၏အခြေအနေကို ခန့်မှန်းကြည့်နေရသည်။ ပထမပွဲသည် မကြာလိုက်။ အင်္ဂလိပ် အမျိုးသား၏ ကြက်က အနိုင်ဖြင့် ပွဲပြီးသွားသည်။

ပွဲစဉ်များ တစ်ပွဲပြီးတစ်ပွဲ ခေါ်သွားလျက်ရှိ၏။ ပရိသတ်၏အသံမှာ စဲသွားသည် မရှိ။ လောင်းကြေးထပ်နေကြပုံမှာလည်း ကြောက်ခမန်းလိလိ။ တစ်ခါတစ်ရံတွင် တိုက်ပွဲဝင်ကြက်နှစ်ကောင်စလုံး အထိနာနေကြသဖြင့် ပွဲကို ခေတ္တရပ်ကာ ဆရာဝန် များနှင့်ပြကြသည်။ ပြီးလျှင်ဆက်တိုက်ကြပြန်သည်။ သူဌေး ကြက်သမားတစ်ဦး၏ ကြက် ရှုံးတိုင်း ပရိသတ်၏အသံများသည် တော်တော်နှင့်မစဲ။

ထို့နောက် ဒိုင်လူကြီး၏အော်သံ။

'ကပ်စ်ဝဲလ်ကောင်တီခရိုင်မှ မစ္စတာတွမ်လီယာရဲ့ ကြက်ငါးကောင် ပွဲစဉ် စပါ တော့မယ်'

ဂျော့သည် လှည်းပေါ်မှ ခုန်ဆင်းသည်။ သူ့သခင်သည် ပထမဆုံးတိုက်မည့် ကြက်ကို သူကိုယ်တိုင် လှည်းဆီသို့လာ၍ ရွေးချယ်တော့မည် မဟုတ်ပါလော။

'တွမ်လီယာ...တွမ်လီယာ'

ပရိသတ်၏အော်သံများ တစ်ခဲနက်ထွက်ပေါ်လာသည်။ တွမ်လီယာသည် ဂျော့ နှင့် တိုင်ပင်၍ ကြက်ဝါညိုကို ပထမဆုံးတိုက်မည့်ကြက်အဖြစ် ရွေးသည်။ လီယာက ကြက်ကိုပိုက်၍ ဂျော့က အရေးပေါ်ခြင်းတောင်းကိုဆွဲ၍ ပရိသတ်ကြားမှ တိုးဝှေ့

မြန်မာ စာအုပ်များ

ဖြတ်သန်းသွားကြသည်။ 'တွမ်လီယာကွ' ဟူသောအော်သံများ၊ 'လီယာတပည့်ကြက် ကလေးရော့ ဟေ့'ဟူသော အော်သံများ။ ရော့သည် ဘေးပတ်ပတ်လည်မှ ဘာတွေပဲ အော်အော် သူ့သခင်ကဲ့သို့ တည်တည်ငြိမ်ငြိမ်ပင် လျှောက်သွားသည်။

ထို့နောက် စည်းဝိုင်းနားဌရပ်နေသော အရပ်ပုပုအင်္ဂလိပ်သူဌေးကို ရော့ မြင်သည်။ သူသည် လီယာနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် သူ့ကြက်ကို ချိန်သည်။ 'ငါး ပေါင် ဆယ့်ငါးအောင်စ'ဟူသော ဒိုင်၏အော်သံကြားရသည်။ ထို့နောက် လီယာ၏ ကြက်ကို ချိန်သည်။ 'ခြောက်ပေါင်'ဟူသော အော်သံ။ ပွဲကြည့်ပရိသတ်ထဲမှ အရက် မူးနေသော ဆင်းရဲသားလူဖြူတချို့က တစ်ဖက်ကြက်ထက် အလေးချိန် တအောင်စပို ခြင်းသည် အနိုင်ရခြင်းတစ်မျိုးဟု ယူဆကာ ဩဘာပေးကြသည်။ 'တွမ်လီယာကွ၊ ဗြိတိသျှကောင်ကို အပြတ်ချလိုက်စမ်း' စသော ဗရုတ်ကျသံများ ထွက်ပေါ်လာသည်။

လီယာရော အင်္ဂလိပ်ပါ ဘေးလူများ၏အော်သံကို ဂရုမစိုက်သလို နေကြသည်။ သို့သော်လည်း အော်သံများသည် ပို၍ကျယ်လောင်ကာ ပို၍ရိုင်းစိုင်းလာသည်။

'ဒီအကောင် တိုက်ဖို့ယူလာတာ ကြက်လား ဘဲလားဟ'

'ဟုတ်ပါ့ကွာ၊ ရေကူးနေတဲ့ကြက် ထင်ပါတယ်'

အင်္ဂလိပ်၏မျက်နှာသည် ဒေါသရောင်လွှမ်းလာသည်။ ဒိုင်က ပရိသတ်ဘက် လှည့်၍ လက်နှစ်ဖက်မြှောက်ကာ အော်ဟစ်တားသည်။ ပရိသတ်က နားမဝင်၊ ဩသံ ပေး၍ ပြောင်လှောင်ရယ်မောနေကြသည်။

'ပြောတော့ ကြက်အနီဆို၊ ဘယ်မှာလဲအနီ'

'အမယ် ဒီအကောင်က မြေခွေးနဲ့ ခွပ်လာပုံရတယ်ကွ'

'ကြက်နဲ့မတူဘူး၊ ဖားပြုတ်နဲ့တူတယ်'

'ပိုင်ရှင်ကတော့ ငါ့မျက်စိထဲမှာ အမဲလိုက်ခွေးတစ်ကောင်ပဲဟေ့'

မစ္စတာဂျိုဝက်က ဒိုင်ဆီသို့လျှောက်လာပြီး တစ်စုံတစ်ခုပြောသည်။ သို့ သော်လည်း သူ့အသံသည် 'တွမ်လီယာကွ၊ တွမ်လီယာတဲ့ဟေ့'ဟူသော အသံများကြားတွင် နစ်မြုပ်သွားသည်။ အကဲဖြတ်လူကြီးများပါ ထိုင်ရာမှ ထလာပြီး ပရိသတ်ကိုထိန်းကြသည်။ 'မငြိမ်ရင် ကြက်ပွဲကို ရပ်ထားရလိမ့်မယ်'ဟု ပြောသည်။ အော်သံများသည် တဖြည်း ဖြည်းနှင့် ငြိမ်လာသည်။

ပရိသတ်ငြိမ်သွားသည်နှင့် အင်္ဂလိပ်က 'မစ္စတာလီယာ'ဟု လှမ်းခေါ်သည်။

'မစ္စတာလီယာခင်ဗျာ၊ ကျွန်တော်တို့ကြက်တွေဟာ ထိတ်ထိတ်ကြဲကြက်တွေပါ။ ဒါ့ကြောင့်မို့ ကျွန်တော်တို့ပိုင်ရှင်ချင်း အထူးလောင်းကြေး ထပ်ချင်ပါတယ်'

'ကောင်းပါတယ်ခင်ဗျာ၊ လောင်းကြေး ဘယ်လောက်ထပ်မယ်လို့ လူကြီးမင်း စိတ်ကူးထားပါသလဲ'

အင်္ဂလိပ်က ရုတ်တရက်မဖြေ။ စဉ်းစားချိန်ဆနေသည်။

'ဒေါ်လာတစ်သောင်းဆိုရင် သင့်ပါလိမ့်မယ်။ မစ္စတာလီယာအနေနဲ့ ခင်ဗျား ရဲ့ကြက်ကို ယုံကြည်စိတ်ချတယ်ဆိုရင်ပေါ့လေ'

အင်္ဂလိပ်က လီယာအား ကြည့်နေသည်။ သူ့မျက်နှာက ပြုံးစစနဲ့။

ပရိသတ်ဘက်တွင် ငြိမ်ဆိတ်သွားသည်။ အချို့က ထိုင်ရာမှထကာ စည်းဝိုင်း ဆီသို့ မျှော်ကြည့်နေကြသည်။ ဂျော့၏နှလုံးသားသည် ပြင်းထန်စွာခုန်လျက်ရှိ၏။ မစ္စမာလီဇီထံမှ ကြားထားရသည့်အတိုင်းဆိုပါက သခင်လီယာ ဘဏ်မှထုတ်သော ဒေါ်လာငါးထောင်သည် သူတို့စုငွေ၏ တစ်ဝက်မျှသာဖြစ်၏။ မစ္စတာလီယာသည် တစ်ဖက်မှ အင်္ဂလိပ်၏စိန်ခေါ်မှုကို လက်ခံရဲပါမည်လော။ လီယာ၏ဒုက္ခကိုတွေးကာ ဂျော့သည် နေမထိထိုင်မသာဖြစ်လာသည်။ သူ့သခင်၏မျက်နှာကိုပင် မော့မကြည့်ရဲ။ ထို့နောက် ကြားလိုက်ရသည့်အသံကြောင့် ဂျော့သည် သူ့နား သူမယုံကြည်နိုင်လောက် အောင် ဖြစ်သွားသည်။

'လူကြီးမင်းပြောတဲ့လောင်းကြေးကို တစ်ဆတိုးလိုက်ရင် မကောင်းဘူးလား ခင်ဗျာ၊ ဒေါ်လာနှစ်သောင်းဆိုရင် ပိုကောင်းပါလိမ့်မယ်'

ပရိသတ်ဆီမှ ဆူဆူညံညံအသံများ ကြားလာရပြန်သည်။ ဂျော့ကတော့ ထိတ် လန့် တုန်လှုပ်လျက်ရှိ၏။ သခင်လီယာ၏ လောင်းကြေးသည် သူပိုင်ပစ္စည်းများဖြစ် သည့် အိမ်၊ မြေ၊ ကျွန်များနှင့် ဂျော့၏ငွေပါ ထည့်ပါမှ ပြည့်လိမ့်မည် မဟုတ်ပါလား။ အင်္ဂလိပ်၏ မျက်နှာတွင် အံ့အားသင့်သွားသည့် အရိပ်လက္ခဏာများ ထင်ဟပ်လာသည်။ ချက်ချင်းပင် သူ့ကိုယ်သူပြန်ထိန်းကာ ပြုံးသည်။

'လောင်းကစားသမား ပီသပါပေတယ် ခင်ဗျာ'ဟု ရေရွတ်ကာ လက်တစ်ဖက် ဆန့်ကာ လီယာ၏လက်ကို ဆွဲခါသည်။

မစ္စတာလီယာနှင့် အင်္ဂလိပ်သည် ခါးများကိုကိုင်းကာ အဆင်သင့်ပြင်ထားကြ သည်။ ဤစက္ကန့်ပိုင်းအတွင်းမှာ ဂျော့၏နားထဲသို့ မာတီလ်ဒါ၏ စကားများ ဝင် လာသည်။

'ရှင်က ရှင့်သခင်ထက် ပိုပြီးမိုက်တယ်။ ဒီပွဲမှာရှုံးရင် ရှင့်သခင်က လူမွဲ ဖြစ်ရုံ ကလွဲပြီး တခြားဘာမှဖြစ်ရာမရှိဘူး။ ရှင့်မှာက ရှင့်မိသားစုတစ်စုလုံးရဲ့ဘဝကို လောင်း ထားတာဆိုတော့ မိသားတစ်စုလုံး တစ်သက်လုံးကျွန်ဖြစ်နေရမှာ'

အကဲဖြတ်လူကြီးသုံးဦး စည်းဝိုင်းဘေးသို့ ရောက်လာသည်။ ဒိုင်က ခါးကိုကုန်း ကာ အဆင်သင့်ပြင်ထားသည်။ လီယာနှင့် အင်္ဂလိပ်တို့သည် ဒိုင်၏နှုတ်ခမ်းများကို မျက်ခြည်မပြတ် ကြည့်နေကြသည်။

'လွှတ်'

မြန်မာ စာအုပ်များ

ကြက်နှစ်ကောင် ထိပ်တိုက်တွေ့ကြသည်။ ဖျန်းခနဲမြည်သံထွက်လာပြီး နှစ်ကောင်စလုံး အရှိန်ဖြင့် နောက်သို့လန်သွားသည်။ ချက်ချင်းပြန်တာစုကာ ခွပ်လိုက်ကြပြန်သည်။ နှစ်ကောင်စလုံး လေထဲသို့မြောက်သွားသည်။ နှစ်ကောင်စလုံး ခွပ်ရည်ခွပ်လက်ကောင်းလှပါဘိခြင်း။ ဤမျှလောက်အတွဲညီသော တိုက်ကြက်များ သူယခင်က မမြင်ဖူးခဲ့။ ရုတ်တရက် အင်္ဂလိပ်၏ ငွေရောင်ကြက်တစ်ချက် အထိနာသွားသည်။ လီယာ့ကြက်၏ သံမဏိအတက်သည် အင်္ဂလိပ်ကြက်၏ တောင်ပံတစ်ဖက်တွင် စူးဝင်နေသည်။ ကြက်နှစ်ကောင် ခွာ၍မရ။ စည်းဝိုင်းတွင်း၌ ချာလပတ်လည်နေသည်။ နှစ်ကောင်စလုံး၏ နှုတ်သီးများသည် တစ်ကောင့်တစ်ကောင် ဆိတ်ကြ ပေါက်ကြနှင့် တွန်းထိုးရုန်းကန်လျက်ရှိကြ၏။

'ကောက်၊ စက္ကန့်သုံးဆယ်'ဟု ဒိုင်ကအော်သည်။ လီယာနှင့် အင်္ဂလိပ်တို့သည် ကိုယ့်ကြက်ကိုယ် ကောက်ကြသည်။ နှစ်ဦးစလုံး ကိုယ့်ကြက်ကိုယ် အာငွေ့ပေးကြသည်။

'အသင့်ပြင်၊ လွှတ်'

ကြက်နှစ်ကောင် လေထဲသို့မြောက်တက်သွားကြပြန်သည်။ ဤတစ်ကြိမ်တွင် တစ်ကောင့်တစ်ကောင် အသေခွပ်ရန် အားထုတ်လိုက်ကြခြင်းဖြစ်၏။ သို့သော် မှန်းချက်အတိုင်း မဖြစ်။ မြေပေါ်သို့ အရှိန်ပြင်းစွာ ပြန်ကျလာသည်။ အင်္ဂလိပ်၏ကြက်သည် ဘေးသို့ထိုင်သွားပြီး လီယာ၏ကြက်က အရှိန်ဖြင့် တစ်ဖက်ကြက်ပေါ်မှ ကျော်သွားသည်။ လီယာ၏ကြက် နောက်သို့ပြန်မလှည့်နိုင်မီ အင်္ဂလိပ်၏ကြက်က နှုတ်သီးဖြင့်ဆိတ်သည်။ နှစ်ကောင်စလုံး အတောင်နှင့်ရိုက်ကြသည်။ နောက်တစ်ကြိမ် လေထဲသို့မြောက်သွားသည်။ ပြန်ကျသည်။

အော်သံများ၊ အင်္ဂလိပ်ကြက်ဆီမှ သွေးများ။ လီယာ၏ကြက်က အတောင်များကို အရှိန်ပြင်းပြင်းအားယူကာ အင်္ဂလိပ်ကြက်ကို တစ်ချက်ခွပ်သည်။ အင်္ဂလိပ်ကြက် လန်လဲသည်။ လီယာ့ကြက်က အရှိန်ဖြင့် နောက်တစ်ချက် ထပ်ခွပ်သည်။ မထိ။ ပါးနပ်စွာရှောင်သဖြင့် လွတ်သွားသည်။ လီယာ့ကြက်သည် အင်္ဂလိပ်ကြက်၏ ရင်ဘတ်ကို နှစ်ချက်မျှမိသည်။ အင်္ဂလိပ်ကြက်က အပေါ်သို့ တစ်ချက်ခုန်လိုက်ပြီး ပြန်ခွပ်သည်။ လီယာ့ကြက်၏ လည်ပင်းကို မိသည်။

ကြက်ကလေးချော့သည် အသက်ရှူမှားလျက်ရှိ၏။ ကြက်နှစ်ကောင်၏ တိုက်ပွဲသည် အရှိန်ပြင်းလာသည်။ အင်္ဂလိပ်ကြက်၏ အတောင်ပံရိုက်ချက်များသည် အထိနာသည်။ သူ့အတက်များတွင်လည်း သွေးစများ။ ထိုအခိုက် လီယာ့ကြက်သည် လေထဲသို့ မြောက်တက်သွားပြီး ပြင်းထန်သောခွပ်သံတစ်ချက် ထွက်ပေါ်လာသည်။ အင်္ဂလိပ်ကြက်၏နလုံးကို မိမိရရထိသော ခွပ်ချက်ပေတည်း။

မြန်မာ စာအုပ်များ

ပွဲသိမ်းသည် လျင်မြန်လွန်းလှ၏။ တစ်စက္ကန့်အတွင်းမှာပင် ပြီးဆုံးသွားသည်။ ပရိသတ်ဆီမှ တစ်ခဲနက် အော်သံများကြားကြသည်။ 'တွမ်လီယာ့ကွ၊ တွမ်လီယာကွ'ဟူသော အသံများသည် နားကွဲမတတ်။

'ငါတို့မိသားစု လွတ်မြောက်တော့မယ်'ဟူသော အတွေးသည် ဂျော့၏ ရင်ထဲသို့ ဝင်လာသည်။ အင်္ဂလိပ်၏နှုတ်ခမ်းများသည် တင်းကျပ်စွာစေ့လျက်ရှိသည်။ မေးကြောများသည် ထောင်ထနေကြသည်။ ခွေးဘီလူးတစ်ကောင်နှင့် တူလှလေခြင်းဟု ဂျော့က တွေးသည်။

'မစ္စတာလီယာ'

အင်္ဂလိပ်က လီယာအားလှမ်းခေါ်ပြီး လျှောက်လာသည်။ လီယာနှင့် သုံးကိုက်ခန့် အကွာတွင် ရပ်သည်။

'ခင်ဗျားရဲ့ကြက်ခွပ်သွားပုံဟာ သိပ်ကိုကောင်းတာပဲ'

'နှစ်ကောင်စလုံးကောင်းကြပါတယ်။ တစ်ကယ်အတွဲညီတဲ့နှစ်ကောင်ပါ။ ခင်ဗျားဟာ လောင်းကစားသမားပီသတယ်လို့ အများကပြောကြတယ်။ အဲဒီတော့ ခင်ဗျားရဲ့ နိုင်ကြေးအားလုံးကို လောင်းကြေးထပ်ပြီး နောက်တစ်ပွဲ ဆက်တိုက်ကြရင် မကောင်းဘူးလား'

လီယာ၏မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။

ပရိသတ်ငြိမ်ကျသွားသည်။ ကြက်တွန်သံနှင့် တကွတ်ကွတ်မြည်သံများမှ တစ်ပါးဘာသံမျှမကြားရ။ ယခု ပြီးခဲ့သည့်ပွဲ၏လောင်းကြေးသည် နည်းနည်းနောနောမဟုတ်။ အနိုင်ရသူသည် ဒေါ်လာရှစ်သောင်းရလိမ့်မည် မဟုတ်ပါလား။

ခေါင်းအားလုံး လီယာဘက်သို့ လှည့်နေကြသည်။ လီယာသည် ချီတုံချတုံဖြစ်နေဟန်ရှိ၏။ သူ့အကြည့်သည် ကြက်ကလေးဂျော့၏ မျက်နှာသို့ရောက်သွားသည်။ ဂျော့သည် သူ့ပါးစပ်မှ လွတ်ခနဲထွက်သွားသောစကားကြောင့် သူ့ကိုယ်သူ အံ့သြ၍မဆုံး။

''ခင်ဗျားကြက်တွေဟာ အတောင်တွေနဲ့ရိုက်တာများတယ် မစ္စတာ'

'ခင်ဗျားရဲ့ သစ္စာရှိတဲ့မည်းကောင်ဟာ အကောင်းဆုံးကြက်ထရိန်နာတွေထဲမှာ တစ်ဦးအပါအဝင်လို့ ကျွန်တော်သိထားရပါတယ်။ ဒါပေမဲ့ ကျွန်တော်သာဆိုရင်တော့ သူ့အကြံဉာဏ်ကို အမှီမပြုဘူး၊ ကျွန်တော့်မှာ တခြားကြက်ကောင်းတွေ ရှိနေသေးတာပဲ'

အင်္ဂလိပ်၏စကားများသည် မစ္စတာလီယာအား မခံချင်ဖြစ်လာအောင် စနေသည်နှင့် တူလှ၏။

ထို့နောက် မစ္စတာလီယာထံမှ အသံထွက်လာသည်

'ကောင်းပါပြီ၊ အခုနိုင်တဲ့ ငွေအားလုံးကို နောက်ပွဲမှာ လောင်းကြေးတင်ဖို့ ကျွန်တော်သဘောတူပါတယ်'

မြန်မာ စာအုပ်များ

ကြက်ကလေးဂျော့အဖို့တော့ နောက်ပွဲအတွက် ပြင်ဆင်မှုအားလုံးသည် ဝိုးတဝါး ဖြစ်ကုန်သည်။ မည်သည့်အရာကိုမျှ ပီပီပြင်ပြင်မကြား၊ မသိ၊ မမြင်သလို ဖြစ်နေသည်။ ပရိသတ်ထဲမှလည်း ဘာသံမျှထွက်မလာ။ ယခုလိုအဖြစ်မျိုးနှင့် တစ်ခါမျှ မကြုံခဲ့စဖူး။ သူ နောက်ဆုံးသတိထားလိုက်မိသည်မှာ သူ့သခင်က သူ့အား သူကိုယ်တိုင် 'သိမ်းငှက်'ဟု နာမည်ပေးထားသော ကြက်ကို လက်ညှိုးထိုးပြသဖြင့် ယူပေးလိုက်ရခြင်း ဖြစ်သည်။

လီယာသည် သိမ်းငှက်ကိုပိုက်ကာ စည်းဝိုင်းဆီသို့ ပြန်သွားသည်။ ကြက် နှစ်ကောင်ကို ချိန်သည်။ အလေးချိန်တူနေသည်။ နှစ်ကောင်စလုံး ခြောက်ပေါင်စီရှိသည်။

'လွှတ်'ဟူသော အသံနောက်တွင် နှစ်ကောင်စလုံး၏ တောင်ပံများရိုက်သံ တဖြန်းဖြန်းကိုသာ ကြားနေရ၏။ ဤအတွင်း တစ်ဖက်ကြက်၏ ပြင်းထန်သော ခွပ်ချက် တစ်ချက်သည် လီယာ၏ကြက်ကိုထိသည်။ လီယာ၏ကြက်သည် ကျွမ်းထိုး မှောက်ခုံ လဲကျကာ ခေါင်းငိုက်စိုက်ကျသွားသည်။ ဟလာသော ပါးစပ်မှ သွေးများ ထွက်ကျလာသည်။

'ဘုရား...ဘုရား'

ဂျော့သည် စိတ်ထဲမှ ကျိတ်၍ ရေရွတ်လိုက်ပြီး လူအုပ်ကြီးကြားမှ အတင်း တိုးဝှေ့ကာ စည်းဝိုင်းအတွင်း၌ ပြင်းထန်သောဒဏ်ရာနှင့်လဲနေသည့် သိမ်းငှက်အား ပွေ့ယူလိုက်သည်။ သူသည် နှုတ်သီးကိုငုံ၍ သွေးများကို စုပ်ယူသည်။ သူသည် ကြက်သေကို ပွေ့ကာ လှည်းဆီသို့ပြန်လာသည်။

ထိုအချိန်တွင် ခြံပိုင်ရှင်သူဌေးများသည် အင်္ဂလိပ်နှင့် မစ္စတာဂျိဝက်တို့အား လက်ဆွဲ၍၊ ကျောပုတ်၍ ချီးကျူးစကားပြောနေကြလေပြီ။ အားလုံးသည် အထိနာကာ အထီးကျန်ဖြစ်ရသည့် မစ္စတာလီယာအား ကျောပေးထားကြသည်။ လီယာသည် စည်းဝိုင်းအတွင်း ပေရေစွန်းထင်နေသော သွေးများကို ငေးကြည့်နေသည်။

နောက်ဆုံးတွင် အင်္ဂလိပ်အမျိုးသား ဆာစီအီးရစ်ရပ်ဆဲလ်သည် မစ္စတာလီယာ ထံသို့ လျှောက်လာသည်။ လီယာက မော့ကြည့်ပြီးမေးသည်။

'ခင်ဗျား ဘာပြောမလို့လဲ'

'ကျွန်တော်ပြောချင်တာက ဒီနေ့ဟာ ခင်ဗျားအတွက် ကံကောင်းတဲ့နေ့မဟုတ်ဘူး'

လီယာက ကြိုးစားအားတင်း၍ ပြုံးသည်။

'လောင်းကြေးကိစ္စပြောချင်တယ်။ ဒီလောက်များတဲ့ငွေကို ဘယ်သူမှ အိတ်ကပ်ထဲ ထည့်မလာဘူးဆိုတာသိတယ်။ မနက်ဖြန်ကျမှ စာရင်းရှင်းကြတာပေါ့။ အချိန်က...အင်း...မွန်းလွဲပိုင်းလောက်ဆိုရင် မကောင်းဘူးလား။ နေ့လယ် လက်ဖက်ရည်သောက်ပြီးချိန်လောက်ဆို ဖြစ်ပါတယ်။ မစ္စတာဂျိဝက်ရဲ့အိမ်မှာပဲ ပြောကြတာပေါ့'

မြန်မာ စာအုပ်များ

လီယာက ခေါင်းညိတ်သည်။

အိမ်အပြန်ခရီးသည် နှစ်နာရီမျှကြာသည်။ လီယာရောဂျော့ပါ စကားတစ်လုံးမျှ မပြောမိကြ။ ဂျော့၏ဘဝတွင် အခုလောက်ရှည်လျားသည့် ခရီးမျိုးနှင့် ဘယ်တုန်းကမှ မကြုံခဲ့စဖူး။

နောက်တစ်နေ့တွင် မစ္စတာလီယာသည် မစ္စတာဂျိဝက်၏အိမ်မှ မိုးစုပ်စုပ်ချုပ်မှ ပြန်ရောက်လာသည်။ သူပြန်လာချိန်တွင် ဂျော့သည် မာတိလ်ဒါ၏ အော်ဟစ်ငိုယိုခြင်း၊ ဆူပူခြင်း စသည့် ဒဏ်များကို မခံနိုင်၍ ကြက်ခြေသို့ ရောက်နေသည်။

'ဂျော့၊ ငါ မင့်ကို မပြောရက်ဘူးကွာ'ဟု လီယာက စကားစသည်။

'ငါ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ မင်းလည်း သိပါတယ်လေ။ ငါ့မှာ ဒီငွေလောက်ကို ချေးမယ့်လူလည်းမရှိဘူး။ ငါ့မှာက ငွေနည်းနည်းပဲရှိတာ။ တကယ်ရှိတာက အိမ်ရယ်၊ မြေရယ်၊ ပြီးတော့ မင်းတို့လူစုရယ် ဒါပဲရှိတာ'

သူ ငါတို့ကို ရောင်းတော့မှာပဲဟု ဂျော့က တွေးသည်။

'ပြဿနာက တခြားမဟုတ်ဘူးဂျော့၊ အဲဒါတွေအားလုံးရောင်းရင်တောင်မှ ဟိုခွေးမသားကို ပေးရမယ့်ငွေ အပြည့်မရဘူး။ ဒါပေမဲ့ အခုဒီကောင်က ငါ့ကို ထွက်ပေါက်တစ်ခု ကမ်းလှမ်းတယ်'

လီယာက သက်ပြင်းတစ်ချက် ရှိုက်သည်။

'သူ အပြန်မှာ ဒီနိုင်ငံက ကြက်ထရိန်နာနီဂရိုးတစ်ယောက် ခေါ်သွားချင်တယ်တဲ့။ မင့်ကို အပေါင်ပစ္စည်းသဘောနဲ့ထားရမှာပါတဲ့။ မင့်ကိုခေါ်သွားပြီး ဟိုက တစ်ယောက်ကို သင်ပေးရမယ်တဲ့။ နှစ်နှစ်လောက်ပဲထားပါမယ်တဲ့'

လီယာက ဂျော့၏မျက်နှာကိုကြည့်သည်။

'ငါ သိပ်ကိုစိတ်မကောင်းဖြစ်မိတယ်ဂျော့။ ခက်တာက ငါ့မှာ ရွေးစရာ တခြားလမ်းက မရှိဘူး။ သူပြောတဲ့အတိုင်းမလုပ်ရင် ငါ့ဘဝပျက်ပြီ'

ဂျော့အနေဖြင့် ပြောစရာစကားရှာမရ။ သူ ဘာပြောနိုင်ပါမည်နည်း။ သူသည် သခင်လီယာ၏ကျွန်တစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

'ငါ မင့်ကို ကတိပြုပါတယ်ကွာ၊ မင်းဟိုသွားနေခိုက်မှာ ငါ မင့်မိန်းမနဲ့ ကလေးတွေကို စောင့်ရှောက်ထားပါ့မယ်။ မင်း အိမ်ပြန်လာတဲ့အခါကျတော့မှ . . .'

မစ္စတာလီယာ၏လက်သည် အိတ်ကပ်ထဲမှ စာရွက်ခေါက်တစ်ခုကို ဆွဲထုတ်ကာ ဂျော့၏မျက်စိရှေ့သို့ ထိုးပြသည်။

'ဒါ ဘာလဲဆိုတာ မင်းသိလား၊ မနေ့ညက ငါ ထိုင်ပြီးရေးထားတာ။ မင်းတို့ကို လွတ်လပ်ခွင့်ပေးကြောင်းရေးထားတဲ့ တရားဝင်စာပေါ့ လူကလေးရာ။ ငါ အခုမီးခံသေတ္တာထဲမှာ သိမ်းထားမှာပါ။ မင်းပြန်ရောက်လာတာနဲ့ ဒီစာကို မင့်လက်ထဲထည့်လိုက်မှာပါ'

မြန်မာ စာအုပ်များ

ဂျော့က စာရွက်ကို စိုက်ကြည့်နေသည်။ သူ့ရင်တွင်း၌ အုံကြွနေသော ဒေါသကို အပြင်းအထန်အားထုတ်၍ ထိန်းချုပ်နေရသည်။

'သခင် ကျွန်တော်က မိသားစုတစ်စုလုံး ကိုယ့်ဘာသာကိုယ်ဝယ်ပြီး လွတ်မြောက်အောင်လုပ်ဖို့ စိတ်ဥးထားတာပါ။ အခု ကျွန်တော့်မှာရှိသမျှကုန်ပြီဆိုတော့မှ ကျွန်တော့်ကို မိန်းမနဲ့ ကလေးတွေနဲ့ဝေးရာ နိုင်ငံရပ်ခြားကိုပို့တယ်။ သူတို့နဲ့ ကျွန်တော့်ကို သခင်ဘယ်လိုလုပ်ပြီး လွှတ်မှာလဲ။ ကျွန်တော်ပြန်လာမှ ဘယ်လိုနည်းနဲ့လွှတ်မှာလဲ'

'မင်းက ငါ့ကို ဘယ်လိုလုပ်မလဲတွေ ဘာတွေ ပြောနေစရာမလိုဘူး လူကလေး။ မင့်ငွေတွေကုန်တာလည်း ငါ့အပြစ်မဟုတ်ဘူး။ မင်းတို့နီဂရိုးကောင်တွေရဲ့ ပြဿနာက အဲဒါပဲ။ စကားပြောရင် မင့်ပါးစပ်ကို သတိထားပြီးထိန်းတာ ကောင်းလိမ့်မယ်'

လီယာ၏မျက်နှာသည် နီရဲလာသည်။

'ဒီမယ်ဂျော့၊ ငါ့အနေနဲ့ မင့်ဘဝတစ်သက်လုံး ဒီမှာနေစေချင်တဲ့ဆန္ဒမရှိခဲ့ရင် ငါ မင့်ကိုရောင်းပစ်တာ ကြာပြီကွ၊ သိလား'

ဂျော့က လီယာအား မော့ကြည့်ပြီး ခေါင်းယမ်းသည်။

'ဒီမှာနေခဲ့ရတဲ့ ကျွန်တော့်ဘဝတစ်ခုလုံးဟာ သခင့်အတွက် အဓိပ္ပာယ်ရှိခဲ့တယ် မဟုတ်လား'

လီယာ၏မျက်နှာသည် တင်းမာသွားသည်။

'မင်းယူသွားမယ့်ပစ္စည်းတွေကို ထုပ်ပိုးထား၊ မင်း စနေနေ့မှာ အင်္ဂလန်သွားရမယ်'

[၁၀၃]

ကြက်ကလေးဂျော့ မရှိတော့သည့်နေ့မှစ၍ လီယာသည် ကံမလိုက်တော့သည့်လူဖြစ်သွားသည်။ ပစ္စည်းဥစ္စာများမှာလည်း တိုးတက်လာသည်မရှိ။ ဆက်လက်၍ ကျဆင်းမြဲ ကျဆင်းလျက်ရှိသည်။ ပထမတွင် သူသည် ကြက်ခြံကို ဂျော့ငယ်နှင့် လွှဲထားသည်။ သုံးရက်ခန့်ကြာသောအခါ ဂျော့ငယ်၏ လုပ်ပုံကိုင်ပုံ နှေးကွေးလေးလံမှုကြောင့် သူ့ကြက်များ အစာရေစာမှန်မှန်မရှိသည့်အဖြစ်ကို မြင်တွေ့လာသည်။ ထိုအခါ ဂျော့၏ အငယ်ဆုံးသား ဆယ့်ကိုးနှစ်အရွယ် လီးဝစ္စကို ယာတောမှ ကြက်ခြံသို့ ပြောင်းရွှေ့ တာဝန်ချထားခဲ့သည်။

လီယာသည် ကြက်ပွဲများသို့ သွားမြဲတိုင်းသွားကာ တိုက်မြဲတိုင်း တိုက်သည်။ သူသွားလျှင် လီးဝစ္စကို ခေါ်သွားသည်။ အတွေ့အကြုံမရှိသော လီးဝစ္စသည် လီယာ ခေါ်၍သာ လိုက်သွားရခြင်းဖြစ်ရာ ထိရောက်သောအကူအညီမျိုးမပေးနိုင်။ ကျွန်အိမ်တန်းမှ လူများကတော့ လီးဝစ္စပြန်လာလျှင် ဆီး၍ သတင်းမေးတတ်ကြသည်။

လီးဝစ္စ၏အဆိုအရ လီယာသည် အနိုင်နည်း၍ အရှုံးများလာသည်။ လူများကလည်း လီယာ၏ ရှေ့မှာပင် အမနာပပြောဆိုကြသည်။ ကြက်ပွဲလောင်းဖို့ သူများဆီက ငွေချေးသည်ဟူသော စကားမျိုးပင် ပြောကြသည်။

'လူတွေက သခင်လီယာကို အပေါင်းအသင်းမလုပ်ချင်ကြတော့ဘူး။ သူ့ကို မြင်ရင် အဝေးကြီးက လက်ပြနှုတ်ဆက်ပြီး လစ်သွားကြတယ်ဗျာ'ဟု လီးဝစ္စက ပြောသည်။

မစ္စတာလီယာသည် ယခင်ကထက်ပို၍ အရက်သောက်လာသည်ဟူသော သတင်းနှင့် သူ့မိန်းမနှင့် နေ့တိုင်းလောက်နီးပါး ရန်ဖြစ်သည်ဟူသော သတင်းများသည် ကျွန်အိမ်တန်းမှ လူများကြားတွင် မထူးဆန်းတော့သည့်သတင်းများဖြစ်၏

'ဒီအဘိုးကြီးတော့ မကောင်းဆိုးဝါးဖြစ်နေပြီဟဲ့၊ သိလား'ဟု မစ္စမာလီဇီက တစ်ညတွင် သူ့ပရိသတ်အား ပြောပြသည်။

'သူ့မိန်းမနဲ့လည်း အမြဲရန်ဖြစ်တယ်။ သူ့မိန်းမကလည်း တစ်နေ့လုံး ငိုနေတာပဲ။ ကြက်အကြောင်းပြောရင် လုံးဝမကြားချင်ဘူး'

မာတိလ်ဒါက စိတ်မချမ်းမသာဖြင့် နားထောင်နေသည်။ သူ့မှာလည်း ကြက်ကလေးကျော့ ထွက်ခွာသွားကတည်းက မျက်ရည်နှင့်မျက်ခွက်။ သူ၏ ဆယ်ကျော်သက်ရွယ် သမီးများနှင့် အရွယ်ရောက်ကုန်ကြပြီဖြစ်သော သားကြီးခြောက်ယောက် အရိပ်အခြည်ကို တစ်ချက်မျှ လှမ်းကြည့်ပြီး အကဲခတ်သည်။ သားသုံးယောက်မှာ ယခုအခါ မယားတွဲလောင်း၊ သားတွဲလောင်းနှင့် ဖြစ်ကုန်ကြပြီ။ သူ့အကြည့်သည် ပန်းပဲဆရာ တွမ်၏အပေါ်သို့ ကူးပြောင်းသွားသည်။ တွမ်က ဘာများပြောလေမလဲဟု နားစွင့်သည်။ သို့သော်လည်း တွမ်ဆီမှ ဘာမျှမကြားရ။ စကားဝင်ပြောသူမှာ သူ့သားကြီး ဗာဂျီ၏မိန်းမ လီလီဆူး။ လီလီဆူးသည် ကိုယ်ဝန်နှင့်ဖြစ်၏။ အနီးအနားရှိ ကူရေးခြံမှ ခဏတစ်ဖြုတ် အလည်လာခြင်းဖြစ်သည်။ သူ့အသံတွင် စိုးရိမ်ထိတ်လန့်မှု ပါနေသည်။

'ကျွန်မတော့ ရှင်တို့သခင်အကြောင်းသိပ်မသိပါဘူး။ ဒါပေမဲ့ ဒီလူကြီး အဆိုးတစ်ခုခု လုပ်လိမ့်မယ်လို့ စိတ်ထဲကထင်နေတယ်'

ကျွန်အိမ်တန်းမှလူများသည် နေ့စဉ်နှင့်အမျှ တထိတ်ထိတ်တလန့်လန့် နေကြရသည်။ ညပိုင်းဆိုလျှင်လည်း မနက်ဖြန်မနက် ဘာများဖြစ်မလဲဟူသော စိုးရိမ်မှုကြောင့် အိပ်မရ။ ၁၈၅၅ ခုနှစ် နွေရာသီနှင့် ဆောင်းရာသီတစ်လျှောက်လုံး သခင်လီယာနှင့် ဆက်ဆံရသည်မှာ အဆင်မပြေ။ အမြဲတစေ ဒေါသနှင့်ဆက်ဆံခြင်းကိုသာ ခံနေကြရလေသည်။

မြန်မာ စာအုပ်များ

နိုဝင်ဘာလတွင်းသို့ဝင်ခဲ့ပြီ။ လီယာ၏ ခြောက်ဆယ့်ငါးဧက မြေပေါ်မှ ဝါနှင့် ဆေးရွက်ကြီးများကိုလည်း သိမ်းပြီးကြပြီ။ ယခုနှစ် ဤသီးနှံနှစ်မျိုးစလုံး ဈေးကောင်းရမည်မှာ သေချာ၏။ စနေနေ့တစ်ရက် နေဝင်မိုးချုပ်အချိန်တွင် မာတိလ်ဒါသည် သူ့တဲပြတင်းပေါက်မှနေ၍ တွမ်အား လှမ်းမျှော်ကြည့်သည်။ တွမ်အနီးမှ နောက်ဆုံးဖောက်သည် ထွက်ခွာသည်နှင့် သူသည် ပန်းပဲဖိုသို့ ရောက်လာသည်။ သူ့အမေကို မြင်ရုံနှင့် ပြောစရာတစ်ခုခုရှိနေမှန်း တွမ် ရိပ်မိသည်။

'ဘာလဲအမေ၊ ဘာပြောမလို့လဲ'ဟု တွမ်က မေးသည်။

'အမေတစ်ခုတွေးနေတယ်တွမ်။ အခုဆိုရင် သားခြောက်ယောက်စလုံး အရွယ်ရောက်ကုန်ပြီ။ ဒီအထဲမှာ မင်းက အကြီးဆုံးသားတော့မဟုတ်ဘူး။ ဒါပေမဲ့ မင်းက အမေ့ဦးနှောက်နဲ့ တန်းတူလောက်ရှိနေတယ်။ ပြီးတော့လည်း မင်းက ပန်းပဲဆရာ။ ကျန်တဲ့သားတွေက ယာလုပ်သားတွေ။ အဲဒီတော့ တို့မိသားစုထဲမှာ မင်းက အဓိကလူလို ဖြစ်နေတယ်။ ခုဆို မင်အဖေ တို့ကိုခွဲသွားတာ ရှစ်လရှိပြီ။ သူသွားကတည်းက တို့က မင်းကိုပဲ အားကိုးပြုပြီး နေလာကြတာ။ ကုန်ကုန်ပြောရရင် သူပြန်ရောက်လာတဲ့အချိန်အထိတော့ မင်းဟာ တို့မိသားစုမှာ အိမ်ထောင်အကြီးအကဲလို ဖြစ်နေတယ် မဟုတ်လား'

သူ့အမေစကားကြားရသောအခါ တွမ်သည် များစွာအံ့အားသင့်လျက်ရှိသည်။ အမှန်တော့ သူသည် သူငယ်ဘဝကတည်းက သူ့မိသားစုတွင် သီးသန့်ထားသည့် လူတစ်ယောက် ဖြစ်ခဲ့သည်။ သူသည် သူ့ညီအစ်ကိုများနှင့် ဤခြံမြေပေါ်၌ အတူတူမွေးပြီး အတူတူကြီးပြင်းခဲ့ရသူဖြစ်၏။ သို့သော် သူသည် သူတို့နှင့်အနေဝေးခဲ့သည်။ ပထမအကြောင်းမှာ နှစ်ပေါင်းအတော်ကြာမျှ ရပ်ဝေးသို့သွားပြီး ပန်းပဲပညာသင်ယူနေရ၍ ဖြစ်သည်။ ဒုတိယအကြောင်းမှာ သူက ပန်းပဲဖိုတွင်အလုပ်လုပ်၍ သူတို့က ယာတော၌ အလုပ်လုပ်နေကြသဖြင့် လူချင်းဆုံမိရန် မလွယ်ကူ၍ဖြစ်သည်။

အထူးသဖြင့် သူသည် ဗာဂျီ၊ အက်ရှ်ဖို့၊ ဂျော့ငယ်တို့နှင့် ပို၍ အဆက်အသွယ်နည်းပါးခဲ့သည်။ ယခုအခါတွင် အသက် နှစ်ဆယ့်ခြောက်နှစ်ရှိနေပြီဖြစ်သော ဗာဂျီသည် လီယာ၏ခြံနှင့်ကပ်လျက် တစ်ဆက်တည်းဖြစ်သော ခြံတစ်ခြံ၌ သူ့ ဇနီး မကြာသေးခင်က မွေးလာသော သူ့သား ယူရီယာတို့နှင့် အချိန်ကုန်နေသူဖြစ်၏။ အသက်နှစ်ဆယ့်ငါးနှစ်မျှ ရှိနေပြီဖြစ်သော အက်ရှ်ဖို့နှင့်ကျတော့ တစ်ယောက်နှင့်တစ်ယောက် မတည့်သဖြင့် မျက်နှာချင်းမဆိုင်မိအောင် ရှောင်ကြသည်။ အက်ရှ်ဖို့သည် မိန်းကလေးတစ်ယောက်အား အရှုံးအမူးဖွဲ့လမ်းကာ လက်ထပ်လိုသည်။ သို့သော်လည်း သခင်လီယာက ခွင့်မပြု။ ဤတွင် သူသည် လောကကြီးကို စိတ်နာကာ လူအများနှင့် အရောတဝင် မပြုတော့ဘဲ ရှောင်ဖယ်ဖယ်နေတတ်သော အကျင့်စရိုက် ကိန်းအောင်းနေသည်။

ဂျော့ငယ်မှာ အနီးရှိ ခြံတစ်ခြံမှ သူ့ထက်အသက်ကြီးသော ထမင်းချက်မိန်းမကြီး တစ်ယောက်အား သွားရောက်ပိုးပန်းခြင်းဖြင့် အချိန်ဖြုန်းနေသူဖြစ်၏။ သူ့ဗိုက်ကို ပြည့်အောင် ဖြည့်ပေးနိုင်လျှင် မည်သူ့ကိုမဆို ပိုးမည်ဟု အတိအလင်းကြေညာထားသူ ဖြစ်သည်။

သူ့မိခင်၏စကားကြောင့် သူသည် သူနှင့် သခင်လီယာတို့၏ ဆက်ဆံရေးအခြေ အနေကိုပါ ပြန်၍ ဆင်ခြင်စဉ်းစားနေမိသည်။ တကယ်တော့ သူသည် သခင်လီယာ နှင့်လည်း များများစားစားဆက်ဆံစရာရှိသည်မဟုတ်။ ပန်းပဲဖိုတည်ရန် ပစ္စည်းများ သယ်ယူလာစဉ်က လီယာသည် တွမ်အား တလေးတစားဆက်ဆံခဲ့သည့်သဘော ရှိသည်။ တွမ်၏ တည်ငြိမ်အေးဆေးမှုနှင့် စကားနည်းမှု များကြောင့် ဖြစ်ဖို့များသည်ဟု သူထင်မိ၏။ နောက်ပိုင်းတွင် အလုပ်အပ်သူဦးရေ တိုးတက်လာခြင်းသည်လည်း သူ့ အပေါ် လေးစားစရာအကြောင်း ဖြစ်နိုင်စရာရှိသည်ထင်၏။ မည်သို့ပင်ဖြစ်စေ သခင် လီယာသည် သူ့အား စနေနေ့တိုင်း တစ်ပတ်စာလုပ်ခ နှစ်ဒေါ်လာကို မှန်မှန်ရှင်းပေး ခဲ့သည်ဖြစ်ရာ ယင်းလုပ်ရပ်အတွက် သူ့အပေါ်လေးစား၍ ဖြစ်သည်ဟုပင်ထင်၏။

သူ့အဖေမရှိတော့သည့်နောက်ပိုင်းတွင်မူ တွမ်သည် သခင်လီယာအား ယခင်က ထက်ပို၍ သတိထားကြည့်ခဲ့သည်။ လီယာသည် ယခင်ကထက် စိတ် ဆင်းရဲမှုများပုံ ရ၏။ ရုပ်ရည်ကလည်း အဆပေါင်းများစွာ အိုစာကျလာသည်။ အချိန်ရှိသမျှ အရက် သောက်နေသည်က များ၏။ ထို့ပြင်လည်း သူပိုင် တိုက်ကြက်များထဲမှ တစ်ဝက်ခန့်ကို ရောင်းပစ်ပြီဟု လီးဝစ္စထံမှ သိလိုက်ရသောအခါ စိတ်မကောင်းဖြစ်ရ၏။

၁၈၅၆ ခုနှစ်တွင်းသို့ ကူးပြောင်းဝင်ရောက်လာသည်။ ကျွန်အိမ်တန်း၌သာမက တစ်ခြံလုံးတွင် တိတ်ဆိတ်ခြောက်သွေ့မှုက မင်းမူလျက်ရှိသည်။ နွေဦးပေါက်စ တစ်နေ့ သော မွန်းလွဲပိုင်းတွင် မြင်းစီးသမားတစ်ဦး ခြံထဲသို့ဝင်လာသည်။ မစ္စမာလီဇီက ကြက်ဝယ်မည့်လူတစ်ယောက်ရောက်လာပြန်ပြီဟု ထင်သည်။ သို့သော် သူထင်သလို မဟုတ်။ သခင်လီယာသည် ယခုရောက်လာသူအား များစွာအရေးတယူပြု၍ ဆီးကြို နှုတ်ဆက်သည်ကို တွေ့ရသည်။ ဂျော့ငယ်အား လှမ်းခေါ်ပြီး ဧည့်သည်၏မြင်းကို ရေတိုက်ရန်နှင့် တစ်ညတာ မြင်းဇောင်းထဲ၌သိပ်ရန် အမိန့်ပေးသည်။ ထို့နောက် ဧည့်သည်အား အိမ်ထဲသို့ခေါ်သွားသည်။

ကျွန်အိမ်တန်းမှလူများသည် စိုးရိမ်ထိတ်လန့်စိတ်ဖြင့် အချင်းချင်း တီးတိုး မေး မြန်းလျက်ရှိကြသည်။ 'အခုလာတဲ့လူက ဘယ်သူလဲဟဲ့' 'အရင်က တစ်ခါမှ မမြင်ဖူးဘူး' 'သူဘာလာလုပ်တာပါလိမ့်' စသည်ဖြင့် သို့သောသို့လော ဖြစ် ကာ တွေးတောပူပန် လျက်ရှိကြသည်။

မြန်မာ စာအုပ်များ

မစ္စမာလီဇီ ရောက်လာသောအခါ သတင်းထူးလိုထူးငြား ဆီး၍ မေးကြသည်။ မစ္စမာလီဇီကလည်း ဘာမှမသိခဲ့ရဟု အဖြေပေးသည်။ အားလုံးပင် ထိုတစ်ညတာအဖို့ စိတ်လက်လေးလံစွာဖြင့် အိပ်ရာဝင်ခဲ့ကြရလေ၏။

နောက်တစ်နေ့နံနက်တွင် မစ္စတာလီယာနှင့် သူ့ညှဲသည်တို့သည် နံနက်စာ စားအပြီးတွင် ခြံထဲသို့ဆင်းလာကြသည်။ ခြံဝင်းအတွင်း၌ လျှောက်ကာ စကားပြော နေကြသည်။ ထို့နောက် တွမ်၏ ပန်းပဲဖိုသို့ ရောက်လာသည်။ တွမ် လုပ်ကိုင်နေသမျှကို စိတ်ဝင်တစားကြည့်ကြသည်။ နောက်ဆုံးတွင် မစ္စတာလီယာ က 'အတော်လေးတော်တဲ့ ပန်းပဲဆရာတစ်ယောက်လို့ ကျွန်တော်ကတော့ သတ်မှတ်ထားတယ်'ဟု ပြောသည်။

ညှဲသည်က လီယာ၏စကားကို ထောက်ခံသည်။ ထို့နောက် တဲအတွင်း၌ ချိတ်ထားသော တွမ်၏လက်ရာများကို သူကိုယ်တိုင် တစ်ခုချင်းစီ လိုက်ကြည့်သည်။ ပြီးတော့ တွမ်ဘက်သို့ ဖျတ်ခနဲလှည့်၍ မေးသည်။

'မင်းအသက် ဘယ်လောက်ရှိပြီလဲ သူငယ်'

'နှစ်ဆယ့်သုံးနှစ်ထဲမှာပါ ခင်ဗျာ'

'သားသမီး ဘယ်နှယောက်ရှိသလဲ'

'မိန်းမ မရှိသေးဘူး ခင်ဗျ'

'မင့်လိုသန်မာထွားကျိုင်းတဲ့ လူငယ်တစ်ယောက်အဖို့ မိန်းမရှိဖို့ မလိုပါဘူးကွာ'

တွမ်က ဘာမျှပြန်မပြော။

'ဘာသာကိုင်းရှိုင်းတဲ့ နီဂရိုးအုပ်စုထဲမှာ မင်းလည်းပါပုံရတယ်'

'သခင်လီယာက ကျွန်တော်တို့မိသားစုအကြောင်း ပြောထားပြီးပြီထင်ပါတယ်။ ဒီမှာရှိနေတဲ့ ကျွန်တော့်အမေ၊ ကျွန်တော့်အဘွားနဲ့ ညီအစ်ကိုမောင်နှမတွေဟာ သမ္မာ ကျမ်းစာထဲက ဘုရားသခင်ကို ကိုးကွယ်ပြီး ကြီးလာကြတာပါ'

'သမ္မာကျမ်းစာကို ဘယ်သူကဖတ်ပြသလဲ'ဟု ညှဲသည်က မျက်မှောင် တစ်ချက် ကုတ်၍ မေးသည်။

တွမ်က သူ့အဘွားနှင့် အမေက ဖတ်ပြသည်ဟု ပြောလိုက်ရန် စိတ်ကူးသည်။ သို့သော် ချက်ချင်းပင် သူ့ကိုယ်သူပြန်ထိန်းကာ စိတ်ကိုချုပ်တည်းသည်။

'ကျွန်တော်တို့အားလုံး သမ္မာကျမ်းစာကို နားထောင်ပြီး ကြီးလာရတာ ဆိုတော့ တချို့စာပိုဒ်တွေကို အလွတ်ရနေကြပါတယ်'

တွမ်၏စကား ကြားရသည့်အခါ ညှဲသည်သည် စိတ်အေးသွားဟန်ပြသည်။

'ဒီပန်းပဲဖိုထက်ကြီးတဲ့ ပန်းပဲဖိုတစ်ခုကို မင်းကိုင်ရမယ်ဆိုရင်ကော ကိုင်နိုင်ပါ့ မလားကွ'

သူတို့အားရောင်းဖို့ သူ့သခင် စိစဉ်ပြီးပြီဟု တွမ်နားလည်လိုက်သည်။ သို့သော် သူတစ်ယောက်တည်းလား၊ မိသားစုကော ပါမလား ရေရေရာရာမသိ။ ထို့ကြောင့် . . .

'ဒါက ဒီလိုပါခင်ဗျာ၊ ဒီမှာရှိနေကြတဲ့ ကျွန်တော်နဲ့ ကျန်တဲ့လူတွေအားလုံးဟာ သီးနှံလည်း ဘာစိုက်စိုက် စိုက်တတ်ကြပါတယ်။ ဘာပဲလုပ်လုပ် လုပ်တတ်ကြပါတယ်။ နေရာကြီးတာ သေးတာ . . .'

လီယာနှင့် ဧည့်သည်သည် ယာခင်းဘက်သို့ ထွက်သွားကြသည်။ မကြာမီ တွမ်ဆီသို့ မစ္စမာလီဇီ အမောတကောရောက်လာသည်။

'သူတို့ ဘာပြောသွားလဲတွမ်၊ မစ္စက်လီယာကတော့ အမူအရာပျက်တယ်။ ငါ့ကို မျက်နှာချင်းဆိုင် မကြည့်ဘူးကွဲ့'

'တစ်ခုခုရောင်းမယ်ထင်တာပဲ မစ္စမာလီဇီ။ တကယ်လို့ ကျွန်တော်တို့ကို ရောင်းရင် ကျွန်တော်တစ်ယောက်တည်းတော့ ရောင်းမယ်မထင်ဘူး။ အားလုံးကို ရောင်း လိမ့်မယ်လို့ ထင်တယ်'

မစ္စမာလီဇီက ငိုသည်။ တွမ်က အဘွားကြီး၏ပခုံးကို လှုပ်ယမ်းပြီး ပြောသည်။

'ငိုစရာမလိုဘူး မစ္စမာလီဇီ၊ ဒီနေရာမှာထက်ကောင်းတဲ့နေရာ ရောက်ဖို့သာ ဆုတောင်းရမှာ'

အဘွားကြီးကတော့ ပြော၍မရ။

ညနေပိုင်းတွင် ယာတောမှ အလုပ်သမများ ငိုယိုလာကြသည်။ သူတို့ထံမှ သခင်လီယာနှင့် ဧည့်သည်တို့ ရောက်လာကြပြီး ဟိုမေး သည်စမ်းလုပ်ကြောင်း၊ သူတို့အား ရောင်းတော့မည်မှာ သေချာကြောင်း ပြောကြသည်။

နောက်တစ်နေ့မနက်တွင် အိမ်ကြီးပေါ်မှလူများအတွက် နံနက်စာ သွားရောက်လုပ်ကိုင်ပေးသော မစ္စမာလီဇီသည် ကျွန်အိမ်တန်းသို့ ပြန်ရောက်လာသည်။ ကျွန်အားလုံး နံနက်စာစားပြီးလျှင် ဘယ်ကိုမျှမသွားရ။ သခင်အလာကို စောင့်ကြရမည်ဟု လာရောက်အကြောင်းကြားခြင်းဖြစ်၏။ နေမကောင်းဖြစ်နေသော ဦးလေးပွန်ပေကိုပင်လျှင် ကုလားထိုင်တစ်လုံးပေါ်တင်၍ သယ်လာကြရသည်။

မကြာခင် မစ္စတာလီယာသည် သူ့ဧည့်သည်နှင့်အတူ ရောက်လာသည်။ လီယာလမ်းလျှောက်ပုံသည် ဒယီးဒယိုင်နှင့် လေးကွက်သိုင်း နင်းလာသည့်နှယ်ရှိသည်။ လူနှစ်ယောက်သည် ကျွန်အိမ်တန်းမှ လူစုနှင့် လေးကိုက်ခန့်အကွာတွင် ရပ်သည်။ ထို့နောက် ဒေါသတကြီးနှင့် ကျယ်လောင်စွာ အော်ဟစ်ပြောဆိုနေသည့် လီယာ၏အသံ။

'မင်းတို့ နီဂရိုးကောင်တွေဟာ ငါ့အလုပ်ကို အမြဲတမ်းအနှံ့ခံတယ်၊ ဒီခြံလုပ်ငန်းပျက်သွားပြီ။ မင်းတို့အားလုံးကို ငါဆက်ပြီး ကျွေးမွေးမထားနိုင်တော့ဘူး။ ဒါ့ကြောင့် ရောင်းလိုက်ပြီ'

မြန်မာ စာအုပ်များ

နိဂရိုးအုပ်ဆီမှ ကျွက်စီကျွက်စီသံများ ထွက်လာသည်။ ထိုအခါ ဩည့်သည်က အော်သည်။

'အားလုံး ပါးစပ်ပိတ်ထားကြစမ်း။ အရောင်းအဝယ် မနေ့ညကတည်းက ပြီးသွားပြီ။ ငါဟာ ရိုးရိုးသာမန်ကျွန်ကုန်သည်မဟုတ်ဘူးကွ။ ကုမ္ပဏီကြီး တစ်ခုကလာတဲ့ အဝယ်တော်ကွ။ ရစ်ချ်မွန်၊ ချာလက်စတန်၊ မင်းဖစ်နဲ့ နယူးအော်လီယန်မြို့တွေမှာ အရောင်းအဝယ်လုပ်နေတာကြာပြီ'

'ကျွန်မတို့အားလုံးကို တစ်စုတည်းရောင်းမှာလား မစ္စတာ'ဟု မာတိလ်ဒါက အော်မေးသည်။

'ပါးစပ်ပိတ်ထားလို့ ငါပြောထားတယ် မဟုတ်လား။ ဘာမှမမေးနဲ့။ ငါ ပြောတာ နားထောင်။ ဒီမှာရပ်နေတဲ့ နင်တို့သခင်ဟာ အင်မတန်တော်တဲ့ လူကြီး လူကောင်း တစ်ယောက်ပဲ။ ဟိုအိမ်ကြီးပေါ်က သခင်မလည်း နင်တို့ကြောင့် ငိုနေရတယ်။ သူတို့အနေနဲ့ နင်တို့ကို တစ်ယောက်စီသာ ခွဲရောင်းရင် ငွေတွေအများကြီးရမှာ နင်တို့ သိကြရဲ့လား'

ဩည့်သည်၏မျက်လုံးများသည် ကစ်ဇီငယ်နှင့်မေရီတို့ ညီအစ်မထံ ရောက်သွားသည်။

'နင်တို့နှစ်ယောက်ဆိုရင် တစ်ယောက်ကို ဒေါ်လာလေးရာစီလောက် တန်တယ်'

သူ့အကြည့်သည် မာတိလ်ဒါထံ ပြောင်းသွားသည်။

'ဒီဟာမဆိုရင် နည်းနည်းအသက်ကြီးသွားပြီ။ ဒါပေမဲ့ သူအချက်အပြုတ်ကောင်းကောင်းတတ်တယ်လို့ ပြောတယ်။ တောင်ပိုင်းဒေသမှာ ထမင်းချက်ကောင်းကောင်း တစ်ယောက်ကို ဒီနေ့ပေါက်ဈေးဟာ ဒေါ်လာ တစ်သောင်းနှစ်ထောင်နဲ့ နှစ်သောင်း ငါးထောင်ကြားမှာ ရှိတယ်'

သူသည် တွမ်အား လှမ်းကြည့်သည်။

'ဒီကောင်လေး ပန်းပဲအလုပ်သမားဆိုရင် ဒေါ်လာနှစ်သောင်းငါးထောင် ချက်ချင်းရောင်း ချက်ချင်းရတယ်။ သူ့လို ဖောက်သည်များများလာအောင် လုပ်နိုင်တဲ့ကောင်မျိုးဟာ ဒေါ်လာသုံးသောင်းလည်း ရနိုင်တာပဲ'

သူ့မျက်လုံးအစုံသည် အသက်နှစ်ဆယ့်နှစ်နှစ်နှင့် နှစ်ဆယ့်ရှစ်နှစ်ကြား ညီအစ်ကိုများဆီသို့ ရောက်သွားသည်။

'ဒီကောင်တွေဆိုရင် ယာလုပ်သားတွေ။ တစ်ယောက်ကို ဒေါ်လာကိုးရာနဲ့ တစ်ထောင်ကြား ရနိုင်တယ်။ ဒါပေမဲ့ နင်တို့အားလုံး ကံကောင်းတယ်။ နင်တို့သခင်မက အတူတူ တစ်တွဲတည်းရောင်းရမယ်လို့ ဖွတ်ပြောနေလို့ နင်တို့သခင်က အခုလို ရောင်းတာ'

မြန်မာ စာအုပ်များ

'မစ္စက်လီယာကိုရော ယေရှုသခင်ကိုရော ကျေးဇူးတင်ပါတယ်'ဟု အဘွားအိုကစ်ဇီက အော်သည်။

'ပါးစပ်ပိတ်ထားဆိုတာ မကြားဘူးလားဟ။ ငါ သူတို့ကို နားလည်အောင် ပြောတယ်၊ မရဘူး။ ကံကောင်းချင်တော့ ငါတို့ကုမ္ပဏီကို ဆေးရွက်ကြီးစိုက်တဲ့ ယာပိုင်ရှင်ကြီးတချို့က နီဂရိုးကျွန်မိသားစုတစ်စုလုံးကို အစုလိုက်လိုချင်တယ်လို့ လာမှာတယ်။ ဒီနေရာနဲ့သိပ်မဝေးဘူး။ အေလာမန်ကောင်တီခရိုင်ထဲက မြောက်ကာရိုလိုင်းနား မီးရထားကုမ္ပဏီအနားက ခြံတွေပဲ။ သူတို့က မိသားစုလိုက် ဒုက္ခမပေးမယ့် နီဂရိုးတွေ လိုချင်ကြတယ်။ ထွက်ပြေးတာတို့ ဘာတို့မလုပ်မယ့် နီဂရိုးမျိုးကို လိုချင်နေကြတာ။ အဲဒီတော့ နင်တို့ကို လေလံတင်စရာမလိုဘူး။ သံကြိုးတွေနဲ့ချည်ပြီး ထုးခတ်မသွားဘူး။ အဲဒီတော့ ငါ့ကို ပြဿနာမလုပ်ကြနဲ့။ ဒါပဲ။ အခုအချိန်ကစပြီး နင်တို့ယူစရာရှိတဲ့ပစ္စည်းတွေ ထုပ်ပိုးထားကြ။ အချိန် လေးရက်ပေးထားတယ်။ စနေနေ့မနက်ကျရင် နင်တို့ကို လှည်းတွေနဲ့ လာတင်မယ်၊ အေရာမန်ကောင်တီခရိုင်ကို ပို့ပေးမယ်'

'ကျွန်တော့်မိန်းမ လီလီဆူးနဲ့ သားလေးကျတော့ ဘယ်လိုလုပ်ကြမှာလဲ။ သူတို့က ကူရေးခြံကဗျ။ သူတို့ကိုရော ခင်ဗျားမဝယ်ဘူးလားဗျာ'ဟု ဗာဂျီက တုန်ရီသောအသံဖြင့် မေးသည်။

တွမ်ကလည်း ပွင့်ထွက်လာသည်။

'ကျွန်တော်တို့အဘွားရယ်၊ စစ္စတာဆာရာရယ်၊ ဦးလေးပွန်ပေရယ် ရှိသေးတယ်။ သူတို့ကျတော့ကောမဝယ်ဘူးလား။ သူတို့လည်း မိသားစုတစ်စုလိုပါပဲခင်ဗျာ'

'ဟ လူတိုင်းကို လိုက်ဝယ်နေလို့ ဖြစ်မတဲ့လားကွ'ဟု ကျွန်ကုန်သည်က သရော်သံဖြင့် ပြောသည်။

'ဒီဟာမကြီးတွေက အိုမင်းရွတ်တွကြီးတွေ၊ လမ်းတောင် လျှောက်နိုင်မယ် မထင်ဘူး။ သူတို့ကို ဘယ်သူက ဝယ်မလဲကွာ။ ဒါပေမဲ့ မစ္စတာလီယာက သူတို့ကို ဒီမှာ ဆက်ထားပေးမယ်လို့ ပြောထားသားပဲ။ သူ့ခမျာ ဘယ်လောက်သဘောကောင်းသလဲ'

ငိုသံများ ထွက်ပေါ်လာသည်။ အဘွားကစ်ဇီသည် မစ္စတာလီယာ၏ ရှေ့၌ ဝပ်တွားကာ အသနားခံသည်။

'သခင်ဟာ ကိုယ့်သားကို အဝေးပို့ပစ်ခဲ့ပါတယ်။ ကျွန်မမှာ သားနဲ့လည်း ကွဲခဲ့ရပါပြီ။ မြေးတွေနဲ့တော့ အတူတူနေခွင့်ပေးပါ'

မစ္စတာလီယာသည် မျက်နှာကို တစ်ဖက်သို့လွှဲထားသည်။ မစ္စမာလီဇီနှင့် စစ္စတာဆာရာတို့ကလည်း သူတို့ကိုပါ တစ်ပါတည်းရောင်းလိုက်ဖို့ တောင်းပန်ကြသည်။ ဦးလေးပွန်ပေသည် သူ့ရှေ့မြင်ကွင်းကိုကြည့်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက်ရှိ၏။ သူသည် ရှေ့တည့်တည့်ကို စူးစိုက်ကာ နှုတ်ခမ်းများလှုပ်နေသည်။

မြန်မာ စာအုပ်များ

'အားလုံး ပါးစပ်ပိတ်ထားကြ'

ကျွန်ကုန်သည်က ပါးစပ်ကို အားကုန်ဖြဲ၍အော်သည်။

'ငါ နောက်ဆုံးစကားပြောမယ်။ အားလုံး ငါခိုင်းတဲ့အတိုင်းလုပ်ထားကြ။ နီဂရိုးကောင်တွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ သိပ်နားလည်တဲ့ကောင်ကွနော်။ ငါ့ကိုတော့ လာမစမ်းကြနဲ့'

တွမ်သည် မစ္စတာလီယာနှင့် မျက်လုံးချင်းဆိုင်၍ ကြည့်သည်။ စကားလုံးများ ရွေးချယ်ကာ သတိကြီးစွာထား၍ စကားပြောသည်။

'သခင် ကံဆိုးမိုးမှောင်ကျလာတဲ့အတွက် ကျွန်တော်တို့ စိတ်မချမ်းသာကြပါဘူး။ အခု ကျွန်တော်တို့ကို ရောင်းတာလည်း သခင့်အနေနဲ့ မလုပ်ရင်မဖြစ်တဲ့ အကြောင်းတွေရှိ...'

မစ္စတာလီယာသည် ဦးခေါင်းကို ငုံ့ထားသည်။

'မင်းတို့ကို ငါ အာဃာတရှိလို့ရောင်းတာ မဟုတ်ပါဘူး လူကလေးရယ်။ မင်းတို့ဟာ နီးဂရိုးကောင်းတွေပါ။ မင်းတို့ထဲကအများစုဟာ ငါ့မြေပေါ်မှာ ကြီးလာကြတာပါ'

'သခင်ရယ်'

တွမ်က အလွန်နူးညံ့သိမ်မွေ့ပြီး ခယသောလေသံဖြင့် တောင်းပန်စကားဆိုသည်။

'အေလာမန်ကောင်တီခရိုင်က လူတွေက အဘွားကြီးတွေကို မဝယ်ဘူးဆိုရင် ကျွန်တော့်ကို ဝယ်ခွင့်ပြုပါခင်ဗျာ။ ဒီလူပြောတဲ့အတိုင်းဆိုရင် ဒီသက်ကြီးရွယ်အိုတွေဟာ ဈေးသိပ်ပြီးမတန်ပါဘူး။ ကျွန်တော် ဈေးကောင်းပေးပါ့မယ် သခင်။ ဟိုရောက်ရင် သခင်အသစ်ဆီမှာ ကျွန်တော်ကိုယ်တိုင် ဒူးထောက်၊ ခြေသလုံးဖက်ပြီး တောင်းပန်ပါ့မယ်။ ဟိုမီးရထားလမ်းမှာဖြစ်ဖြစ် တခြားတစ်နေရာမှာ ဖစ်ဖြစ် အလုပ်ထွက်လုပ်ခွင့် တောင်းပါ့မယ်။ ရရင် ကျွန်တော်တို့ညီအစ်ကိုတွေ အလုပ်ထွက်လုပ်ပြီး ငွေစုပါ့မယ်'

ပြောရင်းပြောရင်း စိတ်ထိခိုက်လာသော တွမ်၏ ပါးနှစ်ဖက်တွင် မျက်ရည်များ စီးကျလျက်ရှိ၏။

'ကျွန်တော်တို့ရတဲ့ငွေကို သခင့်ဆီပို့ပေးပါ့မယ်။ သခင်တောင်းသလောက် ပြည့်အောင်ပေးမှာပါ ခင်ဗျာ။ ကျွန်တော့်အဘွားနဲ့ ဒီလူကြီးသုံးယောက်စလုံးဟာ ကျွန်တော့်အဖို့ မိသားစုပါပဲခင်ဗျာ။ အတူနေနိုင်ခွင့်ရအောင်တော့ သခင်ကူညီပါ ခင်ဗျာ'

မစ္စတာလီယာသည် တောင့်တောင့်မတ်မတ်ကြီး ရပ်လျက်ရှိသည်။

'အေးကွာ၊ အေးအေး။ ငါ့ကို တစ်ယောက် ဒေါ်လာသုံးရာနှုန်းသာပေးတော့။ ဒါပေမဲ့ ငါ့လက်ထဲ ငွေရောက်တဲ့အထိတော့ သူတို့ကို ဒီမှာပဲထား'

မြန်မာ စာအုပ်များ

ငိုသံနှင့် ညည်းသံများကြားမှ တွမ်၏အသံ ထွက်လာသည်။

'ကျွန်တော်တို့အတွက် စဉ်းစားပေးလို့ သခင့်ကို...'

'သူတို့ကို ဒီနေရာက မြန်မြန်ခေါ်သွားတော့ဗျာ'ဟု လီယာက ကျွန် ကုန်သည်အား ခိုင်းသည်။ သူသည် ချာခနဲလှည့်ကာ အိမ်ဘက်သို့ လျင်မြန်စွာလျှောက်သွားသည်။

ကျွန်အိမ်တန်းသို့ ပြန်ရောက်ကြသည့်အခါ မစ္စမာလီဇီနှင့် စစ္စတာဆာရာတို့က အဘွားကစ်ဇီအား ဝိုင်း၍ဖျောင်းဖျကြသည်။ အဘွားကစ်ဇီသည် ချွေးမနှင့် မြေးများကို ပွေ့ပိုက် ဖက်လိုက်၊ နမ်းလိုက် ရှုပ်လိုက်၊ မျက်ရည်ကျလိုက် ဖြစ်နေသည်။ အားလုံးပင် ငိုနေကြ၏။

တစ်နေရာရာမှ အားသစ်ဝင်လာသည့် အဘွားကစ်ဇီသည် သူ့ကိုယ်သူ အားတင်း၍ ရလာသည်။

'ကျုပ်ရယ်၊ စစ္စတာဆာရာရယ်၊ မာလီဇီရယ်၊ ပြီးတော့ ပွန်ပေရယ် အားလုံး လေးယောက်ပေါ့လေ။ တွမ်ရောက်လာတဲ့အထိ စောင့်ကြရမှာပေါ့။ သိပ်တော့ ကြာမယ် မထင်ပါဘူး။ မသကာကြာလှ နှစ်နှစ်ပေါ့လေ၊ ဟုတ်ဖူးလား။ တကယ်လို့ တွမ်မှာ အချိန်များများမရလို့ရှိရင်လည်း ကျန်တဲ့မြေးတွေက နေကြမယ်မထင်ပါဘူး'

အက်ရှ်ဖို့က 'ကျွန်တော်တို့ မနေပါဘူး အဘွားရယ်'ဟု ဝင်ပြောသည်။ အဘွားကစ်ဇီက မချိပြုံးပြုံးသည်။

'အေးကွယ်၊ အဘွား နောက်တစ်ခုမှာချင်တယ်။ ကလေးတွေကို မင်းတို့ဘိုးဘေး ဘီဘင်တွေအကြောင်း ပြောပြကြပါ။ ငါ့အမေဘဲလ်၊ ငါ့အဖေ ကွမ်တာကင်တီတို့ အကြောင်းကို မမေ့ကြပါနဲ့။ ပြီးတော့ ငါ့အကြောင်းရယ်၊ ငါ့သားဂျော့အကြောင်းရယ် အားလုံးကို ပြောပြကြပါဟယ်'

'ပြောပါ့မယ် အဘွားရယ်' မြေးများက သံပြိုင်ဖြေကြသည်။

လေးရက်တာကာလသည် လျင်မြန်စွာကုန်သွားသည်။ နောက်ဆုံးတွင် စနေနေ့မနက်သို့ ရောက်လာသည်။ ယမန်နေ့ညက လူတိုင်းပင် တစ်ညလုံး အိပ်မပျော်ကြ။ အားလုံး စကားတစ်ခွန်းမှမပြောဘဲ တစ်ယောက်လက် တစ်ယောက်ဆွဲကိုင်ကာ နေ့အထွက်ကို စောင့်မျှော်ကြသည်။ လီယာခြံမှ ထွက်ခွာကြရမည့်လူများသည် ကျန်ရစ်ခဲ့မည့်လူများအား တယုတယ ပွေ့ဖက်နှုတ်ဆက်ကြသည်။

'ဦးလေးပွန်ပေတစ်ယောက်ကော'ဟု တစ်ဦးက မေးသည်။ 'သူ မမြင်ရက်ဘူးတဲ့'ဟု မစ္စမာလီဇီက ပြောသည်။

'သမီး သူ့ကို မွှေးမွှေးပေးပြီး နှုတ်ဆက်ခဲ့ဦးမယ်'ဟု ကစ်ဇီယ်က ပြောကာ ပွန်ပေ၏တဲဆီသို့ ပြေးသွားသည်။

စိတ်ကူးချိုချို

ခဏအကြာတွင် ကစ်ဗီငယ်၏ အလန့်တကြားအော်သံကို သူတို့အားလုံးကြား ကြရ၏။

လှည်းပေါ် မတက်ရသေးသူများနှင့် လှည်းပေါ်မှ ခုန်ဆင်းလာကြသူများသည် တဲဆီသို့ အပြေးအလွှားသွားကြသည်။ အဘိုးအိုသည် သူ့ကုလားထိုင်တွင် ထိုင်လျက်၊ သူ့ခန္ဓာကိုယ်တွင် အသက်မရှိတော့။

[၁၀၄]

ခြံသစ်သို့ရောက်သွားကြပြီးသည့်နောက် မစ္စတာမာရေးတို့ဇနီးမောင်နှံအား ဘုရားရှိခိုး ကျောင်းသို့သွားကြသည့် တနင်္ဂနွေနေ့ကျမှပင် မာတိလ်ဒါတို့မိသားစုသည် အတူတူစုထိုင်ကာ စကားပြောခွင့်ရကြသည်။

"အမေက မြန်မြန်ဆန်ဆန်တော့ မဆုံးဖြတ်ရဲပါဘူးကွယ်'ဟု မာတိလ်ဒါက စကားစပြောသည်။

'ဒါပေမဲ့ အခု အမေတို့ရောက်လာခဲ့တဲ့ တစ်ပတ်အတွင်းမှာ မေမေနဲ့ မစ္စက်မာရေး တို့ ထမင်းချက်ရင်းနဲ့ စကားအများကြီးပြောခဲ့ရတယ်။ သူတို့ကြည့်ရတာတော့ လူ ကောင်းသူကောင်းတွေ ဖြစ်မယ်လို့ ထင်ရတာပဲ။ မင့်တို့အဖေ အခုထက်ထိ ပြန် မရောက်သေးတာရယ်၊ မင်းတို့အဘွား မစ္စတာလီယာဆီမှာ ကျန်ခဲ့တာရယ် အဲဒီနှစ်ခု က လွဲပြီး တခြားစိတ်ပူစရာကတော့ ရှိမယ်မထင်ဘူး'

'ကဲ...မင်းတို့ကော ဘယ်လိုထင်ကြသလဲ။ ပြောကြပါဦး'ဟု မေးသည်။

ဗာဂျီက အရင်ဆုံးပြောသည်။

'မစ္စတာမာရေးက ယာလုပ်ငန်းကို သိပ်ပြီးနားလည်ပုံမရဘူး။ ပြီးတော့ ကျွန်တွေ နဲ့လည်း နေခဲ့ဖူးပုံမပေါ်ဘူး'

'အေး...အဲဒါတော့ဟုတ်တယ်။ သူတို့က ဘာလင်တန်မြို့ပေါ်မှာ စတိုးဆိုင် ဖွင့်နေကြတာ။ အခုမှ သူတို့ဦးလေးသေလို့ ဒီမြေကို အမွေရပြီး ရွှေ့လာကြရတာကွဲ့'

ဗာဂျီက ပြန်ပြောသည်။

'သူက ကျွန်တော့်ကို အမြဲပြောတယ်။ လူဖြူအလုပ်သမား ကြီးကြပ်ရေးမှူး တစ်ယောက် သူ ရှာနေတယ်တဲ့။ ကျွန်တော်ကလည်း မလိုပါဘူး၊ ငွေအလကားကုန် မယ်။ ကြီးကြပ်ရေးမှူးငှားလို့ ကုန်မယ့်ငွေကို နောက်ထပ် ယာလုပ်သား ငါးယောက် ခြောက်ယောက် ဝယ်ထားနိုင်တယ်။ ကျွန်တော်တို့ကိုသာ လုပ်ခွင့်ပေးပါ။ ဆေးရွက်ကြီး ကောင်းကောင်းထွက်အောင် ကြိုးစားစိုက်ပေးပါ့မယ်လို့ ပြောပြတယ်'

အက်ရှ်ဖို့က ကြားဖြတ်ပြောသည်။

'ငါကတော့ ငါတို့နောက်က တကောက်ကောက်လိုက်ကြည့်နေတဲ့ အလုပ်ကြပ်ရှိနေတဲ့နေရာမှာ ဘယ်တော့မှ ကြာကြာမနေဘူးကွာ'

ဗာဂျီက အက်ရှ်ဖို့အား မျက်စောင်းတစ်ချက်ထိုးကြည့်ပြီး ဆက်ပြောသည်။

'ကျွန်တော်က ကျွန်တော့်မိန်းမ လီလီဆူးတို့သားအမိကိုပါ ဝယ်ပြီး ဒီကိုခေါ်ပေးဖို့လည်း ပြောတယ်။ လီလီဆူးက အလုပ်သိပ်လုပ်တယ်လို့ သူ့ကိုပြောပြတယ်။ သူက စဉ်းစားမယ်တဲ့။ အခုလောလောဆယ်တော့ ကျွန်တော်တို့ကို ဝယ်ထားရလို့ ငွေကုန်ကြေးကျ များနေတယ်တဲ့။ ဒီနှစ် ဆေးရွက်ကြီး ရောင်းချပြီးရင် ကြည့်ရှုပြီး လုပ်ပေးမယ်လို့ ပြောတယ်။

ဗာဂျီက မျက်နှာထား သုန်သုန်မှုန်မှုန်ဖြစ်နေသော အက်ရှ်ဖို့အား နောက် တစ်ကြိမ် လှမ်းကြည့်ပြီး ထပ်ပြောသည်။

'ဒါကြောင့် မစ္စတာမာရေး ယ်ာထဲဆင်းလာရင် ကျွန်တော်က အလုပ်လုပ်နေတဲ့ လူတွေကို လိုက်ပြီးနှိုးဆော်တယ်။ ကျွန်တော့်ကို ဘယ်လိုမှအထင်မလွဲကြဖို့ ပြောထားချင်တယ်။ ကျွန်တော် ဘာ့ကြောင့် အဲသလိုလုပ်တယ်ဆိုတာ အားလုံးက နားလည်ကြဖို့ပါ'

'မင်းနဲ့ တခြားကောင်တစ်ကောင်ကတော့ သခင့်ဆီက အထူးအခွင့်အရေးရတဲ့ နီးဂရိုးတစ်ယောက်ဖြစ်ဖို့ အမြဲကြိုးစားနေကြတာပဲ'

တွမ်၏တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သို့သော် အက်ရှ်ဖို့စကားကို ချက်ချင်းပင် ဥပေက္ခာပြုလိုက်သည်။ ဗာဂျီကတော့ မခံချင်။ ထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။

'ဒီမယ်ငါ့ညီ၊ မင်းကို ငါတစ်ခုပြောမယ်၊ လူတစ်ယောက်ဟာ မှားသွားရင် ဘယ်သူနဲ့မှ တွဲပြီး အလုပ်လုပ်လို့ မရတော့ဘူးကွာ၊ မင်းဒီပုံမျိုးနဲ့ဆိုရင် တစ်နေ့ ဒုက္ခတွေ့မယ်'

'ဟဲ့ကောင်တွေ၊ တော်ကြ'ဟု မာတိလ်ဒါက လှမ်းငေါက်သည်။ တင်းမာသော မျက်နှာထားဖြင့် နှစ်ယောက်စလုံးကိုကြည့်သည်။ ထို့နောက် တွမ်ဘက်သို့လှည့်ပြီး မေးသည်။

'ဒီမယ် တွမ်၊ မင်းနဲ့ မစ္စတာမာရေးတို့ ပန်းပဲဖိုဆောက်နေတုန်းက အချိန်ရှိသမျှ စကားတွေပြောပြောနေတာ အမေမြင်ခဲ့တယ်။ မင်းကော ဘယ်လိုထင်သလဲကွဲ့။ အမေတို့ကို ပြောပြပါဦး'

တွမ်က တွေးတွေးဆဆနှင့် အေးအေးဆေးဆေးပြောသည်။

'ကျွန်တော်တို့အတွက်တော့ ဒီမှာနေရတာ ကောင်းလိမ့်မယ်လို့ထင်တယ် အမေ။ ဒါပေမဲ့ သတိထားပြီး လုပ်ကိုင်သွားဖို့တော့လိုမယ်။ သူကြည့်ရတာ ယာလုပ်ငန်း အတွေ့အကြုံကမရှိတော့ ကျွန်တော်တို့အပေါ် သိပ်ပြီး စိတ်မချသေးဘူးလို့ ထင်တာပဲ။ ဒါ့ကြောင့် အလုပ်ကြပ်တစ်ယောက်ငှားမယ်လို့ ပြောပြောနေတာ ဖြစ်မယ်'

တွမ်က စကားကိုဖြတ်၍ ရပ်ထားလိုက်သည်။

'ကျွန်တော်ထင်တာကတော့ အမေက မစ္စက်မာရေးနဲ့ အဆင်ပြေအောင်နေ၊ ကျွန်တော်တို့က မစ္စတာမာရေး သဘောကျအောင် ယုံကြည်လာအောင် လုပ်ကြ။ အဲသလိုဆိုရင် အားလုံးအတွက်ကောင်းမှာပဲ'

အားလုံးက တွမ်၏စကားကို သဘောတူကြသည်။ မာတိလ်ဒါက အလွန် စိတ်ချမ်းသာသွားသည့် လေသံဖြင့် ပြောသည်။

'အေး...ဟုတ်တယ်၊ အခုပြောတဲ့အတိုင်းပဲလုပ်ကြမယ်။ တို့အနေနဲ့ မစ္စတာမာရေးက ဗာဂျီရဲ့မိန်းမ လီလီဆူးနဲ့ သူ့သား ယူရီယာတို့ကို ဝယ်ပေးအောင် ကြိုးစားကြတာပေါ့။ မင်းတို့အဖေရဲ့ကိစ္စကတော့ အခုလောလောဆယ် ဘာမှလုပ်လို့ မရသေးဘူး။ ကံကောင်းရင်လည်း သူ့ဘာသာသူ ပြန်ရောက်လာကောင်းပါရဲ့ကွယ်'

မာတိလ်ဒါသည် သူ့အတွေးနှင့်သူ ပြုံးသည်။

အဘွားကစ်ဇီ၊ မစ္စတာဆာရာနှင့် မစ္စမာလီဇီတို့ကိစ္စကိုလည်း မစ္စက်မာရေးကို အမေ အသိပေးထားတယ်။ အဘွားကြီးသုံးယောက်ကို ဝယ်ဖို့ကျတော့ ပြောရခက်တယ်တဲ့။ ဒါကြောင့် တွမ်နဲ့ သားယောကျ်ားတွေ အပြင်မှာ အလုပ်ထွက်လုပ်ပြီး ငွေရှာခွင့်ရအောင် သူ့ယောကျ်ားကို ပြောပေးမယ်တဲ့။ အဲဒီတော့အမေတစ်ခု ပြောချင်တယ်။ သားတို့သမီးတို့က အခု အလုပ်လုပ်နေကြတာဟာ သခင်လူဖြူ အသစ်တစ်ယောက်အတွက် လုပ်နေကြတာလို့မတွေးကြနဲ့။ ငါတို့မိသားစု အတူတူပြန်နေရအောင် လုပ်နေကြတာလို့ တွေးကြ'

ဤသို့ဖြင့် မာတိလ်ဒါတို့ မိသားစုသည် ၁၈၅၆ ခုနှစ် စိုက်ပျိုးရာသီတွင် သူတို့၏ ပိုင်ရှင် မစ္စတာမာရေးတို့ ကျေနပ်လောက်အောင် ကြိုးစားလုပ်ကိုင်ခဲ့ကြသည်။ အထူးသဖြင့် မာတိလ်ဒါ၏ သစ္စာရှိမှုနှင့် ရိုးသားဖြူစင်မှုများကြောင့် မစ္စတာမာရေးတို့၏ ယုံကြည်ကိုးစားမှုကို ရရှိလာခဲ့ကြသည်။ မာတိလ်ဒါ၏ အချက်အပြုတ်ကောင်းခြင်းနှင့် အိမ်မှုကိစ္စအဝဝတွင် အားကိုးသမှုပြုရခြင်း စသည်တို့ကြောင့်လည်း မစ္စတာမာရေးတို့၏ မျက်နှာသာပေးမှုကို ရရှိခဲ့သည်။

ဗာဂျီ၏အမြဲတစေ လှုံ့ဆော်တိုက်တွန်းမှုများကြောင့် သူ့ညီအစ်ကိုမောင်နှမ အားလုံးသည် ဆေးရွက်ကြီးစိုက်ပျိုးသည့်လုပ်ငန်းခွင်တွင် အားသွန်ခွန်စိုက် အလုပ်လုပ်ကြသည်။ တွမ်ကလည်း သူ့ပန်းပဲဖိုအား လက်ကိုင်ပြုကာ ခြံဝင်းတစ်ဝင်းလုံးကို စနစ်တကျ ပြုပြင်ပေးသည်။ သံချေးတက်နေသော သံထည်ဟောင်းများကို ကောက်ယူပြီး လယ်ယာသုံးကိရိယာများ၊ အိမ်အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ပေးသည်။ မစ္စတာမာရေးသည် ဤလုပ်ရပ်အားလုံးကို မျက်မြင်ကိုယ်တွေ့ သိရကြုံရသည်။

မြန်မာ စာအုပ်များ

မစ္စတာမာရေး အပြင်မထွက်သည့် တနင်္ဂနွေနေ့များတွင် သူတို့ဇနီးမောင်နှံ၏ မိတ်ဆွေအပေါင်းအသင်းများသည် ခြံသို့အလည်လာလေ့ရှိကြ၏။ ထိုအခါ ဧည့်သည် များသည် ခြံဝင်းထဲရှိလုပ်ငန်းများကို လှည့်လည်ကြည့်ရှုကြသည်။ မစ္စတာမာရေးက လည်း တွမ်၏ လက်ရာမြောက်ပစ္စည်းများကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြလေ့ရှိသည်။ သူတို့၏ဧည့်သည်များသည် သူတို့တွင်ပါလာသည့်ပစ္စည်းများကို ပြုပြင်ပေးရန်အပ်နှံကြ သည်။ ဤသို့ဖြင့် တွမ်၏ လက်ရာမြောက်မှုများသည် လူ့သတင်းလူချင်းဆောင်ကာ ကြော်ငြာပေးသလိုဖြစ်လာသည်။ မစ္စက်မာရေးက သူ့ယောကျ်ားမာရေးအား တွမ်နှင့် ပတ်သက်၍ ပြောဆိုထားသည့် ပြင်ပအလုပ်များ လက်ခံလုပ်ကိုင်ခွင့်ရရှိရေးသည် အလို အလျောက် ဖြစ်လာခဲ့၏။ ဤသို့ဖြင့် နေ့စဉ်တွမ်၏ပန်းပဲဖိုတွင် လားလှည်းများနှင့် တစ်မျိုး၊ မြင်းများနှင့်တစ်ဖုံ၊ ခြေကျင်တစ်သွယ် ရောက်လာကြသည့် ပစ္စည်းအပ်သူ များနှင့် ပြည့်ပြည့်လာသည်။ တစ်ခါတစ်ရံ မစ္စတာမာရေး၏ ခရီးသွားခွင့်လက်မှတ်ဖြင့် တွမ်ကိုယ်တိုင် အခြားခြံများသို့သွား၍ လိုအပ်သမျှပြင်ဆင်ပေးရသည်အထိ လုပ်ငန်း တွင်ကျယ်လာလေသည်။

ပြင်ပမှအလုပ်အပ်သူများသည် မြင်း၊ လားနှင့် နွားသံခွာတစ်ဖက်လျှင် ဆယ့် လေးဆင့် ပေးသည်။ လှည်းဘီးသံခွေအသစ်တစ်ခုတပ်ပေးရလျှင် သုံးဆယ့်ခုနစ်ဆင့် ပေးသည်။ ခက်ရင်းခွတစ်ချောင်း ပြင်ပေးလျှင် ဆယ့်ရှစ်ဆင့်ပေး၍ ပေါက်တူးတစ်ချောင်း သွေးပေးရလျှင် ခြောက်ဆင့်ပေးသည်။ မစ္စတာမာရေးသည် တွမ်အား လုပ်ခ တစ် ဒေါ်လာလျှင် ဆယ်ဆင့်နှုန်းဖြင့် ရှင်းပေးသည်။ တွမ်ကလည်း သူရသောလုပ်ခအားလုံး ကို သူ့အမေလက်ထဲ အကုန်ထည့်သည်။ သူ့အမေကလည်း သူ့လက်ထဲရောက်လာ သမျှကို အိုးတစ်လုံး၌ထည့်ကာ မြေကြီးထဲမြှုပ်သည်။ နေရာကိုတော့ သူနှင့် သူ့သား တွမ်မှတစ်ပါး အခြားမည်သူမျှမသိ။

စနေနေ့များတွင် ယာလုပ်ငန်းပိတ်သည်ဖြစ်ရာ တွမ်၏နှမ အသက်ဆယ့်ကိုးနှစ် အရွယ် ကစ်ဇီယယ်နှင့် ဆယ့်ခုနစ်နှစ်အရွယ် မေရီတို့သည် ရေကို ကသောကမျော ချိုးသည်။ ကျစ်ဆံမြီးကျစ်ကာ ဆံပင်ကို နောက်တွဲချသည်။ မျက်နှာအနက်ရောင်ကို ပြောင်လက်တောက်ပအောင် ပျားဖယောင်းလိမ်းသည်။ ထို့နောက် ကောင်းပေ့ဆိုသည့် အဝတ်အစားများဝတ်ကာ ရေဘူးကိုယ်စီဆွဲ၍ ပန်းပဲဖိုသို့သွားသည်။ သူတို့အစ်ကိုအား ရေတိုက်သည်။ အလုပ်လာအပ် လာရွေးသည့် နီဂရိုးကျွန်များအား ရေတိုက်သည်။ သူ့နှမများနှင့် နီဂရိုးလူငယ်များ ပြောင်ဟယ် နောက်ဟယ် လုပ်နေကြသည်ကိုကြည့်ကာ တွမ်သည် မချိသွားပြုဖြစ်နေသည်။

စနေနေ့ ညတစ်ညတွင်မှ သူ့အမေက သူ့နှမများအား ဆူပူဆုံးမနေသည်ကို တွမ် ကြားရသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ငါ အကန်းမဟုတ်ဘူးဟဲ့၊ နင်တို့နှစ်ယောက် ယောကျ်ားတွေကြားသွားပြီး ပျံတံတံနန့်တန့်တန့်လုပ်နေတာ ငါမမြင်ဘူးထင်နေသလား'

'အမေကလည်း သမီးတို့က မိန်းမတွေပဲဟာ။ မစ္စတာလီယာရဲ့ခြံမှာ နေတုန်းက သူစိမ်းယောကျ်ားဆိုလို့ တစ်ယောက်မှရှိတာမဟုတ်ဘူး'ဟု ကစ်ဇီငယ်က ပြန်ပြောသည်။

မကြာမီမှာပင် သူ့အမေက သူ့ကိုပါ အပြစ်တင်လာသည်။

'ဟဲ့...နင့်မျက်စိအောက်မှာ နင့်နှမတွေ မိန်းမနောက်ပိုးလုပ်နေတာ ဒီအတိုင်း လွှတ်ထားရသလား။ သူတို့ပစ်ထားတဲ့ ငါးစာနောက်ကို မကောင်းတဲ့လူပါလာရင် မခက်ပေဘူးလား။ နည်းနည်းပါးပါးတော့ပြောဦးမှပေါ့'

မိသားစုတစ်စုလုံးအား အုံအားသင့်စေခဲ့သူမှာ နန့်တန့်တန့်လုပ်တတ်သည်ဟု နာမည်ထွက်နေသော ကစ်ဇီငယ်မဟုတ်။ ကစ်ဇီထက်ဣန္ဒြေရသည်ဟု အသိအမှတ်ပြုထားခြင်းခံရသူ မေရီဖြစ်သည်။ တစ်ရက်တွင် မေရီက မိတိန်းမြို့ကလေးအနီးရှိ ခြံတစ်ခြံမှ မြင်းဇောင်းအကူအလုပ်သမားတစ်ဦးနှင့် သူလက်ထပ်လိုကြောင်း၊ သူ့ရည်းစား၏သခင်က သူ့အားလာဝယ်လျှင် ရောင်းလိုက်ဖို့ မစ္စတာမာရေးအား ပြောပေးစေလိုကြောင်း ပူဆာသည်။ သို့သော်လည်း မာတိလ်ဒါက မရေမရာအဖြေပေးနေသဖြင့် မေရီက ငိုသည်။

'ငါဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူးကွယ်၊ မင့်နှမ စိတ်မချမ်းမသာတာ အမေသိပါတယ်။ ဒါပေမဲ့ အမေတို့မိသားစုထဲက လူတစ်ယောက် အရောင်းခံရပြီး ခွဲထွက်သွားတာကို အမေ မကြည့်ချင်ဘူးကွယ်'ဟု မာတိလ်ဒါက တွမ်အားပြောသည်။

'ဒါတော့ အမေမှားတာပေါ့'ဟု တွမ်ကပြောသည်။

'ကိုယ်မှားတယ်ဆိုတာ အမေလည်းသိနေတာပဲ။ ဒါပေမဲ့ အမေရယ်...ကျွန်တော်ကတော့ တခြားဒေသ အဝေးအကြီးမှာနေတဲ့လူနဲ့ လက်ထပ်ဖို့စိတ်မကူးပါဘူး'

မာတိလ်ဒါက တွမ်အား တစ်ချက်လှမ်းကြည့်သည်။

'မင်းကတော့ ဘယ်တော့လောက်လက်ထပ်မယ်လို့ စိတ်ကူးနေသလဲ'

'ကျွန်တော် အခုလောလောဆယ် စိတ်မကူးသေးပါဘူး အမေရာ'ဟု တွမ်က ပြောသည်။ ချက်ချင်းပင် သူ့အမေစိတ်ပြောင်းသွားစေရန် အကြောင်းအရာကို ပြောင်းပြောသည်။ 'အဘွားကစ်ဇီ၊ စစ္စတာဆာရာနဲ့ မစ္စမာလီဇီတို့ကို ပြန်ဝယ်ဖို့ကိစ္စရော အမေတွေးသေးရဲ့လား။ ကျွန်တော်တို့ ငွေစုနေတာကော ဘယ်လောက်ရပြီလဲ'

'ပြီးခဲ့တဲ့တနင်္ဂနွေနေ့က အမေ့ကိုမင်းပေးခဲ့တဲ့ နှစ်ဒေါ်လာနဲ့လေးဆင့် ထည့်ပေါင်းရင် ရှစ်ဆယ့်ခုနစ်ဒေါ်လာနဲ့ ငါးဆယ့်နှစ်ဆင့် ရှိသွားပြီ'

တွမ်က ခေါင်းယမ်းသည်။

မြန်မာ စာအုပ်များ

'ကျွန်တော် ဒီထက်များများစုနိုင်အောင် လုပ်ဦးမှဖြစ်မယ် အမေရေ'

'ဗာဂျီကလည်း မင်းပြောသလိုပြောတယ်'

'သူတို့အရနည်းတာကိုတော့ အပြစ်တင်လို့မဖြစ်ပါဘူးအမေရာ။ ယာအလုပ်သမားကျတော့ အပြင်မှာအလုပ်ရဖို့ မလွယ်ဘူးဗျ'

'အေးကွယ်၊ အခုလောက်ဆို မင့်အဘွားက အသက်ခုနစ်ဆယ်လောက်ရှိပြီ။ စစ္စတာဆာရာနဲ့ မစ္စမာလီဇီတို့က ရှစ်ဆယ်စီတော့ရှိရော့မယ်'

ရုတ်တရက် အတွေးတစ်ခုဝင်လာသဖြင့် မာတိလ်ဒါငြိမ်နေသည်။

'မင့်အဘွားက ပြောဖူးတယ်၊ သူ့အဖေဟာ အသက်ဘယ်လောက်ကြီးပြီဆိုတာသိရအောင် ဘူးခြောက်ထဲ ကျောက်စရစ်ခဲတွေထည့်တယ်တဲ့'

'ဟုတ်တယ်အမေ၊ အဘွားပြောတာ ကျွန်တော်လည်းမှတ်မိတယ်'

'အင်း... မင်းအဘွားက အခုအသက်ခုနစ်ဆယ်ဆိုတော့ သူ့အဖေဟာ ရှိမှရှိပါတော့မလားမသိဘူး။ သူ့အမေလည်း ခုလောက်ဆို သေများသေပြီလားပဲ။ သူတို့ခများလည်း သနားစရာကောင်းပါတယ်ကွယ်'

'သူတို့အကြောင်းတွေ အများကြီးကြားဖူးပေမဲ့ လူကိုမမြင်ဖူးတော့ သိပ်ပြီးမြင်ဖူးချင်တာပဲဗျာ'ဟု တွမ်က တမ်းတမ်းတတပြောသည်။

'အမေလည်း မင့်လိုပါပဲကွယ်'ဟု မာတိလ်ဒါကပြောသည်။ သူ့ရင်ထဲ၌ လျှို့ဝှက်ထားသည့် ကိစ္စတစ်ခုကို ဖွင့်ပြောရန် အကောင်းဆုံးအချိန်ဖြစ်လိမ့်မည်ဟု တွေးနေသည်။

'စောစောက အမေကမေးတယ်၊ မင်းကော ဘယ်တော့လက်ထပ်မယ် စိတ်ကူးသလဲတဲ့'

မာတိလ်ဒါက ဖျတ်ခနဲလှမ်းကြည့်သည်။

'အေး... ဟုတ်တယ်၊ အမေမေးခဲ့တယ်'

'ကျွန်တော် မိန်းမတစ်ယောက်တော့တွေ့ထားတယ်အမေ။ သူနဲ့လည်း စကားတော့ပြောထားတယ်'

'ဘုရား...ဘုရား...ဘုရား၊ ဘယ်သူလဲကွဲ့'

'အမေ မသိတဲ့လူမဟုတ်ပါဘူး၊ သူ့နာမည်က 'အိုင်းရင်း'တဲ့။ တချို့က သူ့ကို 'ရိန်'လို့ ခေါ်ကြတယ်။ သူ့ကိုပိုင်တာက မစ္စတာအက်ဒ်ဝင်ဟော့တ်ပါ။ သူတို့အိမ်ကြီးမှာ အိမ်ဖော်လုပ်ရတယ် အမေရဲ'

'ဩော်...ဟိုသူဌေး မစ္စတာဟော့ထ်တို့လား၊ အေလာမန်းချောင်းပေါ်က ဝါဂွမ်းစက်ရုံပိုင်ရှင် ဇနီးမောင်နှံလေ...'

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ဟုတ်တယ်အမေ'

'မင်း ဟိုတလောက သူတို့အိမ် ပြတင်းပေါက်တံခါးတွေ တပ်ပေးရသေးတယ် မဟုတ်လား'

'ဟုတ်တယ်အမေ'

မာတိလ်ဒါ၏မျက်နှာသည် ကြည်လင်အေးဆေးသွားသည်။ ထိုင်နေသည့်ကုလားထိုင်မှ ထလာပြီး သူ့အား ပွေ့ဖက်ထားသည်။

'အမေ သိပ်ဝမ်းသာတာပဲ သားရယ်'

'နေဦးအမေ၊ နေဦး'ဟု တွမ်ကပြောကာ သူ့အမေလက်ထဲမှ အသာအယာရုန်းထွက်သည်။

'အခုမှ ကျွန်တော်တို့ချင်း စကားပြောထားကြတုန်းပဲရှိသေးတယ် အမေရ'

တွမ်က သူ့အမေမျက်နှာကို ကြည့်သည်။

'အမေ ဘယ်သူ့ကိုမှ မပြောနဲ့ဦးနော်'

'အေးပါ ငါ့သားရယ်၊ မပြောပါဘူး။ မစ္စတာမာရေးကတော့ မင့်အတွက်ဆိုရင် မင့်ကောင်မလေးကို ဝယ်ပေးမှာပါ'ဟု မာတိလ်ဒါကပြောသည်။ သူ့စိတ်အာရုံတွင် သူ့သားအတွက် သူကိုယ်တိုင် မင်္ဂလာကိတ်မုန့် ဖုတ်ပေးနေရသည့်အဖြစ်ကို မြင်ယောင်လျက်ရှိလေသည်။

'ညဥ့်နက်သွားပြီအမေ၊ ကျွန်တော် ပြန်တော့မယ်'

တွမ်သည် သူ့အမေအနီးမှဖြတ်၍ ထွက်လာခဲ့သည်။ သူအပြင်သို့ထွက်လာနိုက်တွင် သူ့အမေ၏ စကားပြောနေသံကို ကြားရသည်။

'အင်း...အသက်ကြီးလာပြန်တော့လည်း မင့်အဘွားကစ်ဇီလို ဖြစ်လာတယ်။ မြေးတွေအများကြီး ရှိချင်လာပြန်တယ်။ အမေလည်း အသက်ရှည်ရှည်တော့နေရသားပဲ။ အခုပုံတိုင်းဆိုရင် မြေးတချို့ကို မြင်ရ တွေ့ရ ချီပိုးရတဲ့အထိ အမေ အသက်ရှည်ချင်ရှည်ဦးမှာ'

[၁၀၅]

လွန်ခဲ့သောလပေါင်းများစွာကဖြစ်၏။ တစ်ရက်သော တနင်္ဂနွေနေ့တွင် မစ္စတာမာရေးတို့ ဇနီးမောင်နှံ ဘုရားရှိခိုးကျောင်းမှ ပြန်ရောက်လျှင်ရောက်ချင်း မာတိလ်ဒါအား ခေါ်သည်။ ပြီးတော့ တွမ်အား အိမ်ရှေ့ဆင်ဝင်အောက်သို့လာရန် ပြောခိုင်းသည်။

မစ္စတာမာရေး၏မျက်နှာသည် ရွှင်လန်းလျက်ရှိသည်။ တွမ်အားပြောနေသည့် လေသံကလည်း မြူးထူးတက်ကြွလျက်ရှိသည်။ ဟော့ထ်ဝါဂွမ်းစက်ရုံပိုင်ရှင် မစ္စတာ အက်ဒ်ဝင်ဟော့ထ်နှင့် သူတွေ့ခဲ့ကြောင်း၊ ဟော့ထ်မိန်းမ မစ္စက်ဟော့ထ်က တွမ်၏ သံထည်လုပ်ငန်းကို များစွာသဘောကျနေကြောင်း၊ အခုလည်း မကြာခင် ဆောက်လုပ်မည့် အိမ်တွင်တပ်မည့် ပြတင်းပေါက်များအတွက် သူ့မိန်းမကိုယ်တိုင် ဒီဇိုင်းများဆွဲ၍ ပုံစံထုတ်ထားကြောင်း၊ ထိုပုံစံများကိုအပ်လျှင် တွမ်က လုပ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း၊ ထို့ကြောင့် တွမ်ကိုယ်တိုင် သွားရောက်ကြည့်ရှုပေးရလိမ့်မည် ဖြစ်ကြောင်း တွမ်အားပြောသည်။

ဤသို့ဖြင့် နောက်တစ်နေ့မနက်တွင် တွမ်သည် မစ္စတာမာရေးထုတ်ပေးသည့် ခရီးသွားခွင့်လက်မှတ်ဖြင့် မစ္စတာအက်ဒ်ဝင်ဟော့ထ်တို့ခြံသို့ ထွက်လာခဲ့ရ၏။

ဟော့ထ်တို့အိမ် ရောက်သည့်အခါ လူမည်း ဥယျာဉ်မှူးတစ်ယောက်နှင့် တွေ့သဖြင့် တွမ်က အကျိုးအကြောင်းပြောပြသည်။ ချက်ချင်းပင် မစ္စက်ဟော့ထ်ကိုယ်တိုင် ရောက်လာပြီး သူထုတ်ထားသည့် ပြတင်းပေါက်ပုံစံများပြသည်။ တွမ်ကလည်း ပုံစံများကို ကျကျနနလေ့လာကာ 'ကျွန်တော်လုပ်နိုင်ပါလိမ့်မည်' ဟု ပြောသည်။ ပြတင်းပေါက် အရေအတွက်များနေခြင်းနှင့် သံဆောင်အားလုံးကို ပန်းနွယ်ပန်းခက်များ ဖော်ပေးရမည် ဖြစ်ခြင်းတို့ကြောင့် အနည်းဆုံး နှစ်လခန့်ကြာလိမ့်မည်ဖြစ်ကြောင်း တွမ်က ရှင်းပြသည်။ နှစ်လခန့်နှင့်ပြီးနိုင်သည်ဟု သိရသဖြင့် ဝမ်းသာကြောင်း မစ္စက်ဟော့ထ်က ပြောပြကာ ပုံစံစာရွက်များကို တွမ်အား အပ်သည်။ တွမ်သည် ချက်ချင်းပင် ပြတင်းပေါက်များကို တစ်ပေါက် ချင်းစီ လိုက်၍ တိုင်းသည်။

မွန်းလွဲစအချိန်တွင် တွမ်သည် အိမ်အပေါ်ထပ် ဝရံတာတစ်ခုဘက်သို့ မျက်နှာပြုနေသည့် ပြတင်းပေါက်များကို တိုင်းနေသည်။ ဤအခိုက်တွင် သူ့အား တစ်နေရာမှ လူတစ်ယောက်က စိုက်ကြည့်နေသည်ဟု စိတ်ထဲက ခံစားရသဖြင့် ဖျတ်ခနဲ လှည့်ကြည့်သည်။ ကြေးနီရောင်အသားနှင့် ထူးထူးခြားခြားလှနေသည့် မိန်းမပျိုတစ်ယောက်။ ခြေသုတ်ဖုံတစ်ခုကိုကိုင်ကာ တစ်ဖက်ပြတင်းပေါက်၌ ရပ်နေသည်။ အိမ်စေယူနီဖောင်း ဝတ်စုံနှင့်ဖြစ်သည်။ နက်မှောင်သောဆံပင်များကို နောက်တွဲထုံးထားသည်။ မိန်းမပျိုသည် တွမ်အား ဗုံဗုံစားစားပြန်ကြည့်လျက်ရှိသည်။ တွမ်က ဦးထုပ်ကို ကပျာကယာချွတ်ကာ ပါးစပ်မှ 'နေကောင်းရဲ့လား'ဟု လွှတ်ခနဲထွက်သွားသည်။

'ရှင်ကော နေကောင်းပါရဲ့လား'ဟု မိန်းမပျိုကပြန်မေးကာ တစ်ချက်မျှ ပြုံးပြပြီး လှစ်ခနဲပျောက်သွားသည်။

မာရေးတို့ခြံသို့အပြန်တွင် တစ်လမ်းလုံး မိန်းမပျို၏မျက်နှာသည် သူ့အာရုံထဲတွင် တရစ်ဝဲဝဲပေါ်လာလျက်ရှိသည်။ ထိုည အိပ်ရာထဲရောက်ပြန်တော့လည်း မေ့၍မရ။

နာမည်ကလေးမှ မသိခဲ့ရသည့်အတွက် စိတ်မကောင်းဖြစ်နေသည်။ အသက်ကတော့ ဆယ့်ကိုးနှစ် နှစ်ဆယ်ထက် ပိုမည်မထင်။ အိမ်ထောင်နဲ့များလား၊ သို့မဟုတ် ချစ်သူ ရှိနေပြီလား စသော အတွေးများသည် သူ့စိတ်ကို များစွာဒုက္ခပေးလျက်ရှိလေသည်။

အလုပ်ကတော့ အဆင်ပြေသည်။ သီတင်းပတ်ခုနစ်ပတ်တိတိ မရပ်မနား လုပ်လိုက်သည့်အခါ လုပ်ငန်းပြီးသွားသည်။ တစ်ရက်တွင် တွမ်သည် ပြီးစီးသွားသော ပြတင်းပေါက်ဘောင်များကို လှည်းတစ်စီးဖြင့်တင်ကာ သူကိုယ်တိုင်မောင်း၍ မစ္စတာ ဟော့ထ်ထံသို့ သွားပို့သည်။ အားလုံးက တွမ်၏လက်ရာကို ချီးကျူး၍မဆုံး။

တွမ်သည် ပြတင်းပေါက်ဘောင်များကိုတပ်ပေးသည်။ ဟော့ထ်တို့မိသားစု တစ်စုလုံးသာမက ကျွန်များပါ လာကြည့်ကြသည်။ လှလွန်းသဖြင့် အံ့သြ၍မဆုံး၊ ချီးမွမ်း၍ မဆုံး။ တွမ်၏စိတ်ကတော့ ချီးမွမ်းသံများ ကြားနေရသော်လည်း ထင်သလောက် မပျော်နိုင်။ ယခုလာကြည့်နေသူများကြားတွင် သူမြင်ခဲ့ရသည့် မိန်းမပျိုကို မတွေ့။ သူဘယ်ကိုများ သွားနေပါလိမ့်၊ သူ့နာမည် ဘယ်သူလဲ၊ ဒီအိမ်ကြီးထဲမှာ သူ ဘာ အလုပ် လုပ်ပါလိမ့် ဤအတွေးဖြင့် စိတ်ဗလောင်ဆူလျက်ရှိသောတွမ်သည် သူ့အလုပ်ကို အမြန်ဆုံးပြီးအောင် တက်သုတ်ရိုက်လုပ်သည်။ အလုပ်ပြီးလျှင် အမြန်ပြန်မည်ဟု လည်း ဆုံးဖြတ်သည်။

တွမ် တတိယထပ်မှ ပြတင်းပေါက်များ တပ်နေခိုက်တွင် အပြေးအလွှားတက်လာသော ခြေသံများ ကြားရသည်။ ထို့နောက် 'အို...သိပ်လှတာပဲ'ဟူသောအသံ ကြားရသည်။ လှည့်ကြည့်လိုက်သောအခါ သူအာ႕ပွန်မြင်ချင်နေသည့်မျက်နှာ။ ခေါင်းပေါ်တွင် ယာလုပ်သမခေါင်းစွပ်နှင့်။

'ငါက မင့်ကို အိမ်ဖော်လို့ထင်ထားတာ'ဟု တွမ်ကပြောသည်။

'ကျွန်မက အလုပ်မျိုးစုံလုပ်ရတာကိုကြိုက်တယ်။ သူတို့ကလည်းခွင့်ပြု တယ်'ဟု မိန်းမပျိုကပြောသည်။ 'ကျွန်မ ရှင်လုပ်ထားတာကြည့်ချင်လို့ခဏလေးတက်လာတာ။ ကျွန်မ အလုပ်ခွင်ပြန်တော့မယ်။ ရှင်လည်း ကိုယ့်အလုပ်ကိုယ်ပြန်လုပ်တော့'

ဒီတစ်ခါတော့ သူ အလွှတ်မခံနိုင်။ အနည်းဆုံး နာမည်တော့သိရမှဖြစ်မည်။ တွမ်က နာမည်မေးသည်။

'အိုင်းရင်းတဲ့၊ ရီနီလို့လည်း ခေါ်ကြတယ်။ ရှင့်နာမည်ကကော'

သူသည် မေးရကောင်းနိုး၊ မမေးဘဲနေရလျှင်ကောင်းနိုး ချိန်ဆနေသည်။ ထို့နောက် နှုတ်မှ လွှတ်ခနဲထွက်သွားသည်။

'မစ္စအိုင်းရင်း၊ မင့်မှာ အဖော်ရှိနေပြီလား'

မြန်မာ စာအုပ်များ

အိုင်းရင်းက တင်းမာသောမျက်နှာထားဖြင့် တွမ်၏မျက်နှာကို အကြာကြီး စိုက်ကြည့်နေသည်။

'ကျွန်မ စိတ်တောင်မကူးမိဘူး၊ ကျွန်မ ရှင့်ကို စမြင်တုန်းက ရှင်ဟာ သိပ်ရက်တတ်တာပဲ။ ဒါကြောင့်မို့ ကျွန်မနဲ့ စကားပြောဝံ့မှာမဟုတ်ဘူးလို့ထင်ပြီး စိတ်တောင်ပူမိသေးတယ်'

တွမ်သည် ဝရန်တာမှ ခုန်မချမိအောင် သူ့ကိုယ်သူ သတိထားနေရ၏။

ထိုအချိန်မှစ၍ တွမ်သည် မစ္စတာမာရေးထံမှ တနင်္ဂနွေနေ့တိုင်း တစ်နေ့လုံး ခရီးသွားခွင့်လက်မှတ်တောင်းသည်။ လားလှည်းသုံးခွင့်ကိုလည်းတောင်းသည်။ သူ့ပန်းပဲဖိုအတွက် သတ္တုအတိုအစများ ကောက်ယူစုဆောင်းရန်သွားခြင်း ဖြစ်သည်ဟု သူ့မိသားစုအားအသိပေးကာ အိုင်းရင်းထံသို့ သွားလည်သည်။

'ကျွန်မအဖေက ရက်အင်ဒီးယန်းရှင့်။ သူ့နာမည်က ဟီလီယန်တဲ့။ ကျွန်မအမေက ပြောတယ်။ ဒါကြောင့်မို့ ကျွန်မအသားအရောင်က တစ်မျိုးဖြစ်နေတာ'ဟု အိုင်းရင်းက ပြောသည်။

'သခင်လုပ်တဲ့လူဖြူက သိပ်ဆိုးလွန်းလို့ အမေကထွက်ပြေးတာ တော့ထဲရောက်သွားတော့ ရက်အင်ဒီးယန်းတွေက လာဖမ်းသွားတယ်။ သူတို့ရွာမှာနေရင်း အဖေနဲ့အိမ်ထောင်ကျပြီး ကျွန်မကိုမွေးတယ်။ ကျွန်မအသက် သိပ်မကြီးသေးခင် တစ်နေ့မှာ ကျွန်မတို့ရွာကို လူဖြူတွေဝင်တိုက်တယ်။ ကျွန်မအမေကိုဖမ်းပြီး ပိုင်ရှင်ဆီပြန်ပို့တော့ ပိုင်ရှင်က ကျွန်ကုန်သည်တစ်ယောက်ကို ရောင်းလိုက်တယ်။ အဲဒီကတစ်ဆင့် မစ္စတာဟော့ထ်တို့က ဝယ်လာတယ်။ ကျွန်မတို့ ကံကောင်းတယ်။ မစ္စတာဟော့ထ်တို့က အဆင့်အတန်းမြင့်တဲ့ လူဖြူတွေရှင့်'

အိုင်းရင်းက စကားမဆက်သေးဘဲ ရပ်ထားသည်။

'ဒီရောက်တော့ အမေက အဝတ်လျှော် မီးပူတိုက် လုပ်ရတယ်။ အမေသေတာ လွန်ခဲ့တဲ့ လေးနှစ်ကပေါ့။ အဲဒီအချိန်ကတည်းက ကျွန်မ ဒီမှာနေလာတာ။ အခုဆို ကျွန်မအသက် ဆယ့်ရှစ်နှစ်ပြည့်ပြီ။ အခုလာမယ့် နှစ်သစ်ကူးနေ့ဆိုရင် ဆယ့်ကိုးနှစ်ထဲဝင်တော့မှာ'

အိုင်းရင်းက တွမ်အား စူးစူးရဲရဲကြည့်သည်။

'ရှင်ကော အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်လေးနှစ်'

တွမ်ကလည်း အိုင်းရင်းအား သူတို့မိသားစုအကြောင်း ပြောပြသည်။

တနင်္ဂနွေတစ်နေ့တွင် ထုံးစံအတိုင်း တွမ်နှင့် အိုင်းရင်းတို့သည် အပြင်သို့ထွက်လာကြသည်။ တွမ်သည် ယခင်နေ့များကနှင့်မတူ၊ ငြိမ်ဆိတ်လျက်ရှိသည်။

မြန်မာ စာအုပ်များ

'ရှင် ဘာတွေတွေးနေသလဲ တွမ်'ဟု အိုင်းရင်းက မေးသော်လည်း 'ဟင့်အင်း ဘာမှမတွေးပါဘူး'ဟုသာ ဖြေသည်။ အိုင်းရင်းကတော့ မကျေနပ်။

'ရှင်မပြောချင်လည်း ရပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ ထင်တယ်။ ရှင့်စိတ်ထဲမှာ ပြဿနာတစ်ခုခု ရှိနေတယ်လို့'

တွမ်ကတော့ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေသည်။ သီတင်းပတ်ပေါင်း၊ လပေါင်း များစွာ ကုန်လွန်လာခဲ့ပြီ။ ယခုထိ မိမိ၏သဘောထားအမှန်ကို ဖွင့်မပြောဖြစ်သေး။ သူသည် သူတို့အားရောင်းခဲ့စဉ်က ဗာဂျီ၏မိန်းမ ကျန်နေခဲ့သည့်အဖြစ်ကို သတိရသည်။ မည်သို့ပင်ဖြစ်စေ ဗာဂျီ၏အသနားခံမှုကြောင့် မစ္စတာမာရေးကိုယ်တိုင် ကပ်စ်ဝဲလ် ကောင်တီခရိုင်ဘက်သို့ ခရီးထွက်ကာ ဗာဂျီ၏မိန်းမ လီလီဆူးနှင့် သားငယ် ယူရိုယာ တို့အား ဝယ်လာခဲ့သည်မဟုတ်လော။ ဤကဲ့သို့ တောင်စဉ်ရေမရတွေးနေသော တွမ် သည် အမှတ်တမဲ့နှင့် စကားတစ်ခွန်း လွှတ်ခနဲထွက်သွားသည်။

'သခင်တစ်ယောက်တည်းကပိုင်တဲ့ လူချင်းမှသာ လက်ထပ်ချင်တယ်'

'ကျွန်မလည်း ရှင့်လိုပဲ'

တွမ်သည် လက်ထဲမှ လားဇက်ကိုပင် လွှတ်ချမိတော့မလို ဖြစ်သွားသည်။ သူ ကြားလိုက်ရသည်မှာ ဟုတ်မှဟုတ်ပါလေစ။

'မင်းဘာပြောလိုက်တာလဲ အိုင်းရင်း'

'ကျွန်မ ရှင်ပြောသလိုပဲလို့ ပြောတာ'

'မစ္စတာဟော့ထ်တို့ဇနီးမောင်နှံက မင့်ကို ရောင်းမှာတဲ့လား'

'ကျွန်မဘက်က အဆင်သင့်ဖြစ်ရင် ရောင်းမှာပါ'

တည်ငြိမ်အေးဆေးသောမျက်နှာထားဖြင့် အိုင်းရင်းက တွမ်အား ကြည့်နေသည်။

'မင်း သူတို့ကို ဘယ်လိုပြောမှာလဲ'

'ဒါက ရှင်ပူစရာမဟုတ်ပါဘူး တွမ်ရယ်၊ ကျွန်မအလုပ်ပါ'

'ဒါဆိုရင်လည်း မင်းက အခုထက်ထိ ဘာပြုလို့ အရောင်းခံရအောင် မပြောသေး တာလဲ'

'ကောင်းပြီလေ၊ ကျွန်မပြောမယ်၊ ရှင်က အချိန်ပြောပေါ့'

တွမ်သည် ရုတ်တရက် ဘာပြောရမှန်းမသိ။ အိုင်းရင်း၏သခင်က အိုင်းရင်း အတွက် တန်ဖိုးမည်မျှ တောင်းလေမလဲ။

'ရှင်က ရှင့်သခင်ကို မေးမှပေါ့။ သူ ကျွန်မကို ဝယ်မလား မဝယ်ဘူးလား'

'သူကတော့ မင့်ကိုဝယ်မှာပဲ'ဟု တွမ်က အနိုင်အမာပြောသည်။

'မင့်သခင်က မင့်အတွက် ဈေးဘယ်လောက်ဆိုမယ်ထင်သလဲ'

'သူပေးတဲ့ဈေးက သင့်တင့်ရင်လက်ခံမှာပါ'

မြန်မာ စာအုပ်များ

တွမ်က အိုင်ရင်း၏မျက်နှာကို ပြုံးတိပြုံးကြောင်ဖြင့်ကြည့်နေသည်။ အိုင်းရင်းကလည်း သူ့အား ပြန်၍ စူးစူးရဲရဲကြည့်သည်။

'တွမ်မာရေးရယ်၊ ရှင်ဟာ လူတစ်မျိုးပဲ။ ဘာမှပွင့်ပွင့်လင်းလင်းမရှိဘူး။ ကျွန်မနဲ့စပြီး တွေ့တဲ့အချိန်ကစပြီး မြဲစိစိပဲ။ ရှင့်ဆီက တစ်ခုခုတော့ပြောလိမ့်မယ်ဆိုတာ ရိပ်မိလို့ မျှော်တလင့်လင့်နဲ့စောင့်နေခဲ့တာကြာပြီ။ နောက်ဆုံးကျတော့ ကျွန်မကပဲ စပြောရတယ်။ ကျွန်မ ရှင့်ကို ထုရိုက်ပစ်ချင်တယ်'

ပြောပြောဆိုဆိုပင် အိုင်းရင်းက လက်သီးဆုပ်နှစ်ဖက်ဖြင့် တွမ်၏ခေါင်းနှင့် လက်မောင်းများကိုထုသည်။ တွမ်က လက်နှစ်ဖက်ကိုဖမ်းဆွဲကာ အိုင်းရင်းအား ဖက်ထားသည်။ လားကတော့မရပ်။ ဇက်ထိန်းမရှိဘဲ ခြေဦးတည့်ရာသွားလျက်ရှိသည်။

[၁၀၆]

ပထမကြားစတွင် အသံက သဲ့သဲ့။ နောက်တော့ တဖြည်းဖြည်းကျယ်လာသည်။ အိမ်အပေါ်ထပ်တက်သည့် လှေကားထောင့်ကွေ့ထဲမှ ငိုနေသည့်အသံဖြစ်သည်။ တခြားလူမဟုတ်။ အိုင်းရင်း။ 'ဟဲ့...ဘာဖြစ်နေတာလဲ'ဟု မစ္စက်ဟော့ထ်က အလန့်တကြားမေးသည်။

အိုင်းရင်းက သူနှင့်တွမ်တို့ ချစ်နေကြကြောင်း၊ သူ့အနေဖြင့် တွမ်ကိုသာ လက်ထပ်လိုကြောင်း၊ သို့သော် မစ္စက်ဟော့ထ်တို့၏ သားနှစ်ယောက်က လိုက်နှောင့်ယှက်နေသဖြင့် သူစိတ်ဆင်းရဲနေရကြောင်း၊ မျက်ရည်လည်ရွဲဖြင့်ပြောသည်။ မစ္စက်ဟော့ထ်က သူ့သားများထဲမှ ဘယ်သူတွေက နှောင့်ယှက်နေတာလဲဟု မေးသည်။ အိုင်းရင်းက နာမည်များ ထုတ်ပြောသည်။

ထိုည ညစာမစားမီမှာပင် မစ္စတာဟော့ထ်တို့ ဇနီးမောင်နှံသည် ဤပြဿနာကို ဆွေးနွေးကြသည်။ သူတို့မိသားစု၏အကျိုးကို ရှေ့ရှု၍ အိုင်းရင်းအား မစ္စတာမာရေးလက်သို့ရောင်းချရန် သဘောတူကြသည်။ မစ္စတာဟော့ထ်တို့အနေဖြင့် အိုင်းရင်းအား ချစ်ခင်ကြသည်ကတစ်ကြောင်း၊ တွမ်လို လူတော်တစ်ယောက်အား ရွေးချယ်သည့်အတွက် သဘောကျသည်ကတစ်ကြောင်းကြောင့် လက်ထပ်ပွဲနှင့် မင်္ဂလာပွဲ ညစာကို သူတို့ကပင် တာဝန်ယူမည်ဟု ဆုံးဖြတ်ကြသည်။

မင်္ဂလာပွဲနေ့တွင် တွမ်က သူစိတ်တိုင်းကျလုပ်ထားသည့် သံနှင်းဆီပွင့် ရင်ထိုးကလေးတစ်ခုကို သတို့သမီးအားပေးသည်။ အိုင်းရင်းကလည်း ထိုလက်ဆောင်ကို ရင်တွင်အပ်၍ အမြတ်တနိုးပြုသည်။ 'သိပ်လှတာပဲ။ နှင်းဆီပွင့်ကလေးနဲ့ အိုင်းရင်းဘယ်တော့မှမခွဲဘူး'ဟု ပြောသည်။

ထိုညက ညည့်ခံပွဲ၌ ဝိုင်တတိယခွက်သောက်အပြီး မူးနောက်နောက် ရှိဝေဝေ ဖြစ်နေသော မာတီလ်ဒါက 'ငါ့သမီးကယ်ပေလို့သာပေါ့ကွယ်။ တွမ်က မိန်းကလေး တစ်ယောက်ကို လူပျိုစကားပြောရမှာ ရှက်တတ်တဲ့လူမို့ ဒီတစ်သက် မိန်းမမရပါတော့ မလားလို့ အမေစိတ်ပူနေရတာ'ဟု ပြောသည်။ အိုင်းရင်းကလည်း ချက်ချင်းပင် ပြန် ပြောသည်။

'အခုလည်း သူကပြောတာမဟုတ်ဘူးအမေ၊ သမီးကစပြောရတာ'

ထိုအခါ ဧည့်သည်များက ဝိုင်းရယ်ကြသည်။

တွမ်၏မိသားစုများကြားတွင်လည်း တွမ်နှင့်ပတ်သက်၍ ပြောစမှတ်ပြုစရာများ ရှိလာခဲ့၏။ အိုင်းရင်းရောက်လာကတည်းက တွမ်၏တူသံသည် သီချင်းသံ ထွက်လာ သည်ဟုလည်း ကောင်း၊ စကားတွေ သိပ်များလာသည်ဟုလည်းကောင်း၊ အမြဲတစေ သွားဖြဲနေသည်ဟုလည်းကောင်း၊ အလုပ်ကို ယခင်ကထက် ပိုလုပ်လာသည်ဟုလည်း ကောင်း ပြောကာ သောစရာများ ဖြစ်လာခဲ့သည်။

အမှန်တော့လည်း တွမ်၏ပန်းပဲဖိုသည် ပို၍စည်လာသည်။ ကျွန်အိမ်တန်းမှ လူများအတွက်လည်း ဆုံစည်းရာနေရာတစ်ခုဖြစ်လာသည်။ သူတို့အတွက် သတင်း ထူး သတင်းဆန်းများ ကြားသိနိုင်သည့် နေရာလေးတစ်ခု ဖြစ်လာသည်။ အထူးသဖြင့် ညစာစားအပြီးတွင် လူအားလုံး ဤနေရာ၌စုဝေးကာ တွမ်ပြောပြသမျှကို နားထောင်ကြ သည်။ သိလိုသမျှ မေးကြသည်။

တစ်ညတွင်၊ တွမ်သည် သူ့မိသားစုအား မြောက်ပိုင်းဒေသရှိ လူဖြူများ၏ ကျွန် စနစ် ဆန့်ကျင်မှု လုပ်ငန်းများအကြောင်းကို ပြောပြသည်။ သူ့ပန်းပဲဖိုသို့ လာကြသော လူဖြူများသည် လူမည်းများအား ကျွန်ဘဝမှ လွတ်မြောက်စေရမည်ဟု ကြွေးကြော် နေသည့် အေဗရာဟင်လင်ကွန်းအား ပုတ်ခတ်ပြောဆိုခြင်းများ ပြုလုပ်နေကြသည်ဟု တွမ်က ပြောပြသည်။

ထိုအခါ လီလီဆူးက . . .

'ကျွန်မတို့သခင်ဟောင်းကလည်း မစ္စတာလင်ကွန်းကိုဆဲတယ်။ လင်ကွန်းဆိုတဲ့ ကောင်က ခြေတွေလက်တွေ ကလန်ကလားနဲ့ သိပ်အရုပ်ဆိုးတဲ့ကောင်ကြီးလို့ ပြော တယ်။ ဆံပင်တွေကလည်း အရှည်ကြီးတဲ့။ လူနဲ့မတူဘူး။ မျောက်ကြီးတစ်ကောင်နဲ့ တူတယ်တဲ့။ အင်မတန် စုတ်ပဲ့ ညစ်ပတ်တဲ့ သစ်လုံးတဲကလေးထဲမှာ နေရတာတဲ့။ ဝက်ဝံတွေ တောကြောင်တွေဖမ်းစားပြီး ကြီးလာတဲ့ လူတစ်ယောက်တဲ့။ နီဂရိုးတွေလို သစ်ခုတ်စားလာရတဲ့ လူတဲ့'

'အခုတော့ မစ္စတာလင်ကွန်းဟာ ရှေ့နေတစ်ယောက်ဖြစ်နေတယ်ဆို၊ အစ်ကိုတွမ်ပဲ ပြောတာပဲ'ဟု ကစ်ဇီယ်က မေးသည်။ တွမ်က ခေါင်းညိတ်သည်။

'လူပြိုတွေ ဘာပြောပြော ငါတော့ဂရုမစိုက်ဘူး'ဟု မာတိလ်ဒါကပြောသည်။

'မစ္စတာလင်ကွန်းဟာ ငါတို့အတွက် ကောင်းတာလုပ်ပေးနေတဲ့ပုဂ္ဂိုလ်ပဲ။ ငါ့အဖို့ တော့ သူဟာ ဣသရေက ကလေးသူငယ်တွေကို လွတ်မြောက်အောင်ကယ်တင်ခဲ့တဲ့ မိုးဇက်နဲ့အတူတူပဲ'

မစ္စတာမာရေးတို့ခြံသို့ရောက်လာခဲ့သော အိုင်းရင်းသည် အလုပ်ကို မနိုမကပ် လုပ်သည်။ သူရောက်ပြီး လအနည်းငယ်မျှအကြာတွင် အိုင်းရင်းက တွမ်အား လက် ရက်ကန်းစင်တစ်ခုလုပ်ခိုင်းသည်။ တွမ်ကလည်း မဆိုင်းမတွလုပ်ပေးသည်။ မကြာမီ အိုင်းရင်း၏ ရက်ကန်းစင်မှ လက်ခတ်သံကို ကျွန်အိမ်တန်းမှလူများ အိပ်ရာဝင်ချိန်တိုင်း ကြားလာကြရသည်။

အိုင်းရင်းသည် သူ့လက်ဖြင့် ဖျင်စများနှင့် သူ့ယောကျ်ား၊ သူ့ခဲအိုနှင့် မတ်များ အတွက် ရှပ်အင်္ကျီချုပ်ပေးသည်။ သူ့ယောက္ခမ မာတိလ်ဒါအတွက် ခါးစည်းနှင့်အင်္ကျီ များ ချုပ်ပေးသည်။ မစ္စက်မာရေးက အိုင်းရင်းအား ချီးမွမ်းသည်။

တစ်ညချမ်းတွင် ပက်လက်ကုလားထိုင်တစ်လုံးဖြင့် နားအေးပါးအေးထိုင်နေသော မာတိလ်ဒါအား အိုင်းရင်းက သူ့၌ ကိုယ်ဝန်ရှိနေပြီဟု အသိပေးသည်။ မာတိလ်ဒါက သူ့ချွေးမအား ဝမ်းသာအားရဖက်၍ ပြောသည်။

'မိန်းကလေးအရင်မွေးပါ သမီးရယ်၊ အမေ အရုပ်ကလေးတစ်ရုပ်ပွေ့သလို ပွေ့ ပြီး ချီထားချင်လို့ပါဟယ်'

[၁၀၇]

ကြက်ကလေးဂျော့သည် အသားကုန်ဒုန်းစိုင်းလာသောမြင်းကို အရှိန်သတ်လိုက်ကာ လမ်းမကြီးမှ ဘေးတစ်ဖက်သို့ ခွဲထွက်သွားသည့် လမ်းကြားကလေးသို့ဝင်ခဲ့သည်။ ထို့နောက် သူ့လက်များသည် မြင်းဇက်ကြိုးကို ဆတ်ခနဲဆောင့်ဆွဲလိုက်မိသည်။ နေရာ ကတော့ နေရာမှန်ပင်ဖြစ်၏။ သူနောက်ဆုံးမြင်ခဲ့ရသည့် အခြေအနေနှင့်တော့ ကွာ ခြားလှပါဘိခြင်း။ သူ့မျက်လုံးများကိုပင် မယုံကြည်နိုင်အောင်ဖြစ်ရသည်။ မြက်ပင် ပေါင်းပင်များဖြင့် ပြည့်နေသော လမ်းကြား၏ထိပ်တွင် ညိုမွဲမွဲအရောင်သမ်းနေသည့် လီယာဂေဟာ။ သုတ်ထားသည့်ဆေးများသည် ကွာကျလျက်ရှိသည်။ ပြတင်းပေါက် မှန်ကွဲများနေရာတွင် အဝတ်စုတ်များ၊ သစ်သားအစအနများဖြင့် ပိတ်ဆို့ထားသည်။ အိမ်ခေါင်မိုးတစ်ဖက်သည် အောက်ဘက်သို့ကျတော့မည့်နှယ် နိမ့်ဆင်းလျက်ရှိသည်။ ယာခင်းထဲတွင် ဘာသီးနှံမျှမမြင်ရ။ ခြံစည်းရိုးတိုင်များမှာလည်း ခြောက်သယောင်းကာ ဆွေးမြေ့ပျက်စီးနေကြသည်။

မြန်မာ စာအုပ်များ

အံ့သြခြင်း၊ ထိတ်လန့်ခြင်း အပြည့်ဖြင့် သူ့မြင်းကို ခပ်ဖြည်းဖြည်းမှန်မှန်စီး၍ ခြံဝင်းအတွင်းသို့ဝင်လာခဲ့သည်။ အိမ်ကြီး၏အရှေ့ဘက် ဆင်ဝင်သည် နိမ့်ကျလျက်ရှိ၏။ ဆင်ဝင်လှေကား ခေါင်မိုးများသည်လည်း ဖရိုဖရဲဖြစ်ကာ အောက်ဘက်သို့ ကျုံ့ကျနေကြသည်။ ခွေးတစ်ကောင် ကြောင်တစ်မြီးမျှပင်မမြင်ရ။ ကြက်ဆိုရှိလည်း တစ်ကောင်တလေပင် မမြင်ရ။ ဂျော့သည် မြင်းပေါ်မှဆင်းကာ အိမ်ဘေးအတိုင်း မြင်းကိုဆွဲ၍ နောက်ဖေးဘက်သို့ လျှောက်လာခဲ့သည်။

သစ်တုံးတစ်တုံးပေါ်၌ထိုင်ကာ ဆလတ်ရွက်များသင်နေသည့် အဘွားအို တစ်ယောက်။ သူ့ခြေထောက်နားတွင် ရိုးတံများပြန့်ကြဲလျက်ရှိသည်။ ဤအဘွားအိုသည် မစ္စမာလီဇီဖြစ်လိမ့်မည်ဟု ဂျော့ခန့်မှန်းသည်။ သို့သော်လည်း ရုပ်ရည်က သိသိသာသာ ပြောင်းနေပြီ။ သူက အသံတစ်ချပ်ပြုလိုက်သည်။

မစ္စမာလီဇီက ခေါင်းထောင်ကြည့်သည်။ သူ့ကိုမြင်သည်။ သို့သော် မမှတ်မိ။ ဇဝေဇဝါဖြစ်နေသည်။

'မစ္စမာလီဇီ'

အဘွားအိုက ကတုန်ကယင်ဖြင့် ထိုင်ရာမှ ထရပ်သည်။

'ဂျော့လား...၊ ဂျော့မဟုတ်လားကွယ်'

'ဟုတ်တယ် မစ္စမာလီဇီ'

ပြောပြောဆိုဆို ဂျော့က မစ္စမာလီဇီအား ဖက်ထားသည်။

'ဘုရား...ဘုရား...ဘယ်လိုလဲ လူကလေးရယ်။ မင်းဘယ်သွားနေတာလဲကွယ်'

'ကျွန်တော် အင်္ဂလန်ကိုလိုက်သွားရတယ်လေ။ ပင်လယ်ကြီးကိုဖြတ်ပြီး သွားခဲ့ရတာလေ။ မမှတ်မိတော့ဘူးလား။ ဟိုရောက်တော့လည်း ကြက်တွေပဲ တိုက်နေရတာပဲ။ ကျွန်တော့်မိန်းမနဲ့ ကလေးတွေကော၊ ကျွန်တော့်အမေကော သူတို့ဘယ်သွားနေကြသလဲ မစ္စမာလီဇီ'

မစ္စမာလီဇီ ငေးကြောင်ကြောင်ဖြစ်နေသည်။

'ဒီအိမ်မှာ ဘယ်သူမှမရှိတော့ဘူး လူကလေးရဲ့။ သူတို့အားလုံး သွားကုန်ကြပြီ။ ငါနဲ့ သခင်ပဲ ကျန်ခဲ့တယ်'

'သူတို့ ဘယ်သွားကြတာလဲ မစ္စမာလီဇီ'

မစ္စမာလီဇီက ကျွန်အိမ်တန်းအောက်ဘက် အနိမ့်ထဲရှိ မိုးမခပင်အုပ်အုပ်ဆီသို့ လက်ညှိုးထိုးပြသည်။

'လူကလေးအမေက ဟို...ဟို ကစ်ဇီလေ၊ ကစ်ဇီက အဲဒီကိုရောက်သွားပြီ'

ကြက်ကလေးဂျော့၏ လည်ချောင်းဆီမှ ဆို့နင့်နင့်အသံတစ်သံ ထွက်လာသည်။

'စစ္စတာဆာရာလည်း အဲဒီနေရာကိုရောက်သွားပြီ။ သခင်မလည်း ခြံဝင်းရှေ့မှာ'

'ကျွန်တော့်မိန်းမ မာတိလ်ဒါနဲ့ ကလေးတွေရော ဘယ်ရောက်ကုန်ကြသလဲ'

အဘွားအိုက ရုတ်တရက် အဖြေမပေးနိုင်။ တစ်ခဏမျှ ငေး၍ စဉ်းစား သည်။

'မာတိလ်ဒါလား၊ အေး ဟုတ်တယ်၊ သူ့သားသမီးတွေ သူတို့အားလုံး သခင်က ရောင်းပစ်လိုက်တာ ကြာလှပြီ လူကလေးရယ်'

'ဘယ်ကိုရောင်းတာလဲ၊ ဘယ်ကိုရောက်သွားကြသလဲ'

ဒေါသသည် ဂျော့၏တစ်ကိုယ်လုံးတွင် ပျံ့နှံ့သွားသည်။

'သခင်လီယာ အခုဘယ်မှာလဲ မစ္စမာလီဇီ'

မာလီဇီ၏ခေါင်းသည် အိမ်ကြီးဘက်သို့ လှည့်သွားသည်။

'ဟိုပေါ်မှာ အိပ်နေတုန်းပဲ။ အရက်တွေ သိပ်သောက်တော့ အိပ်ရာထ နောက်ကျတယ်။ ဆာရင်အော်တောင်းတယ်။ ဘာမှလည်းမရှိဘူး။ မင့်မှာ ချက်စရာ ပြုတ်စရာများ ပါမလာဘူးလား လူကလေးရယ်'

ဂျော့သည် အဘွားအိုအား ဘာမျှပြန်မပြောတော့ဘဲ မီးဖိုချောင်မှဖြတ်ကာ အိမ်ကြီးထဲသို့ ဝင်ခဲ့သည်။ လှေကားအနီးမှရပ်ကာ အပေါ်သို့မော့၍ ဒေါသတကြီး အော်သည်။

'မစ္စတာလီယာ'

သူ ခဏမျှစောင့်၍ နားစွင့်သည်။

'မစ္စတာလီယာ'

သူလှေကားမှတက်ရန် စိတ်ကူးနေခိုက်မှာပင် အပေါ်မှ ခြေသံကြားရသည်။ အပေါ်ထပ် တံခါးဝမှ ရပ်ကြည့်နေသော ရုပ်လွှာ။ အောက်သို့လှမ်းကြည့်နေသည်။

ဒေါသဖြင့် တုန်ယင်လှုပ်ရှားနေသော ဂျော့သည် အဆမတန်ပိန်ချုံးကာ ရုပ်အဆင်းပျက်နေသည့် လီယာအား ငေးကြည့်နေသည်။ မျက်နှာတွင် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေး ထူလပျစ်နှင့် ညစ်ပတ်ပေရေနေသော လီယာ။

'မစ္စတာလီယာ'

'ဂျော့'

အဘိုးအို၏ခန္ဓာကိုယ်သည် တုန်ယင်လျက်ရှိသည်။ သူသည် တုန်ချည့် ချည့်ဖြင့် လှေကားမှ ဆင်းလာသည်။ လှေကားခြေရင်းရောက်သော် ရပ်နေသည်။ နှစ်ဦးစလုံး တစ်ယောက်မျက်နှာတစ်ယောက် စိုက်ကြည့်နေကြသည်။ သူ့အားပွေ့ဖက်ရန် ဆန့်တန်းလိုက်သော လက်နှစ်ဖက်ကို ဂျော့က ဆွဲယူပြီး လက်ဆွဲနှုတ်ဆက်သည်။

'မင်းပြန်ရောက်လာလို့ ဝမ်းသာလိုက်တာ ဂျော့ရာ။ မင်း ဘယ်တွေလျှောက်သွားနေလဲ။ မင်းရောက်တာ နောက်ကျနေတယ်ကွ'

မြန်မာ စာအုပ်များ

'ဟုတ်တယ် မစ္စတာလီယာ၊ လော့ဒ်ရပ်ဆဲလ်က လွှတ်လိုက်တာ မကြာသေးဘူး။ ကျွန်တော် သဘော်ာစောင့်နေရလို့ ရစ်ချ်မွန်မြို့မှာ ရှစ်ရက်ကြာခဲ့တယ်'

'လာပါကွာ၊ မီးဖိုခန်းထဲသွားရအောင်'

လီယာက ဂျော့၏လက်ကိုဆွဲ၍ ခေါ်သွားသည်။ ကုလားထိုင်ပျက်နှစ်လုံးတွင် ထိုင်ကြသည်။

'မာလီဇီ...ရေ၊ ဟေး...မာလီဇီ ငါ့ခွက်ဘယ်မှာလဲ'

'လာပါပြီ သခင်'

အပြင်မှ အော်ပြောလိုက်သည့် အဘွားအိုၡ၏အသံ။

'သခင်...ကျွန်တော့်မိသားစုကော'

'လူကလေးရယ်၊ အရက်သောက်ကြရအောင်ပါ။ စကားမပြောခင် တစ်ခွက်တစ်ဖလားတော့ မော့ကြသေးတာပေ့ါ။ တို့အတူတူနေလာတာ ကြာလှပြီ။ တစ်ခါမှ အရက်တူတူမသောက်ခဲ့ဖူးဘူးမဟုတ်လား'

'ကျွန်တော့်မိသားစု ဘယ်ရောက်သွားသလဲ'

'အေးကွာ၊ ငါ မင့်အမေအတွက် စိတ်မကောင်းပါဘူး။ သူက အသက်ကြီးလာလို့ ဖြစ်သွားတာပဲ။ ဝေဒနာတော့ သိပ်ပြီး ခံစားမသွားရဘူးကွ။ သူ့ကို နေရာကောင်းကောင်းမှာ မြှုပ်ခဲ့ပါတယ်ကွာ'

'သခင် ကျွန်တော့်ကို နောက်ဆုံးပြောခဲ့တဲ့စကားတွေ မှတ်မိသေးလား။ ကျွန်တော် ပြန်ရောက်ရင် ချက်ချင်းလွတ်မြောက်ခွင့်ပေးမယ်ဆိုတဲ့ စကားလေ။ အခု ကျွန်တော် ပြန်ရောက်လာပြီ သခင်'

အရက်ငုံ့နေသော လီယာသည် ဂျော့၏စကားကို ကြားဟန်မပြ။

'ကဲ...လူကလေး ရော့... ဟောဒီမှာ မင့်အတွက်။ မင်းပြန်ရောက်လာတာ ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ သောက်ကြစို့'

'ကျွန်တော် မစ္စမာလီဇီဆီက သတင်းကြားတယ်။ သခင့်ဇနီးဆုံးသွားတာ စိတ်မကောင်းပါဘူး'

'တစ်မနက်ခင်းမှာ သူ အိပ်ရာကမထတော့ဘူး။ သူသေတာ ငါမမြင်ချင် မကြည့်ချင်ပါဘူး။ ဒါပေမဲ့ကွာ ဟိုကြက်ပွဲပြီးကတည်းက ငါ နားအေးအေးမနေခဲ့ရဘူးဂျော့။ သူသေတော့လည်း မကြည့်ရက်ဘူး။ ဘယ်သူပဲသေသေ ငါကတော့ မကြည့်ရက်ပါဘူးကွာ။ အေးလေ...ငါတို့အားလုံး သေကြရမှာချည်းပါပဲကွာ'

'ကျွန်တော့်မိန်းမ မာတီလ်ဒါနဲ့ ကလေးတွေကို သခင် ရောင်းပစ်လိုက်ပြီလို့ မစ္စမာလီဇီကပြောတယ် သခင်'

လီယာက ဂျော့အားကြည့်သည်။

မြန်မာ စာအုပ်များ

'ဟုတ်တယ် လူကလေးရယ်၊ မဖြစ်လို့ ရောင်းလိုက်ရတာပါ။ ကံက သိပ်ဆိုးတော့ ငါ သိပ်ဆင်းရဲသွားတယ်။ မြေလည်း ကုန်သလောက်ဖြစ်သွားပြီ။ အားလုံးရောင်းတာ။ ကြက်တွေတောင် ရောင်းပစ်ရတယ်'

ဂျော့က စိတ်ဆိုးမာန်ဆိုးဖြင့်ပြောရန် ဟန်ပြင်သည်။

'လူကလေးရာ၊ အခု ငါ သိပ်ဆင်းရဲသွားပြီ။ ငါနဲ့ မာလီဇီတို့မှာ ကောက်ရတဲ့ ပစ္စည်းနဲ့ ဖမ်းလို့ရတဲ့အကောင်လောက်ပဲ စားရတာ။ အေးလေ ထူးတော့ မထူးပါဘူး။ ငါက မွေးကတည်းက ဆင်းရဲလာတာပဲ။ ဒါပေမဲ့ အခု မင်းပြန်ရောက်လာပြီ။ မင်းနဲ့ ငါ ဒီနေရာကို ပြန်ပြီးဖွံ့ဖြိုးအောင် လုပ်လို့ရတယ်ကွ သိလား။ ငါပြောတာ ကြားလား။ မင်းနဲ့ဆိုရင် ငါတို့ အလုပ်ဖြစ်မှာ သေချာတယ်'

ဂျော့၏ဒေါသသည် အရှိန်တက်လာသည်။

'သခင် ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးမယ်လို့ပြောပြီး ရပ်ဝေးကိုလွှတ်လိုက်တယ်။ အခု ကျွန်တော် ပြန်ရောက်လာတော့ ကျွန်တော့်မိသားစုကိုလည်း ရောင်းပစ်တယ်။ ကျွန်တော့်ကို လွတ်လပ်ခွင့်ပေးတဲ့ စာရွက်စာတမ်းတွေ အခုလိုချင်တယ်။ ကျွန်တော်တို့မိသားစု ဘယ်ရောက်နေတယ်ဆိုတာလဲ ချက်ချင်းသိချင်တယ်'

'ငါက မင့်ကို ပြောပြီးပြီထင်လို့ကွ။ သူတို့ အေလာမန်ကောင်တီခရိုင်ထဲက ဆေးရွက်ကြီးစိုက်တဲ့ မာရေးတို့ဆီမှာရှိတယ်။ မီးရထားလမ်းနဲ့ သိပ်မဝေးဘူး'

မစ္စတာလီယာ၏ မျက်လုံးများသည် မှေးသွားသည်။

'မင်း ငါ့ကို အခုလိုလေသံမျိုးနဲ့ အော်မပြောနဲ့ လူကလေး'

'အခုလိုပြောမိတာ စိတ်မကောင်းပါဘူးသခင်။ ကျွန်တော် တောင်းပန်ပါတယ်။ စိတ်သိပ်လှုပ်ရှားလို့ ဖြစ်သွားတာပါ'

လီယာ၏မျက်နှာသည် ပျော့ပျောင်းသွားသည်။

'ခွေးမသားတွေက ငါ့ကို လှောင်ကြပြောင်ကြတယ်ကွ၊ သိလား'

စားပွဲကို လက်သီးနှင့် တအားထုလိုက်သည်။

'တွမ်လီယာအကြောင်းကို ပြလိုက်ဦးမယ်။ အခုဆို မင်းပြန်ရောက်လာပြီ။ တိုက်ကြက်တွေ ထပ်မွေးမယ်။ ငါ အသက်ရှစ်ဆယ့်သုံးနှစ်ရှိတော့ကော ဘာအရေးလဲ။ ငါတို့ လုပ်နိုင်ပါသေးတယ် လူကလေးရာ'

'သခင်လီယာ'

လီယာက ဂျော့အား စေ့စေ့စပ်စပ်ကြည့်သည်။

'အခု မင်းကော အသက်ဘယ်လောက်ရှိသွားပြီလဲ'

'ငါးဆယ့်လေး'

'ဟာကွာ၊ မဖြစ်နိုင်တာချည်း'

မြန်မာ စာအုပ်များ

'ဟုတ်ပါတယ် သခင်၊ မကြာခင် ငါးဆယ့်ငါးနှစ်ဝင်တော့မှာ'

'မင်းနာမည်ကို ငါမှည့်ခဲ့တာကွ'

လီယာသည် တစ်စုံတစ်ရာကိုပြောရန် အားထုတ်လျက်ရှိသည်။ သူ့မျက်နှာသည် ချိတုံချတုံဖြစ်ခြင်းကို ဖော်ပြနေသည်။

'ငါမှာ အနီးဆုံးလူဆိုလို့ မင်းပဲရှိတော့တယ်။ ဒါလည်း တခြားကြောင့်မဟုတ်ဘူး။ တို့နှစ်ယောက်ဟာ သွေးချင်းစပ်နေတယ်ကွ'

ဂျော့ကတော့ မတုန်မလှုပ်။

'မင်း ခဏတစ်ဖြုတ်တော့နေပါဦးကွာ။ မင့်ကို ကူညီစောင့်ရှောက်ခဲ့တဲ့လူတွေကို ကျော်နိုင်းမသွားဘူးဆိုတာ ငါသိပါတယ်'

လီယာ၏မျက်နှာသည် အသနားခံခြင်းကို ဖော်ပြနေသည်။

'ကျွန်တော့်အပေါ် သခင်ကောင်းခဲ့တာကို ကျွန်တော် မမေ့ပါဘူး'

လီယာ၏ မျက်လုံးအစုံတွင် မျက်ရည်များ စို့လာသည်။

'ငါ့ကို လွတ်လပ်ခွင့်ပေးတဲ့စာရွက်တွေ သူ့အဆင်သင့်လုပ်ထားမှာပဲ။ ဘယ်မှာထားပါလိမ့်။ သူ့အာမခံသေတ္တာထဲမှာပဲဖြစ်လိမ့်မယ်'ဟု ဂျော့က တွေးသည်။

သူတို့နှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို တစ်ယောက်တစ်ပေါက် ပြောကြသည်။ ဦးကြီးမင်ဂိုအကြောင်း၊ သူ့ငယ်စဉ်က လွတ်လပ်စွာ သွားလာနိုင်အောင် ခရီးသွားခွင့်လက်မှတ် ထုတ်ပေးထားခဲ့သည့်အကြောင်း၊ ကြက်ပွဲတွေအကြောင်း။

လီယာသည် ဂျော့အား အတော်ကြီး အားယူကြည့်နေရသည်။ သူ့ဦးခေါင်းသည် တလှုပ်လှုပ်။ 'သူ့အာမခံသေတ္တာ ဘယ်မှာထားပါလိမ့်'ဟူသော အတွေးသည် ဂျော့၏ စိတ်ကို ထိုးဆွလျက်ရှိသည်။

'သခင် ကျွန်တော် အရက်နည်းနည်းထပ်လိုချင်တယ်'

'ယူ...လေ...ကွာ၊ မင်း...ကြိုက်သ...လောက်...ယူ'

လီယာ၏ဦးခေါင်းသည် ရှေ့သို့ငိုက်ကာ စိုက်ကျနေသည်။ သူ့ပါးစပ်မှ ထွက်လာသမျှ စကားများသည် အာလေးလျှာလေးနှင့် မပီမသ။ ဂျော့သည် ကုလားထိုင်ကို အသံမြည်အောင်ဆွဲ၍ ထသည်။ လီယာထံမှ တုတ်တုတ်မျှမလှုပ်။ သူသည် တံခါးပေါက်ဆီသို့ ထသွားသည်။ ခဏရပ်၍ ခေါ်ကြည့်သည်။

'သခင်လီယာ... သခင်လီယာ...'

ဂျော့သည် စက္ကန့်အနည်းငယ်မျှအတွင်း အံဆွဲတိုင်းကိုဖွင့်၍ ရှာပြီးသွားပြီ။ သူသည် လျှောက်သွားလိုက်၊ ရှာလိုက်၊ အသာရပ်၍ နားစွင့်လိုက်။ လှေကားမှနေ၍ အပေါ်ထပ်သို့ တက်ခဲ့သည်။ တကျွိကျွိမြည်နေသော ကြမ်းပြင်ကို စိတ်ထဲက ကျိတ်၍ ကျိန်ဆဲသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

လူဖြူတစ်ယောက်၏ အိမ်ခန်းထဲသို့ ဝင်ခဲ့မိခြင်းကြောင့် စိတ်များစွာ လှုပ်ရှားမိ၏။ ဝိစကီနံ့၊ သေးနံ့၊ ချွေးနံ့နှင့် အဝတ်ဟောင်းနံ့များသည် သူ့အား ဆီးကြိုလျက်ရှိကြသည်။ သူသည် တွေ့လိမ့်မည်ဟုထင်ထားသော နေရာမှန်သမျှကို ပိုက်စိပ်တိုက်ရှာသည်။ အိပ်ရာခုတင်အောက်မှာထားသလား။ သူသည် ဒူးထောက်၍ထိုင်ကာ ခုတင်အောက်ကို ငုံ့ကြည့်သည်။ အာမခံသေတ္တာကို သူမြင်သည်။

သေတ္တာကို ကသောကမျောဆွဲယူပြီး အောက်ထပ်သို့ ခပ်သုတ်သုတ်ဆင်းလာခဲ့သည်။ သူ့သခင်ကတော့ စားပွဲပေါ်ခေါင်းတင်ကာ မှောက်လျက် အိပ်မောကျနေသည်။ သူသည် ရှေ့တံခါးမှဖြတ်ထွက်ကာ အိမ်ဘေးသို့ ရောက်လာသည်။ သူသည် သေတ္တာကို ဖွင့်ရန် အရှူးအမူးအားထုတ်သည်။ မရ။

မြင်းပေါ်တက်၊ မြန်မြန်သွား၊ သေတ္တာကို နောက်မှဖွင့်။

သို့သော်လည်း မဖြစ်။ သူ့လက်ထဲတွင် လွတ်လပ်ခွင့်ပေးကြောင်း စာရွက်များကိုင်ထားနိုင်မှဖြစ်မည်။

အိမ်နောက်ဘက်တွင် ထင်းပုံတစ်ပုံ။ ထိုထင်းပုံအနီး၌ ကျနေသည့်ပုဆိန်ဟောင်းတစ်လက်။ သူသည် ပုဆိန်ကိုကောက်ယူပြီး သော့ပေါက်ကို ပေါက်ခွဲသည်။ သေတ္တာသည် တစ်ချက်တည်းနှင့်ပွင့်သွားသည်။ ငွေစက္ကူများ၊ ငွေဒင်္ဂါးပြားများ၊ စာရွက်စာတမ်းများ။ သူလိုချင်နေသော စာရွက်ကို ချက်ချင်းမှတ်မိသည်။

'မင်း ဘာလုပ်နေတာလဲလူကလေး'

အကြီးအကျယ်လန့်သွားသောဂျော့သည် ခုန်၍ထတော့မလိုပင် ဖြစ်သွားသည်။ သို့သော်လည်း မေးလိုက်သူမှာ မစ္စမာလီဇီ။ သစ်တုံးပေါ်တွင်ထိုင်၍ သူ့အား ကြည့်နေသည်။

'သခင်က ဘာပြောလိုက်သလဲ'

'ကျွန်တော် သွားရလိမ့်မယ် မစ္စမာလီဇီ'

'အေး...အေး...သွားရမှာဖြင့်လည်း သွားပေါ့ကွယ်'

'မာတိလ်ဒါနဲ့ ကလေးတွေကို မစ္စမာလီဇီက နေကောင်းကြပါစေလို့ ဆုတောင်းနေကြောင်း ကျွန်တော်ပြောပြလိုက်မယ်'

'အေးအေး ကောင်းတာပေါ့ လူကလေးရယ်၊ သတိထားပြီးသွားပါကွယ်'

'ဟုတ်ကဲ့အမေ'

သူသည် ကပျာကယာပြေးသွားကာ မာလီဇီအားဖက်၍ နှုတ်ဆက်သည်။ ထို့နောက် သူမွေးဖွားကြီးပြင်းခဲ့ရာနေရာကို နောက်ဆုံးကြည့်ခြင်းအဖြစ် တစ်ချက်မျှဝေ့ကြည့်သည်။ လွတ်လပ်ခွင့်စာရွက်စာတမ်းများကို လက်နှင့် ကျစ်ကျစ်ပါအောင်ဆုပ်ကာ မြင်းဆီသို့ ပြေးသွားပြီး ခုန်တက်လိုက်သည်။ စောစောက သူဝင်လာခဲ့သော

မြန်မာ စာအုပ်များ

လမ်းကြောင်းအတိုင်း မြင်းကို ဒုန်းစိုင်းသည်။ နောက်သို့ တစ်ချက်ကလေးမျှပင် ပြန်လှည့်မကြည့်။

[၁၀၈]

လမ်းမကြီးနှင့်ကပ်နေသော ခြံစည်းရိုးအနီး၌ရပ်၍ သစ်ရွက်များ ခူးလျက်ရှိသော အိုင်းရင်းသည် မြင်းခွာသံများကြားသဖြင့် လှမ်းမျှော်ကြည့်သည်။ အစိမ်းရောင်လည်စည်းပတ်၍ တိုးလားဟက်ခေါ် အနက်ရောင်ဦးထုပ်တစ်လုံး ဆောင်းထားသည့် မြင်းစီးသမားကို မြင်လိုက်သည့်အခါ အံ့အားသင့်လွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူသည် လက်နှစ်ဖက်ကိုမြှောက်၍ ဇေ့ယမ်းကာ လမ်းမဘက်သို့ ပြေးထွက်သွားသည်။ ပါးစပ်မှလည်း သံကုန်ဟစ်၍ အော်သည်။

'ကြက်ကလေးဂျော့၊ ကြက်ကလေးဂျော့'

မြင်းစီးသမားသည် ခြံစည်းရိုးအလွန်ကျမှ မြင်းဇက်ကို သပ်၍ရသည်။ နောက်သို့ လှည့်၍ ပြုံးပြသည်။

'မင်း ငါ့ကိုသိလို့လား ကလေးမရဲ့' ဟု မေးသည်။

'မသိပါဘူးရှင်၊ ကျွန်မတို့ လူချင်းတောင် တစ်ခါမှ မမြင်ဖူးကြပါဘူး။ ဒါပေမဲ့ တွမ်ရယ်၊ သူ့အမေ မာတိလ်ဒါနဲ့ သားသမီးတွေရယ်၊ သူတို့အားလုံးက အမြဲပြောနေကြတော့ လူပုံပန်းကအစ ကျွန်မ သိနေပါတယ်'

ဂျော့က မျက်လုံးပြူး၍ကြည့်သည်။

'ငါ့သားတွမ်နဲ့ သူ့အမေ မာတိလ်ဒါတို့ကို ပြောတာလား'

'ဟုတ်ပါတယ်ရှင်၊ ရှင့်မိန်းမနဲ့ ရှင့်သားပါ။ ကျွန်မကလေးရဲ့ အဖေပါ'

'မင်းနာမည်က ဘယ်သူလဲ'

'အိုင်းရင်းပါရှင်'

အိုင်းရင်းက ဂျော့အား မြင်းကိုဆက်စီးသွားခိုင်းသည်။ သူကတော့ ဇာဂျီ၊ အက်ရှ်ဖို့၊ ဂျော့ငယ်၊ ဂျိမ်းစ်၊ လီးဝစ္စ၊ ကစ်ဇီငယ်နှင့် လီလီဆူးတို့ အလုပ်လုပ်နေကြသည့် ယာခင်းဆီသို့ ပြေးသည်။ သူ့အော်ပြောသံကို ကြားလိုက်ရသော ကစ်ဇီငယ်က ကျန်လူများအား အော်၍ သတင်းပေးသည်။ ယာခင်းထဲမှ လူအားလုံး ကျွန်အိမ်တန်းဆီသို့ အမောတကော ပြန်ပြေးကြသည်။ သူတို့၏ အော်ဟစ်သံများကြောင့် တွမ်နှင့် မာတိလ်ဒါတို့ပါ ရောက်လာကြသည်။ ဂျော့အား ဝိုင်းအုံ ဖက်ကြ၊ ပွေ့ကြ၊ ငိုကြ၊ ရယ်ကြနဲ့ ရုတ်ရုတ်သဲသဲဖြစ်လျက်ရှိသည်။

မြန်မာ စာအုပ်များ

'မကောင်းသတင်းကို အရင်ဆုံးပြောရတော့မှာပဲ'ဟု ဂျော့က အစချီကာ အဘွားကစ်ဇီ၊ စစ္စတာဆာရာနှင့် မစ္စက်လီယာတို့ ကွယ်လွန်ကုန်ကြပြီဟု သတင်းပေးသည်။

အားလုံးက ကြေကွဲဝမ်းနည်းမှု လျော့ပါးသွားသည့်ခါကျမှပင် ဂျော့က မစ္စမာလီဇီနှင့် သခင်လီယာတို့အကြောင်း ပြောပြသည်။ သူရလာသည့် လွတ်လပ်ခွင့်ပေးကြောင်း ရေးထားသည့် စာရွက်များကိုထုတ်ပြသည်။ ညစာစားအပြီးတွင်မူ အင်္ဂလန်မှ ငါးနှစ်တာ အတွေ့အကြုံများကို ဖောက်သည်ချသည်။

အင်္ဂလိပ်လူမျိုး ဆာစီ၊ အီးရစ်ရပ်ဆဲလ် အလွန်ချမ်းသာကြောင်း၊ သူ့ကို တစ်နှစ်ပြီး တစ်နှစ် တားသဖြင့် အခုလို ငါးနှစ်အထိ နေခဲ့ရခြင်းဖြစ်ကြောင်း နောက်ဆုံးတွင် လော့ဒ်ရပ်ဆဲလ်က သင်္ဘောအရာရှိများအား သူ့အတွက် ခရီးစရိတ် ကျသင့်ငွေများပေးပြီး နယူးယောက်ဆိပ်ကမ်းအရောက် ပို့ပေးရန်နှင့် ထိုမှတစ်ဆင့် ရစ်ချ်မွန်သို့ပို့ပေးရန် မှာလိုက်ကြောင်း စသည်ဖြင့် ပြောပြသည်။

'ဒါပေမဲ့ နယူးယောက်ဆိပ်ကမ်းမှာ ငါးရက် ခြောက်ရက်လောက် သောင်တင်နေသေးတယ်။ ငါ မြို့ထဲမှာ လျှောက်လည်ခဲ့သေးတယ်'

'ရှင်က ဘယ်မှာသွားတည်းသလဲ'ဟု မာတီလ်ဒါက မေးသည်။

'ငါ့လက်ထဲမှာ ငွေရှိနေတာပဲဟာ။ လူမည်းတွေအတွက်ဖွင့်ထားတဲ့ တည်းခိုရိပ်သာမှာ အခပေးပြီး တည်းတာပေါ့။ လော့ဒ်ရပ်ဆဲလ်ဟာ လူကောင်းကြီးပါကွာ။ ငါ့ကို အခကြေးငွေ ထိုက်ထိုက်တန်တန်ပေးရုံတင်မကဘူး။ သူ ငွေပေးလိုက်တာကို မစ္စတာလီယာမသိစေနဲ့လို့ မှာလိုက်သေးတယ်'

'ငါ သင်္ဘောခရီးနဲ့ ရစ်ချ်မွန်မြို့ရောက်တဲ့ထိ ကြုံခဲ့ရတဲ့အဖြစ်တွေကိုသာ ပြောရမယ်ဆိုရင် နောက်ထပ် ခုနစ်ရက်နဲ့တောင်ဆုံးမှာမဟုတ်ဘူး'ဟု ပြောကာ ကြက်ကလေး ဂျော့က သူ့ဇာတ်လမ်းကို အဆုံးသတ်သည်။

ဂျော့ ပြန်ရောက်လာသောအချိန်မှာ ဧပြီလတွင်းဝင်စဖြစ်၍ လူတိုင်း အလုပ်နှင့်လက်မပြတ်အောင် အလုပ်ရှုပ်သောရာသီဖြစ်သည်။ မိသားစုတစ်စုလုံး စိုက်ရပျိုးရသော အလုပ်ကို မရပ်မနားလုပ်နေရသဖြင့် အားလပ်ချိန်ဟူ၍ မရှိကြ။ မာတီလ်ဒါမှာလည်း လျှော်ရဖွပ်ရ၊ ချက်ရပြုတ်ရ၊ ကျွေးရမွေးရနှင့် အချိန်ပိုဟူ၍မရ။ တွမ်မှာလည်း နေထွက်မှ နေဝင် သူ့ပန်းပဲဖိုထဲ၌ ဓာကုပ်ကုပ်အလုပ်များနေသဖြင့် ယား၍မှကုတ်ချိန်မရ။ ကိုယ်ဝန်ရှစ်လနီးပါးမျှ ရှိနေပြီဖြစ်သော အိုင်းရင်းသည်ပင်လျှင် ဗာဟီရအလုပ်များကြောင့် အားအားယားယားမနေနိုင်။

ဂျော့သည် အလုပ်ခွင်တိုင်းသို့ရောက်သည်။ ယာခင်းထဲသွားပြန်သော်လည်း မည်သူကမျှ သူ့အားစကားမပြောနိုင်ကြ။ မာတီလ်ဒါနှင့် အိုင်းရင်းတို့ထံ ရောက်ပြန်တော့လည်း သူ့အား အပြုံးနှင့်ဆီးကြိုနိုင်သော်လည်း စကားဇည့်ခံ၍မပြောနိုင်ကြ။ တွမ်တို့ထံ သွားပြန်တော့လည်း အလုပ်လာအပ်သူ၊ လာရွေးသူ နီဂရိုးကျွန်များ၊ လူဖြူ

များနှင့် ပြည့်နေသည်ကို တွေ့ရသည်။ သူရောက်သွားသည့်အခါတိုင်း ပတ်ဝန်းကျင် အခြေအနေသည် တစ်မျိုးတစ်ဖုံပြောင်းသွားလေ့ရှိ၏။ စကားဝိုင်းသည် တိတ်သွားတတ်သည်။ အထူးသဖြင့် စကားလက်ဆုံကျနေသော လူပြိုများသည် ငြိမ်သွားကြသည်။ ကြက်ကလေးဂျော့အား မယုံသင်္ကာမျက်စိများဖြင့် ကြည့်နေတတ်ကြသည်။

ဤကာလတွင် တွမ်သည် သူ့အဖေနှင့် မစ္စတာမာရေးတို့ ပန်းပဲဖိုထဲ၌ နှစ်ကြိမ် ဆုံမိသည်ကို တွေ့ရဖူးသည်။ မစ္စတာမာရေးသည် ကြက်ကလေးဂျော့ကိုမြင်လျှင် လာလမ်းအတိုင်း ပြန်လှည့်သွားတတ်သည်။ ဘာ့ကြောင့် ထိုကဲ့သို့လုပ်သွားသည်ကို တွမ်က ရိပ်မိသည်။

'ဂျော့ရောက်စတုန်းက မစ္စတာမာရေးက ကျွန်မတို့မိသားစုအတွက် ဝမ်းသာပုံ ပေါ်တယ်။ အခုကျတော့ တစ်မျိုးဖြစ်သွားပြီ။ ကျွန်မဝင်လာတာမြင်ရင် သူတို့ချင်း ဘာစကားမှမပြောကြတော့ဘူး'ဟု မာတိလ်ဒါက ပြောသည်။

သို့ဆိုလျှင် မာရေးခြံထဲ၌ လွတ်လပ်သော ကြက်ကလေးဂျော့၏အဆင့်သည် မည်သည့်အခြေအနေ၌ရှိပါသနည်း။ သူဘယ်လို နေထိုင်ရပါမည်နည်း။ ဘာလုပ်၍ ဘာကိုင်ရပါမည်နည်း။ ဤမေးခွန်းများသည် လူတိုင်း၏စိတ်တွင် ကိန်းအောင်းလာသည်။ ဤမေးခွန်းများကို မမေးမိသူဟူ၍ ဗာဂျီနီးယားလီလီဆူးတို့၏သား လေးနှစ်အရွယ် ယူရိုင်ယာတစ်ဦးတည်းသာလျှင် ရှိပေသည်။

'ခင်ဗျားက ကျွန်တော့်အဘိုးဆို'

'ဘာကွ'

သူ့အား လူထူးလူဆန်းကြီးတစ်ယောက်သဖွယ် ငေးကြည့်နေသော ယူရိုင်ယာ အား ဂျော့က ပြုံးတုံ့ပြုံးတုံ့ပြန်ကြည့်ကာ ခပ်ငေါက်ငေါက် ရေရွတ်လိုက်သည်။

'မင့်နာမည် ဘယ်သူလဲ'

'ယူရိုင်ယာဗျ၊ အဘိုးကကော ဘယ်မှာအလုပ်လုပ်သလဲ'

'မင်းဘာတွေ လျှောက်ပြောနေတာလဲ။ မင့်ကို ဘယ်သူမေးခိုင်းလို့လဲ'

'ဘယ်သူကမှ မခိုင်းဘူး၊ ကျွန်တော့်ဘာသာကျွန်တော်မေးတာ'

'ငါ ဘယ်မှာမှ အလုပ်မလုပ်ဘူး။ ငါက ကျွန်ဘဝက လွတ်လပ်သွားတဲ့လူကွ' သူငယ်က နားမလည်သည့်မျက်နှာထားဖြင့် ကြည့်နေသည်။

'လွတ်လပ်တယ်ဆိုတာ ဘာလဲအဘိုး'

ဤမေးခွန်းသည် ဂျော့အဖို့ အထူးအဆန်းတစ်ခု ဖြစ်နေသည်။

'လွတ်လပ်တယ်ဆိုတဲ့အဓိပ္ပာယ်က မင့်ကို ဘယ်သူမှမပိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ် ပေါ့ကွယ်'

မြန်မာ စာအုပ်များ

နောက်တစ်နေ့ နေ့လယ်တွင် မစ္စတာကိတ်စ် မြင်းတစ်စီးနှင့် ရောက်လာသည်။ နောက်မိနစ်အနည်းငယ်တွင် ပန်းပဲဖိုဆီသို့ အမော်တကော ပြေးလာနေသော အိုင်းရင်းကို တွမ် မြင်သည်။ တွမ်က ပန်းပဲဖိုမှထွက်ကာ လမ်းခုလတ်မှ ဆီးကြိုသည်။

'အမေ မာတီလ်ဒါက လွှတ်လိုက်လို့လာတာ။ စောစောက မြင်းနဲ့ရောက်လာတဲ့ လူပြိုနဲ့ မစ္စတာမာရေးတို့ စကားပြောနေကြတယ်တဲ့'

'ကိစ္စမရှိပါဘူး'ဟု တွမ်က ပြန်ပြောသည်။

'ကြောက်စရာမလိုပါဘူး၊ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်ချေပါ'

ညစာကျွေးချိန်အထိ ထူးခြားမှုမရှိ။ သို့သော် ညစာစားနေသော မစ္စတာမာရေးတို့ ဇနီးမောင်နှံသည် ခါတိုင်းညများကလိုမဟုတ်။ နှုတ်ဆိတ်လွန်းနေသည်ကို မာတီလ်ဒါ သတိထားမိသည်။ နောက်ဆုံး ကော်ဖီများ ချပေးနေခိုက်တွင် မစ္စတာမာရေးက လှမ်းပြောသည်။

'ဂျော့ကို ခေါ်ပေးစမ်းပါ'

'ဟုတ်ကဲ့ မစ္စတာ'

မာတီလ်ဒါသည် ကြက်ကလေးဂျော့အား သူ့သား၏ ပန်းပဲဖို၌ တွေ့သည်။ မာတီလ်ဒါထံမှ သတင်းစကား ကြားရသည့်အခါ ဂျော့က ရယ်သည်။ 'သူ့အတွက် တိုက်ကြက်ရှာပေးခိုင်းမလို့ထင်ပါရဲ့'ဟု ရေရွတ်သည်။ ဂျော့သည် ချက်ချင်းပင် အိမ်ကြီးရှေ့ ဆင်ဝင်ဆီသို့ သွားသည်။ ဆင်ဝင်လှေကားမှရပ်ကာ သူ့အား စောင့်နေသည့် မာရေးအား 'ကျွန်တော့်ကိုတွေ့ချင်တယ်ဆိုလို့လာတာပါ'ဟု ပြောသည်။

'ဟုတ်တယ်ဂျော့၊ ငါ လိုရင်းကိုပဲပြောမယ်။ မင့်မိသားစုကြောင့် ငါ့ဇနီးရော ငါပါ အများကြီးစိတ်ချမ်းသာခဲ့တယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ သူတို့ကလည်း မစ္စတာမာရေးတို့ သဘောကောင်းကြောင်း ပြောကြပါတယ်'

'အင်း . . . ဒါပေမဲ့ ငါတို့မှာ ပြဿနာတစ်ခုရှိနေတယ်။ မင်းနဲ့ပတ်သက်တယ်။ မနေ့က ဘာလင်တန်မှာ မင်း ငါတို့ကောင်တီခရိုင်ရဲ့ အရာရှိဟောင်း မစ္စတာကိတ်စ်နဲ့ တွေ့ခဲ့တယ် မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ၊ တွေ့ခဲ့ပါတယ်'

'ဒီနေ့ မစ္စတာကိတ်စ် ငါ့ဆီလာတာလည်း မင်းသိလောက်ပြီထင်တယ်။ သူက ငါ့ကို လာပြီး သတိပေးတယ်။ မြောက်ကာရိုလိုင်းနားပြည်နယ် ဥပဒေက လွှတ်လပ်ခွင့်ရထားတဲ့ လူမည်းတစ်ယောက်ကို ပြည်နယ်အတွင်းမှာ ရက်ပေါင်းခြောက်ဆယ် ထက်ပိုပြီး နေခွင့်မပြုရဘူးလို့ တားမြစ်ထားတယ်တဲ့။ အကယ်၍ ရက်ခြောက်ဆယ် ထက်ကျော်ပြီးနေရင် သူဟာ အလိုအလျောက် ကျွန်ပြန်ဖြစ်ရမယ်တဲ့'

မြန်မာ စာအုပ်များ

ဂျော့က မယုံကြည်နိုင်သော မျက်နှာထားဖြင့် မစ္စတာမာရေးအား ကြည့်နေသည်။

'ငါတကယ်စိတ်မကောင်းပါဘူး ဂျော့။ မင့်အတွက် ဒီကိစ္စဟာ တရားမျှတမှု မရှိသလို ဖြစ်နေမှာပဲ'

'မစ္စတာမာရေးအတွက်ကတော့ တရားမျှတမှုရှိလိမ့်မယ်ထင်ပါတယ် ခင်ဗျာ'

'ဒီလိုလည်းမဟုတ်ပါဘူးကွာ၊ မင့်ကို ငါအမှန်တိုင်းပြောမယ်။ ဥပဒေဟာ ဥပဒေပဲ။ ဒါပေမဲ့ မင်းက ဒီမှာပဲနေတော့မယ်လို့ရွေးရင် မင့်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံဖို့ ငါတာဝန်ယူတယ်။ ငါ့စကားကို မင်းယုံပါ'

'ခင်ဗျားရဲ့စကား ဟုတ်လား'

ဂျော့၏မျက်လုံးများသည် လှုပ်ရှားမှုကင်းမဲ့လျက်ရှိသည်။

ထိုညတွင် ဂျော့နှင့် မာတိလ်ဒါတို့သည် ဗွမ်းစောင်ကိုခြုံ၍ အိပ်ရာထက်၌ လှဲ နေကြသည်။ နှစ်ဦးစလုံး မျက်နှာကြက်ဆီသို့ ငေးမောနေကြသည်။

'မာတိလ်ဒါရေ၊ ဒီအတိုင်းဆိုရင်တော့ ငါဒီမှာပဲဆက်နေရတော့မလို ဖြစ်နေပြီ။ ဒါဆိုရင်တော့ ငါလုပ်သမျှအားလုံး သဲထဲရေသွန်ဖြစ်တော့မှာပဲ'

'မဟုတ်ဘူးဂျော့'

မာတိလ်ဒါက ဦးခေါင်းကို ဖြည်းညင်းစွာခါ၍ပြောသည်။

'ရှင်ဟာ ကျွန်မတို့မိသားစုထဲက ပထမဆုံးလွတ်လပ်သွားတဲ့လူ။ အဲဒီတော့ ရှင် လွတ်လပ်သွားတဲ့ဘဝမှာပဲ ဆက်နေရမယ်။ ဒါမှလည်း ကျွန်မတို့မိသားစုထဲမှာ လွတ်လပ်သူတစ်ဦးရှိတယ်လို့ ဂုဏ်ယူနိုင်မှာ။ ရှင့်အနေနဲ့ ကျွန်တစ်ယောက်ဘဝကိုတော့ ပြန်မသွားသင့်ဘူး'

ဂျော့က ဝမ်းနည်းပက်လက်ငိုသည်။ ထိုအခါ မာတိလ်ဒါကပါ ရှိုက်ကြီးတငင် ငိုသည်။ နောက်နှစ်ညမျှအလွန်တွင် ဂျော့သည် တွမ်နှင့်အိုင်းရင်းတို့ထံလာ၍ ညစာ စားသည်။ မာတိလ်ဒါက နေမကောင်း၍ လိုက်မလာနိုင်။ ညစာစားအပြီးတွင် သုံး ယောက်သား စကားထိုင်ပြောနေကြသည်။ ပြောရင်းပြောရင်းနှင့် နောက်သီတင်းပတ် နှစ်ပတ်အတွင်း မွေးဖွားတော့မည့် ကလေးအကြောင်း ရောက်သွားကြသည်။ ဂျော့၏ မျက်နှာထားသည် တည်ငြိမ်လျက်ရှိ၏။

'မင်းတို့နှစ်ယောက်စလုံး မင်းတို့ရဲ့သားမီးတွေကို ငါတို့မိသားစုအကြောင်း မပြော ပြဘဲ မနေကြပါနဲ့။ ငါပြောတာကြားကြရဲ့လား'

'မပြောဘဲမနေပါဘူးအဖေရယ်'ဟု တွမ်က ပြုံး၍ ပြောသည်။

'တကယ်လို့ ကျွန်တော်မပြောဘဲနေရင် အဘွားကစ်ဇီက ကျွန်တော့်ဆီလာပြီး ပြောနိုင်းလိမ့်မယ်လို့ ထင်ပါတယ်'

မြန်မာ စာအုပ်များ

အတန်ကြာမျှ ငြိမ်နေကြပြန်သည်။ သုံးယောက်သား မီးဖိုဆီသို့ ငေးမောနေကြသည်။ နောက်ဆုံးတွင် ဂျော့ကပင်စ၍ စကားပြောသည်။

'ငါနဲ့ မာတိလ်ဒါ ရက်တွက်ကြည့်တယ်။ ဥပဒေက ပြောထားတဲ့အတိုင်းဆိုရင် ငါဒီမှာ နောက်ထပ် ရက်ပေါင်းလေးဆယ် နေခွင့်ရှိသေးတယ်။ ဒါပေမဲ့ ငါကတော့ ငါသွားဖို့ကောင်းမယ့်ရက်ကို တွက်နေတယ် နေ့ရွှေ့ညရွှေ့ လုပ်နေလို့မဖြစ်ဘူး'

သူသည် ကုလားထိုင်မှထကာ တွမ်နှင့် အိုင်းရင်းတို့အား တအားဖက်ထားသည်။

'ငါ ပြန်လာမှာပါ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြပါကွယ်'

သူသည် တံခါးကိုဖွင့်၍ အပြင်သို့ထွက်သွားသည်။

[၁၀၉]

၁၈၆၁ ခုနှစ် နိဝင်ဘာလဆန်းပိုင်းဖြစ်သည်။ တွမ်သည် လုပ်လက်စအလုပ်ကို မိုးမချုပ်မီ အပြီးသတ်နိုင်အောင် ကတိုက်ကရိုက်လုပ်နေသည်။ သူမှန်းသည့်အတိုင်း အချိန်မီပြီးသွားသောအခါ အိမ်ဘက်သို့ နေးကွေးလေးလံသော ခြေလှမ်းများဖြင့် ပြန်လာခဲ့သည်။ သူ့မိန်းမ အိုင်းရင်းကတော့ ခြောက်လသမီး မာရီအား နို့တိုက်ရင်း ညစာကို အသင့်ပြင်ကာ စောင့်နေသည်။ နှစ်ဦးသား ညစာစားပြီးသောအခါ ညီအစ်ကိုမောင်နှမအားလုံး စုဝေးရာ မာတိလ်ဒါ၏တဲဆီသို့ သွား၍ စကားပြောကြသည်။

ပထမတော့ တွမ်သည် တခြားလူများပြောသမျှကို ငြိမ်ဆိတ်စွာ နားထောင်နေသည်။ ထို့နောက် ကုလားထိုင်ပေါ်မှနေ၍ ကိုယ်ကို ရှေ့သို့ကုန်းကာ ခပ်တိုးတိုးပြောသည်။

'ပန်းပဲဖိုကိုလာတဲ့ လူဖြူတွေကတော့ မစ္စတာလင်ကွန်းအကြောင်းပဲပြောနေကြတာပဲ။ အခု သမ္မတအဖြစ်အရွေးခံရပြီတဲ့။ ကျွန်တွေမွေးထားတဲ့ တောင်ပိုင်းသားတွေကို ဆန့်ကျင်နေတယ်တဲ့'

'အေးကွဲ့၊ အမေလည်းကြားတယ်'ဟု မာတိလ်ဒါက ပြောသည်။

'မစ္စတာမာရေးတို့လည်း ခဏခဏပြောနေကြတယ်။ သဘောချင်း မတိုက်ဆိုင်မှုကြောင့် မြောက်ပိုင်းနဲ့ တောင်ပိုင်းကြားမှာ အကြီးအကျယ် ပြဿနာဖြစ်တော့မယ်လို့ သူ့မိန်းမကို ပြောနေသံကြားတယ်'

'ကျွန်စနစ်ကိုလက်ခံတဲ့လူဖြူတွေနဲ့ လက်မခံတဲ့လူဖြူတွေကြားမှာ ပြဿနာကတော့ မသေးဘူး။ အခုအတိုင်းဆိုရင်တော့ ကျွန်ဆိုတာလုံးဝမရှိတော့တဲ့ ခေတ်တော့ တစ်နေ့ ရောက်ဦးမှာပါ'

မြန်မာ စာအုပ်များ

'အဲဒီခေတ်က ငါတို့သေမှရောက်မှာပါကွာ၊ တို့မြင်ရဖို့မလွယ်ပါဘူး'ဟု အက်ရှ်ဖို့က မလိုတမာလေသံဖြင့်ပြောသည်။

'သူကတော့ အဲဒီခေတ်ကို မြင်ရလိမ့်မယ်ထင်တယ်' ဗာဂျီက အိုင်းရင်း၏ရင်ခွင်ထဲမှ ကလေးအား ခေါင်းတစ်ချက်ဆတ်ပြပြီး ပြောသည်။

'ကျွန်မကတော့ မမျှော်လင့်ချင်ပါဘူး'ဟု အိုင်းရင်းက ဝင်ပြောသည်။

'တောင်ပိုင်းမှာရှိနေတဲ့ ကျွန်တွေအားလုံးကိုစုပြီး တွက်လိုက်ရင် ငွေတွေက နည်းတာမှ မဟုတ်ဘဲ။ ယာအလုပ်သမား ကျွန်တစ်ယောက်ကို ဒေါ်လာရှစ်ရာ ကိုးရာနှုန်းနဲ့ပဲ တွက်ပါဦး။ နည်းတဲ့ငွေလား။ ဒီငွေတွေကို တောင်ပိုင်းက လူဖြူတွေက အဆုံးခံနိုင်မှာတဲ့လား'

'ဒါပေါ့...၊ စစ်ဖြစ်မှရမှာပါ။ ငါကတော့ မတိုက်ဘဲရမယ်မထင်ဘူး'ဟု အက်ရှ်ဖို့က ပြောသည်။

'ဒီစနစ်ကိုထောက်ခံနေတဲ့ကောင်တွေက အရေအတွက်များရင်တော့နိုင်မှာမဟုတ်ဘူး'

'တစ်နိုင်ငံလုံးနဲ့တွက်ရင်တော့ ကျွန်စနစ်ကိုဆန့်ကျင်နေတဲ့ဘက်က လူအင်အားသာမှာပါ'ဟု တွမ်က ပြောသည်။

'ဘာပဲဖြစ်ဖြစ်ကွာ၊ အက်ရှ်ဖို့ပြောသလိုပဲ တိုက်မှပဲ ဒီပွဲက အပြန်ဆုံးပြီးမယ်လို့ ငါထင်တယ်'

'ဒီဇင်ဘာလဆန်းပိုင်းတစ်ညတွင် မစ္စတာမာရေးတို့ဇနီးမောင်နှံသည် အိမ်နီးနားချင်း တစ်ဦးအိမ်မှ ညစာစားပြီးပြန်လာသည်။ မကြာမီ မာတိလ်ဒါသည် သူကြားခဲ့ရသည့် သတင်းကို တွမ်နှင့် အိုင်းရင်းတို့ထံသို့ လာ၍အသိပေးသည်။

'မစ္စတာမာရေး ပြောနေတာကတော့ တောင်ကာရိုလိုင်းနားပြည်နယ်က ခွဲထွက်လိုက်ပြီတဲ့။ သူတို့က အမေရိကန်ပြည်ထောင်စုထဲက ခွဲထွက်မယ်ဆိုတဲ့ သဘောပဲကွဲ့'

'တစ်နိုင်ငံတည်း ပေါင်းစည်းထားတာပဲ အမေရာ။ ဘယ်လိုလုပ်ပြီး ခွဲထွက်လို့ရမှာလဲ'ဟု တွမ်က ထင်ကြေးပေးသည်။

'လူဖြူတွေက သူတို့ထင်ရာလုပ်နေတဲ့လူတွေပဲ။ လုပ်ရင်လုပ်မှာပေါ့'ဟု အိုင်းရင်းက ဝင်ပြောသည်။

တွမ်သည် ပန်းပဲဖိုသို့ရောက်လာကြသည့် လူဖြူများ ပြောဆိုနေသမျှကို နားထောင်သည်။ 'ပြည်နယ်များ၏အခွင့်အရေး'ဟူသော စကားလုံးကို ထပ်တလဲလဲကြားရသည်။ ထိုနေ့မှာပင် တွမ်က 'ကြောက်အောင်ပြောတာတော့ မဟုတ်ဘူး အမေ။ စစ်ကတော့ ဖြစ်မှာ သေချာတယ်'ဟု မာတိလ်ဒါနှင့် အိုင်းရင်းတို့အား ပြောသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

''ဒုက္ခပါပဲ၊ အဲဒါဆိုရင် ငါတို့ဘယ်မှာသွားနေကြမလဲ တွမ်'

'အမေ့ရယ် စစ်မြေပြင်ဆိုတာ ဘုရားရှိခိုးကျောင်းလို ပန်းခြံလို သီးသန့်လုပ်ထားတဲ့ နေရာမှမရှိတာ'

'အေး… အဲဒါဆိုရင်တော့ ငါတို့မှာ ပြေးစရာမြေ ရှိမယ်မထင်ပါဘူးဟယ်'

အိုင်းရင်းက တွမ်တို့သားအမိအားကြည့်၍ လှောင်သည်။

'နီဂရိုးတွေအတွက် သူတို့လူဖြူချင်းသတ်ကြမတဲ့လား။ နည်းနည်းလည်း စဉ်းစားကြပါဦး'

ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးလာသည်။ ကြားနေရသည့်သတင်းများအရဆိုလျှင် သူ့အထင်မှန်လိမ့်မည်ဟု တွမ်က တွက်သည်။ သူသည် ကြားရသမျှသတင်းအားလုံးကို သူ့မိသားစုအား အကုန်အသိမပေး။ ထိမ်ချန်သင့်သည်များကို ထိမ်ချန်ထားသည်။ သို့သော်လည်း သူ့မိသားစုသည် လမ်းမကြီးပေါ်၌ နေ့စဉ်နှင့်အမျှ ဥဒဟိုသွားလာနေကြသော လူဖြူများ၏လှုပ်ရှားမှုများကိုကြည့်ကာ သောကမအေးဖြစ်နေသည်။ လူဖြူတို့၏လှုပ်ရှားမှု ပြောဟန်ဆိုဟန်နှင့် တင်းမာသောမျက်နှာထားများကို မြင်ရုံမျှဖြင့် အခြေအနေအရပ်ရပ်ကို ရိပ်မိ သိရှိလာကြသည်။ ပြည်တွင်းစစ်ကတော့ မလွဲမသွေဖြစ်ပေတော့မည်။ ဖြစ်သည်ဆိုပါက 'ယန်းကီးများ'ဘက်က နိုင်ပေတော့မည်။ သူတို့တစ်တွေ လွတ်မြောက်ခွင့်ရကြလိမ့်မည်ဖြစ်၏။ ဤအချက်ကို တွမ်တို့မိသားစုအားလုံး သဘောပေါက်နေကြလေပြီ။

ပန်းပဲဖိုသို့လာကြသော လူမည်းများထံမှ သတင်းတစ်ခုရပြန်သည်။ သူတို့ပိုင်ရှင်လူဖြူများသည် ယခင်ကလိုမဟုတ်။ ကျွန်များအပေါ် သံသယကြီးလာနေသည်။ အရာရာတိုင်းကို လျှို့ဝှက်နေကြသည်။ သူတို့ချင်းစကားပြောလျှင် တိုးတိုးတိတ်တိတ်ကျိတ်၍ပြောကြသည်။

'အမေ အိမ်ကြီးပေါ်မှာ ဘာများထူးခြားမှုရှိသလဲ'

တစ်ရက်တွင် တွမ်က သူ့အမေအားမေးသည်။

'တိုးတိုးပြောတာတွေ ဘာတွေတော့ မရှိဘူးသားရဲ့။ ဒါပေမဲ့ အမေဝင်သွားရင် စကားပြောတာရပ်ထားတယ်'

'အကောင်းဆုံးနည်းကတော့ အမေရာ ကျွန်တော်တို့အားလုံး ဘာမှမသိသလို မကြားသလို နေကြတာပေါ့'

မာတိလ်ဒါက သူ့သားပြောသလို နေ၍မဖြစ်ဟု ဆုံးဖြတ်သည်။ တစ်ည ညစာစားအပြီးတွင် မာတိလ်ဒါက…

'မစ္စတာမာရေးနဲ့ မစ္စက်မာရေးတို့ကို ကျွန်မ တစ်ခုပြောပါရစေရှင်။ ကျွန်မကို ခွင့်လွှတ်ကြပါ။ ကျွန်မနဲ့ သားသမီးတွေကတော့ နေ့စဉ်ကြားနေရတဲ့ သတင်းတွေကြောင့်

ယန်းကီးတွေကို ကြောက်နေကြပါတယ်။ သူတို့ရောက်လာပြီး ပြဿနာရှာရင် ကျွန်မ တို့ ဘယ်လိုလုပ်နေကြမလဲ'ဟု ပြောသည်။

မာရေးတို့ ဇနီးမောင်နှံ၏ မျက်နှာထားများသည် သဘောကျ ကျေနပ်ခြင်းနှင့် စိတ်သက်ရာရခြင်းတို့ကို ဖော်ပြနေကြသည်။

'ဒါပေါ့လေ၊ သူတို့ကြောက်တယ်ဆိုတာလည်း သဘာဝတော့ကျပါတယ်။ ယန်းကီး တွေက သူတို့မိတ်ဆွေတွေမှမဟုတ်တာကိုး'ဟု မစ္စက်မာရေးက ပြောသည်။

'ဒါပေမဲ့ စိတ်တော့မပူပါနဲ့'ဟု မစ္စတာမာရေးကပြောသည်။

'ဒုက္ခရောက်ဖို့အကြောင်း သိပ်မရှိပါဘူး'

ဤသို့ဖြင့် ခရစ္စမတ်ပွဲတော်သို့ ရောက်လာသည်။ ထို့နောက် တစ်ဆက်တည်း ကျင်းပလေ့ရှိသည့် နှစ်သစ်ကူးပွဲတော်။ သို့သော် အေလာမန်ကောင်တီခရိုင်နယ်မြေ အတွင်း၌ တခမ်းတနားကျင်းပသည့် ပွဲလမ်းသဘင်ဟူ၍ ဘာတစ်ခုမျှ မည်မည်ရရမရှိ။ အမျိုးမျိုးသော ကောလာဟလသတင်းများကြောင့် လူအများ ချောက်ချားလျက်ရှိကြသည်။ တွမ်၏ပန်းပဲဖိုသို့ရောက်လာနေကြသော လူများထံမှလည်း ခွဲထွက်သောပြည်နယ် များ သတင်းကို အဆက်မပြတ် ကြားနေရသည်။ ပထမဆုံးခွဲထွက်သည့် ပြည်နယ်မှာ မစ္စစစ္စပီပြည်နယ်။ ထို့နောက် ဖလော်ရီဒါ၊ အလာဘားမား၊ ဂျော်ဂျီယာနှင့် လူဝီစီယား နားပြည်နယ်များ။ ထို့နောက် ဖေဖော်ဝါရီလ တစ်ရက်နေ့တွင် တက္ကဆတ်ပြည်နယ်က ခွဲထွက်ကြောင်းကြေညာသည်။ ထို့နောက် တောင်ပိုင်းက ခွဲထွက်ကြောင်းကြေညာသည်။ ထို့နောက် တောင်ပိုင်းပြည်နယ်များသည် 'ဂျက်ဖာဆန်ဒေးဗစ်'အမည်ရှိ ပုဂ္ဂိုလ်တစ်ဦး အား သမ္မတအဖြစ် ရွေးချယ်ခန့်အပ်ကာ 'ခွဲထွက်ပြည်နယ်များအဖွဲ့ကြီး'နှင့်ပေါင်းကြ သည်။

'အဲဒီမစ္စတာဒေးဗစ်နဲ့ တခြားတောင်ပိုင်းနယ်က ဆီးနိတ်အမတ်တွေရော၊ ကွန် ဂရက် အမတ်တွေရော၊ စစ်တပ်ထဲကထိပ်သီးအရာရှိကြီးတွေရော သူတို့အားလုံး ရာထူး က နုတ်ထွက်ပြီး ကိုယ့်ဒေသကိုယ်ပြန်ကြပြီ'တဲ့ဟု တစ်ရက်တွင် တွမ်က သတင်း ပေးသည်။

ညတိုင်းလိုလို တွမ်နှင့် မာတီလ်ဒါတို့ရရှိလာသော သတင်းများမှာ အမျိုးမျိုး ဖြစ်ရာ ကြာလာတော့ မိသားစုသည် သတင်းများကို မီအောင်မလိုက်နိုင် ဖြစ်လာသည်။ မတ်လတစ်ရက်တွင် မစ္စတာလင်ကွန်း သမ္မတအဖြစ်ကျမ်းကျိန်ပြီးဖြစ်ကြောင်း သတင်း ကြားရသည်။ မောင်ဂိုမာရီ၊ အလာဘားမားတို့၌ လူထုစည်းဝေးပွဲကြီးများ ကျင်းပ ကြောင်း၊ ခွဲထွက်ပြည်နယ်များသမ္မတ ဂျက်ဖာဒေးဗစ်က အာဖရိကန် ကျွန်ရောင်း ဝယ်ရေးလုပ်ငန်းကို ဖျက်သိမ်းသည်ဟုကြေညာကြောင်း ကြားကြရပြန်သည်။ မိသားစု အနေဖြင့် သိထားကြသည်မှာ ဂျက်ဖာဒေးဗစ်တို့သည် ကျွန်စနစ် ဖျက်သိမ်းရေးကို

ဆန့်ကျင်ကြသူများဖြစ်၏။ သို့ပါလျက်နှင့် ဘာ့ကြောင့် ယခုလို ကြေညာပါသနည်း။ သူတို့ နားမလည်နိုင်ဖြစ်ကြသည်။ နောက် ရက်အနည်းငယ်မျှအကြာတွင် မြောက်ကာရိုလိုင်းနားပြည်နယ် ဥပဒေပြုအဖွဲ့က စစ်သားနှစ်သောင်းလိုအပ်နေသဖြင့် စစ်ထဲဝင်ကြရန် ကြေညာသည်။

၁၈၆၁ ခုနှစ် ဧပြီလ၏ တစ်ခုသော သောကြာနေ့ နံနက်တွင် မစ္စတာမာရေးသည် မိဘိန်းမြို့၌ကျင်းပမည့် အစည်းအဝေးတစ်ခုသို့ တက်ရောက်ရန် ထွက်ခွာသွားသည်။ လီးဝစ္စ၊ ဂျိမ်းစ်၊ အက်ရှ်ဖို၊ ကစ်ဇီငယ်နှင့် မေရီတို့သည် ယာခင်းထဲ၌ ဆေးရွက်ကြီးပင်များ စိုက်နေကြသည်။ ထိုအခိုက်တွင် လမ်းမပေါ်မှ လူဖြူတစ်အုပ်သည် မြင်းကိုယ်စီစိုင်း၍ သွားနေကြသည်ကိုမြင်ကြရသည်။ မြင်းစီးသမားတစ်ဦးက သူတို့ဘက်သို့ လက်သီးဆုပ်ပြပြီး တစ်စုံတစ်ခု အော်ဟစ် သွားသည်ကိုလည်း ကြားလိုက်ကြရ၏။ ဘာတွေအော်သွားမှန်းတော့ သူတို့မသိ။ ချက်ချင်းပင် ဗာဂျီက ကစ်ဇီငယ်အားလွှတ်၍ တွမ်၊ မာတိလ်ဒါနှင့် အိုင်းရင်းတို့ထံ တစ်စုံတစ်ခုဖြစ်တော့မည်ထင်သည်ဟု သတင်းပို့သည်။

တွမ်က မြင်းစီးသမား ဘာအော်သွားသည်ကို ဂဃနဏသိလိုသည်။ သို့သော်လည်း ကစ်ဇီငယ်က ပြောမပြတတ်။ ဘာတွေအော်သွားမှန်း ဘယ်သူမှမသိဟူ၍သာ အဖြေပေးသည်။

'လူကိုယ်တိုင်လိုက်သွားပြီး စုံစမ်းတာ အကောင်းဆုံးဖြစ်မယ်ထင်တယ်'ဟု တွမ်က ပြောသည်။

'မင့်မှာ ခရီးသွားခွင့်လက်မှတ်မှမရှိဘဲနဲ့ သွားလို့ဖြစ်မလားကွ'ဟု ဗာဂျီက လမ်းပေါ်ရောက်နေပြီဖြစ်သော တွမ်အား နောက်မှနေ၍ အော်ပြောသည်။

'အခုလိုအခါခွင့်သင့်တုန်း လိုက်စုံစမ်းမှဖြစ်မှာဗျ'ဟု တွမ်က ပြန်အော်သွားသည်။

သူ လမ်းမကြီးပေါ်ရောက်သွားသည့်အခါကျမှပင် မြင်းစီးသမားအားလုံး ကြေးနန်းရုံးသို့ ဦးတည်သွားနေခြင်းဖြစ်ကြောင်း သိလာသည်။ မြင်းများကို စိုင်းသွားနေကြသူများသည် တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ပြောဆိုသွားနေကြ၏။ သို့သော်လည်း သဲသဲကွဲကွဲမကြားရသဖြင့် ဘာတွေပြောသွားနေမှန်းတော့မသိ။ ခြေကျင် အပြေးအလွှားသွားနေကြသည့် လူဖြူဆင်းရဲသားများနှင့် လူမည်းများအား ကျော်ဖြတ်လာခဲ့သည်။ တွမ်သည် အဆိုးဆုံးအရာတစ်ခုတော့ဖြစ်နေပြီဟု သိလိုက်သည်။ မီးရထားကုမ္ပဏီ လမ်းပြင်အလုပ်ရုံအနီးသို့ ရောက်သွားကြသည့်အခါ ကြေးနန်းရုံးအနီး၌ လူတွေအုံနေသည်ကို သူမြင်ရသည်။

တွမ်သည် လားပေါ်မှခုန်ဆင်းသည်။ သူ့လားကိုဆွဲ၍ လူအုပ်အနီးသို့ကပ်သည်။ လူဖြူတစ်စုသည် ဝိုင်ယာကြိုးများတစ်လျှောက် တစ်စုံတစ်ခု ပါလာသည်ကို မြင်ရ

တော့မည့်အလား ဝိုင်ယာကြိုးများဆီသို့ တမော့မော့ကြည့်နေကြသည်။ သူသည် အခြားတစ်ဖက်ရှိ လူမည်းအုပ်စုအနီးသို့ တိုးလာခဲ့သည်။ သူတို့ချင်း တီးတိုးပြောဆိုနေကြသည့် စကားများကို ကြားရသည်။

'မစ္စတာလင်ကွန်းကတော့ ငါတို့အတွက် စစ်တိုက်ပြီကွ'

'နီဂရိုးတွေအတွက် ဘုရားသခင်က စောင့်ရှောက်တဲ့သဘောပဲဟေ့'

'ငါတော့ မယုံနိုင်အောင်ဖြစ်နေပြီ'

တွမ်က လူမည်းအဘိုးအိုတစ်ယောက်အား ဘေးသို့ဆွဲခေါ်သွားပြီး စုံစမ်းသည်။ ထိုအခါကျမှပင် ဘာတွေဖြစ်ပျက်နေသည်ကို သူသိရသည်။ တောင်ကာရိုလိုင်းနားပြည်နယ်တပ်များက ချာလက်စတန်ဆိပ်ကမ်းရှိ ပြည်ထောင်စုတပ်များ၏ ဆမ်းတားခံတပ်ကို ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ကြသည်။ သမ္မတအေးဗစ်၏အမိန့်အရ ပြည်ထောင်စုတပ်ဖွဲ့မှ ခံတပ်နှစ်ဆယ့်ကိုးခုကို စီးနင်းတိုက်ခိုက်ကြသည်။ စစ်ပွဲကတော့ အမှန်တကယ်ပင် အစပြုနေပြီဖြစ်၏

နောက်နှစ်ရက်မျှအကြာတွင် ဆမ်းတားခံတပ်မှ ပြည်ထောင်စုတပ်များက လက်နက် ချလိုက်ပြီဖြစ်ကြောင်း၊ ချာလက်စတန်ဆိပ်ကမ်းသို့ ဝင်ရာလမ်းကို ကျွန်တစ်ထောင်ကျော်ခန့် တာဝန်ချကာ သဲအိတ်များချ၍ ပိတ်ဆို့နေကြကြောင်း ကြားကြရသည်။

ဤအတွင်းတွင် မြောက်ကာရိုလိုင်းနားပြည်နယ်ဘုရင်ခံ ဂျွန်အီးလစ္စသည် မိမိ၏ပြည်နယ်မှ တပ်သားများ ပေးတော့မည်မဟုတ်ဟု သမ္မတလင်ကွန်းထံ အကြောင်းကြားသည်။ တစ်ဆက်တည်းမှာပင် ဂျွန်အီးလစ္စသည် တပ်သား ထောင်ပေါင်းများစွာကို လက်နက်များနှင့်တကွ ခွဲထွက်ရေးသမားများ၏ စစ်တပ်သို့ လွှဲပေးလိုက်သည်။ သမ္မတအေးဗစ်ကလည်း တောင်ပိုင်းဒေသမှ အသက် ဆယ့်ရှစ်နှစ်နှင့် သုံးဆယ့်ငါးနှစ်ကြားရှိ လူဖြူများ စစ်ထဲဝင်ပြီး သုံးနှစ်တိတိစစ်တိုက်ပေးရန်၊ ယာပိုင်ရှင်ကြီးများက စစ်တပ်မှ စေခိုင်းရန်အတွက် ကျွန်ဆယ်ယောက်ကျစီပေးရန် မေတ္တာရပ်ခံသည်။ ဗိုလ်ချုပ်ကြီး ရောဗတ်အီးလီကလည်း ဗာဂျီးနီးယားပြည်နယ်စစ်တပ်ကို ဦးဆောင်ရန်အတွက် အမေရိကန်ပြည်ထောင်စုမှ နုတ်ထွက်သည်။ မြို့တော်ဝါရှင်တန်ဒီစီရှိ အစိုးရပိုင် အဆောက်အအုံများတွင် စစ်တပ်များ ထူထပ်စွာချထားကြောင်း၊ တောင်ပိုင်းဒေသတပ်များက ဝင်ရောက်စီးနင်းတိုက်ခိုက်မည်ကို ထိတ်လန့်နေကြောင်း သတင်းများလည်း ရောက်လာသည်။

အလာမန်ကောင်တီခရိုင်နယ်မြေအတွင်းတွင် စစ်ထဲဝင်ရန် တန်းစီ၍ စာရင်းပေးနေကြသည့် လူဖြူများကို နေရာအနှံ့အပြား၌ နေ့စဉ်နှင့်အမျှ မြင်တွေ့နေကြရသည်။ တွမ်၏ပန်းပဲဖိုတွင် မြင်းသံခွာအသစ်လာရိုက်သည့်လူဖြူများနှင့် အမြဲပြည့်လျက်ရှိ၏။ မကြာမီကမှ အသစ်ဖွဲ့စည်းလိုက်သည့် 'ဟောစီးလ်တပ်ခွဲ'တွင် ဝင်ရောက်အမှုထမ်းနေကြသည့် စစ်သားသစ်များပေတည်း။

တစ်ရက်တွင် တွမ်သည် မြင်းရထားသမား လူမည်းတစ်ဦးနှင့် ဆုံမိသည်။ သူ့သခင် ဇနီးမောင်နှံသည် စစ်ထဲဝင်သွားသည့် သားကြီးအား ဘုတာသို့ဆင်း၍ နှုတ်ဆက်ကြသည်။ ထိုစဉ်က သူမြင်တွေ့ခဲ့ရသမျှကို မြင်းရထားသမားက တွမ်အား ပြန်၍ ဖောက်သည်ချသည်။

ဘူတာပလက်ဖောင်းပေါ်၌ ရပ်နေကြသော လူအုပ်ထဲမှ လူဖြူမိန်းမများသည် ငိုကြွေးလျက်ရှိကြသည်ဟု ဆိုသည်။ သူတို့သားများက မီးရထားပြတင်းဝ၌ တိုးဝှေ့ကာ အောက်မှ လူများအား အော်ဟစ်နှုတ်ဆက်နေကြသည်။ 'ခွေးမသား ယန်းကီးတွေကို အသေသတ်ပြီး မနက်စာမစားခင် အရောက်ပြန်ခဲ့ကြဟေ့' ဟူသော အော်သံများကိုလည်း ကြားနေရသည်။

'မစ္စတာပေါက်စက မီးခိုးရောင်ယူနီဖောင်းနဲ့ဗျ။ သူ့အဖေနဲ့အမေငိုတာ ကြည့်ပြီး သူကလည်း ငိုနေတယ်'ဟု မြင်းရထားသမားလူမည်းက ပြောသည်။

'သားအမိ သားအဖ ဖက်လိုက်၊ ပွေ့လိုက်၊ နမ်းလိုက်နဲ့ နှုတ်ဆက်နေကြတာ ကြည့်ရတာ စိတ်မချမ်းသာစရာပါဗျာ။ ကျုပ် လိမ်မပြောပါဘူး။ သူတို့ကိုကြည့်ပြီး ကျုပ်လည်း ငိုမိတာပဲ'

[၁၁၀]

ထိုည ညဥ့်နက်ပိုင်းတွင် တွမ်သည် မှန်အိမ်မီးရောင်ဖြင့် မှုန်ဝါးဝါးဖြစ်နေသော တဲအတွင်း အိုင်းရင်း၏ အိပ်ရာခုတင်ဘေး၌ ထိုင်နေသည်။ အိုင်းရင်းမှာ ဒုတိယအကြိမ် ဗိုက်နာနေပြန်လေပြီ။ သူ၏ အော်ဟစ်ညည်းညူသံများသည် ဆူညံလျက်ရှိ၏။ တစ်ချက်တစ်ချက်တွင် စူးစူးရှရှအော်သံ ထွက်ပေါ်လာတတ်သည်။ ကြာတော့လည်း တွမ်သည် စိုးရိမ်စိတ် ဝင်လာသည်။ သူ့မိခင်အား သွားခေါ်မှဖြစ်တော့မည်ဟူသော စိတ်က ဖြင့် အပြင်သို့ထွက်လာခဲ့သည်။

မာတိလ်ဒါမှာလည်း ချွေးမအတွက်ပူပန်နေသဖြင့် မအိပ်နိုင်။ ချွေးမ၏ ညည်းညူအော်ဟစ်သံများကိုလည်း သူကြားနေရ၏။ ကြာတော့လည်း သူ ထိုင်မနေနိုင်။ အပြင်သို့ ထွက်လာခဲ့သည်။ တွမ်နှင့် လမ်းခုလတ်တွင် ဆုံမိသည်။ တွမ်သည် ကစ်ဇီယယ်နှင့် မေရီတို့အား ရေနွေးအမြန်ဆုံးကျိုပေးရန် အော်ဟစ်၍ ခိုင်းနေသည်။ နောက်တစ်ခဏမျှ အတွင်းတွင် အခြားတဲများမှလူများပါ ထွက်လာကြသည်။ တွမ်၏ ညီအစ်ကို ငါးယောက်စလုံး တဲရှေ့၌လမ်းသလားနေသော တွမ်ထံ ရောက်လာကြသည်။ အရှေ့ဘက်ကောင်းကင်ပြင်၌ အရုဏ်ဦးရောင်ခြည် သန်းလာချိန်တွင် တဲအတွင်းမှ ကလေးငိုသံ စူးစူးဝါးဝါးထွက်လာသည်။ တွမ်၏ညီအစ်ကိုများက တွမ်အား ကျောပုတ်၍ ဖက်၍

ဝမ်းသာကြောင်းပြကြသည်။ တွမ်နှင့် မျက်နှာကြောမတည့်သူ အက်ရှ်ဖို့ပင်လျှင် မနေနိုင်။ တွမ်အား ဝမ်းသာအားရ ဖက်လှဲတကင်းပြုသည်။ တဲအတွင်းမှ မာတီလ်ဒါ ထွက်လာသည်။

'ဟဲ့အကောင် တွမ်၊ နင့်မိန်းမဗိုက်ထဲက ဒီတစ်ခါလည်း မိန်းကလေးပဲ ထွက်လာသဟဲ့'

တွမ်က အိုင်းရင်း၏ဆန္ဒအတိုင်း သူ့သမီးအား 'အယ်လင်း'ဟု နာမည်မှည့်သည်။ အိုင်းရင်းမိခင်၏နာမည်ကိုယူ၍ မှည့်ခြင်းဖြစ်၏။

မည်မျှပင် အလုပ်များနေစေကာမူ တွမ်ကတော့ စစ်သတင်းများကို အမြဲနားထောင်သည်။ သူ့ပန်းပဲဖိုသို့ ရောက်လာသမျှသော လူဖြူ လူမည်းများကလည်း သူတို့ သိခဲ့ကြားခဲ့ရသမျှကို ဖောက်သည်မချဘဲမနေ။ အထူးသဖြင့် တောင်ပိုင်းပြည်နယ်များမှ ခွဲထွက်ရေးသမားများ၏ အောင်ပွဲသတင်းများ။ ယန်းကီး ရာပေါင်းများစွာ ကျဆုံးသည်ဟူသော သတင်းများ...။

တွမ်က သူကြားခဲ့ရသောသတင်းများကို သူ့မိသားစုအား ပြန်မပြောဘဲမနေ။ သတင်းများအပေါ်တွင် ဘယ်သူကမှ ဝေဖန်ခြင်း ဆွေးနွေးခြင်းမပြု။ သို့သော်လည်း မျက်နှာများကတော့မကောင်း။ အားလုံး ညှိုးနွမ်းလျက်ရှိကြသည်။ လီလီဆူးကတော့ သူ၏မမာမချာရှိလွန်းလှသောသား ယူရိုင်ယာကို ပြုစုနေရာမှ 'ကျွန်ဘဝက လွတ်လပ်တယ်ဆိုတဲ့ စကားကို ကျွန်မကတော့ မကြားချင်တော့ဘူး။ မျှော်လင့်ချက်လည်း မထားချင်တော့ဘူး'ဟု ပြောသည်။

၁၈၆၂ ခုနှစ် နွေဦးပေါက်ရာသီ။ တစ်နေ့သော မွန်းလွဲပိုင်းတွင် စစ်အရာရှိယူနီဖောင်းဝတ်ထားသော မြင်းစီးသားတစ်ဦးသည် မစ္စတာမာရေးတို့ ခြံအတွင်းသို့ မြင်းကို ခပ်မှန်မှန်စီး၍ဝင်လာသည်။ အဝေးမှလှမ်းမြင်နေရသော တွမ်သည် မြင်းစီးသမားအား မြင်ဖူးသလိုလိုဖြစ်နေသည်။ နီးလာသည့်အခါတွင်မူ တွမ်၏ရင်သည် ထိတ်ခနဲဖြစ်သွားသည်။ တခြားလူမဟုတ်။ ကောင်တီခရိုင်အရာရှိဟောင်း အစားအသောက်ဆိုင်ပိုင်ရှင် ကိတ်စ် ဖြစ်သည်။ သူ၏ အကြံပြုချက်ကြောင့် တွမ်၏ဖခင် ကြက်ကလေးဂျော့သည် ဤပြည်နယ်အတွင်းမှ ထွက်ခွာသွားခဲ့ရသည် မဟုတ်ပါလား။

မြင်းပေါ်မှဆင်း၍ အိမ်ကြီးထဲဝင်သွားသော ကိတ်စ်အား တွမ်က မျက်ခြည်မပြတ် လှမ်းကြည့်နေသည်။ သူဝင်သွားပြီးနောက် မကြာခင်မှာပင် မာတီလ်ဒါသည် သူ့သား၏ ပန်းပဲဖိုသို့ရောက်လာသည်။

'မစ္စတာမာရေးက ခေါ်ခိုင်းလိုက်လို့လာတာ။ သူ ဟိုလူဆိုး စတိုးဆိုင်ပိုင်ရှင် ကိတ်စ်နဲ့ စကားပြောနေတယ်။ မင့်ကိုခေါ်တာ ဘာ့ကြောင့်လဲတော့မသိဘူး။ မင်း ဘယ်လိုထင်သလဲ'

မြန်မာ စာအုပ်များ

‘ကျွန်တော် ဘယ်လိုလုပ်ပြီးသိမှာလဲ အမေရယ်။ ခေါ်တာ သွားနားထောင်မှပဲ သိတော့မပေါ့’

တွမ်သည် သူ့စိတ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင်ထားကာ အိမ်ကြီးဘက်သို့ လျှောက်လာခဲ့သည်။

‘တွမ် မင်း ဗိုလ်မှူးကိတ်စ်ကို သိတယ်မဟုတ်လား’ဟု မာရေးက မေးသည်။

‘ဟုတ်ကဲ့’

တွမ်က ကိတ်စ်အားမကြည့်။ ကိတ်စ်ကတော့ သူ့အား ကြည့်နေမှန်းသိသည်။

‘ဗိုလ်မှူးကိတ်စ်ကပြောတယ်။ သူ့အခု မြင်းတပ်ကို အုပ်ချုပ်နေရတယ်တဲ့။ သူ့တို့ တပ်က မြင်းတွေကို သံခွာရိုက်ပေးဖို့ မင့်ကိုခေါ်ချင်တယ်တဲ့’

တွမ်က တံတွေးတစ်ချက် မျိုချသည်။

‘အခိပ္ပာယ်က ကျွန်တော် စစ်ထဲလိုက်ရမယ်ဆိုတဲ့သဘောလား’

‘ငါစစ်တိုက်တဲ့နေရာမှာ ဘယ်နီဂရိုးမှမရှိဘူး။ သေနတ်သံတစ်ချက် ကြားရုံနဲ့ ဖင်ခါယမ်းပြေးတဲ့ ကောင်မျိုးကို ငါမလိုချင်ဘူး။ ငါတို့က မင့်ကို မြင်းသံခွာရိုက်ပေးဖို့ပဲ ခိုင်းမှာကွ’ဟု ကိတ်စ်က မခိုးမခန့်လေသံဖြင့်ပြောသည်။

တွမ်က စိတ်သက်သာရာရသွားဟန်ဖြင့် တံတွေးတစ်ချက်မျိုကာ ‘ဟုတ်ကဲ့ ခင်ဗျာ’ဟု ဖြေသည်။

‘ဗိုလ်မှူးနဲ့ ငါ စကားပြောထားပြီးပြီ’ဟု မာရေးကပြောသည်။

‘မင်းက သူ့မြင်းတပ်အတွက် သိတင်းတစ်ပတ်၊ ငါ့အတွက် သိတင်းတစ်ပတ် လုပ်ပေးရမယ်။ စစ်မပြီးမချင်း ဒီပုံစံအတိုင်းလုပ်သွားရမယ်။ သိပ်လည်းကြာမယ် မထင်ပါဘူးကွာ’

မာရေးက ကိတ်စ်အား လှည့်ကြည့်ပြီးမေးသည်။

‘အလုပ်က ဘယ်တော့လောက် စချင်တာလဲ’

‘အဆင်ပြေမယ်ဆိုရင် မနက်ဖြန်မနက်စချင်တယ် မစ္စတာမာရေး’

‘ပြေပါတယ်၊ လုပ်ပါ။ ဒါက တောင်ပိုင်းအတွက် ကျွန်တော်တို့ပြုရမယ့်တာဝန်ပဲ’

‘ခင်ဗျားနီဂရိုးကလည်း သူ့အလုပ်သဘောကိုသိလိမ့်မယ်လို့ ကျွန်တော်ကတော့ မျှော်လင့်တယ်။ စစ်တပ်အလုပ်ဟာ ယာလုပ်ငန်းလို သက်သာတာမျိုးမဟုတ်ဘူး’

‘သူ ဘယ်လိုနေရထိုင်ရ ပြုမူရမယ်ဆိုတာ တွမ် သိပါတယ်။ ဒီည တွမ်အတွက် ခရီးသွားခွင့်လက်မှတ် ရေးပေးထားမယ်။ မနက်ကျရင် လားတစ်ကောင်နဲ့ သူ့ကို လွှတ်ပေးမယ်’

‘ကောင်းပါတယ်’ဟု ကိတ်စ်ကပြောကာ တွမ်အား လှည့်ကြည့်သည်။

'ငါတို့မှာ သံခွာတွေရှိတယ်။ မင်းက ကိရိယာတန်ဆာပလာယူခဲ့။ အခုကတည်းက ငါ မင်းကို ပြောထားလိုက်မယ်။ ငါတို့က မြန်မြန်ကောင်းကောင်းလုပ်ပေးတာ လိုချင်တယ်၊ ဒါပဲ။ တို့မှာ အချိန်မဖြုန်းနိုင်ဘူး'

'ဟုတ်ကဲ့'

မြင်းခွာရိုက်ကိရိယာတန်ဆာပလာအိတ် လွယ်ထားသော တွမ်သည် မီးရထားလမ်းဘေး မြေကွက်လပ်ဆီသို့ဦးတည်ပြီး လားကိုနှင်လျက်ရှိသည်။ အဝေးမှနေကြည့်လျှင် တန်းစီနေသော ရွက်ထည်တဲများကို မြင်နေရ၏။ နီးကပ်သွားသည့်အခါ စစ်ခရာမှုတ်သံနှင့် သေနတ်ပစ်သံများ ကြားရသည်။ ထို့နောက် သူ့ထံသို့ မြင်းစိုင်း၍လာနေသည့် အစောင့်စစ်သားတစ်ယောက်။ တွမ်၏ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

'ဒါ စစ်တပ်ဧရိယာဆိုတာ မင်းမမြင်ဘူးလား။ မင်း ဘယ်ကိုဦးတည်သွားနေတယ်ဆိုတာ မင်းကိုယ်မင်း သိရဲ့လား'ဟု စစ်သားက မေးသည်။

'ဗိုလ်မှူးကိတ်စ်က မြင်းခွာရိုက်ဖို့ခေါ်ထားလို့လာတာပါ'ဟု တွမ်က ပြောသည်။

'မြင်းတပ်က ဒီမှာမဟုတ်ဘူး၊ ဟိုဘက်မှာ'

အစောင့်စစ်သားက လက်ညှိုးထိုးပြသည်။

'သေနတ်နဲ့ အပစ်မခံချင်ရင် ဒီနေရာက မြန်မြန်ထွက်သွား'

နောက်တစ်ခဏမျှအကြာတွင် တွမ်သည် မြင်းတပ်ရှေ့သို့ ရောက်သွားသည်။ အော်ဟစ်အမိန့်ပေးနေသော စစ်ဗိုလ်များ၏နောက်တွင် ရပ်နေသူမှာ ဗိုလ်မှူးကိတ်စ်။ သူ့ဘက်သို့ မြင်းစီးစစ်သားတစ်ယောက် မြင်းကိုဒုန်းစိုင်းပြီး ရောက်လာသည်။ တွမ်က လားဇက်ကြိုးကိုသတ်၍ ရပ်စောင့်နေသည်။

'ပန်းပဲဆရာ နီဂရိုးလား'

'ဟုတ်ပါတယ်'

စစ်သားက ရွက်ထည်တဲတစ်ခုဆီသို့ လက်ညှိုးထိုးပြသည်။

'မင်း အဲဒီမှာ အလုပ်လုပ်ရမယ်။ အဲဒီကိုသွား။ ငါတို့က သံခွာရိုက်ဖို့ မြင်းတွေ လွှတ်ပေးမယ်'

ထိုနေ့မှစ၍ တွမ်သည် မြင်းတပ်မှမြင်းများကို သံခွာရိုက်ပေးရသည်။ နံနက်အရုဏ်တက်မှ မိုးချုပ်သည်အထိ တောက်လျှောက်လုပ်ပေးနေရသောအလုပ်ဖြစ်၍ ပင်ပန်းလွန်းလှ၏။ တွမ်ထံသို့ သံခွာရိုက်ကြသော စစ်သားများသည် အချင်းချင်း စစ်သတင်းများကို ပြောဆိုလေ့ရှိကြသည်။ သူတို့ထံမှ ကြားရသမျှမှာ တွမ်အတွက် ဝမ်းသာဖွယ်ရာမရှိ။ အဘယ့်ကြောင့်ဆိုသော် ယန်းကီးများဘက်မှ အရေးနိမ့်သည့် သတင်းများကိုသာ ကြားနေရခြင်းကြောင့်ပေတည်း။ ထို့ကြောင့်လည်း သီတင်းတစ်ပတ် ကုန်ဆုံး၍ သူ့ပန်းပဲဖိုသို့ ပြန်အလုပ်ဆင်းရသည့်အခါ တွမ်သည် ယခင်ကလို ရွှင်ရွှင်

မြန်မာ စာအုပ်များ

လန်းလန်းမရှိ။ သူသာမဟုတ်။ ကျွန်အိမ်တန်းမှ အမျိုးသမီးအားလုံး စိတ်မချမ်းမမြေ့ ဖြစ်နေကြသည်ကိုလည်း သူ မြင်တွေ့နေရ၏။

ဤသို့ဖြင့် တွမ်သည် မြင်းတပ်သို့ ဒုတိယသိတင်းပတ် တာဝန်ကို သွားရောက်ထမ်းဆောင်ရပြန်သည်။ တတိယညတွင် သူသည် ရတ်တရက် အိပ်မပျော်။ အိပ်ရာထက်၌ လဲကာ ရောက်တတ်ရာရာတွေးလျက်ရှိ၏။ ဤအခိုက် သူ့နားထဲမှ အသံတစ်သံ ကြားလိုက်ရသည်ဟု ထင်မိသဖြင့် နားစွင့်နေမိ၏။ သူသည် အိပ်ရာမှ အသာအယာထကာ တူတစ်ချောင်းကိုဆွဲ၍ အပြင်သို့ထွက်ခဲ့သည်။ အပြင်ဘက်တွင် လရောင်သည် မှုန်ဝါးဝါး။ သူသည် ခြေဖျားထောက်ကာ အသံလာရာဘက်သို့ လျှောက်လာခဲ့သည်။ တိရစ္ဆာန်တစ်ကောင် ဖြတ်ပြေးသံများလား။ သူ့ကိုယ်သူ သံသယဖြစ်နေခိုက်မှာပင် အမှိုက်သရိုက်များ စွန့်ပစ်သည့် ရှက်ထည်တဲအနီးမှ လူတစ်ယောက် ရပ်နေသည်ကို မြင်ရသည်။ လက်ထဲမှ အရာဝတ္ထုတစ်ခုကိုစားရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရ၏။

တွမ်သည် အသံမကြားအောင်ဆက်လျှောက်သည်။ အနီးသို့ရောက်သွားသည့်အခါ သူသည် များစွာအံ့အားသင့်နေမိသည်။ သူတွေ့နေရသည်မှာ အသက်ငယ်ငယ် လူဖြူတစ်ယောက်။ အသားအရေက ဖြူဖပ်ဖြူရော်။ ခန္ဓာကိုယ်က ပိန်ချောက်ချောက်။ လူမမာရုပ်ပေါက်နေသည်။ လရောင်အောက်တွင် မျက်နှာချင်းဆိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် တစ်စက္ကန့်မျှ ကြည့်နေမိကြသည်။ လူငယ်သည် ချာခနဲလှည့်ကာ ထွက်ပြေးသွားသည်။ ဆယ်ကိုက်ခန့်အကွာသို့ ရောက်သွားသည့်အခါ လူငယ်သည် တစ်စုံတစ်ခုကို ခလုတ်တိုက်ပြီး မှောက်လျက်လဲကျသည်။ ချက်ချင်းပြန်ထပြီး ဆက်ပြေးသည်။ အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။

ထို့နောက် လက်နက်နှင့် မှန်အိမ်ကိုင် အစောင့်စစ်သားများ ရောက်လာသည်။ တူတစ်လက်ကိုင်၍ ရပ်နေသော တွမ်အား မြင်ကြသည်။

'မင်း ဘာခိုးနေတာလဲ နီဂရိုး'

ရှန်းထွက်ရန်မလွယ်သည့် အကျဉ်းအကျပ်ထဲသို့ သူရောက်နေပြီဟု တွမ်က ချက်ချင်းနားလည်သည်။ မနိုးပါဘူးဟုငြင်းခဲ့ပါမူ လူဖြူတစ်ယောက်အား လူမည်းတစ်ယောက်က လူလိမ်တစ်ယောက်ဟု စွပ်စွဲရာရောက်ပေတော့မည်။ ထိုအမှုသည် ခိုးမှုထက်ပင် အန္တရာယ်များသောအမှုဖြစ်၏။ ထို့ကြောင့် အဖြစ်မှန်ကို ပြောပြရန် ဆုံးဖြတ်သည်။

'အပြင်ဘက်က အသံတစ်သံကြားလို့ ကျွန်တော်ထွက်ကြည့်တယ်။ ဒီအမှိုက်သရိုက်ပစ်တဲ့ တဲနားမှာ လူဖြူတစ်ယောက်ရပ်နေတာတွေ့ရတယ်။ ကျွန်တော့်လည်း မြင်ရော သူ ထွက်ပြေးတာပဲ'

မြန်မာ စာအုပ်များ

စစ်သားနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

'မင်းက တို့ကို လူအတွေလို့ထင်နေသလား နီဂရိုးရဲ့။ ဗိုလ်မှူးကိုတစ်စ်က မင့်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရမယ်လို့ မှာထားတာကွ။ မနက်လင်းလို့ သူအိပ်ရာက နိုးတာနဲ့ မင်းနဲ့တွေ့ပေးမယ်'

အစောင့်စစ်သားများသည် တွမ်အားကြည့်ကာ တီးတိုးတိုင်ပင်ကြသည်။ ထို့နောက် တစ်ဦးက လှမ်းပြောသည်။

'ကဲ...ငါ့လူ၊ မင်းလက်ထဲကတူကို ချလိုက်'

တွမ်က တူရိုးကို ဖျတ်ခနဲ တင်းကျပ်စွာဆုပ်ကိုင်လိုက်မိသည်။ သူ ရှေ့သို့တိုး သွားသည့်အခါ အစောင့်တစ်ယောက်က တွမ်၏ဝမ်းဗိုက်ကို သေနတ်ပြောင်းဖြင့် ထောက်ထားသည်။

'တူကိုချလိုက်'

တွမ်၏လက်ထဲမှတူသည် လွတ်ကျသွားသည်။ အစောင့်များက သူ့အား ရှေ့မှ သွားခိုင်းသည်။ အတော်ဝေးဝေးလျှောက်မိသောအခါ အစောင့်တစ်ယောက် ရပ်နေသည့် ရွက်ထည်တဲကြီးတစ်လုံးရှေ့သို့ ရောက်သွားသည်။

'ကျွန်တော်တို့ ကင်းလှည့်သွားတုန်းမှာ ဒီနီဂရိုး ပစ္စည်းခိုးနေတာတွေ့ရတယ်' ဟု ပထမစစ်သားနှစ်ဦးထဲမှ တစ်ဦးကပြောသည်။

'ဗိုလ်မှူးက သူ့ကိုစောင့်ကြည့်ဖို့မှာထားလို့ ကျွန်တော်တို့ သူ့ကိုဘာမှမလုပ်ဘဲ ခေါ်လာတာ။ မနက် ဗိုလ်မှူး အိပ်ရာက နိုးတဲ့အချိန်ကျမှ ကျွန်တော်တို့လာခဲ့မယ်'

စစ်သားနှစ်ယောက် ပြန်ထွက်သွားကြသည်။ တဲကြီးမှ အစောင့်စစ်သားက သူ့အား မျက်မှောင်ကုတ်၍ ကြည့်နေသည်။

'ဟေ့ကောင်၊ ပက်လက်အိပ်၊ မလှုပ်နဲ့။ လှုပ်ရင် မင်းအသေပဲ'

တွမ်သည် ခိုင်းသည့်အတိုင်း ပက်လက်လှဲနေသည်။ မြေကြီးမှာ အေးလွန်းလှ၏။ ဘာတွေ ဆက်ဖြစ်လာစရာရှိသလဲ။ သူ ထွက်ပြေး၍ရမလား။ သူ ထွက်ပြေးလျှင် ဘယ်လိုအဖြစ်မျိုးနှင့်ရင်ဆိုင်ရမလဲ။ အရုဏ်တက်ချိန်တွင် သူ့အားဖမ်းသည့် စစ်သား နှစ်ယောက် ပြန်ရောက်လာသည်။ ဗိုလ်မှူးနိုးနေပြီ ဟူသော ပြောသံလည်း ကြားရသည်။ အစောင့်တစ်ယောက်က အော်ပြောသည်။

'ဗိုလ်မှူးနဲ့တွေ့ချင်လို့ ခွင့်တောင်းနေပါတယ် ခင်ဗျာ'

'ဘာကိစ္စလဲကွ' တဲအတွင်းမှ မာကြောကြောမေးသံကို တွမ် ကြားရသည်။

'မနေ့ညက နီဂရိုးပန်းပဲဆရာ ပစ္စည်းခိုးနေတာမိလို့ပါ ဗိုလ်မှူး'

အထဲမှ တစ်ခဏမျှ ငြိမ်နေသည်။

မြန်မာ စာအုပ်များ

'အခု ဒီကောင်ဘယ်မှာလဲ'

'အကျဉ်းသား အပြင်မှာရှိပါတယ် ဗိုလ်မှူး'

'ငါ အခုလာခဲ့မယ်'

ရှက်ထည်တဲအတွင်းမှ ဗိုလ်မှူးကိတ်စ် ထွက်လာသည်။ တဲဝမှရပ်ကာ တွမ်အား စူးစူးရဲရဲကြည့်နေသည်။

''ဘယ်လိုလဲ နီဂရိုးရဲ့၊ မင်း ဘာခိုးသလဲ ပြောစမ်း။ တပ်ထဲမှာခိုးရင် ငါတို့က ဘယ်လိုယူဆသလဲဆိုတာ မင်းသိသလား'

တွမ်က အဖြစ်မှန်ကို ပြောပြသည်။

'သူ့ကြည့်ရတာ သိပ်ပြီးဆာနေပုံပေါ်ပါတယ် ခင်ဗျာ။ ဒါကြောင့်မို့ အမှိုက်ထဲက ဟာတွေကို ယူစားနေတာနဲ့တူပါတယ်'

'အမှိုက်ပုံထဲကအစားတွေ ကောက်စားနေတဲ့ လူဖြူတစ်ယောက်ကို မင်းမြင်ခဲ့တယ် ဆိုပါတော့။ မင်း ငါနဲ့တွေ့ခဲ့ဖူးတာကို မေ့သွားပုံရတယ်။ ကျွန်ဘဝက လွတ်တယ်ဆိုပြီး ဘဝင်ကိုင်နေတဲ့ မင့်အဖေ နီဂရိုးကိုပါ ငါက မမေ့သေးဘူး။ အေးလေ၊ ဒီတစ်ခါတော့ မင့်ကို စစ်တပ်စည်းကမ်းဥပဒေနဲ့ ဆုံးမပေးရဦးမှာပေါ့'

ပြောပြောဆိုဆို ကိတ်စ်သည် အနီးရှိတိုင်တစ်တိုင်၌ ချိတ်ဆွဲထားသော မြင်းရိုက်ကြာပွတ်ကို ဆွဲထုတ်လိုက်သည်။ တွမ်ကတော့ ကိတ်စ်၏လုပ်ပုံကိုင်ပုံကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် တအံ့တဩကြည့်နေမိသည်။ တွမ်က ထွက်ပြေးလျှင်ကောင်းလေမလားဟု ချိန်ဆသည်။ ပြေး၍ လွတ်နိုင်စရာမရှိ။ အစောင့်သုံးဦးက သူ့အား သေနတ်များနှင့် ချိန်ထားကြသည်။ ကိတ်စ်က တွမ်ထံသို့ လျှောက်လာသည်။ အနီးသို့ရောက်သည်နှင့် လက်ထဲမှ ကြာပွတ်ဖြင့် တအားလွှဲ၍ရိုက်သည်။

သူ့တဲသို့ ပြန်ရောက်လျှင်ရောက်ချင်း တွမ်သည် ဘာကိုမျှ ဂရုမစိုက်တော့။ သူ့ကိရိယာတန်ဆာပလာအိတ်ကိုယူကာ လားပေါ်တက်၍ အိမ်သို့ပြန်လာခဲ့သည်။ သူကြုံခဲ့ရသောအဖြစ်ကို မစ္စတာမာရေးအားပြောပြသည်။ မာရေး၏မျက်နှာသည် ဒေါသဖြင့် နီရဲလာသည်။ တွမ်က 'ဘာဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ဘူး မစ္စတာ။ ဖြစ်ချင်ရာဖြစ် ကျွန်တော်မသွားတော့ဘူး'ဟု ပြောသည်။

'မင်း အခုဘယ်လိုနေသေးသလဲ တွမ်'

'ကျွန်တော်မနာပါဘူး၊ စိတ်ထဲမှာတော့ သိပ်နာတယ်'

'အေး...ကောင်းပြီ၊ ငါ မင့်ကို ကတိပေးတယ်။ တကယ်လို့ ဗိုလ်မှူးကိတ်စ်က ပြဿနာရှာချင်တယ်ဆိုရင် ငါကိုယ်တိုင် သူ့ဗိုလ်ချုပ်ဆီသွားမယ်။ အခုဖြစ်ရတဲ့ကိစ္စအတွက် ငါစိတ်မကောင်းဘူး တွမ်။ သွား...သွား မင့်ပန်းပဲဖိုမှာပဲ ပြန်ပြီးအလုပ်လုပ်နေ'

မစ္စတာမာရေးသည် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

စိတ်ကူးချိုချို

"တွမ်၊ မင်းဟာ မင့်မိသားစုမှာ အကြီးဆုံးမဟုတ်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့ တို့က မင်းတို့မိသားစုရဲ့ အကြီးအကဲအဖြစ် အသိအမှတ်ပြုထားကြတယ်။ ငါတို့အနေနဲ့ ပြောထားချင်တာက တို့အားလုံး ရှေ့လျှောက်ပြီး ပျော်ပျော်ပါးပါး ရင်းရင်းနှီးနှီး နေသွားချင်တယ်။ ယန်းကီးတွေကိုအနိုင်ရပြီးတဲ့နောက်ပိုင်းမှာလည်း အဲသလိုပဲ နေသွားဖို့ ဆန္ဒရှိတယ်'

'ဟုတ်ကဲ့ပါခင်ဗျာ'ဟု တွမ်က ပြောသည် စိတ်ထဲကတော့ သူပြောသလိုနေဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်ဟု တွေးသည်။ လူဖြစ်ပါလျက် ပိုင်ရှင်အရှိခံနေရသောလူတစ်ယောက်အဖို့ မည်သည့်နည်းနှင့်မျှ ပျော်နိုင်စရာမရှိဟူသောအချက်ကို မစ္စတာမာရေး သဘောပေါက်နားလည်ခြင်းမရှိပါတကား။

၁၈၆၂ခုနှစ် နွေဦးပေါက်တွင် အိုင်းရင်း ကိုယ်ဝန်ရှိပြန်သည်။ တွမ်၏ ပန်းပဲဖိုသို့ အလုပ်လာအပ်ကြသော လူဖြူများထံမှ တိုက်ပွဲသတင်းများကိုမူ သူ နေ့တိုင်းကြားနေရဆဲ။ ဝါရှင်တန်စီးတီး၌ ကောလာဟလသတင်းများကြောင့် တုန်လှုပ်ချောက်ချားနေကြသည့်အဖြစ်။ အစိုးရငွေတိုက်နှင့် ဘဏ်အသီးသီးမှ ငွေများကို နယူးယောက်စီးတီးသို့ ရွှေ့ပြောင်းထားကြခြင်း။ ပိုတိုမက်မြစ်အတွင်းသို့ လက်နက်မျိုးစုံ တပ်ဆင်ထားသည့် စစ်သင်္ဘောတစ်စီး ကင်းလှည့်နေခြင်း၊ အရေးကြုံလာလျှင် အိမ်ဖြူတော်မှ သမ္မတလင်ကွန်းနှင့် သူ့ရုံးဝန်ထမ်းများအား အမြန်ဆုံးရွှေ့ပြောင်းနိုင်ရန် စီမံထားခြင်း။

စက်တင်ဘာတစ်ညတွင် တွမ်တို့ဇနီးမောင်နှံသည် မီးဖိုအနီး၌ ထိုင်နေကြသည်။ တွမ်က စစ်ပွဲအကြောင်းများကို ပြောပြနေသည်။ အိုင်းရင်းက 'တွမ်ရယ်၊ ကျွန်မတော့ စစ်သတင်းတွေကို နားမထောင်ချင်တော့ဘူး။ စိတ်ပျက်တယ်'ဟု ပြောသည်။ ထိုအခိုက်မှာပင် တဲရှေ့မှ အသံတစ်သံကြားရသည်။ နှစ်ဦးသား ငြိမ်၍နားစွင့်နေကြသည်။ တံခါးခေါက်သံ။ အိုင်းရင်းက ထသွားပြီး တံခါးကိုဖွင့်သည်။ 'သနားကြပါဗျာ၊ စားစရာလေးများရှိရင် ပေးကြပါ။ ကျွန်တော် ဆာလွန်းလို့ပါ'ဟူသောအသံ ကြားလိုက်သောခါ တွမ်၏မျက်ခုံးများသည် မြင့်တက်သွားသည်။ လူဖြူတစ်ယောက်၏အသံဖြစ်၏။ တွမ်သည် အံ့အားသင့်လွန်းသဖြင့် ကုလားထိုင်ပေါ်မှ လဲကျတော့မလိုပင် ဖြစ်သွားသည်။ မြင်းတပ်တွင်းရှိ အမှိုက်ပုံးများထဲမှ အစားကြွင်း အစားကျန်များကို ကောက်ယူ စားသောက်နေသော လူဖြူလူငယ်ပေတည်း။ တွမ်သည် တွေးရခက်လျက်ရှိ၏။ တမင်ရည်ရွယ်ချက်တစ်ခုခုဖြင့် လိုက်လာလေသလား။ အိုင်းရင်းကတော့ ဘာမျှမသိ။ အပေါက်ဝသို့လှည့်၍ လှမ်းပြောသည်။

'ဘာမှမကျန်တော့ဘူး၊ ညစာစားတုန်းကကျန်တဲ့ ပေါင်မုန့်တစ်လုံးတော့ရှိတယ်။ မုန့်ကတော့ အေးစက်နေပြီ'

မြန်မာ စာအုပ်များ

'ကျေးဇူးတင်ပါတယ်ဗျာ၊ အဲဒီမုန့်ပဲပေးပါ။ ကျွန်တော် အစာမစားရတာ နှစ်ရက်ရှိသွားပြီ'

တွမ်သည် ထိုင်ရာမှထကာ တဲတံခါးသို့သွား၍ လူငယ်အား စေ့စေ့စပ်စပ်ကြည့်သည်။ လူငယ်က တွမ်အား ပြန်ကြည့်သည်။ သူ့မျက်လုံးများသည် ပြူးထွက်လာကြသည်။ ထို့နောက် တံခါးနားမှ ဖျတ်ခနဲပျောက်သွားသည်။ ပျောက်သွားပုံ မြန်ဆန်လွန်းလှသဖြင့် အိုင်းရင်းသည် တအံ့တသြဖြစ်ပြီးကျန်ခဲ့သည်။ တွမ်က သူနှင့် ထိုလူငယ် ဆုံမိခဲ့သည့်အကြောင်း ပြောပြသည့်အခါ အိုင်းရင်းမှာ ပို၍ပင်အံ့အားသင့်နေသည်။

နောက်တစ်ညတွင် ကျွန်အိမ်တန်းမှလူများသည် ထုံးစံအတိုင်းဆုံမိကြသည်။ မနက်က နံနက်စာ စားအပြီးတွင် ပိန်ချောက်ချောက် ဖြူဖြူ လူငယ်တစ်ယောက် အစာလာတောင်းကြောင်း၊ သူက ဟင်းကျန်တစ်ခွက်ပေးလိုက်ကြောင်း၊ မကြာခင် ပန်းကန်ကို လှေကားပေါ်၌ချထားခဲ့သည်ကို တွေ့ရကြောင်း မာတိလ်ဒါက ပြောပြသည်။

ထိုအခါ တွမ်က လူငယ် ဘယ်သူဘယ်ဝါဖြစ်သည်ကို ရှင်းပြသည်။

'သူ့ကို ခင်ဗျားတို့ကျွေးနေရင်တော့ ဒီအကောင် ဒီနားကခွာမှာ မဟုတ်တော့ဘူး။ ကြည့်ရတာတော့ ဟိုဘက်တောအုပ်ထဲမှာ အိပ်ပုံရတယ်။ ကျွန်တော်ကတော့ သူ့ကိုမယုံဘူး။ ဒီကောင်ရှိနေရင် ပြဿနာတက်မယ်လို့ထင်တယ်'

'အမေတစ်ခုပြောမယ်'ဟု မာတိလ်ဒါက ပြောသည်။

'သူ ဒီတစ်ခါလာရင် သူ့ကိုအစားအစာပေးမယ်လို့ပြောပြီး စောင့်ခိုင်းထားမယ်။ သူစောင့်နေတုန်း အမေက မစ္စတာမာရေးကို ခေါ်မယ်၊ ဘယ့်နှယ်လဲ'

နောက်တစ်နေ့မနက်တွင် မာတိလ်ဒါ၏အစီအစဉ်အတိုင်း ထောင်ချောက်ဆင်ကြသည်။ အိမ်ကြီးထဲမှ အမြန်ထွက်လာသော မစ္စတာမာရေးသည် လူငယ်နှင့် ထိပ်တိုက်ဆုံမိသည်။

'မင်း ဒီမှာလာပြီး ဘာလုပ်နေတာလဲ'ဟု မာရေးက မေးသည်။

'ကျွန်တော် ခရီးသွားရင်းဒုက္ခရောက်နေလို့ပါ။ မစ္စတာရဲ့နီဂရိုးတွေက ကျွန်တော့်ကို အစားအသောက်နည်းနည်းပါးပါးကျွေးလို့ ဒီနားမှာနေတာပါ'

'ငါ မင့်ကို ကိုယ်ချင်းတော့စာပါတယ်။ ဒါပေမဲ့ အချိန်အခါကမကောင်းဘူး။ အားလုံးကျပ်တည်းကြတယ်။ တို့အနေနဲ့ အပိုပါးစပ်ပေါက်တွေကို ကျွေးမထားနိုင်ဘူး။ အဲဒီတော့ မင်းသွားမှဖြစ်မယ်'

'ကျွန်တော် ဒီမှာပဲဆက်နေပါရစေ မစ္စတာ၊ ကျွန်တော် ဘယ်လိုအလုပ်မျိုးပဲ လုပ်ရလုပ်ရ လုပ်ပါ့မယ်။ ကျွန်တော် အင်တော်မခံနိုင်လို့ပါ'

'ဒီမှာအလုပ်မရှိဘူးကွ။ ယာအလုပ်ကျတော့လည်း ငါ့နီဂရိုးတွေလုပ်တာ'

မြန်မာ စာအုပ်များ

'ကျွန်တော် ယာခင်းထဲမွေးပြီး ယာခင်းထဲကြီးလာတဲ့လူပါ မစ္စတာ။ နီဂရိုးတွေထက် ပိုပြီးလုပ်နိုင်ပါတယ်။ ထမင်းနပ်မှန်အောင်စားရဖို့ပဲ အရေးကြီးပါတယ်'

'မင့်နာမည်က ဘယ်သူလဲ၊ ဘယ်အရပ်ကလာတာလဲ'

'ဂျော့ဂျွန်ဆန်လို့ခေါ်ပါတယ်။ တောင်ကာရိုလိုင်းနားပြည်နယ်ကလာတာပါ။ ကျွန်တော်နေတဲ့နေရာမှာ စစ်ဖြစ်နေတော့ နေလို့မလွယ်ဘူး။ စစ်ထဲဝင်တော့လည်း အသက်ငယ်သေးလို့ သူတို့က လက်မခံဘူး။ ကျွန်တော့်အသက်က ဆယ့်ခြောက်နှစ်ပဲ ရှိပါသေးတယ်။ စစ်ကြောင့် ယာခင်းတွေလည်းပျက်ကုန်တယ်။ စားစရာဆိုလို့ တောထဲမှာ ယုန်တောင် မကျန်တော့ဘူးခင်ဗျ။ ဒါကြောင့် ကျွန်တော် ထွက်လာခဲ့တာပါ။ ကျွန်တော့်ကို အစာကျွေးတဲ့လူ မရှိပါဘူး။ မစ္စတာရဲ့နီဂရိုးတွေနဲ့ကျမှ ကျွေးကြတာပါ'

လူငယ်၏စကားများသည် မစ္စတာမာရေး၏စိတ်ကို ထိထိခိုက်ခိုက်ရှိစေခဲ့သည်ဟု မာတိလ်ဒါက ခန့်မှန်းသည်။

'မင်း အလုပ်ကြပ်တစ်ယောက်ရဲ့အလုပ်ကို လုပ်တတ်ပါ့မလား'ဟု မေးလိုက်သံကြားရသည်။

'အရင်ကတော့ မလုပ်ဖူးဘူးခင်ဗျ။ ဒါပေမဲ့ ကျွန်တော် ကြိုးစားပြီး လုပ်နိုင်ပါတယ်'

ထိတ်လန့်တကြားဖြစ်နေသော မာတိလ်ဒါက ပို၍ ပီပီပြင်ပြင်ကြားလိုသဖြင့် ရှေ့နားသို့တိုးသွားသည်။

'ငါ့ခြံမှာ အလုပ်ကြပ်တစ်ယောက်ထားဖို့ ငါအမြဲစိတ်ကူးခဲ့တယ်။ ဒါပေမဲ့ ငါ့နီဂရိုးတွေက အလုပ်ကောင်းကောင်းလုပ်နေလို့ မခန့်ဖြစ်ခဲ့ဘူး။ ဒီတစ်ခါတော့မင်းနဲ့စမ်းကြည့်ရမှာပဲ။ မင်း လုပ်ကြည့်ပေါ့'

'မစ္စတာ၊ နာမည်ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ'

'မာရေး'

'အလုပ်ကြပ်ကောင်းတစ်ယောက်ရပြီလို့သာ သဘောထားလိုက်ပါတော့ မစ္စတာမာရေး ခင်ဗျာ'

'ဂိုဒေါင်နောက်မှာ အဖီတဲတစ်တဲရှိတယ်၊ မင်း အဲဒီမှာနေ'

မာတိလ်ဒါကတစ်ဆင့် ကြားသိလိုက်ရသောသတင်းသည် မိသားစုတစ်စုလုံးအား တုန်လှုပ်ချောက်ချားစေခဲ့၏။ နောက်တစ်နေ့မနက်တွင် မိသားစုတစ်စုလုံး မကျေမနပ်ဖြင့် ယာထဲသို့ဆင်းခဲ့ကြသည်။ စာခြောက်ရုပ်တစ်ရုပ်နှင့်တူလှသော ဂျော့ဂျွန်ဆင်က သူတို့အား လာ၍နှုတ်ဆက်သည်။

'ခင်ဗျားတို့ကတော့ ကျွန်တော့်ကို သောက်မြင်ကပ်ကြမှာပဲ။ ကျွန်တော် ခင်ဗျားတို့ကို အပြစ်မတင်ပါဘူး။ ဒီလိုပဲဖြစ်ရမှာပေါ့'

မြန်မာ စာအုပ်များ

သူ၏ပိန်ချုံးချုံးမျက်နှာသည် နီရဲလျက်ရှိသည်။

'ဒါပေမဲ့ ခင်ဗျားတို့ထင်ထားသလို ကျွန်တော် ဆိုးတယ် မဆိုးဘူးဆိုတာတော့ စောင့်ကြည့်ကြပါဦးလို့ တောင်းပန်ပါရစေ။ ကျွန်တော် နီဂရိုးတွေနဲ့ ဆက်ဆံတာ ခင်ဗျားတို့ဟာ ပထမဆုံးလူစုပဲ။ ကျွန်တော်ကတော့ ခင်ဗျာတို့နဲ့ဆက်ဆံရတာ လူဖြူတွေနဲ့ ဆက်ဆံရသလိုပဲ။ ဘာမှမထူးပါဘူး။ ကျွန်တော်ကတော့ ဘယ်သူ့မဆို သူတို့ အပြုအမူကိုကြည့်ပြီးမှ ဆုံးဖြတ်တတ်ပါတယ်။ ခင်ဗျားတို့နဲ့ ဆက်ဆံတဲ့အခါမှာ ကျွန်တော် တစ်ခုပဲသိတယ်။ ကျွန်တော်ဆာလောင်နေတုန်းမှာ ခင်ဗျားတို့ကကျွေးတယ်။ ကျွန်တော်ဆာနေတာ မြင်လျက် သိလျက်နဲ့ ဘာမှမကျွေးတဲ့ လူဖြူတွေ အများကြီးပဲ။ မစ္စတာမာရေးဟာ လူဖြူအလုပ်ကြပ်တစ်ယောက်ထားဖို့ အမြဲစဉ်းစားနေပုံပေါ်တယ်။ ကျွန်တော့်ကို ခင်ဗျားတို့က မလိုချင်ရင် ထွက်သွားအောင်လုပ်လို့ရမှာပါ။ ဒါပေမဲ့ မာရေးက နောက်တစ်ယောက်ခန့်လို့ အဲဒီလူဖြူကသိပ်ဆိုးနေရင် ခင်ဗျားတို့ ဘယ့်နှယ်လုပ်ကြမလဲ'

လူဖြူလူငယ်၏စကားကို ဘယ်လိုပြန်ပြောရမှန်းမသိကြ။ အားလုံးပင် နှုတ်ဆိတ်နေကြသည်။ ထို့နောက် အလုပ်ကိုလုပ်ကြသည်။ ဂျော့ဂျွန်ဆင်ကလည်း သူတို့နှင့် အတူတူပင် ဝင်လုပ်သည်။ သူတို့လိုပင် အပင်ပန်းခံသည်။ နိုကပ်ခြင်းလုံးဝမပြု။

ဂျော့ဂျွန်ဆင်ရောက်လာသည့် ပထမပတ်အတွင်းမှာပင် တွမ်နှင့် အိုင်းရင်းတို့၏ တတိယသမီး ဗီနေးကို မွေးသည်။ ဂျော့ဂျွန်ဆင်သည် နီးဂရိုးမိသားစုနှင့်အတူ နေ့လယ်စာ စားသည်။ တရောတနှောနေသည်။ သူ့အား မနှစ်သက်သည့် အပြုအမူပြလေ့ရှိသော အက်ရှ်ဖို့၏ အပြုအမူများကို မမြင်ဟန်ပြုသည်။ 'ခင်ဗျားတို့ သိတဲ့အတိုင်းပဲဗျာ။ ကျွန်တော်က အလုပ်ကြပ်အလုပ်ကို လုပ်မှမလုပ်တတ်တာ။ အဲဒီတော့အဆင်ပြေအောင် ခင်ဗျားတို့က ကူညီကြမှ ဖြစ်မှာဗျ'ဟုလည်း ဂျော့ဂျွန်ဆန်က ပြောင်ပြောင်ပင် ဖွင့်ပြောသည်။

'မစ္စတာမာရေး ယာခင်းထဲ ရောက်လာတဲ့အခါမှာ ကျွန်တော်က သူလိုလားတဲ့ ပုံစံမျိုး မလုပ်နိုင်ရင် မကောင်းဘူးဗျ'

ထိုညက ကျွန်အိမ်တန်း၌ လူချင်းဆုံ၍ စကားစမြည်ပြောကြသည့်အခါ ဂျော့ဂျွန်ဆန်ရဲ့အကြောင်းကို တစ်ယောက်တစ်ပေါက် ပြောကြသည်။ အလွန်ဣန္ဒြေကြီးသော တွမ်ပင်လျှင် မရယ်ဘဲ မပြုံးဘဲ မနေနိုင်။ အားလုံးက အလုပ်ကြပ်အသစ်တစ်ဦး ခန့်ထားသည်ဟု ဆိုရသော်လည်း တာဝန်အားလုံးသည် ဗာဂျီ၏လက်ထဲ၌သာရှိသည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ ဗာဂျီက ဂျော့ဂျွန်ဆန်အား 'ခင်ဗျား ပထမဆုံး နားလည်ထားရမယ့်အချက်က လူဖြူအလုပ်ကြပ်တစ်ယောက်ဟာ ဘယ်တော့မှ နီဂရိုး

မြန်မာ စာအုပ်များ

တွေနဲ့ အရောရောအနှောနှောမနေဘူးဆိုတဲ့အချက်ပဲ။ အဲဒီတော့ မစ္စတာမာရေးလာရင် ကျုပ်တို့နဲ့ခွာပြီးနေ'ဟု သင်ပေးသည်။

'နောက်တစ်ချက်က မစ္စတာမာရေးလာရင် အော်တတ် ငေါက်တတ်ရမယ်။ 'ဟေ့…နီဂရိုး၊ အလုပ်ကိုလုပ်လေ၊ ဘာငေးနေတာလဲ။ ဘာညာပေါ့ဗျာ။ ကျုပ်တို့နာမည်တွေကို တရင်းတနှီးခေါ်ပြီး မပြောနဲ့။ ဆဲလိုက်ဆိုလိုက် လုပ်တဲ့အခါလည်း လုပ်ပေးဗျ'ဟု ဗာဂျီက ပြောသည်။

တစ်ရက်တွင် မစ္စတာမာရေး ယာထဲသို့ရောက်လာသည်။ ဂျော့ဂျွန်ဆင်က ဗာဂျီတို့ကို အော်လိုက်ငေါက်လိုက် ကြိမ်းလိုက် မောင်းလိုက်လုပ်သည်။ 'သူတို့လုပ်တာ ကိုင်တာ ဘယ်လိုနေသလဲ'ဟု မာရေးက မေးသည့်အခါ သူတို့ဘာသာသူတို့ လုပ်နေတုန်းကထက် ပိုကောင်းလာတယ် ခင်ဗျ'ဟု ဂျွန်ဆန်က ဖြေသည်။

ထိုညက ကျွန်အိမ်တန်းမှလူများသည် ဂျော့ဂျွန်ဆန်အကြောင်းပြောပြကာ တသောသောရယ်ကြသည်။

'ငါတို့တွေ့ဖူးခဲ့သမျှ လူဖြူတွေထဲမှာ အရိုးသားဆုံးနဲ့ အဖြောင့်မတ်ဆုံးလူငယ် တစ်ယောက်ပဲကွ'ဟု ဗာဂျီက ဂျော့ဂျွန်ဆန်အား အကဲဖြတ်သည်။

'ကျွန်မကတော့ အမှန်အတိုင်းပဲပြောမယ်။ သူစကားပြောတာ နားထောင်လို့ သိပ်ကောင်းတာပဲ'ဟု လီလီဆူးကပြောသည်။ ဂျော့ငယ်ကလည်း 'သူ့ပုံပန်းက တခြားလူဖြူဆင်းရဲသားတွေလိုပဲ။ ဒါပေမဲ့ စိတ်ကျတော့မဟုတ်ဘူးဗျ။ ပြီးတော့ သူက မရှက်တတ်ဘူး'ဟု ဝင်ပြောသည်။ ထိုအခါ မေရီက ရယ်သည်။ 'သူ ဘယ်ရှက်တတ်ပါ့မလဲ။ သူက အစာဝဝစားနေရရင်ပြီးတာပဲ'ဟုလည်း ပြောသည်။

'နင်တို့စကားတွေကြားရတာ နင်တို့အားလုံး အဘိုးကြီးဂျော့ကို သဘောကျနေပြီထင်တယ်'ဟု မာတိလ်ဒါက ပြောသည်။ သူတို့အလုပ်ကြပ်အား သူတို့မိသားစုက ပေးထားသည့် နာမည်ခေါ်သံ ကြားလိုက်သည့်အခါ အားလုံးက ရယ်ကြပြန်သည်။ 'အဘိုးကြီးဂျော့'ဟု ခေါ်ခြင်းမှာ အလုပ်ကြပ်တစ်ယောက်၏ တာဝန်နှင့် မလိုက်အောင် အသက်ငယ်လွန်း၍ဖြစ်၏။ တကယ်တော့လည်း မာတိလ်ဒါစကားသည် မှန်သည်။ သူတို့မိသားစုသည် ဂျော့ဂျွန်ဆန်အား သူတို့၏ သွေးရင်းသားရင်းတစ်ယောက်သဖွယ် ခင်မင်နေကြပြီမဟုတ်ပါလား။

[၁၁၁]

အမေရိကန်မြောက်ပိုင်းနှင့် တောင်ပိုင်းများသည် အင်အားချင်းရည်တူလျက်ရှိသည်။ တစ်ဖက်က တစ်ဖက်ကို အပြတ်အသတ်အနိုင်ရခြင်းမရှိဘဲ အချိန်တွေကြာလာသည်။

မြန်မာ စာအုပ်များ

တွမ်၏ပန်းပဲဖိုသို့လာကြသော လူဖြူများ၏လေသံတွင် စိတ်ပျက်သံများပါလာသည်ကို တွမ် သတိထားမိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ဘဝမှ လွတ်မြောက်လိုသည့်ဆန္ဒနှင့် မျှော်လင့်ချက်ကတော့ တွမ်၏ရင်ထဲတွင် ရှင်သန်နိုင်မာဆဲ။

တစ်ရက်တွင် ဂျော့ဂျွန်ဆန်က တိုးတိုးတိတ်တိတ် ကျိတ်၍ပြောသည်။

'မစ္စတာမာရေးကခွင့်ပြုလို့ ကျွန်တော် ကိစ္စတစ်ခုနဲ့ခရီးထွက်ရမယ်။ အမြန်ဆုံး ပြန်လာခဲ့မယ်'

ထို့နောက် နောက်တစ်နေ့မနက်တွင် သူပျောက်သွားသည်။ ဤကိစ္စသည် မိသားစု အတွက် စဉ်းစားစရာတစ်ခုဖြစ်လာခဲ့သည်။

'သူ့ဆွေမျိုးတွေနဲ့ တွေ့ဖို့များလားမှ မသိတာ'

'သူ့ဆွေမျိုးတွေအကြောင်းလည်း တစ်ခါမှမပြောဖူးပါဘူးကွာ'

'စစ်ထဲဝင်မလို့များလား'

'ငါတော့မထင်ဘူး၊ အဘိုးကြီးဂျော့ဟာ လူတစ်ဖက်သားကို သတ်ချင်တဲ့လူ မဟုတ်ဘူး'

'ငါကတော့ အစာဝလို့ ဌာနပြန်တဲ့သဘောပဲ ဖြစ်လိမ့်မယ်လို့ ထင်တာပဲ။ သူ ဒီမှာ တဝတပြစားသွားရတယ်မဟုတ်လား။ သူ့ဗိုက်ပြည့်သွားပြီလကွာ'

'အက်ရှ်ဖို့ကတော့ လူတစ်ဖက်သားကို သိပ်ပြီးထိထိနိုက်နိုက်ဖြစ်အောင် ပြောတတ်တာပဲ။ အဲသလိုတော့ မပြောပါနဲ့ကွာ'

ဤသို့ဖြင့် တစ်လနီးပါးမျှရှိသွားသည်။ တစ်နေ့သော တနင်္ဂနွေနေ့တွင် အော်ဟစ် နှုတ်ဆက်သံများကြားရသည်။ အဘိုးကြီးဂျော့ ပြန်လာခြင်းပေတည်း။ သူနှင့်အတူ ရုက်စနီးဖြစ်နေသော မိန်းကလေးတစ်ယောက်ပါလာသည်။ ကိုယ်ဝန် ရစ်လနှင့်ဖြစ်၍ သူ့ကိုကြည့်ရသည်မှာ ရွှေဖရုံသီးကြီးတစ်လုံးမျိုထားသည့် ကလေးတစ်ယောက်နှင့် တူနေသည်။

'ဒါ ကျွန်တော့်မိန်းမ မာသာပေါ့'ဟု အဘိုးကြီးဂျော့က နီဂရိုးမိသားစုအား မိတ်ဆက်ပေးသည်။

'ကျွန်တော် ဒီကိုရောက်မလာခင်ကတည်းက လက်ထပ်ထားတာ။ ကျွန်တော့် ဘဝ အဆင်ပြေရင် ပြန်ခေါ်မယ်လို့ ကတိပေးထားခဲ့တာ။ ဒါ့ကြောင့် အခုသွားပြန် ခေါ်ပြီး ပြန်လာတာ'

မာသာက မိသားစုတစ်စုလုံးကို နှုတ်ဆက်သည်။

'ဂျော့က ရှင်တို့အကြောင်း အများကြီးပြောပြပါတယ်'ဟု ပြောသည်။ သူ့စကား သည် တိုတောင်းသော်လည်း စကားတွေအများကြီး ပြောနေခြင်းထက် ထိရောက်ပြီး တာသွားသည်။

မြန်မာ စာအုပ်များ

'ရှင် မိန်းမရှိတာ မစ္စတာမာဗ်ရေးကိုတောင် အသိမပေးခဲ့ဘူးဆိုပါတော့၊ ဟုတ်လား' ဟု အိုင်းရင်းက မေးသည်။

'မပြောခဲ့ဘူး၊ ကျွန်တော့်မှာ ကိစ္စတစ်ခုရှိနေလို့ပါဆိုပြီးသွားတာ။ တကယ်လို့ သူမကျေနပ်လို့ မောင်းထုတ်လည်း ကျွန်တော်တို့ ထွက်သွားရုံပဲ'

'အို...မစ္စတာမာရေးက ဒီလိုလူစားမဟုတ်ပါဘူး'ဟု အိုင်းရင်းကပြောသည်။

'ကျွန်တော် တွေ့ခွင့်တောင်းတယ်လို့ သူ့ကိုပြောပေးပါ'ဟု ဂျော့က ပြောသည်။

မာတိလ်ဒါကလည်း မစ္စတာမာရေးအား ချက်ချင်းအသိပေးသည်။

'သူ့ကို ဘယ်လိုဆုံးဖြတ်ပါလို့တော့ ပြောလို့မဖြစ်ဘူး။ ဒါပေမဲ့ သူတို့ ထင်သလို တော့ မစ္စတာမာရေးက လုပ်မယ်မထင်ပါဘူး'ဟု မစ္စက်မာရေးက အဖြေပေးသည်။

ကျွန်အိမ်တန်းသို့ ပြန်ရောက်သည့်အခါ မာတိလ်ဒါက ဂျော့ဂျ်နဆင်အား စိတ် မပူဖို့ အားပေးသည်။ မစ္စက်မာရေးက ပြဿနာမရှိအောင် ကူညီလိမ့်မည်ဟုလည်း အသိပေးသည်။

နောက်သီတင်းနှစ်ပတ်မကုန်မီ တစ်ရက်သောနေ့ခင်းပိုင်းမှစ၍ မာသာ ဗိုက်နာ သည်။ တစ်နေ့ကုန်နာနေခြင်းဖြစ်၏။ ထိုညတစ်ညလုံး ကျွန်အိမ်တန်းမှ လူများလည်း မာသာ၏ညည်းညူသံနှင့် အော်ဟစ်သံများ ကြားနေရသည်။ မာတိလ်ဒါနှင့် အိုင်းရင်း တို့ကတော့ မာသာ့အနီးမှမခွာကြ။ နောက်တစ်နေ့ မွန်းမတည့်မီအချိန်ထိ မာသာနှင့် အတူတူရှိနေကြသည်။ နောက်ဆုံးတွင် တဲထဲမှ အိုင်းရင်း ထွက်လာသည်။ အိုင်းရင်း၏ ပါးစပ်ပေါက်မှ ဘာမျှမပြောသေးမီ မျက်နှာကိုမြင်ရုံမျှဖြင့် ဂျော့ဂျ်ဆန် အခြေအနေ မှန်ကို ရိပ်မိသည်။

'မစ္စတာမာရေး ကလေးမျက်နှာမြင်ပြီးပြီ။ ရှင့်ကလေးက သမီးကလေး။ ဒါပေမဲ့ သူသေသွားတယ်'

[၁၁၂]

၁၈၆၃ ခုနှစ် နှစ်သစ်ကူးနေ့ မွန်းလွဲပိုင်းတွင် မာတိလ်ဒါသည် ကျွန်အိမ်တန်းဆီသို့ အမောတကော ရောက်လာသည်။

'လူဖြူတစ်ယောက် မြင်းတစ်စီးနဲ့ရောက်လာတာ နင်တို့ မမြင်ကြဘူးလား။ နင်တို့ကြားရင် ယုံမှယုံကြပါ့မလားမပြောတတ်ဘူး။ မကြာသေးခင်က ရောက်လာတဲ့ ကြေးနန်းကိစ္စ လာပြောတာဟဲ့။ ငါတို့ကို ကျွန်ဘဝကလွတ်မယ်။ 'ကျွန်အဖြစ်မှ လွတ်လပ်ခွင့်ပေးခြင်း ကြေညာစာတမ်း'ကို သမ္မတကြီးလင်ကွန်းက လက်မှတ်ရေးထိုး လိုက်ပြီတဲ့'

ဤသတင်းကြောင့် မာရေးပိုင် နီဂရိုးမိသားစုသည် များစွာစိတ်အားတက်နေကြသည်။ သို့သော် ဤသတင်းကိုကြားရပြီးနောက် တဖြည်းဖြည်းချင်း ကုန်လွန်သွားနေသည့် သီတင်းပတ်များအတွင်း လက်တွေ့အကောင်အထည်ပေါ်လာသည်ကို မမြင်ရ။ တောင်ပိုင်း ခွဲထွက်ရေးသမားများသည် နီဂရိုးကျွန်များအပေါ် ယခင်ကထက် ဖိနှိပ်ချုပ်ချယ်လာကြသည်။

မပြီးဆုံးသေးသော တိုက်ပွဲသတင်းများသည် အဆက်မပြတ်ရောက်လာနေဆဲဖြစ်၏။ သတင်းများမှာ မြောက်ပိုင်း ယန်းကီးတပ်များကချည်း အောင်ပွဲခံနေသော သတင်းများ ဖြစ်သည်။

ထို့နောက် မြောက်ပိုင်း ယန်းကီးတပ်များ ပင်လယ်ပြင်ကိုစိုးမိုးသွားပြီ ဟူသော သတင်း ကြားရ၏။ တစ်ဆက်တည်းပင် 'ချာလက်စတန်မြို့ ကျသွားပြီ' ဟူသော သတင်းကို တွမ်က အသက်ပင်မှန်မှန်မရှူနိုင်ဘဲ ဝမ်းသာအားရပြောသည်။ မကြာခင်မှာပင် 'ရစ်ချ်မွန်မြို့ ကျသွားပြီ' ဟူသော သတင်းကြားကြရ၏။ ၁၈၆၅ ခုနှစ် ဧပြီလတွင် 'တောင်ပိုင်းတပ်များ၏ဦးစီးဗိုလ်ချုပ် ဗိုလ်ချုပ်ကြီးလီး လက်နက်ချသည်။ ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားခဲ့လေပြီ။

သို့သော်လည်း နောက်ရက်အနည်းငယ်မျှအတွင်း ကြေကွဲဖွယ်ရာအဖြစ်ဆိုးနှင့် ရင်ဆိုင်ကြရသည်။ သမ္မတလင်ကွန်း လုပ်ကြံခံရသောသတင်းသည် အားလုံးကို တုန်လှုပ်ချောက်ချားစေခဲ့ရုံမျှမက အကြီးအကျယ်စိတ်ထိခိုက်စေခဲ့သည်။ မာတိလ်ဒါ မိသားစုသည် ကျုံးပွဲချငိုကြသည်။ သူတို့၏ကယ်တင်ရှင်မိုးဇက်အဖြစ် သတ်မှတ်ထားသော သမ္မတကြီး ကျဆုံးသွားခြင်းအတွက် သန်းပေါင်းများစွာသော နီဂရိုးများသည် ဝမ်းနည်းပက်လက် ငိုကြွေးကြသည်။

ထို့နောက် မေလထဲရောက်လာသည်။ တစ်ရက်တွင် မစ္စတာမာရေးက သူ့ကျွန်အားလုံးကို အိမ်ကြီးရှေ့ကွက်လပ်ထဲ စုခိုင်းသည်။ စိတ်ထိခိုက်နေသော မာရေး၏မျက်နှာကို မြင်ကြရသည်။ မာရေးက စစ်ပွဲတွင် တောင်ပိုင်းမှ ရှုံးနိမ့်သွားပြီဖြစ်ကြောင်း ကြေညာချက်တစ်စောင် ဖတ်ပြသည်။ ပြီးတော့...

'ဒီစာရဲ့အဓိပ္ပာယ်က မင်းတို့အားလုံး ငါတို့လိုပဲ လွတ်လပ်တဲ့လူတွေ ဖြစ်သွားပြီလို့ ဆိုလိုက်တာပဲ။ ငါ့ဆီက မင်းတို့သွားလိုရာကို သွားနိုင်ခွင့်ရှိတယ်။ နေချင်သူရှိရင်လည်း နေနိုင်တယ်။ မင်းတို့ကို ငါက တစ်ခုခုပေးထားနိုင်အောင် စီစဉ်ပေးမယ်' ဟု ပြောသည်။

ကျွန်အားလုံး ခုန်ပေါက်မြူးထူးကြသည်။ သီချင်းတကြော်ကြော်ဆိုကြသည်။ ဘုရားသခင်အား ဝတ်ပြုဆုတောင်းကြသည်။ ဆူညံလှုပ်ရှားသံများကြောင့် နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲနေသော ယူရိယာသည်ပင် ဒယီးဒယိုင်ဖြင့်ထလာသည်။ အသက်ရှစ်နှစ်မျှ ရှိနေပြီဖြစ်သော ယူရိယာသည် 'လွတ်လပ်ပြီ၊ လွတ်လပ်ပြီ' ဟု ကြွေးကြော်နေ

မြန်မာ စာအုပ်များ

ကြသော သူ့မိခင် လီလီဆူးအပါအဝင် လူအုပ်ကိုကြည့်ကာ သူပါရောစ်၍ ခုန်ပေါက်မြူးထူးသည်။ 'ဝက်တွေရော နွားတွေရော လွတ်လပ်ပြီ။ ကြက်တွေလည်းလွတ်လပ်ပြီ။ ငါတို့လည်း လွတ်လပ်ပြီ'ဟု ဝမ်းသာအားရအော်သည်။

ထိုည ပျော်ပွဲရွှင်ပွဲများပြီးသည်နှင့် တွမ်က မိသားစုအားခေါ်သည်။ မိမိတို့ မျှော်လင့်တောင့်တခဲ့သော လွတ်လပ်ရေးကိုရခဲ့ကြပြီ။ သို့သော် 'လွတ်လပ်ရေးက ငါတို့ကို ထမင်းကျွေးမှာ မဟုတ်ဘူး။ အစားစားဖို့အတွက် ငါတို့ဘာလုပ်ကြမလဲဆိုတာ စဉ်းစားဆုံးဖြတ်ကြရလိမ့်မယ်'ဟု တွမ်ကပြောသည်။

မစ္စတာမာရေးက သူ၏ယာလုပ်ငန်းကို 'ထက်ဝက်စားစနစ်'ဖြင့် လုပ်ကိုင်ကြရန် ကမ်းလှမ်းထားကြောင်း ထိုကမ်းလှမ်းချက်ကို စဉ်းစားကြဖို့လည်း မိမိအား မေတ္တာရပ်ခံထားကြောင်း မာတိလ်ဒါကပြောသည်။ မိသားစုတစ်စုလုံး ဤကိစ္စကို ဆွေးနွေးငြင်းခုံကြသည်။ လူကြီးအများစုက ဤအရပ်မှ အမြန်ဆုံး ထွက်ခွာသွားလိုကြသည်ဟု အဆိုပြုကြသည်။ မာတိလ်ဒါက ကန့်ကွက်သည်။

'အမေကတော့ မိသားစုအားလုံး ဥမကွဲသိုက်မပျက် အတူတူပဲနေကြစေချင်တယ်။ မင်းတို့ပြောသလို ငါတို့ ဒီအရပ်က ထွက်သွားပြီဆိုပါတော့။ မင်းတို့အဖေ ပြန်လာရင် ဘယ်လိုလုပ်ကြမလဲ။ သူနဲ့လွဲမှာပဲ။ သူကလည်း ငါတို့ဘယ်ဒေသရောက်သွားပြီဆိုတာ သိမှာမဟုတ်တော့ဘူး'

'ငါတို့ဒီခြံကထွက်သွားဖို့ အဆင်သင့်မဖြစ်သေးဘူး။ အဆင်သင့်ဖြစ်တဲ့ တစ်နေ့ကျရင် ငါကိုယ်တိုင်လည်း ဒီမှာမနေပါဘူး။ သွားမှာပါ။ အဲဒီတော့ စဉ်းစားကြပေါ့'ဟု တွမ်က ပြောသည်။ နောက်ဆုံးတွင် လူအများစုသည် တွမ်၏ စကားကို လက်ခံကြသည်။

တဲထဲမှပြန်ထွက်လာကြသည့်အခါ တွမ်က အိုင်းရင်း၏လက်ကိုဆွဲ၍ လရောင်အရိပ်ကိုနိုက်ကာ ယာခင်းများဘက်သို့လျှောက်သွားသည်။ သူသည် ခြံစည်းရိုးကိုကျော်ဝင်ကာ မြေပေါ်တွင် ခြေလှမ်းကျဲကျဲလှမ်း၍သွားသည်။ စတုရန်းကျကျ အကွက်တစ်ကွက် ရသည်အထိ သူ့ခြေလှမ်းများဖြင့် သတ်မှတ်သည်။ ထို့နောက် ခြံစည်းရိုးဘက် ပြန်လာသည်။ 'အိုင်းရင်း၊ ဒီအကွက်ဟာ မောင်တို့အကွက်ပဲ'ဟု ပြောသည်။

'ဒါပေါ့၊ ဒီအကွက်ဟာ အိုင်းရင်းတို့မြေကွက်ပေါ့'ဟု အိုင်းရင်းက တိုးတိုးသာသာ ပြန်ပြောသည်။

တစ်ပတ်အတွင်းမှာပင် မိသားစုသည် ယာမြေကို ကိုယ့်အစုနှင့်ကိုယ် ခွဲဝေစိုက်ပျိုးကြသည်။ တစ်နံနက်တွင် တွမ်သည် သူ့ညီအစ်ကိုများအား ကူညီလုပ်ကိုင်ပေးရန် ပန်းပဲဖိုမှ ထွက်လာခဲ့သည်။ ဤအခိုက်တွင် လမ်းအတိုင်း ဒုန်းစိုင်း၍ဝင်လာ

မြန်မာ စာအုပ်များ

သော မြင်းတစ်ကောင်ကို လှမ်းမြင်သည်။ မြင်းတပ်ဗိုလ်မှူးကိတ်စ်ပေတည်း။ သူ့ယူနီဖောင်းများသည် အစုတ်စုတ်အပြတ်ပြတ်။ ကိတ်စ်ကလည်း တွမ်အား ချက်ချင်းမှတ်မိသည်။ ခြံဝင်းတိုင်နားအထိ မြင်းကိုစီးလာသည်။

'ဟေ့ နီဂရိုး ရေတစ်ခွက်ပေးစမ်း'ဟု ခိုင်းသည်။

တွမ်က မလှမ်းမကမ်းမှ သောက်ရေပုံးကိုကြည့်သည်။ ထို့နောက် ကိတ်စ်၏မျက်နှာကို အချိန်အတော်ကြာမျှကြည့်၍ အကဲခတ်သည်။ ရေတစ်ခွက်ခပ်ကာ ကိတ်စ်၏လက်ထဲသို့ လှမ်းပေးသည်။ 'အခြေအနေတွေပြောင်းသွားပြီ မစ္စတာကိတ်စ်'ဟု တွမ်က အေးအေးဆေးဆေးပြောသည်။

'အခု ရေခပ်ပေးတာဟာ ရေငတ်နေတဲ့လူတစ်ယောက်ကို ရေငတ်ပြေအောင် ခပ်တိုက်တာ။ ခင်ဗျားကိုကြောက်လို့ခပ်ပေးတာမဟုတ်ဘူး။ ဒါကိုတော့ နားလည်စေချင်တယ်'

ကိတ်စ်က ရေခွက်ကို ပြန်ပေးသည်။

'ဟေ့ကောင်၊ နီးဂရိုး နောက်တစ်ခွက်ပေးဦး'

တွမ်က ရေခွက်ကို ရေပုံးထဲသို့ ပစ်ချလိုက်ကာ ထွက်သွားသည်။ နောက် သို့တစ်ချက်ကလေးမျှပင် လှည့်မကြည့်။

မကြာခင် မြင်းတစ်ကောင် ဒုန်းစိုင်းဝင်လာပြန်သည်။ အနက်ရောင်ဦးထုပ်ဆောင်း၍ လည်စည်းအစိမ်းပတ်ထားသည့် မြင်းစီးသမား။ ယာခင်းထဲမှလူစုသည် မြင်းသမားနောက်မှ ကျွန်အိမ်တန်းရောက်သည်အထိ လိုက်လာကြသည်။ 'အမေရေ... အဖေပြန်လာပြီ။ အဖေပြန်လာပြီ'ဟု အော်ကြသည်။ ခြံဝင်းထဲရောက်၍ ကြက်ကလေးဂျော့မြင်းပေါ်မှ ခုန်ဆင်းသည့်အခါ သားများက ဝိုင်းအုံဖက်တွယ်ထားကြသည်။ ထို့နောက်ဝမ်းသာဝမ်းနည်းဖြစ်ပြီး ငိုကြွေးနေသော မာတီလ်ဒါထံသို့ ဆွဲခေါ်သွားကြသည်။

'ဘာပြုလို့ငိုရတာလဲမိန်းမရာ'ဟု ကြက်ကလေးဂျော့က ပြောကာ လက်နှစ်ဖက်ဖြင့် မာတီလ်ဒါအား ပွေ့ဖက်ထားသည်။ သူ့သားသမီးနှင့် မြေးများကို အနားသို့လာရန် ခေါ်သည်။ 'မင်းတို့ဆီကထွက်သွားပြီးတဲ့နောက် အဖေ ရောက်ခဲ့တဲ့ အရပ်ဒေသအကြောင်းကို နောက်မှပြောပြမယ်'ဟု ကြက်ကလေးဂျော့က စကားစသည်။

'အခုလောလောဆယ်တော့ တို့မိသားစု အတူတူနေနိုင်မယ့် နေရာတစ်နေရာအကြောင်း ပြောမယ်'

အပ်ကျသံပင်ကြားရတော့မလောက် ငြိမ်ဆိတ်နေသည့် မိသားစုအား ကြက်ကလေးဂျော့က အနောက်ပိုင်း တင်နက်ဆီပြည်နယ်၌ မိမိတို့အတွက် မြို့သစ်တစ်မြို့တည်ရန် စီစဉ်နေကြောင်း ပြောပြသည်။

မြန်မာ စာအုပ်များ

ထို့နောက် မွန်းလွဲပိုင်းတွင် တွမ်သည် ယာလှည်းတစ်စီးကို ခရီးဝေးသွားလာနိုင်မည့် လူဆယ်ယောက်ဆံ့ ရွက်ထည်အုပ်လှည်းကြီး ဖြစ်လာအောင် ပြုပြင်သည်။ ထိုနေ့ နေဝင်ချိန်တွင် လွတ်မြောက်စ လူမည်းမိသားစုအချို့ ဆိုက်ရောက်လာသည်။ တင်နက်ဆီပြည်နယ်ဘက်သို့လိုက်ပါရစေဟု ခွင့်တောင်းသည်။

အစုလိုက်အပြုံလိုက် ခရီးထွက်နိုင်ရေးအတွက် ပြင်ဆင်ရသည်မှာ နှစ်လနီးပါးကြာသည်။ ယောကျ်ားအားလုံးစုပေါင်း၍ ခရီးဝေးသွားလှည်းကြီးများ တည်ဆောက်ကြသည်။ မိန်းမများက ချက်ပြုတ်ကျွေးမွေးကြသည်။ ပစ္စည်းများကို ထုပ်ပိုးကြသည်။ ဦးစီးဆော်သြသည့်အလုပ်ကို ကြက်ကလေးဂျော့က တာဝန်ယူဆောင်ရွက်သည်။ နောက်ဆုံးတွင် ခရီးဝေးသွားလှည်းကြီး နှစ်ဆယ့်ရှစ်စီး တည်ဆောက်ပြီးစီးသွားသည်။ ပစ္စည်းအားလုံး အဆင်သင့်တင်ပြီးဖြစ်၍ နောက်တစ်နေ့မနက်ဆိုလျှင် ခရီးထွက်ရပေတော့မည်။

ထိုအခါကျပြန်တော့လည်း မာတိလ်ဒါတို့အုပ်စုသည် စိတ်မကောင်း ဖြစ်ကြရပြန်သည်။ သူတို့အခြေချခဲ့သောနေရာကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် လိုက်ကြည့်ရှုကြသည်။ အချို့ပစ္စည်းများကို ထိတွေ့ကိုင်တွယ်ကြည့်ကြသည်။ ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရသည်။ သူတို့ပြင်ဆင်လုပ်ကိုင်နေကြသည့် ရက်များအတွင်းတွင် မစ္စတာမာရေးတို့ ဇနီးမောင်နှံကို အရိပ်အယောင်မျှသာ မြင်တွေ့ရသည်။ မာတိလ်ဒါကတော့ သူတို့ဇနီးမောင်နှံအတွက် စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျသည်။

ထိုညတွင် တွမ်မာရေးသည် သူ့လှည်းပေါ်၌ အိပ်သည်။ လှည်းနောက်မြီးမှ တဒေါက်ဒေါက်ခေါက်သံ ကြားရသဖြင့် နားစွင့်သည်။ မည်သူမည်ဝါဖြစ်နိုင်သည်ကို ခန့်မှန်းသည်။ သူသည် လှည်းနောက်မှ ရွက်ထည်ပိတ်ကို ဖွင့်လိုက်သည်။ သူ တွေးထင်သည့်အတိုင်း လှည်းနောက်၌ ရပ်နေသူမှာ အဘိုးကြီးဂျော့ဂျွန်ဆန်။

'တွမ် ကျွန်တော် ခင်ဗျားနဲ့ စကားပြောချင်လို့လာတာ'

တွမ်က လှည်းပေါ်မှ ဆင်းလိုက်သည်။ အေးမြမြလရောင်အောက်မှာ ဖျတ်ခနဲ ရပ်လိုက်ပြီး တွမ်အား စိုက်ကြည့်နေသည်။ သူ့မျက်နှာထားသည် စိတ်လှုပ်ရှားထိနိုက်နေခြင်းကို သိသာထင်ရှားစွာဖော်ပြလျက်ရှိ၏။

'ကျွန်တော်တို့မှာ ခင်မင်တွယ်တာစရာ ခင်ဗျားတို့ပဲရှိပါတယ်။ တကယ်လို့ ခင်ဗျားတို့ကသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ပါ ခင်ဗျားတို့နဲ့လိုက်ချင်ပါတယ်'

'ကျုပ်ရဲ့မိသားစု တစ်စုတည်းဆိုရင်တော့ အခုချက်ချင်း ကျုပ် အဖြေပေးလို့ရပါတယ်။ ဒါပေမဲ့ အခုသွားမှာက ကျုပ်တို့တစ်စုတည်းမဟုတ်ဘူး။ သူတို့အားလုံးကို ပြောပြဖို့လိုနေတယ်။ သူတို့နဲ့တွေ့ပြီးရင် ကျုပ်လာပြောပါ့မယ်'

မြန်မာ စာအုပ်များ

တွမ်သည် လှည်းတစ်စီးချင်းဆီသို့ ချဉ်းကပ်သည်။ လှည်းနံရံကို ညင်သာစွာ ခေါက်၍ အချက်ပေးသည်။ ယောကျ်ားများအား ခဏဆင်းခဲ့ရန်ခေါ်သည်။ လူစုံသော အခါ အဖြစ်မှန်ကို အသိပေးသည်။

အချို့က ကန့်ကွက်ကြသည်။ လူဖြူတစ်ဦးဖြစ်နေ၍ ဆန့်ကျင်နေကြသည့် သဘောဖြစ်သည်။ အချို့ကျတော့ 'သူ လူဖြူဖြစ်တာကတော့ သူ့အကြောင်းနဲ့သူပဲ။ ဘယ်လိုလုပ်တတ်နိုင်မှာလဲ'ဟု ဆိုကြသည်။ နောက်ဆုံးတွင် မဲခွဲကြသည်။ အများစုက ဝျွန်ဆန်တို့ ဇနီးမောင်နှံအား လိုက်ခွင့်ပြုသည်။

ဤသို့ဖြင့် ဝျွန်ဆန်နှင့် မာသာတို့အတွက် လှည်းတစ်စီးသပ်သပ် တည်ဆောက်ကြသည်။ နောက်တစ်နေ့မနက် အရုဏ်တက်တွင် ရှက်ထည်ပေါင်းမိုးအုပ်လှည်းကြီး နှစ်ဆယ့်ကိုးစီးသည် မာရေးခြံမှ ထွက်ခဲ့ကြသည်။ ရှေ့ဆုံးလှည်းကို မောင်းနှင်လာသူမှာ ကြက်ကလေးရျော့။ သူ့မြင်းပေါ်တွင် မျက်စိတစ်ဖက်ကန်း တိုက်ကြက်အိုကြီးကို တင်လျက်...။

ကြက်ကလေးရျော့၏နောက်မှ တွမ်မာရေး၏လှည်း။ သူ့ဘေးတွင် အိုင်းရင်းက ထိုင်လျက်။ လှည်းထဲတွင် သူတို့သားသမီးများ။ အငယ်ဆုံးသမီးမှာအသက်နှစ်နှစ်မျှသာ ရှိသေးသော 'စင်သီယာ'။ နောက်ဆုံးလှည်းသည် အဘိုးကြီးရျော့နှင့် မာသာတို့လှည်း ဖြစ်သည်။ သူတို့လှည်းပေါ်မှနေ၍ ရှေ့သို့ မျှော်ကြည့်လိုက်သည့်အခါ မြူနှင်းများကြားမှ တရွေ့ရွေ့သွားနေသော လှည်းကြီးများကို မြင်ရသည်။ ကြက်ကလေးရျော့ပြောသည့် အလားအလာကောင်းသော နယ်မြေဒေသဆီသို့ ဦးတည်သွားနေခြင်းပေတည်း။

[၁၁၃]

'အဖေပြောတာ ဒီမြေလား'ဟု တွမ်က မေးသည်။

'ဖရဲသီးတွေ သီးနေတယ်ဆို၊ ဘယ်မှာလဲ'ဟု ကလေးတစ်ယောက်က မေးသည်။ ကြက်ကလေးရျော့က သူ့မြင်းကို စုတ်သပ်၍ချော့ကာ လှည်းကိုရပ်လိုက်သည်။

သူတို့ရှေ့တည့်တည့်တွင် သစ်တောများကို ခုတ်ထွင်ရှင်းလင်းထားသည့် မြေကွက်လပ်။ ထိုင်နေသော လူဖြူသုံးယောက်။ တစ်ဦးက သံစည်ပိုင်းတစ်လုံးပေါ်တွင် ထိုင်သည်။ ဒုတိယတစ်ဦးက လှုပ်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသည်။ ဝင်လာသည့် လှည်းများပေါ်မှ ခရီးသည်များအား ခေါင်းဆတ်၍ နှုတ်ဆက်ကြသည်။

'ဒီနေရာဟာ အခုမှအသစ်စတည်တဲ့ မြို့တစ်မြို့ပါလို့ မင်းတို့ကို အဖေပြောခဲ့ သားပဲ'ဟု ရျော့က ပြောသည်။

မြန်မာ စာအုပ်များ

'ဒီနားတစ်ဝိုက်မှာ လူဖြူတစ်ရာကျော်လောက်နေကြတုန်းပဲ။ အဖေတို့လှည်းက ဆယ့်ငါးစီးဆိုတော့ လူဦးရေကတော့ တိုးလာပြီပေါ့။ ဒီမြို့သစ်ဟာ အခုအခြေအနေ ကနေပြီး ဖွံ့ဖြိုးတိုးတက်ရမှာပေါ့ကွာ'

'အဖေတို့နေရာက စိုက်ပျိုးစားဖို့ကလွဲပြီး တခြား ဘာမှလုပ်လို့ရမယ် မထင်ပါဘူး'ဟု ဂျော့ငယ်က ဝင်ပြောသည်။

''ဒါကတော့ စောင့်ကြည့်ရဦးမှာပေါ့ကွာ'ဟု အဖေဂျော့က ပြန်ပြောသည်။

'ဗွက်ထမယ့်လက္ခဏာတော့ရှိတယ်'ဟု အက်ရှ်ဖို့က သူ့အမေ မကြားအောင် အသံကိုနှိမ့်၍ ပြောသည်။

ထိုညအဖို့ မိသားစုအားလုံး လှည်းပေါ်မှာပင်နေကြသည်။ နောက်နေ့မနက်တွင် အားလုံး သစ်ငုတ်များကို တူးဆွပြီး နုတ်ကြသည်။ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းကြသည်။ ကိုယ့်မြေကိုယ်ထယ်ထိုးကြသည်။ ထို့နောက် သီးနှံစိုက်ကြသည်။

တစ်ရက်တွင် လူဖြူသုံးယောက် မြင်းကိုယ်စီစီး၍ တွမ်၏ ယာတောသို့ ရောက်လာသည်။ တွမ်နှင့် သူ့သားများသည် တဲနံရံကို ဝက်မွေးနှင့်ရော၍ ရွှံ့များဖြင့်မံနေခိုက်ဖြစ်သည်။

'မင်းတို့ထဲက ပန်းပဲဆရာဆိုတာ ဘယ်သူလဲကွ'ဟု တစ်ဦးက မြင်းပေါ်မှမဆင်းဘဲ မေးသည်။

ပန်းပဲဖိုမဖွင့်ရသေးမီ သူ့ဖောက်သည်တစ်ယောက်တော့ ရောက်လာပြီဟု တွမ်က တွေးကာ ရှေ့သို့ထွက်၍ ရပ်လိုက်သည်။

'မင်းက မြို့ထဲမှာ ပန်းပဲဖိုဖွင့်မလို့ဆို'ဟု တစ်ဦးကမေးသည်။

'ဟုတ်ပါတယ်ခင်ဗျာ'ဟု တွမ်က တလေးတစားဖြေသည်။

'ကျွန်တော် မြို့ထဲမှာ နေရာကောင်းကောင်းလိုက်ရှာနေတုန်းပါ။ တခြား ဘယ်သူမှ မျက်စိမကျသေးဘူးဆိုရင်တော့ သစ်စက်ဘေးနားကအကွက်မှာ ဖွင့်ရင် ကောင်းလေမလားလို့ စဉ်းစားနေပါတယ်'

လူဖြူသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ 'ဒီမယ်...ကိုယ့်လူ'ဟု ဒုတိယလူဖြူက စကားစသည်။

'ငါတို့ အချိန်ဖြုန်းမနေနိုင်ဘူး။ တိုတိုနဲ့လိုရင်းပြောမယ်၊ မင်းပန်းပဲလုပ်နိုင်တယ်။ ဒါပေမဲ့ မင်း ဒီမြို့ထဲမှာလုပ်မယ်ဆိုရင် ပန်းပဲဖိုပိုင်ရှင် လူဖြူအတွက်ပဲလုပ်ရမယ်။ ငါပြောတာ သဘောပေါက်သလား'

တွမ်သည် ဒေါသအရှိန်တက်ကာ တစ်ကိုယ်လုံးပူထူလာသည်။ 'ကျွန်တော်မလုပ်နိုင်ဘူး'ဟု သူ့ပါးစပ်မှ လွတ်ခနဲထွက်သွားသည်။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

'ကျွန်တော်တို့မိသားစုဟာ ကျွန်တွေမဟုတ်တော့ဘူး။ လွတ်လပ်တဲ့လူတွေ ဖြစ်ကုန်ပြီ။ အဲဒီတော့ ကိုယ့်ဘဝအတွက် ကိုယ်ကောင်းမယ်ထင်တဲ့အလုပ်ကို လုပ်ကိုင်စားသောက်နိုင်ပါတယ်။ ကိုယ့်လက်နှစ်ဖက်နဲ့လုပ်နေတဲ့ အလုပ်ကိုမှ ကိုယ်မပိုင်ရဘူးဆိုရင် ကျွန်တော် အဲဒီအရပ်မှာနေဖို့ စိတ်မကူးဘူး'

ထိုအခါ တံတိယလူဖြူက လှမ်းပြောသည်။

'မင်းက အဲဒီလိုတွေးတယ်ဆိုရင်တော့ မင်း ဒီနေရာကဝေးရာကို ထွက်သွားဖို့ရှိတယ်လို့ ငါထင်တယ်'

'ရပါတယ်၊ ကျွန်တော်တို့က ခရီးသွားနေကျသူတွေပါ။ ဘယ်လိုပဲ သွားရသွားရ ဝန်မလေးဘူး'

'မင်းတို့ကောင်တွေ ဒီလွတ်လပ်တယ်ဆိုတဲ့စကားကို သိပ်ပြောမကောင်းဘူး ဆိုတာ နားလည်ဖို့ကောင်းတယ်'ဟု ပထမလူဖြူကပြောသည်။

သူတို့သည် နောက်ထပ် ဘာမှဆက်မပြောကြတော့ဘဲ မြင်းများကိုစိုင်း၍ထွက်ခွာသွားကြသည်။

ထိုသတင်း ကျွန်လူများဆီသို့ရောက်သွားသည့်အခါ အိမ်ထောင်အကြီးအကဲအားလုံး တွမ်၏တဲသို့ရောက်လာကြသည်။

'ငါ့သား၊ လူဖြူတွေကို ဘယ်လိုစိတ်ဓာတ်ရှိတယ်ဆိုတာ မင်းအသိသားနဲ့။ မင့်ဘဝက အခုမှစခါရှိသေးတယ်။ စဉ်းစဉ်းစားစားလုပ်မှပေါ့'ဟု ကြက်ကလေးဂျော့က ပြောသည်။

'အခုပဲ ခရီးသွားခဲ့တယ်၊ နောက်တစ်ခါ ထပ်သွားရဦးမယ်ဆိုလို့ ဖြစ်မလားကွယ်'ဟု မာတိလ်ဒါက ရေရွတ်သည်။

'ဟုတ်ပါတယ် တွမ်ရယ်၊ ကျွန်မလည်း ပင်ပန်းလှပါပြီ'ဟု အိုင်းရင်းကပါ ပြောသည်။

'ဘာကိစ္စမဆို ကောင်းအောင်မလုပ်ရင် ကောင်းမလာနိုင်ဘူး။ လွတ်လပ်တဲ့လူတစ်ယောက် ရသင့်တဲ့အခွင့်အရေးကိုမှ လုပ်ပိုင်ခွင့်မရှိရင် ဒီနေရာဟာ နေထိုက်တဲ့နေရာ မဟုတ်ဘူး။ တို့မိသားစု ဒီညပစ္စည်းတွေသိမ်း၊ မနက်ဖြန်မနက်ကို ခရီးဆက်မယ်'

'ငါလည်း မင်းတို့နဲ့လိုက်ခဲ့မယ်'ဟု အက်ရှ်ဖို့က ဒေါသတကြီးပြောသည်။

ထိုညတွင် တွမ်သည် တစ်ယောက်တည်း လမ်းလျှောက်ထွက်လာသည်။ အသစ်ရင်ဆိုင်နေရသည့် အကျပ်အတည်းကြောင့် စိတ်သည် လေးလံထိုင်းမှိုင်းလျက်ရှိ၏။ ခရီးလမ်းတစ်လျှောက်တွင် ကြုံခဲ့ရသည့် ဆင်းရဲပင်ပန်းမှုများကို ပြန်လည်မြင်ယောင်လာသည်။

မြန်မာ စာအုပ်များ

စိတ်ကူးတစ်ခုသည် သူ့ခေါင်းထဲသို့ ဖျတ်ခနဲဝင်လာသည်။ နောက်ထပ် တစ်နာရီခန့် လမ်းလျှောက်ပြီး ထိုစိတ်ကူးကိုစဉ်းစားသည်။ သူ့စိတ်ကူးအစီစဉ်သည် အာရုံတွင် ပီပြင်စွာပေါ်လာသည်။

နောက်တစ်နေ့နံနက်တွင် တွမ်သည် ဂျိမ်းစ်နှင့် လီးဝစ္စတို့အားခေါ်၍ အိုင်းရင်းနှင့် ကလေးများအိပ်ရန် တစ်ဖက်ရပ်အဖီကလေးတစ်လုံး ထိုးခိုင်းသည်။ လှည်းကြီးသူ အသုံးလိုသည်ဟုပြောသည်။ မိသားစုများ ဘေးမှ တအံ့တသြ ရပ်ကြည့်နေခိုက်မှာပင် သူသည် လှည်းကို စိတ်တိုင်းကျပြုပြင်လျက်ရှိသည်။ ဇာဂျီနှင့် အက်ရှ်ဖို့တို့ အကူအညီဖြင့် ပန်းပဲပေကြီးတစ်ခုကိုဝယ်၍ လှည်းပေါ်၌ တပ်ဆင်ထားသည့် သစ်ငုတ်တိုကြီးပေါ် တင်သည်။ မွန်းတည့်ချိန်တွင် ယာယီသုံး လှည်းပန်းပဲဖိုတစ်ခု တည်ဆောက်ပြီးစီးခဲ့လေပြီ။ ထို့နောက် လှည်းတွင် အုပ်မိုးထားသည့် ရွက်ဖျင်စနှင့် ဘေးနှစ်ဖက်မှ လှည်းနံရံကို ဖြတ်ချပစ်လိုက်သည်။ လှည်းခွက်ကြီးသာ ကျန်တော့၏။ ဤလှည်းခွက်ပေါ်၌ အလေးဆုံးဆိုသည့် တူကြီးများကိုပင်အသုံးပြုကာ သူ့ပန်းပဲအလုပ်ကို လုပ်နိုင်ပြီ မဟုတ်ပါလော။ ယခုမှပင် ဘေးမှ ရပ်ကြည့်နေကြသူများသည် တွမ်၏ အံ့သြဖွယ်ရာကောင်းသောစိတ်ကူး လက်တွေ့အကောင်အထည်ပေါ်လာသည်ဟု မျက်မြင်ကိုယ်တွေ့ နားလည်လာကြရလေတော့သည်။

ထိုသီတင်းပတ်အကုန်တွင် တွမ်သည် သူ၏လှည်းပန်းပဲဖိုကို ကိုယ်တိုင်မောင်းကာ မြို့ထဲသို့ထွက်သည်။ လမ်းဘေးဝဲယာ သွားလာလှုပ်ရှားနေကြသည့် ယောကျ်ား၊ မိန်းမ၊ လူကြီး၊ ကလေးအားလုံး တွမ်၏လှည်းပန်းပဲဖိုအား တအံ့တသြငေးမကြည့်ဘဲ မနေနိုင်ကြ။ လှည်းပေါ်မှ ပေ၊ ဖိုနှင့် အအေးခံ ရေစည်ပိုင်းဖြတ်၊ ပန်းပဲကိရိယာတန်ဆာပလာများ တင်ထားသည့်စင်များ။ အားလုံးသော်အရာဝတ္ထုများသည် စိတ်ဝင်စားစရာချည်း ဖြစ်နေသည်။

တွေ့သမျှ လူဖြူ လူမည်းအားလုံးကို တွမ်က ယဉ်ကျေးသိမ်မွေ့စွာ ခေါင်းဆတ်နှုတ်ဆက်သည်။ ပန်းပဲနှင့်ပတ်သက်၍ အလုပ်အပ်စရာရှိရင် အပ်ပါ၊ သင့်တင့်သောနှုန်းထားဖြင့် စိတ်တိုင်းကျဖြစ်အောင် လုပ်ပေးပါမည်ဟုလည်းပြောသည်။

ရက်အနည်းငယ်အတွင်းမှာပင် တွမ်အား အလုပ်အပ်သူအများအပြား ရှိလာသည်။ တစ်နေရာ၌ ဇောက်ချ၍ ဖွင့်ထားသည့် ပန်းပဲဖိုထက်ပင် လုပ်ငန်းက တွင်ကျယ်သည်။

တွမ်နှင့်လိုက်ပါလာခဲ့သော အဘိုးကြီးဂျော့ဂျ်ဆန်သည်လည်း တွမ်တို့နှင့်ဥမကွဲသိုက်မပျက် နေထိုင်ခဲ့သည်။ မြို့ပေါ်ရှိ အခြားလူဖြူများသည် ဂျော့ဂျ်ဆန်အား လူမည်းအသိုင်းအဝိုင်းမှ လူမည်းတစ်ယောက်လို ဆက်ဆံကြသည်။ တွေ့လိုက်လျှင် ရှောင်ဖယ်ဖယ်လုပ်ကြသည်။ ဂျော့ဂျ်ဆန်ကလည်း လူဖြူများ၏ဆက်ဆံရေးကို အလေးအနက် မပြု။

စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

မာတိလ်ဒါဦးဆောင်သော မိသားစုသည် ၁၈၇၄ ခုနှစ်တွင် ကိုယ်ပိုင်အိမ် ကိုယ်ပိုင်ကျို၊ ကိုယ်ပိုင်တဲများဖြင့် အခြေတကျဖြစ်လာကြသည်။ များစွာလည်း ဖွံ့ဖြိုးတိုးတက်လာကြသည်။ ထိုအခါ သူတို့သည် သူတို့အုပ်စုအတွက် ဘုရားရှိခိုးကျောင်းတစ်ကျောင်း ဆောက်လုပ်ရန် တာစူကြသည်။

ဘုရားရှိခိုးကျောင်းဖွင့်လှစ်သည့် ပထမဆုံး တနင်္ဂနွေဝတ်ပြုပွဲသို့ မိုင်နှစ်ဆယ်ပတ်လည်မှ လူမည်းများ လာရောက်ကြသည်။ ဓမ္မဆရာဘုန်းတော်ကြီးမှာ ယခင်က ဒေါက်တာ ဒီ၊ စီ ဟင်းနင်း၏ ကျွန်ဖြစ်ခဲ့ဖူးသူ 'ဆိုင်းလတ်စ်ဟင်းနင်း'ဖြစ်၏။

ဝတ်ပြုပွဲတွင် မိသားစုများသည် ဘုရားရှိကျောင်းဝင်းအတွင်းရှိ မြက်ခင်းပြင်ပေါ်၌ ပါလာသည့် အစားအသောက်များကိုခင်း၍ တပျော်တပါးစားကြသည်။ စကားစမြည် ပြောကြသည်။

မာတိလ်ဒါ၏မျက်နှာသည် ကြည်လင်ရွှင်မြူးလျက်ရှိသည်။ သူ့မိန်းမ၏မျက်နှာ ဤမျှလောက် သာယာချမ်းမြေ့နေသည်ကို ဘယ်တုန်းကမှ မတွေ့ခဲ့ဖူးဟုပင် ကြက်ကလေးဂျော့က ထင်သည်။ မာတိလ်ဒါသည် သူ့ပတ်ဝန်းကျင်၌ လှုပ်ရှားနေကြသော သားသမီးများနှင့် ဆော့ကစားနေကြသော မြေးများကိုကြည့်ကာ ပီတိဖြစ်၍မဆုံး။ သူ့ယောကျ်ားဂျော့ဘက် လှည့်ကြည့်သည်။ ပခုံးပေါ်သို့ လက်လှမ်းတင်သည်။

'ကျွန်မကတော့ ဒီနေ့ဒီရက်ကို တစ်သက်လုံးမေ့မှာမဟုတ်တော့ဘူး။ ရှင် ကျွန်မဆီလာပြီး ကျွန်မကို လူပျိုလှည့်တာ မှတ်မိသေးလား။ နှစ်ပေါင်းမနည်းတော့ဘူး။ အခုဆိုရင် ကြည့်ပါဦး။ ကျွန်မတို့ကပေါက်ပွားလိုက်တဲ့ သားသမီးတွေ။ နည်းနည်းနောနောလား။ သူတို့ကတစ်ဆင့် သားတွေသမီးတွေ မွေးပြီး သူတို့ကိုယ်ပိုင်မိသားစုတွေနဲ့၊ ဘယ်လောက် သိုက်သိုက်ဝန်းဝန်းရှိသလဲ။ ဘုရားသခင်ကလည်း ကျွန်မတို့ကို ဥမကွဲသိုက်မပျက်နေနိုင်အောင် စောင့်ရှောက်ထားတုန်းပဲ။ ကျွန်မအနေနဲ့ အမေကစ်ဇီမရှိတာတစ်ခုပဲ ဝမ်းနည်းတယ်။ အခုလိုအချိန်မှာ အမေကစ်ဇီ ကျွန်မတို့နဲ့အတူတူထိုင်ပြီး ဒီမိသားစုတွေကို မြင်စေချင်လိုက်တာ'

[၁၁၄]

တနင်္လာနေ့ မွန်းတည့်ချိန်တွင် ယာခင်းထဲမှအလုပ်နားသည်နှင့်တစ်ပြိုင်နက် ကလေးများသည် ဘုရားရှိခိုးကျောင်းထဲ၌ ဖွင့်ထားသည့် စာသင်ကျောင်းသို့ ရောက်လာကြသည်။ ကျောင်းပထမဆုံးဖွင့်သည့်နေ့ဖြစ်၏။ လွန်ခဲ့သောနှစ်နှစ်က တင်နက်ဆီပြည်နယ် လိန်းကောလိပ်မှ ဘွဲ့ရပြီး ဤမြို့သို့ရောက်လာခဲ့သော စစ္စတာကေရီဝှိုက်သည် စာသင်ကျောင်းအဆောက်အအုံမရှိသဖြင့် ပန်းချုံများအောက်တွင် စာသင်ပေးခဲ့ရသည်။

ယခုကဲ့သို့ ဘုရားရှိခိုးကျောင်းကို စာသင်ကျောင်းအဖြစ်သုံးခွင့်ပေးခြင်းသည် ရတောင့်ရခဲ အခွင့်အရေးတစ်ရပ်ဖြစ်၏

စစ္စတာကေရီဂွိုက်ထံတွင် ကျောင်းနေသက်ပြည့်သည့်ကလေးများသာမက သူတို့ထက် အသက်ကြီးသော အရွယ်များပါရှိသည်။ ထို့ကြောင့်လည်း သူ့ကျောင်း သူ့ကျောင်းသားများမှာ ငါးနှစ်သားအရွယ်မှ ဆယ့်ငါးနှစ်သားအရွယ်ထိ အရွယ်မျိုးစုံဖြစ်သည်။ ဤအထဲတွင် တွမ်၏ အသက်ကြီးဆုံး ကလေးများလည်း ပါဝင်ကြသည်။ တွမ်၏ သမီးများမှာ မာရီယာဂျိန်း၊ အီလင်း၊ ဗွီနေး၊ မာတီလ်ဒါငယ်နှင့် အယ်လီဇဘက်တို့ ဖြစ်သည်။ သားတွမ်ငယ်သည် အသက်အငယ်ဆုံးဖြစ်၍ သူ့နောက်မှ ကျောင်းရောက်လာသည့် သမီးကလေးမှာ စင်သီယာဖြစ်သည်။

အငယ်ဆုံး ဆင်သီယာ ဘွဲ့ရသည့် ၁၈၈၃ ခုနှစ်တွင် အကြီးဆုံး မာရီယာဂျိန်းသည် ကျောင်းမှထွက်ကာ အိမ်ထောင်ကျပြီး ကလေးတစ်ယောက်ပင် မွေးဖွားခဲ့ပြီ ဖြစ်သည်။ သူတို့ညီအစ်ကိုမောင်နှမများထဲမှ အတော်ဆုံးကျောင်းသူဖြစ်ခဲ့သည့် အယ်လီဇဘက်သည် သူ့ဖခင် တွမ်မာရေးအား နာမည်ရေးတတ်အောင် သင်ကြားပေးခဲ့ရုံမျှမက သူ့ဖခင်၏ ပန်းပဲဖိုလုပ်ငန်းတွင် စာရင်းကိုင်ဖြစ်လာသည်။ တွမ်မာရေး၏ လှည်းပန်းပဲဖိုလုပ်ငန်းမှာ များစွာအောင်မြင်နေသဖြင့် မြို့ထဲ၌ ပန်းပဲဖိုတစ်ဖိုပင် ဖွင့်လှစ်ထားခဲ့ပြီဖြစ်၏။ ယခုအခါတွင်မူ ပန်းပဲဖိုဖွင့်လှစ်ခြင်းအတွက် ကန့်ကွက်သံမကြားရ။ တွမ်မှာလည်းလုပ်ငန်းဖြင့် အောင်မြင်လာသူ၊ ချမ်းသာကြွယ်ဝလာသူအဖြစ် မြို့ပေါ်တွင် ထင်ရှားကျော်ကြားလျက်ရှိလေပြီ။

အယ်လီဇဘက်သည် ဂျွန်တိုလင်ဆိုသူနှင့် မေတ္တာမျှခဲ့ကြသည်။ ဂျွန်တိုလင်မှာ လူဖြူမိသားစု၏ ဧကတစ်ရာကျယ်သော ယာမြေပေါ်တွင် ဖက်စပ်လုပ်ကိုင်နေသူဖြစ်၏။

အယ်လီဇဘက်သည် သူတို့ကိစ္စကို သူ့မိခင်အိုင်းရင်းအား ဖွင့်ပြောသည်။ ဂျွန်တိုလင်သည် ကြည့်ပျော်ရှုပျော်ရုပ်ရည်မျိုးရှိရုံမျှမက ယောကျ်ားပီသသည့် ကိုယ်လုံးကိုယ်ပေါက် ရှိကြောင်း၊ ဉာဏ်ပညာလည်း အထိုက်အလျောက်ရှိကြောင်း၊ စတိုးဆိုင်တွင် ပြေစာပေါ်၌ လက်မှတ်ထိုးသည်ကို တွေ့ရသဖြင့် စာရေးတတ်သည်ဟု သူထင်ကြောင်း ပြောပြသည်။ ထို့နောက် သီတင်းပတ်ပေါင်းများစွာအတွင်း သူတို့ချင်းဆုံကာ အနီးအနားရှိ သစ်တောများအတွင်း လမ်းလျှောက်ရင်း စကားပြောကြသည်။

သူတို့နှစ်ဦးသည် နှစ်လတိတိ မှန်မှန်တွေ့လာခဲ့ပြီး နောက်ပိုင်းတွင်မူ လက်ထပ်ရေးကိစ္စကိုပါ တိတ်တဆိတ်ကျိတ်၍ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ သူတို့ကိစ္စကို စကတည်းက သိလာခဲ့သော တွမ်မာရေးကလည်း သူ့သမီးကိစ္စကို ဥပေက္ခာမပြုတော့။ ယခုလို

မြန်မာ စာအုပ်များ

လူချင်းချိန်းတွေ့နေမည့်အစား တိုလင်အားအိမ်သို့ခေါ်လာခဲ့ရန်ခိုင်းသည်။ ဤသို့ဖြင့် တနင်္ဂနွေတစ်ရက်တွင် တိုလင်သည် အိမ်သို့လာခဲ့သည်။ တွမ်မာရေးကလည်း သမက်လောင်းအား ကောင်းစွာလက်ခံ စကားပြောသည်။ သို့သော် မိနစ်အနည်း ငယ်မျှအကြာတွင် အကြောင်းတစ်ခုပြ၍ ရှောင်ထွက်သွားသည်။ ဂျွန်တိုလင်ပြန်သွားသည့်အခါတွင်မှ တွမ်မာရေးက သူ့သမီးအား ခေါ်သည်။

'ငါ့အနေနဲ့ ကိုယ့်သမီးပျော်တာကို မြင်ချင်တယ်။ သူငယ်ကိုကြည့်ရတာလည်း မဆိုးပါဘူး။ လူကောင်းသူကောင်းတစ်ယောက်ဖြစ်ပုံပါပဲ။ ဒါပေမဲ့ သမီး သူနဲ့တော့ မငြိစွန်းစေချင်ဘူး'

အယ်လိဇဘက်က သူ့အဖေအား နားမလည်နိုင်သည့် မျက်နှာထားဖြင့် ကြည့်သည်။

'ဒီသူငယ်က အသားဝါပဲ။ ငါလည်းမဟုတ်၊ ငှက်လည်းမဟုတ်ဆိုတဲ့ လူစား။ အဖေပြောတာ သမီးသဘောပေါက်ရဲ့လား။ လူမည်းတွေအတွက် သူဟာ အသားမည်းမဟုတ်ဘူး။ လူဖြူတွေအတွက်ကျတော့ သူဟာ လူမည်းပဲ။ သူ့အသားအရောင်ကိစ္စက သူ့ဘာမှမတတ်နိုင်တဲ့ကိစ္စပဲ။ ဒါပေမဲ့ သူဘယ်လောက်ပဲကြိုးစားကြိုးစား ဘယ်လောက်ပဲ တော်တော် သူဟာ ဘယ်အုပ်စုထဲကိုမှ ဝင်လို့မရတဲ့ လူကပြားပဲ။ သမီးက မွေးလာတဲ့ ကလေးတွေဟာ ဘယ်လိုရှိမလဲ။ ငါ့သမီး စဉ်းစား။ အဲသလိုဘဝမျိုးကိုတော့ ငါ့သမီး မရောက်စေချင်ဘူး'

'ဒါပေမဲ့ ဖေဖေရယ်၊ လူတိုင်းက ဂျွန်ကို ခင်ကြတယ်။ သမီးတို့ ဂျော့ဂျွန်ဆန်တို့ ဇနီ မောင်နှံနဲ့ အတူတူနေလာကြတာပဲ။ ဘာဖြစ်လို့လဲ'

'အဲဒါနဲ့မတူဘူး'

'မဟုတ်သေးပါဘူး ဖေဖေရယ်'

'တော်ပြီသမီး၊ အခု အဖေပြောနေတာ သမီးအတွက်ပဲ။ သမီး သူ့ကို နောက်ထပ် မတွေ့နဲ့တော့'

'ဒါပေမဲ့ ဖေဖေရယ်...'

အယ်လိဇဘက် စကားကိုဆုံးအောင်မပြောနိုင်။ ရှုံ့ပွဲချ၍ငိုသည်။

'ဒီဇာတ်လမ်း ပြီးသွားပြီလို့ သဘောထားလိုက်တော့သမီး'

'သမီး ဂျွန်နဲ့လက်မထပ်ရရင် တခြားဘယ်သူ့ကိုမှ လက်မထပ်ဘူး'ဟု အယ်လိဇဘက်က အော်ပြောသည်။

တွမ်မာရေးသည် ချာခနဲလှည့်ကာ အခန်းထဲမှထွက်သွားသည်။ တံခါး ဆောင့်၍ ပိတ်လိုက်သံကြားရသည်။ တစ်ဖက်ခန်းတွင် အိုင်းရင်းနှင့်ဆုံမိသည်။

မြန်မာ စာအုပ်များ

'တွမ်...ရှင် ဘယ်လို'

'ဘာမှမပြောနဲ့'

တွမ်က ပြောပြောဆိုဆို အိမ်ရှေ့တံခါးပေါက်မှ အပြင်သို့ထွက်သွားသည်။

ဤကိစ္စကို မာတိလ်ဒါသိသွားသည့်အခါ အကြီးအကျယ် ဒေါသပုန်ထသည်။ 'ဘာလဲဟဲ့။ သူ့ကိုမွေးခဲ့တဲ့အမေမှာရော လူဖြူသွေးပါတာပဲ။ သူမသိဘူးတဲ့လား'ဟု ဒေါသတကြီးအော်သည်။ ရုတ်တရက် မာတိလ်ဒါ၏ မျက်နှာသည် ရှုံ့မဲ့သွားပြီး ရင်ဘတ်ကိုလက်နှင့်ဖိကာ လဲကျသွားသည်။ အိုင်းရင်းက ဘေးမှနေ၍ ဖမ်းဆွဲထားသည်။

'ဘုရား...ဘုရား'

မာတိလ်ဒါ နှုတ်မှရေရွတ်သံထွက်လာသည်။ မျက်တောင်များ တဖျတ်ဖျတ်ခတ်သည်။ ထို့နောက် မျက်လုံးများမှိတ်သွားသည်။

'လုပ်ကြပါဦး၊ အဘွားဘာဖြစ်မှန်းမသိဘူး'ဟု အိုင်းရင်းကအော်သည်။ ရင်ဘက်တွင် နားနှင့်ကပ်၍နားထောင်သည်။ နှလုံးကတော့ခုန်နေဆဲ။ သို့သော်လည်း နောက် နှစ်ရက်အကြာတွင် ထိုနှလုံးခုန်သံသည် ရပ်သွားလေသည်။

ကြက်ကလေးရျော့သည် သူ့မိန်းမ သေဆုံးသွားသည့်အတွက် မျက်ရည်မကျ။ သို့သော်လည်း နှလုံးကြေကွဲခြင်းတော့ဖြစ်သည်။ မာတိလ်ဒါ ကွယ်လွန်သွားသည့် အချိန်မှစ၍ သူ့မျက်နှာသည် အမြဲတစေတင်းမာနေသည်။ ပြုံးခြင်းရယ်ခြင်းမရှိ။ မည်သူ့ကိုမျှ စကားမပြော။ ပြောပြန်လျှင်လည်း ဒေါသနှင့်ယှဉ်သော စကားများကိုသာ ကြားကြရသည်။ သူနှင့်မာတိလ်ဒါသည် တရင်းတနှီးနှင့် ချစ်ချစ်ခင်ခင်မရှိဟု ထင်စရာ ရှိ၏။ သို့သော် ယခု မာတိလ်ဒါ သေသွားသည့်အခါ သူ၏ ရှင်သန်မှုသည်လည်း မာတိလ်ဒါနှင့် ပါသွားသည့်နှယ်ရှိသည်။

ကြက်ကလေးရျော့သည် လျင်မြန်စွာအိုစာကျလာသည်။ သို့သော် စိတ်က ယခင် ကထက်ပင် ခက်ထန်မာကျောလာသည်။ မာတိလ်ဒါနှင့်အတူနေခဲ့သည့်တဲတွင် ဆက် နေရန် ငြင်းဆန်သည်။ သား သို့မဟုတ် သမီးတစ်ယောက်ယောက်ထံ တစ်လှည့်စီ သွားနေသည်။ အိမ်ရှေ့ဆင်ဝင်အောက်တွင် လှုပ်ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ယာခင်းများဆီသို့ နာရီပေါင်းများစွာ တွေဝေငေးမောနေတတ်သည်။

သူ့အသက်သည် ရှစ်ဆယ့်သုံးနှစ်ရှိခဲ့ပြီ။ သူ့မွေးနေ့အတွက် အထူးတလည်ဖိတ် ထားသည့် ကိတ်မုန့်ကိုပင်မစား။ ၁၈၇၀ ခုနှစ် ဆောင်းရာသီတွင် သူသည် အကြီးဆုံး မြေးမ မာရီယာကျိန်း၏အိမ်၌ ရောက်နေသည်။ မာရီယာက သူ့အား မီးဖိုနား၌ ငြိမ်ငြိမ် ကလေး ထိုင်နေရန် ပြောပြီး ယာထဲရှိ သူ့ယောက်ျားဆီသို့ နေ့လယ်စာသွားပို့သည်။ သူပြန်လာသည့်အခါ မီးဖိုရှေ့ ကော်ဇောပေါ်၌ လဲကျနေသော အဘိုးကို တွေ့ရသည်။

:

— စိတ်ကူးချိုချို

မြန်မာ စာအုပ်များ

မီးဖိုပေါ်လဲကျပြီးမှ သူ့ကိုယ်သူ အားတင်းကာ တရွတ်ဆွဲ၍ ကော်ဇောပေါ်ရောက်လာခြင်း ဖြစ်ဟန်တူ၏။

မာရီယာဂျိန်း၏အော်သံကြောင့် သူ့ယောက်ျား အပြေးအလွှားရောက်လာသည်။ ကြက်ကလေးရော့ဲသည် ဦးခေါင်းမှ ခါးအထိ ကြောက်မက်ဖွယ်ကောင်းလောက်အောင် မီးလောင်ကျွမ်းထားသည်ကိုတွေ့ရသည်။ ထိုညမှာပင် ကြက်ကလေးရော့ ကွယ်လွန်ခဲ့လေသည်။

ဟင်းနင်းမြို့ရှိ လူမည်းအားလုံးနီးပါး သူ့ဈာပနသို့လာကြသည်။ သူ့သားသမီးမြေးမြစ်များသည်လည်း သူ့ဈာပနတွင် စုံစုံလင်လင်ရှိကြသည်။ မာတိလ်ဒါ၏ မြေပုံဘေးရှိ တွင်းထဲသို့ သူ့အလောင်းကိုချသည့်အခါ သူ့သားရော့ဇယ်က သူ့အစ်ကိုဗာဂျီအား တိုးတိုးပြောသည်။

'အဖေက သိပ်မာလွန်းတော့ သဘာဝအတိုင်းသေဖို့မလွယ်ဘူး'

ဗာဂျီက သူ့ညီအား လှည့်ကြည့်သည်။

''ငါကတော့ အဖေ့ကိုချစ်တယ်။ မင်းလည်းချစ်တာပဲ။ အို...ကွာ တို့အားလုံးချစ်တာပါပဲ'

'ဟုတ်တယ်၊ ကျွန်တော်တို့အားလုံးက ချစ်တယ်'ဟု ရော့ဇယ်က ပြောသည်။

'ကြက်သမားအဘိုးကြီးနှင့် အတူနေချင်တဲ့လူ တစ်ယောက်မှမရှိဘူး။ အခုကျတော့လည်း သူသေသွားလို့ ငိုနေကြတယ်'

[၁၁၅]

'မေမေ၊ ဝစ်လ်ပါးလ်မားက လာမယ့် တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်းကနေပြီး အိမ်ကိုလိုက်လည်မယ်လို့ ပြောနေတယ်'

စင်သီယာက သူ့အမေအား အမောတကောပြောသည်။

'ဘယ်သူလဲ' ဟု တွမ်ကမေးသည်။

'ဝစ်လ်ပါးလ်မားပါ၊ သူက ရှင့်သမီးကို အိမ်လိုက်ပို့ချင်တယ်လို့ပြောနေသတဲ့။ အဲဒါဘယ်လိုသဘောရသလဲ'

တွမ်က တစ်ခဏမျှငြိမ်နေပြီး စိတ်မပါတပါလေသံဖြင့် အဖြေပေးသည်။

'ငါ စဉ်းစားဦးမယ်'

စင်သီယာသည် သူတို့အနားမှ ဖျတ်ခနဲပျောက်သွားသည်။ အိုင်းရင်းက သူ့ယောက်ျား၏မျက်နှာကို အကဲခတ်နေသည်။

'ဘယ်လိုလဲတွမ်၊ ရှင့်သမီးတွေနဲ့ တူတဲ့တန်တဲ့လူ တစ်ယောက်မှမရှိတော့ဘူးလား။ ဒီမြို့မှာ ဝစ်လ်ပါးလ်မားကို မသိတဲ့လူမရှိပါဘူး။ အရက်သမားအဘိုးအိုမစ္စတာဂျိမ်းစ်အတွက် သစ်ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ကောင်လေးပါ။ သူတစ်ယောက်တည်း သစ်တွေကို ကားနဲ့သယ်၊ သူကိုယ်တိုင်ရောင်း၊ ပြေစာတွေ သူကိုယ်တိုင်ရေး၊ ကိုယ်တိုင် ငွေကောက်နေတဲ့ ကောင်လေးဆိုတာ ဟင်းနင်းတစ်မြို့လုံးက သိနေကြတာပဲ မဟုတ်လား'

'ငါမြင်တာတစ်မျိုးကွ။ ငါ သူ့ကို ဘုရားရှိခိုးကျောင်းမှာ တွေ့တယ်။ ကောင်မလေးတွေ အတော်များများက သူ့ကိုမျက်စိကျနေကြတယ်။ ဒါပဲ'

'ဟုတ်တယ်လေ၊ အဲဒါဘာဖြစ်လဲ။ ဟင်းနင်းမှာ သူဟာ မျက်စိကျစရာအကောင်းဆုံး လူငယ်တစ်ယောက် ဖြစ်နေတယ်မဟုတ်လား။ ဒါပေမဲ့ သူက ဘယ်မိန်းကလေးကိုမှ အိမ်လိုက်လည်ပါရစေလို့ ခွင့်မတောင်းသေးဘူးရှင့်'

'သလိုဆိုရင် သူက လူလာကာဆိုတဲ့ကောင်မလေးကို ဘာပြုလို့ ပန်းတွေ လက်ဆောင် ပေးတာလဲကွ'

ဤကိစ္စကို တွမ်သိနေခြင်းအတွက် အိုင်းရင်းသည် အံ့အားသင့်လျက်ရှိသည်။

'အဲဒါ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဖြစ်ခဲ့တာပါရှင်။ ကြာလှပြီပဲ။ ရှင် ဒီလောက်တောင် နိုက်နိုက်ချွတ်ချွတ်လိုက်သိနေရင်လည်း ကျွန်မ မေးရဦးမယ်။ နောက်ပိုင်းမှာ သူ့နောက်က အရိပ်လိုလိုက်နေတဲ့ကောင်မလေးကို စကားတောင် မပြောတော့ဘူးဆိုတာကော ရှင်သိရဲ့လား'

'ဒီအကောင် ဒါမျိုးတစ်ကြိမ်လုပ်ရင် နောက်ထပ်တစ်ယောက်နဲ့ကျလည်း လုပ်ဦးမှာပဲ'

'စင်သီယာကိုတော့ မလုပ်ပါဘူးရှင့်။ စင်သီယာလို မိကောင်းဖခင် သားသမီး ရုပ်ချောချောလှလှကျတော့ သူလုပ်မယ်မထင်ပါဘူး။ သူ့နောက်က မိန်းကလေးတွေ တကောက်ကောက်လိုက်နေတာကို ကျွန်မဂရုမစိုက်ဘူး။ သူက ဘယ်မိန်းကလေးနောက် လိုက်သလဲဆိုတဲ့အချက်ကသာ လိုရင်းပါ'

'မင်းပြောနေပုံဆိုရင် မင့်သမီးကိစ္စက တော်တော်ခရီးရောက်နေပုံပါလားကွ'

အိုင်းရင်းက လေသံပျော့ပျော့ဖြင့် တောင်းပန်သည်။

'တွမ်ရယ်၊ သူလာချင်တာ အိမ်ကိုလာခွင့်ပြုလိုက်ပါ။ သူတို့ကလေးချင်း တွေ့ဆုံပြီး ဆုံးဖြတ်ကြပါစေလား တွမ်ရယ်'

တွမ်က အလျှော့မပေး၊ သူ့သမီးများ၏ အိမ်ထောင်ရေးကိစ္စတွင် သူဘယ်တော့မှ လွယ်လွယ်နှင့်အလျှော့ပေးလေ့မရှိ။ သူ့မိန်းမ၏စကားကိုလည်း အလွယ်တကူ

မြန်မာ စာအုပ်များ

လက်ခံလေ့မရှိ။ အမှန်အားဖြင့် သူသည် အချိန်တန်လျှင် စင်သီယာအား ဝစ်လ်ပါးလ်မား နှင့် သဘောတူမည်ဟု ပိုင်းဖြတ်ပြီးသား။ သူသည် ဟင်းနင်းကိုရောက်ကတည်းက ဝစ်လ်အား တစေ့တစောင်းအကဲခတ်ခဲ့သည်။ တကယ်တော့ ဝစ်လ်ပါးလ်မားသည် အလေးအနက်ထားတတ်သောစိတ်၊ ကြီးမြင့်ချင်သောစိတ် ရှိသူဖြစ်သဖြင့် သူ၏ငယ်စဉ် ဘဝကို ပြန်၍သတိရစေခဲ့သူတစ်ဦး မဟုတ်ပါလား။

ဝစ်လ်ပါးလ်မားနှင့် စင်သီယာတို့ကိစ္စသည် ဤမျှမြန်ဆန်လိမ့်မည်ဟု မည်သူမျှ မထင်ခဲ့။ နောက်ဆယ်လအကြာတွင် သူတို့နှစ်ဦး ထိမ်းမြားမင်္ဂလာပွဲကို နယူးဟုတ် ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့သည်။

၁၈၉၃ ခုနှစ် ဆောင်းရာသီတစ်ရက်တွင် ဝစ်လ်ထံသို့ လူတစ်ယောက်ရောက်လာပြီး ဘဏ်သို့ ခဏလာစေလိုကြောင်း အကြောင်းကြားသည်။ ဘာ့ကြောင့် ခေါ်တာပါလိမ့် ဟူသော အတွေးဖြင့် အံ့သြနေသောဝစ်လ်သည် ဘဏ်သို့ လျှောက်လာခဲ့သည်။ ဘဏ် ထဲမှ ထိုင်စောင့်နေကြသူများမှာ ဟင်းနင်းမြို့ပေါ်မှ လူ့ဖြူ စီးပွားရေးလုပ်ငန်းရှင် ဆယ်ဦး။ အကြောင်းတစ်ခုခုကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေကြသည့် အရိပ် လက္ခဏာများကို သူတို့မျက်နှာများက ဖော်ပြနေကြသည်။

ဘဏ်ဥက္ကဋ္ဌ ဖော့ဟန်က သစ်လုပ်ငန်းရှင် မစ္စတာဂျိမ်းသည် သူ့ကိုယ်သူ လူမွဲ အဖြစ် ကြေညာပြီး တစ်နယ်တစ်ကျေးသို့ ရွှေ့ပြောင်းသွားတော့မည်ဖြစ်ကြောင်း ဦးစွာ ရှင်းပြသည်။

'ဒါပေမဲ့ ဟင်းနင်းမှာကလည်း သစ်လုပ်ငန်းတစ်ခုမရှိရင်မဖြစ်ဘူး။ အခု ဒီမှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဒီကိစ္စကိုဆွေးနွေးကြတာ ရက်ပေါင်း အတော်ကြာ သွားပြီ။ တို့အနေနဲ့ကတော့ ဒီလုပ်ငန်းတစ်ခုလုံး မင့်လက်ထဲအပ်ဖို့ သဘောတူခဲ့ကြ တယ်။ ငါတို့ဘဏ်က ကုမ္ပဏီက အကြွေးကို မင့်ကိုယ်စားပေးချေပြီး မင့်ကို လွှဲအပ် မယ့်သဘောပဲ။ မင်းက ပိုင်ရှင်သစ်အနေနဲ့ လုပ်ငန်းကိုလက်ခံဖို့ပါ'

မျက်ရည်များသည် ဝစ်လ်၏ပါးနှစ်ဖက်တွင် စီးကျလာသည်။ သူသည် ထိုင်နေ ကြသော လူဖြူတစ်ဦးချင်း၏လက်ကို သူ့လက်နှစ်ဖက်ဖြင့် အားရပါးရဆုပ်ကိုင်ပြီး နှုတ်ဆက်သည်။ ဝစ်လ်သည် မစ္စတာဖော့၏လက်ကို အချိန်အတော်ကြာမျှ ဆုပ်ကိုင် ထားသည်။

'ကျွန်တော် မစ္စတာဖော့ဟန်ကို အကူအညီတစ်ခုတောင်းခံပါရစေ။ ကျွန်တော့် ရငွေထဲက တစ်ဝက်ကို မစ္စတာဂျိမ်းဆီ မှန်မှန်ပို့ပေးစေချင်ပါတယ်။ သူ့ဆီ ဒီငွေ ဘယ်ကလာတယ်ဆိုတာ မသိပါစေနဲ့'

တစ်နှစ်အတွင်း ဝစ်လ်သည် သူ့လုပ်ငန်းကို အပတ်တကုတ်အားထုတ်၍ လုပ် သည်။ အနီးအနားမြို့ရွာများမှဖောက်သည်များ သူ့ထံသို့ တသောသော ရောက်လာ

မြန်မာ စာအုပ်များ

ကြသည်။ အများစုသည် လူမည်းများဖြစ်၍ တောင်ဘက် လေးဆယ့်ရှစ်မိုင်ကွာရှိ မင်းဖစ္စမြို့မှ လူများပင်လျှင် သူ့ထံမှပစ္စည်းများကို လာရောက်ဝယ်ယူကြသည်။ တင်နက်ဆီပြည်နယ်၏ ပထမဆုံးသော လူမည်းပိုင် စီးပွားရေးလုပ်ငန်းကို သူတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြည့်လို၍ လာကြသူများလည်း အများအပြားပါဝင်ကြသည်။ ဝစ်လ်ကိုယ်တိုင်ရေးထားသည့် "ဒဗလျူ၊ အီး၊ ပါးလ်မားသစ်ကုမ္ပဏီ" ဟူသော ဆိုင်းဘုတ်သည် မြင်သူများအား အံ့သြအားကျအောင် ဖန်တီးပေးလျက်ရှိသည်။

[၁၁၆]

စင်သီယာနှင့် ဝစ်လ်တို့၏ အလိုဆန္ဒသည် ၁၈၉၅ ခုနှစ်တွင် ပြည့်လာခဲ့သည်။ ထိုနှစ်တွင် ကျန်းမာသန်စွမ်းသော သမီးလေးတစ်ယောက် ဖွားမြင်ခဲ့ရာ 'ဘာသာရျော့'ဟု အမည်ပေးခဲ့ကြ၏။ 'ရျော့'ဟူသောအမည်မှာ ဝစ်လ်၏ဖခင်အမည်ကိုယူ၍ မှည့်ခြင်းဖြစ်သည်။ စင်သီယာသည် သူ့ဖခင် တွမ်မာရေးက သူတို့ငယ်စဉ်ကပြောပြသလို သူ့သမီးအား သူတို့၏ဘေးကြီး ကွမ်တာကင်တီအကြောင်းကို မကြာခဏပြောပြသည်။

ဝစ်လ်ကလည်း ဘိုးဘွားဘီဘင် မျိုးရိုးစဉ်ဆက်ကိုမမေ့သော စင်သီယာအား လေးစားသည်။ သမီးဘာသာအားအလွန်ချစ်သော ဝစ်လ်သည် သူ့သမီး လမ်းမလျှောက်မီ အရွယ်ကတည်းက သူနှင့်မကင်းကွာအောင်ထားသည်။ မနက်ဆိုလျှင် အလုပ်မသွားမီ တစ်ချိန်လုံး ချီထားသည်။ ညကျတော့လည်းသူ့သမီးအား သူကိုယ်တိုင် လုပ်ပေးထားသည့် ခုတင်ပုခက်လေးထဲထည့်ကာ အနားမှ မခွဲမခွာနေလေ့ရှိသည်။

ဘာသာ ငါးနှစ်အရွယ်တွင် မြို့ပေါ်ရှိ လူမည်းအုပ်စုဝင်များသည် စင်သီယာ၏ စကားကို အလျဉ်းသင့်တိုင်း ပြောလေ့ရှိသည်။ 'ဝစ်လ်ပါးမားကတော့ ကလေးကို ဖျက်ဆီးနေပြီ။ မြို့ထဲက ချိုချဉ်ရောင်းတဲ့ဆိုင်မှန်သမျှ ဘာသာ အကြွေးမဝယ်ဖူးတဲ့ဆိုင် မရှိတော့ဘူး။ ဒီအကြွေးတွေကို သူ့အဖေကလည်း မှန်မှန်သွားဆပ်ပေးနေတယ်'ဟု စင်သီယာက ညည်းညူလေ့ရှိ၏။ သူ့သမီး၏ အသက်ဆယ့်ငါးနှစ်မြောက်မွေးနေ့တွင် ဝစ်လ်သည် သူ့သမီးအတွက် ငွေစာရင်းတစ်ခု သီးသန့်ဖွင့်ပေးသည်။ ဤသတင်းကြားရသည့် လူများက ခေါင်းခါကြ၏။

မိဘနှစ်ပါး မျှော်လင့်ထားသည့်အတိုင်း ဘာသာသည် ပညာထူးချွန်သည်။ ကောလိပ်တွင် ပညာသင်ကြားနေစဉ်အတွင်း ဘာသာသည် အိမ်ပြန်ရောက်လာတိုင်း ကောလိပ်ဘုရားရှိခိုးကျောင်း ဝတ်အသင်း၌ တွေ့ဆုံသိကျွမ်းခဲ့ရသည့် ဆားဗားနားမြို့မှ ဆိုင်မွန်အလက်ဇင်ဒါးဟေကီအမည်ရှိ လူငယ်တစ်ယောက်အကြောင်း ပြောလေ့ရှိသည်။ ပြောဖန်များသောအခါ ဝစ်လ်နှင့် စင်သီယာတို့က ထိုလူငယ်အား အကဲခတ်နိုင်ရန် အိမ်သို့အလည်ခေါ်လာခဲ့ဖို့ သမီးအား အကြံပြုကြသည်။

မြန်မာ စာအုပ်များ

ဤသို့ဖြင့် တနင်္ဂနွေတစ်နေ့တွင် လူငယ်သည် ဘုရားရှိခိုးကျောင်းသို့ ရောက်လာသည်။ ဝစ်လ်ပါးလ်မားနှင့် စင်သီယာတို့ ဇနီးမောင်နှံသာမက မြို့ပေါ်မှ လူမည်းအားလုံး၏ အကဲခတ်ခြင်းကိုခံရသည်။

သူ့အား ဆန့်ကျင်ပြောစရာဆို၍ ဘာမျှမရှိ။ အများက သဘောကျသည်။ သို့သော် သူ့အသားအဝါရောင်အတွက်ကတော့ မရေမရာဖြစ်ကြသည်။

သူတို့၏ လက်ထပ်ထိမ်းမြားမင်္ဂလာပွဲကို ၁၉၂၀ ခုနှစ်တွင် နယူးဟုတ် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။ ပထမဆုံးအကြိမ် လူဖြူလူမည်း ရောနှောတက်ရောက်သောပွဲဖြစ်သည်။ ဝစ်လ်ပါးလ်မားသည် ဟင်းနင်းမြို့၏ ထင်ရှားသော မြို့တော်သားတစ်ဦး ဖြစ်ခြင်းနှင့် ဘာသာအား မြို့၏ ဂုဏ်ယူစရာ အမျိုးသမီးငယ်တစ်ဦးအဖြစ် အသိအမှတ်ပြုထားကြခြင်းကြောင့် စည်ကားသိုက်မြိုက်ခဲ့လေသည်။

ဧည့်ခံပွဲကို ဝစ်လ်ပါးလ်မား၏ အခန်းဆယ်ခန်းပါသော အိမ်သစ်မြက်ခင်းပြင်၌ ကျင်းပသည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် ဆိုင်မွန်နှင့် ဘာသာတို့သည် ရှီကာဂိုမြို့မှ ဖြတ်သွားမည့် မီးရထားကိုစီးသည်။ ထိုမှတစ်ဆင့် နယူးယောက်သို့ ခရီးဆက်ကြရမည်ဖြစ်သည်။ ဆိုင်မွန်သည် စိုက်ပျိုးရေးမဟာဝိဇ္ဇာဘွဲ့ ရရှိရေးအတွက် 'ကော်နဲလ် တက္ကသိုလ်'၌ ဆက်လက်သင်ကြားရမည်ဖြစ်ပြီး ဘာသာက အစ်သာကာပန်တျာကျောင်း၌ ပညာသင်ယူမည် ဖြစ်သည်။

ကိုးလနီးပါးခန့် ဘာသာထံမှ စာမှန်မှန်လာသည်။ အရပ်ဒေသမှ အတွေ့အကြုံများကိုသာမက သူတို့နှစ်ယောက် ဘယ်လောက်ထိ ပျော်ရွှင်ကြသည်ကို ရေးသားထားသည့်စာများ ဖြစ်၏။ ထို့နောက် ၁၉၂၂ ခုနှစ် နွေရာသီအစောပိုင်းကာလများတွင် ဘာသာထံမှ စာအလာကျဲသွားသည်။ နောက်ဆုံးတွင် စင်သီယာနှင့် ဝစ်လ်တို့သည် သူ့သမီး ဘာသာတို့တွင် တစ်ခုခုများဖြစ်လေပြီလားဟူသော အတွေးဖြင့် စိတ်ပူစပြုလာသည်။ ဩဂုတ်လ ကုန်ခါနီးတွင် စင်သီယာက သူ နယူးယောက်သို့ လိုက်သွားပြီး သူ့သမီး ဘာဖြစ်နေသည်ကိုကြည့်မည်ဟု ပြောသည်။

စင်သီယာ နယူးယောက်သို့ရောက်ရန် စီစဉ်ထားသည့်ရက်မတိုင်မီ နှစ်ရက်အလို ညသန်းခေါင်ယံတွင် အိမ်ရှေ့တံခါးခေါက်သံ ကြားရသည်။ ညကြီးအချိန်မတော် ဘယ်သူများပါလိမ့်ဟူသော အတွေးဖြင့် စင်သီယာတို့ ဇနီးမောင်နှံသည် ထိတ်လန့်တကြား ဖြစ်ကြသည်။ အိပ်ရာထက်မှ အရင်ဆုံးဆင်းသူမှာ စင်သီယာ။ သူသည် ကပျာကယာ အင်္ကျီရှည်ကြီးကိုကောက်ဝတ်ကာ တံခါးဆီသို့သွားသည်။ သူ့နောက်မှ ဝစ်လ်ကပ်လိုက်သွားသည်။ သူတို့အိပ်ခန်းတံခါးမှ လှမ်းကြည့်လိုက်သည့်အခါ ဆိုင်မွန်နှင့် ဘာသာ ဆင်ဝင်အောက်၌ ရပ်နေသည်ကို မြင်ကြရသည်။ စင်သီယာက တုန်လှုပ်ချောက်ချားသောစိတ်ဖြင့် အိမ်ရှေ့တံခါးကို ပြေးဖွင့်သည်

မြန်မာ စာအုပ်များ

ဘာသာကတော့ အေးအေးဆေးဆေးပင်ဖြစ်သည်။ 'စာမရေးတာ ခွင့်လွှတ်ပါ မေမေ။ မေမေတို့ ဖြန်းခနဲအံ့အားသွားစေမယ့် လက်ဆောင်ပေးချင်လို့ပါ'ဟုပြောကာ လက်ထဲမှ စောင်အုပ်တစ်ထုပ်ကို စင်သီယာ့လက်သို့ လှမ်းပေးသည်။

စင်သီယာ၏ နှလုံးသားသည် ပြင်းစွာခုန်လျက်ရှိ၏။ ဝစ်လ်က သူ့ပခုံးပေါ်မှ ကျော်ပြီး စောင်ထုပ်ကို ငုံ့ကြည့်သည်။ စင်သီယာက အပေါ်မှအုပ်ထားသော စောင်စကို ဆွဲလှန်လိုက်သည်။ အထဲမှ အသားညိုညို မျက်နှာဝိုင်းဝိုင်းနှင့် ကလေးတစ်ယောက်။

ထိုကလေးသည် အသက်အားဖြင့် သီတင်းခြောက်ပတ်မျှသာရှိသေးသော 'ကျွန်တော်'ပင် ဖြစ်ပါ၏။

[၁၁၇]

ထိုညက အဘိုးအဘွားတို့အိမ်သို့ရောက်လာခဲ့သော အဖေသည် တစ်ပတ်မျှနေပြီး အိသာကာသို့ပြန်သည်။ အမေနှင့်ကျွန်တော်က ဟင်းနင်း၌နေခဲ့ကြသည်။ အားလုံးက အဖေသည် သူ၏မဟာဝိဇ္ဇာဘွဲ့အတွက် သူတစ်ယောက်တည်းသွား၍ ပြီးဆုံးသည်အထိ သင်ကြားသင့်သည်ဟု ဆုံးဖြတ်သည်။ အဘိုးအဘွားက ကျွန်တော့်အား သူတို့၏သား အဖြစ် မွေးစားမည်ဟု ဆိုသည်။ အထူးသဖြင့် ဤကိစ္စတွင် အဖြစ်အသည်းဆုံးလူမှာ ကျွန်တော့်အဘိုး ဖြစ်ပါသည်။

ကျွန်တော် အသက်ငါးနှစ်ပြည့်ခါနီးတွင် ကျွန်တော့်အဘိုး ကွယ်လွန်သည်။ အဘိုးဆုံးသဖြင့် အလွန်အမင်းစိတ်ထိခိုက်နေကြသော ကျွန်တော်နှင့် အဘွားသည် ယခင်ကထက်ပို၍ စိတ်ရောကိုယ်ပါ နီးစပ်လာကြသည်။

အဘွားသည် အဘိုးမရှိတော့သည့် ဟာကွက်အတွက် နွေဦးပေါက်တိုင်း သူ့ဆွေမျိုးများထဲမှ အမျိုးသမီးကြီးများကို အိမ်သို့ဖိတ်လေ့ရှိသည်။ အများအားဖြင့် အသက်လေးဆယ်တွင်း ငါးဆယ်အရွယ်များဖြစ်သည်။ ညစာစားပြီးသည့်အခါတိုင်း အဘွားသည် သူတို့အုပ်စုနှင့် ဆင်ဝင်သို့ ထွက်ထိုင်ကာ ရှေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောင်းသတိရလေ့ရှိသည်။ အထူးသဖြင့် ဘိုးဘွားဘီဘင် ဆွေစဉ်မျိုးဆက်များ အကြောင်းကို အဘွားက တမ်းတမ်းတတပြောနေတတ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အဘွားနဲ့အမေကြားတွင် ပဋိပက္ခအမြဲဖြစ်သည်။ ဆွေမျိုးဧည့်သည်များ မရှိသည့်အခါမျိုးတွင်ပင် အဘွားသည် ဤအကြောင်းများကို ပြောလေ့ရှိရာ အမေက မကြိုက်။ 'အမေကလည်း ဘယ်လိုမှန်းမသိဘူး။ ရှေးခေတ်က ကျွန်စနစ်အကြောင်းတွေပဲ ပြောနေတာပဲ။ သမီး ကြားရတာ စိတ်ညစ်တယ်'ဟု တား

မြန်မာ စာအုပ်များ

မြစ်လေ့ရှိသည်။ အဘွားကလည်း အမေ့စကားကိုလက်မခံ။ 'နင့်ကိုယ်နင် ဘယ်သူ ဘယ်ဝါလဲ။ ဘယ်ကလာတာလဲဆိုတာတွေကိုမှ နင်က မသိချင်ဘူးပဲကိုးဟဲ့။ ငါက တော့ မပြောဘဲမနေနိုင်ဘူး။ ပြောရမှာပဲ'ဟု အဘွားက ပြန်ပြောသည်။

ထိုအကြောင်းများကို အမြဲတစေနားထောင်ခဲ့ရသော ကျွန်တော်သည် စင်သီယာနှင့် ဘာသာတို့အကြောင်း ရောက်လာသည့်အခါ အံ့အားသင့်ရသည်။ အဘွား၏မျက်နှာ ကို ကြည့်ပြီး မစဉ်းမစားမဆင်ခြင်ဘဲမနေနိုင်ခဲ့ပါ။ ကျွန်တော့်အဒေါ်များ၏ မျက်နှာ များကိုလည်း ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိပါသည်။

ကျွန်တော်သည် ဟင်းနင်းမြို့ရှိ အဘွား၏အိမ်၌ ညီနှစ်ယောက် မွေးဖွားချိန်ထိ နေခဲ့ရသည်။ ကျွန်တော့်ညီ ဂျော့အား ၁၉၂၅ ခုနှစ်တွင် မွေးဖွားပြီး ဂျူးလီးယပ်စ်ကို ၁၉၂၉ ခုနှစ်တွင် မွေးဖွားခဲ့သည်။

၁၉၃၁ ခုနှစ် တစ်နေ့သောနံနက်တွင် ကျွန်တော်သည် အေအင်တီ ကောလိပ်ရှိ စာသင်ခန်းတစ်ခုအတွင်း၌ရောက်နေသည်။ ထိုအခိုက်တွင် လူတစ်ယောက် ရောက်လာ ပြီး ကျွန်တော့်အား အိမ်သို့အမြန်ပြန်လိုက်လာခဲ့ရန်ခေါ်သည်။ အိမ်ထဲမှ အဖေ့ငိုသံ ကြောင့် ကျွန်တော် အပြေးအလွှားဝင်ခဲ့သည်။ ကျွန်တော်တို့ ဟင်းနင်းမှ ထွက်လာက တည်းက မကျန်းမမာဖြစ်နေခဲ့သော အမေသည် အိပ်ရာထက်၌ သေငယ်ဇောနှင့် မျော နေခဲ့လေပြီ။ တကယ်တော့ အမေ့အသက်သည် သုံးဆယ့်ခြောက်နှစ်မျှသာရှိပါသေး သည်။

နွေရာသီရောက်တိုင်း ဂျော့၊ ဂျူးလီးယပ်စ်နှင့် ကျွန်တော်သည် ဟင်းနင်းသို့ပြန် ကာ အဘွားနှင့်နေကြသည်။ အဘွားသည် ယခင်ကရှိခဲ့သည့် စိတ်နေစိတ်ထားမျိုး ရှိဟန်မတူတော့ပါ။ ချမ်းမြေ့ရွှင်လန်းသောစိတ်သည် အဘိုးတို့ အမေတို့နှင့်အတူ ပါ သွားဟန်တူ၏။ အဘွားသည် အချိန်ရှိသမျှ အိမ်ရှေ့ဆင်ဝင်၌ လှုပ်ကုလားထိုင်တစ်လုံး ဖြင့်ထိုင်ကာ တွေဝေငေးမောနေတတ်သည်။ လမ်းသွားလမ်းလာများက 'ဘာများ လုပ်နေသလဲ စင်သီယာ'ဟု မေးလိုက်လျှင် 'ထိုင်တာပါပဲကွယ်'ဟု ဖြေတတ်သည်။ — နှစ်နှစ်မျှအကြာတွင် အဖေအိမ်ထောင်ပြုသည်။ အိုဟိုင်းယိုးပြည်နယ် ကိုလပ်ဘတ် မြို့မှ ဗိယွန်နာဟက်ချားအမည်ရှိ ပါမောက္ခတစ်ဦးနှင့်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာချိန်တွင် ကျွန်တော်သည် ဒုတိယနှစ် အောင်ပြီးစ ကောလိပ်ကျောင်းသားဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကမ်းခြေစောင့်တပ် စားရိပ် သာ၌ တပ်သားတစ်ယောက်အဖြစ် ဝင်ရောက်အမှုထမ်းနေခိုက်ဖြစ်၏။ ထို့နောက် အနောက်တောင် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ လက်နက်ခဲယမ်းမီးကျောက်များ အသယ် အပို့လုပ်သည့် သင်္ဘောပေါ်ရောက်သွားသည်။ ဤစစ်သင်္ဘောပေါ်၌ ရှိနေခိုက်တွင်

မြန်မာ စာအုပ်များ

ဤဝတ္ထု 'ဓာစ်မြစ်'ကို ရေးဖြစ်စေခဲ့သည့်ဖြစ်ရပ်တစ်ခု အမှတ်မထင်ပေါ်ပေါက်လာခဲ့သည်။

တစ်ခါတစ်ရံတွင် ကျွန်တော်တို့လူစုသည် ပင်လယ်ပြင်၌ သုံးလကြာမျှနေရသည်။ ထိုကာလအတွင်း ကျွန်တော်တို့ တိုက်ခိုက်နေရသည်မှာ ရန်သူများ၏ ရေငုပ်သင်္ဘောများလည်းမဟုတ်၊ ဗုံးကြဲလေယာဉ်များလည်းမဟုတ်၊ အချိန်ရှိသမျှ ပျင်းရိငြီးငွေ့ခြင်းကိုသာ တိုက်ခိုက်နေရသည်။ ကျွန်တော်သည် ဖခင်၏ မကြာခဏ တိုက်တွန်းမှုကြောင့် အထက်တန်းကျောင်းသားဘဝကတည်းက လက်နှိပ်စက်ရိုက် သင်ကြားတတ်မြောက်ခဲ့သူဖြစ်ရာ ယခု သင်္ဘောပေါ်တွင် ကျွန်တော်သွားလေရာ သယ်ယူသွားလေ့ရှိသော လက်နှိပ်စက်ပါလာသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် အချိန်ရှိသမျှ လက်နှိပ်စက်ဖြင့် ခေါင်းထဲ ပေါ်လာသမျှ အသိမိတ်ဆွေများထံ စာရေးသည်။ သင်္ဘောပေါ်ရှိ စာကြည့်တိုက်ကလေးမှ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ငှား၍ မနားတမ်းဖတ်သည်။

ကျွန်တော်သည် လူငယ်ဘဝကတည်းက စာဖတ်ဝါသနာပါသူဖြစ်သည်။ အထူးသဖြင့် စွန့်စားခန်းဝတ္ထုကို ကျွန်တော်ကြိုက်သည်။ အချိန်ရသမျှ စာအုပ်များ ဖတ်လာသည့်အခါ ကိုယ်တိုင်ရေးလိုသောဆန္ဒ ပြင်းပြလာခဲ့သည်။ ဤသို့ဖြင့် ညတိုင်းလိုလို လက်နှိပ်စက်ဖြင့် ဝတ္ထုတိုများရေးသား၍ မဂ္ဂဇင်းများသို့ပို့သည်။ ကျွန်တော့်ထံ ပြန်ရောက်လာသည့် ပယ်စာများမှာ ရာနှင့်ပင်ချီ၍ ရှိလာခဲ့သည်။ ကျွန်တော်၏ ပထမဆုံးဝတ္ထုကို အဝယ်မခံရမီ ရှစ်နှစ်မျှ ဤပုံစံအတိုင်းပင် ဖြစ်ခဲ့ရသည်။

စစ်ကြီးပြီးသွားသည့်နောက်ပိုင်းတွင် ကျွန်တော်၏ စာမူများကို အယ်ဒီတာများက မကြာခဏရွေးချယ်လာကြသည်။ ကျွန်တော် အသက်သုံးဆယ့်ခုနစ်နှစ်အရွယ်ရောက်သည့် ၁၉၅၉ ခုနှစ်တွင် ကျွန်တော်၏လုပ်သက်သည် အနှစ်နှစ်ဆယ် ပြည့်လာခဲ့သည်။ အငြိမ်းစားယူမည်ဆိုပါက ယူနိုင်ပြီ။ ကျွန်တော်အငြိမ်းစားယူခဲ့ပါသည်။ အချိန်ပြည့် စာရေးဆရာလုပ်တော့မည်ဟုလည်း အခိုင်အမာဆုံးဖြတ်ခဲ့ပါသည်။

ပထမတွင် ကျွန်တော်သည် စွန့်စားခန်းဝတ္ထုဆောင်းပါးများကို ရေးခဲ့သည်။ ထို့နောက် ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းမှ တကယ့်အဖြစ်အပျက်စွန့်စားခန်း ဓာတ်လမ်းများကို ရေးသားရန် တာဝန်ပေးခဲ့သည်။

တစ်ရက်တွင် ကျွန်တော်သည် ဗြိတိသျှပြတိုက်သို့ အမှတ်မထင် ရောက်သွားခဲ့သည်။ ကျွန်တော်သည် မရေမရာကြားဖူးထားခဲ့သော 'ရှိဆက်တာကျောက်စာ'ကို အမှတ်မထင် ကြည့်မိသည်။ ဘာ့ကြောင့်ရယ်လို့မသိ၊ ဤကျောက်စာသည် ကျွန်တော့်စိတ်ကို များစွာဆွဲဆောင်လျက်ရှိသည်။ ဤကျောက်စာအကြောင်း ပို၍သိချင်နေသော

မြန်မာ စာအုပ်များ

ကျွန်တော်သည် ဤကျောက်စာနှင့်ပတ်သက်၍ ရေးထားသည့် စာအုပ်တစ်အုပ်ကိုပါ ဖတ်ရှုမိခဲ့ပါသည်။

ဤကျောက်စာကို နိုင်းမြစ် မြစ်ဝကျွန်းပေါ်ဒေသမှ တွေ့ရှိခဲ့ခြင်းဖြစ်၏။ တစ်ဖက်မျက်နှာတွင် အက္ခရာစာလုံးများနှင့် ရေးသားခြင်းဖြစ်သည်။ တတိယမျက်နှာတွင် ဂရိ ရှေးဟောင်း အီဂျစ်အက္ခရာများဖြင့် ရေးထိုးထားခြင်းဖြစ်၍ မည်သူမျှ အဓိပ္ပာယ်ပေါ်အောင် ဘာသာပြန်၍မရဟု သတ်မှတ်ထားသည်။ သို့သော်လည်း ပြင်သစ်ပညာရှင် ဂျင်းကင်ပိုလီယွန်က ဂရိအက္ခရာစာလုံးနှင့် ယှဉ်တွဲလေ့လာပြီး အဓိပ္ပာယ်ကို ဖော်နိုင်ခဲ့သည်။ ဤသို့ဖြင့် လူတို့၏ အစောဆုံးခေတ်ကာလ၏ သမိုင်းကို မှတ်တမ်းတင်နိုင်ခဲ့လေသည်။

အမေရိကန်ပြည်ထောင်စုသို့ အပြန်ခရီး လေယာဉ်ပျံပေါ်၌ ရောက်တတ်ရာရာ တွေးတောရင်းမှ ကျွန်တော်သည် စိတ်ကူးတစ်ခုဝင်လာသည်။ ပြင်သစ်ပညာရှင်သည် ကျောက်စာ၌ရှိနေသော ဘာသာရပ်တစ်ခုကိုအသုံးပြု၍ သမိုင်းကြောင်းတွင် မသိသေးသည့်အရာများကို ဖော်ထုတ်နိုင်ခဲ့၏။ သို့ဆိုလျှင် အလားတူ လုပ်နည်းလုပ်ဟန်ဖြင့် ကျွန်တော်တို့ ဘိုးစဉ်ဘောင်ဆက်တို့၏ ဘဝခရီးကို ရှာဖွေတွေ့ရှိနိုင်သည် မဟုတ်ပါလော။

[၁၁၈]

နောက်နှစ်ပေါင်းသုံးဆယ်အတွင်း ဟင်းနင်းမြို့ အဘွားစင်သီယာ၏ အိမ်ရှေ့ဆင်ဝင်၌ ဘိုးစဉ်ဘောင်ဆက် အဖြစ်အပျက်များကို ပြောခဲ့သူများထဲတွင် အသက်ရှင် ကျန်ရစ်သူမှာ တစ်ဦးတည်းသာရှိတော့၏။ ထိုသူမှာ ထိုချိန်အခါက အသက်အငယ်ဆုံးဖြစ်သည့် ကာစင်ရျော့ဂျီယာ ဖြစ်ပါသည်။

ကာစင်ရျော့ဂျီယာမှာ ယခုအခါတွင် အသက်ရှစ်ဆယ်တွင်းဝင်နေပြီ။ ကက်ဆက်ပြည်နယ်၊ ကင်းဆတ်စီးတီး၊ အမှတ် ၁၂၀၀။ အဲဗရက်လမ်းသွယ်နေအိမ်၌ သူ့သား ဖလွိုက်အင်ဒါဆင်၊ သူ့သမီး ဘီယာနီလေးတို့နှင့် အတူတူနေထိုင်လျက်ရှိသည်။

ကျွန်တော်က ကျွန်တော်တို့မိသားစု မျိုးရိုးစဉ်ဆက်ကြုံခဲ့ရသည့် ဇာတ်ကြောင်းကို မေးသည့်အခါ ကာစင်ရျော့ဂျီယာသည် အိပ်ရာထက်၌လှဲနေရာမှ ငေါက်ခနဲ ထထိုင်သည်။ ကျွန်တော်ငယ်စဉ်က ဆင်ဝင်အောက်၌မြင်ခဲ့ရသည့် ပုံစံအတိုင်း ဖျတ်လတ်တက်ကြွမှုအပြည့် ဖြစ်သည်။

'ဟုတ်တာပေါ့ လူကလေးရယ်၊ အဲဒီအာဖရိကန်ကြီးက ပြောတယ်။ သူ့နာမည် "ကင်–တေး'တဲ့။ ဂီတာကို "ကိုး"လို့ခေါ်တယ်တဲ့။ ပြီးတော့ မြစ်ကြီးနာမည်က

မြန်မာ စာအုပ်များ

"ကင်တီဘိုလွန်ဂိုး"တဲ့။ သူက ဗုံတစ်လုံးလုပ်ဖို့ တောထဲဝင်ပြီး သစ်ခုတ်နေတုန်း အဖမ်းခံခဲ့ရတာ...'

ကာစင်ဂျော့ဂျီယာ စိတ်လှုပ်ရှားနေသဖြင့် သူ့သားဖလွိုက်၊ သူ့သမီး ဘီယာနှင့် ကျွန်တော်တို့က စိတ်ကို အေးအေးငြိမ်ငြိမ်ထားရန် မနည်းပင် ဖျောင်းဖျကြရပါသည်။ ကျွန်တော်က ကျွန်တော်တို့အမျိုးဖြစ်သည့် "ကင်-တေး" ဘယ်ဒေသကလာသည်၊ ကျွန်တော်တို့၏ မိဘရိုးရာလူမျိုးစုများအား ရှာဖွေဖော်ထုတ်နိုင်ဖို့ အားထုတ်ကြည့်ချင်သည် စသည်ဖြင့် ရှင်းပြလိုက်သည့်အခါ 'လုပ်ပါလူကလေးရယ်'ဟု ကာစင်ဂျော့ဂျီယာက တိုက်တွန်းသည်။ 'မင့်အဘွားရယ်၊ ပြီးတော့ သူတို့အားလုံးက မင့်ကို ဟိုဒေသကနေပြီး စောင့်ကြို့နေကြမှာပါ'ဟုလည်း ပြောသည်။ သူ့စကားကြောင့်ကျွန်တော် သည် စိတ်ထဲက ကျိတ်၍ ဘုရားတလိုက်မိပါသည်။

[၁၁၉]

မကြာမီမှာပင် ကျွန်တော်သည် ဝါရှင်တန်ဒီစီရှိ အမျိုးသားမော်ကွန်းတိုက်သို့ ရောက် သွားသည်။ ပြည်တွင်းစစ်ပြီးစက မြောက်ကာရိုလိုင်းနားပြည်နယ်၊ အေလာမန်ကောင်တီ ခရိုင်နယ်မြေအတွင်း၌ ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှတ်တမ်းများကို လေ့လာ လိုပါသည်ဟု ကျွန်တော်က ဝန်ထမ်းတစ်ယောက်အား ပြောပြသည်။ သူကလည်း ချက်ချင်းပင်ရှာပေးပါသည်။ ကျွန်တော်သည် မိုက်ကရိုဖလင်များကို အချိန်ယူ၍ကြည့် သည်။ နာရီပေါင်းများစွာ အကုန်ခံပြီးသည့်အခါ "တွမ်မာရေး-လူမည်း၊ ပန်းပဲဆရာ" "အိုင်းရင်းမာရေး-လူမည်း၊ အိမ်သူ"ဟူသော မှတ်တမ်းနှင့်အတူ တစ်ဆက်တည်း ကျွန်တော့်အဘွား၏ အစ်မများ၏ အမည်များကို တွေ့ရသည်။ ယင်းစာရင်းတွင် ပါရှိသော "အယ်လီဇဘက်၊ အသက်၆နှစ်"ဟူသော မှတ်တမ်းသည် ကျွန်တော့်အဒေါ် 'အန်တီလစ်ဇ်'မှလွဲ၍ တခြားလူမဖြစ်နိုင်။ ဤသန်းခေါင်စာရင်း ကောက်ယူချိန်က ကျွန်တော့်အဘွားကို မမွေးပင် မမွေးသေး။

နယူးယောက်မြို့၌နေထိုင်လျက်ရှိသော ကျွန်တော်သည် ဝါရှင်တန်ဒီစီရှိ အမျိုးသား ပြတိုက်သို့ မကြာခဏသွားသည်။ လွှတ်တော်စာကြည့်တိုက်၊ အမေရိကန်တော်လှန်ရေး စစ်ပွဲစာကြည့်တိုက်များကိုလည်းရောက်သည်။ ဤသို့ဖြင့် ၁၉၆၆ ခုနှစ်အတွင်းသို့ ရောက် သောအခါ မိသားစုသမိုင်းကို အတော်များများသိခဲ့ရလေပြီ။

နောက်တစ်ခုကား ကျွန်တော်ရထားသည့် အာဖရိကန်စကားလုံးများ အသံထွက် မှန်ကန်ရေးဖြစ်သည်။ ဤကိစ္စအတွက် ကျွန်တော်သည် ကုလသမဂ္ဂ အဆောက်အအုံသို့ သွားရောက်ကာ တွေ့သမျှ အာဖရိကတိုက်ဘက်မှ ကိုယ်စားလှယ်များထံ စုံစမ်းမေး

မြန်းခဲ့သည်။ သီတင်းနှစ်ပတ်ခန့်အတွင်း အာဖရိကန်အမျိုးသား နှစ်ဒါဇင်ခန့်နှင့်တွေ့ခဲ့ရ၏။ ၎င်းကြားထဲမှပင် သုတေသနလုပ်ငန်းတွင် ဆရာတစ်ဆူဖြစ်နေသည့် မိတ်ဆွေဂျော့ဆင်၏ အကူအညီဖြင့် အာဖရိကန်ဘာသာစကားကျွမ်းကျင်သည်ဟု ထင်ရှားကျော်ကြားနေသူ တစ်ဒါဇင်ခန့်၏အမည်နှင့် နေရပ်လိပ်စာများ ရရှိခဲ့သည်။ ထိုလူစုထဲမှ ဘယ်လ်ဂျီယန်လူမျိုး ဒေါက်တာဂျန်ဗွန်ဆီနာသည် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်။ သူသည် ဂစ္စတိုဆင်တက္ကသိုလ်၌ ဆရာလုပ်လျက်ရှိရာ သူ့ထံသို့ တယ်လီဖုန်းဆက်၍ တွေ့ခွင့်တောင်းသည်။ သူကလည်း ရှောရှောရှူရှူပင် လက်ခံခဲ့ပါသည်။ ထိုနေ့က ကျွန်တော် သူနှင့်တွေ့၍ စကားပြောခွင့်ရခဲ့ရာ ကျွန်တော့်အတွက် များစွာအကျိုးရှိခဲ့သည်။ နောက်ပိုင်းတွင် ကျွန်တော်ပြောပြခဲ့သည့် စကားလုံးများသည် မန်ဒင်ဂါလူမျိုးစု ဘာသာစကားများဖြစ်သည်ဟု သူနှင့် သူ့မိတ်ဆွေ အာဖရိကန်နိုင်ငံသား ဒေါက်တာဖီးလစ်ကာတင်တို့က ထင်မြင်ယူဆကြောင်း ပြောပြသည်။

တစ်ကြိမ်တွင် ကျွန်တော့်အား နယူးယောက်မြို့ ယူတီကာကောလိပ်မှ ဟောပြောပွဲဘစ်ခုအတွက် ဖိတ်ကြားခြင်းခံရသည်။ ကျွန်တော်ရောက်သွားသည့်အခါ ကျွန်တော့်အား ဖိတ်သည့် ပါမောက္ခနှင့် အာလာပသလ္လာပပြောရင်း ကျွန်တော် အခုပင် ဝါရှင်တန်မှ ပြန်ရောက်လာခြင်းဖြစ်ကြောင်း ပြောမိသည်။ ဘာ့ကြောင့် ဝါရှင်တန်သို့သွားရသည်ဟူသော အကြောင်းကိုလည်း စကားစမိသည်။ ထိုအခါ သူက ဂမ်ဘီယာနိုင်ငံမှ ကျောင်းသားတစ်ယောက် ဟယ်မင်လ် တန်ကောလိပ်၌ လာရောက်ပညာသင်ကြားနေသည်ဟု ပြောပြသည်။

၎င်းသို့ဖြင့် နယူးယောက်မြို့ ကလင်တန်ရပ်ရှိ ဟယ်မင်လ်တန်ကောလိပ်သို့ ကျွန်တော်ရောက်ခဲ့သည်။ အီဘောမန်ဂါသည် အရပ်ပုပု၊ ကိုယ်လုံးကိုယ်ထည် သေးသေး၊ သတိကြီးသော မျက်လုံးအစုံ၊ အသားနက်နက်ဖြစ်သည်။ ကျွန်တော်ပြောပြသော စကားလုံးများသည် မန်ဒင်ကာလူမျိုးစုစကားဖြစ်သည်ဟု သူက ဆိုသည်။ ခင်ဗျား မန်ဒင်ကာလူမျိုးစုလား မေးသောအခါ မဟုတ်ဘူး၊ ကျွန်တော်က ဝိုးလော့ဖ်လူမျိုးပါဟု ပြောသည်။ သူ့အခန်းထဲမှာပင် ကျွန်တော်က ကျွန်တော် ၏ ရည်ရွယ်ချက်ကို ပြောပြသည်။ သူနှင့်ကျွန်တော်သည် ဂမ်ဘီယာနိုင်ငံသို့ ထွက်ခွာခဲ့ကြပါသည်။

စီနီဂေါနိုင်ငံ ဒါကာမြို့သို့ရောက်ခဲ့ပြီး နောက်တစ်နေ့မနက်တွင် မီရာလေယာဉ်အသေးစားတစ်စီးဖြင့် ဂမ်ဘီယာနိုင်ငံ ယွန်ဒမ်လေယာဉ်ကွင်းသို့ ဆိုက်ရောက်ခဲ့သည်။ ထိုမှတစ်ဆင့် ခရီးသွားမော်တော်ယာဉ်တစ်စီးဖြင့် ဘန်ဂျူမြို့တော်သို့ ခရီးဆက်ခဲ့သည်။ အီဘောမန်ဂါးနှင့် သူ့ဖခင် အယလ်ဟာဂျီမန်ဂါတို့ အကူအညီဖြင့် နိုင်ငံ၏ သမိုင်းကြောင်းများကို ပြောပြနိုင်သော ရှေ့မိနောက်မီ ပုဂ္ဂိုလ်တစ်စုနှင့် တွေ့ဆုံခွင့်ရခဲ့ပါသည်။ ကျွန်တော်က ကျွန်တော်သိလိုသည့်အရာများကို ပြောပြသည်။

သူတို့က 'ကင်ဘီဘိုလွန်ဂိုး' ဆိုသည်မှာ 'ဂမ်ဘီယာမြစ်' ကို ပြောခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာက အခြေချခဲ့သော ကျေးရွာသည် မိသားစုအမည်များကို မှည့်လေ့ရှိကြောင်း ပြောပြကာ မြေပုံတစ်ခုကိုရှာ၍ပြကြသည်။

'ဒီမှာတွေ့လား၊ ဟောဒါက ကင်တီ-ကွမ်တာ၊ အဲဒီရွာနဲ့မနီးမဝေးမှာက 'ကင်တီကွမ်ဒါဂျန်နေးယားရွာ'

ကျွန်တော်ပြောပြခဲ့သည့် 'ကင်-တေး' ဟူသော အမည်နှင့်ပတ်သက်၍ အသံထွက် မှားနေသည်ဟုထင်ကြောင်း၊ အသံထွက်အမှန်မှာ 'ကင်တီ' ဖြစ်ကြောင်း ရှင်းပြကြသည်။ ဂမ်ဘီယာတွင် ကင်တီလူမျိုးစုမှာ အလွန်ရှေးကျပြီး ထင်ရှားကျော်ကြားခဲ့သည့် ဆွေမျိုးစုတစ်စုဖြစ်သည်ဟုလည်း ဆိုကြသည်။ ကျွန်တော်ရှာဖွေနေသည့် အချက်အလက်များနှင့်ပတ်သက်၍ သူတို့ အစွမ်းကုန်ကူညီရန်လည်း တာဝန်ယူကြသည်။ မည်သို့ပင်ဖြစ်စေ သူတို့၏ စကားသွား စကားလာအရ ကျွန်တော်သည် ပေထက် အက္ခရာမထင်သော အရပ်ဒေသများ သက်ကြီးရွယ်အိုများထံ ချဉ်းကပ်၍ မေးမြန်းရမည့်သဘော ရှိနေပါသည်။

ကျွန်တော် အမေရိကသို့ပြန်လာခဲ့သည်။ အာဖရိကတိုက်သမိုင်းဆိုင်ရာ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုလေ့လာသည်။ အာဖရိကမြေပုံကိုချ၍ ပြည်နယ်မြို့ရွာများနှင့် ကျွန်လှေကြီးများ ဝင်ထွက်သွားလာခဲ့သည့်အဓိကမြစ်ကြီးများကို ရှာဖွေစူးစမ်းမိသည်။

သီတင်းပတ် အနည်းငယ်မျှအကြာတွင် စာတိုက်မှ စာတစ်စောင်ရောက်လာသည်။ ဂမ်ဘီယာမှလာသောစာ၊ ကျွန်တော့်အား တစ်ခေါက်ပြန်လာဖို့ ဖိတ်ခေါ်သည့်စာ။ သို့သော် ထိုအချိန်က ကျွန်တော်သည် ငွေကြေးပါးရှားမှုနှင့် ရင်ဆိုင်နေရသည်။ စာအရေးနည်းနေသဖြင့် ဝင်ငွေနည်းနေချိန်ဖြစ်သည်။

တစ်ရက်တွင် ကျွန်တော်သည် ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းမှကျင်းပသည့် ပါတီပွဲတစ်ခုသို့ ရောက်သွားသည်။ ထိုပွဲတွင် မစ္စက်ဒီဝေါ့လေ့စ်ဆိုသူ အမျိုးသမီးကြီးက ကျွန်တော် ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်း၌ ရေးခဲ့သည့် 'မမေ့နိုင်သောလူတစ်ယောက်' ဆောင်းပါးကို သူအလွန်ကြိုက်ကြောင်း ပြောသည်။ ထိုဆောင်းပါးမှာကမ်းခြေစောင့်တပ်တွင် အမှုထမ်းခဲ့စဉ်က ကျွန်တော့်ဆရာဖြစ်ခဲ့ဖူးသည့် သင်္ဘောသား ထမင်းချက်ကြီးအကြောင်း ဖြစ်သည်။

ပါတီပွဲမှလူစုမခွဲခင် မစ္စက်ဝေါ့လေ့စ်က အကူအညီလိုပါက သူ့အား အသိပေးစေလိုကြောင်း ပြောသွားသည်။ ကျွန်တော် မတတ်နိုင်တော့ပါ။ အာဖရိကသို့ နောက်တစ်ခေါက် သွားနိုင်ရန် မစ္စက်ဝေါ့လေ့စ်ထံ စာတစ်စောင်ရေး၍ အကူအညီတောင်းခဲ့သည်။ သူက မဂ္ဂဇင်းအယ်ဒီတာတချို့နှင့် ဆွေးနွေးသည်။ ကျွန်တော်နှင့် တွေ့ဆုံ

ပြောဆိုနိုင်ရန် နေ့လယ်စာ စားပွဲလေးတစ်ခု ပြုလုပ်ပေးသည်။ ကျွန်တော်ကလည်း ကျွန်တော့်စိတ်ကူးကို သုံးနာရီကြာမျှ ရှင်းလင်းပြောပြသည်။ မကြာခင်မှာပင် ရီးဒါး ဒိုင်ဂျက်မှ စာတစ်စောင်ရောက်လာသည်။ သူတို့မဂ္ဂဇင်းတိုက်မှ ကျွန်တော့်အား တစ်လ လျှင် ဒေါ်လာသုံးရာနှုန်းအပြင် အမှန်လိုအပ်သည့် ခရီးစရိတ်ငွေ ကျခံမည်ဟု စာ တွင် ဖော်ပြထားသည်

ကျွန်တော် အာဖရိကမသွားမီ ကင်ဆက်စ်စီးတီးသို့သွားကာ ကာစင် ဂျော့ဂျီယာ နှင့် တွေ့သည်။ သူ အတော်ကြီးနေထိုင်မကောင်းဖြစ်နေသည်ကို တွေ့ရ၏။ ကျွန်တော် က အကြောင်းစုံ ပြောပြသည့်အခါ သူ များစွာစိတ်လှုပ်ရှားသည်။ ကျွန်တော့်လုပ်ငန်း အောင်မြင်ပါစေဟု ဆုတောင်းသည်။ ကျွန်တော် အာဖရိကသို့ပြန်သွားပါသည်။

ယခင်တစ်ခေါက်ကတွေ့ခဲ့ရသည် လူများနှင့် ထပ်တွေ့ရသည်။ ကင်တီမျိုးရိုး များအကြောင်း ပြောပြနိုင်မည့် 'ကီးကားကန်ဂျီဖိုနာ'ဆိုသူကိုတွေ့ကြောင်း၊ သူ့ရွာအထိ သွား၍ တွေ့ရလိမ့်မည်ဖြစ်ကြောင်း ပြောကြပါသည်။ သူတို့စကားအတိုင်းဆိုပါက ကျွန်တော်သည် အာဖရိကတောအတွင်းသို့ အမဲလိုက်မုဆိုးတစ်ယောက် ခရီးထွက်သလို ထွက်ရပေတော့မည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော် ယခုသွားမည့် ရွာသည် အတွင်းပိုင်းဒေသထဲ၌ တည်ရှိနေသောကြောင့်ပေတည်း။

ဤသို့ဖြင့် ကျွန်တော်သည် သင်္ဘောတစ်စီး ငှားရသည်။ မြစ်ကြောင်းအတိုင်း ဆန်တက်ရန်ဖြစ်၏။ လော်ရီတစ်စီးနှင့် လင့်ရိုဗာကားတစ်စီး ငှားရသည်။ ကုန်းလမ်း မှနေ၍ စားနပ်ရိက္ခာများတင်ပို့ပေးရန်ဖြစ်၏။ လူဆယ့်လေးယောက်ပါသော အဖွဲ့ကို လည်း မငှား၍မဖြစ်။ သုံးဦးမှာ စကားပြန်များဖြစ်၍ လေးဦးမှာ အတီးအမှုတ်သမား များဖြစ်သည်။ အတီးအမှုတ်မပါလျှင် ထိုရွာမှ ပုဂ္ဂိုလ်က ရှေးခလေ့ထုံးစံအတိုင်း စကားပြောလိမ့်မည်မဟုတ်။

ဘက်ဒီဘူသင်္ဘောသည် ကင်တီဘိုလွန်ဂိုးမြစ်ကြောင်းအတိုင်း ဆန်တက်ခဲ့သည်။ ကျွန်အရောင်းအဝယ်ကိုအကြောင်းပြု၍ အင်္ဂလိပ်နှင့် ပြင်သစ်တို့ နှစ်ပေါင်းနှစ်ရာနီးပါးမျှ စစ်ခင်းခဲ့ရာ ဂျိမ်းကျွန်းကို ကျော်ဖြတ်ခဲ့သည်။ နောက်ဆုံးတွင် အယ်လ်ဗရီးဒါးရွာသို့ ဆိုက်ရောက်သည်။ ကျွန်တော်တို့ ကမ်းပေါ်တက်ခဲ့ကြပါသည်။ ကျွန်တော်တွေ့ရမည့် ပုဂ္ဂိုလ်ကြီးနေထိုင်ရာ ဂျပ်ဖူရီရွာသို့ ခြေကျင်ခရီးဆက်ခဲ့ရ၏။

ဂျပ်ဖူရီရွာကို လှမ်းမြင်နေရချိန်တွင် ရွာပြင်၌ ကစားနေကြသော ကလေးသူငယ် များ၏ အသံကြောင့် ရွာထဲမှလူကြီးများ ထွက်လာကြသည်။ လူဦးရေ ခုနစ်ဆယ် ခန့်သာရှိသည့် ရွာငယ်လေးတစ်ရွာမျှသာဖြစ်ပါ၏။ ဝတ်စားဆင်ယင်ပုံမှအစ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာခန့်ကအတိုင်းပင်ဖြစ်သည်။ တဲများသည် ရွှံ့တဲများဖြစ်ကြပြီး အမိုး မှာ သက်ငယ်။ ရောက်လာသည့် လူကြီးများထဲတွင် ဝတ်ရုံဖြူကြီးဝတ်ထားသည့်

မြန်မာ စာအုပ်များ

ပိန်ပါးပါးအရပ်ပုပု အသားမည်းမည်း အဘိုးအိုသည် ကျွန်တော်နှင့်တွေ့၍ စကားပြောရမည့် ပုဂ္ဂိုလ်ကြီးပေတည်း။

အဘိုးအိုက ကင်တီဆွေမျိုးစုများ၏သမိုင်းကို ပြောပြသည်။ ကင်တီဆွေမျိုးစုသည် ရှေးဟောင်း မာလီနိုင်ငံ၌ စတင်ခဲ့ကြောင်း၊ ကင်တီယောကျ်ားများသည် ရိုးရာစဉ်ဆက် ပန်းပဲဆရာများဖြစ်ကြပြီး၊ မိန်းမများမှာ အိုးလုပ်သူများနှင့် ရက်ကန်းသမများဖြစ်ကြောင်း၊ တစ်ချိန်တွင် ဆွေမျိုးစုထဲမှ အုပ်စုတစ်စုသည် ဟောရိတားနီးယားပြည်နယ်သို့ ရွှေ့ပြောင်းအခြေစိုက်ခဲ့ကြကြောင်း၊ ထိုအုပ်စုထဲမှ ကိုင်ရာဘာကွမ်တာကင်တီ ဟုခေါ်သော သားတစ်ယောက်သည် ဂမ်ဘီယာပြည်သို့ ရောက်လာကြောင်း စသည်ဖြင့် အစချီကာ အိုမိုရို၏သားကြီး ကွမ်တာ အဖမ်းခံသွားရသည်အထိ ပြောပြသွားသည်

ဂျပ်ဖူရီရွာသို့လာစဉ်က ကျွန်တော်သည် ရေလမ်းခရီးဖြင့်လာခဲ့သည်။ အပြန်တွင်မူ ကုန်းလမ်းဖြင့် ပြန်လို၏။ ထို့ကြောင့် ကျွန်တော်သည် ငှားထားသည့် လင့်ရိုဗာကားဖြင့် ပြန်လာခဲ့ပါသည်။ ခရီးလမ်းတစ်လျှောက်လုံး ကျွန်တော်သည် မန်ဒင်ကာလူမျိုးယာဉ်မောင်းဘေးမှ ငြိမ်ဆိတ်စွာထိုင်ကာ ကြားသိခဲ့ရသမျှကို ပြန်လည်တွေးတောဆင်ခြင်လာခဲ့ပါသည်။

ဒါကာမှ အမေရိကသို့ လေယာဉ်ဖြင့်ပြန်လာခဲ့သည့်ခရီးတွင်မူ ကျွန်တော်သည် စာအုပ်တစ်အုပ်ရေးမည်ဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချနိုင်ခဲ့သည်။ နယူးယောက်သို့ ပြန်ရောက်သည့်အခါ တယ်လီဖုန်းသတင်းများက ကျွန်တော့်အား ဆီးကြိုလျက်ရှိသည်။ သတင်းတစ်ခုမှာ အသက်ရှစ်ဆယ့်သုံးနှစ်ရှိသော ကာစင်ဂျော့ဂျီယာသည် ကင်းဆတ်စီးတီး ဆေးရုံ၌ ကွယ်လွန်သွားရှာပြီ ဟူသော သတင်းဖြစ်၏။ သူကွယ်လွန်သည့် နေ့ရက်နှင့် အချိန်ကို တွက်ချက်ကြည့်ရာ ကျွန်တော် ဂျပ်ဖူရီရွာထဲသို့ ဝင်သွားချိန်လောက်က ကွယ်လွန်ခြင်းဖြစ်သည်ကို တွေ့ရပါသည်။ သူသည် ကျွန်တော့်အား အာဖရိကသို့ သွားအောင် တိုက်တွန်းအားပေးခဲ့ပြီးနောက် အာဖရိကသို့ ပြန်ရောက်သွားကြပြီဟု သူယူဆထားသူများထံသွားကာ သူတို့နှင့်အတူ ကျွန်တော့်အား ဆီးကြိုလေသလား။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အဖို့ကတော့ စာအုပ်တစ်အုပ်ရေးဖို့ ဆုံးဖြတ်ထားပြီးပြီ။ ထို့ကြောင့် စိတ်ထဲ၌ ဘဝင်မကျဖြစ်နေသည့်အချက်များကို နိုင်လုံသည်ထက် နိုင်လုံအောင် သုတေသနပြုရပေလိမ့်ဦးမည်။ ကျွန်တော့်အနေဖြင့် မနားမနေ ထပ်မံရှာဖွေသည်။ လေ့လာသည်။ စစ်ဆေးတိုက်ဆိုင်ကြည့်သည်။

ရှိဆက်တာကျောက်စာကို လေ့လာခဲ့သည့်အချိန်မှ ရေတွက်မည်ဆိုပါက ဆယ့်နှစ်နှစ်မျှ ကြာခဲ့ပြီ။ ဤနှစ်များအတွင်း ကျွန်တော်သည် ဤကိစ္စအတွက် ခရီးမိုင်ပေါင်း သန်းဝက်ခန့် သွားခဲ့ပြီးပြီ။ ဤကာလအတွင်း ကျွန်တော်သည် ရှာဖွေခြင်း၊ စိစစ်

ခြင်း၊ စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်း စသည်များကို ဆောင်ရွက်ခဲ့သည်။ ကျွန်တော် မည်မျှလောက်အထိ သုတေသနပြုခဲ့ပါသနည်း။ ဥပမာတစ်ခုပြလိုပါသည်။ ကွမ်တာကင်တီဟုခေါ်သော အာဖရိကန်အား ကျွန်တင်ကုန်သင်္ဘောဖြင့် သယ်ဆောင်သွားသည်ဟုဆိုခဲ့၏။ ထိုအဆိုနှင့်ပတ်သက်၍ ကျွန်တော်သည် ထိုအချိန်က ဂမ်ဘီယာမြစ်မှ အင်နာပိုလစ္စသို့ မည်သည့်ကျွန်သင်္ဘောဖြင့် သွားခဲ့သည်ကို မှတ်တမ်းများမှ ရအောင်ရှာဖွေခဲ့သည်။ ရှာရသည်မှာ လွယ်ကူသည်မဟုတ်။ ဂျပ်ဖူရီရွာမှအဘိုးအိုက ကွမ်တာကင်တီအား ဖမ်းဆီးသွားသည့်အချိန်သည် 'ဘုရင့်စစ်သားများ' အာဖရိကသို့ ရောက်လာချိန်ဟု ပြောခဲ့သည်။ 'ဘုရင့်စစ်သားများ'ဆိုသည်မှာ မည်သူတွေကို ရည်ညွှန်းခဲ့သနည်း။ မနားမနေအားထုတ်ရှာဖွေမှုကြောင့်ဘုရင့်စစ်သားများ'ဆိုသည်မှာ ၁၇၆၇ ခုနှစ်က လန်ဒန်မှ စေလွှတ်ခဲ့သည့် ဗိုလ်မှူးကြီးအိုဟာရား၏တပ်များ ဖြစ်သည်ကို သိရှိခဲ့ရသည်။

'ဇာစ်မြစ်ကိုရေးရာ၌ ကွမ်တာကင်တီ၏ ကလေးဘဝနှင့် သူငယ်ဘဝတို့ကို တည်ဆောက်ရသည်မှာ ခဲယဉ်းပင်ပန်းလွန်းလှပါသည်။ အချိန်လည်းကုန်လွန်လှပါသည်။ သူ့အား ဖမ်းမိသွားပြီး သင်္ဘောနှင့် ပင်လယ်သမုဒ္ဒရာကို ဖြတ်ကူးခဲ့ရသည့် ခရီးတစ်လျှောက် သူနှင့်ဘဝတူများခံစားခဲ့ရသော ဒုက္ခများသည် မည်မျှကြီးမားခဲ့ပါသနည်း။ ဤအပိုင်းတည်ဆောက်ရေးအတွက် ကျွန်တော်သည် အာဖရိကသို့ လေယာဉ်ဖြင့် တစ်ခေါက်ပြန်သွားသည်။ အာဖရိက ပင်လယ်ဆိပ်ကမ်းမှ အမေရိကသို့ တိုက်ရိုက်ထွက်သည့်သင်္ဘောကိုစီးသည်။ အတွင်းခံ ဘောင်းဘီလေးတစ်ထည်တည်းဝတ်၍ သင်္ဘောကုန်းပတ် ပျဉ်ပြားကြမ်းခင်းပေါ်၌ ဆယ်ညတိတိအိပ်ကြည့်ခဲ့ရသည်။ အိပ်ရင်းကလည်း သူ့အမြင်၊ သူ့အကြား၊ သူ့ခံစားချက်များကို ဆင်ခြင်ကြည့်သည်။ ပြီးတော့ သူဘယ်လိုတွေးမည်နည်းဟု သုံးသပ်ကြည့်သည်။ နောက်ဆုံးတွင် ဆွေမျိုးဆက် ခုနစ်ဆက်ကို ဤစာအုပ်အတွင်းသို့ သွတ်သွင်းသည်။ ကျွန်တော် ဤစာအုပ်ကို ရေးနေခိုက်တွင် အခါအခွင့်သင့်၍ ဟောပြောပွဲနှင့်ကြုံတိုင်း 'ဇာစ်မြစ်'ဘယ်လိုပေါက်ဖွားလာသည်ကို ပြောမိသည်။ ထိုခါ တစ်ဦးတစ်ယောက်က ထ၍ မေးလေ့ရှိ၏။

''စာအုပ်ထဲမှာ ဖြစ်ရပ်မှန်တွေ ဘယ်လောက်များပြီး စာရေးသူရဲ့ ဖန်တီးမှုက ဘယ်လောက်များပါသလဲ'

အမှန်အတိုင်းပြောရမည်ဆိုပါက 'ဇာစ်မြစ်'တွင်ပါရှိသည့် မျိုးရိုးအဆက်အနွယ် အပိုင်းများသည် အာဖရိကနှင့် အမေရိကန်ရှိ ကျွန်တော့်ဆွေမျိုးများ စနစ်တကျ ထိန်းသိမ်းထားခဲ့သည့် ပါးစပ်သမိုင်းကြောင်းမှရလာသော တကယ့်အချက်အလက်များ ဖြစ်သည်။ ယင်းတို့ကို ကျွန်တော်သုတေသနပြု၍ စုဆောင်းထားသည့် အချက်အလက်များနှင့် သဟဇာတဖြစ်အောင်၊ တိကျမှန်ကန်အောင် ပေါင်းစပ်ပေးထားခြင်း ဖြစ်ပါ

သည်။ အချို့သော ဇာတ်လမ်းဇာတ်ကွက်များနှင့် ဇာတ်ကောင်များ အပြန်အလှန် အချီအချပြောနေကြသည့် စကားအများစုသည် ဝတ္ထုကြီးတစ်ပုဒ်၏ လိုအပ်ချက်အရ စာရေးသူက ဖန်တီးထားခြင်း ဖြစ်ပါသည်။

တကယ်တော့ ဇာစ်မြစ်တွင် ပါဝင်လျက်ရှိသော ခံစားမှုများသည် ကျွန်တော့် အဘွားနှင့် ကာစင် ဂျော့ဂျီယာတို့၏ ခံစားမှုများဖြစ်သည်။ ကွမ်တာနှင့် ဘဲလ်၊ ကစ်ဇီ၊ ကြက်ကလေးဂျော့နှင့် မာတိလ်ဒါ၊ တွမ်နှင့် အိုင်းရင်း၊ အဘိုးဝစ်လ်ပါးလ်မား၊ ဘာသာ၊ ကျွန်တော့်အမေနှင့် မကြာသေးခင်ကမှ ကွယ်လွန်သွားခဲ့သော အဖေတို့၏ ခံစားမှုများ လည်းဖြစ်သည်။

ကွယ်လွန်ချိန်တွင် အဖေသည် အသက် ရှစ်ဆယ့်သုံးနှစ်ရှိခဲ့ပြီ။ သူ့သားသမီးများ ဖြစ်ကြသည့် ဂျော့၊ ဂျူးလီးယပ်စ်လွိုက်စ်နှင့် ကျွန်တော်တို့သည် ဈာပနကိစ္စအတွက် ဆွေးနွေးတိုင်ပင်ကြသည်။ တစ်ဦးက အဖေ့ဘဝသည် ချမ်းသာသုခနှင့် ပြည့်ဝသော ဘဝ ဖြစ်သည်။ ကွယ်လွန်သည့်အခါတွင်လည်း ဝေဒနာအကြီးအကျယ် မခံစားရဘဲ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။ အဖေသည် သူ့အတွက် ကျွန်တော်တို့ သားသမီးများက ပူဆွေးသောကရောက်နေကြသည်ကို လိုလားလိမ့်မည်မထင်။ ထို့ကြောင့် သူ့ဈာပနတွင် မျက်ရည်မကျသင့် စသည်ဖြင့် ပြောသည်။ သူ့စကားကို သဘောတူလက်ခံကြသည်။

အဖေ့ ဈာပနဆုတောင်းပွဲကို ဝါရှင်တန်ဒီစီ ဝတ်ကျောင်းတစ်ခု၌ ပြုလုပ်ပါသည်။ မိသားစု၏မိတ်ဆွေများ တက်ရောက်ကြသည်။ အဖေနှင့်ပတ်သက်၍ အမှတ်တရပြု လောက်သည့် ဖြစ်ရပ်ကလေးများကို ပြောပြကာ ချီးကျူးစကားဆိုကြသည်။

ကျွန်တော်တို့သည် အဖေ့အလောင်းကို အာကင်ဆတ်စ်သို့ လေယာဉ်ဖြင့် သယ်ယူခဲ့ကြသည်။ ဆုတောင်းပွဲကို ဒုတိယအကြိမ်ကျင်းပသည်။ ကျွန်တော့်အဖေ စိုက်ပျိုးရေးပညာဌာနမှူးဘဝဖြင့် နှစ်ပေါင်းလေးဆယ်နီးပါးမျှ ပညာရှာဖွေဆည်းပူးရာ အေအင်ဆင်အန်တက္ကသိုလ်တစ်ဝိုက်မှ မိတ်ဆွေအပေါင်းအသင်းများ တက်ရောက်ခဲ့ကြသည်။

ဆုတောင်းပွဲပြီးဆုံးသွားသည့်အခါ ကျွန်တော်တို့သည် အဖေအလောင်းအား သူ မသေမီကတည်းက ဆန္ဒပြုခဲ့သည့် လစ်တစ်လ်ရော့ခ်စစ်သချိုင်းသို့ သယ်ယူမြှုပ်နှံခဲ့ပါသည်။ အကွက် ၁၆ ရှိ တွင်းအမှတ် ၁၂၄၉ထဲသို့ အဖေ့ခေါင်းကို ချနေခိုက်တွင် ကျွန်တော်တို့သားသမီးများနှင့် မြေးများက ဘေးမှရပ်၍ကြည့်နေကြသည်။ ထို့နောက် အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းမဆိုင်တော့ဘဲ လျင်မြန်စွာ ပြန်လာခဲ့ကြသည်။ အဖေ့အတွက် မျက်ရည်မကျပါဟု ကျွန်တော်တို့အားလုံး သဘောတူ ထားခဲ့ကြသည် မဟုတ်ပါလား။

မောင်ထွန်းသူ

၁၉၉၁ ခု၊ မတ်လ (၃၀)ရက်၊ စနေနေ့

နံနက် ၉:၂၅ နာရီ

စိတ်ကူးချိုချို